http://www.dhammadownload.com

၃၀၈၉/.

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

# လယ်တီဝိပဿနာ

အမှတ် ( ၂ )



http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဇာဂရာဘိဝံသ


# လယ်တီဝိပဿနာ

အမှတ် (၂)



တစ်ပြည်လုံးဖြန့်ချိရေး-
မိခင်ရွှေဝတီ စာအုပ်တိုက် နှင့်
ဘုန်းမြင့် ပိဋကတ်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားဈေးတော်ရုံ
ဖုန်း ၀၁ - ၇၀၁၄၃၁

http://www.dhammadownload.com




ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ဆရာတော်မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေပုံ

http://www.dhammadownload.com

ရန်ကုန်မြို့
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်နှင့်
လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်

ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားအပ်သော

# လယ်တီဝိပဿနာ

## အမှတ်(၂)

မိခင်စာအုပ်အမှတ် (၄၇)

သာသနာသက္ကရာဇ် ၂၅၄၆
ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်
ခရစ်သက္ကရာဇ် ၂၀၀၃–ခုနှစ်

http://www.dhammadownload.com

**မိခင်သည်လောကကို သိမြင်စေသည်**


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၃၃/ ၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁ / ၂၀၀၃ (၁)
ပထမအကြိမ် - ၂၀၀၃၊ ဇန်နဝါရီ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀ ကျပ်
စီစဉ်သူ - မိခင်ရောဝတီစာအုပ်တိုက်မိသားစု
ဒေါ်ရွှေဝါမိုး (အယ်ဒီတာတာဝန်ခံ)
ဒေါ်ချယ်ရီသိန်း (စီမံရေး)
ဒေါ်မိုးမြင့်စိုး (ထုတ်လုပ်ရေး)
ဒေါ်ထားထားဦး (ဖြန့်ချိရေး)
ဒေါ်ခင်စန်းဝေ (ကွန်ပြူတာစာစီ)
မျက်နှာဖုံးအပြင်အဆင် - ကိုဝင်းငွေ (Graphic Design)
အတွင်းဖလင် - ကိုအောင်ခင်ဦး
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်ကျော်
အမှတ် (၁၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ထုတ်ဝေသူ - ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ
အမှတ် (၅၃၃- A) (၈)ရပ်ကွက်၊
ပြည်လမ်း၊

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

တစ်ပြည်လုံး ဖြန့်ချိရေး - မိခင်ဧရာဝတီစာအုပ်တိုက်
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁- ၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ယခုအားထုတ်ရမည့်နည်းက | ၁ |
| ၂။ | ဘေး | ၂ |
| ၃။ | စိန်ခေါ်မှုအမျိုးမျိုး | ၃ |
| ၄။ | ကမ္ဘာ့ကြက်ခြေနီများပင် လက်လျှော့ရ | ၄ |
| ၅။ | အားလုံးအတူတူ | ၅ |
| ၆။ | လုံးချာလိုက်နေတယ် | ၅ |
| ၇။ | အကြီးဆုံးစိန်ခေါ်မှု | ၈ |
| ၈။ | ထွက်ပေါက်ရမှာပါပဲ | ၁၀ |
| ၉။ | မြတ်သောယာဉ် | ၁၂ |
| ၁၀။ | ကမ္ဘာနှင့်ကပ် | ၁၄ |
| ၁၁။ | ခြသေ့်မင်းတို့လို | ၁၅ |
| ၁၂။ | အကောင်းဆုံးအရသာ | ၁၉ |
| ၁၃။ | မုသား | ၂၀ |
| ၁၄။ | အယူမှောက်မှား | ၂၁ |
| ၁၅။ | အမြစ်နုတ်ကြစို့ | ၂၅ |
| ၁၆။ | လူ့ဝိနည်း | ၂၈ |
| ၁၇။ | ကမ္ဘာ့အလင်း | ၃၀ |
| ၁၈။ | သာသနာ့အလင်း | ၃၁ |
| ၁၉။ | အဘိုးမထိုက်သောကိလေသာအခွာရခက်သည် | ၃၂ |
| ၂၀။ | အမှားတွင်ဒိဋ္ဌိ အရှားတွင်သာသနာ | ၃၅ |
| ၂၁။ | သီလနှင့်အယူပျက်စီးခြင်း | ၃၇ |
| ၂၂။ | သက္ကာယဒိဋ္ဌိ ပျောက်တဲ့နည်း | ၃၈ |
| ၂၃။ | အမြင်နှစ်ဝ ယှဉ်မရ | ၄၀ |
| ၂၄။ | အရှုပ်ရှင်းတဲ့နည်း | ၄၃ |
| ၂၅။ | ဝတ္ထု (၆)မျိုး အာရုံ (၆)မျိုး | ၄၃ |
| ၂၆။ | ဌာနာဌာန ကောသလ္လဉာဏ် | ၄၈ |
| ၂၇။ | လက္ခဏာယာဉ်ဖြင့် နိဗ္ဗာန်ပို့ | ၅၀ |
| ၂၈။ | အမှောင်ငါးသင်း အလင်းငါးပါး | ၅၂ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၉။ | သမ္မသနညာဏ် | ၅၆ |
| ၃၀။ | လေခေတ် | ၅၇ |
| ၃၁။ | ထင်ရှား မထင်ရှား | ၅၉ |
| ၃၂။ | အနိစ္စမြင်ဖို့က ပဓာန | ၆၀ |
| ၃၃။ | တရားအားထုတ်နေသူတို့အား တရားစကားပြောရတာ မြိန်ယှက်လှပါတယ် | ၆၂ |
| ၃၄။ | ဘာကြောင့်တရားအားထုတ်ရသလဲ | ၆၂ |
| ၃၅။ | လော ဒေါ မော ကင်းအောင်ရှုနည်း | ၆၄ |
| ၃၆။ | ကောင်းမှန်တဲ့တရားတွေ အပြန်ပြန်အလှန်လှန် ကျေးဇူးပြုပုံ | ၆၅ |
| ၃၇။ | ပိဋကတ်တော်မှာ အနှစ်သာရ စကား(၆)ခွန်း | ၆၅ |
| ၃၈။ | ဓမ္မစကြာလာ ဒုက္ခတွေဖယ်ရှားနိုင်တဲ့နည်း | ၆၇ |
| ၃၉။ | ဒုက္ခသုံးမျိုး ကျော်လွှန်နိုင် | ၆၈ |
| ၄၀။ | လူရောရှင်ပါ တရားရှုမှတ်ပြီး ချမ်းသာတဲ့နည်း | ၇၀ |
| ၄၁။ | ဘုံဆိုးဘဝဆိုးမှ လွတ်လိုလျှင် | ၇၀ |
| ၄၂။ | ကောင်းတဲ့အမှတ်အသား | ၇၁ |
| ၄၃။ | ဘဝမခြား ကြိုးစားအားထုတ်နိုင်ကြပါစေ | ၇၃ |
| ၄၄။ | ရေစင်ရေအေး | ၇၄ |
| ၄၅။ | နန်းအိမ်ဗိမာန်ကြီးများ | ၇၅ |
| ၄၆။ | သညာသုံးမျိုး | ၇၆ |
| ၄၇။ | ဓမ္မစကြာလာ အစွန်း၂ပါးရှောင်နိုင်တဲ့နည်း | ၇၉ |
| ၄၈။ | လမ်းကောင်းအကျော် လမ်းမတော် | ၈၀ |
| ၄၉။ | မြူလေးမျိုး | ၈၁ |
| ၅၀။ | ရုပ်ရှစ်မျိုးပါဝင် | ၈၁ |
| ၅၁။ | သတိပဋ္ဌာန်အောင်မြင်ရေး | ၈၃ |
| ၅၂။ | ရုပ်ပျိုကိုယ်နု သက်ရှည်ကျန်းမာလိုလျှင် | ၈၃ |
| ၅၃။ | အရာရာပြည့်စုံရေး | ၈၅ |
| ၅၄။ | ချမ်းချမ်းသာသာမနေချင်လျှင် | ၈၅ |
| ၅၅။ | ငြိမ်းချမ်းရေးရချင်လျှင် | ၈၇ |
| ၅၆။ | ထေရဝါဒ ဗုဒ္ဓဘာသာ | ၈၈ |
| ၅၇။ | ဗုဒ္ဓဘာသာမှာ | ၈၉ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၅၈။ | အသီးတစ်ရာ အညှာတစ်ခု | ၉၀ |
| ၅၉။ | ကံကောင်းထောက်မ | ၉၁ |
| ၆၀။ | လယ်တီဆရာတော် | ၉၃ |
| ၆၁။ | အာဏာစက်ကောင်းတယ် | ၉၅ |
| ၆၂။ | ရေစကြိုဆရာတော် | ၉၆ |
| ၆၃။ | ပိဋကတ္တယပါရဂူ | ၉၇ |
| ၆၄။ | လယ်တီဆရာတော်ဘုရားရဲ့ကျေးဇူးပါပဲ | ၉၇ |
| ၆၅။ | တောင်တွင်းကြီး | ၉၉ |
| ၆၆။ | ဆေးမြစ်ပျောက်တဲ့မြေဘုတ်ဘီလူးလိုမဖြစ်ရအောင် | ၁၀၁ |
| ၆၇။ | ရုန်သူဝိုင်းထား | ၁၀၃ |
| ၆၈။ | ဘာကြောင့်တရားအားထုတ်ရသလဲ | ၁၀၅ |
| ၆၉။ | ခေတ်(၄)ပါး ခေတ်(၈)ပါးချည်း | ၁၀၆ |
| ၇၀။ | စိန်ခေါ်မှုအမျိုးမျိုး ရင်ဆိုင်နိုင်တဲ့နည်း | ၁၀၇ |
| ၇၁။ | စိတ်နှိမ်ဂါထာ | ၁၀၉ |
| ၇၂။ | ငါ့အခွင့်အလှည့်ရောက်ပြီ | ၁၁၁ |
| ၇၃။ | ရက်ရက်ကြီး ဆုံးမပေတော့အံ့ | ၁၁၂ |
| ၇၄။ | ပခုက္ကူအလည်တိုက်ကြီး ဘဒ္ဒန္တသောဘဏာပြန် ဩဝါဒဂါထာ | ၁၁၄ |
| ၇၅။ | သာသနာတော်တည်တံ့ရေးတရား | ၁၂၈ |
| ၇၆။ | ဗောဓိပက္ခိယ | ၁၂၉ |
| ၇၇။ | သတိပဋ္ဌာန်လေးပါး | ၁၃၀ |
| ၇၈။ | အထွဋ်အထိပ်ရောက်ပြီး | ၁၃၃ |
| ၇၉။ | သမ္မပ္ပဓာန် (၄)ပါး | ၁၃၆ |
| ၈၀။ | သမ္မပ္ပဓာန် | ၁၃၉ |
| ၈၁။ | လေးဌာန | ၁၄၀ |
| ၈၂။ | အနတ္တဉာဏ်ဆိုက်မှ | ၁၄၂ |
| ၈၃။ | အနတ္တဉာဏ်ဆိုက်အောင် | ၁၄၆ |
| ၈၄။ | သုံးဆင့် | ၁၄၇ |
| ၈၅။ | ဥပမာသုံးမျိုး | ၁၅၁ |
| ၈၆။ | ဣဒ္ဓိပါဒ် (၄)ပါး | ၁၅၃ |
| ၈၇။ | ဓမ္မစေတီမင်းလောင်းလျာ မောင်မင်းတန် | ၁၅[illegible] |

http://www.dhammadownload.com


| | | |
|---|---|---|
| ၈၈။ | နမော်ဗုဒ္ဓါယသိဒ္ဓမ် | ၁၅၂ |
| ၈၉။ | ခတ်လေးပါးနဲ့ သိဒ္ဓိပေါက်ပုံ | ၁၅၄ |
| ၉၀။ | လောကုတ္တရာသိဒ္ဓိများ | ၁၅၅ |
| ၉၁။ | ဓမ္မသောဏ္ဍာမင်းကြီး | ၁၅၇ |
| ၉၂။ | ဆန္ဒဖြစ်ခဲ့ | ၁၅၉ |
| ၉၃။ | သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော် | ၁၆၀ |
| ၉၄။ | ခွေးဖြူတောမတိုး | ၁၆၁ |
| ၉၅။ | စာသင်တိုက်ဖွင့် | ၁၆၂ |
| ၉၆။ | ဝိမံသိဒ္ဓိပါဒ် | ၁၆၄ |
| ၉၇။ | မင်းသား (၂)ယောက် | ၁၆၅ |
| ၉၈။ | ရာထူးရကြ | ၁၆၆ |
| ၉၉။ | အရှင်ရဒ္ဓပါလထေရ် | ၁၆၈ |
| ၁၀၀။ | အရှင်သောကာထေရ် | ၁၆၈ |
| ၁၀၁။ | အရှင်သမ္ဘူထထေရ် | ၁၆၈ |
| ၁၀၂။ | အရှင်မောဃရာဇထေရ် | ၁၆၈ |
| ၁၀၃။ | ဣန္ဒြေငါးပါး | ၁၇၀ |
| ၁၀၄။ | ဗုဒ္ဓစက္ခု | ၁၇၁ |
| ၁၀၅။ | ဘေးမရှိ | ၁၇၃ |
| ၁၀၆။ | နတ်ပြည်က စကားသုံးခွန်း | ၁၇၆ |
| ၁၀၇။ | မင်းမဲ့တိုင်းပြည်မှာနေရသလို | ၁၇၉ |
| ၁၀၈။ | တရားဥပဒေစိုးမိုးတဲ့တိုင်းပြည်မှာနေရသလို | ၁၈၀ |
| ၁၀၉။ | ဗိုလ် (၅)ပါး | ၁၈၃ |
| ၁၁၀။ | အနာကြီးငါးမျိုးစွဲကပ်သလို | ၁၈၅ |
| ၁၁၁။ | ၂ပါးရှိနေရင် | ၁၈၈ |
| ၁၁၂။ | နွားလားဥသဘလိုမွေး | ၁၈၉ |
| ၁၁၃။ | တရားရတနာ | ၁၉၀ |
| ၁၁၄။ | တရားယာဉ်ကြီးစီး | ၁၉၃ |
| ၁၁၅။ | ဗောဇ္ဈင် (၇)ပါး | ၁၉၇ |
| ၁၁၆။ | ဓမ္မဝိစယသမ္ဗောဇ္ဈင် | ၁၉၉ |
| ၁၁၇။ | စကြာမင်း | ၂၀၁ |
| ၁၁၈။ | စကြာမင်းထက်သာလွန် | ၂၀၁ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၁၉။ | ဗောဓိရှင် (၇)ပါး | ၂၀၅ |
| ၁၂၀။ | တောင်ခွင်သာသနာပိုင်ဆရာတော်၏မှတ်တမ်း | ၂၀၇ |
| ၁၂၁။ | မဂ္ဂင် (၈)ပါး | ၂၁၂ |
| ၁၂၂။ | အဘယ့်ကြောင့် သမ္မာဒိဋ္ဌိဦးစွာဟော | ၂၁၂ |
| ၁၂၃။ | အကြံကောင်းတွေ | ၂၁၃ |
| ၁၂၄။ | မရှိမပဋိပဒါ | ၂၁၇ |
| ၁၂၅။ | မဂ္ဂင်မရှိရာ အရိယာမရှိ | ၂၁၇ |
| ၁၂၆။ | မရှိလေးမျိုး | ၂၁၈ |
| ၁၂၇။ | အသံမပြည့်တဲ့ရထားကြီး | ၂၂၉ |
| ၁၂၈။ | တစ်ဆင့်ပြီးတစ်ဆင့် နက်ရှိုင်းလာ | ၂၂၃ |
| ၁၂၉။ | အနုပုဗ္ဗိကထာနှင့် သာမုက္ကံသိကကထာ | ၂၂၃ |
| ၁၃၀။ | စရဏနှင့် ဝိဇ္ဇာ | ၂၃၀ |
| ၁၃၁။ | ရုပ်နှိမ်ရန်ဆုံးမစကား | ၂၃၁ |
| ၁၃၂။ | အိမ်သုံးလုံး | ၂၃၂ |
| ၁၃၃။ | အဝိဇ္ဇာက အမှားလမ်းစဉ်တီထွင်ပေးပုံ | ၂၄၃ |
| ၁၃၄။ | ဝိဇ္ဇာက အမှန်လမ်းစဉ် တီထွင်ပေးပုံ | ၂၄၄ |
| ၁၃၅။ | ကလျာဏမိတ် | ၂၄၆ |
| ၁၃၆။ | ဘုရားရှင်သာဓုခေါ်တော်မူ | ၂၄၈ |
| ၁၃၇။ | ရထားဖြူ | ၂၄၉ |
| ၁၃၈။ | အယူဝါဒ | ၂၆၀ |
| ၁၃၉။ | လမ်းစဉ်ကျင့်စဉ် | ၂၆၂ |
| ၁၄၀။ | ဒုက္ခဆိုတာ ဘာလဲ | ၂၆၄ |
| ၁၄၁။ | ပန်းတိုင် | ၂၆၆ |
| ၁၄၂။ | နိဗ္ဗာန်၏အမည် | ၂၆၈ |
| ၁၄၃။ | အမြိုက်ဓာတ် မသေဓာတ် | ၂၆၉ |
| ၁၄၄။ | နိဗ္ဗာန်မြေပုံ | ၂၇၀ |
| ၁၄၅။ | အကျိုးသုံးမျိုး | ၂၇၄ |
| ၁၄၆။ | နန္ဒိယပရဗိုဇ် | ၂၇၆ |
| ၁၄၇။ | အရှင်ဘဒ္ဒနှင့် အရှင်အာနန္ဒာ တရားဆွေးနွေးခန်း | ၂၈၀ |
| ၁၄၈။ | အကုသိုလ်လည်းမည် အမြစ်လည်းမည် | ၂၈၆ |
| ၁၄၉။ | အမြစ်တူးပစ်ကြစို့ | ၂၈၈ |

http://www.dhammadownload.com


၁၅၀။ ပျက်စီးခြင်းသုံးမျိုး ၂၈၉
၁၅၁။ ကမ္ဘာ့ငြိမ်းချမ်းရေး ၂၉၁
၁၅၂။ ကောင်းတဲ့တရား မကောင်းတဲ့တရား ၂၉၃
၁၅၃။ ချိုးမွှမ်းကဲ့ရဲ့ ၂၉၅
၁၅၄။ မသူတော်နှင့် သူတော်ကောင်း ၂၉၆
၁၅၅။ ကရွတ်ခွေ ၂၉၇
၁၅၆။ ဝေဒနာသုံးမျိုးသိရန် ၃၀၀
၁၅၇။ မဂ္ဂင် (၈)ပါးပဲ အားထုတ် ၃၀၅
၁၅၈။ ဒီဘက်ကမ်းမှာ အသစ်သစ်ပဋိသန္ဓေ အိုနာသေရှိ ၃၀၆
၁၅၉။ လမ်းစဉ်ရှိတယ်လို့သာ ပြောလိုက်ကြ ၃၁၁
၁၆၀။ မမြင်ရတဲ့ရန်သူ ဖြို့ခွင်းရခက်သလိုပဲ ၃၁၄
၁၆၁။ သံသရာခရီးရှည်ကြီး ၃၁၆
၁၆၂။ ပြုသူ ခံစားသူမရှိသော သံသရာ ၃၁၇
၁၆၃။ မေ့လျော့တယ်ဆိုတာ ၃၂၆
၁၆၄။ ဥပမာ(၁၀)မျိုးနဲ့ အမွှမ်းတင် ၃၂၇
၁၆၅။ ဆင်ခြေရာ ၃၂၈
၁၆၆။ လက်တွေ့အသုံးချနေကြ ၃၃၀
၁၆၇။ အမှိုကောင်းရ ၃၃၁
၁၆၈။ မျိုးစေ့ ၃၃၂
၁၆၉။ ဟိမဝန္တာတောင် ၃၃၃
၁၇၀။ ရေသွန်သလို ၃၃၄
၁၇၁။ ကောင်းကင် ၃၃၄
၁၇၂။ မိုးရွာချသလို ၃၃၅
၁၇၃။ မြစ်ရေအညာဆန်အောင် ၃၃၇
၁၇၄။ တည်းခိုခန်း ၃၄၀
၁၇၅။ ရှာမှီးခြင်းသုံးမျိုး ၃၄၆
၁၇၆။ မာန်(၃)မျိုး ၃၄၆
၁၇၇။ စခန်းသိမ်းအောင်ပွဲ ၃၅၉
၁၇၈။ အသိဉာဏ်ဟူသမျှ သုတအသိက စကြရ ၃၆၄
၁၇၉။ အမြင်မှန်ရရန်အကြောင်း၂မျိုး ၃၆၇
၁၈၀။ သုတဗုဒ္ဓကြီးတွေ ၃၆၇

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၈၁။ | ဥပမာနဲ့ | ၃၆၉ |
| ၁၈၂။ | အမေးအဖြေနဲ့ | ၃၇၀ |
| ၁၈၃။ | မေးချင်တာမေး | ၃၇၁ |
| ၁၈၄။ | ငြိမ်းချမ်းရေးမရတာ | ၃၇၂ |
| ၁၈၅။ | ဝေဒနာကမ္မဋ္ဌာန်းပေး | ၃၇၅ |
| ၁၈၆။ | ကံကောင်းတဲ့နှလုံးသားပိုင်ရှင်တွေ | ၃၇၆ |
| ၁၈၇။ | ရဟန်း-အရိယာအမည်တော်ရ | ၃၇၉ |
| ၁၈၈။ | အမြတ်ဆုံးပူဇော်ခြင်း | ၃၈၂ |
| ၁၈၉။ | စကား၂မျိုး ပြောကြဆိုကြ | ၃၈၃ |
| ၁၉၀။ | ဝိဇ္ဇာ + ဝိမုတ္တိ | ၃၈၄ |
| ၁၉၁။ | ဝိဇ္ဇာ - ဝိမုတ္တိရဲ့အခြေခံ | ၃၈၄ |
| ၁၉၂။ | ဗောဇ္ဈင်ရဲ့အခြေခံက သတိပဋ္ဌာန် | ၃၈၅ |
| ၁၉၃။ | သတိပဋ္ဌာန်ရဲ့အခြေခံက သုစရိုက် | ၃၈၆ |
| ၁၉၄။ | သုစရိုက်တွေဖြစ်လာရတာ တံခါးလုံလို့ပါပဲ | ၃၈၇ |
| ၁၉၅။ | မိကျောင်းမင်းနှင့် ဗူးတောင်းပမာ | ၃၉၀ |
| ၁၉၆။ | အကျိုးများ | ၃၉၂ |
| ၁၉၇။ | အဆင့်ဆင့် | ၃၉၃ |
| ၁၉၈။ | ဥပမာလေးမျိုးနဲ့ ဒေသနာတော်ကိုချီးကျူး | ၃၉၃ |
| ၁၉၉။ | သရဏဂုံမျှတည် | ၃၉၄ |
| ၂၀၀။ | အရဟတ္တဖိုလ်ကို အထွဋ်ပြုဟော | ၃၉၅ |
| ၂၀၁။ | ၄၄ နည်း | ၃၉၇ |
| ၂၀၂။ | တရားနာရရာမှ အဆင့်ဆင့်ဗောဇ္ဈင်(၇)ပါးဖြစ်ပွားပုံ | ၃၉၇ |
| ၂၀၃။ | ဗောဇ္ဈင်(၇)ပါး ပွားရကျိုး(၇)မျိုး | ၄၀၀ |
| ၂၀၄။ | ဆင်ခြင်မှု (၄)မျိုးစီ | ၄၀၁ |
| ၂၀၅။ | ရောင်စုံအဝတ်တွေဝတ်သလို | ၄၀၂ |
| ၂၀၆။ | အဘယ့်ကြောင့် ဗောဇ္ဈင်ခေါ် | ၄၀၃ |
| ၂၀၇။ | ထေရ်ကြီး ၂ပါး တရားဆွေးနွေးပွဲ | ၄၀၄ |
| ၂၀၈။ | ကျန်းမာရေး | ၄၀၆ |
| ၂၀၉။ | ရည်ရွယ်ချက် (၇)မျိုးနဲ့ | ၄၀၉ |
| ၂၁၀။ | ဖန်ဆင်းရှင်ကြောင့်မဟုတ် | ၄၁၀ |
| ၂၁၁။ | ဖြို့ခွင်းနည်း | ၄၁၃ |

http://www.dhammadownload.com


၂၁၂။ မဟာဥဒါယီ ၄၁၄
၂၁၃။ စိတ် ၄၁၉
၂၁၄။ ရုပ်နာမ်ကမ္မဋ္ဌာန်း ၄၂၀
၂၁၅။ အလွယ်ဆုံးထင်တာက အခက်ဆုံး ၄၂၁
၂၁၆။ ရွှေနဲ့အညစ်အကြေးငါးမျိုး ၄၂၃
၂၁၇။ စိတ်ရဲ့အညစ်အကြေး ၅မျိုး ၄၂၄
၂၁၈။ ဝိပဿနာပိုင်း ၄၂၅
၂၁၉။ ပြဒါးတစ်လမ်းသံတစ်လမ်း ၄၂၇
၂၂၀။ အမျိုးအဝါး မခံကြရအောင် ၄၂၈
၂၂၁။ အပင်ကြီးလျက် အသီးသေးတာ ညောင် ၄၂၉
၂၂၂။ ရတနာရှိရာ ရတနာစု ၄၃၀
၂၂၃။ ဘုရားပွင့်မှ ဗောဇ္ဈင်ရတနာ ၄၃၂
၂၂၄။ ၃၅ရက် အာဂုံပြန်ဆိုအောင်မြင် ၄၃၅
၂၂၅။ သဗ္ဗညုတဉာဏ်ကြီးရသလို ၄၃၆
၂၂၆။ ထူးထွေကွဲပြား ခြားနားတာ မရှိပါဘူးတဲ့ ၄၃၈
၂၂၇။ မေးလိုက် ၄၃၉
၂၂၈။ နိဝရဘာ (၁၀)ပါး ဖြစ်ပုံဟော ၄၃၉
၂၂၉။ ဗောဇ္ဈင် ၁၄ပါး ဖြစ်ပုံ ၄၄၀
၂၃၀။ စိတ် ၂မျိုး ၄၄၁
၂၃၁။ စိတ်တွန့်ဆုတ်နေရင် ၄၄၂
၂၃၂။ စိတ်ပျံ့လွင့်နေရင် ၄၄၃
၂၃၃။ အတ္ထဒွါရပဥ္စာ ၄၄၇
၂၃၄။ ဓာတုဗေဒဉာဏ်အားတော် ၄၅၂
၂၃၅။ တရားမြင်မှ ဘုရားမြင် ၄၅၅
၂၃၆။ လူဆင်းရဲ လူချမ်းသာ ၄၆၀
၂၃၇။ အတွင်းအပြင်အစိတ်အပိုင်း ၄၆၁
၂၃၈။ ဘုရားရှင်နည်း ၄၆၁
၂၃၉။ ဘုရားရှင့်ဆန္ဒတော် ၄၆၂
၂၄၀။ အားတက်ကြပါလိမ့် ၄၆၅
၂၄၁။ ဉာဏ်ထိုင်းတာဘာကြောင့်ပါလဲ ၄၆၅
၂၄၂။ ဉာဏ်ကောင်းအောင် ၄၆၉

http://www.dhammadownload.com

ကျမ်းဦးမှတ်ဖွယ် အမှာစကား

တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏။"ဟူ၍ အာသဘိဝါစာထေရာမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက်ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးဂိုအင်ဂါ၏ လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်း ပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့ ကလေးဝတောရ စာသင်တိုက် ပဓာနနာယကဆရာတော်၊ ရန်ကုန်မြို့ ပြည်လမ်း အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရိယတ္တိ သာသနာပြုဆရာတော် ဖြစ်ပေသော ဒွိပိဋကဓရ ပုဗ္ဗာဘာဂ အာဘိဓမ္မိက [illegible]နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရဂူတမြောက် ရောက်ရှိ ရရှိတော်မူလေသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသသည် ဒွိပိဋကဓရ အရည် အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေးငါးကျမ်းကို အာဂုံပြန် ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေး ကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် "သူမတူ"တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် (၇)ရက် တရား စခန်းများ (၅၅)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင် တို့အား နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာ ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ "သူမတူ" တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ် ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေး ပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၃၇/က) လယ်တီမူကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပ ရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်ဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခုလည်း (၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ ဒုတိယ ကျမ်းစာအုပ်ကို ထုတ်ဝေပြန်ပါသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ် ဝီရိယဓာတ်ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြှင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓါန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိယတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာ ဉာဏ်စဉ်အဆင့်ဆင့် မြှင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကိုအထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်-

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသောကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖေါ်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကိုဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွား အောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး နှစ်မျိုးယှဉ်တွဲပြ၍ အကုသိုလ်နှင့် အကုသိုလ် အပြစ်မှလွတ်ရန် ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်မြင့် တက်အောင် လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာသည် မြင်းတို့ကို ဆုံးမ သင်ကြားသော မြင်းမှူးဆရာကြီးကေသီကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်-

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓါတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန် အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာတွေ့ရှိရပါသည်။

ကမ္ဘာ့ဘေးကြီးလေးပါး၊ ကမ္ဘာ့ကပ်ကြီးသုံးပါး၊ နိဗ္ဗာန်မြေပုံ၊ နိဗ္ဗာန်သွားရထားရှစ်စင်း၊ ကမ္ဘာ့ဂပ်ကျော်ဟာရားကြီးများ၊ သိက္ခာသုံးပါး ကြောင့် ကိလေသာသုံးပါး ပျက်စီးနိုင်ပုံ ကမ္ဘာ့အလင်းနှင့် သာသနာ့ အလင်း အမှားတွင်ဒိဋ္ဌိ၊ အရှားတွင်သာသနာ၊ ဗျသနတရားငါးပါးတွင် အဆိုးရွားဆုံးသော ဒိဋ္ဌိဗျသနတရားကြီးကို ဝိပဿနာဖြင့် ချေဖျက်ပုံ၊

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

အခိုးမထွက်တဲ့ ရာဂမီးတောက်အငြိမ်းရခက်သည်။ မဝေးသော နိဗ္ဗာန်ခရီး အသွားရခက်သည်။ အရှုတ်နှင့်အရှင်း- ဝဋ္ဋအာရုံကာမဂုဏ်နှင့် ငြိကပ်ရစ်ပတ် မြှေးယှက်တတ်သော တဏှာကား အရှုတ်တရား၊ ထိုအရှုတ်ကို အသုတ်လိုက် အသုတ်လိုက် ပယ်ဖြုတ်ခွာလှစ်ပေးသော သီလ သမာဓိ ပညာ သိက္ခာသုံးပါးကား အရှင်းတရားတည်း။

အမိုက်ကြီးငါးပါး အလင်းကြီးငါးပါး- ကိလေသာအမြစ်ကြီး သုံးပါးနှင့် ဝိပဿနာဉာဏ်သုံးချက် သာသနာ့ (ကောင်းသော) အသံကြီး (၆)ပါး၊ မေတ္တာသုတ္တန်လာ ဝိပဿနာ ပုဗ္ဗဘာဂပရိကမ်နိဗ္ဗာန်လမ်းရှင်း တရား (၁၅)ပါး၊ ဗြဟ္မယာဉ်၊ ဓမ္မယာဉ် အနုတ္တရသင်္ဂါမဝိဇယယာဉ်ကြီး သုံးစင်း၊ ဟိုဘက်ကမ်းကူးမှတော်မယ် ဦးကလှော်ကွယ်၊ လှော်တက်တွေ မများစေနဲ့ အလကားနေမယ် တစ်ပါးဆွေရယ်။ (မဂ္ဂင်လှော်တက် ရှစ်ချောင်းကိုသာကိုင်ဆွဲလှော်သင့်ကြောင်း ဟောကြားသည်။

ကြိုက်သမျှ လောဘ ဗိုလ်တက်သည်
တိုက်သမျှ ဒေါသ ဗိုလ်တက်သည်
မိုက်သမျှ မောဟ ဗိုလ်တက်သည်
ဟိုက်သမျှ သောက ဗိုလ်တက်သည်
(မြင်လွယ်သိလွယ်သော စကားလုံးများ)

လောဘ-ဒေါသ-မောဟ အရှိန်၊
ကမ္ဘာစစ်ကြီး လောင်မီး အကြိမ်ကြိမ်။
လောဘ-ဒေါသ-မောဟ ငြိမ်းချိန်၊
ကမ္ဘာဝှန်း အေးချမ်းသည်အချိန်။

ကောင်းမကောင်း၊ ချီးမွမ်းကဲ့ရဲ့၊ သူတော်သူယုတ်၊ ခြားနားစေသောတရား၊ ဗောဇ္ဈင်(၇)ပါး စကြာမင်း၏ ရတနာများနှင့်တူပုံ၊ မြတ်စွာဘုရား၏ ဓာတုဗေဒဉာဏ်၊ နိဝရဏရှုပွားနည်း(၅)မျိုး စသည်စသည်ဖြင့် အလွန်

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

လေးနက်နူးညံ့သိမ်မွေ့ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသောတရားခွန်းများကို တွေ့ရှိရသည်။

မဟာကာရုဏိကံ နာထံ
ဧယျသာဂရ ပါရဂုံ
ဝန္ဒေနိပုဏ ဂမ္ဘီရံ
ဝိစိတြနယ ဒေသနံ။

ဟူ၍ ဥဒါန်း အဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို-

(၁) နိပုဏနယ သိမ်မွေ့သောနည်း။
(၂) ဂမ္ဘီရနယ နက်နဲသောနည်း။
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း။

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော့။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင်နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္ထ - အနက်အဓိပ္ပါယ် ကောင်းပါရှိခြင်း။
(၂) သဗျဥ္ဇ ချောမောပြေပြစ်ကျစ်လစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း။
(၃) ကေဝလပရိပုဏ္ဏ ပယ်နှုတ်စရာ မရှိအောင် ဘက်စုံပြည့်ဝခြင်း။
(၄) ဗြဟ္မစရိယပ္ပကာသက မြတ်သော ပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း။

ဤတရားကောင်းအင်္ဂါ လက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြုဟောကြားထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင်-

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၁) အာဒိကလျာဏ- ပထမပိုင်းနိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားသာ နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီမူဝိပဿနာ ကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓါတ်ကြီးပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကိုပြသဖြင့် ထပ်ဆင့် ကောင်းမြတ်လှပါသည်။

ဤသို့လည်းကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပကကျမ်းပြု မုံရွာမြို့သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုးသာမညဝိသေသ၊ သာချ သာဓက စသော စကားဝါကျအသွားအလာ၌ အလွန် နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက်ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ "ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာ ပုဒ်မှာ ပုဒ်ထပ် **ပုဒ်ဟောစပ်**" ဟူသော ပဒဝါကျ သမ္ဗန္ဓ ယောဇနာ နည်းစနစ် (၆)မျိုးကို ကျမ်းရိုးကျနတတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံးပတ္တမြားကုံး များကဲ့သို့ အနေအထားခွဲခြား စေ့စပ်သပ်ယပ် မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်းရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ

http://www.dhammadownload.com

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာဏ်ကောက် အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက်စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကျုံးပိုင်ပိုင် ဆွဲဆောင်နိုင်အောင် လိုရင်းအကျဉ်းအကျယ်မှတ်သားဖွယ် ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာနည်းနာနိဿယကို ကောင်းစွာ အာဂုမ်ရမိသိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင်ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာပြု၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ ပါဠိအဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကစရခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချွေချတ်ဟောကြားသည်။

(၂) ဂွျမ်းမင်သား ဥဂ္ဂသေနအား တစ်ပတ်ဂွျမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ် ထပ်၍ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထက်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမတော်မူသည်။

http://www.dhammadownload.com



(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာတစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကိုဟောကြားတော်မူသည်။

မီးပူဇော်သောရသေ့များအား မီးလောင်ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေး ဥပမာပြ၍ သင်ပုဏ္ဏား ဆဲသမျှ လက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေရော့ဟု ပြောဆိုပြီး တရားကိုဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရလေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီတို့အား သူတို့ထက်လှသူကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမများအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဝိနည်းအကျင့် (၂၂၇)သွယ် ကုဋေကိုးထောင်ကျော်ကို ကျင့်ရန်ကြောက်ရွံ့သော ရဟန်းအား ကိုယ်နဲ့နှုတ် (၂)မျိုးသာ ရှောင်ပါဟု ဟောကြားတော်မူသဖြင့် ထိုရဟန်းလူမထွက်ပဲ တရားကျင့်၍ ရဟန္တာဖြစ်လေသည်။

(၈) ညဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်းပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်)သုတ်တယ်လို့ နှလုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူလေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းငယ်သည်-

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။

http://www.dhammadownload.com



- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန့်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မှု ကျင့်သူကင်းလိမ့်မည်။
- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် ရဟန်းရပ်လော့ဟု ဆို၏။
ဗုဒ္ဓသည် ရပ်လော့ဟူသော စကားကိုအခြေခံ၍ 'ဟဲ့- အင်္ဂုလိမာလ သင်သာမရပ် ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ။ ထာဝရရပ်တန့်နေပြီ'ဟု စကားအကျဉ်းမိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏သံသရာ၌ ပြေးသွားနေပုံ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ ရဟန္တာကြီး ဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါနသီလဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။
(၁) ဒါနဆိုတာ ဘာတဲ့လဲ စည်းစိမ်ချမ်းသာ ရှာတာဘဲ။
(၂) သီလဆိုတာ ဘာတဲ့လဲ ဘဝကောင်းကို ရှာတာဘဲ။
(၃) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ နိဗ္ဗာန်ချမ်းသာ ရှာတာဘဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီသူတော်စင်ဖြစ်အောင် ဟောကြားတော်မူသည်။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင်ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲဆန်းကြယ် ကြည်ညိုမှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါသည်။

### တိုက်တွန်းချက်

လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာ ယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့အစဉ် ရှုမှတ်ဖတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားထုတ်ရန်အနားမှ တိုက်တွန်းနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ်လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောနေပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသတည်း။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ဖွယ် အမှာစကား

ဇကမ္ဗူလာ ကေကုန္နော၊ တထောသာခါ ပဘိဇ္ဇရေ
တတောပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ
နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ
သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော
သောဂတညော နတာနံတု၊ နဟိသေဝေယျ သဒ္ဓနော။

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ပလဖွာ ဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူလအမြစ်မှ သံဃာ တည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာသာဖြစ်လေ၏။

သာသနာနောက်ဖျား၌မူကား-

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့် အဆက်ဆက် အခက်အလက်တို့ကား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ပလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + ဩနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွှတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲ ဆည်းကပ်ကျင့်သုံးရာ၏။

http://www.dhammadownload.com

## ကျမ်းဦးမှတ်ပွယ် အမှာစကား

သောဂတ + အည + ဩနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွှတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ်နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှိဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသတိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်**
**မုံရွာမြို့။**

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

ဇာဂရာဘိ ဇာဂရန္တံ၊
ဇာဂရတ္တာယ ဝါစကံ။
ဇာဂရံ ဇာဂရာဘိဝံသံ၊
ဇာဂရတ္တံ နမေ အဟံ။ ။

အဟံ- ဆရာနှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် "ဇာဂရ" ဟူသော အကျွန်ုပ်သည်။ ဇာဂရတ္တာယ- မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောယပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ။ ဝါစကံ- သနားခြင်းကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူးသိမြင် ဟောကြားတော်မူတတ်ပါသော၊ ဇာဂရာဘိ ဇာဂရန္တံ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော် မူတတ်သော ဘုရားရှင်ကိုလည်းကောင်း၊ ဇာဂရံ- အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကို လည်းကောင်း၊ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း၊ ဝါ၊ စံညာဂုနန် ဆင့်ရန် တတွေ သူဥ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်ဟီဆရာတော်၊ ပခုက္ကူဆရာတော်၊ ရွှေရေးဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသိရိမင်္ဂလာကျောင်းဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္တံ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျလွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းအကျိုးငှါ၊ နမေ- ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရှိုး ကော်ရော်မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ဘုရား။

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက်
လယ်တီမူဝိပဿနာ လယ်တီတောရတရားရိပ်သာ
ကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊
မူလအာတိဓမ္မိက
ဘဒ္ဒန္တဇာဂရာဘိဝံသ
၏
# ဘဝဖြစ်စဉ်

## ဇာတိဌာန မွေးရပ်မြေ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ-မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

## ကျောင်းအပ်ပညာသင်ခြင်း

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော်ဦးစန္ဒိမာ၊ ဆရာတော်ဦးကုမုဒ၊ ဆရာတော်ဦးဉာဏဝံသ တို့ထံ အပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

## ရှင်သာမဏေဘဝ

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ- အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင်- အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော်

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

မယ်တော်တို့က ရှင်ဒါယကာ- ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော်ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော်ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်၌ မဟာနာယက ပထမဆရာတော် ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တကုမုဒနှင့် စာချ ဆရာတော်များ ဖြစ်ကြသော-

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ် ဓမ္မိကာရုံဆရာတော်)
- အရှင်ဩဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို၊ ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသိရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယက)
- အရှင်ပညာသိရီ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက်၊ တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မာစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

- စာချဆရာတော် ဘဒ္ဒန္တမာလာသိရိ (ယခု နိုင်ငံတော်ဩဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီတိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှအဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ် အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြုဆောင်ရွက်ခဲ့သည်မှာ ရိုးမြေကျသည်အထိပင် ဖြစ်သည်။

## ရဟန်းဒါယကာ ဒါယိကာမများ

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက် တနင်္လာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဖေယျုသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ-ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ၊ ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၅၀)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်း၍ ဒါယကာခံယူကြသည်။

## ပခုက္ကူစာသင်နည်း

ရဟန်း (၁)ဝါအရ မဗွာစရိယတန်း အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓေ

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီ"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒဆရာတော်နှင့် ဂဏဝါစကဆရာတော်များထံတော်တွင် နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံကို အဋ္ဌကထာ, ဋီကာများနှင့်တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူရရှိခဲ့သည်။

## မန္တလေးစာသင်နည်း

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော်သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း ရွှေရေးဆောင်နည်းကို သင်ယူခဲ့သည်။

## လားရှိုးမြို့

၁၃၂၁ ခု၊ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ၊ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြို့လယ်ကျောင်းဆရာတော်)၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်းအမှတ် ဝိနည်းစာပြန်ပွဲတွင် "ပထမ"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမငယ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမလတ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမကြီးတန်း"ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမဆင့် ပထမ၊ ဒုတိယဆင့် ဒုတိယ၊ တတိယဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း (၁)ဝါရတွင် "ပါရာဇိကဏ်"ကျမ်းကို အောင်မြင်ခဲ့၍ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း "ပါဠိဘာသာ"ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာဖြင့်) ရခဲ့သည်။

ရဟန်း (၂)ဝါအရတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဒီဃဘာဏက"ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း (၄)ဝါအရတွင် "မဟာဝဂ္ဂါဒိ"မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ"ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း (၅)ဝါအရတွင် "သုတ္တန္တ ပိဋက ဒီဃနိကာယ်" ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် "ဒီဃနိကာယ ကောဝိဒ"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးကုမုဒတို့က ဦးဆောင်လျက်တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပပေးခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တအာဂရောဘိဝံသ၏ ဘဝဖြစ်စဉ်

ရဟန်း (၁၀)ဝါအရတွင် စာမျက်နှာ (၂၂၆၀)ပါရှိသော ဝိနယ ပိဋက တော်ကို အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဝိနယဓရ"ဘွဲ့လက်မှတ်ကို ရရှိတော် မူခဲ့သည်။

ရဟန်း (၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင် တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံ တော် "ဝိနယကောဝိဒ"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် "ဂုဏ်ပြုပူဇော်ပွဲ"ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီ နိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကေသရ သပြေပင်တောရ ဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ စစ်ကိုင်တိုင်းကောင်စီ ဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း (၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝအဘိုးဆရာတော် ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ ကျရှုံးခြင်းမရှိ အောင်မြင် ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိ မှုန်ဝါး ဖြစ်ခဲ့ပြေးလည်း-

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"

"လူအညံ့စား ကိုယ့်အားမပိုင်"

"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"

"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့် ပေးတော်မူခဲ့သည်။

http://www.dhammadownload.com

# ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

## ဂုဏ်ပြုဘွဲ့တံဆိပ်တော်များ

ပရိယတ္တိစာပေများကို (၃၅)နှစ်ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့်-

၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊

၁၃၅၈ ခုနှစ်တွင် ပခုက္ကူနိကာယ ရာပြည့်အထိမ်းအမှတ် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဂဏအနုနာယက၊

၁၃၆၀ ပြည့်နှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ရာပြည့်အထိမ်းအမှတ် ပရိယတ္တိ သာသနဟိတရေ ဘွဲ့ပုံလက်မှတ်၊

၁၃၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခံယူရရှိတော်မူသည်။

## ကျမ်းဂန်ရေးသားပြုစုခြင်း

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်း ခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄) (၅) တို့ကို ရေးသားပြီး ဓမ္မဒါနလှူဒါန်းခဲ့သည်။

## ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှောက်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

http://www.dhammadownload.com

## ဘဒ္ဒန္တအာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထား ကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့ နာဂလိုဏ်ဂူကလေးဝ တောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍-

- မုံရွာ သပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့ မြသိန်းတန် စာသင်တိုက်၊
- ဒဂုံမြို့သစ်မြောက်ပိုင်း မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့ မဟာဇေယျာမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း ဃောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော် ပရိယတ္တိ

စာသင်တိုက်တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း (၄)ဝါရမှစ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ(၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com

# နာဂလိုဏ်ဂူ ကလေးဝဆရာတော် ယနေ့ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

ကျောင်း(၅)မျိုး

ယနေ့ သာသနာတော်နှစ် ၂၅၄၅ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာစသော ပညာရပ်များ (အခမဲ့)သင်ပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မျှမတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ်တွင် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ "ကျောင်း" အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

၁။ တရားရိပ်သာကျောင်း၊
၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၊
၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်း၊
၄။ အကြည်ညိုခံသာသနာပြုကျောင်း
၅။ ကလေးသူငယ်များအား စာပေပညာ သင်ပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရှိရသည်။

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

## သာသနာပြုစခန်း (၄)မျိုး

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျွမ်းအဖြစ်သို့ရောက်အောင် ဆောင်ရွက် တော်မူသော ဆရာတော်သည် နံပါတ် ၁-၃-၄-၅ အမျိုးအစားကျောင်းများစွာ တို့ကို ဦးဆောင်ဖွင့်လှစ်၍ မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော် မူလျက် ရှိသည်။

## နံပါတ်(၅)အမျိုးအစားကျောင်း

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်း ဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသား ကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရား ကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ် ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်း သားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျက် (ကျောင်းသုံး စာအုပ်၊ ဘောလ်ပင်၊ ခဲတံ စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့် ရသော ပညာရေးကျောင်းကြီး ဖြစ်လာလေပြီ။ ကျေးဇူးရှင်မူလကလေးဝ ဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော လက်ရှိကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသား ကလေးသူငယ်များအား "စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ" ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျက် ရှိသည်။

## နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း တိုက်ကို လက်ခံရရှိတော်မူသော ဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိ သော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌ မှေးမှိန် လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီ

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

ကျမ်းပေါင်း တစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခေတ်အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတောရရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၅၅)ကြိမ်၊ အခြားတရားဌာနပေါင်း (၂၀) ကျောင်းတို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန်အားပေးကူညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားရတနာရယူရာ ဖြစ်သည်။

### နံပါတ်(၄)အမျိုးအစားစာသင်တိုက်

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရ စာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက်များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

### ပြည်ပသာသနာပြုလုပ်ငန်း

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်၊ အီတလီ၊ ဩစတေးလျ၊ တောင်ကိုရီးယားနိုင်ငံများသို့ ဓမ္မဒူတခရီးကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်း သင်ပြခြင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော် မူသည်။

### သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်

နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင် ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ ကိုယ်စားလှယ်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် ၁၆-၆-၉၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဥ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့ ၅-၃-၂၀၀၁ နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တာဝန်များ ထမ်းဆောင်လျှက်ရှိသည်။

### လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာစာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ဒုတိယဉက္ကဋ္ဌတာဝန်ကို ယူလျှက်ရှိသည်။

### လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရား တော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင် ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၂၀)ကျော်တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

### အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရကျောင်း စာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျတ္ထဒီပကာဒိ

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

ကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ၊ မဟာထေရ် ဒုတိယမြောက် ပဓာန နာယက အရည်ဝါသီ စုတင်ရဲ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြု ပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ၁၉-၁၁-၂၀၀၂ နေ့က စတင်ဦးဆောင် ဖွဲ့စည်းလျှက် သာသနာတော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

## စွယ်စုံသာသနာပြု

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများက ပေးစွန့်၍ လက်ခံရယူခဲ့သော ကျောင်းတိုက်များကို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိတရားရိပ်သာ အဖြစ် ရောက်ရှိအောင် ဆောင်ရွက်၍ ဖော်ပြပါအတိုင်း စွယ်စုံသာသနာပြု တော်မူသည်။ ရရှိထားသော ကျောင်းတိုက်များကိုလည်း သင့်လျော်ရာပုဂ္ဂိုလ် များအား လွှဲအပ်လှူဒါန်းတော်မူသည်။

၁။ ကျေးဇူးတော်ရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့် ပေးသနားတော်မူခဲ့သော နာဂလိုဏ်ဂူကလေးဝတောရကျောင်းကို ရဟန်း သာမဏေ သီလရှင် တစ်ထောင့်သုံးရာကျော် (၁၃၀၀)ကျော် သီတင်းသုံး၍ ပညာရင်နို့သောက်စို့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားကလေးသူငယ်များ သာသနာ့နွယ်ဝင်သီလရှင်များ နေထိုင်ပညာသင်ယူရာ စာသင်တိုက်ကြီး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန္ဒမူရိပ်သာအဖြစ်ရောက်အောင် ဆောင်ရွက်၍ စာချနာယကအဖွဲ့၊ ဘကအုပ်ချုပ်ရေး နာယကအဖွဲ့၊ ရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့အား လွှဲအပ်ထားပြီး ဖြစ်သည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော် မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ ဓမ္မာစရိယ အားလွှဲအပ်၍ ကျောင်းသား (၅၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိ စေတော်မူသည်။

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ

၄။ ပဲခူးမြို့ အနောက်တောရှေးဟောင်း သမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာ စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ် သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာ တရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရိဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်လိုက်ပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးတောင်ကျောင်းတိုက် သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာမဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင်ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့ကို တာဝန်ပေးခါ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အားအပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဖပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကိုခံယူ၍ အပ်နှံလှူဒါန်းသည်ကို လက်ခံလျက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် (၄၇)စုံညီတို့ဖြင့်

http://www.dhammadownload.com

# သာသနာပြုလုပ်ငန်းများ

သန့်စင်အောင် ရှင်းလင်းသုတ်သင်၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ (၁၉-၁၂-၂၀၀၂)နေ့၌ လယ်တီဝိပဿနာ (၅၅)ကြိမ်မြောက် တိုင်ရှိခဲ့ပြီ။ အဆိုပါ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်ပြီး လယ်တီနာယကအဖွဲ့အား လွှဲအပ်ထားပြီဖြစ်သည်။ အနွယ် တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျက် ရှိသည်။

ဤသို့လျှင် ကလေးဝဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန် သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပစေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော "စွယ်စုံသာသနာပြု"အရှင်မြတ်တစ်ပါးဖြစ်တော်မူသည်။

## ဆရာတော်အစီခွာန်(၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်း ငါ့ကြောင့်
အေးစေသော်။ ။

## ဆရာတော်အစီခွာန်(၂)

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှား ငါကြိုက်၊ ငါမလိုက်တည့်
ငါကြိုက် ငါမျိုး၊ ငါ့တန်ခိုးဖြင့်
ငါ့မျိုး ငါ့ဆွေ၊ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ၊ ငါ့ခန္ဓာဖြင့်၊
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုး ငါဇာတ် မြတ်စေသော်။ ။

http://www.dhammadownload.com

# လယ်တီဝိပဿနာ
# နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာအားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၆-တာ ကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်, နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့ နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ပဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူယူ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံ ထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန် ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်ရန် စီစဉ်ရပါသည်။

## ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း, လဝန်း, ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါသည်။ သာသနာတော် တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုး

http://www.dhammadownload.com



နိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလ အမြစ် ကြီးပွားနိုင်ပါမည်၊ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာ မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

### အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား, ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ နာကြားခွင့်ရပါမှ တိုးပွားနိုင် ဖြစ်ပွားနိုင်သည်။

ဘုရား, ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ, ပြောသံကို မနာကြားရ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလို မရှင်သန် မကြီးထွားနိုင်ပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒ အမျိုးမျိုးတို့ကို ဆရာ အမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ် ကမ္ဘာ့လူသားတို့သည် ဆရာအမျိုးမျိုး ဘုရားအမျိုးမျိုးတို့၏မျက်နှာကို မော်ကြည့်နေရသော နာနာသတ္ထာရဥလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျက်နေရပေသည်။ အယူမှန်၊ အမြင်မှန်ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံ မှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ပင် အင်မတန် ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင် မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်း မပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြ ရသည်။

ဘုန်းကြီးတို့ရဲ့ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နားမျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး

http://www.dhammadownload.com

# နိဒါန်း

ပြန်ဆို၍ ဘာသာခြားတို့၏ နားမျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ အမွှမ်းတင်ဘာဝနာကို ယောအပ် ရေးသားအပ်ပါသည်။

မိလိန္ဒပဉ္ဇာလာ ယောဂီ၏ ဖော်ပြပါ ခုနစ်ဝဂ္ဂုဏ် နေမင်းပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင်ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသတည်း။

ယထာပိသူရိယော ဥဒယေန္တော၊
ရူပံ ဒဿေတိ ပါဏီနံ။
သုစိဥ္စ အသုစိ ဥ္စာပိ၊
ကလျာဏာဥ္စာပိ ပါပကံ။ ။
တထာဘိက္ခု ဓမ္မဓရော၊
အဝိဇ္ဇာ ပိဟိတံ ဇနံ။
ပထံ ဒဿေတိ ဝိဝိဓံ၊
အာဒိစ္စော ဥဒယံ တထာ။ ။

ယထာပိ သူရိယော ဥဒယေန္တာ မိန့်ဟောအလာ ဒေသနာ၏ နေ၏ပုံသွင် ပြည့်စုံလျှင်သား ယောဂီများသည်-

ရေများခြောက်သွေ့ ကိလေဌေ့ကို ခြောက်သွေ့ထွန်းပြောင် (၁)။
အမိုက်မှောင်ရှင်း ကိလေသင်းကို ပယ်ရှင်းတုံလတ် (၂)။
ချိန်မပြတ်လှည့် ယောနိသောနှလုံး (၃)။
ရောင်ပန်းကုံးသို့ ပန်းကုံးအာရုံ (၄)။

http://www.dhammadownload.com



ပထမဆုံးဟောရာဌာနကတော့ မန္တလေးမြို့ ကင်းဝန်မင်းကြီးရဲ့ အိမ်တော်မှာပါ။ အာနာပါနအားထုတ်ပုံ၊ အားထုတ်နည်းကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီဟောကြားတော်မူခဲ့တဲ့ စကားတော်တွေကို ခြုံပြီးတော့ စာအုပ်အဖြစ်နဲ့ အာနာပါနဒီပနီအဖြစ်သို့ ရောက်ရှိစေခဲ့ပါတယ်။ အခိုင်အမာပါပဲ။

ဒီနောက် လွန်ခဲ့တဲ့နှစ် (၆၀)ကျော်လောက်မှာတော့ အနာဂါမ်ဆရာသက်ကြီးလို ကျော်ကြားလတ့်၊ ဖြစ်လတ့်ဖြစ်တဲ့ ဦးဘိုးသက်ဒါယကာကြီးက တရားရှာထွက်ခဲ့တယ်။ တော်တော်နဲ့ ဆရာမတွေ့နိုင်ဘူး။ နောက်ဆုံးကျတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကို တွေ့ပြီးတော့ ဆရာတော်ဘုရားကြီး မိန့်ကြားသည့်အတိုင်း လိုက်နာပြီး အားထုတ်တဲ့အတွက် အနာဂါမ်လူသူတော်စင်ဆရာသက်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဆင်းသက်လာတဲ့နည်း။ ပင်မက ဗုဒ္ဓဘုရားထံကနေပြီးတော့ ရရှိလာတဲ့နည်း။

အဲဒီနည်းကိုပဲ ဘုရားရှင်ပေးသနားတော်မူတဲ့အတိုင်း၊ လယ်တီဆရာတော်ဘုရားကြီး ပေးသနားတော်မူတဲ့အတိုင်း၊

**ဘေး**

အဲဒီလိုအားထုတ်ကြတော့ ဘုန်းကြီးတို့နိုတိစကားတစ်ခု ရှိပါတယ်။

> **"အနာဂတံ ဘယံဒိသွာ၊**
> **ဒူရတော ပရိဝဇ္ဇယေ။**
> **အာဂတဉ္စ ဘယံဒိသွာ၊**
> **အဘီတော ဟောတိ ပဏ္ဍိတော။"**

ကြောင်းကျိုးမြင်သိ ပညာရှိဟာ လာရောက်လတ့်ဖြစ်တဲ့ဘေး၊ မလာရောက်သေးတဲ့ဘေးကိုမြင်ပြီးတော့ ခပ်ဝေးဝေး ခပ်လှမ်းလှမ်းက

http://www.dhammadownload.com



ရှောင်ရတယ်။

ရင်ဆိုင်တွေ့ကြုံလာတဲ့ ဘေးကိုတော့ မကြောက်မရွံ့ ရင်ဆိုင်ကြရမယ်။ ဒါဟာ ပညာရှိများရဲ့လမ်းစဉ်ပါပဲ။ မိမိတို့တတွေလည်း မလာရောက်သေးတဲ့ဘေး၊ မိမိဆီမှာ ရောက်မလာသေးတဲ့ဘေး မျှော်ပြီးတော့ အဲဒီဘေးတွေကလွတ်အောင် ဝေးဝေးက ရှောင်ကြဉ်ဖို့ နည်းလမ်းရှာကြရမယ်။

အကယ်၍များ ဒီဘေးတွေ မိမိနဲ့ရင်ဆိုင်တွေ့ပြီး ဆုံစည်းလာခဲ့လို့ရှိရင်တော့ မကြောက်မရွံ့ရင်ဆိုင်သွားကြရမှာပါ။

**စိန်ခေါ်မှုအမျိုးမျိုး**

ဒါကိုပဲ အခုခေတ်စကားနဲ့ပြောရင် ခရစ်နှစ် (၂၀၀၀)ဟာ ဒီ ခရစ်နှစ် (၂၀၀၀)ပြည့်နှစ်ဟာ (၂၁)ရာစုရဲ့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်နေတဲ့အချိန်လို့ ဆိုနေကြတယ်။ ဒါကတော့ ကမ္ဘာကြီးတစ်ခုလုံးနဲ့ ခြုံပြောတဲ့စကား၊ ဘုန်းကြီးတို့ တရားအားထုတ်နေကြတဲ့ ယောဂီများကျတော့ (၂၀)ရာစုမှာ လူရယ်လို့ဖြစ်ပေါ်လာတော့ (၂၁)ရာစုထဲမှာပဲ ဒီလူ့ဘဝနဲ့ဆုံစည်းကြရအုန်းမှာ။

(၂၀)ရာစု မိမိရဲ့ဖြစ်စဉ်၊ မိမိတို့ရဲ့အိမ်သူ, အိမ်သားတို့ရဲ့ဖြစ်စဉ်၊ မိမိရပ်ကွက်, မိမိမြို့နယ်၊ မိမိရဲ့တိုင်းခရိုင်, နိုင်ငံ၊ မိမိရဲ့လက်လှမ်းမှီသလောက် ကမ္ဘာ့ဖြစ်စဉ်ကြီးကို ပြန်ပြီးစဉ်းစားလိုက်တဲ့အခါကျတော့ အစာရေစာ ငတ်မွတ်ခေါင်းပါးလို့ သေကြေပျက်စီးကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ကြားခဲ့ကြပြီ၊ သိခဲ့ကြပြီ။

လက်နက်ဘေးအန္တရာယ် ထိခိုက်စူးရှပြီးတော့ သေကြေပျက်စီးကြပြီးတော့ သတ္ထန္တရကပ်ဆိုးကြီး ဖိစီးနှိပ်စက်လို့ သေကြေပျက်စီးကြတဲ့ ပုဂ္ဂိုလ်တွေဟာ သန်းပေါင်းများစွာရှိခဲ့တယ်။

ဘုန်းကြီးတို့ပဲ ကိုးရီးယားစစ်ပွဲ၊ ဗီယက်နာမ်စစ်ပွဲပြီးတော့ အီရန်၊ အီရတ်စစ်ပွဲ၊ ကိုဆိုဗိုစစ်ပွဲ ဒါတွေတွေ့လာတော့ လူပေါင်း၊ သန်းပေါင်း

http://www.dhammadownload.com



များစွာ၊ မမှီလိုက်တဲ့၊ ကောင်းကောင်းမမှတ်မိတဲ့ လူသိန်းချီပြီးသေတဲ့ ကိစ္စကတော့ ဟီရိုရှီးမားတို့မှာ အနုမြူဗုံးကျဲတဲ့စစ်ပွဲ။

အကုန်ခြုံလိုက်မယ်ဆိုရင် လက်နက်ဘေးအန္တရာယ်ထိခိုက်ပြီးတော့ သေကြေပျက်စီးတဲ့ (၂၀)ရာစုမှာ ကြုံခဲ့ရတာလဲ သန်းပေါင်းများစွာ ရှိခဲ့တယ်။ အနာရောဂါဖိစီးနှိပ်စက်သေကြေပျက်စီးရတဲ့ ရောဂန္တရကပ်ကြီးဟာလည်း ဆိုက်ခဲ့တယ်။

ဘုန်းကြီးတို့ငယ်ငယ်ကဆို ကမ္ဘာနာခေါ်တဲ့ ကျောက်ရောဂါတို့၊ ကာလဝမ်းရောဂါတို့ တစ်ချို့ရွာလုံးကျွတ်တယ်။ တစ်ချို့အိမ်လုံးကျွတ် သေကြတယ်။

ဒီနောက်ကျတော့ တီဘီရောဂါတို့၊ ဒီနောက်ကျတော့ ကင်ဆာရောဂါတို့၊ တီဘီရောဂါကမှ ဆေးလေးဘာလေး တွေ့သေးတယ်။ ဒီနောက်ကျတော့ ခုခံအားကျဆင်းတဲ့ရောဂါ။ ဒီရောဂါတွေဟာ ကမ္ဘာကြီးနဲ့တကွ အားလုံးမိမိတို့ လူတိုင်းလူတိုင်းကို ခြိမ်းခြောက်နေတယ်။ လူတိုင်းလူတိုင်းကိုလည်း စိန်ခေါ်နေတယ်။

မိမိတို့ရပ်ကွက်၊ မြို့ရွာ၊ တိုင်းခရိုင်၊ နိုင်ငံတွေမှာ ဒီရောဂန္တရကပ်ဆိုးကြီးဟာ စိန်ခေါ်လျက်ရှိတယ်။

## ကမ္ဘာ့ကြက်ခြေနီများပင် လက်လျှော့ရ

အခြားအခြား မီးဘေး၊ ရေဘေး၊ လေဘေးတို့ အစရှိတဲ့ ဘေးကြီးတွေကလည်း စိန်ခေါ်နေတယ်။

ဩော်- တစ်ခါတရံ အစွမ်းကောင်းတဲ့ပုဂ္ဂိုလ်တွေက မီးဘေးလည်း ထိုက်တန်သလောက် ကူညီနိုင်ကြတယ်။ ရေဘေး၊ လေဘေးလည်း ကူညီနိုင်ကြတယ်။ ပြည်ပျက်ဘေးစသည် ဆယ်ရေးတစ်ရေးကယ်နိုင်ပါသေးတယ်၊ ထိုက်တန်သလောက် ကူညီနိုင်တယ်။

မကူညီနိုင်တာကတော့ ဘာဘေးတွေလည်းဆိုတော့ အိုဘေးဆိုးကြီးကျတော့ ဘယ်လိုမှမတုန့်ပြန်နိုင်ဘူး။ မကူညီနိုင်ဘူး။ ဒီအတိုင်းပဲ

http://www.dhammadownload.com



လက်မှိုင်ချပြီးရင်ဆိုင်ကြရတယ်။

နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတွေ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး အကူအညီမပေးနိုင်ပဲ အရှုံးပေးဆလံသ ပြီးတော့ နေခဲ့ကြရတယ်။ ကမ္ဘာ့ကြက်ခြေနီကယ်ဆယ်ရေးများပင် လက်လျှော့ရတယ်။ ဒါ (၂၀)ရာစုက ဖြစ်စဉ်ပါ။

## အားလုံးအတူတူ

အဲဒီတော့ ကမ္ဘာကြီးတစ်ခုလုံးကို ခြုံပြီးတော့ကြည့်မယ်ဆိုရင် တူတဲ့အချက်တွေလည်း ရှိတယ်။ မတူတဲ့အချက်တွေလည်း ရှိတယ်။ တူတဲ့အချက်တွေကတော့ "**ပဋိသန္ဓေ၊ အို၊ နာ၊ သေဟု ကမ္ဘာကြေလည်း မသေမပျောက် လူလေးယောက်တို့ ဝင်ရောက်နှောက်မွှေ**"။

သေကြေကြ၊ ပျက်စီးကြ၊ ဘဝတစ်ခု ဖြစ်ပေါ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဒီလူလေးယောက်ကတော့ ကမ္ဘာတွေသာပျက်ပြီး တော့၊ ပျက်ပြီးတော့၊ ကမ္ဘာတွေသာ ကုန်ဆုံးသွားသော်လည်း ဒီလေး ယောက်ကတော့ ကုန်ဆုံးပြီး၊ သေပြီးပျောက်မသွားဘူး။

ကမ္ဘာကြီးတစ်ခုလုံးမှာ တူနေတာက အဲဒီဘေးကြီးတွေပဲ။ (၂၄)နာရီ တစ်ရက်၊ (၇)ရက်၊ (၁၂)လကို (၁)နှစ် သုံးစွဲပုံ၊ ယူဆပုံတွေဟာ ခေါ်ပုံသာလွဲသွားတယ်။ တူနေတယ်။

တနင်္ဂနွေ၊ တနင်္လာ၊ ဆန်းဒေး၊ မန်းဒေး စသည်ဖြင့် အခေါ် လွဲတယ်။ သုံးစွဲနေတာ အတူတူပဲ။ အဲဒီလို တူတာတွေထဲက အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုးကြီးတွေကို ရင်ဆိုင်တွေ့ကြုံနေကြရတာ အဆိုးတူပုံပါပဲ။ ဒါကမ္ဘာကြီးတစ်ခုလုံးရဲ့ တူပုံပါပဲ။

## လုံးချာလိုက်နေတယ်

ကမ္ဘာလုံးကြီး မြေပုံကိုကြည့်ပြီးတော့ အရှေ့ကနေ အနောက်၊ အနောက်ကနေ အရှေ့၊ တောင်ကနေမြောက်၊ မြောက်ကနေတောင်၊

http://www.dhammadownload.com



ဝင်ရိုးစွန်းတွေရောက်အောင် သွားသော်လည်းပဲ ဤကမ္ဘာလုံးကြီး အတွင်းမှာ ဒီဘေးဆိုးကြီးတွေရဲ့ အနှိပ်စက်ခံပြီးတော့၊ ဒီကမ္ဘာလုံးကြီး အတွင်းမှာပဲ လုံးချာလိုက်ပြီးတော့ သွားရင်း၊ လာရင်းနှင့် စဉ်းစားကြည့်တဲ့အခါ ဒီသဘောလေးပေါက်တယ်။ ကမ္ဘာကြီးအပြင်ဖက် မထွက်နိုင်ဘူး။

ကမ္ဘာကြီးအပြင် မထွက်နိုင်တဲ့အခါကျတော့ ဤစကြဝဠာ သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်စကြဝဠာတစ်ခုလုံးရဲ့ အတွင်းက မထွက်နိုင်တော့ ဒီစကြဝဠာတစ်ခုကို လောကလို့ ဒီလိုခေါ်ကြပါစို့။ လောကအသေးစားလေးပေါ့။

အဲလိုစကြဝဠာတစ်ခုအတွင်းမှာ နေကြတဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်းဟာ အို၊ နာ၊ သေဘေး၊ ဒီဘေးကြီးတွေကို မလွန်ဆန်နိုင်ကြဘူး။ အခြားစကြဝဠာတွေမှာလဲ ဒီအတိုင်းပါပဲ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒီကမ္ဘာလုံးကြီးအတွင်းမှာ လုံးချာလိုက်ပြီးတော့ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်အရပ်ဒေသ၊ ဘယ်တိုင်းခရိုင်၊ နိုင်ငံမှ သင်္ချိုင်းမရှိတဲ့မြို့၊ သင်္ချိုင်းမရှိတဲ့နိုင်ငံ၊ သင်္ချိုင်းမရှိတဲ့ရွာ မတွေ့ရဘူး။

တစ်ခါတရံကျတော့ သင်္ချိုင်းအုတ်ဂူစာရင်းက လူနေစာရင်းထက်များတာကို ထူးထူးခြားခြား တွေ့ရတယ်။

အမေရိကန်နိုင်ငံ မြို့တစ်မြို့မှာ သင်္ချိုင်းအုတ်ဂူက တစ်သိန်းလောက်ရှိတယ်။ လူနေက တစ်သောင်းလောက်ပဲရှိတယ်။ ဟ-ဘယ်လိုလဲ ဆန်းလှချည်လား။ လူနေက တစ်သောင်းလောက်ရှိတယ်။ သင်္ချိုင်းအုတ်ဂူက တစ်သိန်းကျော်၊ သင်္ချိုင်းက လူနေတာထက် ကိုးဆလောက်များနေတယ်။ အဲဒီလိုပါပဲလေ သင်္ချိုင်းမရှိတဲ့နေရာမရှိဘူး။ ဒီကနေ မန္တလေး သွား- ပဲခူးကျတော့လဲ သင်္ချိုင်း၊ တောင်ငူရောက်တော့လဲ မြို့မဝင်ခင် သင်္ချိုင်းတွေ တွေ့ကြလို့၊ ပြီးတော့ ဒီကမ္ဘာလုံးကြီးအတွင်းမှာ မြေပြင်၊ ရေပြင်၊ လေပြင်အတွင်းမှာ ကြည့်လိုက်တဲ့အခါကျတော့ -

http://www.dhammadownload.com



ဘယ်တိုက်သားတွေပဲဖြစ်ဖြစ်ဘယ်နိုင်ငံသားတွေဘဲဖြစ်ဖြစ် ဒီပဋိသန္ဓေ အိုနာသေဘေးနဲ့ လုံးချာလိုက်နေကြတယ်။ ထွက်ပေါက် မတွေ့ကြဘူး။

ဘာ့ကြောင့် လုံးချာလိုက်နေကြတာလဲဆိုတော့ ဒီလောက ကြီးထဲက မထွက်နိုင်ကြဘူး။ ထွက်ပေါက်ရှာမတွေ့ကြဘူး။

ကမ္ဘာပညာရှင်တွေအားလုံးဟာ ယာဉ်ရထားတွေ အမျိုးမျိုးလုပ် နိုင်ကြတယ်၊ ဒီကနေထွက်မသွားနိုင်ဘူး။ မထွက်နိုင်လို့ရှိရင်ဖြင့်-

**"ဂမနေန န ပတ္တဗ္ဗော၊**
**လောကဿန္တော ကုဒါစနံ။**
**နစ အပတွာ လောကန္တံ၊**
**ဒုက္ခာ အတ္ထိ ပမောစနံ။"**

လောကဿန္တော- လောက၏အဆုံးဖြစ်သော နိဗ္ဗာန်ကို၊ ဂမနေန- သွားခြင်းဖြင့်၊ ကုဒါစနံ- တရံတဆစ်မျှ၊ နပတ္တဗ္ဗော- မရောက်နိုင်။

- ဒီလောက ဒီကမ္ဘာထဲမှာ နေလို့ရှိရင်တော့ဖြင့် ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ လူလေးယောက်ရဲ့ ညှင်းဆဲနှိပ်စက်မှုက မလွတ်ဘူး။ သူတို့လက်အောက်ကမလွတ်ဘူး။
- အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်မှာ မြေကွက်ဂရံ အမိန့်ခံပြီးတော့ ငါးပင်တိုင်ခန္ဓာအိမ်၊ လေး ပင်တိုင်ခန္ဓာအိမ်၊ တစ်ပင်တိုင်ခန္ဓာအိမ်၊ အိမ်သုံးလုံးကို အကြိမ်ကြိမ်ဆောက်ပြီးတော့၊
- အိုမင်းကြီးလာလဲ ခေါင်းငုံ့ခံရ၊ နာမင်းကြီးလာလဲ ခေါင်း ငုံ့ခံရ၊ သေမင်းကြီးလာလဲ ခေါင်းငုံ့ခံရ။ အဲဒီလို ခံနေကြရ အုန်းမှာပဲ။

အဲဒီတော့ ဒီဝင်ရိုးစွန်းတွေကနေ ဟိုဘက်ရောက်ပြန်တော့လဲ စကြဝဠာတွေ၊ စကြဝဠာတွေ မြတ်စွာဘုရားက အနန္တမြင်တော်မူတယ်။

http://www.dhammadownload.com



အဲဒီတော့ အခုစွမ်းအင်ရှိကြတဲ့ လူသားတွေ ဒီစကြဝဠာကိုပဲ တွေ့နိုင်တယ်။ ဟိုဘက်စကြဝဠာကို မတွေ့နိုင်ဘူး။ မြတ်စွာဘုရားကတော့ အနန္တစကြဝဠာကို မြင်သိတော်မူတယ်။

အဲဒီအနန္တစကြဝဠာတွေအတွင်းမှာလဲ ဒီပဋိသန္ဓေ၊ အို၊ နာ၊ သေခေါ်တဲ့ ကမ္ဘာကြေလည်း မသေမပျောက် လူလေးယောက်တို့ရဲ့ အနှိပ်အစက်ကို ခံနေကြရအုန်းမှာပါပဲ။

ဒါဖြင့် ဒီစကြဝဠာလောကကြီးများမှ ထွက်ပေါက်မရမချင်း ဒီအတိုင်းပဲဆိုတော့ အဲဒီထွက်ပေါက်ကို တွေ့ရှိဖို့လိုတယ်။ လောကရဲ့ အဆုံး၊ လောကဆိုတာ ဖြစ်တတ် ပျက်တတ်လို့ လောက၊ အဲဒီလောကရဲ့အဆုံးဟာ နိဗ္ဗာန်ပါပဲ။

**နစ အပတွာ လောကန္တံ**

**ဒုက္ခာ အတ္ထိပမောစနံ။**

လောက၏အဆုံးမရောက်ပဲနဲ့ ဆင်းရဲကင်းတယ်ဆိုတာ မရှိပါဘူး။ လောက၏အဆုံးဖြစ်တဲ့ နိဗ္ဗာန်မရောက်ပဲနဲ့ ဒုက္ခကင်းတာ မရှိဘူး။ အဲဒီ ထွက်ပေါက်ရှာတွေ့ဖို့ရာ ခက်တယ်။

## အကြီးဆုံးစိန်ခေါ်မှု

အဲဒီတော့ (၂၀)ရာစုဖြစ်စဉ်လေးတွေ ပြန်ကြည့်လိုက်တဲ့ အခါကျတော့ ဘေးဆိုး၊ ကပ်ဆိုးကြီးတွေ၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ ဘေးဆိုး၊ ကပ်ဆိုးကြီးတွေ၊ အဲဒါတွေနဲ့ ရင်ဆိုင်တွေ့ကြုံလာတော့ (၂၁)ရာစုရဲ့ အကြီးဆုံးစိန်ခေါ်မှုဆိုတာလည်း ဒီဘေးဆိုး၊ ကပ်ဆိုးကြီးတွေပါပဲ။ ဆက်ပြီးတော့ စိန်ခေါ်နေမှာပါပဲ။

တစ်နည်းအားဖြင့် မိမိတို့ (၂၀)ရာစုက လူတွေ၊ လူသားတွေ တစ်ချို့နှစ်(၄၀)နေခဲ့ကြပြီး၊ တစ်ချို့နှစ် (၅၀)၊ (၆၀)၊ (၇၀)နေခဲ့ကြပြီ။

http://www.dhammadownload.com



## လောကသည်ဆရာ

(၂၀)ရာစုကဖြစ်စဉ်ကို ပြန်စဉ်းစားကြည့်ရအောင် မိမိရဲ့ပတ်ဝန်းကျင် စဉ်းစားကြရအောင်။ (၂၀)ရာစုသည် မိမိတို့ရဲ့ဆရာပါပဲ။ ဒါကြောင့်-

**လောကော သတ္တာနမာစေရော၊**

**အတ္ထာ နတ္ထ ပဒဿကော။**

လောကော- လောကကြီးသည်၊ သတ္တာနံ- တို့သူများစွာ သတ္တဝါတို့၏၊ အတ္ထာ နတ္ထ ပဒဿကော- အကျိုးရှိသည်၊ မရှိသည်ကို ပြတတ်သည်ဖြစ်၍၊ အာစေရော- ဆရာဖြစ်ပါပေ၏။

လောကသည် အကျိုးရှိသည်၊ မရှိသည်ကို ပြတတ်သော ဆရာတဲ့။ လောကကြီးဟာ ဆရာပဲ။

သို့သော် လောကဆရာက ပြောနေတာကို သာမန်အားဖြင့် မသိနိုင်ဘူး။ အဲဒီလောကကြီးက ပြောနေတာကို လောကဝိဒူဂုဏ်တော်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံကိုလည်း သိတယ်။ သုံးဆယ့်တစ်ဘုံသားကိုလည်း မြင်တယ်။ သုံးဆယ့်တစ်ဘုံသားတို့ သန္တာန်မှာရှိနေကြတဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား ဖြစ်ပျက်ပွားဆုတ်၊ မြတ်ယုတ်၊ ဆိုးကောင်း၊ အကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းတော်မူနိုင်တဲ့ အတွက်ကြောင့် မြတ်စွာဘုရားသည် လောကဝိဒူ ဖြစ်တော်မူတယ်။ လောကကို မြင်တော်မူတယ်။

ဘုန်းကြီးတို့က သုံးဆယ့်တစ်ဘုံထဲက နှစ်ဘုံပဲမြင်တယ်။ မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံလုံး မြင်တယ်။

ဘုန်းကြီးတို့က လူဘုံနဲ့ တိရစ္ဆာန်ဘုံ (၂)ဘုံသားတွေသာ မြင်တယ်။ ကျန်ဘုံသားတွေ မမြင်ဘူး။ သုံးဆယ့်တစ်ဘုံသားတွေ ကျပြန်တော့ (၂)ဘုံ သာပဲ ကောင်းကောင်းမြင်တယ်။ မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံရှိ သုံးဆယ့်တစ်ဘုံသားတို့ရဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထားကို မြင်တော်မူတယ်။

http://www.dhammadownload.com



**ထွက်ပေါက်ရမှာပါပဲ**

"အခုတရားအားထုတ်ကြတာဟာ သုံးဆယ့်တစ်ဘုံရှိ သုံးဆယ့်တစ်ဘုံသားတို့နှင့်တကွ မိမိတို့သန္တာန်မှာရှိကြတဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထားများကို သိအောင် မြင်အောင် အားထုတ်တာပါပဲ။

ဒီလိုမြင်အောင် အားထုတ်တဲ့နည်းကို ကြိုးစားခွင့်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလောကကြီးက ထွက်ပေါက်ရမှာပါပဲ။"

အဲဒီလောကထွက်ပေါက်ကို မြတ်စွာဘုရားက မြင်အောင်ပြခဲ့တယ်။ ယခုကမ္ဘာမှာ ခရီးသွားသလို၊ မြန်မာမှာ ခရီးသွားသလို မိမိတို့မရောက်ဖူးတဲ့ အရပ်ဒေသဆိုတော့ "မြေပုံကြီးကြည့်ပြီးတော့ သွားကြရတာ။"

သူတို့သွားတာက ဘာလဲဆိုတော့ ကမ္ဘာလုံးကြီးအတွင်းမှာပဲ လုံးချာလိုက်ပြီး သွားနိုင်ပါတယ်။

မြတ်စွာဘုရားပေးတော်မူတဲ့ မြေပုံကတော့ (၈)မျိုးရှိတယ်။ နိဗ္ဗာန်သွားဖို့လမ်းတွေ၊ နိဗ္ဗာန်သွားဖို့လမ်းဆိုတော့ လောကရဲ့အဆုံးဟာ ဘယ်လောက်ဝေးသလဲ။ တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းကနေ ဘယ်လောက်ဝေးသလဲဆိုတော့

**နိဗ္ဗာန်ရွှေပြည် ဤကသည်၊ မည်မျှတာပေါင်း ဝေးသနည်း။**

နိဗ္ဗာန်ဟာ ဘယ်လောက်ဝေးသလဲ။ ဒီနေရာကနေပြီးတော့ အဲဒီရောက်ရင်တော့ မအိုတော့ဘူး။ မနာတော့ဘူး။ မသေတော့ဘူးတဲ့။ စိုးရိမ်ပူဆွေး စိတ်မအေးစရာတွေလည်း မရှိတော့ဘူး။ အဲဒါ ဘယ်လောက်ဝေးသလဲဆိုတော့ "အဖြေက မဝေးဘူးတဲ့။"

ဤတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်မှာ သညာရှိတယ်၊ စိတ်ရှိတယ်။ ဤတစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်အတွင်းမှာပဲ လောကရှိတယ်။ လောကဖြစ်ကြောင်း ရှိတယ်။ လောက၏ချုပ်ငြိမ်းတာရှိတယ်။ လောကချုပ်ငြိမ်းရာသို့ ရောက်ကြောင်းရှိတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် လောကဆိုတာ ဒုက္ခရဲ့ကိုယ်စားလှယ်ပါပဲ။ လောကနဲ့ဒုက္ခ အတူတူပဲ။ လောကထဲမှာ နေရတာဆိုတာ ဒုက္ခထဲမှာ နေရတာပါပဲ။

အဲဒီတော့ လောကကိုသိအောင်လုပ်ရမယ်။ အဲဒါကို မြတ်စွာဘုရားက- **"လောကသည် ဒုက္ခအမှန်"**။ လောကဖြစ်စဉ်အားလုံးသည်၊ (၂၀)ရာစုရဲ့ ဖြစ်စဉ်အားလုံးသည် ဒုက္ခသစ္စာ။

မိမိရဲ့ (၂၀)ရာစုမှာ လူရယ်လို့ဖြစ်ပြီးလာတော့ ဖြစ်သမျှ၊ ပြုသမျှ (၂၀)ရာစုက မိမိရဲ့ဖြစ်စဉ်သည် ဒုက္ခသစ္စာ။

## နိဗ္ဗာန်မြေပုံ

ယနေ့ မိမိရဲ့ဖြစ်စဉ်ကို သိအောင်လုပ်မယ်ဆိုရင် **"တရားပျောက် ကိုယ်မှာရှာ"**။ **"တရားရှာ ကိုယ်မှာတွေ့"** လို့ ဆိုတဲ့အတိုင်း မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့ မြေပုံကိုကြည့်ပြီးတော့ မြတ်စွာဘုရား ပြတဲ့ နိဗ္ဗာန်မြေပုံက လမ်းကြော (၈)မျိုးပဲ။

အချို့ အချို့နိုင်ငံတွေမှာ မြေပုံတွေနဲ့ ခရီးသွားရတာ လမ်းတွေရှုပ်နေတာပဲ။ ကြည့်ဖို့ခက်တယ်။ "မြေပုံ"တစ်ထုတ်ကြီးနဲ့ သွားကြရတာ။ မြေပုံ တစ်ထုတ်ကြီးပဲ။ ကားဆရာတွေဆီမှာ မြေပုံကြီးတွေ တစ်နယ်ကတစ်နယ် ကူးတော့မယ်ဆိုရင် မြေပုံကြီးတွေနဲ့။

ဘုန်းကြီးတို့မှာလည်း နိဗ္ဗာန်မြေပုံကရှိတာကို။ ပိဋကတ်သုံးပုံ တည်းဟူသော မြေပုံ၊ အဲဒီပိဋကတ်သုံးပုံကို ချုံ့လိုက်တော့ မဂ္ဂင်ပါ။ လမ်းသွယ် (၈)မျိုးဆိုတဲ့ မြေပုံရနေကြပြီ။ ထွက်ပေါက်တွေ့နေပြီ။

ဒီလမ်းသွယ် (၈)သွယ်က သွားမယ်ဆိုရင် အခြားယာဉ်တွေ၊ ရထားတွေ၊ ကောင်းကင်ယာဉ်တွေ၊ ရေယာဉ်တွေ၊ မြေပြင်ဘယ်ယာဉ်နဲ့မှ မသွားနိုင်တဲ့ လောကရဲ့အဆုံး နိဗ္ဗာန်ချမ်းသာ ရောက်ကြရမှာပါပဲ။

လောက၏အဆုံးနိဗ္ဗာန်ချမ်းသာ ရောက်ကြမှသာလျှင် လုံးခြာမလိုက်ပဲ သက်သာမှာပါ။ ဇာတ်စကားထဲမှာ "ဘယ့်နှယ်လဲ အဆင်ပြေရဲ့

http://www.dhammadownload.com



လားဟေ့" မေးရင်၊ အဆင်မပြေပါဘူးကွာ။ လုံးချာလိုက်လို့ ဆိုသလိုပါပဲ။

ပဋိသန္ဓေ၊ အို၊ နာ၊ သေဆိုတဲ့ ဝဋ်ဒုက္ခဘေးအန္တရာယ်တွေနဲ့၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဆိုတဲ့ တရားတွေနဲ့ လုံးချာလိုက်နေရာကနေပြီး မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့ မြေပုံအတိုင်း **"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့"**။ လမ်းသွယ်ကြီး (၈)မျိုးနဲ့ သွားမယ်ဆိုရင် နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းရေး၊ ဘဝငြိမ်းချမ်းရေးမြို့တော်ကြီးကို ရနိုင်၊ ရောက်နိုင်ပါတယ်။

ဒါကြောင့် လောက၏အဆုံးရောက်နိုင်ခြင်းအကြောင်း ကောင်းမြတ်တဲ့ လွန်ခဲ့တဲ့ (၂၅၈၈)နှစ် ဗုဒ္ဓဘုရားညွှန်ပြတဲ့နည်း။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၉၀)ကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးအိမ်မှာ ဟောကြားတော်မူခဲ့တဲ့နည်း။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀)ကျော်က အနာဂါမ်ဆရာသက်ကြီးအား မိန့်ကြားခဲ့တဲ့နည်း။

## မြတ်သောယာဉ်

အကျဉ်းချုပ်ပြောတော့ မဂ္ဂင် (၈)ပါးခေါ်တဲ့ ဗြဟ္မယာန-မြတ်သောယာဉ်ကြီးဖြင့် မိမိရဲ့ခန္ဓာကိုယ်မှာ **"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့"**ဆိုတဲ့အတိုင်း ရှာဖွေပြီးတော့ ဗြဟ္မယာနခေါ်တဲ့ မြတ်သောယာဉ်ကြီးကို စီးပြီးတော့ သွားမယ်ဆိုလို့ရှိရင် မြတ်စွာဘုရား ပေးတဲ့ မြေပုံအတိုင်း လိုက်သွားမယ်ဆိုရင် အမြဲကြုံရ ဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်ပါတယ်။

**ဧတ ဒတ္တနိသမ္ဘူတံ၊**
**ဗြဟ္မယာနံ အနုတ္တရံ။**
**နိယျန္တိ ဓီရာလောကမှာ၊**
**အညဒတ္ထု ဇယံ ဇယံ။**

http://www.dhammadownload.com



ယေသံ မီရာန်- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် အကြင်ပညာရှင်တို့အား၊ အနုတ္တရံ- ထွဋ်မှာဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊ အတ္တနိသမ္ဘူတံ- ကိုယ်စွမ်းလုံးလ အသုံးချသဖြင့် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဧတံ ပြဟ္မယာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ထိုမြတ်ရထားကြီးသည်၊ အတ္တိ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားပုံသေ ရှိပါပေ၏။ တေဓီရာ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် ထို ပညာရှင်တို့သည်၊ အညဒတ္ထု- စင်စစ်ကေန် အမှန်ပင်လျှင်၊ ဇယံ ဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက် သာလျှင်၊ လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောက တွင်းမှ- နိယျန္တိ- ကြည်လင်အေးမြ သက်သာရာရလျှက် ထွက်မြောက် နိုင်ကြပါပေကုန်၏။ ဧဝမေဝ- ဤအတူသာလျှင်၊ တုမှေပိ- (၁၆)ကြိမ် မြောက် လယ်တီဝိပဿနာ တရားစခန်း၌ တရားအားထုတ်ကြကုန်သော ယောဂီသူတော်စင်အပေါင်းတို့သည်လည်း၊ ဇယံ ဇယံ- ကိလေသာစုံ ရန်သူပုန် ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်၊ ဧတေန ပြဟ္မယာနေန- မြတ်စွာဘုရား ညွှန်ပြတော်မူအပ်သော မဂ္ဂင် (၈)တန် လမ်းမှန်ခရီး မြေပုံဒါရရှင်ကြီးဖြင့်၊ လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တု- ကြည်လင်အေးမြ သက်သာရာရလျှက် ထွက်မြောက်နိုင်ကြ လွတ်မြောက်နိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၁)ရက်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ လယ်တီမူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပအပ်သော (၁၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။

## ကမ္ဘာနှင့်ကပ်

ဒီတရားစခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ မိမိတို့အားထုတ်နေတဲ့ တရားသည် အင်မတန်အင်အားကောင်းတဲ့ တရားတော် ဖြစ်တယ်။

ယုံကြည်ယင်းစွဲ ရှိကြတဲ့အတိုင်း ယုံကြည်သည်ထက် ယုံကြည်ရလေအောင် ပိုပြီးတော့အားထုတ်လိုစိတ်တွေ ဖြစ်ရအောင် ပြောကြားရတယ်။

(၁၆)ကြိမ်မြောက် တရား စခန်းဖွင့်ပွဲပြီးခဲ့တာ မနေ့ကပဲ ပြောပါတော့။

ကမ္ဘာကြီးတစ်ခုလုံးဟာ စစ်ပွဲတွေမပြတ်မလပ်ဖြစ်လို့ သတ္တန္တရကပ်ဘေးကြီး၊ ကပ်ကြီးတွေ ဆိုက်ခဲ့ကြရတယ်။ လောဘဇောတိုက်လို့ ဒုဗ္ဘိက္ခန္တရကပ်ကြီးတွေ ဆိုက်ကြရ၊ ဒေါသဇောတိုက်လို့ သတ္တန္တရကပ်ကြီးတွေ တွေ့ကြရ၊ မောဟဇောတိုက်လို့ ရောဂန္တရကပ်ကြီးတွေ ဆုံကြရတယ်။ ဒီကပ်ကြီးတွေကလည်း အင်မတန်ကြောက်စရာကောင်းလွန်းလို့ ဘုန်းကြီးတို့ရဲ့ အမိအဖ၊ အဘိုးအဘွားများ၊ ဆရာသမားများလက်ထက်ကတည်းက ဆုတောင်းတာထဲ ပါတယ်။

အပါယ်လေးပါး၊ ကပ်သုံးပါး ဆိုပြီးတော့ လွတ်လိုတဲ့ အချက်အလက်တွေ အပါယ်လေးပါးကလည်း လွတ်ချင်တယ်။ ကပ်သုံးပါးကလည်း လွတ်လိုတယ်။ ရပ်ပြစ်ရှစ်ပါးကလည်း လွတ်ချင်တယ်။ ဝိပတ္တိတရားလေးပါးကလည်း လွတ်ချင်တယ်။ ဗျသနတရားငါးပါးကလည်း

http://www.dhammadownload.com



လွတ်လိုတယ်။ အဲဒါတွေလွတ်ကင်းပြီးမှ ရချင်တာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်။ ဒါရချင်တာ။

အဲဒီတော့ လွတ်လိုတဲ့ဌာနတွေက အပါယ်လေးပါး၊ ကပ်သုံးပါး၊ ယခုလက်ရှိဘဝမှာ အပါယ်လေးပါးက လွတ်နေကြပြီ။ ဆုတောင်းပြည့်ကြပြီ။

ကပ်သုံးပါးကလည်း ယခုမိမိတို့လွတ်တယ်။ အဲဒီကပ်သုံးပါးဆိုတာဟာ ပျက်စီးခြင်းသုံးမျိုးကို ပြောတာပါ။ ဒီပျက်စီးခြင်းသုံးမျိုးဟာ သာမန်အားဖြင့် အများသိနေတာက၊ ကမ္ဘာလူထုကြီးသိနေတာက ငတ်မွတ်ခေါင်းပါး အစာရှားလို့ သေကျေပျက်စီးတယ်။ လက်နက်ဘေးအန္တရာယ် ထိခိုက်စူးရှ၍သေကျေပျက်စီးတယ်။ ရောဂါနှိပ်စက်၍ ပျက်စီးတယ်။

အဲဒီလို ငတ်မွတ်ခေါင်းပါး အစာရှားလို့ ပျက်စီးခြင်းရဲ့ အခြေခံအကြောင်းရင်းက ဘာလဲ။ လက်နက်ဘေးအန္တရာယ်တွေ ထုတ်လုပ်ခြင်း၊ ပစ်ခတ်ခြင်း အကြောင်းက ဘာလဲ။ အနာရောဂါဖိစီး နှိပ်စက်ခြင်းရဲ့ အခြေခံအကြောင်းက ဘာလဲလို့ စိစစ်တဲ့ပုဂ္ဂိုလ်က ရှားပါတယ်။ ကမ္ဘာ့ပညာရှင်တွေလည်း ဒီအချက်ကို မစိစစ်နိုင်ကြပါဘူး။ ကျူးကျော်စစ်ဆိုပြီး ကျူးကျော်လို့စစ်ဖြစ်တာလို့ ဒီလိုပဲသိနေကြတယ်။

## ခြင်္သေ့မင်းတို့လို

"သီဟသမာန ဝုတ္တိနော တထာဂတာ။"

တထာဂတာ- ဘုရားရှင်တို့သည်၊ သီဟသမာန ဝုတ္တိနော- ခြင်္သေ့မင်းကြီးများရဲ့ ကျင့်ထုံးအတိုင်း ကျင့်တော်မူကြတယ်။ ဘုရားရှင်တို့ကတော့ ခြင်္သေ့မင်းကြီးတို့ရဲ့ ကျင့်ထုံးအတိုင်း-

ခြင်္သေ့မင်းကြီးများ ဘယ်လိုကျင့်သလဲဆိုတော့ ခြင်္သေ့မင်းကြီးကို အဝေးကလှမ်းပြီးတော့ လက်နက်တစ်ခုခုနဲ့ ပစ်ခတ်လိုက်တယ်ဆိုရင် ခြင်္သေ့မင်းကြီးတို့ဟာ အဲဒီပစ်ခတ်တဲ့လူဆီ ပြေးပြီးဖမ်းပြီးတော့ အုပ်လိုက်တယ်။

http://www.dhammadownload.com



လက်နက်သွားရာ၊ ကျည်ဆံသွားရာဆီ မလိုက်ဘူး။ အရင်းခံကျတဲ့ လူကိုပဲရှာဖွေပြီးတော့ ခြသေ့်ကြီးများ မီးခိုးလျှောက်ဖမ်းအုပ်ကြသလို ဘုရားရှင်တို့ဟာလဲ အကြောင်းရင်းရှာပြီးတော့ မူလအရင်းအမြစ်ကို ရှာတော်မူ ကြတယ်။ ရှာပြီးဟောတဲ့အတွက်ကြောင့် ကမ္ဘာ့လူထုကြီးဟာ ဘယ်လောက်ပဲ လူတွေများများ၊ လူမျိုးတွေဘယ်လောက်များများ နေ့စဉ် နေ့စဉ်ဟာ ကိုယ်နဲ့ပြုတဲ့အမှု၊ နှုတ်နဲ့ပြောတဲ့စကား၊ စိတ်နဲ့ကြံတဲ့အကြံ၊ ဒီကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်၊ ဒီသုံးမျိုးနဲ့ ကြံပြောပြုခြင်းမှတစ်ပါး အခြားဘာနဲ့မှ မကြံ မပြောမပြုနိုင်ကြဘူး။

ကိုယ်နဲ့ပြုတဲ့အမှုတွေရှိတယ်။ နှုတ်နဲ့ပြောတဲ့စကားတွေရှိတယ်။ စိတ်နဲ့ကြံတဲ့အကြံတွေရှိတယ်။

မြတ်စွာဘုရားက အဲဒီသုံးမျိုးမှတစ်ပါး လုပ်ငန်းတွေ၊ ဒီသုံးမျိုးကပိုလို့ ကမ္ဘာ့လူထုကြီးဟာ ပိုပြီးတော့ မလုပ်နိုင်ပါဘူး။ အဲဒီသုံးမျိုးထဲက ကောင်းတာ၊ မကောင်းတာ ဖြာထွက်လာတယ်။။ ကောင်းတာကို သုစရိုက်၊ မကောင်းတာကို ဒုစရိုက်။

ကာယနဲ့ပေါင်းလိုက်တော့ ကာယဒုစရိုက်၊ ကာယသုစရိုက်။ ဝစီနဲ့ပေါင်းတော့ ဝစီဒုစရိုက်၊ ဝစီသုစရိုက်။ မနောနဲ့ပေါင်းတော့ မနောဒုစရိုက်၊ မနောသုစရိုက်။

- ကိုယ်နဲ့မကောင်းသဖြင့်ပြုခြင်း၊ ကိုယ်နဲ့ကောင်းကောင်းမွန်မွန်ပြုခြင်း၊
- နှုတ်နဲ့မကောင်းသဖြင့်ပြောခြင်း၊ နှုတ်နဲ့ကောင်းကောင်းမွန်မွန်ပြောခြင်း၊
- စိတ်နဲ့မကောင်းသဖြင့် ကြံစည်ခြင်း၊ စိတ်နဲ့ကောင်းကောင်းမွန်မွန်ကြံခြင်း၊

အဲဒီကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ကောင်း၊ မကောင်း နှစ်မျိုးနဲ့မြှောက်ပွားတော့ ခြောက်မျိုးပေါ့။ ကောင်းတဲ့ဘက်မှာ သုံးမျိုး၊ မကောင်းတဲ့ဘက်မှာ သုံးမျိုး။

http://www.dhammadownload.com



ကောင်းတဲ့ဘက်သုံးမျိုးကို ပေါင်းပြီးခေါ်တော့ ကုသိုလ်၊ မကောင်းတဲ့ဘက်ကျတော့ အကုသိုလ်။ ဒါဖြင့် ကိုယ်နှုတ်နှလုံး သုံးပါး ကနေပြီးတော့ ဖြီဖြန့်ပြီးကြည့်လိုက်ပြန်တော့ ခြောက်မျိုး။ တစ်နည်း အားဖြင့် ဆယ်မျိုးစီ။ ကောင်းတဲ့ဘက်မှာ ဆယ်မျိုး၊ မကောင်းတဲ့ဘက်မှာ ဆယ်မျိုး။

မကောင်းတဲ့ဘက်က ဆယ်မျိုးကို ရှောင်လိုက်ရင် ကောင်းတဲ့ ဘက် ရောက်သွားတယ်။ မကောင်းတာဆယ်မျိုးကို မြှောက်ပွားလိုက်ရင် လေးဆယ်ဖြစ်ပြီးတော့ သွားတယ်။ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ် သုံးမျိုးကနေပြီးတော့ ဖြာပြီးတော့ ထွက်လာတာ။

"သက်သတ်ခိုးမှု၊ ကာမေသု သုံးခုကာယကံ"။

ကိုယ်နဲ့ပြုတဲ့ မကောင်းတဲ့ဒုစရိုက်သုံးမျိုးက ဘာလဲဆိုတော့ -

- သူတစ်ပါးအသက်ကိုသတ်ခြင်း၊
- သူတစ်ပါးဥစ္စာခိုးခြင်း၊
- သူတစ်ပါးတို့ပိုင်တဲ့ အာရုံဝတ္ထုများကို ကျူးကျော်စော်ကားခြင်း၊

(၃)မျိုး။

အဲဒါကိုယ်နဲ့ပြုတဲ့ မကောင်းတဲ့ ဒုစရိုက် (၃)မျိုး။ စဉ်းစားကြည့် ရအောင်-

သတ္တဝါတွေ သူတစ်ပါးအသက် သတ်ဖြတ်များတယ်၊ သူတစ်ပါး ဥစ္စာ ခိုးမှုများတယ်။ သူတစ်ပါးပိုင်တဲ့ အာရုံဝတ္ထုတွေကို ကျူးကျော် စော်ကားမှုများတယ်။

အဲဒါ ကမ္ဘာ့လူထုကြီးအတွင်းမှာ ကြည့်လိုက်တဲ့အခါ သူတစ်ပါး အသက်ကို သတ်ဖြတ်နေတာတွေကလည်း ဒုနဲ့ဒေး၊ သူတစ်ပါးဥစ္စာကို မတရားယူတာ၊ ခိုးတာဝှက်တာတို့ ဆိုတာတွေကလည်း သိပ်ပြီးတော့ များပြား၊ သူတစ်ပါးပိုင်သတဲ့ အာရုံဝတ္ထုတွေကို ကျူးကျော်စော်ကားနေ တဲ့ ပုဂ္ဂိုလ်တွေကလည်း များပြားတယ်။

http://www.dhammadownload.com



ဒီအချိန်ဟာ ကာယာဒုစရိုက် (၃)မျိုး ကမ္ဘာ့လူထုအတွင်းမှာ အင်မတန်များပြားနေတဲ့အချိန် ဖြစ်ပါတယ်။

(၂၀)ရာစုပြန်ကြည့်ရင် ပါဏာတိပါတ- သူတစ်ပါးအသက်ကို သတ်တဲ့နေရာမှာ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း သတ်တာတောင် မဟုတ်။ အစုလိုက် အပြုံလိုက်၊ မြို့လိုက်၊ ရွာလိုက်၊ ဆွေလိုက်၊ မျိုးလိုက် ဒီလိုသေကြေပျက်စီးကြတယ်။

သေကြေပျက်စီးကြောင်းဖြစ်တဲ့ သတ်ဖို့ဖြတ်ဖို့ လက်နက်တွေကလည်း ဆန်းမှဆန်း။ ဒါပဲကြိုးစားပြီး လုပ်နေကြတာကိုး။

အဲဒီတော့ သူတစ်ပါးအသက် သတ်ဖြတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူတစ်ပါးပိုင်သတဲ့ အာရုံဝတ္ထုတွေကို ကျူးကျော်စော်ကားမှု၊ ဒီသုံးမျိုးကိုယ်နဲ့ကမ္ဘာ့လူထုကြီးပြုနေသမျှ ကာလပတ်လုံး ဘယ်ငြိမ်းချမ်းနိုင်မလဲ။

ဘုန်းကြီးတို့ ယောဂီတွေဟာ သီလစောင့်တည်လိုက်တာနဲ့ တစ်ပြိုင်နက် ဟောဒီဒုစရိုက်ကြီးများမှ ရှောင်ကြဉ်နိုင်တဲ့ သုစရိုက်တရားတွေက သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပိုင်သတဲ့ ဝတ္ထုအာရုံတို့ကို ကျူးကျော်စော်ကားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဟော- သုစရိုက်တရားတွေ လက်ကိုင်ထားနိုင်ကြပြီ။ ဒီယောဂီတွေကြောင့်တော့ ကမ္ဘာ့ငြိမ်းချမ်းရေး မပျက်နိုင်ဘူး။

နှုတ်နဲ့ **"မုသားဆိုပြော ဂုံးချောရန်တိုက်၊ အမိုက်အမဲဆဲရေး ခြောက်ခြိမ်း၊ အပြိန်စကား နေ့စဉ်ပွား၊ လေးပါးဝစီကံ"**။

ကမ္ဘာ့လူထုကြီးကို ကြည့်လိုက် မုသားဆိုပြောမှု ရှိမရှိကြည့်လိုက်တော့ သူတစ်ပါးအကျိုးမဲ့၊ အနှစ်မဲ့တွေကို ဖြစ်စေနိုင်တဲ့ မုသားစကားများ ပြောနေကြတဲ့ပုဂ္ဂိုလ်တွေကများတယ်။

**"ဂုံးချောရန်တိုက်"**- တစ်ယောက်နဲ့တစ်ယောက် ဂုံးချောရန်တိုက်တာတို့၊ တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည်လုံး ဂုံးချောရန်တိုက်တာတို့၊ တစ်မျိုးနဲ့တစ်မျိုး၊ တစ်နွယ်နဲ့ တစ်နွယ် ဂုံးချောရန်တိုက်တာတို့ ရှိနေတယ်။

http://www.dhammadownload.com



**"အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း"**- ဆဲရေးတယ်၊ ခြိမ်းခြောက်တယ်၊ တိုင်းထွာတယ်၊ ဆဲရေးခြင်း ဆယ်မျိုး ရှိတာကို။ အဲဒီဆယ်မျိုး တစ်မျိုးမျိုးနဲ့ ဆဲရေးခြင်းတိုင်းထွာမှု ပြောနေကြ တယ်။

ဟော **"အပြိန်းစကား"**- အကျိုးမရှိတဲ့ စကားတွေကို ပြောကြားခြင်းတဲ့၊ နှုတ်နဲ့မကောင်းသဖြင့် ပြုကျင့်နေကြတဲ့ ဝစီဒုစရိုက်လေးမျိုး။

ဒါကိုကြည့်မယ်ဆိုရင်လည်း (၂၀)ရာစုလူသားများဟာ မုသားဆိုပြောမှု၊ ဂုံးချောရန်တိုက်မှု၊ ဆဲရေးခြောက်ခြိမ်းမှု၊ အပြိန်းစကားပြောကြားမှုတွေဟာ များပြားလာတော့ ဒုစရိုက်တရားတွေ ထွန်းကားတယ်။ အဲဒီဒုစရိုက်တရားတွေ ထွန်းကားတဲ့အတွက် ကမ္ဘာကြီးဟာ မငြိမ်းချမ်းနိုင်ခဲ့ဘူး။

တစ်ဦးတစ်ယောက် ငြိမ်းချမ်းမှုကောင်းကောင်းမရဘူး။ တစ်အိုးတစ်အိမ် ငြိမ်းချမ်းမှုမရနိုင်ဘူး။ တစ်ရပ်ကွက် ငြိမ်းချမ်းမှု မရနိုင်ဘူး။ တစ်မြို့တစ်ရွာ ငြိမ်းချမ်းမှု မရနိုင်ဘူး။ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှုဆိုတာ ခက်တယ်။ ပါးစပ်ဓားသည် ဗုံးသွားထက် ကြောက်စရာကောင်းတယ်။

ပါးစပ်နဲ့ခုတ်လိုက်တဲ့ ဓားဟာ ဗုံးသွားထက်တောင် ထက်မြက်တယ်လို့ ဆိုကြတယ်။ ဒါကြောင့် ဘုရားရှင်က-

## အကောင်းဆုံးအရသာ

**"သစ္စံဟဝေ သာဒုတရံ ရသာနံ"**။

ဟဝေ- စင်စစ်ဧကန် အမှန်အားဖြင့်၊ သစ္စံ- မဟုတ်စကားရှောင်ရှားဖယ်ခွာ ဝစီသစ္စာသည်၊ ရသာနံ- အရသာအပေါင်းတို့တွင် သာဒုတရံ၊ ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်း မည်ပါပေ၏။

မှန်ကန်တဲ့သစ္စာဟာ အကောင်းဆုံး အရသာပဲ။ အဲဒီအရသာကို မသုံးစွဲကြရဘူး။ ကမ္ဘာ့လူထုက မုသားဆိုမှု၊ ပြောမှုက များနေတာကိုး။

http://www.dhammadownload.com



အဲဒီတော့ ဒီနှုတ်နဲ့ မကောင်းသဖြင့် ပြုကျင့်တဲ့ ဝစီကံဒုစရိုက်တွေဟာလည်း ဘုန်းကြီးတို့ ယောဂီများမှာ မုသားပြောဆိုမှု ကင်းရှင်းတယ်။ ဂုံးချောရန်တိုက်မှု ကင်းရှင်းတယ်။ စကားလုံးဝမပြောရပဲကို။

"**စကားလုံးဝမပြောရ**" ဆိုတော့ ဒီအတောအတွင်းမှာ မုသားပြောဆိုမှု မရှိနိုင်ဘူး။ ဂုံးချောရန်တိုက်မှု မရှိနိုင်ဘူး။ ဆဲရေးခြောက်ခြိမ်းတာ မရှိဘူး။ အပြိန်းစကားပြောကြားတာလည်း မရှိဘူး။

**မုသား**

မုသားဟာ အင်မတန်ကြောက်စရာကောင်းတယ်။ ဒါပေမယ်လို့ လွယ်လွယ်ပဲပြောနေကြတယ်။ ကိန္နရီ, ကိန္နရာများ လူစကားပြောတတ်ပါရဲ့။ ဒါပေမယ်လို့ လူစကားမပြောကြဘူး။ ဘာကြောင့်လဲဆိုတော့ အကြောင်းတစ်မျိုးက မုသားဖြစ်မှာစိုးလို့။ သူတို့စကားပြောလိုက်ရင် မုသားဖြစ်သွားမှာစိုးလို့တဲ့။ ကိန္နရီ, ကိန္နရာများ လူစကားမပြောကြဘူး။

သားတော်ရာဟုလာလေး မြတ်စွာဘုရားထံမှောက် ရောက်လာတော့ မြတ်စွာဘုရားက ရေခွက်ဥပမာနဲ့ သားတော်လေးကို ဆုံးမတယ်။ ရေခွက်ကလေးတစ်ခုထဲမှာ ရှိတဲ့ရေကို မြတ်စွာဘုရားက သွန်ပြီးပြလိုက်တယ်။

"**ချစ်သား- ရေခွက်ထဲ ရေကျန်သေးရဲ့လား**"လို့ မေးတော့၊ ရာဟုလာက "**မကျန်ပါဘုရား**"လို့ ဖြေတယ်။

အဲဒီလိုပဲ လူတစ်ယောက်ဟာ မုသာဝါဒကိုသုံးပြီး ပြောတယ်ဆိုရင် အခြားအကုသိုလ်တွေ ဘာမျှမလုပ်ရဲတာ မရှိဘူး။ "**ဒါကြောင့် မုသာဝါဒပြောခြင်းမှ ရှောင်ရှားပါ**"လို့ မိန့်တော်မူတော့ ရာဟုလာက "**မှန်ပါ့ဘုရား**"လို့ လျှောက်ထားတယ်။

သားတော်ရာဟုလာလေး မုသားစကားနဲ့ ပတ်သက်ပြီးတော့ ဆုံးမတော်မူတယ်။

http://www.dhammadownload.com



"မုသားဆိုပြော၊ ဂုံးချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါးဝစီကံ"။

ဂုံးချောရန်တိုက်မှုဟာလည်း အင်မတန်ဆိုးရွားတဲ့ ပါးစပ်လက်နက်ပါပဲ။ မြတ်စွာဘုရားရဲ့ ဂုဏ်တော် စူလသီလမှာ-

"ပိသုဏာဝါစံ ပဟာယ"- ဂုံးချောရန်တိုက်မှုကို ဖယ်ရှားပြီးတော့ "ဘိန္နာနံဝါ သန္ဓာတာနံ"- ကွဲပြားနေတဲ့ ပုဂ္ဂိုလ်တွေကို ဆက်စပ်ပေးတယ်၊ ညီညွတ်အောင်ပြောပေးတယ်။

အဲဒီလို ညီညွတ်အောင်ပြောမှု ကွဲပြားနေတဲ့ပုဂ္ဂိုလ်တွေ စေ့စပ်ပေးမှုကို မြတ်စွာဘုရား ချီးမွမ်းတော်မူတယ်။ ဒါဖြင့် နှုတ်နဲ့မကောင်းသဖြင့် ပြောကြဆိုကြတဲ့ ဒုစရိုက်ဖြစ်တဲ့ ဝစီဒုစရိုက်လေးပါးကလည်း ကမ္ဘာ့လူထုအတွင်းမှာ (၂၀)ရာစုမှာ များပြားသလို (၂၁)ရာစုမှာ မလျော့ခဲ့ပါဘူးဆိုရင် ဘယ်လိုမှ ငြိမ်းချမ်းရေးမရနိုင်ပါဘူး။

"သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့အသက်ဇီဝေ သေစေချင်ဟူ၊ အယူမှောက်မှား၊ ဤသုံးပါး မှတ်သားမနောကံ"၊

- သူ့ဥစ္စာကို ပိုင်ဆိုင်ချင်လိုမှု၊
- သူတစ်ပါးပစ္စည်းကို ရချင်တဲ့စိတ်၊
- မြင်ပြီးလိုချင်တဲ့စိတ် ပေါက်နေရုံနဲ့တော့ ကိစ္စမရှိသေးဘူး။

"အဟောဝတ မမ"တဲ့- ငါ့ဥစ္စာဖြစ်ရင် ကောင်းမှာပဲလို့ ကြံစည်လိုက်ပြီဆိုရင် "အဘိဇ္ဈာ"ဖြစ်သွားပြီ၊ မနောဒုစရိုက်ဖြစ်သွားပြီ။

- သူတစ်ပါးအသက်ကို သေစေချင်တဲ့စိတ်၊

ဟော- စိတ်ထဲကဖြစ်နေတဲ့ အကုသိုလ်။

**အယူမှောက်မှား**

ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ အယူသည် မှန်ကန်တဲ့အယူ။ ဤလောကမရှိ၊ နောက်လောကမရှိဘူး။ ကုသိုလ်၊ အကုသိုလ်တို့ရဲ့ အကျိုးအပြစ်တွေ မရှိဘူး။ မိဘတို့ကို စော်ကားတဲ့အပြစ်တွေ

http://www.dhammadownload.com



မရှိဘူး။ ပြုစုတဲ့အကျိုးတွေ မရှိဘူး။ နတ်တွေ, ဗြဟ္မာတွေမရှိဘူး။ ဒီလို ယူဆရင် မိစ္ဆာဒိဋ္ဌိ။

ဤလောက၊ နောင်လောကကြီးကို သိပြီးတော့ ဟောပြောပြသ ပြီးတော့ နေတော်မူကြတဲ့ ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတွေ ရှိတယ်လို့ယူရင် မှန်ကန်တယ်။

ဤလောက၊ နောင်လောကကို သိရှိပြီးတော့ ဟောညွှန်ပြပြီး နေကြတဲ့ ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် အရိယာအပေါင်း၊ သူတော် ကောင်းတွေ မရှိဘူးလို့ယူရင် ဒါမမှန်ကန်ဘူး။

အဲဒီတော့ မနောမှာဖြစ်နေတဲ့ ဒုစရိုက်၊ ဒါဖြင့် ကာယ၊ ဝစီ၊ မနောသုံးခုကနေပြီး ကာယမှာ (၃)မျိုး၊ ဝစီမှာ (၄)မျိုး၊ မနောမှာ (၃)မျိုး နဲ့ မကောင်းသဖြင့် ပြုပြောကြံမယ်ဆိုရင် (၁၀)မျိုး။

အဲဒီ (၁၀)မျိုးနဲ့ ပြီးရောလားဆိုတော့ **"ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်း စိတ်တူပွားပြန်မူ မှတ်ယူလေးဆယ်ကံ။"** အဲဒီဆယ်မျိုးကို ကိုယ်တိုင်ပြုတယ်၊ ပြောတယ်၊ ကြံတယ်၊ (၁၀)မျိုး။

သူတစ်ပါးကို အသတ်ခိုင်းတယ်၊ အခိုးခိုင်းတယ်၊ အမိန့်ပေး တယ်။ ဒါဟာလည်း ဒုစရိုက်ပဲတဲ့။ တိုက်တွန်းလို့ရှိရင်ပေါ့။

"ချီးမွမ်း" သတ်နေတာတွေကို ကောင်းပေစွ၊ ကောင်းပေစွ။ ဘယ်မှာအစုလိုက်၊ အပြုံလိုက်သတ်တာ ကောင်းတယ်။ ဒီလိုသတ်တာ မျိုးတွေကို သိပ်ပြီးတော့ သဘောကျတယ်။ သတ်သင့်တယ်။ အဲဒါမျိုး တွေပြောမယ်ဆိုရင်လည်းပဲ ချီးမွမ်းတဲ့အတွက် ဒုစရိုက်တစ်မျိုးပဲ။

စိတ်တူကိုယ်တိုင် မသတ်ထားတော့ မှန်တယ်။ သူတစ်ပါးကို သတ်ခိုင်းတာလည်း မဟုတ်ဘူး။ သူတစ်ပါးသတ်တာကို ချီးမွမ်းတာလည်း မဟုတ်ဘူး။ သူတစ်ပါးသတ်တာကို သဘောကျတယ်၊ အားရတယ်၊ ကျေနပ်တယ်။ သူတစ်ပါးဥစ္စာကို ခိုးတာကို သဘောကျတယ်၊ အားရ တယ်၊ ကျေနပ်တယ်။

http://www.dhammadownload.com



အဲဒီတော့ ကိုယ်တိုင်ပြုတဲ့ဒုစရိုက်က (၁၀)မျိုး၊ ကိုယ်တိုင်တိုက်တွန်းပြီး ပြုခိုင်းတာက (၁၀)မျိုး၊ ချီးမွမ်းတာက (၁၀)မျိုး၊ သဘောကျအားရကျေနပ်ပြီးတော့ နေတာက ဒုစရိုက်(၁၀)မျိုးဆိုတော့ ဒုစရိုက်ပေါင်း (၄၀)။

ဟော- ကမ္ဘာလောကကြီးမှာ ဒုစရိုက် (၄၀)နဲ့ ပြည့်နှက်ပြီး နေတယ်။ မနေ့ကပဲ- မြန်မာပြည်က ဆရာတော်ကြီးများ အပါအဝင် ကမ္ဘာကြီးတစ်ခုလုံးမှာ ရှိကြတဲ့ ဘာသာရေးခေါင်းဆောင် (၁၀၀၀)ကျော် နယူးယောက်မြို့ ကုလသမဂ္ဂရုံးမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြတယ်လို့ ပြောပါတယ်။

စစ်ပြေငြိမ်းဖို့အတွက် စည်းဝေးကြတယ်။ အဲဒီကုလသမဂ္ဂရုံးမှာ (၁၉၈၈)ခုနှစ်က လက်နက်ဖျက်သိမ်းဖို့ သေနတ်ကိုချိုးဖွဲ့နေပုံ တွေ့ရတယ်။ ဒီဒုစရိုက်တရားတွေ ကမ္ဘာမှာလွှမ်းပြီးနေရင်တော့ ငြိမ်းချမ်းရေး ရဖို့ရာ မလွယ်ပါဘူး။

အဲဒီဒုစရိုက်တရားတွေ မဖြစ်အောင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် မရှိအောင် သီလဆောက်တည် လုံအောင်ထိန်း။

သီလစောင့်တည် လုံအောင်ထိန်းလိုက်လို့ရှိရင် ကာယလွန်ကျူးမှု၊ ဝစီလွန်ကျူးမှု၊ သီလနဲ့ပဲ ဖယ်ရှားနိုင်ပါတယ်။ ငြိမ်းနိုင်ပါတယ်။

ပစ္စည်းတွေခိုးတာ၊ တိုက်တာ၊ ပစ်တာ၊ ခတ်တာတို့၊ သိမ်းတာ၊ ဆည်းတာတို့၊ ခိုးတာ၊ ဝှက်တာတို့ သီလစောင့်တည်လိုက်ရင် ဒါတွေ ဖယ်ရှားနိုင်ပါတယ်။ ငြိမ်းနိုင်ပါတယ်။

## အကြောင်းရှာကြစို့

သူတစ်ပါးအသက်ကို သတ်ဖြတ်မှုနဲ့ ပတ်သက်လို့ စဉ်းစားလိုက်တော့ သူတစ်ပါးအသက်ကို သတ်ဖြတ်မှုရယ်၊ ကြမ်း ကြမ်းတမ်းတမ်း ပြောဆိုမှုရယ်၊ သူတစ်ပါးအသက်ကို သေစေချင်မှုရယ်၊ သေစေလိုမှုရယ်၊ အကြောင်းရှာတော့ ဘာကြောင့်ဖြစ်သလဲလို့ဆိုတော့ ဒေါသကြောင့်

http://www.dhammadownload.com



ဖြစ်ကြတာပါပဲ။

ဒေါသကြောင့်ဖြစ်တော့ ဒေါသကိုအမြစ်ပြုတ်အောင် သီလက မပယ်နိုင်ပါဘူး။ သီလက ဒေါသကိုအမြစ်ပြတ်အောင် မပယ်နိုင်ပါဘူး။

ကုသလမူလ = ကုသိုလ်မှန်သမျှတို့ရဲ့ အမြစ်ဟာလည်း သုံးမျိုး၊ အကုသိုလ်မှန်သမျှတို့ရဲ့ အမြစ်ကလည်း သုံးမျိုး၊ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်။

သူတစ်ပါးအသက်ကို သတ်ဖြတ်တယ်တာ ပြောရတယ်။ အကြောင်းရှာတော့ မောဟအခြေခံတဲ့ ဒေါသပါပဲ။ မောဟကတော့ အားလုံးပါဝင်ပါတယ်။

ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာတယ်။ ဆဲနေတယ်၊ ဆဲနေတယ်။ အတွင်းသန္တာန်မှာ ဒေါသမပါရင် မဆဲပါဘူး။

သူတစ်ပါးအသက်ကို သေစေချင်တယ်၊ သေစေချင်တယ် ဆိုတာ ဒေါသမရှိရင် မသေစေချင်ပါဘူး။ ဒေါသရှိနေလို့သာ သေစေချင်တာပါ။

သူတစ်ပါးအသက်ကို သတ်ဖြတ်မှု၊ ဆဲရေးတိုင်းထွာမှု၊ သူတစ်ပါးအသက်ကို သေစေချင်တဲ့ ဒုစရိုက်သုံးမျိုးဟာ ဒေါသအခြေခံပါတယ်။ မောဟမကင်းတဲ့ ဒေါသအခြေခံပါတယ်။

အဘိဇ္ဈာ- ကာမေသုမိစ္ဆာစာရ- မိစ္ဆာဒိဋ္ဌိ ကာမေသုမိစ္ဆာစာရ ခေါ်တဲ့ သူတစ်ပါးပိုင်သတဲ့ အာရုံဝတ္ထုတို့ကို ကျူးကျော်စော်ကားခြင်း၊ သူတစ်ပါးစည်းစိမ်ဥစ္စာကို လိုချင်တဲ့အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ အမြင်မှားမှုတို့ဟာ မောဟမကင်းတဲ့ လောဘအခြေခံပြီးတော့ ဖြစ်ပါတယ်။

ပြီးတော့မှ "ပိသုဏသာ သမ္ဖပ္ပလာပဒိန္နာ နှစ်ပါးကြောင့်"။ ဂုံးတိုက်တာရယ်၊ လိမ်ပြောတာရယ်၊ သူတစ်ပါးဥစ္စာကို ခိုးတယ်၊ အကျိုးမရှိတဲ့ စကားကို ပြောတယ်၊ အဲဒါတွေဟာ လောဘ၊ ဒေါသနှစ်ပါးစုံကြောင့်ပါပဲ။

လောဘ၊ ဒေါသနှစ်ပါးစုံကြောင့် မုသားစကားပြောတာ ရှိတယ်။ မိမိလိုချင်လို့ တရားရုံးတွေမှာ လိမ်ညာပြောတာရှိတယ်။ တရားရုံးတွေ၊

http://www.dhammadownload.com



ဘာတွေမှာ မိမိနဲ့မတည့်တဲ့လူ ရသွားမှာစိုးလို့ ဒေါသအခြေခံပြီးတော့ မဟုတ်မမှန်ထွက်ဆိုတာတွေ ရှိတယ်။ ဒါကြောင့် မုသာဝါဒဟာ လောဘ၊ ဒေါသ နှစ်မျိုးအခြေခံတယ်။

"ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ၊ ဒိဋ္ဌိ နှစ်ပါးကြောင့်"- ဒီလေးပါး လောဘ၊ ဒေါသ နှစ်မျိုးလုံးကြောင့် ဖြစ်တယ်။ အဲဒီဒုစရိုက် (၁၀)ပါး ထဲက လောဘကြောင့်ဖြစ်တာ (၃)မျိုး၊ ဒေါသကြောင့်ဖြစ်တာ (၃)မျိုး၊ လောဘ၊ ဒေါသနှစ်မျိုးကြောင့်ဖြစ်တာက (၄)မျိုး။

အဲဒီဒုစရိုက် (၁၀)ပါးလုံး မောဟကတော့ အကုန်လုံးပါဝင်ပြီး တော့ နေပါတယ်။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သိက္ခာပုဒ်ဆောက်တည်လိုက်တယ်။

သူတစ်ပါးအသက် သတ်ဖြတ်မှုကတော့ နှုတ်နဲ့လည်း မပြုတော့ ဘူး။ ကိုယ်တိုင်လည်း မပြုတော့ဘူး။ သီလစောင့်တည်တာနဲ့ လုံခြုံတာ မှန်တယ်။

## အမြစ်နှုတ်ကြစို့

သို့သော် အတွင်းစိတ်သား အခြေခံအမြစ်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ဒုစရိုက်တွေရဲ့ အခြေခံအမြစ်ကို လိုက်ရှာတော့ **"အရင်း စစ် အမြစ်မြေက"** ဆိုသလို လောဘ၊ ဒေါသ၊ မောဟတို့ကို တွေ့ကြ ရတယ်။

အဲလို လောဘ၊ ဒေါသ၊ မောဟတွေ့ကြတော့ လောဘ၊ ဒေါသ၊ မောဟတို့ကို တခဏလေးငြိမ်းပြီးတော့ သွားအောင် ဘယ်နှယ့်လုပ်ကြ မလဲ။ သမထ၊ ကမ္မဋ္ဌာန်းအားထုတ်ကြရမယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အမြစ်သုံးမျိုးကို နှုတ်လို့ရနိုင် လောက်အောင် ဒီအမြစ်ကို လွယ်လွယ်လေးနဲ့ နှုတ်လို့ရအောင် သစ်ပင် ကြီးတစ်ပင်ရဲ့ အမြစ်ကို တစ်ခါထဲ လှိုက်လှိုက်ပြီးတော့တူး၊ နောက်ဆုံး ရေသောက်မြစ်ပါတူး၊ ပတ်ဝန်းကျင်ကအမြစ်တွေလည်း တူး၊ အဲဒီလို

http://www.dhammadownload.com



တူးမှ သစ်ပင်ကြီးတစ်ပင်ဟာ အမြစ်ကပြတ်ပြီးတော့ သွားနိုင်တာကိုး။ ရေသောက်မြစ်ပါမကျန်အောင် တူးနိုင်မှ။

သီလဆောက်တည်ရုံနဲ့ လောဘ၊ ဒေါသ၊ မောဟအမြစ်တွေဟာ မကုန်နိုင်သေးဘူး။ သမာဓိရအောင် မိမိရဲ့စိတ်ကို တည်ကြည်ငြိမ်သက် မလှုပ်ရှက်အောင် ထားနိုင်မှ ပတ်ဝန်းကျင်အမြစ်တွေ ဖြတ်တောက်သလို လောဘ၊ ဒေါသ၊ မောဟတို့ရဲ့အမြစ်လည်း ထိုက်တန်သလောက်ပြတ်ပြီ။

ရေသောက်မြစ်ပြတ်မှ သစ်ပင်အမြစ် ကုန်သလိုပဲ။ ဝိပဿနာ စခန်းရောက်တဲ့အခါကျမှ ဉာဏ်စဉ်အတိုင်း တက်ပြီးတော့သွားတော့ အထွဋ်အထိပ် ဝိပဿနာဉာဏ်ရောက်ပြီးတော့ မဂ်ဉာဏ်ရောက်ပြီဟော့ ဆိုတဲ့အခါကျမှ တစ်ခါထဲ လောဘ၊ ဒေါသ၊ မောဟတို့ရဲ့ အမြစ်၊ ရေသောက်မြစ် သုံးသွယ်ရှိရင် သုံးသွယ်၊ လေးသွယ်ရှိရင် လေးသွယ်၊ တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း ဖြတ်တောက်သွားနိုင်ပါတယ်။

ဒါကြောင့် မိမိတို့ဟာ သီလဆောက်တည်လိုက်မယ်ဆိုရင် စောစောကပြောတဲ့ ကာယကံ လွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှုကတော့ မဖြစ်ပါဘူး။

သို့သော် ကာယကံ၊ ဝစီကံ လွန်ကျူးမှုရဲ့အကြောင်းဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အမြစ်မပြတ်သေးပါဘူး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟအမြစ်ပြတ်မှသာလျှင် ဒုစရိုက်တွေလည်း အားလုံးချုပ်ငြိမ်းပြီးတော့ သွားနိုင်ပါတယ်။

အဲဒါကြောင့်မို့ မိမိတို့ဟာ တရားအားထုတ်ရတယ်။ အဲလို လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အမြစ်တွေပြတ်မှသာလျှင် ဒုစရိုက်တရားတွေ ကမ္ဘာလူထုကင်းပါလိမ့်မယ်။

ဒုစရိုက်တရားတွေ ကင်းမှသာလျှင် ကမ္ဘာကြီးဟာ ငြိမ်းချမ်းမှု ရပါလိမ့်မယ်။ တစ်ဦးတစ်ယောက်ရဲ့ဘဝ ငြိမ်းချမ်းရေးဟာလည်းပဲ လောဘ၊ ဒေါသ၊ မောဟအဖြစ် အမြစ်မပြတ်သရွေ့ ဘဝငြိမ်းချမ်းရေး မရနိုင်ပါဘူး။

http://www.dhammadownload.com



ဘဝငြိမ်းချမ်းရေး ရတယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ အမြစ်ပြတ်တာကို ပြောတာပါပဲ။ အဲဒီလောဘ၊ ဒေါသ၊ မောဟ အမြစ်ပြတ်အောင်လို့ ယခုလို အပင်ပန်းခံပြီးတော့ ကြိုးစားအားထုတ်နေရပါတယ်။

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်မှန်သမျှတို့ရဲ့ အမြစ်ကြီး၊ ရေသောက်မြစ်ကြီးများကို နှုတ်ပယ်ရန်အတွက် သမထ၊ ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပသော လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ တရားဓမ္မအားထုတ်နေကြကုန်သော ယောဂီသူတော်စင်အပေါင်းတို့အား ဟောကြားအပ်တဲ့ တရားတော်။

### လွှဲဝိနည်း

မနေ့ညက ဒုစရိုက်တရား (၁၀)ပါး ဟောခဲ့တယ်။

ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ (၃)မျိုး၊ ကာယကံနဲ့ပြု၊ ဝစီကံနဲ့ပြော၊ မနောကံနဲ့ကြံ ဒီသုံးတန်မှတစ်ပါး ပိုပြီးတော့ မပြုမပြော မကြံနိုင်ကြပါဘူး။

အဲသလို ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ သုံးမျိုးကိုမှ ကာယဒုစရိုက်, ကာယသုစရိုက်၊ ဝစီဒုစရိုက်, ဝစီသုစရိုက်၊ မနောဒုစရိုက်, မနောသုစရိုက်လို့ ဒုစရိုက်, သုစရိုက် နှစ်မျိုးနဲ့- ကောင်းတဲ့အပြုအပြော အကြံ၊ မကောင်းတဲ့အပြုအပြောအကြံ (၃)တန်စီနဲ့ ဝေဖန်ကြရတယ်။

အဲသလိုနဲ့ မကောင်းတဲ့ဘက်က ဒုစရိုက်ဟာ (၁၀)မျိုးဖြစ်ပြီးတော့ ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူနဲ့ ပွားလိုက်လို့ရှိရင် ဒုစရိုက် ပေါင်း (၄၀)။

အဲဒီ ဒုစရိုက် (၄၀)က ရှောင်ရှားလိုက်ရင် သုစရိုက်တွေဖြစ်ပြီးတော့ လာပါတယ်။

**"သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှုကာယကံ"**

သူတစ်ပါးအသက် သတ်ဖြတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါးပိုင်သတဲ့ အာရုံဝတ္ထုတို့ကို ကျူးကျော်စော်ကားခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ရှောင်ကြဉ်လိုက်ရင် သုစရိုက်။

http://www.dhammadownload.com



ကာယသုစရိုက် ကိုယ်နဲ့ပြုတဲ့ ကောင်းတဲ့လုပ်ငန်းကြီးတွေ ဖြစ်ပေါ်လာတယ်။

"မုသားဆိုပြော၊ ဂုံးချောရန်တိုက်၊
အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊
အပြိန်းစကား၊ ရှောင်ကြဉ်ငြား၊
လေးပါးဝစီကံ"

မုသားဆိုပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဂုံးချောရန်တိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဆဲရေးခြောက်ခြိမ်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ အပြိန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဲဒီလေးခုမှ ရှောင်ကြဉ်လိုက်တော့ ဝစီသုစရိုက် လေးမျိုးဖြစ်။

"သူ့သက်ဇီဝေ၊ ရှည်စေချင်ဟူ၊
အယူဖြောင့်ငြား၊ ဤသုံးပါး၊
မှတ်သားမနောကံ"

သူတစ်ပါးဥစ္စာကို မပိုင်ဆိုင်လိုဘူး။ အသက်ရှည်စေချင်တယ်။ အယူဖြောင့်မှန်တယ်။ အဲဒီလိုဆို မနောသုစရိုက် ဖြစ်လာကြတယ်။

သုစရိုက်မှာလည်းပဲ "ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ(၄၀)ကံ"ဆိုတဲ့အတိုင်း သုစရိုက်လည်း (၄၀)ပါ။

အဲဒီ ဒုစရိုက်တို့မှ ရှောင်ရှားပြီးတော့ သုစရိုက် (၄၀)။ အဲဒီ သုစရိုက် (၄၀)သည် "ဂိဟိဝိနယောနာမ"- လူတို့၏ဝိနည်း၊ လူတို့ရဲ့ ဝိနည်း မည်ပါတယ်။

"သိင်္ဂါလောဝါဒ"သုတ္တန်မှာလာတဲ့ "ဂိဟိဝိနယ" လူမှုရေးဆိုင်ရာ ကျင့်ဝတ်အဖြာဖြာတို့ကတော့ ဒါလဲလူ့ဘဝမှာ အခြေခံဝိနည်းတွေပါပဲ။

ဒုစရိုက်တို့မှ ရှောင်ရှားပြီးတော့ သုစရိုက်တရားတို့ကို ကျင့်ပွားခြင်းဆိုတဲ့ သုစရိုက် (၄၀)ကတော့ တော်တော်အဆင့်မြင့်လာပြီ။ ဒီထက်မြင့်တာက ဘာလဲလို့ဆိုတော့ မဂ်လာတရားတော်။

http://www.dhammadownload.com



မင်္ဂလာတရားတော်ကတော့ "အရိယာသစ္စာန ဒဿနံ"ကို ကြည့်မယ်ဆိုရင် သစ္စာလေးပါး မြင်ခြင်းသည်မင်္ဂလာ။

**ဖုဋ္ဌဿလောကဓမ္မေဟိ၊**

**စိတ္တံ ယဿနကမ္ပတိ။**

လောကဓံတရားဆိုး တရားမျိုးတို့ နှိပ်စက်သော်လည်း တုန်လှုပ်မှုမရှိခြင်းသည် မင်္ဂလာ။ ဒါမျိုးတွေကတော့ အဆင့်မြင့်လူ့ဘဝမှာ ကျင့်သုံးရမယ့် တရားတော်တွေပါပဲ။

**ကမ္ဘာ့အလင်း**

အဲဒီတရားတော်တွေဟာ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကံ,ကံ၏အကျိုးကို သိရှိနားလည်တဲ့ ကမ္မဿကတဉာဏ် အခြေခံပါတယ်။ ဒုစရိုက်တရား (၁၀)ပါးတို့မှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ဒီလုပ်ငန်းဟာ တကယ်တော့ ဘုရားမပွင့်သော်လည်းပဲ သာသနာပအခါဖြစ်သော်လည်းပဲ ဘုရားအလောင်း သူတော်ကောင်းကြီးတွေ၊ ရသေ့သူတော်ကောင်းကြီးတွေ ဒီအလင်းဓာတ်ကြီးကို ပေးစွမ်းနိုင်ပါတယ်။

အဲဒီလို ပေးစွမ်းနိုင်တဲ့အတွက်ကြောင့်မို့ ကမ္မဿကတဉာဏ် အလင်းဓာတ်ကြီးတွေ ဒုစရိုက်တရား (၁၀)ပါးတို့မှာ ရှောင်ကြဉ်ခြင်းဆိုတဲ့ ရှောင်ကြဉ်မှုတွေ ပြုပြီးတော့ သုစရိုက်တရားတို့ကို ကျင့်ကြံကျိုးကုတ်အားထုတ်ခွင့်ရတယ်။ အဲဒီအလင်းဓာတ်ကြီးဟာ ကမ္ဘာ့အလင်းကြီးဖြစ်ပါတယ်။

တစ်နည်းအားဖြင့် သံသရာ့အလင်းကြီးပါ။ ဒီအလင်းဓာတ်ကြီးတွေကို အခြေခံပြီးတော့ မြင့်မြတ်တဲ့သုဂတိဘုံနန်းမှာ စံမြန်းကြရတယ်။

ဒီအလင်းဓာတ်ကြီးတွေကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ကမ္ဘာ့အလင်းတော့ မှန်တယ်။ သာသနာ့အလင်းတော့ မဟုတ်သေးပါဘူးတဲ့။

http://www.dhammadownload.com



**သာသနာ့အလင်း**

ဒီစကားဟာ အတော်လေးနက်ပါတယ်။ ဘုန်းကြီးတို့ ကိလေသာခေါ်တဲ့ သတ္တဝါတို့ရဲ့စိတ်ကို ညှင်းပန်းနှိပ်စက်တတ်တဲ့တရားတွေဟာ (၁၀)မျိုး။

**လောဘ ဒေါသ မောဟ ကင်္ခါ၊**
**မိစ္ဆာဒိဋ္ဌိ အဟိရိကာ၊**
**အနောတ္တပ္ပ ထိန မာနာ၊**
**ဥဒ္ဓစ္စ ဆယ်ဝ ကိလေသာ။**

ကိလေသာ (၁၀)ပါးကနေပြီးတော့ သူ၏သန္တာန်၊ ကိုယ်၏သန္တာန် အစရှိသည်ဖြင့် ပွားပြီးတော့သွားလိုက်တာ အရေအတွက်အားဖြင့် (၁၅၀၀)၊ အခိုက်အတန့်အားဖြင့် ပြောမယ်ဆိုရင် (၃)မျိုးပဲ ရှိတယ်။

လောဘကလည်း အခိုက်အတန့်အားဖြင့် (၃)မျိုး၊ ဒေါသ၊ မောဟကလည်း အခိုက်အတန့်အားဖြင့် (၃)မျိုးစီ ခွဲရတယ်။ အဲဒီ (၃)မျိုးစီက ဘယ်လိုလဲဆိုတော့-

**"လွန်ကျူးဆူပွက် မျိုးမပျက်၊ သုံးချက် ကိလေသာ။"**

ကာယကံ လွန်ကျူးမှု၊ ကာယကံမြောက် သတ်ဖြတ်သလို ဝစီကံနှုတ်နဲ့လည်း သတ်ဖြတ်ဖို့ စီမံတယ်။ ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှုဟာ ဒါဒေါသရဲ့ ဝီတိက္ကမ ကိလေသာဓာတ်ကြီးပဲ။

ကာယကံမြောက် လွန်ကျူးမှု၊ ဝစီကံမြောက် လွန်ကျူးမှုတွေကို ဝီတိက္ကမကိလေသာလို့ ခေါ်တယ်။ ကာယကံ၊ ဝစီကံ လွန်ကျူးမှုကို ဘယ်ဆေးကပျောက်ကင်းအောင် ဆောင်ရွက်ပေးနိုင်သလဲဆိုတော့ သီလဆေးနဲ့ ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှုကို ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

စိတ်ထဲမှာ သတ်လိုစိတ်တွေ၊ ဖြတ်လိုစိတ်တွေ ဖြစ်ပြီးတော့နေတာ။ စိတ်ထဲမှာ ပရိယုဋ္ဌာန- ဒေါသကိလေသာတွေ ဖြစ်ပြီး နေတာပါပဲ။

http://www.dhammadownload.com



ဒီပရိယုဋ္ဌာန ကိလေသာကိုတော့ သမာဓိဆေးတော်နဲ့မှ ပျောက်ကင်းနိုင်ပါတယ်။ အဲဒီလို လွန်ကျူးမှု ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ (၂)ပါးကို သီလဆေးတော်၊ သမာဓိဆေးတော် (၂)ပါးနဲ့ ကုသနိုင်သော်လည်းပဲ အတွင်းခံတတ်သားဖြစ်တဲ့ အနုသယကိလေသာ ခေါ်တဲ့ အငုတ်ခံတတ်မျိုးဆက်ကိုတော့ ပညာဆိုတဲ့ ဆေးတော်နဲ့မှ နိုင်ပါတယ်။

ဒါဖြင့် စောစောပြောသလို သီလဆိုတဲ့ဆေးတော်နဲ့ လွန်ကျူးခြင်းဆိုတဲ့ ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှု ဝီတိက္ကမကိလေသာကို ဖယ်ရှားနိုင်တယ်။ သမာဓိဆိုတဲ့ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ အဲဒီသမာဓိနဲ့ကျတော့ ပရိယုဋ္ဌာနကိလေသာဆိုတဲ့ ဆူပွက်ထကြွ သောင်းကျန်းတဲ့စိတ်၊ ဒေါသနဲ့ယှဉ်တဲ့စိတ်၊ လောဘနဲ့ယှဉ်တဲ့စိတ် စတဲ့ စိတ်ကို သမာဓိဆိုတဲ့ ဆေးတော်က ဖယ်ရှားနိုင်တယ်။

သို့သော်လည်း ပြောင်စင်ပြီးတော့ မသွားသေးဘူး။ ဝိပဿနာ ဉာဏ်ပညာအဆင့်ဆင့်ကနေ ဆက်လက်ပြီးတက်လာတဲ့ မဂ်ပညာက တစ်ခါထဲ မျိုးစေ့ပျောက်သွားအောင် ကိလေသာမျိုးစေ့ပြတ်သွားအောင် အဆင့် ဆင့် ဖြတ်တောက်နိုင်ပါတယ်။ ဒီလင်္ကာလေးဆိုကြည့်လိုက်။

**"လွန်ကျူးဆူပွက် မျိုးမပျက်၊ သုံးချက်ကိလေသာ၊**
**သီလသမာ ဓိပညာ၊ သင့်ရာသုံးသိက္ခာ၊**
**အနာနဲ့ဆေး သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ"**

**"အဖိုးမထိုက်တဲ့ကိလေသာ၊ အခွါရခက်သည်"**

မိမိတို့သန္တာန်မှာဖြစ်နေတဲ့ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေဟာ အဖိုးမထိုက်တန်သော်လည်းပဲ ခွာဖို့တော့ ခက်တယ်။

**"မမြင်ရသောကြိုးဆယ်စင်း၊ ဖြေရှင်းရခက်သည်"တဲ့။**

http://www.dhammadownload.com



ကာမရာဂ သံယောဇဉ်အစရှိတဲ့ သံယောဇဉ်တရားတွေဟာ မမြင်ရသောကြိုးတွေဖြစ်သော်လဲပဲ ဖြတ်တောက်ရခက်တယ်။

"အခိုးမထွက်တဲ့ ရာဂမီးတောက်၊ အငြိမ်းရခက်သည်"တဲ့။

သတ္တဝါတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ရာဂဆိုတဲ့မီးတောက်ဟာ အခိုးမထွက်ပေမယ့် အငြိမ်းရခက်သည်။

"မဝေးသောနိဗ္ဗာန်ခရီး၊ အသွားရခက်သည်"

မဝေးတဲ့နိဗ္ဗာန်ခရီး၊ တစ်နေ့ကဟောခဲ့သလိုပဲ မဝေးပါဘူးတဲ့။

သညာ စိတ် စေတနာရှိတဲ့ တစ်လံမျှလောက်ရှိတဲ့ ဤခန္ဓာကိုယ်မှာ နိဗ္ဗာန်ရှာရမှာပါပဲ။

လောကလည်း ဒီမှာရှာရမယ်။ လောကရဲ့ဖြစ်ကြောင်းကိုလည်း ဒီမှာရှာရမယ်။ ဒုက္ခလည်း ဒီမှာရှာရမယ်။ ဒုက္ခချုပ်ရာလည်း ဒီမှာရှာရမယ်။

မဝေးသောနိဗ္ဗာန်ခရီး အသွားရခက်သည် ဆိုတဲ့အတိုင်း ဝေးတော့မဝေးဘူး။ အသွားရခက်တယ်။ ရောက်ဖို့ ရဖို့ခက်တယ်။ အခု ဒီဝိပဿနာ (၇)တရားစခန်းမှာ တရားအားထုတ်ပြီးနေကြတဲ့ ယောဂီသူတော်စင်များ အဘိုးမတန်တဲ့ကိလေသာကို ခွာနိုင်ဖို့ရာအတွက် သီလ၊ ပညာ၊ သမာဓိ၊ သိက္ခာသုံးပါး ကျင့်စဉ်တရားတည်းဟူသော ဆေးတော်မြတ်ကို စားသုံးပြီးတော့ နေကြရတယ်။

"လွန်ကျူးဆူပွက်၊ မျိုးမပျက်၊ သုံးချက်ကိလေသာ"

ဆိုတဲ့အတိုင်း အခိုက်အတန့်အားဖြင့် ဖြစ်ပွားနေတဲ့ ကိလေသာ (၃)မျိုး။

ထိုကိလေသာ (၃)မျိုးတို့ကို ပယ်ခွာနိုင်ခြင်း အကြောင်းဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ဆေးဝါးဓာတ်စာ မြတ်ဘုရား၏ ဆေးဝါးဓာတ်စာတို့ကို သုံးဆောင်ပြီးတော့ သုံးစွဲပြီးတော့ အဘိုးမထိုက်တဲ့ ကိလေသာ အခွာရခက်သော်လဲပဲ အဘိုးမတန်တဲ့ ကိလေသာကို လွယ်လွယ်ကူကူ ခွာထွက်နိုင်ကြပါစေ။

http://www.dhammadownload.com



မမြင်ရသော ကြိုးဆယ်စင်း ဖြေရှင်းရခက်သော်လည်းပဲ။ မမြင်ရသော ကြိုးဆယ်စင်း အလွယ်တကူ ဖြေရှင်းနိုင်ကြပါစေ။ အခိုးမထွက်သော ရာဂမီးတောက် အငြိမ်းရခက်သော်လည်းပဲ အခိုးမထွက်သော ရာဂမီးတောက် ငြိမ်းနိုင်ကြပါစေ။

မဝေးသောနိဗ္ဗာန်ခရီး အသွားရခက်သော်လည်းပဲ လျှင်လျှင်မြန်မြန် ချမ်းချမ်းသာသာ လွယ်လွယ်ကူကူနဲ့ သွားနိုင်ကြပါစေ။ ရောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုန်းကြီးရဲ့သြဝါဒကို ယနေ့နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၃)ရက်။

## အမှားတွင်ဒိဋ္ဌိ၊ အရှားတွင်သာသနာ

ယနေ့တရားဘာဝနာ ပွားများပြီးတော့ တရားအလုပ်သည် ကိုယ့်အလုပ်၊ တရားအလုပ်သည် မိမိတို့ကိုယ်ပိုင်အလုပ်လို့ သဘောထားပြီးတော့ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား တရားဟောဖို့အချိန်ရောက်လာပြန်ပြီ။

ဘုန်းကြီးတို့ စကားတစ်ခုရှိတယ်။ **"အမှားတွင်ဒိဋ္ဌိ၊ အရှားတွင်သာသနာ"**တဲ့။ အရှားတွင်သာသနာဆိုတဲ့ စကားလေး စဉ်းစားရအောင်။

ဘုန်းကြီးတို့ပိဋကတ်စာပေမှာ ဥပမာပေးထားတဲ့စကားက **"ဥဒုမ္ဗရိယ ပုပ္ဖံဝ"**- ရေသဖန်းပွင့်လိုပဲတဲ့။ သဖန်းပင်ဟာ အပွင့်မရှိပဲနဲ့ အသီးသီးတဲ့အမျိုးကို။ ရေသဖန်းပွင့်ရှာလို့ မရသလို၊ သာသနာကလည်း ရဖို့ခက်တယ်တဲ့။

**"စန္ဒမှိသသကံယထာ"**- လဝိမာန်မှာ ယုန်ရေးတံဆိပ် ရှားပါးသလို၊ သာသနာတော်ကလည်း ရှားပါတယ်။ မြတ်စွာဘုရားလဲ ရှားပါတယ်။

**"ဝါယသာနံ ယထာခီရံ"**- ကျီးကန်းတို့ရဲ့ နို့ရည်ရှားပါးသလို၊ သာသနာလည်း ရှားပါတယ်။ ဘုရားလဲ ရှားပါတယ်။

စဉ်းစားပြီးကြည့်လိုက်တော့ ကမ္ဘာ့နိုင်ငံကြီးတွေ၊ နိုင်ငံကြီးတွေ ထင်ရှားတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေဟာ (၁၈၀)ကျော် (၁၉၀)လောက်ရှိတယ်။ နိုင်ငံရယ်လို့ သတ်သတ်မှတ်မှတ် စုပေါင်းနေထိုင်တဲ့ နိုင်ငံပေါင်း (၁၉၀) လောက်ရှိတော့ အဲဒီနိုင်ငံတွေတိုင်းမှာ သာသနာမရှိပါ။ သာသနာ ဆိုတာ ဘာလဲလို့ဆိုတော့ အဆုံးအမ၊ အဲဒီ အဆုံးအမက (၃)မျိုး ရှိတာကိုး။

**နံပါတ် (၁)** အဋ္ဌကထာနှင့်တကွ ပါဠိတော်များ ဘုရားရှင်ဟောတော်မူတဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်များ။

http://www.dhammadownload.com



နိုင်ငံပေါင်း (၁၈၀)ကျော်ရှိတာထဲက (၅)နိုင်ငံမှ အနိုင်နိုင်ပါပဲ။ အဲဒီ (၅)နိုင်ငံထဲတောင်မှ ဘုရားတရားတော်တွေ သင်ဟောပို့ချနေတဲ့ နိုင်ငံက (၅)နိုင်ငံ ရာနှုန်းပြည့်မဟုတ်တော့ပါဘူး။

နံပါတ် (၂) ပဋိပတ္တိသာသနာခေါ်တဲ့ သီလကျင့်စဉ် ဓူတင်အကျင့်၊ သမထ ဝိပဿနာတရား ကျင့်စဉ်တွေ အဲဒီကျင့်စဉ်တွေက ပဋိပတ္တိသာသနာ။

ဒီကျင့်စဉ်တွေအတိုင်း သီလကျင့်စဉ် ရဟန်းတော်များသီလ၊ လူ့သီလ အဲဒီသီလအမျိုးမျိုး၊ သမထဘာဝနာအမျိုးမျိုး၊ ဝိပဿနာအမျိုးမျိုး ဓူတင်အကျင့်တွေကို ကျင့်ကြပြီးတော့ လိုက်နာပြီးတော့နေတဲ့ နေရာနိုင်ငံဟာ နည်းနည်းလေးရှိပါတယ်။

သာသနာထွန်းကားပါတယ်ဆိုတဲ့ ဘုန်းကြီးတို့မြန်မာနိုင်ငံမှာလည်း ကြည့်ဦး။ ဒီပဋိပတ္တိကျင့်စဉ်တွေ၊ သီလကျင့်စဉ်တွေ၊ ဓူတင်ကျင့်စဉ်တွေ၊ သမထဝိပဿနာကျင့်စဉ်တွေ ကျင့်ကြံကြိုးကုတ် များများအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရဟန်းတော်များ၊ ရှင်သာမဏေများ၊ သာသနာ့အနွယ်ဝင်သီလရှင်များ၊ လူသူတော်စင်များ ရှိတယ်။

ရှိတဲ့လူဦးရေနဲ့စာလို့ရှိရင် လူဦးရေ (၅၀)သန်းလောက်ရှိတော့ ပဋိပတ္တိသာသနာ့ဝန်ထမ်း အကျင့်စခန်းဝင်သူ နည်းနည်းပဲရှိပါတယ်။

စောစောကပြောတဲ့ ဘုန်းကြီးတို့သာသနာထွန်းကားပါတယ်ဆိုတဲ့ မြန်မာနိုင်ငံမှာပင် ပရိယတ္တိသာသနာ့ဝန်ထမ်း၊ ပိဋကတ်တော်တရားတော်ကို သင်ဟောပို့ချ လေးစားနာယူနေတာဟာ တကယ်တမ်းကျတော့ နည်းနည်းလေးပါ။

ပဋိပတ္တိသာသနာ့ဝန်ထမ်းကျတော့ ပိုပြီးရှားပါတယ်။ အဲဒီတော့ **"အမှားတွင်ဒိဋ္ဌိ၊ အရှားတွင်သာသနာ"**ဆိုတာ မှန်တယ်။ အခြေခံသာသနာဖြစ်တဲ့ ပရိယတ္တိရယ်၊ ပဋိပတ္တိသာသနာရယ် (၂)ခု အခြေခံပြီးမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာ ရမှာပါ။

http://www.dhammadownload.com



နံပါတ် (၃) ဒီပဋိဝေဓသာသနာကတော့ ကွယ်သလောက် ဖြစ်နေပြီ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တို့ဟာ အသံပဲကြားရသလိုပါပဲ။ ဒီအခွင့်အလမ်းရဖို့ကျတော့ အကြောင်းသာသနာတွေ ပြည့်စုံပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာတော်ကြီး လက်ကိုင်ရရှိဖို့ အင်မတန်ခက်ပါတယ်။

အရှေ့မိုးကုတ်ကုတ်၊ အနောက်မိုးကုတ်ကုတ် ထမင်းထုတ်နဲ့ လိုက်ရှာတာတောင်မှ ယခုလို အခြေခံသာသနာတော် (၂)ရပ် အထိမ်းအမှတ် ပြည့်ပြည့်စုံစုံတွေ့ရဖို့ တော်တော်ခက်ပါတယ်။ ဒါကြောင့် **"အမှားတွင် ဒိဋ္ဌိ၊ အရှားတွင် သာသနာ"**လို့ ဆိုတာပါ။

အမှားတွင်ဒိဋ္ဌိဆိုတာ အမြင်မှားခြင်းပါပဲ။ အဲဒီအမြင်မှားမှုဟာ ဘုန်းကြီးတို့ ဆုတောင်းနေကြတယ်။ ဗျသနငါးပါးတို့မှ လွတ်ကင်းပါရစေတဲ့။

## သီလနှင့်အယူပျက်စီးခြင်း

ဗျသနဆိုတာ ပျက်စီးခြင်း။ ပျက်စီးခြင်းဆိုတဲ့ နေရာမှာ ဉာတိဗျသန- ဆွေတွေမျိုးတွေ ပျက်စီးခြင်း၊ ဘောဂဗျသန- စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ရောဂဗျသန- အနာရောဂါဖိစီးနှိပ်စက်၍ ပျက်စီးခြင်း၊ သီလဗျသန- သီလပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန- အယူပျက်စီးခြင်း။

အဲဒီ ဗျသနငါးမျိုးက လွတ်ကင်းပါရစေ ဆုတောင်းနေကြတယ်။ မလွဲသာ မရှောင်သာလို့ ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသနတွေနဲ့ တွေ့ကြုံဆုံစည်းရသော်လဲပဲ ခန္ဓာကိုယ်ပြိုကွဲလို့ သေပွဲဝင်ကြတဲ့အခါ ဒီဗျသနသုံးမျိုးကြောင့် ဒုဂ္ဂတိဘုံဘဝ မရောက်နိုင်ပါဘူးတဲ့။

သီလဗျသနခေါ်တဲ့ သီလပျက်စီးခြင်း၊ ဒိဋ္ဌိဗျသနခေါ်တဲ့ အယူပျက်စီးခြင်း၊ အဲဒီ (၂)မျိုးကြောင့်တော့ သတ္တဝါများဟာ ခန္ဓာကိုယ်

http://www.dhammadownload.com



ပြိုကွဲပြီး သေပွဲဝင်ကြတဲ့အခါ အပါယ်ဒုဂ္ဂတိ ရောက်နိုင်တယ်။

ဒိဋ္ဌိဗျသန- အယူပျက်စီးတယ်၊ အယူပျက်စီးတော့ သီလ ဆောက်တည်ဖို့ မလွယ်ဘူး။ ဒါနပြုဖို့လဲ မလွယ်ဘူး။ ဘာဝနာပွားဖို့လဲ မလွယ်ဘူး။

အဲဒီတော့ အယူပျက်စီးမှုဟာ မိစ္ဆာဒိဋ္ဌိကြီး။ မိစ္ဆာဒိဋ္ဌိကြီး (၃)ပါး၊ ဗြဟ္မဇာလသုတ်မှာလာတဲ့ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး၊ အဲဒီ ဒိဋ္ဌိတွေ အသာထား ပါတော့။

ကံ,ကံ၏အကျိုးအပြစ်ကို ယုံကြည်တယ်။ ကုသိုလ်ကံရဲ့အကျိုး ကို ယုံကြည်တယ်။ အကုသိုလ်ကံရဲ့ အပြစ်ကို ယုံကြည်တယ်။ ကမ္မဿကတဉာဏ် အလင်းဓာတ်။

ဒီအလင်းဓာတ်တောင်မှ မရတဲ့ ကမ္ဘာသူကမ္ဘာသားတွေဟာ ဒုနဲ့ဒေးပဲ။ ဟော- သက္ကာယဒိဋ္ဌိဆိုတဲ့ ဒီအမြင်မှားကြီးကတော့ တစ်ကမ္ဘာလုံး ကမ္ဘာ့လူထုအားလုံးနီးပါးဟာ သက္ကာယဒိဋ္ဌိနဲ့ စခန်းသွားနေတာ။

ထင်ရှားရှိတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့အပေါ်မှာ ထင်ရှားမရှိတဲ့ ငါသူတင်စားပြီးတော့ အမြင်မှားပြီးတော့ နေကြတော့ သက္ကာယဒိဋ္ဌိတွေ ဟာ အားလုံးလောက်ဘဲ။ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာလို့ပြောကြတဲ့ ပုဂ္ဂိုလ် တွေလဲပဲ ဒီသက္ကာယဒိဋ္ဌိကြီးက ရှိနေတယ်။ အခြားမိစ္ဆာဒိဋ္ဌိ မရှိသော်လဲ သက္ကာယဒိဋ္ဌိက ရှိနေတယ်။ အဲဒီ သက္ကာယဒိဋ္ဌိ ပျောက်ဖို့ တရားရှုရ တာပဲ။

ကံ,ကံ၏အကျိုးကို အမြင်မှန်ရရှိတဲ့ သမ္မာဒိဋ္ဌိ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုးအကြောင်း (၁၀)မျိုးနဲ့ ပတ်သက်ပြီးတော့ သမ္မာဒိဋ္ဌိ ဖြစ်ပေါ် လာကြပြီ။ အခြေခံသမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာတွေ ရနေကြပြီ။

## သက္ကာယဒိဋ္ဌိပျောက်တဲ့နည်း

ဟောဒီသက္ကာယဒိဋ္ဌိကတော့ မပျောက်နိုင်ကြဘူး။ သက္ကာယ ဒိဋ္ဌိ ဘယ်နည်းနဲ့ ပျောက်နိုင်မလဲဆိုတော့-

http://www.dhammadownload.com



"နာမရူပဝဝတ္ထာနေနသင်္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ"။

နာမ်ရုပ်တို့ကို ပိုင်းခြားပြီးသိမြင်နိုင်မှ သက္ကာယဒိဋ္ဌိ ပယ်နိုင်ပါတယ်။ နာမ်ရုပ်တွေကို ပိုင်းခြားနိုင်အောင်လို့ဆိုပြီးတော့ ယခုသမာဓိရအောင် အားထုတ်နေကြတာပါပဲ။

"သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"

သမာဓိလေး တည်ကြည်လာရင် စိတ်စင်ကြယ်တယ်။

"စိတ်စင်ကြယ်သွား၊ ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ"

စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်လို့ သန့်ရှင်းစင်ကြယ်သွားပြီဆိုရင် ရုပ်နာမ်ကိုပိုင်းခြားပြီး သိနိုင်ပါပြီ။

ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိနိုင်ပါပြီ။ အဲဒီလိုရုပ်နာမ်တွေ ပိုင်းခြားခွဲခြားပြီး သိမြင်မှ သက္ကာယဒိဋ္ဌိ ပျောက်နိုင်ပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိချုပ်ငြိမ်းရာ အငြိမ်းဓာတ် နိဗ္ဗာန်ကို အရိယာအရှင်မြတ်များက မြတ်နိုးကြတယ်။

ပုထုဇဉ်များကတော့ တစ်ကမ္ဘာလုံး၊ ကမ္ဘာသူကမ္ဘာသားတွေအားလုံး ပုထုဇဉ်ဘဝမှာ စုနေကြတဲ့၊ လူ့လောက, နတ်လောကမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ အာရုံ (၅)ပါးကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ သတ်မှတ်ပြီးတော့ ဒီအာရုံ (၅)ပါးကိုပဲ ရှာဖွေနေကြတယ်။

ကိလေသာအရှုပ်အထွေး ငြိမ်းတော်မူကြတဲ့ အရိယာအရှင်မြတ်ကြီးတွေက စောစောကပြောတဲ့ သက္ကာယဒိဋ္ဌိကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုမှ ချမ်းသာလို့သတ်မှတ်ကြတယ်။

http://www.dhammadownload.com



**အမြင်နှစ်ဝ ယှဉ်မရ**

ပုထုဇဉ်တို့ရဲ့ အမြင်နဲ့ အရိယာတို့ရဲ့အမြင် မတူကြဘူး။

**သဒေဝကဿ လောကဿ၊**

**ဧတေဝါ သုခသမ္မတာ။**

**ယတ္ထ စေတေ နိရုဇ္ဈန္တိ၊**

**တံ တေသံ ဒုက္ခသမ္မတံ။**

သဒေဝကဿ- နတ်နှင့်တကွသော၊ လောကဿ- တဏှာပူးဝင် ပုထုဇဉ်ဟု ဉာဏ်မြင်မှားသူ နတ်နှင့်လူသည်၊ ဧတေ- ရူပသဒ္ဒစသည့်မျိုးစုံ အာရုံငါးပါးတို့ကို၊ သုခသမ္မကာ- ချမ်းသာဟုပင် အမြင်မှားလတ် သမုတ်ကြလေကုန်၏။

တဏှာပူးဝင် ပုထုဇဉ်တွေက အာရုံငါးပါးတွေကိုပဲ ချမ်းသာတယ်။ ဒီအာရုံငါးပါးပဲ ရှာဖွေနေကြတယ်။ အာရုံငါးပါးကိုပဲ ရဖို့ကြိုးစားကြတယ်။

ယတ္ထ- အကြင်နိဗ္ဗာနဓာတ်တရားမြတ်၌၊ ဧတေ- ရူပသဒ္ဒစသည်မျိုးစုံ အာရုံငါးပါးတို့သည်၊ နိရုဇ္ဈန္တိ- လုံးဝရုတ်သိမ်းချုပ်ငြိမ်းကြလေကုန်၏။ တံ- ငြိမ်းအေးရာမှန် ထိုနိဗ္ဗာန်ကို၊ တေသံ- တဏှာပူးဝင် ပုထုဇဉ်ဟု ဉာဏ်မြင်မှားသူ နတ်လူတို့သည်၊ ဒုက္ခသမ္မတံ- ချမ်းသာဟုပင် မှန်မမြင်ဘဲ ဆင်းရဲဟုသမုတ်ကြလေကုန်၏။

အရိယာအရှင်မြတ်ကြီးမှာတော့ အဲဒီအာရုံတွေကို ဒုက္ခလို့ သတ်မှတ်ကြတယ်။ အငြိမ်းဓာတ်ဖြစ်တဲ့ နိဗ္ဗာန်ကိုတော့ ပုထုဇဉ်တွေက ချမ်းသာလို့မမြင်ပဲ ဆင်းရဲလို့ မြင်တတ်ပါတယ်။

ဒါဖြင့် အရိယာပုဂ္ဂိုလ်တွေက ဘယ်လိုမြင်သလဲဆိုတော့ ပုထုဇဉ်တွေနဲ့ မတူဘူး။ အရှေ့သွားတဲ့လူနဲ့ အနောက်သွားတဲ့လူလို ကျောချင်းကပ်ပေး ပြေးသလို ဆန့်ကျင်ဘက်မြင်ကြတယ်။

**သုခံဒိဋ္ဌ မရိယေဟိ၊**

**သက္ကာယဿ နိရောဓနံ။**

http://www.dhammadownload.com



အရိယေဟိ- ကိလေသာကင်းကြကုန်သော အရိယာရှင်မြတ်တို့သည်၊ သက္ကာယဿ- ဥပါဒါန်နယ် တွယ်ရာအကြောင်း ငါးပါးအပေါင်း၏၊ နိရောဓနံ- ချုပ်ငြိမ်းရာမှန် နန်းနိဗ္ဗာန်ကို၊ သုခံ- ချမ်းသာအစစ် ဧကန်ဖြစ်၏ဟူ၍၊ ဒိဋ္ဌံ- ကောင်းစွာမြင်ကြလေပြီ။

အရိယာအရှင်မြတ်ကြီးတွေကတော့ ခန္ဓာငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ တစ်နည်းအားဖြင့် ဒုက္ခသစ္စာရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ချမ်းသာတယ်လို့ အဲဒီလို မြင်ကြတယ်။

အမြင်ချင်းက မတူကြဘူး။ ပုထုဇဉ်တို့ရဲ့ အမြင်နဲ့ အရိယာတို့ရဲ့ အမြင်ဟာ-

**ပစ္စနီက မိဒံဟောတိ။**

**သဗ္ဗလောကေန ပဿတံ။**

ဣဒံ- အငြိမ်းဓာတ်မှန် မြတ်နိဗ္ဗာန်ကို၊ ပဿတံ- မြင်ကြကုန်သော အရိယာအရှင်မြတ်တို့အဖို့၊ သဗ္ဗလောကေန- ကိလေသာဟူသလာတွေဖုံး တစ်လောကလုံးနှင့်၊ ပစ္စနီက- မုချဆန့်ကျင် ပြောင်းပြန်ပင်၊ ဟောတိ- အမြင်နှစ်ဝ ယှဉ်မရပဲ မုချမသွေ ဖြစ်ရပေသတည်း။

အငြိမ်းဓာတ်နိဗ္ဗာန်ကို မြင်ကြတဲ့ အရိယာသူတော်ကောင်းတို့ဟာ ပုထုဇဉ်တို့နဲ့ ဆန့်ကျင်တယ်၊ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ အမြင်ချင်းမတူကြဘူး။

ကိလေသာကင်းစင်တော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာပေါင်း သူတော်ကောင်းတို့ကတော့ ဥပါဒါနက္ခန္ဓာအပေါင်း ခန္ဓာငါးပါးအပေါင်း၏ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကိုမှ ချမ်းသာတယ်လို့ မြင်တော်မူကြတယ်။

အငြိမ်းဓာတ်နိဗ္ဗာန်ကို ချမ်းသာတယ်လို့ မြင်ကြတဲ့ အရိယာအပေါင်း သူတော်ကောင်းတို့ကား လောကသားတွေနဲ့ တကျောပူးဝင် ပုထုဇဉ်ခေါ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆန့်ကျင်ဘက်ပြောင်းပြန် မြင်တော်မူကြတယ်။

http://www.dhammadownload.com



ယနေ့ တရားဘာဝနာမှာ များနေကြတဲ့ ယောဂီသူတော်စင်တွေကတော့ ပုထုဇဉ်တွေမြင်နေကြတဲ့ အာရုံငါးပါး ရုပ်တရားတွေကို ဒုက္ခလို မြင်ပြီးတော့ အရိယာသူတော်စင်တို့ နှစ်သက်ရာ၊ ချုပ်ငြိမ်းရာဖြစ်တဲ့ ဒုက္ခချုပ်ရာဖြစ်တဲ့ ဒုက္ခတွေဇာတ်သိမ်းပြီး နှုတ်ခမ်းသိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ချမ်းသာတယ်လို့ ထင်မြင်ယူဆပြီးတော့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ ခိုအောင်းရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်တဲ့ မဂ္ဂင်ရှစ်အင်လမ်းစဉ်များ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးနေကြတော့-

ထိုဘုရားမြတ်စွာ ပစ္စေကာနှင့်အရိယာအပေါင်း သူတော်ကောင်းတို့ ကိန်းအောင်းရာ အမှန်မြတ်နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သောသီလလမ်းစဉ်၊ သမာဓိလမ်းစဉ်၊ ပညာလမ်းစဉ်၊ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် မိမိတို့လိုအပ်တဲ့ ပန်းတိုင်ကြီးသို့ရောက်အောင် ကောင်းမြတ်ထက်သန်တဲ့ လုံ့လဝီရိယဖြင့် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စတုတ္ထနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၄)ရက်နေ့။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဝိပဿနာဒီပနီ ဓမ္မာရုံကြီးတွင် တရားဘာဝနာ ကျင့်ကြံပွားများ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အား တရားဒေသနာအနေအားဖြင့် ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်က ဟောကြားထားတဲ့ဒေသနာများကို ဖေါက်သည်ချပြီး ပြန်လည်ဟောကြားကြရတယ်။

## အရှုပ်ရှင်းတဲ့နည်း

ကမ္ဘာကြီးတစ်ခုလုံး လူတွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေရော ရှုပ်ကြထွေးကြတဲ့ နေရာမှာ (၆)မျိုးထက် မပိုပါဘူး။

## ဝတ္ထု (၆)မျိုး၊ အာရုံ (၆)မျိုး

အာရုံ (၆)ပါးထက် ပိုပြီးတော့ ခံစားနိုင်တယ်ဆိုတာလဲ မရှိပါဘူး။ အဲဒီအာရုံဆိုတာ ဝတ္ထုရှိမှ ဝတ္ထုလို့ခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)မျိုး အခြေခံပြီးမှ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံခေါ်တဲ့ အာရုံ (၆)မျိုး။

အဲဒီလို ဝတ္ထု (၆)မျိုးနဲ့ အာရုံ (၆)မျိုး နှစ်ပါးကြုံမှသာလျှင် မြင်သိစိတ်တွေ၊ ကြားသိစိတ်တွေ၊ နံသိစိတ်တွေ၊ စားသိစိတ်တွေ၊ ထိသိစိတ်တွေ၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်ပြီးတော့ သဘောကျရင်ကျသလို၊ သဘောမကျရင် မကျသလို ရှုပ်ကြ၊ ထွေးကြတယ်။

**"ဝတ္ထုအာရုံ နှစ်ပါးကြုံတိုင်း၊ ထုံတလဲလဲ ရေယဉ်ဝဲသို့ ဖြစ်မြဲနိစ္စ၊ စိတ္တနိယံ၊ ကြောင်းခံကျိုးတည့်၊ ပစ္စည်းပစ္စုပ်၊ ကြိုးနှယ်ရှုပ်၏"**။

ရှုပ်ထွေးနေတဲ့ ကြိုးများလိုပဲ ပစ္စည်းအကြောင်းတရား ပစ္စုပ္ပန်အကျိုးတရားတွေ၊ အကြောင်းတရား၊ အကျိုးတရားတွေ ရှုပ်ထွေးပြီးနေလိုက်တာ ဝတ္ထုနဲ့အာရုံ ဆုံစည်းလာလို့ရှိရင် "ဝတ္ထုအာရုံ နှစ်ပါးကြုံတိုင်း၊

http://www.dhammadownload.com



ထုံတလဲလဲ၊ ရေယဉ်ဝဲသို့" ရေဝဲလေးလိုပါပဲ။

အဲဒီအရှုပ်အထွေးကို ဘယ်သူရှင်းနိုင်သလဲလို့ သိလိုတဲ့ နတ်သားတစ်ယောက်က-

"အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာပဇာ၊

တံတံ ဂေါတမံ ပုစ္ဆာမ၊ ကောဣမံ ဝိဇဋယေ ဇဋံ"

ဘောဂေါတမ- ဂေါတမနွယ်ဖွား အိုမြတ်စွာဘုရား၊ ပဇာ- သတ္တဝါအပေါင်းသည်။ အန္တောဇဋာ- အတွင်းရှုပ်၍နေပါ၏။ ဗဟိဇဋာ- ပြင်ပကလဲ ရှုပ်၍နေပါ၏။ ပဇာ- သတ္တဝါအပေါင်းသည်၊ ဇဋိတာ- အတွင်းရှုပ် အပြင်ရှုပ် ရှုပ်ထွေး၍နေပါ၏။ တံ- ထိုပြဿနာကို၊ တံ- ထိုအတွင်းရှုပ် အပြင်ရှုပ် ရှုပ်ထွေးနေတဲ့ပြဿနာကို၊ တံဂေါတမံ- ထိုအရှင်ဂေါတမကို၊ ပုစ္ဆာမ- သံသယကြေအေး သိလိုရေးနှင့် မေးမြန်းပါရစေကုန်ဘုရား။ ကော- အဘယ်သူသည်၊ ဣမံဇဋံ- ဤအရှုပ်အထွေးကို၊ ဝိဇဋယေ- ဖြေရှင်းနိုင်ပါသနည်း။

ဂေါတမမြတ်စွာဘုရား ဤလောကဓာတ်ကြီးမှာ လောကသား အားလုံးဟာ၊ သတ္တဝါအားလုံးဟာ အတွင်းရှုပ် အပြင်ရှုပ်တွေနဲ့ ရှုပ်ထွေး နေပါတယ်ဘုရား။ ထိုရှုပ်ထွေးနေတဲ့ ကွန်ယက်ကို အဘယ်ပုဂ္ဂိုလ်များ ဖြေရှင်းပေးနိုင်ပါသလဲဘုရား။

ဟော- စက္ခုစသည်၊ အဆင်းစသည် အာရုံတွေ ဆုံကြတော့ အကြောင်းရယ်၊ အကျိုးရယ်၊ ပစ္စည်းရယ်၊ ပစ္စုပ္ပန်ရယ်၊ မြင်သိစိတ်တွေ၊ ကြားသိစိတ်တွေ၊ နံသိစိတ်တွေ၊ စားသိစိတ်တွေ၊ ထိသိစိတ်တွေ၊ တွေးကြံသိစိတ်တွေ ဖြစ်ပေါ်လာရာကနေပြီးတော့ သဘောကျတော့ အဘိဇ္ဈာလောဘ၊ အဘိဇ္ဈာ- လိုချင်မှုဖြစ်လာတော့ ရှာဖွေတယ်။ ရှာဖွေတော့ရတယ်။ ရတော့ သိမ်း ဆည်းတယ်။ သိမ်းဆည်းတော့ နှမြောတယ်။ နှမြောတော့ စောင့်ရှောက်တယ်။ တုတ်၊ ဓားလက်နက်ကို ကိုင်တယ်၊ ကြမ်းတမ်းပြောတယ်။ အဲဒီလိုနဲ့ သဘောမကျတော့ စစ်ပွဲကြီး စစ်ပွဲသေး ဖြစ်တာပါပဲ။ ဒေါမနဿ- စိတ်မသက်သာဖြစ်လာကြတယ်။

http://www.dhammadownload.com



အဲဒီလို လောဘတွေ၊ ဒေါသတွေ ဖြစ်ပေါ်နေရာကနေပြီးတော့ အဲဒီလောဘ၊ ဒေါသရဲ့ အခိုးအငွေ့တွေက လွှန်ကဲပြီးတော့ လာတဲ့အခါ ကျတော့ လောကကြီးဟာ မငြိမ်မသက်ဖြစ်လာတယ်။ မငြိမ်မသက် ဖြစ်လာတော့ မငြိမ်းနိုင်ဘူးပေါ့။

အဲဒီ အရှုပ်အထွေးကို အတွင်းရှုပ်၊ အပြင်ရှုပ် ထွေးလုံးရစ်ပတ် ဖြစ်နေကြတာတွေကို မည်သူရှင်းနိုင်မှာလဲ ဘုရား။

အဲလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

**"သီလေ ပတိဋ္ဌာယ၊ နရော သပညော၊**
**စိတ္တံ ပညဉ္စ ဘာဝယံ၊**
**အာတာပီ၊ နိပကော ဘိက္ခု၊**
**သော ဣမံ ဝိဇဋယေ ဇဋံ။**

သပညော- ပညာရှိသော၊ နရော- ရဟန်းရှင်လူသည်၊ သီလေ- အကျင့်သီလ၌၊ ပတိဋ္ဌာယ- တည်၍၊ စိတ္တဉ္စ- စိတ်ကိုလည်းကောင်း၊ ပညဉ္စ- ပညာကိုလည်းကောင်း၊ စိတ္တဉ္စ- စိတ်ခေါ်တဲ့သမာဓိတရားကို လည်းကောင်း၊ ပညဉ္စ- ဝိပဿနာပညာကိုလည်းကောင်း၊ ဘာဝယံ- ဘာဝယန္တော- ပွားလျှက်၊ အာတာပီ- ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော၊ နိပကော- ရင့်သောပညာရှိသော သူသည် အမျိုးကောင်း သား အမျိုးကောင်းသမီး ယောဂီသူတော်စင်သည်၊ ဣမံ ဇဋံ- တစ်လောကလုံး ဤအရှုပ်အထွေးကြီးကို၊ ဝိဇဋယေ- ဖြေရှင်းနိုင်ပေ၏။

ဒီအရှုပ်အထွေး ဘယ်သူဖြေရှင်းနိုင်မလဲ။ ကမ္ဘာကြီးတစ်ခုလုံး ငြီးနေကြတာ။ ရှုပ်ထွေးတာကလဲ မြင်သိစိတ်တွေ အခြေခံပြီး ရှုပ်ထွေး တယ်။ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်။ ဒီသိစိတ်တွေနဲ့ ရှုပ်ထွေးနေလိုက်တာ။ စစ်မီးကြီးတွေ တောက်သည် အထိ ရှုပ်ထွေးကြတယ်။

ဒီပြဿနာဘယ်လိုရှင်းမလဲ ဆိုပြီးတော့ ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်တွေ တစ်ထောင်ကျော်လောက်။ နယူးယောက်မြို့

http://www.dhammadownload.com



ကုလသမဂ္ဂ အဆောက်အအုံကြီးမှာ လေးရက်တိုင်တိုင် ဆွေးနွေးနေကြတယ်။ အဖြေထွက်ဖို့ မလွယ်ဘူး။

ဘုန်းကြီးတို့ ဘုရားကတော့ ဒီအရှုပ်အထွေးတွေကို တစ်ဦးတစ်ယောက်ရဲ့ အရှုပ်အထွေးအများရဲ့ အရှုပ်အထွေး ရှင်းလင်းတဲ့ နည်းတွေကို ပြပြီးတော့ထားခဲ့တယ်။

သီလလုံခြုံတယ်၊ သမာဓိပွားများမယ်။ စိတ်ကလေးကို ဆုံးမမယ်။ ဝိပဿနာကို ပွားများမယ်ဆိုရင် ဒီအရှုပ်အထွေးကို ကျော်လွှန်နိုင်ပါတယ်။ ကျော်လွှန်တဲ့နည်းကတော့ ဒီနည်းပဲ။ ဒီနည်းကို ဗုဒ္ဓဘာသာဘက်က တင်ပြရင်ကောင်းပေမယ့် လက်ခံကြမှာ မဟုတ်ဘူး။

သီလဆိုတာ ကာယကံ၊ ဝစီကံ ထိန်းသိမ်းမှုကိုး။ သမာဓိဆိုတာ စိတ်တည်ကြည်အောင် ပြုလုပ်တဲ့ကိစ္စကိုး။ ပညာဆိုပြန်တော့ အများသိ သမ္မုတိနယ်က ကျော်လွှန်ပြီး ထင်ရှားရှိပရမတ်နယ်ပယ်မှာသိတဲ့ အသိဉာဏ်မျိုး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် သူသိ၊ ငါသိ၊ ကမ္ဘာသိကို ကျော်လွှန်ပြီးတော့ ဝိ=ထူးထူးခြားခြား၊ ပဿနာ=မြင်တာ ထူးထူးခြားခြား မြင်တာ သာမန်မြင်တာ မဟုတ်ဘူး။

ဒါကြောင့် ဘုရားရှင်ရဲ့ ရွှေနှုတ်တော်ထွက် စကားတော်က-

**သီလေ ပတိဋ္ဌာယ နရော သပညော၊**

**စိတ္တံ ပညဉ္စ ဘာဝယံ၊**

**အာတာပီ နိပကော ဘိက္ခု၊**

**သော ဣမံ ဝိဇဋယေ ဇဋံ။**

ဟော- တစ်ဦးတစ်ယောက်မှာဖြစ်စေ၊ လူတစ်စုမှာဖြစ်စေ၊ တစ်ရပ်ကွက်၊ တစ်မြို့နယ်၊ တစ်နိုင်ငံလုံး လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက အရှုပ်အထွေးမှန်သမျှ ဒီ (၆)မျိုးထက် ပိုပြီးတော့ မရှုနိုင်ကြပါဘူး။

http://www.dhammadownload.com



သူ့ကို ခွဲခြားမယ်ဆိုရင်တော့ ဝတ္ထု(၆)မျိုး၊ မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အကြည်(၆)မျိုး။ အတွင်းအာယတန (၆)မျိုး။

အာရုံဘက်ကလည်း(၆)မျိုးပဲ။ အပြင်အာယတန (၆)မျိုး၊ အဲဒီလို အကြောင်းတွေ၊ အဲဒီဝတ္ထုနဲ့ အာရုံ(၆)မျိုး အခြေခံပေါ်လာတဲ့ ဝိညာဏ်(၆)မျိုးပါ၊ အခံဓာတ်၊ အတိုက်ဓာတ်၊ အရိုက်ဓာတ် အဲဒီလို အခံဓာတ်၊ အတိုက်ဓာတ်၊ အရိုက်ဓာတ်တွေကို အခြေခံပြီးတော့ ပေါ်လာတဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်တွေပါ၊ ထွက်လေ ဝင်လေကိုရှုမှတ်တော့ နှာသီးဖျားမှာ တိုးပြီးတော့ ထွက်ဝင်သွားတယ် နှာသီးဖျားဆိုတဲ့ ကိုယ်ကာယပသာဒ၊ အကြည်ဓာတ်။

အဲဒါလေးကို ဖောဋ္ဌဗ္ဗာရုံ ဝါယောဓာတ် ထွက်လေဝင်လေက တိုးထွက်တိုးဝင်တော့ သိတဲ့စိတ်ကလေး ပေါ်လာတယ်။ (ဝိညာဏ်)ထိသိစိတ်ကလေး သူ့ဟာသူအကြောင်းမဲ့ဖြစ်တာမဟုတ်ဘူး။ ဝတ္ထုနဲ့ အာရုံ နှစ်ပါးဆုံလို့ ထိသိစိတ်ကလေး ဖြစ်ပေါ်တယ်။

အဲဒီ ထိတာရယ်၊ သိစိတ်ကလေးရယ်ကို ခွဲခြားပြီး သိနိုင်မြင်နိုင်တဲ့ ဉာဏ်ရောက်တော့ ဝိပဿနာအဆင့်ကို ကူးသွားတာ အဲ့ဒါကို ဘုရားရှင်က-

**"ကာယဉ္စပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိကာယ ဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော"**

ကာယပသာဒရယ် ဖောဋ္ဌဗ္ဗာရုံရယ်၊ (ဝါယော ထွက်လေပါ ဝင်လို့)ဆုံတော့ သိလိုက်တဲ့အခါကြတော့ ကာယဝိညာဉ် ဖြစ်ပေါ် လာတယ်။

အဲဒါကို အခြေခံပြီးတော့ ဖဿဖြစ်တယ် ဝေဒနာဖြစ်မယ် ခံစား စံစား၊ဝေဒနာကနေ တဏှာဖြစ်မယ်၊တဏှာကနေ ဥပါဒါန် ဥပါဒါန်က နေပြီးတော့ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ အဲဒီကို သွားတာကိုး။

http://www.dhammadownload.com



ဟိုဘက်(တဏှာဘက်)မရောက်အောင် ရှုပွားကြရတယ်။ သူ့သဘာဝအတိုင်း ဝေဒနာဘက် ရောက်သွားသော်လည်းဘဲ တဏှာဘက်မရောက်အောင် ဝိပဿနာဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပြီးတော့ အမှန်အတိုင်းမြင်အောင် ရှုကြပွားကြရတာပဲ။

**ဌာနာဌာနကောသလ္လဉာဏ်**

ဒါကို အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး၊ ဌာနာဌာန ကောသလ္လဉာဏ်တဲ့။ သာမန်အားပြင့်ဆိုရင်တော့ သူမြင်တယ် ငါမြင်တယ်။ ဘုရားရှင်ကတော့ ဒီလိုမမြင်ဘူး။ မြင်သိစိတ်ကလေး ဖြစ်ပေါ်တာဟာ အကြောင်းမကင်းဘူး။ စက္ခုပသာဒ ခေါ်တဲ့ မျက်စိ အကြည်ရယ်၊ အဆင်းရူပါရုံရယ် ဆုံစည်းတဲ့အခါမှ ပေါ်လာတဲ့ မြင်သိ စိတ်ကလေးလို့ မြင်တယ်။

အဲဒါကို ပဌာန်းတရားတော်မှာ အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။ အကြောင်းဆက် အကျိုးဆက် သိနိုင်တဲ့ အားတော် ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ဘုန်းတော် (၆)စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အဲဒီလိုမြတ်စွာဘုရား ဂုဏ်တွေကို ပူဇော်ကြတဲ့နေရာမှာ-

ဘုန်းတော်(၆)စုံ တန်ခိုးဂုဏ်ဆိုတာ ဘာတွေလဲ၊ အားတော် (၁၀)တန် ဉာဏ်တော်(၁၀)ပါး ဆိုတာဘာတွေလဲ။

အဲဒီအားတော်(၁၀)တန် ဉာဏ်တော်(၁၀)ပါးထဲမှာ အကြောင်း တရားများကြောင့် အကျိုးတရားတွေဖြစ်တယ်။ ဒီအကြောင်းတွေဖြစ်လို့ ဒီအကျိုးတရားတွေ ပေါ်တယ်။ ဒီအကြောင်းတွေမဖြစ်ရင် ဒီအကျိုး တရားတွေမပေါ်ဘူး။

စက္ခုနဲ့ရူပါရုံ မဆုံခဲ့လို့ရှိရင် မြင်သိစိတ်ကလေးမပေါ်ဘူး။ တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်ကဖန်ဆင်းလို့ဖြစ်တာ မဟုတ်ပါလားလို့

http://www.dhammadownload.com



အဲဒီလို သိတဲ့ဉာဏ်တော်ကို ဌာနာဌာန ကောသလ္လဉာဏ်တော်လို့ ခေါ်ပါတယ်။

**ယေသံယေသံ ဥပ္ပါဒါယ၊**
**ယေယေအဋ္ဌာနဋ္ဌာနကံ။**
**ဇာနန္တော ဉာဏဗလေန၊**
**သီဟနာဒံ နဒီ ဇိနော။**

ဇိနော-အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာ အောင်မြင် ဘုရားရှင်သည်၊ ယေယေဓမ္မာ- ပဋ္ဌာန်းပစ္စည်း အနည်းနည်း ဖြင့် သီးသီးထွေပြား အကြင်အကြင် အကြောင်းတရားတို့သည်၊ ယေသံယေသံ ဓမ္မာနံ- ကျိုးပစ္စယုပ္ပန် အတန်တန်ဖြင့် ဖန်ဖန်ဖြစ်ပွား အကြင်အကြင် အကျိုးတရားတို့၏၊ ဥပ္ပါဒါယ န- ကိုယ်ထင်ရှားမရှိခြား လဲ အဲ့အားသင့်စရာ ထင်ရှားဖြစ်တည်ခြင်း အကျိုးငှာ၊ အဋ္ဌာနကံ- ထိုဤကြောင်းချုပ် ပေါင်းကာလုပ်လည်း သရုပ်ပေါ်ရန် အကြောင်းမမှန် ပါချေ။ ဌာနကံ- မည်သည့်ရေးရာ ပေါင်းမိကာမှ ကောင်းစွာစင်စစ် အကြောင်းဖြစ်ပါပေ၏။

စောစောကပြောတဲ့ မြင်သိစိတ်ကလေးဟာ စက္ခုပသာဒ ခေါ်တဲ့ မျက်စိအကြည်ဓာတ်ကလေးနဲ့ အဆင်းမျိုးစုံ ရူပါရုံနဲ့သာ မတွေ့ဆုံဘူးဆိုရင် အဲဒီလိုအကြောင်းတွေ မရှိခဲ့ဘူးဆိုရင် မြင်သိ စိတ်ကလေးမဖြစ်နိုင်ပါဘူးလို့သိတဲ့ အဋ္ဌာနကောသလ္လဉာဏ်။

စက္ခုပသာဒ မျက်စိအကြည်နဲ့ ရူပါရုံနဲ့ ထိခိုက်လို့ ဒီအကြောင်း တွေကြောင့် မြင်သိစိတ်ကလေးဖြစ် ပေါ်လာတာ သိတဲ့ ဌာနကောသလ္လ ဉာဏ် ပေါင်းလိုက်တော့ ဌာနာဌာန ကောသလ္လဉာဏ်တော်။

"**ဉာဏဗလေန ဌာနာဌာနကောသလ္လ**"ဟု မည်ရထင်ရှား ဉာဏ်တော်အားဖြင့်၊ ဇာနန္တော- မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ကေန်တိတိ သိရှိတော်မူသည်ဖြစ်၍၊ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ ဟောက်သို့ ရဲရဲတောက်ည် တရားတော်အသံကို၊ နဒီ- ပညာရဲရင့်

http://www.dhammadownload.com



ပွဲလယ်တင့်သို့ ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူလေသတည်း။

သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတော်ညံ တရားတော်အသံတော်ကြီးကို၊ နဒန္တံ- ပညာရဲရင့်ပွဲလယ်တင့်သို့ ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူပါပေသော ။ ဇိနံ- ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝန္ဒာမ- ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပဥ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း(၅)ရက်နေ့၊ တရားအားထုတ်နေတဲ့ယောဂီများ မိမိတို့ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ တဆင့်ချင်း တဆင့်ချင်း တက်လာလိုက်တာ သမာဓိစခန်းကနေပြီးတော့ ဝိပဿနာစခန်းရောက်လာခဲ့ပြီ။

**လက္ခဏာယဉ်ဖြင့်နိဗ္ဗာန်ပို့**

အဲဒီလိုကူးလာခဲ့တော့-

**သံသာရ စာရကံ လောကံ၊**
**နိစ္စဒုက္ခေန ပီဠိတံ။**
**နိဗ္ဗာနပုရံပါပေသိ၊**
**ယာနတ္တယေန-သောဇိနော။**
**ဧတေန သစ္စဝဇ္ဇေန**
**ဟောတုဝေါဇယမင်္ဂလံ။**

သောဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ထိုဘုရားရှင်သည်၊ နိစ္စ- အမြဲ၊ ဒုက္ခေန- ဆင်းရဲဒုက္ခသည်၊ ပီဠိတံ- ညှင်းပန်းနှိပ်စက်ခံနေရသူအပေါင်းကို၊ ယာနတ္တယေန- အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ် ယာဉ်သုံးပါးအပေါင်းဖြင့်၊ နိဗ္ဗာနနပုရံ- နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်ကြီးသို့၊ ပါပေသိ- ရောက်စေတော်မူခဲ့လေပြီ။ တံဇိနံ- အောင်သင့်အောင်ရာအဖြာဖြာကို ကောင်းစွာအောင်မြင် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝန္ဒာမ- ရှိခိုးကြပါကုန်၏။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ လက္ခဏာယာဉ်သုံးပါးဖြင့် နိဗ္ဗာန်သို့ရောက်စေတော်မူတတ် ဂုဏ်သကတ်ကို မှန်ကန်စွာပြောဆိုရသော သစ္စာစကားကြောင့်၊ ဝေါတုမှာကံ- သင်ယောဂီသူတော်စင် အပေါင်းတို့အား၊ ဇယမင်္ဂလံ-

http://www.dhammadownload.com



အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်၊ ဟောတု- မုချမသွေ ဖြစ်ပါစေသတည်း။

**အမှောင်ငါးသင်း အလင်းငါးပါး**

ယနေ့ဘုန်းကြီးတို့ ယောဂီများ အမိုက်မှောင်ကနေပြီးတော့ အလင်းရောင်ကူးပြောင်းခဲ့ကြပြီ။ အမိုက်မှောင်အဆင့်ဆင့်ရှိတယ်။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးကတော့ **"အမှောင်ငါးသင်း အလင်းငါးပါးတဲ့"**။ အမှောင်ငါးသင်း၊ အလင်းငါးပါးဆိုတာ ဘတွေလဲ။

**(၁) ကမ္မသမ္မောဟ**

ကုသိုလ်ကံ, အကုသိုလ်ကံရဲ့ အကြောင်းတရား အကျိုးတရား အဲဒါတွေကို မသိနိုင်ရင် ကမ္မသမ္မောဟ- ကုသိုလ်ကံ အကုသိုလ်ကံတိုရဲ့ အကျိုးအပြစ်ကို မသိခြင်းဆိုတဲ့ အမှောင်ကြီးထဲမှာ ရောက်နေတယ်၊

ကံကောင်းထောက်မလို့ ဘုန်းကြီးတို့တတွေဟာ ဒီမှောင်ကြီးထဲက ကမ္မသမ္မောဟခေါ်တဲ့ ကံ,ကံ၏ အကျိုးပြစ်တို့ကို မသိရှိခြင်းဆိုတဲ့ အမှောင်ကြီးထဲက မိမိတို့ရဲ့ အမိအဘ အဘိုးအဘွား ဆရာသမားများကို အမှီပြုပြီးတော့ အလိုလျှောက် တရားအားမထုတ်မီကပင် ဒီအမှောင်ကြီးထဲက ထွက်ပြီးတော့ ကမ္မဿကတဉာဏ်ခေါ်တဲ့ အလင်းရောင်ဘက်ကို ကူးပြောင်းပြီးတော့ လာနိုင်ခဲ့ပါပြီ။

ဒီကမ္မဿကတဉာဏ် အလင်းဓာတ်ကြီးဆိုတဲ့ ကံ,ကံ၏ အကျိုးကို ယုံကြည်တဲ့ ကံကံ၏အကျိုးကို သိနိုင်မြင်နိုင်တဲ့ အလင်းဓာတ်ကြီးဟာ အင်မတန် တန်ဘိုးကြီးပါတယ်။

ဒီအလင်းဓာတ်ကြီးရမှ ဘုရားအလောင်းတော်ကြီးများ ရှင်ပစ္စေက ဗုဒ္ဓါ လောင်းလျာကြီးများ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက လောင်းလျာကြီးများဟာ ပါရမီတရားများဖြည့်ကျင့်နိုင်ကြပါတယ်။

http://www.dhammadownload.com



ဒီကမ္မဿကတဉာဏ်ခေါ်တဲ့ ကံ,ကံ၏အကျိုးကို သိရှိနားလည်လက်ခံနိုင်တဲ့ ဒီအလင်းခေတ်ကြီးကို မရလို့ရှိရင်၊ တနည်းအားဖြင့် ကံ,ကံ၏အကျိုးကို မသိခြင်း လက်မခံခြင်း မယုံကြည်ခြင်းဆိုတဲ့ အမိုက်မှောင်ထဲမှာ နေမယ်ဆိုရင် ဘုရားလောင်းများ ပါရမီမဖြည့်နိုင်ကြဘူး။

ပစ္စေကဗုဒ္ဓါအလောင်းလျာများလည်း ရှင်ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်ကြပါဘူး။ အဂ္ဂသာဝက အလောင်းလျာကြီးတွေလဲ အဂ္ဂသာဝကဉာဏ်ရဘို့ မလွယ်ပါဘူး။

မဟာသာဝက၊ ပကတိသာဝက အရှင်မြတ်ကြီးတွေဟာလဲ မဟာသာဝကဉာဏ်၊ ပကတိသာဝကဉာဏ် ရဖို့မလွယ်ပါဘူး။

ဒါ့ကြောင့် ဒီအလင်းဟာလည်း အင်မတန်အရေးကြီးပါတယ်။ ကမ္မသမ္မောဟ ခေါ်တဲ့ ကံ,ကံ၏အကျိုးကို မသိခြင်း သိသော်လည်း လက်မခံခြင်း, မယုံကြည်ခြင်းဆိုတဲ့ အမိုက်အမှောင်ကြီးထဲက ထွက်ပြူပြီးတော့ လာခဲ့လို့ ကမ္မသာကတဉာဏ် အလင်းခေတ်ကြီး ရခဲ့ကြပြီ။

ဒီအလင်းခေတ်ကြီးကို သာသနာတော်ရဲ့ အလင်းခေတ်ကြီးလို့တော့ မပြောနိုင်ပါဘူး၊ သံသရာ့အလင်း, ကမ္ဘာအလင်းလို့သာ ပြောနိုင်ပါတယ်။ ဘာ့ကြောင့်? ဘုရားမပွင့်တဲ့အခါမှာလဲဘဲ ဘုရားသာသနာတော် စည်ပင်ပွင့်လင်းခိုက် မဟုတ်ချိန်မှာလဲဘဲ သူတော်ကောင်းကြီးတွေက ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေကိုပြောပြီးတော့ ကမ္မသာကတဉာဏ် အလင်းခေတ်ကြီးကို ပေးနိုင်လို့ပါပဲ။

ဒါ့ကြောင့် ဒီအလင်းခေတ်ကြီးဟာ ကမ္ဘာ့အလင်းမှန်တယ်၊ သံသရာ့အလင်းမှန်တယ်။ သာသနာတော်ရဲ့ အလင်းခေတ် မဟုတ်သေးပါဘူး။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်များ ဒီအလင်းခေတ်ကြီးကိုရရုံနဲ့ ကျေနပ်ပြီးတော့ မနေသင့်ပါဘူး။ အမြတ်အစွန်း မထွက်လှသေးပါဘူး။

http://www.dhammadownload.com



## (၂) ဓမ္မသမ္မောဟ

ရုပ်နာမ်တရားတွေနဲ့ ပတ်သက်ပြီးတော့ ဇဝေဇဝါဖြစ်ပြီးတော့ တရားနဲ့ပတ်သက်ပြီး မသိနိုင်, မမြင်နိုင်ခြင်း ဆိုတဲ့အမှောင် ဓမ္မသမ္မောဟ ဒီအမှောင်ကြီးထဲမှာ ကမ္ဘာလူထုကြီးသွားလာနေကြတာပါပဲ။ အဲ့ဒီ ဓမ္မသမ္မောဟခေါ်တဲ့ ဤကားရုပ်၊ ဤကားနာမ်၊ ဤကားဝေဒနာ၊ ဤကားသညာ၊ ဤကားဝိညာဉ်၊ အဲဒီလိုမသိရှိတဲ့ အမိုက်မှောင်ကြီး ဓမ္မသမ္မောဟလွှမ်းနေရာမှ ထွက်မြောက်လာဖို့ ဤကားရုပ်၊ ဤကား နာမ်။

ဒါကရုပ်ပဲ၊ ဒါကဝေဒနာပဲ၊ ဒါကသညာပဲ၊ ဒါကစေတနာပဲ၊ ဒါက ဝိညာဉ်ပဲ၊ အဲဒီလို ရုပ်တရား နာမ်တရားတို့ ခွဲခြားဝေဖန်ပြီးတော့ သိနိုင်တဲ့ ဓမ္မဝဝတ္ထာနဉာဏ် အလင်းဓာတ်ကြီးဆိုတာ ရှိပါတယ်။

အဲဒီအလင်းဓာတ်ကြီးရရှိပြီးဆိုရင်တော့ စောစောကပြောတဲ့ တရားအမိုက်မှောင်ဆိုတဲ့ အမိုက်မှောင်ကြီးထဲက ထွက်လာပြီ။

ဒီအလင်းဓာတ်ကိုတော့ သာသနာ့အလင်းဓာတ်ကြီးလို့ ဆိုရ တယ်။သံသရာအလင်း, ကမ္ဘာ့အလင်းကို ကျော်လွန်ခဲ့ပါပြီ။

ကမ္ဘာ့လူထုကြီးမြောက်များစွာ သန်းပေါင်း(၆၀၀၀)ကျော် ရှိသော်လည်းပဲ ဒီအလင်းဓာတ်ကို ရရှိနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ နည်းနည်းပဲ ရှိပါတယ်။

## (၃) လက္ခဏာ သမ္မောဟ

အဲဒီရုပ်နာမ် တရားဓမ္မတို့ရဲ့ အမှတ်တံဆိပ်ကြီးတွေက သုံးမျိုးစီ ရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ အမှတ်တံဆိပ်ကြီးတွေပေါ့။

အဲဒီအမှတ်တံဆိပ်ကြီးတွေကို မမြင်နိုင်ခြင်းဆိုတဲ့ အမှောင်ကြီး ထဲမှာ ရောက်ပြီးတော့နေတော့ လက္ခဏာသမ္မောဟလို့ ခေါ်တယ်။

http://www.dhammadownload.com



အဲဒီအမှတ်တံဆိပ်ကြီးများကို သိနိုင်မြင်နိုင်တဲ့ ဉာဏ်အလင်းဓာတ်ကြီးကို ရပြီဆိုတော့ လက္ခဏပဋိဝေဓဉာဏ် အလင်းဓာတ်ကြီးရပြီ။ ဒီအလင်းဓာတ်ကြီး ဝိပဿနာအားထုတ်နေတာဆိုတော့ ထိုက်တန်သလောက် ရရှိကြပြီ။

## (၄) ပစ္စယသမ္မောဟ

မိမိသန္တာန်မှာဖြစ်တဲ့ ရုပ်တရားတွေ၊ နာမ်တရားတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အချက်တွေကိုတော့ သိပါရဲ့။ သို့သော် အဲဒီတရားတို့ရဲ့ အခြေခံအကြောင်း အချက်အလက်များကို မသိဘူးဆိုရင် ပစ္စယသမ္မောဟခေါ်တဲ့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ အကြောင်းအပေါ်မှာ တွေဝေပြီးတော့ မမြင်ခြင်းဆိုတဲ့အမှောင်ကြီးထဲမှာ ရောက်နေကြပြန်တယ်။

အဲဒီအမှောင်ကြီးကို ကျော်လွန်မှ ပစ္စယပဋိဝေဓဉာဏ် အလင်းဓာတ်ရောက်တယ်။ ရုပ်တရား၊ နာမ်တရားတို့ရဲ့အကြောင်းအချက်အလက်။ အဲဒီအကြောင်းအချက်အလက်တွေကို သိနိုင်ခြင်းဆိုတဲ့ အလင်းဓာတ်ကြီး။ ဒီအလင်းဓာတ်ကြီးရဖို့ ရုပ်နာမ်တို့ရဲ့အကြောင်းကို သိအောင်လုပ်ကြရပြန်ပါတယ်။

## (၅) နိဗ္ဗာနသမ္မောဟ

အလင်းဓာတ်နိဗ္ဗာန်ကို မမြင်နိုင်ခြင်းဆိုတဲ့ အမှောင်ထုကြီး။ ဒီအမှောင်ထုကြီးထဲ သွားနေကြရတာပါပဲ။ နိဗ္ဗာန်ကိုမမြင်နိုင်ခြင်းဆိုတဲ့ အမှောင်၊ ဒီအမှောင်ထုကြီးထဲ သွားပြီးတော့နေကြရတော့ အဲဒီနိဗ္ဗာန်ကို မြင်နိုင်တဲ့ မဂ်ဉာဏ်လေးပါး ဖြစ်ပေါ်ပြီးလာမှ မဂ်ဉာဏ်ရဲ့ အကျိုးတရား ဖိုလ်ဉာဏ် ဖြစ်ပေါ်လာမှ နိဗ္ဗာနပဋိဝေဓဉာဏ်ခေါ်တဲ့ နောက်ဆုံးအလင်းဓာတ်ကြီး ရရှိကြမှာပါပဲ။

http://www.dhammadownload.com



အဲဒီတော့ အမှောင်ငါးသင်း၊ အလင်းငါးပါးဆိုတဲ့အတိုင်း၊ အမှောင်ငါးသင်း ပျောက်လို့ရှိရင် အလင်းငါးပါး ရရှိတော့တာပါပဲ။

အလင်းခတ်ရောက်ရင် အမှောင်တွေကလည်း အလိုလို ပျောက်ပြီးတော့ သွားပါတယ်။ ပထမဆုံးအမှောင်ထုကြီးကိုတော့ မိရိုးဖလာအားဖြင့် ကျော်လွှန်နိုင်ကြပြီ။

ယခု ဗုဒ္ဓဘာသာတွေ တရားအားထုတ်ကြတယ်ဆိုတာ (၂-၃-၄-၅) ဒီအမှောင်ထုကြီးလေးခုကို ကျော်လွှန်နိုင်ဖို့ပါပဲ။ အဲဒီ အမှောင်ထုကြီးတွေကို ကျော်လွှန်နိုင်ဖို့အတွက် သီလဆောက်တည်ပြီးတဲ့အခါ မိမိရဲ့စိတ်ကလေးကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်ခဲ့ကြတယ်။

"သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ"

စိတ်ကလေး တည်ကြည်ငြိမ်သက် အလှုပ်ယှက်ဘူးဆိုရင် သမာဓိ ရပြီ။ သမာဓိရတော့ စိတ်ကလေးက စင်ကြယ်တယ်။

"စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ"

အဲဒီစိတ်ကလေး စင်ကြယ်သွားတာနဲ့ ဤကားရုပ်၊ ဤကားနာမ် ပိုင်းခြားခွဲခြားပြီးတော့ သိတယ်။

အဲဒီလို ပိုင်းခြားခွဲခြားပြီး သိတဲ့အခါကြတော့ ဓမ္မဝဝတ္ထာနညာဏ် အလင်းခတ်ကြီး ပေါ်လာတယ်။ ဒီအလင်းခတ်ကြီး ပေါ်လာတာနဲ့ တပြိုင်နက်ထဲ ဓမ္မသမ္မောဟခေါ်တဲ့တရားနဲ့ ပတ်သက်တဲ့ အမှောင်ထုကြီးကို လွှန်မြောက်ပြီ။

**သမ္မသနညာဏ်**

အဲဒီတော့-

"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနညာဏ်"

http://www.dhammadownload.com



မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား၊ နာမ်တရားတို့ကို ခန္ဓာအာယတန ဓာတ်သစ္စာထဲထည့်ပြီးတော့ ကြည့်ရမယ်။ တိုက်ပြီးတော့ ကြည့်ရမယ်။

ခန္ဓာအာယတနဓာတ်သစ္စာထဲ ထည့်ကြည့်၊ ဖွဲ့ကြည့်ပြီးတော့ အမှတ်တံဆိပ် လက္ခဏာရေးသုံးပါး တင်ကြည့်ရမယ်။

**လေဓာတ်**

ဆိုကြပါစို့ စပြီးတော့ သမာဓိထူထောင်ခဲ့တဲ့ ထွက်လေဝင်လေ ဒီအခိုက်တွေမှာ တစ်ခုချင်းတစ်ခု ကျဲကျဲလေး၊ တစ်ခုပြီးတစ်ခု မမြဲတဲ့အရိပ်ကလေးတွေ ပေါ်ပေါက်ပြီးတော့ လာပါလိမ့်မယ်။

အဲဒီထွက်လေဝင်လေဆိုတာ ရုပ်၊ အဲဒီ ဝါယောရုပ်က ဘယ်လို သဘောရှိသလဲ တွန်းကန်တတ်တဲ့၊ လှုပ်ရှားတတ်တဲ့ သဘောရှိတယ်။

အဲဒီတော့ ဝါယောရုပ်ဟာ နှစ်မျိုးရှိပါတယ်၊ အတွင်းဝါယောရုပ်၊ အပြင်ဝါယောရုပ်။ တောင်ဘက်ကလာတဲ့လေ တောင်လေ၊ မြောက်က လာတဲ့လေ မြောက်လေ၊ ငှက်များပျံသန်းလို့ တိုက်ခပ်လာတဲ့လေ ပက္ခဝါတ။ အဲဒီလို လေတွေဟာ အမျိုးမျိုး။ အဲဒီလေတွေကို ကြည့်လိုက် ရင် တွန်းကန်တဲ့သဘောရှိတယ်၊ လှုပ်ရှားတဲ့ သဘောရှိတယ်၊ ဒါက အပြင်က လေတွေရဲ့သဘော၊

အတွင်းလေကို ကြည့်ပြန်တော့ ခန္ဓာကိုယ်ထဲမှာ-

- အပေါ်ဆန်တက်တဲ့လေ၊
- အောက်စုံဆင်းတဲ့လေ၊
- အင်္ဂါကြီးငယ် လျှောက်သွားနေတဲ့လေ၊
- ဝမ်းတွင်းမှာသွားနေတဲ့လေ၊
- ကောဋ္ဌာသတွေကို လျှောက်သွားနေတဲ့လေ၊
- ထွက်လေ၊ ဝင်လေ၊

အဲဒီလို လေအမျိုးမျိုးရှိတယ်။ တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတဲ့ ဝါယောရုပ်၊

http://www.dhammadownload.com



ခန္ဓာနဲ့ဖွဲ့ကြည့်၊ ထည့်ကြည့်တဲ့အခါကျတော့ ရူပက္ခန္ဓာ။ ဥပမာ- အဲဒီဝါယောရုပ်ကလေးတစ်ခုကို **“ရူပံနိစ္စံဝါ အနိစ္စံဝါတိ”**- ရုပ်သည် မြဲသလား မမြဲဘူးလားလို့ မေးတဲ့အခါကျတော့၊ ရဟန်းတော်များက **“အနိစ္စံဘန္တေ”**- မမြဲပါဘုရား။

ယောဂီများလဲပဲ အဲ့ဒီ ဝါယောရုပ်ကလေးတစ်ခုပဲ စဉ်းစားပြီး တော့ကြည့်လိုက် **“မြဲသလား မမြဲဘူးလား”**။ တစ်နာရီမှာ ကိုးရာ၊ **တစ်ထောင်** ဖြစ်ပွားနေတဲ့ ထွက်လေ ဝင်လေဝါယောရုပ်ဟာ ဘယ်မြဲ မလဲ။

**“ယံပနာနိစ္စံ ဒုက္ခံဝါတံသုခံဝါတိ”**- အဲဒီလို မမြဲတဲ့ရုပ်ကို ဆင်းရဲ တယ်လို့ ပြောမလား၊ ချမ်းသာတယ်လို့ ပြောမလားဆိုတော့၊ ရဟန်း တော်များက **“ဒုက္ခံဘန္တေ”**- ဆင်းရဲပါတယ်ဘုရားတဲ့။

> **“ယံပနာနိစ္စံ ဒုက္ခံဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနု ပဿိတုံ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ နောဟေတံ ဘန္တေ”**

ရဟန်းတို့ မြဲလဲမမြဲ၊ ဆင်းလဲဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေတဲ့ အဲဒီရုပ်ကို (အပေါင်းမရှုဘဲနဲ့ အစိတ်စိတ်ပေါ့)။

**ဧတံမမ** = အဲဒီဝါယောရုပ်ကလေးဟာ ငါ့ရုပ်၊ (တဏှာစွဲ)

**ဧသောဟမသ္မိ** = ဤထွက်လေဝင်လေဟာ ငါပါပဲ၊ (မာနစွဲ)

**ဧသောမေအတ္တာ** = ဤထွက်လေဝင်ဟာ ငါရဲ့အတ္တ အနှစ်သာရ ပဲလို့ အဲဒီလိုယူဆလို့ စွဲယူဖို့ တော်ပါ့မလားဆိုတော့၊ ရဟန်းတော်များက **“နောဟေတံဘန္တေ”**- ဘယ်လိုမှ မသင့်တော်ပါဘူးဘုရား။

အဲဒီလို ရဟန်းတော်များအား အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တ ဉာဏ်ရကြတယ်။ အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တ လက္ခဏာယာဉ်တင်ပုံ မြတ်စွာဘုရားက နည်းပေးတော်မူတယ်။ ဒီလို ကိုယ်တော်တိုင် တရားစစ်ဆေးတော်မူတယ်။

http://www.dhammadownload.com



ဒါကို သမ္မသနဉာဏ်၊ ဝိပဿနာဉာဏ် (၁၀)ပါးထဲမှ သမ္မသနဉာဏ်ပါတဲ့။ သမ္မသနဉာဏ် သဘောပေါက်သွားရင် ရှေ့ဉာဏ်တွေဟာ အထက်အထက်ဉာဏ်ရဖို့ အားပေးတယ်။ ဆက်ဆက်ပြီးတော့ အားထုတ်ရင် သဘောပေါက်သွားနိုင်တယ်။

အဲဒီတော့ ဒီလက္ခဏာယာဉ်သုံးပါး အနိစ္စ-ဒုက္ခ-အနတ္တလို့ ရုပ်တွေ, နာမ်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပေါင်းပြီးရှုတာထက် အစိတ်စိတ်ရှုတာက ပိုပြီးတော့မြင်လွယ်တယ်။

အစိတ်အစိတ်ရှုမှ၊ အစိတ်အစိတ်ရှုတော့ ပိုပြီးသဘောပေါက်ပါတယ်။ အခြားရုပ်နာမ်တွေလဲ ဒီအတိုင်း ရှုရမှာပါပဲ။

"ပညတ်ကျော်မှ ပရမတ်ပေါ်တာကို" ပရမတ်ငုတ်လျှိုးပညတ်ပေါ်တယ်၊ပညတ်ငုတ်လျှိုး ပရမတ်ပေါ်တယ်။ ပရမတ်တစ်ခုခုရဲ့ ပရမတ်တရားတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်ပါမှ "**အနိစ္စအစစ်မြင်တာ၊ ဒုက္ခအစစ်မြင်တာ၊ အနတ္တအစစ်မြင်တာ**"။ အဲသလို မဟုတ်လို့ရှိရင်တော့ အပေါ်ယံမြင်တာ အနိစ္စ, အနိစ္စ၊ ဒုက္ခ, ဒုက္ခ ကတော့ နှုတ်ကကြိုးပြီးတော့နေတာ၊ အနိစ္စ, အနိစ္စ၊ အချို့ပုဂ္ဂိုလ်များ ထိုင်ရာကထလိုက်ရင် ဒုက္ခ ဒုက္ခ၊ အဲဒီထဲမယ် မငြီးတာက အနတ္တ၊အနတ္တလို့ ဘယ်သူမှမငြီးကြဘူး။ များသောအားဖြင့် အနိစ္စ အနိစ္စ၊ ဒုက္ခ ဒုက္ခလို့ ငြီးကြတယ်။ အနတ္တ အနတ္တလို့ငြီးတဲ့ ပုဂ္ဂိုလ်ကရှားတယ်။

ဘာ့ကြောင့်လဲလို့ဆိုတော့ အနတ္တသဘောပေါက်ဖို့က ပိုခက်လို့ပါပဲ။

**ထင်ရှား မထင်ရှား**

**"အနိစ္စလက္ခဏံ ဝိဘူတံ ပါကဋံ၊**

**ဒုက္ခလက္ခဏံ ဝိဘူတံပါကဋံ"**

ရုပ်တွေ, နာမ်တွေမှာ ရုပ်တိုင်း, နာမ်တိုင်းမှာ အမှတ်တံဆိပ်ကြီးသုံးမျိုးစီရှိရာ အနိစ္စ၊ ဒုက္ခအမှတ်တံဆိပ်က ထင်ရှားပါတယ်။

http://www.dhammadownload.com



**"အနတ္တလက္ခဏံ ပနအနန္တကာရံ အဝိဘူတံ"**

အနတ္တအမှတ်တံဆိပ်က ရုပ်တရား, နာမ်တရားတို့ရဲ့ အနတ္တအမှတ်တံဆိပ်က မထင်းရှားဘူး။ အမိုက်မှောင်ကြီးလို ဖြစ်နေတယ်။

ဒါကြောင့် ငြိးတာတောင်မှ အနိစ္စ, အနိစ္စ၊ ဒုက္ခ, ဒုက္ခလို့သာ ငြိးဖြစ်တယ်။အနတ္တ, အနတ္တလို့ မငြိးဖြစ်ဘူး။ အားထုတ်ကြည့်တဲ့အခါကြတော့ အနတ္တ ဆိုက်ရောက်သိမြင်မှ အထွဋ်အထိပ်ရောက်မှာပါပဲ။

**အနိစ္စမြင်ဖို့ကပဓာန**

အနတ္တမြင်ဖို့အရေးကြီးပေမဲ့လို့ ပထဆုံးမြင်ရမှာက အနိစ္စ။

**ပဓာန**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထဒီပနီမှာ-

**"ဝိသေသတော ပနက္ကမသ္မိံ ဉာဏေ၊**
**အနိစ္စ လက္ခဏဒဿန မေဝပဓာနံ"**

သာမညမပြောဘူး။ အထူးပြောအုံးမယ်တဲ့ ဆရာတော်ဘုရားကြီးက က္ကမသ္မိံဉာဏေ- ဤဝိပဿနာ ဉာဏ်၌၊ အနိစ္စလက္ခဏဒဿနမေဝ- အနိစ္စလက္ခဏာကို မြင်ခြင်းသည်သာလျှင်၊ ပဓာနံ- ပဓာနတည်း။ ပဓာနမြင်ရမှာကတော့ အနိစ္စလက္ခဏာ ကိုမြင်ရမှာပါပဲ။

**"တသ္မိံဒိဋ္ဌေ ဣတရာနိ ဒိဋ္ဌာနိယေဝ ဘဝန္တိ"**

တသ္မိံ- ထိုအနိစ္စအမှတ်တံဆိပ် အနိစ္စလက္ခဏာကို၊ ဒိဋ္ဌေ- မြင်သည်ရှိသော်၊ ဣတရာနိ- ဤမှတစ်ပါးသော ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ အမှတ်တံဆိပ်တို့ကို၊ ဒိဋ္ဌာနိယေဝ- မြင်ကုန်သည်သာ **ဟောန္တိ**- ဖြစ်ကုန်၏။

http://www.dhammadownload.com



အနိစ္စအမှတ်တံဆိပ် မြင်အောင်ကြည့်။ မြင်ပြီးဟော့ဆိုရင် ဒုက္ခအမှတ်တံဆိပ်, အနတ္တအမှတ်တံဆိပ် မြင်နိုင်ပါတယ်။

အရှင်မေဃိယမထေရ်မြတ်က မြတ်စွာဘုရား ဝိပဿနာတရားအားထုတ်တဲ့နေရာမှာ ဘယ်ဉာဏ်ကို ပထမဆုံးရအောင် အားထုတ်ရပါမလဲ (အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေထဲက။)လို့ လျှောက်ထားတော့-

ချစ်သား မေဃိယ၊ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စမြင်ပြီးတော့ မျက်မှောက်ဘဝမှာဘဲ သဉပါဒိသေသနိဗ္ဗာန် အငြိမ်းဓာတ်ကြီး ရရှိနိုင်တယ်လို့ ဖြေတော်မူတယ်။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားက ဒီမေဃိယအရှင်မြတ်ကို မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့စကားကို အားကိုးပြီးတော့ အနိစ္စလက္ခဏာဟာ လိုရင်းပဓာနကျတယ်။ အနိစ္စလက္ခဏာကို မြင်လိုက်တာနဲ့ တပြိုင်နက်ထဲ ဒုက္ခနဲ့ အနတ္တ မြင်သွားလိမ့်မယ်တဲ့။

ဒါကြောင့် သမ္မသနဉာဏ်အပိုင်းမှာ ရှေးဦးစွာ အနိစ္စလက္ခဏာသဘောကို မြင်အောင်ကြည့်ပြီးတော့ တတိယအမှောင်ဖြစ်တဲ့ လက္ခဏာသမ္မောဟ- အနိစ္စလက္ခဏာယာဉ်, ဒုက္ခလက္ခဏာယာဉ်, အနတ္တလက္ခဏာယာဉ်ဆိုတဲ့ လက္ခဏာသုံးပါး အမှတ်တံဆိပ်သုံးပါးကို မြင်နိုင်ခြင်းဆိုတဲ့ အမိုက်မှောင်ကြီးက ထွက်မြောက်ပြီးတော့ လက္ခဏာပဋိဝေဓဉာဏ်ဆိုတဲ့ အနိစ္စလက္ခဏာအမှတ်တံဆိပ်သိခြင်း၊ ဒုက္ခအမှတ်တံဆိပ်ကိုသိခြင်း၊ အနတ္တအမှတ်တံဆိပ်ကိုသိခြင်းဆိုတဲ့ လက္ခဏာပဋိဝေဓတတိယမြောက်အလင်းဓာတ်ကြီးကို ရရှိနိုင်ပါတယ်။

ဒါကြောင့် မိမိတို့ အားထုတ်လာတဲ့ အစဉ်အတိုင်း အဆင့်ဆင့်ကြိုးစားအားထုတ်ကြသဖြင့် အမှောင်ငါးသင်းကြီးမှ လွတ်ကင်းပြီးတော့ အလင်းငါးပါး အလင်းရောင်ကြီးငါးပါး မိမိတို့သန္တာန်မှာ ဖြစ်ပွားနိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဆဋ္ဌမနေ့ဟောစဉ်

### တရားအားထုတ်နေသူတို့အား တရားစကားပြောရတာမြိန်ရှက်လှပါတယ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၆)ရက်။

တရားဘာဝနာပွားများကြတဲ့ ယောဂီသူတော်စင်တို့အား တရားစကားပြောကြားရတာ အင်မတန်မှ မွန်မြတ်တယ်။ မြိန်ရှက်လှပါတယ်။ တရားရှိတဲ့ပုဂ္ဂိုလ်တွေ တရားစကားပြောကြားရတာ အင်မတန်တန်ဘိုးရှိတယ်။ လေးလည်းလေးနက်ကယ်။

ဒါကြောင့် မြတ်စွာဘုရားက သဒ္ဓါတရားရှိသောသူအား သဒ္ဓါတရားနှင့်ပတ်သက်သော တရားစကားကို ပြောရခြင်းသည် ကောင်း၏။ ကောင်းသောစကားဖြစ်တယ်။

သီလရှိသောပုဂ္ဂိုလ်အား သီလနဲ့စပ်သောစကားကို ပြောရတာ ကောင်းသောစကားဖြစ်တယ်။

သမာဓိ၊ ပညာရှိသောပုဂ္ဂိုလ်တို့အား သမာဓိ၊ ပညာစကားပြောကြားရတာ ကောင်းသောစကားပြောကြားခြင်းဖြစ်တယ်။

ဒီလိုမိန့်ကြားတော်မူသော စကားနဲ့လျော်ညီစွာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တို့အား တရားစကားပြောရတာ အင်မတန်မွန်မြတ်တယ်။ အရသာရှိတယ်။ မြိန်ယှက်တယ်လို့ ပြောတာပါ။

အဲဒီတော့ မိမိတို့အားထုတ်နေတဲ့ တရားတော်တွေထဲမှာ သမထပိုင်းကနေ ဝိပဿနာပိုင်းကူးလာတော့ ဉာဏ်စဉ်မှာ သမ္မသနဉာဏ်တဲ့။

### ဘာကြောင့် တရားအားထုတ်ရသလဲ

သမ္မသနဉာဏ်ဆိုတာ ရုပ်နာမ်တရားတွေကို သုံးသပ်ဆင်ခြင်တဲ့ဉာဏ်၊ မိမိခန္ဓာမှာရှိတဲ့ ခန္ဓာမှာဖြစ်ပွားနေတဲ့ တရားတွေကို သုံးသပ်ဆင်ခြင်တဲ့ဉာဏ်၊ ရှုမြင်တဲ့ဉာဏ်။

http://www.dhammadownload.com



ဘယ်လိုသုံးသပ်ဆင်ခြင်ရသလဲဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပေါ်လာတဲ့ တရားတွေအပေါ်မှာ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တ ဉာဏ်၊ အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာ ယာဉ် လက္ခဏာရေး (၃)ပါးတင်စားပြီးတော့ ရှုပွားကြရတယ်။

ဘာကြောင့် ရှုပွားရသလဲ။ ဘာကြောင့်တရားအားထုတ်ရသလဲ ဆိုတော့ အမြင်မှန်၊ အဖြစ်မှန်သိပြီးတော့ ကိလေသာတရားတွေ လျှော့ပါးအောင်လို့ပါဘဲ။

သတ္တဝါတွေရဲ့စိတ်တွေကို ညှင်းပန်းနှိပ်စက်နေတဲ့ ကိလေသာ တရားဆိုး၊ တရားပျက်တွေ၊ မိမိတို့သန္တာန်မှ ပျောက်ကွယ်သွားအောင် အဲဒီ တရားဆိုး၊ တရားပျက်တွေထဲက လောဘဆိုတဲ့ တရားဆိုး, တရား ပျက်၊ ဒေါသဆိုတဲ့ တရားဆိုး, တရားပျက်၊ မောဟဆိုတဲ့ တရားဆိုး, တရားပျက်။ အဲဒီ လောဘ, ဒေါသ, မောဟဆိုတဲ့ တရားသုံးခုဟာ အကုသိုလ်လဲမည်၊ အကုသိုလ်တရားတို့ရဲ့အမြစ်လဲ မည်တယ်။ အဲဒီ ရန်သူပုန်ကြီးများ ကျဆုံးရင်၊ ဦးကျိုးရင် အောင်ပွဲခံနိုင်ပါပြီ။

လောဘရဲ့ဆန့်ကျင်တရားက အလောဘ၊ ဒေါသရဲ့ဆန့်ကျင် တရားက အဒေါသ၊ မောဟရဲ့ဆန့်ကျင်ဘက်တရားက အမောဟ။

"ငခုံကဝိ မြတ်ဗောဓိ ဘယ်ဘီစိတ်ယုတ်မာ" ငခုံဆရာတော် ဘုရားကြီး သူ့သန္တာန်မှာ လောဘဖြစ်ပေါ်လာရင် ဘုရားခန်းထဲ ပြေးဝင် လိုက်၊ လောဘရဲ့အပြစ်တွေကို ရှုမြင်၊ လောဘအထူးကင်းစင်တဲ့ ဘုရားရှင်ကို ရှိခိုးတယ်။

သူ့သန္တာန်မှာ ဒေါသဖြစ်လာတဲ့အခါမျိုးကျတော့ ဒေါသရဲ့အပြစ် အနာအဆာတွေဆင်ခြင်၊ ဒေါသကင်းတဲ့ ဘုရားရှင်ကို ရှိခိုးပါတယ်။

သူ့သန္တာန်မှာ မောဟဖြစ်လာတဲ့အခါကျတော့ မောဟရဲ့အပြစ် အနာအဆာတွေကို ရှုပွားဆင်ခြင်ပြီးတော့ မောဟကင်းစင် ဘုရားရှင် ကို ရှိခိုးပါတယ်။

http://www.dhammadownload.com



အဲဒီလို ငခုံဆရာတော်ဘုရားကြီးရဲ့ ထုံးရှိလို့ "ငခုံကဝိ မြတ်ဗောဓိ၊ ပယ်ဘိစိတ်ယုတ်မာ"တဲ့။

ယုတ်မာတဲ့ လောဘ၊ ဒေါသ၊ မောဟနဲ့ ယှဉ်တဲ့စိတ်တွေကို ပယ်နိုင်အောင် ကြိုးစားတယ်။ ယခုလဲပဲ ယောဂီသူတော်စင်များဟာ လောဘကင်းစင်အောင်၊ ဒေါသကင်းစင်အောင်၊ မောဟကင်းစင်အောင် အားထုတ်နေကြတယ်။

**လော၊ ဒေါ၊ မော ကင်းအောင် ရှုတဲ့နည်း**

ဘုန်းကြီးတို့ အဋ္ဌသာလိနီ အဋ္ဌကထာမှာ လောဘကင်းစင်လို့ ရရှိနိုင်တဲ့ အကျိုးတွေ၊ ဒေါသကင်းစင်လို့ ရရှိနိုင်တဲ့အကျိုးအာနိသင်တွေ၊ မောဟကင်းစင်လို့ ရရှိနိုင်တဲ့ အကျိုးအာနိသင်တွေ တခမ်းတနား ဖွင့်ဆိုထားချက်နဲ့ လက်တွေ့၊ မျက်တွေ့စပ်ဟပ်ကြည့်ရအောင်။ လောဘဘယ်လိုကင်းအောင် လုပ်ရမလဲ။ လောဘကင်းပြီးတော့ အလောဘစေတ် ကိန်းအောင် ဘယ်လိုလုပ်ရမလဲ။

**"အနိစ္စဒဿနေန အလောဘောဟောတိ"**

မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား, နာမ်ဟရားတို့ကို အနိစ္စ ဉာဏ်မြင်အောင်ကြည့် အနိစ္စလို့ မြင်လာလို့ရှိရင် လောဘကင်းပြီး အလောဘစေတ် ကိန်းလာ၊ ဝင်လာလိမ့်မယ်။

**"ဒုက္ခဒဿနေန အဒေါသောဟောတိ"**

မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား, နာမ်တရားတွေကို ဒုက္ခလို့မြင်အောင်ကြည့်၊ အဲလို မြင်အောင်ကြည့်တဲ့ အတွက်ကြောင့်မို့ ဒေါသကင်းပြီး အဒေါသစေတ် ကိန်းဝပ်လာလိမ့်မယ်။

**"အနတ္တဒဿနေ အမော ဟောဟောတိ"**

မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား, နာမ်တရားတို့ အနှစ်သာရမရှိပုံ အနတ္တ ဉာဏ်ပေါက်အောင်ကြည့်၊ အနတ္တဉာဏ်ပေါက်

http://www.dhammadownload.com



အောင် ကြည့်တဲ့အတွက်ကြောင့် မောဟကင်းစင်ပြီး အမောဟစေတ် ကိန်းဝပ်လာလိမ့်မယ်။

**ကောင်းမွန်တဲ့တရားတွေ အပြန်ပြန်အလှန်လှန် ကျေးဇူးပြုပုံ**

ကောင်းတဲ့တရားတွေက အပြန်ပြန်အလှန်လှန် ကျေးဇူးပြု နေတာပဲ။

**"အလောဘေန အနိစ္စဒဿနံ"** လောဘကင်းပြီးတော့ အလောဘစေတ် ကိန်းဝပ်ခြင်းကြောင့် အနိစ္စလို့ မြင်နိုင်တယ်။

**"အဒေါသေန ဒုက္ခဒဿနံ"** ဒေါသကင်းပြီး အဒေါသစေတ် ကိန်းဝပ်ခြင်းကြောင့် ဒုက္ခလို့ မြင်နိုင်တယ်။

**"အမောဟေန အနတ္တဒဿနံ"** မောဟကင်းပြီး အမောဟစေတ် ကိန်းဝပ်ခြင်းကြောင့် အနတ္တစေတ်မြင်နိုင်တယ်။

အလောဘစေတ် ကိန်းဝပ်ခြင်းကြောင့် အနိစ္စသဘော မြင်နိုင် တယ်။ အဒေါသစေတ် ကိန်းဝပ်ခြင်းကြောင့် ဒုက္ခသဘော မြင်နိုင်တယ်။ အမောဟစေတ် ကိန်းဝပ်ခြင်းကြောင့် အနတ္တသဘော မြင်နိုင်တယ်။

တစ်ဖန်-

- လောဘကင်းတဲ့ အလောဘစေတ်၊
- ဒေါသကင်းတဲ့ အဒေါသစေတ်၊
- မောဟကင်းတဲ့ အမောဟစေတ်တွေ ကိန်းဝပ်တော့ အနိစ္စ စသည် မြင်နိုင်တယ်။ အနိစ္စစသည် ရှုမြင်နိုင်ရင်လဲ လောဘ စသည် ကင်းနိုင်တယ်။ ဒီလို ကျေးဇူးပြုနေကြတယ်။

**ပိဋကတ်တော်မှာ အနှစ်သာရစကား (၆)ခွန်း**

ဓမ္မစကြာဒေသနာတော်မှာ ဟောပြထားတဲ့ ဒုက္ခ၊ သစ္စာလေးပါး ကို ဒုက္ခဆိုတဲ့အသံကို ဦးတည်ပြီးတော့ ဟောကြားတော်မူတယ်။

http://www.dhammadownload.com



အနတ္တလက္ခဏသုတ်ရောက်တဲ့ အခါကျတော့ အနတ္တဆိုတဲ့ အသံ။ ရှေးဦးစွာ အနိစ္စဆိုတဲ့ အသံ၊ ဒုက္ခဆိုတဲ့ အသံ၊ အနတ္တဆိုတဲ့ အသံကြီးတွေနဲ့ အဲဒီလို ဟောကြားခဲ့တယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပိဋကတ်သုံးပုံမှာ စကား (၆)ခုရှိတယ်။

- ဗုဒ္ဓဆိုတဲ့ အသံ
- ဓမ္မဆိုတဲ့ အသံ
- သံဃဆိုတဲ့ အသံ
- အနိစ္စဆိုတဲ့ အသံ
- ဒုက္ခဆိုတဲ့ အသံ
- အနတ္တဆိုတဲ့ အသံ

ဗုဒ္ဓဘုရားရဲ့ ပိဋကတ်တော်မှာ အနှစ်သာရအနေအားဖြင့် စကားကြီး (၆)လုံးရှိတယ်။ အသံ (၆)မျိုးရှိတယ်။

ပိဋကတ္တယေ- ပိဋကတ်သုံးပုံ၌၊ သာရာ- အနှစ်သာရရှိသော စကားတို့သည်၊ ဆ- ခြောက်မျိုးတို့တည်း။

ပိဋကတ်သုံးပုံမှာ (၆)ခွန်းသောစကားလုံးကြီးတွေ အနှစ်သာရ အနေအားဖြင့် တည်ရှိတယ်။

- ဗုဒ္ဓဆိုတဲ့ စကားခွန်း၊
- ဓမ္မဆိုတဲ့ စကားခွန်း၊
- သံဃဆိုတဲ့ စကားခွန်း၊
- အနိစ္စဆိုတဲ့ စကားခွန်း၊
- ဒုက္ခဆိုတဲ့ စကားခွန်း၊
- အနတ္တဆိုတဲ့ စကားခွန်း၊ ဒီစကားခွန်းတို့ပါပဲ။

http://www.dhammadownload.com



**ဓမ္မစကြာလာ ဒုက္ခတွေ ပယ်ရှားနိုင်တဲ့နည်း**

စောစောကပြောသလို ဓမ္မစကြာတရားဟောတော့ ဒုက္ခတွေကို ပထမဆုံးထုတ်ပြတယ်။ ဘာကြောင့် ဒုက္ခကို စပြီးတော့ ထုတ်ပြရသလဲ ဆိုတော့-

"လောကီဘုံဝယ် - သာယာဘွယ်ဟု
တာတွယ်လေငြား - ဝေနေယျားကို
တရားသံဝေ - ရပစေဟု
ထွေထွေဒုက္ခ - ဦးစွာပြ၏"။

သတ္တဝါတွေဟာ လောကီဘုံမှာ သာယာဘွယ်လို့ မြင်ပြီးတော့ နေကြတယ်။ လောကီဘုံဝယ် သာယာဘွယ်ဟု တာတွယ်နေငြား၊ ဝေနေယျားကို- သာယာဘွယ် အဿာဒကိုဘဲမြင်ပြီးတော့ နေကြတဲ့ ဝေနေယျ သတ္တဝါတို့အတွက်၊ တရားသံဝေ၊ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြတယ်။

သံဝေဂတရား ရကြပါစေတော့ဆိုပြီး မြတ်စွာဘုရားက ဒုက္ခကို ဦးစွာဖွင့်ပြတယ်။

"ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊"

ပဋိသန္ဓေ၊ အို၊ နာ၊ သေ လေးထွေသော ဒုက္ခကို ပထမဦးဆုံး ထုတ်ပြတယ်။ ဇာတိဒုက္ခ ဘယ်နည်းနဲ့လွတ်ကင်းနိုင်မလဲဆိုတော့ လောဘကင်းပြတ်ပြီးတော့ အလောဘစေတ် ကိန်းဝပ်ရင် ပဋိသန္ဓေ နေတဲ့ ဒုက္ခကင်းစင်နိုင်တယ်၊ လွတ်ကင်းနိုင်တယ်။

မှန်ပါတယ်၊ ဘဝတစ်ခုမှာ ပဋိသန္ဓေနေတယ်ဆိုတော့ လောဘ တဏှာအခြေခံပါတယ်။

ဒေါသကင်းပြတ် အဒေါသစေတ် ကိန်းဝပ်လို့ရှိရင် ဇရာဒုက္ခကို ကျော်သွားနိုင်တယ်။ ဒါလဲမှန်တယ်။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်များ ပိုပြီးတော့ အိုလွယ်ပါတယ်။

မောဟကင်းပြတ် အမောဟစေတ်ကိန်းဝပ်မယ်ဆိုရင် မရဏ သေခြင်းဆိုတဲ့ ဒုက္ခကို ကျော်လွှန်နိုင်ပါတယ်။

http://www.dhammadownload.com



သေခြင်းဆိုတဲ့ ဒုက္ခဖြစ်တာက သမ္မောဟ- တွေဝေမိန်းမောပြီး တော့ သေခြင်းမျိုးဟာ ဒုက္ခပါ။ မောဟကင်းစင်တဲ့ အခါကျတော့ တွေဝေ မိန်းမောမှုမရှိဘူးတဲ့။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မောဟကင်းပြတ်ပြီးသား မထေရ်မြတ်ကြီးဖြစ်တော့ **"နာဘိနန္ဒာမိ မရဏံ၊ နဘိ နန္ဒာမိ ဇီဝိတံ"**- သေတာကိုလဲပဲ မနှစ်သက်ပါဘူးတဲ့။ အသက်လဲ တွယ်တာပြီး မနေပါဘူးတဲ့။

**ကာလဉ္စ ပဋိကင်္ခါမိ၊**
**နိဗ္ဗိသံ ဘဋကောယထာ။**

လခစားများ သူ့အချိန် လကုန်တာနဲ့ မိမိရမဲ့လုပ်ခကိုင်ခကို မျှော်သလို ဘယ်နေ့သေမလဲ သေရက်ပဲ စောင့်ပြီးတော့နေပါတယ်လို့ မိန့်ကြားတဲ့စကား ရှိပါတယ်။

တွေဝေမိန်းမောပြီး ပရိနိဗ္ဗာန်စံခြင်းမျိုး မဟုတ်ဘဲကိုး။ အဲဒီလို မောဟကင်းပြတ် အမောဟဓာတ်ကိန်းဝပ်ပြီဆိုလို့ရှိရင် သေခြင်းဆိုတဲ့ ဆင်းရဲကို ကျော်လွှန်နိုင်ပြီ။

ဆက်ပြီးတော့ ဒုက္ခသစ္စာပိုင်းမှာ ဟောတာက-

**အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊**
**ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊**
**ယံပိစ္ဆံနလဘတိ၊ တမ္ပိဒုက္ခံ။**

## ဒုက္ခ (၃)မျိုး ကျော်လွှန်နိုင်

လောဘကင်းပြတ်ပြီး အလောဘဓာတ် ကိန်းဝပ်နေတဲ့ပုဂ္ဂိုလ်မှာ မိမိမြတ်နိုးတဲ့ ချစ်ခင်တဲ့ သက်ရှိသက်မဲ့ သတ္တဝါသင်္ခါရတို့နဲ့ ကွေကွင်း ရခြင်းဆိုတဲ့ဒုက္ခ ကျော်လွှန်နိုင်တယ်။

ဒေါသကင်းပြတ်လို့ရှိရင် အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ဆိုတဲ့ မချစ်မမြတ်နိုး မလိုချင်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတို့နဲ့ ယှဉ်တွဲ

http://www.dhammadownload.com



ပြီးတော့ နေရခြင်းဆိုတဲ့ ဒုက္ခကို ကျော်လွှန်နိုင်တယ်။

မောဟကင်းစင်ပြီးတော့ အမောဟစေတ် ကိန်းဝပ်ပြီဆိုရင် လိုတာကိုမရလို့ ဆင်းရဲနေတဲ့ ဣစ္ဆိတာ လာဘဒုက္ခ မိမိက ပဋိသန္ဓေနေခြင်းသဘောတရားရှိတယ် မနေချင်ပါဘူး။ မိမိက အိုခြင်းသဘောရှိတယ် မအိုချင်ပါဘူး။ မိမိက နာခြင်းသဘောရှိတယ် မနာချင်ပါဘူး။

မိမိက သေခြင်းသဘောတရားရှိတယ် မသေချင်ပါဘူးလို့ ဒါမိမိလိုချင်တဲ့အချက်ပဲ။ အဲဒီလိုချင်တဲ့အချက်ကို မရခြင်းဟာ လိုချင်တဲ့အချက်အလက်တွေကို မရခြင်းကြောင့် ဆင်းရဲခြင်း ဣစ္ဆိတာ လာဘဒုက္ခ။ အဲဒီဒုက္ခမျိုးကို မောဟကင်းစင်မှသာ ကျော်လွှားနိုင်ပါတယ်။

အဲဒီတော့ သစ္စာလေးပါးမှာပါတဲ့ ဒုက္ခသစ္စာတွေအားလုံး ရှေ့က **"ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဒိပိဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ"** ဒုက္ခလေးချက်။

အဲဒီထဲက ဖွင့်ဆိုထားတဲ့ ဒုက္ခဆိုရင်တော့ ဒုက္ခ (၃)မျိုး။

**အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊**

**ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊**

**ယမ္ပိစ္ဆံနလဘတိ တမ္ပိဒုက္ခံ** (ဒုက္ခ (၃)မျိုး)

အဲဒီရှေ့က ထုတ်ပြတဲ့ ဒုက္ခ (၇)မျိုးထဲက (၆)မျိုးကို အဓိကအားဖြင့် တိုက်ရိုက်ဖယ်ရှားနိုင်ပုံ ဖွင့်ဆိုတယ်။ တကယ်တော့ လောဘ၊ ဒေါသ၊ မောဟကင်းရင် ဗျာဓိဒုက္ခလဲ ကျော်လွှားနိုင်ပါတယ်။

နောက်ဆုံး **"ယံ ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"**

အကျဉ်းချုပ်အားဖြင့်တော့ စွဲလမ်းစရာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားခန္ဓာငါးပါးတို့ဟာ ဒုက္ခချည်းပဲ။

အဲဒီ ဒုက္ခကိုလဲပဲ အကုသိုလ်တို့ရဲ့ အမြစ်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတို့ကို နှုတ်ပယ်လိုက်ရင် ဒီဒုက္ခတွေလဲ ငြိမ်းပြီးသွားနိုင်တယ်။

http://www.dhammadownload.com



## တရားရှုမှတ်ပြီး လူ့ရောရှင်ပါ ချမ်းသာတဲ့နည်း

ပစ္စုပ္ပန်မှာပင် အကျိုးများပုံလေး ဆက်ပြီးတော့ ဟောပါဦးမယ်။

**"အမောဟေန ပဗ္ဗဇိတာနံ သုခသံဝါသတာ ဟောတိ"**

မောဟကင်းစင်ပြီးတော့ အမောဟစေတ် ကိန်းဝပ်လာမယ် ဆိုရင် ရဟန်းတော်များမှာ ချမ်းချမ်းသာသာနေရပါတယ်တဲ့။

အလောဘေန ဂိဟီနံ- လောဘကင်းပြတ်ပြီးတော့ အလောဘစေတ် ကိန်းဝပ်နေလို့ရှိရင် အိမ်ရာတည်ထောင် လူ့ဘောင်နဲ့နေတဲ့ ပုဂ္ဂိုလ်များမှာ ချမ်းချမ်းသာသာနေရပါတယ်။

လောဘကင်းမှ စာဂစေတ်တွေ ရှိနိုင်တာကိုး။

**"အဒေါသေန သဗ္ဗေသံ သုခသံဝါသတာ ဟောတိ"**

ဒေါသကင်းစင်တဲ့ အဒေါသစေတ် ကင်းစင်မယ်ဆိုလို့ရှိရင် လူရောရှင်ပါအားလုံး ချမ်းချမ်းသာသာနေရပါတယ်တဲ့။

ဟော- အခုပစ္စုပ္ပန်မှာ တရားရှုလို့ လောဘ၊ ဒေါသ၊ မောဟ ကင်းပြတ်လို့ အလောဘစေတ်၊ အဒေါသစေတ်၊ အမောဟစေတ် ကိန်းဝပ်မယ်ဆိုရင် ပစ္စုပ္ပန်မှာလဲ ချမ်းသာပါတယ်။ လူတိုင်းလိုလားနေတဲ့ ချမ်းသာ ဒီနည်းနဲ့ သွားရမှာပါပဲ။ ချမ်းချမ်းသာသာနေချင်ရင် လောဘ၊ ဒေါသ၊ မောဟ ကင်းအောင် အားထုတ်ပါ။

## ဘုံဆိုး၊ ဘဝဆိုးမှ လွတ်လိုလျှင်

နောင်ရေးနောင်ရာ ဂတိနဲ့ပတ်သက်ပြီး ပြောမယ်ဆိုရင် ဘုံဆိုး၊ ဘဝဆိုးမှ လွတ်လိုကြတယ်။

လောဘကင်းပြတ်လို့ အလောဘစေတ် ကိန်းဝပ်မယ်ဆိုရင် ပြိတ္တာဘုံရောက်စရာ မရှိတော့ဘူး။ ပြိတ္တာဘုံရောက်တယ်ဆိုတာ လောဘအားကြီးသောကြောင့် ရောက်ပါတယ်။

ဒေါသကင်းစင်လို့ အဒေါသစေတ် ကိန်းဝပ်ပြီဆိုရင် ငရဲ ရောက်စရာမရှိဘူး။ ဒေါသရှိနေမယ်ဆိုရင် ငရဲရောက်နိုင်ပါတယ်။

http://www.dhammadownload.com



မောဟကင်းစင်တဲ့ အမောဟဓာတ် ကိန်းဝပ်ရင် တိရစ္ဆာန်ဘုံ ရောက်စရာမရှိတော့ဘူး။ အကယ်၍ မောဟများတယ်ဆိုရင်တော့ တိရစ္ဆာန်ဘုံ ရောက်နိုင်ပါတယ်။

အဲဒီတော့ မိမိတို့အားထုတ်နေတဲ့ လောဘကင်းကြောင်း၊ ဒေါသကင်းကြောင်း၊ မောဟကင်းစင်ကြောင်း ကောင်းမြတ်တဲ့ သမ္မာသန ဉာဏ် (တစ်နည်းအားဖြင့်) ဝိပဿနာဉာဏ်အဆင့်။

အဲဒီဉာဏ်ကြီးများကနေပြီးတော့ မဂ်ဉာဏ်တက်ပြီး လောဘကို ပယ်လို့ အလောဘဓာတ် ကိန်းဝပ်အောင် ဆောင်ရွက်နိုင်ပြီ။ ဒေါသကို ဖယ်ရှားလို့ အဒေါသဓာတ် ကိန်းဝပ်အောင် ဆောင်ရွက်နိုင်ပြီ။ မောဟကိုပယ်ရှားလို့ အမောဟဓာတ် ကိန်းဝပ်ပြီဆိုရင် နောင်ရေး နောင်ရာ ဂတိနဲ့ပတ်သက်လို့ စိတ်ပူစရာမရှိပါဘူး။ ဘုံဆိုး၊ ဘဝဆိုးက လွတ်နိုင်ပါပြီ။

**ကောင်းတဲ့အမှတ်အသား**

ဟော- လောဘဓာတ်ကင်းပြတ်ပြီ။ အလောဘဓာတ် ကိန်းဝပ်ရင် နေက္ခမ္မသညာတွေလဲ များများဖြစ်လာနိုင်တယ်။

နေက္ခမ္မသညာဆိုတာက ဘယ်လိုဟာမျိုးတွေလဲဆိုတော့-

**ပဗ္ဗဇ္ဇာ ပထမဈာနံ၊ နိဗ္ဗာနဉ္စဝိပဿနာ။**
**သဗ္ဗေပိကုသလာဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ။**

အလောဘဓာတ် ကိန်းဝပ်မှ နေက္ခမ္မသညာလဲ ဖြစ်ပေါ်တယ်။ နေက္ခမ္မပါရမီလဲ ဖြည့်နိုင်တယ်။

၁။ ပဗ္ဗဇ္ဇာ = လူ့ဘဝမှထွက်မြောက်ပြီး ရဟန်းပြုခြင်း၊
၂။ ပထမဈာန် = အကုသိုလ်တရားတို့မှ ထွက်မြောက်ပြီး နေနိုင်ခြင်း ပထမဈာန်၊
၃။ နိဗ္ဗာန = သင်္ခါရအားလုံးမှ ထွက်မြောက်နိုင်တဲ့ တဏှာမှထွက်မြောက်နိုင်တဲ့ နိဗ္ဗာန်၊

http://www.dhammadownload.com



၄။ ဝိပဿနာ = ထူးထူးခြားခြား သိမြင်မှု၊

အကျဉ်းချုပ်အားဖြင့် သဗ္ဗေပိကုသလာဓမ္မာ ကုသိုလ်အားလုံးဟာ နေက္ခမ္မအမည်ရပါတယ်။ အဲဒီ နေက္ခမ္မအမှတ်သညာလေးနဲ့ နေနိုင်ဖို့ဟာ လောဘကင်းစင်မှ နေနိုင်ပါတယ်။

ဒေါသကင်းစင်ရင် အဗျာပါဒသညာ = သူတစ်ပါးကို မသတ်လို၊ မဖြတ်လိုတဲ့ အမှတ်သညာ၊ ဒါလဲ ဒေါသကင်းမှသာ ဖြစ်ပါတယ်။

အဝိဟိံသသညာ- သူတစ်ပါးကို မညှဉ်းဆဲလိုတဲ့ အမှတ်သညာ၊ အဝိဟိံသသညာဆိုတာ သူတစ်ပါးကို မညှဉ်းဆဲလိုတဲ့ အမှတ်သညာ၊ မောဟကင်းစင်မှ ဖြစ်နိုင်တယ်။

လောဘကင်းစင်မှ နေက္ခမ္မသညာ ဖြစ်နိုင်ပါတယ်။ဒေါသကင်းစင်မှ အဗျာပါဒသညာ၊ မောဟကင်းစင်မှ အဝိဟိံသသညာ ဒီလို အစဉ်အတိုင်း ဖြစ်နိုင်ပါတယ်။

မိမိတို့ အားထုတ်နေတဲ့ လမ်းစဉ်သည် လောဘကင်းစင်ကြောင်း ကောင်းမြတ်တဲ့ အနိစ္စလက္ခဏာယာဉ်၊ ဒေါသကင်းစင်ကြောင်း ကောင်းမြတ်တဲ့ ဒုက္ခလက္ခဏာယာဉ်၊ မောဟကင်းစင်ကြောင်း ကောင်းမြတ်တဲ့ အနတ္တလက္ခဏာယာဉ် တင်ပြီးတော့ ဝိပဿနာပိုင်းမှာ လောဘ၊ ဒေါသ၊ မောဟတွေကို ဉာဏ်နဲ့ပိုင်းပြီးတော့ နေရပါလားလို့ ဝမ်းပန်းတသာရှိပြီးတော့။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုး၊ တရားပျက်တွေ ကင်းစင်ပြီးတော့ အလောဘစာတ်၊ အဒေါသစာတ်၊ အမောဟစာတ်တွေ ကိန်းဝပ်ခြင်းအကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်များကို ဆက်လက်ပြီး ကြိုးစားမယုတ် အားထုတ်နိုင်ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၇)ရက်နေ့။

(၁၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ ဒီတရားစခန်းမှာ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ မြတ်စွာဘုရား ပေးသနားသောက်သုံးစေခဲ့တဲ့ တရားရေအေး အမြိုက်ဆေး သောက်သုံး နေကြတဲ့ အချိန်အခါသမယဖြစ်ပါတယ်။

## ဘဝမခြား ကြိုးစားအားထုတ်နိုင်ကြပါစေ

ရှေးရှေးဘုန်းကြီးတို့ရဲ့ အားကိုးစရာအားထားရာဖြစ်တဲ့ ကျေးဇူး တော်ရှင် ဆရာတော်ဘုရားကြီးများက မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်ရကြောင်း ကောင်းမြတ်တဲ့ တရားတော်များကို ဘဝမခြား ကြိုးစားအားထုတ် နိုင်ပါစေလို့ ဆုပေးကြတယ်။

မဂ်ဖိုလ်နိဗ္ဗာန် ရကြပါစေ။ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်း မြတ်တဲ့ သူတော်ကောင်းတရားများ ဘဝမခြား ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေလို့ဆိုတဲ့ ပေးတော်မူကြတဲ့ ဆုတော်တွေရှိတယ်။

ဘဝမခြားဆိုတာ တစ်ဘဝနဲ့လဲ မပြီးဘူး။ နှစ်ဘဝနဲ့လဲ မပြီးဘူး။ ဘာကြောင့်လဲဆိုတော့ သတ္တဝါတို့သန္တာန်မှာ ကပ်ပြီးတော့လာခဲ့တဲ့ ဘဝများစွာ သံသရာက တွယ်ကပ်ပြီးတော့လာခဲ့တဲ့ ကိလေသာအညစ် အကြေးဟာ မီးဖိုချောင်သုံး လက်ခုကြီးများလို ပေညစ်နေလို့ပါပဲ။

မီးဖိုချောင်သုံးလက်ခုဟာ တစ်နေ့လဲမဟုတ်၊ နှစ်နေ့လဲမဟုတ် ကိုင်လာတော့ အိုးမဲတွေပေလိုက်၊ ဆီတွေပေလိုက်၊ ကြာတော့ အိုးမဲတွေ ဆီတွေ၊ ဂျီးညှော်တွေဟာ လျှော်လို့ဖွတ်လို့ မပြောင်လောက်အောင် ကပ်ယပ်ပြီးနေတယ်။

ဒီလိုပဲ မိမိတို့သန္တာန်မှာ ကိလေသာအညစ်အကြေးတွေ ကပ်ပြီး တော့ လာခဲ့ကြတာ ဘဝများစွာကပါပဲ။

http://www.dhammadownload.com



အဲဒီလို ကပ်ပြီးလာခဲ့ကြတော့ တော်တော်နဲ့ စင်ကြယ်အောင် လျှော်ဖို့ ဖွပ်ဖို့မလွယ်ဘူး။ ဒါကြောင့် ဘဝမခြား ကြိုးစားအားထုတ်နိုင်ပါစေတဲ့။

အဲဒီလို ကိလေသာအညစ်အကြေး လျှော်ဖို့ ဆေးဖို့ရာ မြတ်စွာဘုရားက နည်းပေးလမ်းပြပြီးတော့ထားတဲ့ မဂ္ဂင်ကျင့်စဉ် မဂ္ဂင် (၈)ပါးတည်းဟူသော ရေစင်ရေအေးနဲ့ လျှော်ကြရ၊ ဆေးကြရတယ်။

**ရေစင်ရေအေး**

**ရာဂါဒိအဂ္ဂိဇာလေဟိ၊**
**ဒမုကာယံ မဟာဇနံ။**
**နိဗ္ဗာပေသိ နရနာထော၊**
**အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊**
**ဧတေန သစ္စဝဇ္ဇေန၊**
**ဟောတု ဝေါ ဇယမင်္ဂလံ။**

နရနာထော- လူသုံးမျိုးတို့၏ ကိုးစားရာသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ရာဂါဒိအဂ္ဂိဇာလေဟိ- ရာဂအစရှိသော မီးတောက်မီးလျှံ (၁၁)မျိုးတို့သည်၊ ဒမုကာယံ- အစဉ်မပြတ်လောင်ကျွမ်းအပ်သော ကိုယ်ခန္ဓာရှိသော၊ မဟာဇနံ- နတ်လူပြဟ္မာသတ္တဝါအပေါင်းကို၊ အဋ္ဌမဂ္ဂင်္ဂဝါရိနာ- မဂ္ဂင် (၈)ပါးတည်းဟူသော ရေစင်ရေအေးဖြင့်၊ နိဗ္ဗာပေသိ- ငြိမ်းစေတော်မူခဲ့လေပြီ။ တံ- ထိုမဂ္ဂင် (၈)ပါး ရေစင်ရေအေးဖြင့် ငြိမ်းအေးစေတော်မူတတ်သော မြတ်စွာဘုရားကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝန္ဒာမ- ရှိခိုးကြပါကုန်၏။ ဧတေနသစ္စဝဇ္ဇေန- ထိုသို့ ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်ကို မှန်ကန်စွာ ပြောဆိုရခြင်းကြောင့်၊ ဝေါတုမှာကံ- ယောဂီသူတော်စင်အပေါင်း သင်သူတော်ကောင်းတို့အား၊ ဇယမင်္ဂလံ- အောင်ဆုထူး မင်္ဂလာအပေါင်းသည်၊ ဘဝတု- မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**နန်းအိမ်ဗိမာန်ကြီးများ**

**"အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်၊"**

- အနိစ္စလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့် ရရှိအပ်တဲ့ မဂ်ဉာဏ်၊
- ဒုက္ခလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့် ရရှိအပ်တဲ့ မဂ်ဉာဏ်၊
- အနတ္တလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့် ရရှိအပ်တဲ့ မဂ်ဉာဏ်၊
- အနတ္တလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းကြောင့် မောဟကင်းစင်ပြီး ရရှိအပ်သော သုညတမဂ်ဉာဏ်၊
- အနိစ္စလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့် လောဘကင်းစင်ပြီး ရရှိအပ်တဲ့ အနိမိတ္တမဂ်ဉာဏ်၊
- ဒုက္ခလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်ခြင်းဖြင့် ဒေါသကင်းစင်ပြီး ရရှိအပ်တဲ့ အပ္ပဏိဟိတမဂ်ဉာဏ်၊

တုန်လှုပ်ခြင်းမရှိတဲ့ ဖိုလ်ဉာဏ်၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်တရားတော်များဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်တို့ကြောင့် ကိလေသာကင်းစင်ပြီးတော့ ရသိအပ်တဲ့ သူတော်ကောင်းများ တရားစည်းစိမ်ခံစံရာ နန်းအိမ်ဗိမာန်ကြီးတွေပါပဲ။

**သုညတံ အနိမိတ္တဉ္စ၊ ဝိဟာရဉ္စ ပဏိဟိတံ။**

**အာနေဉ္ဇဉ္စ နိရောဓေစ၊ ဧသောဓမ္မ ကုဋိတဝ။**

ဘန္တေ- မြတ်စွာဘုရား၊ သုညတံ- အနတ္တဟု အဖန်ဖန် အထပ်ထပ် ရှုမှတ်သဖြင့် ရအပ်သော သုညတအမည်ရသော မဂ်ဉာဏ်လည်းကောင်း၊ အနိမိတ္တဉ္စ- အနိစ္စဟု ရှုမှတ်သဖြင့် ရရှိအပ်သော အနိမိတ္တအမည်ရသော မဂ်ဉာဏ်လည်းကောင်း၊ အပ္ပဏိဟိတဉ္စ- ဒုက္ခဟု အဖန်ဖန် အထပ်ထပ် ရှုမှတ်သဖြင့် ရရှိအပ်သော အပ္ပဏိဟိတ

http://www.dhammadownload.com



အမည်ရသော မဂ်ဉာဏ်လည်းကောင်း၊ အာနေဥ္စ- တုန်လှုပ်ခြင်းမရှိသော ဖိုလ်ဉာဏ်လည်းကောင်း၊ နိရောဓေစ- ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်လည်းကောင်း၊ သော- ဤတရားစည်းစိမ်ခံစံရာ နန်းအိမ်ဗိမာန်သည်၊ တဝ- ရှင်တော်မြတ်ဘုရား၏၊ တဝ- တုမှာကဲ- ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းကြီးတို့၏၊ ဓမ္မကုဋီ- တရားစည်းစိမ်ခံစံရာ နန်းအိမ်ဗိမာန်ကြီးများသာ ဖြစ်ကြပါသည်ဘုရား။

သာဓု - သာဓု - သာဓု

တရားစည်းစိမ် ခံစံရာဖြစ်တဲ့ နန်းအိမ်ဗိမာန်ကြီးတွေ ဘာကြောင့်ရသလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာဉာဏ် (၃)မျိုးကြောင့် ဒီမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ခေါ်တဲ့ နန်းအိမ်ဗိမာန်ကြီးတွေ ရရှိနိုင်ပါတယ်။

ဒါကြောင့် အနိစ္စလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်တော့ လောဘကင်းစင်နိုင်တယ်။

ဒုက္ခလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်တော့ ဒေါသင်ကင်းစင်နိုင်တယ်။

အနတ္တလို့ အဖန်ဖန် အထပ်ထပ် ရှုမှတ်တော့ မောဟကင်းစင်နိုင်တယ်လို့ ပြောခဲ့တာပါ။

**သညာသုံးမျိုး**

လောဘကင်းစင်တဲ့အတွက် လောဘနည်းတဲ့အတွက် အသုဘသညာ ဖြစ်ပွားနိုင်တယ်။ လောဘများမယ်ဆိုရင် အသုဘသညာလေးတောင် မဖြစ်နိုင်ဘူး။

မိမိတို့နေ့တိုင်း စားကြ၊ သောက်ကြ၊ နေကြ၊ ထိုင်ကြတာ စဉ်းစားပြီး ကြည့်လိုက်မယ်ဆိုရင် ဤတလံမျှလောက်ရှိတဲ့ ခန္ဓာကိုယ် **"ဥဒ္ဓံပါဒတလာ"**- ခြေဖဝါးပြင်ရဲ့အထက်၊ **"အဓောကေသမတ္ထကာ"**-

http://www.dhammadownload.com



ဆံပင်ရဲ့အောက်၊ **"တစပရိယန္တံ"**- အရေနဲ့လွှမ်းခြုံထားတဲ့ မစင်မကြယ် ရွံ့ဘွယ်ဖြစ်တဲ့ ဤခန္ဓာကိုယ်ကို အသုဘသညာအားဖြင့် စဉ်းစားလိုက်တဲ့ အခါကျတော့-

"ဤကိုယ်ကာယ၊ တလံမျှသာ၌၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ (ကျောက်ကပ်)၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ (သရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုတ် စက်ဆုပ်ဖွယ်တို့သာ ရှိပါကုန်၏။

အဲဒီလို အသုဘသညာ၊ မတင့်မတယ်စက်ဆုပ်ဖွယ်၊ ရွံ့ဘွယ် အမှတ်သညာဟာ လောဘကင်းမှ လောဘနည်းမှ ဒီအသုဘ အမှတ် သညာကို အာရုံပြုနိုင်တယ်။ ဒါသမထကမ္မဋ္ဌာန်း အားထုတ်နည်းပါပဲ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်၊ မိမိတို့စားကြသုံးကြ မျိုကြ တဲ့ အာဟာရတွေ **"ကေဒ္ဒါရေန ပဝိသိတွာ နဝဒွါရေနဟိ သန္ဒတိ"**- ပါးစပ်ကနေဝင်ပြီး ဒွါရကိုးပေါက်ကနေ အညစ်အကြေးတွေ ထွက်ပြီး တော့နေတဲ့ ဒီခန္ဓာကိုယ်ကြီးရဲ့ မတင့်မတယ် ရွံ့စဖွယ်အမှတ်သညာ ဟာလဲပဲ လောဘများရင် မဖြစ်နိုင်ဘူး။

**အန္နံပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။**

**ဧကဒွါရေန ပဝိသိတွာ၊ နဝဒွါရေဟိ သန္ဒတိ။**

စားဖွယ်၊ သောက်ဖွယ်၊ မြတ်နိုးဖွယ်၊ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာတွေ စားကြ၊ သောက်ကြတယ်။ ပါးစပ်ဆိုတဲ့ ဒွါရတစ်ခုက ဝင်ပြီး ကိုးပါးသော ဒွါရအပေါက်တို့က အညစ်အကြေးများ ပြန်လည် ပြီးတော့ထုတ်တယ်၊ ယိုစီးတယ်။

အဲဒီလို စက်ဆုတ်ဖွယ်ကို ဆင်ခြင်စဉ်းစားနိုင်ခြင်းဟာလဲ လောဘဓာတ်ခံအားများရင် မဖြစ်ဘူး။

http://www.dhammadownload.com



အဲဒီတော့ လောဘကင်းစင်ခြင်းဟာ အသုဘသညာကိုလဲ ဖြစ်ပွားစေနိုင်တယ်။

ဒေါသနည်းပါးတဲ့အတွက် ဒေါသကင်းစင်တဲ့ အပ္ပမာဏသညာ၊ အတိုင်းအရှည်မရှိ၊ သတ္တဝါတို့အပေါ်မှာ ဖြပ္ပဝိဟာရ "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ"တရားများလဲ ထားနိုင်တယ်။

အခု အားထုတ်နေတဲ့ လုပ်ငန်းကြီးဟာ လောဘ၊ ဒေါသ၊ မောဟကင်းစင်မှုအတွက် အားထုတ်နေကြတဲ့ လမ်းစဉ်ပဲ။

အဲဒီလိုနဲ့ မောဟကင်းစင်တော့ အဝိဇ္ဇာဓာတ် ပပျောက်ပြီးတော့ ဝိဇ္ဇာဓာတ်အလင်းဓာတ် ပေါ်လာတယ်။

အဲဒီလို ဝိဇ္ဇာအလင်းဓာတ် ပေါ်လာတဲ့အခါ ဓာတုသညာ ပေါ်လာမယ်။ ဒါဝိပဿနာတစ်မျိုးပဲ။ ဓာတ်၊ ဓာတ်ဆိုတာ ဘာလဲ သဘော။ သဘောဆိုတာ သတ္တဇီဝ မရှိဘူး။ သတ္တဇီဝမှ ဆိတ်သုဉ်းတယ်။

ထွက်လေ ဝင်လေဆိုတဲ့ တွန်းကန်လှုပ်ရှားတဲ့ ဝါယော၊ အဲဒီ ဝါယောသည် ဓာတ်၊ ဓာတ်ဆိုတာ ဘာလဲ၊ သဘောလေးပဲ။ တွန်းကန်လှုပ်ရှားတဲ့ သဘောလေးပဲ။ ဓာတ်ကို သူရယ်၊ ငါရယ် ပြောလို့မဖြစ်ပါဘူးတဲ့။

တွန်းကန်လှုပ်ရှားတဲ့ သဘောလေးကို ဆင်ခြင်တိုင်းထွာနိုင်ခြင်းဟာ မောဟနည်းပါးမှု ဖြစ်ပါတယ်။ ဘုရားရှင်က ဒီခန္ဓာကိုယ်ကြီးကို ဓာတ်ချည်းမြင်အောင် အကြည့်ခိုင်းတာပါ။ အဲဒီ အပူဓာတ်၊ အအေးဓာတ် ရွေ့ရှားဓာတ်ကို လူ-သူ အမှတ်မမှားဖို့ပါပဲ။ သိပ္ပံပညာရှင်တွေက နာမည်အမျိုးမျိုးနဲ့ ဓာတ်တွေခွဲခြားနေကြတာပါပဲ။ သို့သော် လက္ခဏာယာဉ်တင် ဝိပဿနာရှုနည်း၊ ဓာတ်ကမ္မဋ္ဌာန်းရှုနည်း မသိကြဘူး။ ဒီနည်းနဲ့ ငြိမ်းချမ်းမှု မရှာတတ်ကြဘူး။

ဒါကြောင့် မိမိတို့အားထုတ်နေတဲ့ လမ်းစဉ်ဟာ လောဘ၊ ဒေါသ၊ မောဟ နည်းပါးအောင်လုပ်တဲ့ လမ်းစဉ်။

http://www.dhammadownload.com



အလောဘစေတ်၊ အဒေါသစေတ်၊ အမောဟစေတ်တွေ ကိန်းဝပ်လာပြီဆိုရင် ဒီအသုဘသညာ၊ အတိုင်းမရှိသော သတ္တဝါတို့ အပေါ်မှာ မေတ္တာစသည်ထားတဲ့ အမှတ်သညာ၊ အပိုင်းအခြားမရှိတဲ့ လောကကြီးတစ်ခုလုံး စေတ်သဘောအနေနဲ့ ဆင်ခြင်နိုင်တဲ့ သညာများကို ဖြစ်ပွားစေတယ်။

## ဓမ္မစကြာလာ အစွန်းနှစ်ပါး ရှောင်နိုင်တဲ့နည်း

မြတ်စွာဘုရား လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၈ နှစ်ကျော်က ဘုရားအဖြစ်သို့ ရောက်ရှိပြီးတော့ ဘုရားဖြစ်လို့ နှစ်လပြည့်တဲ့အခါကျမှ မြတ်စွာဘုရားက အစွန်းနှစ်ပါးရှောင်ကြ၊ အလယ်လမ်းသွားကြလို့ ဟောခဲ့တာ။

လောဘ၊ ဒေါသ၊ မောဟတွေများနေခဲ့ရင် အစွန်းနှစ်ပါးလဲ မရှောင်နိုင်ဘူး။ အလယ်လမ်းလဲ မသွားနိုင်ပါဘူး။ အခုဒီကမ္ဘာ့လူထုကြီးဟာ သက်သေပါပဲ။

လောဘနည်းပါးပြီး အလောဘစေတ် ကိန်းဝပ်ပြီဆိုရင် အာရုံငါးပါး ကာမဂုဏ်အယုတ်တရားကို ခံစားခြင်းခေါ်တဲ့ အစွန်းကို ရှောင်နိုင်ပါတယ်။ ကာမသုခလ္လိကာနုယောဂ ဆိုတဲ့အစွန်း။

အဲဒီဘက်အစွန်းမှာပဲ၊ ကမ္ဘာလောက ကမ္ဘာလူထုကြီး လူ့လောက၊ နတ်လောက၊ တိရစ္ဆာန်လောက ခြုံကြည့်လိုက်တော့ အာရုံငါးပါး ခံစားခြင်းဆိုတဲ့ အစွန်းမှာပဲ ရပ်တည်ပြီးနေကြတယ်။ အလယ်လမ်းကို မသွားနိုင်ကြဘူး။

အဲဒါ ဘာကြောင့်လဲလို့ဆိုတော့ လောဘစေတ်ခံအားကြီးလို့ပါပဲ။ လောဘစေတ် အားနည်းပြီးတော့ အလောဘစေတ် ကိန်းဝပ်ပြီဆိုရင် အဲဒီအစွန်းက ရှောင်ကြဉ်နိုင်ပါတယ်။

ဒေါသများတဲ့ ပုဂ္ဂိုလ်များကျတော့လဲ အများလမ်း အတ္တကိလမထာနုယောဂ ခေါ်တဲ့ အစွန်းမှာ ငြိပြီးနေကြတယ်။ ဒေါသစေတ်ခံနည်းပြီး အဒေါသစေတ်ခံများတဲ့ အခါကျတော့ အဲဒီ

http://www.dhammadownload.com



အတ္တကိလမထာနုယောဂ ခေါ်တဲ့ မြတ်စွာဘုရား ရှောင်စေချင်တဲ့ အစွန်းကနေ ရှောင်နိုင်ပါတယ်။

**လမ်းကောင်းအကျော် လမ်းမတော်**

အစွန်းနှစ်ပါးတော့ ရှောင်တာဟုတ်ပြီ။ ဝဲလမ်း၊ ယာလမ်းတွေတော့ ရှောင်ပြီ။ ဘယ်လမ်းသွားမလဲ။

ဘုရားရှင်က အလယ်လမ်းသွားတဲ့။

အလယ်လမ်းက နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးသွားဖို့ရာ ဖြောင့်လို့တဲ့။ ဖြောင့်ဖြူးပြီးတော့နေတဲ့လမ်း၊ အလယ်လမ်း။

အဲဒီလမ်းသွားဖို့ကျပြန်တော့ အလယ်လမ်းဆိုတာ ဘာလဲ ဆိုတော့ မဂ္ဂင်ကျင့်စဉ်ပါ။

အဲဒီ ကျင့်စဉ်သွားဖို့ကျပြန်တော့လဲ **"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"**။

မိုက်တယ်၊ မဲတယ်၊ မှောင်ကျပြီးတော့နေတဲ့ ကမ္ဘာ့လူထုကြီးဟာ အလယ်လမ်းလဲ မလိုက်နိုင်ဘူး။

အလယ်လမ်းလိုက်နိုင်တယ်ဆိုတာ မောဟကင်းစင်လို့ ဝိဇ္ဇာဓာတ်အလင်းရောင်ကြီးတွေ အနည်းအများရရှိမှ။ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်၊ ကျင့်စဉ်သုံးမျိုးဆိုတဲ့ အလယ်လမ်းမကြီး။ အဲဒီ သမ္မာဒိဋ္ဌိအစရှိတဲ့ လမ်းကောင်းအကျော် လမ်းမတော်ကြီးကို သွားနိုင်ပါတယ်။

ဓမ္မစကြာမှာ မြတ်စွာဘုရားက အစွန်းနှစ်ပါးရှောင် အလယ်လမ်းသွားကြတဲ့။ လောဘ၊ ဒေါသ၊ မောဟတွေ အားကြီးတဲ့ ပုဂ္ဂိုလ်များ အစွန်းနှစ်ပါးလဲ ရှောင်ဖို့မလွယ်ဘူး။ အလယ်လမ်း လမ်းလျှောက်ဖို့လဲ မလွယ်ဘူး။

ဗုဒ္ဓဘာသာ တရားတော်များမှာ မဂ္ဂင် (၈)ပါးဟာ အချုပ်ပဓာနကျတယ်။ အချုပ်ပဓာနကျတဲ့ မဂ္ဂင် (၈)ပါး။

http://www.dhammadownload.com



သီလဆိုလဲ ကိုယ်ရယ်၊ နှုတ်ရယ် စောင့်ထိန်းရတာကိုး။ သမာဓိဆိုပြန်တော့လဲ စိတ်ကိုငြိမ်အောင် ယောဂီများ အားထုတ်ကြရတယ်။ လွယ်လွယ်နဲ့မှ မရပဲကိုး။

သမာဓိရပြန်တော့လဲ ရုပ်တရား၊ နာမ်တရားတို့ကို သိဖို့ဆိုတာ အင်မတန်အသေးစိတ်ရတယ်။ ဉာဏ်နဲ့ကြည့်ရတယ်။ သိပ္ပံပညာများလို အတိုင်းအတာကိရိယာ အကူအညီနဲ့ ကြည့်ရတာမျိုး မဟုတ်ဘူး။

**မြူလေးမျိုး**

ဥပမာဆိုကြပါစို့။ မြတ်စွာဘုရားရဲ့ အဘိဓမ္မာနက်နဲပုံလေး ပြောကြဦးစို့။ မြူလေးမျိုးရှိတယ်။

၁။ ရထားများမောင်းသွားတဲ့အခါ ခုတ်သွားတဲ့အခါ မြင်းရထားဖြစ်စေ၊ မီးရထားတွေဖြစ်စေ မြူမှုန်တွေ ထတယ်။ အဲဒီ မြူမှုန်ကို ရထရေဏုမြူလို့ခေါ်တယ်။

၂။ အဲဒီ မြူမှုန်လေးတစ်ခုကို (၃၆)စိတ် စိတ်၊ တစ်စိတ်သော မြူကို **တဇ္ဇာရီမြူ**။

၃။ အဲဒီ တဇ္ဇာရီမြူကိုမှ မြူမှုန်လေးတစ်ခုယူ (၃၆)စိတ် စိတ်၊ တစ်စိတ်စာကို **အဏုမြူ**။

၄။ အဲဒီ အဏုမြူထဲကမှ တစ်ခုသော အဏုမြူလေးကိုယူ (၃၆)စိတ်စိတ်၊ တစ်စိတ်လေးကို **ပရမာဏုမြူ**။

**ရုပ် (၈)မျိုးပါဝင်**

အဲဒီ ပမာဏုမြူခေါ်တဲ့ မြူမှုန်လေးထဲမှာ "**ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ**"ခေါ်တဲ့ ရုပ် (၈)မျိုးပါတယ်။

"**လေ၊ မြေ၊ ရေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ အဆီ**" ခတ် (၈)မျိုးပါတဲ့ "**အဋ္ဌကလာပ်ရုပ်**"ပါတယ်။

http://www.dhammadownload.com



ဒီမြူလေးမျိုးကို တစ်ဆင့်ပြီးတစ်ဆင့် မြင်ဖို့ခက်သလိုပဲ၊ အဲဒီမြူတွေထဲမှာ အသေးဆုံးဖြစ်တဲ့ "ပရမာဏုမြူမှုန်လေးတစ်ခု"မှာပင် မြတ်စွာဘုရားက အဋ္ဌကလာပ်=ရုပ်ရှစ်မျိုးပေါင်းနေတယ်တဲ့။

အသေးစိတ်သွားတဲ့ခါကျတော့ အဲဒီလိုမြင်ဖို့ရာတွေ အင်မတန်ခက်ပါတယ်။

အဲဒီတော့ ဓမ္မစကြာဒေသနာတော်ဟာ တရားအချုပ်ပါပဲ။ (တစ်နည်းအားဖြင့်) မဂ္ဂင် (၈)ပါးဟာ သာသနာကျင့်စဉ်ကြီးတစ်ခုလုံးကို ချုပ်ကိုင်ထားနိုင်တဲ့ အညွှာပဲ။

မဂ္ဂင်ရှစ်ဖြာ ချိန်ခွင်ညှာ လမ်းစဉ်အတိုင်း ကျင့်ရင်မမှားဘူး။ ကမ္ဘာ့လူထုကြီးကို လှမ်းကြည့်လိုက် အာရုံငါးပါးကို ခံစားခြင်းအစွန်း (ကာမသုခလ္လိကာနုယောဂ) မိမိကိုယ်ကို ပင်ပန်းအောင်ကျင့်တဲ့ အစွန်း (အတ္တကိလမထာနုယောဂ)။ အဲဒီ ဝဲ၊ ယာအစွန်းမှာပဲ လျှောက်သွားနေကြတယ်။

အလယ်က လမ်းကောင်းအကျော် လမ်းမတော် မြေပုံမှန်ကြီး (၈)မျိုးကို မတွေ့ကြဘူး။ တွေ့တဲ့ပုဂ္ဂိုလ် နည်းနည်းလေးပဲ ရှိပါတယ်။ ကမ္ဘာ့ပညာရှင်တွေ မရေးထုတ်နိုင်၊ မဆွဲနိုင်တဲ့ မြေပုံက နိဗ္ဗာန်မြေပုံပဲ။ ကမ္ဘာမှာ သန်းပေါင်းခြောက်ထောင်ကျော် လူဦးရေရှိတယ်။

ဒါအပါယ်လောက၊ နတ်လောကတွေ မပါသေးဘူး။ ဒီလမ်းလိုက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ် နည်းနည်းလေးပဲ ရှိတယ်။

အဲဒီလမ်းကလဲ စောစောကပြောတဲ့ လောဘဓာတ်၊ ဒေါသဓာတ်၊ မောဟဓာတ်တွေ ထိုက်တန်သလောက် ကင်းစင်မှသာလျှင် ဒီလမ်းလိုက်နိုင်ပါတယ်။

နောက် ဂန္ထလေးပါးနဲ့ ပြောမယ်ဆိုရင် အဘိဇ္ဈာကာယဂန္ထ၊ လောဘပဲ။ လောဘကင်းစင်မှ အဘိဇ္ဈာကာယဂန္ထမှ လွတ်ကင်းတယ်။

ဗျာပါဒကာယဂန္ထ၊ ဒေါသကင်းစင်မှ ဗျာပါဒကာယဂန္ထမှ လွတ်ကင်းတယ်။

http://www.dhammadownload.com



သီလဗ္ဗတပရာမာသကာယဂန္ထနဲ့ အဝိဇ္ဇာကာယဂန္ထ။ ဒီနှစ်ပါး ကျတော့ မောဟကင်းစင်မှ ဒီဂန္ထနှစ်ပါးက လွတ်ကင်းနိုင်တယ်။

**သတိပဋ္ဌာန်အောင်မြင်ရေး**

နောက်သတိပဋ္ဌာန်နဲ့ စကားပြောမယ်ဆိုရင် လောဘကင်းစင်မှ ကာယာနုပဿနာ သတိပဋ္ဌာန် အောင်အောင်မြင်မြင် ဖြစ်နိုင်ပါတယ်။

ဒေါသကင်းစင်မှ ဝေဒနာနုပဿနာ သတိပဋ္ဌာန် အောင်အောင် မြင်မြင် ဖြစ်နိုင်ပါတယ်။

မောဟကင်းစင်မှ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် နှစ်ပါးအောင်မြင်နိုင်တယ်။

မိမိတို့အားထုတ်နေတဲ့ လုပ်ငန်းက လောဘ၊ ဒေါသ၊ မောဟ ကင်းစင်တဲ့လုပ်ငန်းတွေ အားထုတ်နေတာဆိုတော့ ရှင်းအောင်ပြော မယ်ဆိုရင် သတိပဋ္ဌာန်လေးပါး ပြည့်စုံအောင် အားထုတ်နေတဲ့ လုပ်ငန်းကြီးလို့ ဒီလိုမြင်ကြရမယ်။

**ရုပ်ပျိုကိုယ်နှ သက်ရှည်ကျန်းမာလိုလျှင်**

လောကီရေးဘက်ကိုလဲ ကျေးဇူးပြုသေးတယ်။ အဋ္ဌကထာ ဆရာကြီးများ ဖွင့်ထားတာ သိပ်ပြည့်စုံတယ်။

ဘယ်လို လောကီရေးရာမှာ အရေးပါသလဲဆိုတော့ ကျန်းမာ ရေးနဲ့ ပတ်သက်လို့ **"အလောဘော အာရောဂျတာယ ပစ္စယောဟောတိ"** အလောဘော- လောဘ၏ဆန့်ကျင်ဘက် အလောဘစေတသိက်သည်၊ အာရောဂျတာယ- အနာရောဂါကင်းရှင်းကွာ၍ ကျန်းမာခြင်းအား၊ ပစ္စယော- ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏။

အလောဘစေတသိက်ဟာ ကျန်းမာရေးအတွက်လဲ ကျေးဇူးပြုတယ်။ လောဘကင်းစင်တဲ့အတွက် ကျန်းမာနိုင်တယ်။

http://www.dhammadownload.com



ဘယ်လိုလဲ လောဘနည်းတဲ့ ပုဂ္ဂိုလ်ကျတော့ တပ်မက်ဖွယ်တော့ မှန်တယ်။ ဒါပေမဲ့ မိမိနဲ့မသင့်တဲ့ အာရုံ၊ မိမိနဲ့မသင့်တဲ့ အစာကို သုံးဆောင်ခြင်း မပြုတော့ဘူး။ သင့်တော်တာကိုတောင်မှ အတိုင်းအတာလေးနဲ့ သုံးဆောင်တယ်။ ရာဂ- လောဘဆိုတဲ့ တဏှာအားများပြီဆိုရင် မိမိနဲ့မသင့်တာမှန်ရဲ့ သို့သော်လဲပဲ ကြုံတုန်းဆိုပြီးတော့ သေလောက်အောင် စားလိုက်တာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် အလောဘစေတသိက် အသက်ရှည်ခြင်းရဲ့ အကြောင်းဖြစ်ပါတယ်။

အဒေါသစေတသိက် နုပျိုခြင်းရဲ့အကြောင်းဖြစ်တယ်။ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်များကျတော့ ဒေါသဆိုတဲ့ မီးကနေပြီး လောင်ကျွမ်းလိုက်တဲ့ အခါကျတော့ ပါးရေ၊ နားရေတွေတွန့်တယ်။

အဒေါသစေတသိက်ရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဒေါသကြီးလို့ ပါးရေ၊ နားရေတွန့်တာနည်းတယ်။ ဒါကြောင့် ဒေါသကင်းစင်တဲ့ ပုဂ္ဂိုလ်များ နုပျိုတယ်။ အရွယ်နုပျိုတယ်။

အမောဟပြည့်စုံတဲ့ ပုဂ္ဂိုလ်များကျတော့ အသက်ရှည်ခြင်း အကြောင်းဖြစ်တယ်။ မတွေဝေပဲကိုး။ မတွေဝေတဲ့ ပုဂ္ဂိုလ်များ အကျိုးရှိတာ မရှိတာကို ပိုင်းခြားနိုင်တယ်။ မိမိအကျိုးစီးပွားဖြစ်မှာကိုလဲ အသိဉာဏ်က စောင့်တယ်။ ဒါကြောင့် **"အသက်ဉာဏ်စောင့်"** အမောဟစေတသိက် အသက်ကိုစောင့်တယ်။

**"အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်"** ဒီစကားဟာ **"အမောဟော ဒီဃာယုတာယ ပစ္စယောဟောတိ"**ဆိုတဲ့စကားနဲ့ ကိုက်ညီတယ်။

အမောဟစေတသိက် အသက်ရှည်ဖို့ပါပဲ။ ဒါလောကီမှာလဲ ကျေးဇူးပြုပုံပါပဲ။ ဘုန်းကြီးတို့ တရားအားထုတ်နေပေမယ့် လောကုတ္တရာ အတွက်တင်မဟုတ်ဘူး။ လောကီအတွက်မှာလဲ ကျေးဇူးပြုတယ်။

http://www.dhammadownload.com



**အရာရာပြည့်စုံရေး**

ဆက်ပြောအုန်းမယ်။ အဋ္ဌကထာ ဆရာကြီးများက ဖွင့်လိုက်ပုံက-

**"အလောဘော ဘောဂသမ္ပတ္တိယာ"**

အလောဘစေတ်ဟာ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံဖို့ ဖြစ်ပါတယ်။

**"အဒေါသော မိတ္တသမ္ပတ္တိယာ"**

အဒေါသစေတ်ဟာ မိတ်ကောင်းဆွေကောင်းတွေနဲ့ ပြည့်စုံဖို့ ဖြစ်တယ်။

**"အမောဟော သဗ္ဗသမ္ပတ္တိယာ"**

အမောဟစေတ်ဟာ အကျိုးစီးပွားအားလုံး ပြည့်စုံဖို့ရာဖြစ်တယ် ဆိုတော့ စည်းစိမ်၊ မိတ်အားလုံး ပြည့်စုံချင်သူတိုင်း လော၊ ဒေါ၊ မော ကင်းအောင် ကြိုးစားကြရမှာပါပဲ။

**ချမ်းချမ်းသာသာနေချင်လျှင်**

"ဝိဟာရ" နေခြင်းအမျိုးမျိုး ရှိတယ်။ ဒိဗ္ဗဝိဟာရ- နတ်များလို နေခြင်း၊ ဗြဟ္မာဝိဟာရ- ဗြဟ္မာနေသလို နေခြင်း၊ အရိယဝိဟာရ- အရိယာတို့နေသကဲ့သို့ နေခြင်းမျိုး။

အဲသလို နေချင်ရင် လောဘ၊ ဒေါသ၊ မောဟ ကင်းစင်အောင် အားထုတ်ကြ။

- လောဘကင်းစင်တော့ နတ်များနေသလို၊
- ဒေါသကင်းစင်တော့ ဗြဟ္မာများနေသလို၊
- မောဟကင်းစင်တဲ့အခါကတော့ အရိယာများနေသလို နေနိုင်တယ်။

အရိယာများ ဘယ်လိုနေသလဲဆိုတော့-

**"ဖုဋ္ဌဿ လောကဓမ္မေဟိ၊**

**စိတ္တံ ယဿ နကမ္ပတိ။"**

http://www.dhammadownload.com



လောကကြီးထဲမှာ လူရယ်လို့ဖြစ်လာတော့ လောကဓံတွေက "လာဘော အလာဘော"- ရတာ၊ မရတာ။ "သုခ ဒုက္ခ"- ချမ်းသာ၊ ဆင်းရဲ။ "နိန္ဒ ပသန္န"- ချီးမွမ်း၊ ကဲ့ရဲ့။ "ယသ အယသ"- အခြံအရံ အနည်းအများ။

အဲဒီ တရားတွေဟာ လောကဓမ္မ လောကထဲမှာ ဒီတရားတွေက ရှိနေတယ်။ လူတိုင်းလူတိုင်း လိုချင်တဲ့ လောကဓံက (၄)မျိုး၊ မလိုချင်တာက (၄)မျိုး။ မိမိလိုချင်တာကတော့ "လာဘ၊ သုခ၊ ပသန္န၊ ယသ" မလိုချင်တဲ့ လောကဓံတွေက တိုက်လာတော့ အရိယာ ပုဂ္ဂိုလ်များကျတော့ စိတ်ကမတုန်လှုပ်ဘူး။ အဲဒါ မင်္ဂလာပဲ။ မတုန်လှုပ်တော့ဘူး။ ဘာကြောင့်လဲ၊ တရားသိနေလို့။

အရိယဝိဟာရ- အရိယာများလို နေချင်ရင် လောဘ၊ ဒေါသ၊ မောဟ တရားသုံးမျိုးထဲက မောဟကင်းအောင် အမောဟဓာတ်ကိန်းအောင် လုပ်ကြရမယ်။

တစ်ချို့ ဆုတောင်းကြတယ်။ လောကဓမ္မေဟိ- ဖြစ်ကြပျက်ကုန်တွေ့ကြုံကြရိုး တရားဆိုး၊ တရားပျက်တို့သည်၊ ဖုသိတေ- တစ်နေ့မမိ တစ်နေ့မိဖြင့် တွေ့ထိခံစားရသည်ရှိသော်၊ ယေနစိတ္တေန- မတည်တန့်နိုင်၊ မခိုင်ခန့်လတ် အကြင်စိတ်ဓာတ်ကြောင့်၊ ကမ္ပေတ္တိ- တရားမမြင်နားမဝင်ဘဲ အားအင်ရှိန္တမ်း ပင်ပန်းတုန်လှုပ်ကြကုန်၏။ တံစိတ္တံ- ထိုကဲ့သို့ လောကဓံတရားမျိုးတို့ကြောင့် ပင်ပန်းတုန်လှုပ်စိတ်ညှိ့ စိတ်ပျော့မျိုးသည်၊ မာဟောတု- တပည့်တော်တို့သန္တာန်၌ တရံတဆစ်မျှ မဖြစ်ပါစေသတည်း။

ကုသိုလ်ပြုပြီးတော့ ဆုတောင်းကြတယ်။ အဲလို ဆုတောင်းထားသော်လဲပဲ မောဟကင်းစင်ပြီး အမောဟဓာတ် ကိန်းဝပ်မှ လောကဓံ တရားဆိုး၊ တရားပျက် လောကဓံလှိုင်းလုံးတွေ ဘယ်လိုကြီးကြီး စိတ်ဟာ မတုန်မလှုပ်ဖြစ်မှာပါပဲ။

http://www.dhammadownload.com



ဒါကြောင့် အရိယာပုဂ္ဂိုလ်တို့ကဲ့သို့ ချမ်းချမ်းသာသာနေချင်ရင် တရားအားထုတ်ကြရမှာပါပဲ။ နတ်များလို နေချင်ရင်လဲ တရားအား ထုတ်ကြ။ ဗြဟ္မာတွေလို နေချင်ရင်လဲ တရားအားထုတ်ကြရမှာပါပဲ။

## ငြိမ်းချမ်းရေးရချင်လျှင်

လောကကြီးတစ်ခုလုံးက ငြိမ်းချမ်းချင်ကြတယ်။ ငြိမ်းချမ်းချင် သော်လဲပဲ သူ့အသိုင်းအဝိုင်း၊ ကိုယ့်အသိုင်းဝိုင်း၊ ကြားနေအသိုင်းအဝိုင်း လို့ အသိုင်းအဝိုင်း (၃)မျိုး ရှိပါတယ်။ ကိုယ့်ပါတီ၊ သူ့ပါတီ၊ ကြားနေလို့ ဆိုကြပါစို့။

အလောဘဓာတ် ကိန်းဝပ်လို့ရှိရင် မိမိအသိုင်းအဝိုင်းဖြစ်တဲ့ သတ္တဝါတွေနဲ့ ပတ်သက်ပြီး ငြိမ်းချမ်းတယ်။ မိမိအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ စိတ်မအေးရတာရယ်၊ သူတစ်ပါးအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ မငြိမ်းတာရယ်၊ ကြားနေဝါဒအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ မအေးရတာတွေ ရှိတယ်။

ဒီတရားတော်က မိမိအသိုင်းအဝိုင်းနဲ့ ပတ်သက်လို့လဲ ငြိမ်းချမ်း ရေးရမယ်။ အေးမယ်။ သူတစ်ပါးအသိုင်းအဝိုင်းနဲ့ ပတ်သက်လို့ရှိရင်လဲ ဆန့်ကျင်ဘက် အသိုင်းအဝိုင်းနဲ့ ပတ်သက်လို့ရှိရင်လဲ အေးမယ်။

အလောဘဓာတ် ကိန်းဝပ်မယ်ဆိုရင် မိမိအသိုင်းအဝိုင်းနဲ့ ပတ်သက်လို့ မိမိအသိုင်းအဝိုင်းမှာ သေမှု၊ ကျေမှု၊ ထိခိုက်မှု တစ်စုံတစ်ခု ဖြစ်သော်လဲ မိမိမှာ ငြိကပ်မှု၊ တွယ်တာမှု အားနည်းပြီးနေတော့ စိတ်လေးဟာ ငြိမ်းချမ်းပြီးတော့ ငြိမ်းအေးပြီးတော့ နေပါတယ်။

သူတစ်ပါးအသိုင်းအဝိုင်း၊ ဆန့်ကျင်ဘက် အသိုင်းအဝိုင်းနေ တွေနဲ့ ပတ်သက်ပြီးတော့လဲပဲ ဒေါသကင်းစင်ပြီး အဒေါသဓာတ်ကိန်း ဝပ်မှသာလျှင် ငြိမ်းချမ်းမှာပါပဲ။

ဒေါသကင်းစင်တော့ ရန်သူတွေအပေါ်မှာလဲ ရန်သူဆိုတဲ့ အမှတ်သညာမရှိတော့ပဲကိုး။ ဒါကြောင့် ငြိမ်းချမ်းတာ။ မိမိအသိုင်းအဝိုင်း၊

http://www.dhammadownload.com



ဆန့်ကျင်ဘက် အသိုင်းအဝိုင်း၊ ကြားနေဝါဒ အသိုင်းအဝိုင်း၊ ဒီအသိုင်း အဝိုင်းသုံးမျိုးပဲ ရှိတယ်။

လူတွေ မငြိမ်းချမ်းကြတာ မိမိတို့အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီး မငြိမ်းချမ်းဘူး။ သူတစ်ပါး ဆန့်ကျင်ဘက် အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီး မငြိမ်းချမ်းဘူး။ ကြားနေအသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီး မငြိမ်းချမ်းဘူး။

အဲဒါတွေ ငြိမ်းချမ်းဖို့ဆိုတာ အလောဘစေတ်၊ အဒေါသစေတ်၊ အမောဟစေတ် ကိန်းဝပ်မှသာလျှင် ငြိမ်းချမ်းနိုင်ပါတယ်။

ကမ္ဘာကြီးတစ်ခုလုံးဟာ ငြိမ်းချမ်းရေးရှာနေကြတာ ငွေသန်း ပေါင်းများစွာ အကုန်ခံပြီး ရှာနေကြတာ။ လမ်းစမတွေ့ဘူး။ ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်က ညွှန်ပြနေတာတွေ ရှိပါတယ်။

မိမိအသိုင်းအဝိုင်းလဲ ငြိမ်းချမ်းရမယ်။ ဆန့်ကျင်ဘက်အသိုင်း အဝိုင်းလဲ ငြိမ်းချမ်းရမယ်။ ကြားနေအသိုင်းအဝိုင်းလဲ ငြိမ်းချမ်းရမယ်။ အဲဒီနည်းကောင်း လမ်းကောင်းတွေ ဘုန်းကြီးတို့ဗုဒ္ဓဘာသာမှာ ရှိတယ်။

သို့သော်လဲ အခြားဘာသာကြီးတွေကို ဒို့ဗုဒ္ဓဘာသာမှာ ဒီလမ်းစဉ်ကြီး ရှိပါတယ်။ လောဘလျှော့တဲ့နည်း၊ ဒေါသလျှော့တဲ့နည်း၊ မောဟလျှော့တဲ့နည်းတွေ ရှိပါတယ်။ သုံးစွဲကြပါဆိုရင် လိုက်ပါပြီး ဒီလမ်းစဉ် သုံးစွဲဖို့ကခက်တယ်။

စောစောကပြောသလို သီလဆောက်တည်ပြန်တော့လဲ လွယ် လွယ်မှ မဟုတ်ပဲကိုး။ အကျဉ်းချုပ်အားဖြင့် ကာယကံ၊ ဝစီကံ စောင့်ထိန်း ကြရတယ်။

ဥပုသ်စောင့်တယ်ဆိုရင်လဲ အစာမစားပဲ နေခြင်းစတဲ့ အခက် အခဲတွေရှိတယ်။

**ထေရဝါဒဗုဒ္ဓဘာသာ**

မကြာသေးခင်က "ဖူးရစ်"ရောက်တော့ ညနေ (၅)နာရီ အိမ်တစ်အိမ်က ဘုရားခန်းမှာ နေရာပြင်ထား၊ လာပင့်လို့ သွားတော့

http://www.dhammadownload.com



အဲဒီမှာ ဆွဲဇ္ဇလန်သား အမျိုးသားတစ်ယောက်က ထမင်းစားနေတယ်။ ဘုန်းကြီးလဲ ထိုင်လိုက်ရော သူ့အမျိုးသမီးကို လှမ်းပြောတယ်။ ထမင်းစားဖို့ ခေါ်လိုက်ပါလို့။ သူ့အမျိုးသမီးက ပြန်ပြောတယ်။ "ညစာ မစားဘူး"လို့။ အဲလိုဆိုရင် ထမင်းနံ့၊ ဟင်းနံ့တွေ နံပါလိမ့်မယ်ဆိုပြီး နေရာပြောင်းပြီးစားတယ်။

သူက ဘာပြောလဲလို့ဆိုတော့ ဩော်- သူ့ဟာသူ ရွေးထားတဲ့ လမ်းစဉ်ပဲ။ ဒီလမ်းစဉ်ကောင်းတော့ ကောင်းတယ်။ လိုက်နာဖို့ အင်မတန်ခက်တယ်လို့ သူကပြောတယ်။

**ဗုဒ္ဓဘာသာမှာ**

မဟာယာနဗုဒ္ဓဘာသာ၊ ထေရဝါဒဗုဒ္ဓဘာသာလို့ ရှိပါတယ်။ ဟိုလွန်ခဲ့တဲ့ (၁၀)နှစ်က ဆိုဗီယက်မှာ ကျင်းပတဲ့ ဗုဒ္ဓဘာသာညီလာခံ တစ်ခု၊ ဘူရိယပြည်နယ် အူလံအူဒေးမြို့မှာ ကျင်းပတယ်။

ဒီလိုပဲ ညနေ (၅)နာရီ နိုင်ငံပေါင်း (၂၀)က ဗုဒ္ဓဘာသာ ညီလာခံ တက်ရောက်တဲ့ ဘုန်းတော်ကြီးတွေပါပဲ။ ညနေ (၅)နာရီ ညေ့ခံတယ်။ အစုံပါပါတယ်။ မုန့်ပဲသရေစာတွေရော၊ အဖျော်ရည်တွေရောပါတော့ ထေရဝါဒဗုဒ္ဓဘာသာတွေက ခပ်နည်းနည်းကိုး။ (၂)နိုင်ငံပဲပါတယ်။ မဟာယာနဗုဒ္ဓဘာသာတွေကများပါတယ်။

စားပွဲ၊ သောက်ပွဲ တက်ရောက်တော့ ဘုန်းကြီးတို့ထဲက ကပ္ပိယ၊ ဒါယကာတစ်ယောက်ပါတယ်။

ရောက်တာနဲ့စားကြတယ်။ စားကြတော့ ဘုန်းကြီးတို့ဝိုင်းနဲ့ မနီး မဝေးမှာ ဘုန်းကြီးတစ်ပါးပါတယ်။ သူကတော်တော်အကင်းပါးတဲ့ ဘုန်းကြီးပေါ့။ နာမည်ကြီးနိုင်ငံရေးဆောင်ရွက်နေသူပါ။

ညနေပိုင်းမို့ ဘာမမစားပဲနဲ့ ရေသောက်နေတဲ့ ဘုန်းကြီးတို့ဝိုင်းကို လှမ်းကြည့်ပြီးတော့ ဘာပြောသလဲဆိုတော့ "ညစားမစားတဲ့ဘုန်းကြီးတွေ ကလဲ ဒီအစာအာဟာရတို့ကို မနက်စာလို့ သဘောထားပြီးတော့

http://www.dhammadownload.com



သုံးဆောင်တော်မူကြပါ။ အရက်သေစာများကိုလဲ ရေလိုသဘောထားပြီး သောက်တော်မူကြပါ”တဲ့။

အဲဒီလိုလှမ်းပြောတော့ အခြားဘုန်းကြီးတွေကလဲ ရယ်ကြတယ်။ နိုင်ငံ (၂၀)လောက်ကလာတဲ့ အခြားဘုန်းကြီးတွေက စားကြတယ်၊ သောက်ကြတယ်။ အခြားထေရဝါဒနိုင်ငံကလာတဲ့ အချို့ဘုန်းကြီးတွေကလဲ စားကြ၊ သောက်ကြတယ်။ စားတော့ ဘုန်းကြီးတို့ထဲက ခေါင်းဆောင်ဘုန်းတော်ကြီးက ဆူတယ်။ အဲဒီစားတဲ့ ဘုန်းကြီးကို ဗမာလို ဆူတာ သူမသိပါဘူး။

ဒီအစာအာဟာရနဲ့ပတ်သက်လို့ ဥပုသ်စောင့်တာလေးတောင်မှ ခက်တယ်။ အင်မတန်ခက်ပါတယ်။

အခုယောဂီများ နေ့စဉ်နေ့တိုင်း ဥပုသ်စောင့်ပြီးနေတယ်။ နံနက်စာ တစ်ထပ်စာ စားတယ်လို့ပဲ ခေါ်ရတယ်။ မွန်းမလွဲမီ **“ဒသက္ခတ္တုံ ဘုဥ္စမာနောပိ ဧကဘတ္တိကောယေဝ”**

မွန်းမလွဲမီ (၁၀)ကြိမ် စားပါစေ။ တစ်ထပ်စာစားသည် မည်ပါတယ်။ ဒါကြောင့်မို့ သီလနဲ့ပတ်သက်လို့ ကာယကံမှု၊ ဝစီကံမှု စောင့်ထိန်းရတာ ခက်ပါတယ်။ ဣန္ဒြိယသံဝရသီလကျတော့ စိတ်ကိုပါ ထိန်းရတဲ့သဘော ရှိပါတယ်။ သီလထိန်းဖို့ရာလေးတောင် အင်မတန်ခက်ပါတယ်။

## အသီးတစ်ရာ အညာတစ်ခု

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်တစ်ပါးဟာ သာသနာတော်ထဲဝင်ပြီး ရဟန်းပြုပြီးတော့ သိက္ခာပုဒ်တွေ တစ်ပုဒ်ပြီး တစ်ပုဒ် လိုက်ပြီးတော့ ကြည့်လိုက်တော့ ဒီလောက်တောင် သိက္ခာပုဒ်တွေများတာ တော်ပြီဆိုပြီး ဘုရားထံသွားလျှောက်တယ်။

တပည့်တော် လူဝတ်လဲပါတော့မယ်ဘုရား။ စောင့်ထိန်းစရာ သိက္ခာပုဒ်တွေ များလွန်းလို့ပါဘုရားလို့လျှောက်တော့-

http://www.dhammadownload.com



မြတ်စွာဘုရားက ဒီလိုဆိုရင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးပဲ ထိန်းပါဆိုတော့။ များသေးတယ်ဘုရား။ ဒီလိုဆိုရင် စိတ်တစ်ခုကိုပဲ ထိန်းပါလို့ အမိန့်ရှိလိုက်တော့မှ ပျော်သွားတယ်။ စိတ်တစ်ခုကို ထိန်းလိုက်ရင် အကုန်ထိန်းပြီးသားပါပဲ။

**"အသီးတစ်ရာ အညှာတစ်ခု"**ပုံကိုရှုလော့။ (အသီးတစ်ရာ အညှာတစ်ခုဆိုတာလိုပါပဲ။)

စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊
တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊
လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊
ရကြောင်းလာ၏။

စိတ်ဆိုတဲ့ တရားလေးတစ်ခု နှိပ်ကွပ်ပြီးတော့ ထားမယ်ဆိုရင် လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရနိုင်တယ်။

ဘာကြောင့် ရနိုင်သလဲဆိုတော့ အလောဘဓာတ်၊ အဒေါသဓာတ်၊ အမောဟဓာတ်တွေ ကိန်းဝပ်၊ ဓာတ်ကောင်းဓာတ်မြတ်တွေ ကိန်းဝပ်သွားလို့ပါပဲ။

အဲဒီ ဓာတ်ကောင်းဓာတ်မြတ်တွေ ကိန်းဝပ်ပြီဆိုရင် ပစ္စုပ္ပန်မှာလဲ ငြိမ်းချမ်းတယ်။ နောင်သံသရာမှာလဲ ငြိမ်းချမ်းပါတယ်။ ဒါကြောင့်မို့ ကောင်းမြတ်တဲ့လမ်းစဉ်၊ ကျင့်စဉ်။

## ကံကောင်းထောက်မ

တစ်ခါတစ်ရံလေး တွေ့ကြ၊ ကြုံကြ၊ ဆုံကြရတာ အိမ်မက်တွင်မျှ မမြင်စဘူး။

အပြောကျယ်စွာ၊ သံသရာဟု၊
မဟာအတီး၊ မှောင်တောကြီး၌၊
ခရီးအစဉ်၊ ရှစ်မဂ္ဂင်ကို၊
မမြင်သောအား၊ မှားကြီးမှား၍၊

http://www.dhammadownload.com



မနားမရပ်၊ ခြားရဟတ်သို့၊
တပါတ်ပါတ် လည်ပတ်နေကြကုန်သော ဒုက္ခိတသတ္တဝါတို့ကို-
လမ်းမှန်ကြောင်းအစဉ် ရှစ်မဂ္ဂင်ကို၊
မျက်မြင်ဒိဋ္ဌ စခန်းပြလျှက်၊
အမတလွင် နိဗ္ဗာန်ခွင်သို့၊
အလျှင်ရောက်အောင် ပို့ဆောင်တော်မူတတ်ပါပေသော မြတ်စွာဘုရား။

မျက်စိလည်လမ်းမှားပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ ကမ္ဘာ့လူထုကြီး အများကြီးစဉ်းစားလိုက်ကြ။ ဒီမဂ္ဂင်လမ်း မတွေ့ကြဘူး။ မြေပုံတွေ ကိုင်ဆောင်ပြီးတော့ သွားနေကြတာ ဒီလမ်းမတွေ့ကြဘူး။

ဘုန်းကြီးတို့တတွေ ကံကောင်းထောက်မလို့ လမ်းပြတော်မူတဲ့ မြတ်ဘုရားက နှစ်ပေါင်း (၂၅၈၈)နှစ်ကျော်က ပြခဲ့တာ။

နှစ်ပေါင်း (၂၅၀၀)ကျော်အောင် ဒီလမ်းကလေး ထိန်းပြီးတော့ ထားနိုင်ခဲ့တယ်။ ထိန်းပြီးတော့ ထားတဲ့လမ်းကလေးကို တွေ့တဲ့လူတိုင်း လမ်းမှန်လေးတွေ့တော့ လျှောက်ကြရတာ။

ဒို့တတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က ဗုဒ္ဓဘုရား ကိုယ်တော်တိုင် ပြသထားခဲ့တဲ့လမ်း။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ထင်ပေါ်အောင် ဖွင့်ဆိုမိန့်ကြားထားခဲ့တဲ့ လမ်းကြီး (၈)သွယ်။

အဲဒီလမ်းအတိုင်း လိုက်လံအားထုတ်သွားနေကြရတဲ့အတွက် ဒို့ဘဝ ရကျိုးနပ်ပေစွလို့ စိတ်ချလက်ချ ကျေကျေနပ်နပ်နဲ့ ဆက်လက်ပြီးတော့ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စခန်းသိမ်းအောင်ပွဲ

ယနေ့ ၁၃၆၂ ခု၊ တော်သလင်းလဆန်း (၈)ရက်နေ့။

**လယ်တီဆရာတော်**

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ကျင်းပသော လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၁၆)ကြိမ်မြောက် အောင်မြင်စွာကျင်းပပြီး စခန်းသိမ်းအောင်ပွဲ ကျင်းပနိုင်ပြီ။

အကြိမ်ပေါင်း (၁၆)ကြိမ်၊ (၇)ရက် (၇)ရက်ဆိုတော့ ရက်ပေါင်း (၁၀၀)ကျော်သွားပါပြီ။ အားထုတ်ကြတာ တစ်ချို့ဆိုရင် နှစ်ကြိမ်၊ သုံးကြိမ်၊ တစ်ချို့ကျတော့ များများ၊ ဒီလယ်တီမူကျောင်းတိုက်ကြီးကို ဘုန်းကြီးတို့လက်ခံပြီးသည့်နောက် အများအတွက် အင်မတန်အကျိုးများအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယောဂီအရေအတွက်အားဖြင့် (၁၆)ကြိမ်ဆိုတော့ (၁၀၀၀) နီးပါးလောက် ရှိသွားပြီး။ ရက်ပေါင်း (၁၁၂)ဆိုတော့ နာရီပေါင်း တစ်နေ့ (၁၁)နာရီနဲ့တွက်ရင် (၁၄၉၇)နာရီလောက် အားထုတ်ပြီးကြပြီ။

ပုဂ္ဂိုလ်တစ်ယောက်ထဲတော့ မဟုတ်ဘူးပေါ့။ အချို့ပုဂ္ဂိုလ်တွေလဲ အဲဒီအထဲမှာ ဒီ(၇)ရက်တင် နာရီပေါင်း (၈၀)ကျော်၊ အားထုတ်ရတဲ့အထဲ အချို့ (၂)ကြိမ်၊ (၂)ကြိမ် အားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရှိတော့ နာရီအားဖြင့် (၁၀၀-၁၅၀-၂၀၀) အားထုတ်ဖူးတဲ့ပုဂ္ဂိုလ်တွေ ပါကြတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက စာပေလဲ ပို့ချတယ်။ တရားလဲဟောတယ်။ တရားလဲပြတယ်။ ကျမ်းစာလဲ ရေးတော်မူတယ်။

စာပေဘယ်လောက် ပို့ချသလဲလို့ဆိုတော့ ဆရာတော်ဘုရားကြီး မုံရွာမြို့လယ်တီကျောင်းတိုက်ထဲကနေပြီးတော့ သီတင်းဝါလကျွတ်တဲ့ အခါ တိုင်းအသီးသီး၊ ပြည်နယ်အသီးသီးသို့ ကြွပြီးတော့ တရားဟောတယ်။

http://www.dhammadownload.com



အဲလို တရားဟောပြီးတော့ ပြန်တဲ့အခါမှာ ပြန်ရောက်တဲ့နေ့ ပြန်ရောက်ပြီဟော့ဆိုပြီးတော့ အုံးမောင်းခေါက်အသိပေးတယ်။

ကျောင်းတိုက်ပြန်ရောက်တဲ့အခါ အုံးမောင်းခေါက်တော့ တပည့်သံဃာတွေ ရောက်လာတဲ့အခါ ဘာပြောသလဲဆိုတော့ ကိုယ်တော်တို့ တပည့်တော် အောက်မြန်မာပြည် အမြို့မြို့ အရွာရွာက ကြွလာလို့ ဒီဆရာတော်ကြီး တရားဟောပြန်လာတာ သကၤန်း၊ ထီး၊ ဘိနပ်တွေ ပါမှာပဲ။ ပါလာတဲ့ပစ္စည်းတွေ ဝေမယ်လို့ အုံးမောင်းခေါက်တယ် မထင်ကြနဲ့။

ဒို့က အောက်ပြည်အောက်ရွာ ဟင်္သာတသွား တရားဟောတော့ ဟင်္သာတက လှူလိုက်တဲ့ပစ္စည်း၊ ဟင်္သာတမြို့က သံဃာတော်တွေကိုပဲ လှူခဲ့တယ်။ မန္တလေးကျတော့လဲ မန္တလေးစာသင်တိုက်တွေ လှူခဲ့တယ်။ ပစ္စည်းဝေဖို့ အုံးမောင်းခေါက်တာ မဟုတ်ဘူး။ မနက်ဖြန်ကစပြီး စာချမယ်လို့ အုံးမောင်းခေါက်တာလို့ ဆရာတော်ဘုရားကြီးက ဒီလို မိန့်ကြားတယ်။ စာချလုပ်ငန်းနဲ့ ပတ်သက်လို့ အလွန်လေးစားစရာပါ။

တရားဟောတာနဲ့ ပတ်သက်ပြီးတော့လဲ အခြေခံကစပြီးတော့ အင်္ဂလိပ်တို့ အုပ်စိုးနေတဲ့အခါမှာ အခြားဘာသာဝင်များက နွားတွေ သတ်ဖြတ်မှု အင်မတန်များပြားလာတော့ ဆရာတော်ဘုရားကြီးက ရောက်တဲ့နေရာတိုင်းမှာ နွားမေတ္တာစာနဲ့ ရေးပြီးတော့ အလှူခံခဲ့တယ်။

တစ်နှစ်၊ တစ်နှစ်မှာ နွားကောင်ရေ သောင်းချီပြီးတော့ အလှူခံလို့ ရပါတယ်။ ဇီဝိတဒါန အချို့ရွာတွေ၊ မြို့တွေရောက်တဲ့အခါ နွားသား မစားတဲ့လူတွေ စာရင်းပေးပါဆိုတော့ အချို့မြို့တွေက ထောင်ဂဏန်း ကျော်ပြီး စာရင်းပေးကြတယ်။

တပည့်တော်တို့ နွားသားလှူပါ၏။ မစားတော့ပါ။ တပည့်တော်တို့ ဆိတ်သားလှူပါ၏။ မစားတော့ပါ။ တစ်ချို့က အရက်သေစာ မသောက်တော့ပါဘူးလို့ လှူကြတယ်။ တစ်ချို့က လောင်းကစား မလုပ်တော့ပါဘူးလို့ စာရင်းအင်းနှင့်တကွ ဆရာတော်ဘုရားကြီးစီ လှူဒါန်းကြတယ်။

http://www.dhammadownload.com



ပုသိမ်ရောက်တဲ့အခါမှာ ဆရာတော်ဘုရားကြီးက နွားမေတ္တာစာဖတ်ပြီး နွားသားမစားဖို့ မေတ္တာရပ်တဲ့အခါကျတော့ ပုသိမ်က ဘုန်းတော်ကြီးများက ငါး၊ ပုဇွန်တို့ရဲ့ ကိုယ်စား စာတွေချိုးပြီးတော့ ဆရာတော်ဘုရားကြီးဆီ ပို့တယ်။ အဲဒီစာပိုဒ်တွေထဲမှာ ငါး၊ ပုဇွန်တွေ ငိုကြွေးနေပုံက-

"လယ်တီကိုယ်တော်ရေ သူတို့ကိုတော့ စားစေတဲ့လား" ဆိုပြီးတော့ သူတို့အတွက် မဟောဘူးဆိုပြီးတော့ ဆရာတော်တွေက ရေးကြတယ်။ သူတို့ကိုတော့ မညှာမတာပေါ့။ အဲဒါနဲ့-

ဆရာတော်ဘုရားကြီး အဆင်ပြေအောင် ပြောတတ်တယ်။ ဘယ်လိုပြောသလဲဆိုတော့-

"တပည့်တော်က နွားအတွက် ဟောတာ၊ အရှင်ဘုရားတို့ထဲက တစ်ပါးက ငါးအတွက်၊ တစ်ပါးက ပုဇွန်အတွက်၊ တစ်ပါးက ဆိတ်အတွက် အဲဒီလိုဟောလိုက်ရင် စုံသွားမှာပါဘုရား"လို့ ပြေပြစ်အောင် ပြောတော်မူတယ်။ ဆရာတော်ကြီးက အပြောလဲ မခက်ဘူး။ အဟောလဲ မခက်ဘူး။ အရေး ခက်တယ်"ဟု မိန့်တော်မူဘူးတယ်။

## အာဏာစက်ကောင်းတယ်

အဲဒီလိုပဲ စာပေပို့ချရင်း ပို့ချရင်းနဲ့ နောက်ကျတော့ တရားဟောလာတော့ မန္တလေးနေပြည်တော်ကစပြီး လယ်တီဆရာတော်ဘုရား တရားဟောမှ တရားနာကြတဲ့ သူတွေက များများရှိတယ်။

ဒါကြောင့် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက တိုက်တွန်းဖူးတယ်။

"လယ်တီဆရာတော် အရှင်ဘုရားက အာဏာစက်ကောင်းတယ်။ ကြိုးစားပြီး ဟောတော်မူပါ။ တပည့်တော်တို့ ဟောတာလဲ ဒီပိဋကတ် သုံးပုံပဲ။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကြည့်ပြီး ဒီတရားဘဲ ဟောတာပဲ။ ဒါပေတယ်လို့ ပရိသတ်တွေက သိပ်မလာ၊ သိပ်မနာကြဘူး။ အရှင်ဘုရားကျတော့ ပရိသတ်တွေ မြောက်များစွာ၊ ပရိသတ်တွေ

http://www.dhammadownload.com



ရာပေါင်းများစွာ လာကြတယ်၊ တရားနာကြတယ်။ အရှင်ဘုရားက အာဏာစက် ကောင်းတယ်။ ကြိုးစားဟောတော်မူပါ”လို့ တိုက်တွန်းဘူးတယ်။

## ရေစကြိုဆရာတော်

ရေစကြိုဆရာတော် ဘုရားကြီးကတော့-

စာပေပို့ချတာကို အဓိကလုပ်ငန်းကြီးထားလုပ်ခဲ့တယ်။ စာပေပို့ချခြင်းလုပ်ငန်း၊ ပရိယတ္တိတရားတော်က ဓမ္မစေတီကိုး။ နိကာယ် ငါးရပ်၊ ပိဋကတ်သုံးပုံတို့ကို ဦးစားပေးပို့ချတယ်။ လယ်တီဆရာတော်က တစ်ခါတရံ တရားထွက်ဟောနေတယ်ဆိုတော့ တစ်ချိန်မှာ တွေ့ဆုံကြတယ်။ ရေစကြိုဆရာတော်က ဘာပြောသလဲဆိုတော့ “လယ်တီဆရာတော် အရှင်ဘုရားကို စာချနေတယ်ဆိုလို့ ဩဒိဿမေတ္တာ သီးခြားမေတ္တာပို့ပါတယ်။ အခုတော့ တရားတွေလှည့်ဟောနေတယ် ကြားလို့ သဗ္ဗသတ္တာထဲ ထည့်လိုက်ပြီ”တဲ့။ လယ်တီဆရာတော်ကို သီးခြားမေတ္တာမပို့တော့ဘူးတဲ့။

ဒီထက်မှတ်စရာကောင်းတဲ့စကား ပခုက္ကူဆရာတော်ကြီးက မိန့်ကြားသေးတယ်။ မှတ်လောက်သားလောက်ပါပဲ။ ဒါလဲ မှတ်စရာပဲ။ လယ်တီဆရာတော်က လူတွေကိုတရားလိုက်ဟောနေတာ အိုးကွဲတွေလိုက်ပြီးတော့ ရေလောင်းနေတယ်တဲ့။ အိုးကွဲတွေလိုက်ရေလောင်းတော့ ရေမှမတင်ပဲကိုး။

ဟိုရွာသွား တရားဟော၊ ဒီရွာသွား တရားဟော၊ ဟောတော့ ဟောခဲ့တာပဲ။ ဒကာ၊ ဒကာမတွေက လိုက်နာကျင့်ကြံခြင်းမရှိလို့ရှိရင် အိုးကွဲရေလောင်းသလိုလို့ပြောတာပါ။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမများ ဂရုစိုက်စရာလေး။ အိုးကွဲရေလောင်းသလို မဖြစ်အောင်လို့ မိမိတို့ကိုယ်တိုင် သီလနဲ့ပတ်သက်လို့ ကိုယ်တိုင်စောင့်ထိန်း၊ သမာဓိ၊ ပညာများ ကိုယ်တိုင်ပွားများ သိက္ခာသုံးပါး

http://www.dhammadownload.com



ကျင့်စဉ်တရားများ ကိုယ်တိုင်ကျင့်လိုက်တော့ အိုးကွဲရေလောင်းသလို မဖြစ်တော့ဘူးလေ။

သီလနဲ့ပတ်သက်တဲ့ တရားတော်၊ သမာဓိနဲ့ပတ်သက်တဲ့ တရားတော်တွေ၊ ပညာနဲ့ပတ်သက်တဲ့ တရားတော်တွေ၊ ဆရာတော်ကြီးတွေ ဟောကြ၊ ပြောကြတာ (ကောင်းလိုက်တာ) ဆိုရုံနဲ့ ပြီးသွားလို့ရှိရင်တော့ အိုးကွဲရေလောင်းသလို ဖြစ်နေပါ့မယ်။

## လယ်တီဆရာတော်ဘုရား၏ ကျေးဇူးပါပဲ

အဲဒီတော့ ဆရာတော်ဘုရားကြီးက တရားလဲဟောတယ်။ စာလဲချတယ်။ ကမ္မဋ္ဌာန်းအားထုတ်ဖို့ကျပြန်တော့ ဘုန်းကြီးပြောနေကြစကားပဲ။

ဒကာ၊ ဒကာမတွေ တရားအားထုတ်ဖို့ရာဆိုပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်က ပုဇွန်တောင်ဘက်မှာ ဟောကြားတယ်။

ဆရာတော်ကြီး ဟောကြားတဲ့တရားကလဲ မှတ်လောက်သားလောက် "ရန်ကုန်မြို့က ဘုန်းကြီးတွေက ၎က်ပျောပွဲ၊ အုန်းပွဲနဲ့ပဲ ပြီးနေကြတယ်။ ဒကာ၊ ဒကာမတွေကို တရားအားထုတ်တတ်အောင် မဟောကြဘူး"တဲ့။

ရန်ကုန်က နာမည်ကြီးဆရာတော်ကြီးတွေက မခံမရပ်နိုင်ဖြစ်ကြတော့ လယ်တီဆရာတော်ဘုရားကို တရားမဏ္ဍပ်မှာ ပင့်ပြီးတော့ မေးကြ၊ မြန်းကြတော့။ လယ်တီဆရာတော် ဘုရားကြီးကလဲ မေးပါ၊ မြန်းပါဆိုတော့ မေးကြ၊ မြန်းကြတောပေါ့။

မေးပြီး၊ မြန်းပြီးတဲ့အခါကျတော့မှ လယ်တီဆရာတော်ဘုရားရဲ့ အရည်အချင်းကို သိကြတဲ့အတွက်-

"လယ်တီဆရာတော်ဘုရား ဆက်ပြီးတော့ ဒကာ၊ ဒကာမတွေ တရားအားထုတ်တတ်အောင် ဟောတော်မူပါ"လို့ ရန်ကုန်ဆရာတော်များကပါ ဝိုင်းဝန်းတောင်းပန်ပြီးတော့ လာခဲ့တဲ့အတွက်-

http://www.dhammadownload.com



ဒကာ၊ ဒကာမတွေ လွန်ခဲ့တဲ့နှစ်တစ်ရာကျော်ကစပြီး တစ်ကျော့ တရားအားထုတ်တတ်လာကြတယ်။ လယ်တီဆရာတော်ဘုရားရဲ့ ကျေးဇူးပါပဲ။

**ပိဋကတ္တယပါရဂူ**

မုံရွာမြို့မှာနေတော့လဲ မုံရွာမြို့ ဆုတောင်းပြည့် ဓာတ်တော် တိုက်ကြီး ကျောက်စာမှာ ရေးထားတာက "ပိဋကတ္တယပါရဂူ" "ပိဋကတ်သုံးပုံမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူတဲ့ ဆရာတော်"လို့ စကားသုံးလိုက်တော့-

မုံရွာမြို့ရှိ ဇောင်ခြမ်းပင် ငါးဆူအစရှိတဲ့ မြို့တွင်းက ဆရာတော်တွေက လယ်တီဆရာတော် "ပိဋကတ္တယပါရဂူ" ပိဋကတ် သုံးပုံ တစ်ဖက်ကမ်းခတ် တတ်တယ်လို့ဆိုတဲ့ ကျောက်စာကြည့်ပြီး-

စောစောကပြောတဲ့ မုံရွာမြို့က ဆရာတော်တွေက ဒီကျောက်စာ သလ္လာဝတီမြစ်ထဲ မျှောရမယ်။

ဘာကြောင့်လဲဆိုတော့ ပိဋကတ်သုံးပုံ တစ်ဖက်ကမ်းခတ် တတ်တယ်ဆိုတာ မယုံနိုင်ဘူးပေါ့။

တစ်နေ့ကျတော့ ဒါယကာတစ်ယောက်က သံဃာရှစ်ကျိပ် ပင့်ပြီးတော့ မြို့ကဆရာတော်တွေကို မေးစေချင်တာ မေးစေချင်တော့ ဆရာတော်ကြီးတစ်ပါးက သံဃာ့အလယ်မှာ ထိုင်နေတာ ဘယ်သူလဲတဲ့။

"လယ်တီဆရာတော်ပါဘုရား" လက်အုပ်ချီ လျှောက်ထား လိုက်တော့-

ထိုမထေရ်ကြီးကပဲ "ကိုယ်တော်တို့ လယ်တီဆရာတော်ဟာ ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်ထားတာ မှန်ပါတယ်။ မိမိလုပ်ရမဲ့ ပရိယတ်၊ ပဋိပတ်တရားများ ကြိုးစားလုပ်ပါ။ လယ်တီကို ဘာမှ မေးလား၊ ပြလား လုပ်မနေကြပါနဲ့"ဆိုတာနဲ့ အဲဒီကိစ္စပြီးသွား ပါတယ်။

http://www.dhammadownload.com



**တောင်တွင်းကြီး**

နောက် တောင်တွင်းကြီးရောက်တော့ တောင်တွင်းကြီးမှာ ဆရာတော်တစ်ပါးက မန္တလေးမှာနေခဲ့တာကိုး။

မန္တလေးမှာ လယ်တီဆရာတော်ဘုရား တရားဟောတယ်၊ တရားဟောတယ်ဆိုတော့ သူလိုကိုယ်လိုပါကပဲကွာတဲ့။ ဘုန်းကြီးချင်း ဆိုတော့ တရားမနာချင်ဘူး။ သူလဲ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေ ကြည့်ဟောတာ။ တို့လဲ ကြည့်ဟောတာပါပဲ။ မထူးပါဘူးလို့ ထင်ပြီးတော့ လယ်တီဆရာတော်ရဲ့တရား မနာခဲ့ဖူးပါဘူး။

တောင်တွင်းကြီး ရောက်တဲ့အခါကျတော့ တောင်တွင်းကြီးက ဒကာ၊ ဒကာမတွေကလဲ (၂၆)မိုင်ရှိတဲ့ ခရီး၊ မိကျောင်းရဲကနေပြီး ဆရာတော်ဘုရားကြီးကို ထမ်းစင်နဲ့ထမ်းပြီးတော့ ပင့်ကြတယ်။

ပင့်ကြတော့ (၁၂)ညတိုင်တိုင် တရားဟောတဲ့အခါကျတော့ စောစောက ကိုယ်တော်က မန္တလေးတုန်းက သူလိုကိုယ်လိုပါပဲဆိုပြီး တရားမနာ။ တောင်တွင်းကြီးကျတော့ တရားနာလိုက်တော့မှ သူက လာပြီး ထုတ်လျှောက်တယ်။

"လယ်တီဆရာတော် အရှင်ဘုရား မန္တလေးမှာ တရားဟောနေတော့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေထဲကပဲ တို့လိုဟောတာပဲ။ ဘာထူးလဲ ဆိုပြီး မနာခဲ့ပါဘူး။ အခု တောင်တွင်းကြီးကျတော့ နာကြည့်၊ စမ်းသပ် ကြည့်ပါတယ်။ လယ်တီဆရာတော်ကြီးက **"ဗုဒ္ဓဘာသာနလံထချိန်"** **"မဟာသရဏဂုံတော်ကြီး"**၊ **"အမိုက်ငါးသင်း၊ အလင်းငါးပါး"**၊ ဒီတရားတွေကို ဟောလိုက်တဲ့အခါကျတော့ စောစောကပြောတဲ့ ဆရာတော်က သဘောကျပြီးတော့ ခုနကပြောတဲ့ ဖြစ်စဉ်တွေ ပြန်လျှောက်ထားတယ်။

အဲလိုလျှောက်ထားတော့ ဆရာတော်ကြီးက အရှင်ဘုရား ဒါက လူတွေကို ဟောတဲ့တရားတွေ၊ အရှင်ဘုရားတို့ဆိုရင်တော့ တစ်မျိုး ဟောရအုံးမှာပဲဆိုပြီး အဘိဓမ္မာတရားတော်တွေ ထည့်ဟောတော့ အဲဒီ

http://www.dhammadownload.com



တောင်တွင်းကြီးကဆရာတော်ဟာ လယ်တီဟောတဲ့တရားကို နာကြားပြီး တစ်ခါထဲ တောထွက်သွားခဲ့ဘူးတယ်။

လယ်တီဆရာတော်ဘုရားကြီးက အဲဒီလိုလဲ ကမ္မဋ္ဌာန်းတရားတွေလည်းပေး၊ စာပေလည်းပို့ချ၊ ကျမ်းစာလည်း ပြုစုတော်မူတယ်။

ကျမ်းစာပြုစုပြန်တော့လည်း သူတစ်ပါးနဲ့ မတူဘူး။ အခြားဆရာတော်တွေရဲ့ ကျမ်းစာတွေနဲ့ မတူတာရှိတယ်။

**တောသံ၊ တောင်သံ၊ ကမ္မဋ္ဌာန်းသံ**

လယ်တီဆရာတော်ကြီးက မိန့်ကြားခဲ့ဘူးတယ်။ တို့ရေးတဲ့ကျမ်းစာတွေက ဘီဒိုစော်မနံဘူး။

ဘီဒိုစော်မနံဘူးဆိုတာက ကျမ်းစာပြုစုချင်တဲ့ ပုဂ္ဂိုလ်များက ဘီဒိုထဲက စာအုပ်ထုတ်ကြည့်လိုက်၊ ဘယ်စာမျက်နှာက ဘုရားဘယ်လိုဟောတယ်။ တစ်အုပ်ပြန်သွင်းလိုက်၊ နောက်တစ်ခါ ဘီဒိုထဲက ပေစာအုပ်ထုတ်ကြည့်လိုက်၊ အဲဒီလို ကြည့်ကြည့်ပြီးမှ ရေးရတာ။

လယ်တီဆရာတော်ဘုရားက စာအုပ်ဘီဒိုတွေနား ရေးတာမဟုတ်ဘူး။ ဒါကြောင့် တို့ရေးတဲ့စာတွေက ဘီဒိုစော်မနံဘူးတဲ့။ တောသံ၊ တောင်သံ၊ ကမ္မဋ္ဌာန်းသံ ပေါက်တယ်လို့ မိန့်တော်မူလေတယ်။

ရွှေတောင်ဦးတောင်မှာ သီတင်းသုံးတော့ တရားအားထုတ်ရင်း ရေးတဲ့စာ အာဟာရဒီပနီကျမ်း၊ လယ်တီမူ အာဟာရဒီပနီကျောင်း ရေစက်ချပွဲတုန်းက ဘုန်းကြီးဟောဘူးပါတယ်။

အာဟာရနဲ့ပတ်သက်ပြီး အာဟာရတစ်မျိုးထဲနဲ့ပဲ နိဗ္ဗာန်ကမ်းပေါက် ရောက်ပြီးတော့ သွားအောင် ဆရာတော်ဘုရား ရွှေတောင်ဦးမှာ ရေးခဲ့တဲ့ အာဟာရဒီပနီ။

လက်ပဒေါင်းတောင်ပေါ်မှာနေတော့လဲ ဒီလိုပဲ ဆရာတော်ကြီးက ဒီပနီကျမ်းတစ်ကျမ်း၊ အဲဒီလိုရေးသားသွားတော့ "တို့ရေးတဲ့ စာတွေ

http://www.dhammadownload.com



ဟာ တောသံ၊ တောင်သံတွေ ပါတယ်"။

"တို့ရေးတဲ့စာတွေဟာ လယ်သမား၊ ယာသမားတွေ လယ်ထဲ ယာထဲ ထိအောင် ရောက်စေချင်တယ်"တဲ့။

"တို့ရေးတဲ့စာကို ဖတ်နေရရင် မိမိကိုယ်တိုင် တရားအားထုတ်နေရသလို ထင်မှတ်သွားလိမ့်မယ်"လို့ ဆရာတော်ဘုရားကြီးက မိန့်ကြားဘူးတယ်။

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထားတဲ့ ဒီပနီကျမ်းစာများလဲပဲ အခါအားလျော်စွာ ဖတ်ဖို့လိုပါတယ်။

ဗဟုသုတလဲဖြစ်၊ မိမိတို့အားထုတ်တဲ့ တရားကိုလဲ အရောင်တင်ပြီးပေးရပါတယ်။

ဒါနဲ့ပတ်သက်လို့ ဝမ်းသာစရာ မုံရွာမြို့၊ နဝမလယ်တီဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်မြတ် ဥက္ကဋ္ဌအဖြစ်နဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ဘုန်းကြီးတို့ပါဝင်ပြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာအသီးအသီးကို "**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**"ဆိုပြီး ဖွဲ့ထားတယ်။

အဲဒါ ကျမ်းစာအုပ်တွေ ပျောက်မသွားအောင် စာတွေပျောက်မသွားအောင်၊ စာကလဲ ဘယ်သူ့စာလဲဆိုတော့ ဘုရားစာ။

စာဆိုတာ စကားပါပဲ။ ဘုရားစကားတော်တွေ ပျောက်လို့ရှိရင်တော့ တရားအားထုတ်ဖို့လဲ မလွယ်တော့ဘူး။

## ဆေးမြစ်ပျောက်တဲ့ မြေဘုတ်ဘီလူးလို မဖြစ်ရအောင်

ဆေးမြစ်ပျောက်တဲ့ မြေဘုတ်ဘီလူးလို ဖြစ်ကြမှာ စိုးရတယ်။ ဆေးမြစ်ပျောက်တဲ့ မြေဘုတ်ဘီလူးဆိုတာ၊ မြေဘုတ်ဘီလူးလေးတစ်ကောင်ဟာ သူမြေဘုတ်ဘီလူးဘဝ ရောက်တဲ့နေ့က သူ့လက်ထဲမှာ ဆေးမြစ်ကလေး ထည့်ပြီးတော့ မိဘများက ပေးလိုက်တယ်။

အဲဒီ ဆေးမြစ်ကလေး လက်ထဲမှာကိုင်ထားနိုင်လို့ရှိရင် ကိုယ်ရောင်ဖျောက်နိုင်တယ်။ သွားနိုင်၊ လာနိုင်တယ်။ ဆေးမြစ်လေး

http://www.dhammadownload.com



ပျောက်သွားတာနဲ့ တစ်ပြိုင်နက်ထဲ ကိုယ်ရောင်လဲ မဖျောက်နိုင်တော့ဘူးတဲ့။ ကိုယ်ရောင်မဖျောက်နိုင်တဲ့ အခါကျတော့ လူတွေကလဲ ရိုက်ချင်ရိုက်မယ်၊ ခွေးတွေကလဲ ကိုင်ချင်ကိုက်မယ်။

အဲသလိုပဲတဲ့ ဆေးမြစ်ပျောက်တဲ့ မြေဘုတ်ဘီလူးလို မဖြစ်ရအောင်၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် ဆေးမြစ်ကလေး ကိုင်ထားကြရတယ်။ "**မူလေနဋ္ဌေ ပိသာစသဒိသာ ဘဝိဿာမ**"လို့ အရှင်မဟာကဿပထေရ်ကြီးက ငြီးတော်မူခဲ့ကြ ဘူးတယ်။

အဲဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဘုရားစကားတော်တွေ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေ ပါဠိဘာသာကနေပြီးတော့ မြန်မာဘာသာနဲ့ ထင်အောင်၊ မြင်အောင်ဆိုပြီးတော့ ရေးသားပြီးတော့ ထားတဲ့ ကမ္မဋ္ဌာန်းကျမ်းတွေ။

အဲဒီ စာပေတွေကလဲ ဗုဒ္ဓစာပေနဲ့ မဆန့်ကျင်ဘူး။ ယနေ့ထိအောင် "**လယ်တီဆရာတော်ဘုရားကြီး**"ရေးသားတဲ့ စာပေတွေဟာ ဗုဒ္ဓစာပေနဲ့ ဆန့်ကျင်ပါတယ်လို့ မည်သည့်ပညာရှိတစ်ဦးတစ်ယောက်ကမျှ တားမြစ်တာတို့၊ ကန့်ကွက်တာတို့ မရှိပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ယခုအားထုတ်ကြတဲ့ ယောဂီသူတော်စင်များဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၈၈)ကျော်က ပွင့်ထွန်းတော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရဲ့ နည်းနာနိဿယ၊ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ပေါ်ပေါက်တော်မူတဲ့ နည်းနာနိဿယ၊ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် အနာဂါမ်ဆရာသက်ကြီးအား နည်းပေးလမ်းပြပြီးတော့ သူတော်စင်ကြီးဘဝသို့ရောက်အောင် အားထုတ်စေခဲ့တဲ့ အနာဂါမ်ဆရာသက်ကြီးရဲ့ နည်းနာနိဿယ။

ဒီနည်းနာနိဿယတွေကို အခြေခံပြီး မိမိတို့အားထုတ်ကြတာ (၇)ရက်တရားစခန်း ပြီးမြောက်လို့ အောင်မြင်ခဲ့ပါပြီ။

http://www.dhammadownload.com



**ရန်သူဝိုင်းထား**

ဘာကြောင့် ယခုလို တရားအပင်ပန်းခံပြီး အားထုတ်ရသလဲ ဆိုတော့ **"ရန်သူဝိုင်းထား ထိုယောကျ်ားကား ပြေးသွားဖို့ရာ လမ်းပေါက်သာလျှက် ပြေးမထွက် လမ်းတွက်မဟုတ်ချေ။"**

ရန်သူဆိုတာ အို၊ နာ၊ သေ၊ ရန်သူတွေ ဝိုင်းထားတယ်။ လောဘစတဲ့ ရန်သူတွေ။ အဲဒီလို ဝိုင်းထားတဲ့ ရန်သူရှိတဲ့ ယောကျ်ား တစ်ယောက် လမ်းပေါက်သာရင် ပြေးထွက်ရမယ်။ လမ်းပေါက်သာရက်နဲ့မှ ပြေးမထွက်ဘူးဆိုရင် လမ်းတာဝန်မဟုတ်ဘူးတဲ့။ မိမိတာဝန်သာ ဖြစ်တယ်။

ဒါကြောင့် အခုလမ်းကတော့ တွေ့ပြီ။ ဘေးရန်မျိုးစုံနဲ့ လွှမ်းခြုံပြီးတော့ ဘေးရန်မျိုးစုံနဲ့ ဝိုင်းရံနှိပ်စက်ပြီးတော့နေတဲ့ လောက။

သူတစ်ပါးနှိပ်စက်တာတင် မဟုတ်ဘူး။ မိမိရရှိထားတဲ့ ခန္ဓာကိုယ်အတွင်းမှာပဲ ဒီခန္ဓာကိုယ်ကြီးမှာပဲ နှိပ်စက်နေတဲ့ အန္တရာယ်တွေ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခတွေဟာ မြောက်များစွာရှိတယ်။

အဲဒီရန်သူတွေ ဝိုင်းရံပြီးတော့နေတော့ လမ်းပေါက်ပေးထားတယ်။ မြတ်စွာဘုရားက မဂ္ဂင် (၈)ပါးတည်းဟူသော လမ်းပေါက်။

အဲဒီလမ်းပေါက်တွေ့ပါလျက် ပြေးမထွက်ဘူးဆိုရင် မိမိတာဝန်သာဖြစ်တယ်။

ဒါကြောင့် ယနေ့မြတ်စွာဘုရား ညွှန်းပြတော်မူအပ်တဲ့ လမ်းပေါက်၊ လမ်းသွယ်၊ လမ်းမှန်၊ လမ်းမြတ်များအတိုင်း ကြိုးစားအားထုတ်ခဲ့တာ (၇)ရက် ပြီးမြောက်လို့ (၁၆)ကြိမ်မြောက် တရားစခန်းပြီးမြောက်လို့ မိမိတို့ဟာလဲ ထိုက်တန်သလောက် တရားအားမထုတ်ခင်ကနဲ့မတူ။ စိတ်ရဲ့တည်ကြည်မှု၊ ထိုက်တန်သလောက် ရုပ်တရား၊ နာမ်တရားတို့ရဲ့ အဖြစ်အပျက်ကိုမြင်၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် တွေမြင်ကြလို့။

http://www.dhammadownload.com



လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာရန်သူတွေဟာ မိမိတို့သန္တာန်မှာ တဖြည်းဖြည်း၊ တဖြည်းဖြည်း ရှင်းရှင်းပြီးတော့ သွားကြလိမ့်မယ်။

ဒါလဲ တစ်ကြိမ်တစ်ခါထဲ ရက်အနည်းငယ်လေးနဲ့ ကုန်စင်သွားတယ်လို့ ဘုန်းကြီးတို့ မဆိုလိုပါဘူး။

ဒါကြောင့် မိမိတို့သန္တာန်မှာရှိတဲ့ ကိလေသာအညစ်အကြေးများကို သုတ်သင်စင်ကြယ်ဖို့ သုတ်သင်ဆေးကြောဖို့ ရေစင်ရေအေးနဲ့တူတဲ့ မြတ်စွာဘုရားရဲ့ တရားရေအေး အမြိုက်ဆေးသောက်သုံးခဲ့ရတာ (၇)ရက်မြောက်လို့ ယနေ့တော့ အောင်မြင်ထမြောက်ပြီ (၇)ရက်တာ စခန်း၊ စခန်းသိမ်းပြီးတော့ (၁၆)ကြိမ်မြောက် တရားအားထုတ်တဲ့ (၇)ရက်တရားစခန်း ပြီးမြောက်အောင်မြင်ပြီ။

အဲဒီလို အောင်မြင်သည့်အတိုင်း မိမိတို့ရရှိထားတဲ့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ မိမိတို့သန္တာန်မှာ တိုးတက်ရလေအောင် သို့မဟုတ်၊ လက်ရှိအတိုင်း တည်ရှိရလေအောင် ဆက်လက်ပြီးတော့ ကြိုးစားနေထိုင်သွားကြဖို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၁၈)ကြိမ်မြောက် လယ်တီဝိပဿနာ
## (၇)ရက်တရားစခန်းဖွင့်ပွဲ

ယနေ့ သာသနာတော်နှစ် ၂၅၄၄၊ ကောဇာသက္ကရာဇ် ၁၃၆၂၊ သီတင်းကျွတ်လပြည့်နေ့။

ရန်ကုန်မြို့ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ဖွင့်လှစ်အပ်တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်။

ဒီအဖွဲ့ချုပ်ကြီးက ကျင်းပတာက (၁၈)ကြိမ်မြောက် တရားစခန်းပါ။

### ဘာကြောင့်တရားအားထုတ်ရသလဲ

တရားဘာကြောင့် အားထုတ်ရသလဲလို့ဆိုတော့ ဗလဗ္ဗာလွင့်ပါးပြီးတော့ နေကြတဲ့စိတ်တွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် တရားအားထုတ်ကြရတာပါပဲ။

http://www.dhammadownload.com



**ဓာတ် (၄)ပါး၊ ဓာတ် (၆)ပါးချည်း**

အဲဒီတော့ ဗလဗ္ဗာလွှင့်ပါးပြီးတော့နေတဲ့ စိတ်၊ အဲဒီစိတ် ဘယ်မှာ အမှီပြုနေသလဲဆိုတော့ ရုပ်ပေါ်မှာအမှီပြုနေပါတယ်။

ရုပ်ထဲမှာလဲ ပြန်ပြီးတော့ခွဲတဲ့အခါကျတော့ ပင်မမှီရာ ရုပ်ကြီးက (၄)မျိုး၊ အပေါ်တင်ရုပ်က (၂၄)မျိုး။

(၃၁)ဘုံသားတို့ရဲ့ ခန္ဓာကိုယ်ကို ကြည့်မယ်ဆိုရင် ရုပ်အစု၊ စိတ်ဦးဆောင်တဲ့ နာမ်အစု။ ဒီနှစ်မျိုးနဲ့ပဲ ဖွဲ့စည်းထားတာပါ။

ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးပဲပြောပြော၊ (၃၁)ဘုံသာလုံးပဲ ပြောပြော၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့ (ကျောက်ကပ်)၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း (သရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ပထဝီဓာတ် (၂၀)၊ (အဖတ်ဓာတ်)

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရေ၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ အာပေါ (ရေ)ဓာတ် ၁၂-မျိုး။

မီးဓာတ် (၄)မျိုး၊

လေဓာတ် (၆)မျိုး၊

အဲဒီ ဓာတ်ကြီးလေးပါး (၄၂)ပုံ၊ ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ် ချည်းပါပဲ။

တစ်နည်းအားဖြင့် ဓာတ် (၆)ပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်။

အဲဒီ ဓာတ်လေးပါးထဲမှာ ရုပ်တစ်ခုနဲ့တစ်ခု ခြားပေးတဲ့ အာကာသဓာတ် (ပရိစ္ဆေဒရုပ်) အဲဒီရုပ်ရယ်။

နာမ်ပိုင်းက စိတ်၊ အဲဒီစိတ်ကို ဒွါရ (၆)ပါးနဲ့ ပြောမယ်ဆိုရင် ဒွါရနဲ့ဝတ္ထု (၆)မျိုးမှာ အာရုံ (၆)ပါး တိုက်ဆိုင်ပြီးတော့ စိတ်ဟာလဲ (၆)မျိုးဖြစ်လာတယ်။ ပေါင်းပြီးခေါ်တော့ စိတ်။

http://www.dhammadownload.com



အဲသလို ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်၊ ဓာတ် (၆)ပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်။

ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးဟာ ဒီထက်မပိုပါဘူး။ ရှုပ်ထွေး ပြန်တော့လဲ ဒါတွေနဲ့ပဲ ရှုပ်ထွေးကြတယ်။

ရုပ်ရယ်၊ နာမ်ရယ် (တစ်နည်းအားဖြင့်) ရုပ်ရယ်၊ စိတ်ရယ်၊ အဲဒီထဲမှာ အဓိကကတော့ စိတ်။

**စိန်ခေါ်မှုအမျိုးမျိုး ရင်ဆိုင်နိုင်တဲ့နည်း**

ဗလဗ္ဗာ လွင့်ကျဲနေတဲ့ စိတ်ကိုထိန်းထားနိုင်ဖို့ရာ အခုကမ္ဘာကြီး က ပြောနေကြတာက (၂၁)ရာစုရဲ့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ဆိုပြီးတော့ ပြင်နေ၊ ဆင်နေကြတာ၊ နှိုးဆော်နေကြ။ ဒါကမ္ဘာနဲ့ ပတ်သက်တဲ့လူတွေက ကမ္ဘာကြီးတစ်ခုလုံးကို နှိုးဆော်နေတာ။

မိမိတို့လဲ (၂၁)ရာစုမှာ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ နည်းလမ်းတွေ ရှာကြရတယ်။

(၂၁)ရာစုမှာ စိန်ခေါ်မှုအမျိုးမျိုးဆိုတာက အိုဘေးဆိုးကြီးက စိန်ခေါ်မယ်။ နာဘေးဆိုးကြီးကလဲ စိန်ခေါ်မယ်။ သေဘေးဆိုးကြီးကလဲ စိန်ခေါ်မယ်။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါး ဘေးဆိုးကြီးကလဲ စိန်ခေါ်မယ်။ ဒီစိန်ခေါ်မှု (၄)မျိုးကို ရင်ဆိုင်နိုင်ဖို့ ခုခံအံတုနိုင်ဖို့တော့ ပြောသူ၊ ဆိုသူပင်နည်းပါတယ်။

ဒီပြင် စား၊ ဝတ်၊ နေရေးတွေ၊ လူမှုရေးတွေ၊ ရောဂါတွေ၊ စစ်ဘေးတွေက ပစ္စုပ္ပန်ဘဝမှာလဲ စိန်ခေါ်မယ်။

အဲဒီလို စိန်ခေါ်မှုအမျိုးမျိုးရှိတော့ အကြီးဆုံးစိန်ခေါ်မှုကြီး ကတော့ အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုး၊ သံသရာမှာ အပါယ် ဘေးဆိုးကြီးတို့ပါပဲ။ အဲဒီစိန်ခေါ်မှုကြီးက အင်မတန်ကြီးကျယ်ပါတယ်။

အဲဒီ စိန်ခေါ်မှု (၄)မျိုးကို အံတုနိုင်တဲ့ပုဂ္ဂိုလ်၊ အံတုနိုင်တဲ့ နည်းလမ်းကို အခုသက္ကရာဇ် ၂၀၀၀ ပြည့်မပေါ်မီ ဒီအနှစ်နှစ်ထောင်

http://www.dhammadownload.com



မပေါ်မီ (၆)ရာစုစောပြီးတော့ ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားက ပေးတော်မူခဲ့တယ်။

ဂေါတမဘုရား ပွင့်တော်မူပြီး (၆)ရာစုကျော်မှ ဘီစီ (၆၂)က ခရစ်ယာန်ဘာသာ ပေါ်လာပါတယ်။

ဂေါတမဘုရား ပွင့်တော်မူပြီး နှစ်ပေါင်း (၁၂၀၀)ကျော်မှ ဘီစီ (၁၁၇၀)မှာ အစ္စလာမ်ဘာသာ ပေါ်ပေါက်လာတယ်။

ခရစ်မပေါ်မီ (၆)ရာစုက ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားပါ။ စိန်ခေါ်မှုအမျိုးမျိုးတွေထဲက အကြီးအသေးစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ဖို့ရာအတွက် ဗုဒ္ဓမြတ်စွာက နည်းနာနိဿယတွေ ပေးပြီးတော့ထားခဲ့တယ်။

အဲဒီအထဲက ထင်နေကြတာက ငါလို့ထင်နေကြတာ ရှိတယ်။ ငါပိုင်လို့ ထင်နေတာရှိတယ်။ ငါရဲ့အနှစ်သာရလေး အတ္တလို့ ယူဆချက်တွေရှိတယ်။ ဒါတွေ ကမ္ဘာသူ၊ ကမ္ဘာသားတွေ မဖြိုခွင်းနိုင်ဘူး။

ဒီအထင်လွဲမှားမှုကို ဖြိုဖို့ရာအင်မတန် ခက်တယ်။ ဒို့မြတ်စွာဘုရားက စောစောကပြောတဲ့ ရုပ်ရယ်၊ စိတ်ရယ် (သို့မဟုတ်) ရုပ်ရယ်၊ နာမ်ရယ် ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်အတွင်းခေတ်သားကျကျ ကြည့်ပြီးတော့-

ကြည့်ဖို့ရာနည်းလမ်းကို ဦးစားပေးပြီး ဟောခဲ့တယ်။

ကမ္ဘာ့ပညာရှင်တွေကတော့ အပြင်လောကကြီးကို "ဘာလုပ်ရမယ်၊ ဘယ်လိုစီမံရမယ်"လို့ ဒီလိုကြည့်ကြတာ များပါတယ်။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး အခြေခံကြည့်ကြတာချင်းတော့ တူပါတယ်။

အဲဒီတော့ "အသီးတစ်ရာ အညှာတစ်ခု"ဆိုသောစကားအတိုင်း အညှာနဲ့တူတဲ့စိတ်၊ စိတ်ဟာ ဤခန္ဓာကိုယ်မှာ ပဓာနကျလှပါတယ်။

အဲဒီစိတ်ကလေးကို ထိန်းနိုင်ပြီ၊ သိမ်းနိုင်ပြီ၊ သဘောပေါက်ပြီ၊ နားလည်ပြီ ဆိုရင်တော့ ဒါတရားကျတယ်၊ တရားရတယ် ခေါ်ရမှာပါပဲ။

http://www.dhammadownload.com



**စိတ်နှိမ်ဂါထာ**

ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက စိတ္တနိဂ္ဂဟ- စိတ်နှိမ်ဂါထာလေးတွေကို ရေးသားပြီး ဆုံးမထားခဲ့တယ်။

စိတ်ဟာ ဘယ်လောက်ဆိုးသွမ်းနေသလဲ။ စိတ်ဟာ မိမိတို့ကို ဘယ်လောက် လှည့်ပတ်နိုင်သလဲ။

အဲဒီတော့ ဘုန်းကြီးစိတ်နဲ့ပတ်သက်ပြီးတော့ စိတ်ရဲ့သမိုင်းကြောင်းကလေးကို ဖွင့်ဆိုပြီးထားတဲ့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဂါထာ (၄)ဂါထာနဲ့ ဒီနေ့သြဝါဒပေးပါမယ်။ တရားစခန်းဖွင့်ပါ့မယ်။

ဆရာတော်ကြီးက စိတ်ကိုဘယ်လိုဆုံးမရမလဲ။ စိတ်ရဲ့အခြေအနေက ဘယ်လိုရှိသလဲဆိုတော့-

**အနဟံပိ အဟံဇာတံ နမယှံ မယှမေဝစ၊**

**အနတ္တာပိ အတ္တာဇမ္မ၊ ဝိစိတ္တာ စိတ္တံ တေဂတိ။**

ဇမ္မစိတ္တ- မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မိစ္ဆာအနိဋ္ဌဟယ်ငါ့စိတ်။ တွံ- သင်စိတ်သည်၊ အနဟံပိ- ဘယ်ဂုဏ်သတ္တိမရှိ လုံးလုံးအသုဉ်း အသွန် အခွန်အကာ ဖြစ်တုံပါ၍ ငါဟုမြှောက်ပင့် မယူဆသင့်သည် မှန်ပါလျက်လဲ၊ အဟံဇာတံ- ငါနှင့်မခြား မကွဲပြားပဲ အထင်မှားအောင် နင်ကားပြု၍နေဘိ၏။

ဒီစိတ်ကလေးဟာ ဘယ်ဂုဏ်သတ္တိမှလဲမရှိဘူး။ ဘယ်ဂုဏ်သတ္တိမရှိ လုံးလုံးအသုဉ်းအသွင် အခွန်အကာဖြစ်ပြီးတော့ ငါလို့မြှောက်ပင့်ဖို့ရာ မတော်ပေမယ်လို့ သူကလဲ ငါနဲ့မခြား အတူတူဖြစ်အောင် မြှောက်ပင့်ပူးကပ်ပြီးတော့နေတယ်။

နမယှံ- ငါနှင့်မဆိုင် ငါပိုင်မဟုတ်ပါသော် လဲပဲ၊ မယှမေဝ- ငါ့စိတ် ငါ့ဉာဏ် ငါ့အကြံဟု ဖောက်ပြန်ထွေပြား အထင်မှားအောင် နင်ကားပြု၍နေဘိ၏။

http://www.dhammadownload.com



ဒီစိတ်ကလေးကိုပဲ ငါမပိုင်တဲ့စိတ်ကိုပဲ ငါ့စိတ် ငါ့ဉာဏ်လေး ငါ့အကြံပိုင်လိုက်တာလို့ အဲဒီလို အယူအဆမှားအောင်လဲ သူကပဲ လုပ်ခဲ့တာပါပဲ။

အနတ္တာပိ- ကိစ္စအစု ဘာတစ်ခုမျှ ပြုစွမ်းမှုစွမ်း မျှခြမ်းတစ်စိ မရှိပါဘဲလျှက်လဲ၊ အတ္တာ ဒဿန သဝန စသည့် ပြောထုကိစ္စစုဝယ် အကယ်ခြေင် သူ့စွမ်းအံ့ကြောင့် သန္တာန်ဤကိုယ် အမှားပိုအောင် အထင်ကြွားအောင် နင်ကားပြု၍နေဘိ၏။

သူကပြုလုပ်နိုင်တဲ့ကိစ္စ ဘာမှမရှိပါဘူး။ ဒါပေမဲ့ မြင်တဲ့ကိစ္စလေး ငါ့ကြောင့် ငါမြင်တာ၊ ကြားတဲ့ကိစ္စလေးမှာ ငါကြားတာလို့ သူရဲ့စွမ်းအင်ကြောင့် အကယ်ခြေင် သူ့စွမ်းအံ့ကြောင့် သန္တာန်ဤကိုယ် အမှားပို အထင်ကြွားအောင် နက်ကားပြု၍နေဘိ၏။

ဧဝံ- ဤသို့၊ တေ- သင်စိတ်သည်၊ ဂတိ- လိမ်လည်ညစ်တုံ ဖြစ်ပုံအလား အမူသွားသည်၊ ဝိစိတ္တာ- မကြံနိုင်ဖွယ် အသွယ်သွယ်လျှင် တကယ်ဆန်းပြားလှ၏တကား။

ကြံစည်လို့ မရလောက်အောင် အင်မတန်ဆန်းကျယ်တဲ့စိတ်၊ ငါမဟုတ်ပဲ ငါလို့အထင်ရှိအောင် ငါမပိုင်တာကို ငါပိုင်ပါတယ်။ ငါ့စိတ်၊ ငါ့ဉာဏ်၊ ငါ့အကြံလို့ အထင်ကြီးအောင် ကိစ္စအစု ဘာတစ်ခုမှ ပြုစွမ်းမှုစွမ် မပြုစွမ်းနိုင်သော်လဲပဲ မြင်တဲ့ကိစ္စတွေ၊ ကြားတဲ့ကိစ္စတွေမှာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ်ဆိုတဲ့ အဲသလိုဖြစ်ပုံဟာ သင်စိတ်ရဲ့ လှည့်ပတ်ပုံပါပဲ-

**ဧဝံဝိစိတ္တာ ရူပဿ၊ အမှိ ဘူတဿ ဝေရိနော၊**

**ဝသံတေမေ ဂစ္ဆန္တဿ၊ ကပ္ပါနေကေဝိသီဒယျုံ။**

ဧဝံဝိစိတ္တရူပဿ- သို့စင်ကလောက် အမြင်မှောက်အောင် ဆန်းကြယ် ဆန်းပြားသော သဘောရှိသော၊ အမှိဘူတဿ- ငါမဟုတ်ပဲ ငါ့ရုပ် ငါ့ဟန် ငါ့သဏ္ဍာန်ပြု၍နေသော၊ ဝေရိနော- ရန်သူကြီးအစစ် ဖြစ်သော၊ တေ- နင်စိတ်၏၊ ဝသံ- အလိုနိုင်ငံ အကြံအကြိုက် ဓာတ်စရိုက်

http://www.dhammadownload.com



လို့ ဂစ္ဆန္တသ- နင့်ကိုငါပဲ အထင်လွဲလျှက် တလိုက်ထဲလိုက်ခါနေခဲ့ရသော၊ မေ- ငါ့အား၊ အနေကေ- အသချေ် အသချေ် ဆကဲရေလည်း တွက်ရေမရ များလှကုန်သော၊ ကပ္ပါ- အနမတဂ္ဂ စက်သံသရာ ကပ်ကမ္ဘာတို့သည်၊ ဝိသီဒယျုံ- နစ်မွမ်းမျောပါးခဲ့ကုန်ပြီ။

အဲဒီလို ငါရယ်၊ ငါ့ဥစ္စာရယ်၊ ငါ့ရဲ့အနှစ်သာရရယ်လို့ အယူအဆ မှားပြီးတော့နေတဲ့ ရန်သူကြီးစင်စစ်ဖြစ်တဲ့ သင်စိတ်ရဲ့အလိုနိုင်ငံ အကြံ အကြိုက်လိုက်ပြီးတော့ လာခဲ့ရတာ မောလှပြီ။ ရေတွက်လို့မရတဲ့ အသချေ်၊ အသချေ်ယျဆိုတာ ရေတွက်လို့မရတဲ့ ဂဏာန်းလွန်တာတွေ **"ဂဏနပထာတိက္ကန္တ"**။

အခုအနှစ်ငါးဆယ်၊ အနှစ်ခြောက်ဆယ်ဆိုတာလေးတွေက သာမန်လေးတွေ အသေးအဖွဲ့လေးတွေပါပဲ။ ဒို့တတွေ နစ်မွန်းမျောပါး ခဲ့ကြရပြီ။

**ငါ့အခွင့်အလှည့်ရောက်ပြီ**

**အလံတွံဒါနိ ဇာနာမိ၊ အန္တရံ မမ အာဂတံ။**

**ဗုဒ္ဓုပ္ပါဒေါစ မေလဒ္ဓေါ၊ အဋ္ဌဒိဗ္ဗတိ သဒ္ဓမ္မော။**

ဇမ္ဗစိတ္တ- ဟယ်စိတ်၊ အလံ- တော်ပါတော့၊ တန်ပါတော့။ ဒါနိ- ဣဒါနိ- ယခုအခါ၌၊ အဟံ- ငါသည်၊ ဇာနာမိ- သင်တမူကား ငါ၏ရန်သူကြီးဟု အပြီးငါသိပြီ။

တော်တော့- သင်စိတ်ဟာ ငါရဲ့အကြီးဆုံးရန်သူကြီးပဲ၊ အနီးကပ် ရန်သူကြီး။ မေ- ငါ၏၊ အန္တရံ- အခွင့်အလှည့်သည်၊ အာဂတံ- ဆိုက် ရောက်ခဲ့လေပြီ။

မေ- ငါသည်၊ ဗုဒ္ဓုပ္ပါဒေါ- ဘုရားပွင့်တော်မူရာ အခါကြီးကို၊ ဝါ- ဘုရားပွင့်တော်မူရာ အခါကြီးနှင့် အခါကြီးကဲ့သို့ တရားတော် ရတနာထင်ရှားရှိရာ အခါကောင်းကို၊ ဗုဒ္ဓုပ္ပါဒေါ- ဘုရားပွင့်တော်မူရာ ရပ်ပြစ် (၈)ပါးလွတ်ရာ အခါကောင်းကြီးကို၊ မေ- ငါသည်၊ လဒ္ဓေါ-

http://www.dhammadownload.com



ရအပ်လေပြီ။

ဆရာလေးများနဲ့ ယောဂီသူတော်စင်တွေ အခွင့်ကောင်း၊ အခါကောင်းရပြီ။ ရပ်ပြစ် (၈)ပါးက လွတ်နေတာကိုး။

အဇ္ဇ- ယနေ့၊ သဒ္ဓမ္မော- ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သုံးရပ်သော သာသနာတော်မြတ်ကြီးသည်၊ ဒိဗ္ဗတိ- သူရိယနေဆယ်စင်းရောင်စုံကျင်းသို့ ထွန်းလင်းသောအခိုက် ကြုံခဲ့ပြီ။

နေဆယ်စင်းထွက်သလိုပဲတဲ့။ သူတော်ကောင်းတရားကြီးများပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာတော်သုံးရပ်ဟာ နေဆယ်စင်းထွက်သကဲ့သို့ ထွန်းလင်းနေတဲ့အခိုက် ဘုန်းကြီးတို့အားလုံး ကြုံခဲ့ကြပြီ။

## ရက်ရက်ကြီးဆုံးမပေတော့အံ့

**ဟန္ဒာဟံတံ ဒမေဿာမိ၊ မဟာစောရတမောရတ၊**

**ယံမံတွံ အမှဝေသေန၊ စီရံဥပ္ပထ မာနယီ။**

တမောရတ- ကာမဂုဏ်သိုက် တောအမိုက်ဝယ် နှစ်ခြိုက်ရွှင်မြူးအပျော်ကျူးထသော၊ မဟာစောရ- ငါ, ငါ အဟန်တူစွာဖန်၍လူ့ထံနတ်ရွာ ဗြဟ္မာတရိုး အလွန်ဆိုးသည့် သူခိုးဦးစီး သုံးဘုံမီး။

ဟော- ဒီစိတ်လေးဟာ ငါ,ငါလို့ ဟန်ဆောင်ပြီးတော့ လာလိုက်တာ ဘုံသုံးပါးရဲ့ မီးခဲပဲ။

တွံ- သင်သည်၊ မံ- ငါ့ကို၊ အမှဝေသေန- ငါရုပ် ငါယောင်ပြီစွာဆောင်သဖြင့်၊ အမှဝေသေန- ငါမဟုတ်ပဲ ငါရုပ် ငါယောင် ပြီစွာဆောင်သဖြင့်၊ စိရံ- အနမတဂ် ဘဝသံသရာ ကြာမြင့်သောကာလပတ်လုံး၊ ဥပ္ပထံ- ဘဝသုံးပါး ခရီးမှားသို့၊ အာနယီ- သွေးဆောင်ခေါ်ယူခဲ့လှပေပြီ။

သင်ဟာ ငါမဟုတ်သော်လဲပဲ ငါရုပ် ငါယောင်ဆောင်ပြီးတော့ဘဝသုံးပါး ခရီးမှားကြီးရောက်အောင် ခေါ်ငင်သွေးဆောင်ခဲ့လှပြီ။

http://www.dhammadownload.com



ယခုတော့ ငါ့အလှည့်ကျလာပြီ။ ဘုရားပွင့်ရာ အချိန်အခါကြီးနဲ့ မခြားတမူ တရားတော်ရတနာတွေ ရှိနေတဲ့အချိန်၊ ရပ်ပြစ် (၈)ပါး လွတ်တဲ့ အချိန်ကောင်း။ သူတော်ကောင်းတရားကြီး ပွင့်လင်းစည်ပင် နေတဲ့ အချိန်၊ ဒါကြောင့်-

ဟန္ဒ- ကြာမြင့်မည်ရေး မမြှော်တွေးပဲ မနှေးယခု၊ တံ- နင်စိတ်ကို၊ ဒမေဿာမိ- တံတိုင်းသီလ၊ အဇ္ဈတ္တထောင် နှောင်ကြိုးသတိ၊ ဝီရိယ ကြိမ်ချက် နာနာနှက်၍ ရက်ရက်ကြီး ဆုံးမပေတော့အံ့။

တံတိုင်းသီလ- သီလတံတိုင်းကြီးကာရံ၊ အဇ္ဈတ္တ- ထောင် မိမိခန္ဓာကိုယ်ထဲကစိတ် အပြင်မထွက်အောင်၊ နှောင်ကြိုးသတိ "သတိ" ဆိုတဲ့ နှောင်ကြိုးနဲ့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ဝီရိယ ကြိမ်လုံးနဲ့ နာနာရိုက်ပြီးတော့ ဆုံးမတော့မယ်။

ဒမေဿာမိ- တံတိုင်းသီလ၊ အဇ္ဈတ္တထောင် နှောင်ကြိုးသတိ၊ ဝီရိယကြိမ်ချက် နာနာနှက်၍ ရက်ရက်ကြီးဆုံးမပေတော့အံ့သတည်း။

သာဓု - သာဓု - သာဓု

ပခုက္ကူမြို့ ဘုန်းကြီးတို့ ပညာသင်ကြားခဲ့ရာ မဟာဝိသုတာမ အလည်တိုက်ကြီး သုဝဏ္ဏဝတီ သုံးထပ်တိုက်ကျောင်း ဂဏဝါစက ဘဒ္ဒန္တသောဘဏက ကြုံတုန်း ကြုံခိုက် ဆက်ပြီး ဩဝါဒတရားဟောပေး ပါလိမ့်မည်။ ရိုသေစွာ နာကြားကြပါ။

http://www.dhammadownload.com



## ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် သုဝဏ္ဏဝတီကျောင်း ဂဏဝါစက ဘဒ္ဒန္တသောဘဏ အရှင်မြတ် ဟောကြားသော ဩဝါဒကထာ

ဒီနေ့ ဘုန်းကြီး ရန်ကုန်မြို့မှာ ကိစ္စရှိလို့ နဝမီဝါပန်ပြီး ကြွရောက်လာတော့ ဆရာတော်ဘုရားကြီးကို တယ်လီဖုန်းနဲ့လှမ်းပြီးတော့ ဦးတိုက်နှုတ်ဆက်လျှောက်ထားလိုက်တော့-

မနက်ဖြန်အချိန်ရရင် (၃)နာရီလောက် တစ်နေရာမှာ ဒီမှာပဲဖြစ်ဖြစ် နာဂလိုဏ်ဂူမှာပဲဖြစ်ဖြစ် တရားချီးမြှင့်ဖို့ စကားတစ်ခွန်း။

ညနေ (၆)နာရီမှာ လယ်တီမူမှာ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲရှိတယ်။ အဲဒီမှာ ဩဝါဒတရား ဟောပေးဖို့ ဒါလေးတော့ ဆောင်ရွက်ပါအုန်းလို့ ဆရာတော်ဘုရား အမိန့်ရှိ။

ဒီနေ့လဲ ဘုန်းကြီးတို့ ပဋ္ဌာန်းအခမ်းအနားဖွင့်ပွဲ သွားပြီးတော့ ဖွင့်ပေး။ ဖွင့်ပေးပြီးတော့ ကျောင်းပြန်။ ငါးနာရီခွဲအရောက် ကြွဆိုတော့ ကြွလာတာပဲ။ ဘုန်းကြီးက ရန်ကုန် တစ်ခါတစ်လေရောက်တာဆိုတော့ မျက်စိလည်ပြီး ဟိုတောင်ထဲရောက်သွားတယ်။

ကားတွေကလဲပိတ် ပြန်ကွေ့ပြီးလာရတော့ အခုမှရောက်လာတယ်။

ကိုင်း- ဒီလယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ဒါပါနဲ့ဆို (၂)ကြိမ်မြောက် ဓမ္မဒါန ဓမ္မကထာစကား ပြောကြားဖူးမယ်လို့ မှတ်ရမယ်။

ဘုန်းကြီးတို့ကတော့ အခုတင်က ဆရာတော်က ပြောတယ်။ ဓမ္မကထိက၊ အဓမ္မကထိက မဟုတ်လို့ ဓမ္မကထိက ဆိုတာတော့ ထားပါတော့။

ဒါပေမဲ့ ညတရားပွဲတွေ ဘာတွေ လိုက်ဟောနေတာ မဟုတ်တော့ ကြုံတဲ့အခါ ကြုံသလို မိမိတို့ ပရိယတ္တိစာပေ ပို့ချတဲ့လုပ်ငန်း

http://www.dhammadownload.com



စဉ်ထဲက ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူတဲ့ တရားစကား၊ အဋ္ဌကထာ ဆရာတော်ဖွင့်ပြတဲ့တရား စကားတွေထဲက သင့်လျော်မယ်လို့ ထင်လို့ ဘုန်းကြီး အခုသီတင်းကျွတ်လဆန်းမှာ စာချတုန်းတွေ့တာနဲ့ ဘုန်းကြီး စိတ်ထဲမှာ နှစ်သက်သဘောကျတဲ့ စကားလေးတစ်ခု ဓမ္မဒါနပြုတဲ့ အနေနဲ့ပြောပါမယ်။ အဲဒီစကားက-

"စတ္တာရော ဓမ္မာဥတ္တရိဘာဝေတဗ္ဗာ"

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ကမ္မဋ္ဌာန ဂဟဏနိဒ္ဒေသ ပြီးကာနီးပေါ့။

ယခုလဆန်း (၁၂)ရက်နေ့က နိဂုံးချုပ်ပြီးတော့ စာဝါနားလာခဲ့တာ။ အဲဒီနေရာလေးရောက်။

အဲဒီနေရာလေးရောက်တော့ ဩော်- ဘာဝနာနဲ့ပတ်သက်လို့ ငါတို့ကြိုက်ရာရွေးဖို့ ဟောကြားမိန့်မှာထားတဲ့ စကားပဲ။

အဲဒီစကားအဓိပ္ပါယ်က-

စတ္တာရော- သချာအားဖြင့် လေးပါးကုန်သော၊ ဓမ္မေ- တရားတို့ကို၊ (ကြိယာကိုတိုက်ရိုက်သွားရင်) ဘာဝေတဗ္ဗာ- စိတ်အစဉ်၌ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်စေအပ်ကုန်၏။ ဝါ- ပွားများအပ်ကုန်၏။

မြတ်စွာဘုရားက ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ရုပ်နာမ်နှစ်ပါး ဒွန်တွဲပြီးတော့ ပင်ပန်းရမှုတွေ ငြိမ်းအေးချင်ရင် ချစ်သား၊ ချစ်သမီးတို့ သချာအားဖြင့် လေးမျိုးရှိတဲ့ တရားလေးပါးကို (သို့မဟုတ်) လေးပါးထဲက တစ်ပါးပါးကို ပွားများရမယ်။

အဲဒီအထဲမှာ "ဥတ္တရိ"

အဋ္ဌကထာဆရာက ဥတ္တရိ ထို့ထက်အလွန်၊ ဘာဝေတဗ္ဗာ- စိတ်အစဉ်၌ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်စေအပ်ကုန်၏။ ဝါ- ပွားများ အပ်ကုန်၏။

အဲဒီ ဥတ္တရိဆိုတဲ့ ပုဒ်အရ သူခဲထားတဲ့ အပါဒါန်က ဘာတွေလဲလို့ "ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ"ကို သွားပြီးကြည့်လိုက်တော့-

http://www.dhammadownload.com



၁။ သီလသမ္ပဒါ၊

၂။ ကလျာဏမိတ္တတာ၊

၃။ သပ္ပါယမမ္ပဝဿဝဏာ၊

၄။ ဝီရိယ၊

**၅။ လောကီနယ်ဘက်က** ပညာ။

ထိုငါးပါးကုန်သော တရားတို့ထက် အပိုအလွန်လို့ စာချတော့ အဋ္ဌကထာနိဿျက ထို့ထက် အလွန်လို့ဆိုပေမဲ့ ဋီကာထိအောင် သွားကြည့်တဲ့အခါမှာ အဲဒီငါးပါးဟာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့တွက်တာ အခြေခံတရားငါးပါးတို့လိုနေတယ်။ ဒါကိုသိရမယ်။

သိရမယ့်အခြေခံအချက်က-

၁။ သီလနဲ့ ပြည့်စုံရမယ်။

၂။ သူတော်ကောင်းမိတ်ဆွေ အပေါင်းအသင်း ရှိရမယ်။

၃။ ကိုယ့်နဲ့ ကိုယ့်စရိုက်နဲ့ လိုက်လျောတဲ့ တရားကို အမြဲမဟုတ် သော်လဲ မကြာမကြာ နာယူရမယ်။

၄။ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုအကြောင်းနဲ့ တွေ့တွေ့ တွန့်ဆုတ်တဲ့စိတ်မရှိဘဲ "ကောသဇ္ဇ"မရှိဘဲ သူရဲကောင်းတို့ အလုပ် နောက်မဆုတ်သည့် အားထုတ်မှု လုံ့လဝီရိယ ရှိရမယ်။

၅။ ပညာ- မဂ်ပညာ၊ ဖိုလ်ပညာ မဟုတ်သေးဘူး။ လောကမှာ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး အဲဒီလို ခွဲခြား သိတတ်တဲ့ အပြားအားဖြင့် ပိုင်းခြားသိတတ်တဲ့ အသိဉာဏ် ပညာရှိရမယ်။

အဲဒီ အခြေခံ (၅)ချက် ပြည့်စုံမှ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ယောဂီအားလုံးဟာ ယောဂီဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု ပြုလေ့ရှိတဲ့ ပုဂ္ဂိုလ်အစစ်ဖြစ်မယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ အနက်ပေးတော့ "ယောဂီနော ဘာဝနာအလုပ် နောက်မဆုတ်ပဲ စီးဖြန်းကြိုးကုန်အားထုတ်လေ့ရှိသော ပုဂ္ဂိုလ်အား" ယောဂီဆိုတာ အဲဒါပဲ။

ကမ္မဋ္ဌာန်းအလုပ်ကို နောက်မဆုတ်ပဲ စီးဖြန်းကြိုးကုတ် အားထုတ်မှုရှိတဲ့ ပုဂ္ဂိုလ်ကိုမှ ယောဂီပုဂ္ဂိုလ်။

အဲဒီ ပုဂ္ဂိုလ်မှန်ရင် ခုတင်ကပြောခဲ့တဲ့။

၁။ အကျင့်သီလနဲ့ ပြည့်စုံအောင် စောင့်စည်းထိန်းချုပ်နေထိုင်ရမယ်။

၂။ ကလျာဏမိတ္တတာ- ဒီကမ္မဋ္ဌာန်းဆရာတွေ အခု နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော်တို့လို၊ နောက်ပြီးတော့ ကိုယ့်ကိုမကောင်းမှုမှန်သမျှ မပြုလုပ်ဖြစ်အောင်၊ ကောင်းမှုလုပ်ငန်းစဉ်မှန်သမျှကို ကြိုးစားအားထုတ်နိုင်အောင် တိုက်တွန်းတဲ့ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာရှိရမယ်။

၃။ သပ္ပါယဓမ္မဿဝဏ- ကိုယ်မကြိုက်တဲ့ တရားနာနေလို့ကတော့ နားညည်းတယ်။ အကျိုးပြုမှာ မဟုတ်ဘူး။ စရိုက်(၆)ပါးရှိတဲ့အနက်က မိမိရဲ့စရိုက်နဲ့ လျော်တဲ့တရားမျိုး၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းလဲဖြစ်တဲ့ တရားမျိုး၊ အဲဒီတရားမျိုး အမြဲမဟုတ်သော်လဲ မကြာမကြာ အချိန်ယူပြီးနာယူရမယ်။

၄။ ဝီရိယ- "ဝီရာနံ ကမ္မံဝီရိယံ" ဝီရာနံ- ရဲရင့်သူတို့၏၊ ဝါ- သူတော်ကောင်းတို့၏၊ ကမ္မံ- နောက်မဆုတ်တဲ့ အမှုလုပ်ငန်းတည်း။ ဝီရိယံ- သူရဲကောင်းတို့ အလုပ်တစ်ခုလုပ်ရင် နောက်မဆုတ်တဲ့ တကယ်အားထုတ်ရမဲ့ အမှုလုပ်ငန်းမျိုး အားထုတ်မှုမျိုး ရှိရမယ်။

http://www.dhammadownload.com



၅။ ဒါဖြင့် ကောင်းတယ်။ ဒါဖြင့် မကောင်းဘူး။ ဒါဖြင့် ကုသိုလ်ဖြစ်တယ်။ ဒါဖြင့် အကုသိုလ်ဖြစ်တယ်။ အဲသလို အကောင်းအဆိုး၊ ဒါက အကြောင်းတွေဖြစ်လို့ တစ်နေ့ **အကျိုးတွေအဖြစ်နဲ့** မိမိမှာ ခံစားရတယ်။ ဒါက အကြောင်းဖြစ်လို့ တစ်နေ့ မိမိမှာ အကျိုးတွေအဖြစ်နဲ့ ခံစားရမယ်။ အဲဒီလို အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုးကို သိတတ်တဲ့ အခြေခံပညာလဲ ရှိရမယ်။

ကောင်းပြီ အရှင်ဘုရား။ ဒီဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာတဲ့ စကားကျဉ်းကျဉ်းကို ဘုန်းကြီးတို့ စာချရင်း ပြောသလို အခုပြောတာ။

ယောဂီပုဂ္ဂိုလ်တိုင်း၊ ယောဂီပုဂ္ဂိုလ်တိုင်းဟာ အခြေခံတရား ငါးပါးနဲ့ ပြည့်စုံရမယ်။ ဘယ်နှစ်ပါးတဲ့ --- ငါးပါး။

၁။ အကျင့်သီလနဲ့ ပြည့်စုံရမယ်။

၂။ ကမ္မဋ္ဌာန်းဆရာလို သူတော်ကောင်းမိတ်ဆွေမျိုး ရှိရမယ်။

၃။ မိမိနဲ့လိုက်လျောတဲ့ တရားမျိုးကို မကြာမကြာ အခါခါ အထပ်ထပ် နာယူမှတ်သားရမယ်။

၄။ ဝီရိယရှိရမယ်။

၅။ အခြေခံအသိဉာဏ်ပညာရှိရမယ်။

အဲဒီ (၅)ချက်နဲ့ ပြည့်စုံပြီဆိုရင် ဘာလုပ်ရမလဲလို့ဆိုတော့-

* စတ္တာရော - သချ်ာအားဖြင့် လေးပါးကုန်သော၊

* ဓမ္မာ - တရားတို့ကို၊

* ဘာဝေတဗ္ဗာ- မိမိတို့၏စိတ်အစဉ်၌ အဖန်ဖန် အထပ်ထပ် ဖြစ်စေအပ်ကုန်၏။ ဝါ- ပွားများအပ်ကုန်၏။

အခြေခံတရားငါးပါးနဲ့ ပြည့်စုံရင် တို့တတွေ ဘာလုပ်ကြမတုံးဆိုရင် ဘာဝနာတရားတွေ ပွားရမယ်။

http://www.dhammadownload.com



ဒါကြောင့် အခု (၁၈)ကြိမ်မြောက် လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်က ဖွင့်လှစ်ကျင်းပတဲ့ တရားစခန်းသို့ ရောက်ရှိလာကြတဲ့ ယောဂီအမျိုးသား သူတော်စင်၊ ယောဂီအမျိုးသမီးသူတော်စင်များဟာ ဒီအခြေခံငါးပါးနဲ့ ပြည့်စုံပြီဆိုရင် ရှုမှတ်ပွားများရမယ့် တရားက-

**"ရာဂဿ ပဟာနာယ အသုဘာဘာဝေတဗ္ဗာ"**

ရာဂဿ- တွေ့ရာအာရုံအဖုံဖုံ၌ ခုံမင်ငြိတွယ် တပ်စွဲတတ်တဲ့ လောဘရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ရာဂတရားကို၊ ပဟာနာယ- မိမိသန္တာန် ကေန်ထင်ရှား သောင်းကြမ်းတဲ့အနေနဲ့ ဖြစ်ပွားမှုမျိုးကို ပယ်ရှားနိုင်ဖို့ရာ စွန့်လွှတ်ပယ်ရှားနိုင်ဖို့ရာ၊ အသုဘာ- အာရုံမျိုးစုံ အဖုံဖုံ၌ ခုံမင်နှစ်သက် တွယ်တာတပ်မက်တတ်တဲ့ သုဘဆိုတဲ့ တရား၏ဆန့်ကျင်ဘက်ဖြစ်တဲ့ အားလုံးဟာ နှစ်သက်သာယာဖွယ် မရှိပါဘူးလို့ ဖော်ပြတဲ့အသုဘတရား ကို၊ ဘာဝေတဗ္ဗာ- နိဗ္ဗာန်လိုလား အမျိုးသား၊ အမျိုးသမီးအားလုံးတို့ စိတ်အစဉ်၌ ဖြစ်စေအပ်၏။ ဝါ- ပွားများအပ်၏။

ကိုယ့်သံသရာမှာ ဒုက္ခပေးနေတဲ့ သမုဒယသစ္စာ တဏှာ လောဘ၏ ကိုယ်စားလှယ်ဖြစ်တဲ့ ရာဂတရားကို ပယ်နိုင်ဖို့ရာအတွက် တော့ ယောဂီသူတော်ကောင်း သူမြတ်လောင်းအပေါင်းတို့ "အသုဘ" တရားကို မြင်အောင် ထင်အောင် မိမိသန္တာန်၌ အသုဘလက္ခဏာ ထင်ရှားစွာရှိပုံ၊ သူတစ်ပါးရဲ့သန္တာန်၌ အသုဘလက္ခဏာ ထင်ရှားစွာရှိပုံ အားလုံး အသုဘလက္ခဏာရှိပုံကို ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော အစရှိတဲ့ ကောဋ္ဌာသတရားတွေ ဆင်ခြင်ပြီးတော့ ဓမ္မပရိယတ္တိ ပေတံမှာ လာတဲ့ (၃၂)ကောဋ္ဌာသကို မိမိရဲ့ အတ္တဘာဝ အတ္တ၏ဖြစ်ကြောင်း ဖြစ်ရာ ကိုယ်ခန္ဓာမှာရှိတဲ့ ဒီလက္ခဏာတွေ နှီးနှောတိုက်ဆိုင်ပြီးတော့ တကယ့်အသုဘမြင်အောင် ရှုကြ၊ ပွားကြပါလို့။

ပထမတစ်ခွန်း ဝိသုဒ္ဓမဂ်အဋ္ဌကထာမှာ မိန့်မှာတော်မူပါတယ်။

ဒုတိယ ဒုက္ခပေးတာက ဘာတုံး။

http://www.dhammadownload.com



၂။ ဗျာပါဒဿ ပဟာနာယ မေတ္တာ ဘာဝေတဗ္ဗာ။

ဗျာပါဒဿ- ဖောက်ပြန်ပုတ်သိုး စိတ်ရဲ့ဆိုးခြင်းသို့ရောက်ကြောင်း မကောင်းဆိုးဝါး မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံးကို ဒုက္ခပေးတတ်တဲ့ ဗျာပါဒဆိုတဲ့ ဒေါသတရားကို၊ ပဟာနာယ- မိမိသန္တာန် ဧကန်ထင်ရှား တကယ့်ဖြစ်ပွားမလာအောင် စွန့်လွှတ်ပယ်ရှားနိုင်ဖို့ရာ၊ မေတ္တာ- ရာဂအနေနဲ့ မလှည့်စားပဲ ရိုးသားတဲ့ချစ်ခင်စိုစွတ် စေးကပ်မြတ်နိုးတတ်တဲ့ လက္ခဏာရှိတဲ့ မေတ္တာတရားကို၊ ဘာဝေတဗ္ဗာ- စိတ်အစဉ်၌ ဖြစ်စေအပ်၏။ ဝါ- ပွားများအပ်၏။ ပွားများရမည်။ ပွားများပါလေ။

ဒုတိယတစ်ခုက ဒီဒေါသတရားဆိုတာ ကိုယ့်အလိုမကြိုက်တရားအားထုတ်ရင်းလဲ ခြင်ကိုက်လို့ဖြစ်စေ၊ ဂျပိုးကိုက်လို့ဖြစ်စေ၊ ခန္ဓာကိုယ်က အလိုမကျ၊ နှိပ်စက်တဲ့ဒုက္ခဝေဒနာတွေ တွေ့ကြုံလာတဲ့အခါမှာ ဖြစ်တတ်ပါတယ်။

အဲဒီဖြစ်တဲ့ ဗျာပါဒလို့ဆိုတဲ့ ဒေါသတရားကို ပယ်နိုင်ဖို့ အလုံးစုံသော သတ္တဝါတွေအပေါ်မှာ မေတ္တာတရားပွားရမယ်။

မေတ္တာပွားနည်းကိုတော့ ယောဂီသူတော်စင် သဘောပေါက်နားလည်ကျပြီးဖြစ်မှာပါ။

ကိုယ့်ကိုယ်ကို အရင်မေတ္တာပို့ရတယ်။ အချစ်ဆုံးနဲ့ အမုန်းဆုံးကို မပို့နဲ့အုန်း။ အဲသလို ပုဂ္ဂိုလ်သတ္တဝါတွေအပေါ်မှာ မေတ္တာတရားပွားများမယ်ဆိုရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ယောဂီပုဂ္ဂိုလ်တို့ထံမှာ မကြာမကြာလာပြီး နှိပ်စက်တဲ့ ဒေါသတရား နည်းပါးပြီးတော့ နောက်ဆုံးမဂ်နဲ့ပယ်သတ်နိုင်တဲ့အခါမှာ ချုပ်ငြိမ်းပပျောက်သွားပါလိမ့်မယ်။

ရာဂပယ်နိုင်ဖို့ အသုဘပွားရမယ်။

ဒေါသပယ်နိုင်ဖို့ မေတ္တာပွားရမယ်။

ဒါဖြင့် တတိယတစ်ချက်က ဘာလဲ "အာနာပါနဿတိ"- ထွက်လေ-ဝင်လေ။

http://www.dhammadownload.com



အနေမှန်လေးအတိုင်း ဝါယောလေဓာတ် လှုပ်ရှားနေတဲ့ လက္ခဏာကို တည်ငြိမ်တဲ့စိတ်ထား မပြတ်မလပ် ကပ်ထားရမယ် သတိ။ အဲဒီတရားနဲ့ အာနာပါနသတိ ရှုရမယ်။ ဘာလုပ်ဖို့ရှုရမှာတုံး။

**ဝိတက္ကုပစ္ဆေဒါယ၊**

**အာနာပါနဿတိ ဘာဝေတဗ္ဗာ။**

တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ကဟိုရောက် ဒီရောက်၊ ဟိုကြံ ဒီကြံ ဒါမျိုးတွေဖြစ်တတ်တယ်။

အဲဒီလို အားမထုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်တတ်တယ်။ အားထုတ်ရင်း လဲပဲ ဝိတက်က-

၁။ ကာမဝိတက်၊

၂။ ဗျာပါဒဝိတက်၊

၃။ ဝိဟိံသာဝိတက်- ဆိုတဲ့ တရားတွေ တစ်မျိုးမဟုတ် တစ်မျိုးနဲ့ နှိပ်စက်လာပြီဆိုရင် ထွက်လေဝင်လေကို ရှုမှတ်ခြင်းဖြင့် ထိန်းချုပ်ပြီး တော့ ယောဂီပုဂ္ဂိုလ်များဟာ တရားတက်အောင် ဆက်လက်ပြီး ရှုမှတ် ပွားများအားထုတ်ရမယ်။

နောက်တစ်ချက်က လူဆိုတာ တကယ့်မဂ်နဲ့ မပတ်သက်နိုင် သေးဘူး။ သမာဓိတရားလေးတော့ ဖြစ်လာတယ်။ အဲဒီအချိန်အခါမျိုးမှာ လာတတ်တာက-

**အသ္မိမာန သမုဂ္ဃါတာယ။**

အသ္မိ- ငါတတ်၏၊ ငါသိ၏၊ ငါဖြစ်၏၊ ငါတရားထိုင်နိုင်၏။

အဲဒီလို ငါသိ၊ ငါတတ်၊ ငါသာမြတ်။ ဒီလို ကိုယ့်ကိုယ်ကို မှတ်ထင်တတ်တဲ့ 'ငါ'ဆိုတဲ့ မာန်မာနကို သမုဂ္ဃါတာယ- အကြွင်းမထင် ကုန်စင်ကင်းပြတ် ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်အောင် ခွာနိုင် ဖို့ရာ မာန်မာနတွေ တက်တတ်တယ်တဲ့။

ဘုန်းကြီးတို့လဲ ဘုန်းကြီးတို့အလျောက် ဒကာ၊ ဒကာမတို့လဲ ဒကာ၊ ဒကာမတို့အလျောက် အဲဒီမာန်မာနကို ပယ်ခွာနိုင်ဖို့ရာကတော့

http://www.dhammadownload.com



**"အနိစ္စာနုပဿနာ"**- အနိစ္စနုပဿနာကို ဘာဝေတဗ္ဗာ- စိတ်အစဉ်၌ ဖြစ်စေအပ်၏။ ဝါ- အဖန်ဖန် အထပ်ထပ် ပွားများအပ်၏။

အဲဒီတော့ ငါဆိုတဲ့ မာန်မာနလေးများ တရားအားထုတ်ရင်း တက်လာရင် ပေါ်ပေက်လာမယ်ဆိုရင်လဲ ဗုဒ္ဓအလိုတော်ကျ အရှင် မဟာဗုဒ္ဓဃောသမထေရ်မြတ် ဖွင့်ပြတာက-

ငါလဲ မမြဲဘူး။ သူလဲ မမြဲဘူး။

အားလုံး မမြဲဘူး- ဆိုတဲ့ လက္ခဏာကို ထင်ထင်ရှားရှား ပေါ်လွင်စွာသိအောင် ပွားများအားထုတ်ပေးရမယ်လို့ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသမှာ အထင်အရှား ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့အတွက် ဖော်ပြဖွင့်ဆိုထားတာ ရှိပါတယ်။

အဲဒီလေးချက်ကို မှတ်ပြီးတော့ အခြေခံငါးချက်နဲ့ ပြည့်စုံရင် ဒီလေးချက်ထဲက တစ်ချက်ချက် ရှုမှတ်ပွားများမယ်ဆိုရင်-

**သမ္မာ အာဒိယတော သမာဓိ။**

ဝိပဿနာလုပ်ငန်း ကမ္မဋ္ဌာန်းအာရုံ၌ ဦးစွာထားအပ်၏။ သမာဓိ- စိတ်ကိုကောင်းစွာထားအပ်တဲ့ သမာဓိ။ စိတ်ကို ကောင်းစွာ ထားနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သမာဓိ။

နောက်တစ်ခါ စိတ်ကို ဝိပဿနာလုပ်ငန်းနဲ့ အညီအမျှ ထားနိုင်လို့ သမာဓိ။

ကောင်းစွာ ကမ္မဋ္ဌာန်းအာရုံ၌ မိမိစိတ်ကို ထားတတ်တဲ့အတွက် ကြောင့် သမာဓိ။

သမာဓိရယ်၊ သမာဓိရယ်။ (၂)မျိုးရှိ။

အဲဒီတော့ ဘာပဲဖြစ်ဖြစ် ပဌမသမာဓိဖြစ်အောင်၊ သမာဓိ ဖြစ်အောင် လုပ်လို့မှမရဘူးဆိုရင် မိမိရဲ့စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာတည်တည်ငြိမ်ငြိမ်ထားနိုင်အောင် ဘုန်းကြီးတို့ ယောဂီများ ကြိုးစားအားထုတ်ရမယ်။

http://www.dhammadownload.com



အဲသလို ကြိုးစားအားထုတ်တဲ့အခါကျတော့ အခုဒီမှာ ယောဂီပရိသတ်တွေကို ကြည့်လိုက်တော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတစ်ခု ဘုန်းကြီး သတိရပါတယ်။

ဒါလဲပဲ ဝါတွင်းတုန်းက တောင်ကြီးကပြန်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်က လယ်တီဆရာတော်ရဲ့ သရဏဂုံနဲ့ပတ်သက်တဲ့ စာအုပ်ကို ရိုက်ပြီးလှူတော့-

ဩော်- တို့ဆရာတော်လဲ လှူဦးမှပဲဆိုပြီး ဘုန်းကြီးကို ပခုက္ကူဒကာတစ်ယောက်က လာလှူတော့ကြည့်တယ်။

ကြည့်တော့ လယ်တီဆရာတော်က-

၁။ လူကြီးကြီးဖြစ်အောင်၊

၂။ လူကြီးကလေးမဖြစ်အောင်၊

၃။ လူကလေးကြီးဖြစ်အောင်၊

၄။ လူကလေးလေးမဖြစ်အောင်၊

ကိုယ့်ကိုယ်ကို ပြုပြင်ပြီးတော့ ကံပိုင်းဆိုင်ရာလဲ တိုးတက်အောင် ကျင့်သုံးဆောင်ရွက်ကြရမယ်။

ဉာဏ်ပိုင်းဆိုင်ရာလဲ-

၁။ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

၂။ သကဒါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

၃။ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

၄။ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

ဆိုတဲ့ ဉာဏ်ပိုင်းဆိုင်ရာလဲ အကောင်းဆုံးဉာဏ်တွေရအောင် ကြိုးစားရမယ်တဲ့။

၁။ လူကြီးကြီးဆိုတာ ဘာလဲ။ အသက်လည်းကြီး၊ တရားဓမ္မအသိဉာဏ်တွေလည်းကြီးတဲ့ အခုလို တရားတွေအားထုတ်ပြီးတော့ အသိဉာဏ်တွေ ကြွယ်ဝတဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အသက်လည်းကြီး၊ လူလည်းကြီးတဲ့အတွက်ကြောင့် လူကြီးကြီး ဖြစ်သွားတယ်။

http://www.dhammadownload.com



၂။ လူကြီးကလေးဆိုတာ အသက်တော့ကြီးတယ်။ ဒီလိုခေတ် အခါမျိုး ဆရာသမားတွေ အသင့်စီမံပေးတဲ့ သာသနာ့ဝေယျာဝစ္စတင် မကဘူးပေါ့။ ကိုယ့်ဝေယျာဝစ္စတွေပါ အကုန်ဆောင်ရွက်ပေးနေတဲ့ အခွင့်အခါမျိုး ကြုံပါလျက်နဲ့ ဒီလို တရားဓမ္မတွေ အားထုတ်ချင်စိတ် မရှိဘူး။ အားမထုတ်ဘူး။ အားထုတ်လို့ ဘာမှအကျိုးမသက်ရောက်ဘူး ဆိုရင် ကြီးပေမယ့် လူကြီးကလေး ဖြစ်တတ်တယ်။

ဒါကြောင့် လူကြီးကြီးဖြစ်အောင် တရားကြိုးစားအားထုတ်ပါ။ လူကြီးကလေးဖြစ်အောင် ဒကာကြီးဘွေ၊ ဒကာမကြီးတွေ မလုပ်ပါနဲ့။

၃။ လူကလေးကြီး အသက်ကြည့်လိုက်တော့ ပထမအရွယ်အတွင်း မှာပဲရှိတယ်။ ဒါပေမယ့်လို့ အသိဉာဏ်ကျတော့ ဒီဆံဖြူစွယ်ကြိုး အဘိုးအို အဘွားအိုကြီးတွေထက် တရားအသိဉာဏ်တွေ ရှိတယ်။

ဟော အခု သီလရှင်ဆရာလေးတွေ အသက်ငယ်ငယ်တွေ အများကြီးပဲ။ အဲဒီတော့ ဆရာလေးတို့အနေရော၊ ယောဂီပုဂ္ဂိုလ်ထဲက ငယ်တဲ့ ပုဂ္ဂိုလ်တွေရော လူကလေးကြီးဖြစ်အောင် အသက်ကတော့ ပထမအရွယ်အတွင်းမှာ ရှိတယ်။ အသိဉာဏ်ကတော့ တကယ်ကြီးကြီး မားမားရတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားအားထုတ်ပါ။

၄။ လူကလေးလေး အသက်လည်းငယ်တယ်။ အသိဉာဏ်လည်း ဘာမှမရှိဘူး။ အဲဒါမျိုးကျတော့ အသိဉာဏ်ရှိအောင်လဲ အားမထုတ်ဘူး။ ဘယ်သူ့အဆုံးအမ ဩဝါဒမှလဲ မနာခံဘူး။ အဲသလိုမျိုးဆိုရင်တော့ လူကလေးလေး ဖြစ်မယ်။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးရဲ့ အဲဒီစာအုပ်ထဲမှာ စာချရင်း တစ်နေ့စာသုံးဝါချတယ်။ စာချဝါကြီးထဲ သုံးဝါ၊ ရဟန်းငယ် ရှင်ငယ်တွေအတွက် စာသင်ပေးတဲ့ အချိန်နဲ့ဆို တစ်နေ့ငါးကြိမ်လောက် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း စွမ်းနိုင်သမျှ ထမ်းရွက်တဲ့ အချိန်ထဲက အားတဲ့အချိန် ဒီလိုစာတွေ ပညာရှိဆရာတော်တွေရဲ့ စာတွေ ဖတ်ပေးရပါတယ်။

http://www.dhammadownload.com



ညဥ့်ပိုင်း (၁၁)နာရီကျော်ပြီဆိုတဲ့ အခါကျတော့ သြော်-သက်သာရာ သက်သာကြောင်း စောစောကပြောခဲ့တဲ့အတိုင်း "ဝိတက္ကုပစ္ဆေဒါယ အာနာပါနဿတိ ဘာဝေတဗ္ဗာ"ဆိုတဲ့ အချက်အလက် ကိုယ့်အတွက် အတတ်နိုင်ဆုံး သင့်လျော်လျောက်ပတ်မှုဖြစ်အောင် အနေမျိုးဖြစ်အောင် ဘုန်းကြီးတို့သတိပြုရပါတယ်။

ဒါကြောင့် ဒကာ၊ ဒကာမတို့ ယောဂီပုဂ္ဂိုလ်တိုင်း ယောဂီပုဂ္ဂိုလ်တိုင်းဟာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ထွန်းကားတဲ့ကာလ အခုလို တရားစခန်းပေါ့ (မတရားစခန်း မဖြစ်တဲ့အတွက်ကြောင့် ကိုယ်ဟာ ဒီရိပ်သာရောက်လာပြီး မတရားတဲ့အကြံအစည်၊ မတရားတဲ့အပြောအဆို၊ မတရားတဲ့ အမူအယာတွေ ကြံစည်တွေးတောခြင်း၊ ပြောဆိုခြင်း၊ ပြုမူခြင်း မလုပ်ဘဲ တရားစခန်းဖြစ်တဲ့အတွက်ကြောင့် တရားသော အကြံအစည်စိတ်ကူး၊ တရားသော အပြောအဆို၊ တရားသော ကိုယ်အမူအယာနဲ့ နေထိုင်ပြီးတော့-

၁။ ကိုယ်ဆောက်တည်ထားတဲ့ သီလ၊ အနားကရော၊ အလယ်ကရော၊ အကျားအပျောက် အပေါက်မရှိရအောင် လုံခြုံစွာ သီလကို ထိန်းသိမ်းနိုင်ကြပါစေ။

၂။ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းလို့ ဆိုတဲ့အတိုင်း လယ်တီဆရာတော်ဘုရားကြီး အဆက်ဆက် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဓမ္မအမွေကို ခံယူထားတဲ့ တပည့်အဆက်ဆက်၊ ထိုမှတစ်ပါး တစ်ခြား "သုတ္တာနုလောမ" ဗုဒ္ဓ၏ စကားတော်နဲ့လျော်တဲ့ အဆုံးအမတရားတွေကို လမ်းညွှန်သင်ပြပေးတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်စတဲ့ သူတော်ကောင်းမိတ်တို့ရဲ့ အဆုံးအမဩဝါဒကို သဝေမတိမ်း လိုက်နာနိုင်ကြပါစေ။

http://www.dhammadownload.com



၃။ သပ္ပါယဓမ္မဿဝနာ- ကိုယ့်စရိုက်နဲ့ လိုက်လျော်ညီထွေတဲ့ တရားနာရမှာ မပျင်းမရိ မတွန့်မဆုတ်ပဲ လုံ့လကြိုးကုတ် အသိဉာဏ်နဲ့ယှဉ် သတိလေးကပ်ပြီးတော့ မကြာမကြာ တရားနာယူနိုင်ကြပါစေ။ တရားနာယူတဲ့အခါ ပျင်းရိခြင်း ကင်းပါစေ။

၄။ အားထုတ်မှု လုံ့လဝီရိယဆိုတာ စိတ်မနိုင်တဲ့ပုဂ္ဂိုလ်များ ကျတော့ တရားအားထုတ်ရင်း၊ တရားအားထုတ်ရင်းနဲ့ ပျင်းရိတဲ့စိတ်ပေါ် တတ်တယ်။ အဲဒါ တရားအားထုတ်ရင်းနဲ့ တရားစခန်းမှာ မတရားတဲ့အလှမ်းမျိုးဖြစ်တာ။ ဒါကြောင့် အဲဒီမတရားတဲ့ "ကောသဇ္ဇ"- ပျင်းရိဆုတ်နစ်မှုတရားတွေ ပေါ်ပေါက်လာရင်လဲ ဝီရိယနဲ့ အစားထိုးလဲလှယ်ပြီးတော့ ကိုယ်ရည်မှန်းတဲ့အတိုင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသည်အထိ အားထုတ်နိုင်ကြပါစေ။

၅။ အေး-- တို့ဒီလိုပြောဆို ဆုံးမတဲ့ ကမ္မဋ္ဌာန်းပြတဲ့နေရာ ဌာနမှာ လာခြင်းသည် ငါတို့သန္တာန်စစ်မှန်တဲ့ အသိဉာဏ် ရရှိဖို့ရာဖြစ်တယ်လို့ ဒီအလုပ်ဟာ ကောင်းသောအလုပ်ဖြစ် တဲ့အတွက်ကြောင့် အကြောင်းကောင်းရင် အကျိုးပေးလဲ ကောင်းရမယ်။ အဲဒီလို အမြင်မျိုးနဲ့ အခြေခံတရားငါးပါးနဲ့ ပြည့်စုံစွာ ကျင့်သုံးပြီးတော့ ဒီလယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း ဆရာတော်ကြီးများ လမ်းညွှန်သင်ပြပေးတဲ့ နည်းနာနိဿယ ကျကျနန ခံယူပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန် ချမ်းသာပေါက်ရောက်အောင်။

ပေါက်- ဆိုတာက အဝိဇ္ဇာကို ပယ်ခွာပြီးတော့ ဝိဇ္ဇာဉာဏ် ပေါက်။

http://www.dhammadownload.com



ရောက်- ဆိုတာက နောက်ဆုံး အနုပါဒိသေသနိဗ္ဗာနစာတ် ယူပြီးတော့ နိဗ္ဗာန်ကို ရအောင်၊ သိအောင်၊ မြင်အောင် ငြိမ်းအေးခြင်းသို့ရောက်အောင် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့။

**သာသနာတော်တည်တံ့ရေးတရား**

ဒီတရားစခန်းမှာ မြတ်စွာဘုရား (၄၅)ဝါကာလပတ်လုံး သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်တွေ ဟောကြားပြီးတော့ ပရိနိဗ္ဗာန်စံကာနီးကျတော့ အဲဒီတရားတော်တွေကို အနှစ်ချုပ်တဲ့အနေအားဖြင့်-

ဝေသာလီမြို့မှာ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်များ စည်းဝေးစေပြီးတော့-

**ယေတေမယာဓမ္မာ၊ အဘိညာ ဒေသိတာ။**

**တေဝေါသာဓုကံ ဥဂ္ဂဟေတွာ၊ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ။**

ရဟန်းတို့ ငါဘုရားကိုယ်တော်တိုင် ထူးခြားတဲ့ဉာဏ်နဲ့ သိမြင်ပြီးတော့ ဟောကြားထားတဲ့ တရားတော်တွေရှိတယ်။

၁။ အဲဒီတရားတော်တွေကို တရိုတသေကောင်းကောင်းမွန်မွန် သင်အံပို့ချကြ၊ နံပါတ်(၁)လုပ်ငန်း။

၂။ ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ- အဲဒီတရားတွေကို မိမိတို့သန္တာန်မှာ ဖြစ်စေကြ၊ ပွားများကြ၊ အကြိမ်များစွာ ဖြစ်စေကြ၊ အားထုတ်ကြ။ နံပါတ်(၂)လုပ်ငန်း။

အဲဒီတရားတွေဟာ ဘာတွေလဲလို့ဆိုတော့-

- သတိပဋ္ဌာန် (၄)ပါး၊
- သမ္မပ္ပဓာန် (၄)ပါး၊
- ဣဒ္ဓိပါဒ် (၄)ပါး၊
- ဣန္ဒြေ (၅)ပါး၊
- ဗိုလ် (၅)ပါး၊
- ဗောဇ္ဈင် (၇)ပါး၊
- မဂ္ဂင် (၈)ပါး တို့ပါပဲ။

http://www.dhammadownload.com



ပေါင်းခေါ်ရင် ဗောဓိပက္ခိယတရား (၃၇)ပါးလို့ ခေါ်ပါတယ်။

အဲဒီတရားတွေကို-

၁။ သင်အံလေ့လာ ပို့ချကြ။

၂။ ပွားများကြ၊ အကြိမ်များစွာ ပွားများကြ။

အဲဒီလိုဆိုရင် သာသနာတည်တံ့လိမ့်မယ်။ သာသနာတည်တံ့လို့ရှိရင် သတ္တဝါများ ချမ်းသာဖို့၊ အကျိုးများဖို့ ဖြစ်ပါတယ်။

**ဗောဓိပက္ခိယ**

အဲဒီ ဗောဓိပက္ခိယတရားဆိုတဲ့ နေရာမှာ-

ဗောဓိ + ပက္ခိယ

ဗောဓိ- မဂ်ဉာဏ်ပါ။ ပက္ခိယ- မဂ်ဉာဏ်၏အသင်းအပင်း၌ ဖြစ်တဲ့တရားတွေ။

မဂ်ဉာဏ်၏ပဒဋ္ဌာန် မဂ်ဉာဏ်၏နီးသော အကြောင်းတရားတွေ၊ မဂ်ဉာဏ်၏သမ္ဘာရ မဂ်ဉာဏ်ရဲ့အဆောက်အအုံ၊ မဂ်ဉာဏ်၏ဥပနိဿယမဂ်ဉာဏ်ရဲ့မှီရာ တရားတွေကို ဗောဓိပက္ခိယ တရားလို့ ခေါ်ပါတယ်။

ဗောဓိဆိုတဲ့ စကားမှာ မဂ်ဉာဏ်ကိုလဲ ဗောဓိလို့ခေါ်ပါတယ်။ မှီရာဖြစ်တဲ့ ပွင့်တော်မူရာအပင်များကိုလဲ ဗောဓိ။

မဂ်ဉာဏ်ကို ဘာကြောင့်ဗောဓိလို့ ခေါ်သလဲ။ သစ္စာလေးပါးကို သိတတ်သောကြောင့် ဗောဓိ၊ မဂ်ဉာဏ်သည် သစ္စာလေးပါးတရားကို သိတတ်တယ်။ ဒါကြောင့် မဂ်ဉာဏ်ကို ဗောဓိ။

မဂ်ဉာဏ်ဆိုတာက မဂ္ဂ+ဉာဏ မဂ်ဉာဏ်။

မဂ္ဂဆိုတဲ့ စကားလေးက "ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"။ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာတွေကို သတ်ဖြတ်ပြီးတော့ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့ ရောက်တတ်သွားတတ်တဲ့အတွက်ကြောင့် မဂ္ဂ။

http://www.dhammadownload.com



ဘယ်လို ကိလေသာတွေကို သတ်ဖြတ်သလဲ။ ပထမမဂ်ဉာဏ် ရပြီဆိုရင် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်နိုင်ပြီ။

ဒုတိယမဂ်ဉာဏ်က ကာမရာဂနဲ့ ဗျာပါဒ ပါးပါးလွှားလွှား ဖြစ်အောင်။

အနာဂါမိမဂ်ကျတော့ ကာမရာဂ၊ ဗျာပါဒ လုံးဝမရှိအောင် ပယ်နိုင်တယ်။ အဲဒီမယ် **"အနာဂါမ်မှာ ဒေါသခွါ"**ဆိုတဲ့အတိုင်း။

အနာဂါမ်အဆင့်ရောက်ပြီဆိုရင် ဒေါသမရှိတဲ့အတွက် ငိုကြွေးမှုလဲ မရှိတော့ပါဘူး။

အရဟတ္တမဂ်ဉာဏ်ကျတော့ ကျန်တဲ့မာန အစရှိတဲ့ ကိလေသာတွေကို သတ်ဖြတ်နိုင်တယ်။

မဂ်ဉာဏ်လေးပါးဆိုတဲ့ ဒီဉာဏ်လေးပါးလုံးရောက်မှ အားလုံးစင်တယ်။ အဲဒီမဂ်ဉာဏ်တွေကို ဗောဓိ။

အဲဒီလို တစ်ဖက်က ကိလေသာတွေကို သတ်ဖြတ်နိုင်မှ တစ်ဖက်ကလဲ အမှန်တရားတွေကို သိမြင်နိုင်မှာကိုး။

အဲသလို သိနိုင်၊ မြင်နိုင်တဲ့ ဗောဓိခေါ်တဲ့ မဂ်ဉာဏ်ရဲ့နီးစွာသော အကြောင်းတရားများကို **"ဗောဓိပက္ခိယ"**တရား။

အဲဒီလို အစွမ်းသတ္တိရှိတဲ့ မဂ်ဉာဏ်ခေါ်တဲ့ ဗောဓိရဲ့ အဆောက်အအုံများကို ဗောဓိပက္ခိယတရား။

မဂ်ဉာဏ်ရဲ့ အခြေခံမှီရာ တည်ရာများကို ဗောဓိပက္ခိယလို့ ခေါ်ပါတယ်။

အဲဒီ ဗောဓိပက္ခိယတရားကို အပိုင်းကြီး (၇)ပိုင်းနဲ့ ခွဲခြားပြီးတော့ ဘုရားဟောကြားတော်မူခဲ့တယ်။

**သတိပဋ္ဌာန်လေးပါး**

သတိပဋ္ဌာန် သတိပဋ္ဌာန်ဆိုပြီးတော့ အသုံးကလဲ တွင်ကျယ်ပါတယ်။

http://www.dhammadownload.com



"သတိ"ဆိုတဲ့ စကားလုံးနဲ့ "ပဋ္ဌာန"ဆိုတဲ့ စကားလုံးတွဲပြီးတော့ ထားတယ်။ သတိပဋ္ဌာန်အလုပ် အခုအားထုတ်နေတဲ့ ယောဂီများ အားထုတ်နေတဲ့ လမ်းစဉ်ဟာ သတိပဋ္ဌာန်လုပ်ငန်းပါပဲ။

သတိပဋ္ဌာန်ဆိုတာ ဘာလဲလို့ဆိုတော့ လွန်ကဲတဲ့သတိ၊ အင်မတန် တည်ငြိမ်တဲ့သတိ၊ အဲဒီ လွန်ကဲတဲ့သတိ၊ တည်ငြိမ်တဲ့သတိကို သတိပဋ္ဌာန်။

အဲဒီ သတိပဋ္ဌာန်ဟာ (၄)မျိုးရှိပါတယ်။

၁။ ထွက်လေ ဝင်လေစတဲ့ ရူပကာယမှာ အဖန်ဖန် အထပ်ထပ် ဖြစ်ပေါ်ပြီးတော့နေတဲ့ တည်ငြိမ်တဲ့သတိမျိုး **ကာယာနုပဿနာသတိပဋ္ဌာန်။**

၂။ ဝေဒနာများအပေါ်မှာ အဖန်ဖန် အထပ်ထပ် တည်ငြိမ်ပြီး တော့နေတဲ့ သတိမျိုး **ဝေဒနာနုပဿနာသတိပဋ္ဌာန်။**

၃။ သရာဂစိတ်= ရာဂနှင့်တကွဖြစ်တဲ့စိတ်၊ ဝီတရာဂစိတ်= ရာဂကင်းတဲ့စိတ်၊ စသည်တို့အပေါ်မှာ တည်ငြိမ်တဲ့ လွန်ကဲ တဲ့ သတိမျိုး **စိတ္တာနုပဿနာသတိပဋ္ဌာန်။**

၄။ နီဝရဏစတဲ့ တရားတွေအပေါ်မှာ လွန်ကဲတဲ့သတိ ဖြစ်ပေါ်တဲ့သတိမျိုး **ဓမ္မာနုပဿနာသတိပဋ္ဌာန်**လို့ လေးမျိုး။

ယနေ့ အားထုတ်နေကြတဲ့ သတိပဋ္ဌာန်က နံပါတ်(၁)၊ ထွက်လေ ဝင်လေစတဲ့ ရူပကာယအပေါ်မှာ လွန်ကဲတဲ့သတိလုပ်ငန်း၊ တည်ကြည် တဲ့ သတိလုပ်ငန်း အားထုတ်နေကြတာ။

အဲသလို ထွက်လေ ဝင်လေအပေါ်မှာ ရှုမှတ်တဲ့ တည်ငြိမ်တဲ့ သတိတစ်ခုရပြီး လွန်ကဲတဲ့သတိ၊ ခိုင်မြဲတဲ့သတိ၊ လွန်ကဲတဲ့သတိဆိုတာ ခိုင်မြဲတဲ့သတိပါပဲ။

အဲသလို ထွက်လေဝင်လေ အပေါ်မှာ လွန်ကဲတဲ့သတိ၊ ခိုင်မြဲ တဲ့သတိလေး ရှိနေပြီဆိုရင် ကျန်တဲ့သတိပဋ္ဌာန်များလဲပဲ အကျုံးဝင်ပြီး တော့သွားပါတယ်။

http://www.dhammadownload.com



ဘာကြောင့် သမထဝိပဿနာ ဘာဝနာလုပ်ငန်း စပြီးအားထုတ်တော့ ဒီသတိပဋ္ဌာန်အလုပ်ကို စတင်ပြီးတော့ အားထုတ်ရသလဲဆိုတော့ စိတ်ကို အစိုးရဖို့ပါပဲ။

**ဒီသတိပဋ္ဌာန်ဟာ** ကာယဂတာသတိ အထူးသဖြင့် ထွက်လေ**ဝင်လေကို နှာသီးဖျားက** ထွက်လေလေး ထွက်လာတဲ့အခိုက် ဝင်လေလေး ဝင်တဲ့အခိုက် အဲဒီအပေါ်မှာ စိတ်ကလေးငြိမ်ပြီးတော့နေအောင် ခိုင်မြဲတဲ့သတိနဲ့ မဖြစ်မနေ ယခုလို ကာယဂတာသတိ သတိပဋ္ဌာန်အလုပ်ကြီးကို စတင်ပြီး ကြိုးစားတာ ဘာကြောင့်လဲလို့ဆိုတော့ စိတ်ကို အစိုးရဖို့ပါပဲ။

စိတ်ကလေးဟာ အဝေးကိုလဲ ပြေးတတ်တယ်။ တစ်ဦးထဲတော့ နေတာပဲ။ အထည်ကိုယ်တော့လဲ မထင်ရှားပါဘူး။ ဟဒယဝတ္ထုဆိုတဲ့ မှီရာ နှလုံးအိမ်မှာ သူကိန်းဝပ်ပြီးတော့ နေပါတယ်။

အဲဒီ စိတ်ကလေးကို အခုအစိုးရအောင် အားထုတ်ပြီးထော့ နေကြတာပါပဲ။

သာမန်အားဖြင့် ပြောမယ်ဆိုရင် စိတ်မကောင်းတဲ့လူတွေကို အရူးအနှမ်းလို့ခေါ်ကြတယ်။

ဗုဒ္ဓါနုဿတိ ပွားများတဲ့အနေအားဖြင့် “ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ” ဆိုပြီးတော့ နှုတ်ကတက်လို့သာ ရွတ်နေရတယ်။ ပြီးသွားမှန်းတောင် တစ်ခါတစ်ရံ ကိုယ့်ဟာနဲ့ကိုယ် မသိလိုက်ကြတာ ကိုယ်တွေ့ဖြစ်ကြ၊ ကြုံကြဘူးမှာပါ။

အဲဒီတော့ ဒီစိတ်ကို အစိုးရမှု ကာယဂတာသတိခေါ်တဲ့ ထွက်လေ ဝင်လေကို ရှုမှတ်ပြီးတော့ စိတ်ကိုထိန်းသိမ်းတဲ့နည်း။ ဒီနည်းနဲ့ ဘာဝနာလုပ်ငန်းမှာ ကြိုးပမ်းကြရမယ်။

အဲဒီလို ကြိုးပမ်းလိုက်တဲ့ အခါကျမှ စောစောကမြင်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး၊ ကြားတဲ့ကိစ္စတွေ၊ နံတဲ့ကိစ္စတွေ၊ စားတဲ့ ကိစ္စတွေ၊ လျှက်တဲ့ကိစ္စတွေ၊ ထိသိတဲ့ကိစ္စတွေ၊ သိတဲ့ကိစ္စတွေ၊ ကြံစည် တွေးတောမှု

http://www.dhammadownload.com



တွေနဲ့ ပတ်သက်ပြီးတော့ စိတ်ကလေးဟာ တစ်ခါတစ်ရံ ဆိုးတယ်။ တစ်ခါတစ်ရံ သွမ်းတယ်။ တစ်ခါတစ်ရံ စိတ်ဆိုးစိတ်သွမ်း၊ စိတ်သရမ်းလေး၊ တစ်ခါတစ်ရံ စိတ်မိုက်၊ တစ်ခါတစ်ရံ စိတ်လေပွေလေးတွေ၊ စိတ်တေလေလေးတွေ။

အရပ်စကားကတော့ လျှောက်ပြီးလှည့်ပတ်သွားလာနေတဲ့သူကို တေလေဂျပိုးလို့ ခေါ်တာကိုး။

မိမိတို့ရဲ့ စိတ်ဟာလဲပဲ စိတ်မိုက်၊ စိတ်တေလေ၊ စိတ်လေပွေလေးတွေ ဖြစ်ပြီးတော့ နေတတ်တာကိုး။

အဲဒါကို စိတ်တေလေ၊ စိတ်ဂျပိုး မဖြစ်ရအောင် အခု ဘာဝနာအလုပ်ရဲ့အစမှာ အားထုတ်ကြရမယ်။

**အထွဋ်အထိပ်**

အဲလို အားထုတ်လိုက်လို့ စိတ်လေး သမထပိုင်း ပြောမယ်ဆိုရင် **"စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်စျာန်ဟု ခေါ်သတတ်"**တဲ့။

စိုက်စိုက်စူးစူးလေး ချမ်းသာမှု အေးအေးမြမြလေးနဲ့ စတုတ္ထစျာန်ရောက်ပြီ။ စတုတ္ထစျာန် သမာဓိခေါ်တယ်။ အဲဒီ သမာဓိမျိုးများရရင် ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကာယဂတာသတိကမ္မဋ္ဌာန်း သမထပိုင်းမှာ အထွဋ်အထိပ်ရောက်တယ်လို့ ခေါ်ရတယ်။

ထွက်လေ ဝင်လေကို ရှုမှတ်ပြီး၊ ပွားများပြီးတော့နေတယ်။ ကာယဂတာသတိ။ အဖြစ်နဲ့အပျက်အစုံကို မြင်တဲ့ အဲဒီ သတိလေးဟာ အဖြစ်နဲ့အပျက် အစုံကိုမြင်တဲ့ ဥဒယဗ္ဗယဉာဏ်များ ရောက်သွားပြီဆိုရင်တော့ ဒါ-- ဝိပဿနာပိုင်းမှာ သူ့အနေနဲ့ အထွဋ်အထိပ်ရောက်ပြီလို့ ဒီလိုပြောရတယ်။

အဲဒီလို မရောက်စေကာမူ စိတ်ထဲမှာ ဥဒယဗ္ဗယဉာဏ် မရောက်စေကာမူ စိတ်ထဲမှာ စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ဘူးဆိုလို့ရှိရင်-

http://www.dhammadownload.com



**အမတံ တေသံ ပရိဘုတ္တံ၊**

**ယေသံ ကာယဂတာသတိ ပရိဘုတ္တာ။**

ထွက်လေဝင်လေကို ရှုမှတ်ခြင်း အစရှိတဲ့ ကာယဂတာသတိ သုံးဆောင်လို့ **စိတ်က**လေး တည်ငြိမ်ပြီးတော့နေလို့ရှိရင် အမြိုက်နိဗ္ဗာန် **ကို သုံးဆောင်ရသလို**ပါပဲ။

အမြိုက်နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာလဲဆိုလို့ရှိရင် စိတ်ရဲ့အလွန် အေးမြမှုလေးကို ခေါ်တာပါပဲ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက အမြိုက်နိဗ္ဗာန် ဆိုတာ ဒီနေရာမှာ စိတ်ရဲ့အလွန်အေးမြမှု။

မိမိတို့စိတ်ဟာ မိမွေးတိုင်း၊ ဖမွေးတိုင်း တရားအားမထုတ်ခင်က မိမွေးတိုင်း၊ ဘမွေးတိုင်း ဖြစ်နေတဲ့စိတ်ဟာ အင်မတန် ပူလောင်ပါတယ်။ အင်မတန် ပူပြင်းပါတယ်၊ ခြောက်သွေ့ပါတယ်။

တဏှာတွေ၊ မာနတွေ လွှမ်းမိုးလို့ အင်မတန် ပူပန်ပြီးတော့နေတဲ့ ခြောက်သွေ့ပြီးတော့နေတဲ့စိတ်။

အဲဒီစိတ်ကလေးကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာချီလို့ သတိဆိုတဲ့ ကြိုးနဲ့ချည်။

အဲသလို ချည်တုတ်ပြီးတော့ ထားနိုင်တဲ့အခါကျတော့ စိတ်ကလေးဟာ အလွန်တည်ငြိမ်တဲ့စိတ်၊ ခိုင်မြဲတဲ့စိတ်ကလေး ဖြစ်ပြီး တော့သွားပါလိမ့်မယ်။

ဒါကြောင့် သတိပဋ္ဌာန်အလုပ်။ ဒီသတိပဋ္ဌာန်လုပ်ငန်းကြီး ရှေးသူတော်စင်များက အဆင့်အတန်းမြင့်သွားလေ၊ သတိပဋ္ဌာန် လေးပါးကို သုံးစွဲလေလေပါပဲ။

"အရိယာအရှင်မြတ်ကြီးတွေဟာ ဒီသတိပဋ္ဌာန်လေးပါးကို ပရိနိဗ္ဗာန်စံတဲ့နေ့ထိအောင် အာဟာရအဖြစ်နဲ့ သုံးစွဲပြီးတော့ သွားတော်မူကြတယ်။"

http://www.dhammadownload.com



မိမိတို့မှာလဲပဲ ရှေးအရိယာသူတော်စင်ကြီးများ သုံးစွဲသွားတဲ့ သတိပဋ္ဌာန်လုပ်ငန်း။ အရိယာအရှင်မြတ်ကြီးများ ပရိနိဗ္ဗာန် စံဝင်သည့် အခါတိုင်အောင် အာဟာရအဖြစ်နဲ့ သုံးစွဲပြီးတော့သွားတဲ့ သတိပဋ္ဌာန် လုပ်ငန်းကြီးကို ဒို့တတွေ ကြိုးစားနေရတဲ့အတွက် လူ့ဘဝရကြိုးနပ်ပေစွ ကျေနပ်ကြရတာ။

ဓမ္မတရားတော်ကို ကိုးကွယ် ကြရတာဟာ ဘဝတည်းဟူသော ခရီးခဲမှ ထုတ်ဆယ်ကယ်တင်တတ်တဲ့အတွက် တရားတော်ကို ကိုးကွယ် ကြတယ်။

စိတ်ရဲ့သက်သာမှုကို ပေးတတ်တဲ့အတွက် တရားတော်ကို ကိုးကွယ်ကြရတယ်။ ဒါကြောင့် ဘဝခရီးခဲမှ ကယ်တင်တော်မူတတ်တဲ့ တရားတော်။

ဒို့အားထုတ်နေတဲ့ တရားတော်သည် ဘဝခရီးခဲမှ ထုတ်ဆယ် ကယ်တင်တတ်တဲ့ တရားတော်။

ဒို့အားထုတ်နေတဲ့တရားသည် စိတ်ရဲ့သက်သာမှု ပေးတော်မူ တတ်တဲ့တရားတော်။

အဲဒီလို ဂုဏ်အင်တွေနဲ့ စုံလင်နေတဲ့ တရားတော်ကြီးကို အားထုတ်နေရတဲ့အတွက် လူ့ဘဝရကျိုးနပ်ကြောင်း ကောင်းမွန်တဲ့ တရားများ အားထုတ်နေရတဲ့အတွက် လူ့ဘဝရကျိုးနပ်ကြောင်း ကောင်းမွန်တဲ့လုပ်ငန်းများ အားထုတ်နေရတာပါလားလို့ စိတ်ထဲမှာ အာရုံထားပြီးတော့ ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်။

## သမ္မပ္ပဓာန် (၄)ပါး

**ဒီနေ့မှာ ဗောဓိပက္ခိယတရား (၃၇)ပါးမှာ** ခေါင်းစည်း (၇)ခု ထားတော်မူခဲ့တယ်။

မနေ့က သတိပဋ္ဌာန်ခေါင်းစဉ်နဲ့ ဟောကြားခဲ့ပါတယ်။ ဒီနေ့ နံပါတ် (၂) သမ္မပ္ပဓာန်။

ဘုန်းကြီးတို့ရဲ့ သာသနာ့စာပေက ဗုဒ္ဓစာပေကလာတဲ့ ပါဠိစကားတွေကို မြန်မာပြန်ရတာဟာ တစ်ချို့ ပါဠိ၊ မြန်မာစကား ပေါ်လွင်အောင် ပြန်လို့ရတယ်။ တစ်ချို့ပါဠိစကားတော်တွေကျတော့ ပါဠိသက်ဝေါဟာရနဲ့ပဲ ပြန်ကြရတယ်။ ဗောဓိပက္ခိယခေါင်းစည်းစကား တွေ မြန်မာပြန်ရာမှာ-

- သတိပဋ္ဌာန ဆိုတဲ့ ပါဠိကို သတိပဋ္ဌာန်၊
- သမ္မပ္ပဓာန ဆိုတဲ့ ပါဠိကို သမ္မပ္ပဓာန်၊
- ဣဒ္ဓိပါဒဆိုတဲ့ ပါဠိကို ဣဒ္ဓိပါဒ်၊
- ဣန္ဒြိယ ဆိုတဲ့ ပါဠိကို ဣန္ဒြေ၊
- ဗလ ဆိုတဲ့ ပါဠိကို ဗိုလ်၊
- ဗောဇ္ဈင်္ဂ ဆိုတဲ့ ပါဠိကို ဗောဇ္ဈင်၊
- မဂ္ဂင် ဆိုတဲ့ ပါဠိကို မဂ္ဂင်၊

ပါဠိသက် ဝေါဟာရနဲ့ပဲ မြန်မာပြန်ကြပါတယ်။ မြန်မာစကားလုံးနဲ့ ရှင်းအောင်ဆိုရင် တော်တော်ရှည်ရှည်လေး ပြောကြရတယ်။

သမ္မပ္ပဓာန = သမ္မပ္ပဓာန် (ပါဠိသက်ဝေါဟာရ)

သမ္မ + ပဓာန

သမ္မ- ကောင်းကောင်းမွန်မွန်၊ ပဓာန- လွန်လွန်မင်းမင်း ဆောင်ရွက်တတ်တာ။ ဝီရိယ အရကောက်ပါတယ်။

http://www.dhammadownload.com



ရှေ့က သမ္မလေးနဲ့တွဲလိုက်တဲ့ အခါကျတော့ "သမ္မမေဝ ပဓာနံ သမ္မပ္ပဓာနံ" ကောင်းကောင်းမွန်မွန် လွန်လွန်ကဲကဲ ဆောင်ရွက်အားထုတ်မှု၊ အဲဒါကို သမ္မပ္ပဓာန်။

တစ်နည်းအားဖြင့် "အာတာပ" ကိလေသာကို ပူပန်စေတတ်တဲ့ ဝီရိယကို သမ္မပ္ပဓာန ခေါ်ပါတယ်။

ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်ဓိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့စေလွှတ်အပ်တဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်တို့ရဲ့ လုံ့လဝီရိယကို သမ္မပ္ပဓာန်။ အဲဒီဝီရိယကိုပဲ သမ္မာဝါယာမမဂ္ဂင်လို့ ဒီလိုလဲ ခေါ်ကြရတယ်။

အဲဒီ ဝီရိယရဲ့ အင်္ဂါအချက်အလက်က (၄)မျိုး။ အဲဒီ (၄)မျိုးက ဘာတွေလဲဆိုတော့

၁။ ကြောချဉ်ရိုးရေ ကုန်ပေစေ ကျန်စေသားအသွေး။

၂။ အသက်ကိုမျှ မညှာရ သမ္မပ္ပဓာန်လေး။

အကြောအချဉ်တွေ ကျန်ပစေ ကြွင်းပစေ၊ အရိုးတွေ ကြွင်းပစေ၊ အရေတွေသာ ကြွင်းပစေ၊ အသားအသွေး ခမ်းခြောက်ပစေ၊ ဒီလုပ်ငန်းတော့ဖြင့် ငါမလျှော့တန်းလုပ်မယ်ဆိုတဲ့ ဝီရိယမျိုး။

အသက်ကိုမျှ မညှာရ သမ္မပ္ပဓာန်လေး အသက်တောင် ပဓာန မထားပဲနဲ့လုပ်ရတဲ့ လုပ်နိုင်တဲ့ ဝီရိယမျိုးကို သမ္မပ္ပဓာန်လို့ ခေါ်ရပါတယ်။

အရှင်သောဏာမထေရ် တစ်ဝါတွင်းလုံး ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက် အားထုတ်လိုက်တာ နုနယ်တဲ့ခြေဖဝါးလေးက စင်္ကြံလမ်းမှာ သွေးလေးတွေများကျလို့။

စက္ခုပါလမထေရ်ကြီး မျက်စိမမြင်မစမ်းနဲ့ လမ်းလျှောက်ပြီးတော့ အားထုတ်တယ်။

ဖုဿမထေရ်ကျတော့လဲ (၂၅)နှစ်ပတ်လုံး ထိုင်ပြီး လုံးဝကို မလျောင်းပဲနဲ့ အားထုတ်ခဲ့တယ်။

မဟာသိဝမထေရ်ကြီးကျတော့ အနှစ် (၃၀)အားထုတ်တော်မူတာကိုး။

http://www.dhammadownload.com



အလားတူပဲ ဘုန်းကြီးတို့ မုံရွာမြို့ သပြေပင်တောရ ဒုတိယ နာယကဆရာတော် ကျေးဇူးရှင် သာမဏေဘဝက ဥပဇ္ဈာယ်ဆရာတော်ဘုရားက စစ်ကိုင်းအရှေ့လေးဆိုတဲ့ချောင်မှာ သီတင်းသုံးပြီးတော့ တစ်နေ့ဆွမ်းတစ်ထပ် ဘုဉ်းပေးတယ်။ ဧကာသနိက်- တစ်ထိုင်ထဲ တစ်ထပ်ထဲ ဘုဉ်းပေးတယ်။ ထွက်လေ ဝင်လေ ရှုမှတ်ခြင်းဆိုတဲ့ အာနာပါနကမ္မဋ္ဌာန်း စသည်ရှုမှတ်အားထုတ်တယ်။

တစ်ရက်ကများ အဲဒီတောကျောင်းကလေးကနေပြီး ဝါးချက်ဆိုတဲ့ရွာ ဆွမ်းခံကြွ အပြန်ကျတော့ ကျားသစ်တစ်ကောင်နဲ့ လမ်းမှာ ဆုံပါတယ်။

ဆုံတော့ ဆရာတော်က သွားသွားဆိုတော့ သူ့ဟာသူလဲ ရှောင်သွားတယ်။ သို့သော်လဲ ရန်သူထင်ပြီးတော့ နောက်ကနေ ဆရာတော်ရဲ့ ဦးခေါင်းကို လက်နဲ့ကျားသစ်ကကိုင်ပြီး ပုတ်ပြီးတော့ လှဲတယ်။ မကိုက်ပါဘူး။ သို့သော်လဲ သူတို့ရဲ့လက်သည်း၊ ခြေသည်းတွေက ထက်မြက်တာမို့ ဒဏ်ရာတော့ ရလာတယ်။

အဲသလို တောထဲ၊ တောင်ထဲမှာနေပြီးတော့ အားထုတ်ခဲ့တဲ့ အလေ့အလာ ဘုန်းကြီးရဲ့ ရှင်သာမဏေဥပဇ္ဈာယ်၊ ဘကြီးလဲတော်ပါတယ်။ တစ်သက်လုံး ကမ္မဋ္ဌာန်းဘာဝနာအလုပ်နဲ့ပဲ မွေ့လျော်ပြီးတော့ သွားတယ်။

နောင်သောအခါ မုံရွာမြို့ သပြေပင်တောရ ဒုတိယပဓာန နာယကဆရာတော်ဖြစ်ပြီးတော့ စာသင်တိုက်ထဲမှာ စာသင်တိုက်ကြီးကို အုပ်ချုပ်နေသော်လဲပဲ ဝါတွင်းကာလဆိုရင် "ဧကာသနိက်"- တစ်ထပ်စာ ဆွမ်း တစ်ထိုင်ထဲဘုဉ်းပေး၊ ပတ္တပိုဏ်ဘုဉ်းပေး၊ ဓူတင်လေးငါး ခြောက်ခုရအောင် ဆောင်တော်မူပါတယ်။

ဓူတ- ခေါ်တဲ့အကျင့် = ကိလေသာကို ခါထုတ်တတ်တဲ့အကျင့်၊ အကျင့်ကောင်းပေါ့။

http://www.dhammadownload.com



ဒီအကျင့်ကောင်းတွေဟာလဲ သာမန်ဝီရိယမျိုးနဲ့ မဖြစ်နိုင်ပါဘူး။ ဒီလိုပဋိပတ်သာသနာ့တာဝန်ထမ်း ရဟန်းတော်အရှင်မြတ်ကြီးတွေ များများစားစား ပေါ်ထွန်းလာပါစေလို့ ဆန္ဒပြုကြရပါတယ်။

## သမ္မပ္ပဓာန်

မြတ်စွာဘုရား ဟောတော်မူတဲ့ ဗောဓိပက္ခိယတရား (၃၇)ပါး ထဲမှာ "သမ္မပ္ပဓာန်"ဆိုပြီးတော့ လေးမျိုးဟောပါတယ်။ အဲဒီ ဝီရိယကိုပဲ လေးမျိုးထားပြီးတော့ ဟောပါတယ်။

ဟောတော်မူတဲ့ ဘုရားရှင်ကိုယ်တော်တိုင်ဟာလဲပဲ ဒီသမ္မပ္ပဓာန လုံ့လရှိတော်မူတဲ့အတွက် အထွဋ်အထိပ် လောကသားအားလုံးတို့ရဲ့ ဂရုအလေးအမြတ်ပြုအပ်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ခဲ့တာပါပဲ။

ပယတ္တော သဗ္ဗလောကဿ၊ ဂါရဝါပတ္တိဟေတုကော၊
ဝါယာမော သောပိတေ အတ္ထိ ပယတ္တဝါ နမတ္ထုတေ။

ဓီရ- သဗ္ဗညုတ ဉာဏအရှင် အို-မြတ်သခင်၊ တေ- ရှင်တော်မြတ်ဘုရားအား၊ သဗ္ဗလောကဿ- အလုံးစုံ လောကရှိသမျှ နတ်လူအပေါင်း၏၊ ဂါရဝါပတ္တိဟေတုကော- စိုးခန့်သမှု အလေးပြုအပ်သည့် ဂရုဘွဲ့ယူ ပုဂ္ဂိုလ်တစ်ဆူ၏အဖြစ်သို့ ဆိုက်ရောက်ကြောင်းဖြစ်သော၊ ဝါယာမော- သမ္မပ္ပဓာန ကိစ္စပြခါန်းလှသား သမ္မဝါယာမမဂ္ဂင်ဟု ဆိုအပ်သော၊ ပယတ္တော- ပယတ္တနှုန်းခေါ် ရွှေဘုန်းတော်သည်၊ အတ္ထိ- စင်စစ်မသွေ ရှိပါပေ၏။ ပယတ္တဝါ- ပယတ္တခေါ်နှုန်း ရွှေဘုန်းတော်သခင် မြတ်အရှင်၊ တေ- ရှင်တော်မြတ်ဘုရားအား၊ မေ အမှာက်-အကျွန်ုပ်တို့၏၊ နမော- တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ခြင်းသည်၊ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ပယတ္တ- ဘုန်းတော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား လောကသားအားလုံးတို့ရဲ့ အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်တစ်ဆူ

http://www.dhammadownload.com



အဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား။

အဲဒီလိုရောက်တာ အခြားကြောင့် ဟုတ်ပါရိုးလားတဲ့။ ဟောဒီ သမ္မပ္ပဓာန် လုံ့လကြောင့်ပါပဲ။

ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဒေသ ဥရုဝေလတောကို ရောက်တော့ မြတ်စွာဘုရား (၆)နှစ်တာ ကာလပတ်လုံး ဥရုဝေလတော အုပ်ထဲမှာ တရားအားထုတ်တဲ့နေရာလေးရောက်တော့ လက်အုပ်ချီ ဝင်ထိုင်ပြီးကြည်ညိုတယ်။

အဲဒီ မဟာသမ္မပ္ပဓာန အားသွန်ကြိုးပမ်းတော်မူခဲ့ရာ ဒေသ လက်အုပ်ချီပြီးတော့ (၆)နှစ်တာကာလ စွဲစွဲမြဲမြဲ အားထုတ်တော်မူတဲ့ ဘုရားရှင်အလောင်းတော်ကြီးကို ရည်မှန်းပြီးတော့ ရှိခိုးရတယ်။ ကျေနပ်စရာပါပဲ။

ဆိုလိုတာက ဘာလဲဆိုတော့ ကောင်းကောင်းမွန်မွန် လွန်လွန် ကဲကဲ ရွက်ဆောင်တတ်တဲ့ လုံ့လဝီရိယ၊ ဒါကို သမ္မပ္ပဓာန်။

**လေးဌာန**

ဘယ်နေရာမျိုးတွေမှာ လုံ့လဝီရိယရှိရမှာလဲဆိုတော့ လေးမျိုး လေးဌာနမှာပါ။

အကုသိုလ်နဲ့ ပတ်သက်ပြီးတော့ (၂)နေရာ၊ (၂)ဌာန၊

ကုသိုလ်နဲ့ ပတ်သက်ပြီးတော့ (၂)နေရာ၊ (၂)ဌာန။

အကုသလဆိုတဲ့ ပုဒ်က - အပြစ်ရှိပြီးတော့ မကောင်းကျိုး ပေးတတ်တဲ့ တရားတွေကို အကုသိုလ်လို့ ပါဠိသက်ဝေါဟာရနဲ့ပဲ ပြန်ဆိုတယ်။

ကုသလဆိုတဲ့ ပုဒ်ကျပြန်တော့လဲပဲ။ ကုသလဆိုတဲ့ ပုဒ်ကို ကုသိုလ်လို့ဘာသာပြန်တယ်။ ဒီထက် ပြည့်စုံအောင် ပြန်မယ်ဆိုရင် အပြစ်မရှိ ကောင်းကျိုးကိုပေးတတ်တဲ့ ကောင်းတဲ့တရားတွေ၊ ကောင်းတဲ့ အလုပ်တွေ။

http://www.dhammadownload.com



အကုသိုလ်ဆိုတာက အပြစ်ရှိပြီးတော့ မကောင်းကျိုးပေးတတ်တဲ့ တရားတွေ၊ လုပ်ငန်းတွေ။

အဲဒီ အကုသိုလ်တွေနဲ့ ပတ်သက်လို့ အကုသိုလ်အပိုင်းမှာလဲ (၂)ဌာန။ ဖြစ်ပြီးသားအကုသိုလ်၊ မဖြစ်သေးတဲ့အကုသိုလ်။

ကုသိုလ်ကျတော့လဲ (၂)ဌာန။ မိမိသန္တာန်မှာ ဖြစ်ဆဲ၊ ဖြစ်ပြီးကုသိုလ်ကတစ်မျိုး၊ မဖြစ်သေးတဲ့ ကုသိုလ်ကတစ်မျိုး။

အကုသိုလ်ကို အရင်ပြောမယ်ဆိုရင် ဖြစ်ပြီးသားအကုသိုလ်ကိုပယ်ရှား ဖို့၊ မဖြစ်သေးတဲ့ အကုသိုလ်တွေကျတော့ မဖြစ်အောင်၊ ဖြစ်ဆဲဖြစ်ပြီး ဖြစ်တဲ့အကုသိုလ်တွေ ဖယ်ရှားနိုင်အောင်၊ မဖြစ်သေးတဲ့အကုသိုလ် မဖြစ်အောင် ဆိုပြန်တော့၊ ကိုယ်နဲ့လဲပဲ အကုသိုလ်တွေဖြစ်နိုင်တာကိုး။ နှုတ်ကလဲ အကုသိုလ်တွေ တစ်ဖွားဖွားဖြစ်နိုင်တာကိုး။ စိတ်ထဲမှာလဲ အကုသိုလ်တွေ ဖြစ်နိုင်တယ်။

ခြုံပြောရင် ဒုစရိုက်တွေပါပဲ။ မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်ရအောင်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေဆိုတာလဲ ရေတွက်လို့မရဘူး။

ဖြစ်ပြီးသားအကုသိုလ်တွေ ဒါတွေဟာ ကံလို့ခေါ်တာကိုး။ ဖြစ်ပြီး ဒုစရိုက်တွေ ဖြစ်ပြီးသားအကုသိုလ်တွေ။

ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ်တဲ့အကုသိုလ်တွေ၊ ဒုစရိုက်တွေ၊ ကံဟောင်းတွေ၊ ဒုစရိုက်အဟောင်းတွေ ဘဝများစွာသံသရာက လှည့်ပြီးတော့လာတော့ အဲဒီအကုသိုလ်ကံဟောင်းတွေက တပုံတပင်ကြီးရှိနေကြ။ အကျိုးပေးခွင့်မရသေးလို့ မပေးတာပါပဲ။ အကျိုးပေးခွင့်ရရင် ပဋိသန္ဓေပဝတ္တိ အကျိုးပေးပါလိမ့်မယ်။ ပေးဖို့ကံဟောင်းတွေ ဒုစရိုက်ဟောင်းတွေ အများကြီးရှိနေကြတယ်။

http://www.dhammadownload.com



**အနတ္တာဉာဏ်ဆိုက်မှ**

အဲဒီအကုသိုလ်ကံဟောင်းတွေ၊ ဒုစရိုက်ဟောင်းတွေ ဖယ်ရှားနိုင်ဖို့ဆိုတာ ဘယ်လိုလုပ်ဖယ်ရှားမလဲ။ ဒါနပြုရုံနဲ့ ပျောက်မလား။ သီလဆောက်တည်ရုံနဲ့ ပျောက်မလား။ သမာဓိရရုံနဲ့ ပျောက်မလား။ မပျောက်ဘူး။ ရေများရေနိုင်၊ မီးများမီးနိုင် ဆိုသလို လှည့်ပြီးအကျိုးပေးနေမှာပါပဲ။

အနတ္တဘာဝနာအဆင့် ရောက်ပြီးတော့ သက္ကာယဒိဋ္ဌိ ပျောက်သွားမှ ဘဝများစွာ သံသရာကပါလာတဲ့ အကုသိုလ်တွေဟာ ပဋိသန္ဓေကျိုးမပေးတော့ပဲနဲ့ သူဟာသူ ချုပ်ငြိမ်းသွားမှာ။

အဲဒီတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင် ဆိုရာမှာလဲပဲ။ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင် ဒီဘဝထိန်းနိုင်ပါတယ်။ ကံအားလျော်စွာ ဗုဒ္ဓဘာသာဖြစ်လာလို့ ကံ,ကံ၏အကျိုးကို ယုံကြည်လို့ သူတစ်ပါးအသက် မသတ်ဘူး။ သူတစ်ပါး ဥစ္စာမခိုးဘူး။ ထားပါတော့။

တစ်ဘဝစောင့်ထိန်းနိုင်ပေမယ့် နောက်ဘဝမသေချာဘူး။ အဲဒီတော့ ဒီအကုသိုလ်တွေနဲ့ ပတ်သက်လို့ မဖြစ်သေးတဲ့အကုသိုလ်တွေ ဖယ်ရှားနိုင်အောင်၊ ဖြစ်ပြီးသားအကုသိုလ်တွေ ဖယ်ရှားနိုင်အောင်၊ အနတ္တဘာဝနာ အထွတ်အထိပ်ရောက်မှ ပြည့်စုံပြီးစီးပါတယ်။

မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်ဖို့ ဖြစ်ပြီးသားအကုသိုလ်တွေ ဖယ်ရှားနိုင်ဖို့ဟာ သက္ကာယဒိဋ္ဌိ မပျောက်ဘဲနဲ့ ဘယ်လိုမှ လက်စသိမ်းဖို့ မလွယ်ပါဘူး။

ယခုဘဝ စောစောက ပြောသလို ဗုဒ္ဓမြတ်စွာသာသနာနဲ့လဲ တွေ့ကြုံလို့ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတဉာဏ် အလင်းဓာတ် ရပြီးတော့ ကာယဒုစရိုက် သုံးပါးမှလဲ ရှောင်ကြဉ်ပါတယ်။ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပါတယ်။ မနောဒုစရိုက်တွေ တတ်နိုင်သလောက် ထိန်းနိုင်ပါတယ်။ သူတော်စင်ကြီးတွေ ဖြစ်ပါတယ်။

http://www.dhammadownload.com



သို့သော်လဲပဲ တဒင်္ဂသူတော်စင် ဖြစ်တယ်။ ဘာကြောင့် သက္ကာယဒိဋ္ဌိက ရှိနေတာ။ အတ္တဒိဋ္ဌိရှိနေရင် အဲဒီ အတ္တဒိဋ္ဌိဟာ "မကောင်းညစ်ဆိုး အကုသိုလ်တရားမျိုးတို့ရဲ့ ဗီဇ"။

အဲဒီ အတ္တဒိဋ္ဌိကို မဖြိုနိုင်သေးသမျှ အကုသိုလ်တွေ ဖြစ်ခွင့်ကြုံရနိုင်တယ်။ လောကီပညာဝိသုဒ္ဓိတွေထဲမှာ ဒီလောကီဝိပဿနာပညာ၊ လောကုတ္တရာပိုင်း မဆိုက်ရောက်နိုင်သော်လဲပဲ ဖြစ်ဖူးတဲ့ကုသိုလ်တွေ ပါပဲ။

အဲဒီ ဖြစ်ဖူးတဲ့ကုသိုလ်တွေကို "ဘိယျောဘာဝါယ"- နိယာမအဖြစ်ရောက်ပြီးတော့ အစဉ်ထာဝရ တည်တံ့တဲ့ကုသိုလ်မျိုးဖြစ်အောင် ကြိုးစားခြင်းဟာ ဒါသမ္မပ္ပဓာန် ဝီရိယတစ်မျိုး။

အဲဒီဖြစ်ဘူးတဲ့ သမထဝိပဿနာ ကုသိုလ်တွေကို ဘိယျောဘာဝါယ နိယာမအဖြစ်ရောက်ပြီးတော့ အစဉ်ထာဝရ တည်တံ့တဲ့ မဂ်ကုသိုလ်အဆင့်ရောက်အောင် အားမထုတ်နိုင်သေးရင် စိတ်မချရသေးဘူး ဒါကြောင့်-

၁။ မဖြစ်သေးတဲ့ အကုသိုလ်အမှုတွေ ဖြစ်ပေါ်လာခဲ့ရင် ငါ့မှာ အကျိုးမဲ့တွေ ဖြစ်နိုင်တာကြောင့် တရားကြိုးစားရမယ်။

၂။ ဖြစ်ပေါ်ပြီးအကုသိုလ်တွေ မပယ်နိုင်ရင် ငါ့မှာအကျိုးမဲ့တွေ ဖြစ်နိုင်တာကြောင့် တရားကြိုးစားရမယ်။

၃။ မဖြစ်ပေါ်ဘူးသေးတဲ့ သမထဝိပဿနာ မဂ်ကုသိုလ်တွေ မဖြစ်ပေါ်ခဲ့ရင် ငါ့မှာအကျိုးမဲ့တွေ ဖြစ်ပေါ်လာစရာရှိတဲ့အတွက် တရား ကြိုးစားရမယ်။

၄။ ဖြစ်ပေါ်ပြီးသား သမထဝိပဿနာကုသိုလ်တွေ မတည်တံ့ရင် ပျောက်ပျက်သွားရင်၊ အဖန်ဖန် မပွားတိုးရင်၊ မပြည့်စုံရင်၊ ချုပ်ငြိမ်း သွားရင် ငါ့မှာအကျိုးမဲ့တွေ ဖြစ်ပွားလာစရာရှိတဲ့ အတွက် တရားကြိုးစားရမယ်။

http://www.dhammadownload.com



အဲဒီ နံပါတ်(၄)အရ မိမိမှာဖြစ်ပေါ်ရရှိထားတဲ့ သမထ ဝိပဿနာကုသိုလ်တွေ ထိန်းမထားနိုင်ရင် တိုးပွားအောင် မင်္ဂဉာဏ် အဆင့်ရောက်အောင် အားမထုတ်ရင် အကျိုးမဲ့များ မကောင်းကျိုးများ ဖြစ်ပွားတတ်ပါသေးတယ်။

**သာဓက**

အကျိုးမဲ့ဖြစ်ပွားတတ်ပုံ ထင်ရှားအောင်ပြောရလျှင် ရဟန္တာ မထေရ်မြတ်ကြီးတစ်ပါးရဲ့ တပည့်သာမဏေလေးဟာ သမထအထွတ် အထိပ်ရောက်အောင် အားထုတ်နိုင်လို့ ဟိမဝန္တာတောင်သွားပြီး ပန်းခူးကာ မဟာစေတီပူဇော်ဖို့ မထေရ်၏လက်ထဲ ထည့်ပေးပြီး ပူဇေထဘန္တေ- စေတီဘုရားအား ပူဇော်တော်မူကြပါ ဘုရားလို့ လျှောက်ထားတယ်။

အဲဒီတန်ခိုးကြီး ဈာန်ပျံနိုင်တဲ့ သာမဏေလေး ဆရာမထေရ် နဲ့အတူ ဆွမ်းခံမဝင် မထွက်ပဲ သီးခြားသွား သီးခြားဝင်ထွက်တော့ "ကိုရင် ပုထုဇဉ်တို့ တန်ခိုးဈာန်ဆိုတာ မသင့်တင့်တဲ့ ရူပါရုံ စသည်နဲ့ တွေ့ရင် အလွယ်တကူပျက်စီးနိုင်တယ်"လို့ သတိပေးတော်မူတယ်။

တစ်နေ့ကျတော့ ယက္ကန်းသည်မသမီးချောလေးက ပဒုမ္မာ ရေအိုင်မှာ သီချင်းတစ်ကြော်ကြော်ဆိုပြီး ပန်းခူးနေစဉ် သာမဏေလေး အဲဒီမိန်းကလေးရဲ့ သီချင်းသံအပေါ် စွဲငြိတယ်။ တောင်ပျံကျိုးပြတ်တဲ့ ကျီးကန်းလို ဖြစ်သွားတယ်။ "ငြိမ်သက်အေးမြသော သမာပတ် အရှိန် အဝါကြောင့် ရေထဲမကျပဲ လက်ပံဝါဂွမ်းလေးလို ပဒုမ္မာအိုင်ကမ်းမှာ ကျပါတယ်။" အဲဒီကလေးမလေးနဲ့ အိမ်ထောင်ကျပြီး ရန်ဖြစ်တယ်။ လွှန်းနဲ့ပေါက်တယ်။ ကလေးမလေး မျက်စေ့ကန်းသွားတယ်။ ကိုရင် လူထွက်လေးက ငိုရှာတယ်။ အဲဒီလိုပဲ ဖြစ်ပေါ်ပြီးတဲ့ သမထဝိပဿနာ ဆက်ပြီးမထိန်းနိုင်ရင် အကျိုးမဲ့ အစီးပွားမဲ့တွေ ဖြစ်တတ်တယ်။

http://www.dhammadownload.com



နောက်ထပ် သာဓကတစ်ခု ရှိသေးတယ်။ ရဟန်းတော် သုံးဆယ် မဟာစေတီဖူးမျှော်ပြီး အပြန်ခရီးမှာ မီးလောင်လယ်ယာထဲ အလုပ်လုပ်ကိုင်ပြီး ပြန်လာတဲ့ လူတစ်ယောက်ကို တွေ့မြင်ကြတယ်။ အဲဒီလူက တစ်ကိုယ်လုံး အိုးမဲတွေပေနေတယ်။ အိုးမဲပေနေတဲ့ အဝတ် တစ်ထည်ကို သိုင်းဝတ်ထားတယ်။ ကြည့်လိုက်ရင် မီးလောင်သစ်ငုတ် လိုပဲ။ သူနဲ့ခရီးရင်ဆိုင် တွေ့ကြတော့ သာမဏေလေးတွေဟာ "ငါ့လူ မင်းအဖေကွ၊ မင်းဘကြီး၊ မင့်ဦးလေးပဲ"လို့ ပြောင်လှောင်ပျက်ချော် သရော်ပြီး "ဒကာကြီး နာမည်ဘယ်လိုခေါ်သလဲ"လို့ မေးကြတော့ စိတ်မသက်မသာရှိတာနဲ့ ထင်းတွေစွန့်ချ၊ အဝတ်ပြန်ဝတ် မဟာထေရ် တွေကို ရပ်ပါဦးဘုရားဆိုပြီး ရပ်တဲ့အခါလဲ သာမဏေယ်တွေက ပြောင် လှောင်ကြတာပါပဲ။ အဲဒီ ဒကာက ဆက်ပြီးတော့ ပြောတယ်။

"အရှင်တို့ တပည့်တော်ကို ကြည့်ပြီး ပြောင်လှောင်ကြတယ်။ အရှင်တို့ဟာ ဒီမျှလောက်လေးနဲ့ အထွဋ်အထိပ်ရောက်ပြီလို့ ထင်ကြ တယ်။ တပည့်တော်လဲ နဂိုက အရှင်တို့လို ရဟန်းပါပဲ။ အရှင်တို့မှာ စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက်ရုံလေးမျှ ရှိဟန်မတူပါဘူး။ တပည့်တော်က ဤသာသနာမှာ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်သူပါ။ ကောင်းကင်မှာ လမ်းလျှောက်နိုင်တယ်။ မြေပြင်မှာ ငုပ်ချီပေါ်ချီ ဖြစ်အောင် လုပ်နိုင်စွမ်းရှိတယ်။ အနီးကိုအဝေး၊ အဝေးကိုအနီး ဖြစ်အောင် စွမ်းနိုင်တယ်။ စကြဝဠာတစ်ထောင်လောက် ခရီးစဉ် ခဏချင်း ရောက်နိုင်တယ်။ တပည့်တော်ရဲ့ လက်တွေကြည့်ကြ မျောက်လက်တွေလိုပဲ။ ဒီလက်တွေနဲ့ပဲ လ,နေတို့ကို သုံးသပ်နိုင်တယ်။ အဲဒီလို တန်ခိုးမျိုး မေ့လျော့မှုကြောင့် ပျောက်ကွယ်ခဲ့ရပြီ။ အရှင်တို့ မမေ့ကြနဲ့။ မေ့လျော့မိလို့ ယခုလို ပျက်စီးခဲ့ရတယ်။ မမေ့မလျော့ နေ။ -ဝကတယ်ဆိုရင် အသစ်အသစ်မစဲ ဖြစ်အိုနာသေ လွတ်ကြလိမ့်မယ်။ တပည့်တော်ကိုကြည့် သက်သေသာဓကထားပြီး မမေ့မလျော့ အားထုတ်ကြပါလို့ တိုက်တွန်းသွားပါတယ်။

http://www.dhammadownload.com



အဲဒီရဟန်းသုံးကျိပ်ညာဏ်နဲ့ ယှဉ်တဲ့ ကြောက်လန့်မှု သံဝေဂရ တရားအားထုတ်လိုက်ကြတာ ရဟန္တာဖြစ်သွားကြဘူးတယ်။ အဲဒီ ဒကာလို ရပြီးတရား ပျောက်ပျက်သွားရင် အကျိုးမဲ့ဖြစ်တတ်ပါသေး တယ်။

ခြုံ၍ပြောမယ်ဆိုရင်တော့ **"မပြုချင်ပြု ပြုချင်ပြု ကောင်းမှု ကုသိုလ်တွေ"**

ကောင်းမှုကုသိုလ်ဆိုတာ မပြုချင်လဲ ပြုကြရမှာ။ ပြုချင်လဲ ပြုကြရမှာ။

ဘာကြောင့်လဲလို့ဆိုတော့ အပြစ်မရှိ ကောင်းကျိုးပေးတတ်တဲ့ လက္ခဏာရှိလို့ပါပဲ။ အကုသိုလ်ကျတော့ **"မရှောင်ချင်ရှောင် ရှောင်ချင် ရှောင် များမြောင်အကုသိုလ်တွေ"**။

အကုသိုလ်ကျတော့ မရှောင်ချင်လဲ ရှောင်ကြရတယ်။ ရှောင် ချင်ရင်လဲ ရှောင်ကြရတယ်။

ဘာကြောင့်လဲ အပြစ်ရှိပြီးတော့ မကောင်းကျိုးပေးတတ်လို့ပါပဲ။ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်ရအောင်၊ ဖြစ်ပြီးသားအကုသိုလ်တွေ ပယ်ရှားနိုင်အောင်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်ရလေအောင်၊ ဖြစ်ပြီးသား ကုသိုလ်တွေ နိယာမအဖြစ် ရောက်ပြီးတော့ ခိုင်မြဲရလေ အောင် ဘာလုပ်ကြရမလဲ။

သက္ကာယဒိဋ္ဌိပျောက်အောင် ကြိုးစားရမယ်။ သက္ကာယဒိဋ္ဌိ ပျောက်အောင် ဘယ်လိုလုပ်ရမလဲ။ အနတ္တဘာဝနာ အနတ္တညာဏ်ဆိုက် အောင် ကြိုးစားရမယ်။

## အနတ္တညာဏ်ဆိုက်အောင်

အနတ္တညာဏ်ဆိုက်အောင် ဘယ်နှယ်လုပ်ကြမလဲ။ အနိစ္စညာဏ် အမြင်ပေါက်အောင် ကြိုးစားရမယ်။ အနိစ္စညာဏ် အမြင်ပေါက်အောင် ဘယ်နှယ်လုပ်ကြမလဲ။ စိတ်ကလေးတည်ငြိမ်အောင် အားထုတ်ကြရမယ်။

http://www.dhammadownload.com



စိတ်ကလေးတည်ငြိမ်အောင် အားထုတ်ဖို့ကျတော့ ဘာလုပ်ရမလဲ။ ဟော- ထွက်လေ ဝင်လေကို ရှုမှတ်။ စိတ်ကလေး ငြိမ်သက်အောင် ကာယဂတာသတိနဲ့ သမာဓိထူထောင်ပါ။

သီလအခြေခံပြီးတော့ သမာဓိရအောင် ကြိုးစား။ ကြိုးစားပြီးတော့မှ ရုပ်တရား၊ နာမ်တရားတွေကို မြင်နိုင်တဲ့ စိတ်ရဲ့စင်ကြယ်မှု ရလာမယ်။

အဲဒီလို စိတ်ကလေး စင်ကြယ်သွားပြီဆိုတဲ့အခါ ရုပ်တရား နာမ်တရားတွေ မြင်လာလိမ့်မယ်။ မြင်လာပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် အနိစ္စဉာဏ် စသည်အမြင်ရလာလိမ့်မယ်။

အဲဒီကနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ အနတ္တဉာဏ် အမြင်ရောက်နိုင်ပါတယ်။ အဲဒီလို အနတ္တဉာဏ်အမြင် အထွဋ်အထိပ်ရောက်ပါမှ သက္ကာဒိဋ္ဌိခေါ်တဲ့ အတ္တဒိဋ္ဌိကို ပယ်ရှားနိုင်ပါတယ်။

ဒါကြောင့် သက္ကာယဒိဋ္ဌိ ပယ်နိုင်ဖို့ရန် အင်မတန်အရေးကြီးပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ ပျောက်သွားမှ မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ မဖြစ်အောင်၊ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပယ်နိုင်တယ်။

မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်၊ ဖြစ်ပြီးသားကုသိုလ်တွေ နိယာမအဖြစ်ရောက်အောင် စွမ်းဆောင်နိုင်ပါတယ်။

## သုံးဆင့်

အဲဒီ သက္ကာယဒိဋ္ဌိဟာလဲ သုံးဆင့်ရှိပါတယ်။ သက္ကာယဒိဋ္ဌိ အခြေခံပြီးတော့ ကိုယ်နဲ့လွန်ကျူးမှု၊ နှုတ်နဲ့လွန်ကျူးမှု လူသိရှင်ကြားပေါ့လေ။

ကိုယ်ရဲ့လွန်ကျူးမှု၊ နှုတ်ရဲ့လွန်ကျူးမှု၊ ကိုယ်နဲ့ ဒုစရိုက်ပြု၊ နှုတ်ကလဲပဲ တဖွားဖွား လူသိရှင်ကြားဖြစ်တယ်။

http://www.dhammadownload.com



အဲဒါဟာ သက္ကာယဒိဋ္ဌိနဲ့ တွဲယှဉ်ပြီးတော့နေတဲ့ ဝီတိက္ကမဘုံ အဆင့်ပါပဲ။

အဲဒီဘုံအဆင့်ကိုတော့ မိမိတို့ဆောက်တည်ထားတဲ့သီလ၊ အာဇီဝဋ္ဌမကသီလ ဆောက်တည်ရုံနဲ့ ကိုယ်နဲ့ပြုတဲ့ ကာယဒုစရိုက်၊ နှုတ်နဲ့ ပြုတဲ့ ဝစီဒုစရိုက်တွေ ငြိမ်းသွားနိုင်ပါတယ်။

လူသိရှင်ကြား နှုတ်ရဲ့ဟောရမ်းမှု၊ ကိုယ်နဲ့ ဟောရမ်းမှုတွေ အားလုံးဟာ သီလနဲ့ပဲ ပယ်ဖျောက်နိုင်ပါတယ်။

အဲသလို လူသိရှင်ကြား ကိုယ်နဲ့၊ နှုတ်နဲ့ ဒီလိုတော့ လွန်ကျူးမှု၊ ပြောဆိုမှု မရှိပါဘူး-တဲ့။ သို့သော်လဲပဲ စိတ်ထဲမှာ တစ်ခါထဲ မကျေမနပ် ဖြစ် ဆူပွက်နေတယ်။ သတ်လိုစိတ်တွေ စိတ်ထဲမှာ ဖြစ်ပွားနေတဲ့ သက္ကာယဒိဋ္ဌိနဲ့ယှဉ်တွဲတဲ့ ဒီမကောင်းတဲ့ဒုစရိုက်များကျတော့ စိတ်တည်ကြည်မှု သမာဓိနဲ့မှ ငြိမ်းအေးနိုင်ပါတယ်။

အဲသလို စိတ်ထဲမှာတော့ မကျေမနပ်ချက်တွေ၊ ဆူပွက်မှုတွေ တပုံကြီး မဖြစ်ဘူး။ ငြိမ်နေသလိုပဲထင်ရတယ်။

သို့သော် အကြောင်းပေါ်လာလို့ရှိရင်တော့ သူဟာ ပေါက်ကွဲနိုင်တဲ့အခြေအနေပေါ့။ အဲဒီ သက္ကာယဒိဋ္ဌိနဲ့ တွဲနေတဲ့ အခိုက်အတန့်မျိုး မပျက်သေးတဲ့ကိလေသာ၊ အဲဒါကိုတော့ ပညာဉာဏ်နဲ့မှ ထုချေနိုင်ပါတယ်။

**ဥပမာသုံးမျိုး**

ဒါကို ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက ဥပမာသုံးမျိုးနဲ့ ပြပါတယ်။

မီးခြစ်ဗူးလေးတစ်ဗူး ကြည့်လိုက်။ မီးခြစ်ဆံနဲ့ ကော်ပတ်နဲ့ တိုက်တဲ့အခါကျတော့ "ရှဲ"ဆို မီးထတောက်။

အဲဒါဟာ အကြမ်းသက္ကာယဒိဋ္ဌိရဲ့ ဝီတိက္ကမမှုကြီးပါပဲ။ အဲဒီလို မီးထတော့မတောက်ဘူးနဲ့ ဒါပေမယ့် တောက်လုနီးပါးဖြစ်ပြီးနေတာ။

http://www.dhammadownload.com



အဲဒါကတော့ ဘာလဲဆိုတော့ သက္ကာယဒိဋ္ဌိနဲ့ တွဲယှဉ်ပြီးနေတဲ့ အခိုက်အတန့် ဆူပွက်ပြီးတော့ နေတာမျိုးပဲ။ နောက်တစ်မျိုးကတော့ ယမ်းလေးတွေ သူ့ဟာနဲ့သူရှိနေပေမယ့် ကော်ပတ်နဲ့မတိုက်မိမချင်း ကတော့ မီးလုံးဝမတောက်နိုင်။

သူ့မှာသတ္တိကတော့ ရှိနေတယ်။ အဲဒီလို မီးခြစ်ဆံနဲ့ မီးခြစ်ယမ်းနဲ့ ဥပမာသုံးမျိုးထားပြီးတော့ မိမိတို့အတွင်းသန္တာန်မှာ ရှိနေတဲ့ ရုပ်တရား နာမ်တရားတွေကို ရုပ်တရား နာမ်တရားလို့ မမြင်နိုင်ပဲ ရုပ်တရားကိုလဲ ငါ၊ နာမ်တရားကိုလဲ ငါ၊ အကြံ အစည်ဟူသမျှကိုလဲ ငါ၊ ပြောသမျှကိုလဲ ငါ၊ သိသမျှကိုလဲ ငါ။

အဲသလို အယူအဆမှားပြီးတော့နေတဲ့ ဒိဋ္ဌိကို သက္ကာယဒိဋ္ဌိ။ အဲဒီ သက္ကာဒိဋ္ဌိဟာ အဆင့်အားဖြင့် (၃)ဆင့်၊ ဘုံအားဖြင့် (၃)ဘုံ၊ တံတိုင်းကြီး (၃)ထပ်လိုပဲတဲ့။

အဲဒီအဆင့် (၃)ဆင့်ကို ဖြိုခွင်းနိုင်တာကတော့ "သီလနဲ့ လွန်ကျူးတဲ့ ဝီတိက္ကမဒိဋ္ဌိ ကိလေသာကြီးကို ဖြိုခွင်းနိုင်တယ်။"

"သမာဓိနဲ့ ထကြွသောင်းကြမ်းမှုခေါ်တဲ့ ပရိယုဋ္ဌာနဒိဋ္ဌိ ကိလေသာကြီးကို ဖြိုခွင်းနိုင်တယ်။"

"ဝိပဿနာပညာ အဆင့်ဆင့်နဲ့မှ ဒီအနုသယကိန်းဝပ်နေတဲ့ အကိန်းဓာတ် ဒိဋ္ဌိအနုစား ကိလေသာကို ဖြိုခွင်းနိုင်တယ်။" အကြမ်းစား၊ အလတ်စား၊ အနုစားလို့လဲ ဆိုနိုင်တယ်။

အလွန်ကြမ်းတမ်းတဲ့ ဒိဋ္ဌိကိုတော့ သီလနဲ့ပဲ အခိုက်အတန့်အားဖြင့် ဖယ်ရှားလို့ရတယ်။

အလတ်စားဖြစ်တဲ့ ဒိဋ္ဌိကိုတော့ သမာဓိနဲ့။ အနုစားဖြစ်တဲ့ ဒိဋ္ဌိကိုတော့ ဝိပဿနာပညာနဲ့မှ ဖယ်ရှားနိုင်ပါတယ်။

အဲဒီလို ကာယဂတာသတိ တည်ထောင် ဗောဓိပက္ခိယတရား လမ်းစဉ်အတိုင်း သတိပဋ္ဌာန်လမ်းစဉ်အတိုင်း အားထုတ်သွားမယ်ဆိုရင် အနတ္တဘာဝနာဉာဏ်အမြင်ပေါက်ပြီးတော့ သက္ကာယဒိဋ္ဌိ ပျောက်နိုင်ပါတယ်။

http://www.dhammadownload.com



အဲလို သက္ကာယဒိဋ္ဌိကို ပျောက်ဖို့ရာ အတ္တဒိဋ္ဌိ ပျောက်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်။

အင်မတန်ပြင်းထန်တဲ့ စွမ်းအင်ရှိတဲ့ လက်နက်ကြီးတွေနဲ့ ဖြိုခွင်းလို့လဲပဲ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ မပြုတ်နိုင်ပါဘူး။

ဒီဘုရားနည်းဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်တရားနဲ့ သမ္မပ္ပဓာန် လုံ့လအသုံးချပြီးတော့မှသာ ဒီသက္ကာယဒိဋ္ဌိကို ပပျောက်နိုင်ပါတယ်။

ဆင်းရဲဟူသမျှ၊ ဒုက္ခဟူသမျှ၊ ဒုစရိုက်မှန်သမျှတို့ရဲ့ အကြောင်းရင်းဖြစ်တဲ့ သက္ကာယဒိဋ္ဌိ။ အဲဒီ အတ္တဒိဋ္ဌိရှိနေလို့ အဇာတသတ်က အဖသတ်မှု၊ ဒေဝဒတ်က ဘုရားရှင်အပေါ် ကျောက်တုံးလှိမ့်ချမှု စတဲ့ ရောမပြစ်မှုကြီးတွေအထိ ဖြစ်ခဲ့ကြ၊ ဖြစ်နေကြတာပါပဲ။

အဲဒီ သက္ကာယဒိဋ္ဌိကို ဖြိုခွင်းနိုင်တဲ့ အနတ္တဝိပဿနာဉာဏ် အမြင်ပေါက်ခြင်းအကြောင်း ကောင်းမြတ်တဲ့ တရားလမ်းစဉ် သီလ၊ သမာဓိ၊ ပညာလမ်းစဉ်တို့ကို ဆက်လက်ပြီးတော့ ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့။

## ဣဒ္ဓိပါဒ် (၄)ပါး

ဟောစဉ်အတိုင်း ဟောမယ်ဆိုရင် ဒီနေ့ ဣဒ္ဓိပါဒ် (၄)ပါး။ ဣဒ္ဓိပါဒ်လေးပါး ဟောကြားရမယ့်အချိန် ဖြစ်ပါတယ်။ ဣဒ္ဓိပါဒ်ဆိုတဲ့ စကားဟာလဲပဲ ပါဠိသက်ဝေါဟာရ "ဣဒ္ဓိပါဒ"ဆိုတဲ့ ပါဠိစကားကို ဣဒ္ဓိပါဒ်လို့ ဘာသာပြန်ထားတယ်။ ထင်ရှားအောင် ပြောကြဦးစို့ရဲ့။

ဣဒ္ဓိပါဒဆိုတဲ့စကားကို ခွဲခြားလိုက်မယ်ဆိုရင် "ဣဒ္ဓိ + ပါဒ"

ဣဒ္ဓိဆိုတဲ့ စကားလေးရဲ့အဓိပ္ပါယ်က ပြီးမြောက်မှု၊ ပြီးစီးမှု၊ အထမြောက်တယ်၊ ပြီးမြောက်တယ်။

သိဒ္ဓိဆိုတဲ့ စကားနဲ့အတူတူပါပဲ။ သိဒ္ဓိပေါက်တယ်၊ ပြီးမြောက်တယ် ဆိုတဲ့စကားနဲ့ ဣဒ္ဓိဆိုတဲ့ စကားအတူတူပါပဲ။

အဲဒီတော့ အရပ်သုံးစကားက "တံခိုးဣဒ္ဓိပါဒ်ကြီးပါပေ့"ဆိုပြီး ဒီလိုတွဲသုံးကြရိုး ရှိတယ်။

ဣဒ္ဓိနဲ့ပါဒ။ ဣဒ္ဓိဆိုတာက ပြီးစီးခြင်း၊ အောင်မြင်ခြင်း၊ ပြီးမြောက်ခြင်း။ အဲဒီပြီးစီးအောင်မြင်ခြင်းတို့ရဲ့ အခြေခံတရားတွေကို ပါဒ။

ရှေးအခါတုန်းထဲက ဒီဣဒ္ဓိနဲ့ သိဒ္ဓိတူညီတဲ့ အသုံးရှိတယ်။ ရှေးအခါထဲက ဣဒ္ဓိပြီးမြောက်လိုမှု၊ ပြီးစီးလိုမှု၊ သိဒ္ဓိပေါက်လိုမှုတွေက ရှိခဲ့ကြ တယ်။

ရှေးမြန်မာဘုန်းတော်ကြီးကျောင်းများမှာ ပညာသင်ကြားကြတော့ အစဆုံး ကျောင်းရောက်တယ်ဆိုတာနဲ့ "နမော ဗုဒ္ဓါယ သိဒ္ဓမ်" ဒီစကားစကြရတယ်။

http://www.dhammadownload.com



**နမော ဗုဒ္ဓါယ သိဒ္ဓမ်**

ဗုဒ္ဓါယ- မြတ်စွာဘုရားအား၊ နမော- ရှိခိုးပါ၏။ သိဒ္ဓမ်- ပြီးစီးအောင်မြင်ပါစေသတည်း။

**တစ်ချို့ကျောင်းတွေကျတော့ သင်ပုန်းကြီးစတက်တယ်ဆိုထဲက ဒီစကားနဲ့ ဘုရားရှိခိုးကြရတယ်။**

တစ်ချို့ကျောင်းတွေကျတော့ သင်ပုန်းကြီးကုန်လို့ မင်္ဂလသုတ် တက်တော့မယ်ဆိုမှ ဒီစကားနဲ့ ဘုရားရှိခိုးဆုတောင်းရပါတယ်။

**ဓမ္မစေတီမင်း အလောင်းအလျာ မောင်မင်းတန်**

မောင်မင်းတန်လေး ကျောင်းနေတဲ့အရွယ်ရောက်လာတော့ ပဲခူးမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း သွားပြီးတော့ အပ်တယ်။

အပ်တော့ ဘုန်းကြီးက "**နမော ဗုဒ္ဓါယ သိဒ္ဓမ်**" ဒီစကားလေး စပြီးတော့ ပို့ချပေးတယ်။ သင်ပေးတယ်တဲ့။

သူကလဲ မင်းလောင်းပီပီ ဒီစကားရဲ့အဓိပ္ပါယ်က ဘာလဲဘုရားလို့ ဘုန်းကြီးလျှောက်လိုက်တော့ ဘုန်းကြီးက ငါလဲမသိဘူး။ ရှေးရိုးအစဉ် အလာအတိုင်း ချပို့ပေးရတာပဲကွတဲ့။

အဲဒီတော့ မောင်မင်းတန်က စဉ်းစားတယ်။ "ငါ့စာသင်ပေးတဲ့ ဘုန်းကြီးက ဒီစာရဲ့အဓိပ္ပါယ်ကို မသိဘူးဆိုရင် ငါလဲဘာစာမှ တတ်မှာ မဟုတ်ဘူး။ ကျောင်းပြောင်းမှပဲ"ဆိုပြီး နောက်တစ်ကျောင်းပြောင်းတယ်။

ပြောင်းတော့ နောက်တစ်ကျောင်းကျတော့လဲ ဒီစာ (ဒီစကားပဲ) ပို့ချပေးတာပဲ။

**နမော ဗုဒ္ဓါ သိဒ္ဓမ်။**

နောက်တစ်ကျောင်းကျတော့ ဘုန်းတော်ကြီးက ဒီစာကို အနက် ဘာသာပြန်ပေးတယ်။

ဒီစကားရဲ့အဓိပ္ပါယ်က ဘယ်လိုပါလဲဘုရာ့ဆိုတော့- ဗုဒ္ဓါယ- မြတ်စွာဘုရားအား၊ နမော- ရှိခိုးပါ၏။ သိဒ္ဓမ်- ပြီးစီးအောင်မြင်ပါစေ သတည်း။

http://www.dhammadownload.com



အဲဒီတော့ ဓမ္မစေတီမင်းလောင်းလျာ မောင်မင်းတန် သဘော ကျပြီး အဲဒီကျောင်းမှာ ဆက်စာသင်တယ်။

နောင်သောအခါမှာ "ရှင်ဓမ္မဓရ" အမည်နဲ့ စာပေတတ်မြောက်တဲ့ ပုဂ္ဂိုလ်ဖြစ်လာတယ်။ ဓမ္မစေတီမင်း ဖြစ်လာတယ်။

ဒီဘုရားရှိခိုးက ကျဉ်းကျဉ်းကျုပ်ကျုပ်ကလေးနဲ့ အဓိပ္ပါယ် ပြည့်စုံပါတယ်။

**"နမော ဗုဒ္ဓါယ သိဒ္ဓိမ်"**- ဗုဒ္ဓါယ- မြတ်စွာဘုရားအား၊ နမော- ရှိခိုးပါ၏။ သိဒ္ဓိမ်- ပြီးစီးအောင်မြင်ပါစေသတည်း။

အလားတူ **"နမော ဓမ္မာယ သိဒ္ဓိမ်"**- ဓမ္မာယ- တရားတော်မြတ်အား၊ နမော- ရှိခိုးပါ၏။ သိဒ္ဓိမ်- ပြီးစီးအောင်မြင်ပါစေသတည်း။

**"နမော သံဃာယ သိရသာ သိဒ္ဓိမ်"**- သံဃာယ- သံဃာတော်များအား၊ သိရသာ- ဦးခေါင်းဖြင့်၊ နမော- ရှိခိုးပါ၏။ သိဒ္ဓိမ်- ပြီးစီးအောင်မြင်ပါစေသတည်း။

သိဒ္ဓိမ်- ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက်သိဒ္ဓိပေါက်ပါစေသတည်း။

ဒါရှေးအခါတုန်းကထဲက ရှေးဘုန်းတော်ကြီးကျောင်းတွေမှာသင်ကြားကြတော့ သိဒ္ဓမ်နဲ့ သိဒ္ဓိ= ပြီးစီးအောင်မြင်မှု။

ဒီကတ္တိပါဒမှာရှိတဲ့ ကတ္တိဆိုတဲ့စကားနဲ့ အတူတူပါပဲ။ ကတ္တိဆိုတာနဲ့ သိဒ္ဓိဆိုတာ အတူတူ။ သိဒ္ဓိပေါက်တယ်။ ကတ္တိ- ပြည့်စုံတယ်။ သိဒ္ဓိ- ပြီးစီးတယ်။ အောင်မြင်တယ်။

သံဃာတော်ရှိခိုးတဲ့နေရာမှာ "သိရသာ- ဦးခေါင်းဖြင့်"ဆိုတဲ့ စကားလုံး အပိုထည့်ရတာကတော့ ဘုရားပရိနိဗ္ဗာန် စံတော်မူသွားတဲ့အခါ ဘုရားကို ဘုရားမှန်းသိအောင်နဲ့ တရားတော်တွေကို ထိန်းသိမ်းတဲ့နေရာမှာ သံဃာဟာ အရေးပါလှလွန်းလို့ပါပဲ။

http://www.dhammadownload.com



**ဓာတ်လေးပါးနဲ့ သိဒ္ဓိပေါက်ပုံ**

ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးကို အခြေခံပြီးတော့ သိပ္ပံပညာရှင်များက ဆေးလမ်း၊ စက်ကိရိယာလမ်းတွေ တည်ထွင်လိုက်ကြတာ။

ကောင်းကင်ပျံနိုင်တဲ့အဆင့်၊ လကမ္ဘာသွားနိုင်တဲ့အဆင့်၊ ကမ္ဘာပတ်လမ်းကြောင်းထဲမှာ ပတ်ပြီးတော့ ပြေးလွှားနိုင်တဲ့အဆင့်၊ အင်္ဂါဂြိုဟ်ကို သွားပြီးတော့ စမ်းသပ်နိုင်တဲ့အဆင့်ရောက်တယ်။ ဓာတ်လေးပါး အခြေခံပြီးတော့ သိပ္ပံပညာရှင်များ ဂိတ်ရှိသလောက် သိဒ္ဓိပေါက်ကြတာပါပဲ။

အလားတူပဲ ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာတို့၊ တယ်လီဖုန်းတို့ အဲဒါတွေလဲပဲ ရေ၊ မြေ၊ လေ၊ မီးခေါ်တဲ့ ဓာတ်ကြီးလေးပါး အခြေခံပြီးတော့ သိပ္ပံပညာရှင်များက တည်ထွင်ကြလို့ အောင်မြင်ကြတာဟာ သိဒ္ဓိပေါက်ခြင်းတစ်မျိုးပဲ။ လောကီသိဒ္ဓိ၊ လောကုတ္တရာသိဒ္ဓိလို့ (၂)မျိုးရှိတာထဲက လောကီသိဒ္ဓိတွေပါပဲ။

ဝိဇ္ဇာပညာရှင်များကျပြန်တော့လဲ ဒီရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါး အခြေခံပြီးတော့ ပြဒါးရှင်လုံးတွေ၊ ဓာတ်လုံးတွေ ထုတ်လုပ်ကြတယ်။

ပြဒါးရှင်လုံး ငုံပြီးတော့ ကောင်းကင်ပျံသန်းနိုင်တဲ့ ရွှေအိမ်စည်မင်းသမီးဆီလာတဲ့ ဝိဇ္ဇာတို့လို လိုတရဆိုတဲ့ ဒီလိုဟာတွေလဲ သိဒ္ဓိပေါက်တယ်လို့ပဲ ခေါ်ကြရတာပဲ။

သမာဓိတည်ထောင်ပြီးတော့ ခန္ဓာကိုယ်ကို အမျိုးမျိုးဖန်ဆင်းနိုင်ခြင်းဆိုတဲ့ ဣဒ္ဓိဝိဓဉာဏ် ဒါလဲပဲ သိဒ္ဓိတစ်မျိုးပဲ။

နတ်နားလို ကြားနိုင်တဲ့ ဒိဗ္ဗသောတ အဘိညာဉ်၊ နတ်မျက်စိလို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်၊ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ ပရစိတ္တဝိဇာနနအဘိညာဉ်၊ ရှေးရှေးက ဘဝဖြစ်စဉ်တွေကို သိနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တွေဟာ လောကီသိဒ္ဓိတွေ၊ ဣဒ္ဓိတွေ၊ တန်ခိုးတွေပါပဲ။

http://www.dhammadownload.com



မြတ်စွာဘုရားကျတော့ လောကီ၊ လောကုတ္တရာ သိဒ္ဓိမျိုးစုံ ပေါက်တယ်။

မြတ်စွာဘုရားရဲ့ ဘုန်းတော် (၆)ပါးထဲမှာ "ဣဿရိယ ဘုန်းတော်"။

စိတ်ကိုအစိုးရပြီးတော့ စိတ်တန်ခိုးအထွဋ်အထိပ် ရောက်ခဲ့တယ်။ မိမိခန္ဓာကိုယ်ကို ငှက်များလိုကောင်းကင်မှာ ပျံသွားနိုင်တယ်။ ရေပြင်ကို မြေပြင်လို အသုံးချနိုင်တယ်။ မြေပြင်ကို ရေပြင်လို အသုံးချနိုင်တယ်။

လ,နေတွေကို လက်နဲ့သုံးသပ်နိုင်တယ်။ ဗြဟ္မာဘုံတိုင်အောင် အလိုဆန္ဒအတိုင်း သွားနိုင်၊ လာနိုင်တယ်။

ဒါလောကီသိဒ္ဓိ၊ လောကီတန်ခိုးတော်တွေ အဲဒါဘာကြောင့်လဲ စိတ်ကို အစိုးတရ အသုံးချနိုင်လို့ပါပဲ။

**လောကုတ္တရာသိဒ္ဓိများ**

လောကုတ္တရာပိုင်းကျတော့ အဘိညာသိဒ္ဓိ၊ **"အဘိညေယျေသု ဓမ္မေသု အဘိညာသိဒ္ဓိ"** ထူးခြားသော ဉာဏ်ဖြင့် သိအပ်သော တရားတို့၌ ထူးခြားသောသိမှု ပြီးစီးမှု။

သိသင့် သိထိုက်တဲ့တရားတွေကို ထူးထူးခြားခြား သိမြင်ခြင်း ဆိုတဲ့ အောင်မြင်ပြီးစီးမှု အဘိညာသိဒ္ဓိ။

ပရိညာသိဒ္ဓိ "ပရိညေယျေသု ဓမ္မေသု ပရိညာသိဒ္ဓိ"- ပရိညေယျသု ဓမ္မေသု- ပိုင်းခြား၍ သိထိုက်သောတရားတို့၌၊ ပရိညာသိဒ္ဓိ- ပိုင်းခြား၍ သိခြင်း၏ပြီးစီးအောင်မြင်မှုတည်း။

ပိုင်းပြီးတော့ ခြားပြီးတော့ သိသင့်သိထိုက်သောတရားတွေ အဲဒီ တရားတို့ရဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်။

- လက္ခဏာ ။ သဘောလက္ခဏာ၊
- ရသ ။ ကိစ္စ၊

http://www.dhammadownload.com



- ပစ္စုပဋ္ဌာန် = အခြင်းအရာ၊
- ပဒဋ္ဌာန် = နီးစွာသောအကြောင်း၊

တရားတစ်ခုကို လေးချက်၊ လေးချက်စီ ပိုင်နိုင်စွာသိခြင်း ပရိညာသိဒ္ဓိ။

တရားတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိခြင်းဟာလဲ ပရိညာသိဒ္ဓိ။

**ပဟာတဗ္ဗေသု ဓမ္မေသု ပဟာနသိဒ္ဓိ။**

ပယ်သင့်ပယ်ထိုက်တဲ့ လောဘ တဏှာ၊ သမုဒယ၊ သစ္စာတရားတို့နဲ့ ပတ်သက်ပြီးတော့ ပဟာနသိဒ္ဓိ- ပယ်မှုရဲ့ပြီးစီးမှု အောင်မြင်မှု ပဟာနသိဒ္ဓိ။

**သစ္ဆိကာတဗ္ဗေသု ဓမ္မေသု သစ္ဆိကိရိယသိဒ္ဓိ။**

မိမိတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ကိလေသာတို့ရဲ့ ချုပ်ငြိမ်းမှု နိရောဓ။

အဲဒီ နိရောဓကို ဆိုက်ရောက်ပြီးစီးမှုဟာ သစ္ဆိကိရိယသိဒ္ဓိ။

**ဘာဝေတဗ္ဗေသု ဓမ္မေသု ဘာဝနာသိဒ္ဓိ။**

ပွားများသင့် ပွားများထိုက်တဲ့ တရားတို့အပေါ်မှာ ပွားများမှု မဂ္ဂသစ္စာ ဖြစ်လောက်အောင် ပွားများမှုရဲ့ ပြီးစီးခြင်း၊ ပြီးစီးမှု။ အဲဒီ သိဒ္ဓိတွေကိုတော့ လောကုတ္တရာသိဒ္ဓိလို့ ခေါ်ကြရတယ်။

တရားတော်တွေနဲ့ ပတ်သက်ပြီးတော့ သာသနာတော်နဲ့ ပတ်သက်ပြီးတော့ ပြီးစီးအောင်မြင်မှု (၅)မျိုး။

အဲဒီ အောင်မြင်မှုတွေဟာ ဘာကြောင့်ရသလဲ။

ပါဒ = အခြေခံအားကောင်းလို့ပါပဲ။

ပြီးစီးအောင်မြင်မှုတို့ရဲ့ အခြေခံကြီးက (၄)မျိုးရှိတယ်။

ပြီးစီးအောင်မြင်မှုရဲ့ အခြေခံ (၄)မျိုးက-

၁။ ဆန္ဒ= ဆန္ဒဟာ ပြီးစီးအောင်မြင်မှုရဲ့ အခြေခံဖြစ်တဲ့အတွက် မြတ်စွာဘုရားက **"ဆန္ဒိဒ္ဓိပါဒံ ဘာဝေတိ"**။ ဆန္ဒိဒ္ဓိပါဒံ- ဆန္ဒဆိုတဲ့ ပြီးစီးခြင်းရဲ့ အခြေခံဖြစ်တဲ့တရားကို၊ ဘာဝေတိ- ပွားများစေ၏၊ ဖြစ်စေ၏။

http://www.dhammadownload.com



ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တဲ့ ဆန္ဒကို ပွားများရမယ်။
ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တဲ့ ဝီရိယကိုပွားများရမယ်။
ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တဲ့ စိတ်ကို ပွားများရမယ်။
ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံဖြစ်တဲ့ ပညာကို ပွားများရမယ်။ (၄)မျိုး။

ဒါထက် စောစောကပြောတဲ့ ပြီးစီးမှုတွေ၊ အောင်မြင်မှုတွေ သိဒ္ဓိပေါက်တာတွေအားလုံးဟာ "ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ"ဆိုတဲ့ လေးခုကို အခြေခံပါတယ်။

ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသပညာလေးခုတို့ဟာ ပြီးစီးအောင်မြင်ခြင်းရဲ့ အကြောင်းတွေပါပဲ။

ဆန္ဒဆိုတာ ပြုလိုတဲ့ဆန္ဒ၊ ရောက်လိုတဲ့ဆန္ဒ၊ ပေါက်လိုတဲ့ဆန္ဒ၊ ဒီဆန္ဒတွေဟာ အင်မတန်အရေးကြီးတယ်။

သာသနာတော်နဲ့ ပတ်သက်လို့ တရားထူး တရားမြတ်တွေကို ကြားနာလိုက်ရလို့ရှိရင် အဲဒီတရားထူး တရားမြတ်ကို ရလိုတဲ့စိတ်၊ ရလိုတဲ့ ဆန္ဒ။

ဘုရားစကားတော်တွေဟာ မွန်မြတ်တယ်။ မွန်မြတ်တဲ့စကားတော်တွေကို ဆောင်စွမ်းလိုတဲ့စိတ်၊ သင်လိုတဲ့စိတ်၊ သိလိုတဲ့စိတ်၊ သိလိုတဲ့ဆန္ဒ။

**ဓမ္မသောဏ္ဍမင်းကြီး**

ဥပမာအားဖြင့်ပြောရရင် ဓမ္မသောဏ္ဍမင်းကြီး ဗာရာဏသီပြည်မှာ မင်းပြုပြီးတော့ နေတယ်။ ကဿပမြတ်စွာဘုရားရဲ့ သာသနာတော် နောက်ပိုင်းကာလမှာပါ။

ကဿပမြတ်စွာ ဟောတော်မူတဲ့ တစ်ပုဒ်တစ်ဂါထာမျှကို နာချင်တယ်။ မနာရလို့ရှိရင် ဗာရာဏသီပြည်မှာ နန်းတော်ပေါ်ထိုင်ပြီး ရှင်ဘုရင်ပြုလုပ်နေရတာ အလကားပဲ။

http://www.dhammadownload.com



တရားနာချင်တယ်။ မနာရရင်တော့ နန်းစည်းစိမ်ကို စွန့်နိုင်တယ်။ အဲဒါလောက် ဆန္ဒပြင်းပြတယ်။

အလွယ်တကူနဲ့ နာကြားခွင့်မရဘူး။ ဘာကြောင့်လဲဆိုတော့ သာသနာတော်ကွယ်တဲ့အချိန်မို့လို့ပါပဲ။

ဆင်ပေါ်မှာ ဘဏ္ဍာထုပ်တင်ပြီးတော့ တိုင်းပြည်ကို စည်ခတ်ပြီးတော့ လှည့်လည်တယ်။ "မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတစ်ပုဒ် ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်ရှိက ဤအသပြာတစ်ထောင်ထုပ်ကို ယူပါလော့"။

အဲဒီလို ဆင်ပေါ်တင်ပြီး လှည့်လည်ပေမယ့် တစ်ပုဒ်တစ်ဂါထာကိုမျှ ရွတ်နိုင်သူ၊ ဖတ်နိုင်သူ၊ ဟောနိုင်သူ မရှိတဲ့အခါကျတော့ ဘဏ္ဍာတော်ကို ဘဏ္ဍာတိုက်ထဲကိုပဲ ပြန်ပြီးတော့ သွင်းရတယ်။ ဆန္ဒမပြည့်ခဲ့ဘူး။

ဘာကြောင့်လဲဆိုတော့ သာသနာတော်က ပွဲသိမ်းသွားပြီကိုး။ ပွဲသိမ်းများတဲ့ အခါမို့လို့ပါပဲ။ အခုပွဲမသိမ်းသေးဘူး။ ဈေးပေါင်ကြီးချိန်ပဲ ရှိသေးတယ်။

ဗိမ္ဗိသာရမင်းကြီးတို့ကျတော့ ဆန္ဒငါးမျိုး ဖြစ်ပေါ်ခဲ့တယ်။

၁။ ငယ်ရွယ်စဉ်အခါတုန်းက ငါအရွယ်ရောက်တဲ့အခါ ငါ့ကို ရှင်ဘုရင် အဘိသိက်သွန်းရင် ကောင်းမှာပဲ။ ရှင်ဘုရင်ဖြစ်ရင် ကောင်းမှာပဲ။

၂။ ရှင်ဘုရင်ဖြစ်တဲ့အခါ ငါ့တိုင်းပြည်ကို မြတ်စွာဘုရား ကြွလာရင် ကောင်းမှာပဲ။

၃။ ကြွလာတော်မူတဲ့ ဘုရားရှင်ကို ဖူးမြော်ရရင် ကောင်းမှာပဲ။

၄။ ကြွလာတော်မူတဲ့ ဘုရားရှင်က ငါ့အား တရားဟောရင် ကောင်းမှာပဲ။

၅။ အဲဒီတရား နာကြားပြီးတော့ ဒီတရားတော်ကို ငါကျကျနန သိရင် ကောင်းမှာပဲ။

http://www.dhammadownload.com



ဒီလို ဆန္ဒတွေဖြစ်ပေါ်တာ အလွယ်တကူနဲ့ ဗိမ္ဗိသာရမင်းကြီးက ဆန္ဒတွေ ပြည့်ခဲ့ပါတယ်။

**ဆန္ဒဖြစ်ခဲ့**

ဒါကြောင့် ဆန္ဒဟာ အရေးကြီးတယ်။ တရားအားထုတ်လိုတဲ့ ဆန္ဒ၊ တရားသိလိုတဲ့ဆန္ဒ၊ ကုသိုလ်ပြုလိုတဲ့ဆန္ဒ သိပ်ပြီးတော့ အရေးကြီးတယ်။ ဆန္ဒဖြစ်ပေါ်ဖို့ရာကလဲ သူများနှိုးဆော်တာထက် မိမိအသိဉာဏ်နဲ့အတွင်းသန္တာန်က ဖြစ်ပေါ်လာတာက ပိုပြီးတော့တန်ဖိုးရှိတယ်။

ဘုန်းကြီးတို့ မှတ်မိတာလေးတစ်ခု ပြောမယ်ဆိုရင် ကိုရင် (၁၅)နှစ်သားလောက် ရှင်သာမဏေဘဝ၊ ဒီးဒုတ်မဂ္ဂဇင်းကြီးတွေ ရှိတယ်။

အဲဒီ မဂ္ဂဇင်းကြီးတွေထဲမှာ မန္တလေးနေပြည်တော်က ဆရာတော်ကြီးတစ်ပါး ဝိနည်းငါးကျမ်းနဲ့ မဟာမြတ်မုနိဘုရားကို ရွတ်ဖတ်ပူဇော်ပြီးတော့ ဘုရားရှိခိုးတယ်လို့ ဖတ်ရတယ်။

အဲဒီတော့ မိမိစိတ်ထဲမှာ ဝိနည်းငါးကျမ်းကို သေသေချာချာ မြင်ဖူးတာလဲ မဟုတ်ဘူး။ ကျမ်းနာမည်တောင် ဘုန်းကြီးတို့ (၁၅)နှစ်သားက မသိပါဘူး။

ကျမ်းနာမည်တောင် မသိတဲ့အချိန်မှာပဲ ဆရာတော်ကြီးအားကျပြီးတော့ မဟာမြတ်မုနိဘုရားကို ဝိနည်းငါးကျမ်းနဲ့ ပူဇော်လိုစိတ်တွေဟာ တဖွားဖွားဆန္ဒတွေ ဖြစ်ပေါ်ခဲ့တယ်။

စိတ်ဆန္ဒသာဖြစ်တယ်။ ဝိနည်းငါးကျမ်းရဲ့ နာမည်တော်တောင်မှ မသိသေးပါဘူး။ စိတ်ထဲကတော့ ဆန္ဒအတော်ပြင်းပြတယ်။

အကြောင်းအားလျော်စွာ ဒီဃနိကာယ်အာဂုံ ရဟန်း(၂)ဝါရက အောင်ပြီး (၄)ဝါရ ရေးဖြေအောင်မြင်ပြီးတဲ့အခါကျတော့ စာမေးပွဲတွေ မဖြေတော့ဘူး။ မျက်စေ့မကောင်းလို့။ စာချတော့မယ်ဆိုပြီးနေသော်လည်း နဂိုက (၁၅)နှစ်သား ရှင်သာမဏေ ဘဝက ဖြစ်ပေါ်ခဲ့တဲ့

http://www.dhammadownload.com



ဆန္ဒပြန်ပေါ်လာတယ်။

တစ်နေ့ နည်းနည်းချင်း နည်းနည်းချင်း ကျက်လဲကျက်၊ ဘုရားလဲရှိခိုး၊ တစ်ခါတစ်ရံ စာအုပ်ကြည့်ဘုရားရှိခိုးရတယ်။

ဝိနည်း (၅)ကျမ်းကို အကြိမ်ကြိမ်ပြောပါတော့လေ။ ငယ်ငယ်တုန်းက ဆန္ဒဖြစ်ပေါ်ခဲ့တဲ့အတိုင်း ဝိနည်းငါးကျမ်း စာမျက်နှာ (၂၂၆၀)ကို တစ်နှစ်တည်းနဲ့ ရဟန်း(၁၀)ရက အာဂုံဆောင် အောင်မြင်ခဲ့ပါတယ်။ ငါးကျမ်းလုံးပြန်ဆိုပြီးတဲ့နေ့က ပရိဝါ သေဒမောစန ဂါထာများနဲ့ ရွှေတိဂုံစေတီတော်ကြီးအား သွားရောက်ပူဇော်ခဲ့တာ မှတ်မိနေပါတယ်။

နောက်ဝီရိယ။ ဝီရိယကလဲ ဣဒ္ဓိပါဒ တဲ့။ ဝီရိယဟာ ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံတရားတစ်မျိုး။

ဝီရိယရှိမှ ဝီရိယမရှိရင် ဟော-တရားအားထုတ်ရမယ်။ တစ်နေ့ (၁၁)ကြိမ်တဲ့။ တစ်ယောက်ကပြောလိုက်ရင် (၁၁)ကြိမ်တော့ အားမထုတ်နိုင်ဘူး။ အိပ်ရတာလဲ နည်းနည်းပဲ။ ညဥ့် (၁၀)နာရီလောက်မှ အိပ်ရတယ်။ မနက် (၄)နာရီ အိပ်ယာကထရတယ်။ ဟာ- အအိပ်လဲလျှော့ရမယ်ဆိုရင် မဖြစ်တော့ဘူး။ အစားကလဲပဲ သင့်တော်သလိုပဲ စားရမယ်လို့ အသံကြားတာနဲ့ အစားငြီးငြွေ့ရရင်တော့ အားမထုတ်နိုင်ဘူး။

အအိပ်လဲ လျှော့ရအုံးမယ်။ အစားလဲဖြစ်သလို စားရမယ်။ နေတာလဲ တော်သလိုနေရအုံးမယ်ဆိုရင် မဖြစ်ပါဘူးတဲ့။ ဝီရိယမရှိတဲ့လူရဲ့ လုံ့လက အဲဒီလိုပဲ။

## **သူပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်**

ဝီရိယရှိတဲ့လူများကျတော့ ကုသိုလ်တစ်ခု ကောင်းမှုတစ်ခု ပြုလုပ်နေတယ်ဆိုရင် တားယူရတာ။

တစ်ခုခု ကျန်းမာရေးထိခိုက်မှာစိုးလို့ တားယူရတာမျိုးတောင် ရှိတယ်။ ဘုရားရှင်ရဲ့ သုပ္ပတိဋ္ဌိတပါဒတာ လက္ခဏာတော်ကိုကြည့် မြေကြီးပေါ်မှာ ခြေဖဝါးကိုချလိုက်ရင်လဲ တပြိုင်နက် ကြွတော့လဲ

http://www.dhammadownload.com



တပြိုင်နက် ရွှေခြေနင်းများ စွပ်ထားသလိုပဲ။

ခြေဖဝါးဟာလဲ ညီညာတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ဒီဝီရိယ အခြေခံတယ်။

"ဘဝထိုထို ရှေးအဟိုဝယ် ကုသိုလ်ပွားလူး တရားထူး၌ စူးစိုက်မြဲလျှက် ဆောက်တည်ချက်ကို တားဖျက်မနိုင် ကြံ့ခိုင်ခဲ့ခြင်း ကောင်းမှုရင်းကြောင့်"။

ဘဝများစွာမှာ ကောင်းမှုကုသိုလ် ကြိုးစားအားထုတ်နေတဲ့ အခါမျိုးမှာ သူတစ်ပါးက နှောင့်ယှက်လို့ကတော့ နှောင့်ယှက်စမ်း။ နှောင့်ယှက်လို့မရဘူးတဲ့။

အဲဒီလို ကြံ့ခိုင်တဲ့ လုံ့လဝီရိယရှိခဲ့တဲ့အတွက်ကြောင့်မို့။

"ရွှေခြေနင်းဟန် နင်းပြန်အတူ ကွဲမှုမခြား ဖဝါးတော်ညီညာလက္ခဏာတော် အာနုဘော်ဖြင့်"

ရွှေခြေနင်းများ သုံးစွဲထားသလိုပဲတဲ့ ဖဝါးတော်ဟာ ညီညီညာညာလေး။ အဲဒီလက္ခဏာကြောင့်-

"ကျူးကျော်ဝံ့စား လှုပ်ချောက်ချားအောင် စွမ်းအားရှိမူ ဘယ်ရန်သူမျှ မပျူဝံ့ပါသော မြတ်စွာဘုရား"

အခြား အခြားရန်သူတွေ မြတ်စွာဘုရားကို ရန်မမူဝံ့ဘူး။ ရန်မူဝံ့သော်လဲ မအောင်မြင်ဘူး။

အဲဒီလို ကုသိုလ်ရရေး ပါရမီဖြည့်ရေးနဲ့ ပတ်သက်လာရင် နောက်မဆုတ်တန်း ဝီရိယရှိတယ်။

## ခွေးဖြူ တောမတိုး

ဝီရိယပျော့ညံ့တဲ့လူတွေများကျတော့ စကားပုံရှိတယ်။ "ခွေးဖြူတောမတိုး" ဆိုတာ။ ခွေးဖြူလေးတစ်ကောင် မွေးထားတာ။ တောထဲတောင်ထဲ ကျီငယ်၊ စိုင်၊ ဆတ်၊ ဖွပ်၊ ပဒတ် စသည်များ ရမလားဆိုပြီး မုဆိုးတစ်ယောက် ခွေးဖြူနဲ့ တောလည်ခေါ်သွားတယ်။

http://www.dhammadownload.com



ခေါ်သွားတော့ တကယ့်တောထဲ မရောက်သေးဘူး။ လယ်ပြင်မှာပေါက်တဲ့ မဲရိုင်းပင်တောလေးတွေ့ခါ ရှိသေး။

ခွေးဖြူလေး သတ္တိမရှိပုံက ဖွဲမရှိပုံက တစ်တောင်လောက်ရှိတဲ့ မဲရိုင်းပင်တောထဲမယ် ကျားရှိသလား မသိ၊ ခြသေ့ရှိသလား မသိဘူး။ တွန့်ဆုတ် တွန့်ဆုတ်နဲ့ ဖြစ်နေတာ။

အဲဒါကြောင့်မို့ ဘုန်းကြီးတို့ မြန်မာစကားမှာ "ခွေးဖြူ တောမတိုး" ဆိုတဲ့ စကားပေါ်လာတာပေါ့။

အဲဒီတော့ အဲဒီ ဝီရိယဟာ အတော်အရေးကြီးတယ်။ ဝီရိယရှိလို့ရှိရင် ဣဒ္ဓိပါဒ ပြီးစီးအောင်မြင်မှုအားလုံးတို့ရဲ့ အခြေခံရပြီ။

ဟော နံပါတ် (၃)ကျတော့ စိတ်။

စိတ္တိဒ္ဓိပါဒ်- စိတ်ဟာ ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံ၊ သိဒ္ဓိပေါက်ခြင်းရဲ့ အခြေခံ။

စိတ်ကိုက ဖြစ်လိုတဲ့စိတ်၊ မိမိတို့အနေနဲ့ ပြောမယ်ဆိုရင် ရဟန်း (၈)ဝါလောက်က ပထမ မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်မှာ စာချနေတာ စာသင်တိုက်တစ်တိုက်တော့ ဖွင့်အုံးမှပဲ ဆိုပြီးတော့ စာသင်တိုက် ဖွင့်လိုစိတ် ဖြစ်ပေါ်ခဲ့တာ။

သို့သော်လဲပဲ ကိုယ်ပိုင်မြေနေရာလဲမရှိ။ ကျောင်းလဲမရှိ။ နေရာတွေ ဘာတွေကြည့်လို့ ကြည့်ပေမယ့် အဆင်မပြေသေးဘူး။

ဝယ်လှူမယ်ဆိုတဲ့ ဒကာကြီးတွေလဲ တွေ့တဲ့နေရာကို သူတို့ငွေမလိုက်နိုင်ဘူး။ ဒါပေမဲ့ စိတ်ကတော့ မလျှော့သေးဘူး။

## စာသင်တိုက်ဖွင့်

အကြောင်းအားလျော်စွာ ကလေးဝဆရာတော်ဘုရားက စာသင်တိုက်ဖွင့်ဖို့ ဆိုပြီးတော့ လှမ်းခေါ်တဲ့အခါကျတော့ စာသင်တိုက် လွယ်လွယ်ကူကူနဲ့ ဖွင့်ရတာမဟုတ်ပါဘူး။

http://www.dhammadownload.com



ဒီမှာကလဲ သံဃာပရိသတ်ကလဲ ရှိနေနှင့်တာကိုး။ လွယ်လွယ်တော့မဟုတ်ဘူး။ သို့သော် ဘယ်နည်းနဲ့ဖြစ်ဖြစ် စာသင်တိုက်ဖြစ်အောင် လုပ်ချင်တယ်။

ဒီလို စိတ်ကဖြစ်လာခဲ့တာ။ အဲလို စိတ်ဖြစ်နေခဲ့တဲ့အတိုင်း စာသင်တိုက်ဖြစ်ဖို့ ဆိုပြီးတော့ နာဂလိုဏ်ဂူ လာရောက်စောင့်ဆိုင်းအားယူနေခဲ့ရတာ (၃)နှစ်ကြာပါတယ်။

စာသင်တိုက်ဖွင့်လိုတဲ့စိတ်နဲ့ နေလာခဲ့တာ (၃)နှစ်ကြာမှ ဖွင့်နိုင်ပါတယ်။ အဆင်ပြေသွားပါတယ်။ ဒီလယ်တီဝိပဿနာတရားစခန်းကိုလဲ လွယ်လွယ်ကူကူနဲ့ ဖွင့်ရတာမဟုတ်ပါဘူး။ အင်မတန် ခက်ခက်ခဲခဲနဲ့ ဖွင့်ခဲ့ရတာပါ။

အဲဒီတော့ သာသနာတရားတော်တွေနဲ့ ပတ်သက်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်က ဘယ်လို၊ နိဗ္ဗာန်ကဘယ်လိုလို့ ကြားလိုက်ရရင် တစ်ခါထဲ အဲဒီသာသနာ့တရားတော်တွေစီ စိတ်ကရောက်ပြီး စားလဲဒီစိတ်၊ သွားလဲဒီစိတ်၊ အိပ်လဲဒီစိတ် အဲဒီလိုစိတ်က ရှိနေဖို့လိုတယ်။

အင်္ဂလိယသမားများလိုပဲတဲ့။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ရွှေလမ်း၊ ငွေလမ်း၊ ပြဒါးလမ်း၊ သံလမ်း လိုက်နေတဲ့ အင်္ဂလိယသမားများ အင်္ဂလိယစွဲမိပြီဆိုရင် အင်္ဂလိယဖိုထိုးတဲ့ ပုဂ္ဂိုလ်များက စားလဲဒီစိတ်၊ သွားလဲဒီစိတ်ပဲ။

အင်္ဂလိယဖိုထိုးတဲ့ ဆရာတော်နှစ်ပါးဖြစ်စေ၊ လူပုဂ္ဂိုလ်နှစ်ဦးပဲဖြစ်စေ၊ အင်္ဂလိယစကားပြောလိုက်ကြတာ ဘေးလူတွေ စကားညှပ်ဝင်ပြောလို့ မရတော့ဘူး။ တစ်ခါထဲ ဘယ်ချော်ကဘယ်ပုံ၊ ဘယ်ကြေးက ဘယ်လို၊ ဘယ်သံကဘယ်လိုနဲ့ သူတို့ချင်း ပြောနေလိုက်တာ ဘယ်သူမှ စကားညှပ်ပြောဖို့ မလွယ်ဘူး။

ဒါကြောင့်မို့ လောကုတ္တရာနဲ့ ပတ်သက်ပြီးတော့ စောစောကပြောတဲ့ တရားတော်တွေသိဖို့အရေး ရုပ်တရား၊ နာမ်တရားတို့ကို သိဖို့အရေး၊ မကောင်းတဲ့အကုသိုလ်တရားတို့ကို ပယ်ရှားဖို့အရေး၊

http://www.dhammadownload.com



အထူးအားဖြင့် သက္ကာယဒိဋ္ဌိကို ပယ်ရှားဖို့အရေးမှာ သိပ်ပြီးတော့ အရေးကြီးတယ်။ စိတ်ထဲက တစ်ခါထဲကို သက္ကာယဒိဋ္ဌိပယ်ဖို့ သက္ကာယဒိဋ္ဌိပယ်ဖို့ အဲဒီလိုစိတ်က တမ်းတမ်းတတ ဖြစ်ပြီးတော့နေမှ ဣဒ္ဓိပါဒ အောင်မြင်ခြင်းရဲ့ အခြေခံစိတ်ဖြစ်နေတယ်လို့ ဆိုနိုင်ပါတယ်။

**ဝီမံသိဒ္ဓိပါဒ်**

ဝီမံသဆိုတာ ပညာ။ ပညာဆိုတာ ဗုဒ္ဓတရားတော်တွေနဲ့ ပတ်သက်ပြီးတော့ နက်နဲခက်ခဲတဲ့ တရားတော်တွေ မိမိတို့ရဲ့ဘဝနဲ့ ပတ်သက်တဲ့ သိဖွယ်တွေ၊ ဓမ္မနယ်ပယ်က သိစရာတွေ၊

အဲဒီတရားတွေကို သိနိုင် မြင်နိုင်တဲ့ ပညာ။ အဲဒီ ပညာမျိုး တရားတော်တွေကို သိနိုင်မြင်နိုင်တဲ့ပညာ၊ ဘဝကြီးရဲ့ အခြေအနေကို သိနိုင်တဲ့ပညာ၊ ဓမ္မတို့ရဲ့ အတိမ်အနက်ကို သိနိုင်တဲ့ပညာ၊ အဲဒီပညာကို ဝီမံသ။

အဲဒီ အသိအလိမ္မာဓာတ် ဉာဏ်ပညာဓာတ်ဟာ ဣဒ္ဓိပါဒ-ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံပါပဲ။

ယောဂီများ ရချင်လို့ အားထုတ်နေကြတဲ့ ဝိပဿနာဉာဏ် အဆင့်ဆင့်ဟာ ဒါဝီမံသထဲ ပါပါတယ်။

အဲဒီတော့ ဆန္ဒရယ်၊ ဝီရိယရယ်၊ စိတ်ရယ်၊ ဝီမံသပညာရယ်၊ ဒီလေးခုဟာ ပါဒတွေအခြေခံတွေ။ ဣဒ္ဓိပါဒ= ပြီးစီးခြင်းအရဲ့ အခြေခံတွေ။

အခြေခံတွေမရှိပဲနဲ့ ပြီးစီးမှုတွေမဖြစ်ဘူး။ ဒါကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက အခုခေတ်မှာ "ဣဒ္ဓိမှာ ဝေးစွ။ ပါဒမျှ မရှိကြချေ"လို့ ညည်းတော်မူတယ်။

ဣဒ္ဓိပြီးစီးအောင်မြင်မှု ဝေးရော၊ အခြေခံပါဒမျှ မရှိကြဘူးတဲ့။ ဒါကြောင့်မို့ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသပညာ။ ဒီလေးချက်ဟာ မိမိတို့ အားထုတ်နေတဲ့ တရားလမ်းစဉ် အောင်မြင်ခြင်းရဲ့ အခြေခံတွေ။

http://www.dhammadownload.com



ဟော- ကာယဂတာသတိ ကမ္မဋ္ဌာန်းနဲ့ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနဲ့ မိမိစိတ်ကလေးကို အထွဋ်အထိပ်ရောက်အောင် မွေးမြူရတယ်။

အဲဒီကနေ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ပေါက်ရောက်ပြီးတော့ အခု တစ်နေ့အကြိမ်ပေါင်းများစွာ အကြိမ်ပေါင်းများစွာ အားထုတ်၊ ဆန္ဒကလဲပဲ ဒုက္ခငြိမ်းတဲ့ တရားထူးတရားမြတ် ရလိုမှုဆန္ဒ။

သမာဓိစခန်းကနေ ပညာပိုင်းရောက်သွားတော့ ဝီမံသပညာကလဲ ရှိ။

အဲလို ရရှိဖို့ရာအတွက် စောစောကပြောသလိုပဲ။ ဓာတ်လေးပါးနဲ့ အခြေခံပါဒများ တည်ထောင်သွားမယ်ဆိုရင် ရနိုင်ပါတယ်။

အခုလဲပဲ မိမိတို့ရဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ ဒီလေးမျိုးကို ဓာတ်လေးပါးထဲက ဝါယောဓာတ်အခြေခံပြီးတော့ ဣဒ္ဓိပါဒခေါ်တဲ့ အခြေအမြစ်တရားတွေနဲ့ ကြိုးစားအားထုတ်နေကြတာကိုး။

ဒီလေးမျိုးထဲက တစ်မျိုးရှိရင်ပဲ အထွဋ်အထိပ်ရောက်နိုင်ပါတယ်။ လေးမျိုးလုံးရှိရင်တော့ ဘယ်ပြောစရာလိုမလဲ။

## မင်းသား(၂)ယောက်

ဒီလေးမျိုးထဲက ဆန္ဒလဲမရှိဘူး။ ဝီရိယလဲ မရှိဘူး။ စိတ်ကလဲ ရောက်လိုစိတ် ရလိုစိတ် မရှိဘူး။ ဝီမံသ အသိအလိမ္မာ ဉာဏ်ပညာဓာတ်ကလဲ မရှိဘူးဆိုရင်တော့ လေးမျိုးလုံး ချို့တဲ့ရင်တော့ လောကီသိဒ္ဓိတွေလဲ မရနိုင်ဘူး။ လောကုတ္တရာသိဒ္ဓိတွေလဲ မရနိုင်ပါဘူး။

အဲဒီတော့ ဘာဥပမာပေးသလဲဆိုတော့ ဒွန်းစဏ္ဍာသားနဲ့ ကောရဗ်ရှင်ဘုရင်ရဲ့သားနှစ်ယောက် ကြည့်။

ဒွန်းစဏ္ဍာသားဟာ သူဒွန်းစဏ္ဍာဖြစ်နေတော့ သူဟာ ရှင်ဘုရင်ဖြစ်လိုစိတ်ပင် မရှိ။

http://www.dhammadownload.com



ကေရာဇ်မင်းသားကျတော့ ရှင်ဘုရင်ဖြစ်ဖို့ရာ ခမည်းတော်က ရှင်ဘုရင်ဆိုတော့ ကိုယ်တိုင်လဲ ရှင်ဘုရင်ဖြစ်ဖို့ရာ ဆန္ဒကလဲရှိတယ်။ စိတ်ကလဲရှိတယ်။ ရှင်ဘုရင်ဖြစ်ဖို့ ဝီရိယလဲရှိတယ်။ အသိအလိမ္မာ ဉာဏ်ပညာဓာတ်တွေလဲ ရှိတယ်။ ဆည်းပူးတယ်။

အဲဒီလို ဆည်းပူးတော့ ရှင်ဘုရင့်သားကတော့ ရှင်ဘုရင် ဖြစ်နိုင်တာပေါ့။ ဒွန်းစဏ္ဍာသားကတော့ ဘယ်လိုမှ ရှင်ဘုရင်မဖြစ်နိုင်ဘူး။

ဘာကြောင့်လဲ သူ့မှာ ဆန္ဒလဲမရှိဘူး။ ဝီရိယလဲ မရှိဘူး။ စိတ်ကလဲ ရှင်ဘုရင်ဖြစ်လိုစိတ် မရှိဘူး။ အသိအလိမ္မာ ဉာဏ်ပညာဓာတ်ကလဲ မရှိပဲကိုး။

အဲဒီဥပမာလိုပါပဲ။ ပြီးစီးအောင်မြင်မှု ထူးခြားတဲ့တရားတော်တွေကို သိမြင်တဲ့ ပြီးစီးအောင်မြင်မှု သက္ကာယဒိဋ္ဌိကို ပယ်ရှားနိုင်တဲ့ ပြီးစီးအောင်မြင်မှုမျိုး။

လောဘဆိုတဲ့ သမုဒယသစ္စာ ပယ်ရှားနိုင်တဲ့ ပြီးစီးအောင်မြင်မှုနဲ့ မိမိသန္တာန်မှာ ဖြစ်နေတဲ့ ကိလေသာတို့ရဲ့ ချုပ်ငြိမ်းမှု နိရောဓကို မျက်မှောက်ပြုနိုင်ပြီးတော့ အောင်မြင်မှုမျိုး။

ပွားများအပ်တဲ့ တရားတွေ ပွားများပြီးတော့ ဘာဝနာသိဒ္ဓိခေါ်တဲ့ မဂ္ဂသစ္စာထိုက်အောင် မိမိတို့သန္တာန်မှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ကျင့်စဉ်တရား ပွားများရမယ့်တရားတွေ အထွဋ်အထိပ်ရောက်အောင် ပွားများပြီးတော့ ပြီးစီးအောင်မြင်မှုဆိုတဲ့ လောကုတ္တရာသိဒ္ဓိ။

## ရာထူးရကြ

ဒီနေရာမှာ သိပယ်ဆိုက်ပွား၊ သိဒ္ဓိ (၄)ပါး ပေါက်တော်မူကြတဲ့ မထေရ်ကြီးလေးပါးအကြောင်း ဆက်ပြောပါတယ်။ လောကုတ္တရာနယ်က အဲဒီမထေရ်ကြီးလေးပါးအကြောင်း မပြောကြားမီ လောကနယ်ပယ်က အမတ်သားလေးယောက် ဥပမာစံယူစရာ သိစရာကို အလျှင်ပြောပါ့မယ်။

http://www.dhammadownload.com



ရာထူးဂုဏ်သိမ် မျှော်မှန်းတောင့်တနေကြတဲ့ အမတ်သား လေးယောက်ထဲက ပထမတစ်ယောက်က ရှင်ဘုရင်အား ဆည်းကပ် လုပ်ကျွေးမှုကို အားကိုးအားထားပြုတယ်။ သူဟာ ရှင်ဘုရင်အား မမေ့မပေါ့ မမြဲမပြတ် ချည်းကပ်လုပ်ကျွေးပြီး ရာထူးအဆင့်အတန်း တိုးမြှင့်ခံရတဲ့အတွက် ဆည်းကပ်လုပ်ကျွေးမှုကြောင့် ရတာပဲဆိုပြီး ချည်းကပ်လုပ်ကျွေးမှုကိုပဲ အားကိုးအားထားပြုတယ်။

ဒုတိယ နောက်အမတ်သားက ရှင်ဘုရင်အား မမေ့မလျော့ ချည်းကပ်လုပ်ကျွေးနေပေမယ့် တစ်ချို့သူတွေကြ စစ်မြေပြင်ရောက်တဲ့ အခါ ရပ်တည်ရာမရ ဖြစ်နေတတ်ကြတယ်။ တိုင်းရေးပြည်ရာဆိုတာ အမြဲတည်ငြိမ်သက်နေတာ မဟုတ်ဘူး။ မချွတ်ကေန် ဘုရင်မင်းမြတ်ရဲ့ တိုင်း စွန်ပြည်ဖျားမှာ သူပုန်သူကန်တွေ ထကြွသောင်းကြမ်းတဲ့အခါမျိုး ပေါ် ပေါက်လာလိမ့်မယ်။ အဲဒီအခါမျိုးမှာ ငါကစစ်မြေဦးကနေ ရှင်ဘုရင်ကို ကျေနပ်အောင် တိုက်ခိုက်ပြီး ရာထူးယူမယ်လို့ စဉ်းစားပြီး သူရဲ့ရဲဝံ့စွန့်စားမှုကိုပဲ အားကိုးအားထားပြု ရာထူးရခဲ့တယ်။

တတိယ အမတ်သားတစ်ယောက်က တစ်ချို့လူက ရဲရဲရင့်ရင့် ဝံ့ဝံ့စားစား လုပ်နိုင်ပေမယ့် အမျိုးအနွယ်ညံ့နေတတ်တယ်။ အမျိုးအနွယ် ကိုကြည့်ပြီး ရာထူးပေးမယ်ဆိုရင် ငါအားပေးမှာပဲဆိုပြီး အမျိုးဇာတ် မြင့်မြတ်မှုကို အားကိုးအားထားပြုတယ်။ ဒီနည်းနဲ့ ရာထူးရတယ်။

နောက်ဆုံး စတုတ္ထအမတ်သားတစ်ယောက်ကတော့ အမျိုး ဇာတ်ကောင်းပေတတ်လို့ အသိဉာဏ်ပညာနဲ့ ပြုရမဲ့ကိစ္စ ပေါ်လာရင် ငါဟာ ဒီအသိဉာဏ်ပညာကို အသုံးချပြီး ရာထူးယူမယ်ဆိုပြီး မိမိရဲ့ အသိဉာဏ်ပညာကို အားကိုးအားထားပြုပြီး ရာထူးရတယ်။ အဲဒီ အမတ် သားလေးယောက်တို့ အသီးသီး အားကိုးအားထားကြပြီး ရာထူးရကြ သလိုပါပဲ။

http://www.dhammadownload.com



**အရှင်ရဋ္ဌပါလမထေရ်**

အရှင်ရဋ္ဌပါလမထေရ်က ပထမအမတ်သားလို ကုသိုလ်ပြုလိုတဲ့ ဆန္ဒ၊ အားကိုးအားထားပြုပြီး အကြီးအမှူးပြုပြီး လောကုတ္တရာတရားကို ဖြစ်စေခဲ့ပါတယ်။ လောကုတ္တရာ **သိဒ္ဓိ (၄)မျိုး ပေါက်**ရောက်ခဲ့ပါတယ်။

သိပယ်ဆိုက်ပွား **လေးပါးကိစ္စ အပိုင်ရခဲ့ပါတယ်။**

**အရှင်သောဏထေရ်**

မိမိရဲ့ဝံ့စွန့်စားမှုနဲ့ ဘုရင်ကို သဘောကျစေပြီး ရာထူးတက်တဲ့ အမတ်သားလို မိမိရဲ့ ဝီရိယ၊ လုံ့လအကျိုး အကြီးအမှူး ရှေ့သွားပြုပြီး လောကုတ္တရာသိဒ္ဓိ (၄)မျိုး ပေါက်ရောက်ခဲ့တဲ့ မထေရ်က အရှင်သောဏထေရ် ဖြစ်ပါတယ်။

**အရှင်သမ္ဘူထေရ်**

မိမိရဲ့ဇာတ်အမျိုးကောင်းမွန်မှုကို အမှီပြုပြီး ရာထူးတိုးမြှင့်ခံရတဲ့ အမတ်သားလို အရှင်သမ္ဘူဘထေရ်ဟာ စိတ်ပြဋ္ဌာန်း စိတ်ပြင်းပြင်း ထန်ထန်ထားပြီး အားထုတ်ခဲ့လို့ သိပယ်ဆိုက်ပွား လေးပါးသော သိဒ္ဓိတို့ကို ဆိုက်ရောက်ခဲ့ပါတယ်။

**အရှင်မောဃရာဇာထေရ်**

မိမိရဲ့ အသိဉာဏ်ပညာကို အားကိုးအားထားပြီး ရာထူးအမြှင့် ခံရတဲ့ အမတ်သားလို အရှင်မောဃရာဇဟာ အသိဉာဏ်ပညာဓာတ်ကို ရှေ့သွားပြု အကြီးအမှူးထားပြီး သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင် ရတော်မူခဲ့ပါတယ်။

ဤမထေရ်မြတ်ကြီးတို့ အသီးသီး သိဒ္ဓိပေါက်၊ ဣဒ္ဓိမြောက်တော်မူကြခြင်းဟာ ဣဒ္ဓိပြီးစီးမှုရဲ့ ပါဒ အခြေဖြစ်ခဲ့တဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့ ရှိလို့ပါပဲ။

http://www.dhammadownload.com



အဲဒီ သိဒ္ဓိတွေရကြောင်း ကောင်းမြတ်တဲ့ ပါဒအမည်ရတဲ့ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ လေးဖြာသောတရားတို့ကို မိမိတို့သန္တာန်မှာ ရောက်ရှိပြီး သိဒ္ဓိပေါက်ကြပါစေကုန်သတည်း။ ပြီးစီးအောင်မြင်ကြပါစေကုန်သတည်း။

စောစောကပြောတဲ့ "နမော ဗုဒ္ဓါယ သိဒ္ဓမ်"ဆိုတဲ့စကားနဲ့ ရှေးက ဆုတောင်းကြသလိုပဲ။

ဗုဒ္ဓါယ- မြတ်စွာဘုရားအား၊ နမော- ရှိခိုးပါ၏။ သိဒ္ဓမ်- ပြီးစီး အောင်မြင်ပါစေသတည်း။

သိဒ္ဓိ- ရည်ရွယ်သည့်တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်းလို့။

အဲသလို တောင့်တသလိုပဲ ယောဂီသူတော်စင်များဟာလဲ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ အသိအလိမ္မာ ဉာဏ်ပညာ ဝီမံသ လေးဖြာသော ဣဒ္ဓိတို့ရဲ့ အခြေခံတရားတော်များ လက်ကိုင်ထားနိုင်ကြသဖြင့် ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် အပြီးသို့တိုင်ရောက် သိဒ္ဓိပေါက်နိုင် ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## စတုတ္ထနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်။

**ဣန္ဒြေငါးပါး**

ဟောစဉ်အတိုင်း ဣန္ဒြေငါးပါး ဒီနေ့အလှည့်ကျလာပြီ။

ဣန္ဒြေဆိုတဲ့ ပါဠိစကား ပါဠိသက်ဝေါဟာရဟာ ဣန္ဒြိယဆိုတဲ့ စကားက လာပါတယ်။ ဣန္ဒြိယကို ဣန္ဒြေလို့ပဲ ဘာသာပြန်ထားပါတယ်။

**ဣန္ဒဿ ကမ္မံ ဣန္ဒြိယံ။**

ဣန္ဒဿ- အစိုးရမင်း၏၊ ကမ္မံ- အစိုးရမှုတည်း။ ဣန္ဒြိယံ- အစိုးရမင်းရဲ့ အစိုးရမှု။

အစိုးရမင်းရဲ့ အစိုးရမှုကို ဣန္ဒြိယလို့ ခေါ်တယ်။ ဒါဖြင့် ဣန္ဒြေကို ထပ်မံဘာသာပြန်လိုက်လို့ရှိရင်တော့ အစိုးရမင်းရဲ့ အစိုးရမှုပါပဲ။

ဘာတွေအစိုးရသလဲ။ အစိုးရတဲ့တရားတွေက ဘာတွေလဲ။

- သဒ္ဓိန္ဒြေ၊
- ဝီရိယန္ဒြေ၊
- သတိန္ဒြေ၊
- သမာဓိန္ဒြေ၊
- ပညိန္ဒြေ၊

အဲဒါကို မြတ်စွာဘုရားက-

သဒ္ဓိန္ဒြိယံ ဘာဝေတိ- သဒ္ဓါတရား တည်းဟူသော အစိုးရမှုကို၊ ဘာဝေတိ- ဖြစ်စေ၏၊ ပွားများ၏။

သဒ္ဓါတရားကို အစိုးရအောင် အစိုးရတဲ့ သဒ္ဓါတရားဖြစ်အောင် ပွားများရမယ်။

ဝီရိယ- **“ဝီရိယန္ဒြိယံ ဘာဝေတိ”**

ဝီရိယကို အစိုးရတဲ့ ဝီရိယဖြစ်အောင် ပွားများကြ။

**“သတိန္ဒြိယံ ဘာဝေတိ”**- သတိဆိုတဲ့ ဣန္ဒြေကို ပွားများကြ။

http://www.dhammadownload.com



"သမာဓိန္ဒြိယံ ဘာဝေတိ"- သမာဓိဆိုတဲ့ ဣန္ဒြေအစိုးရမှုကို ဖြစ်စေရမယ်။

"ပညိန္ဒြိယံ ဘာဝေတိ"- ပညာတည်းဟူသော အစိုးရမှုကို ဖြစ်စေရမယ်တဲ့။

**ဗုဒ္ဓစက္ခု**

အဲဒီတော့ သဒ္ဓိန္ဒြေ သဒ္ဓါတရား တည်းဟူသော အစိုးရမှု နည်းပါးတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဣန္ဒြေနုသေးတယ်။

သဒ္ဓါတရားတည်းဟူသော အစိုးရမှုများပြားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဣန္ဒြေရင့်တယ်။ ဝီရိယလဲ ဒီအတိုင်းခွဲသွားရမှာပဲ။

ဣန္ဒြေအနုအရင့် အဲဒီလို အနုအရင့်ကြည့်ပြီးမှ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောဣန္ဒြေတွေ။

သတ္တဝါတွေမှာ အဲဒီဣန္ဒြေတွေ အနုအရင့်က အင်မတန် အရေးကြီးတယ်။ မြတ်စွာဘုရားရဲ့ မျက်လုံးတော်ကြီးနှစ်မျိုး ရှိတယ်။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်၊ ဒီဉာဏ်တော်ကြီးနှစ်ပါးဟာ ဗုဒ္ဓစက္ခု၊ မြတ်စွာဘုရားရဲ့ မျက်လုံးတော်ကြီးအစုံ။

ဒီမျက်လုံးတော်ကြီးအစုံနဲ့ သတ္တဝါဝေနေယျတို့ကို ကျွတ်ထိုက်တဲ့ သတ္တဝါ၊ မကျွတ်ထိုက်တဲ့ သတ္တဝါတွေ၊ ကောင်းသောအခြင်းအရာ၊ မကောင်းသောအခြင်းအရာ ရှိတဲ့ သတ္တဝါတွေ စသည်ဖြင့် လောကကြီးကို ဖြန့်လျှက်ကြည့်လိုက်တဲ့အခါ မြင်တော်မူတာကိုး။ ဣန္ဒြေအနုအရင့် သိမြင်တာကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်လို့ ခေါ်ရတယ်။

အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးထဲမှာ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် မြတ်စွာဘုရားရဲ့ မျက်လုံးတော်ကြီး ပါဝင်တယ်။

http://www.dhammadownload.com



**ပရေသံ ပုဂ္ဂလာနမ္ပိ၊ ဣန္ဒြိယာန ပရောပရံ။**
**ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီဇိနော။**

ဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်၊ ပရေသံ ပုဂ္ဂလာနမ္ပိ- ကိုယ်တော်မှတစ်ပါး များပြားဘိတုံ အလုံးစုံသော ပုဂ္ဂိုလ်တို့၏၊ ဣန္ဒြိယာနံ- သဒ္ဓါ၊ ဝီရိ၊ သမာဓိနှင့် သတိ၊ ပညာ ငါးဖြာသော ဣန္ဒြေတို့၏၊ ပရောပရမ္ပိ- ပါရမီကံက မတူကြသဖြင့် မမျှနိမ့်မြင့် အဆင့်ဆင့်ကိုလည်း၊ ဉာဏဗလေန- ဣန္ဒြိယပရောပရိယတ္တိ မည်ရှိထင်ရှား ဉာဏ်တော်အားဖြင့်၊ ဇာနန္တော- မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိတော်မူသည်ဖြစ်၍၊ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကြီးကို၊ နဒီ- ပညာရဲရင့် ပွဲလယ်တင့်သို့ မလင့်ပုံသေ ကျူးရင့်တော်မူနိုင်ပါပေသတည်း။ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကြီးကို၊ နဒန္တံ- ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော၊ ဇိနံ- ဇိနဟူသည့် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်ဘုရားကို၊ ဝန္ဒာမ- ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

အဲဒီလို သဒ္ဓါအစရှိတဲ့ ဣန္ဒြေတွေ ရင့်တဲ့ပုဂ္ဂိုလ်တွေ၊ နုတဲ့ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက ဣန္ဒြိယပရောပရိယတ္တိဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံးတော်ကြီးဖြင့် ကြည့်ရှုတော်မူလိုက်တဲ့အခါ ဣန္ဒြေရင့်တဲ့ ပုဂ္ဂိုလ်တွေလဲ တွေ့တယ်။ နုတဲ့ပုဂ္ဂိုလ်တွေလဲ တွေ့တယ်။

အဲဒီလို တွေ့ပြီးမှ မြတ်စွာဘုရားက ဣန္ဒြေရင့်တဲ့ ပုဂ္ဂိုလ်တွေအတွက် နက်နဲခက်ခဲတဲ့ တရားတွေ ဟောတော်မူတယ်။ ဣန္ဒြေနုတဲ့ ပုဂ္ဂိုလ်တွေကျတော့လဲ သူတို့နဲ့တန်ရုံ ဟောကြားတော်မူတယ်။

http://www.dhammadownload.com



**ဘေးမရှိ**

ကြွေခြေငါးပါးပွားများဖို့ တိုက်တွန်းတဲ့ အနေအားဖြင့် တရားပွဲကြီး တစ်ခုမှာ ဘုရားရှင်က-

**ဇာဂရန္တာ၊ သုဏာထေတံ၊ ယေသုတ္တာ တေပဗုဇ္ဈထ**
**သုတ္တာ ဇာဂရိတံသေယျော၊ နတ္ထိ ဇာဂရတောဘယံ။**

ဇာဂရန္တာ- အစိုးတရ ပိုင်သနိုင်နင်း ကြွေခြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တက်အားကြွကြွ လုံ့လမယုတ် အားအင်ထုတ်ကြကုန်လျှက်၊ ဧတံ- ယခုဟောဖေါ်မည့် တရားတော်ကို၊ သုဏာထ- အာရုံတစ်ပါး စိတ်မသွားပဲ ထောင်နားစိုက်ကြပါကုန်လော့။ ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ သုတ္တာ- ညစ်ကြေးကင်းဆိပ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရား ငါးပါးတို့ဖြင့် လွှမ်းမိုးအိပ်ပျော်၍ နေကြလေကုန်၏။ လွှမ်းမိုးငိုက်မြည်း၍ နေကြလေကုန်၏။ တေ- ညစ်ကြေးကင်းဆိပ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရား ငါးပါးတို့ဖြင့် လွှမ်းမိုးငိုက်မြည်း အိပ်ပျော်၍နေကြကုန်သော ထိုပုဂ္ဂိုလ်တို့ကို၊ ပဗုဇ္ဈထ- လက်တို့အသာ နှိုးလိုက်ကြပါကုန်လော့။ သုတ္တာ- ညစ်ကြေးကင်းဆိပ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရား ငါးပါးတို့ လွှမ်းမိုးအိပ်ပျော်နေခြင်းထက်၊ ဇာဂရိတံ- အစိုးတရ ပိုင်သနိုင်နင်း ကြွေခြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးကြား၍နေခြင်းသည်၊ သေယျော- အလွန်အကျူး အထူးပင်မွန်မြတ်လှပါပေ၏။ ဇာဂရတော- အစိုးတရ ပိုင်သနိုင်နင်း ကြွေခြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးကြား၍ နေသော သူအား၊ ဘယံ- ကြောက်ဖွယ်ဘေးဟူသမျှသည်၊ ဘယံ- ပစ္စုပ်သံသာ နှစ်ဖြာသော ဘေးသည်၊ နတ္ထိ- မရှိရိုးဧကန် အမှန်ပင် ဖြစ်ပါတော့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဒါက မြတ်စွာဘုရားက တရားပွဲတစ်ခုမှာ နီဝရဏတရားတွေ၊ ကာမစ္ဆန္ဒ ဗျာပါဒအစရှိတဲ့ တရားတွေ လွှမ်းမိုးပြီးတော့ ငိုက်မြည်းနေတဲ့ ပုဂ္ဂိုလ်တွေကို-

အစိုးတရ ပိုင်သနိုင်နင်း ဣန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြားနဲ့ နာကြားကြပါကုန်လော့။

ငိုက်မြည်းအိပ်ပျော်နေခြင်းထက် နိုးကြားပြီးတော့ နေခြင်းဟာ မွန်မြတ်ပါတယ်လို့ မိန့်ကြားတော်မူတဲ့ စကားတော်။

အဲဒီတော့ ဟော အရပ်စကားမှာလဲပဲ **"ဣန္ဒြေရလိုက်တာ"၊ "ဣန္ဒြေကောင်းလိုက်တာ"**တဲ့။

ဣန္ဒြေဆိုတာ အစိုးရမှုပါပဲ။ အစိုးရမှုမှာလဲ စိတ်ကို အစိုးရမှုဟာ လိုရင်းပါပဲ။ ပထမဆုံး သဒ္ဓိန္ဒြေ၊ သဒ္ဓါဣန္ဒြေ၊ ယုံကြည်မှု ကြည်လင်မှုဆိုတဲ့ အစိုးရမှု။

အဲဒီ သဒ္ဓါဟာ သာမန်အားဖြင့်ဆိုရင် ပကတိ သဒ္ဓါတရားတွေ ရှိကြပါတယ်။

သဒ္ဓါတရားရှိကြလို့ အလှူပေးတယ်။ ဝေယျာဝစ္စတွေ ဆောင်ရွက်ကြတယ်။ သီလသီတင်း ဆောက်တည်ကြတယ်။ ဝတ်ကြေတန်းကြေ ဘာဝနာလဲ ပွားများပြီးတော့နေကြတယ်။

ဒါတွေက ပကတိသဒ္ဓါတရားတွေ ဖြစ်လို့ ဣန္ဒြေအဆင့် မရောက်ပါဘူး။ ဘာဝနာနဲ့ ပွားများပြီးရရှိတဲ့ သဒ္ဓါတရားမှ ထွက်လေဝင်လေကို ရှုမှတ်ခြင်း ကာယဂတာသတိ စသည်အခြေခံ။

အဲဒီလို အခြေခံပြီးတော့ စိတ်ကိုပွားများ၊ ပွားများပြီးလာလိုက်တာ သဒ္ဓါတရားဟာ အင်မတန်ပွားစည်းတဲ့ ဆင်ပြောင်ကြီးပမာ ခိုင်မြဲတဲ့ သဒ္ဓါတရား ရရှိတယ်။

အဲလို ဘာဝနာနဲ့ပြီးလာတဲ့ သဒ္ဓါတရားမျိုး၊ ဟော- အခုလို တရားအားထုတ်ကြလို့ ရလာတဲ့ သဒ္ဓါ အစိုးတရဖြစ်မှု အရေးပါပါတယ်။

http://www.dhammadownload.com



ဒီသဒ္ဓါတရားဟာ အင်မတန်အရေးကြီးတယ်။ သာမန်သဒ္ဓါတရား၊ ထူးခြားတဲ့ သဒ္ဓါတရားလို့ (၂)မျိုးရှိတယ်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ ထူးခြားတဲ့ သဒ္ဓါတရား မမှိတ်မသုံ ယုံကြည်တဲ့ သဒ္ဓါတရား။

မမှိတ်မသုံ ယုံကြည်တယ်ဆိုတာ ဘာဝနာတရားပွားများပြီးမှ ရရှိလာတဲ့ ယုံကြည်မှု။ အဲဒါမှ မမှိတ်မသုံ ယုံကြည်မှုကိုး။

လူ့ဘဝရောက်လာတော့ ဒါဟာအရေးကြီးတာပဲ။ သာမန်လေး ကြည်ညိုတာ၊ သာမန်လေး လှူတာ၊ တန်းတာ၊ သာမန်လေး သီလ ဆောက်တည်တာလေးနဲ့ ကျေနပ်နေလို့ မဖြစ်ကြဘူး။

## နတ်ပြည်ကစကား(၃)ခွန်း

နတ်ပြည်မှာ နတ်သား၊ နတ်သမီးတစ်ယောက်ယောက် စုတေတော့မယ်ဆိုရင် ကျန်ခဲ့ကြမည့် နတ်သား၊ နတ်သမီးတွေက ဆုတောင်းအားပေး စကားပြောကြတယ်၊ မှာလိုက်ကြတယ်။ ဘယ်နှယ် မှာလိုက်ကြသလဲဆိုရင်-

**ဣတော တွံ သုဂတိံ ဂစ္ဆ၊**

ဤနတ်ပြည်က နေပြီးတော့ သုဂတိခေါ်ဆိုရတဲ့ လူ့ပြည်ရောက်မှာပဲ။ အားပေးကြတဲ့ သဘောပေါ့။ လူ့ပြည်ရောက်ပါစေ၊ နတ်တွေက လူ့ဘဝကို သုဂတိတဲ့။

သာသနာနဲ့ ပတ်သက်ပြီးတော့ ပြောတာပါ။

**သုဂတိံ ဂန္တွာသု လဒ္ဓ လာဘံ လာဘ။**

သုဂတိခေါ်ဆိုရတဲ့ လူ့ဘဝရောက်ပြန်တော့လဲပဲ အရတော်ပါစေ။ အရတော်အောင် ကြိုးစားပါ။ ဒါပါလဲဆိုတော့ သာသနာတော်မှာ သဒ္ဓါတရားရရှိအောင် ကြိုးစားပါလို့ ပြောတာပါ။

http://www.dhammadownload.com



သုလဒ္ဓ လာဘံ လဘိတွာ သုပ္ပတိဋ္ဌိတော ဘဝ။

အဲဒီလို သဒ္ဓါတရား ရပြီးတော့လဲပဲ ရရှိတဲ့ သဒ္ဓါတရားကို ခိုင်ခိုင် မြဲမြဲဖြစ်အောင် ကြိုးစားပါ။

ခိုင်မြဲတဲ့သဒ္ဓါ၊ မတုန်လှုပ်တဲ့သဒ္ဓါ၊ အဲဒီသဒ္ဓါမျိုးမှ ဣန္ဒြေ ထိုက်တယ်။ အစိုးရတယ်လို့ ပြောရတယ်။

လေးဌာနမှာ သဒ္ဓါရဲ့စွမ်းအင်ကို သိရပါတယ်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ သီလ ဒီအချက်လေးချက်နဲ့ ပတ်သက်ပြီးတော့ ပါပဲ။

အရဟံအစရှိတဲ့ ဘုရားဂုဏ်တော်တွေအပေါ်မှာ မမှိတ်မသုံ ယုံကြည်မှု။ ဘာဝနာနဲ့ ယုံကြည်မှုကျတော့ တစ်ခါထဲ ဘုရားဂုဏ်တော် အာရုံပြုပြီးတော့ ဥပစာရသမာဓိရသလို ကြည်လင်ပြီးတော့ သဘော ကျတဲ့အာရုံမှာ စိတ်ကလေးဟာ ကြည်လင်ပြီးတော့နေတာ။

တရားဂုဏ်တော်အပေါ်မှာ မမှိတ်မသုံ ယုံကြည်မှု၊ သံဃာ့ ဂုဏ်တော်အပေါ်မှာ မမှိတ်မသုန် ယုံကြည်မှု။

မိမိစောင့်ထိန်းထားတဲ့ သီလ၊ ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလ မျိုး၊ မကျိုးမပေါက် မပြောက်မကြားပဲနဲ့ ဖြူစင်သန့်ရှင်း အပြစ်ကင်းပြီး တော့ နေတဲ့သီလမျိုး။

အဲဒီလိုဖြစ်အောင် **"သောတာပတ္တိယင်္ဂတရားလေးပါး"** မမှိတ်မသုံ ယုံကြည်တဲ့စွမ်းအင်၊ မမှိတ်မသုံဖြစ်ပြီး မကျိုးမပေါက် မပြောက်မကြား သန့်သန့်ပြန့်ပြန့် သီလဟာလဲ ဖြစ်ပြီဆိုရင် ဖြစ်အောင် ဆောင်ရွက်နိုင်ပြီဆိုရင်တော့ဖြင့် ဒီသဒ္ဓါတရားဟာ ဣန္ဒြေထိုက်တဲ့ သဒ္ဓါတရားပဲ။

ဝီရိယဣန္ဒြေကျတော့- ဝီရိယမှာလဲ ပကတိဝီရိယနဲ့ ဘာဝနာ ဝီရိယ နှစ်မျိုးရှိတယ်။

လောကလုပ်ငန်းတွေမှာ ဝီရိယရှိတယ်။ တရားဘာဝနာ ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းအစရှိတဲ့ ကာယဂတာသတိက

http://www.dhammadownload.com



စပြီးတော့ သမထဘာဝနာ ဝိပဿနာဘာဝနာ၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာ ဝီရိယက နှစ်မျိုးလိုအပ်ပါတယ်။

ကာယိကဝီရိယလဲရှိမှ စေတသိကဝီရိယလဲရှိမှ ကိုယ်နဲ့လဲကြိုးစားမှ စိတ်ကလဲကြိုးစားအားထုတ်မှ အဲဒီ ဝီရိယ (၂)မျိုးရှိမှ အောင်မြင်ပါတယ်။

အဲဒီလို နှစ်မျိုးလုံးပြည့်စုံတဲ့အခါကျမှ ဝီရိယဟာ ဣန္ဒြေထိုက်တဲ့ ဝီရိယဖြစ်လာပါတယ်။ အစိုးရတဲ့ ဝီရိယဖြစ်ပါတယ်။

သတိဟာလဲ ဒီလိုပဲ။ သာမန်သတိက တစ်မျိုး၊ ဘာဝနာနဲ့ ထုံမွမ်းပြီးရတဲ့ သတိကတစ်မျိုး။

ဒီနေရာမှာ ဣန္ဒြေထိုက်တာကတော့ ဣန္ဒြေအရာမှာ ဗောဓိပက္ခိယအရာမှာ မဂ်ဉာဏ်၏အသင်းအပင်း ဖြစ်တာကတော့ ဘာဝနာနဲ့ ထုံမွမ်းထားတဲ့ သတိပါပဲ။

သမာဓိန္ဒြေ- စိတ်၏တည်ကြည်မှု၊ စိတ်ရဲ့မလှုပ်ယှက်မှု။

စိတ်ရဲ့ မလှုပ်ယှက်မှုဟာ စောစောကပြောသလိုပဲ အထွဋ်ဆုံး အမြတ်ဆုံး ဘာဝနာနဲ့ ထုံမွမ်းထားတဲ့ သမာဓိပါပဲ။

ပညိန္ဒြေ- အထွဋ်ဆုံး အမြတ်ဆုံး ဉာဏ်ပညာပါပဲ။

ဉာဏ်ပညာရရှိနိုင်ဖို့အတွက် အနည်းဆုံး ရေ၊ လေ၊ မြေ၊ မီး ဆိုတဲ့ ပင်မဓာတ်ကြီးလေးပါး။

အာကာသဓာတ်၊ ဝိညာဏဓာတ်ခေါ်တဲ့ ဓာတ်(၂)ခုနဲ့ပေါင်းရင် ဓာတ်(၆)ပါး။ အဲဒီ ဓာတ်(၆)ပါးလောက်ကို ကျကျနနသင်လို့၊ အံလို့၊ ကြံလို့၊ တွေးလို့၊ ဆွေးနွေးလို့၊ နှလုံးသွင်းလို့ သွားမယ်ဆိုရင် ဒီပညိန္ဒြေ ရရှိနိုင်ပါတယ်။

အခု အားထုတ်နေကြတာလဲ ဓာတ်(၆)ပါးထဲက အဓိကအားဖြင့် ဝါယောရုပ်၊ အဲဒီ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်၊ ဝိညာဏဓာတ်။

ဝါယောရုပ်ကို ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ ရုပ်ရဲ့သဘာဝကို သဘောပေါက်မယ်။ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်ကို စဉ်းစားလိုက်မယ်

http://www.dhammadownload.com



ဆိုရင် လျှင်မြန်စွာ ပျက်ပြီးတော့နေတဲ့ အနိစ္စအချက်၊ ကြောက်မက်ဖွယ် ကောင်းတဲ့ ဒုက္ခအချက်၊ မိမိမပိုင်တဲ့ အနတ္တအချက်လဲ သဘောပေါက်ပြီး တော့ လာနိုင်ပါတယ်။

အနည်းဆုံး ဓာတ် (၆)ပါးလုံး သဘောမပေါက်နိုင်လို့ရှိရင် ဓာတ် (၆)ပါးထဲက ဓာတ် (၄)ပါး၊ ဓာတ် **(၄)ပါးထဲက တစ်ပါးပါး** သဘောပေါက် အောင် ရှုပါ။

အခု ဝါယောရုပ်ကို အခြေခံပြီးတော့ ပွားများနေကြတာကိုး။ အဲဒီလို ပွားများရင်းနဲ့ ဝါယောရုပ်ကို သဘောပေါက်ပြီးတော့ သွားမယ် ဆိုရင် အဲဒါ ပညိန္ဒြေ၊ သစ္စာလေးပါးတရားကို သိနိုင်ပါတယ်။ ပညိန္ဒြေလဲ ဖြစ်နိုင်ပါတယ်။

ယခုအားထုတ်နေကြတာဟာ "သဒ္ဓိန္ဒြိယံ ဘာဝေတိ"ဆိုတဲ့ စကားအတိုင်း သဒ္ဓါတရားကို တိုးပွားအောင် ဆောင်ရွက်နေတာပါပဲ။

ဝီရိယ၊ သတိ၊ ပညာတို့ကိုလဲ တိုးပွားအောင် ဆောင်ရွက် ပြီးတော့ နေခြင်းဟာ အခုအားထုတ်တာဟာ ဒိက္ကန္ဒြေတွေ တိုးပွား အောင် ဆောင်ရွက်နေကြတာပါ။

အဲဒီတော့ သဒ္ဓိန္ဒြေ၊ ဝီရိယန္ဒြေ၊ သတိန္ဒြေဆိုတဲ့ ဣန္ဒြေသုံးပါးက နေပြီးတော့၊ တစ်နည်းအားဖြင့် သဒ္ဓါ၊ ဝီရိယ၊ သတိ သုံးပါးက သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ သမာဓိပညာ (၂)ပါးကို တစ်ခါထဲ မင်းမြောက် သလိုပေ့ါ။ မြှောက်ပင့်ပြီးတော့ ပေးကြတယ်။

သဒ္ဓါအခြေခံပြီးမှ၊ ဝီရိယအခြေခံပြီးမှ၊ သတိအခြေခံပြီးမှ သမာဓိနဲ့ပညာ ဒိက္ကန္ဒြေနှစ်ပါးကို ဖြစ်ပွားကြရတယ်။

ဒါကြောင့်မို့ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သတိရယ် ဒီ(၃)ပါးကတော့ မင်းမြှောက်သမားတွေဖြစ်တယ်။

အဲဒီ မင်းမြှောက်သမားဖြစ်တဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိသုံးပါးက ပင့်ပြီးတော့ ပေးလိုက်တော့ သမာဓိန္ဒြေ၊ သမာဓိ၊ ပညိန္ဒြေပညာ တို့ဟာ အထွဋ်အထိပ်ကို ရောက်နိုင်ပါတယ်။

http://www.dhammadownload.com



လမ်းအားဖြင့် ပြောရင်တော့ (၂လမ်း)သွယ်ပေါ့။ သမထလမ်းနဲ့ ဝိပဿနာလမ်း။

သမထလမ်းအတိုင်း သွားမယ်ဆိုရင် သမာဓိက ဘယ်အထိ ရောက်နိုင်သလဲဆိုတော့ သမာပတ်(၈)ပါး၊ အဘိဉာဏ် (၅)ပါးအထိ ရောက်နိုင်ပါတယ်။

ပညာက ဘယ်ထိအောင် ရောက်နိုင်သလဲဆိုရင် ဝိပဿနာမှ မဂ်ဖိုလ်ဉာဏ်အထိ ရောက်နိုင်ပါတယ်။

ဝိပဿနာလမ်းနဲ့ ပြောမယ်ဆိုရင် ဘယ်ကိုပို့နိုင်သလဲဆိုတော့ သမာဓိနွေက

- သုညတသမာဓိ
- အနိမိတ္တသမာဓိ
- အပ္ပဏိဟိတသမာဓိ

ဒီ (၃)မျိုးကို ရောက်အောင်ပို့နိုင်တယ်။

**မင်းမဲ့တိုင်းပြည်မှာ နေရသလို**

ပညိန္ဒြေက ဘယ်ရောက်အောင်ပို့နိုင်သလဲဆိုတော့ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိတဲ့ ပညာဝိသုဒ္ဓိ (၅)ပါး။

အနိစ္စာနုပဿနာ အစရှိတဲ့ ဝိပဿနာ (၃)ပါး။

သမ္မာသနဉာဏ် အစရှိတဲ့ ဉာဏ်စဉ် (၁၀)ပါး။

မဂ်ဉာဏ် (၄)ပါး၊

ဖိုလ်ဉာဏ် (၄)ပါး၊

ပစ္စဝေက္ခဏာဉာဏ် (၂၆)ပါးထိအောင် ပညိန္ဒြေကနေပြီး ပို့နိုင်တယ်။

ယခု တရားဘာဝနာအားထုတ်နေကြတာဟာ ဒီဣန္ဒြေကို ပွားနေတာပဲ။ အစိုးရအောင် ဆောင်ရွက်နေခြင်းပါပဲ။

http://www.dhammadownload.com



အဓိကအားဖြင့် စိတ်ကိုအစိုးရအောင် အားထုတ်နေခြင်းပါပဲ။ စိတ်ကိုအစိုးရအောင် အားထုတ်နေခြင်းဖြင့် ဒီဣန္ဒြေ (၅)ပါးကိုလဲ တိုးပွားအောင် ဆောင်ရွက်ရာရောက်ကြပါတယ်။

အဲဒီ ဣန္ဒြေမရှိပါဘူးဆိုရင်တော့ မင်းမဲ့တိုင်းပြည်မှာ နေရသလိုပဲ။ ဥပမာဆိုကြပါစို့ **တိရစ္ဆာန်လောက**၊ ငါးနိုင်ငါးစား၊ ဖားနိုင်ဖားစား တိရစ္ဆာန်လောက။

ငါးလေးတစ်ကောင်ကို ငါးကြီးတစ်ကောင်က ဝါးမျိုလိုက်တယ်။ ဘယ်သူမှ အစိုးရတဲ့လူမရှိတော့ ဘာမျှပြောမယ့်ဆိုမယ့်သူ မရှိဘူး။ အစားခံပေတော့။

ဖားလေးတစ်ကောင်ကို မြွေတစ်ကောင်က မျိုလိုက်ပါတယ်။ ဘယ်သူကမှ အရေးမယူနိုင်ဘူး။ အဲဒီလို ဣန္ဒြေမရ အစိုးမရသူဟာ မင်းမဲ့တိုင်းပြည်မှာ တိရစ္ဆာန်လောက စသည်မှာ နေရသလိုပဲ။

**တရားဥပဒေစိုးမိုးတဲ့ တိုင်းပြည်မှာ နေရသလို**

ဣန္ဒြေ(၅)ပါးရှိတဲ့အခါကျတော့ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး။ မင်းစိုးရာဇာရှိတယ်။ သူ့စည်းကမ်းနဲ့သူ ဘယ်သူမှကြောက်စရာမလိုဘူး။ ကိုယ်က ဥပဒေဘောင်အတွင်းကနေ ဘယ်သူမှ မစော်ကားဘူး။ စော်ကားတာနဲ့ ဥပဒေကရှိတယ်။ ဘယ်သူကမှ အနိုင်ကျင့်လို့ မရဘူး။

ဘာကြောင့်လဲဆိုတော့ မင်းရှိလို့ ဥပဒေရှိလို့။ ဥပဒေနဲ့ အုပ်ချုပ်တဲ့ မင်းရှိနေတဲ့အခါကျတော့ သူတစ်ပါးအနိုင်ကျင့်တာ မခံရဘူး။ အနိုင်ကျင့်တဲ့ ပုဂ္ဂိုလ်ကလည်း မကျင့်ရဲဘူး။ စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့လည်း လာပြီးတော့ မကပ်ရဲဘူး။ မဆိတ်ရဲဘူး။ မတို့ရဲဘူး။ **"လူမှာစည်းကမ်း၊ ရဟန်းမှာဝိနည်း၊ ရွာကြီးမှာစည်းရိုး၊ မင်းမျိုးမှာဥပဒေ"**လို့ အဆိုရှိတယ် မဟုတ်လား။

ဒါဘာကြောင့်လဲ မင်းရှိတဲ့တိုင်းပြည်မို့ အဲဒီလိုပဲ ဣန္ဒြေ (၅)ပါး ရှိလာပြီဆိုရင် မင်းရှိတဲ့တိုင်းပြည်မှာ နေရသလိုပဲ လုံခြုံတယ်။

http://www.dhammadownload.com



ဒါကြောင့် ဣန္ဒြေဟာ အရေးပါတယ်။ မြတ်စွာဘုရား ပွင့်လာတော့ တရားဟော တော့မယ်ဆိုတော့ ဘယ်သူ့တရားဟောရပါလိမ့်မယ်။ ဣန္ဒြေအနုအရင့် ကြည့်ရတယ်။ ကြည့်တော့ အာဠာရရသေ့ တွေ့တယ်။ ဥဒကရသေ့ တွေ့တယ်။

ဣန္ဒြေတော့ ရင့်ကြရဲ့ သူတို့ကလည်း မကြာသေးခင်က ကွယ်လွန်သွားကြတယ်။ ပဉ္စဝဂ္ဂီ (၅)ဦး တရားဟောဖို့ရာ အတော်စောင့်ယူရတယ်။ အချိန်အတော်လေး စောင့်ရပါတယ်။ ဘုရားဖြစ်ပြီးတဲ့နောက် (၂)လကြာမှ ပဉ္စဝဂ္ဂီ (၅)ဦး တရားနာမဲ့ပုဂ္ဂိုလ် တွေ့တယ်။ (၂)လကြာမှ မြတ်စွာဘုရား တရားဟောခွင့်ရပါတယ်။

ဒါကြောင့်မို့ ယခုလို တရားဘာဝနာအားထုတ်ပြီးတော့ နေတာဟာ စောစောကပြောတဲ့ ဣန္ဒြေတရားတွေ မိမိသန္တာန်မှာ အသင့်အတင့်ရှိနေလို့ပါပဲ။

အဲဒီ ဣန္ဒြေတရားတွေဟာ ဗောဓိပက္ခိယတရားထဲ စာရင်းဝင်တွေပဲ။

အဲဒီ ဗောဓိပက္ခိယတရားတွေဟာ ပွားများမှု ဘာဝနာလုပ်ငန်းနဲ့ ပွားများမှု အားထုတ်မှု မိမိသန္တာန်မှာ ရောက်ရှိနိုင်ပါတယ်။

မိမိသန္တာန်မှာ အဲဒီတရားတွေ ရောက်ရှိပြီဆိုရင် စောစောက ပြောတဲ့ တိရစ္ဆာန်လောက စတဲ့လောကများလို မင်းမဲ့တိုင်းပြည်တွေက လွတ်မြောက်ပြီးတော့ မင်းရှိတဲ့တိုင်းပြည် မင်းစိုးရာဇာတို့ စနစ်တကျ အုပ်ချုပ်တဲ့တိုင်းပြည်မှာ နေရသလိုပဲတဲ့။

အဲဒါကြောင့်မို့ ဒီဣန္ဒြေ (၅)ပါးပွားများအားထုတ်ပြီးတော့ ကြိုးစားတာ ဝီရိယ၊ အဲဒီ ဝီရိယရဲ့ ဆန့်ကျင်ဘက်က ကောသဇ္ဇ ။

ကောသဇ္ဇဆိုတာ ပျင်းရိခြင်းပါ။ ဝီရိယဆိုတာ အဲဒီပျင်းရိခြင်းမှ ထွက်မြောက်တယ်။ ဒါကြောင့် မြတ်စွာဘုရားက-

http://www.dhammadownload.com



"ကောသဇ္ဇံ ဘယတော ဒိသွာ၊
ဝီရိယ ဓမ္မဥ္စ ခေမတော။
အာရဒ္ဓ ဝီရိယာဟောထ၊
ဧသာ ဗုဒ္ဓါနုသာသနီ။

ကောသဇ္ဇ- ပျင်းရိဖင့်နွဲ့၍နေခြင်းကို၊ ဘယတော- ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်၊ ဒိသွာပဿန္တု- မြင်ကြပါစေကုန်သတည်း။ ဝီရိယဓမ္မဥ္စ- ကြိုးစား၍အားထုတ်ခြင်းကိုတော့၊ ခေမတော- ဘေးဘျမ်းကင်းကွာ အေးချမ်းသာသည့် အနေအားဖြင့်၊ ဒိသွာ ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။ သဒါ- အခါခပ်သိမ်း၊ အာရဒ္ဓဝီရိယာ- နိုးနိုးကြားကြား တက်အားကြွကြွ အားထုတ်သောဝီရိယ ရှိကြပါကုန်သည်၊ ဟောထ- ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။ ဧသာ- ဤပျင်းရိခြင်းကို ဖယ်ရှား၍ ကြိုးစားအားထုတ်ဖို့ရာ တိုက်တွန်းတော်မူခြင်းသည်၊ ဗုဒ္ဓါနံ- ဆူဆူထွန်မှုထား မြတ်ဘုရားတို့၏၊ အနုသာသနီ- သွန်သင်ဆုံးမ နည်းလမ်း ပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပဥ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်။

## ဗိုလ် (၅)ပါး

ဗောဓိပက္ခိယတရား (၃၇)ပါးထဲမှာ ဗိုလ်ငါးပါးဆိုတာ ဒီနေ့ အလှည့်ကျတယ်။ ဗိုလ်ဆိုတာ ဘာလဲလို့ဆိုတော့ ပါဠိက "ဗလ"၊ ပါဠိသက် ဝေါဟာရက "ဗိုလ်" လို့ ခေါ်ပါတယ်။

သူ့အဓိပ္ပါယ်လေး ဖေါ်ဆောင်တဲ့အခါမှာတော့-

**ပဋိက္ခဓမ္မေ ဗလိယန္တီတိ ဗလာနိ**

ပဋိပက္ခ ဓမ္မေ- ဆန့်ကျင်ဘက်တရားတို့ကို၊ ဗလိယန္တိ- ဖိစီးနှိမ်နင်းနိုင်ကုန်၏။ ဣတိ တသ္မာ- ထို့ကြောင့်၊ ဗလာနိ- ဗိုလ်တို့မည်ကုန်၏။

ဆန့်ကျင်ဘက်တရားတို့ ဖိစီးလွှမ်းမိုးနိုင်တဲ့အတွက် ဗိုလ်လို့ ဒီလိုခေါ်ရတယ်။ တစ်နည်းအားဖြင့် အဋ္ဌကထာဆရာကြီးများကတော့ **"အကမ္ပနဋ္ဌေန ဗလာနိ"**- အကမ္ပနဋ္ဌေန- ဆန့်ကျင်ဘက်တရားတို့သည် တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ မတုန်လှုပ်စေနိုင်ဟူသော အနက်သဘောကြောင့်၊ ဗလာနိ- ဗိုလ်တို့မည်ကုန်၏။

ဆန့်ကျင်ဘက်တရားတွေက တုန်လှုပ်ချောက်ချားဖို့ရာ မစွမ်းနိုင်။ မတုန်လှုပ်စေနိုင်၊ မချောက်ချားစေနိုင်တဲ့ အတွက်ကြောင့်မို့ ဗိုလ်လို့ ဒီလိုခေါ်ရတယ်။

ဗိုလ်က ဘယ်နှစ်ပါးရှိသလဲဆိုတော့ ငါးမျိုး၊ ငါးပါး ရှိတယ်။ အဲဒါကို ဆန့်ကျင်ဘက် (တစ်နည်းအားဖြင့်) သက္ကာယဒိဋ္ဌိ နိုင်ငံတော်ကြီးကို ဖြိုဖျက်နိုင်ဖို့ရာအတွက် ဗိုလ်ငါးမျိုး၊ တင်စားပြီး ပြောရရင်တော့ ဗိုလ်ဗလဆိုတဲ့ပုဒ်က တပ်တွေ ဘာတွေမှာ အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို သုံးရတယ်။ ဗိုလ် (၅)မျိုး ရှိတယ်။

http://www.dhammadownload.com



- သဒ္ဓါဗိုလ်၊
- ဝီရိယဗိုလ်၊
- သတိဗိုလ်၊
- သမာဓိဗိုလ်၊
- ပညာဗိုလ်၊ (၅)မျိုး။

ဆန့်ကျင်ဘက်တရားတို့ကို **ဖိစီးနှိပ်နင်းနိုင်**တဲ့အတွက်ကြောင့် ဗိုလ်လို့ဆိုတော့ ဆန့်ကျင်ဘက်တရားတွေက ဘာလဲ။

ဆန့်ကျင်ဘက်အသင်းအပင်းတွေက ဘာတွေလဲ။

သဒ္ဓါဗိုလ်ရဲ့ ဆန့်ကျင်ဘက်က တဏှာအသင်းအပင်း၊ သဒ္ဓါဗိုလ်က တဏှာအသင်းအပင်းကို ဖြေရှင်းပြီးတော့ ပေးနိုင်တယ်။ တဏှာအသင်းအပင်းက သဒ္ဓါဗိုလ်ကို မတုန်လှုပ်စေနိုင်၊ မလွှမ်းမိုးနိုင်ပါဘူး။

ဝီရိယဗိုလ်က ကောသဇ္ဇ- ပျင်းရိခြင်းဆိုတဲ့ အသင်းအပင်းကို ပယ်ရှင်းနိုင်တယ်။ သတိဗိုလ်က မုဋ္ဌဿတိ- သတိလွတ်ပြီးတော့ နေခြင်း၊ သတိမေ့နေခြင်းကို ဖယ်ရှားပေးနိုင်တယ်။

သမာဓိဗိုလ်က ဘာကိုဖြေရှင်းပေးနိုင်သလဲဆိုတော့ ဝိက္ခေပ- စိတ်ပြန့်လွင့်ပြီးနေတာ၊ စိတ်မတည်ငြိမ်ပဲနေတဲ့ အသင်းအပင်းကို ဖယ်ရှင်းပြီးတော့ ပေးနိုင်တယ်။

ပညာဗိုလ်က ဘာကိုဖယ်ရှင်းနိုင်သလဲဆိုတော့ သမ္မောဟ- တွေဝေမှု၊ မိန်းမောမှုကို ဖြေရှင်းပြီးတော့ ဖယ်ရှင်းပြီးပေးနိုင်တယ်။

အဲသလို အသင်းအပင်းကြီးတွေကို ဖယ်ရှင်းပြီးတော့ ပေးနိုင်မှ သက္ကာယဒိဋ္ဌိနိုင်ငံကြီး ဖြိုဖျက်လို့ ရပါမယ်။

ဒီဘက်က သက္ကာယဒိဋ္ဌိနိုင်ငံကြီး ဖြိုဖျက်နိုင်မှ ဟိုဘက်က နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး ရောက်နိုင်မှာပါပဲ။ နေယျပုဂ္ဂိုလ်များအဖို့ ဒီဗိုလ်ငါးပါး တရားတွေ မရှိမဖြစ်ပါဘူး။

http://www.dhammadownload.com



## အနာကြီးငါးမျိုး စွဲကပ်နေသလို

စောစောကပြောတဲ့ တဏှာအသင်းအပင်း၊ ပျင်းရိခြင်းဆိုတဲ့ အသင်းအပင်း၊ သတိလွတ်ကင်းတဲ့ အသင်းအပင်း၊ ပြန့်လွင့်ခြင်းဆိုတဲ့ အသင်းအပင်း သမ္မောဟဆိုတဲ့ တွေဝေမှုအသင်းအပင်းတွေ ရှိနေတာဟာ အနာကြီးငါးပါး စွဲကပ်နေတာနဲ့ တူပါတယ်။ အနာကြီးငါးပါးက-

- ကုဋ္ဌ - နူနာစွဲခြင်း၊
- ဂဏ္ဍ - အိုင်းအမာကြီးတွေ၊
- ကိလာသ - ပွေး၊ ညှင်း၊ တင်းတိတ်တွေ၊
- သောသ - တီဘီချောင်းဆိုးသွေးပါအနာရောဂါမျိုး၊
- အပမာရ - အရူးရောဂါ၊

အဲဒီအနာကြီး (၅)မျိုးနဲ့ စောစောကပြောတဲ့ ဗိုလ်ငါးပါးက ဖြိုခွင်းနိုင်တဲ့ အသင်းအပင်း ငါးမျိုးတူပါတယ်။

- တဏှာအသင်းအပင်း၊
- ကောသဇ္ဇ - ပျင်းရိခြင်းဆိုတဲ့အသင်းအပင်း၊
- မုဋ္ဌဿစ္စ - သတိလွတ်ကင်းခြင်းအသင်းအပင်း၊
- ဝိက္ခေပ - စိတ်ပြန့်လွင့်ခြင်းအသင်းအပင်း၊
- သမ္မောဟ - မသိမှု မိုက်မဲမှု မှောင်ကျမှု မေ့လျော့မှု

ဆိုတဲ့အသင်းအပင်းများဟာ အနာကြီး ငါးမျိုးနဲ့တူပါတယ်။

အဲဒီအသင်းအပင်းတွေ ရှိနေတဲ့ ပုဂ္ဂိုလ်များဟာ အနာကြီးငါးမျိုး စွဲကပ်နေတဲ့ ပုဂ္ဂိုလ်များနဲ့ တူပါတယ်။

အနာကြီးငါးမျိုး စွဲကပ်နေပြီဆိုရင် ဒီအနာကြီးတွေက ရှိနေတော့ လူထဲသူထဲမသွားနိုင်၊ မဝင်ဆန့်နိုင်ရှာဘူး။ လူ့ကိစ္စ၊ လူမှုရေးကိစ္စ၊ အခြားကိစ္စတွေ ဘာမှမဆောင်ရွက်လိုဘူး။

ဒီအနာကြီးတွေ ပျောက်ကင်းပြီး သွားတဲ့အခါကျမှ လိုသလို သွားနိုင်တယ်၊ လာနိုင်တယ်၊ ထိုင်နိုင်တယ်၊ ထနိုင်တယ်၊ ပြုလုပ်နိုင်တယ်၊ ပွဲဝင်နိုင်တယ်။

http://www.dhammadownload.com



အဲဒီကျတော့မှ လူတို့နဲ့ပတ်သက်တဲ့ ကိစ္စဝိစ္စများ ဆောင်ရွက်နိုင်သလိုပဲ သာသနာတော်နဲ့ပတ်သက်တဲ့ သမထဝိပဿနာတရားအလုပ်များဟာလဲပဲ ဒီဗိုလ်ငါးမျိုး လက်ကိုင်ထားပြီးတော့ အနာရောဂါကြီး ငါးမျိုးနဲ့တူတဲ့ တဏှာအသင်းအပင်း။

- ကောသဇ္ဇ - ပျင်းရိခြင်းအသင်းအပင်း၊
- မုဋ္ဌဿစ္စ - သတိလွတ်ကင်းခြင်းဆိုတဲ့ အသင်းအပင်း၊
- ဝိက္ခေပ - ပြန့်လွင့်ခြင်းဆိုတဲ့ အသင်းအပင်း၊
- သမ္မောဟ - တွေဝေခြင်း၊ မသိခြင်းဆိုတဲ့ အသင်းအပင်း၊

ကို ဖြေရှင်းနိုင်ပါတယ်။

အဲဒီ အသင်းအပင်းတွေကို ဖြေရှင်းနိုင်တဲ့အင်အားရှိမှ ဥပမာအားဖြင့် သဒ္ဓါအား သာမန်ယုံကြည်တာမျိုး၊ သာမန်ယုံကြည်တဲ့ မိရိုးဖလာ သဒ္ဓါတရားကတော့ တဏှာနဲ့အလိုက်သင့် ပေါင်းပြီးတော့ ဒါနပြုတဲ့နေရာလဲ ပြုပါတယ်။ သီလဆောက်တည်တဲ့နေရာ ဆောက်တည်တယ်။

တဏှာနဲ့အလိုက်သင့် ပေါင်းနေတဲ့အခါကျတော့ သူက အရိယဝံသတရားတွေကို မမြတ်နိုးနိုင်ဘူး။

ဆွမ်းအပေါ် ဆွမ်းနဲ့ပတ်သက်ပြီးတော့ ရောင့်ရဲမှု၊ သင်္ကန်းနဲ့ပတ်သက်ပြီးတော့ ရောင့်ရဲမှု၊ ကျောင်းနဲ့ပတ်သက်ပြီးတော့ ရောင့်ရဲမှု၊ ဆေးနဲ့ပတ်သက်ပြီးတော့ ရောင့်ရဲမှု၊ တရားဘာဝနာနဲ့ မွေ့လျော်မှုခေါ်တဲ့ အရိယဝံသတရားတွေဟာ တစ်ခါထဲ ကျွန်းကြီးသဖွယ်၊ နေလသဖွယ် ထင်ရှားပြီးတော့နေတဲ့အခါဖြစ်တယ်။

အဲဒီလို ထင်ရှားနေသော်လဲ စောစောကပြောတဲ့ သဒ္ဓါဗိုလ်ရဲ့ ဆန့်ကျင်ဘက်တဏှာရဲ့ နယ်ပယ်မကျော်နိုင်တဲ့ အခါကျတော့ သဒ္ဓါဗိုလ်ကြီး မိမိသန္တာန်မှာ အားမကောင်းတဲ့အခါကျတော့ -

- ပစ္စည်း၌တွယ်တာခြင်း၊
- ဘုန်းကျက်သရေ၌တွယ်တာခြင်း၊

http://www.dhammadownload.com



နောက်နောင်ဘဝမျိုးစုံ ချမ်းသာမှု အစရှိသည်၌ မျှော်မှန်းခြင်းဆိုတဲ့ တဏှာ (၃)မျိုး။

အဲဒီ တဏှာသုံးမျိုးက အရိယဝံသလေးပါးဆိုတဲ့ ကျွန်းကြီးမှာ ဒီတဏှာသုံးမျိုးဆိုတဲ့ ပင်လယ်ရေကြီးက လွှမ်းမိုးပြီးတော့နေတာကိုး။

အဲသလို မလွှမ်းမိုးနိုင်အောင် သဒ္ဓါဗိုလ် လက်ကိုင်ထားလိုက်နိုင်တော့မှ အဲဒီ တဏှာနယ်က ကျော်လွန်ပြီးတော့ အရိယဝံသတရားများ မြတ်မြတ်နိုးနိုးနဲ့ အားထုတ်နိုင်တယ်။ ဘာဝနာ၌ မွေ့လျော်နိုင်တယ်။

သဒ္ဓါဗိုလ် သဒ္ဓါအား၊ သဒ္ဓါဗိုလ်တစ်ခုသာ အားကောင်းမယ်လို့ ဆိုရင် သဏ္ဌိစခန်းတော့ ကောင်းကောင်းရောက်ပါတယ်။

ရသမျှနဲ့တင်းတိမ်၊ ကျိန်သမျှနဲ့ ရောင့်ရဲပြီးတော့ နေနိုင်တယ်။ သို့သော်လဲ ဒီဗိုလ်တစ်ခုထဲ ရှိရုံလေးနဲ့ ဝီရိယအစရှိတဲ့ နောက်လေးပါး ဗိုလ်တွေမရှိပါဘူး ဆိုလို့ရှိရင် အခြားအခြား ဒီထက်အဆင့် အတန်းမြင့်တဲ့ သမထဝိပဿနာစခန်းအထိ မသွားနိုင်သေးဘူး။ သတိထားစရာပါပဲ။

နံပါတ် (၂)ဗိုလ်က ဝီရိယဗိုလ်။ ဝီရိယဗိုလ်ဆိုတာ ဝီရိယအားပါပဲ။ အဲဒီ ဝီရိယအား မကောင်းလို့ရှိရင် ပျင်းရိခြင်းကို မကျော်နိုင်ဘူး။

ဝီရိယအားကောင်းမှ ဝီရိယအားကောင်းပြီဆိုရင်တော့ အအိပ်အနေလဲ နည်းလာတယ်။ တစ်ယောက်ထီးတည်း နေပျော်လာတယ်။ ကမ္မဋ္ဌာန်းဘာဝနာ နှလုံးသွင်းတဲ့နေရာမှာလဲ စွဲမြဲလာတယ်။

အဲဒါတွေဟာ ဝီရိယအားကောင်းလို့ပါပဲ။ ဒီနှစ်ပါး အားကောင်းပြန်တော့ သဒ္ဓါဗိုလ်နဲ့ ဝီရိယဗိုလ်အားကောင်းရုံနဲ့ ပြီးပြီလားဆိုတော့ မပြီးသေးပြန်ဘူး။

ကမ္မဋ္ဌာန်းတစ်ခုခုမှာ စွဲမြဲမှုမရှိနိုင်သေးဘူး။ သမထစခန်း၊ ဝိပဿနာစခန်း မရောက်နိုင်သေးဘူး။ ဒါကြောင့်-

နံပါတ် (၃)ဖြစ်တဲ့ သတိဗိုလ် သတိအားရှိကြရမယ်။ အဲဒီ သတိဗိုလ် သတိအားကို အသုံးချပြီးတော့မှ "မုဋ္ဌဿစ္စ"ခေါ်တဲ့ သတိ

http://www.dhammadownload.com



လွတ်ကင်းခြင်းဆိုတဲ့ အသင်းအပင်းကြီးကို ဖြေရှင်းနိုင်မှာကိုး။

နံပါတ် (၃)ဖြစ်တဲ့ သတိဗိုလ် သတိအားရှိမှ ထွက်လေ ဝင်လေ ရှုမှတ်ခြင်းဆိုတဲ့ ကာယဂတာသတိ စသည်မှာ မြဲမြဲလာပြီ။

အဲဒီ (၃)ပါးရှိရုံနဲ့လဲ မပြီးသေးဘူး။ ဒီ (၃)ပါးရှိပြီး နောက်ဆုံး (၂)ပါးမရှိဘူးဆိုရင်လဲ သမထစခန်း၊ ဝိပဿနာစခန်း မတက်နိုင်သေးဘူး။

ဒါကြောင့် နံပါတ် (၄)နဲ့ (၅)။ နံပါတ် (၄)က သမာဓိဗိုလ်၊ သမာဓိအား။ သမာဓိအားရှိမှ သမာဓိစခန်း တက်လှမ်းပြီးတော့ "ဝိက္ခေပ" အသင်းအပင်းကို ဖြို့ခွင်းနိုင်ပါတယ်။

အဲဒီ (၄)ပါး ပြည့်စုံရုံနဲ့ ပြီးသလားဆိုတော့ ပညာဗလခေါ်တဲ့ အသိဉာဏ်ပညာအား။ အဲဒီအားနဲ့ ပြည့်စုံမှ ဝိပဿနာစခန်းဆီ တက်နိုင်ပါတယ်။

ဒီနေ့ ဝိပဿနာတက်တဲ့နေရာမှာ ဝီရိယအခြေခံတဲ့ ပညာဗိုလ် ပညာအားဟာ အရေးကြီးပါတယ်။ ဒါဖြင့် နောက်ဆုံး ပညာအားတော့ ရှိပါရဲ့ ရှေ့က (၄)အား မရှိဘူးဆိုရင်လဲပဲ ခါးကျိုးသလိုပဲတဲ့။

လောကီဘက်ဆိုင်ရာ အသိဉာဏ်ပညာ ရှိပါရဲ့။ စာပေပရိယတ်ဆိုင်ရာ ပညာတွေရှိပါရဲ့။

သို့သော်လဲပဲ သဒ္ဓိန္ဒြေတရားကစပြီးတော့ မကြိုးစားဖြစ်တဲ့အတွက် ခါးကျိုးသလို ဖြစ်တတ်ပါတယ်။ ဒါဖြင့် အဲဒီ ဗိုလ်ငါးပါးထဲက ဝီရိယဗိုလ်နဲ့ ပညာဗိုလ်၊ ဝီရိယအားနဲ့ ပညာအား။ ဒီ ဗိုလ် (၂)ပါးကတော့ ဣဒ္ဓိပါဒ်မျိုးဗိုလ်တွေ ဖြစ်ပါတယ်။

## (၂)ပါးရှိနေရင်

ဣဒ္ဓိပါဒ် ပြီးစီးအောင်မြင်ခြင်းရဲ့ အခြေခံတရားထဲမှာလဲ ဝီရိယနဲ့ ဝီမံသခေါ်တဲ့ ပညာ (၂)ပါးက ပါပြီးနေတယ်။ အဲဒီတော့ ဝီရိယနဲ့ ပညာဗိုလ် (၂)ဗိုလ်ဟာ ဣဒ္ဓိပါဒ်လဲဖြစ်တယ်။ ပြီးစီးခြင်းရဲ့ အခြေခံလဲ

http://www.dhammadownload.com



ဖြစ်တယ်။ ဗလ- ဆန့်ကျင်ရန်ဖြိုနိုင်တဲ့ဗိုလ်လဲ မည်တယ်။

အဲဒါကြောင့်မို့ စောစောက သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်တွေ မရှိစေကာမူ ဝီရိယဗိုလ်နဲ့ ပညာဗိုလ် ဣန္ဒြိပါဒ်မျိုး ဗိုလ် (၂)ခု ရှိနေရင် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေသော်လဲပဲ သမထ ဝိပဿနာလမ်းစဉ်အတိုင်းတက်ပြီးတော့ ကျွတ်တန်းဝင်နိုင်ကြပါတယ်။

ဒါကြောင့် သာဝတ္ထိပြည်မှာ ငါးသန်းငါးသိန်း အိမ်ရာထောင်သူ လူအမျိုးသား၊ အမျိုးသမီးတွေ ကျွတ်တန်းဝင်ကြတာဟာ ဒီဗိုလ် (၂)ပါးကို အခြေခံပါတယ်။

## နွားလားဥသဘာလို့မွေး

အဲဒီတော့ ဗိုလ်ဆိုတာ ဘာလဲ။ အင်အား။ အဲဒီ အင်အားဟာ "နွားလားဥသဘာ"လိုပဲ မွေးယူရတယ်။

နွားလားဥသဘာဆိုတဲ့ နွားရှိတယ်။ ဒီနွားဟာ နွားထဲမှာတော့ အကြီးအကဲ အထွဋ်အမြတ်ပါပဲ။

အဲဒီနွားကို အခြားနွားတွေလို မြက်ကျွေး၊ နွားတင်းကုတ် ထဲမှာထား၊ ကျွေးတော့လဲ ကောက်ရိုးကိုကျွေး၊ အဲဒီလို ကျွေးမွေးနေရင် အမွေး မတတ်လို့ သူဟာထွန်ရုံ ယက်ရုံပဲ စွမ်းနိုင်တယ်။

အကယ်၍ သူ့ကို ရာဇမတ်ကာ၊ အညစ်အကြေးမရှိစေနဲ့။ နံ့သာတွေ ဘာတွေနဲ့ မွှေးကြိုင်အောင်ထား၊ သလေးဆန်စပါး ကျွေးပြီး တော့များ မွေးလိုက်မယ်ဆိုရင် "ဥသဘာ"ရဲ့ စွမ်းအင်အတိုင်း ထက်မြက် ပြီးတော့လာတယ်။ ဥသဘာတို့ရဲ့ စွမ်းအင်အတိုင်း တစ်ကောင်ထဲနဲ့ လှည်းငါးရာ၊ တစ်ထောင် ရုန်းနိုင်တယ်။

သူနေတဲ့ နွားခြံမှာဆိုရင် အခြားငါးရာတစ်ထောင်သော နွားတွေရောဂါ မဖြစ်ဘူး။

အရှေ့ (၇)အိမ်၊ အနောက် (၇)အိမ်က အိမ်တွေမှာလဲ ရောဂါဘယ၊ ရောဂါဆိုးတွေ မရှိတော့ဘူး။ ဒါဟာ သူ့ရဲ့စွမ်းအား။

http://www.dhammadownload.com



အဲဒီလိုပဲ စွမ်းအင်၊ စွမ်းအား ဗိုလ်ငါးပါးကို မိမိတို့ မွေးမြူထားမယ်ဆိုရင် သမထ ဝိပဿနာ အထွဋ်အထိပ် ရောက်နိုင်ပါတယ်။

"ဗိုလ်ငါးပါး၊ အားငါးပါး၊ ဒီဗိုလ်ငါးပါး၊ အားငါးပါးဟာ ယောဂီများရဲ့အားပဲ။

- သဒ္ဓါတရားတည်းဟူသော အား၊ ယောဂီတို့ရဲ့အင်အားပဲ။
- ဝီရိယတည်းဟူသော အား၊ ယောဂီတို့ရဲ့အင်အားပဲ။
- သတိဆိုတဲ့ အင်အား၊ ယောဂီတို့ရဲ့အင်အားပဲ။
- သမာဓိဆိုတဲ့ အား၊ ယောဂီတို့ရဲ့အင်အားပဲ။
- အသိလိမ္မာ ဉာဏ်ပညာဓာတ်ကြီးဟာလဲ ယောဂီတို့ရဲ့ အင်အားပဲ။"

ဒီအင်အားတွေကို အသုံးချပြီးတော့ ယခု တရားစခန်းမှာ ကြိုးစားအားထုတ်ပြီးတော့ လာခဲ့ကြတယ်။ ယခု ဝိပဿနာပိုင်းရောက်ပြီးတော့ လာခဲ့ကြပြီ။

အဲဒီလို ရောက်ခဲ့တာဟာ ဒီဗလခေါ်တဲ့ အင်အားတွေ၊ ယောဂီများ ပြည့်စုံရမဲ့ အင်အားတွေ၊ ထိုက်တန်သလောက်ရှိလို့ ရောက်ခဲ့တာပါပဲ။

ဗောဓိပက္ခိယတရား (၃၇)ပါးထဲက သတိပဋ္ဌာန်ဟောခဲ့ပြီ။ သမ္မပ္ပဓာန် ဟောခဲ့ပြီ။ ဣဒ္ဓိပါဒ်လေးပါး ဟောခဲ့ပြီ။ ဣန္ဒြေငါးပါး ဟောခဲ့ပြီ။ ယနေ့ ဗိုလ်ငါးပါး ဟောပါတယ်။ ဗောဇ္ဈင် (၇)ပါးနဲ့ မဂ္ဂင် (၈)ပါး ကျန်ပါတော့တယ်။

**တရားရတနာ**

အဲဒီ ဗောဓိပက္ခိယတရားတော် ရတနာတွေဟာ ဒီဗုဒ္ဓမြတ်စွာ သာသနာမှတစ်ပါး အခြားသာသနာ၊ အခြားအယူဝါဒတွေမှာ မရှိပါဘူး။ ဒါကြောင့်-

http://www.dhammadownload.com



ပဟာရဒ- အသူရိန်ကြီးက ပင်လယ်သမုဒ္ဒရာကြီးရဲ့ အံ့သြဖွယ် (၈)မျိုး လျှောက်ထားတယ်။

မြတ်စွာဘုရားကလဲ ငါဘုရားရဲ့တရားသဖြင့်ဆုံးမရာ သာသနာတော်ဟာလဲ-

အစဉ်နက်ဝှန်း
ကမ်းကိုမလွန်
ရွံ့ဘွယ်ဆယ်ပြစ်
တစ်မည်ဖြစ်ခြင်း
မယွင်းမတိုး
ဆယ်မျိုးရတနာ
ရသာဆားတူ
ကြီးသူနေရာ
အံ့ (၈)ဖြာ။

အံ့ဖွယ် (၈)မျိုးရှိတယ်။ အဲဒီမှာ (၇)ခုမြောက် ဖြစ်တဲ့ အံ့ဖွယ်ဟာ ဘာလဲလို့ဆိုတော့။

**ဧဝမေဝ ပဟာရဒ၊ ဗောဓိပက္ခိယရတနံ။**
**ဒိသွာ ဒိသွာ သာသနမှိ၊ အဘိရမန္တိ သာဝကာ။**

ပဟာရာဒ- အသူရိန်ကြီးက တပည့်တော် ပင်လယ်သမုဒ္ဒရာကြီးရဲ့ (၇)ခုမြောက် အံ့သြဖွယ်ကြီးကတော့၊ ဤပင်လယ်သမုဒ္ဒရာကြီးဟာ-

ပတ္တမြားသုံးထွေ
ရွှေငွေပုလဲ
ကြောင်မျက်ရွဲသန္တာ
သိလာသခ်

ဆယ်ဝသော ရတနာတို့ တည်ရှိပါတယ်ဘုရား။ အဲဒီ (၁၀)မျိုးသော ရတနာတို့ တည်ရှိရာဖြစ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးမှာ အသူရာများ ပျော်ပါးကြ၊ ပျော်ပိုက်ကြပါတယ်ဘုရားလို့ လျှောက်ထားတော့ ။

http://www.dhammadownload.com



မြတ်စွာဘုရားက- ပဟာရာဒ အသူရိန် ငါဘုရားရဲ့ သာသနာတော်မှာလဲ (၇)ခုမြောက် အံ့ဩဖွယ်က ဗောဓိမည်ရ မဂ်ဉာဏ်ရဲ့ အသင်းအပင်း၊ အသိုင်းအဝိုင်း၊ ဗောဓိရတနာ တရားရတနာ (၃၇)ဖြာတို့ တည်ရှိပြီးတော့ နေတယ်။

အဲဒီ ဗောဓိပက္ခိယတရားရတနာတို့ကို ကြည့်ပြီးတော့ ငါဘုရားသာသနာတော်မှာ သာဝကတွေ ပျော်ပိုက်ကြတယ်၊ မြတ်နိုးကြတယ်။ ဒါကြောင့်-

**ဧဝမေဝ ပဟာရဒ၊ ဗောဓိပက္ခိယရတနံ။**

**ဒိသွာ ဒိသွာ သာသနမှိ၊ အဘိရမန္တိ သာဝကာ။**

ပဟာရဒ- ပဟာရဒ အသူရိန်၊ ဧဝမေဝ- ပင်လယ်သမုဒ္ဒရာ၌ အံ့ဖွယ် (၈)ဖြာအနက် (၇)ခုမြောက် အံ့ဖွယ်တည်ရှိသကဲ့သို့ပင်လျှင်၊

သာသနမှိ- သုံးပါးမြွက်ဖေါ် သာသနာတော်၌၊ ဗောဓိပက္ခိယရတနံ- မဂ်ဉာဏ်၏အသင်းအပင်း ဗောဓိပက္ခိယ (၃၇)ပါး တည်းဟူသော တရားရတနာကို၊ ဒိသွာ ဒိသွာ- မြင်ကြကုန် မြင်ကြကုန်၍၊ သာဝကာ- တပည့်သားခေါ် ရဟန်းတော်တို့သည်၊ သာဝကာ- သာသနာတော်ကို လေးစားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ သာသနမှိ- အဆုံးအမခေါ် သာသနာတော်၌၊ အဘိရမန္တိ- အေးချမ်းရွှင်ပျော် မွေ့လျော်တော်မူကြလေကုန်သတည်း။

ပင်လယ်သမုဒ္ဒရာကြီးထဲမှာ (၁၀)မျိုးသော ရတနာတွေဖြစ်တဲ့ ပတ္တမြားသုံးထွေ၊ ရွှေငွေပုလဲ၊ ကြောင်မျက်ရွဲသန္တာ၊ သိလာသင်္ခ၊ ဆယ်ဝသော ရတနာတွေ တည်ရှိသလို ငါဘုရားသာသနာတော်မှာလဲပဲ (၇)ခုမြောက် အံ့ဩဖွယ် ဗောဓိပက္ခိယတရားရတနာတွေ တည်ရှိတယ်။

အဲဒီ တရားရတနာတွေကို ကြည့်ကြည့်ပြီးတော့ သာသနာတော်ကို ကြည်ညိုကိုးစားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ သာသနာတော်မှာ ပျော်ပိုက်ကြ ကြည်ညိုကြ **လေးစားကြွ** အားထားကြတယ်။

http://www.dhammadownload.com



အဲဒီ ဗောဓိပက္ခိယ (၃၇)ပါး အပါအဝင် အားလုံးယောဂီများ နာကြားခဲ့ရတဲ့အတိုင်း -

- သတိပဋ္ဌာန်လေးပါး၊
- သမ္မပ္ပဓာန်လေးပါး၊
- ဣဒ္ဓိပါဒ်လေးပါး၊
- ဣန္ဒြေငါးပါး၊
- ဗိုလ်ငါးပါး အကျယ်တဝင့် ဟောလို့ပြီးခဲ့ပြီ။

အဲဒီလို တရားရတနာတွေဟာ အခြားအခြား ဘာသာဝါဒ တွေမှာလိုက်ပြီးတော့ရှာ ဘယ်အယူမှာမှ မရှိပါဘူး။

ဘုန်းကြီးတို့ နိုင်ငံတွေလဲ တော်တော်နှံ့ပါပြီ။ ဆိုဗီယက်မှာလဲ မဟာယာနဗုဒ္ဓဘာသာတွေရှိ၊ ဂျပန်ရောက်တော့ မဟာယာနဗုဒ္ဓဘာသာ တွေရှိတယ်။ နောက်ဆုံးကျတော့ အမေရိကမှာ ဗုဒ္ဓဘာသာတွေ မဟာ ယာနဗုဒ္ဓဘာသာတွေ အခြားအခြား ဘာသာဝါဒတွေ အများကြီး ရှိပါ တယ်။ ဒီနားမှာလဲ မလေးရှား၊ စင်္ကာပူ စသည်ရှိပါတယ်။

သို့သော်လဲပဲ ဒီဗောဓိပက္ခိယတရား ရတနာတွေကို ဟောပြော ကျင့်ကြံကြိုးကုတ်ပြီး ဒီအတိုင်းလိုက်နာနေတာကတော့ဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာတွေ အခြားအယူတွေမှာ မတွေ့ရဘူး။

ကံကောင်းထောက်မလို့ ဒီရတနာတွေ တည်ရှိရာ သာသနာကို တွေ့ကြရတယ်။ ဗောဓိပက္ခိယရတနာတွေရဲ့ တည်ရာဖြစ်တဲ့ သာသနာ တော်ကြီးနဲ့ ကြုံ၊ ဆုံကြရတယ်။

**တရားယာဉ်ကြီးစီး**

အဲဒီလိုဆုံတာဟာ ပတိရူပ အစရှိတဲ့ စက်လေးပါးနဲ့ ပြည့်စုံလို့။ ဘုရားသာသနာထွန်းကားတဲ့ သင့်တော်တဲ့အရပ်ဒေသမှာ လူဖြစ်ကြ တယ်။ ရှေးကုသိုလ်ရှိတယ်။ ပုဗ္ဗေစကတ ပုညတာစက်။

http://www.dhammadownload.com



မိမိတို့ရဲ့ မိဘဆရာသမားဆိုတဲ့ သပ္ပုရိသူပ နိဿယစက်၊ ကိုယ့်ကိုယ်ကို တည့်မတ်အောင် ထနိုင်ခြင်း၊ အတ္တသမ္မာပဏိဓိ ရှိတဲ့အတွက် ယခုတရားအားထုတ်နိုင်တယ်။

အဲလို စက်လေးပါးနဲ့ပြည့်စုံတယ်။ အဲဒီစက်လေးပါးထဲမှာ ပုဗ္ဗေစကတ ပုညဝသစက် ရှေးကတင်ကြိုပြုထားတဲ့ ကောင်းမှုကုသိုလ်ရှိခြင်းဆိုတဲ့ စက်က ပဓာနကျပါတယ်။ အဲဒီကုသိုလ်က အရာရာမှာ အကွက်ချ ပန္နက်ရိုက်ပေးပါတယ်။ အရင်းစစ် အမြစ်မြေက ဆိုသလိုပါပဲ။ စက်လေးပါးနဲ့ ပြည့်စုံတဲ့ တရားယာဉ်ကြီးကို မိမိတို့တက်စီးပြီးတော့ ယခုလိုနေကြရတယ်။ အဲဒီ တရားယာဉ်ကြီးနဲ့မှ လောကရဲ့အဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်နိုင်တယ်။

ဒီဘက် စကြဝဠာမှာ ဒီဘက်လောကမှာ အကုန်လုံးအိုကြ၊ အကုန်လုံး နာကြ၊ အကုန်လုံး သေကြတယ်။ ဟိုဘက် စကြဝဠာဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်း ကူးကြရမယ်။ အဲဒီရောက်တဲ့အခါကျမှ အအို၊ အနာ၊ အသေ လွတ်ကြမှာကိုး။ ဒါကြောင့်-

**စတုစက္ကံ ဝတ္တိယာန၊ ယာနံ ဗလ ပရိဂ္ဂဟံ၊**
**ယာနာယ အမတံပါရံ၊ ကဿံ ပူရိသ ကာရိယံ။**

စတုစက္ကံ- ပတိရူပ အစရှိသော စက်ကောင်းလေးခုရှိထသော၊ ဗလ ပရိဂ္ဂဟံ- ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကောင်းစွာမပြတ် ထိန်းချုပ်အပ်ထသော၊ (သဒ္ဓါဗိုလ် အစရှိတဲ့ ဗိုလ်ငါးမျိုးတို့က ထိန်းချုပ်ထားတဲ့) ယာနံ- အသွားယဉ်ယဉ် အများတင်သည့် အားအင်ခိုင်ကြီး တရားယာဉ်တော်ကြီးကို၊ ဝတ္တိယာန- မတိမ်းမစောင်း ကောင်းစွာလျှင်လျှင်မောင်းကာနှင်ပြီး၍ (ယခု မိမိတို့ စက်လေးပါးနှင့်ပြည့်စုံလို့ ဗိုလ်ငါးပါးကလဲ ထိန်းချုပ်ထားတဲ့ တရားယာဉ်ကြီး စီးပြီးတော့)၊ အမတံပါရံ- ဤဘက်မှာနေ အားလုံးသေ၍ ဟိုပြည်ရောက်မှ အေးချမ်းရသည့် အမတခေါ် ရွှေပြည်တော်ကြီးသို့၊ ယာနာယ- မထောက်မနား အရောက်သွားခြင်းငှါ (နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး သွားဖို့ရာအတွက်

http://www.dhammadownload.com



ဗိုလ်ငါးပါးကလဲ စောင့်ရှောက်ထိန်းသိမ်း၊ ပတိရူပ အစရှိတဲ့ စက်ခေါင်း လေးခုကလဲ တပ်ဆင်ပြီး တရားယာဉ်ကြီးစီးပြီးမှ)၊ အမတံပါရံ- ဒီဘက်မှာနေ အားလုံးသေ၍ ဟိုပြည်ရောက်မှ အေးချမ်းရမည့် အမတခေါ် ရွှေမြို့တော်ကြီးကို၊ ယာနာယ- မထောက်မနား အရောက် သွားခြင်းငှါ၊ ပုရိသ ကာရိယံ- ယောကျ်ားမှန်က အားထုတ်ရမည့် ကမ္ဘာ့လက်ရိုး လုံ့လမျိုးကို၊ ပုရိသ ကာရိယံ- အမျိုးသား အမျိုးသမီး အာဇာနည်တို့ အမှန်မုချ အားထုတ်ရမည့် ကမ္ဘာလက်ရိုး လုံ့လဝီရိယ မျိုးကို၊ ကယိံ- မဆုတ်မနစ် အားသစ်ကြိုးစား ပြုလုပ်ပေးအံ့သတည်း။

ဟော- ဒီခွန်အားငါးမျိုး အသုံးချပြီးတော့ တရားယာဉ်ကြီး စီးပြီးတော့ ဤစကြဝဠာ ဤဘက်ကမ်းကနေပြီးတော့ ဟိုမှာဘက်ကမ်း အင်မတန်ချမ်းသာတဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်နန်းဆီသို့ သွားဖို့ရာ ဝီရိယကို ကြိုးစားအားထုတ်ပါမယ်လို့ အဓိဋ္ဌာန်ပြုကြစို့ရဲ့။

**စတုစက္ကံ ဝတ္တိယာန၊**
**ယာနံ ဗလပရိဂ္ဂဟံ။**
**ယာနာယ အမတံပါရံ၊**
**ကယိံ ပုရိသကာရိယံ။**

စတုစက္ကံ- ပတိရူပ ဒေသဝါသ စက်အစရှိသော စက်ခေါင်း လေးခု မောင်းအားပြုထသော၊ ဗလပရိဂ္ဂဟံ- ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ် တို့ အစဉ်ထာဝရ ထိန်းချုပ်ထားအပ်သော၊ ယာနံ- အသွားယဉ်ယဉ် အများတင်သည့် အားအင်ခိုင်ကြီး တရားယာဉ်တော်ကြီးကို၊ ဝတ္တိယာန- မတိမ်းမစောင်း ကောင်းစွာလျှင်လျှင် မောင်းကာနှင်၍၊ အမတံပါရံ- ဤဘက်မှာနေ အားလုံးသေ၍ ဟိုပြည်ရောက်မှ အေးချမ်းရမည့် အမတ ခေါ် ရွှေမြို့တော်ကြီးသို့၊ ယာနာယ- မထောက်မနား အရောက်သွား ခြင်းငှါ၊ ပုရိသကာရိယံ- ယောကျ်ားမှန်က အားထုတ်ရသည့် ကမ္ဘာ့လက် ရိုး လုံ့လမျိုးကို၊ ပုရိသ ကာရိယံ- အာဇာနည်ယောကျ်ား အမျိုးသား

http://www.dhammadownload.com



အမျိုးသမီးတို့ အမှန်မုချအားထုတ် ကမ္ဘာ့လက်ရှိ လုံ့လမျိုးကို၊ ကသံ-
မဆုတ်မနစ် အားသစ်ကြိုးစား ပွားများပေအံ့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့။

**ဗောဇ္ဈင်(၇)ပါး**

ဟောစဉ်အတိုင်း ဗောဇ္ဈင် (၇)ပါး ရောက်ရှိလို့လာတယ်။ ဗောဇ္ဈင်လို့လဲ ခေါ်တယ်။ သမ္ဗောဇ္ဈင်လို့လဲ ခေါ်ပါတယ်။

ဗောဇ္ဈင်ဆိုရင် ဗောဓိ + အင်္ဂလို့ ပုဒ်ကိုခွဲရပါမယ်။ သမ္ဗောဇ္ဈင်ဆိုရင် သမ္ဗောဓိ + အင်္ဂါ လို့ ပုဒ်ကိုခွဲရပါတယ်။

**စတုသစ္စ ဓမ္မေ သုဋ္ဌုဗုဇ္ဈတီတိ သမ္ဗောဓိ။**

စတုသစ္စဓမ္မေ- သစ္စာလေးပါးတရားတို့ကို၊ သုဋ္ဌု- ကောင်းစွာ၊ ဗုဇ္ဈတိ- သိတတ်၏။ ဣတိ- ထို့ကြောင့်၊ သမ္ဗောဓိ- သမ္ဗောဓိ မည်၏။

သစ္စာလေးပါးတရားကို ကောင်းစွာသိတတ်တဲ့ လောကုတ္တရာမဂ်ဉာဏ်ကို သမ္ဗောဓိ။

သစ္စာလေးပါးကို သိတတ်တဲ့ လောကုတ္တရာမဂ်ဉာဏ်ကို ဗောဓိ။

**"သမ္ဗောဓိယာ အင်္ဂါနိ သမ္ဗောဇ္ဈင်္ဂါ"**

သမ္ဗောဓိယာ- သစ္စာလေးပါးကို ကောင်းစွာသိတတ်သော လောကုတ္တရာမဂ်ဉာဏ်၏၊ အင်္ဂါနိ- အချက်အလက် အတောင်အတက်တို့တည်း။ သမ္ဗောဇ္ဈင်္ဂါ- သစ္စာလေးပါးတို့ ကောင်းစွာသိနိုင်တဲ့ လောကုတ္တရာမဂ်ဉာဏ်၏ အင်္ဂါအချက်အလက်ဖြစ်သော တရားတို့။

ဗောဇ္ဈင်္ဂါ- ဆိုရင်လဲ လောကုတ္တရာ မဂ်ဉာဏ်၏ အတောင်အတက် အချက်အလက် ဖြစ်တဲ့တရားတွေလို့ ဒီလိုဘာသာ ပြန်ရပါတယ်။

အဲဒီ ဗောဇ္ဈင်က (၇)ပါးရှိတယ်။ အဲဒီ ဗောဇ္ဈင် (၇)ပါးဟာ ယောဂီသူတော်စင်တို့ရဲ့ အတောင်အလက်နဲ့တူတယ်။

http://www.dhammadownload.com



**ဒွိဇ**

ငှက်များဟာ အတောင်အလက်စုံတော့ ပျံသန်းနိုင်တယ်။ ပထမ တစ်ကြိမ် မိခင်ရဲ့ဝမ်းဗိုက်မှ ပေါက်ဖွားလာတယ်။ ဒုတိယအကြိမ် ဥခွံထဲက ပေါက်ဖွားလာတယ်။

အဲဒီလို နှစ်ကြိမ် **ပေါက်ဖွားလာလို့ "ဒွိဇ"**လို့လဲ ခေါ်တယ်။ အဲဒီလို နှစ်ကြိမ်ပေါက်ဖွားပြီးတော့ အတောင်အလက် ပြည့်စုံပြီဆိုတဲ့ အခါကျတော့ မိမိလိုရာ ပျံသန်းနိုင်ကြတယ်။

အဲဒီလိုပဲ ဒီဗောဇ္ဈင် (၇)ပါးဆိုတဲ့ အတောင်အလက်ရှိကြတဲ့ ယောဂီသူတော်စင်များဟာလဲပဲ အနမတဂ္ဂ သံသရာတစ်လျှောက်လုံးက စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်း စိတ်နောက် စိတ်တေလေ စိတ်လေဖွေ စိတ်ရှုး စိတ်နှမ်းကနေပြီးတော့ တစ်ကြိမ်ထွက်မြောက်နိုင်ပါတယ်။

အနိစ္စ ဒုက္ခ အနတ္တ အချက်တွေကို မသိနိုင်တဲ့ အဝိဇ္ဇာမှ ဒုတိယ တစ်ကြိမ်ထွက်မြောက်နိုင်ပါတယ်။ အဲဒီတော့ နှစ်ကြိမ်ထွက်မြောက်နိုင် ပါတယ်။ ဒါကြောင့် "ဒွိဇ"လို့ ခေါ်နိုင်ပါတယ်။

အဲဒီလို ထွက်မြောက်နိုင်အောင် အတောင်အလက်တွေ အချက် အင်္ဂါတွေ ပြည့်စုံရတယ်။ သတိသမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရားနဲ့ ပြည့်စုံရမယ်။ အဲလို ပြည့်စုံတဲ့အခါကျတော့ လောကီဘုံနယ်မှာ နစ်နေ တာ မွန်းနေတာတွေ မနစ်မမွန်းတော့ပဲနဲ့ အတောင်အလက်စုံတော့ ဗောဇ္ဈင် (၇)ပါးစုံတဲ့အခါကျတော့ လောကုတ္တရာဘုံနန်းသို့ ပျံသန်းနိုင် ကြပါတယ်။

သတိသမ္ဗောဇ္ဈင် ဆိုတာ သတိပဋ္ဌာန်က သတိ၊ သတိန္ဒြေထဲ ပါတဲ့ သတိ၊ သတိဗိုလ်သတိ၊ သမ္မာသတိ မဂ္ဂင်ထိုက်တဲ့သတိကို သတိ သမ္ဗောဇ္ဈင်လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



**ဓမ္မဝိစယသမ္ဗောဇ္ဈင်**

အလားတူပဲ နံပါတ် (၂)က ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုပြန်တော့လဲ ဣန္ဒြိပါဒ်လေးပါးထဲက ဝီမံသိဒ္ဓိပါဒ်၊ ဣန္ဒြေငါးပါးထဲမှာ ပညိန္ဒြေ၊ ဗိုလ်ငါးပါးထဲမှာ ပညာဗိုလ်၊ မဂ္ဂင် (၈)ပါးထဲမှာလဲ သမ္မာဒိဋ္ဌိ။

ဝိပဿနာခန်းမှာတော့ ဒိဋ္ဌိဝိသုဒ္ဓိ။ ဒိဋ္ဌိဝိသုဒ္ဓိက စပြီးတော့ ပညာဝိသုဒ္ဓိ ငါးပါးဟာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေပါပဲ။

အနိစ္စ ဒုက္ခ အနတ္တလို့ အဖန်ဖန် ရှုမှတ်ခြင်း ဆိုတဲ့ အနုပဿနာ (၃)ပါး၊ သမ္မသနဉာဏ် အစရှိတဲ့ ဉာဏ်စဉ် (၁၀)ပါးတို့ဟာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေပါပဲ။

အခုယောဂီများ အားထုတ်နေကြတာဟာ သတိသမ္ဗောဇ္ဈင်က အစအခြေခံခဲ့ကြတဲ့ ဝီရိယသမ္ဗောဇ္ဈင်ကလဲ ရှိနေကြတယ်။

နောက်ပီတိ နှစ်သက်မှုလဲ ရှိကြတယ်။ ပဿဒ္ဓိ ငြိမ်းအေးမှုလဲ ရကြတယ်။ သမာဓိစိတ်ရဲ့ တည်ငြိမ်မှုလဲ ရရှိကြတယ်။ ဥပေက္ခာသမ္ဗောဇ္ဈင်ခေါ်တဲ့ တရားအားထုတ်မှုနဲ့ ပတ်သက်ပြီးတော့ ကြောင့်ကြဗျာပါရမရှိပဲနဲ့ ဖြစ်ပေါ်ပြီးတော့လာတော့ ဥပေက္ခာသမ္ဗောဇ္ဈင်၊ အခုဝိပဿနာပိုင်းကူးလာတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကျတော့ ဝါခင်းထဲက ဝါပွင့်တွေ ကောက်တယ်။ ကောက်ပြီးတော့ ဝါဖတ်တယ်၊ ဂွမ်းဖတ်တယ်။ အဲလို ဝါအကြမ်း ဝါဖတ် ဂွမ်းဖတ်လိုက်တဲ့အခါကျတော့ လိုချင်တဲ့ ဝါဂွမ်းနုများ ရရှိလာသလို။

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား နာမ်တရားတွေကို အကြိမ်ကြိမ် အထပ်ထပ် ရှုကြရတယ်။

အဲလို ရှုတဲ့အခါကျတော့မှ ဓမ္မဝိစယသမ္ဗောဇ္ဈင် အပါအဝင် ဗောဇ္ဈင် (၇)ပါးဟာ အညီအမျှ အားရှိပြီးတော့ လာကြတယ်။

http://www.dhammadownload.com



ပထမဆုံး သတိသမ္ဗောဇ္ဈင် ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းက စပြီးတော့ သတိသမ္ဗောဇ္ဈင်လို ပွားလာလိုက်ကြတာ။

သတိကိုလဲ ပွားခဲ့ကြ၊ ပညာကိုလဲ ပွားခဲ့ကြ၊ ဝီရိယကိုလဲ ပွားခဲ့ကြ၊ ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာများကိုလဲ ပွားခဲ့ကြပြီ။ ခြုံငုံပြောမယ်ဆိုရင် ဗောဇ္ဈင် **(၇)ပါး ပွားခဲ့ကြပြီ။**

**စကြာမင်း**

အဲလို ပွားများခဲ့တော့ အညီအမျှ ဗောဇ္ဈင် (၇)ပါးလုံး အားတွေ ရှိကြလို့။ အဲဒီလို အားတွေရှိကြတော့ စကြာမင်းကြီးများ ရတနာ (၇)ပါးနဲ့ ပြည့်စုံတယ်။

"စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ဌေး၊ သား"လို့ (၇)ပါးရတနာ။

- စကြာရတနာ၊
- ဆင်ရတနာ၊
- မြင်းရတနာ၊
- မိဖုရားရတနာ၊
- ပတ္တမြားရတနာ၊
- သူကြွယ်ရတနာ (သူဌေးရတနာ)
- သားကြီးရတနာ

ဆိုတဲ့ ရတနာ (၇)ပါးနဲ့ ပြည့်စုံတယ်။

အဲလို ရတနာ (၇)ပါးနဲ့ပြည့်စုံတော့ လူ့လောကမှာ အကြီးဆုံး အခမ်းနားဆုံး စည်းစိမ်ကို ခံစားရတယ်။

စကြာမင်းကြီးဟာ ရတနာ (၇)ပါးနဲ့ ပြည့်စုံလို့ စကြာရတနာကြီး အပါအဝင် ရတနာ (၇)ပါးနဲ့ ပြည့်စုံတော့ ဘယ်နေရာသွားသွား၊ ဘယ်နေရာသွားသွား၊ စကြာရတနာကြီးနဲ့ ဘယ်နိုင်ငံရောက်ရောက်၊

**"သွာဂတံ တေ မဟာရာဇ"**- မင်းကြီး ကောင်းသောလာခြင်းပါ။ **"ဧဟိ မဟာရာဇ"**- အရှင်မင်း ကြွတော်မူပါ။ **"အနုသာသ မဟာရာဇ"**-

http://www.dhammadownload.com



အရှင်မင်းကြီး ဆုံးမတော်မူပါ။

ဒီစကားတွေနဲ့ အကုန်လုံးရောက်သမျှ တိုင်း၊ ခရိုင်၊ နိုင်ငံတွေရှိ စည်းစိမ်တွေနှင့်တကွ ထိုးအပ်ပြီးတော့ တိုးလျှိုးပူဇော်ပသကြတယ်။

ရတနာ (၇)ပါးနဲ့ ပြည့်စုံတဲ့ စကြာမင်းကြီးထံ အပ်နှံကြတယ်။

## စကြာမင်းထက်သာလွန်

အလားတူ ယောဂီများဟာလဲ သစ္စာလေးပါးတရားကို သိတတ်တဲ့ လောကုတ္တရာ မဂ်ဉာဏ်၏ အသင်းအပင်းများဖြစ်ကြတဲ့ အချက်အလက်ဖြစ်ကြတဲ့ ဗောဇ္ဈင် (၇)ပါးနဲ့ ပြည့်စုံပြီ။

အဲလို ပြည့်စုံပြီဆိုလို့ရှိရင် စကြာမင်းရဲ့ စည်းစိမ်ထက် မြင့်မြတ်တဲ့ ချမ်းသာမှု။

အဲလို ဗောဇ္ဈင် (၇)ပါးဆိုတဲ့ ရတနာတွေနဲ့ ပြည့်စုံတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိနိုင်ငံကြီး တစ်ခါထဲ ပြိုလဲသွားတယ်။ သက္ကာယဒိဋ္ဌိနိုင်ငံကြီး ဦးကြိုးသွားတယ်။ အနုသယနိုင်ငံကြီးတွေ ဦးကြိုးသွားတယ်။

စကြာမင်းရဲ့ ရတနာ (၇)ပါးနဲ့ ပြည့်စုံလို့ ရရှိတဲ့စည်းစိမ်၊ ဗောဇ္ဈင် (၇)ပါးသာ တူညီမှုရှိလို့ ရရှိတဲ့စည်းစိမ် (၂)မျိုးရှိရာ စကြာမင်းရဲ့ ရတနာ (၇)ပါးနဲ့ ပြည့်စုံလို့ရရှိတဲ့ စည်းစိမ်ဟာ ဗောဇ္ဈင် (၇)ပါးနဲ့ ပြည့်စုံလို့ ရရှိတဲ့ စည်းစိမ်နဲ့စာလို့ရှိရင် (၂၅၆)ပုံပုံ တစ်ပုံတစ်စိတ်တောင် မမှီပါဘူး။ ဒါကြောင့်-

**"သဗ္ဗရသံ ဓမ္မရသော ဇိနာတိ"။**

သဗ္ဗရသံ- အလုံးစုံသော အရသာကို၊ သဗ္ဗရသံ- အလုံးစုံ လောကရှိသမျှအရသာကို၊ ဓမ္မရသော- တရားအရသာသည်၊ ဇိနာတိ- အောင်နိုင်ပါ၏။

လောကရှိသမျှ အရသာတွေထဲမှာ တရားအရသာလောက် ကောင်းတာမရှိဘူးတဲ့။ ဒါကြောင့် -

http://www.dhammadownload.com



**သုညာဂါရံ ပဝိဋ္ဌဿ၊**
**သန္တ စိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတီဟောတိ၊**
**သမ္မာ ဓမ္မံ ဝိပဿတော။**

သုညာဂါရံ- ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ- ဝင်၍နေသော၊ သမ္မာ- ကောင်းစွာ၊ ဓမ္မံ- တရားကို၊ ဝိပဿတော- ဝိပဿနာဉာဏ်ဖြင့် ရှုပွားလေ့ရှိသော၊ သန္တစိတ္တဿ- ငြိမ်သက်သော စိတ်ရှိသော၊ ဘိက္ခုနော- ယောဂီ အမျိုးကောင်းသား အမျိုးကောင်း သမီး ရဟန်းအား၊ အမာနုသီ- လေးကျွန်းသေဌ်နင်း စကြာမင်း၏ စည်းစိမ်ချမ်းသာထက် သာလွန်သော၊ ရတီ- နှစ်ခြိုက်ပျော်မွေ့ခြင်းသည်၊ ဟောတိ- မုချမသွေ ဖြစ်နိုင်ပါပေ၏။

ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းမှာ ချဉ်းကပ်ရောက်ရှိပြီး မိမိ သန္တာန်မှာဖြစ်နေတဲ့ ရုပ်တရား နာမ်တရားတွေကို အဖန်ဖန် အထပ်ထပ် ဝိပဿနာ ရှုပွားပြီးတော့နေတော့ စိတ်ကလေးငြိမ်ပြီးနေတဲ့ ယောဂီ သူတော်စင်တို့ရဲ့ ချမ်းသာနဲ့ စကြာမင်းကြီးတို့ ချမ်းသာကို နှိုင်းယှဉ်မယ် ဆိုရင် ဓမ္မရတိတရားနဲ့ မွေ့လျော်တဲ့ချမ်းသာ (၂၅၆)ပုံပုံ တစ်ပုံတစ်စိတ် လောက်တောင် စကြာမင်းကြီးရဲ့ ချမ်းသာက မမှီနိုင်ပါဘူး။

**ယတော ယတော သမ္မသတိ၊**
**ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဗ္ဘတိ ပီတိပါမောဇ္ဇံ၊**
**အမတံ တံ ဝိဇာနတံ။**

ယတော ယတော- အကြောင်း အကြောင်းအရပ်၌၊ ခန္ဓာနံ- ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ- ဖြစ်ပုံပျက်ပုံကို၊ သမ္မသတိ- သုံးသပ်၍နေ၏။ တံ အမတံ- ထိုအမြိုက်နိဗ္ဗာန်ကို၊ ဝိဇာနတံ- သိကြကုန်သော ယောဂီသူတော်စင်တို့ သည်၊ ပီတိပါမောဇ္ဇံ- နှစ်သက်ခြင်း ပီတိပါမောဇ္ဇကို၊ ဝါ- နှစ်သိမ့်ခြင်း အသေးစား အကြီးစားကို၊ လဗ္ဘတိ- မုချမသွေ ရနိုင်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရား နာမ်တရားတို့၏ ဖြစ်စဉ် ဥဒယဗ္ဗယ ဖြစ်တာနဲ့ပျက်တာ အဖြစ်နဲ့အပျက် အစုံကို ရှုပွားပြီးတော့ အမြိုက်နိဗ္ဗာန် တရားစုကို ကြည့်ပြီးနေတဲ့ ယောဂီသူတော်စင်တွေဟာ ကြည့်လိုက်တိုင်း ရှုလိုက်တိုင်း ပီတိပါမောဇ္ဇတွေ ရရှိသွားနိုင်တယ်။

ပထမဆုံး ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ လာတဲ့ အခြေအနေက စပြီးတော့ စိတ်အေးရတယ်။

အဲဒီလိုနဲ့ စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်ဘူး ဆိုတော့ တစ်သံသရာလုံးက ရောက်ရက်ခတ်နေတဲ့ မျောက်လွှဲကျော် လိုနေတဲ့ စိတ်ကလေး ငြိမ်သက်ပြီးတော့ သွားပြန်တော့လဲ စိတ်အေး ရတယ်။

ဝိပဿနာပိုင်း ရောက်လာလို့ ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်စဉ် အမှန် တံဆိပ်အမှန် အနိစ္စတံဆိပ်၊ ဒုက္ခတံဆိပ်၊ အနတ္တတံဆိပ်ကြီးတွေ ကို သိရှိကြတဲ့ အခါမှာလဲ စိတ်အေးကြရတယ်။

ဒါကြောင့် ဗောဇ္ဈင်သုတ်ပရိတ်ကြီးမှာ-

**သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။**

**သတ္တ ဓမ္မေစ ဗောဇ္ဈင်ဂေ၊ မာရသေနာ ပမဒ္ဒနေ။**

သံသာရေ- သံသရာ၌၊ သံသရန္တာနံ- လှည့်လည်ကျက်စားနေ ကြကုန်သော သူတို့၏၊ သဗ္ဗဒုက္ခဝိနာသနေ- အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်တတ်ကုန်သော။

သံသရာ၌ ကျင်လည်နေကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ဒုက္ခ သုက္ခတွေကို ပယ်ဖျောက်တတ်တဲ့ တရားတွေ၊ မာရသေန ပမဒ္ဒနေ- မာရ်မင်း၏ စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော။

မာရ်မင်းဆိုတာ အင်မတန်တန်ခိုးကြီးတာ တော်ရုံ တန်ရုံလူ ဆိုရင် သူကပဲ နိုင်နင်းသွားတယ်။

ဗောဇ္ဈင် (၇)ပါးကတော့ မာရ်မင်းရဲ့စစ်သည်တွေကို နှိမ်နင်း နိုင်တယ်။

http://www.dhammadownload.com



ဗောဇ္ဈင် (၇)ပါး ရတနာကြီးရှိနေခဲ့လို့ရှိရင် လက်ကိုင်ထားနိုင်ရင် မာရ်မင်းရဲ့ စစ်သည်တွေကို နိုင်နင်းတယ်။

မြတ်စွာဘုရား ဖြစ်ခါစက ဘုရားကို မာရ်နတ်မင်းက သူ့ရဲ့ စစ်သည်တွေနဲ့ အာရုံငါးပါးဆိုတဲ့ တပ်တွေခင်းပြီး ဘုရားဆီလာပြီးတော့-

**ဗုဒ္ဓေါသိ သဗ္ဗပါသေဟိ၊**

**ယေဒိဗ္ဗာ ယေစ မာနုသာ။**

**မဟာဗန္ဓန ဗဒ္ဓေါသိ၊**

**နမေ သမဏ မောက္ခသိ၊**

အဆင်းမျိုးစုံ ရူပါရုံ၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံငါးပါး။

အဲဒီ ငါးပါးအာရုံ လူနတ်ကျော့ကွင်း ကာမဂုဏ်တွေနဲ့ ရဟန်းဂေါတမကို ချည်မယ်။ မလွတ်စေရဘူး။

မြတ်စွာဘုရားက လက်ကိုင်တရား ဗောဇ္ဈင် (၇)ပါးဆိုတဲ့ ရတနာလက်ကိုင်ရသုံးစွဲပြီးသား ဖြစ်နေတော့-

**မုတ္တာဟံ သဗ္ဗပါသေဟိ၊**

**ယေ ဒိဗ္ဗာ ယေမောနုသာ။**

**မဟာဗန္ဓန မုတ္တောမှိ၊**

**နိဟတောတွမ သိအန္တက။**

မာရ်နတ်- အာရုံငါးပါးဆိုတဲ့ သင်လွှတ်ပစ်လိုက်တဲ့ လက်နက်တွေ၊ ကျော့ကွင်းတွေ အကုန်လုံး လက်နက်တွေကို ငါထိန်းချုပ်နိုင်စွမ်း ခုခံနိုင်စွမ်း ရှိပြီ။

မာရသေန ပမဒ္ဒနေ- မာရ်မင်း၏ စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော၊ သတ္တဗောဇ္ဈင်္ဂေ- ဗောဇ္ဈင် (၇)ပါးတို့ကို၊ ဗုဇ္ဈိတွာ- သိတော်မူပြီး၍။

ဟော- ဗောဇ္ဈင်ရဲ့ ဂုဏ်ပုဒ်တွေက သံသရာထဲမှာ ကျင်လည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဒုက္ခသုက္ခတွေကိုလဲ ရှုပ်သိမ်းပစ်နိုင်တယ်။ မာရ်မင်း၏

http://www.dhammadownload.com



စစ်သည်တွေကိုလဲ နှိပ်ကွပ်နိုင်တယ်။ အဲဒီ ဗောဇ္ဈင် (၇)ပါးကို သိပြီး ပြန်တော့လဲ-

**ဗုဇ္ဈိတွာ ယေစိမေ သတ္တာ၊**

**တိဘဝါ မုတ္တ ကုတ္တမာ။**

ဗောဇ္ဈင်ကို သိပြီးပြန်တော့လဲပဲ။ အဲဒီလို ဂုဏ်အင်တွေနဲ့ စုံလင်တဲ့ ဗောဇ္ဈင် (၇)ပါးကို သိပြီးပြန်တော့ ဘဝသုံးပါးမှ လွတ်မြောက်နိုင်ကြပြီ။ ဘဝဆိုတာ ဘာလဲဆိုရင် ဒုက္ခပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက-

**နာမံ ဘိက္ခဝေ ဘဝံ ဝဏ္ဏေမိ၊**

**အန္တမသော အစ္ဆရာသင်္ဃာတ မတ္တမ္ပိ။**

ရဟန်းတို့ ငါဘုရားက လက်ဖျောက်တစ်ချက်တီးလေးတောင်မှ ဘဝကို မချီးမွမ်းပါဘူး။ ဘဝဆိုတာ ဒုက္ခကိုး။ ဒုက္ခသစ္စာပါပဲ။

အဲဒီဘဝ ဒုက္ခတုံး၊ ဒုက္ခခဲကြီးမှ ဗောဇ္ဈင်(၇)ပါးသိတဲ့ ပုဂ္ဂိုလ်များ လွတ်နိုင်တယ်။

**အဇာတိ မဇရာ ဗျာဓိ၊**

**အမတံ နိဗ္ဗုယံ ဂတာ။**

ဗောဇ္ဈင် (၇)ပါးဆိုတဲ့ ရတနာကြီး သုံးစွဲထားတဲ့ ပုဂ္ဂိုလ်များကျတော့ အို၊ နာ၊ သေဘေး ကင်းဝေးရာဖြစ်တဲ့ အမြိုက်နိဗ္ဗာန် ရောက်ရှိကြတယ်။

**ဗောဇ္ဈင် (၇)ပါး**

အဲဒီ ဗောဇ္ဈင်တွေက ဘာတွေလဲလို့ဆိုတော့-

- **ဗောဇ္ဈင်္ဂေါ သတိ သင်္ခါတော၊**

  **ဓမ္မာနံ ဝိစယော တထာ။**

  **ဝီရိယံ ပီတိ ပဿဒ္ဓိ၊**

  **ဗောဇ္ဈင်္ဂါစ တထာ ပရေ။**

http://www.dhammadownload.com



**- သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊**
**သတ္တေတေ သဗ္ဗ ဒဿိနာ။**

- သတိသမ္ဗောဇ္ဈင်
- ဓမ္မဝိစယသမ္ဗောဇ္ဈင်
- ဝီရိယသမ္ဗောဇ္ဈင်
- ပီတိသမ္ဗောဇ္ဈင်
- ပဿဒ္ဓိသမ္ဗောဇ္ဈင်
- သမာဓိသမ္ဗောဇ္ဈင်
- ဥပေက္ခာသမ္ဗောဇ္ဈင်

**မုနိနာ သမ္မဒက္ခာတာ၊**
**ဘာဝိတာ ဗဟုလီကတာ၊**
**သံဝတ္တန္တိ အဘိညာယ၊**
**နိဗ္ဗာနာယစ ဗောဓိယာ။**

အဲဒီ ဗောဇ္ဈင် (၇)ပါးတို့ကို မြတ်စွာဘုရားက "မုနိနာ သမ္မဒက္ခာတာ"- မုနိနာ- မြတ်စွာဘုရားသည်၊ သမ္မဒက္ခာတာ- ကောင်းစွာ ဟောကြားတော်မူအပ်ပါပြီ။

မြတ်စွာဘုရား ကောင်းစွာဟောကြားထားတဲ့ တရားတွေ "ဘာဝိတာ" ပွားများအပ်ပါကုန်ပြီ။ ကိုယ်တော်တိုင် သုံးစွဲပြီးသား။

"ဗဟုလီကတာ" အကြိမ်များစွာ ပွားများအပ်ပါကုန်ပြီ။

ဗောဇ္ဈင် (၇)ပါး တရားတွေကို မြတ်စွာဘုရား အကြိမ်များစွာ ပွားများခဲ့ပြီ။ ဟောတော့လဲ ကောင်းကောင်းမွန်မွန် ဟောခဲ့ပြီ။ သိတော့လဲ ကောင်းကောင်းမွန်မွန် သိခဲ့ပါပြီ။

အဘိညာယ- ထူးသောဉာဏ်၊ ဗောဓိယာ- သစ္စာသိတဲ့ဉာဏ်၊ နိဗ္ဗာနာယ- အငြိမ်းဓာတ်နိဗ္ဗာန် ရဖို့ရန်ဖြစ်ကြတယ်။

http://www.dhammadownload.com



ဒါကြောင့် အခု ယောဂီသူတော်စင်များဟာလဲပဲ ယနေ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဗောဇ္ဈင်၊ မြတ်စွာဘုရား ပွားများတော်မူခဲ့တဲ့ ဗောဇ္ဈင်၊ မြတ်စွာဘုရား အကြိမ်များစွာ သုံးစွဲခဲ့တဲ့ ဗောဇ္ဈင်ရတနာတွေကို သုံးစွဲနေကြရပြီ။

တစ်ချိန်မှာ မြတ်စွာဘုရားက အရှင်မောဂ္ဂလာန်နဲ့ အရှင်မဟာကဿပတို့ မကျန်းမမာဖြစ်ကြတော့ ဒီဗောဇ္ဈင် (၇)ပါးကို ရွတ်ဖတ်ပြီးတော့ ဟောပြီးတော့ ပေးလိုက်တာ။ ဝမ်းပမ်းတသာဖြစ်ပြီး အရှင်မြတ်ကြီးနှစ်ပါး ကျန်းမာကြတယ်။

တစ်ချိန်မှာတော့ ကိုယ်တော်တိုင် မကျန်းမမာဖြစ်တဲ့ အခါကျတော့ လေနာရောဂါ ဖိစီးနှိပ်စက်တော့ အရှင်စုန္ဒမထေရ် ဒီဗောဇ္ဈင် (၇)ပါးကို ရွတ်ဖတ်ပူဇော်ပေးတာ မြတ်စွာဘုရား ဝမ်းမြောက်တော်မူလို့ ကျန်းမာပြီးတော့ သွားခဲ့တယ်။

ဒါကြောင့် ကိလေသာရောဂါ ပျောက်ဖို့တင်မဟုတ်ဘူး။ ကာယရောဂါခေါ်တဲ့ ကိုယ်ရောဂါကိုလဲ ပျောက်ကင်းစေပါတယ်။

**တောင်ခွင်သာသနာပိုင်ဆရာတော်၏ မှတ်တမ်း**

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးရဲ့ မှတ်တမ်းမှာ "ဗောဇ္ဈင်္ဂသုတ်" ပရိတ်ကို ရွတ်ဖတ်နာကြားလို့ အသက်ရှည်တဲ့အကြောင်း မှတ်တမ်းတစ်ခု တွေ့ရတယ်။

ဖရုံစကု၊ ယာဂုမင်းကြီး
မဲထီးသရဏာ၊ သဖန်ကြဇ
မစုသာစည်၊ ရွှေပြည်ဗောဇ္ဈင်
ပြုပြင်ဒုတ်လှမ်း၊ ရပ်တန်းဒါန
အဒေါသမေတ္တာ၊ ဘုံကျော်မှာ
များစွာအာယုရှည်သတည်း။ ။

http://www.dhammadownload.com



စကုဆရာတော်ဘုရားကြီးက ဖရုံသီးစားလို့ အသက်ရာကျော် ရှည်တယ်။

မင်းကြီး ဆရာတော်ကြီးက ယာဂုကို ဘုဉ်းပေးလို့ အသက်ရာ ကျော်ရှည်တယ်။

အင်းဝက မဲထီးဆရာတော်ကြီးက သရဏဂုံကို ရွတ်ဖတ်ပွားများ နေတဲ့အတွက် အသက်ရာကျော်ရှည်တယ်။

သဖန်းဆရာတော်ကြီးက ကြဲဇူသီးဘုဉ်းပေးလို့ အသက်ရာကျော် ရှည်တယ်။

သာစည်ဆရာတော်ကြီးက ပျားရည်ဘုန်းပေးလို့ အသက်ရာ ကျော်ရှည်တယ်။

ရွှေပြည်ဆရာတော်ကြီးက ဗောဇ္ဈင်သုတ်ပရိတ်ကို များများရွတ် အသက်ရာကျော်ရှည်တယ်။

ဒုတ်လှမ်းဆရာတော်ကြီးက ဘုရားအိုး ကျောင်းအိုတွေ ပြုပြင်လို့ အသက်ရာကျော်ရှည်တယ်။

ရပ်တန်းဆရာတော်ကြီးက အလှူဒါနပြုပြုပြီးနေလို့ အသက်ရာ ကျော်ရှည်တယ်။

ဘုံကျော်ဆရာတော်ကြီးကျတော့ မေတ္တာ၊ ဘာဝနာပွားများလို့ အသက်ရာကျော်ရှည်တယ်။

မိုးညှင်းဆရာတော်ဘုရားတို့ ပခုက္ကူဆရာတော်ကြီးတို့ သက်တော်တွေဟာ ရှည်ကြတယ်။ မေတ္တာဘာဝနာ ပွားများလို့ အသက် ရှည်ကြတယ်။ အခုခေတ် (၁၀၀)ကျော် အသက်ရှည်ကြသူတွေဟာ "အကောင်းမြင်ဝါဒ" ရှိကြလို့ပါပဲတဲ့။ ဒီဗောဇ္ဈင်တရားရတနာတွေဟာ အသက်ရှည်ဆေး ဖြစ်ပါတယ်။ ဒါကြောင့်-

**ယေကေစိ ဩသဓာလောကေ၊**
**ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ။**
**ဓမ္မောသဓ သမံ နတ္ထိ၊**
**ဧတံ ပိဝထ ဘိက္ခဝေါ။**

http://www.dhammadownload.com



လောကေ- လောက၌၊ ယေကေစိ- အလုံးစုံကုန်သော၊ ဩသဓာ- ဆေးတို့သည်၊ ဝိဇ္ဇန္တိ- ရှိကြပါပေကုန်၏။ ဗဟူ- များစွာကုန်သော၊ ဩသဓာ- ဆေးတို့သည်၊ သံဝိဇ္ဇန္တိ- ရှိကြပါပေကုန်၏။ ဓမ္မောသဓသမံ- ဗောဇ္ဈင် (၇)ပါး တရားတော်ဆေးနှင့်တူသော ဆေးသည်၊ နတ္ထိ- မရှိပါပေ။ ဘိက္ခဝေါ- ရဟန်းတို့၊ တုမှေ- သင်တို့သည်၊ ဧတံ- ဓမ္မောသဓ မည်ရထူးဆန်း ဗောဇ္ဈင်တရား တည်းဟူသော ဆေးတော်ကြီးကို၊ ဗောဇ္ဈင်္ဂသုတ်- ပရိတ်တော်လာ ဗောဇ္ဈင်တရား ဆေးတော်ကြီးကို၊ ပိဝထ- သောက်ကြကုန်လော့။

အဲလို တိုက်တွန်းတော်မူတဲ့ စကားတော်အတိုင်း အခု ယောဂီများလဲ သတိသမ္ဗောဇ္ဈင် ထွက်လေ ဝင်လေကို ပွားများပြီးတော့ သတိသမ္ဗောဇ္ဈင်လဲ ပွားများခဲ့ကြပြီ။

ဝီရိယသမ္ဗောဇ္ဈင် ဆိုတာလဲ မပြောနဲ့တော့။ အဲဒီလို ဝီရိယအခြေခံပြီးတော့ ကျေနပ်တဲ့ ပီတိသမ္ဗောဇ္ဈင်။

ငြိမ်းအေးတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ စိတ်ရဲ့တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်တွေ ဖြစ်ပွားပြီးတော့ ဝိပဿနာပိုင်းမှာ ရုပ်နာမ်တွေကို ခွဲခြားသိတဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်။

ဓမ္မ- တရားတော်တွေကို၊ ဝိစယ- ခွဲခြမ်းဝေဖန်တတ်တဲ့ သစ္စာလေးပါး တရားသိတဲ့ သိနိုင်တဲ့ လောကုတ္တရာ မဂ်ဉာဏ်ရဲ့ အတောင်အတက် အချက်အလက်အင်္ဂါဖြစ်တယ်။ ဒါကြောင့်-

**သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊**
**ဝိဝေက နိဿိတံ၊ ဝိရာဂ နိဿိတံ၊**
**နိရောဓ နိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ။**

ယောဂီသူတော်စင်များဟာ သတိသမ္ဗောဇ္ဈင်ကို ပွားများစေတယ်။ ဖြစ်စေတယ်။ ဘယ်လိုမှ အထွဋ်အမြတ်ဖြစ်တဲ့ သတိသမ္ဗောဇ္ဈင်ဖြစ်သလဲဆိုရင်-

http://www.dhammadownload.com



ဝိဝေကနိဿိတံ- သင်္ခါရခေါ်တဲ့ ပလိဗောဓမှ ကင်းဆိတ်ခြင်းကိုလဲ မှီရမယ်၊ မှီနေတဲ့ သတိသမ္ဗောဇ္ဈင်။

ဝိရာဂနိဿိတံ- ရာဂကင်းခြင်းကိုလဲ မှီတယ်။

နိရောဓနိဿိတံ- ဝဋ်ဒုက္ခချုပ်ငြိမ်းခြင်းကိုလဲ မှီတယ်။

ဝေါ သဂ္ဂ ပရိဏာမိ- စွန့်လွှတ်ခြင်းကိုလဲ စိတ်ကညွတ်ခြင်းကိုလဲ မှီတယ်။ အဲဒီလိုမှီတဲ့-

သတိသမ္ဗောဇ္ဈင်၊

ဓမ္မဝိစယသမ္ဗောဇ္ဈင်၊

ဝီရိယ- ပီတိ- ပဿဒ္ဓိ- သမာဓိ- ဥပေက္ခာ သမ္ဗောဇ္ဈင်များ ပွားများမယ်ဆိုရင် လောကီဘုံနန်းက နေပြီးတော့ လောကုတ္တရာ ဘုံနန်း ရောက်နိုင်တယ်။

တစ်နည်းအားဖြင့် စကြာမင်းကြီးဟာ ရောက်တဲ့အရပ်တိုင်းမှာရှိတဲ့ တိုင်း၊ ခရိုင်၊ နိုင်ငံတွေကို သိမ်းပိုက်ပြီးတော့ ချမ်းချမ်းသာသာ အုပ်စိုးနိုင်သလို ဒီဗောဇ္ဈင် (၇)ပါး ရတနာတွေ တူပြိုင်ညီမျှမှု ရှိနေကြတဲ့ ယောဂီသူတော်စင်များဟာလဲပဲ သက္ကာယဒိဋ္ဌိနိုင်ငံကြီးကို ဖြိုဖျက်ပြီးတော့ ထာဝရငြိမ်းချမ်းရေး ခေါ်ဆိုရတဲ့ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီး။ အဲဒီရွှေမြို့တော်ကြီးမှာ သန္တိသုခ ခံစားနိုင်ပါတယ်။ ဒါကြောင့်-

**ယေကေစိ ဩသဓာလောကေ၊**

**သံဝိဇ္ဇန္တိ ဝိဝိဓာဗဟူ။**

**ဓမ္မောသဓ သမံနတ္ထိ၊**

**ဧတံ ပိဝထယောဂိနော။**

လောကေ- လောက၌၊ ယေကေစိ- အလုံးစုံကုန်သော၊ ဗဟူ- များစွာကုန်သော၊ ဩသဓာ- ဆေးတို့သည်၊ ဝိဇ္ဇန္တိ- ရှိကြပါပေကုန်၏။ တေသံ- ထိုဆေးတို့တွင်၊ ဓမ္မောသဓသမံ- တရားတော်တည်းဟူသော ဆေးနှင့်တူသော ဆေးသည်၊ နတ္ထိ- မရှိပါပေ။ တသ္မာ- ထို့ကြောင့်၊ ယောဂိနော- ယောဂီ သူတော်စင်အပေါင်းတို့သည်၊ ဧတံ- ဤတရား

http://www.dhammadownload.com



တော်တည်းဟူသော ဆေးတော်ကြီးကို၊ ဗောဇ္ဈင် (၇)ပါးတရားဆေးကို၊ ဇတံ- ဓမ္မဝိစယအမည်ရတဲ့ ဝိပဿနာဉာဏ်ဖြင့် တရားဓမ္မတို့ကို ခွဲခြမ်းဝေဖန်ခြင်း တည်းဟူသော ဆေးတော်ကြီးကို၊ ပိဝထ- မြိန်မြိန် ယှက်ယှက် နှစ်သက်ကြည်ဖြူ သောက်သုံးနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့။

**မဂ္ဂင် (၈)ပါး**

(၇)ခန်း ဟောစဉ်အရ မဂ္ဂင် (၈)ပါး ဟောလှည့်ရောက်လာပါတယ်။ မဂ္ဂင်ဆိုရင် မဂ္ဂ + အင်္ဂလို့ ပုဒ်ခွဲရပါတယ်။ နိဗ္ဗာန်သို့သွားရောက်ရန် အချက်အလက် အတောင်အတက်တို့ ဖြစ်ကြပါတယ်။

အဲဒီ မဂ္ဂင်က (၈)ပါးရှိပါတယ်။

- သမ္မာဒိဋ္ဌိ
- သမ္မာသင်္ကပ္ပ
- သမ္မာဝါစာ
- သမ္မာကမ္မန္တ
- သမ္မာအာဇီဝ
- သမ္မာဝါယာမ
- သမ္မာသတိ
- သမ္မာသမာဓိတို့ ဖြစ်ကြပါတယ်။

ဗုဒ္ဓဝေနေယျဖြစ်တဲ့ အရှင်အညာသိကောဏ္ဍည သန္တာန်မှာ သက္ကာယဒိဋ္ဌိနိုင်ငံကြီးနေရာမှာ သမ္မာဒိဋ္ဌိနိုင်ငံကြီး အစားထိုးပြီးတော့ တည်ဆောက်နိုင်ခဲ့တာ မဂ္ဂင်ရဲ့စွမ်းအား စွမ်းအင်ကြီးပါပဲ။

**အဘယ်ကြောင့် သမ္မာဒိဋ္ဌိ ဦးစွာဟော**

မဂ္ဂင် (၈)ပါးထဲမှာ သမ္မာဒိဋ္ဌိ။ အဲဒီ သမ္မာဒိဋ္ဌိ ရှေးဦးစွာ ဟောတော်မူရခြင်းက-

**ယောဂိနော ဗဟုပကာရတ္တာ ပထမံ သမ္မာဒိဋ္ဌိ ဒေသိတာ။**

ယောဂိနော- ယောဂီပုဂ္ဂိုလ်အား၊ ဗဟုပကာရတ္တာ- ကျေးဇူးများသည်၏အဖြစ်ကြောင့်၊ သမ္မာဒိဋ္ဌိ- သမ္မာဒိဋ္ဌိကို၊ ပထမံ- ရှေးဦးစွာ၊ ဒေသိတာ- ဟောတော်မူအပ်ပြီ။

http://www.dhammadownload.com



သမ္မာဒိဋ္ဌိ အမြင်မှန်ဟာ တော်တော်အရေးကြီးတယ်။ အထက်တန်းစား သမ္မာဒိဋ္ဌိကို မပြောပါဘူး။ အခြေခံ ကမ္မဿကတ အမြင်မှန်လေးရဖို့တောင်မှ မလွယ်ပါဘူး။

အမြင်မှန်ရခြင်းရဲ့ အကြောင်းဟာ (၂)မျိုးရှိပါတယ်။

**ဒွေမေ ဘိက္ခဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။**

သမ္မာဒိဋ္ဌိ အမြင်မှန် အယူမှန်ရဖို့ရန်အတွက် အကြောင်း (၂)မျိုး။

၁။ **ပရတော ဃောသောစ**- သူတစ်ပါးတို့ ဟောသံ၊ ပြောသံ။

၂။ **ယောနိသော မနသိကာရောစ** - မိမိက မှန်မှန်ကန်ကန် နှလုံးသွင်းခြင်း။

ပထမ သူတစ်ပါးတို့ရဲ့ စကားသံဟာ အရေးကြီးတယ်။ ကြားရတာက ဗုဒ္ဓတရားတော် ဟောသံကို ကြားရတယ်။ မိမိကလဲ နှလုံးသွင်း မှန်ကန်တယ်ဆိုရင် သမ္မာဒိဋ္ဌိ ဖြစ်နိုင်တယ်။

မိစ္ဆာဒိဋ္ဌိ ဖြစ်ဖို့ကျတော့ အကြောင်း (၂)မျိုး။

၁။ သူတစ်ပါးတို့ ဟောသံ ပြောသံရယ်။

၂။ မိမိကနှလုံးသွင်း မကောင်းတာရယ်။

ကြားနေရတဲ့ အသံတွေကလဲ ဘုရားအတုတို့ရဲ့ မကောင်းတဲ့အသံ၊ မမှန်တဲ့အသံတွေ ကြားနေရ။ မိမိကလဲ နှလုံးသွင်း မကောင်း၊ မမှန်ဘူးဆိုရင် မိစ္ဆာဒိဋ္ဌိ အမြင်မှားနိုင်တယ်။ ကမ္ဘာ့လူထုကြီး စစ်မှန်တဲ့ ဗုဒ္ဓရဲ့ဟောသံ၊ ပြောသံ ကြားနိုင် ကြပါစေ၊ ကြားနာခွင့်ရကြပါစေလို့ပဲ ဆုတောင်းရတယ်။

## အကြံကောင်းတွေ

အရှင်အညာသိကောဏ္ဍည လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာနဲ့သုံးလ ခုနစ်ရက်က-

http://www.dhammadownload.com



အရှင်မြတ်ကြီးရဲ့သန္တာန်မှာ သက္ကာယဒိဋ္ဌိ နိုင်ငံကြီး ဖြိုခွင်းပြီးတော့ သမ္မာဒိဋ္ဌိနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပြီးတော့-

"သမ္မာဒိဋ္ဌိဿ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ ပဟောတိ"

သမ္မာဒိဋ္ဌိ ဓမ္မသောတ တရားအယာဉ်ကြီး၊ အဲဒီ တရားအယာဉ်ကြီး သမ္မာဒိဋ္ဌိနိုင်ငံတော်ကြီး **တည်ဆောက်နိုင်**တော့ သမ္မာသင်္ကပ္ပ ဒီသံသရာကြီးမှ ထွက်မြောက်ရန် အကြံတွေ၊ မြုံးမိနေတဲ့ ငါးကလေးဟာ ဒီမြုံးထဲက ထွက်ပေါက်ပဲရှာနေသလို၊ လှောင်ချိုင့်ထဲမှာထားတဲ့ ငှက်ကလေး ထွက်ပေါက်ပဲ ရှာနေသလို။

အနမတဂ္ဂသံသရာမှာ ဝဋ္ဋဒုက္ခသံသရာကြီးထဲမှာ နစ်မြုပ်မျော ပြီးတော့နေတော့ သံသရာကြီးထဲက ထွက်ပေါက်ရှာပြီးနေတာ၊ ကြံစည်နေတာ နေက္ခမ္မသင်္ကပ္ပ။

အဗျာပါဒသင်္ကပ္ပ ဆိုတာ သူတစ်ပါးအသက်ကို မသေစေချင်တဲ့ အကြံအစည်၊ အခုယောဂီများ မေတ္တာပွားနေတာ ဒီသမ္မာသင်္ကပ္ပ ဒီအကြံအစည်နဲ့ပါပဲ။

အဝိဟိံသင်္ကပ္ပဆိုတာ သူတစ်ပါးကို မပင်ပန်း မန္ဒမ်းစေချင်တာ။ ဟော- သမ္မာသင်္ကပ္ပ။ စဉ်းစားကြီးကြည့်တဲ့အခါကျတော့ ဒီတရားတွေဟာ "ကုသိုလ်တွေအားလုံးဟာ နေက္ခမ္မသင်္ကပ္ပ"၊ နေက္ခမ္မရဲ့ အရက ဘာလဲလို့ဆိုတော့-

**ပဗ္ဗဇ္ဇာ ပဌမဇ္ဈာနံ၊**
**နိဗ္ဗာနဉ္စ ဝိပဿနာ။**
**သဗ္ဗေပိ ကုသလာဓမ္မာ၊**
**နေက္ခမ္မန္တိ ပဝုစ္စရေ။**

၁။ ရဟန်းပြုခြင်း၊ သာသနာနွယ်ဝင် သီလရှင်ဝတ်ခြင်း၊ ရှင်သာမဏေပြုခြင်း၊ အဲဒါ လူ့ဝတ်ကြောင်ဘဝမှ ထွက်မြောက်တဲ့ အတွက်ကြောင့် နေက္ခမ္မ၊

http://www.dhammadownload.com



ရှင်သာမဏေဝတ်ဖို့ ရဟန်းဝတ်ဖို့ သီလရှင်ဝတ်ဖို့ အကြံအစည်ဟာ နေက္ခမ္မသက်ပ္ပ။ တော်ရုံတန်ရုံနဲ့ မကြံစည်နိုင်ပါဘူး။ မှန်ကန်တဲ့ အမြင်ရှိမှ ကြံစည်နိုင်ပါတယ်။

၂။ ပထမစျာန်ဟာ နီဝရဏတရားတို့မှ ထွက်မြောက်လာတဲ့ အတွက်ကြောင့်မို့ နေက္ခမ္မ၊

၃။ နိဗ္ဗာန်ဟာ တဏှာမှထွက်မြောက်၊ သင်္ခါရတရားတို့မှ ထွက်လာတဲ့အတွက် နေက္ခမ္မ၊

၄။ ဝိပဿနာ အခုယောဂီသူတော်စင်များ ဝိပဿနာဉာဏ် သူသိ ငါသိ ကမ္ဘာသိကို ကျော်ပြီးတော့မှ ထူးခြားတဲ့အမြင်၊ ဒီထူးခြားတဲ့ အမြင်ခေါ်တဲ့ နိစ္စနိမိတ် စသည်တို့မှ ထွက်မြောက်လာတဲ့အတွက် ကြောင့်မို့ ဝိပဿနာဟာလဲ နေက္ခမ္မ၊

ခြုံပြီးတော့ပြောရင် ကုသိုလ်တရားအားလုံးဟာ နေက္ခမ္မပါပဲတဲ့။

အဲဒီ နေက္ခမ္မသက်ပ္ပ ရဟန်းပြုဖို့အကြံအစည်၊ ရှင်သာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်ဝတ်ဖို့ အကြံအစည် နေက္ခမ္မသက်ပ္ပ၊

ပထမစျာန် သမာဓိရအောင် အားထုတ်လို့ရလာတဲ့ ပထမစျာန်သည် နေက္ခမ္မ၊

ဝိပဿနာဉာဏ်အစဉ်သည် နေက္ခမ္မ၊

နိဗ္ဗာန်သည် နေက္ခမ္မ၊

ကုသိုလ်တရားအားလုံးသည် နေက္ခမ္မ၊

အဲဒီ နေက္ခမ္မကို ကြံစည်ပြီးတော့နေတာဟာ နေက္ခမ္မသက်ပ္ပ။

ဒါလဲ ဉာဏ်အမြင်ရှိမှ နေက္ခမ္မသက်ပ္ပ၊ အဗျာပါဒသက်ပ္ပ၊ အဝိဟိံသသက်ပ္ပ၊ ဒီတရားတွေဟာ တိုးပွားပါတယ်။

သမ္မာဒိဋ္ဌိနိုင်ငံကြီး တည်ဆောက်နိုင်မှ မိမိသန္တာန်မှာ သမ္မာသက်ပ္ပမဂ္ဂင်လဲ တိုးပွားနိုင်ပါတယ်။

ကောင်းတဲ့အကြံအစည်ရှိတဲ့ ပုဂ္ဂိုလ်အား သမ္မာဝါစာ ဖြစ်ပါတယ်။ အကြံအစည်ကောင်းမှတော့ ဟော- လိမ်ညာပြီး ဘယ်ပြောတော့မလဲ။

http://www.dhammadownload.com



ဂုံးချောစကား၊ ရန်တိုက်တဲ့စကား၊ ကြမ်းကြုတ်တဲ့စကား၊ အကျိုးမရှိတဲ့စကား မပြောတော့ဘူး။ သမ္မာဝါစာ။

အဲဒီလို စကားကောင်းရှိတဲ့ ပုဂ္ဂိုလ် အသံထွက်ကလဲကောင်းလာပြီဆိုတော့ ဟော- သူ့ရဲ့ကာယကံ- သူတစ်ပါးအသက်ကို သတ်ဖြတ်မှု မရှိတော့ဘူး။

သတ်ဖြတ်ခြင်းမှ ရှောင်ပြီ။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ပြီ။ သူတစ်ပါးပိုင်သတဲ့ ဝတ္ထုအာရုံတို့ကို ကျူးကျော်စော်ကားခြင်းမှ ရှောင်ပြီ။ သမ္မာကမ္မန္တ။

အဲဒီလို သမ္မာဝါစာ စကားလဲကောင်းပြီ။ သမ္မာကမ္မန္တ အပြုအမူလဲ ကောင်းပြီဆိုတော့ ကာယကံမှု၊ ဝစီကံမှုက လုံခြုံတော့ အသက်မွေးဝမ်းကြောင်းကလဲ ဖြောင့်မှန်တဲ့ သမ္မာအာဇီဝ ဖြစ်ပြီ။

အဲဒီလို အသက်မွေးဝမ်းကျောင်း ဖြောင့်မှန်အောင်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကုသိုလ်ဆောင်တဲ့နေရာမှာ လုံ့လဝီရိယရှိလာပြီ။ ဒါသမ္မာဝါယာမ၊

အဲဒီလို သမ္မာဝါယာမ ကောင်းမွန်တဲ့ လုံ့လရှိတဲ့ပုဂ္ဂိုလ်မှ သမ္မာသတိ ဖြောင့်မှန်တဲ့သတိလေး ဖြစ်ပေါ်တယ်။

ယောဂီများ လက်တွေ့ပဲ။ ထွက်လေ ဝင်လေလေး နှာသီးဖျားက ထွက်ခိုက် ဝင်ခိုက်လေးကို ဝီရိယထားပြီး အားထုတ်ခဲ့ကြလို့ကောင်းမွန်တဲ့ သတိလေး မဂ္ဂင်လေး လောကီမဂ္ဂင်လေး ရရှိခဲ့ကြတယ်။

အဲဒီလို ကောင်းမွန်တဲ့ သတိရှိတဲ့ ပုဂ္ဂိုလ်ဟာ **"သမ္မာသတိဿ သမ္မာသမာဓိ ပဟောတိ"**။ သမ္မာသတိဿ- ကောင်းမွန်တဲ့ သတိရှိသော ပုဂ္ဂိုလ်အား၊ သမ္မာသမာဓိ- စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ရှက်တဲ့ သမာဓိသည်၊ ပဟောတိ- တိုးပွားပြီးတော့ လာတယ်။

အဆင့်ဆင့် တိုးပွားလာပုံလေး။ ဒါကြောင့် ယနေ့ယောဂီသူတော်စင်များ အားထုတ်ကြရတာဟာ **သီလ-** စောင့်ထိန်းခဲ့ကြရပြီ။ **သမာဓိ-** သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဒီလမ်းအတိုင်းပဲလိုက်ခဲ့ကြရတယ်။

http://www.dhammadownload.com



**မဇ္ဈိမ ပဋိပဒါ**

သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ စတဲ့ မဇ္ဈိမပဋိပဒါလမ်းလဲ လိုက်ခဲ့ကြပြီ။ အဲဒီ မဇ္ဈိမပဋိပဒါကို-

**အယံ ခေါ်သော ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ။**

ထိုလမ်းကောင်းအကျော် လမ်းမတော်ကျင့်စဉ်ကြီးကို ငါဘုရားသိမြင်အပ်ပြီ။ အဲဒီကျင့်စဉ်သည် စက္ခုကရဏီ- ဉာဏ်မျက်စိကိုလဲ ဖြစ်အောင် ပြုတတ်ပါတယ်။ ဉာဏကရဏီ- ဉာဏ်ကိုလဲပဲဖြစ်အောင် ပြုတတ်ပါတယ်။ ဥပသမာယ- ငြိမ်းချမ်းဖို့လဲ ဖြစ်ပါတယ်။ အဘိညာယ- ဉာဏ်အမြင်ထူးထွေ ဖြစ်ပေါ်ဖို့လဲ ဖြစ်ပါတယ်။

သမ္ဗောဓာယ- သစ္စာလေးပါးများသိဖို့လဲ ဖြစ်ပါတယ်။

**မဂ္ဂင်မရှိရာ အရိယာမရှိ**

ဗုဒ္ဓဝေနေယျထဲမှာ ပထမဆုံး အရှင်အညာသိကောဏ္ဍညနှင့် တကွ ပဉ္စဝဂ္ဂီငါးဦး တစ်ဆယ့်ရှစ်ကုဋေသော ဖြဟ္မာတို့အား မဂ္ဂင် (၈)ပါး ဟောသလိုပဲ နောက်ဆုံးသာဝက သုဘဒ္ဒကျတော့လဲ ဒီအတိုင်းပဲ ဟောတာပါပဲ။

သုဘဒ္ဒ- မဂ္ဂင် (၈)ပါး မဇ္ဈိမပဋိပဒါရှိတဲ့နေရာမှာ သောတာပန် ရဟန်းဆိုတာ ရှိတယ်။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ ရှိတယ်။

မဂ္ဂင် (၈)ပါးမရှိတဲ့ နေရာမှာ သာသနာပမှာ အရိယာရဟန်း အားလုံး မရှိနိုင်ဘူး။

**ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ။ ဣဓေဝ ပထမော သမဏော (ပ)။**

သုဘဒ္ဒ- သုဘဒ၊ ဣမသ္မိံ ဓမ္မဝိနယေ- ဤတရားသဖြင့် ဆုံးမရာ ငါဘုရားသာသနာတော်၌၊ အရိယော- မြတ်သော၊ အဋ္ဌင်္ဂိကော- အင်္ဂါ (၈)ပါးရှိသော၊ မဂ္ဂေါ- လမ်းစဉ်ကို၊ ဥပလဗ္ဘတိ- ရအပ်၏။ ဣဓေဝ-

http://www.dhammadownload.com



ဤသာသနာတော်၌သာလျှင်၊ ပထမော- ရှေးဦးစွာသော၊ ပထမော သမဏော- ပထမသောတာပန်ရဟန်းသည်၊ အတ္ထိ- ရှိ၏။

သုဘဒ် မွန်မြတ်တဲ့ လမ်းစဉ်ရှိတဲ့ မဂ္ဂင်ရှိတဲ့သာသနာ အဲဒီ သာသနာမှာပဲ ပထမရဟန်းခေါ်တဲ့ သောတာပန်၊ ဒုတိယရဟန်းခေါ်တဲ့ သကဒါဂါမ်၊ တတိယရဟန်းခေါ်တဲ့ အနာဂါမ်၊ စတုတ္ထရဟန်းလို့ခေါ်တဲ့ ရဟန္တာရှိနိုင်တယ်။

**မရှိလေးမျိုး**

**အကာသေဝ ပဒံ နတ္ထိ၊**

**သမဏော နတ္ထိ ဗာဟိရေ။**

**သင်္ခါရာ သဿတာ နတ္ထိ၊**

**နတ္ထိ ဗုဒ္ဓါန မိဥ္ဇိတံ။**

ကောင်းကင်မှာ ခြေရာရှိသလားတဲ့ မြတ်စွာဘုရားက စဉ်းစား ကြည့်ကြ၊ ကောင်းကင်မှာ ငှက်ခြေရာ၊ လူခြေရာ၊ နတ်ခြေရာ၊ ပြဟ္မာ ခြေရာ မရှိ။

**သမဏော နတ္ထိ ဗာဟိရေ**

ဗာဟိရေ- ငါဘုရားသာသနာမှ တစ်ပါးသော ပြင်ပအယူဝါဒ၌၊ သမဏော- အရိယာရဟန်းသည်၊ နတ္ထိ- မရှိပေ။

ကောင်းကင်မှာ ခြေရာမရှိသလိုပဲ။ ဗုဒ္ဓဘာသာမှတစ်ပါး အခြား ဘာသာတို့မှာ သမဏအရိယာရဟန်း မရှိဘူး။

ဘာကြောင့်လဲ။ မဂ္ဂင်မရှိလို့ပါပဲ။

သင်္ခါရာ သဿတာ နတ္ထိ- သင်္ခါရတရား မြဲတယ်မရှိ။

နတ္ထိ ဗုဒ္ဓါန မိဥ္ဇိတံ- လောကဓာတ်တရားဆိုး တရားပျက်တွေ ဖျက်လို့ ပုတ်ခတ်လို့ ဘုရားရှင်ရဲ့စိတ်တော်ဟာ တုန်လှုပ်မှုမရှိဘူး။ မရှိလေးပါး။

http://www.dhammadownload.com



- ကောင်းကင်မှာ ခြေရာမရှိ၊
- သာသနာ့ပြင်ပမှာ အရိယာရဟန်း မရှိ။ ဘာကြောင့်လဲ မဂ္ဂင်ကျင့်စဉ် မရှိလို့။

အဲဒီ မဂ္ဂင် (၈)ပါးကျင့်စဉ်ဟာ ပထမဆုံး မြတ်စွာဘုရား တရားဦးဟောတော့လဲ ဒီမဂ္ဂင် (၈)ပါးကို ဟောတော်မူတယ်။

ပရိနိဗ္ဗာန် စံခါနီးကျတော့လဲ ဒီမဂ္ဂင် (၈)ပါးပဲ။

**အသံမမြည်တဲ့ရထားကြီး**

အဲဒါကြောင့် အဲဒီမဂ္ဂင် (၈)ပါးကို "အကူဇဝ" အသံမမြည်တဲ့ ရထားကြီး၊ အသံမမြည်တဲ့ ရထားလို့ခေါ်တယ်။

နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ဖြောင့်ဖြောင့်သွားနိုင်တဲ့ ရထားကြီး။

အဲဒီရထားကြီးကို ကိုယ်တိုင်ကိုယ်ကျ တက်စီးပြီးတော့မှ ရောက်နိုင်ကြတယ်။ ဒါကြောင့်-

**တေ ဒတ္တနိ သမ္ဘုတံ၊**
**ဗြဟ္မယာနံ အနုတ္တရံ၊**
**နိယျန္တိ ဓီရာ လောကမှာ၊**
**အညဒတ္ထု ဇယံ ဇယံ။**

ယေသံဓီရာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် အကြင်ပညာရှင်တို့အား (အရိယာမဂ္ဂင် ရထားကြီးကို လေးစားခုံမင်ကြတဲ့ အရှင်အညာသိကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ အစဖြာပြီးတော့ အရှင်သုဘဒ္ဒ အစရှိကုန်သော အရှင်မြတ်ကြီးတို့အား)

အနုတ္တရံ- ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ် ထားယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေထသော၊ (ဘယ်ယာဉ်နဲ့မှ မနှိုင်းယှဉ်နိုင်ဘူး။)

http://www.dhammadownload.com



အတ္တနိသမ္မုတံ- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော (ကိုယ်စွမ်းလုံ့လနဲ့ အသုံးချ၊ မဂ္ဂင် (၈)ပါးလုံး အသုံးချ၊ အရှင်အာနန္ဒာ မထေရ်မြတ်ကြီး တစ်သက်တာ ကာလပတ်လုံး ဘုရားနောက်လိုက်ပြီးပြုစု၊ ဘုရားနောက်လိုက် တရားတော်တွေသင်ဆောင်၊ ပရိနိဗ္ဗာန်စံခါနီးကျတော့ မြတ်စွာဘုရားက အားပေးခဲ့ရတယ်။ ပဓာနံ အနုယုဥ္ဇ- တရားအားထုတ်ပါ။ မာသောစိ- မစိုးရိမ်နဲ့။ မာပရိဒေဝိ- မငိုကြွေးနဲ့။ ပဓာန မနုယုဥ္ဇ- တရားသာ အားထုတ်ပါတဲ့။

**"ကတပုညောသိ တွံ အာနန္ဒ"**

အာနန္ဒာ- အာနန္ဒာ၊ တွံ- သင်သည်၊ ကတပုညော- ကုသိုလ်ကံရှိတဲ့ ဘုန်းရှင်ကံရှင်သည်၊ အသိ- ဖြစ်ပါပေ၏။ အာနန္ဒာ- သင်ဟာ ဘုန်းရှင်ကံရှင်ပဲ တရားသာအားထုတ်။

**"ခိပ္ပံ ဟောတိသိ အနာသဝေါ"**- မဂ္ဂင်လမ်းစဉ်အတိုင်းသာ အားထုတ်၊ မကြာခင် ရဟန္တာဖြစ်လိမ့်မယ်လို့ အားပေးတော်မူခဲ့တယ်။

အတ္တနိ သမ္မုတံ- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊

အရှင်အာနန္ဒာဟာ လမ်းလျှောက်ပြီး တရားအားထုတ်တော့လဲ တရားမရ။ ထိုင်ပြီး အားထုတ်တော့လဲ တရားကမရ၊ တစ်ခါထဲ သံဂါယနာတင်ပွဲကြီးမှီဖို့ ကြိုးစားလိုက်တာ။

ဘုရားပရိနိဗ္ဗာန်စံပြီးနောက် သုံးလနဲ့ငါးရက်ကြာတော့ ဆင်နွှဲတဲ့ သံဂါယနာပွဲကြီးမှာ ရဟန္တာအဖြစ်နဲ့ အမှီနွှဲချင်တာနဲ့ ကြိုးစားလိုက်တာ။ လမ်းလျှောက်ရင်းလဲ မရ။ ထိုင်အားထုတ်လဲမရ။ နောက်ဆုံးကျတော့ နားပါအုန်းမယ်လေလို့ ဆိုပြီးတော့။

ညောင်စောင်းပေါ်မှာ လျောင်းတော့မယ်ဆိုပြီးတော့ လှဲလိုက်တော့ အရှင်အာနန္ဒာ တရားထူးရတာ အင်မတန်ဆန်းတယ်။

http://www.dhammadownload.com



ခေါင်းအုံးလဲ ဦးခေါင်းမရောက်သေးဘူး။ ထိုင်နေတာလဲ မဟုတ်ဘူး။ အဲဒီအချိန်လေးမှာ တရားရတယ်။

မြတ်စွာဘုရား စကားတော် "ပဓာန မနုယုဥ္ဇ"- တရားသာ အားထုတ်၊ "ခိပ္ပံဟောဟိသိ အနာသဝေါ"- မကြာခင် လျှင်မြန်စွာ ရဟန္တာ ဖြစ်လိမ့်မယ်လို့ အားပေးစကားအရ အားထုတ်လိုက်တာ။

အရှင်အာနန္ဒာရဲ့ ရဟန္တာအဖြစ်ဟာ ဣရိယာပုထ်လေးပါးမှ လွတ်တယ်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ သွားနေတာလဲ မဟုတ်ဘူး။ ထိုင်နေတာလဲ မဟုတ်ဘူး။ လျောင်းနေတာလဲ မဟုတ်ဘူး။ ရပ်နေတာလဲ မဟုတ်ဘူး။

သွား၊ ရပ်၊ ထိုင်၊ လျောင်းလေးပါးသော ဣရိယာပုထ်မှ လွတ်ပြီးတော့ ရဟန္တာဖြစ်ခဲ့တယ်။

ပရိနိဗ္ဗာန် စံတော့လဲ အဆန်းပဲ။ ကောင်းကင်မှာ ပရိနိဗ္ဗာန် စံတယ်။ စံပြီးတော့ "ငါ့ခန္ဓာကိုယ် ဟိုဘက်ကမ်း ခန္ဓာကိုယ်တစ်ခြမ်း၊ ဒီဘက်ကမ်း ကိုယ်တော်မြတ်ရဲ့ ခန္ဓာကိုယ်တစ်ခြမ်း အဓိဋ္ဌာန်ပြီး ထားခဲ့တယ်။"

အရှင်ရာဟုလာရဲ့ ပရိနိဗ္ဗာန်ကလဲ အဆန်းပါပဲ။ ပရိနိဗ္ဗာန် စံတော့ နတ်ပြည်မှာ ပရိနိဗ္ဗာန်စံတာကိုး။ အတ္တနိသမ္ဘူတံ- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ (အရှင်မြတ်ကြီးများ ကိုယ်စွမ်းလုံ့လ အသုံးချကြ)

ဇတံ ဖြဟ္မာယာန်- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ထိုမြတ်ရထားသည်၊ အတ္ထ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားပုံသေ ရှိပါပေ၏။

တေဓိရာ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခုံမင် ထိုထိုပညာရှင်တို့သည်၊ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင်လျှင်၊ ဇယံ ဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်၊ (ကိလေသာရန်သူတွေ အောင်ပြီ)

http://www.dhammadownload.com



လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ (ဘေးတွေဝိုင်းအုံနေတဲ့ လောကကြီးထဲမှာ လုံးချာလိုက်ပြီး မနေပဲနဲ့)

လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တိ- ထွက်မြောက်တော်မူကြလေကုန်၏။ နိယျန္တိ- ကြည်လင်အေးမြ သက်သာရလျှက် ထွက်မြောက်တော်မူကြလေကုန်၏။ ဇဝံတထာ- ထို့အတူ၊ တုမ္ဟေပိ- သင်ယောဂီသူတော်စင်အပေါင်းတို့သည်လဲပဲ၊ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင်လျှင်၊ အနုတ္တရေန- ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ ဟုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊ အတ္တနိသမ္မာတေန- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဧတေန ပြဟ္မယာနေန- မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စက်ယှဉ်ဆင်ထား ထိုအသံတိတ်ယာဉ်ရတားကြီးဖြင့်၊ အညဒတ္ထု- စင်စစ်ဧကန်အမှန်ပင်လျှင်၊ ဇယံ ဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်၊ လောကမှာ- အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ၊ နိယျန္တု- ကြည်လင်အေးမြ သက်သာရာရလျှက် ထွက်မြောက်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စခန်းသိမ်းအောင်ပွဲ

ဒီနေ့ (၁၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း အောင်ပွဲခံတဲ့နေ့။

**တစ်ဆင့်ပြီးတစ်ဆင့် နက်ရှိုင်းလာ**

မြတ်စွာဘုရား သာသနာတော်မှာ ဘုရားရှင်ကိုယ်တော်မြတ် (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို အဆီထုတ်လို့ အနှစ်ထုတ်လိုက်မယ်ဆိုရင် ဗောဓိပက္ခိယ (၃၇)ပါးရတယ်။

အဲသလို ပိဋကတ် (၃)ပုံကို အဆီထုတ် အနှစ်ထုတ်လိုက်တော့ ဗောဓိပက္ခိယ (၃၇)ပါး အခန်းကြီး (၇)ခန်းနဲ့ မြတ်စွာဘုရား ဟောထားတဲ့အတိုင်း-

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပဌမလယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုချက် နည်းမှီပြီး (၇)ရက် (၇)ခန်း ခွဲခြားပြီးတော့ ဟောကြားခဲ့တယ်။

အဲလို ဟောကြားခဲ့တော့ မြတ်စွာဘုရား တရားဟောစဉ်ကို ကြည့်မယ်ဆိုရင်-

**အနုပုဗ္ဗိ ကထာနဲ့ သာမုက္ကံသိက ကထာ။**

လို့ ဟောစဉ် ပြောစဉ် (၂)မျိုး တွေ့ရတယ်။

အနုပုဗ္ဗိကထာဆိုတာကတော့ ပုဂ္ဂိုလ်အားလျော်စွာ ဒါနစကား၊ သီလစကား၊ နတ်ပြည် နတ်ရွာနဲ့ ပတ်သက်တဲ့စကား။

ဝတ္ထုအာရုံ ကာမဂုဏ်တို့ရဲ့အပြစ် ဝတ္ထုအာရုံ ကာမဂုဏ်တို့မှ ထွက်မြောက်ပုံစကားတွေ အကျိုးတရားတွေ၊ ဒီစကားတော်တွေကို ဟောကြားပြီးတဲ့အခါကျမှ၊ ခန့်ငြားတဲ့စိတ်, နူးညံ့တဲ့စိတ်, တတ်ကြွတဲ့စိတ် ဖြစ်လာပြီဆိုတော့မှ မြတ်စွာဘုရားက သစ္စာလေးပါးကို ဟောတယ်။ ဒါက ဟောစဉ်တစ်မျိုး။

http://www.dhammadownload.com



ပဥ္စဝဂ္ဂီငါးဦးထဲက အရှင်အညာသိကောဏ္ဍည ပထမ ဗုဒ္ဓဝေနေယျကြီး ဖြစ်တော်မူတဲ့ အရှင်အညာသိကောဏ္ဍည အစရှိတဲ့ ပဥ္စဝဂ္ဂီငါးဦးတို့ ပထမဆုံး တရားပွဲမှာတော့ မြတ်စွာဘုရားက-

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။

အစွန်း (၂)ဖက် (၂)လမ်းကို ရှောင်တဲ့။ အလယ်လမ်း သွားကြလို့ ဆိုပြီးတော့

"ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"

လို့ သစ္စာလေးပါးတရားပဲ တိုက်ရိုက်ဟောတာ။ ဒါက သာမုက္ကံသိက ဒေသနာတဲ့။

သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကိုယ်တိုင်ထုတ်ပြီးတော့ သိမြင်တဲ့ တရားတော်မျိုးကို ဟောတာပါ။

အဲဒီလို တရားဟောနည်းက အခြေခံကစပြီးတော့ ဟောပြောလာတာက တစ်မျိုး။

သစ္စာလေးပါး တရားကို တောက်လျှောက်တန်းဟောတာက တစ်မျိုး။

ပုညကိရိယဝတ္ထု ဆယ်ပါးတို့ကျတော့ ဒါန၊ သီလ၊ ဘာဝနာလို့ ဒီလို ဟောတယ်။

ဒါန၊ သီလ၊ ဘာဝနာ ပြုကျင့်ရမယ့်တရားတွေ ပြုရမယ့်တရားတွေ ဘာတွေလဲ။ ဒါန၊ သီလ၊ ဘာဝနာ။

ဒါနကို အရင်ဆုံးဟောတယ်။ ဘာကြောင့် မြတ်စွာဘုရား ဒါနကို အရင်ဟောတော်မူသလဲဆိုတော့-

ပစုရ ဇနေသု ပဝတ္တတ္တာ- လူအများမှာ ဖြစ်သောကြောင့်လည်းကောင်း၊ သုကရတ္တာ- ပြုဖို့ရာ လွယ်ကူသောကြောင့်လည်းကောင်း၊ ပထမဆုံး ဒါနနဲ့ ပတ်သက်တာကို ရှေးဦးစွာဟောတော်မူပါတယ်။

ဒါနဟာ လူအများမှာဖြစ်တယ်။ ဒါနဆိုတာ စွန့်ကြဲတာ **ပေးကမ်း** တာ ထောက်ပံ့တာ မှန်ပါတယ်ကွဲ့။ ဒါနကုသိုလ်ဟာ ဗုဒ္ဓဘာသာများမှာ

http://www.dhammadownload.com



လဲဖြစ်တယ်။ အခြားအခြားဘာသာတွေမှာ ထောက်ပံ့မှု၊ ပေးကမ်းမှု၊ ရေဘေးထောက်ပံ့မှု၊ ကယ်ဆယ်ရေးလုပ်ငန်း၊ မီးဘေးထောက်ပံ့ကြေး တွေ၊ လျှော်ဘေး ထောက်ပံ့တာ၊ သာမန်အားဖြင့် ပြောမယ်ဆိုရင် မိမိရဲ့ သားငယ် သမီးငယ်တို့ ကျွေးတာ မွေးတာတွေကစပြီး ဒါနမည်တာကိုး။

ဒါကြောင့်မို့ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးမှာ ဒါနခန်းတွေ ဖြစ်နေတယ်လို့ ပြောရမှာပါ။

အယုတ်ဆုံးပြောမယ်ဆိုရင် မိမိတို့အိမ်မှာ မွေးထားတဲ့ ခွေးငယ်၊ ကြောင်ငယ်များ ကျွေးထားသည်ကပင်လျှင် ဒါနတစ်မျိုးပဲ။

ဒါနကုသိုလ်တွေမှာ သာသနာတွင်းဒါန၊ သာသနာပဒါန ကတော့ ကွာတာပေါ့။ သာသနာတွင်းဒါန၊ သာသနာပဒါန မခွဲခြားပဲနဲ့ ပြောမယ်ဆိုရင် ဒါနဟာ ကမ္ဘာသူ ကမ္ဘာသားအားလုံး ပြုခွင့်ရနေကြတဲ့ ကုသိုလ်မျိုးပါပဲ။

သို့သော်လဲ သာသနာတွင်းကုသိုလ်၊ သံဃိကကုသိုလ်တို့ ကျတော့ သာမန်ပုဂ္ဂိုလ်တွေ မဖြစ်နိုင်၊ မပြုနိုင်ကြပြန်ဘူး။

သုကရတ္တာ- ပြုရလဲ လွယ်ကူတယ်။ မိမိမှာ အဝတ် (၃)ထည် ရှိလို့ တစ်ထည်ပေးတာ လွယ်တယ်။

ဘာမှ ကိုယ်ရယ်၊ နှုတ်ရယ် ထိန်းသိမ်းစရာမလိုဘူး။ ဒါကြောင့်မို့ ဒါနကနေတစ်ဆင့်တက် သီလ။ သီလကျတော့ "မုသားဆိုပြော၊ ဂုံးချော ရန်တိုက်၊ အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အပြိန်းစကား နေ့စဉ်ပွား **လေးပါးဝစီကံ**"။

နှုတ်ကို ထိန်းလာရတာ လိမ်ညာမပြောဘူး။ ဂုံးတိုက်စကား မပြောဘူး။ ဆဲရေးခြိမ်းခြောက်မှု မပြုဘူး။ အကျိုးမရှိတဲ့ အပြိန်းစကား မပြောဘူး။

နှုတ်ကို စောင့်ထိန်းတာလေးမျိုး။ သမ္မာဝါစာ- နှုတ်ကို စောင့် ထိန်းဖို့ကျတော့ ထိန်းလာရပြီ။ ဒီသီလနယ်ပယ်ကျတော့ လုံခြုံတာ အင်မတန်ရှားတယ်။

http://www.dhammadownload.com



မုသာဝါဒဆိုရင်လဲ ပြောနေကြတာပဲ။ ဒါပါးစပ်ကနေပြီးတော့ နှုတ်ကို မထိန်းနိုင်ကြဘူး။ ပါးစပ်မှာတောက်လောင်တဲ့မီးတွေ များတယ်။

"သက်သတ်ခိုးမှု၊ ကာမေသု"တို့မှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သီလဆောက်တည်ထားတော့ ကိုယ်ကိုထိန်းရတယ်။ အဲဒီတော့ ကိုယ်ရယ်၊ နှုတ်ရယ် ထိန်းတာ ကို သီလလို့ခေါ်ရတယ်။

ဒီအပိုင်းမှာ ဒါနပြုသူနဲ့စာရင် သီလစောင့်ထိန်းသူ နည်းသွားပြီ။ ကမ္ဘာ့လူဦးရေသန်းပေါင်း (၆၀၀၀)ကျော် ရှိတာထဲက သီလအမျိုးမျိုးကို ဆောက်တည်ပြီး လူတွေမှာ အာဇီဝဋ္ဌမကသီလဟာ နိစ္စသီလမျိုး၊ ငါးပါး သီလဟာလဲ နိစ္စသီလပါပဲ။

(၈)ပါးသီလ၊ (၁၀)ပါးသီလတို့ကတော့ အမွန်းတင်သီလတွေပါ။ ရဟန်းတော်များသီလ၊ ရှင်သာမဏေများသီလ၊ သီလနယ်ကို ကြည့်ပြန် တော့ လူတို့ရဲ့ငါးပါးသီလ နိစ္စသီလ၊ အာဇီဝဋ္ဌမကသီလ နိစ္စသီလမျိုး တွေ စောင့်ထိန်းသူ, ဒါနပြုသူလောက် မများဘူး။

နောက်ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ ပစ္စယသန္နိဿိတသီလ၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလများကျတော့ တစ်သောင်း တစ်ယောက် ဆိုသလိုပဲ။

ဣန္ဒြိယသံဝရသီလ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)မျိုးကို ထိန်းသိမ်းတာကျတော့ ဘာဝနာပိုင်း ခပ်ဆန်ဆန် သီလမျိုးကိုး။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ထိန်းသိမ်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဒါကျတော့ ပိုပြီးတော့ ကမ္ဘာ့လူထုကြီး (၁)ရာခိုင်နှုန်း၊ (၂)ရာခိုင်နှုန်း တောင်ရှိဖို့ မလွယ်ဘူး။

ဘာကြောင့်လဲဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဖွင့်ပြီးတော့ သဘောကျအသုံးချနေကြတာကိုး။

ဒီဣန္ဒြိယသံဝရသီလ ဆိုတာကတော့ ဒီသီလစောင့်ထိန်းတဲ့ နယ်ပယ်ဟာ အင်မတန်ကျဉ်းမြောင်းပါတယ်။

http://www.dhammadownload.com



မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် စောင့်ထိန်းတယ်ဆိုတာ သိပ်ပြီးတော့ နည်းပါးသွားတယ်။

ဒါနထက် သီလက ပိုပြီးတော့ နက်ရှိုင်းလာတယ်။ ဘာဝနာကြည့်။ ဘာဝနာကျပြန်တော့ သမထဘာဝနာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့စိတ် နီဝရဏကင်းတယ်။

ဝိပဿနာဘာဝနာ- ရုပ်တရား နာမ်တရားတွေကို ရုပ်ရယ် နာမ်ရယ်လို့ အသံလေးတောင် မကြားနိုင်ကြ။ ရုပ်တရား နာမ်တရားတွေကို ထွင်းဖေါက်ပြီးတော့ မြင်နိုင်တဲ့ဘာဝနာမျိုး။

အဲဒီ ဘာဝနာကျတော့ ပိုပြီးတော့ ရှားပါးလာတယ်။ နည်းပါးလာတယ်။ ဒီအပိုင်းကျတော့ ပိုပြီးနည်းပါး တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက် ရှိတယ်လို့တောင် ပြောဖို့ရာခက်တယ်။

ဒီဝိပဿနာနည်း နိဿယည်းကျတော့ နေရာတကာတိုင်းမှာ မရှိဘူး။ သာသနာတော်ကြီး ထွန်းကားတဲ့ အရပ်ဒေသ၊ သာသနာပြန့်ပွားရာ အရပ်ဒေသမှာသာရှိနိုင်တယ်။

သာသနာတော် ပြန့်နှံ့ရာ အရပ်ဒေသများမှာတောင်မှ လူတစ်ထောင် တစ်ယောက်၊ သမထဘာဝနာ ဝိပဿနာ ဘာဝနာ ပွားများအုံးမှပဲလို့ စိတ်မရောက်နိုင်ကြဘူး။

သီလက ကိုယ်နဲ့နှုတ်ကိုထိန်းတာ။ ဘာဝနာကျတော့ စိတ်ကို ထိန်းရတယ်။ အကောင်အထည် မမြင်ရတဲ့ အသရီရကိုယ်ထည် မရှိတဲ့ စိတ်၊ ဒုရင်္ဂမံ- အဝေးသွားတတ်တဲ့၊ အမြဲတမ်းလှုပ်ရှားပြီးတော့နေတဲ့ စိတ်ကို ထိန်းရတာကိုး။

စိတ်ထိန်းရတယ်။ ထိန်းပြီးတဲ့အခါကျတော့မှ ဒီသာမန်လူတွေ မမြင်နိုင်တဲ့ ရုပ်တရား နာမ်တရားတွေကို ကြည့်ရတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်လဲ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ရောပြီးတော့နေတဲ့ ပင်လယ်သမုဒ္ဒရာရေတွေကို ဒီရေကဂင်္ဂါမြစ်ကလာတဲ့ရေ၊ ယမုနာက

http://www.dhammadownload.com



လာတဲ့ရေ၊ ဒီရေက ချင်းတွင်း၊ ဧရာဝတီကလာတဲ့ရေလို့ ရောနှောနေတဲ့ ရေတွေကို ခွဲခြမ်းရတာလို ခက်ခဲပါတယ်။

ဟောတော်မူတဲ့ တရားတော်တွေကို သိအောင် မြင်အောင် လုပ်ရတာဆိုတော့ ပိုပြီးနက်ရှိုင်းလာပါတယ်။

ဒါန၊ သီလ၊ ဘာဝနာလို့ **ဟောစဉ်ကတစ်မျိုး၊** အခု ဗောဓိပက္ခိယ တရားရတနာကျတော့ သီလ၊ သမာဓိ၊ ပညာ။

သီလက ကိုယ်ရယ်၊ နှုတ်ရယ်ထိန်းရတယ်။

သမာဓိက စိတ်ကိုထိန်းရတယ်။

ပညာကျတော့ သာမန်အသိဉာဏ် ပညာတို့နဲ့မတူ တမူထူးခြား ပြီးတော့ မိမိတို့သန္တာန်မှာ ထင်ရှားဖြစ်နေတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တွေကို ခွဲခြားဝေဖန်ပြီးတော့ သိအောင်လုပ်ကြရတဲ့ ပညာစခန်း မျိုးကိုး။ ပညာလုပ်ငန်း။ တဖြေးဖြေး နက်ရှိုင်းလာတယ်။

ဒါကြောင့် ပဟာရာဒ အသူရိန်ကြီးက ပင်လယ်သမုဒ္ဒရာကြီးရဲ့ အံ့ဖွယ် (၈)မျိုးကို လျှောက်ထားတဲ့အခါ-

**အယ မစ္ဆရိယော ဘန္တေ၊**

**ပထမော အဗ္ဘုတော တဟိ၊**

**အနုပုဗ္ဗနိန္နောစ၊**

**နပပါတော တင္ဍော ယထာ။**

ဘန္တေ- မြတ်စွာဘုရား၊ အယံသမုဒ္ဒေါ- ဤသမုဒ္ဒရာ ပင်လယ် ရေပြင်ကျယ်ကြီးသည်၊ အနုပုဗ္ဗန- ကမ်းခြေရေစပ်ကစ၍ အစဉ် အတိုင်းအားဖြင့်၊ နိန္နော- တဖြေးဖြေး တဖြေးဖြေး နက်ရှိုင်း၍သွားခဲ့ ပါသည်ဘုရား။ တင္ဍောယထာ- အသူတရာနှစ်ရာမက ချောက်ကမ်းပါး ကြီးများပမာလို၊ နပပါတော- ကမ်းခြေရေစပ်ကစ၍ နက်ရှိုင်းသွားခဲ့သည် မဟုတ်ပါဘုရား။ အယံ- ဤသည်လျှင်၊ တဟိ- ထိုသမုဒ္ဒရာကြီး၌၊ ပထမော- ရှေးဦးစွာသော၊ အဗ္ဘုတော- ဖြစ်တောင့်ဖြစ်ခဲ ထူးဆန်းထွေ လာ ဖြစ်ပေါ်လာသော၊ အစ္ဆရိယော- အံ့ဩဖွယ်ရာ တစ်ခုပါဘုရား။

http://www.dhammadownload.com



ပဟာရာဒ အသူရိန်က သူ့ပင်လယ် သမုဒ္ဒရာကြီးမှာ အံ့ဩဖွယ် (၈)မျိုးထဲက ပထမဆုံး အံ့ဖွယ်ကိုလျှောက်ထားရာမှာ သမုဒ္ဒရာကြီးဟာ တဖြေးဖြေး ကမ်းခြေရေစပ်က စပြီးတော့ နက်ရှိုင်း နက်ရှိုင်းပြီးတော့ သွားပါတယ်။ အသူတစ်ရာ နှစ်ရာမက ကမ်းခြေချောက်ကမ်းကြီးများ ပမာလို ကမ်းခြေရေစပ်ကစပြီး နက်ရှိုင်းတာ မဟုတ်ပါဘူး။ ဖြေးဖြေး ချင်း နက်ရှိုင်းသွားတာပါဘုရားလို့ လျှောက်ထားတော့-

မြတ်စွာဘုရားကလဲ "ငါဘုရားသာသနာမှာလဲ အဲဒီလိုပဲတဲ့"။ မဏ္ဍူကသ ဂမန်ဝိယ- ဖားများခုန်ခုန်ကျော်သွားတာလို။ သီလကို ကျော်ပြီး သမာဓိ၊ သမာဓိကို ကျော်ပြီး ပညာ။ ဒီလို ခုန်ကျော်ပြီးတော့ သွားတဲ့နည်းမျိုးနဲ့ လုပ်လို့မရဘူး။

အစဉ်အတိုင်း ကျင့်ကြံကြရတယ်။ သီလ၊ သမာဓိ၊ ပညာ။

**ဧဝ မေဝ ပဟာရာဒ၊ အနုပုဗ္ဗ သိက္ခာဒယော၊**
**ဒိသွာ ဒိသွာ သာသနမှိ၊ အဘိရမန္တိ သာဝကာ။**

ပဟာရာဒ- ပဟာရာဒ အသူရိန်၊ ဧဝ မေဝ- သမုဒ္ဒရာကမ်းခြေ ရေစပ်ကစ၍ တဖြေးဖြေး တဖြေးဖြေး နက်ရှိုင်းသကဲ့သို့ပင်လျှင်၊ အနုပုဗ္ဗ သိက္ခာဒယော- အစဉ်အတိုင်း ကျင့်အပ်သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို၊ ဒိသွာ ဒိသွာ- မြင်ကြကုန် မြင်ကြကုန်၍၊ သာသနာမှိ- တရားသဖြင့် ဆုံးမရာ ငါဘုရားသာသနာ တော်မြတ်ကြီး၌၊ သာဝကာ- တပည့်သား သာဝကတို့သည်၊ အဘိရမန္တိ- အေးချမ်းရွှင်ပျော် မွေ့လျော်ကြလေကုန်သတည်း။

ပင်လယ်သမုဒ္ဒရာ ကမ်းခြေရေစပ်ကစပြီးတော့ တဖြေးဖြေး တဖြေးဖြေး နက်ရှိုင်းပြီးတော့သွားသလို ငါဘုရားသာသနာတော်မှာလဲ သီလ၊ သမာဓိ၊ ပညာ တဖြေးဖြေး တဖြေးဖြေးလေး နက်ရှိုင်းပြီးတော့ သွားပါတယ်။

အဲဒီလို အစဉ်အတိုင်း ကျင့်အပ်တဲ့တရားတော်တွေကို တွေ့ပြီး တော့ သာသနာတော်ကို လေးစားမြတ်နိုးကြတဲ့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာတို့က သာသနာတော်မှာ ပျော်ကြတယ်လို့ မိန့်ကြား

http://www.dhammadownload.com



တော်မူတဲ့အတိုင်း ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို အဆီထုတ်ပြီးတော့ အနှစ်ထုတ် အကျဉ်းချုပ်လိုက်တော့ ဗောဓိပက္ခိယ (၃၇)ပါးပဲ ရှိတယ်။ အဲဒီ ဗောဓိပက္ခိယတရားကို အကျဉ်းချုပ်လိုက်တော့ အခုနက ဟောခဲ့တဲ့ မဂ္ဂင် (၈)ပါး၊ မဂ္ဂင် (၈)ပါးကို ပြန်ပြီးချုံ့လိုက်မယ် ဆိုရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး။ အဲဒီသုံးပါးကို အကျဉ်းချုပ် လိုက်အုံးမယ်ဆိုရင် စရဏနဲ့ဝိဇ္ဇာ၊ သီလနဲ့သမာဓိက စရဏထဲပါပြီးတော့ ဝိပဿနာစတဲ့ ပညာက ဝိဇ္ဇာ။ အဲဒီလို စရဏနဲ့ဝိဇ္ဇာ။ တစ်နည်းအားဖြင့် သမထနဲ့ ဝိပဿနာလို့ (၂)ပါးရပါတယ်။

ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော်များ ကျယ်ဝန်းလှတဲ့ ပိဋကတ်တရားတော်များကို အကျဉ်းခြုံးတဲ့နည်း။

**စရဏနဲ့ဝိဇ္ဇာ။**

အဲဒီ စရဏကို ခြေတောင်ပန်လို သဘောထားပြီး ဝိဇ္ဇာဆိုတဲ့ ဝိပဿနာဉာဏ် စတဲ့ပညာကို နှုတ်သီးလို သဘောထားပြီးတော့ အဲဒီ စရဏနဲ့ဝိဇ္ဇာ ညီမျှအောင် ပြုကျင့်ပြီး သွားမယ်ဆိုရင် မိမိတို့အလိုရှိတဲ့ အမြိုက်အရသာကြီးကို ခံစားနိုင်တယ်။ ဒါကြောင့်-

**စရဏံပါဒ ပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍ သမံ သမံ။**

**ပူရယိတွာ ပက္ခေယျ၊ ဘုဥ္ဇိတုံ အမတံ ရသံ။**

စရဏံ- စရဏဟု ခေါ်ဆိုအပ်သော သီလသမာဓိကို၊ ပါဒပက္ခံဝ- ခြေတောင်ပံနှင့်တူစွာ၊ ပါဒပက္ခံဝ- ခြေတောင်ပံနှင့်တူသော၊ စရဏံ- စရဏခေါ်ငြား သီလ, သမာဓိတရားကိုလည်းကောင်း၊ တုဏ္ဍသမံ- နှုတ်သီးနှင့်တူသော၊ ဝိဇ္ဇံ- ဝိဇ္ဇာကိုလည်းကောင်း၊ သမံ- မပိုမသာ ညီညွတ်စွာ၊ ပူရယိတွာ- ဖြည့်ကျင့်ကြကုန်၍၊ အမတရသံ- အမြိုက် အရသာကို၊ ဘုဥ္ဇိတုံ- သုံးဆောင်ခံစားခြင်းငှါ၊ (သမံ- စရဏ ဝိဇ္ဇာ မပိုမသာ ညီညွတ်စွာ၊) ပူရယိတွာ- ဖြည့်ကျင့်ကြကုန်ပြီး၍၊ ပက္ခေယျ- ဤသံသရာဘက်ကမ်းမှ နိဗ္ဗာန်စခန်းသို့ ပျံသန်းနိုင်ကြကုန် ရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၁၉)ကြိမ်မြောက် လယ်တီဝိပဿနာ
## (၇)ရက်တရားစခန်းဖွင့်ပွဲ

ယနေ့ သာသနာတော်နှစ် ၂၅၄၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၄)ရက်နေ့။

ရန်ကုန်မြို့ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပသော (၁၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇) ရက်စခန်း။

**ရုပ်နှိမ်ရန်ဆုံးမစကား**

ဒီဖွင့်ပွဲမှာ ဟို (၁၈) ကြိမ်မြောက်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဆုံးမပြီးတော့ထားခဲ့တဲ့ "စိတ္တနိဂ္ဂဟ" စိတ်နှိမ်ဂါထာလေးဂါထာနဲ့ ရွတ်ဖတ်ပြီးတော့ တရားစခန်းကိုဖွင့်ခဲ့ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ရုပ်နှိမ်ဂါထာလေးဂါထာနဲ့ ရုပ်ကိုနှိပ်ကွပ်ပုံ ဆုံးမစကားလေးဂါထာနဲ့ ဒီ ၁၉ ကြိမ်မြောက်တရားစခန်းကိုဖွင့်ကြစို့။

http://www.dhammadownload.com



"ဘုန်းကြီးတို့တတွေရဲ့ ခန္ဓာကိုယ်အားလုံးဟာ ရုပ်အဖွဲ့အစည်း၊ နာမ်အဖွဲ့အစည်းများဖြစ်ပါတယ်။

ရုပ်အဖွဲ့အစည်း၊ (စိတ်)နာမ်အဖွဲ့အစည်းဖွဲ့စည်းထားတော့ မိမိတို့ ရုပ်အကြောင်း၊ စိတ်အကြောင်း သူ့သဘာဝအမှန်အတိုင်း မြင်အောင် အားထုတ်တာကိုပဲ တရားအားထုတ်တယ်"လို့ ဒီလို ခေါ်ရပါတယ်။

ဒါ့ကြောင့် ဒီရုပ်စိတ် (သို့မဟုတ်) ရုပ်နာမ်ဒီနှစ်မျိုးနဲ့ပဲ (၃၁) ဘုံသားတွေ တည်ရှိကြတယ်။ လူမျိုးတွေ ဘယ်လောက်များများ၊ အမျိုးအစားတွေဘယ်လိုပဲဖြစ်ဖြစ်၊ အမည်အနွယ်တွေဘယ်လိုပဲ ခြားနားခြားနား အကုန်လုံးချုပ်လိုက်မယ်ဆိုရင်တော့ ရုပ်နဲ့နာမ် (၂) မျိုးပဲရှိတယ်။

**အိမ်သုံးလုံး**

ငါးပင်တိုင် ခန္ဓာအိမ်၊ လေးပင်တိုင် ခန္ဓာအိမ်၊ တစ်ပင်တိုင် ခန္ဓာအိမ် ဆောက်လုပ်ဖွဲ့စပ်ပြီးတော့ ဖြစ်ပေါ်ပြီးတော့နေထိုင်ကြတာ အတူတူပါပဲ။

တစ်ချို့ပုဂ္ဂိုလ်တွေက ငါးပင်တိုင်ခန္ဓာအိမ်နဲ့ တချို့ပုဂ္ဂိုလ်တွေ လေးပင်တိုင်ခန္ဓာအိမ်နဲ့ တချို့ပုဂ္ဂိုလ်တွေက တစ်ပင်တိုင်အိမ်ကလေး ဆောက်ပြီးတော့ ဒီလိုနေကြရတာ၊ ဒီအိမ်သုံးလုံးနဲ့ပဲ နေကြတာပါပဲ။

ဘုန်းကြီးတို့ယောဂီများ ဘုန်းကြီးတို့အားလုံး ငါးပင်တိုင်ခန္ဓာ အိမ်ကြီးတွေ ဆောက်လုပ်ပြီးတော့ နေထိုင်ကြတာကိုး။

အဲဒီလို ငါးပင်တိုင် ခန္ဓာအိမ်မှာလဲပဲ တူရာပေါင်းလိုက်မယ်ဆိုရင် ရုပ်ခန္ဓာအိမ်နဲ့ နာမ်ခန္ဓာအိမ် (၂)မျိုး (၂)လုံး။

အဲဒီအထဲမှာ ရုပ်နဲ့ပတ်သတ်ပြီးတော့ ဆုံးမပုံက-

"အနဟမ္မိ အဟံဇာတံ
နမယှံမယှမေဝစ။
အနတ္တာပိ အတ္တာဇမ္ဗ၊
ဝိရူပါ ရူပတောဂတိ။"

http://www.dhammadownload.com



ရုပ်ရဲ့ အကြောင်းလေး ပြောမလို့ပါ. . တဲ့။

ဇမ္ဗု ရူပ- မကောင်းယုတ်မာ ဆိုးညစ်စွာသည့် မသာအပုတ် ဟယ် ငါ့ရုပ်- ရုပ်ရဲ့ ဂုဏ်ပုဒ်တွေဟာ မသာပဲတဲ့။ အပုပ်အဆွေးတွေပါပဲ။

ဇမ္ဗု ရူပ- မကောင်းယုတ်မာဆိုးညစ်စွာသည့် မသာအပုတ် ဟယ် ငါရုပ်၊ တွံ- သင်ရုပ်သည်၊ အနဟမ္ပိ- ဘယ်ဂုဏ်သတ္တိ မရှိလုံးလုံး အစွမ်းတုံးသား အသုံးအသွန် အခွန်အကာဖြစ်တုံပါ၍ ငါဟုမြှောက်ပင့် မယူသင့်သည်မှန်ပါလျှက်လဲ။

ဘယ်ဂုဏ်မှမရှိ ဘယ်သတ္တိမှ မရှိအသုံးအသွန် အခွံအကာ ဖြစ်နေပြီးတော့ ငါ့ဟော့လို့ တငါငါ မြှောက်ပင့်ပြီးတော့ မပြောသင့်တာ အမှန်ပါဘဲ၊ အဲဒီလို အမှန်ဖြစ်ပါတယ်။

အဟံဇာတံ- ငါမဟုတ်ဘဲ ငါနှင့်မခြား မကွဲပြားအောင် အထင်လွဲအောင် ငါယောင်၊ ငါဟန်၊ ငါသဏ္ဍာန်ဖြစ်အောင် နင်ကား ပြုလုပ်၍ နေဘိ၏။

ငါနဲ့ငါဆိုတဲ့ အမှတ်တံဆိပ်ကြီးတွေ ခပ်နှိပ်ပြီးတော့ ရုပ်ရဲ့ ရှေ့မှာငါ။ ခေါင်းရဲ့ရှေ့မှာငါ့ခေါင်း။ လက်ရဲ့ရှေ့မှာငါ့လက်၊ အရိုးရဲ့ရှေ့မှာ ငါ့အရိုး၊ အသားရဲ့ရှေ့မှာ ငါ့အသားလို့၊ အဟံဇာတံ- ငါမဟုတ်ဘဲ ငါနှင့်မခြား မပြားမကွဲ အထင်လွဲအောင် ငါယောင် ငါဟန် ငါသဏ္ဍာန် ဖြစ်၍ နေဘိ၏။ တစ်သားတည်းဖြစ်အောင် ပြုလုပ်၍ နေဘိ၏။

နမယှံ- ငါနှင့်မဆိုင် ငါပိုင်ဥစ္စာ မဟုတ်ပါဘဲလျှက်၊ မယှမေဝ- ငါရုပ် ငါဟာ ငါ့ဥစ္စာဟု သညာဖောက်ပြား အယူမှားအောင် နင်ကား ပြု၍ နေဘိ၏။

မိမိရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အရိုး၊ အသား၊ အသွေး အစရှိတဲ့ ရုပ်တရားတွေ မြေ၊ ရေ၊ လေ၊ မီး ပင်မရုပ်ကြီးလေးခုက အစထားလို့ ဖြစ်ပွားသမျှ ရုပ်တွေ ငါပိုင်ဥစ္စာတော့ မဟုတ်ပါဘူးတဲ့။ ဒါပေတယ်လို့ ငါ့ရုပ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ သညာဖေါက်ပြား အထင်မှားအောင် နင်ကား ပြု၍ နေဘိ၏။

http://www.dhammadownload.com



ငါ့ရုပ်၊ ငါ့ဥစ္စာ၊ ငါ့ဟာလို့ အမှတ်မှားအောင် ရုပ်ကပြနိုင်စွမ်း ရှိတယ်။

အနတ္တာပိ- ကိစ္စအစု ဘာတစ်ခုမျှ ပြုစွမ်းမှုစွမ်း မြူခြမ်းတစိ မရှိ၍ အကာအခွံ အသွန်အသုဦး အပြုန်းအဖျင်း ဖြစ်ပါလျက်လည်း၊ အတ္တာ- အကယ်အကယ် အားကိုးဖွယ်လျှင် အကယ်ခိုင်မြဲ အနှစ်ပဲဟု စွဲလမ်းမှောက်မှား အထင်ကြွားအောင် နင်ကား ပြု၍နေဘိ၏။

ကိစ္စအစု ဘာတစ်ခုမျှ မစွမ်းဆောင်နိုင်ဘဲ အကာအခွံ အသုဦး အသွံ့ အဖျင်းအသုံဦး ဖြစ်ပါသော်လဲပဲ ကိစ္စအားလုံး အမှုအားလုံး ငါဆောင်ရွက်နိုင်တယ်။ ငါလုပ်နိုင်တယ်သို့ အသုံးကျတယ်၊ ခိုင်မြဲတယ်လို့ စွဲလမ်းလောက်အောင် ဒီလိုပဲ ဒီရုပ်က စီမံပြီး ပေးနေကြမှာပဲတဲ့။

တေ- နင်ရုပ်၏၊ ဂတိ- လိမ်လည်ညစ်တုံ ဖြစ်ပုံအလား အမှုသွား သည်၊ ဝိရူပါ- သဘောမမှန် ထူးထွေဟန်ဖြင့် ဖောက်ပြန်ဆန်းပြား လှ၏တကား။

ရုပ်ရဲ့သဘောလေး ငါမဟုတ်ဘဲနဲ့ငါ၊ ငါ့ဥစ္စာမဟုတ်ဘဲနဲ့ ငါ့ဥစ္စာ တစ်စုံတစ်ခု ပြုနိုင်စွမ်းမရှိဘဲနဲ့ ပြုနိုင်တဲ့ အနှစ်သာရ ငါလို့ အဲဒီလို ပြုနေတာဟာ သူရဲ့လိမ်ညာမှုကြီးတစ်ခုပဲ။

အဲဒီလို ဆန်းကျယ်တဲ့ရုပ်၊ ဖေါက်ပြန်ထွေပြား အထင်မှား အောင် ဆန်းပြားလှတဲ့ရုပ်၊

အယူဖေါက်ပြန်အောင် အမှတ်ဖေါက်ပြန်အောင် အသိဖေါက် ပြန်အောင် အထင်ဖေါက်ပြန်အောင် အမြင်ဖေါက်ပြန်အောင် သူလိမ် ပြီးတော့နေတာပဲတဲ့။

**ဝိဝိရူပ ရူပဿ၊ အမိုဘူတဿဝေရိနော**

**ဟိတံတေမေ ဝဟန္တဿ၊ ကပ္ပါနေကေ ဝိသီဒယျုံ။**

ဝိဝိရူပ ရူပဿ- သို့စင်ကလောက် အမြင်မှောက်အောင် ဖောက်ပြန်ဆန်းပြားသော သဘောရှိသော၊ အမိုဘူတဿ- ငါမဟုတ်ပဲ ငါရုပ် ငါဟန် ငါသဏ္ဍာန်ဖြစ်၍နေသော၊ ဝေရိနော- ငါ၏ရန်သူကြီး

http://www.dhammadownload.com



စင်စစ်ဖြစ်သော၊ တေ- သင်ရုပ်၏၊ ဟိတံ- ကျွေးရေးမွေးရေး ငွေကြေး ဥစ္စာ ရရာရကြောင်း ဆိုးကောင်းရုပ်မြတ် အရပ်ရပ်စီးပွား မှုဝန်များကို၊ ဝဟန္တသာ- မလွှဲသာလွှဲသာ ဆောင်ရွက်ခဲ့ရသော၊ မေ- ငါအား၊ အနေကေ- များစွာကုန်သော၊ ကပ္ပါ- အနမတဂ်စက်သံသရာ ကပ်ကမ္ဘာ တို့သည်၊ ဝိသီဒယျုံ- နစ်ဆုံးမျောပါးခဲ့ကုန်ပြီ။

အဲဒီလို ဖောက်ပြန်ထွေပြားတဲ့ သဘောရှိတဲ့ ငါ၏ရန်သူကြီး စင်စစ်ဖြစ်တဲ့ သင်ရုပ်ရဲ့ အလိုဆန္ဒအတိုင်း ကျွေးရေးမွေးရေးအတွက် ဒီရုပ်ကြီး ရပ်တည်နိုင်အောင် ကျွေးဖို့မွေးဖို့၊ ဒီရုပ်ကြီးအဆင်သင့်ဖြစ် အောင် စားဖို့သောက်ဖို့ ငွေကြေးဥစ္စာရှာကြဖွေကြ။

တစ်ခါတရံ ရှာကြဖွေကြတဲ့အခါ ဒုစရိုက်လုပ်ငန်းကြီးတွေနဲ့ သူတစ်ပါးအသက်ကို သတ်ခြင်းစသည်ပြုပြီး ဒီရုပ်ခန္ဓာ ကြီးကို ပြုစုကြရ။

တစ်ခါတရံ သူတစ်ပါးဥစ္စာခိုးနိုင်မှ ရိုးရိုးခိုးလို့ ရရင်ရ၊ မရရင် လက်နက်မျိုးစုံနဲ့ ခြိမ်းခြောက်ပြီးတော့ လိမ်ညာနည်းမျိုးစုံနဲ့ လိမ်ပြီးတော့ ကျွေးကြရတယ်။ ဟော- ကာယ ဒုစရိုက်တွေ ဖြစ်လာတယ်။

အသက်မွေးဝမ်းကြောင်း ကောင်းမကောင်း စုံလို့ပါပဲ။ အင်မတန် ကြမ်းတမ်းတဲ့ အသက်မွေးမှုတွေလဲ ရှိတယ်။ မြွေအလမ္ပာယ် သမားဆိုပါစို့။ မြွေပွေးတွေ၊ မြွေဟောက်တွေဖမ်း၊ မတော်လို့ ရှိရင် အကိုက်ခံရရင်တော့ သေသွားမှာပဲ။

°ခန္ဓာကိုယ် ကျွေးမွေးဖို့အတွက် မြွေပွေးဖမ်းပြနိုင်တယ်။ မြွေဟောက်ကို ဖမ်းပြနိုင်တယ်။

တစ်ခါတရံကျတော့ ကျားတွေဖမ်းတဲ့ အလုပ်တွေလဲ လုပ်ကြရ တယ်။ အသက်မွေးဝမ်းကြောင်း မျိုးစုံနဲ့ အသက်မွေးကြတာ စဉ်းစားပြီး ကြည့်လို့ရှိရင် စုံလို့ပဲ။

ဒီရုပ်ခန္ဓာတည်ရှိရေးနဲ့ ပတ်သက်ပြီး ကောင်းကင်ခရီးမှာ နာရီပေါင်း (၂၀/၃၀)သွားပြီး လုပ်ကြကိုင်ကြ ရှာကြဖွေကြတယ်။ ကမ်းမမြင် လမ်းမမြင်တဲ့ ပင်လယ်ကြီးတွေ ကူးပြီးသန်းပြီး ရှာကြဖွေကြ။

http://www.dhammadownload.com



တစ်ခါတရံ မြေအောက်မှာ ပေပေါင်းများစွာ ကျောက်မီးသွေးတွင်းတို့လို၊ ကျောက်စိမ်းတွင်းတို့လို၊ ပတ္တမြားတွင်းတို့လို၊ မိုးကုတ်ကျောက် တို့လို အဲဒါတွေဆိုရင်လဲ မြေကြီးထဲ တူးရတာပဲ။ ရှိုးရှိုးနဲ့ ဒီရုပ်ခန္ဓာကြီး လူချင်းတူတူသူချင်း မျှမျှဖြစ်ဖို့။

တစ်ခါတရံကျတော့ လူပေါင်းများစွာကို သေစေနိုင်တဲ့ လက်နက်ခဲယမ်းမီးကျောက်ကြီးတွေ ရောင်းချပြီးတော့ အသက်မွေးကြရတယ်။

ရိုးရိုးအသက်မွေးလို့ ရရင်ရ မရရင် ခိုးလို့၊ တိုက်လို့၊ သတ်လို့၊ ဖြတ်လို့ အသက်မွေးကြရတယ်။ လူပေါင်းမြောက်များစွာ သေစေနိုင်တဲ့ အသက်အိုးအိမ်စည်းစိမ်ချမ်းသာအားလုံးကို ထိခိုက်စေနိုင်တဲ့ မူးယစ်ဆေးဝါး ရောင်ဝယ်ဖေါက်ကားပြီး အသက်မွေးကြတာတွေလဲ ကမ္ဘာကြီးမှာပြည့်လို့ပါပဲ။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကြီး စီမံကိန်းကို ဘုရားရှင်က နှစ်ပေါင်း (၂၅၀၀)ကျော်က စခဲ့တာပါ။

လက်နက်ခဲယမ်းမီးကျောက်တွေ ရောင်းချအသက်မွေးကြတာတွေလဲ ပြည့်လို့။ ဒါကို ဥပါသကာ- ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်များ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ ရှောင်ကြဉ်ရမဲ့ အသက်မွေးမှုတွေထဲ ပါဝင်တယ်။

ပါဝင်ပေတယ်လို့ တစ်ခါတရံ ဒီဒုစရိုက်တွေနဲ့ပဲ ဒီရုပ်ကြီး ကျေနပ်အောင် ကျွေးကြမွေးကြရတာတွေ၊ ပြောလို့မကုန်နိုင်လောက်တဲ့ လုပ်ငန်းကြီးတွေ။ ကျွေးရေး မွေးရေး ငွေကြေးဥစ္စာ ရရာရကြောင်း ကောင်းမကောင်း ယုတ်မြတ်အရပ်ရပ် စီးပွားတာဝန်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြတယ်။ ဆောင်ရွက်ရင်းနဲ့ ကမ္ဘာတွေ အသင်္ချေယျ မရေတွက်နိုင်တဲ့ ကမ္ဘာတွေနစ်မွန်း မျှောပါးခဲ့ကြပြီလို့ ဆိုခဲ့တာပါ။

အသင်္ချေယျဆိုတာ ဘာလဲလို့ဆိုတော့ အရေအတွက်ကို လွန်တာပါပဲ။ ပိဋကတ်တော်မှာ တစ်ခါတရံ အချို့အချို့ တရားပွဲတွေမှာ တရားထင်မြင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အသင်္ချေယျ အရေအတွက်လွန်တယ်။

http://www.dhammadownload.com



ဂဏန်းလွန်ကျွတ်တန်းဝင်တဲ့ ပွဲကြီးတွေရှိပါတယ်။

ဘုရားပွင့်တော်မူတဲ့အခါ အဲဒီလိုပွဲမျိုးက (၁၄)ပွဲလောက် ရှိပါတယ်။ (၂၄)သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေ(၁)သိန်း ဆိုတော့ အဲဒီလို အရေအတွက် လွန်တာဟာ (၂၄)သင်္ချေ၊ ဂဏန်းလွန် ကျွတ်တန်းဝင်ကြတယ်။

အဲဒါက ကျွတ်တမ်းဝင်တဲ့ စာရင်းကိုး။ မကျွတ်နိုင် မလွတ်နိုင် ပဲနဲ့ မြုပ်မျောပြီးတော့ သံသရာမှာ သွားကြရတာ ဒီရုပ်ကို အကြောင်းပြုပြီးတော့ စားရေးနဲ့ ကျွေးရေးနဲ့ ပတ်သက်လို့၊ နေရေးနဲ့ပတ်သက်လို့ ထိုင်ရေးနဲ့ပတ်သက်လို့၊ စားဝတ်နေရေး အရေးတွေနဲ့ ပတ်သက်ပြီး ရုပ်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့ကြရတာတွေဟာ ဒီပြင်ဘဝတွေ အသာထား ဒီဘဝမှာ ရဟန်းတစ်ပါးရဲ့ ဒီရုပ်ခန္ဓာကြီး တည်ရှိဖို့အတွက် လူ့ဘဝ မပြောနဲ့တော့ ရဟန်းဘဝရဲ့ ရဟန်းဘဝမှာပဲ စဉ်းစားပြီးတော့-

ဘုန်းကြီးတို့ ပြန်ပြီးတော့ စဉ်းစားကြည့်တယ်။ ရှင်သာမဏေ ဘဝ မုံရွာမှာ နေဆွမ်းခံထွက် အဆင်ပြေတဲ့အခါလဲ ပြေတယ်။ အနည်းငယ် မပြေတဲ့အခါလဲ ရှိခဲ့ဘူးတယ်။ ဒါပေမဲ့ ကျောင်းတိုက်ကြီးရှိ ဆရာတော်ကြီးများ ဒကာ၊ ဒကာမများရဲ့ အထောက်အပံ့များစွာ ရခဲ့ပါတယ်။

ပခုက္ကူ မန္တလေးမှာ စာသင်တော့လဲ ဒီအတိုင်းပဲ။ ကံကောင်းထောက်မလို့ အစာရေစာ ရှားပါးတဲ့အဆင့်တော့ မရောက်ခဲ့ရဘူး။

အဲဒီတော့ ဆေးလို့၊ ကြောလို့ မပြောင်စင်၊ ကျွေးလို့ မွေးလို့ မဝလင်တဲ့ ဒီရုပ်ကြီးအတွက် ဆောင်ရွက်ပြီးတော့ နေကြရတဲ့ နေ့စဉ်လုပ်ငန်းကြီးဟာ အများကြီးပါပဲ။

**အလံတွံ ဒါနိ ဇာနာမိ၊**
**အန္တရံ မမ အာဂတံ။**
**ဗုဒ္ဓုပ္ပါဒေါစ မေလဒ္ဓေါ၊**
**သဒ္ဓမ္မော အဇ္ဇ ဒိဗ္ဗတိ။**

http://www.dhammadownload.com



ဇမ္ဗုရူပ- ပိုးမျိုးရှစ်ဆယ် မှီတွယ်သွားလာ အိမ်သာပြုလုပ် ဟယ်-ငှါရုပ်။

ပိုးမျိုးရှစ်ဆယ်တို့ရဲ့ အိမ်သာကြီးနဲ့တူတယ်။ ပိုးမျိုးရှစ်ဆယ်ကပ်မှီတွယ်၍ အိမ်သာပြုလုပ် ဟယ်-ငှါရုပ်၊ တွံ- သင်သည်၊ အလံ-တန်ပါတော့၊ အဟံ- ငါသည်၊ ဇာနာမိ- သင်တမူကား ရန်သူကြီးဟုအပြီးငါသိပြီ။ မမ- ငါ၏၊ အန္တရံ- အလှည့်အခွင့်သည်၊ အာဂတံ-ဆိုက်ရောက်လာပြီ။

ပိုးမျိုးရှစ်ဆယ်တို့ရဲ့ မှီတွယ်ပြီး နေထိုင်ရာအိမ်သဖွယ်၊ ပိုးမျိုးရှစ်ဆယ်တို့ရဲ့ အညစ်အကြေးစွန့်ရာ အိမ်သာသဖွယ် ဖြစ်တဲ့ရုပ်။ သင့်အကြောင်း ငါသိပြီ။

ဒီတစ်ခါတော့ ငါ့အခွင့်အလှည့်ရောက်ပြီ။ ဒီရုပ်ကို နှိပ်ကွပ်ဖို့အခွင့်အလှည့်ရောက်ပြီ။ ရုပ်ရဲ့အကြောင်း သာမန်လေး စဉ်းစားကြည့်ရုံနဲ့ရုပ်ရဲ့အကြောင်း သိနိုင်ပြီ။

ဆေးလို့ ကြောလို့ သုတ်သင်လို့ မပြောင်မစင်နိုင်တဲ့ ခန္ဓာကိုယ်ကြီး၊ ကျွေးလို့ မွေးလို့ မဝလင်နိုင်တဲ့ ခန္ဓာကိုယ်ကြီး၊ ပိုးမျိုးရှစ်ဆယ်တို့ရဲ့အိမ်သာသဖွယ်ဖြစ်တဲ့ ခန္ဓာကိုယ်ကြီး။ သိပြီ၊ သိတော့ ဒီတစ်ခါတော့ငါ့အခွင့်အလှည့်ပါပဲ။ ဘာကြောင့် ပြောနိုင်သလဲဆိုတော့-

"ဗုဒ္ဓုပ္ပါဒေါစ မေလဒ္ဓေါ"

ဗုဒ္ဓုပ္ပါဒေါ- ဘုရားပွင့်ရာ အခါကောင်းကြီးကို၊ မေ- ငါသည်၊ လဒ္ဓေါ- ကောင်းစွာရအပ်ပြီ။

ရုပ်ပြစ်ရှစ်ပါး လွတ်ပြီးတော့ ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ- ဆိုတဲ့အခါကောင်းကြီး ရပြီ။

သဒ္ဓမ္မော- ပရိယတ် ပဋိပတ် ပဋိဝေဓ သုံးရပ်သုံးဖြာ သာသနာတော်မြတ်ကြီးသည်၊ အဇ္ဇ- ယနေ့၊ ဒိပ္ပတိ- သူရိယာဆယ်စင်း ရောင်စုံကျင်းသို့ ထွန်းလင်းသော အခိုက်ကြုံခဲ့လေပြီ။

http://www.dhammadownload.com



သာသနာတော်ကြီး ပွင့်လင်းစည်ပင်တဲ့ အခိုက်ကြုံပြီ။ ပရိယတ္တိ တရားတော် ဘုရားစကားတော်တွေ၊ အဲဒီ စကားတွေက ထုတ်ပြထားတဲ့ ဒါနသီလ ဘာဝနာ (တစ်နည်းအားဖြင့်) သီလ သမာဓိ ပညာ သိက္ခာ သုံးပါး ကျင့်စဉ်တရားတွေ။

နေဆယ်စင်းထွက်သလို ဟင်းလင်းပွင့်တဲ့ အချိန်အခါကြီး ရောက်ပြီ။

ဒါကြောင့် ငါ့အခွင့်အလှည့်ရောက်ပြီ။ ယနေ့ ယောဂီ သူတော်စင်များ ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ- ဘုရားပွင့်ရာ ကိုးခုမြောက် အချိန်ကောင်း အခါကောင်း။

ရပ်ပြစ်ရှစ်ပါးကတော့ အက္ခဏ/အသမယ တရား အားထုတ်ဖို့ အချိန်ကောင်း အခါကောင်း အခွင့်ကောင်း မဟုတ်ဘူး။

ဘာကြောင့်လဲ မွန်မြတ်တဲ့ တရားတော်များ အားထုတ်ဖို့ရာ အခွင့်ကောင်း အခါကောင်း မဟုတ်တဲ့အတွက် အက္ခဏ၊ အသမယ အခါမဟုတ်ဘူး။ အခွင့်မဟုတ်ဘူးလို့ ဆိုရတယ်။

ဘုရားပွင့်ရာဖြစ်တဲ့ သာသနာတော် ပွင့်လင်းစည်ပင်ရာဖြစ်တဲ့ ဒီအခါကတော့ဖြင့် တရားအားထုတ်ဖို့ အခွင့်ကောင်းပဲ။ ဒါကြောင့် ငါ့အလှည့်အခွင့်ရောက်ပြီ။

**ဟန္ဒတံ သိက္ခာပေဿာမိ၊**
**ပရဘောဂ ဝိမောဟက။**
**ယံမံတွံ အမှ ဝေသေန၊**
**စိရံ ခိန္နိတ္တ မာနယိ။**

ပရဘောဂ- မှက်၊ ခြင်၊ သန်း၊ ဂျပိုး ပိုးမျိုးအပေါင်း သိန်းပေါင်း များစွာ ခန္ဓာတစ်ပါးတို့၏ အစာထမင်း မှီတင်းရာနေအိမ်ဖြစ်ထသော၊

စဉ်းစားကြည့်ဦး။ ဒီရုပ်ကြီးဟာ မှက်၊ ခြင်၊ သန်း၊ ဂျပိုး ပိုးမျိုး တို့ရဲ့ အစာ။ ဟော- အခုပဲ တရားထိုင် ခြင်ထောင်မပါလို့ရှိရင် ခြင်က ကိုက်မယ်။ သူ့အစာ သေချာနေပြီ။

http://www.dhammadownload.com



မှက်၊ ခြင်၊ သန်း၊ ဂျပိုး ပိုးမျိုးများစွာ ပိုးမျိုးများစွာ သိန်းသောင်း မက ခန္ဓာတစ်ပါးတို့ရဲ့ အစာထမင်း၊ ဂျပိုးရဲ့အစာ၊ သန်းရဲ့အစာ၊ ခြင်ရဲ့ အစာ ပိုးတို့ရဲ့ မှီတင်းရာနေအိမ်။

ဝိမောဟက- အရိယာမျက်စိ မရှိသသူ အများလူကို ဖောက်ပြန် စေတတ် တွေဝေစေတတ်သော ဟယ်-ငါ့ရုပ်! အရိယာ ဉာဏ်မျက်စိ မရှိတဲ့ ပုဂ္ဂိုလ်တွေကို အမှတ်ဖောက်ပြန်စေတယ်၊ အမြင်ဖောက်ပြန်စေ တယ်၊ အယူဖောက်ပြန်စေတယ်။ ဝိပ္ပလ္လာသ- မှိုင်းတိုက်နိုင်တဲ့ရုပ်၊ ယံတွံ- အကြင် သင်သည်၊ မံ- ငါ့ကို။ အမှဝေသေန- ငါမဟုတ်ဘဲ ငါရုပ် ငါယောင် ပြီစွာ ဆောင်သဖြင့်၊ စိရံ- အစမထင် သံသရာကြာမြင့်စွာ ကာလပတ်လုံး၊ ခိန္နတ္တံ- ထိန်းကျောင်းမွေးကျွေး နှင့်အရေးကြောင့် အေးခါ ပူခါ မနေသာပဲ ဖွေရှာလုပ်ကြံ တရံမကင်း ပင်ပန်းခြင်းသို့။

ဘာကြောင့် ပင်ပန်းနွမ်းနယ်ရသလဲ။ ထိန်းကျောင်းကျွေးမွေး သင့်အရေးကြောင့် ဒီခန္ဓာကိုယ်ကြီးကို ထိန်းဖို့၊ ဒီခန္ဓာကိုယ်ကြီးကို ကျောင်းဖို့၊ ဒီခန္ဓာကိုယ်ကြီးကို ကျွေးဖို့၊ ဒီရုပ်ကြီးကို အနေအထား တော်အောင်ထားဖို့ လုပ်ရကိုင်ရလို့ပါပဲ။

ထိန်းကျောင်းကျွေးမွေး သင့်အရေးကြောင့် ပစ္စည်းဥစ္စာ ရှာရ ရကြောင်း ဒီခန္ဓာကိုယ်ကြီးကို ထိန်းဖို့၊ ကျောင်းဖို့၊ နေဖို့၊ ထိုင်ဖို့၊ ဝတ်ဖို့၊ စားဖို့ ဆိုပြီးတော့ ငွေကြေးဥစ္စာ ရှာရရကြောင်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သက်စွန့်ကြိုးပမ်း ပင်ပန်းနွမ်းလျှသည်အဖြစ်သို့၊ အာနယိ- သွေးဆောင်ခေါ်ယူခဲ့လှပေပြီ။

ထိန်းကျောင်းမွေးရေး အရေးရေးကြောင့်ပဲ ဒီခန္ဓာကိုယ်ကြီးကို ထိန်းဖို့၊ ကျောင်းဖို့၊ မွေးဖို့အတွက် တစ်ခါထဲ သက်စွန့်ကြိုးပမ်း။

နံနက်လင်းလာလို့ရှိရင် တစ်နေ့တာလုပ်ငန်းအတွက် စားဝတ် နေရေးအတွက်ပဲ ပြောကြဆိုကြ ကြောင့်ကြစိုက်ကြရတယ်။

အဲလို ပင်ပန်းအောင် ရုပ်ကနေပြီးတော့ အစမထင် သံသရာမှာ သွေးဆောင်ခေါ်ယူခဲ့လှလေပြီ။

http://www.dhammadownload.com



ဟန္တ- ယခု၊ တံ- သင်ရုပ်ကို၊ သိက္ခာပေဿာမိ- တောင်သူ အရေး ကောင်းထွန်သွားမောင်းသို့။

တောင်သူများ ပျိုးချိန်ကျဲချိန်လေးမှာ အချိန်မီထွန်မောင်းသလို၊ သိက္ခာပေဿာမိ- တောင်သူရေကောင်း ထွန်သွားမောင်းသို့ ခါကောင်း သမယ ဤဘဝ၌-

"ယုတ္တယောဂီ အင်စုံချီလျှက်"

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များရဲ့ အချက်အလက် အင်္ဂါငါးမျိုး။

- ယုံကြည်ခြင်း၊ (ရတနာသုံးပါးကို ယုံကြည်ခြင်း အထူးသဖြင့် ဘုရားရှင်ရဲ့ ဗောဓိဉာဏ်ကို ယုံကြည်ခြင်း)
- ကျန်းမာရေး၊ (တရားအားထုတ်ဖို့ အဆင်ပြေလောက် အောင် ကျန်းမာခြင်း)
- ဖြောင့်စင်းခြင်း၊
- ဝီရိယရှိခြင်း၊
- ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကိုသိတဲ့ ဉာဏ်အမြင်ရှိခြင်း၊

ယုတ္တယောဂီ အင်စုံချီလျှက် ယုတ္တယောဂီ အင်စုံချီလျှက် ဈာယီ ပြကတေ့ ကျင့်ဝလေ့ဖြင့် ညဥ့်နေ့ဆက်နွယ် သက်မတွယ်ပဲ ထက်ဝယ် စကြံ့န် နှစ်တန်ယာပိုက် မိဋ္ဌာန်စိုက်လျှက်၊

(သင့်တော်သလို ထက်ဝယ်ဖွဲ့ခွေခြင်း၊ ပုဆစ်တုတ်ခြင်းဆိုတဲ့ ထိုင်ခြင်း၊ စင်္ကြံ့န်သွားခြင်းဆိုတဲ့ ဣရိယာပုတ်နှစ်မျိုးနဲ့ အဓိဋ္ဌာန် စိုက်ပြီးတော့) အမြိုက်လုလု ကိုယ်အစုဝယ် ရှုစားသွင်သွင် ဆုံးမသင်၍ တွင်တွင်ကြီး ကျင့်ကြံပေးအံ့သတည်းလို့ ဆရာတော်ဘုရားကြီးက-

အချိန်ကောင်း အခါကောင်းလေးမှာ ရုပ်ရဲ့အခြေအနေကို သိပြီး တော့ ဒီအချိန်ခါတော့ဖြင့် အချိန်ကောင်း အခါကောင်းလေး အားခဲ ပြီးတော့ ကြိုးစားလိုက်မယ်လို့ ရုပ်ကိုနှိပ်ကွပ်နိုင်ရန် ဖွဲ့စီးထားတဲ့ဂါထာ။ ဒါကြောင့်-

http://www.dhammadownload.com



**ဟန္ဒတံ သိက္ခာပေဿာမိ၊**
**ပရဘောဂ ဝိမောဟကံ။**
**ယံမံတွံ အမှဝေသေန၊**
**စိရံ ခိန္နတ္တမာနယိ။**

ပရဘောဂ- မှက်၊ ခြင်၊ သန်း၊ ဂျပိုး ပိုးပေါင်းများစွာ သိန်းပေါင်းများစွာ ခန္ဓာတစ်ပါးတို့၏အစာထမင်း တည်းခိုရာနေအိမ် အိမ်သာဖြစ်ပေထသော၊ ဝိမောဟက- အရိယာမျက်စိ မရှိသသူ အများလူကို ဖောက်ပြန် စေတတ် တွေဝေစေတတ်သော ဟယ်- ငါ့ရုပ်၊ တွံ- သင်သည်၊ အမှဝေသေန- ငါမဟုတ်ဘဲ ငါရုပ် ငါယောင် ငါဟန်ဆောင်သဖြင့်၊ စိရံ- အနမတဂ် စက်သံသရာ ကြာရှည်စွာ ကာလပတ်လုံး၊ မံ- ငါ့ကို၊ ခိန္နတ္တံ- ထိန်းကျောင်းကျွေးရေး နင့်အရေးကြောင့် အေးခါပူခါ မနေသာပဲ ဖွေရှာလုပ်ကြံ တရံမကင်း ပင်ပန်းခြင်းသို့၊ အာနယိ- သွေးဆောင် ခေါ်ဆောင်ခဲ့လှလေပြီ။ ဟန္ဒ- ယခု၊ တံ- နင်ရုပ်ကို၊ သိက္ခာပေဿာမိ- တောင်သူအရေးကောင်း ထွန်းသွားမောင်းသို့ ခါကောင်းသမယ ဤဘဝ၌ ယုတ္တယောဂီ အင်စုံချီလျှက် စျာယီပြကတေ့ ကျင့်ခလေ့ဖြင့် ညဥ့်နေ့ဆက်နွယ် သက်မတွယ်ပဲ ထက်ဝယ်စကြ်နှစ်တန်ယာပိုက် မိဋ္ဌာန်စိုက်လျှက် အမြိုက်လုလု ကိုယ်အစုဝယ် ရှုစားတွင်တွင် ဆုံးမသင်၍ တွင်တွင်ကြီးကျင့်ကြံပေအံ့သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့။

## အဝိဇ္ဇာက အမှားလမ်းစဉ် တီထွင်ပေးပုံ

ယောဂီသူတော်စင်များ တရားအားထုတ်နေတဲ့အချိန် တရားစကားပြောရတာ အင်မတန်လိုက်ဖက်ပါတယ်။ မြတ်စွာဘုရားက-

**အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။**

(မဟာဝဂ္ဂသံယုတ်- မဂ္ဂသုတ်-၁)

ဘိက္ခဝေ- ရဟန်းတို့၊ အဝိဇ္ဇာ- အဝိဇ္ဇာသည်၊ အကုသလာနံ ဓမ္မာနံ- အကုသိုလ်တရားတို့သို့ သမာပတ္တိယာ- ရောက်ခြင်းငှာ၊ ပုဗ္ဗင်္ဂမာ- ရှေ့သွားဖြစ်ပါပေ၏။

ရဟန်းတို့ အကုသိုလ်ဖြစ်ပွားဖို့ရာနဲ့ ပတ်သက်လို့ "မိုက်မဲစွာလှ မှောင်ကြီးလှ မောဟအဝိဇ္ဇာ"လို့ခေါ်တဲ့ အဝိဇ္ဇာဟာ မိုက်မဲတဲ့သဘော ရှိတယ်။ မှောင်ကျတဲ့သဘောရှိတယ်။

အဲဒီ အဝိဇ္ဇာဟာ အကုသိုလ်တရားတွေ ဖြစ်ပွားဖို့ ရှေ့သွား ခေါင်းဆောင်။

အကုသိုလ်တရားတွေနဲ့ပဲ သဟဇာတ- အတူတကွဖြစ်ပြီး တော့လဲ ကျေးဇူးပြုတယ်။ အားကြီးသောမှီရာ ဥပနိဿယ အနေအားဖြင့်လဲ အကုသိုလ်တရားတွေနဲ့ တွဲမိတယ်။

အဲဒီလို အဝိဇ္ဇာဖြစ်ပြီဆိုလို့ရှိရင် မိုက်မဲတဲ့အဝိဇ္ဇာ ဖြစ်ပြီဆိုရင် မှောင်ကျတဲ့အဝိဇ္ဇာဖြစ်ပြီဆိုရင် သူနဲ့တွဲပါပြီးတော့နေတာက ဘာလဲလို့ ဆိုတော့ **အဟိရိက အနောတ္တပ္ပ**။

အဟိရိက- မကောင်းမှုပြုရမှာ မရှက်ဘူး၊ ရှာဝက်လိုပဲ။ အနောတ္တပ္ပ- မကောင်းမှုပြုရမှာ မကြောက်ဘူး၊ ပိုးဖလံမျိုးမီးကို တိုးသလိုပဲ။

http://www.dhammadownload.com



ဒီတရားဆိုး တရားပျက်တွေဟာ တူလူဆွဲပြီးတော့ တစ်ခါထဲ ပါပြီးတော့သွားတယ်။ ဒီတရားဆိုး(၂)ပါးဟာ ကမ္ဘာဖျက်တရားတွေပဲ။

အဲဒီ တရားဆိုး (၂)မျိုးနဲ့ အတူတွဲနေတဲ့အခါကျတော့ "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"ဆိုတဲ့ အဝိဇ္ဇာလွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ်များမှာဆိုရင် မိစ္ဆာဒိဋ္ဌိ မမှန်ကန်တဲ့ အမြင်အယူအဆ။ ဝဋ်မှာ မထွက်မြောက်နိုင်ပဲ ဝဋ်ထဲမှာ တပေပေနေမဲ့ အမြင်အယူအဆဆိုးဟာ တိုးပွားပြီးတော့ လာတယ်။

အဲဒီလို မိစ္ဆာဒိဋ္ဌိ အယူမှားဖြစ်ပွားလာပြီ တိုးပွားလာပြီဆိုရင် မိစ္ဆာသင်္ကပ္ပ- မှားယွင်းတဲ့ အကြံအစည်တိုးပွားပြီးတော့လာတယ်။

မှားယွင်းတဲ့ အကြံအစည် ဖြစ်ပေါ်လာပြီဆိုရင် မှားယွင်းတဲ့ စကား- မိစ္ဆာဝါစာ၊ မှားယွင်းတဲ့အပြုအမူ- မိစ္ဆာကမ္မန္တ၊ မှားယွင်းတဲ့ အသက်မွေးမှု- မိစ္ဆာဇီဝ။

ဒီမိစ္ဆာဇီဝ မှားယွင်းတဲ့အသက်မွေးမှုဟာ ကာယဒွါရ၊ ဝစီဒွါရ တွေမှာဖြစ်တာကိုး။ မှားယွင်းတဲ့လုံ့လ- မိစ္ဆာဝါယာမ၊ မမှန်ကန်တဲ့သတိ- မိစ္ဆာသတိ၊ မမှန်ကန်တဲ့ သမာဓိ- မိစ္ဆာသမာဓိ။

အဲဒီလို တရားဆိုး၊ တရားပျက်တွေဟာ တစ်ခါထဲ မသိမိုက်မဲတဲ့ အဝိဇ္ဇာကို အခြေခံပြီးတော့ ဖြစ်ပေါ်ပြီးတော့လာကြတယ်။ ဒါဟာ အဝိဇ္ဇာက အမှားလမ်းစဉ် တီထွင်ပေးပုံပါပဲ။

**ဝိဇ္ဇာက အမှန်လမ်းစဉ် တီထွင်ပေးပုံ**

အဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက် ဝိဇ္ဇာကျတော့-

**"ဝိဇ္ဇာဘိက္ခဝေ ပုဗ္ဗင်္ဂမာ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ"**

ရဟန်းတို့ ကုသိုလ်တရားတို့သို့ ဆိုက်ရောက်ဖို့ရာ ကုသိုလ်ရဖို့ရာ ဝိဇ္ဇာခေါ်တဲ့ ကမ္မဿကတဉာဏ်- အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ် ပညာဓာတ်ဟာ ရှေ့သွားခေါင်းဆောင်ပဲ။

http://www.dhammadownload.com



ကုသိုလ်တရားဖြစ်ရေးနဲ့ ပတ်သက်ပြီးတော့ "အသိအလိမ္မာ-ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"လို့ခေါ်တဲ့ ဒီနေရာမှာ ကမ္မဿကတဉာဏ် အလင်းဓာတ် ဝိဇ္ဇာဉာဏ်ဟာ ကုသိုလ်ရရေးနဲ့ ပတ်သက်လို့ ရှေ့သွား ခေါင်းဆောင်။

ကောင်းတဲ့တရားတွေနဲ့ အတူတကွဖြစ်ပြီးတော့လဲ ကျေးဇူးပြုတယ်။ အားကြီးသောမှီရာ ဖြစ်ပြီးတော့လဲ ကျေးဇူးပြုတယ်။ တွန်းအား ပေးတယ်။

ကမ္မဿကတဉာဏ် အလင်းဓာတ်ခေါ်တဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ် လာပြီဆိုလို့ရှိရင် မကောင်းမှုပြုရမှာ ရှက်လာတယ်။ မကောင်းမှုပြုရမှာ ကြောက်လာတယ်။ ဒီလို ကောင်းတဲ့တရားတွေဟာ တွဲပြီးတော့ ပါလာ တယ်။

ဟိရိ၊ ဩတ္တပ္ပ ခေါ်တဲ့ လောကပါလတရားတွေဟာ တွဲပါလာ တယ်။ ဒီတရား(၂)ပါးရှိရင် ကမ္ဘာကြီးငြိမ်းချမ်းပြီ။

အဲဒီလို အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအလင်းဓာတ် ကမ္မဿကတဉာဏ် အလင်းဓာတ်ရရှိထားပြီးဆိုရင် သမ္မာဒိဋ္ဌိ- မှန်ကန်တဲ့ အမြင်အယူ ဝဋ်မှထွက်မြောက်နိုင်တတ်တဲ့ အမြင်အယူ ဖြစ်ပေါ်တိုးပွား လာတယ်။ ဝဋ်မှထွက်မြောက်နိုင်တဲ့ အမြင်အယူအဆ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာပြီဆိုရင် ဖြောင့်မှန်တဲ့ ကောင်းမွန်တဲ့ အကြံအစည်ဟာလဲပဲ တိုးပွားပြီးတော့လာတယ်။

ကောင်းမွန်တဲ့အကြံအစည် တိုးပွားလာပြီဆိုရင် ကောင်းမွန်တဲ့ စကားတွေ တိုးပွားပြီးတော့လာတယ်။ ကောင်းမွန်တဲ့ အပြုအမူတွေ တိုးပွားလာတယ်။ အဲလို အပြောအဆို အပြုအမူကောင်းတွေကို အခြေခံ ပြီးတော့ အသက်မွေးဝမ်းကျောင်းလဲ စင်ကြယ်ပြီးတော့ လာပါတယ်။

အားထုတ်မှုဟာလဲ ကောင်းမွန်တဲ့လုံ့လဝီရိယ ဖြစ်လာတယ်။ သတိကလဲ ကောင်းမွန်တဲ့သတိ၊ တည်ကြည်မှုကလဲ မှန်ကန်တဲ့သမာဓိ။

http://www.dhammadownload.com



ယောဂီသူတော်စင်များ သမ္မာသတိ ထွက်လေ ဝင်လေကို ရှုမှတ် ထွက်လေ ဝင်လေကို အာရုံထားနေတဲ့ သတိကလေး။

စိတ်ကလေး လွင့်ပါးမသွားရအောင် သတိနဲ့ထိန်းချုပ်ပြီးတော့ ထားတယ်။ သမ္မာသတိ၊

အဲဒီလို သမ္မာသတိ ကောင်းမွန်မှန်ကန် ဖြောင့်မှန်တဲ့သတိက နေပြီးတော့ ဝဋ်မှထွက်မြောက်နိုင်တဲ့ နိယျာနိက သတိရှိနေပြီ။

နိယျာနိက သတိရှိနေပြီဆိုရင် သမ္မာသမာဓိ- မှန်ကန်တဲ့ တည်ကြည်မှု နိယျာနိကသမာဓိခေါ်တဲ့ ဝဋ်ကထွက်မြောက်နိုင်တဲ့ သမာဓိမျိုး တိုးပွားပြီးတော့လာတယ်။ ဒါက ဝိဇ္ဇာက အမှန်လမ်းစဉ် တီထွင်ပေးပုံပါပဲ။

## ကလျာဏမိတ်

အဲဒီ မှန်ကန်တဲ့လမ်းစဉ် မဂ္ဂင်တရားတွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား သာကီဝင်မင်းတို့ရဲ့ သက္ကရဆိုတဲ့ ရွာနိဂုံးမှာ သီတင်း သုံးနေစဉ် အရှင်အာနန္ဒာ မြတ်စွာဘုရားထံမှာ ရိုရိုသေသေ ရှိခိုးပြီးတော့ လျှောက်ထားတယ်။

ဘယ်နှယ်လျှောက်ထားသလဲဆိုတော့ "မြတ်စွာဘုရား ကလျာဏမိတ်ရှိခြင်း၊ ကောင်းမွန်တဲ့အပေါင်းအဖော်ရှိခြင်း၊ ကောင်းမွန် တဲ့ အပေါင်းအဖော်များအပေါ် စိတ်ညွတ်ကိုင်းပြီးတော့နေခြင်းဟာ မွန်မြတ်တဲ့အကျင့်ကို တစ်ဝက်ပြီးစေနိုင်ပါတယ်ဘုရား၊ ဥပမုံ ဖြဟ္မစရိယဿ- မိတ်ကောင်းရှိတာနဲ့ မြတ်တဲ့အကျင့်ကို ထက်ဝက်ပြီး စေပါတယ်ဘုရား"လို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ။ မြတ်စွာဘုရားက-

**"မာဟေဝံ အာနန္ဒ အဝစ"**[၂]

အာနန္ဒာ အဲဒီလိုမပြောနဲ့။ အဲဒီလို မပြောစမ်းပါနဲ့။

http://www.dhammadownload.com



မိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်၊ ကောင်းမွန်တဲ့ မိတ်ရှိတဲ့ပုဂ္ဂိုလ်၊ အဆွေခင်ပွန်းကောင်းရှိတဲ့ပုဂ္ဂိုလ်၊ ကောင်းမွန်တဲ့အဆွေခင်ပွန်းများအပေါ်မှာ ညွတ်ကိုင်းပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဟာ မြတ်တဲ့အကျင့် အကုန်လုံးပြီးစေနိုင်တယ်။ တစ်ဝက်မကပါဘူးတဲ့။

ဘာကြောင့်လဲလို့ဆိုတော့ အဲလို ကလျာဏမိတ် ကောင်းသောမိတ်၊ ကောင်းသောအပေါင်းအသင်း၊ ကောင်းသောအပေါင်းအသင်းမှာ ညွတ်ကိုင်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ-

**"အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံဘာဝေဿတိ ဗဟုလီကရိဿတိ၊"**

အရိယံ- မြတ်သော၊ ဝါ- ဖြူစင်သော၊ အဋ္ဌင်္ဂိကံ- အင်္ဂါ (၈)ပါးရှိသော၊ မဂ္ဂံ- မဂ်ကို၊ ဝါ- နိဗ္ဗာန်လမ်းသွား မြတ်တရားကို၊ ဘာဝေဿတိ- ပွားနိုင်လိမ့်မည်။ ဗဟုလီကရိဿတိ- အကြိမ်များစွာပြုနိုင်လိမ့်မည်။

မိတ်ကောင်းဆွေကောင်း ရှိပြီဆိုရင် မဂ္ဂင်(၈)ပါး ပွားများနိုင်တယ်။ မဂ္ဂင် (၈)ပါးကို အကြိမ်များစွာပြုနိုင်တယ်။

အဲဒီလို မဂ္ဂင် (၈)ပါး အကြိမ်များစွာ ပွားများပြုနိုင်လောက်တဲ့ ကလျာဏမိတ်။

ကြည့်စမ်း-- အာနန္ဒာ စဉ်းစားကြည့်စမ်း။ ကလျာဏမိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မွန်မြတ်တဲ့အကျင့် အလုံးစုံပြီးစေနိုင်တယ်လို့ ငါဘုရား မိန့်တဲ့စကား စဉ်းစားကြည့်စမ်း။

ငါဘုရားတည်းဟူသော ကလျာဏမိတ်ကို ရရှိကြတဲ့သူတွေဟာ မဂ္ဂင်ရှစ်ပါးပွားပြီးတော့ ပဋိသန္ဓေနေခြင်း သဘောတရားရှိတဲ့ ပုဂ္ဂိုလ်တွေ ပဋိသန္ဓေနေခြင်းမှ လွတ်နိုင်ကြတယ်။

အိုခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်တွေအိုခြင်းမှ လွတ်နိုင်တယ်။ နာခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်တွေ နာခြင်းမှလွတ်နိုင်တယ်။ သေခြင်းသဘောတရားရှိတဲ့ ပုဂ္ဂိုလ်တွေ အသေဘေးမှ လွတ်နိုင်တယ်။

http://www.dhammadownload.com



စိုးရိမ်ပူဆွေး စိတ်မအေးတာတို့ ငိုကြွေးတာတို့ စိတ်မသက်သာ နှလုံးနာတာတို့ ကိုယ်ဆင်းရဲမှုတို့ ပင်ပန်းမှုတို့ အဲဒီလို သဘောရှိတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ငါဘုရားတည်းဟူသော ကလျာဏမိတ်ကို အကြောင်း ပြုပြီးတော့ စိုးရိမ်ပူဆွေး စတာတွေ ကင်းဝေးနိုင်တယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ်ကြီးကို ရထားကြတယ်။

အဲဒီကနေတစ်ဆင့် ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီး စသော ကလျာဏမိတ်ကြီးများကို ရထားကြတယ်။

အဲဒီလို ရရှိခဲ့ကြတဲ့အတွက် မြတ်တဲ့အင်္ဂါ (၈)ပါးရှိတဲ့ မဂ္ဂင်တရား များ ကိုယ်စီကိုယ်ငှ ပွားနိုင်ကြတယ်။ အကြိမ်များစွာလဲ အားထုတ်ခွင့် ရကြတယ်။

ဒါကြောင့် မြတ်စွာဘုရားက ကလျာဏမိတ်ရှိခြင်းဟာ မြတ်တဲ့ အကျင့် အကုန်လုံးပြီးစေနိုင်တယ်တဲ့။

## ဘုရားရှင် သာဓုခေါ်တော်မူ

အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးအကြောင်း ဆက်ကြဦးစို့။ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်ကြီးမှာ မြတ်စွာဘုရား သီတင်း သုံးနေတဲ့အခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သာဝကပါရမီ အထွဋ်အထွပ်ရောက်တဲ့ ပုဂ္ဂိုလ်ကြီးကိုး။

အရှင်အာနန္ဒာကိုယ်တော်မြတ်ကတော့ သာဝကပါရမီ အထွဋ် အထိပ်ရောက်တဲ့ အဂ္ဂသာဝက မဟုတ်ဘူး။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကတော့ သာဝကပါရမီ အထွဋ်အထိပ်ရောက်တဲ့ပုဂ္ဂိုလ်ဆိုတော့ မြတ်စွာဘုရား ကလျာဏမိတ် ရှိခြင်း၊ ကောင်းတဲ့အပေါင်းအဖော် ရှိခြင်း၊ အပေါင်းအဖော် တို့မှာ စိတ်ညွတ်ကိုင်းပြီးတော့နေတာဟာ မြတ်တဲ့အကျင့် အလုံးစုံပြီးစီးနိုင် ပါတယ်ဘုရားလို့ပဲ လျှောက်တယ်။

http://www.dhammadownload.com



ရှင်အာနန္ဒာက တစ်ဝက်ပြီးတယ်လို့ လျှောက်တယ်။ အရှင်သာရိပုတ္တရာကတော့ အကုန်လုံးပြီးတယ်။ မြတ်တဲ့အကျင့် အကုန်လုံးပြီးစေနိုင်တယ်လို့ လျှောက်ထားတယ်။

အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ စကားကို သာဓုခေါ်တော်မူတယ်။

ချစ်သား သာရိပုတ္တရာ အမြင်တယ်ပြီး ကောင်းတာပဲ။ တယ်ပြီးမှန်တာပဲဆိုပြီး။

ကလျာဏမိတ်ကို အကြောင်းပြုပြီးတော့ မဂ္ဂင် (၈)ပါး ဖြစ်ပွားပုံဟောပါတယ်။ မဂ္ဂင် (၈)ပါး ဖြစ်ပွားအောင် လမ်းညွှန်တော်မူခဲ့တဲ့ဘုရားတည်းဟူသော မိတ်ကိုရရှိသဖြင့် အိုနာသေဘေးက လွတ်မြောက်ကြတယ်၊ လွတ်မြောက်နိုင်ကြတယ်။

စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှု စိတ်မအေးမှု စိတ်မသက်သာ နှလုံးနာမှု ပင်ပန်းမှုတို့မှလဲ လွတ်ကင်းကြတယ်။

လွတ်ကင်းကြတဲ့အတွက်ကြောင့်မို့ အရှင်သာရိပုတ္တရာ လျှောက်ထားတဲ့ ကလျာဏမိတ်ရှိခြင်းဟာ မြတ်သောအကျင့် အလုံးစုံပြီးစီးနိုင်တယ်ဆိုတဲ့ စကားဟာမှန်တယ်လို့ပဲ အားပေးထောက်ခံတော်မူတယ်။

**ရထားဖြူ**

အရှင်အာနန္ဒာရဲ့ အတွေ့အကြုံလေး ဆက်ပြောကြပါစို့။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာပဲ သီတင်းသုံးပြီးတော့နေတယ်။

အဲဒီအချိန် အရှင်အာနန္ဒာ ကိုယ်တော်မြတ်က သာဝတ္ထိမြို့ထဲဆွမ်းခံကြွတယ်။

အဲဒီအချိန်ပဲ ဇာဏုသောဏိ ပုဏ္ဏားက တော်တော်လဲ ချမ်းသာပုံရတယ်။ သူကတစ်လတစ်ကြိမ်၊ နှစ်ကြိမ် မြို့ထဲပြထဲကို မြင်းဖြူကြီးတွေကထားတဲ့ရထားဖြူကြီးနဲ့ လှည့်တယ်။ သူ့ရထားက အလှစီးရထားကိုး။ မြင်းကလဲအဖြူ ရထားကလဲအဖြူ နောက်ဆုံး နှင်တံပြာလေးက

http://www.dhammadownload.com



စပြီးတော့ အဖြူ၊ သူဝတ်ဆင်ထားတာတွေကလဲ အားလုံးအဖြူချည်း ဝတ်ဆင်ထားတယ်။

လူတွေကလဲပြောကြတယ်။ "ဇာဏုသောဏိ" ရထားစီးပြီးတော့ သူရဲ့ဘုန်းကံ သူ့ရဲ့စည်းစိမ်ကို ပြသတဲ့အနေအားဖြင့် မြို့ထဲကို ရထားအဖြူကြီးနဲ့ လှည့်လည်တယ်။ အခြားအရောင်မပါဘူး။ အကုန်လုံး အဖြူတွေချည်းပဲ။

ဇာဏုသောဏိပုဏ္ဏားရဲ့ ဘုန်းကံကျက်သရေကို ကြည့်ကြစို့လို့ ဆိုပြီး စောင့်မျှော်ပြီးကြည့်ကြတယ်။ ကြည့်ပြီးတော့-

"ဗြဟ္မံဝတဘော ယာနံ" ဇာဏုသောဏိပုဏ္ဏားရဲ့ယာဉ်ဟာ အင်မတန်ကောင်းမွန်တဲ့ ယာဉ်ပဲ။

"ဗြဟ္မံဝတ ဘောယာနံ" အချင်းတို့ ဇာဏုသောဏိရဲ့ယာဉ်ဟာ မြတ်တဲ့ယာဉ်။ အဲလိုပြောနေတဲ့အသံနဲ့ ရထားဖြူကြီး အရှင်အာနန္ဒာ မထေရ် မြင်ခဲ့ရ၊ ကြားခဲ့ရတယ်။

## သုံးမည်ရယာဉ်

အရှင်အာနန္ဒာမထေရ်ဟာ မြတ်စွာဘုရားဆီ ရောက်တဲ့အခါ ယနေ့မနက် သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွပါတယ် ဘုရား။

ဇာဏုသောဏိပုဏ္ဏားရဲ့ ရထားဖြူကြီးကို အလှစီးရထားဖြူကို လူတွေကြည့်ပြီးတော့ "ဗြဟ္မံဝတဘော ယာနံ"၂ အချင်းတို့ "မြတ်သော ယာဉ်ကြီး မြတ်သောယာဉ်ကြီး"လို့ အဲဒီလိုပြောနေကြပါတယ်ဘုရား။

> "သက္ကာနုခေါဘန္တေ ဣမသ္မိံ ဓမ္မဝိနယေ ဝေရူပံ ဗြဟ္မယာနံ ပညပေတုံ"

ဘန္တေ- မြတ်စွာဘုရား၊ ဣမသ္မိံ ဓမ္မဝိနယေ- ဤသာသနာတော်မြတ်၌၊ ဝေရူပံ- ဤသို့သဘောရှိသော၊ ဗြဟ္မယာနံ- မြတ်သောယာဉ်ကို၊ ပညပေတုံ- အပြားအားဖြင့် သိစေခြင်းငှါ၊ သက္ကာနုခေါ- စွမ်းနိုင်ပါ သလား ဘုရား။

http://www.dhammadownload.com



"မြတ်စွာဘုရား တပည့်တော်တွေ့ခဲ့တဲ့ ဇာဏုသောဏိပုဏ္ဏားရဲ့ ဆွတ်ဆွတ်ဖြူမြတ်တဲ့ ယာဉ်ကြီးလို ဤသာသနာတော်မှာလဲ ယာဉ်တစ်ခု အဲလိုသဘောရှိတဲ့ ယာဉ်မျိုးကို ပညတ်ထားတော်မူနိုင်ပါသလားဘုရား၊ အသိပေးတော်မူနိုင်ပါသလားဘုရား"လို့ လျှောက်တော့။

**"သက္ကာအာနန္ဒ"** အာနန္ဒာစွမ်းနိုင်တယ်။

ဘယ်လိုစွမ်းနိုင်သလဲလို့ဆိုတော့ မြတ်ပြီးတော့ အချက်အလက် အင်္ဂါ (၈)ပါးနဲ့ ပြည့်စုံတဲ့အရိယာမဂ်ရဲ့ အမည်သုံးမျိုးရှိတယ်။

ဘာတွေလဲဆိုတော့ -

**"ဗြဟ္မယာနန္တိပိ"** မြတ်သောယာဉ်တဲ့။ အရိယာမဂ္ဂင် မြတ်သော ကျင့်စဉ်လမ်းစဉ် (၈)ပါးကို မြတ်သောယာဉ်။

အဲဒီ မဂ္ဂင် (၈)ပါးနဲ့ နိဗ္ဗာန်ကိုသွားနိုင်တာကိုး။ မြတ်သောယာဉ်။

တရားနဲ့ပြီးတဲ့အတွက်ကြောင့် မဂ္ဂင် (၈)ပါးကို **"ဓမ္မယာန"**။

ကိလေသာစစ်ပွဲ အောင်မြင်အောင်ဆင်နွှဲနိုင်တဲ့ အတွက် ကြောင့်မို့ မဂ္ဂင် (၈)ပါးကို **"အနုတ္တရော သင်္ဂါမဝိဇယော"** မြတ်တဲ့ အောင်ပွဲရ ယာဉ်ရထားကြီးလို့ ဒီလိုခေါ်ဆိုနိုင်တယ်။

အဲဒီတော့ အရိယာမဂ္ဂင် (၈)ပါးဟာ ယာဉ်နာမည်နဲ့ ပေးတဲ့ အခါကျတော့ (၃)မည်ရတယ်။

- ဗြဟ္မယာန၊
- ဓမ္မယာန၊
- အနုတ္တရ သင်္ဂါမဝိဇယ လို့ အမည်သုံးမျိုးရတယ်။ အမည် (၃)မျိုးရတဲ့ မဂ္ဂင် (၈)ပါး။

မဂ္ဂင် (၈)ပါးထဲက သမ္မာဒိဋ္ဌိ။

**"သမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသာနာ"**

ဟော- နံပါတ် (၁)ယာဉ်ရထားကြီး စီးပြီးတော့ သွားလို့ရှိရင် မှန်ကန်သောအမြင်အယူ ဝင်ရှမှထွက်မြောက်တတ်တဲ့ အမြင်အယူ။

http://www.dhammadownload.com



ဒီယာဉ်ကို စီးပြီးသွားမယ်ဆိုရင် အဖန်ဖန် အထပ်ထပ် စီးပြီးသွား မယ်ဆိုရင် **"ရာဂဝိနယပရိယောသာနာ"**- ရာဂကို ပယ်ဖျောက်နိုင်တယ်။

**"ဒေါသဝိနယ ပရိယောသာနာ"**- ဒေါသကို ပယ်ဖျောက်နိုင် တယ်။

**"မောဟဝိနယ ပရိယောသာနာ"**- မောဟကို ပယ်ဖျောက်နိုင် တယ်။

အလားတူပဲ။ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မြတ်တဲ့ ယာဉ်၊ တရားယာဉ်။ တစ်နည်းအားဖြင့် အောင်ပွဲရယာဉ်ရထားကြီးကို စီးပြီးတော့သွားမယ်ဆိုရင် ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုး တရားပျက်တွေကို အောင်မြင်နိုင်တယ်။

ဒါကြောင့်မို့ ဒီမဂ္ဂင် (၈)ပါး အင်္ဂါရှစ်ဖြာနဲ့ ပြည့်စုံသော အရိယာ မဂ္ဂင် (၈)ပါးကို၊

- ဗြဟ္မယာန - မြတ်တဲ့ယာဉ်
- ဓမ္မယာန - တရားယာဉ်
- အနုတ္တရသင်္ဂါမဝိဇယ- အောင်အပ်ပြီးသော စစ်မြေပြင် ရှိတဲ့ယာဉ်ရထားကြီးလို့ ဒီလိုခေါ်နိုင်ပါတယ်။

အဲဒီ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ ဘာတွေတပ်ဆင်ထားသလဲလို့ဆိုတော့-

**ယဿ သဒ္ဓါစ ပညာစ၊**
**ဓမ္မယုတ္တာ သဒါဓုရံ။**
**ဟိရိဤသာ မနောယောတ္တံ၊**
**သတိ အာရက္ခသာရထိ။**

အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားမှာ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါ၊ ခွဲခြားဝေဖန်ပြီးတော့ သိမြင်နိုင်တဲ့ ပညာ။

http://www.dhammadownload.com



အဲဒီတရားနှစ်ပါးကို တစ်ခါထဲ ဥပေက္ခာဟူသော ထမ်းပိုး၌ တပ်ဆင်လို့ထားပါတယ်။

ဟိရီသောမနောယောတ္တံ- မကောင်းမှုကို ပြုရမှာ ရှက်တဲ့ ဟိရီဟာ ရထားသံပါ။ ဝိပဿနာစိတ် မဂ်စိတ်ဟာ ရထားမောင်းနှင်တဲ့ အခါမှာ အသုံးချတဲ့ဇက်ကြိုးပါပဲ။

ဟော- မိမိတို့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများပြီးတော့ မလစ်လပ်အောင် သတိပြုပြီးတော့နေတဲ့သတိဟာ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးရဲ့ ရထားထိန်းပါပဲ။

**ရထောသီလ ပရိက္ခာရော၊**

**ဈာနက္ခော စက္ကဝီရိယော။**

**ဥပေက္ခာ ဓုရသမာဓိ၊**

**အနိစ္ဆာ ပရိဝါရဏံ။**

(မဟာဝဂ္ဂသံယုတ် ဇာဏုသောဏိသုတ်-၅)

အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ သီလဆိုတဲ့ တန်ဆာတွေဆင်ထားပါတယ်။

တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိကြောင့်ရရှိတဲ့ဈာန်၊ အဲဒီဈာန်တည်းဟူသော ဝင်ရိုးလဲရှိတယ်။

ရထားဘီးနဲ့တူတဲ့ စက်ဘီးလို့ခေါ်တဲ့ ဝီရိယလဲရှိတယ်။ ဥပေက္ခာ ကနေပြီး ဒီရထားကြီးကို မယိမ်းယိုင်အောင် တည့်တည့်မတ်မတ် သွားရလေအောင် ဥပေက္ခာကလဲ ရထားအုပ်ဆုံပမာ ဦးဆောင်ပြီးတော့ ချုပ်ကိုင်ပြီးထားတယ်။

အနိစ္ဆာ ပရိဝါရဏံ- လိုချင်တပ်မက်မှုကင်းတဲ့ အလောဘနဲ့ ကာရံပြီးတော့ထားတယ်။

**"အဗျာပါဒေါ အဝိဟိံသာ၊**

**ဝိဝေကော ယဿအာဝုဓံ"**

http://www.dhammadownload.com



အဲဒီ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ လက်နက်ကြီး (၅)ခုတပ်ဆင်ထားတယ်။

ကိလေသာရန်သူတွေ ဖြစ်ဖေါက်ဖို့ရာအတွက် အဗျာပါဒ။ အဗျာပါဒဆိုတာ ဘာလဲ။ အဗျာပါဒဆိုတာ ဗျာပါဒက သူတစ်ပါးကို သေစေချင်တဲ့တရားကိုး။ အဗျာပါဒဆိုတာ သူတစ်ပါးကို မသေစေချင်ဘူး။ အသက်ရှည်စေချင်တယ်။ အဲဒီတော့ အဗျာပါဒဆိုတာ မေတ္တာ။

အဲဒီမေတ္တာနဲ့ ဘာကိုပစ်ဖေါက်နိုင်သလဲဆိုတော့ ဒေါသကို ပစ်ဖေါက်နိုင်တယ်။ ဒေါသဆိုတဲ့ ကိလေသာရန်သူကို ပစ်ဖောက်နိုင်တယ်။

အဝိဟိံသဆိုတာ ဘာလဲဆိုတော့ ကရုဏာပါပဲ။ အဲဒီ ကရုဏာနဲ့ ညှင်းပန်းနှိပ်စက်ခြင်းဆိုတဲ့ ရန်သူကိလေသာကို ပစ်ဖောက်နိုင်ပါတယ်။ ဝိဝေက သုံးမျိုး။

ယောဂီသူတော်စင်များ ကာယဝိဝေက- အပေါင်းအဖေါ်တွေမှ ကင်းဆိပ်နေခြင်းဖြင့်၊ ဂဏသင်္ဂဏိက- အပေါင်းအဖေါ်တွေနဲ့ နေရမှ ပျော်ပိုက်ခြင်းဆိုတဲ့ ကိလေသာကို ကိလေသာရန်သူကို ပစ်ဖေါက်နိုင်တယ်။

စိတ္တဝိဝေက- စိတ်ကလေးငြိမ်ပြီးတော့ တရားအာရုံမှာ ထုံမွှမ်းပြီးနေတော့ စိတ္တဝိဝေကလဲ ရတယ်။

စိတ္တဝိဝေကဆိုတဲ့ လက်နက်နဲ့ "ကိလေသ သင်္ဂဏိက"- ကိလေသာတရားတွေနဲ့ ရောထွေးယှက်တင်ပြီး နေခြင်းဆိုတဲ့ ကိလေသာရန်သူကို ပစ်ဖေါက်နိုင်တယ်။

ဥပဓိဝိဝေကတဲ့။ ကိလေသာတို့မှ ကင်းရှင်းတဲ့ ဥပဓိဝိဝေကနဲ့ အလုံးစုံသော အကုသိုလ်ရန်သူတွေကို ပစ်ဖေါက်နိုင်ပါတယ်။ နှိမ်နင်းနိုင်ပါတယ်။ အဲဒီလို အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးမှာ လက်နက်ကြီးက (၅)မျိုး တပ်ဆင်ပြီးထားတယ်။

**တိတိက္ခာ ဓမ္မသန္နာဟော၊**

**ယောဂက္ခေမာယဝတ္တတိ။**

http://www.dhammadownload.com



အရာရာကို သည်းခံနိုင်တဲ့ ခန္တီဆိုတဲ့ ချပ်ဝတ်ကလဲ ဝတ်ဆင်လို့ထားတယ်။

**ခမော ဟောတိသီတဿ၊**

**ဥဏှဿ ဇိဃစ္ဆာယပိပါသာယ။**

အအေးလဲ ခံနိုင်ရည်ရှိတယ်။ အပူလဲခံနိုင်ရည်ရှိတယ်။ ဆာလောင်မွတ်သိပ်မှုကိုလဲ ခံနိုင်ရည်ရှိတယ်။

"**ဒုရုတ္တာနံ ဒုရာဝစနာနံ**"-ဆိုတဲ့ အဓိဝါသနခန္တီ တည်းဟူသော ချပ်ဝတ်လဲပဲ ဒီရထားကြီးမှာရှိတယ်။

အဲသလိုဆိုရင် စောစောကပြောတဲ့ အချက်အလက်တွေ ပြည့်စုံတဲ့ ရထားကြီးဟာ "**ယောဂက္ခေ မာယဝတ္တတိ**"- ယောဂလေးပါး ကုန်ရာနိဗ္ဗာန်ကို ရောက်ရှိနိုင်ပါတယ်။

**တေဒတ္တနိ သမ္ဘုတံ၊**

**ဗြဟ္မယာနံ အနုတ္တရံ။**

**နိယျန္တိ ဓီရာလောကမှာ၊**

**အညဒတ္ထု ဇယံဇယံ။**

(မဟာဝဂ္ဂသံ-၆)

ဆက်ပြီးတော့ဟောတဲ့ ဂါထာက အဲဒီလို အချက်အလက်တွေနဲ့ ပြည့်စုံနေတဲ့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထားတဲ့ ယာဉ်ရထားကြီး။

အဲဒီ မြတ်ရထားကြီး တက်စီးကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ စွမ်းအားကို ကြည့်။

ယေသံဓီရာနံ- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကို လေးစားခံမင် အကြင်ပညာရှင်တို့အား၊ အနုတ္တရံ- ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊

နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ ဒီယာဉ်ရထားလောက်ကောင်းတာ မရှိဘူး။

http://www.dhammadownload.com



အတ္တနိသမ္မုတံ- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဇတံ-ပြဟ္မယာန်- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား ဤမြတ်ရထားသည်၊ အတ္တ- ကိုယ်ပိုင်ဉာဏ်အား စွမ်းပကားဖြင့် ထင်ရှားပုံသေ ရှိပါပေ၏။

ဟော- အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီး အသီး အသီးရှိကြတယ်။

တေဓီရာ- အရိယာမဂ္ဂင် စက်ဆင်ယှဉ်ထား မြတ်ရထားကို လေးစားခုံမင် ထိုပညာရှင်တို့သည်၊ အညဒတ္ထု- စင်စစ်ဧကန် အမှန်ပင် လျှင်၊ ဇယံဇယံ- ကိလေသာစုံ ရန်သူပန်ကို အကုန်တိုက်ဖျက် အောင်လျှက် အောင်လျှက်သာလျှင်။

ဒီရထားကြီးပေါ်မှာ တပ်ဆင်ထားတဲ့ လက်နက်ကြီးတွေနဲ့ ကိလေသာရန်သူပုန်တွေကို ပစ်ဖေါက်အနိုင်ယူ အောင်ပွဲခံပြီးတော့။

လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောက တွင်းမှ။

လောကဆိုတာ ဘေးတွေအမြဲကြုံလို့ အမြဲဆုံလို့ စိုးရိမ်ပူဆွေး စိတ်မအေးတာတွေလဲပဲ ပြည့်နှက်လို့ သတင်းစာတွေထဲမှာ ဝမ်းနည်း ကြေကွဲခြင်း ဆိုပြီးတော့ ခေါင်းစည်းတွေနဲ့ နေ့စဉ်မြောက်များစွာ တွေ့ရ တယ်။ ကာယကံရှင်က မဟုတ်ဘူး။ ကာယကံရှင်နဲ့ ဆက်နွယ်တဲ့ မိတ်ဆွေ သူငယ်ချင်းများကနေပြီးတော့ ဘယ်သူဘယ်သူရဲ့အမိ ကွယ်လွန်တဲ့အတွက် ဝမ်းနည်းကြေကွဲပါတယ်။ ကိုယ့်အပေါင်းအသင်း တွေရဲ့ မိဘဆွေမျိုးများ ကွယ်လွန်ကြတဲ့အခါမှာ ဝမ်းနည်းကြေကွဲ ကြောင်း သတင်းစာထဲတည့်ကြတယ်။

တကယ်တမ်း ကာယကံရှင် အမိကွယ်လွန်တဲ့ ပုဂ္ဂိုလ်၊ အဖ ကွယ်လွန်တဲ့ပုဂ္ဂိုလ်၊ အဘိုးအဘွား ကွယ်လွန်တဲ့ ကာယကံရှင်တွေမှာ ကတော့ ဝမ်းနည်းကြေကွဲတယ်ဆိုတာက ပြောမပြနိုင်လောက်အောင် ဝမ်းနည်းကြေကွဲမှုတွေ ဖြစ်ပါတယ်။ ဒါကြောင့် လောကမှာ အမြဲကြုံရ

http://www.dhammadownload.com



ဘေးဒုက္ခနှင့်သောကမကင်း လောကတွင်းမှ အဲဒီလို ကြုံတွေ့နေကြတဲ့ ကမ္ဘာ့လူထုကြီး ဟော- အခုခေတ် မကြာမကြာ ပြောနေကြတဲ့ (၂၁)ရာစု စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ကမ္ဘာကြီးတစ်ခုလုံး ပြင်ဆင်နေကြတယ်။

စိန်ခေါ်မှုဆိုတာ အိုဘေးကြီးကပဲ စိန်ခေါ်မယ်။ နာဘေး၊ သေဘေးကလဲ စိန်ခေါ်မယ်။

အဲဒီ အိုဘေး၊ နာဘေး၊ သေဘေး အထူးသဖြင့် သေဘေးက စိန်ခေါ်မှုကို အံတုနိုင်ဖို့ရာ မဂ္ဂင်နည်းလမ်း မရှိတော့ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးမှ မပြင်ဆင်နိုင်ကြပါဘူး။

နာဘေး ထိုက်တန်သလောက် အံတုဖို့ ဆေးဝါးဓာတ်စာတွေ လုပ်နိုင်ကြ၊ အိုဘေး ထိုက်တန်သလောက် အကာအကွယ် ရရှိနိုင်ဖို့ ကြိုးစားကြတယ်။

သေဘေးတဲ့ သူ့ထက်ကြီးတဲ့ ပြဿနာမရှိပါဘူး။ ဘဝမှာ သေတာလောက် ကြီးတဲ့ပြဿနာ ဘာမှမရှိပါဘူး။

အကြီးဆုံး၊ အဆိုးဆုံး သေဘေးနဲ့ ရင်ဆိုင်တွေ့ကြုံရမယ် သေဘေးရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ဖို့ရာ စိတ်ကူးတောင် မရကြဘူး။

ဘာပြုလို့လဲဆိုတော့ ရင်ဆိုင်နိုင်တဲ့ အင်အားမရှိကြလို့ (၂၁)ရာစုမှာ တွေ့ကြုံလတ့်ဖြစ်တဲ့ တွေ့ရမယ့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နိုင်ဖို့ ပြုပြင်နေကြတဲ့အခါမှာ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘုရားက (၂၁)ရာစုမပေါ်မီ (၅)ရာစုက ရာစုနဲ့ ပြောမယ်ဆိုရင် ဒီ(၂၁)ရာစု၊ ရာစုနှစ်ပေါင်း နှစ်ဆယ့် တစ်မပေါ်မီ ငါးရာစုလောက်က ကြိုတင်ပြီး မြတ်စွာဘုရားက ကမ္ဘာလူထု ကြီးအား စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ရန်နည်းလမ်းတွေ ပေးတော်မူ ခဲ့တယ်။ ကမ္ဘာလူထုကြီးက အခုမှ ရှာနေကြတယ်။ တကယ်တမ်းလဲ မတွေ့ကြပါဘူး။

မြတ်စွာဘုရားက တွေ့ခဲ့တယ်။ တွေ့ထားတယ်။ အဲဒီတော့ တွေ့ထားတဲ့ ယာဉ်ရထားကြီး ဗြဟ္မယာန- မြတ်တဲ့ယာဉ်၊ ဓမ္မယာန- တရားယာဉ်၊ ဒီယာဉ်တွေသာ စီးပြီးသွားဆိုရင်တော့ဖြင့် ဒီလောကကြီးထဲ

http://www.dhammadownload.com



မှာ လုံးခြာလိုက်မနေတော့ဘူး။ အမြဲဒုက္ခတွေ ဝိုင်းအုံနေတဲ့ လောကကြီးထဲက ထွက်မြောက်နိုင်တယ်။

အခုတည်ဆောက်နေကြသူများဟာ ယာဉ်ရထားတွေ အင်မတန်ကို တည်ဆောက်နိုင်ကြတာပဲ။ စွမ်းအားသိပ်ရှိကြတာပါပဲ။

လကမ္ဘာသွားနိုင်တယ်။ နေကမ္ဘာသွားနိုင်တယ်။ ဂြိုဟ်တွေ အသီးသီး အင်္ဂါဂြိုလ် အစရှိသည်ကို သွားနိုင်ကြတယ်။

သွားနိုင်ပေတယ်လို့ အိုနာသေ လွတ်တဲ့နည်းလမ်းနဲ့ သွားနိုင်ကြတာတော့ မဟုတ်ဘူး။ လကမ္ဘာ ပထမဆုံးရောက်ခဲ့တဲ့ ဂါဂါရင်သေလို့ သူ့အရိုး မော်စကိုကလင်မလင်နန်းမြို့ရိုးမှာ မြှုပ်နှံဂုဏ်ပြုထားတာ တွေ့ခဲ့ရတယ်။ သူနောက်ထပ် မသေရတော့ဘူးလို့ ဝန်မခံနိုင်ဘူး။

မဂ္ဂင်မြတ်ရထားကြီးကို စီးပြီးသွားကြတာကတော့ မဟုတ်ဘူး။ အဲဒါကြောင့် နောင်လဲအသေမလွတ်သေးဘူး။

အဲဒီတော့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားကြီးက သုံးမည်ရ မြတ်ရထားကြီး။

- ဗြဟ္မယာန - မြတ်တဲ့ယာဉ်
- ဓမ္မယာန - တရားယာဉ်
- အနုတ္တရသင်္ဂါမဝိဇယ- အတုမရှိမြတ်တဲ့အောင်ပွဲရယာဉ်

အဲဒီလို သုံးမည်ရတဲ့ အရိယာမဂ္ဂင် စက်ယှဉ်ဆင်ထားတဲ့ ယာဉ်ရထားကြီး။ မြတ်ရထားကြီးကို လေးစားခုံမင်ကြတဲ့သူတွေဟာ လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ နိယျန္တိ- ဒုက္ခ ဘက်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရာ ရလျှက် လွတ်မြောက်နိုင်ကြလေကုန်၏။

တုမ္ဟေပိ- သင်ယောဂီ သူတော်စင်အပေါင်းတို့သည်လည်း၊ အနုတ္တရေန- ထွဋ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်သည့် တုရန်ယှဉ်ထားယာဉ်တစ်ပါးဟု အစားရှာမရ အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ပေသော၊

http://www.dhammadownload.com



အတ္တနိသမ္မုတေန- ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့် လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်၍နေသော၊ ဣမိနာပြဟွယာနေန- ဤအရိယာမဂ္ဂင် စက်ယှဉ်ဆင်ထား မြတ်ရထားဖြင့်၊ ဇယံဇယံ- ကိလေသာစုံ ရန်သူပုန်ကို အကုန်တိုက်ဖျက် အောင်လျှက်အောင်လျှက်သာလျှင်၊

လောကမှာ အမြဲကြုံရ ဘေးဒုက္ခနှင့် သောကမကင်း လောကတွင်းမှ နိယျန္တိ- ဒုက္ခဘက်ဆီ ပြန်မလည်ပဲ ကြည်လင်အေးမြ သက်သာရာရလျှက် ထွက်မြောက်နိုင်ကြ လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်။

**အယူဝါဒ**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အချိန်ပါပဲ။

များစွာသော ရဟန်းတော်တွေ ဘယ်သူတွေနဲ့ တွေ့ဆုံသလဲဆိုတော့ သာသနာ့ပြင်ပ အယူမတူတဲ့ ပရိဗိုဇ်တွေအနီးအနားမှာလဲ ရှိနေတော့ အယူမတူကြတဲ့ ပရိဗိုဇ်တွေနဲ့ တွေ့ကြ ကြုံကြ ဆုံကြတယ်။

အယူကွဲပြား ခြားနားကြတဲ့ ပရိဗိုဇ်တွေကပဲစပြီးတော့ ရဟန်းတွေကို မေးကြတယ်။ ဘယ်နှယ်မေးကြသလဲလို့ဆိုတော့-

**ကိမတ္ထိယံ အာဝုသော သမဏေ ဂေါတမေ ဗြဟ္မစရိယံ ဝုဿတိ။**

(မဟာဝဂ္ဂသံယုတ် ကိမတ္ထိယသုတ်-၆)

ကိုယ်လူတို့၊ ငါ့ရှင်တို့ ဘယ်အကျိုးငှာ ရဟန်းဂေါတမရဲ့ထံမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးနေထိုင်ကြပါသလဲလို့ ဒီမေးခွန်းမေးတယ်။

သာသနာ့ပြင်ပ အယူဝါဒခြားနားကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပရိဗိုဇ်တွေက ရဟန်းတော်များကို အဲဒီမေးခွန်း မေးလိုက်တယ်။

အဘယ်အကျိုးငှာ ရဟန်းဂေါတမအထံမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးကြပါသလဲတဲ့။

အဲဒီတော့ ရဟန်းတော်များက ဘာပြောသလဲဆိုတော့-

**ဒုက္ခဿ အာဝုသော ပရိညတ္ထံသမဏေ**
**ဂေါတမေ ဗြဟ္မစရိယံ ဝုဿတိ။**

ငါ့ရှင်တို့ ဒုက္ခကို ပိုင်းခြားပြီး သိဖို့ရာ တို့တတွေ ရဟန်းဂေါတမအထံမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးပြီးနေပါတယ်။

http://www.dhammadownload.com



ဒီနေရာမှာ ပါဠိကတော့ အမေးမှာလဲပဲ ဝုဿတိ၊ အဖြေမှာလဲပဲ ဝုဿတိလို့ ပါဠိအနေအထား ရှိတယ်။

အဲဒီတော့ မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်တာ ဘယ်အကျိုးငှါလဲ။ ဘယ်အကျိုးမျှော်ကိုးသလဲဆိုတော့ "ဒုက္ခဆင်းရဲကို ပိုင်းခြားသိဖို့ပါပဲ။"

အဲဒီလိုဖြေခဲ့ကြတယ်။ အဲဒီလို ဖြေပြီးတော့ မိမိတို့ဖြေကြားထားတဲ့ အဖြေဟာ ဟုတ်မှဟုတ်ပါ့မလားဆိုတဲ့ သံသယနဲ့ ရဟန်းတော်တွေဟာ ဘုရားထံရောက်လာကြတယ်။

ရောက်လာပြီးတော့ "မြတ်စွာဘုရား တပည့်တော်တို့ ယနေ့ သာသနာ့ပြင်ပ ကွဲပြားတဲ့ဝါဒ အယူရှိကြတဲ့ ပရိဗိုဇ်တွေနဲ့ တွေ့ကြဆုံကြကြုံကြလို့ သူတို့က အဘယ်အကျိုးငှာ သင်တို့တတွေ ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါသလဲလို့ မေးပါတယ်ဘုရား"။

အဲလိုမေးတော့ တပည့်တော်တို့က "ဒုက္ခကိုပိုင်းခြားသိဖို့ရာ ရဟန်းဂေါတမအထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပြီးတော့ နေပါတယ်လို့ ဖြေလိုက်ပါတယ်ဘုရား"။

"အဲဒီအဖြေဟာ ဘုရားရှင်တို့ ဟောကြားတော်မူတဲ့အတိုင်း မှန်ပါ သလားဘုရား"။

"မမှန်တဲ့စကား ပြောပြီးတော့ မြတ်စွာဘုရားကိုများ ပုတ်ခတ်ရာ၊ စွပ်စွဲရာရောက်မလားဘုရား၊ တရားအားလျော်သော စကားမျိုးကော ဖြစ်ပါသလားဘုရား၊ အကြောင်းနှင့်တကွ ပြောဆိုအပ်တဲ့ဝါဒ၊ အနုဝါဒ ဖြစ်ပြီးတော့ ကဲ့ရဲ့ဖွယ်ကော လွတ်ပါရဲ့လားဘုရား"လို့ မြတ်စွာဘုရားအား လျှောက်ထားကြတော့။

မြတ်စွာဘုရားက အားပေးစကား မိန့်ကြားတော်မူတယ်။

"ရဟန်းတို့ စင်စစ် အဲဒီသာသနာ့ပြင်ပ ပရိဗိုဇ်တွေက မေးကြတဲ့အခါမှာ သင်တို့တတွေဟာ ဒုက္ခကိုပိုင်းခြားသိဖို့ရာ ရဟန်းဂေါတမထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပါတယ်လို့" ဒီလိုဖြေကြားတဲ့

http://www.dhammadownload.com



အဖြေစကားဟာ ငါဘုရားဟောကြားချက်နဲ့လဲ ညီတယ်။ ငါဘုရားကိုလဲ စွပ်စွဲရာမရောက်၊ စော်ကားရာမရောက်၊ တရားအားလျော်သော စကားကို ပြောကြားတာမှန်တယ်။ သင်တို့ပြောကြားတဲ့ အယူဝါဒ စကားများဟာ ကဲ့ရဲ့ဖွယ်မရှိဘူးတဲ့။

အဲဒီတော့ သူတို့ကဆက်မေးကြလိမ့်အုန်းမယ်။

"ဒုက္ခကိုပိုင်းခြား၍ သိဖို့ရာအတွက် ရဟန်းဂေါတမအထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးပြီးတော့ နေထိုင်ပါတယ်ဆိုတော့ သူတို့က ထပ်ပြီးမေးနိုင်တယ်"။

"အဲဒီဒုက္ခကို ပိုင်းခြားပြီးသိဖို့ရာ လမ်းစဉ်ကောရှိပါသလား၊ ကျင့်စဉ်ကော ရှိပါသလား"လို့ သင်တို့ကို မေးကြလိမ့်ဦးမယ်။

အဲဒီလိုများ မေးခဲ့လို့ရှိရင် ဒုက္ခကို ပိုင်းခြား၍ သိဖို့ရာနဲ့ ပတ်သက် ပြီးတော့ လမ်းစဉ်လဲရှိတယ်။ ကျင့်စဉ်လဲရှိတယ်လို့သာ ဖြေလိုက်ကြပေတော့။

ဒုက္ခကိုပိုင်းခြားပြီး သိနိုင်ဖို့ရာအတွက် လမ်းကောင်း လမ်းမှန် လမ်းစဉ်က ဘာလဲဆိုတော့။

## လမ်းစဉ်ကျင့်စဉ်

**"အယမေဝ အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါ"**

အရိယော- မြတ်သော (ဝါ) ဖြူစင်သော၊ အဋ္ဌင်္ဂိကော- အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော၊ အယမေဝမဂ္ဂေါ- ဤမဂ္ဂင်ရှစ်ပါးပင်တည်း။

ဟော- ဒုက္ခကိုပိုင်းခြား၍ သိဖို့ရာလမ်းရှိပါရဲ့လား။ ကျင့်စဉ်ကော ရှိပါရဲ့လားလို့ မေးလာရင် ရှိတယ်လို့သာ ရဲရဲဖြေလိုက်ကြ။

ဘုရားကထပ်ပြီးတော့ သင်ပေးပါတယ်။ ဒုက္ခကိုပိုင်းခြား၍ သိနိုင် ဖို့ရာအတွက် လမ်းစဉ်ကဘာလဲလို့ဆိုတော့ မဂ္ဂင်ရှစ်ပါးပါပဲ။ ကျင့်စဉ်က ဘာလဲလို့ဆိုတော့ မဂ္ဂင်ရှစ်ပါးပါပဲ။

http://www.dhammadownload.com



ဒါဖြင့် ဒီမဟာဝဂ္ဂသံယုတ် ကိမတ္ထိယ သုတ္တန်ဒေသနာတော်ကို ကြည့်မယ်ဆိုရင်-

အခုမြတ်စွာဘုရား သာသနာတော်မှာ တရားအားထုတ်တယ်လို့ ဆိုတော့ မြတ်သောအကျင့်ကို ကျင့်သုံးပြီးတော့ နေထိုင်ကြတာ (၇)ရက် တာကာလ မြတ်သောအကျင့်ကို ကျင့်သုံးပြီးတော့ နေထိုင်ကြတယ်။

ဘယ်အကျိုးမျှော်ကိုးသလဲလို့မေးရင် စောစောက ရဟန်းတော်များ ဖြေကြားသလိုပဲ ဒုက္ခကိုပိုင်းခြားသိဖို့ရာ ကျင့်သုံးနေထိုင်ကြတယ်လို့ ဖြေကြရမှာပါပဲ။

ဒါကြောင့် **"ဘာကြောင့်တရားအားထုတ်သလဲ။ ဒုက္ခကို ပိုင်းခြား သိဖို့ရာပါဘုရား။**

**ဒုက္ခကိုပိုင်းခြားသိဖို့ရာဆိုတော့ လမ်းစဉ်ကောတွေ့ရဲ့လား။ ကျင့်စဉ်ကောတွေ့ရဲ့လား ဆိုရင် တွေ့ပါတယ်ဘုရားလို့သာ ဖြေကြ။**

**ဘယ်လမ်းစဉ်လဲဆိုတော့ မဂ္ဂင် (၈)ပါး။"** ယောဂီသူတော်စင်များ စောစောကထဲက **"သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ"**။

ဟော- ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း။

ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းလို့ အာဇီဝဋ္ဌမကသီလ။ ဒါကတော့ နိစ္စသီလမျိုး။

ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလတို့ကို စောင့်ထိန်းနိုင်ခဲ့ပြီ။ နေ့စဉ် နေ့စဉ်လဲ ဥပုသ်သီလရပြီးတော့ နေကြတယ်။ ဥပုသ်သီလက အမွှန်းတင် သီလ။

အစဉ်ထာဝရ စောင့်ထိန်းရတဲ့ ငါးပါးသီလလဲရှိတယ်။ အာဇီဝဋ္ဌမကသီလလဲ ရှိတယ်။ အမွှန်းတင်ဥပုသ်သီလလဲ ဆောက်တည် ထားတော့ သီလမဂ္ဂင်လမ်းစဉ်ကျင့်စဉ်အတိုင်း သွားနေကြပြီ။

ဒါ ဒုက္ခကိုသိဖို့ရာ အခြေခံပေါ့။ နောက် သမ္မာဝါယာမ၊ သမ္မာ သတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင် (၃)ပါး၊ သမာဓိမဂ္ဂင် (၃)ပါး။

http://www.dhammadownload.com



သူ့အချိန်နဲ့သူ တစ်နေ့ ဆယ့်တစ်ချိန် အားထုတ်နေတာ။ သမ္မာဝါယာမ။

သမ္မာသတိ- ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ တစ်ခါထဲ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကိုချည်ပြီးတော့ထားတာ သမ္မာသတိ။

အဲဒီလို ချည်တုတ်ထားနိုင်တဲ့အတွက် စိတ်ကလေးဟာ တည်ကြည်ငြိမ်သက် မလှုပ်ယှက်တော့ သမ္မာသမာဓိ။

အဲဒီလို သီလသမာဓိမဂ္ဂင်ကျင့်စဉ်များ မဂ္ဂလမ်း၊ ပဋိပဒါကျင့်စဉ်တွေဟာ သမ္မာဒိဋ္ဌိအမြင်မှန်ရဖို့ ဝိပဿနာသမ္မာဒိဋ္ဌိ ရဖို့ပါပဲ။

ဒီသမ္မာဒိဋ္ဌိကလဲ ကမ္မဿကတာ သမ္မာဒိဋ္ဌိကစပြီး အခြေခံပြီးတော့ လာလို့မို့ စောစောကပြောတဲ့ သီလသမာဓိမဂ္ဂင်တွေလဲပဲ ဖြစ်ကြရတာပါပဲ။

သမ္မာသင်္ကပ္ပ- ကောင်းမှန်တဲ့အကြံ၊ မှန်ကန်တဲ့အကြံ ဝဋ်မှ ထွက်မြောက်နိုင်တဲ့ အကြံအစည်။

ဒီအချက်အလက်တွေဟာ ဒုက္ခကိုပိုင်းခြား၍ သိဖို့ရာတွေပါပဲ။ သိဖို့ရာလမ်းတွေ သိဖို့ရာကျင့်စဉ်တွေပါ။

## ဒုက္ခဆိုတာ ဘာလဲ

ဒုက္ခဆိုတာ ဘာလဲလို့ဆိုတော့ မိမိတို့ရှုမှတ်နေတဲ့ ထွက်လေဝင်လေ၊ ပညတ်စကားက ထွက်လေ ဝင်လေ၊ ထွက်လေ ဝင်လေ ပညတ်စကားပါ။

အဲဒီ ထွက်လေ ဝင်လေဟာ တွန်းကန်လှုပ်ရှားတဲ့သဘောရှိပြီးတော့ ဝါယောရုပ်၊ ရုပ်နာမ်နှစ်မျိုးတို့တွင် ရုပ်။

ရုပ်အမျိုးမျိုး အစားစားရှိတာထဲက ဝါယောရုပ်။ အဲဒီဝါယောရုပ်သည် သစ္စာနည်းနဲ့ပြောရင် ဒုက္ခသစ္စာ။

ဒီဒုက္ခသစ္စာ တစ်စိတ်တစ်ဒေသကို သိအောင်လို့ ကျင့်ကြံအားထုတ်နေတာ၊ ဒုက္ခကိုသိအောင် အကဲခတ်ပြီးတော့နေတာ အစဉ်မပြတ်အကဲခတ်။

http://www.dhammadownload.com



ဒါဖြင့် အဲဒီထွက်လေ ဝင်လေကို သိမ်းဆည်းတဲ့သတိ။ အဲဒီ သတိကကော ဘာလဲလို့ဆိုတော့ လောကီပိုင်းရှိသေးတာဆိုတော့ ဒုက္ခသစ္စာပါပဲ။

ထွက်လေ ဝင်လေ ဝါယောရုပ်ကို သိမ်းဆည်းပြီးတော့နေတဲ့ သတိဟာ လောကီပိုင်းမှာတော့ ဒုက္ခသစ္စာပဲ ရှိပါသေးတယ်။

ထွက်လေ ဝင်လေကို အခြေခံပြီးတော့ ထိသိစိတ် ဖြစ်ပေါ်တယ်။ အဲဒီ ထိသိစိတ်ကလေးဖြစ်ပေါ်လာတာကို စဉ်းစားပြီးတော့ ကြည့်မယ်ဆိုရင် ကာယပသာဒအကြည်ရယ်၊ ဝါယောပါတဲ့ ဖောဋ္ဌဗ္ဗာရုံရယ်၊ အဲဒီနှစ်ခု အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ ထိသိစိတ်။

အကုန်လုံး ကာယပသာဒကလဲ ရုပ်တရားဆိုတော့ ဒုက္ခသစ္စာ၊ ဝါယောပါတဲ့ ဖောဋ္ဌဗ္ဗာရုံကလဲ ဒုက္ခသစ္စာ၊ ဖြစ်ပေါ်ပြီးလာတဲ့ ထိသိစိတ်ကလေးကလဲ ကာယဝိညာဉ်စိတ် ဒုက္ခသစ္စာ။

ဒါတွေကို သိအောင်ကြိုးစားနေကြရတာပဲ။ ဒါကြောင့် မြတ်စွာဘုရားက **"နတ္ထိခန္ဓသမာဒုက္ခာ"**

ဒုက္ခတွေထဲမှာတော့ ခန္ဓာကိုယ်လောက် ကြီးကျယ်တဲ့ဒုက္ခ မရှိဘူး။ ခန္ဓာနဲ့တူတဲ့ ဒုက္ခမရှိဘူး။ ဘာကြောင့်လဲလို့ဆိုတော့ ရုပ်အစုအဝေး ခန္ဓာပဲဖြစ်စေ၊ နာမ်အစုအဝေး ခန္ဓာပဲဖြစ်စေ အားလုံးဟာ ဒုက္ခတွေချည်းပဲ။

ဒါကြောင့် **"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဒုက္ခမေဝ နိရုဇ္ဈတိ"** ဖြစ်ပြီးတော့ နေတော့လဲ ဘာဖြစ်နေသလဲ။ ဘုန်းကြီးတို့ သန္တာန်မှာ ဒုက္ခပဲဖြစ်နေတယ်။ ချုပ်သွားတော့လဲ ဒုက္ခတွေပဲ ချုပ်တယ်။

**နာညတြ ဒုက္ခာသမ္ဘောတိ၊**
**နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

ဒုက္ခမှတစ်ပါး အခြားဘာမှမဖြစ်ဘူး။ ဒုက္ခမှတစ်ပါး အခြား ဘာမှမချုပ်ဘူး။

http://www.dhammadownload.com



အဲဒီဒုက္ခချည်း ဖြစ်နေတာကို၊ ဆင်းရဲတာတွေချည်း ဖြစ်နေတာကို သိနိုင်ဖို့ရာအတွက် တရားအားထုတ်ပါတယ်။ အဲဒါကြောင့် ဓမ္မစကြာမှာ ဒုက္ခသစ္စာဟာ ပရိညေယျ ပိုင်းခြား၍သိရမည့် တရားပါလို့ ဟောခဲ့တယ် မဟုတ်လား။

အဲဒါကို သိနိုင်ဖို့ဆိုပြီးတော့ အခြေခံယူနေတဲ့အချိန်မှာ သမာဓိ ရင့်သန်လို့ စိတ်ကလေးတည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ အခါကျတော့ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ဝါယောရုပ်ရဲ့ အမှတ်တံဆိပ် အနိစ္စလက္ခဏာ၊ ဒုက္ခအမှတ်တံဆိပ် ဒုက္ခလက္ခဏာ၊ အနတ္တအမှတ်တံဆိပ် အနတ္တလက္ခဏာတွေ မြင်ပြီးတော့လာပါလိမ့်မယ်။

အဲဒီတော့ ဒုက္ခကိုပိုင်းခြားသိဖို့ အားထုတ်ကြတယ်။ ဒုက္ခဆိုတာ ဘာလဲဆိုရင် ဒုက္ခဆိုတာ ရုပ်နာမ်တွေပါပဲ။ အဲဒီရုပ်နာမ်တွေကို ပိုင်းခြားပြီးတော့သိတာကို ဒုက္ခကိုပိုင်းခြားသိတယ်။

အဲလို ဒုက္ခတွေ ပိုင်းခြားသိဖို့ရာ "သတိမမူ ဂူမမြင်၊ သတိမူတော့ မြူမြင်"ဆိုတဲ့ စကားလို ဖြစ်နေတာကတော့ ဒုက္ခဖြစ်နေတာပဲ။

သို့သော် ဒုက္ခမှန်းမသိဘူး။ ဒီဒုက္ခကို မြင်နိုင်အောင်ဆိုပြီးတော့ ဘုရားသာသနာတော်မှာ တရားအားထုတ်ကြရတယ်။

## ပန်းတိုင်

အဲဒီလိုနဲ့ နောက်ထပ်ရဟန်းတစ်ပါး ဘုရားထံမှောက် ရောက်ပြီးတော့ လာပြန်ရော။ စောစောက ရဟန်းတော်တွေရဲ့ အမေးကို ဖြေရှင်းလို့အပြီး ရဟန်းတော်တစ်ပါးရောက်လာတော့ ရှိရိုသေသေ ရှိခိုးပြီး ထိုင်ပြီးတော့ ဘာလျှောက်သလဲ။

**ကတမံနုခေါ ဘန္တေ ဗြဟ္မစရိယံ၊**

**ကတမံ ဗြဟ္မစရိယ ပရိယောသာနံ။**

ဘန္တေ- ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို-မြတ်စွာဘုရား၊ ဗြဟ္မစရိယံ- မြတ်သောအကျင့်ဟူသည်၊ ကတမံနုခေါ- အဘယ်ပါနည်း။

http://www.dhammadownload.com



မြတ်သောအကျင့်ဆိုတာ ဘာကိုခေါ်ပါသလဲဘုရားတဲ့။

"ကတမံ နုခေါ် ဗြဟ္မစရိယ ပရိယောသာနံ။"

မြတ်တဲ့အကျင့်ရဲ့ ဆုံးခန်းတိုင်မြောက် ရောက်မှုပန်းတိုင်ဆိုတာ ဘာကိုခေါ်ပါသလဲ။

အဲဒီတော့မြတ်စွာဘုရားက နံပါတ်(၁)မေးခွန်း မြတ်တဲ့အကျင့်ဆိုတာ မဂ္ဂင်ရှစ်ပါးကိုခေါ်တယ်။

ဒါဖြင့် ဘုန်းကြီးတို့ ယောဂီသူတော်စင်တွေ အခုမြတ်တဲ့အကျင့်ကို ကျင့်နေတယ်။ ဘာကြောင့် မဂ္ဂင် (၈)ပါးလမ်းအတိုင်း သွားနေလို့။

မြတ်တဲ့အကျင့်ရဲ့ ဆုံးခန်းတိုင်မြောက် ပန်းတိုင်ရောက်ခြင်းဟာ ဘယ်လိုဟာမျိုး ခေါ်ပါသလဲဆိုတော့-

ရာဂက္ခယော- ရာဂကုန်ရာသည် မြတ်တဲ့အကျင့်ရဲ့ ပန်းတိုင်ပဲ။ ဒေါသကုန်ရာ၊ မောဟကုန်ရာသည် မြတ်တဲ့အကျင့်ရဲ့ ပန်းတိုင်ပဲ။ လောဘကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ အဲဒီလို ကုန်ခြင်း သုံးမျိုးနဲ့ ကုန်ခမ်းပြီးတော့သွားရင်၊ မိမိတို့သန္တာန်မှာ လောဘကုန်ခမ်းသွားပြီ။ ဒေါသကုန်ခမ်းသွားပြီ။ မောဟကုန် ခမ်းသွားပြီဆိုပါက ဒါမြတ်သောအကျင့်ရဲ့ ပန်းတိုင် ရောက်ပြီလို့ ဆိုရမှာပါပဲ။

ဒီပန်းတိုင်ရောက်ဖို့ရာသွားကြရတယ်။ အဲဒီတော့ ရာဂကုန်ရာသည် ပန်းတိုင်၊ ဒေါသကုန်ရာသည် ပန်းတိုင်၊ မောဟကုန်ရာသည် ပန်းတိုင်။

ရာဂကုန်တယ်ဆိုတာ အပြီးသတ်ကျတော့ ရာဂကိုကုန်စေတတ်တဲ့ မဂ်ဉာဏ်၊ ကုန်ပြီးတဲ့ ဖိုလ်ဉာဏ်၊ ကုန်ရာဌာန နိဗ္ဗာန်ကို ခေါ်တာပါပဲ။

အဲဒီတော့ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တို့ဟာ ရာဂကုန်ရာ ဌာနပန်းတိုင်တွေပါပဲ။ အဲဒီလိုနဲ့ လျှောက်ထားတဲ့ ရဟန်းတစ်ပါးက ကျေနပ်သွားတယ်။

http://www.dhammadownload.com



**နိဗ္ဗာန်၏အမည်**

မြတ်စွာဘုရားဆီ သွားမေးလိုက်တော့ မြတ်သောအကျင့်ဆိုတာ ဘယ်ဟာမျိုးကို ခေါ်ပါသလဲဘုရား။ မြတ်သောအကျင့်ရဲ့ ပန်းတိုင်ဟာ ဘယ်ဟာပါလဲဘုရား။ ဒီမေးခွန်း (၂)ခုလဲ ပြေလည်ပြီးတော့ သွားလို့ ပြန်ကြွသွားတော့ နောက်တစ်ပါးက လာပြန်တယ်။ ဇေတဝန်ကျောင်း ထဲမှာကိုး။ လာပြီး ရိုရိုသေသေ ရှိခိုးပြီးတော့ လျှောက်ထားပါတယ်။

"မြတ်စွာဘုရား ရာဂကင်းရာ၊ ဒေါသကင်းရာ၊ မောဟကင်းရာ ဆိုတဲ့အမည်ဟာ အဘယ်တရား၏အမည်ဖြစ်ပါသလဲဘုရား"။

မြတ်စွာဘုရားက **"နိဗ္ဗာနဓာတုယာ အဓိဝစနံ"**- အငြိမ်းဓာတ် နိဗ္ဗာန်ရဲ့နာမည်တွေပါပဲ။

ရာဂက္ခယ- ရာဂကုန်ရာ၊ ဒေါသက္ခယ- ဒေါသကုန်ရာ၊ မောဟက္ခယ- မောဟကုန်ရာ ဆိုတာ နိဗ္ဗာန်ရဲ့အမည်ပါပဲ။

အဲဒီတော့ မြတ်စွာဘုရားရဲ့အဖြေဟာ နိဗ္ဗာန်ကို တိုက်ရိုက် ရာအောင် တန်းပြီးတော့ ဖြေပါတယ်။

တစ်ခါတရံကျတော့ အာသဝက္ခယဉာဏ် ဟောတဲ့နေရာမှာ သုံးမျိုးယူတာ ရှိပါတယ်။

ရာဂ၊ ဒေါသ၊ မောဟအားလုံးကို ကုန်စေတတ်တဲ့ မဂ်ဉာဏ် ကိုလဲ အာသဝက္ခယ။ ကုန်ရာဖြစ်တဲ့ ဖိုလ်ဉာဏ်ကိုလဲ အာသဝက္ခယ။ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို အာသဝက္ခယ။ ဒီလိုကိုး။ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ အဖြေဟာ ဒီအမေးရဲ့အဖြေတော်ဟာ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ ရာဂက္ခယစတဲ့အမည်များဟာ နိဗ္ဗာန်ရဲ့ အမည်။

**တေန အာသဝါနံ ခယောတိ ဝုစ္စတိ။**

တေန- ထိုရာဂက္ခယ စသည်တို့ရဲ့ အမည်ဟာ နိဗ္ဗာန်ကိုခေါ်ဆို ရတဲ့အတွက်ကြောင့်၊ အာသဝါနံ- အာသဝေါတရားတို့၏၊ ခယော- ကုန်ရာဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

http://www.dhammadownload.com



ဟော- အာသဝက္ခယဉာဏ်လို့ ဒီလိုအဖြေတစ်မျိုး ထွက်လာပါတယ်။ အဓိကအားဖြင့်တော့ နိဗ္ဗာန်ရဲ့အမည်ပါပဲ။

**အမြိုက်ခေတ် မသေခေတ်**

အဲဒီရဟန်းကပဲ ဆက်ပြီးတော့ လျှောက်ထားတယ်။ ဘယ်လို လျှောက်ထားသလဲဆိုတော့-

**ကတမံနုခေါ ဘန္တေ အမတံ၊**

**ကတမာ အမတ ဂါမိနီ ပဋိပဒါ။**

အမြိုက်ခေတ်၊ မသေခေတ်လို့ ပြောဆိုနေကြပါတယ်ဘုရား။ အမတအမြိုက်ခေတ်ဆိုတာ ဘာကိုခေါ်ပါသလဲဘုရား။ မသေရာဆိုတာ ဘာကိုခေါ်ပါသလဲဘုရား။

**"အမတသောင်ကမ်း နိဗ္ဗာန်နန်းသို့"**လို့ ပြောဆိုနေကြတော့ အမတဆိုတာ ဘာကိုခေါ်ပါသလဲဘုရားလို့။

အဲလို လျှောက်ထားပြန်တော့ မြတ်စွာဘုရားက "ရာဂက္ခယော အမတံ- ရာဂကုန်ရာနိဗ္ဗာန်သည် အမတအမြိုက်အမြုတေ"။

ဒေါသကုန်ရာ နိဗ္ဗာန်သည် အမတအမြိုက်ခေတ်ပဲ။ မောဟကုန်ရာနိဗ္ဗာန်သည် အမတအမြိုက်ခေတ်ပဲ။

**ကတမော အမတ ဂါမိနီ မဂ္ဂေါ၊**

**ကတမာ အမတ ဂါမိနီ ပဋိပဒါ။**

အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ လမ်းစဉ်ကဘယ်ဟာကို ခေါ်ပါသလဲဘုရား။ အမြိုက်ဆိုတာ- အမတ၊ အမတကို အမြုတေ ဘာသာပြန်ပါတယ်။

အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်း ပိုင်နက် သူ့စားကျက်ကနေ လွတ်ပြီးတော့ လွတ်လွတ်ခါခါလေး နေနိုင်တဲ့ နေရာ အမတ၊ အိုမင်း၊ နာမင်း၊ သေမင်း၊ အပါယ်မင်းတို့ ညှင်းပန်း နှိပ်စက်မှုမရှိတဲ့နေရာ အမတ။

http://www.dhammadownload.com



"အဲဒီ အမတသို့သွားနိုင်တဲ့လမ်း ဘယ်လမ်းကသွားနိုင်ပါသလဲ ဘုရား၊ အဲဒီ အမြိုက်ခတ် မသေခတ် ဆိုက်ကပ်နိုင်မည့် လမ်းစဉ်က ဘယ်ဟာပါလဲဘုရား"။ အဲလိုလျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

**"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပော၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ"**

ဟော- အမတဂါမိမဂ္ဂေါ။ ကျေးဇူးရှင် ကလေးဝဆရာတော်ဘုရားကြီးက တရားပွဲတစ်ခုမှာ ပရိသတ်တွေကို ချပို့ပေးတဲ့လင်္ကာလေး ရှိတယ်။

**"ဟိုဘက်ကမ်း ကူးမှတော်မယ် ဦးကလှော်ကွယ်၊**
**လှော်တက်တွေမများစေနဲ့ အလကားနေမယ်**
**တစ်ပါးဆွေရယ်"။**

ဟိုဘက်ကမ်းဆိုတာ အမတအမြိုက်နိဗ္ဗာန်ကို ပြောတာပါပဲ။ ဟိုဘက်ကမ်း ကူးမှတော်မယ်၊ ဦးကလှော်ကွယ်၊ လှော်တက်တွေ မများစေနဲ့ အလကားနေမကွဲ့။ လှော်တက် (၈)ချောင်းပဲကိုင် လှော်ခတ်ပါ။ လှော်တက်များများ ကိုင်စရာမလိုပါဘူး။ ဒီ (၈)ချောင်းနဲ့လှော်ပြီး အမတ ခေါ်တဲ့ အမြိုက်ခတ်၊ အမြဲတေခတ်၊ မသေခတ်ကြီးကို ရရှိနိုင်ပါတယ်။

ဒါကြောင့် ယခု ယောဂီသူတော်စင်များ **"အမတဂါမီမဂ္ဂေါ"**လို့ အမြိုက်နိဗ္ဗာန် ရောက်ဖို့လမ်းစဉ်လို့ မြတ်စွာဘုရား မဂ္ဂင် (၈)ပါး ညွှန်ပြထားတယ်။

## နိဗ္ဗာန်မြေပုံ

အဲဒီလမ်းဟာ တွေ့နေကြရပြီ။ ကိုယ်တိုင်လဲ သွားနေကြတယ်။ မသွားရင်လဲ မရောက်နိုင်ဘူး။ ကိုယ်တိုင်မသွားရင်လဲ မရောက်နိုင်ပဲ၊

http://www.dhammadownload.com



လမ်းစဉ်မမှန်ပဲ သွားနေရင်လဲ လည်တယ် လည်တယ်နဲ့ ပင်ပန်းရုံပဲ ရှိမှာကိုး။ မျက်စိလည်လမ်းမှားပြီး လမ်းမမှန်ရင် မရောက်နိုင်ပါဘူး။ ရောက်ဖို့မလွယ်ဘူး။ ချမ်းချမ်းသာသာ ရှိချင်လို့ ကောင်းတယ် ထင်တာတွေ ကိုယ့်အယူအဆနဲ့ကိုယ် လုပ်နေကြတာပါပဲ။

အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်များ တွေ့ရှိကြရတာဟာ အင်မတန်ကံကောင်းကြတယ်။

ကမ္ဘာ့လူထုကြီး သန်းပေါင်း (၆၀၀၀)ကျော်ရှိပေမယ့် သန်း (၁၀၀)ကျကျနန ဒီလမ်းကိုလိုက်နေတဲ့ပုဂ္ဂိုလ်ရှိဖို့ ခက်ပါတယ်။

မိမိတို့တတွေဟာ ထူးထူးခြားခြား ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၄ နှစ်။ ပြောမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၈၈ နှစ်ကျော်က ပြခဲ့တဲ့လမ်း။ နှစ်ပေါင်း ၂၅၄၄ နှစ်ကျော်က ပြခဲ့တဲ့လမ်းစဉ်ကြီး။

အဲဒီလမ်းစဉ်ကြီး နှစ်ပေါင်း နှစ်ထောင်ကျော်မှ လူလာပြီးဖြစ်ပြီး နေတော့ ဒီလမ်းမပျောက်သေးတာ အင်မတန်ကံကောင်းကြတာပဲ။ နိဗ္ဗာန်လမ်းမပျောက်သေးဘူး။

ကမ္ဘာ့သိပ္ပံပညာရှင်ကြီးတွေဟာ မြေပုံကြီးတွေဆွဲကြ၊ စကြဝဠာ ကြီးတစ်ခုအတွင်းမှာ သွားလို့ လာလို့ ဖြစ်တဲ့နေရာတွေ အကုန်လုံး ရေပြင်တွေ၊ မြေပြင်တွေ မြေပုံနဲ့ဆွဲပြနိုင်ကြတယ်၊ သွားနိုင်ကြတယ်။

သူတို့ဆွဲမပြနိုင်တဲ့ မြေပုံက နိဗ္ဗာန်မြေပုံပဲ။ဘုရားရှင် ကိုယ်တော်တိုင် ဆွဲပြထားတဲ့ နိဗ္ဗာန်မြေပုံ ရှိတယ်။

အဲဒီနိဗ္ဗာန်မြေပုံကို ရရှိထားကြတဲ့ မိမိတို့ ဗုဒ္ဓဘာသာများအတွက် ကံကောင်းကြတယ်။ နိဗ္ဗာန်မြေပုံဟာ အခြားဘာသာတွေမှာလဲ မရှိဘူး။ အခြားအယူဝါဒတွေမှာလဲ မရှိဘူး။ အခမဲ့ဖြန့်ဝေနေပေမဲ့ မယူချင် ကြဘူး။ ဒါကြောင့်-

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"

ဧဝ- သဒ္ဒါလေးက ဘာပြောသလဲဆိုတော့ ဒီလမ်း (၈)မျိုးသာ အမှန်ပဲ။ ဒီလမ်းကြောင်းသာ အမှန်ပဲ။ အခြားလမ်းတွေ မမှန်ပါဘူးလို့

http://www.dhammadownload.com



ပြောပါတယ်။

ဤမြတ်စွာဘုရားရဲ့ တရားသဖြင့် ဆုံးမရာ ဘုရားသာသနာမှာသာ မသေရာ အမြိုက်ဓာတ်သို့ သွားရာလမ်းရှိတယ်လို့ ဟောတော်မူချင်တဲ့အတွက် "က္ကခေဝ"လို့ ဟောခဲ့တယ်။

ဒါကြောင့် လမ်းမပျောက်သေးခင်၊ နိဗ္ဗာန်လမ်းမပျောက်သေးခင်၊ နိဗ္ဗာန်မြေပုံမပျောက်သေးခင် မြေပုံကြည့်ပြီးတော့ ဒီလမ်းက ဒီလိုသွား၊ ဒီလမ်းက ဒီလိုသွားရတယ်ဆိုတာ သိနေကြတာ။ မြေပုံပျောက်သွားရင် မလွယ်ဘူး။

ဥပမာပြောမယ်ဆိုရင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ထဲမှာ ကျောင်းတိုက်တစ်တိုက် ပဲခူးတိုင်းထဲမှာ ရွှေတောင်မြို့မှာရှိတဲ့ ကျောင်းတိုက်တစ်တိုက်၊ အဲဒီနေရာတွေမှာ ဂျပန်ခေတ်က ရတနာတွေများစွာ စစ်အုပ်ထုတ်ကြီးတွေနဲ့ ပိတ်ညှပ်ပြီးတော့ မြှုပ်ထားခဲ့ကြတယ်။ စောစောက မြေပုံရှိပါတယ်။

နောက်တော့ ပြည်မြို့ရေကြီးတဲ့အခါ ဒီမြေပုံက ပျောက်ပြီးတော့ သွားတယ်။ အခု အဲဒီရွှေတောင်မြို့မှာ ကျောင်းတိုက်ဆရာတော်က ဘုန်းကြီးတို့ အင်မတန်ရင်းနှီးတဲ့ဆရာတော်ပါ။

သူလဲ အဲဒီမြေပုံလိုက်ရှာနေတယ်။ မြေပုံကပျောက်နေပြီ။ မြေပုံပျောက်နေတော့ ကျောင်းတိုက်ကြီးကလဲ ကျယ်ဝန်းတော့ ဘယ်နားတူးရမှန်း မသိဘူး။ ရတနာတွေရဖို့ မလွယ်တော့ဘူး။

ဘာကြောင့်လဲ မြေပုံပျောက်သွားလို့။ အမတအမြိုက်နိဗ္ဗာန်လိုချင်သူတိုင်းဟာ အမြိုက်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ နိဗ္ဗာန်မြေပုံ ရှိမှ ရနိုင်မှာပါ။

ဒီနိဗ္ဗာန်မြေပုံ မပျောက်သေးခင်သာ သွားလို့လာလို့ ဖြစ်တာကိုး။ အခု ကမ္ဘာ့လူထုကြီးအများစုဟာ နိဗ္ဗာန်မြေပုံကို ကြားလဲမကြားဖူးဘူး။ ရှာလဲမရှာကြဘူး။ ရေးလဲ မရေးနိုင်ကြဘူး။

http://www.dhammadownload.com



အခြားမြေပြင် ရေပြင်တွေကတော့ တစ်ကမ္ဘာလုံးကို ကြည့်ပြီးတော့ ရေးထားလိုက်တာစုံလို့။ သို့သော် အဲဒီထဲမှာ နိဗ္ဗာန်မြေပုံ မပါဘူး။

အဲဒီတော့ မိမိတို့အကြောင်းအားလျော်စွာ နိဗ္ဗာန်မြေပုံမပျောက် သေးခင် ဒီမြေပုံကြီးကို ကြည့်ပြီးတော့ ဒီလမ်းစဉ်အတိုင်း ကြိုးစားအား ထုတ်ပြီးတော့ နေရခြင်းဟာ လူ့ဘဝရကျိုးနပ်လေစွာလို့ အားတက်သရော ရှိပြီးတော့ ရှေ့ဆက်ပြီးတော့ အားထုတ်ကြိုးစားကြပါလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၃)ရက်။

**အကျိုးသုံးမျိုး**

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မဂ္ဂင်ရှစ်ပါး။ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ဟောကြားတော်မူခဲ့တယ်။

အဲဒီလို ဟောကြားတော်မူခဲ့တဲ့ စကားတွေနဲ့ ပတ်သက်ပြီးတော့ ရဟန်းတို့- မယောစပါး မယောဆူး၊ သလေးစပါး သလေးဆူး၊ အဲဒီ သလေးစပါးတို့ မယောစပါးတို့ ဆူးလေးတွေဟာ အပေါ် ကိုမျှော်ပြီးတော့ တည့်တည့်လေး ထောင်ထားမည်ဆိုလို့ရှိရင် နင်းလိုက်လို့ရှိရင် စူးသွားနိုင်တယ်။ သွေးတွေလဲ ထွက်သွားနိုင်တယ်။

အကယ်၍များ သူကအပေါ်မှာ တည့်တည့်ထောင်ထားတာ မဟုတ်ပဲနဲ့ လှဲထားမယ်ဆိုလို့ရှိရင် သူဟာအသားလဲ မဖေါက်စေနိုင်ဘူး။ သွေးလဲ မထွက်စေနိုင်ဘူး။

အဲဒီဥပမာမျိုးလိုပဲတဲ့။ မိမိတို့ရဲ့ ဉာဏ်အမြင် အယူမမှန်ဘူးဆိုရင် ဉာဏ်အမြင် အထားမမှန်ဘူးဆိုလို့ရှိရင် အဝိဇ္ဇာကိုလဲပဲ ဖြိုခွင်းနိုင်မှာ မဟုတ်ဘူး။ ဝိဇ္ဇာဉာဏ်ကိုလဲ ဖြစ်စေနိုင်မှာ မဟုတ်ပါဘူး။ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုနိုင်မှာ မဟုတ်ဘူး။

ကမ္မဿကတဉာဏ် အခြေခံပြီးတော့ မဂ္ဂဘာဝနာဉာဏ် မင်္ဂကို ဖြစ်စေတတ်တဲ့ ဉာဏ်မျိုးကောင်းကောင်းမွန်မွန် ထားနိုင်ပြီဆိုရင်-

"မိုက်မဲစွာလှ၊ မှောင်ကြီးကျ၊ မောဟအဝိဇ္ဇာ" ဆိုတဲ့အတိုင်း အဝိဇ္ဇာကိုလဲ ဖြိုခွင်းနိုင်လိမ့်မယ်။

"အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ"ဆိုတဲ့ အဆင့်အတန်းမြင့်တဲ့ ဝိဇ္ဇာဉာဏ်ကိုလဲ ဖြစ်စေနိုင်ပါလိမ့်မယ်။ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

http://www.dhammadownload.com



ဘယ်လိုများ ပွားများလို့ရှိရင် ဘယ်လိုမိမိတို့ရဲ့ ဉာဏ်အမြင်ကို မှန်မှန်ကန်ကန်ထားလို့ရှိရင် အကျိုးသုံးမျိုး ရနိုင်ပါသလဲဆိုတော့-

- ဆိတ်ငြိမ်ရာကိုမှီတဲ့ မှန်ကန်တဲ့အယူ၊
- တပ်မက်ခြင်းကင်းရာကိုမှီတဲ့ မှန်ကန်တဲ့အယူ၊
- ဖြောင့်မှန်တဲ့အယူ၊
- ဒုက္ခချုပ်ရာနိဗ္ဗာန်ကိုမှီတဲ့ မှန်ကန်တဲ့အယူ၊
- တဏှာစွန့်လွှတ်ရာနိဗ္ဗာန်ကို ညွတ်ကိုင်းတဲ့ မှန်ကန်တဲ့အယူ၊

အကြံ၊ အပြော၊ အဆို၊ အပြု၊ အမူ၊ အသက်မွေးဝမ်းကြောင်း၊ လုံ့လ၊ သတိ၊ သမာဓိတို့ကို ကမ္မဿကတဉာဏ် အခြေခံပြီးတော့ ဖြောင့်ဖြောင့်မှန်မှန် ထားနိုင်မယ်ဆိုရင်-

"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"ဆိုတဲ့ မောဟအဝိဇ္ဇာ ကိုလဲ ဖြိုခွင်းနိုင်ပါတယ်။

"အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာအမောဟ"ခေါ်တဲ့ ဝိဇ္ဇာဉာဏ်ကိုလဲပဲ ဖြစ်စေနိုင်ပါလိမ့်မယ်။ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

အခု ယောဂီသူတော်စင်များ ကံ,ကံ၏အကျိုးအပြစ်ကို သိရှိနားလည်တဲ့ ကမ္မဿကတဉာဏ် အခြေခံပြီးတော့လာတော့ ဒုစရိုက်တရားတွေကလဲ ရှောင်ရှားနိုင်တယ်။ ကောင်းမွန်တဲ့လုံ့လဝီရိယများကလဲ ထားနိုင်တယ်။

ကောင်းမွန်တဲ့အမြင်၊ ကောင်းမွန်တဲ့အကြံ၊ ကောင်းမွန်တဲ့သတိ၊ ကောင်းမွန်တဲ့သမာဓိများလဲ ရရှိနိုင်ကြတယ်။

ဒါကြောင့် မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့ အကျိုးသုံးမျိုး "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"ခေါ်တဲ့ အဝိဇ္ဇာကိုလဲပဲ ဖြိုဖျက်နိုင်ပါလိမ့်မယ်။ ဝိဇ္ဇာဉာဏ်ကိုလဲ ဖြစ်ပွားနိုင်ပါလိမ့်မယ်။ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

http://www.dhammadownload.com



**နန္ဒိယပရိဗိုဇ်**

ဒါနဲ့ ပတ်သက်ပြီးတော့ တစ်ချိန်က နန္ဒိယပရိဗိုဇ်ဟာ မြတ်စွာဘုရားရှိရာသို့ လာပြီးတော့ မြတ်စွာဘုရားနဲ့ စကားစမြီပြော ဝမ်းပန်းတသာပြောဆိုကြပြီးတော့ ဘာမေးသလဲလို့ဆိုတော့-

**ကတိနုခေါ ဘောဂေါတမ၊**

**ဓမ္မာဘာဝိတာ၊ ဗဟုလီကတာ၊**

**နိဗ္ဗာနံ ဂတာ၊ နိဗ္ဗာနပရာယဏာ၊**

**နိဗ္ဗာနပရိယောသာနာ။**

အို-အရှင်ဂေါတမ အဘယ်မျှလောက် အရေအတွက်ရှိတဲ့ တရားတွေကို ပွားများမယ်ဆိုရင် အကြိမ်များစွာ ပြုကြမယ်ဆိုရင် နိဗ္ဗာန်ရောက်နိုင်ကြပါသလဲ။ နိဗ္ဗာန်လျှင် လဲလျောင်းရာရှိပါသလဲ။ နိဗ္ဗာန်ပန်းတိုင် ရောက်နိုင်ကြမလဲ။

ဟော- နိဗ္ဗာန်ရောက်နိုင်တဲ့တရား ဘယ်နှစ်ပါးရှိပါသလဲ။ ဘယ်တရားတွေကို ပွားများလို့ရှိရင် နိဗ္ဗာန်ရောက်နိုင်ပါသလဲ။ ဘယ်တရားတွေ ပွားများလို့ရှိရင် နိဗ္ဗာန်ပန်းတိုင် ရောက်နိုင်ပါသလဲလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

**အဋ္ဌိမေ နန္ဒိယ ဓမ္မာ ဘာဝိတာ ဗဟုလီကထာ နိဗ္ဗာနံ ဂတာ၊ နိဗ္ဗာနပရာယဏာ၊ နိဗ္ဗာနပရိယောသာနာ။**

နန္ဒိယပရိဗိုဇ်! တရားရှစ်မျိုးများ ပွားများမယ်ဆိုရင် အကြိမ်များစွာ ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင် နိဗ္ဗာန်ရောက်နိုင်တာပဲ။ နိဗ္ဗာန်ပန်းတိုင် ရောက်နိုင်ပါတယ်။ အဲဒီတရား (၈)မျိုးက ဘာလဲလို့ ဆိုတော့-

**"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"**

မြတ်တဲ့အင်္ဂါ (၈)ပါးရှိတဲ့ မဂ္ဂင်ဆိုတဲ့ ကျင့်စဉ်လမ်းစဉ်ကြီးပါပဲ။ မဂ္ဂင်ရှစ်ပါးပါပဲ။

http://www.dhammadownload.com



ယောဂီသူတော်စင်များ အခုအားထုတ်နေကြတဲ့လမ်းစဉ်ဟာ မဂ္ဂင်လမ်းစဉ်ပါပဲ။

သမ္မာသတိ- ထွက်လေ ဝင်လေလေး နှာသီးဖျားက ထွက်ခိုက် ဝင်ခိုက်ကလေးမှာ သတိမပြတ် ရှုမှတ်နေတာ သမ္မာသတိ၊ ကာယာနုပဿနာသတိပဋ္ဌာန်။

အဲဒီကနေ တစ်ဆင့်တက်ပြီးတော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် တွေလဲ ဆက်ပြီးတော့ သွားနိုင်တယ်။

သမ္မာသမာဓိ- အကုသိုလ်ကင်းရှင်းပြီးတော့ စိတ်ကလေးတည် ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိမျိုး။

အဲဒါ သီလအခြေခံပြီးတော့ ဖြစ်ခဲ့တာပါ။

သမ္မာဝါစာ- မုသားဆိုပြော ဂုံးချောရန်တိုက်မှုမှ ရှောင်ကြဉ်ခြင်း၊

သမ္မာကမ္မန္တ- သက်သတ်ခိုးမှု၊ ကာမေသု သုံးပါးသော ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း။ သမ္မာကမ္မန္တအရကို သာမန်အားဖြင့် ပြောကြရပါတယ်။ သို့သော်လဲပဲ မဂ္ဂင် (၈)ပါးထဲပါတဲ့ သမ္မာကမ္မန္တမျိုးကျတော့ ဒီကာယ ဒုစရိုက် သုံးပါးဆိုတာနဲ့ မတူတာလေးရှိတယ်။ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှရှောင် ကြဉ်ခြင်း၊ သူ့တစ်ပါးအိမ်ရာ ပြစ်မှားခြင်းမှရှောင်ကြဉ်ခြင်းလို့ ကာယ ဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်ရသည့်နေရာမှာ ရယူရပါတယ်။ မဂ္ဂင်ခန်း ရောက်တော့ ပါဏာတိပါတာ ဝေရာမဏီ၊ အဒိန္နာဒါနာ ဝေရာမဏီ၊ အဗြဟ္မစရိယာ ဝေရာမဏီ- သားသတ်ခိုးမှုနှင့် အိမ်ရာကိစ္စမှ ရှောင်ကြဉ် ခြင်း၊ အဲဒါကို သမ္မာကမ္မန္တ။

ဒုစရိုက်ပိုင်းမှာတော့ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးပါးသော ဒုစရိုက်တို့က ရှောင်ကြဉ်လျှင် ကာယသုစရိုက်သုံးပါးဖြစ်ပါတယ်။

မဂ္ဂင်ခန်း သမ္မာကမ္မန္တကျတော့ "သက်သတ်ခိုးမှု အဗြဟ္မစရိယ" သုံးမျိုးမှ ရှောင်ကြဉ်တာကို သမ္မာကမ္မန္တ။

http://www.dhammadownload.com



သမ္မာအာဇီဝ- "အဆိပ်လက်နက်၊ လူအရက် သားတွက် တိရစ္ဆာန်၊ ဤကုန်ငါးချက် ရောင်းဝယ်လျှက် မွေးသက်မိစ္ဆာရန်"ဆိုတဲ့ အသက်မွေးမှု ငါးမျိုးမှ ရှောင်ကြဉ်တာကို သမ္မာအာဇီဝ။

သမ္မာဝါယာမ- ကုသိုလ်တွေတိုးပွားသည်ထက် တိုးပွားအောင် ဒါန၊ သီလထက်မြင့်မြတ်တဲ့ ဘာဝနာကုသိုလ်တွေဖြစ်ရအောင် ကြိုးစားပြီးတော့နေတာ သမ္မာဝါယာမ။

သမ္မာဒိဋ္ဌိ- စိတ်ကလေးတည်ကြည်မှုကို အခြေခံပြီးတော့ ပထမတုန်းကတော့ ကမ္မဿကတဉာဏ် သမ္မာဒိဋ္ဌိ ဖြစ်ပွားပြီးတော့ လာခဲ့ကြ။

ဘာဝနာစခန်း ရောက်တဲ့အခါကျတော့ အဆင့်မြင့် သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ (တစ်နည်းအားဖြင့်) စတုသစ္စ သမ္မာဒိဋ္ဌိ ဒါမျိုးတွေ ဖြစ်ပွားခွင့် ရကြပါလိမ့်မယ်။

**သမ္မာသင်္ကပ္ပဆိုတာ နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသသင်္ကပ္ပ။**

နေက္ခမသင်္ကပ္ပဆိုတာ ရဟန်းပြုခြင်း၊ ပထမစျာန် နိဗ္ဗာန် ဝိပဿနာ ကုသိုလ်အားလုံးတို့ဟာ နေက္ခမ္မ။ အဲဒီ နေက္ခမ္မတို့နဲ့ ပတ်သက်တဲ့အကြံအစည်၊

အဗျာပါဒသင်္ကပ္ပဆိုတာ သူတစ်ပါးအသက်ကို မသေစေလိုတဲ့ စိတ်၊ ရှည်စေချင်တဲ့အကြံအစည်၊

အဝိဟိံသင်္ကပ္ပဆိုတာ သူတစ်ပါးကို မညှင်းဆဲချင်ဘူး။ မညှင်းဆဲလိုတဲ့အကြံများဟာ အဝိဟိံသင်္ကပ္ပ။

အဲဒီတရားရှစ်မျိုး ပွားများပြီးတော့နေရင် နိဗ္ဗာန်ရောက်နိုင်တာပါပဲ။ နိဗ္ဗာန်ပန်းတိုင် ရောက်နိုင်ပါတယ်လို့ မြတ်စွာဘုရားက နန္ဒိယပရိဗိုဇ်ကို ဟောတော်မူတဲ့အခါ တရားပွဲလဲပြီးရော နန္ဒိယပရိဗိုဇ်က-

**"အဘိက္ကန္တံ ဘောဂေါတမ၊ အဘိက္ကန္တံ ဘောဂေါတမ"**

မြတ်စွာဘုရား အလွန်အကျူး အထူးကောင်းပါတယ်ဘုရား။ အဝဦးစောက် မှောက်ပြီးတော့ထားတဲ့အိုးကို ထက်အောက်ပြောင်းပြန်

http://www.dhammadownload.com



လှန်ပြသကဲ့သို့လည်းကောင်း၊ အရာဝတ္ထုတစ်ခုခုနဲ့ ဖုံးလွှမ်းထားတဲ့ဝတ္ထုကို ဖွင့်လှစ်ပြီး ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားနေတဲ့ပုဂ္ဂိုလ်ကို လမ်းမှန်ကိုညွှန်ပြသလို၊ အမိုက်မှောင်ထဲ မျက်စိကောင်းသူတွေ မြင်သာအောင် ဆီမီးညှိထွန်းပြလိုက်သလိုပါပဲဘုရား။ မြတ်စွာဘုရားက တပည့်တော်အား အကြောင်းအမျိုးမျိုးဖြင့် တရားဟောတော်မူပါတယ်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးဖြာကို အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ပါတယ်ဘုရား။ တပည့်တော်ကို ဥပါသကာ အရင်း အချာဟူ၍ မှတ်တော်မူပါဘုရားလို့ လျှောက်ထားပြီး နန္ဒိယပရိဗိုဇ် သရဏဂုံ တည်ပြီးသွားပါတယ်။

အချို့ အချို့ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက တရားဟောတယ်။ အချို့ပုဂ္ဂိုလ်တွေက သရဏဂုံလောက်ပဲ တည်ပါတယ်။

အချို့ပုဂ္ဂိုလ်တွေကျတော့ သရဏဂုံတောင် မတည်ပါဘူး။ သောဏဒဏ္ဍတို့ကျတော့ "အာယတိံ ဝါသနာယ" နောင်သောအခါမှာ ဝါသနာဘာဂီလေး ဖြစ်ရုံပါပဲ။

ဗုဒ္ဓနဲ့ပတ်သက်လို့ ရတနာသုံးပါးနဲ့ ပတ်သက်လို့ ဝါသနာဘာဂီ ဆက်တိုင်းမှီဖို့လေး တစ်ချို့ပုဂ္ဂိုလ်တွေ ဘုရားရှင်တရားပွဲအပြီးမှာ ဒါလောက်ပဲ အခွင့်အလမ်းရပါတယ်။

တစ်ချို့ပုဂ္ဂိုလ်များကျတော့ သောတာပန်၊ တစ်ချို့ သကဒါဂါမ်၊ တစ်ချို့အနာဂါမ်၊ တစ်ချို့ရဟန္တာ ဉာဏ်အဆင့်ဆင့်ရရှိကြတဲ့ ပုဂ္ဂိုလ်တွေ အမျိုးမျိုးရှိပါတယ်။

ဒီနန္ဒိယပရိဗိုဇ်ကတော့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် ပြီးတော့ သရဏဂုံတည်တဲ့ပုဂ္ဂိုလ် ဖြစ်လာပါတယ်။ ဝါသေဋ္ဌ- ဘာရဒွါဇ တို့ကျတော့ ခိုင်မြဲစေရန် သရဏဂုံ (၂)ကြိမ် ထပ်ယူကြတယ်။ အခုခေတ် လိုပါပဲ။

http://www.dhammadownload.com



## အရှင်ဘဒ္ဒနှင့် အရှင်အာနန္ဒာ တရားဆွေးနွေးခန်း

အဲဒီလိုနဲ့ နန္ဒိယပရိဗိုဇ်အား တရားဟောပြီးတဲ့အခါမှာ မြတ်စွာဘုရား ဘယ်မှာသီတင်းသုံးပြီးနေသလဲလို့ဆိုရင် မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်။ အဲဒီအခါမှာ အရှင်ဘဒ္ဒနဲ့ အရှင်အာနန္ဒာတို့က ပါဋ္ဌိလိပုတ်ရောက်နေတယ်။

ပါဋ္ဌလိပုတ် ကုက္ကုဋ္ဌာရုံကျောင်းတိုက်ကြီးမှာ ရောက်ပြီးတော့ နေကြတော့ နှစ်ပါးအတူတကွ သီတင်းသုံးပြီးနေကြတယ်။

ညချမ်းအခါ တစ်နေ့မှာ အရှင်ဘဒ္ဒနဲ့ အရှင်အာနန္ဒာတို့ စကားပြောရင်းဆိုရင်းနဲ့ အရှင်ဘဒ္ဒက မေးတယ်။

**"အဗြဟ္မစရိယံ အဗြဟ္မစရိယန္တိ အာနန္ဒကတမံ"**

"မမြတ်တဲ့အကျင့်၊ မမြတ်တဲ့အကျင့်ဆိုတာ ငါ့ရှင်အာနန္ဒာ ဘယ်အကျင့်မျိုးကို ခေါ်ပါသလဲ။ တစ်ခါတရံကျတော့ ငါးပါးသီလဖောက်ဖျက်တာကို မမြတ်တဲ့အကျင့်၊ တစ်ခါတရံကျတော့ အိမ်ရာကိစ္စကို အဗြဟ္မစရိယ မမြတ်တဲ့အကျင့် ခေါ်တယ်၊ မပြည့်စုံသေးဘူး။ ဒီနေရာမှာ အဗြဟ္မစရိယ မမြတ်တဲ့အကျင့်ဆိုတာ ဘာလဲဘုရား"လို့ အဲလို အရှင်ဘဒ္ဒက မေးတဲ့အခါ အရှင်အာနန္ဒာက ဘာပြောသလဲဆိုတော့-

**"ဘဒ္ဒကောတေ ဥမ္မင်္ဂေါ"**

ငါ့ရှင် ဒီပညာရှာမှီးခြင်းဟာ ကောင်းမွန်တဲ့ ရှာမှီးခြင်းပဲ။ ဒီစူးစမ်းခြင်းဟာ ကောင်းမွန်တဲ့စူးစမ်းချက်ပဲ။

**"ကလျာဏံပဋိဘာနံ ဘဒ္ဒကံ ပဋိဘာနံ"**

ဒီဉာဏ်အမြင် ထင်မြင်မှုဟာ ကောင်းမွန်တဲ့ဉာဏ်အမြင်ပဲ။ ဒီမေးခွန်းဟာ ကောင်းမွန်တဲ့မေးခွန်းပဲ။ မေးသင့်တဲ့ မေးခွန်းပဲ။

အဗြဟ္မစရိယရဲ့အဖြေကို ပြောမယ်ဆိုရင် **"မိစ္ဆာမဂ္ဂင် (၈)ပါး"**

- မိစ္ဆာဒိဋ္ဌိ = မှားယွင်းတဲ့အမြင်
- မိစ္ဆာသင်္ကပ္ပ = မှားယွင်းတဲ့အကြံ

http://www.dhammadownload.com



- မိစ္ဆာဝါစာ = မှားယွင်းတဲ့စကား
- မိစ္ဆာကမ္မန္တ = မှားယွင်းတဲ့အလုပ်
- မိစ္ဆာအာဇီဝ = မှားယွင်းတဲ့အသက်မွေးမှု
- မိစ္ဆာဝါယာမ = မှားယွင်းတဲ့အားထုတ်မှု
- မိစ္ဆာသတိ = မှားယွင်းတဲ့အောက်မေ့မှု
- မိစ္ဆာသမာဓိ = မှားယွင်းတဲ့တည်ကြည်မှု

မိစ္ဆာဒိဋ္ဌိ= အဲဒီလိုကောင်းမွန်တဲ့လမ်းစဉ်မဟုတ်ဘဲနဲ့ မှားယွင်းတဲ့အမြင်၊ မှားယွင်းတဲ့အယူ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို မမြင်ဘူး။ မယုံကြည်ဘူး။

ဒသဝတ္ထုကခေါ်တဲ့ ဆယ်ပါးသောဝတ္ထုကို အကြောင်းပြုပြီး တော့လဲပဲ လက်မခံဘူး။

သစ္စာလေးပါးနဲ့ပတ်သက်ပြီးတော့လဲ ဉာဏ်အမြင်မရှင်းဘူး၊ မသိဘူး။

အဲဒီလိုဆိုရင် မိစ္ဆာဒိဋ္ဌိ-အမြင်အယူမမှန် ဖြစ်တယ်။ မိစ္ဆာသင်္ကပ္ပ-အကုသိုလ်တရားတွေနဲ့ပတ်သက်လို့ ကြံစည်တယ်။ သူတစ်ပါးကို သေစေချင်တဲ့အကြံတွေ ကြံစည်တယ်။ သူတစ်ပါးကို ဆင်းရဲစေချင်တဲ့ အကြံတွေ ကြံစည်တယ်။ အဲဒီလိုဆိုရင် မိစ္ဆာသင်္ကပ္ပပါပဲ။

အဲဒီ မိစ္ဆာဒိဋ္ဌိအစရှိတဲ့ မှားယွင်းတဲ့အမြင်၊ မှားယွင်းတဲ့အကြံ စတဲ့ (၈)မျိုးကတော့ အဗြဟ္မစရိယ မမြတ်တဲ့အကျင့်၊ မမြတ်တဲ့ပုဂ္ဂိုလ်တို့ရဲ့လုပ်ငန်းလို့ အဲဒီလို ဖြေကြားပါတယ်။

အရှင်ဘဒ္ဒက ဆက်ပြီးတော့ မေးပြန်တယ်။ မေးခွန်း (၃)ခု ထပ်ပြီးတော့ထုတ်တယ်။

**"ဗြဟ္မစရိယံ ဗြဟ္မစရိယန္တိ ခေါ အာနန္ဒ ကတမံ"**

ငါ့ရှင်အာနန္ဒ မြတ်တဲ့အကျင့်ဆိုတာ ဘာကိုခေါ်ပါသလဲ။

**"ကတမော ဗြဟ္မစာရီ"**

မြတ်တဲ့အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ကို ခေါ်ပါသလဲ။

http://www.dhammadownload.com



"ကတမံ ဗြဟ္မစရိယဿ ပရိယောသာနံ"

မြတ်တဲ့အကျင့်ရဲ့ပန်းတိုင်ဟာ ဘယ်ဟာပါလဲ။ မေးခွန်း (၃)ခု။

အရှင်အာနန္ဒာ အရှင်ဘုရားကတော့ မြတ်စွာဘုရား ဟောသမျှ တရားတော်တွေ အကုန်မှတ်မိလို့ သတိမန္တအရာ/ ဂတိမန္တအရာ အစရှိတဲ့ ဧတဒဂ်ငါးမျိုးနဲ့ ပြည့်စုံတဲ့အရှင်မြတ်ကြီးပါ။ ဒါကြောင့် အရှင်ဘုရားကို မေးပါရစေ။

- ဗြဟ္မစရိယံ - မြတ်တဲ့အကျင့်ဆိုတာ ဘာကိုခေါ်ပါသလဲ။
- ဗြဟ္မစာရီ - မြတ်သောအကျင့်ကို ကျင့်တဲ့ ပုဂ္ဂိုလ်ဆိုတာ အဘယ်ပုဂ္ဂိုလ်ကို ခေါ်ပါသလဲ။
- ဗြဟ္မစရိယ ပရိယောသာနံ - မြတ်သောအကျင့်ရဲ့ ပန်းတိုင်ဟာ ဘယ်ဟာပါလဲ။

အဲဒီလို အရှင်ဘဒ္ဒက မေးတဲ့အခါကျတော့ အရှင်အာနန္ဒာက-

"ဘဒ္ဒကောတေ ဥမ္မင်္ဂေါ"

ငါ့ရှင် သင်ရဲ့စူးစမ်းမှု ပညာရှာမှီးမှုဟာ ကောင်းပါပေစွ။

"ဘဒ္ဒကံ ပဋိဘာနံ"

ငါ့ရှင်ရဲ့ ဉာဏ်အမြင်ထင်မြင်မှုဟာလဲ ကောင်းပါပေတယ်။

"ကလျာဏီပုစ္ဆာ"

ငါ့ရှင်ရဲ့ မေးခွန်းလေးဟာလဲ အင်မတန်ကောင်းတဲ့မေးခွန်းပဲ ဒါဟာမေးသင့်တဲ့ အချက်တွေပါပဲ။

ဒီမေးခွန်းရဲ့အဖြေကို ပြောမယ်ဆိုရင် ဗြဟ္မစရိယ- မြတ်တဲ့ အကျင့်၊ မြတ်သောပုဂ္ဂိုလ်တို့သည် ကျင့်အပ်တဲ့အကျင့်၊ မြတ်သောပုဂ္ဂိုလ် တို့၏အကျင့်ဟာ ဘာကိုခေါ်သလဲလို့ဆိုတော့လို့ဆိုတော့ ဒီမေးခွန်းရဲ့ အဖြေက-

http://www.dhammadownload.com



## "အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"

မြတ်တဲ့အင်္ဂါ (၈)ပါးရှိတဲ့ မဂ္ဂင် (၈)ပါးဟာ ဒါပြဟ္မစရိယပဲ။ မဂ္ဂင် (၈)ပါးဟာ မြတ်တဲ့အကျင့်ပဲ။ မြတ်သောပုဂ္ဂိုလ်တို့သည် ကျင့်အပ်တဲ့ အကျင့်ပဲ။ မြတ်သောပုဂ္ဂိုလ်တို့ရဲ့ အကျင့်ပဲ။

တစ်ခါတရံကျတော့ အိမ်ရာကိစ္စ ရှောင်ကြဉ်တာကို ပြဟ္မစရိယ၊ ဥပုသ်စောင့်သုံးတာကို ပြဟ္မစရိယ ဒီလိုခေါ်ပါတယ်။ မပြည့်စုံသေးပါဘူး။

အပြည့်စုံဆုံး၊ အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ ပြဟ္မစရိယ ကတော့ မဂ္ဂင် (၈)ပါး ဒီလမ်းစဉ်ဟာ အပြည့်စုံဆုံး၊ အဆင့်အတန်း အမြင့်ဆုံး ပြဟ္မစရိယပါပဲ။

ဒီလို အပြည့်စုံဆုံး၊ အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ ပြဟ္မစရိယ မျိုး နေရာတကာတိုင်းမှာ မရှိပါဘူး။

ဒါကြောင့် **"အနှစ်တစ်ထောင် ရှည်ခေါင်မြဲစွာ လားနတ်ရွာနှင့် အိမ်ရာမမြန်း"** ဤသုံးခန်းကား-

ဟော- မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့က တောင် ကျွန်းသူ တောင်ကျွန်းသားနဲ့ တာဝတိံသာနတ်ပြည်တို့ထက် သာလွန်တာ (၃)မျိုး။

အနှစ်တစ်ထောင်
ရှည်ခေါင်မြဲစွာ
လားနတ်ရွာနှင့်
အိမ်ရာမမြန်း
ဤသုံးခန်းကား
တောင်ကျွန်းလကျ်ာ
ဝတိံသာထက်
ဥတ္တရာငူ
မြောက်ကျွန်းသူတို့
မတူကဲတက်
သာလွန်ချက်တည်း။

http://www.dhammadownload.com



မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့က တာဝတိံသာနတ်ပြည်နှင့် တောင်ကျွန်းသူ တောင်ကျွန်းသားတို့ထက် သာလွန်တဲ့အချက် (၃)မျိုး။

- အနှစ်တစ်ထောင် အသက်ရှည်ခြင်း၊
- ကွယ်လွန်တဲ့အခါ နတ်ပြည်ရောက်ရခြင်း၊
- အိမ်ရာမမြန်းခြင်းဆိုတဲ့အချက် သုံးချက်နဲ့သာလွန်ကြတယ်။

တာဝတိံသာနတ်ပြည်ကလဲ မြောက်ကျွန်းနဲ့ ဇမ္ဗူဒိပ်ကျွန်းထက် သာလွန်တဲ့အချက် (၃)မျိုးရှိတယ်။ ဘာတွေ တာဝတိံသာနတ်ပြည်က သာသလဲလို့ဆိုတော့-

အသက်အဆင်း ချမ်းသာခြင်းမူ
ယင်းမြောက်ကျွန်းသား ဇမ္ဗူဖွားထက်
သိကြားစံမှတ် ဝတိံနတ်က
ထူးမြတ်ကဲဆင့် ဂုဏ်ထူးမြင့်၏။

တာဝတိံသာမှာရှိတဲ့ နတ်တွေက မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေနဲ့ ဇမ္ဗူဒိပ်ကျွန်းသားတွေထက် သာလွန်တဲ့အချက်က-

- အသက်ရှည်တယ်၊
- အဆင်းလှတယ်၊
- ချမ်းသာကြီးတယ်၊ ဒီ(၃)မျိုးနဲ့သာတယ်။

ဒါဖြင့် ဘုန်းကြီးတို့တည်နေရာဖြစ်တဲ့ ဇမ္ဗူဒိပ်ကျွန်းက မြောက်ကျွန်းထက်သာတဲ့အချက် မရှိတော့ဘူးလား။ တာဝတိံသာနတ်ပြည်ထက်သာတဲ့အချက်မရှိတော့ဘူးလားဆိုတော့-

ရဲရင့်သတိ ၊ မြတ်စရိမ္ဗူ
ဗောဓိပေါက်နေ ၊ ဇမ္ဗူမြေက
ပဒေသာကျွန်း ၊ ဝတိံကွန်းထက်
ဦးဇွန်းတမျှ ၊ ကဲလွန်စွာ့ဟု
ကျမ်းပြမယုတ် ၊ ညီစွာထုတ်လျှက်

http://www.dhammadownload.com



ဇမ္ဗူသပြေပင်ကြီးနဲ့ သတ်မှတ်ထားတဲ့ကျွန်း။ ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသားတို့က-

- ရဲရင့်ခြင်း
- သတိကောင်းခြင်း
- ဗြဟ္မစရိယဝါသခေါ်တဲ့ မဂ္ဂင်(၈)ပါး မြတ်တဲ့အကျင့်ကျင့်ခွင့်

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ရန်အတွက် အခွင့်အလမ်းသာခြင်း အဲဒီအချက် (၃)ချက်နဲ့ ဇမ္ဗူဒိပ်ကျွန်းသားတွေက မြောက်ကျွန်းသားတွေထက် သာလွန်တယ်။ တာဝတိံသာနတ်ပြည်ထက်လဲ သာလွန်တယ်။ ဒါကြောင့်-

ရဲရင့်၊ သတိ
မြတ်စရိမှု
ဗောဓိပေါက်နေ
ဇမ္ဗူမြေက
ပဒေသာကျွန်း
ဝတိံကွန်းထက်
ဦးဖွန်းတမျှ
ကဲလွန်စွာဟု
ကျမ်းပြမယုတ်
ညီစွာထုတ်လျှက်။

ဒါဖြင့် ဒီကျွန်းကသာတဲ့သုံးချက်ထဲက "ဗြဟ္မစရိယဆိုတာဘာလဲ" မဂ္ဂင်ကျင့်စဉ်ပါပဲ။

အဲဒီ မဂ္ဂင်အကျင့် ကျင့်စဉ်အတိုင်း ကျင့်ပြီးပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို "ဗြဟ္မစာရီ"တဲ့။

နံပါတ်(၂)မေးခွန်းက အဘယ်ပုဂ္ဂိုသည် ဗြဟ္မစာရီ မည်ပါသလဲ။

**"အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော ပုဂ္ဂလော ဗြဟ္မစာရီ"**

http://www.dhammadownload.com



အရိယေန- မြတ်သော၊ အဋ္ဌင်္ဂိကေန- အင်္ဂါ (၈)ပါးရှိသော၊ မဂ္ဂေန- မဂ္ဂင် (၈)ပါးနှင့်၊ သမ္ပန္နာဂတော- ပြည့်စုံသော၊ ပုဂ္ဂလော- ပုဂ္ဂိုလ် သည်၊ ဗြဟ္မစာရီ- ဗြဟ္မစာရီ မည်၏။

မဂ္ဂင် (၈)ပါးကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ပြည့်စုံတဲ့ ဗြဟ္မစာရီ- မြတ်သောအကျင့်ကိုကျင့်တဲ့ပုဂ္ဂိုလ် မည်ပါတယ်။ ယောဂီသူတော်စင်များ ဗြဟ္မစာရီ မြတ်တဲ့အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်။

မဂ္ဂင်ကျင့်စဉ်အတိုင်း ကျင့်နေခဲ့လို့ရှိရင် မည်သူမဆို "ဗြဟ္မစာရီ" မည်ပါတယ်။ အမျိုးသမီးများကျတော့ "ဗြဟ္မစာရိနီ" ခေါ်ပါတယ်။

ဒါဖြင့် အဲဒီ ဗြဟ္မစရိယရဲ့ပန်းတိုင်ဟာ ဘယ်ဟာပါလဲ။ နံပါတ် (၃)မေးခွန်းက မြတ်တဲ့အကျင့်ရဲ့ ပန်းတိုင်က ဘာပါလဲဆိုတော့-

**"ယောရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံဝုစ္စတိ ဗြဟ္မစရိယ ပရိယောသာနံ။"**

ရာဂကုန်ရာသည် မြတ်တဲ့အကျင့်ရဲ့ပန်းတိုင်ပဲ။ ဒေါသကုန်ရာသည် မြတ်တဲ့အကျင့်ရဲ့ပန်းတိုင်။ မောဟကုန်ရာသည် မြတ်တဲ့အကျင့်ရဲ့ ပန်းတိုင်။

**အကုသိုလ်လည်း မည်၊ အမြစ်လည်း မည်**

ကိလေသာ (၁၀)ပါး မြှောက်ပွားလိုက်တော့ (၁၅၀၀)ဖြစ်လာတယ်။ ဒီတရားဆိုး တရားပျက်တွေထဲမှာ လောဘ၊ ဒေါသ၊ မောဟ ဆိုတာက အကုသိုလ်ဆိုတဲ့ အမည်ရတယ်။ အကုသိုလ်တို့ရဲ့ အမြစ် အရင်းဆိုရင်လဲ သူတို့ပဲ။ ဒီလောဘ၊ ဒေါသ၊ မောဟကို-

**"အကုသလာနိစေဝ အကုသလမူလာနိစ"**

အကုသိုလ်ဆိုလဲ သူတို့ပဲ။ အကုသိုလ်ရဲ့ အမြစ်ဆိုလဲ သူတို့ပဲ။ ဒါကြောင့် "ကြိုက်သမျှ လောဘဗိုလ် တက်သည်"

တပ်မက်တာ၊ ခင်တွယ်တာ၊ ကြိုက်တာ၊ လိုချင်တာမှန်သမျှ လောဘကဦးဆောင်တာပဲ။

http://www.dhammadownload.com



"တိုက်သမျှ ဒေါသဗိုလ်တက်သည်" တိုက်ကြ၊ ခိုက်ကြ၊ သတ်ကြ၊ ဖြတ်ကြ မှန်သမျှ ဒေါသက ဦးဆောင်ပါတယ်။

"မိုက်သမျှ မောဟဗိုလ်တက်သည်" မိုက်တာ၊ မဲတာ ဟူသမျှထဲမှာတော့ မောဟက ဦးဆောင်တာပဲ။ မောဟထက် ကြီးကျယ်တဲ့ တရားဆိုး မရှိပါဘူး။

"ဟိုက်သမျှ သောကဗိုလ်တက်သည်" စိုးရိမ်ပူဆွေး စိတ်မအေးပဲ မောဟိုက်ပင်ပန်းနေတာတွေဟာ သောကဦးဆောင်မှုရဲ့ လက်ချက်ပါပဲ။ ဒါကြောင့်-

- ကြိုက်သမျှ လောဘဗိုလ်တက်သည်။
- တိုက်သမျှ ဒေါသဗိုလ်တက်သည်။
- မိုက်သမျှ မောဟဗိုလ်တက်သည်။
- ဟိုက်သမျှ သောကဗိုလ်တက်သည်။

ဗိုလ်တက်တယ်ဆိုတာ ဦးဆောင်နေတာပါပဲ။ အဲဒီ ကိလေသာအားလုံးကို ဦးဆောင်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ရဲ့ကုန်ရာသည် ဒီမြတ်တဲ့အကျင့်ရဲ့ ပန်းတိုင်ပါပဲ။

မြတ်တဲ့အကျင့်ကို ကျင့်သူတို့ရဲ့ပန်းတိုင်ပါပဲ။ အဲဒီတော့ ဗြဟ္မစရိယ၏ဆန့်ကျင်ဘက် အဗြဟ္မစရိယ။

အဗြဟ္မစရိယဆိုတာ ဘာလဲလို့ဆိုတော့ "လမ်းလွဲကျင့်ကြံ လမ်းမမှန် နည်းမမှန် မိစ္ဆာမဂ္ဂင်များကို အဗြဟ္မစရိယ"

ဗြဟ္မစရိယဆိုတာ မှန်ကန်တဲ့အကျင့်၊ မွန်မြတ်တဲ့မဂ္ဂင် (၈)ပါး။ ဗြဟ္မစာရီဆိုတာ ဘာလဲ။ မြတ်တဲ့အကျင့် မြတ်သောမဂ္ဂင် (၈)ပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဗြဟ္မစာရီ။

အဲဒီမြတ်တဲ့အကျင့်ကို ကျင့်ကြံတဲ့ပုဂ္ဂိုလ်တို့ရဲ့ပန်းတိုင်က ဘာလဲ။

ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာသည် မြတ်တဲ့အကျင့် ကျင့်တဲ့ပုဂ္ဂိုလ်တို့ရဲ့ ပန်းတိုင်။ ကမ္ဘာကြီးတစ်ခုလုံး၊ လောကကြီးတစ်ခုလုံး ကြိုက်ခြင်း၊ တိုက်ခြင်း၊ မိုက်ခြင်း၊ ဟိုက်ခြင်းဆိုတဲ့ ဒီအရှုပ်အထွေးကြီးတွေနဲ့ ရှုပ်ထွေးနေတာကိုး။

http://www.dhammadownload.com



ကြိုက်ခြင်း၊ တိုက်ခြင်း၊ မိုက်ခြင်း၊ ဟိုက်ခြင်းဆိုတဲ့ ဒီအချက်တွေနဲ့ပဲ ဒုက္ခရောက်နေကြတာပဲ။

**အမြစ်တူးပစ်ကြစို့**

အဲဒီတော့ လောဘမကုန်မချင်း ကြိုက်တယ်၊ နှစ်သက်တယ်၊ သဘောကျတယ်၊ တပ်မက်တယ်၊ တွယ်တာတယ်၊ ခင်မင်တယ်၊ မြတ်နိုးတယ်၊ မက်မောတယ် ဒါတွေဖြစ်နေမှာပဲ။

ဒေါသမကုန်မချင်း တိုက်နေမှာပဲ။ ခိုက်နေမှာပဲ။ သတ်နေမှာပဲ။ ဖြတ်နေမှာပဲ။

မောဟမကုန်မချင်း မိုက်လက်စ မသိမ်းနိုင်ပါဘူး။ အဲဒါကြောင့်မို့ ဒီလောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ဒီတရားတွေဟာ မှန်မြတ်တဲ့အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်များမှ ကုန်မှာပါ။

အဲဒီမှန်မြတ်တဲ့ မဂ္ဂင်အကျင့်ကို မကျင့်ပဲနဲ့ ဒီတရားတွေဟာ သတ္တဝါတို့သန္တာန်မှ အလိုအလျောက် ကုန်ပြီးမသွားနိုင်ပါဘူး။

ဒါကြောင့် ကာမေသုမိစ္ဆာစာရ- သူတစ်ပါးပိုင်သတဲ့ အာရုံများ ကျူးကျော်စော်ကားခြင်း၊ အဘိဇ္ဈာ- သူတစ်ပါးပစ္စည်းကို ငါ့ပစ္စည်းဖြစ်ရင် ကောင်းမှာပဲလို့ အဘိဇ္ဈာဖြစ်တာ။

မိစ္ဆာဒိဋ္ဌိ- ကိုယ်တိုင်ပြုတဲ့ ကောင်းတဲ့လုပ်ငန်း၊ မကောင်းတဲ့ လုပ်ငန်းတို့ရဲ့ အကျိုးအပြစ် ကိုယ်တိုင်မခံစားရ၊ မည်သူမည်ဝါ တန်ခိုးရှင်က ဖန်ဆင်းသမျှ ခံကြ စံကြရတာပါပဲ။ စတဲ့ အမြင်မှား ဖြစ်တာတွေဟာ လောဘအခြေခံပြီးတော့ ဖြစ်ပါတယ်။

ဖရုသဝါစာ- ကြမ်းကြမ်းတမ်းတမ်းပြောဆိုခြင်း၊ ဗျာပါဒ- သူတစ်ပါးအသက်ကို သေစေချင်တာတို့၊ သူတစ်ပါးညှင်းပန်းနှိပ်စက်ချင်တာ၊ သတ်ပုတ်ကြတာတွေဟာ ဒေါသကိုအခြေခံပါတယ်။

"ပိသု မုသာ၊ သမ္ဖသဲ ဒိဋ္ဌာ၊ နှစ်ပါးကြောင့်" ဆိုတဲ့အတိုင်း ဂုံးတိုက်တာ၊ လိမ်ညာပြောဆိုတာ၊ အကျိုးမရှိတဲ့စကား ပြောဆိုတာ၊

http://www.dhammadownload.com



သူတစ်ပါးဥစ္စာခိုးတာ၊ တိုက်တာ၊ သိမ်းတာ အဲဒီလေးမျိုးကျတော့ လောဘ၊ ဒေါသ အခြေခံပါတယ်။

လောဘဖြစ်ရင် မောဟကလဲ ပါပြီးတော့နေတယ်။ ဒေါသဖြစ်ရင်လဲ မောဟကတော့ အားလုံးမှာ ပါပြီးတော့နေပါတယ်။

အဲဒါကြောင့်မို့ ဒုစရိုက်တရားတွေရဲ့ အရင်းအမြစ်ကို လိုက်ရှာလိုက်တော့ လောဘ၊ ဒေါသ၊ မောဟအမြစ်တွေတွေ့ရတယ်။ အဲဒီအမြစ် (၃)မျိုး တူးဖော်နှုတ်ပစ်ကြပါစို့။

**ပျက်စီးခြင်းကြီး (၃)မျိုး**

အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေ များနေတဲ့အခါမျိုးမှာ ကပ်ကြီးတွေ ဆိုက်တတ်ပါတယ်။

**"လောဘုဿဒါယ ပဇာယ ဒုဗ္ဘိက္ခန္တရကပ္ပေါ ဟောတိ။"**

ဘုန်းကြီးတို့ဆုတောင်းနေကြတာ ကပ်ကြီးသုံးပါးမှ လွတ်ပါရစေ။ ဆုတောင်းပေမယ့် လောဘများတဲ့ အချိန်အခါကြီးမှာ အစာရေစာငတ်မွတ်ခေါင်းပါး သေကြေရခြင်းဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်ကြီးက လွတ်ဖို့မလွယ်ဘူး။

သတ္တဝါတွေ ဒေါသများနေလို့ရှိရင် သတ္ထန္တရကပ် လွတ်ပါရစေလို့ လက်နက်ဘေးအန္တရာယ် ထိခိုက်စူးရှပြီး သေကျေပျက်စီးရခြင်းဆိုတဲ့ ဘေးဆိုးကပ်ဆိုးကြီးက လွတ်ပါရစေလို့ ဆုတောင်းနေပေမယ့်လို့-

**"ဒေါသုဿဒါယ ပဇာယ သတ္ထန္တရကပ္ပေါ ဟောတိ"။**

သတ္တဝါတွေ ဒေါသများတဲ့အချိန်ဟာ လက်နက်ဘေး ထိခိုက်စူးရှပြီး သေကျေပျက်စီးကြရတယ်။

ပြောနေကျအတိုင်းပါပဲ။ ရာစုနှစ်တစ်ခုအတွင်းမှာပင် သေကြေကျေကြတာတွေဟာ သိန်းချီ သန်းချီပြီးတော့ ရှိကြတယ်။ လက်နက်ခဲယမ်းမီးကျောက်နဲ့ သေကြေ ကျေကြတာတွေဟာ အနည်းကပ်ဆုံး (၂၀)ရာစုမှာ အနီးကပ်ဆုံး ဘုန်းကြီးတို့တတွေ တွေ့ကြ ကြုံကြ ဆုံကြ

http://www.dhammadownload.com



တောင်ကိုရီးယား၊ မြောက်ကိုရီးယားစစ်ပွဲ စသည်မှာ လူတွေသန်းချီသေကြတယ်။

အီရတ်တို့ ကူဝိတ်တို့ ဖြစ်တဲ့စစ်ပွဲ အနီးနားမှာ ဗီယက်နာမ်စစ်ပွဲ၊ အနီးနားမှာ ကမ္ဘောဒီးယား လူသိန်းချီပြီးတော့ သတ်ကြ၊ သိန်းချီပြီးတော့ သေခဲ့ကြတယ်။

ကောင်းကောင်းမမှိတမှိ ဟစ်တလာ၊ စတာလင်မော်စီတုန်းတို့ကလဲ သန်းချီပြီးသေခဲ့ကြတယ်။ ဂျပန်နိုင်ငံမှာ ဟီရိုရှီးမားတို့ ဗုံးချပြန်တော့လဲပဲ တစ်ခါထဲ အစုလိုက် အပြုံလိုက် တစ်ပြိုင်ထဲ သေတာပဲ။ အဲဒီ တစ်မြို့ထဲမှာ ငါးသောင်းကျော်တယ်။

အဲဒီတော့ ဒါဘာလဲလို့ဆိုတော့ သာမန်အားဖြင့်တော့ အနုမြူကြောင့် သေတယ်လို့ ပြောရမှာပါ။ သေစေချင်တဲ့စိတ် သတ္တဝါတို့သန္တာန်မှာ ဒေါသကရှိနေ၊ အဲဒီဒေါသရှိတဲ့အတွက် သတ်ဖြတ်ဖြစ်တာပါပဲ။

အဲဒါကြောင့် သတ္တန္တရကပ်ဟာ ကမ္ဘာသူ ကမ္ဘာသားတွေ ဒေါသများတဲ့အခါမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူထုကြီးက ဒေါသလျှော့တဲ့နည်း မရှာကြဘူး။ မတွေ့ကြဘူး။ ဘုန်းကြီးတို့ဘာသာမှာမှ ပြည့်ပြည့်စုံစုံ ရှိတယ်။

မောဟလျှော့တဲ့နည်း ဘုန်းကြီးတို့ဘာသာမှာ ရှိတယ်။ ဘာသာခြားတွေ မောဟလျှော့တဲ့နည်း မတွေ့ကြဘူး။ မရှာကြဘူး။

**"မောဟုဿဒါယ ပဇာယ ရောဂန္တရကပ္ပေါ ဟောတိ"**

သတ္တဝါတွေ မောဟများလို့ရှိရင် အနာရောဂါ ဖိစီးနှိပ်စက်ပြီးတော့ သေကျေပျက်စီးရတာများတယ်။ မှန်တာပေါ့။ သတ္တဝါတွေ မောဟ များတဲ့အချိန် ရောဂါဆိုးကြီးတွေ တစ်ခုပြီးတစ်ခု ပေါ်ပြီးလာတတ်တယ်။ သင့်တော်၏၊ မသင့်တော်၏ဆိုတာ မခွဲခြမ်းနိုင်တော့ဘူး။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းကဆိုရင် "တီဘီ"ရောဂါဟာ ကြောက်စရာကောင်း၊ ကျောက်ရောဂါ ကြောက်စရာကောင်းတယ်။ ကာလဝမ်းရောဂါ ကြောက်စရာကောင်းတယ်။ ပုလိပ်ရောဂါ ကြောက်စရာကောင်းတယ်။

http://www.dhammadownload.com



တဖြည်းဖြည်း တဖြည်းဖြည်း အဲဒီရောဂါတွေကို ဖြိုခွင်းနိုင်တဲ့၊ အံတုနိုင်တဲ့၊ ကုစားနိုင်တဲ့ ဆေးဝါးဓာတ်စာတွေ ပေါ်ပေါက်လာတဲ့အခါ ကင်ဆာရောဂါတို့ ခုခံအားကျဆင်းတဲ့ရောဂါတို့ A.I.D.S ဆိုတဲ့ ဒီရောဂါတွေဟာ မောဟကိုအကြောင်းခံပြီးတော့ ဖြစ်ပေါ်လာတယ်။

ရှေးအခါတုန်းကတော့ သူငယ်ပြန်တယ်၊ သူငယ်ပြန်တယ်ဆိုတာ အသက် (၈၀/၉၀)ကျမှ သူငယ်ပြန်ကြတယ်။

အခု (၅၀/၆၀)ဆိုလို့ရှိရင် ခေါင်းတွေမကောင်းတော့ဘူး။ အာရုံကြောတွေ အမှတ်သတိတွေဟာ မှေ့ကုန်ပြီ။

ဒါတွေဟာ ဘာလဲလို့ဆိုတော့ မောဟအားကြီးလာတဲ့ သဘောတွေပါပဲ။

**ကမ္ဘာငြိမ်းချမ်းရေး**

ဒါကြောင့်မို့ ကပ်ကြီးသုံးပါး ဆိုက်ရောက်တယ်ဆိုတာလဲ လောဘ၊ ဒေါသ၊ မောဟများတဲ့ အချိန်အခါမှာ ကပ်ကြီးသုံးပါး ဆိုက်ရောက်ပါတယ်။

"လောဘ၊ ဒေါသ၊ မောဟအရှိန်၊
ကမ္ဘာစစ်ကြီး လောင်မီးအကြိမ်ကြိမ်"။

ကမ္ဘာစစ်ကြီး ဖြစ်တယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟရဲ့အရှိန်တွေပါ။

"လောဘ၊ ဒေါသ၊ မောဟငြိမ်းချိန်၊
ကမ္ဘာ့ဝှန်း၊ ငြိမ်းချမ်းသည့်အချိန်"။

လောဘ၊ ဒေါသ၊ မောဟတွေ ငြိမ်းတဲ့အချိန်ဟာ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းတဲ့အချိန်။ ကမ္ဘာကြီး အသာထားပါတော့။ မိမိတို့သန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းတဲ့အချိန်ဟာ မိမိတို့ဘဝ ငြိမ်းချမ်းရေးရတဲ့အချိန်ပါပဲ။

http://www.dhammadownload.com



မိမိတို့ဘ၀ငြိမ်းချမ်းရေး ရဖို့ရာ သတ္တဝါတို့သန္တာန်မှာ အစဉ်ထာဝရ ပူးကပ်ပြီးတော့ ညှင်းပန်းပြီးတော့နေတဲ့ အတွင်းရန် လောဘ၊ ဒေါသ၊ မောဟတို့ကို တွန်းလှန်ဖြိုဖျက်ဖို့ အရေး ကြီးပါတယ်။

အဲဒီ အတွင်းရန်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတို့ ကုန်ရာသည် မိမိတို့ကျင့်သုံးနေတဲ့ မွန်မြတ်တဲ့ မဂ္ဂင် (၈)ပါး အကျင့်ရဲ့ပန်းတိုင် အစစ်ပဲလို့ ယုံယုံကြည်ကြည် အားကိုးအားထားသဖြင့် ဆက်လက်ပြီးတော့ မဂ္ဂင်လမ်းစဉ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စတုတ္ထနေ့ကျင့်စဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၄)ရက်နေ့။

(၁၉)ကြိမ်မြောက် တရားစခန်းဝင် ယောဂီသူတော်စင်တို့အား တရားဓမ္မများ ဖေါက်သယ်ချတဲ့အနေအားဖြင့် ဒီနေ့ဆက်ဟောပါမယ်။

## ကောင်းတဲ့တရား မကောင်းတဲ့တရား

သုံးလောကထွဋ်ထား မြတ်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ဒေသနာတော်များက ထုတ်နှုတ်ပြီးတော့ ဖေါက်သယ်ချတဲ့ အနေအားဖြင့် ဟောမှာပါ။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်း သုံးပြီးနေတော်မူတဲ့ အချိန်ပါပဲ။

**"အကုသလေစ ဘိက္ခဝေ ဓမ္မေ ဒေသေဿာမိ"**

ရဟန်းတို့ မကောင်းညစ်ဆိုး အကုသိုလ်တရားတို့ကို ဟောကြားမယ်။ ဘာတွေလဲလို့ဆိုတော့ ဟော- မိစ္ဆာဒိဋ္ဌိ အစရှိတဲ့ လမ်းဆိုး လမ်းမှား (၈)မျိုး။

**"ကုသလေစ ဓမ္မေ ဒေသေဿာမိ"**

ကုသိုလ်တရားတို့ကိုလဲ ဟောမယ်။ အဲဒီ ကုသိုလ်တရားတွေ ဆိုတာ ဘာတွေလဲ။ သမ္မာဒိဋ္ဌိ အစရှိတဲ့ လမ်းကောင်း လမ်းမှန် လမ်းမြတ် (၈)မျိုးပါပဲ။ နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက-

**"မိစ္ဆာပဋိပဒံစ ဒေသေဿာမိ"**

မှားယွင်းတဲ့အကျင့်ကိုလဲ ဟောမယ်။ မှားယွင်းတဲ့အကျင့်ဆိုတာ ချွတ်ယွင်းဖေါက်ပြန် မမှန်ကန်တဲ့အကျင့်၊ အဲဒီ ချွတ်ယွင်းဖေါက်ပြန် မမှန်ကန်တဲ့အကျင့်ဆိုတာ မိစ္ဆာဒိဋ္ဌိကစပြီးတော့ မမှန်ကန်တဲ့ အကျင့် လမ်းတွေ။

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ (၈)မျိုး ဒိဋ္ဌိသင်္ကပ္ပစသည်ရဲ့

http://www.dhammadownload.com



ရှေ့နားမှာ "သမ္မာအစားမိစ္ဆာ" စကားဝင်လာပါတယ်။

မိစ္ဆာဒိဋ္ဌိဆိုတာ "အယာထာဝဒိဋ္ဌိ"- မမှန်ကန်တဲ့အမြင်အယူ

"သမ္မာပဋိပဒဥ္စ ဒေသေဿာမိ"

သမ္မာ- ကောင်းမွန်ဖြောင့်မှန်တဲ့၊ ပဋိပဒါ- အကျင့်။ ဘာတွေလဲလို့တော့ သမ္မာဒိဋ္ဌိ။

- ကမ္မဿကတဉာဏ်သမ္မာဒိဋ္ဌိ
- ဒသဝတ္ထုကသမ္မာဒိဋ္ဌိ
- ဝိပဿနာသမ္မာဒိဋ္ဌိ
- စတုသစ္စသမ္မာဒိဋ္ဌိ

သမ္မာသက်ပ္ပ အစရှိတဲ့ (၇)မျိုးပါထည့်ပြီးတော့ သမ္မာပဋိပဒါ= ဖြောင့်မွန်မှန်ကန်တဲ့အကျင့်တွေ။ ဘုရားရှင်က ဆက်ပြီးတော့ ဘာဟော ပြန်သလဲလို့ဆိုတော့-

**ချီးမွမ်းကဲ့ရဲ့**

"ဂိဟိနောဝါ ဘိက္ခုဝေ ပဗ္ဗဇိတဿဝါ မိစ္ဆာပဋိပဒံ နဝဏ္ဏေမိ"

ရဟန်းဖြစ်စေ၊ လူဖြစ်စေ စောစောက မိစ္ဆာပဋိပဒ ခေါ်တဲ့ မှားယွင်းတဲ့အကျင့် စာရင်းဝင်ဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိစတဲ့ လမ်းဆိုးလမ်းမှားတွေ ကျင့်ကြံပြီးတော့နေတဲ့ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်ရဲ့အကျင့်ကိုမျှ မချီးမွမ်းနိုင်ပါဘူး။ ကဲ့ရဲ့ပါတယ်။ ဘာကြောင့်လဲလို့ဆိုတော့ -

"ဂိဟိဝါ ဘိက္ခုဝေ ပဗ္ဗဇိတောဝါ၊ မိစ္ဆာပဋိပန္နော မိစ္ဆာပဋိပတ္တာဓိ ကရဏဟောတု နာရာဓကော ဟောတိ ဉာယံဓမ္မံ ကုသလံ"

လူဖြစ်စေ၊ ရဟန်းဖြစ်စေ မှားယွင်းတဲ့ပုဂ္ဂိုလ်ရဲ့ မှားယွင်းတဲ့ အကျင့်၊ မှားယွင်းတဲ့လမ်း လိုက်နေပြီဆိုရင် သူသွားနေတဲ့လမ်း၊ သူလျှောက်နေတဲ့လမ်း မမှန်ကန်တော့ မမှန်ကန်တဲ့အကျင့်၊ မမှန်ကန်

http://www.dhammadownload.com



တဲ့လမ်း လိုက်နေ၊ ကျင့်နေခြင်းကြောင့် မဂ်ကုသိုလ်တရားမျိုးကို ပြီးစေနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ဘုရားရှင်က မိစ္ဆာပဋိပဒခေါ်တဲ့ မိစ္ဆာဒိဋ္ဌိ အစရှိတဲ့ (၈)မျိုး အဲဒီလမ်းစဉ်အတိုင်းသွားနေတဲ့ ဘယ်ပုဂ္ဂိုလ်မျိုးရဲ့ မည်သည့် အကျင့်ကိုမဆို မချီးမွမ်းနိုင်ပါဘူးတဲ့။

ရဟန်းဖြစ်စေ၊ လူဖြစ်စေ သမ္မာပဋိပဒ ကောင်းမွန်ဖြောင့်မှန်တဲ့ သမ္မာဒိဋ္ဌိ- ကောင်းမွန်တဲ့အမြင်အယူ၊ သမ္မာသင်္ကပ္ပ- ကောင်းမွန်တဲ့ အကြံအစည်၊ သမ္မာဝါစာ- မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း အပြိန်းစကားပြောကြားခြင်းမှ ရှောင်ကြဉ်တဲ့အကျင့်၊ သမ္မာကမ္မန္တ- သက်သတ်ခိုးမှု အဗြဟ္မစရိယမှ ရှောင်ကြဉ်ခြင်း၊ သမ္မာအာဇီဝ- လက်နက်ရောင်းဝယ်ခြင်း၊ အဆိပ်၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ အသားတိုးအောင် ကြက်ဝက်ဘဲတို့ကို မွေးမြူ၍ ရောင်းခြင်း အစရှိတဲ့ အသက်မွေးခြင်း၊ သူတစ်ပါးအသက်ကို သတ်ဖြတ်အသက်မွေးခြင်း အစရှိတဲ့ ဘုရားမချီးမွမ်းတဲ့ အသက်မွေးမှုများက ရှောင်ကြဉ်တာကို သမ္မာအာဇီဝ။

သမ္မာဝါယာမနဲ့ ပတ်သက်ပြီးတော့လဲ အကုသိုလ်တွေမဖြစ်ရလေအောင် ဖြစ်ပြီးသားကုသိုလ်တွေ မပျောက်ရလေအောင် တိုးတက်ရလေအောင် စည်ပင်ရလေအောင် ကြိုးစားမှု။

သမ္မာသတိ- ယောဂီသူတော်စင်များ သတိမပြတ် ရှုမှတ်နေတဲ့ ကာယာနုပဿနာသတိပဋ္ဌာန် အစရှိတဲ့ လမ်းစဉ်အတိုင်း ဖြစ်စေခဲ့တဲ့ သတိများဟာ သမ္မာသတိ။

သမ္မာသမာဓိ- နီဝရဏ ငြိမ်းပြီးတော့ စိတ်ရဲ့တည်ငြိမ်တိတ်ဆိတ်မှု ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဒီအကျင့်ကျင့်နေတဲ့ပုဂ္ဂိုလ်များကိုတော့ ဘုရားရှင်က ချီးမွမ်းတော်မူတယ်။ ဘာကြောင့်လဲလို့ဆိုတော့-

> **ဂိဟိဝါ ဘိက္ခဝေ ပဗ္ဗဇိတောဝါ သမ္မာပဋိပန္နော၊ သမ္မာပဋိပတ္တာ ဓိကရဏဟေတု အာရာဓကော ဟောတိ ဉာယံ ဓမ္မံ ကုသလံ။**

http://www.dhammadownload.com



အဲဒီလို ကောင်းမွန်တဲ့အကျင့်၊ ကောင်းမွန်တဲ့လမ်းစဉ် လိုက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဟာ မဂ်ကုသိုလ်မျိုး မဂ်ဉာဏ်မျိုး ပြီးစေနိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ချီးမွမ်းတော်မူတယ်။

**မသူတော်နှင့် သူတော်ကောင်း**

ဆက်ပြီးတော့ ဘုရားရှင်က **"အသပ္ပုရိသ"**- မသူတော်၊ **"အသပ္ပုရိသေန အသပ္ပုရိသတရ"**- မသူတော်ထဲမှာ အလွန်ဆိုးတဲ့ မသူတော်။

အသပ္ပုရိသ- မသူတော်ဖြစ်ခြင်း အကြောင်းတရားတွေက ဘာတွေလဲဆိုတော့ မိစ္ဆာဒိဋ္ဌိစတဲ့ အချက်တွေပါပဲ (၈)မျိုး။

အဲဒီ မသူတော်ဖြစ်ကြောင်းဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိအစရှိတဲ့ (၈)ပါးထဲမှာ မိစ္ဆာဉာဏ ခေါ်တဲ့ မမှန်တဲ့ဉာဏ်အမြင် မိစ္ဆာဝိမုတ္တိ မမှန်ကန်တဲ့ လွတ်မြောက်မှု၊ အဲဒီ (၂)မျိုးထည့်ပြီး (၁၀)မျိုးရှိတဲ့ ပုဂ္ဂိုလ်များကျတော့ သူယုတ်အောက်ပို၍ ယုတ်မာသူလို့ ခေါ်ရပါတယ်တဲ့။

သပ္ပုရိသ- သူတော်ကောင်းဘက်ကျတော့လဲ သမ္မာဒိဋ္ဌိအစရှိတဲ့ (၈)မျိုးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်က သူတော်ကောင်း။

သူတော်ကောင်းထက် သူတော်ကောင်းကျတော့ သမ္မာဒိဋ္ဌိက စပြီး သမ္မာသမာဓိထိအောင် (၈)မျိုး။

သမ္မာဉာဏ်- ကောင်းမွန်ဖြောင့်မှန်တဲ့ဉာဏ်၊ သမ္မာဝိမုတ္တိ- ကောင်းမွန်တဲ့လွတ်မြောက်မှု၊ ကိလေသာတို့မှ လွတ်မြောက်မှု။

အဲဒီ (၁၀)မျိုးနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကျတော့ သူတော်ကောင်းထက်ပို၍ကောင်းသူလို့ ခေါ်ပါတယ်။

အခု ယောဂီသူတော်စင်များ သမ္မာဒိဋ္ဌိအခြေခံပြီး ကမ္မဿကတဉာဏ် အခြေခံပြီး သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ခေါ်တဲ့ သီလမဂ္ဂင်။

http://www.dhammadownload.com



သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ခေါ်တဲ့ သမာဓိမဂ္ဂင်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ခေါ်တဲ့ ပညာမဂ္ဂင်။

အဲဒီ မဂ္ဂင်ကျင့်စဉ်အတိုင်း သွားတော့ သမ္မာဉာဏ- ကောင်းမွန်ဖြောင့်မှန်တဲ့ဉာဏ်၊

သမ္မာဝိမုတ္တိ- ကောင်းမွန်ဖြောင့်မှန်တဲ့ လွတ်မြောက်မှု။

အဲဒီ (၂)မျိုးထပ်ပြီးတော့ တိုးလိုက်လို့ရှိရင် သူတော်ကောင်းထက် သူတော်ကောင်း ဖြစ်နိုင်တယ်။ ဘုရားရှင်က နည်းအမျိုးမျိုးနဲ့ တရားတော်တွေ ဟောနိုင်တော့ ဘာဆက်ပြီးတော့ ဟောသလဲဆိုရင် ကုမ္ဘသုတ္တန်ကို ဆက်ပြီးတော့ ဟောတယ်။

**ကရွတ်ခွေ**

ကုမ္ဘသုတ္တန်က သိလွယ်အောင် မြင်လွယ်အောင် ဟောကြားတော်မူတဲ့ ဥပမာ။

ရေအိုး (၂)လုံးရှိတယ်။ ရေအိုးတစ်လုံးက ကရွတ်ခွေရှိတယ်။ ရေအိုးတစ်လုံးက ကရွတ်ခွေ မပါဘူး။ ကရွတ်ခွေပါတဲ့ရေအိုးကတော့ ငြိမ်လို့။ ဟိုဟိုဒီဒီလှည့်ရင်လဲ ငြိမ်လို့။ ရေထည့်ရင်လဲ ငြိမ်လို့။

ကရွတ်ခွေမပါတဲ့ ရေအိုးကျတော့ လိမ့်လွယ်တယ်။ ဟောတည်ငြိမ်မှု မရှိဘူး။ အဲဒီတော့ ကရွတ်ခွေရှိတဲ့ ရေအိုးဟာ အလှည့်အစောင်း ဘယ်လိုပဲ လှည့်လှည့်စောင်းစောင်း ငြိမ်လို့ ကရွတ်ခွေရှိတာကိုး။ အဲဒီလိုပါပဲတဲ့။

စိတ်ဟာလဲပဲ ကရွတ်ခွေရှိတယ်။ စိတ်ရဲ့ကရွတ်ခွေနဲ့တူတဲ့ တရားရှိတယ်။

**"ကောစ ဘိက္ခဝေ စိတ္တဿ အာဓာရော"**

ဘိက္ခဝေ- ရဟန်းတို့၊ စိတ္တဿ- စိတ်၏၊ အာဓာရော- ကရွတ်ခွေနှင့်တူတဲ့တရားမည်သည်၊ ကောစ- အဘယ်ပါနည်း။

http://www.dhammadownload.com



စိတ်ကတော့ ရေအိုးနဲ့တူတယ်။ ကရွတ်ခွေနဲ့တူတဲ့တရား အဲဒီ စိတ်ကလေးငြိမ်ဖို့ စိတ်ရဲ့ကရွတ်ခွေက ဘာလဲ။ စိတ်ရဲ့တည်ရာ ကရွတ်ခွေဟာ-

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"

အရိယော- မြတ်သော၊ အဋ္ဌင်္ဂိကော- အင်္ဂါ (၈)ပါးရှိသော၊ အယမေဝ မဂ္ဂေါ- ဤသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိတဲ့ မဂ္ဂင် (၈)ပါးပါပဲ။ မဂ္ဂင် (၈)ပါးဆိုတာ စိတ်ရဲ့ကရွတ်ခွေပဲ။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ သဘောပေါက်ကြတယ်။ မိမိတို့ရဲ့စိတ်ကို မဂ္ဂင် (၈)ပါး ခေါ်တဲ့ ကရွတ်ခွေပေါ်မှာ တင်ထားလိုက်တော့ ငြိမ်တယ်။ ငြိမ်မှလဲ ငြိမ်းမှာကိုး။ မငြိမ်ရင် မငြိမ်းဘူး။ မငြိမ်တာ ဘာကြောင့်လဲ လှုပ်လို့ပါပဲ။

လှုပ်တာ ဘာကြောင့်လဲဆိုတော့ ကရွတ်ခွေ မရှိလို့ပါပဲ။ ကရွတ်ခွေမရှိရင် လှုပ်မယ်။ လှုပ်ရင် မငြိမ်ဘူး။ မငြိမ်ရင် မငြိမ်းဘူး။

မိမိတို့စိတ်ကလေးဟာ မငြိမ်ဘူး။ မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ ငြိမ်မှ ငြိမ်းမှာပါ။

"သမာဟိတော ယထာဘူတံ ပဇာနာတိ"

သမာဟိတော- တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ ပုဂ္ဂိုလ်သည်၊ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- အပြားအားဖြင့် သိနိုင်ပါ၏။

စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိရှိတဲ့ အခါ ဟုတ်တိုင်းမှန်စွာ သိတယ်။

ရုပ်တရား နာမ်တရားတို့ရဲ့ အမှတ်တံဆိပ်တွေကို ပကတိ အတိုင်း မြင်တယ်။ ရုပ်တရား နာမ်တရားတို့၏ဖြစ်စဉ်ကို အမှန်အတိုင်း မြင်ပြီဆိုရင် ဒါဝိပဿနာဉာဏ်ကိုး။ မြင့်သွားပြီ။

အဲဒီတော့ ငြိမ်ရင် ငြိမ်းမှာပါပဲ။ ငြိမ်တော့ မြင်တာကိုး။ မြင်တော့ ငြိမ်းတော့တာပေါ့။ အဲဒီတော့ ကရွတ်ခွေဥပမာနဲ့ မြတ်စွာဘုရား

http://www.dhammadownload.com



ဟောကြားပြီးတော့ ထားခဲ့တာ။

အဲလို ကရွတ်ခွေဥပမာနဲ့ ကရွတ်ခွေနဲ့ မဂ္ဂင် (၈)ပါးနဲ့ တူတယ်။ အခု မဂ္ဂင် (၈)ပါးအလုပ်ကို လုပ်နေကြရပြီ။

အဲဒီလို မိမိတို့မဂ္ဂင် (၈)ပါးထဲမှာ သမ္မာသမာဓိ- စိတ်ရဲ့တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှုလေးရအောင် အားထုတ်ပြီးတော့ နေကြတော့ (၈)မျိုးလုံး လောကုတ္တရာပိုင်း မရောက်စေကာမူ ပုဗ္ဗဘာဂမဂ္ဂင်တရားတွေ၊ လောကုတ္တရာရဲ့ ရှေ့အဖို့မှာဖြစ်တဲ့ မဂ္ဂင်။

အဲဒီလမ်းတွေသွားပြီးတော့ နေကြတော့ မိမိတို့စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်မှုခေါ်တဲ့ သမ္မာသမာဓိဟာ အရိယာသမာဓိလို့ ခေါ်ပါတယ်။

ထွက်လေ ဝင်လေကို အာရုံပြုပြီးတော့ ရှုမှတ်ပွားများပြီးတော့ နေတော့ စိတ်ကလေးဟာ တည်ကြည်တယ်။ အဲဒီ တည်ကြည်ပြီးနေတာဟာ အရိယသမာဓိ၊ မြတ်တဲ့သမာဓိ သဉပနိသ- အကြောင်းနဲ့တကွဖြစ်တဲ့သမာဓိ၊ သပရိက္ခာရ- အခြံအရံတန်းဆာရှိတဲ့ သမာဓိမျိုး၊ ဒီသမာဓိက-

**ယာစခေါ ဘိက္ခဝေ ဣမေဟိ သတ္တဟင်္ဂေဟိ သမ္မန္နာဂတဿ စိတ္တဿ ဧကဂ္ဂတာ သပရိက္ခာရတာ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယော၊ သမ္မာသမာဓိ။ သဉပနိသော ဣတိပိသ ပရိက္ခာရော ဣတိပိ။**

တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ အရိယာတို့၏ သမ္မာသမာဓိကို အကြောင်းနှင့်တကွ ဖြစ်၏ဟူ၍ ခေါ်ဆိုအပ်ပါတယ်။ အခြံအရံအသိုင်းအဝိုင်းနှင့်တကွဖြစ်သော သမ္မာသမာဓိလို့ ခေါ်ဆိုအပ်ပါတယ်။

မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ သမ္မာသမာဓိဟာ အကျိုးအကြောင်းနဲ့လဲ ဆီလျော်တယ်။ ရှေ့မဂ္ဂင် (၇)ပါးတို့နှင့် ပြည့်စုံပြီးတော့မှ ဖြစ်ပေါ်လာတဲ့သမာဓိကိုး။

http://www.dhammadownload.com



ဒါကြောင့် အကျိုးအကြောင်းနဲ့လဲ ဆီလျော်တယ်။ အခြံအရံ အသိုင်းအဝိုင်းနဲ့လဲ ပြည့်စုံတဲ့ အရိယသမာဓိ၊ အရိယသမ္မာသမာဓိလို့ ခေါ်ကြရတယ်။

**ဝေဒနာသုံးမျိုးသိရန်**

မြတ်စွာဘုရားကိုယ်တော်တိုင် ဆက်ပြီးတော့ ရဟန်းတို့ ဝေဒနာ သုံးမျိုးရှိတယ်။ အားလုံးသိကြပြီးတဲ့အတိုင်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာ။

ဝေဒနာဆိုတာ ဘာလဲလို့ဆိုတော့ ကျေးဇူးရှင်လယ်တီ ဆရာတော် ဘုရားကြီးက "ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာစေတ်၊ ခန္ဓာမှတ်လော့"

ခံစားခြင်း၊ စံစားခြင်းကို ဝေဒနာ။ အဲဒီ ဝေဒနာဟာ (၃)မျိုး ရှိပါတယ်။ အခုသုံးမျိုးကို မြတ်စွာဘုရားက သုခဝေဒနာ သက်သက် သာသာရှိတယ်။ ချမ်းသာတဲ့ဝေဒနာလို့ ခေါ်ဆိုပါစို့။

ဒုက္ခဝေဒနာ- မသက်မသာတဲ့ ဝေဒနာ၊ အဒုက္ခမသုခဝေဒနာ- ခြားခုလတ်ဝေဒနာမျိုးကိုး။ အဲဒီ ဝေဒနာသုံးမျိုးရှိတော့ အခု အဲဒီ ဝေဒနာသုံးမျိုးကို ပိုင်းခြားပြီးသိဖို့ရာ ဘာအားထုတ်ရမလဲ။

"တိဿန္နံ ဝေဒနာနံ ပရိညာယ"။

ဝေဒနာသုံးမျိုးလုံးကို ပိုင်းခြားပြီး သိဖို့ရာအတွက် မဂ္ဂင် (၈)ပါးပဲ ပွားများရမှာပါပဲ။ ဝေဒနာတွေဟာ ဒုက္ခသစ္စာထဲ ပါတော့ ပိုင်းခြား သိရမယ့် တရားတွေပဲ။ ဒီပိုင်းခြားခွဲခြမ်း စိတ်ဖြာပြီး သိပုံကတော့ ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ္တန် လာတဲ့အတိုင်း ဝေဒနာတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံကို သိရမှာပါ။ အဲလိုသိတာဟာ "သမ္မာဒိဋ္ဌိမဂ္ဂင်"ပဲ။

အဲဒီ ဝေဒနာသုံးမျိုးကို သိပြီးတော့ အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ် တွေ ဒုနဲ့ဒေး။ အဲဒီ အရှင်မြတ်ကြီးတွေ သွားတဲ့လမ်းက ဘာဘာလဲ ဆိုတော့ ဒီမဂ္ဂင် (၈)ပါးပါပဲ။

http://www.dhammadownload.com



**ကာမဂုဏ်တို့ရဲ့ အပြစ်အနာအဆာ**

တစ်ခါတရံကျတော့ မြတ်စွာဘုရားက ဒေသနာတော်တစ်ခုကို မိမိကိုယ်တိုင် ဟောတော်မူလိုတဲ့အတွက် ရဟန်းတော်များကို အခုလို ဟောတာမျိုးရှိသလို တစ်ခါတရံကျတော့ ရဟန်းတော်များက လျှောက်ထားလို့ နတ်ဗြဟ္မာတွေက လျှောက်ထားလို့ အမျိုးသား အမျိုးသမီး ဥပါသကာ ဥပါသိကာမများက လျှောက်ထားလို့ ဟောရတာလဲ ရှိတယ်။

တစ်ချိန်က အရှင်ဥတ္တိယဆိုတဲ့ မထေရ်မြတ်တစ်ပါးထဲ သီတင်းသုံးပြီးတော့နေတယ်။ မထေရ်က စဉ်းစားတယ်။

မြတ်စွာဘုရားက ကာမဂုဏ်ငါးပါးတို့ကို ဟောကြားတော်မူခဲ့တယ်။ ဘုရားလျှောက်အုံးမှပဲ တပည့်တော်တစ်ပါးထဲ အေးအေးဆေးဆေးနေတဲ့အခါ အာရုံထဲမှာပေါ်လာတာက မြတ်စွာဘုရား အာရုံငါးပါး ကာမဂုဏ်များကို ဟောခဲ့တယ်။

- အဆင်းမျိုးစုံ ရူပါရုံ၊
- အသံမျိုးစုံ သဒ္ဒါရုံ၊
- အနံ့မျိုးစုံ ဂန္ဓာရုံ၊
- ရသာမျိုးစုံ ရသာရုံ၊
- အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံငါးပါးတို့ကို မြတ်စွာဘုရား ဟောခဲ့တယ်လို့ တပည့်တော်ရဲ့ ဉာဏ်အမြင်မှာ ဖြစ်ခဲ့ပါတယ်ဘုရား။

"သာဓု ဥတ္တိယ"

ချစ်သား ဥတ္တိယ၊ အင်မတန်ကောင်းမွန်တဲ့ တွေးတောချက်ပဲ ဆိုပြီးတော့ မြတ်စွာဘုရား ကာမဂုဏ်အာရုံငါးပါးကို ဟောတော်မူတယ်။

"ပဉ္စိမေ ဥတ္တိယ ကာမဂုဏာ"

ဥတ္တိယ- ချစ်သားဥတ္တိယ၊ ကာမဂုဏာ- ကာမဂုဏ်တို့သည်၊ ဣမေပဉ္စ- ဤငါးမျိုးတို့တည်း။ ငါးမျိုးက ဘာလဲလို့ဆိုတော့ -

http://www.dhammadownload.com



"အတ္ထိ ဥတ္တိယ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ၊ ကန္တာ၊ မနာပါ၊ ပိယရူပါ၊ ကာမူပသံဟိတာ၊ ရဇနီယာ။"

ဥတ္တိယ- စက္ခုဝိညာဉ်နဲ့ သိမြင်အပ်တဲ့၊ ဣဋ္ဌ- အလိုရှိအပ်တဲ့ ရူပါရုံတွေ၊ ကန္တ- နှစ်သက်အပ်တဲ့ ရူပါရုံတွေ၊ မနာပ- စိတ်ကိုပွားစေတတ်တဲ့ ရူပါရုံတွေ၊ ပိယရူပ- ချစ်ဖွယ်ကောင်းတဲ့ ရူပါရုံမျိုး၊ ရဇနီယ- နှစ်သက်တွယ်တာမှုကို ဖြစ်စေတတ်တဲ့ ရူပါရုံမျိုး အဆင်းမျိုးစုံ ရူပါရုံတွေ၊ ကာမူပသံဟိတ- ကာမဂုဏ်နှင့်စပ်တဲ့ အဆင်းမျိုးစုံ ရူပါရုံတွေ ရှိတယ်။

အသံလဲပဲ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့လဲပဲ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာလဲပဲ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိလဲပဲ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ။ အဲဒီ ကာမဂုဏ်အာရုံငါးပါးတွေကို ငါဘုရားဟောခဲ့တယ်။ အဲဒီ ကာမဂုဏ်တွေကို ပယ်ရှားနိုင်ဖို့ရာအတွက် ဘာပွားရမလဲဆိုတော့ ဟောဒီမဂ္ဂင် (၈)ပါးပဲ ပွားရမှာပါပဲ။

လောကကြီးကတော့ အဲဒီကာမဂုဏ်ငါးပါးကို ဟော- ရူပါရုံဆိုရင်လဲ အဆင်းမျိုးစုံ ရူပါရုံ၊ ရူပါရုံတွေ သက်ရှိသက်မဲ့၊ သက်ရှိ ရူပါရုံပိုင်ဆိုင်သူတွေလဲ အဲဒီရူပါရုံကို ကောင်းသည်ထက်ကောင်းအောင် သူတစ်ပါးမြင်ရင် သဘောကျသည်ထက်ကျအောင် သက်မဲ့ရူပါရုံထုတ်လုပ်ကြတဲ့ ပုဂ္ဂိုလ်တွေကလဲ အဝတ်အစားအသုံးအဆောင်တွေနဲ့ ပတ်သက်လို့လဲအမျိုးမျိုး၊ ကြည့်စရာ ရှုစရာတွေ ကုန်နိုင်ဖွယ်မရှိပါဘူး။

သဒ္ဒါရုံတွေကလဲ ထုတ်လုပ်လိုက်ကြတာစုံလို့။ ဂန္ဓာရုံတွေ၊ အနံ့တွေနဲ့ပတ်သက်ပြီးတော့ သောင်းချီပြီးတန်ဖိုးကြီးတဲ့ ရေမွှေးတွေဘာတွေ ထုတ်ကြတယ်။

ရသာရုံကလဲ ဒီလိုပဲ။ ရသာမျိုးစုံ ရသာရုံတွေကလဲပဲ သူ့ထက်သူကောင်းသည်ထက်ကောင်းအောင် ကောင်းသည်ထက်ကောင်းအောင်၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကလဲပဲ တွေ့စရာ ထိစရာ အသုံးအဆောင်တွေကလဲပဲ တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ဆိုတာမျိုးလို ဒီအာရုံငါးပါးဆီကိုပဲ အာရုံ

http://www.dhammadownload.com



ငါးပါးကို မလွှတ်နိုင်လောက်အောင် ကမ္ဘာ့လူထုကြီးဟာ ဖန်တီးပြီးတော့ နေတယ်။ ကြော်ငြာနေကြတယ်။ ရုပ်သံရေဒီယိုတွေက၊ ဂြိုဟ်တုတွေက ဒီအာရုံတွေကိုပဲ အပြိုင်ပြိုင်ကြော်ငြာ နေကြတယ်။

အဲဒီကာမဂုဏ်အာရုံတွေ မြတ်စွာဘုရားက အပြစ်ပြဟောတော်မူတယ်။ ပယ်ရှားဖို့ အဲဒီအာရုံတွေကို ဘာမှတန်ဖိုးမရှိအောင် ဟောတော်မူရတယ်။

ဒီအာရုံတွေ ပယ်စွန့်နိုင်အောင် ဘာလုပ်ရမလဲဆိုရင် မဂ္ဂင်ကျင့်စဉ်ကျင့်ရပွားရမယ်။

တစ်ခါတရံကျတော့ မြတ်စွာဘုရားက အဲဒီအာရုံငါးပါး ကာမဂုဏ်အယုတ်တရားတို့ကို ဥပမာအမျိုးမျိုးနဲ့ပြပြီး ဆုံးမတယ်။

"အဋ္ဌိကင်္ကလူပမာ ကာမာ"

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ အဋ္ဌိကင်္ကလူပမာ- အသားမမှိ သွေးသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

အမဲရိုးလေး ခွေးအိုခဲသလိုပဲတဲ့။ အသားမမှိ သွေးသရည်ဖြင့် ခွေးအိုအမဲရိုးခဲတဲ့အခါ အသားတော့မပါဘူး။ ဒါပေမယ့် မိမိကထွက်တဲ့ သွေးရည်လေးနဲ့ အရိုးကိုမလွှတ်နိုင်ဘူး။ အဲဒီတော့ ခွေးအိုအမဲရိုးခဲသလိုပါပဲ။

ဗဟုဒုက္ခာ- မရှိတောင့်တ ရှိကြောင့်ကြနှင့် ဒုက္ခဘေးရန် အတန်တန်ကြောင့် ပူပန်မစဲ များသောဆင်းရဲ ရှိကုန်၏။ ပုထုဇဉ်ကမ္ဘာသူ ကမ္ဘာသားတွေ ဒီအာရုံတွေ မလွှတ်နိုင်တာ သိနေတာကိုး။ အလွန်ဆင်းရဲကြတယ်။

ဒီအာရုံတွေ ရဖို့ရာနဲ့ပတ်သက်ပြီးတော့ မရှိတော့လဲ တောင့်တလိုက်ကြ၊ ရှိတော့လဲ ကြောင့်ကြလိုက်ကြတာ။

http://www.dhammadownload.com



ခပ်လိုက်ရတော သော့၊ ကာလိုက် ရံလိုက်ရတာ အုတ်တံတိုင်းကြီးတွေ တံခါးပိတ်လိုက်ရတာ မောလို့ပါပဲ။

ဗဟုပါယာသာ- မချိယောင်ရမ်း သတိခမ်းအောင် ပင်ပန်းခြင်းများလှပါပေကုန်၏။ ဧတ္ထ ဧတေသုကာမေသု- ဤကာမဂုဏ်တို့၌၊ အာဒီနဝေါ- ဆွေရင်းမျိုးချာ မိတ်သဟာပင်၊ အနာဒရ- မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သော အပြစ်သည်၊ ဘိယျော- ပူဆာထူးထွေများလှပါချေ။

ဆွေမျိုးအရင်းအချာရယ်၊ မိတ်ရင်းဆွေရင်းရယ်လို့ မညှာနိုင်ဘူး။ မရှိနိုင်တော့ဘူး။ ဒေါသရန်စစ် ကြမ်းကြုတ်သော အပြစ်သည် အင်မတန်ကြမ်းကြုတ်တဲ့ အပြစ်အနာအဆာတွေကလဲ ပြည့်လို့ပဲလို့ အပြစ်ပြတော်မူတယ်။

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ သပ္ပသိရူပမာ- အဆိပ်ခိုအောင်း မြွေဉခေါင်းနှင့် တူကြပါပေကုန်၏။

မြွေဦးခေါင်း ကြည့်လိုက်တော့ မြွေပွေး၊ မြွေဟောက်တို့ရဲ့ ခေါင်းထဲမှာ အဆိပ်တွေကအပြည့်ကိုး။

အာရုံငါးပါးဟာလဲ အဲဒီအဆိပ်ခိုအောင်းတဲ့ အဆိပ်တွေ သိုမှီးသိမ်းဆည်းထားတဲ့ မြွေဦးခေါင်းနဲ့တူတယ်။ ဘုန်းကြီးတို့တွေ နားလည်အောင် ဘုရားကဉပမာနဲ့ ပြတော်မူတယ်။

**"သုပိနကူပမာ ကာမာ"**

ကာမာ- ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ သုပိနကူပမာ- ရွှေအိမ်ရွှေနန်း အခန်းခန်းနှင့် စံမြန်းရပုံ ဟုတ်လေတုံ့နှင့် အာရုံစွဲငြိ နိုး၍ကြည့်က မရှိသက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်လျှင် နှိုင်းယဉ်စရာ ဉပမာရှိကုန်၏။

အိမ်မက်တွေကောင်းလိုက်တာ ရွှေအိမ်ရွှေနန်းကြီးတွေနဲ့ စံမြန်းရတာ ကောင်းလိုက်တာ။ နိုးတော့ကြည့်လိုက်တဲ့အခါ ဘာမှမရှိတော့ဘူး။ မရှိသက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်နှင့်တူတယ်။

http://www.dhammadownload.com



**"အသိသုနူပမာ ကာမာ"**

ကာမာ- ပုထုဇဉ်များ ခင်တွယ်မှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ အသိသုနူပမာ- မုဆိုးအားလုံး လူများသုံးသည့် စဉ်းတီတုံးလျှင် နှိုင်းခိုင်းစရာ ဥပမာရှိကုန်၏။

မုဆိုးများသုံးသည့် စဉ်းတီတုံးနဲ့ တူတယ်။ သားငါးတွေ လှီးဖြတ်တဲ့ စဉ်းတီတုံးနဲ့ တူတယ်။

**"အင်္ဂါရကာသူပမာ ကာမာ"**

ကာမာ- ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ အင်္ဂါရကာသူပမာ- မီးကြီးတွင်းနှင့် တူကြပါကုန်၏။ ဘုရားရှင် ဥပမာအမျိုးမျိုးနဲ့ပြတာ။

**"တိဏုက္ကူပမာ ကာမာ"**

ကာမာ- ကာမဂုဏ်တို့သည်၊ တိဏုက္ကူပမာ- လေညာလေထက် ဆောင်သူ့လက်သို့ လျှံစက်ဟူးဟူး ပျံတက်ကူးသည့် မျက်မီးရှူးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။ မျက်မီးရှူး မီးရှို့ပြီးကိုင်တော့ လက်လောင်တာကိုး။ အဲဒီလိုပဲ-

**"ယာစိတကူပမာ ကာမာ"**

ကာမာ- ကာမဂုဏ်တရားတို့သည်၊ ယာစိတကူပမာ- ခေတ္တခဏ ငှားရမ်းထားအပ်သော ဥစ္စာနှင့်တူကြပါကုန်၏။

ခဏငှားထားတဲ့ ဥစ္စာနဲ့ အတူတူပဲ။ အဲသလို ဥပမာအမျိုးမျိုးနဲ့ ဒီအာရုံငါးပါးကို ဖယ်ရှားနိုင်အောင်လို့ဆိုပြီး ဟောထားတဲ့ ဒေသနာတော်တွေဟာ သမ္မာဒိဋ္ဌိ- အမြင်မှန်ရအောင် ဟောတော်မူတာပါ။

## မဂ္ဂင် (၈)ပါးပဲ အားထုတ်

အဲဒီအာရုံငါးပါး ဖယ်ရှားနိုင်ဖို့ရာ ဘယ်တရားအားထုတ်ရမလဲ ဆိုတော့ မဂ္ဂင် (၈)ပါးပဲ အားထုတ်ကြရမှာ ပါပဲ။ အဲဒီတော့ ဟိုမှာ ဘက်ကမ်းသို့ကူးရန်-

http://www.dhammadownload.com



**"အဋ္ဌိမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ အပါရာပါရံဂမနာယ သံဝတ္တန္တိ"**

ဘိက္ခဝေ- ရဟန်းတို့၊ အဋ္ဌ- ရှစ်ပါးကုန်သော၊ ဣမေ ဓမ္မာ- ဤမဂ္ဂင်တရားတို့သည်၊ ဘာဝိတာ- ပွားများအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ- အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ အပါရာ- ဤမှာဘက်ကမ်း သံသရာစခန်းမှ၊ ပါရံ- ဟိုမှာဘက်ကမ်း နိဗ္ဗာန်စခန်းသို့၊ ဂမနာယ- ရောက်ခြင်းငှါ၊ သံဝတ္တန္တိ- ဖြစ်ပါကုန်၏။

တရားရှစ်မျိုး ပွားလို့ရှိရင် ဒီသံသရာဝဋ်စခန်း ဒီဘက်ကမ်းက နေပြီးတော့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ရောက်နိုင်ပါတယ်။

## ဒီဘက်ကမ်းမှာ အသစ်သစ် ပဋိသန္ဓေ၊ အို၊ နာ၊ သေ ရှိတယ် ဟိုမှာဘက်ကမ်းမှာ ပဋိသန္ဓေ၊ အို၊ နာ၊ သေ မရှိ

ဟိုဘက်ကမ်းသို့ရောက်နိုင်တဲ့ အဲဒီတရား (၈)မျိုးက ဘာလဲ ဆိုတော့-

- သမ္မာဒိဋ္ဌိ
- သမ္မာသင်္ကပ္ပ
- သမ္မာဝါစာ
- သမ္မာကမ္မန္တ
- သမ္မာအာဇီဝ
- သမ္မာဝါယာမ
- သမ္မာသတိ
- သမ္မာသမာဓိ

ယောဂီသူတော်စင်များ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင် (၃)ပါး အခြေခံထားခဲ့ကြပြီ။

သမ္မာဒိဋ္ဌိက စပြီးတော့ နေ့စဉ်နေ့တိုင်း မေတ္တာပွားတာတို့ အမျှဝေတာတို့နဲ့ အသုံးချခဲ့ပြီ။ အထူးသဖြင့် ထွက်လေ ဝင်လေကို ရှုမှတ်နေတဲ့ သမ္မာသတိ။

ထွက်လေ ဝင်လေကို ရှုမှတ်ပွားများလို့ရရှိလာတဲ့ စိတ်ရဲ့ တည်ငြိမ်မှု သမ္မာသမာဓိ။

http://www.dhammadownload.com



အဲဒီတရားတွေဟာ အပါရာ- ဒီမှာဘက်ကမ်း သံသရာစခန်းက နေပြီးတော့၊ ပါရံ- ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့၊ ဂမနာယ- ရောက်နိုင်ဖို့ရာအတွက် ဖြစ်တယ်။

အဲဒီလို ဖြေကြားတော်မူပြီးတော့ အဲဒီတရားရှစ်ပါးက ဘာလဲဆိုတော့ မဂ္ဂင် (၈)ပါး သိကြရပြီ။ အဲလို မဂ္ဂင် (၈)ပါးကို ဟောကြားပြီးတဲ့အခါ ဘုရားရှင်က-

**အပ္ပကာတေ မနုဿေသု၊**
**ယေဇနာ ပါရ ဂါမိနော။**
**အထာယံ ဣတရာ ပဇာ၊**
**တီရမေဝါ နုဓာဝတိ။**

ယေဇနာ- အကြင်ပုဂ္ဂိုလ်တို့သည်၊ မနုဿေသု- လူတို့တွင်၊ ပါရဂါမိနော- ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ရှေးကလဲရောက်ကြကုန်ပြီ။ ယခုလဲရောက်ဆဲ၊ နောင်အခါလဲ ကူးခပ်နိုင်ကြပေလိမ့်မည်။ တေ- ထိုကမ်းတစ်ဖက် ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်ကြကုန်သောသူတို့သည်၊ အပ္ပကာ- နည်းပါးလှကုန်၏။

ဒါ လူတင်ပြောတာ။ အခြားတိရစ္ဆာန်တွေ အခြားဘုံသားတွေ မပါသေးဘူး။

လူတွေထဲမှာကိုက အတိတ်ကာလက ပစ္စုပ္ပန်ကာလ၊ အနာဂါတ်ကာလမှာ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးခပ်နိုင်တဲ့ပုဂ္ဂိုလ်တွေ နဲနဲလေး ရှိတယ်။

အထ- စင်စစ်၊ ဣတရာ- ဤမှတစ်ပါးသော၊ အယံပဇာ- ဤသတ္တဝါအပေါင်းသည်၊ တီရမေဝ- သံသရာဝဋ်ဒုက္ခ ဒီဘက်ကမ်းသို့သာလျှင်၊ အနုဓာဝတိ- အစဉ်တစိုက် ပြေးသွား၍နေ၏။ များသောအားဖြင့်ကတော့ ဝဋ်သံသရာဆီပဲ ပြန်ပြီးတော့ ရေဝဲလှည့်သလိုပဲ ဝဋ်သံသရာစခန်းသို့ပင် မြန်းပြီးတော့ နေကြတယ်။

http://www.dhammadownload.com



ဘယ်လိုပုဂ္ဂိုလ်တွေ ဒုက္ခတွေ လွတ်မြောက်နိုင်သလဲဆိုတော့ မဂ္ဂင် (၈)ပါး ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ -

**ယေစခေါ သမ္မဒက္ခာတေ၊**

**ဓမ္မေ ဓမ္မာနုဝတ္တိနော။**

**တေဇနာ ပါရမေဿန္တိ၊**

**မစ္စုဓေယျံ သုဒုတ္တရံ။**

ယေ - အကြင်ပုဂ္ဂိုလ်တို့သည်၊ သမ္မဒက္ခာတေ- ကောင်းစွာ ဟောကြားတော်မူအပ်သော ဓမ္မေတရားတော်မြတ်၌၊ ဓမ္မာနုဝတ္တိနော- တရားသို့ အစဉ်လိုက်၍ ကျင့်ကြံကြပေကုန်၏။

တေဇနာ- ထိုမဂ္ဂင် (၈)တန် အကျင့်မှန်ကို ကျင့်ကြံပွားများ နေကြကုန်သော သူတို့သည်၊ ပါရံ- ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့၊ ဧဿန္တိ- ရောက်ကုန်လိမ့်မည်။

ကျေနပ်စရာ အားရစရာ ဘုရားရှင်နှုတ်တော်ထွက်စကား မဂ္ဂင် (၈)ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံပွားများနေတဲ့ ပုဂ္ဂိုလ်များ ဟိုမှာ ဘက်ကမ်း ကူးနိုင်မယ်။

ဘာကိုလွန်မြောက်တာလဲလို့ဆိုတော့ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ သုဒုတ္တရံ- လွန်မြောက်နိုင်ခဲသော၊ မစ္စုဓေယျံ- သေမင်းနိုင်ငံကို၊ အတိက္ကမိတွာ- ကျော်လွန်၍၊ ပါရံ- ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့၊ ဧဿန္တိ- ရောက်ကြကုန်လိမ့်မည်။

လွန်မြောက်နိုင်ခဲတဲ့ သေမင်းနိုင်ငံ။ သေမင်းနိုင်ငံဆိုတာ ဘယ်နိုင်ငံလဲ။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေ (၁၈၀)ကျော်ရှိတယ်။

ဘယ်နိုင်ငံလဲ သေမင်းနိုင်ငံဆိုတော့ အကုန်လုံးပဲတဲ့။ သေမင်း နိုင်ငံတွေချည်းပဲ။ ဘယ်နိုင်ငံမှ သေမင်းပိုင်နက်က မလွတ်ဘူး။ သေမင်း ပိုင်နက်ထဲမှာချည်း နေကြရတယ်။ သချိုင်းမရှိတဲ့နိုင်ငံ မရှိပဲကိုး။

တိရစ္ဆာန်ဘုံဌာနတွေကလဲ သေမင်းနိုင်ငံတွေပဲ။ ပြိတ္တာ၊ အသုရကာယ်လဲ သေမင်းနိုင်ငံတွေပဲ။ နတ်ဘုံ၊ ဗြဟ္မာဘုံလဲ သေမင်း နိုင်ငံတွေပဲ။

http://www.dhammadownload.com



**"အာယုပုညာ၊ ခယနှစ်ဖြာ၊ တဖြာဖြာကြောင့်၊ ဗြဟ္မာတို့အား၊ စုတိငြား၏။"**

ဗြဟ္မာမင်းကြီးတွေ ကမ္ဘာတည်အောင် အသက်ရှည်ပြီး ရပ်တည်နိုင်တယ်ဆိုပေမဲ့ အသက်တမ်းကုန်လို့ စုတေတယ်။ ဘယ်လောက်အသက်ရှည်ရှည် ဖြစ်ရင့်ပျက်ခဏ သုံးချက်ထက်ပို၍ အသက်မရှိပါဘူး။ ကုသိုလ်ကံကုန်လို့ စျာန်ကြိုးပြတ်လို့ စျာန်လျှောလို့ စျာန်ကုသိုလ်ကုန်လို့ စုတေမယ်။ အဲဒီအကြောင်း နှစ်မျိုးကြောင့် ဗြဟ္မာတွေ စုတေကြတယ်။

**"တစ်ဖြာထိုမှ၊ ဟာရကောပ၊ ထည့်၍သာလျှင်၊ လေးဖြာအပေါင်း၊ နတ်သေကြောင်းတည်။"**

ဗြဟ္မာမင်းကြီးတွေက သက်တမ်းကုန်လို့ သေတယ်၊ စုတေတယ်။ ကုသိုလ်ကံကုန်လို့ စုတေတယ်။

နတ်များကျတော့ အဲဒီအထဲနှစ်မျိုးထပ်ထည့်ရတယ်။ တစ်ဖြာထိုမှ၊ ဟာရကောပ၊ ထည့်၍သာလျှင်၊ လေးဖြာအပေါင်း၊ နတ်သေကြောင့်တည်း။

စားချိန်၊ သောက်ချိန် မှန်မှန်မစားရလို့ရှိရင် နတ်သား နတ်သမီးတွေ စုတေတယ်။

နတ်သား၊ နတ်သမီးတစ်ဦးနဲ့တစ်ဦး မနာလိုဝန်တိုတာတွေ ဖြစ်၊ ဒေါသတွေဖြစ်ရင် စုတေသွားတယ်။

ဒေါသကြောင့် စုတေတာလဲရှိတယ်။ အာဟာရ စားချိန်လွန်သွားလို့ စုတေတာလဲ ရှိနိုင်တယ်။ နတ်သေခြင်းအကြောင်း (၄)မျိုး ရှိတယ်။

လူတွေသေခြင်းအကြောင်းလေးမျိုး။ သက်တန်းကုန်လို့ သေတယ်။ ကံကုန်လို့ သေတယ်။ အသက်တန်း, ကံ (၂)မျိုးကုန်လို့ သေတယ်။ ခြားခုလပ်မှာ သူတစ်ပါးပယောဂတစ်ခုခုနဲ့ သေတယ်။ ဒါကြောင့် နတ်ဘုံ ဗြဟ္မာဘုံ ရောက်နေသူတို့လဲ သေမင်းရဲ့ပိုင်နက်ထဲမှာပဲ နေကြရတယ်လို့ ဆိုရတယ်။

http://www.dhammadownload.com



ယေဇနာ- အကြင် မဂ္ဂင် (၈)တန် အကျင့်မှန်ကို ကျင့်ကြံပွားများနေကြကုန်သောတို့သည်၊ သုဒုက္ကရံ- လွတ်မြောက်နိုင်ခဲ့သော၊ မစ္စုဓေယျံ- သေမင်းနိုင်ငံကို၊ အတိက္ကမိတ္ဝာ- ကျော်လွန်၍၊

သေမင်းနိုင်ငံဆိုတာတွေဟာ (၃၁)ဘုံလုံး သေမင်းနိုင်ငံချည်းပဲဆိုကြပါစို့။ အဲဒီ သေမင်းနိုင်ငံကို ကျော်လွန်ပြီးတော့မှ တေဇနာ- ထိုမဂ္ဂင် (၈)တန် အကျင့်မှန် ကျင့်ကြံပွားများ အားထုတ်ကြကုန်သော သူတော်စင် သူတော်ကောင်းတို့သည်၊ သုဒုတ္တရံ- လွန်မြောက်ခဲသော၊ မစ္စုဓေယျံ- သေမင်းနိုင်ငံကို၊ အတိက္ကမိတ္ဝာ- ကျော်လွန်၍၊ ပါရံ- ဟိုမှာဘက်ကမ်း နိဗ္ဗာန်ဟူသော ရွှေမြို့တော်တစ်ဘက်ကမ်းသို့၊ ဧဿန္တိ- မုချမသွေ ရောက်နိုင်ကြလေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပဉ္စမနေ့ဟောစဉ်

ယနေ့ ၁၃၆၂- ခု၊ တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ တရားအားထုတ်ခဲ့တာ တော်တော်လေးအရှိန်ရသွားပြီး ဝိပဿနာစခန်း တက်လှမ်းနိုင်ခဲ့ကြပြီ။

## လမ်းစဉ်ရှိတယ်လို့သာ ဖြေလိုက်ကြ

မြတ်စွာဘုရားက တစ်နေ့ကဟောသလို ရဟန်းတော်များနှင့် သာသနာ့အပြင်ပ အယူရှိကြတဲ့ တိတ္ထိများ တွေ့ကြ ဆုံကြတယ်။ သာသနာပ အယူရှိကြတဲ့ ပုဂ္ဂိုလ်များက ရဟန်းတော်များ တွေ့လို့ရှိရင် မေးကြတယ်။

အခုအခါတော့ မြတ်စွာဘုရားက "ရဟန်းတို့၊ သာသနာ့အပြင်ပ အယူရှိကြတဲ့ ပရဗိုဇ်တွေက သင်တို့ကိုတွေ့ရင် အဘယ်အကျိုးငှာ ရဟန်း ဂေါတမအထံမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးနေထိုင်ကြသလဲလို့ မေးကြ လိမ့်မယ်။

အဲဒီလိုမေးရင် ဒီလိုဖြေလိုက်ကြတဲ့ ဖြေနည်းသင်ပေးတာ။ ဘယ်လိုဖြေရမလဲလို့ဆိုတော့-

"ရာဂဝိရာဂတ္ထံ ခေါ အာဝုသော သမဏေ ဂေါတမေ မယံ ဗြဟ္မစရိယံ ဝုဿတိ။"

အာရုံမြင်က ထင်သမျှ၌ မဝလိုက်စား နှစ်သက်မှု ရာဂကင်းဖို့ရန် တို့တတွေ မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်များ ကျင့်သုံးကြပါတယ် လို့ အဲဒီလိုသာ ဖြေလိုက်ကြ"။

"ဆက်မေးကြလိမ့်အုံးမယ်။ အဲဒီလိုဆိုရင် ရာဂကင်းဖို့ရာနဲ့ ပတ်သက်လို့ နည်းလမ်းကောရှိပါသလား။ ကျင့်စဉ်ကော ရှိပါသလားလို့ မေးကြလိမ့်ဦးမယ်။ အဲလိုမေးလို့ရှိရင်-

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"

http://www.dhammadownload.com



ဒီမြတ်တဲ့ အင်္ဂါ(၈)ပါးရှိတဲ့ မဂ္ဂင်ကျင့်စဉ်၊ မဂ္ဂင်လမ်းပါပဲ။ သမ္မာဒိဋ္ဌိ အစရှိတဲ့ (၈)မျိုးကိုသာ လက်ညှိုးထိုးပြီး ပြကြပေတော့လို့ ဘုရားရှင်က မိန့်တော်မူတယ်။

ရာဂအစထားပြီးတော့ ခေါင်းတပ်ပြီးတော့ ကိလေသာအားလုံး ချုပ်ငြိမ်းဖို့ရာအတွက် မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်ကြရတယ်။ အဲဒီတော့-

"အဖိုးမထိုက်သော ကိလေသာ အခွါရခက်သည်"

"မမြင်ရသောကြိုးဆယ်စင်း ဖြေရှင်းရခက်သည်"

မမြင်ရတဲ့ ကြိုးဆယ်စင်းဆိုတာ သံယောဇဉ်ဆယ်မျိုးပါပဲ။

"အခိုးမထွက်သော ရာဂမီးတောက် အငြိမ်းရခက်သည်"

"မဝေးသောနိဗ္ဗာန်ခရီး အသွားရခက်သည်"

ဆိုတဲ့စကားရှိတယ်။

ရာဂဆိုတဲ့အမည်၊ လောဘဆိုတဲ့အမည်၊ တဏှာဆိုတဲ့အမည် အတူတူပါပဲ။ လောဘရဲ့နာမည် (၁၁၂)မျိုးလောက်ရှိတယ်။

ကိလေသာထဲမှာ လောဘကိလေသာလဲ ပါတယ်။ အဲဒီ အဖိုးမထိုက်တဲ့ ကိလေသာများ အခွါရခက်တယ်လို့ဆိုတော့ ခွါနည်းလမ်းမသိရင် ပိုဆိုးတယ်။ ကျင့်စဉ်မသိ ပိုပြီးခက်တယ်။

အကယ်၍ အချို့သာသနာပြင်ပ ပရိဗိုဇ်တွေက မေးကြလိမ့်အုံးမယ်။ အဘယ်အကျိုးငှာ မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးကြပါသလဲဆိုရင် "**သံယောဇန ပဟာနတ္ထံ**"- မမြင်ရသော ကြိုးဆယ်စင်း သံယောဇဉ်ကြိုးကို ဖယ်ရှားဖို့ရာအတွက် တို့တတွေ မြတ်စွာ ဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ဒီလိုပဲဖြေကြတဲ့။

အဲဒီ သံယောဇဉ်ဆိုတဲ့ စကားဟာ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ အင်မတန်အသုံးများပြီး အသုံးတွင်ကျယ်တဲ့စကားလုံးပါပဲ။

သံယောဇဉ်ဟာ သာမန်အားဖြင့် ပြောနေကြတာက အရပ်သုံးမှာ ပြောနေကြတာက တစ်ယောက်နဲ့တစ်ယောက် တွယ်တာတာတို့

http://www.dhammadownload.com



ပစ္စည်းတွယ်တာတာတို့ အဲဒါမျိုးတွေကိုသာ သံယောဇဉ်လို့ ဒီလိုမြင်သိနေကြတယ်။

ဥပမာဆိုကြပါစို့ လူတစ်ယောက် စိတ်ဆိုးနေလို့ရှိရင် ဒီလူ သိပ်သံယောဇဉ်ကြီးတာပဲလို့ ပြောလေ့မရှိကြဘူး။ ပဋိဃလဲ သံယောဇဉ်ပါပဲ။

အဲဒီတော့ သုတ္တန်နည်းက သံယောဇဉ်က (၁၀)မျိုး၊ အဘိဓမ္မာနည်းမှာ (၁၀)မျိုး ရှိပါတယ်။

သုတ္တန်နည်း၊ အဘိဓမ္မာနည်း ကွာခြားသွားတာက၊

သုတ္တန်နည်းမှာတော့-

"ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်" လို့ သုတ္တန်နည်းမှာ (၁၀)မျိုး။

အဘိဓမ္မာနည်းကျတော့-

"ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်"လို့ အဘိဓမ္မာနည်းမှာ (၁၀)မျိုး။

(၇)မျိုးကတော့ သုတ္တန်နည်း အဘိဓမ္မာနည်းမှာ ပါပြီးတော့ (၃)မျိုး အပြောင်းအလဲရှိပါတယ်။

သုတ္တန်နည်းမှာပါတဲ့ "ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်"တို့ဟာ အဘိဓမ္မာနည်းကျတော့ မပါတော့ပဲ ဘဝရာဂသံယောဇဉ်၊ ဣဿသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်"လို့ ပြောင်းသွားပါတယ်။

အဲဒီ သံယောဇဉ် (၁၀)မျိုးကို "မမြင်ရသော ကြိုးဆယ်စင်း ဖြေရှင်းရခက်သည်"လို့ ဆိုတာပါပဲ။

http://www.dhammadownload.com



**မမြင်ရတဲ့ရန်သူ မြို့ခွင်းရခက်သလိုပဲ**

မမြင်ရဘူး၊ မမြင်ရတော့ ဖြေရှင်းရပိုပြီး ခက်တာပေါ့။ အဲဒီမယ် အများသိနေကြတာက သက်ရှိသက်မဲ့တွေကို တွယ်တာတဲ့ တရားကိုသာ သံယောဇဉ်လို့ မြင်နေကြတယ်။

ပဋိဃသံယောဇဉ် ဒေါသတွေဖြစ်၊ မနာလိုတာတွေ၊ ဝန်တိုတာတွေဖြစ်ပြီးတော့နေတော့ မာနတွေဖြစ်ပြီးနေတာ သံယောဇဉ်တွေပဲ။

အဲဒီတော့ သံယောဇဉ်ကို ဖယ်ရှားနိုင်ဖို့ရာ သံယောဇဉ် (၁၀)မျိုး မမြင်နိုင်သော ကြိုး(၁၀)စင်း ဖြေရှင်းနိုင်ဖို့ရာ မြတ်စွာဘုရားထံမှာ ပြဟ္မစရိယ မြတ်သောအကျင့်ကို ကျင့်တယ်။

အဲဒီ မြတ်တဲ့ကျင့်စဉ် လမ်းစဉ်က ဘာလဲလို့ဆိုတော့ မဂ္ဂင် (၈)ပါး။ နောက်ဆက်ပြီးတော့ ဘုရားရှင်က **"အနုသယ သမုဂ္ဃါတနတ္ထံ"** အနုသယပယ်ဖို့။

ကာမရာဂါနုသယ အစရှိတဲ့ အနုသယသတ္တဝါတို့သန္တာန်မှာ ကိန်းနေတဲ့ ကိလေသာတွေ အဲဒီ (၇)မျိုးကို ဖယ်ရှားဖို့ရာ မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်များ ကျင့်ကြတယ်။ လမ်းစဉ်ကတော့ မဂ္ဂင်လမ်းစဉ်ပါပဲ။

အဲဒီလို အနုသယတို့ကို သိတော်မူခြင်း အာသယကို သိတော်မူခြင်းဟာ မြတ်စွာဘုရားရဲ့ အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးထဲမှာ ဉာဏ်တော်ကြီး တစ်ခုအနေနဲ့ ပါဝင်ပါတယ်။

**တေသံ တေသံ သတ္တာနမ္ပိ၊**
**အာသယဥ္စ အနုသယံ။**
**ဇာနန္တော ဉာဏဗလေန၊**
**သီဟနာဒံ နဒီဇိနော။**

ဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်၊ တေသံ တေသံ သတ္တာနံပိ- ထိုထိုရပ်ရွာ ကပ်ကမ္ဘာ၌ နတ်ပြဟ္မာလူ သတ္တဝါဟူဟူ သမျှတို့၏၊ အာသယဥ္စ- ထိုထိုဆန္ဒ

http://www.dhammadownload.com



အဇ္ဈာသယကိုလည်းကောင်း၊ အနုသယဉ္စ- ကိန်းဝပ်နေသော အနုသယကိုလည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ နတ်လူပြဟ္မာ သတ္တဝါတို့ရဲ့ သမထဝိပဿနာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဘယ်လိုအခြေအနေရှိတယ်လို့ သိတော်မူတယ်။

ကာမရာဂါနုသယ ကိန်းနေတယ်။ ဘဝရာဂါနုသယ ကိန်းနေတယ်ဆိုပြီးတော့ အနုသယနဲ့ ပတ်သက်ပြီး ကျကျနန သိတော်မူတယ်။

ဉာဏဗလေန- အာသယာနုသယ အမည်ရသည့် လောကကိုလွှမ်း ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော- ဟုတ်တိုင်းဧကန် သိရှိတော်မူသည်ဖြစ်၍၊ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည်တရား တော်အသံတော်ကို၊ နဒီ- ကျူးရစ်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသတည်း။

သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည်တရားတော်အသံတော်ကို၊ နဒန္တံ- ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော၊ ဇိနံ- ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင်မြတ်ဘုရားကို၊ မယံ- အကျွန်ုပ်တို့သည်၊ ဝန္ဒာမ- ရှိခိုးကြပါကုန်၏။

အဲဒီလို အာသယအနုသယတွေ သိပြီးတော့ ဘယ်ပုဂ္ဂိုလ်သန္တာန်မှာ ကာမရာဂါနုသယ ပိုနေတယ်။ ဘယ်ပုဂ္ဂိုလ်ထံမှာ ပဋိဃာနုသယ ပိုနေတယ် စသည်ဖြင့် အခြေအနေတွေသိပြီးမှ မြတ်စွာဘုရား တရားဟောတော်မူတယ်။

ဒါကြောင့် အနုသယကို ပယ်ရှားနိုင်ဖို့ရာအတွက် မြတ်စွာဘုရားထံမှာ တရားအားထုတ်ကြတယ်လို့ ဖြေကြလို့ သင်ပေးတော်မူတယ်။

**"အဒ္ဓါန ပရိညာတတ္ထံ"**

နောက်တစ်မျိုးကျတော့ ရုပ်နာမ်နှစ်ဖြာ သံသရာခရီးရှည်ကြီးကို သိဖို့ရန် မြတ်စွာဘုရားထံမှာ တပည့်ခံကျင့်သုံးနေထိုင်ပါတယ်လို့ ဖြေကြ။

http://www.dhammadownload.com



**သံသရာခရီးရှည်ကြီး**

သံသရာဆိုတာ ခန္ဓာ၊ အာယတန၊ ဓာတ်တရားတွေ မပြတ်မလပ် ဖြစ်နေတာကို ခေါ်ပါတယ်။ တစ်ဘဝမှ တစ်ဘဝ၊ တစ်ဘုံမှ တစ်ဘုံ သွားလာကူးသန်းနေတာလဲ သံသရာလည်နေတာပါပဲ။ အထူးသဖြင့် နေ့စဉ်နေ့တိုင်း မြင်၊ ကြား၊ ထိ၊ သိ နေကြတာတွေအားလုံး သံသရာလည်နေတာပါပဲ။ ဝိပဿနာရှုတဲ့အခါ အတွင်းဓာတ်သား ခန္ဓာအာယတနဓာတ်တရားတွေ မြင်အောင် ကြည့်ရမှာပါပဲ။

အဲဒီလို သွားလာလှည့်ပတ်နေတဲ့ ခရီးရှည်ကြီးမှာ မသိက တစ်ပတ်ပတ်၊ သိမှ အပြီးသတ်မည်။ မသိအစအဆုံး ကိစ္စတုံးသည် ဆိုသလို သံသရာခရီးရှည်ကြီး သိအောင်ကြည့်ရှုနိုင်မှ ခရီးဆုံးရောက်ပြီး နားနားနေနေ သက်သာခွင့်ရပါမည်။

မသိက သက်သက်သာသာ နားနေခွင့်မရနိုင်ပါ။ ဒီခရီးရှည်ကြီးကလဲ မရပ်မနား သွားနေမောင်းနှင် ပြေးသွားနေတဲ့ ခရီးရှည်ကြီး။ သံသရာလမ်းတစ်လျှောက် တကောက်ကောက် သွားနေသူတို့ကလဲ ကာမဂုဏ် ဘီလူးဖမ်းစားခံနေရလို့ အရူးအနှမ်းတွေလို ဖြစ်နေတယ်။ လမ်းစာရိက္ခာဒါနစတဲ့ အထုပ်က နည်းနည်းသေးသေး၊ လမ်းခရီးဘေးရန်တွေကလဲ များပြား၊ ပါလာတဲ့ အဖော်ကလဲ ကိုယ်အနာခံ သူသာစံနေတဲ့ တဏှာဆိုတော့ ဒီခရီးရှည် လွန်မြောက်ကျော်လွန်ဖို့ ခက်ခဲနေတယ်။ ဒီခရီးရှည် လွန်မြောက်ဖို့ နည်းကောင်းလမ်းကောင်း မရမရှိတော့ မျက်ကန်းခရီးသွားသလို တစ်ခါတရံ သုဂတိဘုံ သုဂတိလမ်း၊ တစ်ခါတရံ ဒုဂ္ဂတိဘုံ ဒုဂ္ဂတိလမ်း သွားနေကြရတယ်။

ဒါကြောင့် ဆရာ့ဆရာများက ဒီလို သတိပေးထားတော်မူခဲ့ကြတယ်။

> ဂန္တဗ္ဗောစ ဒီဃော အဒ္ဓါ၊
> ဥမ္မတ္တကာစ အဒ္ဓိကာ၊
> ပါထေယျော အပ္ပကောစေဝ၊

http://www.dhammadownload.com



**ဗဟုကောစ ပရိဿယော၊**

**တဏှာမိတ္တော ဗဟုမာယော၊**

**သုခံကော ခေမ မေဿတေ။**

ဂန္တဗ္ဗောစ အဒ္ဓါ- မရပ်မနား ရဟန်ချားသို့ တပတ်ပတ်သွား သံသရာခရီးရှည်ကြီးကလဲ၊ ဒီဃော- လမ်းနေသမျှ မှန်းချေဆလဲ မရတာရှည် ရှည်လျားလှလေ၏။

အဒ္ဓိကာစ- သံသရာလမ်းတစ်လျှောက် တကောက်ကောက် သွားသူ သံသရာခရီးသည်တို့ကလဲ၊ ဥမ္မတ္တကာ- ငါးဖြာအာရုံ ကာမဂုဏ် ဘီလူးဖမ်းသဖြင့် အရူးအနှမ်းတို့သာတည်း။

ပါထေယျောစ- တစ်ဘဝရောက်က မကြောက်ရဖို့ ထောက်ဆ မှန်းစာ စခန်းသာမည့် လမ်းစာရိက္ခာထုပ်ကလေးကလဲ၊ အပ္ပကော- လမ်းမှာသိုးပုပ် ချဉ်နံစုပ်သဖြင့် ငယ်သောအထုပ်လေးသာတည်း။

ပရိဿယော- ခရီးမှန်ဖယ် အန္တရာယ်မကောင်း ရန်စွယ် အပေါင်းကလဲ၊ ဗဟုကော- ရောက်တိုင်းပင် ဆုံဆည်း၍ အပုံကြီးများ လှချေ၏။ ကော- ခရီးသွားလာ နတ်ဗြဟ္မာလူ အများသူဝယ် ဘယ်နွယ် ဘယ်ရို ဘယ်သူမျိုးသည်၊ သုခံ- ချမ်းချမ်းသာသာ အေးအေးလူလူ၊ ခေမံ- ဘေးအတန်တန် အေးရာမှန်သည့် နိဗ္ဗာန်သောင်ကမ်း မြို့တော် နန်းသို့၊ ဧဿတေ- မုချပိုင်ပိုင် ရောက်နိုင်ပါအံ့နည်း။

သာဓု - သာဓု - သာဓု

**ပြုသူ၊ ဖန်တီးသူ၊ ခံစား စံစားသူ မရှိသော သံသရာ**

ဘဝများမြောင် ဒုက္ခဝန်ထုပ် ဝန်ပိုးကြီးနှင့် အခေါင်ရှည်ကြာ ရုပ်နာမ်သံသရာကြီးဟာ အစကဒီနားမှာ အဆုံးကဟိုနားမှာလို့ တိတိ ကျကျ မမြင်နိုင်ဘူး။ ဒီသံသရာကြီးဟာ သူကပြုတယ်၊ သူကဖန်တီးတယ်၊ သူကခံစားတယ်၊ စံစားတယ်၊ ငါကပြုတယ်၊ ငါကဖန်တီးတယ်၊ ငါစံစား ခံစားတယ်လို့လဲ မပြောသာပါ။ ရုပ်နာမ်သံသရာဟာ သူ့အကြောင်းနဲ့သူ

http://www.dhammadownload.com



တိုက်ဆိုင်မှုရှိက ဖြစ်နေတာပါပဲ။ မြင်သိစိတ် သံသရာတစ်ခုကိုပဲ ကြည့်ပါ။ ငါကြည့်လိုက်တာ၊ ငါမြင်လိုက်တာလို့ ပြောရ ပြောကြပေမဲ့ တကယ်တော့ မျက်စေ့အကြည်ဓာတ်လေး ဖယ်ထားလိုက်၊ အဆင်း တွေလဲ ဖယ်ထား၊ အရောင်အဆင်းလဲ မရှိဘူး။ နှလုံးလဲမသွင်းဘူးဆိုရင် ဘယ်လိုမှ ကြည့်လို့မရပါ။ ဘယ်ငါမှ မြင်အောင်မတတ်နိုင်ပါ။ အဲဒီ ဖြစ်ပေါ်လာတဲ့ မြင်သိစိတ် မျက်စေ့အကြည် အဆင်းတို့ကို မြင်အောင် ဘယ်သူမှ မပြုလုပ်နိုင်ဘူး။ ကြည့်လို့ကောင်းလိုက်တာ၊ မြဲစေချင်လိုက် တာ မရဘူး။

အဲဒီလို စသည့်ရုပ်နာမ် သံသရာလည်ပုံကို ရှုကြ၊ ကြည့်ကြ၊ မြင်ကြဖို့ လိုကြောင်း ဆရာ့ဆရာများက ဟောဒီလို မိန့်ကြားတော်မူခဲ့ ကြပါတယ်။

**အနာဒိဒံ ဘဝစက္ကံ၊**

**ဝီတကာရက ဝေဒကံ။**

**နိစ္စသုဘ သုခတ္တေဟိ၊**

**သုညံ ပဿေ ပုနပ္ပုနံ။**

က္ကဒံ ဘဝစက္ကံ- ဘဝများမြောင် ဒုက္ခဆောင်လျှက် အခေါင် ရှည်ဖြာ သံသရာဘက်ယွန်း ဤစက်ဝန်းသည်၊ အနာဒိ- အနာဒိဝတ- ကမ္ဘာ့ကမ္ဘာ အစရှာလဲ ရစရာပိုင်ပိုင် မရှိနိုင်ပါတကား။ ဝီတကာရက ဝေဒကံ- သူပြုတည်ဖန် သူခံစံဟု ယူရန်အတ္တ လုံးဝမယှဉ် ကင်းစင် လေပြီတကား။ နိစ္စသုခ သုဘတ္တေဟိ- မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နှော တင့်တယ်သော သဘောတို့မှ၊ သုညံ- ဇောန်လုံးလုံး ဆိတ်သုဉ်းခဲ့လေပြီတကား။ တသ္မာ- ထို့ကြောင့်၊ ပုနပ္ပုနံ- တစ်နေ့ တစ်ရက် တစ်နံနက်မျှ မကစိတ်စွဲ ထပ်ပြန်တလဲလဲသာလျှင်၊ ပဿေ- မိဋ္ဌာန်မြင့်မြင့် နိဗ္ဗာန်ပွင့်အောင် မလင့်ပုံသေ ရှုစားသင့်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



နည်းမျိုးစုံသင်ပေးတော်မူခဲ့တယ်။ နောက်တစ်မျိုးကျတော့ မြတ်စွာဘုရားက-

**"အာသဝါနံ ခယတ္ထံ"**

အာသဝေါတရားတွေကို ကုန်စေနိုင်တဲ့ ဉာဏ်အလို့ငှါ မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ပြောကြ၊ နောက်တစ်မျိုး သင်ပေးတာက မဂ်ဖိုလ်ဉာဏ်အကျိုးငှါ မြတ်စွာဘုရားထံမှာ မြတ်တဲ့ အကျင့်ကို ကျင့်တယ်လို့ဖြေကြတဲ့။

**"ဉာဏဒဿနတ္ထံ"**

ဉာဏ်အမြင်ထူးရဘို့ရန် မြတ်စွာဘုရားထံမှာ မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ဖြေကြတဲ့ -

**"အနုပါဒါ ပရိနိဗ္ဗာန နတ္ထံ"**

စွဲလန်းမှုမရှိတဲ့ ပရိနိဗ္ဗာန် အလို့ငှာ မြတ်စွာဘုရားထံမှာ မြတ်တဲ့ အကျင့်ကို ကျင့်တယ်၊ အဲဒီလိုသာ ဖြေကြတဲ့။

ဉာဏ်အမြင်ရရှိဖို့ရာအတွက် အခုယောဂီသူတော်စင်တို့ဟာ ဝိပဿနာဉာဏ်အမြင်ကြီး ရရှိနိုင်ဖို့ရာအတွက် အဲဒီကနေပြီးတော့ အဆင့်ဆင့်ဉာဏ်တွေ ရရှိဖို့ရာအတွက် လမ်းစဉ်က ဘာလဲလို့ဆိုတော့ **"အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ"**

မြတ်တဲ့အင်္ဂါ (၈)ပါးရှိတဲ့ မဂ္ဂင်ကျင့်စဉ်ပါပဲ။ အဲဒီကျင့်စဉ်ဟာ ဉာဏ်အမြင်ထူး ရနိုင်ဖို့ရာအတွက် လမ်းစဉ်ပါပဲ။

အဲလို ဟောပြီးတော့ ဒါက သာသနာ့ပြင်ပကပုဂ္ဂိုလ်တွေ မေးလာမယ်ဆိုရင် ဘယ်လိုဖြေကြ၊ မိမိတို့ရဲ့လမ်းစဉ်ကို ပြောကြလို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်။

ဒီနောက်ကျတော့ မြတ်စွာဘုရားက နံနက်နေမင်းကြီး ထွက်ပြူလာတော့ ထွက်ပြူလာမှာဖြစ်တဲ့ နေမင်းကြီးရဲ့ရှေ့ပြေးက ဘာလဲလို့ ဆိုတော့ "အရုဏ်"ခေါ်တဲ့စကားအတိုင်း ရှေ့ကရောင်ခြည်လေး တန်းပြီးတော့လာတယ်။

http://www.dhammadownload.com



အဲဒါလေးက ထွက်ပေါ်လာမည့် နေမင်းကြီးထင်ရှားဖြစ်ဖို့ရာ အတွက် ရှေ့ပြေးနိမိတ်။ **"အဲဒီ အရုဏ်အရောင်ရောင်ခြည်လေးဟာ ရှေ့ပြေးနိမိတ်ဖြစ်သလို မိတ်ဆွေကောင်းရှိခြင်းဟာ ကလျာဏမိတ်ရှိခြင်း ဟာ မဂ်ဉာဏ်ဖြစ်ဖို့ရန်အတွက် (တစ်နည်းအားဖြင့်) မဂ္ဂင်ကျင့်စဉ်တွေ ဖြစ်ပေါ်ဖို့ရာ မဂ္ဂင်ကျင့်စဉ်တွေ တိုးပွားဖို့ရာ ရှေ့ပြေးနိမိတ်ပဲ။"**

မြတ်စွာဘုရား တည်းဟူသော ကလျာဏမိတ် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော ကလျာဏမိတ်စသည်ကို ရရှိကြတော့ ဒါမဂ္ဂင်ကျင့်စဉ်တွေ ဖြစ်ပေါ်ဖို့ရာ ရှေ့ပြေးအရုဏ်အရောင် လေး သန်းလာတာပါပဲ။

ပြီးတော့ မိမိတို့သီလနဲ့ ပြည့်စုံခြင်းဟာလဲပဲ အဆင့်မြင့် မဂ္ဂင်ကျင့်စဉ်တရားတွေ ဖြစ်ပွားဖို့ရာအတွက် ရှေ့ပြေးလမ်းစလေးပါပဲ။

မိမိတို့ကုသိုလ်ပြုလိုတဲ့ ဆန္ဒ၊ ဟော- ယောဂီသူတော်စင်များ မဂ္ဂင်ကျင့်စဉ် ကျင့်ပြီးတော့နေတော့ ကုသိုလ်ပြုလိုတဲ့ ဆန္ဒဟာလဲ အရုဏ်ရောင်လေး ပေါ်လာသလိုပဲ။

အရုဏ်တက်လာတဲ့အခါ အရောင်လေး ရှေ့ပြေးအရောင်လေး ပေါ်လာသလိုပဲ။ ကုသိုလ်ပြုလိုတဲ့ ဆန္ဒရှိ၊ ကုသိုလ်ပြုလိုတဲ့ ဆန္ဒရှိလို့ မဂ္ဂင်ကျင့်စဉ် ကျင့်နေနိုင်ကြတာကိုး။

ပြီးတော့ စိတ်နှလုံးသွင်းကောင်းကလေးနဲ့ ပြည့်စုံမှု ပြီးတော့ အမြင်မှန်မှု ဟော- ပုညကြိယဝတ္ထုဆယ်ပါးထဲမှာ "ဒိဋ္ဌိဇုကမ္မ"- အယူ ဖြောင့်မှန်မှု။

အယူဖြောင့်မှန်မှုဟာ အကုန်လုံးဒါနပြုဖို့လဲ အယူဖြောင့်မှ သီလစောင့်ထိန်းတာလဲ အယူဖြောင့်မှ ဘာဝနာပွားတာလဲ အယူဖြောင့်မှ အယူဖြောင့်ဖို့ဟာ သိပ်ပြီးတော့ အရေးကြီးတယ်။

ဒါကြောင့် မှန်ကန်တဲ့အယူရှိခြင်းဟာ မဂ္ဂင်တရားတွေ ဖြစ်ပွား ဖို့ရာအတွက် ရှေ့ပြေးနိမိတ်ပဲ။

http://www.dhammadownload.com



မိမိရဲ့နှလုံးသွင်းကောင်းခြင်း "ယောနိသော မနသိကာရ" ဟာလဲ မဂ္ဂင်ကျင့်စဉ်များ ဖြစ်ပွားဖို့ရာအတွက် ရှေ့ပြေးနိမိတ်။

အပ္ပမာဒ- မမေ့မလျော့ခြင်းဟာလဲ မဂ္ဂင်တရားများ ဖြစ်ပွားဖို့ ရှေ့ပြေးနိမိတ်ပါပဲ။ အဲလို ဟောကြားပြီးတဲ့အခါကျတော့ ဟို- ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ ခေါ်တဲ့ မြစ်ကြီးတွေနဲ့ ဥပမာပေးပြီး တော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြစ်ကြီးတွေ အဲဒီမြစ်ကြီးတွေအားလုံးဟာ ဂင်္ဂါမြစ်ကလဲ အရှေ့စီးတယ်။ ယမုနာကလဲ အရှေ့စီးတာပဲ။ ဘုန်းကြီးတို့ ချင်းတွင်း၊ ဧရာဝတီတို့လို တောင်အရပ်ဆီကို မျက်နှာမူစီးတာ မဟုတ်ဘူး။ အိန္ဒိယမြစ်တွေဟာ အရှေ့အရပ်ဆီပဲ စီးကြတယ်။

ရဟန်းတို့ ဂင်္ဂါမြစ်ကြီးဟာ အရှေ့ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ မြစ်ကြီးတွေဟာ အရှေ့ကိုပဲစီးကြတယ်။ အရှေ့ပဲ ညွှတ်ကိုင်းတယ်။

အဲသလိုပဲတဲ့ မဂ္ဂင်ကျင့်စဉ်တရားအတိုင်း မြတ်တဲ့သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ကျင့်စဉ်တရားအတိုင်း ဟော- သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိကနေပြီးတော့ အဲဒီကျင့်စဉ်တရားအတိုင်း ကျင့်ကြံတဲ့ပုဂ္ဂိုလ်တွေ ဟာလဲပဲ မြစ်ရေအရှေ့ကိုသာ စီးသလိုပဲ။

နိဗ္ဗာနနိန္နာ- နိဗ္ဗာန်ဘက်ညွှတ်တယ်။ နိဗ္ဗာနပဗ္ဘာရာ- နိဗ္ဗာန်ဘက် ကိုင်းရှိုင်းပြီးတော့ နေကြပါတယ်။

နောက်တစ်မျိုးဥပမာပေးတာက မြတ်စွာဘုရားက ဂင်္ဂါ၊ ယမုနာ အစရှိတဲ့ မြစ်ရေတွေဟာ ပင်လယ်သမုဒ္ဒရာကို စီးဆင်းပြီးသွားကြသလို မဂ္ဂင်ကျင့်စဉ်အတိုင်း ကျင့်ကြံကြတဲ့ပုဂ္ဂိုလ်များဟာလဲ နိဗ္ဗာန်ဆီပဲ ညွှတ် ကိုင်းပြီးတော့ သွားတယ်။ အဲဒီလို ဥပမာနဲ့ ဟောကြားတော်မူပါတယ်။

အဲဒီကနေပြီးတော့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါမှာ ဘာဟောသလဲလို့ ဆိုတော့-

"ကမ္ဘာလောကကြီးမှာ ရှိသမျှသတ္တဝါတွေအားလုံးကိုကြည့်လိုက် အပဒ- အခြေမရှိတဲ့သတ္တဝါတွေရှိတယ်။ ဒွိပဒ- အခြေနှစ်ချောင်း၊

http://www.dhammadownload.com



စတုပဒ- အခြေလေးချောင်း၊ ဗဟုပဒ- အခြေများစွာရှိတဲ့သတ္တဝါတွေ၊ ရုပ်ရှိတဲ့သတ္တဝါတွေ၊ ရုပ်မရှိ နာမ်သာရှိတဲ့သတ္တဝါတွေ၊ အမှတ်သညာရှိတဲ့ သတ္တဝါတွေ။ အမှတ်သညာမဲ့တဲ့ သတ္တဝါတွေ၊ သညာရှိတယ်လဲ မဟုတ်တဲ့ သတ္တဝါတွေ၊ ရုန့်ရင်းတဲ့သညာမရှိဘူး။ သိမ်မွေ့တဲ့သညာကျတော့ မရှိဘူးလို့ မပြောနိုင်ဘူး။

အဲလို ပုဂ္ဂိုလ်သတ္တဝါတွေထဲမှာ မြတ်စွာဘုရားကို အမြတ်ဆုံးလို့ ခေါ်ဆိုသလို ကုသိုလ်တရားတွေ အများကြီးရှိတယ်။

အဲဒီ ကုသိုလ်တရားတွေဟာ **"အပ္ပမာဒ မူလကာ"**- အပ္ပမာဒ အခြေခံပါတယ်။ အပ္ပမာဒဆိုတာ ကုသိုလ်မမေ့တဲ့တရားပေါ့။

အဲဒီ အပ္ပမာဒတရားဟာ ရှိသမျှကုသိုလ်တွေရဲ့ အရင်းခံ။ အဲဒီ အပ္ပမာဒရှိနေတဲ့ ပုဂ္ဂိုလ်မှာဆိုရင် အင်္ဂါ (၈)ပါးနဲ့ ပြည့်စုံတဲ့ အရိယာမဂ်ပွားများနိုင်တယ်။ အကြိမ်များစွာ ပြုနိုင်တယ်။

ဒါဖြင့် ကုသိုလ်တရားကို မမေ့ခြင်းဆိုတဲ့တရားက ကာမာဝစရကုသိုလ်ပဲ။ ဒီထက်မြတ်တဲ့ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ် လောကုတ္တရာကုသိုလ်တွေ ရှိတာထဲက မမေ့မလျော့ မပေါ့မဆ နေခြင်းကို အမြတ်ဆုံး။

ဘာကြောင့် အမြတ်ဆုံးဆိုပါသလဲဆိုတော့ အခြားအခြား ကုသိုလ်တွေကို ရဖို့ရာအတွက် အပ္ပမာဒက အခြေခံလို့ပါပဲ။ အပ္ပမာဒ- မမေ့မလျော့မှုကို အခြေခံတဲ့အတွက် အပ္ပမာဒဆိုတာ ကုသိုလ်ပြုရမဲ့ အရေး စိတ်ကတစ်ခါထဲ ကုသိုလ်ပြုဖို့ဆို ကုသိုလ်ပြုဖို့ချည်းပဲ စိတ်က ရောက်နေတာမျိုး။

အဲဒီ အပ္ပမာဒတရားကို အခြေခံပြီးမှ အခြားအခြားကုသိုလ်များ အဆင့်မြင့်ကုသိုလ်များ ဖြစ်ပွားနိုင်တဲ့အတွက် အပ္ပမာဒ- မမေ့မလျော့ ခြင်းဆိုတဲ့ ကုသိုလ်တရားကို ကုသိုလ်တရားတွေထဲမှာ အမြတ်ဆုံးလို့ ဟောတော်မူခဲ့တာ။

http://www.dhammadownload.com



ယခု ယောဂီသူတော်စင်များ တရားအားထုတ်ကြတယ်။ (၇)ရက် တရားစခန်းဝင်ကြတယ်ဆိုတာ တရားအာရုံ ထုံမွှမ်းပြီးနေဖို့ အပ္ပမာဒ တရားလက်ကိုင်ထားပြီးတော့ နေလို့ပါပဲ။

အပ္ပမာဒရဲ့ဆန့်ကျင်ဘက်က ပမာဒ၊ ပမာဒရဲ့ ဆန့်ကျင်ဘက်က အပ္ပမာဒ။ ပမာဒဆိုတာ ဘာလဲ။ အာရုံငါးပါးနဲ့ ပျော်ပါးပြီးတော့နေမယ် ဆိုရင် ပမာဒ- မေ့လျော့နေတာ။ ကုသိုလ်ပြုရမှာ စိတ်မပါဘူး။ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်ပြီးနေတယ်ဆိုရင် ပမာဒ- အဲဒီပမာဒရဲ့ ဆန့်ကျင်ဘက်က အပ္ပမာဒ။

အဲဒီ အပ္ပမာဒတရားဟာ ကုသိုလ်အားလုံးတို့ရဲ့ အခြေခံ။ အဲဒီ အပ္ပမာဒဟာ အင်မတန်တန်ဖိုးကြီးတာ။ သီရိမင်္ဂလာသောကမင်းကြီး သာသနာပြုလုပ်ကြီးများ ပေါ်ပေါက်လာတာ နိဂြောဓသာမဏေရဲ့ ဒီတရားကြောင့်ပါပဲ။

**အပ္ပမာဒေါ အမတံပဒံ၊**

**ပမာဒေါ မစ္စုနော ပဒံ။**

အပ္ပမာဒေါ- မမေ့မလျော့ မပေါ့ဆခြင်းသည်၊ အမတံပဒံ- မသေရာနိဗ္ဗာန်သို့ရောက်ကြောင်းတည်း။ ပမာဒေါ- မေ့လျော့ပေါ့ဆ အာရုံငါးပါးတို့နှင့် ပျော်ပါး၍နေခြင်းသည်၊ မစ္စုနော ပဒံ- သေခြင်း၏ အကြောင်းပေတည်း။

လောကသားအားလုံးကတော့ အာရုံငါးပါးနဲ့ ပျော်ပါးပြီး မေ့လျော့နေတာ များပါတယ်။ ဒါကြောင့်မို့ အဲလို မေ့လျော့နေခြင်းဟာ သေခြင်းရဲ့အကြောင်းပဲ။ မသေချင်လို့ရှိရင် မမေ့မလျော့နေကြ။

**အပ္ပမတ္တာ နမီယန္တိ၊**

**ယေပမတ္တာ ယထာမတာ။**

အပ္ပမတ္တာ- မမေ့မလျော့ မပေါ့ဆကြကုန်သော သူတို့သည်၊ နမီယန္တိ- မသေနိုင်ကုန်။ ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ပမတ္တာ- မေ့လျော့ပေါ့ဆ၍ နေကြကုန်၏။ အာရုံငါးပါး လိုက်စား၍ ပျော်ပါး၍

http://www.dhammadownload.com



နေကြကုန်၏။ တေ- ထိုသူတို့သည်၊ မတာယတာ- သေနေသောသူနှင့် တူလေ ကုန်စွ။ မေ့လျော့ပေါ့ဆပြီး နေမယ်ဆိုရင်တော့ သေနေတဲ့သူနဲ့ တူတယ်။

ဒါကြောင့် အရပ်စကားလေးတွေမှာ သူ့ဟာသူထင်ဟတ် နေတတ်တယ်။ "ဘာထူးလို့လဲ ပိန်မသာ၊ လိန်မသာ"။ ဒီစကားရယ်။

ဒီထက်ထင်ရှားတာကတော့ "သိပ်မထူးလှပါဘူး။ သူမသာ ကိုယ်မသာပါ"တဲ့။ ကိုယ်လဲမသာပဲ။ သူလဲမသာပဲတဲ့။

အဲဒါ မေ့လျော့နေတဲ့ပုဂ္ဂိုလ်တွေအားလုံးနဲ့ဆိုင်တဲ့စကားလို့ ဆိုကြပါစို့။ ဒါကြောင့်-

"အာရုံငါးပါး လိုက်စားပျော်တုံ၊
မေ့လျော့နိုင်အား တရားမထုံ"။

အာရုံငါးပါးလိုက်စားနေကြတာ လောကသားတွေ အများကြီးပဲ။ လူတွေ၊ နတ်တွေ သိပ်ပြီးတော့ အာရုံငါးပါးနောက်ကို လိုက်နေကြတယ်။

"ကုသိုလ်ကိစ္စ စိတ်ကသံ့မှု"။

ကုသိုလ်ပြုရေးကျတော့ စိတ်ကသံ့မှုလို့ နေတတ်တာကို သတိပြုပါ။

"သတိပေ့ါ၊ ကြည့်တော့လူတို့ဘုံ"။

ကဲ-လိုက်ဆိုကြ။

**"အာရုံငါးပါး လိုက်စားပျော်တုံ၊**
**မေ့လျော့နိုင်အား တရားမထုံ၊**
**ကုသိုလ်ကိစ္စ စိတ်ကသံ့မှု၊**
**သတိပေ့ါ ကြည့်တော့လူတို့ဘုံ"။**

အဲဒီတော့ မေ့လျော့ပေါ့ဆမှုဆိုတာ ပမာဒ။ အဲဒါ ကြောက်စရာ လန့်စရာအနေအားဖြင့် မြင်ကြပါ။ မမေ့မလျော့ မပေါ့ဆခြင်း အပ္ပမာဒ ကိုတော့ ဘေးဘမ်းကင်းကွာ အေးချမ်းသာတဲ့ တရားအဖြစ် မြင်ကြလို့ ဘုရားရှင်က ဟောဒီလို ဆုံးမတော်မူခဲ့တယ်။

http://www.dhammadownload.com



**ပမာဒံ ဘယတော ဒိသွာ၊**

**အပ္ပမာဒဥ္စ ခေမတော။**

**အပ္ပမတ္တာ သဒါဟောထ၊**

**ဧသာ ဗုဒ္ဓါနုသာသနီ။**

ပမာဒံ- ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ပေါ့ဆ၍နေခြင်းကို၊ ပမာဒံ- အာရုံငါးပါးကို လိုက်စား၍ မေ့လျော့ပေါ့ဆ၍နေခြင်းကို၊ ဘယတော- ကြောက်ဖွယ်လန့်ရေး ဘေးအနေအားဖြင့်၊ ဒိသွာ- ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။

အပ္ပမာဒံ- မမေ့မလျော့ မပေါ့ဆပဲ ကုသိုလ်တရားတို့ကို ကြိုးစားပန်းစား အားထုတ်နေခြင်းဆိုတဲ့ အပ္ပမာဒတရားကို၊ ခေမတော- ဘေးဘယာကင်းကွာ အေးချမ်းသာတဲ့ အနေအားဖြင့်၊ ဒိသွာ- ပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း။

သဒါ- အခါခပ်သိမ်း၊ အပ္ပမတ္တာ- ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့မဆကြကုန်သည်၊ ဝါ- အာရုံငါးပါးတို့ကို လိုက်စားခြင်းမှ ရှောင်ရှား၍ မမေ့မလျော့ နေနိုင်ကြကုန်သည်၊ ဟောန္တု- ဖြစ်ကြပါစေကုန်သတည်း။

ဧသာ- ဤပမာဒတရားကို ရှောင်ရှား၍ အပ္ပမာဒတရားကို လက်ကိုင်ထားကြပါဟု တိုက်တွန်းတော်မူခြင်းသည်၊ ဧသာ- ဤကုသိုလ်တရားတို့တွင် အမြတ်ဆုံး အမွန်ဆုံး ကုသိုလ်တရားတို့ကို ရကြောင်းဖြစ်တဲ့ အပ္ပမာဒတရားကို လက်ကိုင်ထားကြပါဟု တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်၊ ဗုဒ္ဓါနံ- ဆူဆူထွင်ထွင်ထား မြတ်ဘုရားတို့၏၊ အနုသာသနီ- သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၆)ရက်။

မနေ့ညက ဟောခဲ့တဲ့ အပ္ပမာဒတရားဟာ . . .
တရားတွေထဲမှာ အမြတ်ဆုံးလို့ဆိုတော့ အပ္ပမာဒနဲ့တွဲရက်က ပမာဒ၊ ဆန့်ကျင်ဘက်ပါ နှစ်ခုနှစ်မျိုးပေါ့။

အဲဒီတော့ ပမာဒဆိုတာဘာလဲ၊ အပ္ပမာဒဆိုတာဘာလဲ၊ ဓမ္မပဒယဝိကင်းမှာ ပမာဒသဘောပေါက်သွားရင် အပ္ပမာဒလဲ သဘောပေါက်ပြီးသားဖြစ်ပါလိမ့်မယ်။

### မေ့လျော့တယ်ဆိုတာ

"ပမာဒ မေ့လျော့ခြင်း၊ အပ္ပမာဒ မမေ့လျော့ခြင်း"လို့ ဒါလောက်ဘဲ ဘာသာပြန်ကြရပါတယ်။

မေ့လျော့ခြင်း ပမာဒရဲ့ အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံလေးပြောရင်

**တတ္ထကတမော ပမာဒေါ**

ပမာဒေါ - ပမာဒတရားသည် ကတမော ၊ ဘယ်ဟာမျိုးပါလဲ၊

မြန်မာလိုဘဲ ပြောကြပါစို့၊

အာရုံငါးပါး ကာမဂုဏ်တရားတွေအပေါ်မှာ စိတ်လွှတ်ထားပြီး အဲဒီအာရုံငါးပါးအပေါ်မှာပဲ စိတ်ကရောက်၊ အဲဒီအာရုံငါးပါးလိုက်စားပြီး ကုသိုလ်ရေးမှာ မပြုလို စိတ်ဒုံးဒုံးချပြီးတော့ ပေါ့ဆပြီးနေတာ ပမာဒပါပဲ၊

အပ္ပမာဒဆိုတာ ဘာလဲလို့ဆိုတော့ အာရုံငါးပါးကို စွန့်လွှတ်ပြီးတော့ အာရုံငါးပါးနဲ့ ခပ်ခွာခွာလေးနေပြီး ကုသိုလ်ရေးနဲ့ ပတ်သက်ပြီး မိမိဆောင်ရွက်ရမဲ့ တာဝန်ကြီးတစ်ခုအနေအားဖြင့် ထားတယ်။

ကုသိုလ်ရေးသည် မိမိရဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုပဲလို့ စိတ်ထားပြီး ထမ်းဆောင်ပြီးတော့နေမယ်ဆိုရင် အပ္ပမာဒ၊

http://www.dhammadownload.com



**ဥပမာဆယ်ချက်နဲ့ အမွှန်းတင်ထား**

အဲဒီ အပ္ပမာဒတရားကို မြတ်စွာဘုရားက ဥပမာ ဆယ်ချက်နဲ့ အမွှန်းတင်ထားတယ်။ တရားအားလုံးထဲမှာ အပ္ပမာဒ၊ မမေ့မလျော့ မပေါ့မဆခြင်းဟာ အမြတ်ဆုံး။

၁။ မနေ့ညက -

- အခြေမရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ၊
- အခြေနှစ်ချောင်းရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ၊
- အခြေလေးချောင်း၊ အခြေများစွာရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ၊
- ရုပ်ခန္ဓာနဲ့နေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ၊
- နာမ်ခန္ဓာနဲ့နေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ၊
- သညာကိုဦးမူဟောထားတဲ့ သညာရှိတဲ့ပုဂ္ဂိုလ်တွေ၊
- သညာမရှိတဲ့ ပုဂ္ဂိုလ်တွေ၊
- ရုန့်ရင်းသော သညာမရှိ၊ သိမ်မွေ့သောသညာ မရှိမဟုတ်သောပုဂ္ဂိုလ်တွေ၊

အဲဒီပုဂ္ဂိုလ်တွေထဲမှာ မြတ်စွာဘုရားကို အမြတ်ဆုံးလို့ ခေါ်ဆိုရသလို-

**ဧဝမေဝ ခေါ ဘိက္ခဝေ ယေကေစိ ကုသလာဓမ္မာ၊**
**သဗ္ဗေတေ အပ္ပမာဒ မူလကာ အပ္ပမာဒမောသရဏာ၊**
**အပ္ပမာဒေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ၊**

အဲဒီလိုပဲ ကုသိုလ်အားလုံးဟာ အပ္ပမာဒ အခြေခံတယ်။ အပ္ပမာဒ မှာ ပေါင်းဆုံတယ်။ ဆုံဆည်းရာဖြစ်တယ်။ ကုသိုလ်ကောင်းတဲ့ တရားတွေထဲမှာ အပ္ပမာဒဟာ အမြတ်ဆုံးပဲ။

ဘာကြောင့်လဲဆိုတော့ မမေ့မလျော့တဲ့ပုဂ္ဂိုလ်အား မြတ်တဲ့အင်္ဂါ (၈)ပါးနှင့် ပြည့်စုံတဲ့မဂ္ဂင်တရားများ ဖြစ်ပွားနိုင်တယ်။ ဘယ်လိုဖြစ်ပွားနိုင်သလဲဆိုတော့ ဆိပ်ငြိမ်ရာကိုမှီတဲ့ မဂ္ဂင် သမ္မာဒိဋ္ဌိ၊ ရာဂကင်းရာကိုမှီတဲ့ သမ္မာ ဒိဋ္ဌိ၊ တဏှာချုပ်ရာကိုမှီတဲ့ သမ္မာဒိဋ္ဌိ၊ ကိလေသာကို စွန့်လွှတ်ရာ

http://www.dhammadownload.com



နိဗ္ဗာန်ကို ညွတ်ကိုင်းနေတဲ့ သမ္မာဒိဋ္ဌိမျိုး ပွားများနိုင်တယ်။

အလားတူ သမ္မာသက်ပ္ပ စသည်ကို မမေ့မလျော့တဲ့ပုဂ္ဂိုလ်က ပွားများနိုင်တယ်။ ဒါကြောင့်-

## ဆင်ခြေရာ

၂။ အပ္ပမာဒ- မမေ့မလျော့ခြင်းဟာ ကာမာဝစရတရားပင် ဖြစ်စေကာမူ ကုသိုလ်တရားတွေထဲမှာ အမြတ်ဆုံး။ ကုသိုလ်ရရေး အခြေခံဖြစ်တဲ့အတွက် အဲဒီလိုဥပမာနဲ့ ဟောပြီးတော့ နောက်တစ်ခု ဥပမာပြပြန်တာက မြေပေါ်မှာမှီးပြီးတော့ နေကြတဲ့ပုဂ္ဂိုလ်သတ္တဝါတွေရဲ့ ခြေရာအမျိုးမျိုးတွေ ထင်ကြပါတယ်။ လူခြေရာ၊ နွားခြေရာ၊ မြင်းခြေရာ၊ ဆင်ခြေရာ အစရှိသဖြင့် ခြေရာတွေရှိ။

အဲဒီ ခြေရာတွေထဲမှာတော့ဖြင့် ဆင်ခြေရာဟာ အကြီးဆုံးဖြစ်သလို အပ္ပမာဒတရားဟာလဲ ကုသိုလ်တရားတွေထဲမှာ အကြီးကျယ်ဆုံး၊ အမြတ်ဆုံးဖြစ်တယ်။

၃။ နောက်ဥပမာတစ်မျိုးက ဘာလဲဆိုတော့ အိမ်တွေ၊ ကျောင်းတွေဆောက်လုပ်တဲ့နေရာမှာ အိမ်ရဲ့အထွဋ်၊ ကျောင်းရဲ့အထွဋ်၊ အဲဒီ အထွဋ်တွေဟာ အထွဋ်ရှိတော့ အချဉ်ရနယ်တွေအားလုံးဟာ အဲဒီအထွဋ်မှာ လာပြီးတော့ စုကြတယ်။

အချဉ်ရနယ်တွေထက် အထက်တန်းကျတာကတော့ အထွဋ်ပဲ။ အဲဒီ အိမ်၊ ကျောင်းတို့ရဲ့ အထွဋ်လိုပဲ။ ကုသိုလ်တရားတွေထဲမှာလဲ အပ္ပမာဒ တရားသည် အထွဋ်သဖွယ်ဖြစ်လို့ မြင့်မြတ်ဟယ်။

၄။ တစ်နည်းအားဖြင့် ဥပမာတစ်မျိုး။ ဘာကိုဟောသလဲဆိုတော့ အမြစ်နံ့သာတွေရှိတယ်။ အမြစ်နံ့သာတွေရှိတော့ အဲဒီအမြစ်နံ့သာတွေထဲမှာ အကျော်ကရမက်ဆိုတဲ့ ကရမက်ဆိုတဲ့ နံ့သာဟာ အမြတ်ဆုံးဖြစ်သလို။ ကုသိုလ်တရားတွေထဲမှာလဲ အပ္ပမာဒတရားဟာ အမြင့်မြတ်ဆုံး။

http://www.dhammadownload.com



၅။ အနှစ်နံ့သာတွေရှိတယ်၊ အဲဒီအနှစ်နံ့သာတွေမှာ စန္ဒကူးနံ့သာဟာ အမြတ်ဆုံးဖြစ်သလို -

အပ္ပမာဒ တရားဟာ ကုသိုလ်တရားတွေထဲမှာ အမြတ်ဆုံး၊

၆။ အပွင့်နံ့သာတွေရှိတယ်တဲ့ ---

အဲဒီအပွင့်နံ့သာတွေထဲမှာ မြလေးပန်း ပန်းပွင့်ဟာ အမြတ်ဆုံး အကောင်းဆုံးဖြစ်သလို၊ မြလေးပန်းပွင့်အနံ့ဟာ အသာလွန်ဆုံးဖြစ်သလို

ကုသိုလ်တရားတွေထဲမှာလဲပဲ အပ္ပမာဒတရားဟာ သာလွန်တယ်၊

ဘာတိကမင်းလက်ထက်က မြလေးပန်းအနံ့ဟာ အသာလွန်ဆုံး အမွှန်ဆုံးဖြစ်တယ်ဆိုတာနဲ့ ပတ်သတ်ပြီးတော့ စုံစမ်းချင်လို့ -

အခန်းတစ်ခန်းထဲမှာ အခြားပန်းတွေကလဲ သူ့နေရာနဲ့သူထား၊ မြလေးပန်းလဲ သူ့နေရာသူထားပြီးတော့ တံခါးပိတ်၊ ပြီးတဲ့အခါ တံခါးဖွင့်လိုက်တဲ့အခါကျတော့ အဲဒီမြလေးပန်းရဲ့ အနံ့ဟာ ပထမဆုံး ဘာတိကမင်းရဲ့ နှာဝရောက်လာပြီး နမ်းရှုမိတယ်၊

အဲဒီကျတော့ ဒီဒေသနာတော် ဒီတရားနာကြားပြီးတဲ့ အခါကျတော့ ဒီအနံ့မျိုးဟာ ဟုတ်သလား၊ မဟုတ်ဘူးလားစုံစမ်းတော့ တကယ်တမ်းလက်တွေ့ဖြစ်တဲ့အခါမှ မြတ်စွာဘုရားက ဒါကိုမြင်လို့ ဟောကြားတော်မူတာကိုးလို့ ချီးကျူးကြည်ညိုသွားတယ်။

၇။ နောက်ဥပမာတစ်မျိုးကျတော့ မင်းတွေ (ကုဋ္ဋရာဇာနော" ဆိုတာ ဆင်းရဲသားမင်းတွေ မင်းငယ်တွေပေါ့၊

လောကမှာ မင်းငယ်တွေရှိတယ်၊ အဲဒီမင်းငယ်တွေထဲမှာ စကြာမင်းကျတော့ မင်းကြီးခေါ်တာပေါ့၊

မင်းငယ်ကလေးတွေကတော့ သူ့နိုင်ငံ သူ့ဘာသာအုပ်ချုပ်နိုင်ကြတယ်၊ ဟိုနိုင်ငံ ဒီနိုင်ငံသွားမအုပ်ချုပ်နိုင်ကြဘူး၊ စကြာမင်းကျတော့ မြေအပြင်အဆုံး စကြာဝဠာတစ်ခုလုံး အုပ်ချုပ်နိုင်တဲ့ အင်အားရှိတယ်။

http://www.dhammadownload.com



မင်းတွေထဲမှာ စကြာမင်းဟာ အမွန်ဆုံး အမြတ်ဆုံး အကြီးကျယ်ဆုံး ဖြစ်သလို ၊

ကုသိုလ်တရားတွေထဲမှာလဲပဲ အပ္ပမာဒတရားသည် အရင်းခံလဲကျတယ်၊ အမြင့်မြတ်ဆုံးလဲ ဖြစ်တယ်။

၈။ အခြား နက္ခက်တာရာတို့ဟာ လရောင်ရဲ့ တစ်ဆယ့်ခြောက်စိတ်စိတ် တစ်စိတ်တောင်မှ အရောင်မတောက်နိုင်ကြဘူး။ လရောင်ဟာ အရောင်အတောက်ပဆုံး ဖြစ်သလို ကြယ်တာရာတွေထဲမှာ အရောင်အတောက်ပဆုံးဖြစ်သလို ၊

အပ္ပမာဒတရားဟာလဲ ကုသိုလ်တရားတွေထဲမှာ အမွန်ဆုံး အမြတ်ဆုံး ဖြစ်တယ်။

၉။ မိုးတိမ်ကင်းတဲ့ သရဒဥတုအခါမှာ ထွက်ပြူလာတဲ့ နေမင်းကြီးရဲ့အရောင်၊

ဒီနေမင်းကြီးရဲ့ အရောင်ဟာလဲ အရောင်ဟူသမျှထဲမှာ အတောက်ပဆုံး အထွန်းလင်းဆုံး အရောင် ဖြစ်တယ်၊

အဲသလိုဘဲတဲ့ အပ္ပမာဒတရားဟာလဲပဲ ကုသိုလ်တရားတွေထဲမှာ အမွန်မြတ်ဆုံးဖြစ်တယ်။

၁၀။ အဝတ်တွေထဲမှာလဲ ရှေးအခါတုံးက ကာသိတိုင်းမှာ ဖြစ်တဲ့ အဝတ်ဟာ အမြင့်မြတ်ဆုံး ဖြစ်သလို အကောင်းဆုံးဖြစ်သလို၊

ကုသိုလ်တရားတွေထဲမှာလဲ အပ္ပမာဒတရားခေါ်တဲ့ ကုသိုလ်တရားဟာ အမြင့်မြတ်ဆုံး၊

**လက်တွေ့အသုံးချနေကြ**

ယနေ့ ယောဂီသူတော်စင်များ မေ့လျော့တဲ့ ပမာဒတရားကို လက်ကိုင်ထားနေသလား၊ မမေ့မလျော့တဲ့ အပ္ပမာဒတရားနဲ့ နေကြသလားလို့ စဉ်းစားပြီးတော့ ကြည့်လိုက်တဲ့အခါမှာ၊

http://www.dhammadownload.com



မြတ်စွာဘုရား ဥပမာ (၁၀)မျိုးနဲ့ ချီးမွမ်းပြီးတော့ မြှောက်စားပြီးတော့ထားတဲ့ အပ္ပမာဒတရားကို မိမိတို့ ကိုယ်တိုင်ကိုယ်ကျ အသုံးချပြီးတော့နေတဲ့အချိန် ဖြစ်ပါတယ်။

အာရုံငါးပါးကို ခပ်ခွာခွာလေးနေ၊ ကုသိုလ်ရရေး၊ ကုသိုလ်ရရေးမှာလဲပဲ ဒါနကုသိုလ်၊ သီလကုသိုလ် တို့ထက် မြင့်မြတ်တဲ့ ဘာဝနာကုသိုလ်ရရှိရေး၊

ဘာဝနာကုသိုလ်မှာလဲ သမထကုသိုလ်ထက် မြင့်မြတ်တဲ့ ဝိပဿနာကုသိုလ်ရရေးအပိုင်း စိတ်ကတခါထဲ အဲဒီမှာဘဲထားပြီးတော့ နေခြင်းဟာ၊ ဒါ အပ္ပမာဒ အစစ်ပါပဲတဲ့၊

အဲဒီတော့ အပ္ပမာဒ မမေ့မလျော့တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ မဂ္ဂင် (၈)ပါး ပြည့်စုံနိုင်တာကိုး၊

ဒါကြောင့်မို့ ကုသိုလ်ဟူသမျှ ကုသိုလ်ဖြစ်ရေးနဲ့ ပတ်သတ်ပြီး အပ္ပမာဒတရားဟာ အရင်းခံကျတဲ့အတွက် ကုသိုလ်တရားတွေမှာတော့ အမြင့်ဆုံး အမြတ်ဆုံး အမွန်ဆုံး အကောင်းဆုံးလို့ အဲဒီလို မြတ်စွာဘုရားက ဥပမာ (၁၀)မျိုးနဲ့ဟောကြားခဲ့ပါတယ်၊

**အမှီကောင်းရ**

ပြီးတော့ နောက်တစ်ခုက ဘုန်းကြီးတို့ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များမှာဘဲဖြစ်ဖြစ်၊ လောကကြီးပွားရာ ကြီးပွားကြောင်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဘဲပြောပြော "အမှီကောင်းဘို့လိုပါတယ်"

"ရွှေတောင်နားတော့ ရွှေကျေး" ဆိုတဲ့ စကားလိုဘဲပေါ့၊ အမှီကောင်းဘို့လိုပါတယ်၊ "အမှီကောင်းတော့ တစ်သက်"လို့လဲ ဆိုကြပါတယ်။

အဲဒီတော့ အမှီကောင်းဘို့လိုတာနဲ့ ပတ်သတ်ပြီး မြတ်စွာဘုရားက ဗလသုတ္တန်ကို ဆက်ပြီးတော့ ဟောပါတယ်။ မဟာဝဂ္ဂသံ ၄၂- ဗလသုတ္တန်မှာ ဘာလဲလို့ဆိုတော့ အင်အားထုတ်ပြီးတော့

http://www.dhammadownload.com



ပြုလုပ်ရတဲ့အမှုမှန်သမျှ ပြုကြတဲ့နေရာမှာ မြေကြီးကိုအမှီပြုကြတယ်။

မြေကြီးကို အမှီပြုပြီးမှ မိမိတို့ဆောင်ရွက်လိုတဲ့ လက်နဲ့ ဆောင်ရွက်ကိစ္စ၊ ကိုယ်နဲ့ဆောင်ရွက်လိုတဲ့ကိစ္စ၊ ကိစ္စတွေအားလုံး ပြီးပါတယ်။

အဲသလိုဘဲတဲ့၊ အခုယောဂီသူတော်စင်များဟာလဲပဲ သီလကို အမှီပြုပြီးတော့

**သီလံနိဿာယ၊ သီလေပတိဋ္ဌာယ**

သီလံ၊ သီလကို နိဿယ ၍ သီလေ သီလ၌ ပတိဋ္ဌာယ၊ တည်၍

သီလတည်းဟူသော မှီရာကိုရပြီး ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလ၊ အမွှန်းတင် (၈)ပါး (၉)ပါးသီလ စသည်ရှိပါတယ်။

အဲဒီသီလအပေါ် ခြေစုံရပ်ပြီးတော့မှ မိမိတို့ဆက်ပြီးတော့ အားထုတ်ရမယ့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်ခဲ့ကြတယ်။

**မျိုးစေ့**

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်တော့ မျိုးစေ့မှပေါက်တဲ့ သစ်ပင်ကြီးတွေ၊ ပင်စည်ကြီးတွေ၊ အသီးအပွင့်တွေနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်နေတဲ့ သစ်ပင်ကြီးတွေဟာ မျိုးစေ့ကို အခြေခံပြီးမှ မျိုးစေ့ကို အကြောင်းပြုပြီးမှ ပင်စည်တွေ၊ အသီးအရွက်တွေ၊ အပွင့်တွေ ဝေဝေ ဆာဆာဖြစ်ရတယ်၊ ဒါကဥပမာစကား။ အဲဒီလိုဘဲတဲ့၊ ယောဂီသူ တော်စင်များဟာလဲ -

သီလကိုအမှီပြုပြီးတော့၊ သီလကိုအခြေခံပြီးတော့မှ သမထ ကုသိုလ်၊ ဝိပဿနာကုသိုလ် မဂ္ဂင်(၈)ပါးဆိုတဲ့ ပင်စည်ကြီးတွေ၊ အသီးအပွင့်တွေ တိုးတက်စည်ပင်ကြရတယ်။

http://www.dhammadownload.com



**ဟိမဝန္တာတောင်**

ဥပမာက ယောဂီသူတော်စင်တွေဟာ ဆင်သားပေါက်ကလေးများနဲ့တူတယ်၊ ဘုရားရှင်က ဆင်သားပေါက်ကလေးများဟာ ဟိမဝန္တာတောင်ကြီးကို အမှီပြုပြီးတော့ ဆင်သားပေါက်လေးတွေ မွေးဖွားတယ်။

အဲဒီလို ဆင်ပေါက်ကလေးတွေ မွေးဖွားလာတော့ ထုံးအိုင်တို့ ထုံးအိုင်ကြီးတို့ မြစ်ငယ်လေးတွေ မြစ်ကြီးတွေ ကူးခပ်ကြည့်ကြရတယ်။

အဲဒီကနေ အရှိန်ရတော့မှ ပင်လယ်သမုဒ္ဒရာထဲမှာ ဆင်းပြီးတော့ ဆင်များရေချိုးကြတယ်၊ ကူးကြ သန်းကြတယ်။

အဲဒီလိုဘဲ ဟိမဝန္တာတောင်ကြီးကို ဆင်သားပေါက်များ အမှီပြုသလို သီလကိုအမှီပြုကြရတယ်။

သီလအမှီပြုပြီးတဲ့အခါကျမှ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ရဲ့ ရှေ့ပြေးဖြစ်တဲ့ သီလ မဂ္ဂင်၊ သမာဓိမဂ္ဂင်များ ဖြစ်ပွားအောင် အားထုတ်ကြရတယ်။

အားထုတ်လို့ အသားကျလာပြီဆိုတဲ့ အခါကျမှ အဆင့်အတန်းမြင့်တဲ့ ဝိပဿနာအဆင့်၊ အဲဒီကနေ ဉာဏ်အဆင့်အဆင့် အဲဒီကနေ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်။

ဟော- တဖြည်းဖြည်း နက်ရှိုင်းသွားတယ်။ ပင်လယ်ထဲ ဆင်းပြီးတော့ ဆင်သားပေါက်များ တဖြည်းဖြည်း ကျင့်သားရပြီးတော့ ပင်လယ်ထဲမှာ ကူးခပ်ပြီးတော့ နေနိုင်သလိုပါပဲ။

အဆင့်မြင့်တဲ့ဉာဏ်အဆင့်ဆင့်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် အဆင့်ဆင့် တရားများလဲ အဲဒီလိုပဲ ဟိမဝန္တာတောင်နဲ့တူတဲ့ သီလကို အမှီပြုပြီးတော့ တဖြည်းဖြည်းတိုးတက်ပြီးတော့ လာနိုင်ပါတယ်။

ဒါကတော့ အမှီကောင်းတာနဲ့ ပတ်သတ်ပြီးတော့ ဟောကြားတော်မူတဲ့ ဒေသနာတော်၊

သီလကို အမှီပြု၊ သီလကိုအမှီရကြမှ တိုးတက်တယ်။

http://www.dhammadownload.com



နောက်ဆက်ပြီးတော့ ဘာဟောကြားသလဲဆိုတော့ "ရဟန်းတို့ သစ်ပင်တစ်ပင်အရှေ့ဘက်ကိုင်းနေတယ်၊ လူတစ်ယောက်က အမြစ်က နေပြီးတော့ အဲဒီသစ်ပင်ကိုလှဲလိုက်တယ်တဲ့၊ ဘယ်ဘက်လဲမလဲတဲ့။

အစထဲကိုက အရှေ့ဘက်ကိုင်းနေတော့ ဘုရား၊ အရှေ့ဘက်ပဲ လဲမှာပါဘဲ၊

အဲဒီဥပမာအတိုင်းပါဘဲ၊ မြတ်စွာဘုရားက

မဂ္ဂင်(၈)ပါး ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များဟာ နိဗ္ဗာန်စီပဲ စိတ်ကကိုင်းရှိုင်းပြီးတော့ နေပါတယ်။

## ရေသွန်သလို

နောက်တစ်ခု ဥပမာတစ်မျိုးနဲ့ ဟောကြားတာက မဂ္ဂင်(၈)ပါး နဲ့ ပတ်သတ်ပြီးတော့

ရေအိုးတစ်လုံးကို ရေအပြည့်ထည့်ပြီး မှောက်လိုက်ပါတဲ့၊ မှောက် သွန်လိုက်တဲ့အခါကျတော့ ရေတွေအပြင်ထွက်သွားပါလိမ့်မယ်။

အိုးမှောက်ထားတော့ ရေပြန်ပြီးတော့ ဝင်လာစရာမရှိတော့ ပါဘူး။ ရေတွေ အံထွက်သွားပါလိမ့်မယ်တဲ့။

အဲဒီလိုပဲ ဒီမဂ္ဂင်(၈)ပါးကို ကြိုးစားအားထုတ်နေတဲ့ ယောဂီ သူတော်စင်များဟာလဲပဲ မိမိတို့ သန္တာန်မှာရှိတဲ့ အကုသိုလ်ရေတွေ သွန်နေသလိုပဲ၊ ဒီအကုသိုလ်ရေတွေ ပြန်ဝင်လာစရာမရှိဘူး၊ မဂ္ဂင် ကြိုးစားနေတာကိုး။

## ကောင်းကင်

နောက်တစ်ခု ဥပမာကတော့ သိပ်ကြီးကျယ်လွန်းပါတယ်။ မြတ်စွာဘုရား ဘယ်လိုဟောသလဲဆိုတော့၊

ကောင်းကင်ကြီးကိုကြည့်လိုက်ကြ၊ ကောင်းကင်ကြီးမှာ တောင်ဘက်ကလာတဲ့လေတွေ၊ မြောက်ဘက်ကလာတဲ့လေတွေ၊ ဝဲယာ

http://www.dhammadownload.com



ရှေ့နောက်ကလာတဲ့ လေတွေရှိတယ်။ လာနေတာပဲတဲ့၊ ကောင်းကင်ကြီးမှာ မြူမှုန်ပါတဲ့လေတွေလဲ တိုက်တယ်၊ မြူမှုန်မပါတဲ့ လေတွေလဲ တိုက်တယ်။

တခါတရံ အရှိန်ပြင်းတဲ့ လေမုန်တိုင်းတွေလဲ လာတယ်၊ တခါတရံ လေပြေလေညင်းလေးတွေလာတယ်။

အဲဒီလိုပဲတဲ့ မဂ္ဂင်(၈)ပါးကို သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ(၃)ပါးကို ကျင့်စဉ်တရားဖြစ်တဲ့ မဂ္ဂင် (၈)ပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ယောဂီတွေမှာလဲ သတိပဋ္ဌာန်လေးပါးပွားများ ပြည့်စုံနိုင်တယ်။

- သမ္မပ္ပဓာန်လေးပါးပွားများ ပြည့်စုံတယ်
- ဣဒ္ဓိပါဒ်လေးပါးပွားများ ပြည့်စုံတယ်
- ဣန္ဒြေငါးပါး
- ဗိုလ်ငါးပါး
- ဗောဇ္ဈင် (၇)ပါး
- မဂ္ဂင် (၈)ပါး။

ဒီတရားတွေဟာ ပွားများပြည့်စုံပြီးတော့ လာပါတယ်။ ပွားများမှု ပြည့်စုံပြီးတော့လာတယ်။ ပွားများမှုတွေ အားကောင်းပြီးတော့လာပါတယ်။

**မိုးရွာချသလို**

နောက်ဥပမာတစ်ခုကတော့ မြတ်စွာဘုရားက နွေလေးလတို့ရဲ့ နောက်ဆုံးလ ဝါဆိုလ။ အဲဒီဝါဆိုလမှာ မြူမှုန်တွေကလဲ ထပြီးတော့နေတော့ အင်မတန်ပြင်းထန်တဲ့ မိုးကြီးက ရွာပြီးတော့ ချလိုက်တယ်။

အဲဒီလို မိုးရွာသွန်းချလိုက်တဲ့အခါ မြူမှုန်တွေမထတော့ပဲနဲ့ မြူမှုန်သိပ်ပြီးတော့ သွားသလို ဒီမဂ္ဂင် (၈)ပါး ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဥပ္ပန္နုပ္ပန္န- ရှေ့ကဖြစ်ဖူးတဲ့ အကုသိုလ်တွေ၊ ယခုဖြစ်ဆဲဖြစ်တဲ့ အကုသိုလ်တွေ တစ်ခါထဲ ပပျောက်

http://www.dhammadownload.com



ပြီးတော့ သွားနိုင်တယ်။

အခု ယောဂီသူတော်စင်များ လက်တွေ့အားထုတ်နေကြတယ်။ အားထုတ်နေတော့ မိမိတို့သန္တာန်မှာ ရှေ့ကဖြစ်ဖူးတဲ့ အကုသိုလ်တွေလဲ ငြိမ်း၊ ယခုဖြစ်ဆဲဖြစ်တဲ့ အကုသိုလ်တွေလဲ မဖြစ်။ အဲဒီလို မဂ္ဂင်တရား (၈)ပါးရဲ့ အကျိုးအာနိသင်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

နောက်ဥပမာတစ်မျိုးကတော့ မိုးရွာတော့မယ်ဟေ့၊ မိုးရွာတော့မယ် ဆိုပြီး မိုးမှောင်တွေကျလာတယ်။ အဲဒီ မိုးရွာကာနီး မိုးမှောင်တွေ ကျပြီးတော့ လာတဲ့အချိန်မှာပဲ ခပ်ပြင်းပြင်းတိုက်ခတ်လာတဲ့ လေတစ်ခု က နောက်ကရောက်လာတယ်။

ရောက်လာတဲ့အခါ အဲဒီလေကနေပြီး ရွာမယ့်မိုးတွေကို ဖျက် ပြစ်လိုက်တာ မိုးတွေပြေးပြီ။ လေတိုက်လိုက်လို့ပါပဲ။

စောစောကတော့ မိုးရွာတော့မလိုလိုပဲ။ နောက်လေတိုက်လိုက် တာ မိုးတိမ်တွေ ပျောက်သွားကုန်ပြီ။ အဲဒီလိုပဲတဲ့ မဂ္ဂင် (၈)ပါး ပွားများ တဲ့ ပုဂ္ဂိုလ်များ အကုသိုလ်တွေ၊ ဖြစ်ပေါ်မယ့်အကုသိုလ်တွေ၊ ဖြစ်ပြီးတဲ့ အကုသိုလ်တွေ၊ ဖြစ်ပေါ်လတ့်၊ ဖြစ်တဲ့ အကုသိုလ်တွေ၊ ဖြစ်ပေါ်ဆဲ အကုသိုလ်တွေ လေတိုက်လိုက်တဲ့အခါ မိုးတိမ်များ လွင့်သွားသလို မဂ္ဂင် (၈)ပါး ပွားများလိုက်တဲ့အခါ ကြားခုလတ်မှာပဲ အဲဒီအကုသိုလ်တွေ မိမိဆီ မရောက်လာတော့ပဲနဲ့ မိမိမပြုဖြစ်တော့ပဲနဲ့ တစ်ခါထဲကြားမှာပဲ လေတိုက်လိုက်တော့ မိုးတိမ်တွေပျောက်သွားသလို ပျောက်သွား နိုင်တယ်။

ဥပမာတစ်နည်း ပြောမယ်ဆိုရင်တော့ ကြိမ်တို့၊ ဝါးတို့၊ သစ်တို့ နဲ့ လှေကြီးတစ်စင်း ဖွဲ့ထားတယ်ဆိုပါစို့။

ဖွဲ့ထားတော့ ရေထဲမှာလဲပဲ ကြာကြာ (၃)လ၊ (၄)လနေလိုက်၊ တစ်ခါတရံကျတော့ ကမ်းနားမှာ (၂)လ၊ (၃)လနေလိုက်၊ မိုးကလဲရွာ၊ နေကလဲပူ၊ တဖြည်းဖြည်းနဲ့ ရေနဲ့ထိလိုက်ပူလိုက်၊ ရေနဲ့ထိလိုက်ပူလိုက် ဆိုတော့ ဒီသစ်တွေ၊ ဝါးတွေ၊ ကြိမ်တွေဟာ ဆွေးမြေ့ပြီးတော့ သွားတယ်။

http://www.dhammadownload.com



အဲဒီလိုပဲတဲ့ မဂ္ဂင် (၈)ပါးတရားကို ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာလဲပဲ တရားစွမ်းရည်ကြောင့် အကုသိုလ်တရားတွေ တဖြည်းဖြည်း ဆွေးမြေ့ပြီးတော့ ငြိမ်းသွားနိုင်ပါတယ်။

နောက်ဥပမာတစ်ခု ဆက်ပြီးတော့ ဟောတာက ဘာလဲလို့ဆိုတော့။ စတုဒိသာဇရပ်၊ စတုဒိသာတည်းခိုခန်း ဆိုပါတော့။ အဲဒီတည်းခိုခန်းမှာဆိုရင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လာတဲ့လူတွေ အဲဒီမှာဝင်ပြီးတော့ တည်းခိုကြတယ်။ အဲဒီလိုပဲတဲ့ မဂ္ဂင် (၈)ပါး အားထုတ်တဲ့ပုဂ္ဂိုလ်များကျတော့ "သိ-ပယ်-ဆိုက်-ပွား" သိစရာခန္ဓာငါးပါးတရားတွေ သိနိုင်တယ်။ ပယ်သင့်တဲ့ အဝိဇ္ဇာတဏှာတရားတွေ ပယ်နိုင်တယ်။ မျက်မှောက်ပြုရမယ့် မဂ်ဖိုလ်တရားတွေ မျက်မှောက်ပြုနိုင်တယ်။ ပွားများရမယ့် သမထဝိပဿနာတရားတွေ ပွားများနိုင်တယ်။

## မြစ်ရေအညာဆန်အောင်

အဲဒီလို အာနိသင်တွေရှိတယ်။ မြတ်စွာဘုရားက စုံနေအောင် ဟောတာကို ကြည့်မယ်ဆိုရင် မနေ့ကပြောသလိုပဲ။ ဂင်္ဂါ၊ ယမုနာ၊ အစီရဝတီ၊ မဟီ၊ သရဘူ မြစ်ကြီးငါးသွယ်၊ အဲဒီမြစ်တွေဟာ အိန္ဒိယနိုင်ငံထဲမှာရှိတဲ့ မြစ်တွေဟာ အရှေ့ဘက်ဆီစီးကြတယ်။

ဂင်္ဂါမြစ်ရေ၊ ယမုနာမြစ်ရေ၊ အစီရဝတီမြစ်ရေ၊ မဟီမြစ်ရေ၊ သရဘူမြစ်ရေတွေဟာ အရှေ့စီးကြတယ်။

တစ်စုံတစ်ယောက်သောသူက ပေါက်တူးပေါက်ပြားတွေယူ စက်ယန္တယားတွေယူပြီးတော့ (ရေအရှေ့မစီးနဲ့)[၂] ဆိုပြီးတော့ တစ်ခါထဲ အနောက်ပြောင်းပြန်စီးအောင်ဆိုပြီး အဲဒီလိုဆောင်ရွက်လို့ မတတ်နိုင်သလို။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာရှိတဲ့ ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေ တောင်ဘက်စီးနေတယ်။

တောင်ဘက်မစီးအောင် စက်ယန္တယားတွေနဲ့ ကြိုးစားမယ်ဆိုသော်လဲပဲ နောက်ပြန်စီးဖို့မလွယ်ပါဘူး။

http://www.dhammadownload.com



အဲသလို နောက်ပြန်စီးဖို့ မလွယ်သလိုပေါ့။ မဂ္ဂင် (၈)ပါး ပွားများထားတဲ့ ပုဂ္ဂိုလ်များကျတော့လဲ ရဟန်းတော်တစ်ပါးဆိုရင် အဲဒီရဟန်းဘဝက ယုတ်နိမ့်သွားအောင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က မတတ်နိုင်။

ဒီမဂ္ဂင် (၈)ပါးကို ကျကျနနသာပွားများပြီးပြီလို့ဆိုရင် သဘောကျပြီ ကျေနပ်ပြီဆိုရင် အရိယာမဖြစ်သေးစေကာမူ ဒီသီလ သမာဓိ ပညာ သိက္ခာသုံးပါးကျင့်စဉ်တရား၊ တနည်းအားဖြင့် မဂ္ဂင် (၈)ပါး၊ အဲဒီမဂ္ဂင် (၈)ပါးကို ကျေနပ်အောင် သဘောပေါက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးသော ပုဂ္ဂိုလ်၊ စောစောကပြောတဲ့ အရှေ့စီးနေတဲ့ မြစ်ရေကို အနောက်စီးစေဘို့ တောင်ဘက်စီးနေတဲ့ မြစ်ရေမြောက်ဘက်စီးအောင် တားဆီးဘို့ မလွယ်သလိုဘဲတဲ့။

ဟော- မဂ္ဂင်သဘောပေါက်ပြီးသားပုဂ္ဂိုလ်ကျတော့ အခြားအခြားအယူဝါဒ ပြောင်းပါတော့လား၊ မပြောင်းတော့ဘူး။

လွန်ခဲ့တဲ့ (၂)လကျော်ကျော်က ထူးခြားတဲ့ အချက်ကလေးတစ်ခုရှိ၊ သိပ်ပြီးတော့ ကျေကျေနပ်နပ်ကြီး တရားအားထုတ်ရတဲ့ လက္ခဏာတော့ မရှိသေးဘူးထင်ပါတယ်။

ဒကာတစ်ယောက်ဘုန်းကြီးတည်းတဲ့နေရာကို ရောက်ပြီးတော့ လာတယ်။

ဘုန်းကြီးဘယ်ကြွချင်တုံးတဲ့ ဒီမှာထူးထူးဆန်းဆန်းနေရာတွေ လိုက်ပြမယ်၊ ဟိုတစ်နေရာလဲပြချင်သေးတယ်၊ ဘယ်နေရာလဲပြချင်သေးတယ်။ ဘယ်နေရာလဲဆိုတော့

ဆန်ဖရန်စစ္စကိုဘုရားရှိခိုးကျောင်း၊ ဘာပြုလို့လဲဟ၊ ဘာပြုလို့တုန်းလို့ မေးလိုက်တော့ -

တပည့်တော်တို့ မြန်မာပြည်က တရားတိုက်တစ်ခုမှာ အသင်းဝင်ပုဂ္ဂိုလ်တွေ သူတို့က ဒီကချပ်တွေမှာ စာဟောဆရာတွေဖြစ်နေတယ်။ အဲဒါထူးဆန်းလွန်းလို့ပါတဲ့။ သူကတော့အဲဒီလိုပြောတယ်။ သို့သော်လည်း

http://www.dhammadownload.com



ဒါပရိယေသနဝမ်းစာအတွက် လုပ်ကြကိုင်ကြရတယ်လို့ ထင်ပါတယ်။

တကယ်တမ်းသာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ် တရားအားထုတ်လို့ ယုံကြည်မှု သဒ္ဓါတရား အားကောင်းနေပြီ ဆိုရင် ဘုရားမပြောင်းပါဘူး၊ တရားသံဃာလဲ မပြောင်းတော့ဘူး။

ကြောက်စရာကောင်းတာက ဘုရားပြောင်းသွားရင် ကြောက်စရာ ကောင်းတယ်၊ ဘုရားပြောင်းရင်တရားပြောင်းတာကိုး။

အဲဒီတော့ ဒီဘဝမှာလဲ ပြောင်းနိုင်ပါတယ်။ ဒီနေ့ မပြောင်း နောက်နေ့ပြောင်းနိုင်တယ်၊ ဒီဘဝမှာလဲ ပြောင်းနိုင်တယ်၊ နောင်ဘဝမှာ လဲ ပြောင်းနိုင်တယ်။

ကံကောင်းလွန်းလို့ ဗုဒ္ဓတရားရဲ့ အယူဝါဒကြီးကို ဦးထိပ်ရွက်ပြီး တော့ ပူဇော်ပြီးတော့လာခဲ့ကြတယ်။

"ရတနာသုံးပါး၊ ဦးထိပ်ထားလျှက် မာတာမိခင် ဖွားသန့်စင်သည် အသက် တစ်ရာ့နှစ်ဆယ်ရှည်စေသော်"

ရတနာသုံးပါး ဦးထိပ်ထားပြီးတော့ တစ်ခါထဲ မိဘတွေက မွေးဖွားတာနဲ့ ရတနာသုံးပါး ခေါင်းပေါ်တင်ပေးလိုက်တာ၊ မိမိကိုယ်တိုင် ကလဲ ခေါင်းနဲ့ရွက်ပြီးတော့ ရတနာသုံးပါးဦးထိပ်ထားပြီး လူဘဝလာခဲ့ ကြတာကိုး။

သို့မဟုတ်ရင် တစ်ဘဝထဲမှာတောင်မှ ဒီနိုင်ငံမှာ ဗုဒ္ဓဘာသာ၊ ဟိုနိုင်ငံမှာ အခြားဘာသာ ဒီလိုပုဂ္ဂိုလ်တွေ ပြည့်လို့ပါပဲ။

အဲလို ပြည့်တာက ဘာကြောင့်လဲ အားရကျေနပ်အောင် တရား အားမထုတ်ဘူးရင် မဂ္ဂင်သဘောမပေါက်သေးရင်တော့ ပြောင်းဖို့ ပျက်ဖို့ လွယ်တယ်တဲ့၊ ရေစီးမှ မသန်ပဲကိုး။

ဒီတရားအရှိန် တရားအယာဉ် ရေစီးသန်နေရင် ဘယ်သူမှ နှောက်ယှက်တားဆီးလို့မရဘူး။ ဘယ်တော့မှ မပြောင်းဘူး။ ဘယ်လို အကြောင်းခံပြီးတော့မှ မပြောင်းတော့ဘူး။

http://www.dhammadownload.com



ဆိုကြပါစို့၊ မြတ်စွာဘုရား အထွဋ်ဆုံး၊ အမြတ်ဆုံး ပုဂ္ဂိုလ်ကစပြီး ပြောမှာ။ ဘုရားဖြစ်ပြီးကာစ ဓမ္မစကြာတရားတောင် မဟောရသေးဘူး၊ မာရ်နတ်က လာပြီးတော့ -

အာရုံငါးပါးတွေရှိတယ် ကိုယ်တော်။ အဲဒီအာရုံငါးပါးဆိုတဲ့ ကျော့ကွင်းကြိုးတွေနဲ့ အရှင်ဘုရား တုပ်ချည်လိုက်မယ်။ ညှင်းပန်းလိုက်မယ် မလွတ်စေရဘူး။

သူပြောတဲ့အတိုင်းပဲ။ တဏှာ၊ ရတီ၊ ရောဂါဆိုတဲ့ သမီးငယ်သုံးယောက်လွှတ်ပြီးတော့ အမျိုးမျိုးအနုနဲ့ ဖျားယောင်းလဲမရ။

"လေ၊ မိုး၊ ကျောက်၊ သဲ၊ ညွန်၊ မီးခဲနှင့်၊ ပြာ၊ မှဲ့၊ မိုက်၊ မှောင်၊ ပြောင်တလက်လက်၊ ရောင်ပြိုးပြက်"လို့ ခေါ်တဲ့ အကြမ်းနည်းနဲ့လဲပဲ မြတ်စွာဘုရားကို မာရ်နတ်နှောင့်ယှက်လို့ မရဘူး။

ဘာကြောင့်လဲလို့ဆိုတော့ မဂ္ဂင်ကျင့်စဉ်တရားတွေ အထွဋ်အထိပ်ရောက်ပြီး ခိုင်မြဲနေတဲ့အတွက်ကြောင့်ပါပဲ။

**တည်းခိုခန်း**

ဘုရားထားပါဦးတော့။ ဘုရားရှင်ရဲ့ တပည့်သားသာဝက အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီး ခရီးသွားတော့ ဟိုတုန်းကလဲ ခရီးလမ်းမှာ တည်းခိုခန်းတွေရှိတယ်။

အဲဒီ တည်းခိုခန်းတွေက ခရီးသွားတဲ့နေရာမှာ အခုခေတ် တည်းခိုခန်းတွေလိုပါပဲ။ အခမဲ့ရတဲ့ တည်းခိုခန်းမျိုးတော့ မဟုတ်ဘူး။

အရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် ညကျိန်းစပ်ချိန်ရောက်တဲ့အခါ တည်းခိုခန်း တည်ထောင်ပြီးနေတဲ့ အမျိုးသမီးတစ်ယောက်က။

သူကလဲပဲ တည်းခိုခန်း ဈေးကြီးသလိုပဲ။ သူနဲ့ပတ်သက်တဲ့ အာရုံတွေကလဲ အင်မတန်ဈေးကြီးပါတယ်။ အရှင်အနုရုဒ္ဓါ မထေရ်မြတ် ရောက်သွားတော့ "ငါတစ်ညလောက်တော့ ကျိန်းပါရစေ"လို့ တောင်းပန်တယ်။ အရှင်အနုရုဒ္ဓါ လမ်းခရီးရှည်သွားတာကိုး။

http://www.dhammadownload.com



"အရှင်ဘုရား ကျိန်းပါဘုရား"လို့ဆိုပြီးတော့ နေရာပေးပါတယ်။ နေရာပေးပြီးတဲ့ အခါကျတော့ စောစောကပြောတဲ့ အာရုံငါးပါးနဲ့ ဖြေဖျော်ညှော်ခံတယ် ပြောပါတော့။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်က ဣန္ဒြေမပျက်ဘူး။ အဲဒီတော့ အဲဒီ အမျိုးသမီးကလျှောက်တယ်။ "အရှင်ဘုရား တပည့်တော် တည်းခိုခန်းမှာ တပည့်တော်နဲ့အတူ နေဖို့ဆိုတာ သာမန်ငွေကြေးနဲ့ မနေနိုင်ပါဘူး။ အရှင်ဘုရား လက်ခံတော်မူပါ"ဆိုတော့လဲပဲ လက်မခံဘူး။ ညမကျိန်း တော့ဘူး။ ဒီလိုဖြစ်ခဲ့ပုံ အကျိုးအကြောင်း ဘုရားရှင်အား လျှောက်ထား တဲ့အခါကျတော့မှ-

"အမျိုးသမီးများနဲ့ တမိုးတယံတည်းသောကျောင်း၊ တမိုးတယံ တည်းမှာ မအိပ်ရ"ဆိုပြီး မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်ပါတယ်။

**အရှိုးစုကမ္မဋ္ဌာန်း**

အလားတူပဲ ရဟန်းတော်တစ်ပါးက အမြတ်မ်း အရိုးစုကမ္မဋ္ဌာန်း ပွားများနေတဲ့ကိုယ်တော် ခရီးသွားတယ်။

အဲဒီနေ့ကျမှပဲ လင်မယားနှစ်ယောက်က ရန်ဖြစ်ပြီးတော့ အမျိုး သမီးက ရွာပြင်ထွက် ရဟန်းတော်သွားလမ်း သွားတယ်။ နောက်ကလိုက် သွားတယ်ပေါ့လေ။ စိတ်ဆိုးပြီးတော့ သွားတာကိုး။

"ကဲ- အိမ်တော့မနေတော့ဘူး။ တွေ့တဲ့လူနဲ့ပဲ နေတော့မယ်။ ဆက်သွယ်တော့မယ်ဆိုပြီးတော့ သွားတော့ လမ်းကျတော့ ရဟန်းတော် တစ်ပါးတွေ့တော့ အဲဒီရဟန်းတော်ကို သူ့နည်းပရိယာယ်အမျိုးမျိုးနဲ့ မြူဆွယ်တယ် ပြောပါတော့။

မြူဆွယ်ရင်း မြူဆွယ်ရင်းနဲ့ ရဟန်းတော်ရှေ့ကသွားပြီးတော့ ပြုံးပြတယ်။ ပြုံးပြတော့ သွားလေးတွေ ပေါ်သွားတာကိုး။ သာမန်ပုဂ္ဂိုလ် တွေဆိုရင်တော့ သွားကလေးက လှတယ်။ ရုပ်ရေလေးက လှတယ်။ ဒီလိုနေမှာပေါ့။

http://www.dhammadownload.com



ရဟန်းတော်က အရိုးစုကမ္မဋ္ဌာန်း ပွားများနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ အဲဒီပြုံးပြတဲ့သွားကိုပဲ အရိုးစုကြီး၊ အရိုးစုကြီးလို့ပဲ မြင်နေတာ။ သွားကို မြင်ပြီးတော့ တစ်ကိုယ်လုံးအရိုးစုလို့ပဲ မြင်တယ်။

အဲဒီတော့ သူ့အမျိုးသားက စိတ်ဆိုးတယ်ဆိုပေမယ့် နောက်က လိုက်ရှာတော့ လမ်းမှာရဟန်းတော်ကို တွေ့တယ်။

တွေ့တော့ 'အရှင်ဘုရား **အမျိုးသမီးတစ်ယောက်**များသွားတာ မတွေ့ဘူးလား။ ဒီနားမှာ မတွေ့ဘူးလားဘုရား'လို့ မေးလျှောက်တယ်။

အဲဒီတော့ ရဟန်းတော်က-

**"နာဘိ ဇာနာမိ ဣတ္ထိံဝါ၊**

**ပုရိသောဝါ ဣတောဂတော၊**

**အပိစ အဋ္ဌိသင်္ဃာတော၊**

**ဂစ္ဆတေသ မဟာပထေ။**

ငါမိန်းမရယ်၊ ယောကျ်ားရယ်လို့တော့ မသိဘူး။ မိန်းမရယ်၊ ယောကျ်ားရယ်လို့ အမှတ်မထားလိုက်ဘူး။ ဒါပေမယ့် အရိုးစုတစ်ခုတော့ ဒီလမ်းအတိုင်းသွားလေရဲ့လို့ မိန့်လိုက်တယ်။

ဟော- သူပွားများထားတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သီလအခြေခံ ပြီးတော့ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်တွေ ကျင့်သုံးထားတဲ့ မထေရ်မြတ်ကြီး ဆိုတော့ စောစောကပြောတဲ့ ရေပြောင်းပြန်စီးစေဖို့ မလွယ်သလိုပဲ။

ဘယ်လိုပဲ အာရုံငါးပါးနဲ့ တွေ့ကြုံ တွေ့ကြုံ တရားအာရုံချည်း ဖြစ်တာပဲ။ ဒါကြောင့် မြတ်စွာဘုရားက အရှေ့စီးနေတဲ့ ဂင်္ဂါမြစ်ရေကို အနောက်ပြန်စီးအောင် မလွယ်သလို။ မဂ္ဂင် (၈)ပါး ပွားများပြီးတဲ့ ပုဂ္ဂိုလ် များကျတော့ ကျောက်တောင်ကြီးပမာ မယိမ်းမယိုင်တည်တန့်ပြီးတော့ အာရုံငါးပါး နောက်လဲမလိုက်တော့ဘူး။ အခြားအခြား ဘာသာအယူဝါဒ တွေကနေပြီးတော့ ငွေကြေးတစိုးလက်ဆောင် ပေးလို့လဲပဲ မပြောင်း တော့ဘူး။

http://www.dhammadownload.com



အဲဒီလို ဘာသာအယူဝါဒ မပြောင်းသလိုပဲ။ ဂတိလဲ မြဲသွားတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်တာကိုး။ ဒါကြောင့် မြတ်စွာဘုရားက မဂ္ဂင် (၈)ပါးနဲ့ ပတ်သက်ပြီးတော့ ဥပမာအမျိုးမျိုး နည်းအမျိုးမျိုးတွေနဲ့ ဘုန်းကြီးတို့ တတွေ နားလည်အောင် အကြောင်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးနဲ့ ဟောကြားတော်မူခဲ့တယ်။

အဲဒီလို အကြောင်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးနဲ့ တန်ဖိုးကြီး လှတဲ့ မဂ္ဂင်ကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပြီးတော့ နေခဲ့ကြတာ။ ဒီနေ့ (၆)ရက်မြောက် လယ်တီဝိပဿနာ သမထစခန်းက နေပြီး ဝိပဿနာစခန်းကိုလဲ တက်လှမ်းနိုင်ကြပြီ။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ မဂ္ဂင် အပိုင်းရောက်ပြီးတော့ လာပါပြီ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင် သီလမြေကြီး ပေါ်မှာရပ်၊ ရပ်ပြီးတော့ ခြေထောက်နဲ့တူတဲ့ သီလ၊ ခြေထောက် မကျိုးမှုကိုး။

**"သီလခြေမျိုး မကျိုးစေရ**
**သမာဓိဝမ်း ဆန့်နှမ်းမြူလောက်**
**မပေါက်စေရာ"**

လေးရက်၊ လေးရက်ခွဲလောက် သမာဓိဝမ်းမပေါက်အောင် ကြိုးစားခဲ့ကြ။ "ပညာဦးခေါင်း မတောင်းစေရ" ပညာဦးခေါင်းလဲ မကွဲ စေရဘူး။

အခု ပညာဦးခေါင်းမကွဲဖို့ ဝိပဿနာဉာဏ် အဆင့်ဆင့်ရရှိဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ အခါသမယဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ။ သမ္မာဒိဋ္ဌိဆိုတာ အခြေခံသမ္မာဒိဋ္ဌိ၊ အခြေခံမှန်ကန်တဲ့ အမြင်အယူ။

- အလတ်စား သမ္မာဒိဋ္ဌိ၊
- အထက်တန်းစား သမ္မာဒိဋ္ဌိ၊
- အခြေခံသမ္မာဒိဋ္ဌိ ဆိုတာက ကမ္မဿကတဉာဏ်၊

http://www.dhammadownload.com



- အလတ်တန်းစား သမ္မာဒိဋ္ဌိ ဆိုတာကတော့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုး၊
- အထက်တန်းစား သမ္မာဒိဋ္ဌိဆိုတာကတော့ ဟော- ဝိပဿနာဉာဏ်၊ စတုသစ္စဉာဏ်၊

ယောဂီများ စတင်ပြီး **အားထုတ်နေကြတဲ့ ထွက်လေ၊** ဝင်လေ၊ ဝါယောဓာတ်၊ ရုပ်၊

အဲဒီ ဝါယောရုပ်သည် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဝါယောရုပ်ကို သိမ်းဆည်းတတ်တဲ့ သတိဟာလဲ ဒုက္ခသစ္စာ။

အဲလို ဝါယောရုပ် အစဉ်မပြတ် ရှုမှတ်နေတဲ့သတိ၊ ငြိမ်ပြီးတော့ နေတဲ့စိတ်အားလုံးဟာ ဒုက္ခသစ္စာတွေလို့ သိရမှာပါ။

**"ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ"**- အဆင့်မြင့်သမ္မာဒိဋ္ဌိဆိုတာ ဘယ်ဟာမျိုးလဲ။ **"ဒုက္ခေဉာဏံ"**- ဒုက္ခအပေါ်မှာ သိတာ။

**"ဒုက္ခသမုဒယေ ဉာဏံ"**- ဒုက္ခဖြစ်ကြောင်းသိ၊

**"ဒုက္ခနိရောဓေ ဉာဏံ"**- ဒုက္ခချုပ်ရာ နိဗ္ဗာန်ကိုသိ၊

**"ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ"**- ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတွေကိုသိတဲ့ဉာဏ်၊

အဲဒီဉာဏ်ကို သမ္မာဒိဋ္ဌိ၊ ဒါကြောင့် မဂ္ဂင် (၈)ပါးကို ဒါဟာ နိဗ္ဗာန်ရောက်ကြောင်းပဲလို့ သိတဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိပါပဲ။

မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတဲ့ အကျင့်ဟာ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းမွန်မြင့်မြတ်တဲ့ သီလအစ သမာဓိ အလယ် ပညာအဆုံးရှိတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အကျင့်။

**"ကေဝလပရိပုဏ္ဏံ"** လိုနေပါသေးတယ်ဆိုပြီးတော့ ဖြည့်စွက်စရာလဲမရှိဘူး။ ပိုနေပါသေးတယ် ဆိုပြီးတော့ နှုတ်ပယ်ဖို့လဲ မလိုတော့ဘူး။ ဘုရားရှင်ဟောထားတာ အပြည့်အစုံ။

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့တရားမျိုးလဲ ဖြစ်တယ်။ ဒါကြောင့် အပိုအလိုမရှိ ပြည့်ပြည့်စုံစုံ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့

http://www.dhammadownload.com



ဖြဟ္မစရိယဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ရဲ့အကျင့်။

ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်တဲ့ကျင့်စဉ်။ အဲဒီ ကျင့်စဉ်ကြီးကို မိမိတို့တတွေလဲ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က ပွင့်ပေါ်တော်မူတဲ့ ဗုဒ္ဓဘုရားရဲ့လမ်းစဉ်။

လမ်းမပျောက်သေးခင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြသဖြင့် မိမိတို့ဘဝ လူဖြစ်ကျိုးနပ်လေစွလို့ ပြောရလောက်အောင် ကျေနပ်ဖွယ်ကောင်းတဲ့ ကျင့်စဉ်တရားကြီးကို ဆက်လက်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၇)ရက်။

## ရှာမှီးခြင်းသုံးမျိုး

သတ္တဝါသန္တာန်မှာ ကိန်းပြီးတော့နေတဲ့ ရှိပြီးတော့နေတဲ့ တရားဆိုး တရားပျက်တွေကို ပယ်ဖျက်နိုင်ဖို့ရာ မြတ်စွာဘုရားက နည်းအမျိုးမျိုးနဲ့ ဟောကြားတော်မူခဲ့တယ်။

သတ္တဝါတို့သန္တာန်မှာ တရားဆိုး၊ တရားပျက်တွေကို မြတ်စွာဘုရား အစဉ်အတိုင်း အုပ်စုခွဲပြီးတော့ (၂၀)မျိုးလောက် ညွှန်းပြတော်မူခဲ့တယ်။

ဘာတွေလဲလို့ဆိုတော့ ရှာမှီးခြင်း (၃)မျိုး-

(၁) ကာမဂုဏ်တရားတို့ကို ရှာမှီးခြင်း၊

(၂) ဘဝကိုရှာမှီးခြင်း၊

(၃) မိစ္ဆာဒိဋ္ဌိ အယူမှား၊ အမြင်မှားကိုရှာမှီးခြင်း။

ရှာမှီးခြင်း (၃)မျိုးနဲ့ ရှာမှီးနေကြတယ်။

## မာန် (၃)မျိုး

(၁) ငါမြတ်တယ်လို့ ထောင်လွှားမှု၊

(၂) ငါသူတစ်ပါးနဲ့ တန်းတူပဲလို့ ထောင်လွှားမှု၊

(၃) ငါသူတစ်ပါးအောက် ယုတ်ညံ့တယ်လို့ ဆိုတဲ့ထောင်လွှားမှု၊

အဲဒီ ထောင်လွှားမှု (၃)မျိုးလဲ ကိန်းနေတတ်ပါတယ်။

နောက်အာသဝေါ (၄)ပါး

ခန္ဓာကိုယ်ဆို အရက်အိုးမှာ ကြာမြင့်စွာထုံပြီးတော့နေတဲ့ တရားတွေ၊ (ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ)

အာသဝေါတရား (၄)ပါး၊ အဲဒီ အာသဝေါတရားတွေဟာလဲ မိမိတို့သန္တာန်၊ သတ္တဝါတို့သန္တာန်မှာ ထင်ရှားရှိပြီးတော့နေတယ်။

http://www.dhammadownload.com



ဘဝ (၃)မျိုး- (၁) ကာမဘဝ၊
(၂) ရူပဘဝ၊
(၃) အရူပဘဝ၊

ဒီဘဝ (၃)မျိုးဟာလဲပဲ ထင်ရှားရှိနေတယ်။ အဲဒီ တရားဆိုး၊ တရားပျက်တွေလဲပဲ ပယ်ရှားဖို့ မြတ်စွာဘုရား နည်းလမ်းပြတော်မူခဲ့တယ်။

ပြီးတော့ ဆင်းရဲခြင်း (၃)မျိုး၊ ဘာတွေလဲဆိုတော့-

(၁) ဒုက္ခ ဒုက္ခတာ- နာမည်အားဖြင့်လဲ ဆင်းရဲတယ်။ ကိုယ်၌ဖြစ်တဲ့ ဆင်းရဲမှု၊ တကယ်တမ်းလဲ ဆင်းရဲတဲ့အတွက် ဒုက္ခ ဒုက္ခတာ၊

(၂) သင်္ခါရဒုက္ခ- ဖြစ်ခြင်း၊ ပျက်ခြင်းတို့နဲ့ အမြဲမပြတ် နှိပ်စက်ပြီးတော့နေတဲ့ ပြုပြင်စီရင်ပြီးနေတဲ့ သင်္ခါရဒုက္ခ၊

(၃) ဝိပရိဏာမဒုက္ခ- ချမ်းသာပင်ဖြစ်သော်လဲပဲ ဖောက်ပြန်တဲ့အခါမှာ ဆင်းရဲတဲ့အတွက်ကြောင့်မို့ ဝိပရိဏာမဒုက္ခ။

ဒီဒုက္ခကြီး (၃)ပါးကလဲပဲ သတ္တဝါတို့ရဲ့သန္တာန်မှာ မလိုချင်ပဲနဲ့ ရရှိပြီးတော့နေတာကိုး။ နောက်ပြီးတော့ သတ္တဝါတို့သန္တာန်မှာ ညောင့်ကြီး (၃)စင်း၊ ညောင့်ကြီး (၃)ခု စူးပြီးတော့နေတယ်။

အဲဒီ ညောင့်ကြီးတွေက ဘာလဲလို့ဆိုတော့-

(၁) ရာဂဆိုတဲ့ ဆူးညောင့်ကြီးတစ်ခု၊

(၂) ဒေါသဆိုတဲ့ ဆူးညောင့်ကြီးတစ်ခု၊

(၃) မောဟဆိုတဲ့ ဆူးညောင့်ကြီးတစ်ခု၊

အာရုံမြင်က ထင်သမျှ၌ မဝလိုက်စား လောဘ(ရာဂ)တရားဆိုတဲ့ ဆူးညောင့်ကြီး။

မြွေဟောက် မြွေဆိုးများ ဒုတ်ထောက်ပြီးတော့ မိုးသလို နှိမ်ချိုးမရ စိတ်ဆိုးတတ်တဲ့ ဒေါသဆိုတဲ့ ဆူးညောင့်ကြီး။

သစ္စာလေးပါး အမှန်တရားတို့ကို ဖုံးဖိကွယ်ကာပြီးထားတဲ့ မောဟဆိုတဲ့ ဆူးညောင့်ကြီး၊ အဲဒီ ဆူးညောင့်ကြီးတွေဟာလဲ သတ္တဝါ

http://www.dhammadownload.com



တို့မှာ စူးပြီးတော့နေတော့ အဲဒီဆူးညှောင့်တွေ ဖယ်ထုတ် နှုတ်နိုင်ဖို့ နည်းလမ်းပြတော်မူတယ်။

နောက်တစ်မျိုး ပြောမယ်ဆိုရင် အညစ်အကြေးကြီး (၃)ခု။

(၁) ရာဂဆိုတဲ့ အညစ်အကြေး၊

(၂) ဒေါသဆိုတဲ့ အညစ်အကြေး၊

(၃) မောဟဆိုတဲ့ အညစ်အကြေး၊

အဲဒီ အညစ်အကြေးကြီး သုံးခုဟာလဲပဲ သတ္တဝါတို့ရဲ့သန္တာန်မှာ ညစ်ထေးပြီးတော့နေပါတယ်။ တစ်နည်းပြောမယ်ဆိုရင် သတ္တဝါတွေကို ညှင်းဆဲတတ်တဲ့တရားတွေ၊

(၁) ရာဂဆိုတဲ့ ညှင်းဆဲတတ်တဲ့တရား၊

(၂) ဒေါသဆိုတဲ့ ညှင်းဆဲတတ်တဲ့တရား၊

(၃) မောဟဆိုတဲ့ ညှင်းဆဲတတ်တဲ့တရား၊

အဲဒီလို ညှင်းဆဲတတ်တဲ့ တရားတွေဟာလဲပဲ မိမိကိုညှင်းဆဲမယ့် တရားတွေ၊ မိမိတို့သန္တာန်မှာ ရှိနေတယ်။ သတ္တဝါတို့သန္တာန်မှာ ရှိနေတယ်။

တစ်နည်းအားဖြင့် (၃)မျိုး ဘာဆက်ပြီးတော့ မိန့်သလဲဆိုတော့ ရှာမှီးခြင်း (၃)မျိုး၊

(၁) အာရုံငါးပါး ကာမဂုဏ်တရားတွေကို ရှာမှီးခြင်း၊

(၂) ဘဝတွေရှာမှီးခြင်း၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်တဲ့ဘဝ ရှာမှီးခြင်း၊

(၃) ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်တဲ့ဘဝကို ရှာမှီးဒခြင်း၊

ဒီရှာမှီးခြင်း (၃)မျိုးနဲ့လဲ ရှာမှီးပြီးတော့နေကြတယ်။

တပ်မက်ခြင်းတဏှာကလဲ (၃)မျိုး၊

(၁) ကာမတဏှာ အာရုံငါးပါးတွေကို တပ်မက်ခြင်း၊

(၂) သဿတဒိဋ္ဌိနှင့်တကွဖြစ်တဲ့ တဏှာ၊

(၃) ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်တဲ့ တဏှာသုံးမျိုး။

http://www.dhammadownload.com



အဲဒီ တဏှာသုံးမျိုးကို

"တဏှာသုံးတန် တည်ထားပြန် အာကာသံနှင့်မြောက်
တဏှာအစစ် တစ်ရာ့ရှစ် ဖြစ်၏လူမှာရောက်"

တဏှာ (၃)မျိုးဖြစ်တဲ့ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးမျိုးကိုတည် အာရုံ (၆)ပါးနှင့်မြှောက်။

- ရူပါရုံတပ်နှစ်သက်မှု၊
- သဒ္ဒါရုံတပ်နှစ်သက်မှု၊
- ဂန္ဓာရုံတပ်နှစ်သက်မှု၊
- ရသာရုံတပ်နှစ်သက်မှု၊
- ဖောဋ္ဌဗ္ဗာရုံတပ်နှစ်သက်မှု၊
- ဓမ္မာရုံတပ်နှစ်သက်မှု၊

အဲဒီ အာရုံ (၆)ပါးနှင့်မြှောက်၊ ပြီးတော့ ကာလ (၃)ပါး၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်နှင့်မြှောက်။

ပြီးတော့ သူ့သန္တာန်၊ ကိုယ့်သန္တာန်၊ သန္တာန် (၂)ပါးနဲ့မြှောက်တဲ့ အခါကျတော့ တဏှာတပ်မက်မှုပေါင်းဟာ (၁၀၈)မျိုး။

အဲဒီ (၁၀၈)မျိုးကို ဘယ်လိုများ မိမိတို့သန္တာန်က ဖယ်ထုတ်မလဲ။ ဒီနည်းလမ်းလဲ မြတ်စွာဘုရား မိန့်ကြားတော်မူလိမ့်မယ်။

နောက် တသိဏှခေါ်တဲ့ မွတ်သိပ်ဆာလောင်မှုဟာလဲ (၃)မျိုး၊ အငတ်မပြေ၊ အဆာမပြေ၊ မဝနိုင်တာတွေ။

(၁) ကာမတသိဏှာ- အာရုံငါးပါး ဆာလောင်မွတ်သိပ်မှု၊
(၂) ဘဝတသိဏှာ- သဿတဒိဋ္ဌိနှင့်တကွဖြစ်တဲ့ ဆာလောင်မွတ်သိပ်မှု၊
(၃) ဝိဘဝတသိဏှာ- ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်တဲ့ ဆာလောင်မွတ်သိပ်မှု၊

အဆာလဲမပြေဘူး၊ အငတ်လဲမပြေဘူး၊ နေ့တိုင်းနေ့တိုင်းဆာ၊ နေ့တိုင်းနေ့တိုင်းငတ်၊ ဘဝတိုင်းဘဝတိုင်းဆာ၊ ဘဝတိုင်းဘဝတိုင်းငတ် ပြီးတော့ နေတယ်။

http://www.dhammadownload.com



မုံရွာကဆရာတော်ကြီးတစ်ပါးက သမုဒယသစ္စာ အကြောင်း ဟောတယ်။ သမုဒယသစ္စာအကြောင်းဟောတော့ သမုဒယသစ္စာဆိုတာ လောဘတဏှာ တပ်မက်မှုပါပဲတဲ့။ ပိုပြီးထင်အောင် ပြောမယ်ဆိုရင် ငတ်ကြီးကျတာပါပဲတဲ့။

ဘာသာပြန်တာက--

- အဆင်းမျိုးစုံ ရူပါရုံကို ငတ်ကြီးကျမှု၊
- အသံမျိုးစုံ သဒ္ဒါရုံကို ငတ်ကြီးကျမှု၊
- အနံ့မျိုးစုံ ဂန္ဓာရုံကို ငတ်ကြီးကျမှု၊
- ရသာမျိုးစုံ ရသာရုံကို ငတ်ကြီးကျမှု၊
- တွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို ငတ်ကြီးကျမှု၊
- တွေးကြံမျိုးစုံ ဓမ္မာရုံကို ငတ်ကြီးကျမှု၊

အာရုံ (၆)ပါး၊ အာရုံငါးပါးပေါ့။ အာရုံငါးပါး မွတ်သိပ်မှု။ အဲဒီ မွတ်သိပ်မှုဟာ သတ္တဝါတိုင်း သတ္တဝါတိုင်း ဒီမွတ်သိပ်မှုကို အခြေခံ ပြီးတော့မှ ရူပါရုံကို ရလိုဇော၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့ထိမျိုးစုံ၊ စံစားလိုဇောတွေက၊ အဲဒီဟာတွေနဲ့ပဲ ဆာလောင်မှုတွေ မွတ်သိပ်မှုတွေ ဖြစ်နေတာ။

အဲဒါတွေ ဆာလောင်မွတ်သိပ်မှုဖြစ်တဲ့အခါကျတော့ ရှာကြ၊ ဖွေကြရတာ၊ ရှာရင်းဖွေရင်းပဲ အသက်ခန္ဓာစွန့်ကြရတာ။

အသက်စွန့်ရတဲ့အထိ ရှာကြ၊ ဖွေကြရတာ။ နောက်ပြီးတော့ သတ္တဝါ တွေ မြှုပ်မျောပြီးတော့ နေကြရတာရှိတယ်။ မြှုတ်မျောပြီးတော့ **"ကာမောဃ"**- ကာမဂုဏ်အာရုံထဲမှာ မြှုတ်မျောနေတာကတစ်မျိုး။

**"ဘဝေါဃ"**- ဘဝထဲမှာ မြှုတ်မျောနေတာက တစ်မျိုး၊

**"ဒိဋ္ဌောဃ"**- မိစ္ဆာဒိဋ္ဌိရေယာဉ်ကြီးထဲမှာ မြှုတ်မျောနေတာက တစ်မျိုး၊

**"အဝိဇ္ဇောဃ"**- မောဟဆိုတဲ့ ရေယာဉ်ကြီးထဲမှာ မြှုတ်မျော နစ်မွှမ်းပြီးတော့နေကြရတယ်။

http://www.dhammadownload.com



ဘယ်လိုမျှား ဒီရေယာဉ်ကြီးတွေက ကျော်လွန်နိုင်မလဲ။ ဟော-သံသရာကြီးထဲမှာ ယှဉ်တွဲထားတဲ့ တရားဆိုး၊ တရားပျက်တွေကလဲ ရှိသေးတယ်။

ယောဂ (၄)ပါး၊ အစွဲပြင်းထန်တဲ့ ဥပါဒါန် (၄)ပါး၊ သံသရာထဲမှာ ထုံးဖွဲ့ထားတဲ့ ဂန္ထတရား (၄)ပါး၊ သတ္တဝါတို့သန္တာန်မှာ ကိန်းဝပ်ပြီးတော့ နေတဲ့ အနုသယတရား (၇)ပါး၊ သတ္တဝါတို့ သာယာနှစ်သက်နေကြတဲ့ ကာမဂုဏ် (၅)ပါး။

ကောင်းတဲ့တရားလမ်းစဉ်တွေကို ပိတ်ဆို့နေတဲ့ နီဝရဏတရားတွေ၊ အဲဒီ တရားဆိုး၊ တရားပျက်တွေဟာ သတ္တဝါတို့သန္တာန်မှာ ရှိပြီးတော့ နေတယ်။

ဓမ္မစကြာမှာ ဟောတော်မူတဲ့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ဒုက္ခတွေအကုန်လုံးတော့ ထုတ်ပြလို့မကုန်တော့ဘူး။ အကျဉ်းချုပ်ပြော မယ်ဆိုရင် တဏှာဒိဋ္ဌိတို့ စွဲလမ်းအပ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး။

ဒီဥပါဒါနက္ခန္ဓာကို တဏှာနဲ့စွဲတယ်။ ဒိဋ္ဌိနဲ့စွဲတယ်။ ဒီတရားဆိုး တရားပျက်တွေလဲ ဘယ်လိုမျှား ပပျောက်အောင် ဘယ်လိုနည်းလမ်းနဲ့ လုပ်ကြမလဲဆိုတော့ အဖြေပေးပြီးသား ဖြစ်ပါတယ်။

ပြီးတော့ ဩရမ္ဘာဂိယ သံယောဇဉ်တဲ့။ အောက်အောက်မဂ်ဉာဏ်တွေနဲ့ ဖယ်ရှားနိုင်တဲ့ သံယောဇဉ်၊ ဘာတွေလဲလို့ဆိုတော့-

- ဒိဋ္ဌိသံယောဇဉ် (သက္ကာယဒိဋ္ဌိ)၊
- ဝိစိကိစ္ဆာသံယောဇဉ်၊
- သီလဗ္ဗတ ပရာမသ သံယောဇဉ်၊
- ကာမရာဂ သံယောဇဉ်၊
- ဗျာပါဒ (ဒေါသ) သံယောဇဉ်၊

အောက်မဂ်ဉာဏ်တွေနဲ့ ပယ်ရှားနိုင်တဲ့ သံယောဇဉ် (၅)မျိုး။ အဲဒီ သံယောဇဉ် (၅)မျိုး မပယ်နိုင်တဲ့ အခါကျတော့ အောက်အပါယ်ဘုံကို ရောက်စေနိုင်တယ်။

http://www.dhammadownload.com



အဲဒီ သံယောဇဉ်တွေရှိနေတဲ့အတွက် ခဲမျှားရေထဲချလိုက်သလို အကုသိုလ်တရားတွေက အောက်အပါယ်ဘုံဆီ ဆွဲပြီးတော့ သွားနိုင်တယ်။ ဒီသံယောဇဉ်တရားတွေကလဲ အောက်အပါယ်ဘုံဆီဆွဲနိုင်တယ်။

အဲဒီ သံယောဇဉ်တွေကလဲ သတ္တဝါတိုင်း သန္တာန်မှာရှိနေတော့ ဘယ်လိုများ ဒီသံယောဇဉ်တွေကို ဖြတ်တောက်ရမလဲဆိုတာလဲ ဖြေထားပြီးသားရှိတယ်။

ဥဒ္ဓံဘာဂိယ သံယောဇဉ်၊ အထက်မဂ်ဉာဏ်တွေနဲ့သာ ဖယ်ရှားနိုင်တဲ့ သံယောဇဉ်။

- ရူပရာဂသံယောဇဉ်၊
- အရူပရာဂသံယောဇဉ်၊
- မာနသံယောဇဉ်၊
- ဥဒ္ဓစ္စသံယောဇဉ်၊
- အဝိဇ္ဇာသံယောဇဉ်၊

အထက်မဂ်ဉာဏ်တွေနဲ့မှ ဖယ်ရှားနိုင်တယ်။ အဲဒီ တရားဆိုး တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့ရာအတွက် မြတ်စွာဘုရားက အဲဒီ တရားတွေကို ဖယ်ရှားနိုင်ဖို့ရာ-

(၁) အဲဒီတရားဆိုး တရားပျက်တွေကို ဉာဏ်ထူး ဉာဏ်မြတ်ဖြင့် သိနိုင်ဖို့ရာ၊

(၂) ပိုင်းခြားပြီးတော့ သိနိုင်ဖို့ရာ၊

(၃) အဲဒီ တရားဆိုး၊ တရားပျက်တွေ ကုန်ခမ်းဖို့ရာ၊

(၄) အဲဒီ တရားဆိုး၊ တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့ရာ နည်းလမ်းပေးတော်မူတယ်။ ရည်ရွယ်ချက်ကြီး (၄)မျိုး။

- ဒီတရားဆိုး တရားပျက်တွေကို ဉာဏ်ထူးဉာဏ်မြတ်နဲ့ သိနိုင်ဖို့၊
- ဒီတရားဆိုး တရားပျက်တွေကို ပိုင်းခြားစိတ်ဖြာပြီး သိနိုင်ဖို့၊
- ဒီတရားဆိုး တရားပျက်တွေကို ကုန်ခမ်းဖို့၊

http://www.dhammadownload.com



- ဒီတရားဆိုး တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့

မြတ်စွာဘုရား ဒီရည်ရွယ်ချက်ကြီးတွေနဲ့ မဂ္ဂင် (၈)ပါးကို ဟောကြားတော်မူပါတယ်။

အဲလို မဂ္ဂင် (၈)ပါး ဟောကြားတဲ့အခါကျတော့ မဂ္ဂင် (၈)ပါးကို ပွားများတဲ့နည်းဟာ (၄)နည်း ပြောကြပါစို့။

(၁) ပထမဆုံး သမ္မာဒိဋ္ဌိ၊ မှန်ကန်တဲ့အမြင်၊ မြင့်မြတ်တဲ့ မှန်ကန်တဲ့ အမြင်အယူ၊ အဲဒီ သမ္မာဒိဋ္ဌိကို **"ဝိဝေကနိဿိတံ"**- ဆိတ်ငြိမ်မှုကိုမှီတဲ့ သမ္မာဒိဋ္ဌိမျိုး၊

- **"ဝိရာဂနိဿိတံ"**- ရာဂကင်းရာကိုမှီတဲ့ သမ္မာဒိဋ္ဌိ၊
- **"နိရောဓနိဿိတံ"**- တဏှာချုပ်ရာနိဗ္ဗာန်ကိုမှီတဲ့ သမ္မာဒိဋ္ဌိ၊
- **"ဝေါဿဂ္ဂပရိဏာမိံ"**- ကိလေသာကို စွန့်လွှတ်ရာ နိဗ္ဗာန်သို့ ညွှတ်ကိုင်းပြီးနေတဲ့ သမ္မာဒိဋ္ဌိကို၊ ဘာဝေတိ- ပွားများ၏။ ဗဟုလီကရောတိ- ကြိမ်ဖန်များစွာ ပြု၏။

ဟော- ပထမပွားများတဲ့နည်းက- ဝိဝေက- ဆိတ်ငြိမ်မှုကို ဖြစ်အောင်၊ ဝိရာဂ- ရာဂကင်းအောင်၊ နိရောဓ- တဏှာချုပ်တဲ့ နိဗ္ဗာန်မှီငြမ်းပြုအောင်၊ မြတ်တဲ့ သမ္မာဒိဋ္ဌိကို ပွားမယ်။ အကြိမ်များစွာ ပြုမယ်ဆိုရင် စောစောကပြောတဲ့ **"သေနာ"** အစရှိတဲ့ အုပ်စုအားဖြင့် (၂၁)မျိုး တရားဆိုးတွေပေ့ါ။ အရေအတွက်အားဖြင့်ဆိုရင် တစ်ရာကျော်သွားတာပေ့ါ။

စောစောကပြောတဲ့ တဏှာဆိုရင် မူလတဏှာက (၃)မျိုး၊ ပွားလိုက်တော့ (၁၀၈)မျိုး။ အဲဒီ (၁၀၈)မျိုးသော တဏှာတွေ အဘိညာယ အထူးပြုပြီးတော့ သိနိုင်တဲ့ လုပ်ငန်းကတော့ မဂ္ဂင်လုပ်ငန်းပါပဲ။

ပရိညာယ- ပိုင်းခြားပြီးတော့ သိဖို့၊ ပရိက္ခယာယ- ကုန်ခမ်းဖို့၊ ပဟာနာယ- ပယ်ရှားဖို့ရာ ဒီမဂ္ဂင်ကျင့်စဉ်ကို ကျင့်ရပါတယ်။

ဒါဟာ ပထမဆုံး ပွားများတဲ့နည်း။ ဒုတိယပွားများတဲ့နည်းကျတော့ သမ္မာဒိဋ္ဌိတစ်ခုပဲ ဆိုကြပါစို့၊ မှန်ကန်တဲ့အမြင်။

http://www.dhammadownload.com



**"ရာဂဝိနယ ပရိယောသာနံ သမ္မာဒိဋ္ဌိံ ဘာဝေတိ"**

ရာဂကို ပယ်ဖျောက်ခြင်းလျှင် ပန်းတိုင်ရှိတဲ့ သမ္မာဒိဋ္ဌိကို ပွားစေတယ်။

**"ဒေါသဝိနယ ပရိယောသာနံ သမ္မာဒိဋ္ဌိံ ဘာဝေတိ"**

ဒေါသကိုပယ်ဖျောက်ခြင်းလျှင် ပန်းတိုင်ရှိတဲ့ သမ္မာဒိဋ္ဌိကို ပွားစေတယ်။

**"မောဟဝိနယ ပရိယောသာနံ သမ္မာဒိဋ္ဌိံ ဘာဝေတိ"**

မောဟကို ပယ်ဖျောက်ခြင်းလျှင် ပန်းတိုင်ရှိတဲ့ သမ္မာဒိဋ္ဌိကို ပွားစေတယ်။

အခု ယောဂီသူတော်စင်များ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဝိပဿနာဉာဏ် အဆင့်ဆင့်သည် ပုဗ္ဗဘာဂ သမ္မာဒိဋ္ဌိမဂ္ဂင်ပါပဲ။

ဝိပဿနာဉာဏ်ကို ပွားနေတာသည် သမ္မာဒိဋ္ဌိပါပဲ။ တစ်နည်းအားဖြင့် ပွားများပုံဟာ သမ္မာဒိဋ္ဌိကို ပွားတဲ့အခါမှာ **"အမတော ဂဓ"**- အမြိုက်နိဗ္ဗာန်ထဲ ရောက်သွားအောင်၊ **"အမတပရာယဏာ"**- အမြိုက်နိဗ္ဗာန်လျှင် လဲလျောင်းရာရှိအောင်၊ **"အမတပရိယောသန"**- မသေတာ ပန်းတိုင်ရှိရလေအောင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားပါ။ အကြိမ်များစွာပြုပါ။

အဲဒီလို ပွားများလို့ရှိရင် စောစောကပြောတဲ့ ရည်ရွယ်ချက်ကြီးတွေ ပိုင်းခြားပြီးတော့သိဖို့ ထူးသောဉာဏ်ဖြင့် သိဖို့ ကုန်ခမ်းဖို့ ပယ်ရှားဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ပြည့်ပါလိမ့်မယ်။

နောက်တစ်နည်း ပွားများတဲ့နည်းကတော့-

**"သမ္မာဒိဋ္ဌိံ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊**

နိဗ္ဗာန နိန္နံ၊ နိဗ္ဗာန ပေါဏံ၊ နိဗ္ဗာန ပဗ္ဘာရံ။ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ကို ပွားများတဲ့အခါမှာ နိဗ္ဗာနနိန္နံ- နိဗ္ဗာန်ကိုညွတ်၊ နိဗ္ဗာနပေါဏံ- နိဗ္ဗာန်ဘက်ကို စိတ်ကကိုင်းပြီး၊ နိဗ္ဗာနပဗ္ဘာရံ- နိဗ္ဗာန်ဘက်ကို စိတ်က ရှိုင်းပြီးတော့။

http://www.dhammadownload.com



- နိဗ္ဗာန်ဘက်ကိုညွတ်၊
- နိဗ္ဗာန်ဘက်ကိုကိုင်း၊
- နိဗ္ဗာန်ဘက်ကိုရှိုင်းပြီးတော့မှ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားများမယ်

ဆိုရင် ရည်ရွယ်ချက် (၄)မျိုးနဲ့ မဂ္ဂင် (၈)ပါးကို ဟောကြားထားတဲ့အတိုင်း

- ထူးတဲ့ဉာဏ်လဲ ပေါ်လာပါလိမ့်မယ်။
- ပိုင်းခြားပြီးတော့လဲ မြင်လာပါလိမ့်မယ်။
- ကုန်ခမ်းဖို့ (တရားဆိုးတွေ ကုန်ခမ်းဖို့)
- တရားဆိုးတွေ ပယ်ရှားဖို့ ဖြစ်လာပါလိမ့်မယ်။

ယောဂီသူတော်စင်များ ဆက်ပြီးအားထုတ်လာတော့ ဒီနေ့နောက်ဆုံးနေ့ ဝိပဿနာ။ အဲဒီ ဝိပဿနာဉာဏ်ဟာ သမ္မာဒိဋ္ဌိ ကောင်းမွန်တဲ့အမြင်၊ ကောင်းမွန်တဲ့အယူပါ။ သာမန်အမြင်မဟုတ်ပါဘူး။

ဒီအမြင်လေးတစ်ခု ရဖို့ရာအတွက်-

**ယောစဝဿသတံဇီဝေ၊ အပဿံဥဒယဗ္ဗယံ။**

ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်တာပျက်တာကို မသိတဲ့ ပုဂ္ဂိုလ်အသက်တစ်ရာရှည်စေကာမူ အကျိုးမများပါဘူး။

**ဧကာဟံ ဇီဝိတံ သေယျော၊**

**ပဿတော ဥဒယဗ္ဗယံ။**

မိမိသန္တာန်မှာ ရုပ်တရား နာမ်တရားတို့ ဖြစ်ပျက်ကို မြင်ပြီးတော့ တစ်ရက်ကလေးလောက် အသက်ရှင်ရစေကာမူ အကျိုးများတယ်၊ မြတ်တယ်။

မြတ်စွာဘုရားက နောက်တစ်ခု ဥပမာပေးပြီးတော့ ဟောကြားထားခဲ့တာရှိသေးတယ်။

မိုက်မဲတဲ့သူများကျတော့ ပညာရှိတဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းများထံ ဆည်းကပ်ရသော်လဲပဲ ဘာမှတရားရဲ့အရသာ မသိကြဘူး။

**ဒဗ္ဗိ သူပရသံယထာ။**

http://www.dhammadownload.com



ဟင်းမွှေယောင်းမများ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဟင်းအိုးမွှေနေပေမယ်လို့ ဘာဟင်းအရသာမှ မသိသလိုပဲတဲ့။

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ မှီခိုပြီးတော့ ပညာရှိတဲ့ ပုဂ္ဂိုလ်များကျတော့ **"ဇိဝှါ သူပရသံယထာ"- လျှာဟာ ဟင်းရဲ့အချို အချဉ်** အစရှိတဲ့ အရသာကိုသိသလို တရားအရသာကို ခဏလေးပင် ဖြစ်စေကာမူ (၇)ရက်ပင် ဖြစ်စေကာမူ၊ လျှာဟာ ချိုချဉ်အရသာများ သိသလို တရားအရသာကို သိနိုင်တယ်။

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားတော်အတိုင်း လက်တွေ့မျက်တွေ့အားထုတ်လာကြတဲ့ ယောဂီသူတော်စင်များဟာ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ရုပ်၊ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ နာမ်၊ မိမိတို့သန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်နာမ်တွေကို ငါပဲ၊ သူပဲ စွဲလမ်းနေတဲ့ သက္ကာယဒိဋ္ဌိ ထွက်လေ ဝင်လေလေးနဲ့ ပတ်သက်ပြီးတော့ သက္ကာယဒိဋ္ဌိ။

နောက်ဆုံး သေတော့တောင်မှ သက္ကာယဒိဋ္ဌိ စွဲလမ်းရက်ပဲ "ငါသေတယ်"၊ နာတာတောင်မှ "ငါနာတယ်"၊ အိုပြန်တော့လဲ "ငါအိုတယ်"၊ သက္ကာယစကားတွေ အယူအဆက သိပ်ပြီးတော့လွှမ်းနေ တာကိုး။

အဲဒီ သက္ကာယနိုင်ငံကြီးကို ဖျက်ဆီးနိုင်မှ တရားမြင်တယ် ခေါ်တယ်။

သက္ကာယဒိဋ္ဌိ ဖျက်ဆီးနိုင်ဖို့ဆိုတာလဲ သမ္မာဒိဋ္ဌိနိုင်ငံကြီး တည် ဆောက်နိုင်မှ ဖျက်ဆီးနိုင်ပါတယ်။ အခု ဝိပဿနာတရား ရှုပွားပြီးတော့ နေတာဟာ သမ္မာဒိဋ္ဌိနိုင်ငံ ထူထောင်နေတာပါပဲ။

အဲဒီ သမ္မာဒိဋ္ဌိနိုင်ငံကြီး ထူထောင်နိုင်မှ သက္ကာယဒိဋ္ဌိနိုင်ငံ ပပျောက်သွားမှာ။ အဲဒီ သမ္မာဒိဋ္ဌိ အမြင်မှန်ဉာဏ်ကြီးတစ်ကြိမ်တစ်ခါ လောက် တစ်စက္ကန့်လောက်၊ တစ်မိနစ်လောက် မြင်သွားရင်ပဲ ဒီအမြင်က တန်ဖိုးကြီးလှပါတယ်။ သက္ကာဒိဋ္ဌိ ပျောက်တယ်လို့ဆိုတာ-

http://www.dhammadownload.com



နာမရူပပဝတ္တာနေနသက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။

နာမ်ရုပ်တွေကို ပိုင်းခြားပြီးတော့ သိမှ သက္ကာယဒိဋ္ဌိ ပပျောက်နိုင်တယ်။

အဲဒီ သက္ကာယဒိဋ္ဌိ ပပျောက်နိုင်ဖို့ဆိုရင် စောစောကပြောတဲ့ မဂ္ဂင် (၈)ပါး ပွားများတဲ့နည်း။

သီလ၊ သမာဓိ၊ ပညာ အစဉ်အတိုင်း ပွားများတဲ့နည်း ပွားများပုံ (၄)မျိုး၊ ရည်ရွယ်ချက် (၄)မျိုးနဲ့ ဟောကြားကြီးတော့ ထားခဲ့တဲ့ မဂ္ဂင် (၈)ပါး။

အဲဒီ မဂ္ဂင် (၈)ပါး အစဉ်အတိုင်းပွားများပြီး လာလိုက်ကြတာ ယနေ့ ပညာမဂ္ဂင်ပိုင်း ရောက်ပြီးတော့လာကြပြီ။

အဆင့်ဆင့် အားထုတ်ပြီးတော့ လာခဲ့ကြတဲ့အတွက် မိမိတို့ လက်တွေ့အားဖြင့်ပင်လျှင် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေရဲ့ဂုဏ်တော်တွေနဲ့ ကိုက်ညီတယ်။

- သန္ဒိဋ္ဌိကော- မျက်မှောက်အကျိုး ရစေနိုင်ပါ၏။
- ဧဟိပဿိကော- လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ၊ ရှုပါ၊ ကျင့်ကြံပါ၊ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းခြင်းငှါ ထိုက်တန်လှစွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏။

ဒီဂုဏ်တော်တွေနဲ့ တစ်ထပ်ထဲကျတယ်။

မြတ်စွာဘုရားဟောကြားထားတဲ့ တရားဟာ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံတဲ့အတွက် စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ မြင့်မြတ်တဲ့အကျင့်စခန်းကြီး ဖြစ်တဲ့အတွက် လာစမ်းပါ၊ ကျင့်စမ်းပါ၊ အားထုတ်စမ်းပါလို့ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်း ထိုက်ပါတယ်။

ဒါကြောင့် တကယ်တမ်း လာရောက်ပြီးတော့ ရှုနေကြ၊ အားထုတ်နေကြတဲ့အခါမှာ တကယ်တမ်းစိတ်ရဲ့ တည်ငြိမ်မှုရဖို့ ရရှိတဲ့ ချမ်းသာ၊ ဝိပဿနာဉာဏ်အဆင့်ဆင့်ရလို့ ရရှိတဲ့ချမ်းသာများဟာ အခြား

http://www.dhammadownload.com



အခြား လောကီချမ်းသာတွေနဲ့ မတူဘူး။

လောကချမ်းသာတွေနဲ့ မတူဘူးဆိုတာ လက်တွေ့အားဖြင့် ရသိကြရပြီ။ ဒါကြောင့်-

**ပဋိပတ္တိယာ လဒ္ဓဿ ရသဿာဒ မနုတ္တရံ၊**
**ဝိန္ဒိတုံ ပဒဟေနောခေ၊ ကွတ္တောတေ ဇိနသာသနံ။**

ပဋိပတ္တိယာ- ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် မဂ္ဂင် ပဋိပတ်လမ်းစဉ်ဖြင့်၊ လဒ္ဓဿ ရသဿာဒံ- ရအပ်မှန်စွာ သာယာဖွယ် ကောင်း အကောင်းဆုံး အရသာကို၊ ဝိန္ဒိတုံ- မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ၊ ပဒဟေ- ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။ နောခေ- သဒ္ဒါ မသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့ပါလျှင်၊ တေ- အခါကောင်းသင့် အခွင့်ကြုံလာ သင့်တွက်တာမှာ၊ ဇိနသာသနံ- ဂုဏ်ရည်သေတ္တု အနှစ်စုသည် တုမဲ့ထူးစွာ ဘုရားမြတ်သာသနာတော်သည်၊ ကွတ္တော- ဂုဏ်အင်တင့်တိုး အဘယ်အကျိုးရှိပါအံ့နည်း။ တသ္မာ- ထို့ကြောင့်၊ ပဋိပတ္တိယာ- ချမ်းသာလိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ် လမ်းစဉ်ဖြင့်၊ လဒ္ဓဿရ သဿာဒံ- ရအပ်မှန်စွာ သာယာဖွယ်တောင်း အကောင်းဆုံးအရသာကို၊ ဝိန္ဒိတုံ- မကြုံစဖူး အလွန်ထူးသဖြင့် ကြည်နူးပီတိ ဝွမ်းဆီထိသို့ ရရှိခံစားခြင်းငှါ၊ ပဒဟေ- ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စခန်းသိမ်းအောင်ပွဲ

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း (၈)ရက်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ (၁၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း စခန်းသိမ်းအောင်ပွဲ အခမ်းအနား။

ဒီ (၁၉)ကြိမ်မြောက် တရားစခန်းပွဲမှာ ယောဂီများ နာကြားခဲ့ရကြတဲ့အတိုင်း မိမိတို့ ထွက်လေ ဝင်လေကို ရှုမှတ်ပွားများခြင်း အစထားပြီးတော့ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းများ စီးဖြန်းခဲ့ကြပြီ။

အဲဒီလို စီးဖြန်းတဲ့ ကာလအတွင်းမှာ အနုဗလပဓာနကထာ ခေါ်တဲ့ အားပေးစကား တရားစကားတွေ နေ့စဉ် ညစဉ် မင်္ဂလာစကား မင်္ဂလာတရားတွေချည်း ဟောပြီးလာခဲ့တယ်။

အရင် တရားစခန်းတွေမှာလဲ ဗောဓိပက္ခိယတရား (၃၇)ပါးကို နေ့စဉ်နေ့စဉ် စဉ်ပြီးဟောခဲ့ပါပြီ။ အခန်းကြီး (၇)ခန်းခွဲပြီး အကျယ်တဝင့် ဟောခဲ့ပါတယ်။

ယနေ့ တရားစခန်းသိမ်းပွဲမှာ ဘုရားရှင်ဟောတော်မူခဲ့တဲ့ မင်္ဂလာစကား၊ မင်္ဂလာတရားတွေချည်း ဟောလာခဲ့တော့ ယနေ့ တရားစခန်းသိမ်းပွဲမှာ မင်္ဂလာစကား မင်္ဂလာတရား ဘုရားသာဝကကြီးများ လျှောက်ထားတာကို။ အခြေခံပြီးတော့ တရားလက်ဆောင်အနေအားဖြင့် ပေးပါမယ်။

အားလုံးသိကြတဲ့ ကျောင်းဒကာကြီး အနာထပိဏ် အနာထပိဏ် ကျောင်းဒကာကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား (၂၄)နှစ်တိုင်တိုင် (၂၄)ဝါတိုင်တိုင် သီတင်းသုံးတော်မူပါတယ်။

တရားပွဲကြီးတွေကလဲ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်းမှာ ခြိမ့်ခြိမ့်သဲ သုတ္တန်တရားပွဲ၊ ဝိနည်းတရားပွဲ၊ အဘိဓမ္မာတရားပွဲ၊ ဒါန

http://www.dhammadownload.com



တရားပွဲ၊ သီလတရားပွဲ၊ သမထတရားပွဲ၊ ဝိပဿနာတရားပွဲတွေ အများကြီး ဟောတော်မူခဲ့၊ ပြောတော်မူခဲ့ပါတယ်။

အဲဒီလို ဟောခဲ့ ပြောခဲ့သော်လဲပဲ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကတော့ ဒါနတရားပွဲ၊ သီလတရားပွဲတွေသာ များများကြီး နာကြားခဲ့တယ်။

တစ်နေ့ကျတော့ ဆိုကြပါစို့။ သေလုမျောပါးဖြစ်တဲ့အခါ နောက်ဆုံးအချိန် ရောက်တဲ့အခါ။ အရှင်အာနန္ဒာမထေရ်မြတ် ကျောင်းဒကာ အနာထပိဏ်ဆီ သွားပြီးတော့ လူမမာမေးရင်းနဲ့ ဝိပဿနာတရားတွေကို အကျယ်တဝင့်ချဲ့ပြီးတော့ ဟောတဲ့အခါ ကျောင်းဒကာကြီးက ငိုပြီးတော့ ဘာလျှောက်သလဲဆိုတော့-

**"ဒီလို နက်နဲခက်ခဲတဲ့ ဝိပဿနာတရားတွေကို အိမ်ရာထောင်သူ လူအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေအားလဲ များများ စားစားကြီး ဟောပေးတော်မူပါ"လို့ လျှောက်ထားတယ်။**

တရားနာပြီးတဲ့အဆုံး ကွယ်လွန်ပြီးတော့ သွားတော့ တုသိတာ နတ်ပြည်ရောက်ပါတယ်။ နတ်ပြည်ရောက်တာနဲ့ တစ်ပြိုင်နက်ထဲ နတ်ပြည်ဟာ မေ့လျော့ရာဌာန ဖြစ်တယ်။ မမေ့မလျော့ခင် အာရုံငါးပါးတွေနဲ့ မမေ့မလျော့ခင် ဘုရားထံမှောက် သွားအုံးမှပဲဆိုပြီးတော့ ဘုရားရှင်အား လာရောက်လျှောက်ထားပါတယ်။ ဂါထာ (၄)ဂါထာနဲ့ လျှောက်တယ်။

ပထမ (၁)ဂါထာက ဇေတဝန်ကျောင်းတော်ကြီးမှာ ဘုရား သီတင်းသုံးတော်မူပုံ၊ သံဃာတော်များ သီတင်းသုံးတော်မူပုံ၊ အဲလို သီတင်းသုံးတော်မူတဲ့ ကျောင်းတော်ကြီးဖြစ်တဲ့အတွက် သူ့မှာ ပီတိတွေ အင်မတန်ဖြစ်ရပါကြောင်း လျှောက်ထားပါတယ်။

ဒုတိယဂါထာကတော့ အရိယာမဂ်ရဲ့ မဂ္ဂင် (၈)ပါးရဲ့ ဂုဏ်ကျေးဇူး။

http://www.dhammadownload.com



ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ၊
သီလံ ဇီဝိတ မုတ္တမံ။
ဧတေန သတ္တာ သုဇ္ဈန္တိ၊
နဂေါ တ္တေန ဓနေနဝါ။

ကမ္မံ- မဂ်၌တည်သော စေတနာလည်းကောင်း၊ ဝိဇ္ဇာစ- သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟုဆိုအပ်သော မဂ္ဂင်တရား၌ အကျုံးဝင်သော ဝိဇ္ဇာတရားလည်းကောင်း၊ ဓမ္မောစ- သမာဓိတရား၌ သမာဓိမဂ္ဂင်၌ အကျုံးဝင်သော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတရားလည်း ကောင်း၊ သီလ- သီလမဂ္ဂင်၌ အကျုံးဝင်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်တရားလည်းကောင်း၊ ဥတ္တမံ- မြတ်သော၊ ဇီဝိတံ- မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ အသက်မွေးခြင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဧတေန- ဓမ္မေန- ဤမဂ္ဂင်တရား ကျင့်စဉ်ဖြင့်၊ သတ္တာ- သတ္တဝါတို့သည်၊ သုဇ္ဈန္တိ- ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်ကြပေ ကုန်၏။ ဂေါတ္တေနဝါ- အနွယ်၏အစွမ်းအားဖြင့်လည်းကောင်း၊ ဓနေနဝါ- ဥစ္စာအားဖြင့်လည်းကောင်း၊ ဥစ္စာ၏အစွမ်းကြောင့်လည်း ကောင်း၊ နသုဇ္ဈန္တိ- ကိလေသာအညစ်အကြေး အပြစ်ဘေးမှ မစင်ကြယ်နိုင်ကြပါကုန်ဘုရား။

မြတ်စွာဘုရား သတ္တဝါတွေဟာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာ မဂ္ဂင် (၃)ပါး၊ တစ်နည်းအားဖြင့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားဖြင့်သာ ကိလေသာအညစ်အကြေးမှ စင်ကြယ်နိုင်ကြပါ တယ်ဘုရား။ အခြားအခြားသော အကြောင်းအရာတွေနဲ့ ရေမိုးချိုးလို့ မစင်ကြယ်နိုင်ကြပါ။ အနွယ်ကောင်းလို့၊ အမျိုးကောင်းလို့၊ ရာထူး ဂုဏ်သိန် စည်းစိမ်ချမ်းသာမြင့်မားလို့၊ ဥစ္စာဓန ပေါကြွယ်ဝလို့ ကိလေသာအညစ်အကြေးတွေ မစင်ကြယ်နိုင်ပါဘူး ဘုရား။ ဒီစကားကို လျှောက်ထားပါတယ်။

http://www.dhammadownload.com



အဲဒီစကား လျှောက်ထားပြီးတော့-

**တသ္မာဟိ ပဏ္ဍိတော ပေါသော၊**
**သမ္ပဿံ အတ္ထမတ္တနော။**
**ယောနိသော ဝိစိနေ ဓမ္မံ၊**
**ဧဝံတတ္ထ ဝိသုဇ္ဈတိ။**

တသ္မာဟိ- ထို့ကြောင့်ပင်လျှင်၊ အတ္တနော- မိမိ၏၊ အတ္ထံ- အကျိုးစီးပွားကို၊ သမ္ပဿံ၊ သမ္ပဿန္တော- သိမြင်မြော်မြင်သော ပုဂ္ဂိုလ်သည်၊ ယောနိသော- သင့်သောအကြောင်းအားဖြင့်၊ ဓမ္မံ- ဥပါဒါနက္ခန္ဓာ တရားအစုခတ်အနုကို၊ ဝိစိနေ- အနိစ္စ ဒုက္ခ အနတ္တလက္ခဏာယာဉ် သုံးချက်တင်၍ ရှုမြင်ရာ၏။

အဲဒီလို မဂ္ဂင်ကျင့်စဉ်ဖြင့် ကိလေသာအညစ်အကြေးမှ စင်ကြယ်နိုင်တဲ့အတွက်ကြောင့် မိမိအကျိုးစီးပွားကို လိုလားတဲ့အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဟာ ဥပါဒါနက္ခန္ဓာ တရားငါးပါး၊ တစ်နည်းအားဖြင့် ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တအမှတ်တံဆိပ်တို့ကို မြင်အောင်ရှုမြင်ပြီးတော့ တဏှာ မာန ဒိဋ္ဌိတို့ရဲ့ ချုပ်ငြိမ်းမှုရရှိအောင် ကြိုးစားသင့်ပါတယ်။

ဧဝံ- ဤသို့ ရုပ်တရား နာမ်တရားတို့ကို ဝိပဿနာဉာဏ် ဝင်စား၍ ရှုပွားဆင်ခြင်ခဲ့သည်ရှိသော်၊ တတ္ထ- ထိုရှုပွားဆင်ခြင်တဲ့ ဉာဏ်စွမ်းအင်ကြောင့်၊ ဝိသုဇ္ဈတိ- ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်လေ၏။

ကျောင်းဒကာ အနာထပိဏ်ကြီးက မဂ္ဂင် (၈)ပါးကို အသုံးချမှ မဂ္ဂင်ကျင့်စဉ်နဲ့မှသာ ကိလေသာအညစ်အကြေးမှ လွတ်ကင်းစင်ကြယ်နိုင်ပါတယ်ဘုရား။

ဒါက ဝိပဿနာဉာဏ်ရဲ့ ဂုဏ်ကျေးဇူး၊ အရိယာမဂ်ဉာဏ်ရဲ့ ဂုဏ်ကျေးဇူး၊ အရိယာမဂ်ရဲ့ ဂုဏ်ကျေးဇူးတွေကို အဲဒီလိုပဲ လျှောက်ထားပါတယ်။

http://www.dhammadownload.com



စတုတ္ထဂါထာကျတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးများကို လျှောက်ထားပါတယ်။

အဲဒီတော့ မြတ်စွာဘုရားကလဲ မဂ္ဂင်ကျင့်စဉ်၊ မဂ္ဂင်ကျင့်စဉ် မဂ်တရား မဂ်စကားတွေချည်းပဲ များများစားစား မိန့်ကြားသလို အနာထပိဏ် အစရှိတဲ့ ရှေးသူတော်စင်တွေကလဲ မဂ္ဂင်ကျင့်စဉ်ကိုပဲ ယုံကြည်လေးစား ကိုးစားပြီးတော့ အရိယာမဂ္ဂင် (၈)ပါးရဲ့ ဂုဏ်ကျေးဇူး၊ ဝိပဿနာရဲ့ ဂုဏ်ကျေးဇူး၊ ဝိပဿနာဉာဏ်ရဲ့ ဂုဏ်ကျေးဇူးများ လျှောက်ထားပြီးသွားကြသလို လျှောက်ထားကြတဲ့အတိုင်း။

အခြားအခြားနည်းတွေ ဥစ္စာစနေနဲ့ နာမအနွယ်၊ အနွယ်အမည် စသည်တို့နဲ့ ကိလေသာအညစ်အကြေးမှ ကင်းဝေးစင်ကြယ်မှု မရနိုင်ဘူး။

မိမိတို့အားထုတ်ခဲ့တဲ့ မဂ္ဂင်လမ်းစဉ် သီလ သမာဓိ ပညာသိက္ခာ သုံးပါးတို့နဲ့သာ မိမိတို့ရဲ့ ကိလေသာအညစ်အကြေး၊ သတ္တဝါတို့ကို ညှင်းပန်းနှိပ်စက်နေတဲ့ ကိလေသာအညစ်အကြေး၊ လောဘ ဒေါသ မောဟဆိုတဲ့ ညောင့်တသင်းများကို နုတ်ပယ်နိုင်တယ် တတွတ်တွတ် ဆုတောင်းနေကြတဲ့ အာသဝေါတို့ ကုန်စေလိုမှုနဲ့ ပတ်သက်လို့ သိပယ် ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရနိုင်တယ်လို့ ယုံကြည်စိတ်ချပြီးတော့ ရရှိထားတဲ့နည်းနာနိဿယ၊ ထွက်လေ ဝင်လေကို ရှုမှတ်ခြင်းက အစ သမထပိုင်း၊ ဝိပဿနာပိုင်း အခွင့်ရတိုင်း အခွင့်ရတိုင်း ကျင့်ကြံကြိုးစားပြီးတော့ သက္ကာယဒိဋ္ဌိနိုင်ငံကို ဖြိုဖျက်ပြီးတော့ သမ္မာဒိဋ္ဌိနိုင်ငံကြီး တည်ဆောက်နိုင်ကြပြီး ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၂၀)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ

## ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက် ဝိပဿနာဒီပနီ ဓမ္မာရုံကြီးမှာ အကြိမ် (၂၀)မြောက် တရားစခန်းဝင်နေကြတဲ့ ယောဂီသူတော်စင်တို့အား ဟောကြားအပ်တဲ့ တရားတော်။

**အသိဉာဏ်ဟူသမျှ သုတအသိကစကြရ**

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဒီအရှင်မြတ်ကြီးတွေကတော့ သုတ မလိုဘူး။ နာကြားစရာမလိုပါဘူး။

သမ္မာသမ္ဗုဒ္ဓဘုရားက ကိုယ်တော်တိုင် သိတော်မူတာ။ ပစ္စေက ဗုဒ္ဓါ ဆိုတာလဲ ကိုယ်တော်တိုင် သိတော်မူတယ်။ အခြားအခြားသော

http://www.dhammadownload.com



ပုဂ္ဂိုလ်ထံက နည်းယူစရာ အသံကြားစရာမလိုပါဘူး။

အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝကကြီးတွေ၊ ပကတိသာဝက အရှင်မြတ်တွေ ဘုန်းကြီးတို့အားလုံးကတော့ အသိဉာဏ်ဟူသမျှ သုတက စကြရတယ်။

**သုတံ ပညာယ ဝဍ္ဎနံ။**

သုတံ- အသင် အကြားအမြင်များခြင်းသည်၊ ပညာယ- အသိ အလိမ္မာ ဉာဏ်ပညာကို၊ ဝဍ္ဎနံ- တိုးပွားစေတတ်၏။

အသံကြားဟာ အရေးကြီးတယ်။ ပထမဆုံး ဘုရားပွင့်တော်မူပြီးနောက် တစ်လုံးတစ်ပါဒမျှ မြတ်စွာဘုရား တရားမဟောသေးဘူး။ အဲဒီအချိန်အခါမှာ သဟမ္ပတိဗြဟ္မာမင်းက-

**ဒေသေတု ဘန္တေဘဂဝါ ဓမ္မံ၊**

**ဒေသေတု သုဂတော ဓမ္မံ။**

ဘန္တေ- မြတ်စွာဘုရား၊ ဘဂဝါ- ဘုန်းဘုရားသည်၊ ဓမ္မံ- တရားတော်ကို၊ ဒေသေတု- ဟောတော်မူပါလော့၊ ဘန္တေ- မြတ်စွာဘုရား။ သုဂတော- မြတ်ဘုရားသည်၊ ဓမ္မံ- တရားတော်ကို၊ ဒေသေတု- ဟောကြားတော်မူပါလော့၊ ဝါ- ဟောကြားစေချင်ပါ၏။

မြတ်စွာဘုရား တရားဟောတော်မူပါ။ ဟောကြားစေချင်ပါတယ်။

**သန္တိသတ္တာ အပ္ပရဇက္ခ ဇာတိကာ။**

ပညာတည်းဟူသော မျက်စေ့မှာမြူနည်းတဲ့ သတ္တဝါတွေရှိကြပါတယ်။ ကိလေသာ တိမ်သလာတွေ ဖုံးလွှမ်းနေတဲ့ လောကကြီး၊ သတ္တလောကကြီး ဖြစ်သော်လဲ အချို့သတ္တဝါတွေဟာ ပညာမျက်စိမှာ ကိလေသာမြူနည်းပါတယ်ဘုရား။

**အဿဝဏတာ ဓမ္မဿ ပရိဟာယန္တိ။**

အဿဝဏာဿ- အဿဝဏတာယ- တရားတော်ကို တရားသံကို မကြားနာရခြင်းကြောင့်၊ ဓမ္မဿ- တရားတော်မှ၊ ပရိဟာယန္တိ-

http://www.dhammadownload.com



ဆုတ်ယုတ်ကြရပါကုန်၏။

သတ္တဝါတွေဟာ တရားတော် တရားသံ မကြားနာရတဲ့အတွက် တရားတော်မှ ဆုတ်ယုတ်ကြရပါတယ်ဘုရား။ မနာရလို့ မကြားရလို့ပါ ဘုရား။

**ဘဝိဿန္တိ ဓမ္မဿ အညာတာရော။**

ဓမ္မဿ- တရားတော်ကို၊ အညာတာရော- သိကုန် မြင်ကုန် သော၊ သိနိုင်ကုန် မြင်နိုင်ကုန်သော သူတို့သည်၊ ဘဝိဿန္တိ- ရှိပါလိမ့် အံ့မည်ဘုရား။

တရားတော်ကို သိနိုင် မြင်နိုင်ငြဲ့ ပုဂ္ဂိုလ်တွေရှိနိုင်ပါတယ်ဘုရား။ တရားမနာရလို့သာ တရားမှဆုတ်ယုတ်နေကြရပါတယ်ဘုရား။

အဲဒီလို လျှောက်ထားတာက စပြီးတော့ မြတ်စွာဘုရားက အမြိုက်နိဗ္ဗာန်တံခါးဖွင့်ပြီ။ နားထောင်ကြဆိုပြီးတော့ မြတ်စွာဘုရားက နားစွင့်ခိုင်းတယ်။

ငါဘုရားဟောကြားမယ့် တရားတော်များ နားထောင်ကြလို့ ဆိုပြီး (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့တယ်။

အကယ်၍ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို နားထောင်နိုင်တဲ့အင်အား၊ နားလည်နိုင်တဲ့ ဉာဏ်နားမရှိပါဘူးဆိုရင် တော့ ရပ်ပြစ်ထဲမှာ ပါပြီးတော့နေကြပြီ။ တရားမရနိုင်တော့ဘူး။

အကယ်၍ မိုးထက်အာကာမှာရှိတဲ့ ဗြဟ္မာကြီးတွေပင် ဖြစ်စေ ကာမူ အချို့ဗြဟ္မာကြီးများ ဟောသံ ပြောသံ မကြားရဘူး။

အဲဒီလို ဟောသံ ပြောသံ မကြားရတဲ့ "ပရတော ဃောသ" အကြောင်းချို့တဲ့တဲ့အတွက်ကြောင့် ဗြဟ္မာကြီးများပင် ဖြစ်လင့်ကစား ရပ်ပြစ် (၈)ပါးထဲ စာရင်းဝင်ကြရှာတယ်။

http://www.dhammadownload.com



## အမြင်မှန်ရရန် အကြောင်း (၂)မျိုး

ဒွေမေ ဘိက္ခဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါ။

ရဟန်းတို့ အမြင်မှန်ရဖို့ရန်အတွက် အကြောင်းတရား နှစ်မျိုး ဘာလဲလို့ဆိုတော့ နံပါတ် (၁) "ပရတော ဃောသောစ"- သူတစ်ပါးတို့ ဟောသံ ပြောသံလည်းကောင်း၊ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာ အပေါင်း သူတော်ကောင်းတွေ၊ ဆရာမိဘတွေ ဟောသံ ပြောသံ။

နံပါတ် (၂)ကတော့ "ယောနိသော မနသိကာရောစ"- သင့်တင့်အောင် နှလုံးသွင်းဆင်ခြင်ခြင်း။

ဒီအကြောင်းအရာ (၂)မျိုးသည် အမြင်မှန်ရရန်အတွက် အခြေခံ အကြောင်းဖြစ်ပါတယ်။ ဒါကြောင့် တရားအသံတော် ကြားရဖို့က အင်မတန် အရေးကြီးပါတယ်။

မြတ်စွာဘုရားရဲ့ တရားအသံတော်ကြောင့် ယနေ့ သာသနာ တည်နေတာပါပဲ။ မြတ်စွာဘုရားရဲ့ တရားအသံတော်သည် ယနေ့ထက် တိုင်အောင် ထင်ရှားရှိပြီးတော့ နေပါတယ်။ ဘုန်းကြီးတို့ယောဂီများ အခုလို တရားအားထုတ်နိုင်အောင် လမ်းပြပြီးတော့နေတာဟာ တရားအသံတော်ပါပဲ။

## သုတဗုဒ္ဓကြီးတွေ

အဲဒီတော့ အဲဒီအသံကို နာကြားရတဲ့ ပုဂ္ဂိုလ်များထဲက တရား အသံကို များများသိတဲ့ပုဂ္ဂိုလ်များဟာ "သုတဗုဒ္ဓ" ကြားနာပြီးတော့ သိတဲ့ ပုဂ္ဂိုလ်ထူးတွေ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားတို့၊ ရေစကြို ဆရာ တော်ဘုရားတို့၊ စံကျောင်းဆရာတော်၊ ရွှေရေးဆောင်ဆရာတော် ဘုရား၊ သပြေပင်တောရဆရာတော်ဘုရားကြီး အစရှိတဲ့ ဘုန်းကြီးတို့ ဆရာတော်ကြီးတွေဟာ "ဗုဒ္ဓဗုဒ္ဓ" မဟုတ်ပါဘူး။ "ပစ္စေကဗုဒ္ဓ" မဟုတ် ပါဘူး။ သို့သော် "သုတဗုဒ္ဓ"ကြီးတွေပါ။ ဘုရားအသံတော်ကြောင့်

http://www.dhammadownload.com



အသိထူး ဉာဏ်ထူးရကြသည့် ပုဂ္ဂိုလ်ကြီးများပါ။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ တရားတော်ကြီးတွေကို ခွဲခြားဝေဖန်ပြီးတော့ သိနိုင် မြင်နိုင်တဲ့ ဉာဏ်အင်အားရှိတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေပါပဲ။ အဲဒီလို ပုဂ္ဂိုလ်ထူးကြီးတွေကို မြတ်စွာဘုရားက-

**"နခေါ စုန္ဒ တုမှာကံ သာဝကော"**

ချစ်သား စုန္ဒ၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တွေကို သင်အံကြိုးကုတ် ကြားနာပြီးတော့ သိမြင်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ သင်တို့ရဲ့တပည့် မဟုတ်ဘူးတဲ့။

**"ဗုဒ္ဓေါ နာမ သော"**

သော- ဤပုဂ္ဂိုလ်သည်၊ ဗုဒ္ဓေါ နာမ- ဘုရားပင် မည်ပေ၏။

သူလဲပဲ ဘုရားပဲ။ ဘယ်လိုဘုရားမျိုးလဲဆိုတော့ "သုတဗုဒ္ဓ" ဘုရားပါပဲ။ ဘာကြောင့်-

"သတ္ထု ကိစ္စ ကရဏတော"- ဘုရားကိစ္စ ပြုနိုင်တဲ့ အတွက်ကြောင့်ပါပဲ။

ဘုရားလိုပဲတဲ့။ ဘုရားရှင်ရဲ့ဆောင်ရွက်ဖွယ်ကို ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်မို့၊ သုတဗုဒ္ဓ။

အချို့သာဝကတွေကို အနုဗုဒ္ဓလို့ခေါ်ရသေးတယ်။ တရားတော်ကို နာကြားပြီးတော့ ထူးထူးခြားခြား အသိဉာဏ်ရှိကြတဲ့ သာဝကတွေပါ။

အဲဒီ **"သာဝက"**ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်က နားထောင်တတ်တဲ့ ပုဂ္ဂိုလ်၊ နာကြားတတ်တဲ့ပုဂ္ဂိုလ်၊ လိုက်နာတတ်တဲ့ ပုဂ္ဂိုလ်။

အဲဒီသာဝကကိုမှ **"အဂ္ဂသာဝက"** အမြတ်ဆုံးလိုက်နာတတ်တယ်။ အမြတ်ဆုံး နားထောင်တတ်တယ်။

**"မဟာသာဝက"**- မြတ်တဲ့သာဝက တပည့်။

**"ပကတိသာဝက"**- အဂ္ဂသာဝက၊ မဟာသာဝကတို့ကိုတော့ မမှီပါဘူး။ သို့သော် ဘုရားစကားတော်များ နားထောင်တတ်တယ်။ လိုက်

http://www.dhammadownload.com



နာတတ်တယ်။ သံဃ- ပုဒ်ရဲ့ရှေ့မှာ သာဝကဆိုတဲ့ ပုဒ်နဲ့ ဂုဏ်ပြုထား တယ်။ သာဝက- နာကြားတတ်၊ နားထောင်တတ်၊ လိုက်နာတတ်သော၊ သံဃ- အယူသီလ တူညီမျှတဲ့ပုဂ္ဂိုလ်အပေါင်းကို "သာဝကသံဃာ" တပည့်အပေါင်းလို့ ခေါ်ဆိုရပါတယ်။

အဲဒီလို သာဝကတွေ အမျိုးမျိုးရှိကြလို့၊ ဘုန်းကြီးတို့တတွေဟာ မြတ်စွာဘုရား တရားတော်များကို ဆရာသမားများထံက သင်ယူခဲ့ရလို့ နာကြားခဲ့ရလို့ ကံကောင်းကြတယ်။

အဲလို ဟောကြားတော်မူတဲ့တရား အသံတော်ကလဲ ဥပမာတွေ ဥပမေယျတွေ နှိုင်းခိုင်းဖွယ်ရာ ဥပမာတွေနဲ့ ဖွယ်ဖွယ်ရာရာ ဝေဝေ ဆာဆာ ရှိလှပါတယ်။

**ဥပမာနဲ့**

**ဥပမာယ မိဓေ ကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။**

ဣဓ- ဤလောက၌၊ ကေစ္စေ- အချို့ကုန်သော၊ ပဏ္ဍိတာ- ပညာရှိတို့သည်၊ ဥပမာယ- နှိုင်းခိုင်းဖွယ်ရာ ဥပမာစကားဖြင့်၊ အတ္ထံ- အနက်အဓိပ္ပါယ်ကို၊ ဇာနန္တိ- သိနိုင် မြင်နိုင်ကုန်၏။

အချို့ပုဂ္ဂိုလ်တွေက ဥပမာလေးနဲ့ပြောမှ နှိုင်းခိုင်းစရာ ဥပမာ လေးနဲ့ပြောမှ နားရှင်းတယ်။

(၁၉)ကြိမ်မြောက်တုံးက ဟော- အိုးနှစ်လုံး ကရွတ်ခွေပါတဲ့ အိုးကတစ်လုံး၊ ကရွတ်ခွေမပါတဲ့အိုးက တစ်လုံး။ ကရွတ်ခွေမပါတဲ့ အိုးကျတော့ မငြိမ်ဘူး။ အမြဲလှုပ်ပြီးတော့ နေတယ်။ ကရွတ်ခွေပါတဲ့ အိုးကျတော့ ငြိမ်တယ်။ မလှုပ်ဘူး။

အဲဒီလိုပဲ ဒီစိတ်ကလေး ငြိမ်ဖို့ဟာလဲပဲ ကရွတ်ခွေလိုတယ်။ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင် (၈)ပါးပါပဲတဲ့။

ဟော- လူအများသုံးတဲ့ ကရွတ်ခွေလေးကို မြတ်စွာဘုရားက ဥပမာပေးပြီး ဟောကြားတော်မူခဲ့တယ်။ ဒါကြောင့်-

http://www.dhammadownload.com



"ဥပမာယ မိဓေကစ္စေ အတ္ထံဇာနန္တိ ပဏ္ဍိတာ"

ဒီလောကကြီးထဲမှာ အချို့ပညာရှင်တွေက နှိုင်းခိုင်းစရာ ဥပမာလေးနဲ့ ပြောမှ ဟောမှ အနက်အဓိပ္ပါယ် သိကြတယ်။

**အမေးအဖြေနဲ့**

တစ်ချို့ကျတော့-

**ပုစ္ဆာ ဝိဿဇ္ဇနာ ယုဂဠေဟိ ပါကဋံဟောတိ။**

အမေးအဖြေနဲ့ စုံစုံလင်လင်လေး အမေးပါတယ်။ အဖြေပါတယ်။ အဲဒီလိုမှ ရှင်းတယ်၊ လင်းတယ်။

တစ်ခါတရံ မြတ်စွာဘုရား ကိုယ်တော်တိုင် မေးပြီးတော့ ကိုယ်တော်တိုင် ဖြေတယ်။ တစ်ခါတရံ ရဟန်းတော်များကို မေးတယ်။ ရဟန်းတော်တွေက ပြန်ဖြေတယ်။ တစ်ခါတရံကျတော့ အမေးနဲ့အဖြေနဲ့ အစုံတွဲ ဟောကြားတော်မူတယ်။

အဲဒီလို အမေးနဲ့အဖြေနဲ့ အစုံလေးဟောကြားတော့မှ စကားတွေဟာ ထင်ရှားတယ်တဲ့။ ဥပမာအားဖြင့် "သက္ကပဉှာ" သုတ္တန်တို့မှာ မြတ်စွာဘုရားထံမှောက် လာရောက်ပြီးတော့ သိကြားမင်းကြီး ပြဿနာတွေ မေးတယ်။ မြတ်စွာဘုရားက အကျယ်တဝင့် ဖြေကြားတော်မူတယ်။

အဲဒီလို ဖြေကြားလိုက်တဲ့ အခါကျတော့မှ သိကြားမင်းကြီးရဲ့ စိတ်ထဲမှာရှင်းလို့ ဇဝေဇဝါ ဖြစ်နေတာတွေ၊ သံသယတွေ ပျောက်လို့ သွားတယ်။

အဲဒီလို ပျောက်ပြီးတော့ ဝမ်းမြောက်ပြီးတော့ မြတ်စွာဘုရားထံ လာပြီး သူမေးလိုတဲ့ မေးခွန်းတွေမေး ဘုရားရှင်က ဖြေကြားတယ်။

အဲလို အမေးတွေ အဖြေတွေနဲ့ အစုံအလင်သွားတဲ့ အခါကျမှ စကားတော်တွေဟာ ထင်ရှားတယ်။ အဲဒီလို ထင်ရှားအောင် ဟောကြားခဲ့တဲ့ သက္ကပဉှာသုတ္တန်တို့လို သုတ္တန်တွေ အများကြီးရှိတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား မဂဓတိုင်း ရာဇဂြိုဟ်မြို့ရဲ့ အရှေ့ဘက် အမ္ဗ (သရက်)ခေါ်တဲ့ ပုဏ္ဏားရွာ။ အဲဒီ ပုဏ္ဏားရွာရဲ့ မြောက်နားလေးမှာ ဝေဒိယကတောင်။ အဲဒီတောင်မှာရှိတဲ့ ဣန္ဒသာလလိုဏ်ဂူမှာ မြတ်စွာဘုရား သီတင်းသုံးပြီးနေတော့ သိကြားမင်းကြီးက ပဉ္စသီခနတ်သား ရှေ့တော်ပြေးထားပြီး မြတ်စွာဘုရားထံ ရောက်ပြီးတော့လာတယ်။

**မေးချင်တာမေး**

ရောက်လာတော့ မေးချင်တာတွေ မေးချင်တယ်။ မေးချင်တာတွေ အများကြီးရှိတဲ့အကြောင်း၊ မေးစရာတွေ အများကြီးရှိတယ်လို့ မြတ်စွာဘုရားက သိတော်မူတယ်။

မြတ်စွာဘုရားက ဤသိကြားမင်းဟာ ပါရမီဘုန်းကံရှိတဲ့ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်ဟာ စင်ကြယ်တဲ့ပုဂ္ဂိုလ်ပေါ့။

သူဟာ မေးချင်တာလေးတွေ မေးလိမ့်မယ်။ မေးတဲ့အခါ အကျိုး ရှိတာလေးတွေကို မေးလိမ့်မယ်။ ဒီအကျိုးရှိတာလေးတွေ ငါဘုရား ဖြေမယ်။

**ပုစ္ဆာဝါသဝ မံ ပဉှံ၊ ယံကိဉ္စိ မနသိစ္ဆသိ။**

**တဿတဿေဝ ပဉှဿ၊ အဟံ အန္တကရောမိတေ။**

သိကြားမင်း စိတ်ထဲမှာ မရှင်းမလင်းတာလေးတွေရှိရင် မေးနော်။ မေးသမျှအားလုံး အကုန်လုံးကို ဆုံးခန်းတိုင်မြောက် အဖြေ ပေးနိုင်တယ် လို့ ဘုရားရှင်က မိန့်ကြားလိုက်တယ်။

ဒါဟာ ဘုရားရှင်တို့ရဲ့ ဖိတ်ကြားနည်း။ သာဝကတို့ကတော့ မေးပါ။ အမေးကြားရင် ဖြေကောင်းဖြေနိုင်ပါလိမ့်မယ်လို့ ဖိတ်ကြားကြတယ်။

သိကြားမင်းကြီးက ဝမ်းပန်းတသာနဲ့ ဘာစမေးသလဲ။

http://www.dhammadownload.com



**ငြိမ်းချမ်းရေးမရတာ**

အရှင်ဘုရား အကျွန်ုပ်အလား ချမ်းသားများလျှက် ရှုစားအပ်ပါသော အရှင်ဘုရား မေးပါရစေတဲ့။

လောကသားတွေဟာ ရန်ကင်းချင်တယ်။ ဥစ္စာဒဏ်၊ လက်နက်ဒဏ် မထားချင်ဘူး။ ရန်သူမရှိချင်ဘူး။ စိတ်မသက်သာ နှလုံးမသာကင်းပြီး စိတ်အေးသက်သာ နေချင်တယ်လို့ လောကသားတွေ အကုန်လုံး တောင့်တကြတယ်။ အကျဉ်းချုံးပြီး ပြောမယ်ဆိုရင် လောကသားတွေအားလုံးဟာ ငြိမ်းချမ်းရေး လိုချင်ကြတယ်ဘုရား။ ငြိမ်းချမ်းရေးကိုတောင့်တနေကြတယ်ဘုရား။ ဘာကြောင့် မငြိမ်းချမ်းကြပါသလဲဘုရား။ လိုချင်ကြတာ အမှန်ပဲ။ ကမ္ဘာ့လူသားတွေအားလုံးဟာ ငြိမ်းချမ်းချင်တာ အင်မတန် ထင်ရှားတယ်။

ရန်မရှိချင်ဘူး။ လက်နက်ခဲယမ်းမီးကျောက်နဲ့ တစ်ယောက်နဲ့တစ်ယောက် မပစ်ချင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ဥစ္စာစီးပွားတွေနဲ့ ပတ်သက်လို့ အချင်းမများချင်ဘူး။ ရန်မများချင်ဘူး။ စိတ်အေးသက်သာစွာ နေချင်ကြတယ်။ တောင့်တနေကြတယ်။

သို့သော်လဲပဲ ကမ္ဘာကြီးမှာ သတ္တဝါတွေမှာ ရန်များနေကြတယ်။ စိတ်ဆင်းရဲနေကြတယ်။ လက်နက်ဒဏ်၊ ဥစ္စာဒဏ်တွေ ဒီဒဏ်တွေနဲ့ နှိပ်ကွပ်နေကြရတယ်။ ရန်သူတွေလဲ ရှိနေတယ်။

အဲဒါ ဘာကြောင့်ပါလဲဆိုတော့ မြတ်စွာဘုရားက-

"ဣဿ မစ္ဆရိယ သံယောဇနာခေါ ဒေဝါနမိန္ဒ"

နတ်တို့သခင်နင်း သိကြားမင်း အဲဒါ မနာလိုလို့၊ ဝန်တိုလို့ ဖြစ်တာ။ မနာလိုဝန်တိုလို့ ဖြစ်တာပါပဲ။

သတ္တဝါတွေ မချမ်းသာတာ၊ ငြိမ်းချမ်းရေးမရတာ။ မနာလိုလို့ပါပဲ။ ဝန်တိုလို့ပါပဲ။

မနာလိုတယ်ဆိုတာ ဣဿစေတသိက်ပါပဲ။ ဝန်တိုတယ်ဆိုတာ မစ္ဆရိယစေတသိက်ပါပဲ။ မနာလိုတယ်ဆိုတာ သူတစ်ပါးချမ်းသာတာ၊

http://www.dhammadownload.com



သူတစ်ပါးပြည့်စုံတာ မကြည့်နိုင်ဘူး။ မကြားနိုင်ဘူး။ မကြည့်ချင်ဘူး။ မကြားချင်ဘူး။

ဝန်တိုတယ်ဆိုတာကတော့ မိမိရှိသလို၊ မိမိရသလို၊ မိမိချမ်းသာသလို၊ မိမိပြည့်စုံသလို သူတစ်ပါးကို မရစေချင်ဘူး။ မရှိစေချင်ဘူး။ မဖြစ်စေချင်ဘူး။ မချမ်းသာစေချင်ဘူး။ မပြည့်စုံစေချင်ဘူး။

မိမိကောင်းတာတွေဖြစ်သလို သူတစ်ပါးကို မဖြစ်စေချင်ဘူး။ အဲဒါ ဝန်တိုတာ။

အဲဒီ မနာလိုမှု၊ ဝန်တိုမှုနှစ်ခုက လောကသားတွေကို လွှမ်းနေတဲ့အတွက်ကြောင့် ဘယ်လိုငြိမ်းချမ်းလိုကြောင်း ဆုတောင်း ဆုတောင်း ငြိမ်းချမ်းရေးမရနိုင်ဘူး။

ဒါဖြင့် အဲဒီ မနာလိုတာ၊ ဝန်တိုတာ ဘာကြောင့်ပါလဲဘုရား ဆိုတော့ "ချစ်ခြင်း-မုန်းခြင်း"ကြောင့်ပါပဲ။

မုန်းတဲ့ပုဂ္ဂိုလ်များ ပြည့်စုံတယ်၊ မုန်းတဲ့ပုဂ္ဂိုလ်များ ကြွယ်ဝတယ်ဆိုတော့ မနာလိုဖြစ်နေတာကိုး။

ချစ်တဲ့ပုဂ္ဂိုလ်များနဲ့ ပတ်သက်ပြီးတော့ ဝန်တိုမှုတွေက ဖြစ်နေတာကိုး။ ချစ်တဲ့မုန်းတဲ့သတ္တဝါ အတွင်းအပ အသုံးအဆောင် သင်္ခါရအားလုံး။

အဲဒီလို သတ္တဝါ အတွင်းအပ အသုံးအဆောင် အားလုံးသင်္ခါရ၊ အဲဒါတွေကို ချစ်တာ၊ မုန်းတာ အခြေခံပြီးတော့မှ မနာလိုတာ၊ ဝန်တိုတာတွေ ဖြစ်ပါတယ်။

ဒါဖြင့် ချစ်တာ၊ မုန်းတာက ဘာကြောင့်ပါလဲဘုရားလို့ ဆိုပြန်တော့ မြတ်စွာဘုရားက ဆန္ဒ၊ တဏှာကြောင့်ပါပဲ။

(၁) အဲဒီ တဏှာက (၅)မျိုးရှိပါတယ်။

- မရောင့်ရဲနိုင်ပဲ ရူပါရုံကို ရှာမှီးတယ်။
- အဆင်းမျိုးစုံ ရူပါရုံ
- အသံမျိုးစုံ သဒ္ဒါရုံ

http://www.dhammadownload.com



- အနံ့မျိုးစုံ ဂန္ဓာရုံ
- အရသာမျိုးစုံ ရသာရုံ
- အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ပစ္စည်းဥစ္စာကို ရှာမှီးတယ်။

(၂) အဲဒါက ပရိယေသနတဏှာ၊ ပရိယေသနဆန္ဒ၊
မရောင့်ရဲနိုင်ပဲနဲ့ အာရုံငါးပါးနှင့်တကွ ဥစ္စာပစ္စည်းကို ရရှိတယ်။
ပဋိလာဘတဏှာ၊ ပဋိလာဘဆန္ဒ၊

(၃) မရောင့်ရဲနိုင်ပဲနဲ့ အာရုံငါးပါး သုံးဆောင်တယ်။ ဥစ္စာပစ္စည်း သုံးဆောင်တယ်။
ပရိဘောဂတဏှာ၊ ပရိဘောဂဆန္ဒ၊

(၄) မရောင့်ရဲနိုင်ပဲနဲ့ ပစ္စည်းဥစ္စာများကို သိမ်းဆည်းတယ်၊ သိုမှီးတယ်၊ နောင်အခါ ဘေးရန်များ ဖြစ်ပေါ်တဲ့အခါ သုံးစွဲဖို့။
သန္နိဓိတဏှာ၊ သန္နိဓိဆန္ဒ၊

(၅) ဝိဿဇ္ဇနတဏှာ၊ ဝိဿဇ္ဇနဆန္ဒ၊
ပစ္စည်းဥစ္စာ စွန့်လွှတ်တာတောင်မှ တဏှာနဲ့ စွန့်လွှတ်တယ်။

ဘယ်လိုဟာမျိုးလဲဆိုတော့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မရောင်ရဲပဲနဲ့ သူ့ပစ္စည်းကို စွန့်လွှတ်တယ်။ ဒီပစ္စည်းကို စွန့်လွှတ်လိုက်တဲ့အတွက် ဒီပုဂ္ဂိုလ်တွေဟာ ငါ့ကိုစောင့်ရှောက်ကြလိမ့်မယ်။ ငါ့ရဲ့အခြံအရံတွေ ဖြစ်လိမ့်မယ်။ အကြောင်းရှိရင် ဒီပုဂ္ဂိုလ်တွေ ငါ့အတွက် အသုံးဝင်လိမ့်မယ်လို့။ အဲဒါ ပစ္စည်းစွန့်လွှတ်တာတောင်မှ တဏှာကပါနေတယ်။

အဲဒီ ဆန္ဒငါးမျိုးလုံးအရကို တကယ်တမ်းကျတော့ တဏှာအရ ကောက်ရပါတယ်။ ဒါဖြင့် ချစ်တယ်၊ မုန်းတယ်ဆိုတာ ဘာကိုအကြောင်းခံသလဲလို့ဆိုတော့ ဆန္ဒ ထင်ရှားအောင်ပြောရင် တဏှာကိုအခြေခံပါတယ်။

အဲဒီ ဆန္ဒတဏှာက ဘာကိုအခြေခံပါသလဲဆိုတော့ ဝိတက္ကနိဒါန- ဝိတက်အကြောင်းရှိတယ်။ ဝိတက်ဆိုတာဘာလဲ တဏှာအစစ်တစ်ရာ့ရှစ်ခေါ်တဲ့ တဏှာစရိုက်၊ ဒိဋ္ဌိ (၆၂)ပါးခေါ်တဲ့ ဒိဋ္ဌိစရိုက်။

http://www.dhammadownload.com



အဲဒါတွေဟာ ဝိတက္ကအရတွေပါပဲ။ အဲဒီတော့ တဏှာနဲ့ဒိဋ္ဌိ အကြောင်းခံပြီးတော့ တဏှာဖြစ်တယ်။ ဆန္ဒဖြစ်တယ်။

အဲဒီ ဝိတက္က- -ဝိတက်ခေါ်တဲ့ တဏှာ၊ ဒိဋ္ဌိတို့ဟာ ဘာကြောင့် ဖြစ်ပါသလဲ။ ဘာကို အခြေခံဖြစ်ပါသလဲလို့ဆိုတော့ "ပပဉ္စတရားအစု အခြေခံ"ဖြစ်ပါတယ်။

ပပဉ္စတရားအစုဆိုတာ ဘာတွေဘာလဲဆိုတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ဒီနယ်ချဲ့တရား၊ မိမိကိန်းနေတဲ့ သတ္တဝါကို သံသရာနယ်ချဲ့ ပြီးတော့ ပေးတတ်တဲ့တရားသုံးမျိုး။

အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိဟာ အခြေခံအကြောင်းပါပဲ။

**ဝေဒနာကမ္မဋ္ဌာန်းပေး**

ဒါဖြင့် အရှင်ဘုရား အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိခေါ်တဲ့ ပပဉ္စတရား ချုပ်ရာဖြစ်တဲ့ အကျင့်ကောင်းကို ညွှန်းပြတော်မူပါ။ ဟောပြတော်မူပါလို့ ဆိုတော့မှ ဆက်ပြီးတော့ ပပဉ္စနယ်ချဲ့တရားသုံးမျိုး ကုန်ခမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဝေဒနာကမ္မဋ္ဌာန်း ပေးတော်မူ တယ်။ ဒီနေ့ ယောဂီများ ဝေဒနာစသည့် ရှုနေကြတာ လမ်းစဉ်အမှန် ပါပဲ။

ဒါဖြင့် ကမ္ဘာကြီးတစ်ခုလုံး မငြိမ်းချမ်းတာက ဘာကြောင့်လဲ။ အကြောင်းရင်းက တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့်ပါ။

တဏှာက ဒီအကြံလေးဟာ ငါ့အကြံ၊

မာနက ဒီအကြံလေးဟာ ငါ၊

ဒိဋ္ဌိက ဒီအကြံလေးဟာ ငါရဲ့အနှစ်သာရ စသည်

**"ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ"**

လို့ ဟောထားတာကိုး။

အဲဒီတော့ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိ ကုန်အောင် မလုပ်နိုင်ပဲနဲ့ ကမ္ဘာ့ လူထုကြီးဟာ ငြိမ်းချမ်းရေးမရနိုင်ဘူး။ ငြိမ်းချမ်းရေး ရချင်တဲ့ပုဂ္ဂိုလ်တွေ၊

http://www.dhammadownload.com



မိမိတစ်ကိုယ်ရေ တစ်ကာယ ငြိမ်းချမ်းရေး ရချင်တဲ့ပုဂ္ဂိုလ်တွေဟာလဲပဲ ပပဥ္စတရားခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ ကုန်ဆုံးကြောင်းဖြစ်တဲ့ အကျင့်တွေကိုပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာပါပဲ။

တစ်အိုးတစ်အိမ်၊ တစ်ရပ်တစ်ရွာ၊ တစ်နိုင်ငံ၊ တစ်ကမ္ဘာလုံး အားလုံးငြိမ်းချမ်းပြီးတော့ အေးအေးလူလူ နေချင်တယ်ဆိုရင် ဒီပပဥ္စတရားတွေ ချုပ်ငြိမ်းအောင် **ကြိုးစားကြရမှာပါ**။

အဲဒီ ပပဥ္စတရားခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ တရားအစုတွေ ရှိနေသေးသရွေ့ ကာလပတ်လုံး ဤကမ္ဘာကြီးဟာ မငြိမ်းချမ်းပါဘူး။

ဒါကြောင့် ယောဂီသူတော်စင်များ ယနေ့အားထုတ်နေကြတဲ့ လမ်းစဉ်သည် ပပဥ္စနယ်ချဲ့တရား သံသရာကို ချဲ့ထွင်တတ်တဲ့တရား၊ သံသရာမှာ အရိုးစု အရိုးပုံကြီး၊ အသားစု အသားပုံကြီး၊ အသွေးစု အသွေးပုံကြီးတွေ အဲဒါတွေ များပြားစေတတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ ခေါ်တဲ့ တရားဆိုး တရားပျက် ပပဥ္စနယ်ချဲ့တရားကို ကုန်ခမ်းအောင် အားထုတ်နေကြတဲ့ မြတ်စွာဘုရားရဲ့ ဒီလမ်းစဉ်မှန်ကြီးဖြစ်တယ်လို့ ယုံကြည်ကြတယ်။

**ကံကောင်းတဲ့နှလုံးသားပိုင်ရှင်တွေ**

ဒို့တတွေ ဒီလမ်းစဉ်ကြီးကို လိုက်နာပြီးတော့ နားထောင်ပြီးတော့ နေရတဲ့အတွက် မြတ်စွာဘုရားရဲ့ တပည့်သားသာဝက စာရင်းဝင် ကံကောင်းကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာကြပြီ။ ဟော- မိဒွေးတော်ဂေါတမီ အရိယာဘိက္ခုနီမကြီးက -

**မဟုရာနိ ပဟဋ္ဌာနိ ဒေါသဏ္ဍါနိ ဟိတာနိစ၊**

**ယေတေဝါကျာနိ သုဏန္တိ၊ တေပိဉော နရုတ္တမ။**

နရုတ္တမ- သုံးမြည်လူနတ်တို့ထက် မြတ်သည့် တုလွှတ်ဘုန်းမော် အိုသားတော်ဘုရား၊ ယေ- အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်၊ တေ- အရှင်ဘုရား၏၊ မဟုရာနိ- သာယာချိုမြိန်

http://www.dhammadownload.com



တင်းတိမ်အားရဖွယ် ကောင်းကုန်သော၊ ပဟဋ္ဌာနိ- စိတ်နှလုံးကို ချမ်းငြိမ်း အေးမြစေနိုင်ကုန်သော၊ ဒေါသဃ္ဃါနိ- ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အပြစ်အနာအဆာ အဆိုးအရွဲ့ အကျိုးမဲ့တို့ကို ချိုးဖဲ့ဖျက်ဆီးနိုင်ကုန်သော၊ ဟိတာနိ- ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးတရားတို့ကို ဖွံ့ဖြိုးခိုင်ပြီး ရယူစေနိုင်ကုန်သော၊ ဝါကျာနိ- ပါဠိ ပိဋကတ်တရား စကားမြတ်တို့ကို၊ သုဏန္တိ- နာယူမှတ်သား ဆောင်ထားကျင့်ကြံခွင့် ရကြ ပါကုန်၏။ တေ- ထိုဘုရား ရှေ့နှုတ်တော်ထွက် တရားဓမ္မ အဆီအနှစ်တို့ကို နာသင်ယူခွင့် ကြားနာခွင့် နားထောင်ခွင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့် ရနေကြ ကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ ညော- ရှေးအကြောင်းရင်း ကောင်းခဲ့ခြင်းကြောင့် ပြည့်တင်းဂုဏ်ဝါ ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့ ဖြစ်ကြပါပေကုန်၏ဘုရားလို့ လျှောက်ထားတယ်။ မိဖွေးတော်ဂေါတမီ ဘိက္ခုနီမကြီး လျှောက်ထားရာမှာ-

မြတ်စွာဘုရား အရှင်ဘုရားရဲ့ တရားတော်တွေ စကားတွေဟာ ဂုဏ်လေးမျိုး ရှိပါတယ်။

- သာယာချိုမြိန် တင်းတိမ်အားရဖွယ်ကောင်းတဲ့ တရား တော်တွေ၊
- စိတ်နှလုံးကို ချမ်းမြေ့အေးမြစေနိုင်တဲ့ တရားတော်တွေ၊
- ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အပြစ်အနာအဆာတို့ကို ထုတ်ပယ်ဖယ်ရှားနိုင်တဲ့ တရားတော်တွေ၊ စကားတော်တွေ၊
- ပစ္စုပ္ပန်သံသရာ အကျိုးစီးပွား ထွန်းကားစေနိုင်တဲ့ တရား တော်တွေ၊ စကားတော်တွေ၊

အဲဒီတရားစကားများကို နာကြားခွင့်ရတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဘုန်းရှင်ကံရှင် သမ္ဘာရှင်တို့ ဖြစ်ကြပါတယ်ဘုရား။ ဆောင်ထားခွင့်ရကြတဲ့၊ နာကြားခွင့်ရကြတဲ့ နားပိုင်ရှင်တွေ၊ ဆောင်ထားခွင့်ရရှိကြတဲ့ ခံတွင်း ပိုင်ရှင်တွေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရကြတဲ့ နှလုံးသားပိုင်ရှင် တွေဟာ ဘုန်းရှင် ကံရှင် သမ္ဘာရှင်များ ဖြစ်ကြပါတယ်ဘုရားလို့ လျှောက်

http://www.dhammadownload.com



ထားတာကို ကြည့်မယ်ဆိုရင်လဲ-

ဘုန်းကြီးတို့ ယောဂီသူတော်စင်များ နာကြားရုံမျှမက နာ့းထောင်ရုံမျှမက လေးလေးစားစား လိုက်နာသည့်အနေအားဖြင့် မိမိတို့နှလုံးအိမ်မှာ ဤတရားဓာတ်တွေ ကိန်းအောင်ကြိုးစားပြီးတော့ အားထုတ်နေရတာကိုက ဘုန်းရှင်ကံရှင် သမ္ဘာရှင်တွေဖြစ်တယ်လို့ မိခွေးတော်ဂေါတမီ ရဟန္တာထေရီမကြီးရဲ့ လျှောက်ထားတဲ့စကား အတိုင်း တသားထဲ ဖြစ်နေတဲ့အတွက် ယခုလို မိမိတို့နှလုံးအိမ်မှာ ဒီတရားဓာတ်တွေ ကိန်းပြီးတော့နေနိုင်အောင် အားထုတ်နေရတာ ကံကောင်းလှလို့ပါလားလို့ တထစ်ချယုံကြည်ကိုးစားပြီး ဆက်လက်ကြိုး စားနိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလှိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၂၁)ကြိမ်မြောက် လယ်တီဝိပဿနာ
## (၇)ရက်တရားစခန်းဖွင့်ပွဲ

ယနေ့ ၁၃၆၂ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅)ရက်။

ရဟန်း+အရိယာအမည်တော်ရ

၂၁ ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ။

ဘုန်းကြီးတို့ တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်များအား မြတ်စွာဘုရားအားပေးစကားမိန့်ကြားထားတဲ့ အချက်တွေများစွာ ရှိပါတယ်။

မြတ်စွာဘုရားက ဘယ်လိုမိန့်ကြားသလဲ -

အလက်တော စေပိသမ်စရေယျ
သန္တောဒန္တော နိယတော ဗြဟ္မစာရီ
သဗ္ဗေသု ဘူတေသု နိဓာယဒဏ္ဍံ
သသမဏော သဗြဟ္မဏော သဘိက္ခု

http://www.dhammadownload.com



အလက်တော့စေပိ- လူ့အဝတ်အစား တန်ဆာဆင်ထား ပါသော်လည်ပဲ၊ သမံ- ညီညီမျှမျှ ဒုစရိုက်တရားတို့မှ လွတ်ကင်းအောင်၊ စေစရေယျ- အကယ်၍ ကျင့်ကြံကြိုးကုတ် အားထုတ်သူ ဖြစ်ခဲ့ပါအံ့။

ဝတ်စားဆင်ယင်ပြီးတော့ လူ့အဝတ်အစားများ ဝတ်ပြီးတော့ ထားပါသော်လဲ ဒုစရိုက်တရားတွေမှ လွတ်ကင်းပြီးတော့ ကာယ၊ ဝစီ၊ မနော ဒုစရိုက်တရားတို့မှ လွတ်ကင်းပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့မယ်ဆိုရင် အားထုတ်တဲ့ ပုဂ္ဂိုလ်များဟာ -

**သန္တော ဒန္တောနိယတော ဗြဟ္မစာရီ**

**သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ**

သန္တော - ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍၊ ဒန္တော - ဘာဝနာ ကြိမ်လုံးရွယ်ချိန်သုံး၍ ခြေမှုန်းနှိပ်ကွပ် ယဉ်ကျေးအောင်ဆုံးမတော် မူအပ်သော စိတ်ရှိသည်ဖြစ်၍၊ သဗ္ဗေသု ဘူတေသု- အလုံးစုံသော သတ္တဝါတို့၌၊ ဒဏ္ဍံ- ကံသုံးပါးဖြင့် ဖိစီးနှိပ်စက်ပုတ်ခတ်လိုတဲ့ဒဏ်ကို၊ နိဓာယ- စွန့်ချ၍၊ နိယတော- အမြဲ၊ ဗြဟ္မစာရီ- အာရုံငါးပါးနှင့် မစပ်မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်၊ ကျင့်လေ့ရှိအံ့။ သသော- ထိုသူသည်၊ သမဏော- ကိလေသာ အပူငြိမ်းတတ်သော ရဟန်းမည် ပါ၏။ သသော- ထိုသူသည်၊ ဗြာဟ္မဏော- မကောင်းမှုကို ပ,ထုတ်ပြီးသော အရိယာမည်ပါပေ၏။ သသော- ထိုသူသည်၊ ဘိက္ခု- သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းမည်ပါပေ၏။

ဒီစကားတော်ဟာ ရဟန်း၊ သာမဏေ၊ ဘိက္ခုနီ မပြုနိုင်ကြသော် လဲပဲ လူ့အဝတ်တန်ဆာ ဝတ်ဆင်ပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်များဟာ-

ငြိမ်းအေးသောစိတ်ရှိမယ်ဆိုရင် ဘာဝနာနဲ့ ယဉ်ကျေးတဲ့စိတ် ရှိပြီးတော့ သတ္တဝါအားလုံးတို့အပေါ်မှာ ကံသုံးပါးဖြင့် ထိပါးပုတ်ခတ်မှု ပယ်စွန့်ပြီး အမြဲအာရုံငါးပါးနဲ့ မဆက်စပ် မြတ်တဲ့အကျင့်ကို ကျင့်ပြီးတော့ နေမယ်ဆိုရင် အဲဒီလို လူ့အဝတ်နဲ့နေသော်လဲပဲ ထိုပုဂ္ဂိုလ်ဟာ ကိလေသာကို ငြိမ်းစေတတ်တဲ့ရဟန်း၊ ထိုပုဂ္ဂိုလ်ဟာ မကောင်းမှုကင်းတဲ့

http://www.dhammadownload.com



အရိယာ၊ ထိုလူပုဂ္ဂိုလ်ဟာ သံသရာဘေးကို ရှုလေ့ရှိတဲ့ ရဟန်းပါပဲလို့ အဲဒီလို မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီ စကားရှိတဲ့အတိုင်း ဥပါသကာ- အမျိုးကောင်းသား၊ ဥပါသိကာ- အမျိုးကောင်းသမီး ယောဂီသူတော်စင်တို့ဟာ လူ့အဝတ်တန်ဆာနဲ့ လူဝတ်ကြောင်ဘဝနဲ့ ဒီလိုအဝတ်တန်ဆာဆင်ပြီးတော့ နေပါသော်လဲ စိတ်ငြိမ်တယ်၊ စိတ်ကိုဆိုဆုံးမ ကံသုံးပါးနဲ့ ကာယဝစီမနောဒုစရိုက်တွေက ရှောင်ကြဉ်ပြီးတော့ ကံသုံးပါးနဲ့ သတ္တဝါအားလုံးတို့အပေါ်မှာ ထိပါးပုတ်ခတ်မှု ကင်းစင်ပြီးတော့ အာရုံငါးပါးနဲ့မစပ်၊ မြတ်တဲ့အကျင့်ကို ကျင့်ပြီးတော့နေမယ်ဆိုရင်၊ အဲဒီ သူတော်စင်ဟာ လူသူတော်စင်ဟာ ကိလေသာကို ငြိမ်းစေတတ်တဲ့ရဟန်း၊ အညစ်အကြေးမှ စင်ကြယ်တဲ့ အရိယာ၊ သံသရာဘေးကို ရှုလေ့ရှိတဲ့ရဟန်းမည်တယ်လို့ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် ဟောမြွက်ထားတာရှိတဲ့အတိုင်း၊

ယနေ့ (၂၁)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း ဝင်ကြမဲ့ ယောဂီသူတော်စင်များဟာလဲပဲ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားအတိုင်း ကိလေသာကို ငြိမ်းစေတတ်တဲ့ ရဟန်းဖြစ်ကြောင်း ကောင်းမြတ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကျင့်စဉ်အတိုင်း ဖြူစင်တဲ့အရိယာဖြစ်ကြောင်း ကောင်းမြတ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား၊ သံသရာဘေးကို ရှုလေ့ရှိတဲ့ ကောင်းမြတ်တဲ့ ရဟန်းဖြစ်ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်များ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့ နေကြမယ်ဆိုတော့ နေကြတော့မှာမို့ အဲဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်ခြင်းအားဖြင့် မိမိတို့သည် လူသူတော်စင်။

အဲဒီကနေတစ်ဆင့်တက်ပြီးတော့ **"သမဏ ဗြာဟ္မဏ၊ ဘိက္ခု"** လို့ဆိုတဲ့ သာသနာ့အမည်ကောင်းများ အမည်တော်များ ရရှိနိုင်ပါတယ်။

http://www.dhammadownload.com



**အမြတ်ဆုံးပူဇော်ခြင်း**

အဲဒီလို ရရှိနိုင်ဖို့ရာ **"ဓမ္မာနုဓမ္မ ပဋိပတ္တိ"**- လောကုတ္တရာ တရားအားလျော်တဲ့အကျင့်။

အဲဒီ လောကုတ္တရာတရား အားလျော်တဲ့အကျင့်ဆိုတာ ဘာလဲလို့ဆိုတော့ **"ဗောဓိပက္ခိယတရား (၃၇)ပါး"** အကျင့်ပါပဲ။

လောကုတ္တရာတရား ကိုးပါးအားလျော်တဲ့အကျင့်ဆိုတာ ဗောဓိပက္ခိယတရား (၃၇)ပါး။ ယခု ကျင့်ကြံကြိုးကုတ် အားထုတ်ကြမယ့် တရားတော်များဟာလဲပဲ ဗောဓိပက္ခိယတရား (၃၇)ပါး စာရင်းဝင် မဂ်ဉာဏ်အသိုင်းအဝိုင်း တရားတော်များ ဖြစ်ပါတယ်။

အဲဒီ ဗောဓိပက္ခိယ (၃၇)ပါးအကျင့်ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်မှာစာရင်းဝင်သလဲလို့ဆိုတော့ အရိယာစာရင်းဝင်ကြတယ်။ အရိယာစာရင်း ဝင်နိုင်ပါတယ်။

အဲဒီလို အရိယာစာရင်း ဝင်နိုင်တဲ့အတွက် မိမိတို့ ယခုကျင့်ကြံကြိုးကုတ် အားထုတ်ကြမည့် (၇)ရက်တာကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ကြမည့် လုပ်ငန်းကြီးသည် မြတ်စွာဘုရားအား မှန်မြတ်သော ပူဇော်ခြင်းဖြင့် တစ်နည်းအားဖြင့် အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ရမယ့် လုပ်ငန်းကြီးပါလားလို့ စိတ်ထဲမှာ ယုံကြည်သောအားဖြင့်၊ ကိုးစားသော အားဖြင့် သူ့အချိန်နဲ့သူ ချမှတ်ထားတဲ့ စည်းကမ်းများ လိုက်နာပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ အားထုတ်ကြပါလို့ ဆုတောင်း တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်ပါတယ်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လဆန်း (၁)ရက်နေ့၊ (၂၁)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်း။

## စကား (၂)မျိုး ပြောကြဆိုကြ

ဒီနေ့ သုံးလောကထွဋ်ထား မြတ်ဘုရား သာကေတမြို့၊ သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်တဲ့ "အဉ္စန"တောအုပ်မှာ သီတင်းသုံးတော်မူစဉ်က ကုဏ္ဍလိယခေါ်တဲ့ ပရိဗိုဇ်နှင့် တွေ့ဆုံပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်။

ကုဏ္ဍလိယ ပရိဗိုဇ်ဟာ သူကငြိမ်ငြိမ်နေတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ ပရိသတ်ထဲ ကျင်လည်ကျက်စားပြီးတော့ ဥယျာဉ်တစ်ခုနဲ့တစ်ခု ကူးသန်းပြီး လူစည်စည်ရှိရာ ရောက်နေတဲ့ပုဂ္ဂိုလ်၊

အဲလို လူစည်စည် ပရိဗိုဇ်တွေ များများရှိတဲ့နေရာကို ရောက်ပြီးနေတော့ သူက မြတ်စွာဘုရားကို ဘာလျှောက်သလဲဆိုတော့။

မြတ်စွာဘုရား တပည့်တော်ဟာ ပရိသတ်ထဲ ကျင်လည်ကျက်စားပြီးတော့ ဥယျာဉ်တစ်ခုကတစ်ခု၊ အရမ်တစ်ခုကတစ်ခု စင်္ကြံန်လျှောက်လိုက် သွားလိုက်နဲ့ နေပါတယ်ဘုရား။

အဲဒီလိုနေတဲ့အခါမှာ ပရိဗိုဇ်တွေ၊ ဗြာဟ္မဏတွေ တွေ့ပါတယ်ဘုရား။ သူတို့တတွေဟာ စကားနှစ်မျိုးပဲ ပြောနေကြပါတယ်။

အဲဒီ စကားနှစ်မျိုးက ဘာလဲဆိုတော့-

- သူတစ်ပါးကဝါဒနဲ့ တင်စီးပြီးတော့ ပြောဆိုရင် ဒို့အဲဒီဝါဒကို ဘယ်လိုချေပမယ်။ သူတစ်ပါးတင်စီးတဲ့ ဝါဒလွတ်မြောက်ဖို့ပဲ ရည်ရွယ်ပြီးတော့ စကားတစ်မျိုး ပြောကြပါတယ်ဘုရား။

http://www.dhammadownload.com



နောက်တစ်မျိုးကတော့-

- ဘယ်သူတွေ့လို့ရှိရင် ဘယ်လိုမေးလိုက်မယ်။ အဲဒီမေးခွန်းရဲ့ လျှို့ဝှက်ချက်တွေက ဘာ။ အဲဒီလို သူတစ်ပါးနဲ့တွေ့လို့ရှိရင် မေးခွန်းတွေ မေးပြီးတော့ ထိပါးချုပ်ခြယ်ဖို့ရာ စကားမျိုး။

အဲဒီ စကားနှစ်မျိုးပဲ မြှော်ကိုးပြီးတော့ ပြောဆိုနေတာ တွေ့ရပါတယ်ဘုရား။

## ဝိဇ္ဇာ – ဝိမုတ္တိ

မြတ်စွာဘုရားကတော့ ဘယ်လိုအကျိုးအာနိသင်တွေများ မျှော်လင့်ပြီးတော့ နေပါသလဲဘုရားလို့ လျှောက်ထားတဲ့အခါကျတော့။ မြတ်စွာဘုရားက-

ကုဏ္ဍလိယ ပရဗိုဇ် ငါကတော့ ဝိဇ္ဇာ/ဝိမုတ္တိ အကျိုးအာနိသင်ရှိပြီးတော့-

- ဝိဇ္ဇာခေါ်တဲ့ မဂ်ဉာဏ်လေးပါး၊ အသိဉာဏ်လေးပါး၊
- ဝိမုတ္တိခေါ်တဲ့ ကိလေသာတို့မှ လွတ်မြောက်ခြင်းလေးပါး၊ "ဖိုလ်လေးပါး"

ဝိဇ္ဇာမဂ်ဉာဏ် (၄)ပါး၊ ဝိမုတ္တိဖိုလ်ဉာဏ် (၄)ပါးကိုပဲ အကျိုးအာနိသင် အထွဋ်အမြတ်ထားပြီးတော့ ပြောတယ်၊ ဆိုတယ်၊ နေတယ်၊ ထိုင်တယ်လို့။

အဲဒီလို မြတ်စွာဘုရား မိန့်ကြားပြီးတော့ ဆက်ပြီးမိန့်ကြားတာက-

## ဝိဇ္ဇာ ဝိမုတ္တိရဲ့အခြေခံ

အဲဒီ ဝိဇ္ဇာခေါ်တဲ့ မဂ်ဉာဏ် (၄)ပါး၊ ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ် (၄)ပါး ရရှိဖို့ရာက ဘာကိုအခြေခံသလဲလို့ဆိုတော့ ဗောဇ္ဈင် (၇)ပါး။

http://www.dhammadownload.com



ဗောဇ္ဈင်ဆိုတာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးလတ့်ဖြစ်တဲ့ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်များ ပြည့်စုံရမယ့်အချက်အလက်တွေကို ဗောဇ္ဈင်လို့ ဒီလိုခေါ်ပါတယ်။

တစ်နည်းအားဖြင့် သစ္စာလေးပါး သိလတ့်ဖြစ်တဲ့ပုဂ္ဂိုလ်၊ သိတော့မည့်ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်များ ပြည့်စုံရမည့် အချက်အလက်တွေကို ဗောဇ္ဈင်္ဂ- ဗောဇ္ဈင်လို့ ခေါ်ပါတယ်။

အဒီ ဗောဇ္ဈင်က (၇)မျိုးရှိပါတယ်။ အခု ယောဂီများ အားထုတ်နေတာဟာ သတိသမ္ဗောဇ္ဈင်္ဂါဆိုတဲ့ ရှေးဦးစွာ ဟောကြားတော်မူအပ်တဲ့ သတိသမ္ဗောဇ္ဈင်။

သတိသည် ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးလတ့်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ ပြည့်စုံရမယ့် အချက်အလက်အင်္ဂါတစ်ရပ်ပါပဲ။

သစ္စာလေးပါး သိလတ့်ဖြစ်တဲ့၊ ယောဂီသူတော်စင်ရဲ့ ပြည့်စုံရမဲ့ အချက်အလက်တစ်မျိုးပဲ။ အဲဒီတော့ သတိသမ္ဗောဇ္ဈင်အစ (၇)ပါးသော ဗောဇ္ဈင်တွေဟာ အဲဒီစောစောကပြောတဲ့ ဝိဇ္ဇာမဂ်ဉာဏ်လေးပါး။

ဝိမုတ္တိဖိုလ်ဉာဏ်လေးပါးတို့ကို ရဖို့ရာဖြစ်ပါတယ်။ အဲဒီ ဗောဇ္ဈင် (၇)ပါးတို့က ဘာကိုအခြေခံသလဲလို့ဆိုတော့ သတိပဋ္ဌာန် (၄)ပါးကို အခြေခံပါတယ်။

**ဗောဇ္ဈင်ရဲ့အခြေခံက သတိပဋ္ဌာန်**

သတိပဋ္ဌာန် (၄)ပါး မိမိမှာရှိရင် ဗောဇ္ဈင် (၇)ပါး မိမိမှာရှိနိုင်ပါတယ်။ အဲဒီ သတိပဋ္ဌာန် (၄)ပါးထဲမှာက ကာယာနုပဿနာ သတိပဋ္ဌာန်။

ကာယခေါ်တဲ့ ရုပ်အစု၊ နာမ်အစုထဲကမှ ဝါယောဆိုတဲ့ရုပ်ကို ထွက်လေ ဝင်လေဆိုတဲ့ရုပ်ကို ထုတ်နှုတ်ပြီး အမြဲမပြတ်ရှုမှတ်ခြင်းဆိုတဲ့ **"ကာယာနုပဿနာသတိပဋ္ဌာန်"**။

http://www.dhammadownload.com



အဲဒီ သတိပဋ္ဌာန် ဖြစ်ပွားလို့ရှိရင် အခြားသတိပဋ္ဌာန် (၃)ပါးလဲ ဖြစ်နိုင်တယ်။ အဲဒီ သတိပဋ္ဌာန် (၄)ပါး ဖြစ်ပွားလို့ရှိရင် ဗောဇ္ဈင် (၇)ပါးလဲ ဆင့်ကဲဆင့်ကဲ ဖြစ်ပွားနိုင်တယ်။

**သတိပဋ္ဌာန်ရဲ့အခြေခံက သုစရိုက်**

အဲဒီ သတိပဋ္ဌာန်(၄)ပါးက **သူကကောဘာ**ရှိမှ ဖြစ်နိုင်သလဲလို့ ဆိုတော့ သုစရိုက်တရား (၁၀)ပါး၊ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနော သုစရိုက်တွေ ရှိမှဖြစ်တယ်။ သုစရိုက်ဆိုတာ ကောင်းတဲ့လုပ်ငန်းပါပဲ။

ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ကာယသုစရိုက် (၃)ပါး။ ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်ခြင်းလို့ခေါ်တဲ့ ဝစီသုစရိုက် (၄)ပါး။ မနောဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်ခြင်းခေါ်တဲ့ မနောသုစရိုက် (၃)ပါး။ ဒုစရိုက်ဆိုတာ မကောင်းတဲ့လုပ်ငန်းပါပဲ။ ကာယ- ကိုယ်၊ ဝစီ- နှုတ်၊ မနော- စိတ်လို့ ဘာသာပြန်ရပါတယ်။ ကာယဒုစရိုက်ဆိုတာ ကိုယ်နဲ့ပြုတဲ့ မကောင်းတဲ့လုပ်ငန်းပါပဲ။

ယောဂီသူတော်စင်များ စဉ်းစားပြီးတော့ ကြည့်ကြရအောင် မိမိတို့သည် ကာယဒုစရိုက် "သက်သတ်ခိုးမှု၊ ကာမေသု၊ ရှောင်မှု ကာယကံ" သူတစ်ပါးအသက်ကို သတ်ဖြတ်မှုမရှိဘူး။ သူတစ်ပါးဥစ္စာကို ခိုးမှုမရှိဘူး။ ယင်္ဖမျိုးငါးပါးနှင့်တကွ ကာမေသုမိစ္ဆာစာရ မရှိဘူး။ မရှိတော့ ကာယ သုစရိုက် ပြည့်စုံတယ်။

"မုသားဆိုပြော၊ ကုံးချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက် ခြိမ်း၊ အပြိန်းစကား၊ ရှောင်ကြဉ်ငြား၊ လေးပါးဝစီကံ"။ မုသားဆိုပြော ခြင်းမှလဲ ကင်းတယ်။ ကုံးချောရန်တိုက်ခြင်းမှ ကင်းတယ်။ ဆဲရေးတိုင်းထွာ ခြင်းမှ ကင်းတယ်။ အကျိုးမရှိ စကားပြောဆိုခြင်းမှ ကင်းတယ်။

ဝစီဒုစရိုက် (၄)ပါးမှ ကင်းတဲ့အတွက် ဝစီသုစရိုက်နဲ့လဲ ပြည့်စုံ တယ်။ "သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု၊ သူ့သက်ဇီဝေ သေစေချင်ဟူ၊ အယူမှောက်မှား ကင်းစင်ငြား မှတ်သားမနောကံ"၊ "သူ့ဥစ္စာကို၊

http://www.dhammadownload.com



ပိုင်ဆိုင်လိုမှု၊ အဘိဇ္ဈာ"။ သူတစ်ပါးဥစ္စာကို ငါ့ဥစ္စာ ဖြစ်ရင်ကောင်းမှာဘဲလို့ စိတ်ထဲကဖြစ်နေတဲ့ ဒုစရိုက်၊ အဘိဇ္ဈာဒုစရိုက်၊

သူတစ်ပါးအသက်ကို သေစေချင်တဲ့ ဗျာပါဒ။ စိတ်ထဲက ဖြစ်နေတဲ့ ဒုစရိုက်၊

"အယူမှောက်မှား" နတ္ထိဒိန္နံ- ပေးတာ လှူတာ အကျိုးမရှိ၊ အစရှိတဲ့ (၁၀)မျိုးသော အယူတို့မှ အယူမှားကြီးတွေကနေပြီးတော့ လွတ်ကင်းတယ်။ အဲဒီလို မနောဒုစရိုက် (၃)ပါးမှ လွတ်ကင်းတဲ့ မနောသုစရိုက် (၃)ပါးနှင့်လဲ ပြည့်စုံတယ်။

အဲဒီသုစရိုက် (၁၀)ပါးသည် သတိပဋ္ဌာန် (၄)ပါးရဲ့ အခြေခံ အကြောင်းရင်းပါဘဲ။

အဲဒီတော့ ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက် (၄)ပါး၊ မနောသုစရိုက် (၃)ပါး၊ သုစရိုက်တရား (၁၀)ပါး။ အဲဒီလို ဒုစရိုက်တရား (၁၀)ပါးမှ ရှောင်ရှားပြီးတော့ သုစရိုက်တရား (၁၀)ပါးတို့ မိမိသန္တာန်မှာ ဖြစ်ပွားနေရခြင်းသည် ဘာကိုအခြေခံသလဲလို့ဆိုတော့ -

## သုစရိုက်တွေဖြစ်လာရတာ တံခါးလုံလို့ပါပဲ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ တံခါးကြီးတွေ လုံအောင်ပိတ်ထားပြီးတော့ ထားနိုင်လို့ရှိရင် ဒုစရိုက်တရားတွေ မဖြစ်နိုင်ပါဘူး။ အဲဒီမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ တံခါးကြီး ခြောက်ပေါက်လုံအောင်မပိတ်နိုင်လို့ရှိရင် သူခိုးတွေဝင်ချင်ဝင်မယ်။ ဓားပြတွေ ဝင်ချင်ဝင်မယ်။

မိမိ ခန္ဓာကိုယ်တည်းဟူသော အိမ်ကြီးမှာ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့သူခိုးတွေ၊ ဓားပြတွေဝင်လိမ့်မယ်။ ဖျက်ဆီးလိမ့်မယ်။ ဒါကြောင့် -

http://www.dhammadownload.com



သံသာရဒုက္ခ ကန္တာရာ
ကိလေသာ စောရပီဠိတံ။
ခေမန္တဘူမိ ပါပေသိ၊
သတ္ထဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု ဝေါ ဇယမင်္ဂလံ။

ဝိနာယကော - နတ်လူပြဟ္မာ သတ္တဝါတို့၏ ရှေ့ဆောင်လမ်းပြ ဖြစ်တော်မူသော၊ သတ္ထဝါဟော - လှည်းမှူးကြီးသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သံသာရဒုက္ခ ကန္တာရာ- သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ခရီးခဲကြီးမှ၊ ကိလေသ စောရပီဠိတံ- ကိလေသာသူခိုးတို့သည် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်အပ်သော လောကသားအားလုံးကို၊ ခေမန္တ ဘူမိ- ငြိမ်းချမ်းရာ ငြိမ်းချမ်းရေးနယ်မြေသို့၊ ပါပေသိ- ရောက်စေတော်မူ ခဲ့လေပြီ။ ပါပေသိ၊ ရောက်အောင်နည်းလမ်းပြတော်မူခဲ့လေပြီ။ ဧတေန သစ္စဝဇ္ဇေန -ဤသို့မှန်ကန်သော သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ ဝေါတုမှာကံ- သင်ယောဂီသူတော်စင်အပေါင်းတို့အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်၊ ဟောတု - မုချမသွေ ဖြစ်ပါ စေသတည်း။

သာဓု - သာဓု - သာဓု

သံသရာခရီးရှည်ကြီးသွားပြီးတော့ နေကြတော့ မိမိတို့ ခန္ဓာကိုယ်တည်းဟူသော အိမ်ကြီး၊ လောကသားအားလုံး လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ ကိလေသာ သူခိုးတွေ အမြဲတမ်း ဝင်ရောက် နှောက်ယှက်ပြီးတော့ ဤခန္ဓာကိုယ်တည်းဟူသော အိမ်ကြီးမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ တံခါးခြောက်မျိုး၊ အဲဒီ တံခါးခြောက်မျိုးကို လုံအောင်မပိတ်နိုင်လို့ရှိရင် မိမိတံခါး မိမိလုံခြုံအောင် မထားနိုင်လို့ရှိရင် လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာသူခိုးတွေ ဝင်ရောက်ဖျက်ဆီးနိုင်တယ်။

http://www.dhammadownload.com



အဲဒီလို ဝင်ရောက်ဖျက်ဆီးနေတဲ့ ကိလေသာသူခိုးတွေ ဝင်ရောက်ဖျက်ဆီးနေတဲ့ လောကသားတွေကို မြတ်စွာဘုရားက အဲဒီ ကိလေသာသူခိုးတွေ ညှင်းပန်းနှိပ်စက်မှုမရှိရာ ငြိမ်းချမ်းရေးနယ်မြေသို့ ရောက်အောင် ပို့ဆောင်တော်မူခဲ့တယ်။

ဣန္ဒြိယသံဝရသီလနဲ့ လုံအောင်ပိတ်ရမှာပါ။

ဣန္ဒြိယသံဝရသီလ ဆိုတာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ တံခါးခြောက်ပေါက် မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်ခေါ်တဲ့ ဒွါရခြောက်မျိုး ရှိပါတယ်။

အဲဒီဒွါရခြောက်မျိုးမှာ အာရုံခြောက်ပါး၊ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ ရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ စိတ်၊ စေတသိတ်၊ ရုပ်နာမ်အကြွင်း ပညတ်အများ ဤငါးပါးမှတ်သား ဓမ္မာရုံဆိုတဲ့ အဲဒီအာရုံ ခြောက်ပါးနဲ့ တွေ့ကြကြုံကြဆုံကြတဲ့အခါမှာ လောကသား အားလုံး ဟောဒီ (၆)မျိုးမှာပဲ ရှုပ်နေကြတာကိုး၊ ရှုပ်နေကြတယ်။ ဘယ်နိုင်ငံဖြစ်ဖြစ်၊ ဘယ်လူမျိုးဖြစ်ဖြစ် ဒီ (၆)မျိုးနဲ့ဘဲ ကောင်းတယ်၊ မကောင်းဘူး။ သဘောကျတယ် မကျဘူး။ ရှုပ်ထွေးပွေလီနေတယ်။

စက္ခုပသာဒနဲ့ ရူပါရုံထိခိုက်လာကြတဲ့အခါ "စက္ခုနာ ရူပံဒိတွာ" စက္ခုပသာဒနဲ့ရူပါရုံ အဲဒီလိုတွေ့ဆုံလာပြီဆိုရင် သဘောမကျတဲ့အခါ မိမိသဘောမကျတဲ့ အနိဋ္ဌာရုံတွေ့တဲ့ အခါတစ်မျိုး၊ သဘောကျတဲ့ အလိုရှိတဲ့ ဣဋ္ဌာရုံတွေ့တဲ့အခါတစ်မျိုး။

သဘောကျတဲ့အဆင်းမျိုးစုံ ရူပါရုံ သဘောမကျတဲ့ အဆင်းမျိုးစုံ ရူပါရုံ ကြုံတဲ့အခါ ဒီသီလနဲ့ ပြည့်စုံတဲ့, တံခါးလုံတဲ့ပုဂ္ဂိုလ်က မိမိအလို ရှိအပ်တဲ့ အာရုံကောင်းပါလေ့ဆိုတဲ့ အာရုံတွေ့ပေမဲ့ မမက်မောဘူး၊ စိတ်ကလဲ မရွှင်ပြဘူး။ ရာဂလဲမဖြစ်ဘူး။ ငန်းငန်းမတက်ဘူး။

မိမိမကြိုက်တဲ့အာရုံတွေ့သော်လဲပဲ နှလုံးမသာမယာမဖြစ်ဘူး၊ ကိလေသာနဲ့စိတ်က တွဲပြီးတော့ မဖြစ်ဘူး၊ အဒီနမာနသော ခေါ်တဲ့ ဆင်းရဲတဲ့ စိတ်လဲဖြစ်မနေဘူး။

http://www.dhammadownload.com



ပြီးတော့ ဒေါသနဲ့ယှဉ်တဲ့စိတ်လဲမဖြစ်ဘူး။ အဲဒီလိုဖြစ်ရတာ ဒါ မိမိတံခါးကို မိမိလုံအောင်ပိတ်နိုင်လို့ပါပဲ။

အဲလိုပုဂ္ဂိုလ်မျိုးရဲ့စိတ်ဟာ "တဿဋ္ဌိတောစကာယော" အဲဒီ ပုဂ္ဂိုလ်ရဲ့ နာမကာယဟာ တည်ကြည်နေတယ်။

ဋ္ဌိတံစိတ္တံ- စိတ်ကလေးဟာ အဇ္ဈတ္တသန္တာန်မှာ တည်လို့၊ သုသဏ္ဌိတံ- ကောင်းစွာတည်တယ်။

သုမုတ္တံ- ကောင်းစွာကိလေသာတို့မှ လွတ်တယ်။ ဟောစော စောကပြောတဲ့ ဣဋ္ဌာရုံတွေ့သော်လဲ မက်မောမှုမရှိ၊ ရွှင်ပြုံမှုမရှိ၊ ရာဂ မဖြစ်။ အနိဋ္ဌာရုံတွေ့သော်လဲ နှလုံးမသာမယာ မဖြစ်၊ စိတ်ဆင်းရဲမဖြစ်၊ ဒေါသမဖြစ်။

အဲဒီလိုဆိုလို့ရှိရင် အဲဒီလိုမိမိတံခါးတစ်ပေါက်ကို မိမိလုံခြုံ အောင် ထိန်းနိုင်တာနဲ့ တပြိုင်နက်ထဲ အဲဒီပုဂ္ဂိုလ်ရဲ့ နာမကာယခေါ်တဲ့ စိတ်ဟာ အဇ္ဈတ္တသန္တာန်မှာတည်တယ်။

ယောဂီသူတော်စင်များအခု (၇)ရက်စခန်း၊ အားထုတ်နေတဲ့ အချိန်အခါသမယလေးမှာ မိမိတို့ရဲ့စိတ်ဟာ အလိုရှိအပ်တဲ့ရူပါရုံ အကြောင်းပြုပြီးတော့ ကောင်းပါပေ့၊ အဆင်ပြေပါပေ့ ဆိုတဲ့ -

မက်မောမှုမဖြစ်ဘူး၊ ရွှင်ပျူမှုမဖြစ်ဘူး၊ ရာဂမဖြစ်ဘူး။ သဘော မကျတဲ့ အနိဋ္ဌာရုံကို အကြောင်းပြုပြီးတော့ စိတ်နှလုံးမသာမယာ မဖြစ်ဘူး။ သဘောမကျတဲ့ အနိဋ္ဌာရုံကို အကြောင်းပြုပြီးတော့ စိတ်နှလုံးမသာမယာ မဖြစ်ဘူး။ ဆင်းရဲတဲ့စိတ်မဖြစ်ဘူး။ ဒေါသဖြစ်တဲ့ စိတ်မဖြစ်ဘူး။

စိတ်က အဇ္ဈတ္တသန္တာန် နှာသီးဖျားမှာ ထွက်လေဝင်လေ တိုးထွက် တိုးဝင်နေတာကိုဘဲ စိတ်ကလေးကတည်ပြီးတော့ နေတယ်။ ဒီတံခါးတစ်ပေါက်လုံအောင် ပိတ်နည်းရပြီ။ နားအကြည်စသည် လာရောက်တဲ့ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ။

http://www.dhammadownload.com



လျှာအကြည်မှာ တွေ့ကြုံဆုံစည်းတဲ့အရသာမျိုးစုံ ကာယပသာဒကို အကြည်မှာ တွေ့ကြုံဆုံစည်းတဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ စိတ်အကြည်လေးမှာ ရောက်လာတဲ့ ဓမ္မာရုံ။

အဲဒီအချက်တွေနဲ့ပတ်သတ်လို့လဲ ဒီလိုပဲ အစွန်းမထွက်၊ မက်မောခြင်း၊ ရွှင်ပျခြင်း၊ ရာဂဖြစ်ခြင်း၊ နှလုံးမသာယာဖြစ်ခြင်း၊ စိတ်ဆင်းရဲခြင်းမှုဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း မရှိဘူး။

လောဘတို့ ဒေါသတို့နဲ့ မက်မောမှုတို့ ရွှင်ပြမှုတို့ ရာဂတို့မဝင်နိုင်အောင် ပိတ်ဆို့စောင့်စည်းပြီးတော့နေတတ်သွားမယ်။

## မိကျောင်းမင်းနှင့် ဗူးတောင်းပမာ

အရိယာအရှင်မြတ်ကြီးတွေရဲ့ စိတ်ကျတော့ မိချောင်းမင်းကြီးများလိုပဲ မိချောင်းများဟာ အင်မတန်ရေစီးသန်တဲ့မြစ်ထဲ ချောင်းထဲမှာ နေသော်လည်းပဲ အထက်ကို ဆန်တက်ချင်တော့လဲ လွယ်လွယ်လေး၊ ဖြတ်ပြီးတော့ ကူးချင်လို့ရှိရင်လဲ လွယ်လွယ်လေးဘဲ ရေဘယ်လောက်စီးစီး၊ ကူးနိုင်တယ်။ ဖြတ်သန်းနိုင်တယ်။

အရိယာအရှင်မြတ်ကြီးတွေရဲ့ အဆင့်ဟာ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံဆိုတဲ့ လောကဓံတွေဘယ်လောက်တိုက်တိုက် အဲဒီဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတွေကို ကျော်လွှားနိုင်ပြီ။

ဣဋ္ဌာရုံတွေ့လို့လဲ မက်မောမှု၊ ရွှင်ပျမှု၊ ရာဂမဖြစ်၊ ပုထုဇဉ်တို့ရဲ့ စိတ်ကတော့ ဘယ်လိုလဲလို့ဆိုတော့ အထဲက အဆာတွေထုတ်ပြီးတော့ ထားတဲ့ ဗူးသီးများလိုပေါ့။ အဲဒီဗူးသီးရေထည့်ဘို့ရာ အဆာ ထုတ်ထားတယ်။ အဲဒီဗူးတောင်းရေထဲ ပေါ်လောပေါ်နေတယ်။

ပုထုဇဉ်များရဲ့စိတ်ကလဲ အဲဒီလိုဘဲရူပါရုံကောင်းကောင်းလေး တွေ့ပြန်တော့ အဲဒီရူပါရုံနောက်လိုက်၊ လောကကြီးတစ်ခုလုံးကလဲ အခြားလူတွေ နှစ်သက်အောင် ရူပါရုံအမျိုးမျိုး အဆင်းရူပါရုံနဲ့ ပတ်သတ်ပြီးတော့ သက်ရှိ၊ သက်မဲ့တွေ ပြုပြင်ပြီးနေကြတယ်။

http://www.dhammadownload.com



အသံနဲ့ပတ်သတ်လို့လဲ ဒီလိုပဲ၊ အနံ့နဲ့ပတ်သတ်လို့ အရသာနဲ့ ပတ်သတ်လို့လဲ အတွေ့အထိနဲ့ပတ်သတ်လို့လဲ ဒီလိုဘဲ ပြင်လိုက် ဆင်လိုက်ကြ၊ မွမ်းလိုက်မံလိုက်ကြ။ မက်အောင်စွဲအောင် ဖန်တီးနေကြတယ်။ အဲဒီတော့ ရှုပ်နေတာကလဲ ဒီ (၆)မျိုးနဲ့ဘဲ ရှုပ်နေကြတာကိုး။

အဲဒီ (၆)မျိုးကို စိတ်နဲ့ရှုပ်တာ (၆)မျိုး၊ နှုတ်နဲ့ရှုပ်တာ (၆)မျိုး၊ ကိုယ်နဲ့ရှုပ်တာ (၆)မျိုး၊ အဲဒီလိုခြောက်မျိုးစီ ခွဲခြမ်းလိုက်တော့ (၁၈)မျိုး ဖြစ်သွားတယ်။ အဲဒီ (၁၈)မျိုးဟာ မလုံခြုံတဲ့ တံခါးတွေဖြစ်ပြီး နေတော့တယ်။

**အကျိုးများ**

ယောဂီသူတော်စင်များကတော့ အဲဒီတံခါး (၆)မျိုးကို လုံခြုံအောင် သတိစွဲယှဉ် နေကြတယ်။

**ဂုတ္တံဘိက္ခဝေစိတ္တံ မဟာတော အတ္ထာယသံဝတ္တတိ**

ဘိက္ခဝေ- ရဟန်းတို့၊ စိတ္တံ-စိတ်ကို၊ ဂုတ္တံ- သတိစွဲယှဉ် တံခါး ကျဉ်ဖြင့် တားဆင်ကာဆီးလုံခြုံစေအပ်ပြီးသည်ရှိသော်၊ မဟာတော အတ္ထာယ-အကျိုးများစွာဖြစ်ခြင်းငှာ၊ သံဝတ္တတိ-ဖြစ်၏။

ရဟန်းတို့ ဣန္ဒြေ (၆)ပါးဆိုတဲ့ တံခါးပေါက်တွေကို သတိဆိုတဲ့ တံခါးကျဉ်နှင့် လုံခြုံအောင်ပြုနိုင်မယ်ဆိုရင် အကျိုးများစွာဖြစ်ထွန်းတယ်။ အဲဒီတံခါး (၆)မျိုးကိုလဲပဲ ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ (၃)မျိုးနဲ့ မြှောက်လိုက်လို့ရှိရင် ဒီမှာလဲပဲ (၁၈)မျိုး။

အဲဒီ (၁၈)မျိုးကို အကျဉ်းခြုံးလိုက်မယ်ဆိုရင် (၃)မျိုးပါပဲ။ သုံးမျိုး ဘာလဲဆိုတော့ ကာယ၊ ဝစီ၊ မနော ကိုယ်ကိုထိန်းသိမ်းမှု၊ နှုတ်ကို ထိန်းသိမ်းမှု၊ စိတ်ကိုထိန်းသိမ်းမှု သုံးမျိုးစီပဲရှိပါတယ်။ အဲဒီလို ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်၊ တစ်နည်းအားဖြင့် ကာယဒုစရိုက်၊ ဝစီဒုစရိုက် ရှောင်ကြဉ်ခြင်းတဲ့ ဝစီသုစရိုက်၊ မနောစရိုက်တို့မှ ရှောင်ကြဉ်တဲ့ မနောသုစရိုက်တွေကို မိမိတို့သန္တာန်မှာ ရရှိအောင် အားထုတ်လိုက်ရင်

http://www.dhammadownload.com



ကိုယ်နဲ့နှုတ်၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ပြီးတော့ ကိုယ်ရယ်၊ နှုတ်ရယ်ကို ထိန်းသိမ်းလိုက်တာနဲ့ တပြိုင်နက်တည်း ပါတိမောက္ခသံဝရသီလ လုံခြုံပြီးတော့ သွားပါတယ်။

မနောဒုစရိုက်တို့မှ ရှောင်ကြဉ်ပြီး မိမိသန္တာန်မှာ တည်ရှိအောင်ထားလိုက်သဖြင့် ပစ္စယသန္နိဿိတသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသုံးပါးလုံး လုံခြုံပြီးတော့သွားပါတယ်။ အဲဒီလိုနဲ့ပဲ သီလ (၄)ပါးလုံး သန့်ရှင်းစင်ကြယ်ပြီးသွားနိုင်တယ်။ အဲဒီတော့ ဣန္ဒြေ (၆)ပါး မျက်စိ၊နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ပတ်သတ်ပြီးတော့ ရူပါရုံ၊ သဒ္ဒါရုံ အစရှိတဲ့ အာရုံ (၆)ပါး ဝင်လာတဲ့အခါမှာ တွေ့ကြုံဆုံဆည်းပြီးတွေ့လာတဲ့အခါမှာ မက်မောမှု မဖြစ်အောင်၊ ရွှင်ပြုမှုမဖြစ်အောင်၊ ရာဂမဖြစ်အာင်၊ နှလုံးမသာမယာမဖြစ်အောင် စိတ်ဆင်းရဲမှု မဖြစ်အောင် ဒေါသမဖြစ်အောင်၊ ထိန်းသိမ်းနိုင်မယ်ဆိုရင် သုစရိုက်တရားတွေ ဖြစ်ပြီး အလိုလိုလုံခြုံပြီးတော့ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် တွေဖြစ်ပွားနိုင်ပါတယ်။

**အဆင့်ဆင့်**

အဲဒီလို ကာယ၊ ဝစီ၊ မနော သုစရိုက်တရားတွေ မိမိသန္တာန်မှာ ဖြစ်ပွားလို့ရှိရင် သတိပဋ္ဌာန် (၄)ပါး ဖြစ်ပွားနိုင်တယ်။ သတိ ပဋ္ဌာန် (၄)ပါးဖြစ်အောင် ပွားနိုင်ပါက ဗောဇ္ဈင် (၇)ပါး ဖြစ်ပွားနိုင်ပါတယ်။ ဗောဇ္ဈင် (၇)ပါး ဖြစ်ပွားရင် ဝိဇ္ဇာခေါ်တဲ့ အသိဉာဏ်၊ မဂ်ဉာဏ်လေးပါး၊ ဝိမုတ္တိခေါ်တဲ့ ဖိုလ်ဉာဏ် (၄)ပါး ဖြစ်ပွားနိုင်ပါတယ် လို့-

**ဥပမာလေးမျိုးနဲ့ ဒေသနာတော်ကို ချီးကျူး**

ကုဏ္ဍလိယပရိဗိုဇ်ကို မြတ်စွာဘုရားက ဟောကြားလိုက်တဲ့ အခါမှာ -

ကုဏ္ဍလိယ ပရိဗိုဇ်က-

http://www.dhammadownload.com



"အဘိက္ကန္တံ ဘောဂေါတမ၊ အဘိက္ကန္တံ ဘောဂေါတမ"

"အရှင်ဂေါတမ သိပ်ကောင်းပါတယ်ဘုရား၊ အလွန် သဘောကျပါတယ်ဘုရား၊ အလွန်အကျူး အထူးနှစ်သက် ဖွယ်ဖြစ်ပါပေတယ်ဘုရား" တဲ့-

ဥပမာလေးမျိုးနဲ့ပဲ ဆက်ပြီးတော့ ဒေသနာတရားတော်ကို ချီးကျူးတယ်။ အဝဦးစောက်မှောက်ထားတဲ့အိုးကို လှန်ပြီးပြသလို၊ တစ်စုံတခု အရာဝတ္ထု နဲ့ ဖုံးလွှမ်းထားတဲ့ ပစ္စည်းတစ်ခုကို ဖွင့်လှစ်ပြသလို မျက်စေ့လည် လမ်းမှားသူအား လမ်းမှန်ကိုပြလိုက်သလို၊ အမိုက် အမှောင်ထဲမှာ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကိုမြင်ရအောင် ဆီမီးညှိထွန်း ပြလိုက်သလိုပါပဲဘုရား။

**ဧဝမေဝံ ဘောတာ ဂေါတမေန အနေကပရိယာယေန ဓမ္မောပကာသိတော**

ဧဝမေဝံ- ဤဥပမာလေးမျိုး အတိုင်းသာလျှင်၊ ဘောတာ ဂေါတမေန- အရှင်ဂေါတမသည် အနေကပရိယာယေန ပရိယာယ် အမျိုးမျိုးအကြောင်း အမျိုးမျိုးဖြင့်၊ ဓမ္မော- တရားတော်ကို၊ ပကာသိတော-ပြတော်မူအပ်ပါပြီ၊ ဟောတော်မူအပ်ပါပြီ။

**သရဏဂုံမှုတည်**

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ အဆင့်ဆင့် အကြောင်း ဆက်၊ အကျိုးဆက်တရားတွေကို ကုဏ္ဍလိယပရိဗိုဇ် သဘောကျပြီးတော့ ဥပမာလေးမျိုးနဲ့ မြတ်စွာဘုရားရဲ့ ဒေသနာတွေကို ချီးမွမ်း ပြီးတော့ -

**ဧသာဟံ ဘန္တေ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ၊ ဘိက္ခုသံဃဉ္စ၊**

**ဥပါသကံ ဘဝံဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံဂတံ၊**

http://www.dhammadownload.com



အရှင်ဘုရား ဘုရား၊ တရား၊ သံဃာ ရတနာသုံးဖြာကို ကိုးကွယ်ရာဟူ၍ တပည့်တော်ဆည်းကပ်ကိုးကွယ်ပါ၏။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဆိုသလိုပါပဲ။ ယနေ့ကိုအစပြု၍ တပည့်တော်ကို ဉပါသကာအရင်းအချာဟု မှတ်တော်မူပါ။ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ ရတနာသုံးဖြာကို ကိုးကွယ်သော ဉပါသကာဟု မှတ်တော်မူပါလို့. . .

တရားပွဲအပြီးမှာ ကုဏ္ဍလိယပရိဗိုဇ် သရဏဂုံတည်သွားပါတယ်။ တရားပွဲတွေမှာ တစ်ချို့ပုဂ္ဂိုလ်တွေ သရဏဂုံလောက်ပဲ ရပ်တည်နိုင်ပါတယ်။ တစ်ချို့ပုဂ္ဂိုလ်များကျတော့ သောတာပန်၊ တစ်ချို့ပုဂ္ဂိုလ်များ သကဒါဂါမ်၊ တစ်ချို့ပုဂ္ဂိုလ်များကျတော့ အနာဂါမ်၊ တစ်ချို့ပုဂ္ဂိုလ်များကျတော့ ရဟန္တာအသီးသီး ဖြစ်ကြပါတယ်။ အခု ကုဏ္ဍလိယပရိဗိုဇ်ကတော့ သရဏဂုံတည်တဲ့ ဉပါသကာဖြစ်ရုံမျှသာ ရရှိပါတယ်။ ဘုရားနဲ့တွေ့သော်လည်းပဲ ဘာဝနာစခန်းတက်လှမ်းပြီးတော့ တစ်ဆင့်တက်ပြီးတော့ အားထုတ်နိုင်ကြတဲ့ အခြေအနေမျိုးရောက်ချင်မှ ရောက်ကြတယ်။

## အရဟတ္တဖိုလ်ကို အထွဋ်ပြုတော

မြတ်စွာဘုရားကတော့ ရှင်ဘုရင်ဟာ သားတော်သမီးတော်တွေအား ထမင်းကျွေးသလိုပါပဲ။ ရှင်ဘုရင်က သူ့သားသမီးတွေ ထမင်းကျွေးတဲ့အခါ သားတော်၊ သမီးတော်တွေကို အညီအမျှကျွေးတာပါပဲ။ သားတော်၊ သမီးတော်တွေကတော့ မိမိတို့ ခံတွင်းပါးစပ်နဲ့၊ ဝမ်းနဲ့ ချင့်ချိန်ပြီးအံကိုက် တော်ရုံပဲစားကြတာပါပဲ။ အဲဒီလိုပဲ မြတ်စွာဘုရားက တရားဒေသနာတော်တွေကို ဟောကြားတော်မူတဲ့အခါ အရဟတ္တဖိုလ်ပေါက်ရောက်ဖို့ချည်းပဲ အရဟတ္တဖိုလ်ကိုပဲ အထွဋ်ပြုပြီးတော့ ဟောကြားတော်မူပါတယ်။ တရားနာတဲ့ ပရိတ်သတ်များက ရှင်ဘုရင်ရဲ့သားတော်သမီးတော်များလို မိမိတို့ရဲ့ဉာဏ်ပါရမီနဲ့ သင့်တော်ရုံခံယူပြီးတော့

http://www.dhammadownload.com



တစ်ချို့ပုဂ္ဂိုလ်တွေက သရဏဂုံတည်တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက သောတာပန်ဖြစ်တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက သကဒါဂါမ်ဖြစ်တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက အနာဂါမ်ဖြစ်တယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက ရဟန္တာဖြစ်ကြပါတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက အထုံဝါသနာမျှဖြစ်ကြတယ်။

အခု ကုဏ္ဍလိယ ပရိဗိုဇ်မှာတော့ သရဏဂုံတည်သူ ဥပသကာအဆင့်မှာပဲ ဒီတရားပွဲမှာ သူရရှိလိုက်ပါတယ်။ သောကဒဏ္ဍတို့ကျတော့ ဝါသနာဘာဂီဆက်တိုင်း မှီရုံမျှပါပဲ။ ဒါကြောင့် ယနေ့သာကေတမြို့နယ်သားငှက်တို့အား ဘေးမဲ့ပေးပြီးတော့ ဘေးမဲ့တောဖြစ်တဲ့ အဥ္စနတောအုပ်မှာ ကုဏ္ဍိယိယပရိဗိုဇ်အား မြတ်စွာဘုရားအဆင့်ဆင့်ဟောကြားတော်မူခဲ့သလိုပဲ။

ဘုန်းကြီးတို့ ယောဂီသူတော်စင်များဟာလည်းပဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ခေါ်တဲ့ ဣန္ဒြေ (၆)ပါး တံခါးခြောက်ပေါက်အလိုအလျောက်လုံခြုံသလိုဖြစ်ပြီးတော့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့မှလဲ ရှောင်ကြဉ်ပြီးသား သုစရိုက်တရားတို့နဲ့ ပြည့်စုံနေကြပြီတဲ့ အတွက်ကြောင့် သတိပဋ္ဌာန်တရားလဲပြည့်စုံတယ်၊ သတိပဋ္ဌာန်အလုပ်ကို လုပ်နေတဲ့အတွက် စောစောကပြောတဲ့ သီလနယ်ပယ်တွေဟာ လုံခြုံပြီး တော့နေတယ်။ သတိပဋ္ဌာန်လုပ်ငန်း အခြေခံပြီးတော့ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားနိုင်တယ်။ ဗောဇ္ဈင်တရားတွေအခြေခံပြီးတော့ ဝိဇ္ဇာဉာဏ်၊ ဝိမုတ္တိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တက်လှမ်းနိုင်တယ်။ အဲဒီကတဆင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါတယ်။ ဒါကြောင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြောင်း ကောင်းမြတ်တဲ့ဗုဒ္ဓဘုရား၏ကျင့်စဉ်တို့ကို ဆက်လက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကိုနိဂုံးချုပ် အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဒုတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂-ခု၊ နတ်တော်လဆန်း (၂)ရက်နေ့-

(၂၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း

ဘုန်းကြီးတို့ ညစဉ်ညစဉ် တရားစခန်းအတွင်းမှာ တရားဟော ပြီးတော့ မြတ်စွာဘုရားမိန့်ကြားတော်မူခဲ့တဲ့ စကားတော်များကို ဖြန့်ဖြူး ပြီးတော့ နေတော့-

## (၄၄)နည်း

ယောဂီများလဲပဲ သမထအပိုင်း၊ ဝိပဿနာအပိုင်းနဲ့ ပတ်သတ် ပြီးတော့ စုံစုံလင်လင်နာကြားပြီးသားဖြစ်တယ်။ အားထုတ်တာကတော့ ကမ္မဋ္ဌာန်းတစ်မျိုးကို ဦးတည်ပြီးတော့ ကာယာနုပဿနာအပိုင်း၊ အာနာပါနဿတိအခန်း ထွက်လေ ဝင်လေမှတ်ပါ။ နှာသီးဖျားက ထွက်ခိုက်၊ ဝင်ခိုက် တိုးထွက်ဝင်တဲ့အချိန်လေးကို ဦးစားပေးပြီးတော့ ဇောင်းပေးပြီးတော့ အားထုတ်ကြရတယ်။

အဲဒီတော့ မဟာသတိပဋ္ဌာနသုတ္တန်မှာပဲ သတိပဋ္ဌာန် (၄)ပါး၊ ကာယာနုပဿာနာသတိပဋ္ဌာန်နဲ့ ပတ်သတ်လို့ (၁၄)နည်း အားထုတ်လို့ ရပါတယ်။ ဝေဒနာနုပဿနာနဲ့ ပတ်သတ်လို့ (၉)နည်း။ စိတ္တာနုပဿနာ နဲ့ ပတ်သတ်လို့ (၁၆)နည်း၊ ဓမ္မာနုပဿနာနဲ့ ပတ်သက်လို့ (၅)နည်း အားထုတ်မယ်ဆိုလို့ရှိရင်ဖြင့် (၄၄)နည်း၊ (၄၄)မျိုးထားပြီးတော့ မြတ်စွာ ဘုရား ဟောကြားတော်မူခဲ့ပါတယ်။

## တရားနာရရာမှ အဆင့်ဆင့် ဇောရှင်(၇)ပါးဖြစ်ပွားပုံ

အဲဒီ (၄၄)နည်း၊ (၄၄)မျိုးထဲက တစ်မျိုးသာ အဓိကထားပြီး တော့ အခုအားထုတ်နေကြတာပါပဲ။ အဲဒီတော့ အားထုတ်တာကတော့ (၇)ရက်တာကာလတွင်းမှာ မိမိတို့ရဲ့သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ပြီးပြည့်စုံအောင်ဆိုပြီးတော့ တစ်မျိုးပဲ အားထုတ်ကြတယ်။ ဒီ (၇)ရက်

http://www.dhammadownload.com



တာကာလအတွင်း ဘုန်းကြီးတို့က ဗောဇ္ဈင် (၇)ပါးနဲ့ ပတ်သတ်ပြီးတော့ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေကို မှီငြမ်းပြု-

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးရဲ့ မိန့်မှာချက်တွေကို မှီငြမ်းပြုပြီး လက်လှမ်းမှီသလောက် ဗောဇ္ဈင်စကားပဲ များများပြောမှာပါပဲ။ အားထုတ်ဆဲ ကမ္မဋ္ဌာန်းကို ဗောဇ္ဈင်နဲ့တိုင်းတာနှိုင်းယှဉ်ပြီး ဟောမှာပါ။ တချို့ (၇)ရက်တရားစခန်းတွေမှာ မဂ္ဂင်ဆိုမဂ္ဂင်ချည်းပဲ။ တချို့ (၇)ရက် စခန်းများမှာတော့ ဗောဓိပက္ခိယ (၃၇)ပါး ခြုံပြီး ဗောဓိပက္ခိယ (၃၇)ပါးချည်း ဆက်ပြီးတော့ ဟောခဲ့တာပါ။ ဒီ (၇)ရက် တရားစခန်းမှာတော့ ဗောဇ္ဈင် (၇)ပါးနဲ့ ဆက်စပ်တဲ့စကားတွေ၊ ဒီစကားတွေချည်းပဲ ထပ်ခါထပ်ခါနာကြားရမှာပါပဲ။

ဘုရားရှင်က -

“ရဟန်းတို့၊ သာသနာတော်မှာ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတော်တွေ သမာဓိနဲ့ ပြည့်စုံတဲ့ရဟန်းတော်တွေ, ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ ရဟန်းတော်တွေ, ဝိမုတ္တိဉာဏ်နဲ့ ပြည့်စုံတဲ့ ရဟန်းတော်တွေ, ပစ္စဝေက္ခဏာနဲ့ ပြည့်စုံတဲ့ ရဟန်းတော်တွေ ရှိတယ်။ အဲဒီရဟန်းတော်များကို သွားပြီးတော့ဖူးမျှော်ခြင်းဟာလဲ အကျိုးများပါတယ်။ ဟောတဲ့တရားနာကြားမှုပြုတာလဲ အကျိုးများတယ်။ ချဉ်းကပ်ကိုးစားမှုပြုတာလဲ အကျိုးများတယ်။ ပြီးတော့ တရားနာတာလဲ အကျိုးများတယ်။ အဖန်ဖန် အထပ်ထပ်အောင်းမေ့ဆင်ခြင်တာလဲ အကျိုးများ၊ အတုလိုက်၍ ရဟန်းပြုတာလဲ အကျိုးများတယ်။ စိတ်ကလဲ အပေါင်းအသင်းအာရုံမှ ကင်းရှင်းတယ်၊ ကိုယ်လဲ ကင်းရှင်းတယ်၊ ကိုယ်နဲ့လဲ အာရုံငါးပါးမှ ကင်းရှင်းတယ်၊ စိတ်နဲ့လဲ အာရုံငါးပါးမှ ကင်းရှင်းတယ်၊ ဟောကြားတဲ့ တရားတော်ကို အဖန်ဖန်အထပ်ထပ်အောင်းမေ့ကြံစည်တယ်။ အဲဒီလို နေမယ်ဆိုရင် ထိုယောဂီသူတော်ကောင်းမှာ ဘာဖြစ်သလဲလို့ဆိုတော့ သတိ သမ္ဗောဇ္ဈင် ဖြစ်နေတာပါပဲ။

http://www.dhammadownload.com



အခုယောဂီသူတော်စင်များ အာနာပါနသတိကမ္မဋ္ဌာန်းအားထုတ်ပုံ အားထုတ်နည်းကို ဆရာတော်များ ညွှန်ပြတယ်။ ညွှန်ပြတဲ့အတိုင်း -

"တံ ဓမ္မံ အနုဿရတိ"

ထိုတရားနည်းလမ်းကိုပဲ အဖန်ဖန်အထပ်ထပ် အောက်မေ့တယ်။ အဲဒီလို ညွှန်းပြထားတဲ့ "ထွက်လေ ဝင်လေ"ရဲ့ ထွက်ခိုက်ဝင်ခိုက်မှာ နှာသီးဖျားက တိုးဝင် တိုးထွက်တဲ့အချိန်လေးကိုပဲ အဖန်ဖန်အထပ်ထပ် အောက်မေ့၊ အဖန်ဖန်အထပ်ထပ် ကြံစည်ပြီးတော့နေတဲ့အခါ သတိသမ္ဗောဇ္ဈင် တစ်ခါထဲဖြစ်ပြီးတော့ သွားတယ်။

အဲဒီလို သတိသမ္ဗောဇ္ဈင် ဖြစ်ပြီဆိုတဲ့ အခါကျတော့ အဲဒီတရားတွေကို အဖန်ဖန်အထပ်ထပ် အောင်မေ့ဆင်ခြင်ရာမှ ဒီတရားတွေကိုခွဲခြားဝေဖန်ပြီး သိနိုင်တဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်လဲ ဖြစ်နိုင်တယ်။

တရားတွေကို ခွဲခြားဝေဖန်ပြီး သိမြင်နိုင်တဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ပြီဆိုရင် အဲဒီ သမ္ဗောဇ္ဈင် ဖြစ်ဖို့ရာ ယောဂီမှာ ဝီရိယကလဲ အလိုအလျောက် အားထုတ်ပြီးသား ဖြစ်သွားတယ်။

ဝီရိယသမ္ဗောဇ္ဈင်လဲ ယောဂီများမှာ ဖြစ်ပါတယ်။ အဲဒီလို တရားအာရုံကို အဖန်ဖန်အထပ်ထပ် အောက်မေ့၊ အဖန်ဖန်အထပ်ထပ်ကြံစည်တွေးတောပြီးတော့ တရားတွေကို ခွဲခြမ်းဝေဖန်ပြီးတော့ ဝေဖန်နိုင်လောက်တဲ့ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှာဆိုရင် ပီတိသမ္ဗောဇ္ဈင် ကျေနပ်လို့နှစ်သက်လို့ အားရလို့ သဘောကျလို့ နေပါတယ်။

အဲဒီလို ပီတိနှစ်သိမ့်မှုစိတ်နှလုံးရှိတဲ့ ခန္ဓာကိုယ်ဟာလဲပဲ ငြိမ်းချမ်းမှု ရတယ်။ စိတ်ဟာလဲ ငြိမ်းချမ်းမှုရတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်။

အဲဒီလို ကိုယ်ရော စိတ်ရော အေးချမ်းပြီဆိုမှ ဒီပုဂ္ဂိုလ်ရဲ့စိတ်ဟာ တည်ကြည်လာပြီဆိုတဲ့ သမာဓိသမ္ဗောဇ္ဈင်။ အဲလို စိတ်ကလေးတည်ကြည်ငြိမ်သက်မလှုပ်ယှက်ပြီဆိုမှ လျစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်လဲ ဖြစ်ပွားနိုင်တယ်။

http://www.dhammadownload.com



အဲဒီလို ဗောဇ္ဈင်တွေ ဗောဇ္ဈင် (၇)ပါးတရားတော်များ အဆင့်ဆင့် ဖြစ်ပွားနိုင်ခြင်းဟာ တရားနာကြားကြရလို့၊ ဖူးမျှော်ရလို့၊ ချဉ်းကပ်ရလို့ အဲဒီကနေရရှိလာတဲ့ အကျိုးကျေးဇူးတရားတွေပါလို့။

ဘုရားရှင် သီလသုတ္တန်မှာ ဟောကြားတော်မူပါတယ်။

**ဗောဇ္ဈင် (၇)ပါး ပွားရကျိုး (၇)မျိုး**

**ဧဝံ ဘာဝိတေသု ခေါ ဘိက္ခဝေ။**

**သတ္တသု ဗောဇ္ဈင်္ဂေသု ဧဝံ ဗဟုလီ ကတေသု သတ္တဖလာသတ္တာနိသံသာ ပါဋိကင်္ခါ။**

တရားအာရုံတစ်ခုခု အဖန်ဖန်အောက်မေ့ဆင်ခြင်၊ အဖန်ဖန် အထပ်ထပ်ကြံစည်ရာမှ ဗောဇ္ဈင် (၇)ပါးဖြစ်လာပုံ ဟောတော်မူပြီးတော့ ဗောဇ္ဈင်ပွားများရကျိုး (၇)မျိုးကိုလဲ အဲဒီ သီလသုတ္တန်မှာ ဆက်ဟောပါတယ်။ အဲဒီမချွတ်ရလတ့်ရမည့် အကျိုးအာနိသင် (၇)မျိုးက-

၁။ လက်ရှိမျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို ပြီးစေနိုင်တယ်။ ရဟန္တာဖြစ်နိုင်တယ်။

၂။ သေခါနီးအခါမှာ အရဟတ္တဖိုလ်ကို ပြီးစေနိုင်တယ်။ ရဟန္တာ ဖြစ်နိုင်တယ်။

၃။ အောက်ပိုင်းသံယောဇဉ်(၅)ပါးတို့ ကုန်ခမ်းတဲ့အတွက် သက်တန်းရဲ့အလယ်မှာ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုရသော အန္တရာပရိနိဗ္ဗာယီမည်တဲ့ အနာဂါမ်ဖြစ်နိုင် ပါတယ်။

၄။ အောက်ပိုင်းသံယောဇဉ် (၅)ပါးတို့ ကုန်ခမ်းတဲ့အတွက် သက်တန်းရဲ့ ထက်ဝက်ကျော်လွန်ခါ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတဲ့ ဥပဟစ္စပရိနိဗ္ဗာယီ မည်တဲ့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com



၅။ အောက်ပိုင်းသံယောဇဉ် (၅)ပါး ကုန်ခမ်းတဲ့အတွက် ပယောဂ လုံ့လမပါပဲ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်ပြုတဲ့ အသင်္ခါရပရိနိဗ္ဗာယီ မည်တဲ့ အနာဂါမ် ဖြစ်နိုင်ပါတယ်။

၆။ အောက်ပိုင်းသံယောဇဉ် ကုန်ခမ်းလို့ ပယောဂလုံ့လနှင့်တကွ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတဲ့ သသင်္ခါ ပရိနိဗ္ဗာယီ မည်တဲ့ အနာဂါမ်ဖြစ်နိုင်ပါတယ်။

၇။ အောက်ပိုင်းသံယောဇဉ် (၅)ပါး ကုန်ခမ်းလို့ အထက်အထက် ဘုံဆီ အဆင့်ဆင့်တက်သွားပြီး အကနိဋ္ဌဘုံမှာ အရဟတ္တဖိုလ် ရောက် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတဲ့ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ မည်တဲ့ အနာဂါမ်ပုဂ္ဂိုလ်ဆိုတာ ဖြစ်နိုင်ပါတယ်။

**ဆင်ခြင်မှု(၄)မျိုးစီ**

အဲဒီကနေဆက်ပြီးတော့ အရှင်သာရိပုတ္တ မထေရ်မြတ်ကြီး သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ရဟန်းတော်များနဲ့ စကားစမည်ပြောနေတဲ့အခါ ဘာမိန့်သလဲလို့ဆိုတော့

ငါရှင်တို့ ငါဟာနေ့ကို အချိန်သုံးချိန်၊ နံနက်- နေ့လည်- ညနေ" ချိန်လို့ ပိုင်းလိုက်။ နံနက်အချိန်တိုင်း အချိန်တိုင်း နံနက်အခါကာလ ပတ်လုံး သတိသမ္ဗောဇ္ဈင်ကို ပွားနေမယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်အောင် ကြိုးစားမယ်။

စသည် ဗောဇ္ဈင် (၇)ပါးလုံး နံနက်အချိန်အခါမှာ မရွေ့မယိုင် စေပဲနဲ့ ပွားမယ်လို့ဆိုရင်လဲ ငါပွားနိုင်တယ်။

နေ့အခါလဲ ဒီတိုင်းပဲ။ ညနေချမ်းအချိန်လဲ ဒီလိုပဲ။ အဲဒီလို ပွားတော့ နှလုံးသွင်းမှု ဆင်ခြင်မှု (၄)မျိုးစီ ဖြစ်နိုင်တယ်။

"အပ္ပမာဏော မေ ဟောတိ" ငါပွားများနေတဲ့ သတိ သမ္ဗောဇ္ဈင်စတဲ့ တရားတွေဟာ အတိုင်းအတာမရှိ များပြားလှချေ တကား‌လို့ ဒီလိုလဲ ဆင်ခြင်မိပါတယ်။

http://www.dhammadownload.com



ပြီးတော့ "သုသမာရဒ္ဓေါတိ မေ ဟောတိ"- ငါပွားများနေတဲ့ ဗောဇ္ဈင်တရားတွေဟာ အင်မတန်ပြည့်စုံတာပဲလို့ ဒီလိုလဲ ဆင်ခြင်မိတယ်။

ပြီးတော့ "တိဋ္ဌန္တံစနံ တိဋ္ဌတီတိ ပဇာနာမိ"- ရပ်တန့်နေတဲ့ ဗောဇ္ဈင်တရားတွေကျပြန်တော့လဲ ရပ်တန့်နေပြီလို့ ဒီလိုလဲသိတယ်။

"သစေပိမေ စဝတိ၊ ဣဒပ္ပစ္စယာ မေစဝတီတိ ပဇာနာမိ"

ရွေ့လျောသွားတဲ့ ဗောဇ္ဈင်တွေကျပြန်တော့ သတိသမ္ဗောဇ္ဈင်စတဲ့တရားတွေ ရွေ့လျောရင် ဒီအကြောင်း ဒီအကြောင်းကြောင့် ရွေ့လျောတယ်လို့ ဒီလိုလဲပဲ ဆင်ခြင်နိုင်တယ်။ အချိန်မရွေးလဲ ပွားများနိုင်တယ်။

## ရောင်စုံအဝတ်တွေ ဝတ်သလို

ဥပမာအားဖြင့် ပြောမယ်ဆိုရင် မင်း၊ မင်းအမတ်ကြီးများ ရောင်စုံအဝတ်တွေကို အဝတ်သေတ္တာတစ်ခုထဲ ထည့်ထားတယ်တဲ့ အဲလို အဝတ် သေတ္တာတစ်ခုထဲ ထည့်ထားပြီးတော့ ဖြူတဲ့အဆင်းအရောင်ရှိတဲ့ အဝတ်ကို ဝတ်ချင်တယ်ဆိုရင်လဲ အလွယ်တကူ ဝတ်နိုင်တယ်။ အလွယ်တကူ ယူပြီးတော့ ဝတ်နိုင်တယ်။

ညိုတဲ့အဆင်းရှိတဲ့အဝတ်ကို ဝတ်မယ်၊ ဝတ်ချင်တယ်ဆိုရင်လဲ အလွယ်တကူပဲ ထုတ်ပြီးတော့ ဝတ်ဆင်နိုင်သလိုပါပဲ။ အချိန်တိုင်း အချိန်တိုင်းမှာ အလိုရှိတဲ့ ဗောဇ္ဈင်(၇)ပါးတို့ကို ပွားများနိုင်ပါတယ်တဲ့။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ရဟန်းတော်များကို အဲဒီလို မိန့်ကြားတယ်။

အဲဒီတော့ ယောဂီသူတော်စင်များဟာလဲ ဒီ(၇)ရက်တာ ကာလလေးအတွင်းမှာ အင်တိုက်အားတိုက် သတိသမ္ဗောဇ္ဈင် အစထားပြီးတော့ အားထုတ်ခဲ့ကြတာဆိုတော့ မိမိအားထုတ်တဲ့နေရာ ရောက်တဲ့နေရာ အချိန်တိုင်း အချိန်တိုင်းမှာ ငါဒီကမ္မဋ္ဌာန်း အားထုတ်အုံးမှပဲ။ ဆိတ်ငြိမ်မှု

http://www.dhammadownload.com



လေးရတယ်။ အခွင့်လဲသာတယ်။ အချိန်လဲရတယ်ဆိုပြီး အားထုတ်မယ် ဆိုရင် အချိန်တိုင်း အချိန်တိုင်းမှာ အားထုတ်နိုင်ခြင်းဆိုတဲ့ အခွင့်အလမ်း ရသွားကြပါလိမ့်မယ်။

**အဘယ်ကြောင့် ဗောဇ္ဈင်ခေါ်**

ဒီဗောဇ္ဈင်နဲ့ ပတ်သက်ပြီးတော့ပဲ ရဟန်းတော်တစ်ပါးဟာ မြတ်စွာဘုရားဆီ ချဉ်းကပ်ပြီးတော့ ရိုရိုသေသေရှိခိုးပြီးတော့ -

"မြတ်စွာဘုရား၊ ဗောဇ္ဈင် ဗောဇ္ဈင်လို့ ခေါ်ပါတယ်ဘုရား။ အဘယ်အကျိုးငှါ အဘယ်ကြောင့် ဗောဇ္ဈင်လို့ခေါ်ပါသလဲဘုရား။ အဘယ်မျှလောက်သော အတိုင်းအတာဖြင့် ဗောဇ္ဈင်လို့ခေါ်ပါသလဲ ဘုရား"လို့မေးတော့။

မြတ်စွာဘုရားက-

ဗောဓာယ သံဝတ္တန္တီတိခေါ ဘိက္ခု၊

တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ။

ရဟန်း၊ ဒီဗောဇ္ဈင်တရားတွေဆိုတာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားဖို့ရာလဲ ဖြစ်တယ်။ သစ္စာလေးပါးတရား သိဖို့ရာလဲ ဖြစ်တယ်။ ဒါကြောင့် ဗောဇ္ဈင်လို့ ခေါ်တာပါပဲတဲ့။

အဲဒီတော့ ဗောဇ္ဈင် (၇)ပါးကို အားထုတ်ကြတဲ့ပုဂ္ဂိုလ်များမှ ကာမာသဝခေါ်တဲ့ အာသဝေါတရား၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ခေါ်တဲ့ အာသဝေါတရားလေးပါးမှ လွတ်ကင်းပြီးတော့ သစ္စာလေးပါး တရား သိနိုင်ခြင်းဆိုတဲ့ အကျိုးအာနိသင် ရှိပါတယ်။

အဲဒါကြောင့် သစ္စာလေးပါးတရားသိဖို့ရန်ဖြစ်တဲ့အတွက်ကြောင့် ဗောဇ္ဈင်၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားဖို့ရန်ဖြစ်တဲ့ အတွက်ကြောင့် ဗောဇ္ဈင်လို့ ခေါ်ပါတယ်။

နောက်ဆက်ပြီးတော့ ဟောတာက မြတ်စွာဘုရား ကူဋာဂါရ သုတ္တန် ကူဋာဂါရဒေသနာ အထွဋ်ဖူးတင်ထားတဲ့ အိမ်တစ်ခု၊ အိမ်တစ်လုံး၊

http://www.dhammadownload.com



ကျောင်းတစ်ဆောင်၊ ပြဿာဒ်တစ်ဆောင်ဆိုကြပါစို့။

ရှိသမျှ အချဉ်ရနယ်အားလုံးဟာ အဲဒီ အထွဋ်ဆီမှာပဲ လာပြီးတော့ ဦးတိုက်စုဝေးကြရတာကိုး။

အဲဒီလိုပဲတဲ့ သတိသမ္ဗောဇ္ဈင်တရားစတဲ့ ဗောဇ္ဈင်တရားတို့ကို ဖြစ်စေတဲ့ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များဟာလဲ နိဗ္ဗာန်သို့ပဲ စိတ်ကညွတ်၊ နိဗ္ဗာန်ပဲကိုင်း၊ နိဗ္ဗာန်ပဲရှိုင်းပြီးတော့ နေနိုင်ပါတယ်။

အဲဒီတော့ ဒါနိဗ္ဗာန်ရဖို့ရန်အတွက် လမ်းစဉ်ကောင်းကြီးတွေလို့ ဒီလိုပြောရမှာပေါ့။

## ထေရ်ကြီး (၂)ပါး တရားဆွေးနွေးပွဲ

အဲဒီလိုနဲ့ပဲ ဗောဇ္ဈင်တရားကို ဆွေးနွေးရင်း စကားပြောရင်းနဲ့ တစ်နေ့ကျတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်ဥပဝါနမထေရ်မြတ်ကြီး နှစ်ပါး။ ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်းတိုက်မှာ သီတင်းသုံးတော်မူကြတယ်။

ညချမ်းအချိန်အခါလေးမှာ အရှင်သာရိပုတ္တရာက အရှင်ဥပဝါန ဆီသွားပြီး ဘာစပြီးမေးလိုက်သလဲဆိုရင်- ငါ့ရှင့်၊ ဥပဝါန အသီးအသီး သင့်တင့်အောင် နှလုံးသွင်းတဲ့အတွက်ကြောင့် ဗောဇ္ဈင်တရားတွေကို ပြည့်စုံစေတဲ့အတွက်ကြောင့် ချမ်းသာစွာနေနိုင်တာကို ငါ့ရှင်သိရဲ့လား။ ဗောဇ္ဈင် (၇)ပါးကို နှလုံးသွင်း၊ ဗောဇ္ဈင် (၇)ပါးကို ပြည့်စုံစေတဲ့အတွက် ကြောင့် ချမ်းချမ်းသာသာ ဖြစ်နေတာကို သိရဲ့လားလို့ မေးလိုက်တော့။

သိပါတယ် ငါ့ရှင်၊ ဗောဇ္ဈင် (၇)ပါးကို ပြည့်စုံအောင် ကြိုးစား မယ်ဆိုရင် ချမ်းချမ်းသာသာ နေနိုင်တာပါပဲ။

သတိသမ္ဗောဇ္ဈင်ကို ဖြစ်ပြီးတော့ စောစောကပြောသလို တရား တော်ကို အဖန်ဖန် အထပ်ထပ် အာရုံပြု၊ တရားတော်ကို အဖန်ဖန် အထပ်ထပ် ကြံစည်၊ တွေးတောပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ အသိဉာဏ်တွေ ဖြစ်ပေါ်ပြီးတော့ နေနိုင်တယ်။

http://www.dhammadownload.com



ယခု ယောဂီသူတော်စင်များ မိမိတို့ သတိသမ္ဗောဇ္ဈင်ကို အစထားပြီးတော့ သမထဘာဝနာလုပ်ငန်းကြီး အားထုတ်ပြီးတော့ နေကြတော့ ဘယ်လိုအသိဉာဏ် ဖြစ်ပေါ်လာနိုင်သလဲဆိုရင် အရှင်ဥပဝါန မထေရ်မြတ်ရဲ့စကားကိုကြည့်။

"စိတ္တဉ္စ မေ သုဝိမုတ္တံ"

ငါ၏စိတ်ကလေးဟာလဲ ကိလေသာတို့မှ လွတ်ကင်း၍နေပေ၏။ ဒီလိုလဲ သိလာမယ်။

"ထိန မိဒ္ဓဉ္စ မေ သုသမူဟင်္တံ"

ငါသည် ထိုင်းခြင်း၊ မှိုင်းခြင်း၊ ငိုက်မြည်းခြင်းကိုလဲပဲ ကောင်းစွာအားထုတ်ခါစကတော့ ငိုက်ချင်သလိုလို ရှိမှာပဲ၊ ထိုင်းသလိုလို မှိုင်းသလိုလို။

သို့သော် အရှိန်ရလာတဲ့အခါကျတော့ ထိနမိဒ္ဓကို ပယ်နှုတ်ပြီးသား ဖြစ်တယ်။

"ဥဒ္ဓစ္စ ကုက္ကုစ္စဉ္စ မေ သုပ္ပဋိဝိနိတံ"

ဥဒ္ဓစ္စ- စိတ်ကလေးပျံ့လွင့်မှု ပြာပုံထဲကို ခဲကျသလို ပြာမှုန့်တွေထဲကို ခဲကလေးပစ်ချလိုက်တဲ့အခါမှာ ပြာမှုန့်တွေ ပျံတက်သွားသလို စိတ်ကလေးဟာ မငြိမ်မသက် ဥဒ္ဓစ္စ ဖြစ်တယ်။

ကုက္ကုစ္စ- ကုသိုလ်မှုတွေကျတော့ မပြုလိုက်မိလို့ အကုသိုလ်မှုတွေကျတော့ ပြုလိုက်မိလို့ စိတ်ထဲမှာ နောင်တတစ်ဖန် ပူပန်ပြီးတော့ နေတဲ့ ကုက္ကုစ္စ။

ပျံ့လွင့်တဲ့ဥဒ္ဓစ္စ၊ နောင်တတစ်ဖန် ပူပန်တဲ့ ကုက္ကုစ္စ နှစ်မျိုးကိုလဲပဲ ကောင်းစွာနှိမ်နင်းပြီးလို့ ဒီလိုပဲ သိလာနိုင်တယ်။ "အာရဒ္ဓဉ္စမေဝီရိယံ"- ငါသည် ဝီရိယကို ကျေနပ်လောက်အောင် အားစိုက်အပ်ပြီးလို့လဲ သိနိုင်တယ်။ "အင်္ဂီကတွာ မနသိကရောမိ နောစလိန"- အရိုးစွဲအောင် နှလုံးသွင်းနိုင်ပြီ၊ ဆုတ်နစ်မှုမရှိတော့ဘူးလို့လဲ သိလာနိုင်တယ်။ တစ်ချိန်က အရှင်စုန္ဒက ဘုရားဟောတဲ့အတိုင်း ဗောဇ္ဈင် (၇)ပါး

http://www.dhammadownload.com



ရွတ်လျှောက်တယ်။ ဘုရားရှင်က သဘောကျတော်မူပြီး ကျန်းမာတော် မူလာတယ်။

**ကျန်းမာရေး**

အဲဒီတော့ အဲဒီ ဗောဇ္ဈင်တရား (၇)ပါးဟာ ကျန်းမာရေးအတွက် လဲပဲ အထောက်အကူပြုတဲ့တရား (၇)ပါး။

"ဓမ္မောသဓ"ခေါ်တဲ့ တရားဆေးဖြစ်တယ်။ အဲဒါကြောင့် ဗောဇ္ဈင်္ဂသုတ် ပရိတ်တရားတော် မကျန်းမမာ ဖျားနာကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီးတော့ ရွတ်ကြ ပွားကြတယ်။

သက်သေသာဓက (၃)ခုထားပြီးတော့ ဟောကြားတော်မူတဲ့ ဗောဇ္ဈင်္ဂသုတ် ပရိတ်။ တရားအားထုတ်တဲ့ ယောဂီများအတွက် အားတက်စရာက-

**"အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ"**

ယောဂီတို့သန္တာန်မှာ အခု သတိသမ္ဗောဇ္ဈင် စသည် ပွားပြီးတော့ နေတော့ အဲဒီလို ဖြစ်ပွားတဲ့ ဗောဇ္ဈင်တရားတို့ဟာ-

အဘိညာယ- ဉာဏ်ထူးဉာဏ်မြတ်တွေ ဖြစ်ပေါ်နိုင်တယ်။ သမ္ဗောဓာယ- သစ္စာတရားတွေကိုလဲ ထိုးထွင်းသိနိုင်တယ်။ နိဗ္ဗာနာယ- နိဗ္ဗာန်ထုတ်ချောက် ရောက်နိုင်တယ်။

အဲဒီလို ရည်ရွယ်ချက်ကြီးတွေနဲ့ ဟောထားတော်မူတဲ့ ဗောဇ္ဈင် (၇)ပါးတရား။ အဲဒီ ဗောဇ္ဈင် (၇)တရား လက်ကိုင်ထားပြီးတော့ ဘုရားရှင်က ဟိုဘက်ကမ်းကူးနိုင်တယ်။

ဟိုဘက်ကမ်းမှာက ဒီဘက်ကမ်းနဲ့မတူဘူး။ ဒီဘက်ကမ်းမှာ အသစ် အသစ်ဖြစ်တတ်တယ်။ အိုတာရှိတယ်။ နာတာရှိတယ်။ သေတာရှိတယ်။ ဆေးရုံရှိတယ်။ သုသာန်ရှိတယ်။ သင်္ချိုင်းရှိတယ်။ ဟိုဘက်ကမ်းမှာ အသစ်အသစ် မဖြစ်ဘူး။ လူအိုရုံ, ဆေးရုံ, သင်္ချိုင်း မရှိဘူး။

http://www.dhammadownload.com



ဒါကြောင့် ဗိုဓိပက္ခိယ (၇)ပါးကို လက်ကိုင်ထားမယ်ဆိုရင် ဒီဘက်ကမ်းကနေပြီး ဟိုဘက်ကမ်းကူးနိုင်တယ်။

သို့သော် ဟိုဘက်ကမ်းရောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ နည်းနည်းလေးပဲ ရှိနိုင်တယ်။

**အပ္ပကာတေ မနုဿေသု၊**

**ယေဇနာ ပါရဂါမိနော။**

**အထာယံ ဣတရာပဇာ၊**

**တီရမေဝါ နုဓာဝတိ။**

ယေဇနာ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ပါရဂါမိနော- ဟိုဘက်ကမ်းသို့ ကူးမြောက်နိုင်ကြကုန်၏။ မနုဿေသု- လူတို့တွင်၊ တေဇနာ- ထိုဟိုဘက် ကမ်းသို့ ကူးမြောက်နိုင်ကြကုန်သော သူတို့သည်၊ အပ္ပကာ- အနည်းငယ်မျှသာ ရှိကြပါပေကုန်၏။ အထ- ထိုမှတစ်ပါး၊ ဣတရာ- ဤမှတစ်ပါးသော၊ အယံပဇာ- သတ္တဝါအပေါင်းသည်၊ တီရမေဝ- ဤမှာဘက်ကမ်းသို့သာလျှင်၊ အနုဓာဝတိ- အစဉ်ပြေးဝင်၍ လာနေပေ၏။

ဗောဓိပက္ခိယတရား (၇)ပါး လက်ကိုင်ထားပြီးတော့ ဟိုဘက်ကမ်း ကူးနိုင်တဲ့သူဟာ နည်းနည်းလေးရယ်။

**ယေစခေါ သမ္မဒက္ခာတေ၊**

**ဓမ္မေ ဓမ္မနုဝတ္တိနော။**

**တေဇနာ ပါရမေဿန္တိ၊**

**မစ္စုဓေယျံ သုဒုတ္တရံ။**

ယေဇနာ- အကြင်သူတို့သည်၊ သမ္မဒက္ခာတေ- ကောင်းစွာ ဟောကြားတော်မူအပ်သော၊ ဓမ္မေ- တရားတော်၌၊ ဓမ္မာနုဝတ္တိနော- တရားတော်အားလျော်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပေကုန်၏။ တေဇနာ- ထိုဘုရားရှင် ဟောကြားတော်မူအပ်သော ဗောဓိပက္ခိယတရား (၇)ပါးတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြကုန်သော သူတို့သည်၊ သုဒုတ္တရံ- လွန်နိုင်ခဲသော၊ မစ္စုဓေယျံ- သေမင်းနိုင်ငံကို၊ အတိက္ကမိတွာ-

http://www.dhammadownload.com



ကျော်လွန်၍၊ ပါရံ- ကမ်းတစ်ဘက်သို့ သေချာ- ရောက်ကြကုန်လိမ့်မည်။

အနည်းငယ်သော ပုဂ္ဂိုလ်တွေ လူထဲကလူ၊ လူထဲကနည်းနည်းလေး၊ မပြောပလောက်တဲ့ လူတွေ သတိသံဝေဂရှိကြတဲ့ ပုဂ္ဂိုလ်တွေ၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဗောဇ္ဈင် (၇)ပါး တရားတော်တွေကို ကြိုးစားမယုတ် အားထုတ်ကြသဖြင့် လွန်နိုင်ခဲတဲ့ သေမင်းနိုင်ငံမှ လွန်မြောက်နိုင်တယ်။ တစ်ဖက်ကမ်းရောက်နိုင်တယ်လို့ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် စကားတို့ကို ဦးထိပ်ရွက်ပန်ဆင်ကြလျှက်-

ဟောကြားတော်မူအပ်တဲ့ သတိသမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင်တရားတို့ကို လက်ကိုင်ထားပြီးတော့ လွန်မြောက်နိုင်ခဲ့တဲ့ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီး၊အပါယ်ဘေးဆိုးကြီးတွေ လွန်မြောက်နိုင်ခဲတဲ့ သေမင်းနိုင်ငံကို လွန်မြောက်ပြီးတော့ -

ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စတုတ္ထနေ့ ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လဆန်း (၄)ရက်နေ့ . .

## ရည်ရွယ်ချက် (၇)မျိုးနဲ့

မြတ်စွာဘုရား ဗောဇ္ဈင်တရား (၇)ပါးကို ဟောကြားတော်မူတော့ ဗောဇ္ဈင် (၇)ပါးကို ရည်ရွယ်ချက် (၇)မျိုးနဲ့ဟောကြားတော်မူသလို တစ်ပါး တစ်ပါးသော ဗောဇ္ဈင်ကိုလဲပဲ ရည်ရွယ်ချက် (၇)မျိုး၊ တစ်နည်းအားဖြင့် အကျိုး (၇)မျိုးစီနဲ့ အဲဒီလိုဟောကြားတော်မူပါတယ်။

ဗောဇ္ဈင် (၇)ပါးကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဟောကြားတော်မူပါသလဲ-

၁။ နိဗ္ဗိဒါယ - ဝဋ်သံသရာမှာ ငြီးငွေ့နိုင်ဘို့ရာ၊ ငြီးငွေ့နိုင်ခြင်း အကျိုးငှာ ဟောကြားတော်မူတယ်။ ငြီးငွေ့တယ်ဆိုတာ နိဗ္ဗိဒါဉာဏ်ပါပဲ၊ အဲဒီတော့ နိဗ္ဗိဒါဉာဏ်ရဘို့ရာ အမြင်မှန်ရဘို့လိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရား "အနတ္တလက္ခဏာသုတ္တန်" ဒေသနာတော်မြတ်ကြီးကို ဟောတော်မူတဲ့ အခါမှာ . . .

> **"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ"**

ပထမအနတ္တဖြစ်ပုံကို ဟောကြားတော်မူတယ်။ နောက်ကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကို ဟောကြားတော်မူတယ်။ အဲဒီလိုဟောကြားတော်မူချက်ကို သိရှိတော်မူကြတဲ့ အရှင်မြတ်များဟာ ကျကျနနမြင်ပြီးတော့ ငြီးငွေ့တော်မူကြတယ်။ ရုပ်အပေါ်မှာ ငြီးငွေ့တယ်၊ နာမ် အပေါ်မှာငြီးငွေ့တယ်။

ရုပ်အပေါ်မှာ ငြီးငွေ့တော်မူကြတယ်၊ ဝေဒနာအပေါ်မှာ ငြီးငွေ့တော်မူကြတယ်၊ သညာအပေါ်မှာ ငြီးငွေ့တော်မူကြတယ်၊ သင်္ခါရ အပေါ်မှာ ငြီးငွေ့တော်မူကြတယ်၊ ဝိညာဉ်အပေါ်မှာ ငြီးငွေ့တော်မူကြတယ်။ အဲသလို မြတ်စွာဘုရားဟာ ဗောဇ္ဈင် (၇)ပါးကို ဟောကြားတဲ့

http://www.dhammadownload.com



နေရာမှာလဲပဲ ဝင်္ဋသံသရာ တနည်းအားဖြင့် ရုပ်တရား၊ နာမ်တရား တို့နဲ့ ဆက်စပ်ပြီးတော့ ငြိုးငွေ့ဘို့ရာအတွက် ရည်ရွယ်ပြီးတော့ ဟောကြားတော်မူတယ်။

၂။ ဝိရာဂါယ - အာသာဟုံကင်းတပ်မက်ခြင်းကင်းဘို့ရာ ဟောကြား တော်မူတယ်။

၃။ နိရောဓာယ - ဝဋ္ဋဒုက္ခခပ်သိမ်းချုပ်ငြိမ်းရန် ရည်ရွယ်ပြီးတော့ ဟောကြားတော်မူတယ်။

၄။ ဥပသမာယ - ကိလေသာမလိမ်း ငြိမ်းအေးရန် ရည်ရွယ်ပြီး တော့ ဟောကြားတော်မူတယ်။

၅။ အဘိညာယ - ဉာဏ်ထူး ဉာဏ်မြတ်ရရှိဘို့ရာ ရည်ရွယ်ပြီး ဟောကြားတော်မူတယ်။

၆။ သမ္ဗောဓာယ - သစ္စာလေးပါးတရားသိဘို့ရာ ရည်ရွယ်ပြီး တော့ ဟောကြားတော်မူတယ်။

၇။ နိဗ္ဗာနာယ - မီး (၁၁)တန်ငြိမ်းဘို့ရာ ရည်ရွယ်ပြီးတော့ ဟောကြားတော်မူတယ်။

ဒါကြောင့် ဗောဇ္ဈင် (၇)ပါးတရားကို နိဗ္ဗိဒါယအစရှိတဲ့ အကျိုး (၇)မျိုးမျှော်ကိုးပြီးတော့ ဟောကြားတော်မူခဲ့တယ်။ အဲဒီလို (၇)ပါးလုံးကို အကျိုး (၇)မျိုးရည်ရွယ်ပြီးဟောကြားသလိုပဲ - သတိသမ္ဗောဇ္ဈင် ယောဂီများအားထုတ်နေတဲ့ သတိသမ္ဗောဇ္ဈင်၊ ယောဂီများသန္တာန်မှာ ဖြစ်ပွားနေတဲ့သတိသမ္ဗောဇ္ဈင်၊ ဒီသမ္ဗောဇ္ဈင်ကိုလဲပဲ။

## ပန်ဆင်းရှင်ကြောင့် မဟုတ်

နိဗ္ဗိဒါယ၊ ဝိရာဂါယအစရှိသည်ဖြင့် အကျိုး(၇)မျိုး ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားလမ်းပြတော်မူတယ်။ တနည်းအားဖြင့် ပြောမယ်ဆိုရင် ဗောဇ္ဈင် (၇)ပါးကို တဏှာကုန်ရာလမ်းစဉ်ညွှန်းပြတော်မူတဲ့ အနေအား ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။ တဏှာကုန်ရာဆိုရာ၌ တဏှာ

http://www.dhammadownload.com



ဆိုတာဘာလဲလို့ဆိုတော့ တပ်မက်ခြင်း၊ မက်မောခြင်း၊ သူ့ကိုပင်လျှင် လောဘ၊ အဲဒီလောဘကိုပဲ သစ္စာလေးပါးကျတော့ သမုဒယသစ္စာ၊ ဒုက္ခ ဖြစ်ကြောင်း တရားပေါင်း၊ ဒုက္ခဖြစ်ဖို့ရာ တရားတွေ, ဒုက္ခဖြစ်ဖို့ရာ တရားဟာ, ဒုက္ခဖြစ်ကြောင်းတရားပေါင်းလဲ ဒုက္ခဖြစ်ဖို့တရားတွေ၊

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး၊

"ဒုက္ခဖြစ်ကြောင်းတရားပေါင်းလည်း-

**မဟာဗြဟ္မာ့ ထာဝရဟု၊ ဘုရား့တစ်သင်း မဖန်ဆင်းတည်း ထန်ပြင်းသော့သွမ်း တဏှာစွမ်းကြောင့် ဇရမ်းဗတာ၊ ဖြစ်ကြရာဟော သမုဒယော" တဲ့။**

လောကရှိရှိသမျှ ဒုက္ခတွေ၊ ရှိသမျှဆင်းရဲတွေ ရှိသမျှဆိုးကျိုးတွေ အားလုံးဟာ အခြေအမြစ်အကြောင်းရှာလိုက်တဲ့အခါ လက်သည် ရှာလိုက်တဲ့အခါ တဏှာပါတဲ့။ အဲဒီ တဏှာကို "ယာယံတဏှာ ပေါ နောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ၊ တတြတတြာ ဘိနန္ဒိနီ"

အဲဒီတဏှာက "ပေါနေဗ္ဘဝိကာ" ဘဝသစ်ကို ဖြစ်စေတတ်တယ်။ လူ့ဘဝဖြစ်တာ နတ်ဘဝဖြစ်တာ၊ ဗြဟ္မာ့ဘဝဖြစ်တာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ခေါ်တဲ့ အပါယ်ဘုံဖြစ်တာ ဒီတဏှာအခြေခံ ပါတယ်။

**"အပြစ်ဖုံးကာ အဝိဇ္ဇာ၊ တဏှာညွှတ်စေမှု၊**

**ကံသင်္ခါရ ဇနက ပစ်ချစေ့ဆော်မှု၊**

**အကြောင်းသုံးဖော် ညီစေ့သော်၊ ဖြစ်ပေါ်သန္ဓိစု။**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက ဘဝတစ်ခုဖြစ် ဘို့ရာဘဝရဲ့အပြစ်ကို ဖုံးကွယ်တတ်တဲ့ အဝိဇ္ဇာ၊ အဲဒီလို အဖြစ်ကို မသိတော့ဘူးဆိုရင် တဏှာကညွှတ်ပြီ၊ ကိုင်းပြီ။ မိမိတို့ပြုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကနေပြီးတော့ လျှော်ရာလျှော်ရာဘဝတွေမှာ ပစ်ချ လိုက်တဲ့အခါကျတော့ ဘဝပဋိသန္ဓေဆိုတာ ဖြစ်ပြီးတော့လာတယ်။

အဲဒါကြောင့်မို့ -

http://www.dhammadownload.com



"ယာယံတဏှာပေါနောဗ္ဘဝိကာ"

ယာယံတဏှာ အကြင်တဏှာသည် ပေါနောဗ္ဘဝိကာဘဝသစ်ကို ဖြစ်စေတတ်ပါ၏။ တဏှာဟာ ဘဝသစ်ကိုဖြစ်စေတတ်တယ်။ ဘဝသစ်ကို ဖြစ်စေတတ်တော့ ဘဝကိုတရားကိုယ်ကောက်လိုက်တော့ ဒုက္ခကိုကောက်ရတယ်။ ဘဝဆိုတာ ဘာလဲ ဒုက္ခပါပဲ။ ဒါကြောင့် -

"နာဟံဘိက္ခဝေဘဝံ ဝဏ္ဏေမိ၊

အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္ပိ"

ဘိက္ခဝေ- ရဟန်းတို့၊ အဟံ- ငါဘုရားသည်၊ ဘဝံ- ဘဝကို၊ နဝဏ္ဏေမိ- ချီးမွမ်းတော်မမူ။ ဘဝကိုမချီးမွမ်းဘူး၊ ဘာကြောင့်ဒုက္ခတုံး ဒုက္ခခဲကြီးကို ဘဝခေါ်တာမို့လို့ပါပဲ။ အန္တမသော- အယုတ်ဆုံးအားဖြင့်၊ အစ္ဆရာသင်္ဃာတမတ္တမ္ပိ-လက်ဖျောက်တစ်ချက်တီး အချိန်ကာလလေးမျှသော်လည်းပဲ၊ နဝဏ္ဏေမိ- ချီးမွမ်းတော်မမူ။

ဘဝကိုလက်ဖျောက်တစ်ချက်တီးအချိန်ကာလလေးလောက်တောင်မှ ငါဘုရားမချီးမွမ်းဘူး။ အဲဒီဘဝကို ဖြစ်စေတတ်တာက တဏှာ "နန္ဒီရာဂသဟဂတာ- အဲဒီတဏှာက နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ သာယာခြင်းနှင့်တကွ ဖြစ်တတ်တယ်။

"တတြတတြာ ဘိနန္ဒိနီ-ထိုထိုဘုံဘဝရောက်တဲ့ဘဝ ဆိုးသည်ဖြစ်စေ၊ကောင်းသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာမည်ဖြစ်စေ၊ ပျော်ပြီးတော့နေတတ်တယ်။ ယုတ်ညံ့တဲ့ ခွေးစသည်ဖြစ်ရလို့ ပျင်းလိုက်တာနော်။ ဘယ်ကောင်မှ မငြီးဘူး၊ ပျော်နေတယ်။ တနည်းအားဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံတွေမှာ သဘောကျတတ်တယ်။ အဲဒီလို ပျော်နေတတ်တာဟာ ဒီတဏှာရဲ့စွမ်းအင်ပါပဲ။ အဲဒီ တဏှာကုန်ရာဖြစ်တဲ့ လမ်းစဉ်ဟာ ဘာလဲ။ ဗောဓိပက္ခိယ (၃၇)ပါးအကျင့်ပါပဲ။ ဒါကြောင့် မိမိတို့ အားထုတ်နေတဲ့ ဗောဓိပက္ခိယ သတိသမ္ဗောဇ္ဈင် အစရှိတဲ့အကျင့်စခန်းသည် တဏှာချုပ်ရာ တဏှာကုန်ရာ လမ်းစဉ်ပဲ၊ တဏှာကုန်ရင် ဘယ်ရောက်မလဲ၊ နိဗ္ဗာန်ပါပဲ။

http://www.dhammadownload.com



"ယော တဿာ ယေ၀ တဏှာယ အသေသဝိရာဂ
နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော"

အဲဒီတဏှာကုန်ရာဖြစ်တဲ့ လမ်းစဉ်သတိသမ္ဗောဇ္ဈင်ကို ပွားများကြတော့ သတိသမ္ဗောဇ္ဈင်ကို ဂုဏ် (၈)မျိုး မြောက်အောင်ပွားများကြရတယ်။ သတိသမ္ဗောဇ္ဈင်ကို ပွားများကြတဲ့အခါမှာ "ဝိဝေကနိဿိတံ" နိဗ္ဗာန ကင်းဆိပ်မှုကိုလဲ မှီရမယ်၊ နိဗ္ဗာနကင်းဆိပ်မှုကို မှီတဲ့ သတိသမ္ဗောဇ္ဈင်၊ ဝိရာဂနိဿိတ၊ ရာဂကင်းတဲ့ သတိသမ္ဗောဇ္ဈင် ရာဂကင်းရာကိုမှီတဲ့ သတိသမ္ဗောဇ္ဈင်ကို ပွားများကြရတယ်။

နိရောဓနိဿိတံ- တဏှာချုပ်ခြင်းကိုမှီတဲ့ သတိသမ္ဗောဇ္ဈင်၊

ဝေါဿဂ္ဂပရိဏာမိံ- တဏှာစွန့်လွှတ်ရာနိဗ္ဗာန်သို့ ညွတ်ကိုင်းစေတတ်တဲ့ သတိသမ္ဗောဇ္ဈင်၊

ဝိပုလံ- ပြန့်ပြောတဲ့ သတိသမ္ဗောဇ္ဈင်၊

မဟဂ္ဂံ- မြတ်သည်၏ အဖြစ်သို့ရောက်တဲ့ သတိသမ္ဗောဇ္ဈင်၊

အပမာဏံ- နှိုင်းယှဉ်စရာမရှိတဲ့ သတိသမ္ဗောဇ္ဈင်၊

အဗျာပဇ္ဈံ- နိဗ္ဗာန ကင်းတဲ့အတွက်ကြောင့်ကြ စိတ်ဆင်းရဲမှုကင်းတဲ့ သတိသမ္ဗောဇ္ဈင်၊

အဲဒီ သတိသမ္ဗောဇ္ဈင်ကို ပွားများတဲ့အခါ အဲဒီလိုဂုဏ်အင်တွေနဲ့ စုံလင်အောင်ပွားများလို့ရှိရင် စောစောကပြောတဲ့ တဏှာ ကုန်ရာလမ်းစဉ်လိုက်နေရာရောက်တယ်။ ဒီလမ်းစဉ်အတိုင်း သွားနေရာရောက်ပါတယ်။

## ဖြိုခွင်းနည်း

နောက်ဆက်ပြီးတော့ မြတ်စွာဘုရားဟောတာက ဗောဇ္ဈင်တရား (၇)ပါးတို့ဟာ ရှေးကမဖြိုခွဲနိုင်တာကို ဖြိုခွဲနိုင်အောင်ဟောကြားတော်မူပါတယ်။ လောဘအတုံးအခဲ အစုအဝေးကြီးကို ဖြိုခွဲနိုင်အောင်၊ ဒေါသအတုံးအခဲအစုအဝေးကိုဖြိုခွဲနိုင်အောင်၊ မောဟအတုံးအခဲအစုအဝေးကိုဖြိုခွဲနိုင်အောင် ဒီရည်ရွယ်ချက်နဲ့ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



ယောဂီများအားထုတ်နေတဲ့ သတိသမ္ဗောဇ္ဈင်အစရှိတဲ့ ဗောဇ္ဈင်တရား၊ ဒီတရားတို့ဟာ၊ လောဘအစုအဝေးအစိုင်အခဲ၊ ဒေါသအစုအဝေးအစိုင်အခဲ၊ မောဟအစုအဝေးအစိုင်အခဲတွေကို ဖျက်ဆီးနိုင်တယ်၊ ဖြိုဖျက်နိုင်တယ်၊ ဖောက်ခွဲနိုင်တယ်၊ ထိုးထွင်း၍ သိနိုင်တယ်။ ဒီလောဘခဲ၊ ဒေါသခဲ၊ မောဟခဲတွေဟာ အင်မတန်ဖြိုဖို့ခက်တာ၊ ကမ္ဘာ့ပညာရှင်ကြီးတွေဟာ ကျောက်တောင်ကြီးတွေ အလွယ်တကူဖြိုခွဲနည်းတွေ သိကြပေမယ်လို့ ဒီလောဘ၊ ဒေါသ၊ မောဟတို့ ဖြိုခွဲဖို့ရာနည်းလမ်း ရှာလဲမရှာကြဘူး။ နည်းလမ်းလည်းမရနိုင်ဘူး၊ ဖြိုခွင်းဖို့ရာလဲပဲ မလွယ်ကူဘူး။

**မဟာဥဒါယီ**

အင်မတန်ထက်မြက်လှတဲ့ ခဲယမ်းမီးကျောက်တွေနဲ့ လူပေါင်းသိန်းသောင်း၊သန်းပေါင်းများစွာ သေကျေစေနိုင်သော်လည်း လောဘအတုံးအခဲ၊ အစိုင်အခဲတွေကို ဖြိုခွဲဖို့ရာ လက်နက်ကောင်းမရှိကြပါဘူး။ လက်နက်ကောင်းလုပ်ဖို့ပင် စိတ်မကူးကြသေးဘူး။ အဲဒါကို ဘုရားရှင်က ဗောဇ္ဈင် (၇)ပါးဆိုတဲ့ လက်နက်နဲ့ဖြိုခွင်းမယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟ အတုံးအခဲ အစုအဝေးတွေဖြိုခွဲနိုင်တယ်။ ဒါနဲ့ပတ်သတ်ပြီးတော့ မြတ်စွာဘုရား . . . သုမ္ဘတိုင်း သေဒကနိဂုံးမှာ သီတင်းသုံးပြီးတော့ နေတယ်။ အဲဒီအချိန်မှာ မဟာဥဒါယီဘွဲ့ခံ အရှင်ဥဒါယီမထေရ်မြတ် မြတ်စွာဘုရားထံမှောက်ရောက်လာတယ်။

ဘုရားရှင်လက်ထက်မှာ ဥဒါယီမထေရ်ကသုံးပါးရှိတယ်။ (၁)ကာဠုဒါယီ (၂) လာဠုဒါယီ (၃) မဟာဥဒါယီ လို့ ဥဒါယီမထေရ်က သုံးပါး၊ အဲဒီအထဲက မဟာဥဒါယီမထေရ်မြတ်ကြီးဟာ ဘုရားထံမှောက်ရောက်ပြီးရိုရိုသေသေရှိခိုးပြီး ဘာလျှောက်သလဲလို့ဆိုတော့ -

**အစ္ဆရိယံဘန္တေ အဗ္ဘုတံဘန္တေ**

http://www.dhammadownload.com



ဘန္တေ-မြတ်စွာဘုရား၊ အစ္ဆရိယံ-တရားတော်ဟာ အံ့ဩဘွယ်ရှိစွာတကား၊ (တရားတော်ဟာ အင်မတန်အံ့ဩဘွယ်ရှိပါတယ်ဘုရား) အဗ္ဘုတံဘန္တေ- မြတ်စွာဘုရား တရားတော်ဟာမဖြစ်စဖူး အထူးအသစ်ဖြစ်ပါတယ်ဘုရား၊ တပည့်တော်ဟာ မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုခြင်း၊ ရိုသေခြင်း၊ အရှက်အကြောက်ရှိခြင်း ဒီ (၄)မျိုးရှိပါတယ်ဘုရား။ မြတ်စွာဘုရားအပေါ် ကြည်ညိုခြင်း၊ ရိုသေခြင်း၊ အရှက်အကြောက်ရှိခြင်းတို့ဟာ . . . .

ဒါတွေဟာလဲ အင်မတန်ကျေးဇူးများပါတယ်ဘုရားတဲ့။

ရှေးအခါတုန်းက တပည့်တော်လူ့ဘဝနေစဉ်တုံးကတော့ မြတ်စွာဘုရားအပေါ် ကြည်ညိုမှု၊ လေးစားမှု၊ အရှက်အကြောက်ရှိမှုတွေဟာ မများပြားပါဘူးဘုရား၊ တရားတော်အပေါ်မှာရော သံဃာတော်အပေါ်မှာရော ကြည်ညိုလေးစားမှုတွေ မများပြားပါဘူးဘုရား။ တနေ့ကျတော့ မြတ်စွာဘုရားအပေါ်ကြည်ညိုမှု၊ လေးစားမှု၊ အရှက်အကြောက်တွေ ပိုမိုလာတဲ့အတွက် တပည့်တော် ဘုရားထံမှာ ရဟန်းပြုခဲ့ပါတယ်ဘုရား။

အဲဒီလို ရဟန်းပြုခဲ့တော့ ဘုရားရှင်က -

**ဣတိ ရူပံ ဣတိ ရူပဿသမုဒယော၊ ဣတိ ရူပဿအတ္ထင်္ဂမော**

"ဥဒါယီ. . ဒါကရုပ်၊ဒါက ရုပ်ရဲ့ဖြစ်ခြင်းပဲ၊ ဖြစ်ပုံပဲ၊ ဒါက ရုပ်ရဲ့ချုပ်ပုံပဲ၊ ဒါကဝေဒနာ၊ ဒါက ဝေဒနာရဲ့ဖြစ်ပုံ၊ ဒါကဝေဒနာရဲ့ချုပ်ပုံ၊ ဒါကသညာ၊ ဒါက သညာရဲ့ဖြစ်ပုံ၊ ဒါကသညာရဲ့ချုပ်ပုံ၊ ဒါက သင်္ခါရ၊ ဒါကသင်္ခါရရဲ့ဖြစ်ပုံ၊ ဒါက သင်္ခါရရဲ့ချုပ်ပုံ၊ ဒါကဝိညာဉ်၊ ဒါကဝိညာဉ်ရဲ့ဖြစ်ပုံ၊ ဒါကဝိညာဉ်ရဲ့ချုပ်ပုံ၊ ဒါကစိတ်၊ ဒါကစိတ်ရဲ့ဖြစ်ပုံ၊ ဒါကစိတ်ရဲ့ချုပ်ပုံ၊ ဝိညာဉ်ဟာစိတ်၊ စိတ်ဟာဝိညာဉ်ပါပဲ"။ ဒီအချက်အလက်တွေစုံအောင် မြတ်စွာဘုရားကဟောပါတယ်၊ မြတ်စွာဘုရားဟောကြားတော်မူပါသဖြင့် ရိုသေစွာနာကြားရပါတယ်ဘုရား။ အဲဒီလိုနာကြားပြီးတော့ ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီး အပြန်ပြန်အလှန်လှန် အဲဒီဥပါဒါ

http://www.dhammadownload.com



နက္ခန္ဓာတရားငါးပါးတို့ရဲ့ အခြေအနေတွေကို တပည့်တော်ဆင်ခြင် စဉ်းစားပွားများနေပါတယ်ဘုရား။ ပွားများပြီးတော့-

**ဣန္ဒဒုက္ခန္တိ ယထာဘူတံ အဗ္ဘညာသိံ**

ဒီရုပ်နဲ့နာမ် ဒုက္ခအမှန်ပဲလို့ တပည့်တော်သိလာပါတယ်ဘုရား။

**အယံ ဒုက္ခသ သမုဒယောတိ အဗ္ဘညာသိံ။**

ဒီလောဘဟာ ဒုက္ခဖြစ်ကြောင်းလို့ ဒီလိုပဲ သိလာပါတယ်ဘုရား။

**အယံ ဒုက္ခနိရောဓောတိ အဗ္ဘညာသိံ။**

ဤတဏှာချုပ်ရာ နိဗ္ဗာန်ဟာ ဒုက္ခချုပ်ရာပါပဲလို့ သိလာပါတယ် ဘုရား။

**အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ အဗ္ဘညာသိံ။**

ဤသီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား မဂ္ဂင် (၈)ပါး တို့ဟာ၊ ဗောဇ္ဈင် (၇)ပါးတို့ဟာ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းတွေလို့ တပည့်တော် ဒီလိုပဲသိလာပါတယ်ဘုရား။

နောက်တပည့်တော် သိတဲ့နည်းက ကျင့်စဉ်တဲ့။ ဝိပဿနာ ပွားနည်းလဲ ရပါတယ်ဘုရား။ ဝိပဿနာလမ်းစဉ်လဲ တပည့်တော် ရပါတယ်ဘုရား။

အဲဒီလို ဝိပဿနာလမ်းစဉ်ရတဲ့အလျောက် ဝိပဿနာတရားလဲ ရပါတယ်ဘုရား။ ဝိပဿနာကျင့်စဉ်လဲရ၊ ဝိပဿနာတရားလဲရပြီးတော့ တပည့်တော်ဟာ-

| | | |
|---|---|---|
| **ခီဏာဇာတိ** | - | ဘဝပဋိသန္ဓေ ကုန်ပြီ။ |
| **ဝုသိတံ ဗြဟ္မစရိယံ** | - | မြတ်တဲ့အကျင့်ကျင့်ပြီးပြီ။ |
| **ကတံ ကရဏီယံ** | - | ပြုဖွယ်ကိစ္စ ပြုပြီးပြီ။ |

**နာပရံ ဣတ္ထတ္တာယာတိ-** နောက်ထပ် မဂ်ကိစ္စအလို့ငှါ ကျင့်ဖွယ်မရှိဘူးလို့၊ အဲဒီလို ပစ္စဝေက္ခဏာဉာဏ်ထူး ဉာဏ်မြတ် ရအောင်လဲ ကြိုးစားပြီးတော့နေတော့ တပည့်တော် ဝိပဿနာလမ်းစဉ် အတိုင်း နေသွားမယ်ဆိုရင် ရလိမ့်မယ်လို့ တပည့်တော် ယုံကြည်ပါတယ် ဘုရား။

http://www.dhammadownload.com



အဲလို လျှောက်ထားတဲ့အခါကျတော့ ဆက်ပြီးတော့ သတိသမ္ဗောဇ္ဈင် ပွားများနည်း တပည့်တော် ပွားများတတ်ပါတယ်ဘုရား။ သတိသမ္ဗောဇ္ဈင် ပွားများနည်းလဲ ရပါပြီဘုရား။

ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ သမ္ဗောဇ္ဈင် ဗောဇ္ဈင် (၇)ပါးလုံး တပည့်တော် ပွားများတတ်ပါပြီဘုရား။

မကြာခင်ပဲ ပစ္စဝေက္ခဏာဉာဏ်ထူး ဉာဏ်မြတ် ဘဝပဋိသန္ဓေ ကုန်ပြီ အစရှိသည်ဖြင့် ပစ္စဝေက္ခဏာဉာဏ် ရပါလိမ့်မယ်ဘုရားလို့ လျှောက်ထား တော့ မြတ်စွာဘုရားက- "သာဓု သာဓု ဥဒါယီ။ ချစ်သား ဥဒါယီ ကောင်းပေစွ၊ ကောင်းပေစွ"လို့ မြတ်စွာဘုရားက သာဓု ခေါ်တယ်။

သင်ဟာ ဝိပဿနာလမ်းစဉ်ရတာ အမှန်ပဲ။ ဝိပဿနာဉာဏ် အမြင် တွေ့ရနေတာလဲ အမှန်ပဲ။ သတိသမ္ဗောဇ္ဈင် စတဲ့ ဗောဇ္ဈင် (၇)ပါး လုံးကို ပွားစေနိုင်တာလဲ အမှန်ပဲ။

ဒါကြောင့် သင့်မျှော်လင့်ထားတဲ့ ခီဏာဇာတိ ပဋိသန္ဓေ ကုန်ပြီ။ ဘဝပဋိသန္ဓေ ကုန်ပြီ။

ကတံ ကရဏီယံ- ပြုဖွယ်ကိစ္စ ပြုပြီးပြီ၊ အစရှိသဖြင့် ပစ္စဝေက္ခဏာ ဉာဏ်အမြင်တွေ သင်မျှော်လင့်ထားတဲ့အတိုင်း ရပါလိမ့်မယ်လို့ မြတ်စွာ ဘုရား မိန့်ကြားတော်မူတဲ့ စကားတော်ဟာ ယောဂီများအားကိုးလောက် တယ်။ ဘာကြောင့်လဲ အရှင်ဥဒါယီ မြတ်စွာဘုရားထံမှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဥပါဒါက္ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပုံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ ချုပ်ပုံ၊ ဒီကရုပ်၊ ဒီကနာမ် အစရှိသည်ဖြင့် - နာကြားပြီးတော့ အရှင် မြတ်ကြီးသိမြင်တဲ့ဝိပဿနာလမ်းစဉ်လိုဘဲ

ယခု ယောဂီသူတော်စင်များဟာလဲ တွန်းကန်လှုပ်ရှားသဘော ရှိတဲ့ ဝါယောဓာတ်၊ ဝါယောရုပ်။

ရုပ်တွေ၊ နာမ်တွေ အကုန်လုံးမဖမ်းပါဘူး။ အဓိကအားဖြင့် ရုပ် (၂၈)ပါးထဲက ဓာတ် (၄)ပါး၊ ဓာတ် (၄)ပါးထဲက ဝါယောရုပ် တွန်းကန်

http://www.dhammadownload.com



တတ်တယ်။ လှုပ်ရှားတတ်တဲ့ သဘောရှိတယ်။

ထွက်လေ၊ ဝင်လေ တွန်းကန်တယ်၊ လှုပ်ရှားတယ် သူ့သဘာဝ။ ဒါဝါယောရုပ်လို့ သိကြတယ်။ အဲဒီလို ဝါယောရုပ်ရဲ့ ဖြစ်တာလဲ ယောဂီများ သိလိုက်ကြတယ်။ ဖြစ်ပြီးတော့ ချုပ်သွားတာကိုလဲ သိလိုက်ကြတယ်။ အဲဒါကို-

**"ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော"**

ဒါကရုပ်၊ ဒါကရုပ်ရဲ့ဖြစ်စဉ်၊ ရုပ်ရဲ့ဖြစ်ပွားပုံ၊ ဒါရုပ်ချုပ်သွားတဲ့ပုံ၊ ရုပ်ရဲ့ချုပ်ခြင်းပဲ၊ သုံးချက်ပါပဲ။ တစ်ခုခုသော ရုပ်နာမ်ကို ဒီသုံးချက်နဲ့ သိအောင် ကြိုးစားရပါတယ်။

အဲဒီတော့ ထွက်လေ ဝင်လေကို ပညတ်နယ်ပယ်က ခေါ်ကြပါတယ်။ ထွက်လေ ဝင်လေလို့။

ပရမတ်နာမည်နဲ့ ခေါ်ကြတော့ "ဝါယောရုပ်" ဝါယော။ ရုပ်နာမ်တို့တွင် ရုပ်၊ ရုပ်ဆိုတာ ဘယ်လိုသဘောရှိသလဲဆိုတော့ "ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏"။ ဖောက်ပြန်တတ်တဲ့ သဘောလေးကို ရုပ်။

အဲဒီအထဲမှာ အသီးအသီး ဝါယောရုပ်လေးရဲ့ အသီးအသီး သူ့ရဲ့ လက္ခဏာကို ကြည့်မယ်ဆိုရင် တွန်းကန်တတ်တယ်။ လှုပ်ရှားတတ်တယ်။

အဲဒီ တွန်းကန်လှုပ်ရှားလေးဟာ အပြင်လေဓာတ်က တစ်မျိုး၊ အတွင်းလေဓာတ်က တစ်မျိုး။ လက်တွေ့အပြင်မှာ သိနေကြတာပဲ။

"ဒွေဓာ ဝါယောဓာတု အဇ္ဈတ္တိကာစ ဗာဟိရာစ"

ဓာတုဝိဘင်း ပါဠိတော်အရ ဝါယောဓာတု- ဝါယောဓာတ်သည်၊ ဒွေဓာ- နှစ်ပါး၊ အဇ္ဈတ္တိကာ- အတွင်းဝါယောဓာတ်၊ ဗာဟိရာစ- အပြင်ဝါယောဓာတ်။

အပြင်ဝါယောဓာတ်ဆိုတာ အရှေ့အနောက် တောင်မြောက်က လာတဲ့လေတွေ၊ ငှက်များပျံသန်းလို့ တောင်ပံခတ်တဲ့လေတွေ အဲဒီ လေတွေဟာ အမျိုးစုံပဲ အပြင်လေတွေ။

http://www.dhammadownload.com



အဲဒီ အပြင်လေတွေ ကြည့်လိုက်တဲ့အခါကျတော့ လေလေး တိုက်တယ်ဆိုတော့ သစ်ရွက်ကလေးတွေ လှုပ်တယ်၊ တွန်းကန်လို့ကိုး။ လှုပ်ရှားတယ်။

တွန်းကန်တဲ့သဘောရှိတယ်။ လှုပ်ရှားတဲ့သဘောရှိတယ်။ ဒါက အပြင်က ဗဟိဒ္ဓဝါယောဓာတ်။

**"ဓာတ် (၄)ပါးထဲက တစ်ပါးပါးကို မြင်အောင် ထင်အောင် သဘောပေါက်အောင် အားထုတ်ပြီးတော့ အရိယာပုဂ္ဂိုလ်၊ ရဟန္တာ ပုဂ္ဂိုလ်တွေ ဖြစ်သွားကြတာ မရေမတွက်နိုင်ပါဘူး။"**

ထွက်လေ ဝင်လေ ဝါယောဓာတ်ကိုပဲ ရှုမှတ်ကြပြီး လာခဲ့ကြတယ်။ အဲဒီ ဝါယောဓာတ်ကို ထွက်လေ ဝင်လေ၊ ထွက်ခိုက် ဝင်ခိုက် ဂိတ်က စောင့်ပြီးတော့ နှာသီးဖျားလေးက စောင့်ပြီးတော့ဖမ်းနေတာ အဲဒီ နှာသီးဖျားလေးမှာ တိုးထွက်၊ တိုးဝင်တဲ့ အချိန်ကလေး။

**စိတ်**

ဟော- မပြတ်အောင် မလတ်အောင် အစဉ်တစိုက် ငြိမ်နေအောင် ထားတဲ့စိတ်၊ ရှုတဲ့စိတ်။

ရှုမှတ်တဲ့စိတ်၊ အဲဒီ စိတ်ကလေးကျတော့ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက **"အာရုံယူဘိ အသိသဘော၊ စိတ်မနောကို ဝိညာဏ်ဆို၏"**။

အာရုံလဲ ယူတတ်တယ်။ အသိသဘောလေးပဲတဲ့။ အဲဒါလေးကို ဝိညာဏ်လို့လဲ ခေါ်တယ်။ မနောလို့လဲ ခေါ်တယ်။ စိတ်လို့လဲ ခေါ်တယ်။ အဲဒီတော့မှ စိတ္တဆိုတဲ့ ပါဠိကို 'စိတ်'လို့ ဘာသာပြန်တယ်။ စိတ်ဆိုတာ ဘာလဲဆိုတာ ရှင်းသွားမယ်။

အဲဒီတော့ အရှင်ဥဒါယီအား မြတ်စွာဘုရားက ဘာဟောသလဲ

ဣဒံ ဝိညာဏံ ဣဒံ ဝိညာဏဿ သမုဒယော။

ဣဒံ ဝိညာဏဿ အတ္ထင်္ဂမော။

http://www.dhammadownload.com



ဒါကစိတ်တဲ့၊ ဒါကဝိညာဉ်၊ ဒါက စိတ်ရဲ့ဖြစ်ပုံ ဝိညာဉ်ရဲ့ ဖြစ်ပုံပဲ။ ဒါက စိတ်ဝိညာဉ်ရဲ့ချုပ်ပုံပဲ။

ဝိညာဉ်ဆိုတာ ဘာလဲလို့ဆိုတော့ စိတ်၊ အဲဒီ စိတ်ကလေးတစ်မျိုးကို ခွဲခြမ်းစိတ်ဖြာလိုက်တဲ့အခါကျတော့ (၆)မျိုးလောက် ရှိပါတယ်။ ထားပါတော့။

ဝါယောဓာတ်၊ ထွက်လေ ဝင်လေ နှာသီးဖျားမှ ထွက်ခိုက် ဝင်ခိုက်ကလေး ရှုမှတ်ပြီးတော့နေတဲ့စိတ်။

အဲဒီ စိတ်ကလေးက အာရုံကိုလဲ ယူတတ်တယ်။ အသိသဘောလေးလဲ ဖြစ်တယ်။ အဲဒီစိတ်ကလေးရဲ့ ဒါမှမဟုတ် ဝိညာဉ်ကလေးရဲ့ ဒါဝိညာဉ်ပဲ၊ စိတ်ပဲလို့၊ ဒါစိတ်လေးရဲ့ဖြစ်နေပုံပဲ။ ဖြစ်သွားတာပဲ။ ဒီစိတ်ကလေး ချုပ်နေတာပဲ။

## ရုပ်နာမ်ကမ္မဋ္ဌာန်း

များများစားစားကြီး မဟုတ်တောင်မှ အဲသလောက်ဆိုရင် အခြေခံလေးရသွားမယ်။ မကြာခင် တွေ့ကြုံရမယ့် ဝိပဿနာပိုင်းမှာ အဲဒီလို ကြည့်ရမှာကိုး။ အဲဒီတော့-

**ကဿစိ ရူပကမ္မဋ္ဌာနံ ပါကဋံ၊**
**ကဿစိ အရူပကမ္မဋ္ဌာနံ ပါကဋံ။** (အဋ္ဌကထာ)

ကဿစိ- အချို့သောပုဂ္ဂိုလ်အား၊ ရူပကမ္မဋ္ဌာနံ- ရုပ်ကမ္မဋ္ဌာန်းသည်။ ပါကဋံ- ထင်ရှား၏။

ကဿစိ- အချို့သောပုဂ္ဂိုလ်အား၊ အရူပကမ္မဋ္ဌာနံ- နာမ်ကမ္မဋ္ဌာန်းသည်၊ ပါကဋံ- ထင်ရှား၏။

အချို့ပုဂ္ဂိုလ်တွေကျတော့ ရုပ်ကမ္မဋ္ဌာန်းက ထင်ရှားတယ်။ အချို့ပုဂ္ဂိုလ်ကျတော့ နာမ်ကမ္မဋ္ဌာန်း ထင်ရှားတယ်။

နာမ်ကမ္မဋ္ဌာန်း ပေးသော်လဲပဲ နာမ်၏တည်ရာ ရုပ်သိဖို့က လိုပြီးတော့ လာပြန်တယ်။

http://www.dhammadownload.com



အခုတော့ အစဆုံးပေးထားတာက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်း အခြေခံပြီးတော့ အဲဒီ ဝါယောရုပ်ကို ရှုမှတ်ပြီးတော့နေတဲ့ စိတ်ရဲ့ဖြစ်စဉ်၊ စိတ်ရဲ့ဖြစ်ပုံ၊ စိတ်ရဲ့ချုပ်ပုံကို ရှုမှတ်တဲ့အခါကျတော့ နာမ်ကမ္မဋ္ဌာန်းလဲ ပါပြီးတော့သွားတယ်။

**အလွယ်ဆုံးထင်တာက အခက်ဆုံး**

မနေ့ကပဲ ဒကာမကြီးတစ်ယောက် ပြောတယ်။ တပည့်တော် တရားမှတ်တယ်။ လေးရက် ငါးရက်မှတ်လို့ မရဘူး။ အလွယ်ဆုံးလို့ ထင်တာက အခက်ဆုံးဖြစ်နေပါတယ်ဘုရား။

ယောဂီများကတော့ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ မိမိတို့ရဲ့ စိတ်ဆိုး၊ စိတ်သွမ်း၊ စိတ်သရမ်း၊ စိတ်မိုက်၊ စိတ်တေလေ၊ စိတ်လေဖွဲကို ချည်တုပ်ပြီးတော့ထားလိုက်၊ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင် ချည်တုပ်ပြီးတော့ ထားနိုင်ပြီဆိုတဲ့ အခါကျတော့ ခက်ခဲတဲ့ လုပ်ငန်း မဟုတ်ပါဘူး။

အဲဒီလိုနည်းမျိုးနဲ့ မြတ်စွာဘုရားက တရားပေးတဲ့နေရာမှာ "တရားပျောက် ကိုယ်မှာရှာ၊ တရားရှာကိုမှာ တွေ့၊ ခန္ဓာကိုယ်ထဲမှာ တရားရှာကြတယ်"

တရားရှာတော့ ရှိသမျှ ရုပ်၊ နာမ်တွေအားလုံးမှာ လိုက်ပြီးတော့ ရှုမယ်ဆိုရင် ဘယ်ဟာမှ ရေရေရာရာ မသိရှိပဲနဲ့ ဖြစ်သွားတတ်ပါတယ်။

ဒါကြောင့်မို့ ထွက်လေ ဝင်လေဆိုတဲ့ ဝါယောရုပ်၊ ရုပ်အများထဲက ရုပ်တစ်မျိုး အဓိကထားပြီးတော့ စိတ်မှာလဲပဲ ရှုမှတ်တဲ့စိတ်၊ ထိသိစိတ်၊

အဲဒီလိုနဲ့ စွဲစွဲမြဲမြဲလေး အားထုတ်သွားမယ်ဆိုရင် အရှင်ဥဒါယီ တပည့်တော် ဝိပဿနာတရား ရပါပြီ။ ဝိပဿနာလမ်းစဉ်လဲပဲ သိပါပြီ။

မကြာခင် ပစ္စဝေက္ခဏာဉာဏ်အမြင် ပစ္စဝေက္ခဏာ ဇောတွေ ရပါလိမ့်မယ်လို့ ဖျောက်ထားသလို မိမိတို့ စွဲစွဲမြဲမြဲ အားထုတ်လာတဲ့ ထွက်လေ ဝင်လေ ဝါယောဓာတ် အခြေခံပြီးတော့။

http://www.dhammadownload.com



ဤတရားက ရုပ်၊ ဤတရားက နာမ်၊ ဒီတရားရဲ့ဖြစ်စဉ်က ဘယ်လို၊ ဒီတရားရဲ့ချုပ်ပုံက ဘယ်လိုအစရှိသည်ဖြင့် ဆက်လက်ပြီးတော့ ဝိပဿနာ အဆင့်ဆင့် ဉာဏ်အမြင် အဆင့်ဆင့် ကူးပြောက်နိုင်ပါလိမ့်မယ်။ ကူးပြောက်နိုင်ပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တိုက်တွန်းစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လဆန်း (၆)ရက်။

(၂၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၊ (၆)ရက်မြောက်နေ့။

**ရွှေရဲ့အညစ်အကြေး (၅)မျိုး**

သုံးလောကထွင်ရှထား မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့ ညွှန်ကြားချက်တွေ စကားတော်တွေ အင်မတန်များပြားပါတယ်။

အဲဒီတော့ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေထဲက နေပြီးတော့ ထိုက်တန်သလောက် ထုတ်နှုတ်ပြီးတော့ ပြောကြဆိုကြ၊ ဟောကြ ပြောကြရတယ်။

မြတ်စွာဘုရားက ဥပက္ကိလေသသုတ္တန်ဆိုတာ အညစ်အကြေးတွေကို ဟောပါတယ်။ ဟောလိုတာကတော့ စိတ်ရဲ့အညစ်အကြေး ငါးမျိုး။

အဲဒါကို ဥပမာအားဖြင့် ရွှေရဲ့အညစ်အကြေး ငါးမျိုး။ ရွှေဟာဒီအညစ်အကြေး ငါးမျိုးနဲ့ ညစ်ထေးနေပြီဆိုရင် ရွှေဟာ မနူးညံ့တော့ဘူး။

အထည်ပစ္စည်းလုပ်ရတာ မလွယ်ဘူး။ အရောင်လဲ မတောက်တော့ဘူး။ ပြီးတော့ ရွှေဆတ်ကျောက်ဆိုတာမျိုးလို ဘုန်းကြီးတို့ ဟုမ္မလင်းနယ်မှာ တစ်ပိဿာ၊ နှစ်ပိဿာရှိတဲ့ ရွှေတုံးကြီးတွေ၊ တစ်ချို့ သစ်ဖေါင်ဝါးဖေါင်မျှောတဲ့ ပုဂ္ဂိုလ်များက သစ်ဖေါင် ဝါးဖေါင်ဦးမှာ ဒီရွှေဆတ်ကျောက်တုံးကြီးတွေ တင်ပြီးတော့ ချင်းတွင်းမြစ်အတိုင်း စုံဆင်းလာကြတာ တွေ့ဘူးပါတယ်။

အဲဒီ ရွှေတုံးကြီးတွေဟာ ကျွတ်ဆတ်ဆတ်ဖြစ်ပြီးတော့ နေတယ်။ ပဘက်ုံ ခေါ်တာပေါ့။ အထည်ဝတ္ထု ပစ္စည်းများလုပ်ဖို့ရာ သိပ်ပြီးတော့ မလွယ်ဘူးတဲ့။ အညစ်အကြေးတွေ ရှိနေလို့၊ ရွှေမသန့်လို့ပေါ့။

http://www.dhammadownload.com



ရွှေရဲ့အညစ်အကြေး ငါးမျိုးက ဘာတွေလဲဆိုတော့-

၁။ သံ

၂။ ကြေး

၃။ ခဲပုတ်

၄။ ခဲမဖြူ

၅။ ငွေ

သံ၊ ကြေး၊ ခဲပုတ်၊ ခဲမဖြူ ငွေ အဲဒီ အညစ်အကြေး (၅)မျိုး ရှိနေခဲ့ရင် ရွှေဟာ မိမိလိုတဲ့အထည်ဝတ္ထုပစ္စည်း လုပ်ဖို့ခက်တယ်။

အဲဒီ အညစ်အကြေးတွေစင်တဲ့အခါ ရွှေဟာ နူးညံ့တယ်။ အထည်ဝတ္ထုပစ္စည်း ပြုလုပ်လို့လွယ်တယ်။ အရောင်လဲတောက်တယ်။ ကျွတ်ဆတ်ဆတ်လဲ မရှိတော့ဘူး။

## စိတ်ရဲ့အညစ်အကြေး (၅)မျိုး

အဲဒီလိုပဲ စိတ်ရဲ့အညစ်အကြေးဟာ ငါးမျိုး။ အညစ်အကြေး (၅)မျိုးတို့နဲ့ စိတ်ဟာလဲပဲ။ မနူးညံ့တော့ဘူး။ ကမ္မဋ္ဌာန်းအာရုံနဲ့ မသင့်တော်တော့ဘူး။ အရောင်လဲ မတောက်တော့ဘူး။ စိတ်ကလေးဟာ ကျွတ် ဆတ်ဆတ် ဖြစ်ပြီးတော့ နေတယ်။ ကျွတ်ဆတ်ဆတ်ဆိုတာ ဒီစိတ်ကလေး ဖွာစာကြဲပြီးတော့ နေတာကိုပြောတာပါ။

ဖွာစာကြဲနေတဲ့ စိတ်ဆိုတော့ အဲဒီ စိတ်ကလေးဟာ အာသဝေါ တရားတို့ ကုန်ခမ်းပြီးတော့ သို့မဟုတ် ကုန်ခမ်းလောက်တဲ့ သမာဓိမျိုးလဲ မဖြစ်နိုင်တော့ဘူး။ တည်ကြည်မှုလဲ မဖြစ်နိုင်တော့ဘူး။

အဲဒီ စိတ်ရဲ့အညစ်အကြေး (၅)မျိုးက ဘာလဲဆိုတော့။

၁။ ကာမစ္ဆန္ဒ- ကာမရာဂ

အာရုံငါးပါးကို တောင့်တလိုချင်ခြင်း၊

၂။ ဗျာပါဒ

သူတစ်ပါးကို သေကြေစေချင်တယ်။

http://www.dhammadownload.com



၃။ ထိန-မိဒ္ဓ
ထိုင်းတယ်၊ မှိုင်းတယ်။

၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စ
ပျံ့တယ်၊ လွင့်တယ်၊ နောင်တတစ်ဖန် ပူပန်တယ်။

၅။ ဝိစိကိစ္ဆာ
သို့လော သို့လော ဖြစ်တယ်။ ဘုရားဂုဏ်တော်ကစ ရှင်းရှင်း လင်းလင်းမရှိဘူး။

အဲဒီ အညစ်အကြေးတွေများ ရှိနေခဲ့လို့ရှိရင်ဖြင့် စိတ်ကလေးဟာ မနူးညံ့တော့ဘူး။ ကြမ်းတမ်းနေတယ်။ အရောင်မတောက်တော့ဘူး။ မွဲမွဲ ညစ်ညစ် ဖြစ်နေတယ်။ ကျွတ်ဆတ်ဆတ် ဖြစ်နေတယ်။ ဖွာစာကြဲ နေတယ်။

အာသဝေါတရားတို့ ကုန်ခမ်းလောက်တဲ့ သမာဓိမျိုး၊ စိတ်ရဲ့တည် ကြည်မှုမျိုး မရနိုင်တော့ဘူး။

အဲဒီ အညစ်အကြေးတွေ စင်သွားပြီးတဲ့ အခါကျတော့မှ စိတ် ကလေးဟာ နူးညံ့တယ်။ ခန့်ကျန်းတယ်။ အရောင်တောက်လာတယ်။ ဟော- ကျွတ်ဆတ်ဆတ် မဟုတ်တော့ဘူး။ ဖွာစာမကြဲတော့ဘူး။

တည်ကြည်ငြိမ်သက်ပြီးတော့နေတယ်။ အာသဝေါတရားတို့ ကုန်ခမ်းဖို့ရာအတွက် ကုန်ခမ်းလောက်အောင် စိတ်ဟာ တည်ကြည်မှု ရှိတယ်။

ဒါကြောင့် အဲဒီ စိတ်အညစ်အကြေး ငါးမျိုးတို့ စင်ပြီးတော့သွား အောင်ဆိုတော့ ရှေ့ပိုင်းက သမာဓိရအောင် သမထကမ္မဋ္ဌာန်းများ အားထုတ်ခဲ့ကြရတယ်။

**ဝိပဿနာပိုင်း**

အခုအခါ ဝိပဿနာပိုင်းရောက်လာတော့ စိတ်ကလေးရဲ့ အညစ် အကြေးစင်တဲ့ အချိန်ကျမှ ဝိပဿနာတရားက ရှုလို့ကောင်းတယ်။

http://www.dhammadownload.com



ဝိပဿနာ အထူးရှုရတယ်။ အထူးရှုလို့ကောင်းတယ်။ အဲလို ရှုတဲ့ အခါကျပြန်တော့လဲပဲ ဟော- ဘယ်လိုရှုရမလဲ။ ဘာကို ရှုရမလဲ။

ရုပ်တရား နာမ်တရားတို့ရဲ့ မရဏအနိစ္စသဘော ရှုရတယ်။ အနိစ္စသဘော မရဏသဘော ရှုရတော့ သမ္မုတိမရဏကို ကြည့်ပြီးတော့-

တိဿောမတော- ဦးတိဿ သေပြီ။

နန္ဒောမတော- ဦးနန္ဒ သေပြီ အစရှိသဖြင့် တစ်ဘဝ တစ်ခါ သေတဲ့ ရှုနည်းမျိုးနဲ့ ရှုရင်တော့ ဝိပဿနာမဖြစ်သေးဘူး။

သမထကတော့ အဲဒီလောက်ရှုနိုင်ရုံနဲ့ ဖြစ်ပါတယ်။ တစ်ဘဝ တစ်ခါသေတဲ့နည်းနဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းလို့ရပါတယ်။

ဝိပဿနာကျတော့ အဲလို သမုတိမရဏ ခေါ်တဲ့ တစ်ဘဝ တစ်ခါ သေဆိုတဲ့ နည်းမျိုးစုံနဲ့ ဝိပဿနာမဖြစ်သေးဘူး။ ဘာနဲ့ဖြစ်သလဲ **"ခဏိက မရဏ"**- ခဏတိုင်း ခဏတိုင်း သေတာကြည့်ရမှာပါ။ ဉာဏ်မှီ သလောက် ဖြစ်တာပျက်တာ ကြည့်ပါ။

ဟော- ထွက်လေ အဲဒီ ရုပ်ရဲ့မရဏ၊ ဝင်လေကို ရှုမှတ်တဲ့စိတ်၊ အဲဒီ စိတ်ရဲ့မရဏ၊ ထိသိစိတ်ရဲ့မရဏ၊ အနိစ္စသဘောမြင်အောင် ကြည့်ရမယ်။ အဲဒီလို မြင်ဖို့ရာ အရေးကြီးတယ်။ ကြည့်ရမယ်။ အဲဒီလို မြင်ဖို့ရာအရေးကြီးတယ်။

အဲဒီတော့ လက္ခဏာယာဉ်သုံးပါးထဲက အရေးကြီးတာက အနိစ္စလက္ခဏာ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထဒီပနီ ဋီကာမှာ လက္ခဏာယာဉ်သုံးပါးထဲက အနိစ္စလက္ခဏာကို မြင်အောင် ကြည့်ဖို့ အရေးကြီးပါတယ်တဲ့။

အနိစ္စလက္ခဏာကို မြင်ပြီဆိုရင် ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တွေဟာ မြင်နိုင်ပါတယ်။

အဲလို မြင်နိုင်အောင်လို့ ဆိုပြီးတော့ အဲလို ရှုနိုင်အောင် မြင်နိုင် အောင် စိတ်အညစ်အကြေးတွေကို အရင်သုတ်သင်ခဲ့ရတယ်။ အဲဒီ

http://www.dhammadownload.com



သုတ်သင်တဲ့နည်းမျိုးတွေကို မြတ်စွာဘုရား ညွှန်းပြတော်မူတာကိုး။

အဲဒီကနေပြီးတော့ စောစောကပြောတဲ့ စိတ်အညစ်အကြေး (၅)မျိုး ပျောက်ပြီးတော့ ဗောဇ္ဈင် (၇)ပါး ဖြစ်မြောက်တဲ့အချိန် ဘယ်အချိန်လဲဆိုတော့-

ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့၏ တပည့်ဖြစ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားနားထောင် စိတ်ထဲမှာ စိတ်နဲ့ပြည့်ပြည့်ဝဝ ခံယူပြီးတော့ အဲဒီတရားသဘောကို ဆင်ခြင်ပြီးတော့ နေမယ်ဆိုရင်-

တစ်ချို့ တစ်ချို့ ပုဂ္ဂိုလ်များကျတော့ တစ်ထိုင်ထဲနဲ့ တရားထူး ရပြီးတော့ သွားနိုင်တာမျိုး။ အဲဒီ ပုဂ္ဂိုလ်မျိုး တစ်ထိုင်ထဲနဲ့ပဲ နီဝရဏ ငါးပါး ပျောက်ပြီးတော့ ဗောဇ္ဈင် (၇)ပါး ဖြစ်ပြီးတော့သွားတယ်။

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၁)ရက်၊ (၂)ရက် ဆင်ခြင်စဉ်းစား ပြီးတော့မှ ဟောကြားတော်မူတဲ့ တရားတော် ဆင်ခြင်စဉ်းစား ပွားများ ပြီးတော့ တရားထူးရနိုင်တာ။

တစ်ချို့ ပုဂ္ဂိုလ်များကျတော့ (၇)ရက်အတောအတွင်း ဘုရားရှင် တရားတော်များကို ဆင်ခြင်စဉ်စား ပွားများပြီးတော့ တရားထူးရနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်။

အဲဒီ ပုဂ္ဂိုလ်များကျတော့ စိတ်အညစ်အကြေးကင်းပြီး၊ ဗောဇ္ဈင်(၇)ပါး ပွားခြင်းများခြင်းသို့ ရောက်ပြီးတော့ ပြည့်စုံစေခြင်းသို့ ရောက်နိုင်တယ်။

## ပြဒါးတစ်လမ်း သံတစ်လမ်း

နီဝရဏငါးပါး ကိုယ်တိုင် ပပျောက်စေပြီးတော့ ဗောဇ္ဈင် (၇)ပါး ရောက်နိုင်ပုံကို ဟောပြောထားတာရှိတယ်။

အဲဒီတော့ အဲဒီ ဗောဇ္ဈင် (၇)ပါးနဲ့ နီဝရဏငါးပါးဆိုတာကတော့ ဆန့်ကျင်ဘက်ပါပဲ။ ပြဒါးတစ်လမ်း သံတစ်လမ်း ဆိုသလိုပါပဲ။

http://www.dhammadownload.com



**အမျိုးအဝါးမခံကြရအောင်**

နီဝရဏငါးပါးက မကောင်းတဲ့ စွမ်းအားတွေရှိတယ်။ ကာမစ္ဆန္ဒ နီဝရဏစတဲ့ နီဝရဏတွေက အန္ဓကရဏာ "ကာဏ်းအောင်ပြုတတ်တယ်"

"အစက္ခုကရဏာ" မျက်စိပါပေတယ်လို့ မျက်စိမပါသလို မမြင်အောင် စမ်းတဝါးဝါး ဖြစ်အောင် ပြုတတ်တယ်။

"အဉာဏကရဏာ" ဉာဏ်မဲ့အောင်လဲ ပြုတတ်တယ်။

"ပညာနိရောဓိကာ" အသိအလိမ္မာ ဉာဏ်ပညာစာတ်ကိုလဲ ချုပ်ငြိမ်းစေနိုင်တယ်တဲ့။

"ဝိဃာတ ပက္ခိကာ" ပင်ပန်းဆင်းရဲခြင်းအဖို့လဲ ရှိတယ်။

"အနိဗ္ဗာနသံဝတ္တနိက" ငြိမ်းချမ်းမှုကို မဖြစ်စေနိုင်ဘူး။

ဗောဇ္ဈင် (၇)ပါးကျတော့ တစ်ခုချင်းပဲပြောပြော၊ ဗောဇ္ဈင် (၇)ပါးရဲ့ ဂုဏ်အင်္ဂါတွေ ကြည့်လိုက်တဲ့အခါကျတော့ ပြောင်းပြန်ပေါ့။

စက္ခုကရဏာ- ကာဏ်းအောင်လဲ မလုပ်တတ်ဘူး။

ပညာမျက်စိလဲ ဖြစ်အောင်ပြုတတ်တယ်။ ဉာဏကရဏာ- ဉာဏ်ကိုလဲ ဖြစ်ပွားစေတယ်။

အဝိဃာတပက္ခိတာ- ပင်ပန်းဆင်းရဲခြင်း အဖို့မရှိ၊

နိဗ္ဗာနသံဝတ္တ နိကာ- ငြိမ်းချမ်းမှုကိုဖြစ်စေနိုင်တယ်။

ပညာဗုဒ္ဓိယာ- အသိအလိမ္မာစာတ် တိုးပွားနိုင်တယ်။

အဲဒီတော့ နီဝရဏငါးမျိုးဆိုတဲ့ တရားဆိုး တရားပျက်တွေကတော့ အပိတ်အဆို့တရားတွေ။

ကောင်းတဲ့ ကုသိုလ်တရားတွေကို ပိတ်ဆို့ပြီးအသိလိမ္မာ ဉာဏ်ပညာစာတ်ကို အားနည်းအောင်ပြုလုပ်တတ်တဲ့တရားတွေ အထူးသဖြင့် မဖြစ်သေးတဲ့ ဝိပဿနာဉာဏ်ပညာကို မဖြစ်အောင်၊ ဖြစ်ပေါ်နေတဲ့ ဝိပဿနာဉာဏ်ကို အားနည်းအောင်ပြုလုပ်တတ်**တယ်။ အဲဒီ** နီဝရဏတရားတွေရဲ့ အမျိုးမခံရဘို့ အရေးကြီးတယ်။ **ယောဂီတို့**

http://www.dhammadownload.com



သမထကမ္မဋ္ဌာန်း အားထုတ်လာတာဟာ ဒီနီဝရဏ တရားတွေ အမျိုးအဝါး မခံရအောင်လို့ပါပဲ။

**အပင်ကြီးလျှက် အသီးသေးတာညောင်**

မြတ်စွာဘုရားက အစေ့ငယ်ပြီးတော့ အပင်ကြီးတာတွေနဲ့ ဥပမာပေး ဟောတော်မူပြန်ပါတယ်။ အမြင်နီးလျှက်ခရီးဝေးတာတောင် အပင်ကြီးလျှက် အသီးသေးတာညောင်ဆိုတဲ့ စကားလို၊ အစေ့ကတော့ ငယ်ငယ်လေးရယ်၊ အပင်ကကြီးနေတာတွေ ပင်ညောင်ပင်ရှိတယ်။ ညောင်ကြပ်ပင်ရှိတယ်။ ညောင်ချဉ်ပင်ရှိတယ်။ ဖအောင်းပင်ရှိတယ်၊ ရေသဖန်းပင်ရှိတယ်။

ဒီအပင်တွေဟာ အပင်ကြီးတွေက ကြီးပါတယ်။ မျိုးစေ့အသီးလေးတွေကတော့ သေးသေးလေး။ **"အပင်ကြီးလျှက် အသီးသေးတာ ညောင်၊ အမြင်နီးလျှက် ခရီးဝေးတာ တောင်"**။ အဲဒီအပင်ကြီးတွေက နေပြီးတော့ လွှမ်းမိုးသွားပြီ မျိုသွားပြီဆိုရင် အခြားအခြားအမျိုးခံရတဲ့ အပင်တွေလို့ ဆိုကြတယ်။ ကျိုးပဲ့ပျက်စီးပြီးတော့ လဲကျပြီးတော့ပဲ သေသွားကြရတာကို။ လူမနိုင်တော့ဘူး။ အဆောက်အဦကိုလဲ ဖြိုဖျက်နိုင်တယ်။

မနက်ကပဲ ဆရာတော်တစ်ပါးက ပြောတယ်၊ ဟိုနားကပိတောက်ပင်ကြီး စောစောကတော့အကြီးကြီးပဲ နောက်တော့ညောင်ပင်ကနေ မျိုလိုက်တာ အခုပိတောက်ပင်တောင် မမြင်ရတော့ဘူး။

အဲဒီတော့ မြတ်စွာဘုရားက အပင်ကြီးကြီး အစေ့သေးသေးတဲ့ အသီးသေးတဲ့အပင်များနဲ့ဥပမာပေးတယ်အပင်ကပင်စည်ကြီးတွေက ကြီးတယ်။ အဲဒီလိုအပင်ကြီးတွေရဲ့ လွှမ်းမိုးမှုဝါးမျို ခံရလို့ရှိရင် အခြားအခြားအရာဝတ္ထုတွေ ကျိုးပဲ့ပျက်စီးပြီးတော့ လဲပြိုသွားသလို၊ ကာမစ္ဆန္ဒနီဝရဏ စတဲ့ နီဝရဏတရားတွေ အဲဒီနီဝရဏတရားတွေ အမျိုခံရတဲ့ ပုဂ္ဂိုလ်တိုင်းဟာ-

http://www.dhammadownload.com



မျက်စိပါသော်လဲ မပါသလိုဖြစ်တော့တာပဲ၊ ဉာဏ်တွေမဲ့တော့တာပဲ။ အဲဒီလိုတရားဆိုး၊ တရားပျက်တွေ အမျိုးမခံရအောင် ဘာလုပ်ရမဲလို့ဆိုတော့ ဗောဇ္ဈင် (၇)ပါး ပွားများကြရမယ်။ ဗောဇ္ဈင် (၇)ပါး ပွားများသူများဟာ နီဝရဏတရားဆိုးတွေ အမျိုးမခံရတော့ဘူး။

ဒါကြောင့် ယောဂီသူတော်စင်များမိမိတို့ အားထုတ်တဲ့နေ့က စပြီးတော့ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏစတဲ့ နီဝရဏတရားဆိုး၊ တရားပျက်တွေရဲ့ အမျိုးမခံရအောင် သတိမပြတ်ရှုမှတ်ပြီးတော့ လာခဲ့ကြပြီ။ အဲလို အမျိုးမခံရတဲ့အတွက် အမျိုးမခံရမှ ရုပ်တရား၊ နာမ်တရားတွေကို မြင်နိုင်တဲ့ ဉာဏ်အဆင့်ဆင့်ရရှိမှာပါပဲ။

## ရတနာရှိရာ ရတနာစု

အဲဒီတော့ ဗောဇ္ဈင် (၇)ပါးတို့ဟာ အင်မတန်အရေးကြီးတယ်။ အချိန်မရွေးပေါ်ပေါက်နေတာ မဟုတ်ဘူး၊ ဘုရားပွင့်မှ ဗောဇ္ဈင်ရှိတာ။ ဥပမာအားဖြင့် လောကမှာ စကြာမင်းကြီးတွေပေါ်လာမှ စကြာရတနာနှင့်အတူ ဆင်ရတနာ၊ မြင်းရတနာ၊ မိဖုရားရတနာ၊ ပတ္တမြားရတနာ၊ သူကြွယ်ရတနာ၊ သားကြီး ရတနာ စက်၊ ဆင်၊မြင်း၊ မြ၊ မ၊ ငွေ၊ သား ဆိုတဲ့ ဒီရတနာတွေဖြစ်ပေါ်ခဲ့ကြတယ်။ စကြာရတနာဆိုတဲ့ စကားမှာ စကြာနဲ့ရတနာနဲ့ပေါင်းထားတော့ ရတနာဆိုတဲ့စကားလေးရဲ့ အဓိပ္ပါယ်က ဘာလဲလို့ဆိုတော့။

ရတိဇနနဋ္ဌေန ရတနံ- စိတ်ရဲ့နှစ်သက်မှုကို ဖြစ်စေတတ်သောကြောင့် ရတနာ၊ စကြာသည် ရတနာ၊ ဆင်သည်ရတနာ၊ မြင်းသည် ရတနာ၊ ပတ္တမြားသည် ရတနာ၊ မိဖုရားသည်ရတနာ၊ သူကြွယ်သည် ရတနာ၊ သားကြီးသည် ရတနာ၊ တနည်းအားဖြင့် -

> စိတ္တီကတံ မဟဂ္ဃဉ္စ၊
> အတုလံ ဒုလ္လဘဒဿနံ၊
> အနောမ သတ္တပရိဘောဂံ၊
> ရတနံတေနဝုစ္စတိ။

http://www.dhammadownload.com



စိတ်ထဲမှာ အလေးအမြတ်ပြုအပ်တယ်။ စကြာမင်းမြတ်ပေါ်လာပြီ ဆိုရင် အခြားအခြားနတ်ကွန်းတို့ နတ်နန်းတို့ ကိုးကွယ်စရာပူဇော်စရာ တွေ အကုန်ပျောက် စကြာရတနာပဲကိုးကွယ်ကြတယ်။

မဟဂ္ဃ- အဘိုးများစွာထိုက်တယ်။ လောကရှိသမျှရတနာတွေဟာ တန်ဖိုး ဖြတ်နိုင်သော်လဲ စကြာရတနာကို တန်ဘိုးမဖြတ်နိုင်ဘူး။ လောကရှိသမျှ ရတနာတွေနဲ့ ယှဉ်ပြိုင်လို့ မရလို့ အတုလဘုရား ပွင့်တဲ့ အခါမျိုးမှာမှ စကြာမင်းများပေါ်နိုင်တဲ့အတွက် ဒုလ္လဘဒဿန၊ တွေ့ရခဲ မြင်ရခဲတယ်။

သာမန်ပုဂ္ဂိုလ်များမှာ ဒီစကြာရတနာမျိုး ဖြစ်တာမဟုတ်ဘူး။ ရုပ်ရေအဆင်းအမျိုးအနွယ်စသည် မြင့်မြတ်တဲ့ပုဂ္ဂိုလ်များမှာသာ ဒီရတနာတွေဖြစ်တဲ့အတွက် စကြာရတနာကို ရတနာခေါ်ပါတယ်။ ကျွန်းငယ်နှစ်ထောင်ခြံရံပြီး ကျွန်းကြီးလေးကျွန်းရှိသမျှ စည်းစိမ်ကို ပေးစွမ်းနိုင်တဲ့ စကြာရတနာ။

စကြာရှင်၊ စကြာမင်းကြီး ဖြစ်ပေါ်လာပြီဆိုရင် မနက်စာမှီအောင် လေးကျွန်းလှည့်ပြီးတော့ ဆင်ရတနာကြီးကလဲ ပျံသန်းနိုင်တယ်။ မြင်း ရတနာကလည်း အင်မတန်လျှင်မြန်၊ ပတ္တမြားရတနာကလည်း တစ်ယူဇနာအတွင်းမှာ အရောင်အလင်းပေးနိုင်တယ်။

မိဖုရားရတနာကလဲ အပြစ်ဒေါသ (၆)မျိုးကင်းစင်ပြီးတော့ စိတ် သက်သာမှု၊ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်တယ်။ သူကြွယ်ရတနာဟာလဲ ရေ-မြေ တစ်ယူဇနာအတွင်းမှာ ရှိရှိသမျှရတနာတွေကို ထုတ်ဆယ် ပြီးတော့ပေးစွမ်းနိုင်တယ်။ သားကြီးရတနာကလည်းပဲ စကြာမင်းကြီးရဲ့ ကိုယ်စားတိုင်းခရိုင် နိုင်ငံကိုအုပ်ချုပ်နိုင်စွမ်းတယ်။ အဲဒီရတနာတွေဟာ စကြာမင်းပေါ်လာမှ ဒီရတနာတွေဖြစ်ပေါ်လာတယ်။ ရတနာရှိရာ ရတနာစု ဆိုသလိုပါပဲ။

http://www.dhammadownload.com



**ဘုရားပွင့်မှ ဗောဇ္ဈင်္ဂရတနာ**

အဲဒီလိုပဲတဲ့ မြတ်စွာဘုရားအရဟံအစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူပြီးတော့ ကိုယ်တော်တိုင်တရားသိမြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ပေါ်လာမှ -

သတိ သမ္ဗောဇ္ဈင်ဆိုတဲ့ ရတနာ

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတဲ့ ရတနာ၊

ဝီရိယသမ္ဗောဇ္ဈင်ဆိုတဲ့ ရတနာ၊

ပီတိသမ္ဗောဇ္ဈင် ဆိုတဲ့ ရတနာ၊

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဆိုတဲ့ ရတနာ၊

သမာဓိသမ္ဗောဇ္ဈင် ဆိုတဲ့ ရတနာ၊

ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုတဲ့ ရတနာများလဲ ဖြစ်ပေါ်လာပါတယ်။

အဲဒီလိုဘုရားပွင့်ပေါ်လာမှ ဒီရတနာတွေ ဖြစ်ပေါ်ပြီးတော့လာတယ်။ စကြာမင်းကြီးဟာ ကမ္ဘာတစ်ခုလုံးလှည့်လည်နိုင်တယ်။ စကြာရတနာတက်စီးပြီးတော့ စကြာရတနာကြီးဟာ အခြားအခြားရတနာတွေ ရရှိဘို့အတွက် ရှေ့ပြေးအင်အားကြီး တစ်ခုပါ။

စကြာရတနာရလိုက်တာနဲ့ အဲဒီစကြာရတနာတက်စီးပြီးတော့ ဘယ်နိုင်ငံသွားသွား ဘယ်နေရာရောက်ရောက် ရောက်တဲ့နေရာဌာနကမင်းတွေက မင်းစိုးရာဇာတွေက " **သွာဂတံတေ မဟာရာဇ**" အရှင်မင်းကြီး အရှင်မင်းကြီးကြွလာခြင်းဟာ ကောင်းမွန်တဲ့ကြွလာခြင်းပါပဲ။

ဒီနေရာမှာ အာဂမနနန္ဒ- ဂမနသောစန ပုဂ္ဂိုလ် လာရင် ဝမ်းသာ၊ ပြန်ရင် စိတ်မကောင်းဖြစ်တယ်။ အာဂမနသောစန- ဂမနနန္ဒပုဂ္ဂိုလ် လာရင် စိတ်မချမ်းသာ၊ ပြန်ရင်ဝမ်းသာတယ်။ အာဂမန သောစန- ဂမနသောစနပုဂ္ဂိုလ် လာရင်လဲ စိတ်မသက်သာ၊ ပြန်ရင်လဲ စိတ်မသက်သာ။ အာဂမနန္ဒ ဂမနနန္ဒပုဂ္ဂိုလ် လာလဲဝမ်းသာ၊ ပြန်လဲ ဝမ်းသာ။ စကြာမင်းကြီးက အာဂမနန္ဒ ဂမနသောစန ပုဂ္ဂိုလ် လာရင် ဝမ်းသာကြတယ်၊

http://www.dhammadownload.com



ပြန်ရင် ဖြေးဖြေးပြန်ဖို့ ပြောကြ စိတ်မကောင်းဖြစ်ကြရတယ်။

အနုသာသ မဟာရာဇ ဆိုဆုံးမတော်မူပါမင်းမြတ်။

ဟော -- တိုင်းပြည်တွေထိုးအပ်ကြတယ်။ ဆိုဆုံးမတော်မူပါတယ်။ တိုက်ခိုက်နေရတာမျိုး မဟုတ်ပဲကိုး။ စကြာရတနာသည် အခြားအခြား ရတနာတို့ရဲ့ရှေ့ပြေးဖြစ်သလို ဗောဇ္ဈင် (၇)ပါးထဲမှာလဲ သတိသမ္ဗောဇ္ဈင် ဟာ အခြားအခြား ဗောဇ္ဈင်တွေဖြစ်ပွားဖို့ရာအတွက် ရှေ့ပြေးဖြစ်ပါတယ်။ အဲဒီတော့ ရှေ့ပြေးဖြစ်တဲ့ သတိသမ္ဗောဇ္ဈင်က စပြီးတော့ သတိသမ္ဗောဇ္ဈင် ရတနာကြီးကို မိမိတို့ကိုယ်စီကိုယ်င သုံးစွဲထားတဲ့ အခါကျတော့

ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ တရားတွေကို ဝေခွဲပြီးသိနိုင်တဲ့ ဗောဇ္ဈင်၊ တရားတွေကို ဝေခွဲတယ်ဆိုတာဘာလဲဆိုတော့ ဝေခွဲသိမြင်တာ ဝိပဿနာပါပဲ။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကြီးအင်အားကောင်းကောင်းနဲ့ ဖြစ်ဖို့ရာအတွက် စကြာရတနာနဲ့တူတဲ့ သတိသမ္ဗောဇ္ဈင်က စတင်ပြီးတော့ အားထုတ်ခဲ့ကြတယ်။ အဲဒီမှာ -

ဆင်ရတနာနဲ့တူတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊
မြင်းရတနာနဲ့တူတဲ့ ဝီရိယ ။
ပတ္တမြားရတနာနဲ့တူတဲ့ ပီတိ ။
မိဖုရားရတနာနဲ့တူတဲ့ ပဿဒ္ဓိ ။

စကြာမင်းရဲ့ မိဖုရားကြီးဟာ စကြာမင်းကို ကိုယ်ပူပန်မှုစိတ်ပူပန်မှု ကို ငြိမ်းအေးနိုင်သလို ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

ယောဂီသူတော်စင်တို့ရဲ့ ကိုယ်ပူပန်မှုစိတ်ပူပန်မှု ငြိမ်းအေးပြီး တော့ ငြိမ်းအေးအောင်စွမ်းနိုင်တယ်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

သူကြွယ်ရတနာနဲ့တူတဲ့ သမာဓိသမ္ဗောဇ္ဈင် သူကြွယ်ရတနာဟာ စကြာမင်းကြီးလိုအပ်တဲ့ စည်းစိမ်ဥစ္စာကို ပေးစွမ်းနိုင်သလို မိမိတို့သမာဓိ ဟာလည်း ယောဂီသူတော်စင်တို့ အပ္ပနာသမာဓိ ရောက်အောင် ပို့စွမ်းနိုင်တယ်။ အပ္ပနာရောက်အောင် ဆုံးခန်းတိုင်မြောက်ခရီးရောက် အောင် ပို့စွမ်းနိုင်တာ သမာဓိသမ္ဗောဇ္ဈင်ပဲ။ သားကြီးရတနာနဲ့တူတဲ့

http://www.dhammadownload.com



ဥပေက္ခာသမ္ဗောဇ္ဈင် ဒါကြောင့် စကြာမင်းကြီးများဖြစ်လာတဲ့အခါကျမှ စက်၊ ဆင်၊ မြင်း၊ မြ၊ မ၊ ငွေး၊ သား ဟု ဒီရတနာ (၇)ပါး ဖြစ်ပွားသလို၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ ဗုဒ္ဓဘုရားပွင့်ပေါ်တော်မူလာမှ ဗုဒ္ဓဘုရားရဲ့ သာသနာတော်ထင်ရှား ရှိလာပါမှ ဒီဗောဇ္ဈင်ဆိုတဲ့ ရတနာ (၇)မျိုးတို့ ထင်ရှားရှိတဲ့အတွက် ဒီဗောဇ္ဈင် (၇)ပါးတို့ကို မပြတ်မလွတ် ရှုပွားပြီးတော့ နေရခြင်းဟာ စကြာမင်းဖြစ်ဖို့ ခက်ခဲသလို၊ ဘုရားရှင်များကျတော့ ပိုပြီးတော့ ပွင့်ပေါ်ဖို့ ခဲယဉ်းပါတယ်။

စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရား ရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာနဲ့ အလားတူသော သတိ သမ္ဗောဇ္ဈင် အစရှိသော ဗောဇ္ဈင်္ဂရတနာတို့ကို မိမိတို့သန္တာန်၌ အသီး အသီး ဆင်မြန်းပြီးတော့ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ လျှင်မြန်စွာ စံမြန်းနိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လဆန်း (၇)ရက်။

လယ်တီဝိပဿနာ (၇)ရက် တရားစခန်း (၂၁)ကြိမ်မြောက် (၇)ရက်မြောက်တဲ့နေ့။

### (၃၅)ရက် အာဂုံပြန်ဆို အောင်မြင်

နေ့စဉ်နေ့တိုင်း ကိစ္စကြီးငယ် အထူးမရှိရင် ဟောပြောပြီးတော့ လာတော့။

ယောဂီသူတော်စင်များနှင့်တကွ ဘုန်းကြီးတို့ ရရှိပြီးတော့ထားတဲ့ မြတ်စွာဘုရားရဲ့ ဓမ္မအမွေတော်ကြီး အင်မတန်ကြီးကျယ်တယ်။ သိပ်ပြီးတော့ ကြီးကျယ်တယ်။ သိပ်ပြီးတော့ များပြားတယ်။

ဘာကြောင့်လဲလို့ဆိုတော့ ဘုန်းကြီးတို့ ပိဋကတ်သုံးပုံ သုတ္တန်ပိဋကတ် ဒီဃနိကာယ် အာဂုံပြန်ဆို၊ ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုပြီး၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း အာဂုံပြန်ဆိုခဲ့ပါတယ်။

အာဂုံပြန်ရက်က (၃၅)ရက် ကြာပါတယ်။ ရေးဖြေရက်တွေက (၁၅)ရက်။

အဲဒီလို ပြန်ဆိုအောင်မြင်ခဲ့တော့လဲပဲ မြတ်စွာဘုရား တရားတော်တွေ နှံ့စပ်တယ်လို့ မဟုတ်သေးပါဘူး။

ဒါကြောင့် အခုယောဂီသူကော်စင်များကို (၇)ရက် တရားစခန်း ပွဲတိုင်း ပွဲတိုင်း ညစဉ် ဟောပြောနေတာကတော့ အသစ်အသစ်ဖြစ်တဲ့ ဘုန်းကြီးတို့နှုတ်ထဲမှာ မဆောင်ဘူးသေးတဲ့ နိကာယ်ကြီးများမှ ထုတ်နှုတ်ပြီး တရားတော်များကို ရှာဖွေပြီးတော့ အစဉ်တစိုက် ဟောကြားတာ ဖြစ်ပါတယ်။

အဲဒီလို ဟောကြားနေတဲ့အခါမှာလဲပဲ မိမိရဲ့အာဘော်၊ မိမိရဲ့ သဘောထား၊ မိမိရဲ့အထင်အမြင်တွေကို သိပ်ပြီးတော့ မထည့်ပဲနဲ့ စကားအလုံးတစ်ရာမှာ နှစ်ဆယ့်ငါးလုံးလောက်တော့ ပါချင်ပါမယ်ပေါ့လေ။

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားတော်မူတဲ့ မူရင်းကိုပဲ မိတ္တူကူးပြီးတော့ ဟောတဲ့သဘောမျိုးပါ။ အဲဒီလိုပဲ ဟောပါတယ်။

## သဗ္ဗညုတဉာဏ်ကြီး ရသလိုလို

ဗောဇ္ဈင် (၇)ပါးနဲ့ ပတ်သက်ပြီးတော့ ဗောဇ္ဈင်္ဂသံယုတ် ဒီတစ်ပါတ် (၇)ရက်မှာ ဟောလို့မပြီးပါဘူး။ များပြားလွန်းလို့ပါပဲ။

ယနေ့ ရဟန်းတော် အရှင်မြတ်များ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်ကနေပြီးတော့ ဆွမ်းခံကြွကြတယ်။ မနက်ခင်းမှာ ဆွမ်းခ ကြွကြတယ်။ ကြွကြတဲ့အခါ-

**"အတိပ္ပဂေါ ခေါတာဝ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ"**

ရဟန်းတော်အရှင်မြတ်များဟာ ငါတို့တတွေ ဆွမ်းခံထွက်လာကြ တယ်။ ဒါပေတယ်လို့ စောသေးလို့ မနီးမဝေးမှာရှိတဲ့ သာသနာတော်မှ တစ်ပါးသော အယူရှိကြတဲ့ ပရိဗိုဇ်တို့ရဲ့ နေရာအရပ်။ တိုတိုပြောမယ် ဆိုရင် တိတ္ထိတို့ရဲ့ကျောင်း အလည်သွားကြစို့ ဆိုပြီးတော့ ရဟန်းတော် တွေ အများကြီး ဆွမ်းခံချိန် စောသေးတာနဲ့ တိတ္ထိတွေကျောင်း အလည်အပတ် ရောက်ကြတယ်။ စကားစမြီ ပြောကြတယ်။

နှုတ်ဆက်စကားပြောကြတော့ တိတ္ထိတွေက ဘာပြောသလဲ။ တိတ္ထိတွေက သူတို့ပြောချင်တဲ့စကား အရေးတကြီး ပြောကြတယ်။

ရဟန်းဂေါတမ ဒီလိုဟောတယ်။ စိတ်ရဲ့အညစ်အကြေးတွေ၊ အသိဉာဏ်အင်အား နည်းပါးစေတတ်တဲ့ နီဝရဏ်ငါးမျိုးတို့ကို ပယ်စွန့် ကြ။ ဗောဇ္ဈင် (၇)ပါးပွားကြလို့ ရဟန်းဂေါတမက ဟောတယ်။

တို့လဲပဲ စိတ်ရဲ့အညစ်အကြေးတွေ၊ အသိဉာဏ်ပညာကို ထုံထိုင်း စေတတ်၊ ဖျင်းအစေတတ်တဲ့ နီဝရဏ်ငါးမျိုးတို့ကို ပယ်စွန့်ကြ၊ ဗောဇ္ဈင် (၇)ပါးတို့ကို ပွားများကြလို့ ဒီလိုပဲဟောတာပဲ။

ရဟန်းဂေါတမရဲ့ ဟောပြောချက်နဲ့ တို့ရဲ့ဟောပြောချက်၊ ရဟန်း ဂေါတမရဲ့တရားတော်နဲ့ တို့တရား၊ ရဟန်းဂေါတမရဲ့ ဆိုဆုံးမပုံနဲ့ တို့ရဲ့ ဆိုဆုံးမပုံ ဘာထူးသေးသလဲ။

http://www.dhammadownload.com



တိတ္ထိတွေက ထူးထွေကွဲပြား ခြားနားချက် မရှိပါဘူး ကိုယ်တော်တို့လို့ ရောက်သွားတော့ နှုတ်ဆက်စကား ပြောကြတယ်။

အဲဒီလို ပြောနိုင်တာလဲပဲ ဇေတဝန်ကျောင်းတော်ကြီးရဲ့ မနီးမဝေးမှာ တိတ္ထိတို့ရဲ့ကျောင်း ရှိတယ်လေ။

အဲဒီလို တိတ္ထိတို့ကျောင်းတိုက်ရှိတဲ့အခါကျတော့ တစ်ခါတရံကျတော့ ဇေတဝန်ကျောင်းထဲမှာ မြတ်စွာဘုရား တရားဟောနေတယ်။ ပရိသတ်ကြီးနဲ့ တရားဟောပြီးနေတယ်ဆိုတော့ အစွန်အဖျားလေးက လာပြီးတော့ ဟိုဟာကြည့်သလိုလို ဒါကြည့်သလိုလိုနဲ့ ဘုရားဘာဟောသလဲဆိုတာ သူတို့က နားစွင့်ချောင်းနားထောင်ကြတယ်။

အခြားလုပ်ငန်းတစ်ခုနဲ့ ယောင်လည်လည်လေး လာပြီးတော့ မြတ်စွာဘုရားရဲ့ ဂန္ဓကုဋိအနီးအနား ကြားလောက်တဲ့နေရာက နားထောင်ပြီး ပြန်သွားကြတယ်။

သူတို့က အစွန်အဖျားကနေပြီး စိတ်ရဲ့အညစ်အကြေးတွေ၊ အသိအလိမ္မာဉာဏ်ပညာကို ထုံထိုင်းစေတတ်တဲ့ နီဝရဏတရားငါးပါး တရားဆိုး တရားပျက်တို့ကို ပယ်ကြ။ ဗောဇ္ဈင်(၇)ပါးတရားတို့ကို ပွားများကြဆိုတဲ့ စကားခေါင်းစဉ်လောက်တော့ သူတို့က မှတ်မိသွားတယ်။

အဲဒီလို မှတ်မိတဲ့အခါ သူတို့ရဲ့ကျောင်းပြန် တိတ္ထိတို့ရဲ့အရပ်ရောက်တဲ့အခါကျတော့ ပရိသတ်စုဝေးကြပြော့ ဒို့ဒကာ ဒကာမတွေလဲ စုဝေးကြ။ အဲလို အစုအဝေးခိုင်းပြီးတော့ မိမိတို့ သဗ္ဗညုတဉာဏ်ကြီးရသလိုလို မြတ်စွာဘုရားဆီက ကြားခဲ့တဲ့စကားကလေး ဖေါက်သည်ချကြတာပဲ။

သို့သော်လဲ သူတို့က ဖေါက်သည်ချတဲ့သဘောမျိုး မပြောဘူး။ "တပည့်တို့ စိတ်ရဲ့အညစ်အကြေးတွေ၊ အသိအလိမ္မာ ဉာဏ်ပညာကို ထုံထိုင်းစေတတ်တဲ့ နီဝရဏငါးမျိုးကို ပယ်စွန့်ကြ။ ဗောဇ္ဈင်တရားအားထုတ်ကြ၊ ပွားများကြ၊" အဲဒီလို တိတ္ထိတွေကလဲ ဘုရားစကားနောက်ယောင်ခံလိုက်ပြီးတော့ ဟောကြတယ်။ သူတို့သိသလိုလို လုပ်ကြတယ်။

http://www.dhammadownload.com



## ထူးထွေကွဲပြား ခြားနားတာ မရှိပါဘူးတဲ့

အဲဒါကြောင့် သူတို့ရဟန်းတော်တွေနဲ့ တွေ့တဲ့အခါ အရှင်ဘုရားတို့ ရဟန်းဂေါတမလဲ ဒီအတိုင်း ဟောတာပဲ။ "ဣဒံပဇဟထ"- ဤနီဝရဏငါးပါး ပယ်ကြ။ "ဣဒံ ဘာဝေထ"- ဤဗောဇ္ဈင် (၇)ပါး ပွားများကြလို့ ဒီလိုဟောတာပဲ။

တပည့်တော်တို့လဲ ဒီလိုဟောနေတာပဲ။ ဘာထူးသေးလဲတဲ့။ အဲဒီ ဖြစ်စဉ် ဟိုတုန်းက ဟိုတုန်းကပါ။

အလားတူပါပဲ အခုချိန်အခါမှာလဲပဲ "သာသနာ"ဆိုတဲ့စကားလုံး (ထေရဝါဒ ဗုဒ္ဓဘာသာက စကားလုံး) အခြားအခြား ဘာသာတွေမှာလဲ ယူသုံးနေတယ်။

"ဓမ္မ"ဆိုတဲ့ စကားလုံးဟာလဲ အခြားအခြားဘာသာဝင်တွေက ယူသုံးနေတယ်။

"ဆရာတော်"ဆိုတဲ့ စကားလုံးကိုလဲပဲ သုံးစွဲပြီးတော့ နေကြတယ်။ သို့သော် သာသနာဆိုတဲ့ စကားရဲ့အဓိပ္ပါယ် ပြည့်ပြည့်စုံစုံ၊ ဓမ္မဆိုတဲ့ စကားရဲ့ အဓိပ္ပါယ် ပြည့်ပြည့်စုံစုံကိုတော့ မသိကြပါဘူး။

အဲဒါနဲ့ပဲ ရဟန်းတော်အရှင်မြတ်တွေက အေး-တိတ္ထိတွေက အဲဒီလို ပြောတယ်။

သူတို့စကားကိုလဲ မင်းတို့စကား ကောင်းသားပဲလို့ လက်မခံခဲ့ကြဘူး။ သင်တို့ရဲ့စကားဟာ မကောင်းဘူးလို့လဲ မကန့်ကွက်ခဲ့ကြဘူး။

ဒါတို့စကားလက်ဆောင်ပဲ။ စကားလက်ဆောင်တော့ ရပြီ။ ဘုရားဆီသွားကြစို့ရဲ့။

ဆွမ်းခံပြန်တော့ မြတ်စွာဘုရားဆီသွားကြတယ်။ ရိုရိုသေသေ ရှိခိုးပြီးတော့မှ အရှင်ဘုရား၊ တပည့်တော်တို့ မနက်က ဆွမ်းခံစောသေးတာနဲ့ တိတ္ထိတို့ကျောင်း ရောက်ပါတယ်။ ရောက်တဲ့အခါ သူတို့လဲ နီဝရဏ တရားငါးပါးကို ပယ်စွန့်ကြ။ ဗောဇ္ဈင်တရားကို ပွားများကြလို့ ဟောတယ်။ ရဟန်းဂေါတမလဲ ဒါပဲဟောတာပဲ ဘာထူးလို့လဲ။

http://www.dhammadownload.com



တရားဒေသနာခြင်းကလဲ အတူတူ။ ဆုံးမပုံခြင်းလဲအတူတူ၊ ဘာမှထူးထွေကွဲပြား ခြားနားတာ မရှိပါဘူးလို့ အဲဒီလို တိတ္ထိတွေက ပြောကြတယ်ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားကြတော့။

**မေးလိုက်**

မြတ်စွာဘုရားက အဲဒီသာသနာမှ တစ်ပါးသောအယူရှိတဲ့ ပရိဗိုဇ်တွေကို သင်တို့က ဒီလိုမေးလိုက်ပါလား။

ဟုတ်ပြီ။ နီဝရဏငါးပါး ပယ်စွန့်ကြ။ ဗောဇ္ဈင်ကို ပွားများကြ။ အဲဒီတော့ နီဝရဏတရားငါးပါးက (၁၀)ပါးဖြစ်ပုံ သင်တို့ ဘယ်လိုများ ဝေဖန်မလဲ။ ဗောဇ္ဈင် (၇)ပါးက (၁၄)ပါးဖြစ်ပုံကို ပြောကြစမ်းပါ။

ဟောဒီ မေးခွန်းလေးနှစ်ခုမေးလိုက်လို့ ဘုရားရှင်က နောက်များ သူတို့ကပြောလို့ရှိရင် နီဝရဏငါးပါးက (၁၀)ပါးဖြစ်ပုံ၊ ဗောဇ္ဈင် (၇)ပါးက (၁၄)ပါးဖြစ်ပုံ ဘယ်လိုဖြစ်သလဲလို့ ဒီမေးခွန်းလေးမေးလိုက်လို့ သင်ပေးတော်မူတယ်။

အဲဒီလို မေးလိုက်လို့ရှိရင် သူတို့ဖြေနိုင်မှာ မဟုတ်ဘူး။ ဒီမေးခွန်းရဲ့ အဖြေကို နတ်နှင့်တကွသော လောကထဲမှာ ငါဘုရားမှတစ်ပါး၊ သို့မဟုတ် ငါဘုရားရဲ့တပည့်သား သာဝကမှတစ်ပါး၊ သို့မဟုတ် တို့ထံကနာဖူးခဲ့တဲ့ ပုဂ္ဂိုလ်များမှတစ်ပါး အခြားပုဂ္ဂိုလ်တွေဟာ ဒီမေးခွန်း ဖြေနိုင်မှာ မဟုတ်ဘူး။

**နီဝရဏ (၁၀)ပါး ဖြစ်ပုံဟော**

ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ အရာမဟုတ်တဲ့အတွက်ကြောင့် ပါပဲ။ အဲဒီတော့ မြတ်စွာဘုရားက နီဝရဏတရားငါးပါးက ဆယ်ပါး ဖြစ်ပုံ ဆက်ပြီးတော့ ဟောတယ်။

ဗောဇ္ဈင် (၇)ပါးက (၁၄)ပါး ဖြစ်ပုံကိုလဲ ဟောမယ်ဆိုပြီးတော့ ရှေးဦးစွာ မြတ်စွာဘုရားက နီဝရဏတရားငါးပါးက ဆယ်ပါးဖြစ်ပုံကို ဟောပါတယ်။

http://www.dhammadownload.com



ယဒ ပိအဇ္ဈတ္တံ ခန္ဓေသု ကာမစ္ဆန္ဒော တဒပိနီဝရဏံ စသည်ပါပဲ။

မိမိရဲ့ခန္ဓာငါးပါးအပေါ်မှာ ရာဂဖြစ်ပြီးတော့ နေခြင်းဆိုတဲ့ အတွင်း သန္တာန်မှာဖြစ်တဲ့ ကာမစ္ဆန္ဒ။

အပြင်ပုဂ္ဂိုလ်တို့ရဲ့ ခန္ဓာငါးပါးအပေါ်မှာ ကာမစ္ဆန္ဒဖြစ်ခြင်းဆိုတဲ့ အပြင်သန္တာန်မှာဖြစ်တဲ့ ကာမစ္ဆန္ဒ။ ကာမစ္ဆန္ဒ (၂)မျိုး။

ဗျာပါဒကျတော့လဲ ဒီအတိုင်းပဲ။ မိမိရဲ့အတွင်းသန္တာန်မှာ ဒေါသဖြစ်တယ်။ အပြင်သန္တာန်မှာ ဒေါသဖြစ်တယ်။ ဗျာပါဒ (၂)မျိုး။

ထိနလဲ နီဝရဏ၊ မိဒ္ဓလဲ နီဝရဏ၊ ထိုင်းတာ မှိုင်းတာ (၂)မျိုး (၂)မျိုးဆီ။

ဥဒ္ဓစ္စ- စိတ်ပြန့်လွင့်တာလဲ နီဝရဏပဲ။ ကုက္ကုစ္စ- နောင်တတစ်ဖန်ပူပန်တာလဲ နီဝရဏပဲ။ ခန္ဓာငါးပါးနဲ့ပတ်သက်လို့ မိမိသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား နာမ်တရားတွေနဲ့ပတ်သတ်လို့ သို့လောသို့လော တွေးတောမရှင်းဖြစ်နေတဲ့ ဝိစိကိစ္ဆာ (၈)ပါးသော ဌာနတို့မှာ သို့လော၊ သို့လော တွေးတောမရှင်း ယုံမှားချင်းဖြစ်နေတဲ့ ဝိစိကိစ္ဆာ။ ဟောဒီလိုနီဝရဏ ငါးပါးကနေပြီးတော့ (၁၀)ပါး ဖြစ်လာတယ်။

## ဗောဇ္ဈင် (၁၄)ပါးဖြစ်ပုံ

ဗောဇ္ဈင် (၇)ပါးမှာလဲ သတိသမ္ဗောဇ္ဈင် အဇ္ဈတ္တသန္တာန်မှာ ရှုပြီးတော့ သတိသမ္ဗောဇ္ဈင်ဖြစ်တယ်၊ ဗဟိဒ္ဓ သူတစ်ပါးတို့သန္တာန်၌ ဖြစ်တဲ့ တရားတွေကို အကြောင်းပြုပြီးတော့ သတိသမ္ဗောဇ္ဈင်ဖြစ်တယ်။

အခုယောဂီသူတော်စင်များ သတိသမ္ဗောဇ္ဈင်ကို အဓိကထားပြီးတော့ မိမိသန္တာန်မှာ ဖြစ်တဲ့ဝါယောလေဓာတ်ကို အဓိကထားပြီးတော့ သတိသမ္ဗောဇ္ဈင်ပွားများခဲ့ကြတယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင် မိမိသန္တာန် ဖြစ်တဲ့ တရားတွေနဲ့ပတ်သတ်ပြီးတော့ ဆင်ခြင်တယ်၊ သုံးသပ်တယ်၊ စုံစမ်းတယ်၊ စူးစမ်းတယ်။ သူတစ်ပါးတို့သန္တာန်မှာ ဖြစ်တဲ့တရားတွေနဲ့

http://www.dhammadownload.com



ပတ်သတ်ပြီးတော့ ဆင်ခြင်တယ်၊ သုံးသပ်တယ်၊ စုံစမ်းတယ်၊ စူးစမ်းတယ်။

အခုယောဂီသူတော်စင်များ ဝိပဿနာတရားအားထုတ်နေကြတော့ မိမိသန္တာန်မှာဖြစ်တဲ့ ရုပ်တရား၊ နာမ်တရားတွေကို ဆင်ခြင်တယ်၊ လေ့လာတယ်၊ စူးစမ်းတယ်၊ သုံးသပ်တယ်။ ဟော ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ပြီ။ အဲဒီလို ဓမ္မဝိစယသမ္ဗောဇ္ဈင်ကလဲ (၂)မျိုး ဝီရိယသမ္ဗောဇ္ဈင်မှာ ကာယိကဝီရိယကြိုးစားပြီးတော့ ထိုင်တယ်။ စေတသိကဝီရိယ စိတ်ထဲကနေမလျှော့ဘူးဆိုပြီး အားထုတ်တယ်။ ဝီရိယသမ္ဗောဇ္ဈင် (၂)မျိုး၊ ပီတိသမ္ဗောဇ္ဈင် (၂)မျိုး။

ဝိတက်ဝိစာရနှင့်တကွဖြစ်တဲ့ပီတိ၊ ဝိတက်ဝိစာရကင်းတဲ့ပီတိလို့ (၂) မျိုး၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် (၂)မျိုးက ဝေဒနာ၊ သညာ၊ သင်္ခါရ ဆိုတဲ့ စေတသိတ်ခန္ဓာတို့ရဲ့ ငြိမ်းအေးမှု ကာယပဿဒ္ဓိ၊ ဝိညာဏက္ခန္ဓာခေါ်တဲ့ စိတ်ရဲ့ငြိမ်းအေးမှု စိတ္တပဿဒ္ဓိ၊ သမာဓိသမ္ဗောဇ္ဈင် (၂)မျိုး၊ ဝိတက်ဝိစာရရှိတဲ့ သမာဓိ၊ ဝိတက်ဝိစာရကင်းတဲ့ သမာဓိမျိုး ရရှိခဲ့ကြပြီလေ။

ဥပေက္ခာသမ္ဗောဇ္ဈင် (၂)မျိုး - မိမိသန္တာန်မှာဖြစ်တဲ့ တရားတွေနဲ့ ပတ်သတ်ပြီးတော့ လစ်လျူရှုခြင်း၊ ဗဟိဒ္ဓသန္တာန်မှာရှိကြတဲ့ တရားတွေနဲ့ ပတ်သတ်ပြီးတော့ လစ်လျူရှုခြင်း၊ ဥပေက္ခာသမ္ဗောဇ္ဈင် (၂)မျိုး၊ အဲဒီလို ဗောဇ္ဈင် (၇)ပါးကနေပြီး (၁၄)ပါးပွားရတယ်။ နီဝရဏ (၅)ပါးက (၁၀)ပါး ပွားပုံကို သူတို့ကိုမေးလိုက်ပါ။ သူတို့မသိနိုင်ဘူး။

ဗောဇ္ဈင် (၇)ပါးက (၁၄)ပါးပွားပုံ ဘယ်လိုဖြစ်သလဲလို့ မေးလိုက်ရင် ဒါလဲသူတို့သိနိုင်မှာမဟုတ်ဘူး။ ဒီလိုနဲ့ပဲ နောက်တစ်နေ့ကျတော့ ရဟန်းတွေနဲ့တိတ္ထိတွေ တခါတွေ့ကြပြန်တယ်။

**စိတ် (၂)မျိုး**

တွေ့ကြပြန်တော့ မြတ်စွာဘုရားက သူတို့တွေကြသေးလား၊ သာသနာမှ တစ်ပါးသောအယူရှိတဲ့ တိတ္ထိတွေနဲ့ သင်တို့တွေ့ကြသေး

http://www.dhammadownload.com



လားလို့ မေးတော့ ရဟန်းတော်တွေက တွေ့ပါတယ်ဘုရားလို့ လျှောက်ထားကြတယ်။ တွေ့လို့ရှိရင် ဒီလိုမေးလိုက်အုံး၊ စိတ် (၂)မျိုးနဲ့ ပတ်သတ်ပြီးတော့ မေးလိုက်ကြ၊ ဆုတ်နစ်တဲ့စိတ်၊ ပျံ့လွင့်တဲ့စိတ်၊

ဆုတ်နစ်တဲ့စိတ်၊ မိမိတို့တရားအားထုတ်တဲ့အခါမှာ တော်ပါပြီ၊ ဒါလောက်တောင်ခက်တဲ့တရား မရချင်နေပါစေတော့ဆိုပြီးတော့ တွန့်ဆုတ်တဲ့စိတ်ကတစ်မျိုး၊ ဟိုဟိုဒီဒီ ပျံ့လွင့်နေတဲ့စိတ်ကတစ်မျိုး၊

**စိတ်တွန့်ဆုတ်နေရင်**

အဲဒီတော့ သူတို့ကို တွေ့လို့ရှိရင်မေးလိုက် စိတ်ကလေးတွန့်ဆုတ်နေလို့ရှိရင် ဗောဇ္ဈင် (၇)ပါးထဲက ဘယ်ဗောဇ္ဈင်ကိုပွားရမလဲ၊ ဘယ်ဗောဇ္ဈင်ကိုမပွားပဲထားရမလဲ။ ဟော- စိတ်တွန့်ဆုတ်ပြီးတော့နေတဲ့အခါမှာ စိတ်ကတွန့်ဆုတ်ပြီးနေပါတယ်ဆိုရင် သမာဓိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်၊ အဲဒီသမ္ဗောဇ္ဈင်တို့ဟာ ပွားရမယ့်အချိန်မဟုတ်ဘူး၊ စိတ်ကတွန့်ပြီးတော့ ဆုတ်နစ်နေတဲ့အခါမှာ ဘယ်ဗောဇ္ဈင်တရားပွားရမလဲဆိုတော့ ဝီရိယသမ္ဗောဇ္ဈင်ကို အင်တိုက်အားတိုက်ပွားများ ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားတွေကို ခွဲခြားပြီးတော့ ပွားများနေတဲ့သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင် အဲဒီ (၃)မျိုးဟာ စိတ်တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတဲ့အခါ ဒီဗောဇ္ဈင် (၃)မျိုးကို ပွားပေးရမယ်။

စိတ်တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတဲ့အခါမှာ အဲဒီအချိန်အခါမှာ ဒီဗောဇ္ဈင် (၃)မျိုးကို ပွားရမယ် (ဝီရိယသမ္ဗောဇ္ဈင်၊ ဓမ္မဝိဇယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင်) ပါ- တွန့်ဆုတ်တွန့်ဆုတ်နဲ့ ဆုတ်နစ်နေတဲ့အခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင် မပွားရဘူး။

ဥပမာဘယ်လိုလဲလို့ဆိုတော့ မီးမွှေးတဲ့ဥပမာ. . . မီးလေးက နည်းနည်းလေးရယ်၊ မီးစလေးကသေးသေးလေး ကျန်တဲ့အချိန်၊

လူတစ်ယောက်ဟာ အဲဒီမီးနည်းနည်းကို မီးမွှေးချင်တဲ့အခါ ကျတော့ အကယ်၍ မြက်အစိုတွေထည့်မယ်၊ နွားချေးအစိုတွေ

http://www.dhammadownload.com



ထည့်မယ်။ ထင်းအစိုတွေထည့်မယ်၊ ရေလောင်းပေးအုံးမယ်၊ ဖုံနဲ့သဲတွေနဲ့လည်း ပက်ပေးအုံးမယ်ဆိုရင် ဒီမီးဘယ်တောက်တော့မလဲ။ အဲဒါကြောင့်မို့ မီးနည်းနည်းလေးမွှေးတဲ့အခါမှ အစိုအထိုင်းထင်းတို့ မြက်တို့ ထည့်လို့ ရှိရင် မီးသေသွားရုံပဲရှိတယ်။

အဲဒီလိုပဲ စိတ်ဆုတ်နစ်နေပါတယ်ဆိုမှ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများမယ်ဆိုရင် ပိုပြီးတော့သာ စိတ်ကဆုတ်နစ်ပြီးတော့ နောက်ပြန်ပြေးလိမ့်မယ်။ မီးစ၊ မီးခဲသေးသေးလေးကို မီးမွှေးတဲ့အခါမှာ မြက်ခြောက်တွေ ထည့်ပေးရမယ်၊ ထင်းခြောက်တွေထည့်ပေးရမယ်၊ နွားချေးခြောက်တွေ ထည့်ပေးရမယ်၊ ရေလောင်းမပေးရဘူး၊ ဖွဲတို့ ဖုံမှုန့်တို့နဲ့လည်း မဖုံးရဘူး၊ မပက်ရဘူး၊ အဲဒီလိုဆိုရင် မီးတောက်နိုင်တယ်။

အဲဒီလိုပါပဲ စိတ်ကလေးဆုတ်နစ်နေပြီဆိုရင် ဝီရိယသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားများပြီးပေးရတယ်။

**စိတ်ပျံ့လွင့်နေရင်**

ဒါဖြင့် စိတ်ကလေးပျံ့လွင့်နေပြီ၊ ပျံ့လွင့်နေတဲ့အခါ ဘယ်ဗောဇ္ဈင်ကို ပွားများရမလဲလို့ သူတို့ကိုမေးလိုက်ရင် သူတို့ဖြေနိုင်မှာမဟုတ်ပါဘူး။ စိတ်ကပျံ့လွင့်နေပြီ မငြိမ်သက်တော့ဘူး အဲဒီလိုဆိုရင် ဘယ်ဗောဇ္ဈင်တွေ ပွားရမလဲ၊ ဘယ်ဗောဇ္ဈင်တွေ မပွားပဲနေရမလဲ၊ စိတ်ဟာပျံ့လွင့်နေပြီဆိုရင် ပဿဒ္ဓိသမ္ဗောဇ္ဈင်- ငြိမ်းအေးမှုနဲ့ပတ်သက်ပြီးတော့ ပွားများရမယ်။ သမာဓိသမ္ဗောဇ္ဈင်- သမာဓိရအောင်ကြိုးစားရမယ်။ ဥပေက္ခာသမ္ဗောဇ္ဈင်- လျစ်လျူရှုနိုင်အောင်ကြိုးစားရမယ်။

စိတ်ပျံ့လွင့်နေပါတယ်ဆိုမှ အဲဒီအချိန်အခါမှာ ဝီရိယသမ္ဗောဇ္ဈင် ကြိုးစားပြီးတော့ ထပ်ပြီးတော့အားထုတ်လိုက်မယ်ဆိုရင် ပိုပြီးတော့ ပျံ့လွင့်သွားတယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင် ပွားများလိုက်မယ်ဆိုရင် ပိုပြီးတော့ ပျံ့လွင့်သွားနိုင်တယ်။ ဥပမာ ဘယ်လိုလဲဆိုတော့

http://www.dhammadownload.com



အင်မတန်ကြီးကျယ်တဲ့ မီးပုံကြီး၊ မီးတောက်ကြီး၊ အဲဒီမီးပုံ မီးတောက် မီးလျှံကြီး ငြိမ်းလိုတဲ့ လူတစ်ယောက်ဟာ -

မီးငြိမ်းချင်တယ်၊ မီးငြိမ်းချင်တယ် ဆိုပြီးတော့ မြတ်ခြောက်တွေ သွားထည့်၊ ထင်းခြောက်တွေထည့်၊ နွားချေးခြောက်တွေထည့်၊ ရေမလောင်းဘူး၊ ဖုန်နဲ့သဲနဲ့လည်းမပတ်ဘူးဆိုရင် ဒီမီးတောက်တခါထဲ ငြိမ်းစရာအကြောင်းမရှိဘူး။

ဒီမီးတောက်မီးလျှံကြီးကို ငြိမ်းချင်တဲ့အခါကျတော့ ဘာလုပ်ရမလဲ လို့ဆိုတော့ မြက်အစိုတွေထည့်၊ ထင်းအစိုတွေထည့်၊ နွားချေးအစို တွေထည့်၊ ရေနဲ့ပက်၊ သဲတို့ ဖုံတို့နဲ့ ပက်မယ်ဆိုရင် မီးတောက်ဟာ ငြိမ်းပြီးတော့သွားနိုင်တယ်။ "ငြိမ်းပြီးတော့ မသွားနိုင်ဘူးလား၊ ရဟန်းတို့" လို့မေးတော်မူတဲ့အခါ ရဟန်းတော်များက "ငြိမ်းနိုင်ပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။

အဲဒီလိုပဲတဲ့ စိတ်ကလေးပျံ့လွင့်နေလို့ရှိရင် စိတ်ပျံ့လွင့်နေရင် "ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားများပေးရမယ်။ သမာဓိသမ္ဗောဇ္ဈင် ဖြစ်အောင် လုပ်ရမယ်၊ ဥပေက္ခာသမ္ဗောဇ္ဈင် ပွားများပေးရမယ်။ အဲဒီတော့ ဆုတ်နစ်နေတဲ့စိတ်ကလေးကို အားတက်သွားအောင်၊ ပျံ့လွင့်နေတဲ့ စိတ်ကလေးကို ငြိမ်သွားအောင် ဘယ်တရားမျိုးတွေ ပွားရမလဲ။ ဘယ်တရားမျိုးတွေ ပွားသင့်သလဲ၊ ဘယ်တရားမျိုးတွေ မပွားသင့်ဘူးလဲ။

ဘယ်တရားတွေပွားလို့ရှိရင် ဆုတ်နစ်နေတဲ့ စိတ်ကလေးဟာ အားတက်လာမလဲ၊ ဘယ်တရားတွေ ပွားများလို့ရှိရင် ပျံ့လွင့်နေတဲ့ စိတ်ကလေးဟာ ငြိမ်ပြီးတော့သွားမလဲ။ ဒီမေးခွန်းတွေများ မေးလိုက် လို့ရှိရင် အဲဒီသာသနာမှတစ်ပါး အယူရှိတဲ့ တိတ္ထိတွေဟာ ဒီမေးခွန်းတွေ ဖြေနိုင်မှာမဟုတ်ဘူး။

နတ်နှင့်တကွသော လောကကြီးထဲမှ ငါဘုရားမှတစ်ပါး အခြား ပုဂ္ဂိုလ် ဒီမေးခွန်းမဖြေနိုင်ဘူး။ ငါဘုရားရဲ့ တပည့်သား သာဝကများ မှတပါး အခြား ပုဂ္ဂိုလ်မဖြေနိုင်ဘူး။ ငါဘုရားရဲ့ ဟောသံ ပြောသံကို

http://www.dhammadownload.com



မနာကြားရဘူးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီစကားမဖြေနိုင်ပါဘူး။ အဲသလို ဆုတ်နစ်တဲ့စိတ်၊ တရားအားထုတ်တဲ့အခါမှာ ပျံ့လွင့်နေတဲ့စိတ် အဲဒီစိတ်တွေနဲ့ ပတ်သတ်ပြီးတော့ ဆိုကြပါစို့၊ တရားအားမထုတ်မီက ပျံ့လွင့်နေတဲ့စိတ်၊ တရားအားထုတ်တဲ့အခါ မပျံ့လွင့်ရအောင်လို့ သမာဓိသမ္ဗောဇ္ဈင် ပွားခဲ့ကြ။ မပျံ့လွင့်အောင်လို့ပါပဲ။ ပျံ့လွင့်နေတဲ့ စိတ်ကလေး ငြိမ်းပြီးတော့ တည်ပြီးတော့နေအောင် သမာဓိသမ္ဗောဇ္ဈင် အားထုတ်ခဲ့ကြတာပါပဲ။

ဒါဖြင့် ဗောဇ္ဈင် (၇)ပါးထဲက ဆုတ်နစ်တဲ့စိတ်နဲ့ပတ်သတ်ပြီး အားတက်ဘို့ ပွားများဖို့ရာ ဗောဇ္ဈင်သုံးမျိုး၊ မပွားများသင့်တဲ့ ဗောဇ္ဈင် (၃)မျိုး။ ပျံ့လွင့်နေတဲ့စိတ်နဲ့ပတ်သတ်ပြီးတော့ ပွားသင့်တဲ့ ဗောဇ္ဈင် (၃)မျိုး၊ မပွားသင့်တဲ့ဗောဇ္ဈင် (၃)မျိုးဆိုတော့ ဗောဇ္ဈင် (၇)ပါးထဲမှာ သုံးပါး သုံးပါးစီဆိုတော့ (၆)ပါး တစ်ပါးကျန်ပြီးတော့နေပါတယ်။ ဘယ်ဗောဇ္ဈင်ကျန်နေသလဲ ဆိုတော့ သတိသမ္ဗောဇ္ဈင် -

အဲဒါကို မြတ်စွာဘုရားက -

**သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ**

ရဟန်းတို့ သတိသမ္ဗောဇ္ဈင် သတိကိုတော့ အရာရာမှာ အလိုရှိအပ်တယ်လို့ ငါဘုရားဟောတော်မူတယ်။ ဟင်းတွေချက်ပြီးတော့ စားကြတဲ့အခါ ဟင်းတိုင်း ဟင်းတိုင်းမှာ "လောဏဓူပန" ခေါ်တဲ့ ဆားခပ်ဖို့အရေးကြီးတယ်။ ဟင်းတိုင်းဟင်းတိုင်းမှာ ဆားပါမှ သင့်တော်သလို "သဗ္ဗကမ္မိက အမစ္စောဝိယ" သတိလေးဟာ အရာခပ်သိမ်းကို ဆောင်ရွက်တဲ့မင်းအမတ်ကြီးနဲ့လည်း တူတယ်။

အရေးပါတဲ့မင်းအမတ်ကြီးများဟာ စစ်ရေးစစ်ရာမှာလဲပါတယ်။ စီးပွားရေးလည်းပါတယ်။ လူမှုရေးလည်းပါတယ်၊ နန်းတွင်းရေး/နန်းပြင်ရေးအားလုံးမှာလဲပါတယ်၊ မင်းရေးမင်းရာအားလုံးမှာ ပါပြီးတော့နေတယ်။

အဲဒီလိုပဲ သတိသမ္ဗောဇ္ဈင်၊ သတိကတော့ဖြင့် စိတ်ဆုတ်နစ်နေပြီဆိုရင်လည်း သတိဟာအသုံးချရတယ်။ စိတ်ပျံ့လွင့်နေပြီဆိုရင်လည်း

http://www.dhammadownload.com



သတိသမ္ဗောဇ္ဈင်က အရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "သတိဥ္စခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ" လို့ ဟောတော်မူခဲ့တာပါ။

အဲဒီတော့ သာသနာတော်မှတပါး အခြားတိတ္ထိတို့ရဲ့အယူဝါဒမှာ စိတ်ဆုတ်နစ်နေလို့ရှိရင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းမရှိပါဘူး။

စိတ်ကလေးပျံ့လွင့်နေရင်စိတ်ကိုဘယ်လိုထိန်းရမယ်ဆိုတဲ့ နည်းလမ်းလည်း မရှိပါဘူး။ မြတ်စွာဘုရားသာသနာတော်မှာသာ ရှိပါတယ် ဗောဇ္ဈင် (၇)ပါး ပွားများပုံ အပြည့်အစုံက ဒီသာသနာတော်မှာသာ ရှိပါတယ်။ ဒီတော့ ဤအဆုံးအမတော်ကြီး မကွယ်ပသေးခင် မိမိတို့ လူရယ်လို့ဖြစ်လာကြတယ်။

ဆုတ်နစ်နေတဲ့စိတ်ကို အားတက်အောင်ပြုကျင့်တဲ့နည်း၊ အားထုတ်တဲ့နည်း၊ ပျံ့လွင့်နေတဲ့စိတ်ကို ငြိမ်သက်အောင် အားထုတ်တဲ့ နည်းနာ နိဿယအတိုင်း အားထုတ်ကြိုးစားပြီးတော့လာခဲ့တာ ယနေ့ (၇)ရက်ပြည့်မြောက်လို့ မနက်ဖြန်ဆိုရင် အပြီးသတ်အောင်ပွဲခံကြမည့် အချိန်အခါသမယဖြစ်ပါတယ်။ အဲဒီလိုမြတ်စွာဘုရား ပေးသနားတော်မူခဲ့တဲ့ ဆုတ်နစ်တဲ့စိတ်ကို အားတက်အောင်လုပ်တဲ့၊ ပွားများတဲ့နည်း။

ပျံ့လွင့်နေတဲ့စိတ်ကို ငြိမ်းအောင်အားထုတ်တဲ့နည်းများဖြင့် အားထုတ်ပြီးတော့လာခဲ့ကြတဲ့ ယောဂီသူတော်စင်များ ငါတို့တတွေ လူဖြစ်ရကျိုးနပ်တယ်။ ကမ္ဘာ့လူထုအများစုကြီးထဲက အနည်းစုလေးသာ တွေ့နိုင်တဲ့ ခံစားနိုင်တဲ့၊ ဓမ္မအရသာကို ငါတို့တတွေ ခံစားရတယ်လို့။

စိတ်ထဲက ကျေကျေနပ်နပ်နဲ့ မိမိတို့အားထုတ်ရတဲ့ လမ်းစဉ် အပေါ်မှာ ယုံမှားသံသယမရှိ ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးဩဝါဒတရားစကားကို နိဂုံးချုပ် အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စခန်းသိမ်းအောင်ပွဲ

ယနေ့ (၂၁)ကြိမ်မြောက် တရားစခန်းအောင်ပွဲအနေနဲ့ ယနေ့ နံနက် အရုဏ်တက်ချိန်မှာ ကျင်းပကြတယ်။ အဲဒီတရားစခန်းအောင်ပွဲမှာ ဘုန်းကြီးအနေနဲ့ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က အင်မတန် ဉာဏ်ကြီးတဲ့ အရွယ်အားဖြင့် (၇)နှစ်သာရှိသေးတဲ့ သူဌေးသား တစ်ယောက်၊ သူက သူ့ဖခင်သူဌေးကြီးကို ဘာမေးသလဲဆိုတော့

**အတ္ထဒ္ဒါရ ပဉှာ**

ပစ္စုပ္ပန်တမလွန် အကျိုးစီးပွားများခြင်းရဲ့ အကြောင်းဖြစ်တဲ့ မေးခွန်းကိုမေးတယ်။ မေးတဲ့အခါ ဖခင်သူဌေးကလည်းမဖြေနိုင်။ မဖြေနိုင်တော့ ဘုရားထံလာရောက်ပြီးတော့ ဒီကလေးဟာ တပည့်တော် ကို ပစ္စုပ္ပန်သံသရာကြီးပွားကြောင်း အကျိုးစီးပွားရခြင်းရဲ့ အကြောင်း မေးခွန်းပြဿနာမေးပါတယ်အရှင်ဘုရား။

ဘုရားရှင်က မှန်တယ်တဲ့။ ဒီကလေးဟာ ဒီဘဝမှာသာ အကျိုးစီးပွားများခြင်းရဲ့ အကြောင်းဖြစ်တဲ့ ပြဿနာမေးခွန်းကို မေးတာ မဟုတ်ဘူး။ ရှေးအခါတုန်းကလည်း ဒီမေးခွန်းမေးခဲ့ဘူးတယ်။ ဘဝကတ္တားခြားသွားတဲ့အတွက် ဘဝဖုံးလွှမ်းနေတဲ့အတွက် သူမသိတာ ပဲလို့ ဆိုပြီးတော့ မြတ်စွာဘုရားက ပစ္စုပ္ပန်သံသရာကြီးပွားချမ်းသာခြင်းရဲ့ အကြောင်း (၆)မျိုးကို ထုတ်ဖော်ဟောကြားတော်မူပါတယ်။

**အာရောဂျမိစ္ဆေပရမဉ္စလာဘံ**
**သီလံဝုဒ္ဓါနုမတံ သုတဉ္စ**
**ဓမ္မာနုဝတ္တိစ အလီနတာစ**
**အတ္ထဿဒ္ဒါရာပမုခါဆဠေတေ။**

ပစ္စုပ္ပန်သံသရာအကျိုးစီးပွားရခြင်း၏ အကြောင်းဖြစ်တဲ့ အချက်အလက် (၆)မျိုးကို မြတ်စွာဘုရားဖြေကြားတော်မူတယ်။ ပရမံ မြတ်သော၊ အာရောဂျံ-အနာရောဂါကင်းရှင်းကွာ၍ ကျန်းမာခြင်းဟု ဆိုအပ်သော လာဘံ-လာဘ်ကို ဣစ္ဆေ အလိုရှိရာ၏။

http://www.dhammadownload.com



နံပါတ် (၁)က-

အရတော်မှန် လူဖြစ်ပြန်သော်လက်မွန်ဦးစွာကင်းအနာနှင့် ရောဂါမစပ် မြတ်သောလာဘ် လိုသည်သာတဲ့။ မှန်ပါတယ်၊ ဘုရားရှင်ရဲ့ စကားတော်။

အခုယောဂီသူတော်စင်များ လောကီစီးပွားရေးလုပ်ငန်းလုပ်တဲ့ အခါ ကျန်းမာမှ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်တယ်။ မရသေးတဲ့ စည်းစိမ်ဥစ္စာတွေကို ရဖို့၊ ရပြီးသားစည်းစိမ်များကိုခံစားဖို့ ကျန်းမာမှ ခံစားနိုင်ကြတယ်။

အဲဒီတော့ ရောဂါက (၂) မျိုး။

(၁) ကိုယ်၌ဖြစ်တဲ့ရောဂါ (၂) စိတ်၌ဖြစ်တဲ့ရောဂါ - ကိုယ်ရောဂါ၊ စိတ်ရောဂါ။ ကိုယ်ရောဂါလည်းကင်း၊ စိတ်ရောဂါလည်းရှင်းမှ စိတ်ရောဂါဆိုတာ သာမန်အားဖြင့်ပြောမယ်ဆိုရင် စိတ္တဇဆေးရုံ ရောက်နေတဲ့ပုဂ္ဂိုလ်တွေကို စိတ်ရောဂါရှိတယ်လို့ ဒီလိုခေါ်ကြပါတယ်။ သို့သော်လည်းပဲ အရဟတ္တဖိုလ်မရောက်သေးသူအားလုံးဟာ စိတ်ရောဂါ ရှိသူတွေချည်းပဲဖြစ်ပါတယ်။

စိတ္တဇဆေးရုံပို့ရလောက်အောင်ရူးနောက်တာ မဟုတ်သေးတော့ တရားအားထုတ်လို့ရနေကြတယ်။ ကိလေသာရောဂါလို့ ဆိုကြပါစို့၊ လောဘ၊ ဒေါသ၊ မောဟတွေ ထင်ရှားရှိနေရင် ဒါကိလေသာရောဂါ ရှိနေတာပါပဲ။ အဲဒီလောဘကြောင့် ရူးတာမျိုး၊ ဒေါသကြောင့် ရူးတာမျိုး၊ မောဟကြောင့်ရူးတာမျိုးထိအောင် မဖြစ်လို့ရှိရင် စိတ်အရူးရောဂါကင်း ပြီးတော့နေတယ်လို့ လောကကတော့ ဆိုနိုင်သေးတယ်။

အဲဒီလို အရူးလို့မခေါ်ရသေးတဲ့စိတ်ရောဂါကင်းနေရင်ဖြင့် စိတ်ရောဂါကင်းတဲ့အတွက်မရသေးတဲ့သမာဓိ၊ စိတ်ရဲ့တည်ကြည် ငြိမ်သက်မလှုပ်ယှက်မှုကို ရအောင်အားထုတ်နိုင်ပါသေးတယ်။ ရပြီးသား သမာဓိလည်း အဖန်ဖန်အထပ်ထပ်တိုးပွားပြီးတော့ ဝိပဿနာအဆင့် ရောက်အောင်အားထုတ်နိုင်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် အမှန်အမြတ်ဖြစ်တဲ့ ကျန်းမာခြင်းဆိုတဲ့လာဘ်ကို ကျန်းမာခြင်းကို အလိုရှိရမယ်။

နံပါတ် (၂) **"သီလဉ္စ"** စာရိတ္တသီလကိုလည်းကောင်း

စာရိတ္တသီလဆိုတာ မိမိတို့ပြုသင့်ပြုထိုက်တဲ့ မိဝတ်၊ဖဝတ်ကစပြီး ပြုကျင့်ထိုက်တဲ့စာရိတ္တကျင့်ဝတ် အဲဒါလည်းအလိုရှိရမယ်။

နံပါတ် (၃) **ဝုဒ္ဓါနုမတံ** ဂုဏ်အားဖြင့် ကြီးမားကြကုန်သော ဘုရားမြတ်စွာ ပစ္စေကနှင့်အရိယာအပေါင်း သူတော်ကောင်းတို့၏ ဩဝါဒကိုလည်းကောင်း၊ ဘုရားရှင်ရဲ့ ဩဝါဒအဆုံးအမ၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအစရှိတဲ့ ဆရာတော်ကြီးတွေရဲ့ ဩဝါဒ ကိုလည်းပဲ အလိုရှိရမယ်။

နံပါတ် (၄) **သုတဉ္စ** အကြားအမြင်များခြင်းကိုလည်းကောင်း၊ ဣစ္ဆေ အလိုရှိရာ၏။

နံပါတ် (၅) **ဓမ္မာနုဝတ္တိ** - တရားအားလျော်တဲ့ သုစရိုက် တရားကိုလည်းကျင့်၊ ယောဂီသူတော်စင်များ တရားအားထုတ်တယ် ဆိုတော့ သုစရိုက်တရားတွေ ကျင့်ပြီးသားဖြစ်တယ်။ ဘာကြောင့်လည်း ဆိုတော့ ဒုစရိုက်တို့မှ ရှောင်ကြဉ်ပြီးသားဖြစ်နေလို့ အာဇီဝဋ္ဌမကသီလ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပြီးတော့ ကျင့်သုံး ဆောက်တည်ထားတာဆိုတော့ **ဓမ္မာနုဝတ္တိစ** - တရားအားလျော်တဲ့ သုစရိုက်တရားကိုကျင့်ခြင်းဆိုတဲ့ အချက်အလက်ဟာလည်း ပြည့်စုံ တယ်။

နံပါတ် (၆) **အလီနတာစ** - မဆုတ်နစ်သောစိတ်ရှိသည်၏အဖြစ် မဆုတ်နစ်တဲ့စိတ်ရှိတယ်။ လောကီလုပ်ငန်းမှာဖြစ်စေ၊ တရားလုပ်ငန်းမှာ ဖြစ်စေ မဆုတ်နစ်တဲ့စိတ်ဟာ အင်မတန်အရေးကြီးတယ်။ ဣတိ - ဤသို့ ဧတေဆ- ဤတရားခြောက်ပါးတို့သည်၊ အတ္ထဿ- ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး၏၊ ပမုခါ- မြတ်ကုန်သော၊ ဒွါရာ ရဘို့ရာအကြောင်းတို့ပါပေတည်း။

http://www.dhammadownload.com



အာရောဂျ မိစ္ဆေ ပရမဉ္စ လာဘံ
သီလံ ဝုဒ္ဓါနုမတံ သုတဉ္စ
ဓမ္မာနုဝတ္တိ အလီန တာစ
အတ္ထဿဒွါရာ ပမခါဆဠေတေ။

မြတ်စွာဘုရား အကျိုးစီးပွားများခြင်းအကြောင်း (၆)မျိုး ဟောပါတယ်။

(၁) ကျန်းမာခြင်းကိုအလိုရှိခြင်း

(၂) စာရိတ္တသီလကို ဖြည့်ကျင့်ခြင်း

(၃) ဘုရားပစ္စေကဗုဒ္ဓါအရိယာအရှင်မြတ်ကြီးတွေနှင့်တကွ လေးစားအပ်တဲ့ ဆရာသမားတို့ရဲ့ဩဝါဒစကားကို အလိုရှိခြင်း၊လိုက်နာခြင်း

(၄) အကြားအမြင်များခြင်းကို အလိုရှိခြင်း၊ အသင်အကြား အမြင်များခြင်း

(၅) သူစရိုက်တရားတို့ကို ကျင့်သုံးခြင်း

(၆) မဆုတ်နစ်သောစိတ်ရှိခြင်း - အဲဒီ (၆)မျိုးဟာ ပစ္စုပ္ပန် သံသရာအကျိုးများခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်တွေ -

မြတ်စွာဘုရားဟောကြားတော်မူတဲ့အတိုင်း အခုယောဂီ သူတော်စင်များ ဒီအချက်အလက်များကို ထိုက်တန်သလောက် မိမိတို့ သန္တာန်မှာရရှိတဲ့အတွက် ပစ္စုပ္ပန်သံသရာ အကျိုးများခြင်းရဲ့အကြောင်း ကောင်းမြတ်တဲ့ ဘုရားရှင်ရဲ့အဆုံးအမကို လိုက်နာကျင့်သုံးရပေပြီ။

(၂၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဝင်ရောက်ပြီးတော့ ဒီအကျိုးစီးပွားများခြင်းအကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်များလိုက်နာရပေပြီလို့ ဝမ်းပန်းတသာနဲ့ ယနေ့တရားစခန်း အောင်ပွဲကျင်းပကြတယ်။

ဒါကြောင့် အကျိုးစီးပွားများခြင်း အကြောင်းကောင်းမြတ်တဲ့ လမ်းစဉ်များလိုက်နာကျင့်သုံးရသဖြင့် ကျေနပ်စရာ၊ အားရစရာ

http://www.dhammadownload.com



ကောင်းတဲ့အတိုင်း မိမိတို့ဟာ မြတ်စွာဘုရားအဆုံးအမများကို ဆက်လက်ပြီးတော့ လိုက်နာကျင့်သုံးနိုင်ကြပါစေသော်လို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒကို နိဂုံးချုပ်ပါတယ်။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကာရေ – ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၂၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်နေ့။

**ဓာတုဗေဒဉာဏ်အားတော်**

(၂၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲအနေနဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့အား ရှေးဦးစွာ ဓာတ်များစွာကို သိတော်မူတတ်သော ဘုရားရှင်အား ရှိခိုးကြရအောင်။

အနေကံ နာနာဓာတုံလောကံ၊ ခန္ဓာယတနဓာတုကံ။
ဇာနန္တော ဉာဏဗလေန သီဟနာဒံ နဒီဇိနော။

ဇိနော- အောင်သင့်အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင်ဘုရားရှင်သည်၊ အနေကံဓာတုံ- စက္ခုကာမ စသည် သတ်မှတ်များစွာသော ဓာတ်လဲရှိသော၊ နာနာဓာတုံ- ထိုဓာတ်အများ တစ်ပါးပါး၌ ထူးခြား သတ်မှတ် ကွဲပြားသော ဓာတ်လဲရှိသော၊ ခန္ဓာယတန ဓာတုကံ-

http://www.dhammadownload.com



ပုဂ္ဂိုလ်သတ္တဝါ သူငါမနော ခန္ဓာအာယတန ဓာတ်သဘောသာဖြစ်သော၊ လောကံ- လူနတ်ပြဟ္မာ သတ္တဝါဟု သူငါထင်မှတ် လောကဓာတ်ကို၊ ဉာဏပလေန- အနေကနာနာဓာတ်များစွာကို သေချင်ခွဲခြမ်း ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော- မဖောက်မပြန် ဟုတ်တိုင်းမှန်အောင် ဧကန်တိတိ သိရှိတော်မူပါသည်ဖြစ်၍၊ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားတော်အသံကို၊ နဒီ- ပညာရဲရင့် ပွဲလယ်တင့်သို့ ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူပါပေ၏။ သီဟနာဒံ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားတော်အသံကို၊ နဒန္တံ- ပညာရဲရင့် ပွဲလယ်တင့်သို့ ကျူးရင့်လှစ်ဖွေ မိန့်မြွက်တော်မူနိုင်ပါပေသော၊ ဇိနံ- ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်ဘုရားကို၊ မယံ- တပည့်တော်တို့ ဆရာတော်များနှင့် တကွ ယောဂီသူတော်စင်အပေါင်းတို့သည်၊ ဝန္ဒာမ- ရိုသေမြတ်နိုး လက်စုံမိုးလျှက် ရှိခိုးကြပါကုန်၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

ဘုန်းကြီးတို့ ရရှိထားတဲ့ ရှေးဟောင်းဗုဒ္ဓအမွေအနှစ် တရားဘဏ္ဍာ ရတနာတိုက်ကြီးထဲက သင့်လျော်ရာ သင့်လျော်ရာလေးတွေ ထုတ်ပြီးတော့ သုံးစွဲခဲ့ကြရတာ မကုန်နိုင်ပါဘူး။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေ အမြောက်အများ ရှိတာထဲက အားတော် (၁၀)တန်၊ ဉာဏ်တော် (၁၀)ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဘုန်းကြီးတို့ ကိုးကွယ်အားထားရာဖြစ်တဲ့ မြတ်ဘုရားသည် ကာယဗလအားတော် (၁၀)တန်၊ ဉာဏဗလဉာဏ်တော်အား (၁၀)ပါး ထဲက များစွာသောဓာတ်တွေ ခွဲခြားပြီးသိနိုင်တဲ့ အနေကဓာတု၊ နာနာဓာတုဉာဏ်တော်အား။

http://www.dhammadownload.com



ဓာတ်တွေကလဲ အများကြီးပဲ။ စက္ခုဓာတ်၊ သောတဓာတ် အစရှိသောဓာတ်၊ ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်၊ နာမဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ် အစရှိသော ဓာတ်တွေအများကြီး။ ဒါကြောင့်-

အနေကဓာတုံ- စက္ခုကာမ စသည် သတ်မှတ်များစွာသော ဓာတ်ရှိသော၊ လောကကြီးကို ကြည့်လိုက်တဲ့အခါ ဒီလောကကြီးမှာ ဘာတွေရှိသလဲ။ ဓာတ်တွေရှိတယ်။ စက္ခုသောတ အစရှိတဲ့ဓာတ်တွေ၊ ကာမဓာတ်အစရှိတဲ့ ဓာတ်တွေ။

ဓာတ်ဆိုတာ ဘာလဲဆိုတော့ သဘောပါ။ သဘောဆိုတာ ဘာလဲဆိုတော့ သုညပါပဲ။ သုညဆိုတာ ဘာလဲလို့ဆိုတော့ သတ္တဇီဝမှ ကင်းဆိတ်တယ်။

သတ္တဝါဆိုတဲ့ အထင်အမှတ် ဇီဝဝိညာဉ် အသက်ရှိတယ်ဆိုတဲ့ အထင်အမှတ်၊ ငါရှိတယ်ဆိုတဲ့ အထင်အမှတ်၊ သူရှိတယ်ဆိုတဲ့ အထင်အမှတ်။

အဲလို အထင်အမှတ်တွေမှ ဆိတ်သုဉ်းတဲ့ သုည။ တရားအား ထုတ်တယ်ဆိုတာ ဒီဓာတ်တွေ မြင်အောင်ကြည့်တဲ့နည်းပါပဲ။ သုညဆိုက် အောင်ကြည့်နိုင်ဖို့ပါပဲ။ လောကမှ ထွက်မြောက်ဖို့ဉာဏ်နဲ့မြင်အောင် ကြည့်ပါ။

ရူပဘေဒ၊ ဓာတုဘေဒ၊ သတ္တဘေဒ အစရှိတဲ့ ပညာရပ်တွေ အမျိုးမျိုးရှိပါတယ်။ လောကသုံးအတွက် အသုံးချနေကြပါတယ်။

အဲဒီ ဓာတုဘေဒနဲ့ပတ်သက်လို့ လောကကြီးမှာ ပထမဆုံး မြတ်စွာဘုရားက ဓာတ်တွေ ခွဲခြားခွဲခြားပြီးတော့ ဓာတ် (၄)မျိုး၊ ဓာတ် (၆)မျိုး၊ ဓာတ် (၁၈)မျိုးအပြင်၊ မြောက်များသော ဓာတ်တွေကို ခွဲခြားပြီးတော့ ဟောကြားတော်မူခဲ့တယ်။

အဲဒီ ဓာတ်တွေထဲကမှ စက္ခုဓာတ်နဲ့ သောတဓာတ်မတူဘူး။ သောတဓာတ်နဲ့ ဃာနဓာတ်မတူဘူး။ ကာမဓာတ်နဲ့ ရူပဓာတ်မတူဘူး။

http://www.dhammadownload.com



ရူပဓာတ်နဲ့ အရူပဓာတ်မတူဘူး။ နာမ (နာမ်)ဓာတ်နဲ့ ရူပ (ရုပ်)ဓာတ် မတူဘူး။

ဓာတ်အများမှာ တစ်ပါးနဲ့တစ်ပါး မတူကွဲပြား ခြားနားတဲ့အချက် တွေကိုလဲ ခွဲခြားစိတ်ဖြာပြီးတော့ မြတ်စွာဘုရား ဟောကြားတော် မူတယ်။

အဲဒီတော့ ဒီလောကကြီးဟာ ပုဂ္ဂိုလ်သတ္တဝါ သူငါမနော ခန္ဓာ အာယတန ဓာတ်သဘောသာ ရှိတယ်လို့ မြင်တော်မူတယ်၊ မြင်ရမှာပါ။

ဒို့သူငါတွေကတော့ ထင်မှတ်နေကြတာ လူရှိတယ်။ နတ် ရှိတယ်။ ဗြဟ္မာရှိတယ်လို့ ထင်မှတ်နေကြတယ်။ ရုပ်ဓာတ် နာမ်ဓာတ် ရှေ့မှာ ငါတံဆိပ်၊ သူတံဆိပ် ခပ်နှိပ်နေကြတယ်။

ပုဂ္ဂိုလ်သတ္တဝါ သူငါထင်မှတ် လောကဓာတ်ကို ဤကမ္ဘာကြီးကို၊ ဤစကြဝဠာကြီးကို၊ ဤလောကကြီးကို မြတ်စွာဘုရားက အကျဉ်းချုပ် အားဖြင့် ရုပ်ဓာတ်၊ နာမ်ဓာတ်သာ ရှိတယ်လို့ အကြိမ်ကြိမ်ဟောကြား တော်မူခဲ့တယ်။

## တရားမြင်မှ ဘုရားမြင်

အဲဒီ သဘောသွားလေးတွေကို မိမိတို့သိအောင် အားထုတ်ကြ ရမှာပါ။ တရားတော်ရဲ့ ဂုဏ်တော်တွေထဲက **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** ပညာရှင်တွေဟာ ကိုယ်စီကိုယ်ငှ အသီးအသီး သိရတဲ့ တရား မျိုးတဲ့။

သူပြောလူပြောလို့ သိတာကတစ်မျိုး၊ သူတစ်ပါးဆီကတစ်ဆင့် သိရတာက တစ်မျိုး၊ တရားတော်ရဲ့ ဂုဏ်ရည်တစ်မျိုးက ပညာရှင်တွေ ကိုယ်စီကိုယ်ငှ မျက်တွေ့ လက်တွေ့ သိအပ်တဲ့တရားတော်ပါတဲ့။ အကူ ကိရိယာတစ်မျိုးမျိုးနဲ့ ကြည့်တာ မြင်တာ သိတာကို မဆိုလိုပါဘူး။

အဲဒီလို ကိုယ်တွေ့မျက်တွေ့ဖြစ်တဲ့ တရားတွေနဲ့ ပတ်သက်လို့ **"သွာက္ခာတော ဘဂဝတာဓမ္မော"** မြတ်စွာဘုရားသည် တရားတော်

http://www.dhammadownload.com



ကို ဟောကြားတဲ့အခါမှာ အစ အလယ် အဆုံး သုံးပါးလုံးကောင်းတဲ့ ဂုဏ်နဲ့ ပြည့်စုံအောင်လဲ ဟောကြားတော်မူခဲ့တယ်။

အစပိုင်းမှာ သီလ၊ အလယ်ပိုင်းမှာ သမာဓိ၊ အဆုံးပိုင်းမှာ ပညာ အနက်သဒ္ဒါနဲ့လဲ ပြည့်စုံတယ်။

မြတ်စွာဘုရား ဟောတဲ့တရား ဒီနားမှာပိုနေလို့ ဖြုတ်ကြဦးစို့ရဲ့လို့ ဖြုတ်စရာလဲ မရှိဘူး။ ဒီနားမှာလိုနေလို့ ဖြည့်စွက်ကြဦးစို့ရဲ့လို့ ဖြည့်ကွက်လဲ မတွေ့ရဘူး။

စင်ကြယ်သန့်ရှင်း အပြစ်ကင်း ကောင်းခြင်းစုံလတ် တရားတော် ဆိုတဲ့အတိုင်း စင်ကြယ်တဲ့ကျင့်စဉ်။

အခု ယောဂီသူတော်စင်များ ကျင့်ရမယ့် ကျင့်စဉ် ပရိသုဒ္ဓ ဗြဟ္မစရိယ စင်ကြယ်တဲ့ကျင့်စဉ်။

ကျင့်စဉ်မှန်ဖို့က အရေးကြီးတာကိုး။ စင်ကြယ်တဲ့ကျင့်စဉ်၊ ဘာကြောင့် စင်ကြယ်သလဲလို့ဆိုတော့ ကောင်းစွာဟောကြားထားတဲ့ အတွက်ကြောင့်ပါပဲ။

အဲဒီလို စင်ကြယ်တဲ့ကျင့်စဉ် ကျင့်ကြတဲ့ ဗြဟ္မစရိယပုဂ္ဂိုလ်များဟာ "သန္ဒိဋ္ဌိကော" မျက်မှောက်မှာ အကျိုးရပါလိမ့်မယ်။ တော်တော်ကြာတော့ လက်တွေ့တွေ့ပါလိမ့်မယ်။

"အကာလိကော" ဒါကတော့ မဂ်ဉာဏ်နဲ့ပတ်သက်ပါတယ်။ အခါမလင့် အကျိုးပေးတယ်ဆိုတာက မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ် တစ်ယောက် သောတာပတ္တိမဂ်ဉာဏ်ရပြီ ဆိုပါစို့။ ကမ္ဘာကလဲ ပျက်တော့မယ်ဆိုပါစို့။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မဂ်ဉာဏ်ရပြီး ဖိုလ်ဉာဏ်မရမီ ကာလ အတွင်း ကမ္ဘာပျက်ကိန်း ကြုံသော်လဲပဲ။ အဲဒီ ကမ္ဘာပျက်မှုကြီးက တစ်ခါထဲ ရပ်ဆိုင်းပေးရတယ်။ မဂ်ဉာဏ်ရဲ့သတ္တိ အင်မတန် ကြီးမားပါတယ်။ ကမ္ဘာပျက်မယ့်ကိန်းကြီး ကမ္ဘာပျက်ဖို့ရာ အချိန်ရောက်နေပါပြီ။ ဒီလို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မဂ်ဉာဏ်ရ ထားလို့ရှိရင် ဖိုလ်ဉာဏ် မရမီစပ်ကြားမှာ ကမ္ဘာကြီး ပျက်မသွားဘူး။

http://www.dhammadownload.com



အဲဒီလို ကမ္ဘာပျက်မည့်အရေးကိုပင် ဟန့်တားနိုင်တယ်။

"ဟေဝိပဿိကော"- လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ ကျင့်ကြံပါ အားထုတ်စမ်းပါလို့ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းထိုက်သော ဂုဏ်ဂုဏ်ဝိသေသနှင့် ပြည့်စုံတော်မူပါပေ၏။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး အနက်ပေးထားပုံက အင်မတန်ရှင်းပါတယ်။

"လာရောက် ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ၊ ရှုပါ၊ ကျင့်ကြံပါ၊ အားထုတ်စမ်းပါလို့ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းထိုက်ပါပေ၏။ လက်ဆွဲပြီးတော့လဲ ခေါ်ထိုက်ပါတယ်။ သတင်းစာထဲက ကြေငြာပြီးတော့လဲ ခေါ်ထိုက်ပါတယ်။ လက်ကမ်းကြော်ငြာတွေ ပေးပြီးတော့လဲ ခေါ်ထိုက်ပါတယ်။ တတ်စွမ်းနိုင်ရင် ဆက်သွယ်ရေး ဂြိုဟ်တု စသည်ကပင် ဖိတ်ခေါ်ထိုက်ပါတယ်။

ဆိုကြပါစို့။ နယ်ကလူတစ်ယောက်ကို ရန်ကုန်မြို့ကြီးမှာ ရွှေတိဂုံဘုရားကြီးက ဘယ်လိုသပ္ပါယ်တယ်။ ဘယ်နေရာတွေက ဘယ်လိုကောင်းတယ် အစရှိသည့်ဖြင့် ပြောပြီးတော့ ခေါ်လာတယ်။

ခေါ်လာတော့ နယ်ကလူတစ်ယောက်က လိုက်လာတာ။ လိုက်လာတော့ ပြောထားတဲ့အတိုင်း မှန်တဲ့အတွက် "အေး- မင်းပြောတာ မှန်သားပဲ။ ရွှေတိဂုံစေတီကြီးကလဲ သပ္ပါယ်လိုက်တာ၊ ဟိုနေရာ ဒီနေရာတွေလဲ စည်ကားလိုက်တာ" ဆိုပြီး ခေါ်လာတဲ့လူကို ကျေးဇူးတင်တယ်။ "ကျေးဇူးတင်တယ်ကွာ"လို့ ကျေးဇူးတင်စကားပြောတယ်။

အဲဒီထက် အဆပေါင်းများစွာ ဒီတရားကို အားထုတ်ကြည့်စမ်းပါလို့ လက်ရပ်ခေါ်တာကတစ်မျိုး၊ သတင်းစာက ကြေငြာပြီးတော့ ခေါ်တာကတစ်မျိုး၊ မပါပါအောင် ခေါ်ဆောင်သိမ်းသွင်းဌါထိုက်တယ်။

ဒါကြောင့် "လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍" အားထုတ်ပြီးတဲ့အခါကျတော့ "ကျေးဇူးတင်လိုက်တာ"၊ "စိတ်ဘယ်လို ချမ်းသာသွားတာ"၊ "စိတ်ကလေးရဲ့ တည်ငြိမ်မှုဟာ ဘယ်လို၊ နဂိုကမြင်နေတဲ့ အမြင်နဲ့ မတူဘူး"။

http://www.dhammadownload.com



တရားတော်ရဲ့ အရှိန်အဝါတွေ တရားတော်ရဲ့ တန်ခိုးသတ္တိတွေ မိမိသန္တာန်မှာ ရောက်လာတဲ့အခါကျတော့ ပိုပြီးတော့ စိတ်တွေကျေနပ်ပြီးတော့ သွားပါလိမ့်မယ်။

ဟိုတုန်းက ဘုန်းကြီးရဲ့မိတ်ဆွေ ဆရာတော်တစ်ပါးက တရားသား မတက်နိုင်ဘူး။ ဆင်းရဲလိုက်တာတဲ့။

သူက စဉ်းစားတယ်တဲ့။ ဘာကြောင့် ဒါလောက်ကြီးမားတဲ့ ဒုက္ခကို ပေးချင်ပါလိမ့်မလဲ။ တရားတိုက်မှာ တရားပေးတဲ့ ဆရာတော်တွေ အင်မတန်ကြီးမားတဲ့ဒုက္ခ ဘာကြောင့် ပေးရတာပါလိမ့်မယ်။ အဲဒီလိုစိတ်တောင်ဖြစ်သတဲ့။

တဖြေးဖြေး အားထုတ်သားကျလာလို့ အဆင်ပြေလာတဲ့ အခါကျတော့ "ကျေးဇူးတင်လိုက်တာ"။ ဒီလို စိတ်ချမ်းသာမှုမျိုး၊ ဒီလို တရားမြင်ပြီးတော့ စိတ်သက်သာမှုမျိုး၊ ဘယ်တုန်းကမှ မရဖူးဘူးတဲ့။

ဒါကြောင့် အရှင်ဘဒ္ဒိယနှင့် သာကီမင်းသား (၇)နှစ်ဦး အလှည့်ကျ တိုင်းပြည်ကို အုပ်ချုပ်ပြီးတော့နေရာက ရဟန်းပြုခဲ့ကြတယ်။

အဲဒီအထဲမှာ အရှင်အာနန္ဒာတို့၊ အရှင်ဒေဝဒတ်တို့လဲ ပါဝင်ကြတယ်။ အရှင်ဘဒ္ဒိယလဲပါဝင်၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးလဲ ပါဝင်တယ်။

တစ်ဝါတွင်းထဲ အားထုတ်လိုက်တာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးလဲ ဒိဗ္ဗစက္ခုအဘိညာဉ်ရတယ်။

ဒေဝဒတ်ကလဲ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်၊ သူကလဲ ဣဒ္ဓိဝိဓအဘိညာဉ်ရတယ်။

အရှင်အာနန္ဒာလဲ သောတာပန်ဖြစ်တယ်။

အရှင်ဘဒ္ဒိယမထေရ်မြတ်ကြီးက အရဟတ္တဖိုလ် ပေါက်ရောက်ပြီးတော့ ဟိုနားသွားလိုက်လဲ "အဟောသုခံ အဟောသုခံ"၊ "သိပ်ချမ်းသာတာပဲ-သိပ်ချမ်းသာတာပဲ၊ ဒီနားသွားလိုက်လဲ အဟောသုခံ အဟောသုခံ"လို့ ဥဒါန်းကျူးတယ်။

http://www.dhammadownload.com



အလှည့်ကျ ရှင်ဘုရင်အဖြစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်နေစဉ် အခါတုန်းက "အဟောသုခံ" သိပ်ချမ်းသာတယ်၊ သိပ်ချမ်းသာတယ်၊ အလွန့်ကို ချမ်းသာတာပဲလို့ တစ်ကြိမ်တစ်ခါမှ ဥဒါန်းမကျူးခဲ့ဖူးဘူးတဲ့။

ရဟန်းတရားတွေ့တဲ့အခါကျမှ "အဟောသုခံ အဟောသုခံ" "ဩော်- ချမ်းသာလေစွ၊ ချမ်းသာလေစွ"လို့ ဥဒါန်းချည်းကျူးနေတော့ အခြားရဟန်းတော်များက အရှင်ဘဒ္ဒိယ အရဟတ္တဖိုလ် ကြွားတယ်လို့ စိတ်ကထင်ပြီးတော့ အပြစ်တင်ကြသေးတယ်။ တကယ်တော့ တရားရတာ အမှန်ပါပဲ။ တရားတော်ရဲ့ ဂုဏ်တော်တွေမှာ-

"ဩပနေယျိကော"- တရားတော်ကို မိမိဆီဆောင်ထားထိုက်တယ်၊ မိမိကိုလဲ တရားတော်ဆီ ပို့ဆောင်ထိုက်တယ်။

**"အခု တရားအားထုတ်တယ်ဆိုတာ မိမိသန္တာန်မှာ တရားတော်တွေ၊ သမထဝိပဿနာတရားတော်တွေ မရောက်ရောက်အောင် ပင့်ဆောင်ပြီးတော့နေခြင်းပဲ။**

**မိမိကိုယ်ကိုလည်း တရားတော်ဆီမရောက်ရောက်အောင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ဘာဝနာနှစ်ရပ်ဆီသို့ ပို့ဆောင်နေခြင်းပါပဲ၊ ဒါဩပနေယိကဂုဏ်တော်အတိုင်း လိုက်နာကျင့်သုံးနေခြင်း"ပါပဲ။**

"ပစ္စတ်ံဝေဒိတဗ္ဗော ဝိညူဟိ" ပညာရှင်တွေဟာ ကိုယ်စီကိုယ်င လက်တွေ့မျက်တွေ့အသီးအသီးသိထိုက်တဲ့တရားပဲ၊ သိရမယ့်တရားမျိုး ဘုရားရှင်တရားတော်ရဲ့ ဂုဏ်တော် (၆)မျိုး ဟောကြားတော်မူခဲ့တာ အားလုံးယောဂီများလည်း သိကြပြီးသား။

အထူးသတိထားရမှာက တရားတော်ကို ရသိပြီး ကြည်ညိုမှ ဘုရားရှင်ကိုပိုပြီးကြည်ညိုပါတယ်။ ဘုန်းကြီးတို့ ဂုဏ်တော်များ ပွားများကြတဲ့အခါမှာ ဘုရားဂုဏ်တော်၊ ဗုဒ္ဓါနုဿတိဂုဏ်တော် ပွားများတာများပါတယ်။

http://www.dhammadownload.com



တရားတော်ရဲ့ ဂုဏ်တော်ပွားများတဲ့ ပုဂ္ဂိုလ်နဲ့ပါတယ်။ သံဃာ့ဂုဏ်တော်ပွားများတဲ့ ပုဂ္ဂိုလ်လည်း ရှားပါးပါတယ်။ ဘုရားဂုဏ်တော်ပဲ အများစုက ပွတီးစိတ်ကြတယ်။

ဘုရားရှင်ကတော့ တရားတော်ကိုအလေးအမြတ်အင်မတန်ထားတယ်။ တရားမြင်မှ ဘုရားမြင်တယ်၊ တရားမမြင်ရင် ဘုရားတကယ်မြင်သည်မမည်ဘူးတဲ့။ ဒါကြောင့် တကယ်တမ်း ဘုရားကိုမြင်အောင်တော့ တရားကိုမြင်အောင်ကြိုးစားကြရမယ်။

## လူဆင်းရဲ လူချမ်းသာ

ဒါနဲ့ပတ်သတ်လို့ မြတ်စွာဘုရားထံမှာ ရဟန်းတစ်ပါးက "မြတ်စွာဘုရား လူဆင်းရဲ လူဆင်းရဲခေါ်တာ ဘာကြောင့်ခေါ်ပါသလဲ"

"လူဆင်းရဲ လူဆင်းရဲဆိုတာ ဗောဇ္ဈင် (၇)ပါးမပွားတဲ့အတွက်ကြောင့်မို့လို့ လူဆင်းရဲလို့ခေါ်နေရတာပါပဲ။ ဒါဖြင့် "ချမ်းသာတဲ့သူ၊ ချမ်းသားတဲ့သူ ဆိုတာဘယ်ပုဂ္ဂိုလ်ကို ခေါ်ပါသလဲဘုရား" လို့ဆိုတော့ "ဗောဇ္ဈင် (၇)ပါးပွားများမယ် အကြိမ်များစွာ ပွားများမယ်ဆိုရင် ချမ်းသာသောသူ" လို့ခေါ်ပါတယ်။

ဒီစကားတော်ကို ကြည့်မယ်ဆိုရင်အခု ယောဂီသူတော်စင်များ (၇)ရက်စခန်းမှာ သတိသမ္ဗောဇ္ဈင်ကို ပွားများကြရတော့မယ်။ သတိသမ္ဗောဇ္ဈင်ပွားများတော့ ဝိရိယသမ္ဗောဇ္ဈင်လည်း မပါလို့မဖြစ်ဘူး။

အဲဒီသတိဝီရိယကို အခြေခံပြီးတော့ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေဟာလည်းပဲ ပြည့်စုံပြီးတော့သွားပါလိမ့်မယ်။ အဲဒီဗောဇ္ဈင်များ ပြည့်စုံသွားတဲ့အခါကျတော့ မဆင်းရဲတဲ့ပုဂ္ဂိုလ်၊ ချမ်းသာတဲ့ပုဂ္ဂိုလ်လို့ ခေါ်နိုင်တော့တာပဲ။

http://www.dhammadownload.com



## အတွင်းအပြင် အစိတ်အပိုင်း

နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက ရဟန်းတို့ မိမိခန္ဓာကိုယ်ရဲ့အတွင်းအစိတ်အပိုင်း အပြင်အစိတ်အပိုင်းဆိုတာရှိတယ်။ မိမိခန္ဓာကိုယ်ရဲ့ အပြင်အစိတ်အပိုင်းဆိုတာဘာကိုခေါ်ပါသလဲဆိုတော့ ဟော- ကလျာဏမိတ်၊ သူတော်ကောင်းတရားအားထုတ်ဖို့ရန် မိတ်ကောင်းဆွေကောင်းဘုရားတည်းဟူသော မိတ်ကောင်း ဆွေကောင်း၊ သံဃာတည်းဟူသော မိတ်ကောင်းဆွေကောင်း၊ ကမ္မဋ္ဌာန်းဆရာ တည်းဟူသော မိတ်ကောင်းဆွေကောင်းတို့ဟာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များရဲ့ အပြင်အစိတ်အပိုင်းများဖြစ်ပါတယ်။ ဒါလည်းပဲ ပြည့်စုံတယ်။

တရားအားထုတ်သော ပုဂ္ဂိုလ်များရဲ့ အတွင်းအစိတ်အပိုင်းဆိုတာ ဘာကိုခေါ်ပါသလဲ။ တရားအားထုတ်သော ပုဂ္ဂိုလ်များရဲ့ အတွင်းအစိတ်အပိုင်းဆိုတာ ယောနိသောမနသိကာရလမ်းရိုး လမ်းမှန်အတိုင်း နှလုံးသွင်းတာ, ရှုမြင်တာကို ခေါ်ပါတယ်။

## ဘုရားရှင်နည်း

ယောဂီသူတော်စင်များ တရားအားထုတ်ရမယ့်နည်းက လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က မြတ်စွာဘုရား ကိုယ်တော်တိုင် အခုခေတ်အခေါ် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ကေလာသ အရှေ့အရပ်၊ ဟိုတုံးကအခေါ်က ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးရွာကြီး ပေးတော်မူခဲ့တဲ့နည်း။ ဒေလီမြို့ ကေလာသ အရှေ့အရပ် ဘုန်းကြီးတို့သွားရောက်ပြီးတော့ ပူဇော်ကန်တော့ဖူးပါတယ်။

အဲဒီနေရာမှာ ပေးတော်မူခဲ့တဲ့နည်း (နှစ်ပေါင်း ၂၅၀၀)ကျော်တာ၊ ပျောက်ပျက်သွားဖို့တော့ ကောင်းပြီ၊ သို့သော် အထိန်းအသိမ်းကောင်းလို့ ပျောက်ပျက်မသွားသေးဘူး။

အစဉ်အဆက် ဆရာတော် သံဃာတော် အရှင်မြတ်များနှင့် တကွ ပစ္စည်းလေးပါး ဒကာ၊ ဒကာမများ တက်ညီလက်ညီ ထိန်းသိမ်းပြီး

http://www.dhammadownload.com



တော့လာခဲ့တာ လွန်ခဲ့တဲ့ (၉၀)နှစ်ကျော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးရဲ့ အိမ်တော်မှာ အဲဒီ အာနာပါန ထွက်လေ ဝင်လေကို ရှုမှတ်ပုံကမ္မဋ္ဌာန်း အစီအစဉ်ကိုတွေကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကိုးကားပြီး အကိုးအကားတွေနဲ့၊ ဥဒါဟရုဏ်တွေနဲ့၊ သာဓကေတွေနဲ့ ပြည့်ပြည့်စုံစုံ (၃)ညတိုင်တိုင် ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလို လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကျော်က ဟောကြားခဲ့ပြီးတဲ့အခါ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်ကတော့ အနာဂါမ်ဆရာသက်ကြီးဆရာရှာတယ်။ တရားရှာတယ်။

အဲလို ဆရာရှာရင်း၊ တရားရှာရင်းနဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးနဲ့ တွေ့ကြုံဆုံဆည်းပြီးတော့ အနာဂါမဆရာသက်ကြီးရဲ့ ရင်ဝမှာစူးရှုပြီးတော့နေတဲ့ သောကငြောင့်ကို ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးက ဒီအာနာပါနကမ္မဋ္ဌာန်းနဲ့ပဲ နှုတ်ပြီးတော့ ပေးခဲ့လို့ လူသူတော်စင်ကြီး အနာဂါမ်ဆရာသက်ကြီးဆိုတာ ထင်ရှားခဲ့တယ်။

အဲဒီတော့ အဓိကအားဖြင့် ဗုဒ္ဓဘုရားရဲ့နည်း လက်ဆင့်ကမ်းတော်မူခဲ့သော လယ်တီဆရာတော်ဘုရားကြီးရဲ့ မြန်မာဘာသာနဲ့ ရှင်းအောင် လင်းအောင် ရေးသားဟောကြားတဲ့နည်းနာနိဿယ။

အဲဒီ နည်းနာနိဿယကို ဘုန်းကြီးတို့ ယောဂီသူတော်စင်များ အားထုတ်ရမှာပါပဲ။

အားထုတ်တဲ့နည်း အစီအစဉ်ကိုတော့ ကမ္မဋ္ဌာနာစရိယဆရာတော်များက ဆက်လက်ပြီးတော့ ပေးပါလိမ့်မယ်။ လွယ်လွယ်လေး ပေးပါလိမ့်မယ်။ မိမိတို့က အားထုတ်ဖို့ရန်သာ အရေးကြီးပါတယ်။

### ဘုရားရှင့်ဆန္ဒတော်

ဘုရားရှင်ရဲ့ အလိုဆန္ဒတော်ကလဲပဲ "ငါရဲ့တပည့်သားသာဝကတွေ ငါဟောတဲ့တရား ဘယ်လိုများ လွယ်လွယ်သိနိုင်မလဲ၊ ငါဟောတဲ့

http://www.dhammadownload.com



တရားကို လွယ်လွယ်သိပြီးတော့ နာကြားပြီးတော့ အားထုတ်ကြလို့ ဘယ်လိုများ အမြင်အထင်တွေ ပေါက်နိုင်ကြမလဲ ဆိုတာပါပဲ။

အဲဒါကြောင့် မြတ်စွာဘုရားက ဟောကြားတော်မူတဲ့တရားကို လဲပဲ မြန်မြန်နားလည်စေချင်တယ်။ နားလည်ပြီး အားထုတ်ပြန်တော့လဲ မြန်မြန်ပဲ တရားပေါက် ခရီးရောက်စေချင်တော်မူတယ်။

အဲဒီလို မြတ်စွာဘုရားရဲ့ ဆန္ဒတော်အတိုင်း အရေးပါအရာ ရောက် မိမိတို့လိုတဲ့ တရားအမြင်များ ပေါက်ရောက်အောင် ဘုန်းကြီး တို့ လွယ်လွယ်ကလေး တရားပေးမှာပါပဲ။ အာနာပါနကမ္မဋ္ဌာန်းပါ။

ဆရာတော်တစ်ပါး ပြောသလိုပြောမယ် ဆိုရင်တော့ ဒီအာနာပါနကမ္မဋ္ဌာန်းဟာ နှာခေါင်းရှိတဲ့ပုဂ္ဂိုလ်တိုင်း အားထုတ်နိုင်တဲ့ ကမ္မဋ္ဌာန်းမျိုးပဲတဲ့။

အဲဒီတော့ ထွက်လေ ဝင်လေ အသုံးချလာတာလဲ ဘုန်းကြီးတို့ တတွေဟာ မွေးဖွားကထဲက အသုံးချပြီးတော့လာခဲ့တာ တစ်နေ့တစ်နေ့ ဆိုရင် သောင်းချီပြီးတော့ အသုံးချလာတဲ့ ထွက်လေ ဝင်လေ။

အဲလို တစ်ရက်တစ်ရက် တစ်သောင်းကျော် နှစ်သောင်း အသုံးချပြီးတော့ လာခဲ့တဲ့အတွက် ထွက်လေ ဝင်လေ။

တစ်နာရီမှာ တစ်ထောင်ပတ်ဝန်းကျင်မှာ ထွက်လေ ဝင်လေ ထုတ်ကြ မှုတ်ကြတယ်။ တစ်ရက်တာကာလဆိုရင် နည်းတဲ့ထွက်လေ ဝင်လေလား။

အဲဒါကို မြတ်စွာဘုရားက ထွက်လေ ဝင်လေကို ရှုမှတ်ပွားများ ပြီးတော့ ဟော- ဝဋ္ဋဒုက္ခခတ်သိမ်း ငြိမ်းနိုင်တဲ့နည်း။ မဟာသတိပဋ္ဌာန်မှာ အရင်ဆုံး ဦးဦးဖျားဖျား ပေးတော်မူခဲ့တယ်။

ထွက်လေ ဝင်လေတွေ အသုံးချလာတာဟာ ဘုန်းကြီးတို့ တစ်သက်တာ ကာလပတ်လုံး မနည်းဘူး။ နှမြောစရာ အမှတ်တမဲ့နဲ့ အသုံးချပြီးတော့ ထွက်လေ ဝင်လေတွေ ထုတ်မှုတ်ပြီးတော့ လာလိုက် တာ အိပ်တဲ့အခါတောင် မနားဘူး။

http://www.dhammadownload.com



အဲဒါကို မြတ်စွာဘုရားက "**သတော၀ အဿာသတိ၊ သတော ပဿာသတိ**" အစရှိသည်ဖြင့် ထွက်လေ ဝင်လေ ရှုမှတ်ပုံ၊ တစ်နည်းအားဖြင့် ထွက်လေ ဝင်လေကို အကျိုးရှိရှိ အသုံးချပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းတဲ့နည်းကို မြတ်စွာဘုရား ညွှန်းပြတော်မူခဲ့တယ်။

အဲဒီနည်းကိုပဲ ဘုန်းကြီးတို့ အခု (၇)ရက် တရားစခန်းမှာ ဦးစားပေးပြီးတော့ ရှေးဦးစွာ ဒီကမ္မဋ္ဌာန်းကိုပဲ အားထုတ်ကြရမှာပါ။

ဒါကြောင့်မို့ ဒီထွက်လေ ဝင်လေကို ပွားများပြီးတော့ ယောနိသောမနသိကာရ ခေါ်တဲ့ မိမိတို့ရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းနဲ့တူတဲ့ ယောနိသော မနသိကာရ၊ ပထမနသိကာရ လမ်းရိုးလမ်းမှန်အတိုင်း ရှုမြင်အသုံးချပြီး ဤလမ်းခရီးစဉ်ကို ဖြောင့်ဖြောင့်တန်းတန်း ကြိုးစားမင်းစား ပွားများနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့သြဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ပထမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၁)ရက်နေ့။

## အားတက်ကြပါလိမ့်

ယနေ့ (၇)ရက် တရားစခန်း အားထုတ်ပြီးတော့နေကြတဲ့ ယောဂီသူတော်စင်တို့အား "အနုဗ္ဗလကထာ"ကို ဟောမှာပါ။

အနုဗ္ဗလကထာ ဆိုတာက ဘာလဲလို့ဆိုတော့ အားပေးစကား ပါပဲ။ အားပေးစကားဆိုတဲ့နေရာမှာ မိမိတို့အားထုတ်နေတဲ့ တရားတော်သည် မြတ်စွာဘုရားရဲ့ ရွှေနှုတ်တော်ထွက် စကားတော်များနဲ့ ဘယ်လောက်ကိုက်ညီတယ်။ မြတ်စွာဘုရားရဲ့ အလိုတော်နဲ့ ဘယ်လောက်ကိုက်ညီတယ်။ အလိုတော်နဲ့ မဆန့်ကျင်ဘူး။ အံဝင်ဂွင်ကျ ဖြစ်တယ်လို့ သိရတဲ့အခါ ပိုပြီးတော့ အားတက်ကြပါလိမ့်မယ်။

## ဉာဏ်ထိုင်းတာဘာကြောင့်ပါလဲ

ယနေ့ ဟောသည့်ဒေသနာတော်က "သင်္ဂါရဝပုဏ္ဏား"ကို အကြောင်းပြုပြီးတော့ ဟောခဲ့တာကိုပဲ ဟောမှာပါ။

မြတ်စွာဘုရား သာဝတ္ထိပြည်မွန် အသရေချွန်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးတော်မူနေတဲ့အချိန် "သင်္ဂါရဝ"ဆိုတဲ့ ပုဏ္ဏားတစ်ယောက် ဘုရားထံမှောက် လာပြီးတော့ ဝမ်းပန်းတသာ စကား ပြောတယ်။

အသက်ရွှေ့ယိုင် မမေ့နိုင်အောင် ကြံမှိုင်ငေးမှတ် အောက်မေ့အပ်တဲ့ စကားတွေပြောတယ်။ အဲဒီလို ပြောဆိုပြီး ဘာလျှောက်ထားသလဲဆိုတော့-

> ကောနုခေါ ဘာဂေါတမ ဟေတုကော ပစ္စယော၊
> ယေနေကဒါ ဒီဃရတ္တံ သဇ္ဈာယကတာပိမန္တာနပ္ပဋိဘန္တိ
> ပဂေဝ အသဇ္ဈာယကတာ။

http://www.dhammadownload.com



အရှင်ဘုရား တစ်ခါတရံမှာ အချိန်ကြာမြင့်စွာ သရဇ္ဈာယ်ပြီးတော့ထားတဲ့ ဗေဒင်တွေ၊ မန္တာန်တွေ။ အဲဒီဗေဒင်တွေဟာ အချိန်ကြာမြင့်စွာ ကာလထဲက သင်အံပြီးတော့ နေတာမှန်ပေမယ်လို့ တစ်ခါတရံကျတော့ ဉာဏ်၏အာရုံမထင်ဘူးဘုရား။

မသရဇ္ဈာယ်ပဲ မအံပဲထားတဲ့၊ မကျက်ပဲထားတဲ့ ဗေဒင်တွေ၊ မန္တာန်တွေတော့ ပြောစရာမလိုပါဘူးဘုရားတဲ့။ အဲဒါဘာကြောင့်ပါလဲဘုရား။ အခြေခံအကြောင်းက ဘာပါဘဲဘုရား။ အထောက်အပံ့ဖြစ်သောအကြောင်းက ဘာပါလဲဘုရား။

နောက်တစ်ချက် ဆက်မေးမြန်တယ်။ တစ်ခါတရံကျတော့ ကြာမြင့်စွာ ကာလပတ်လုံး သရဇ္ဈာယ်ထားတဲ့ သင်အံထားတဲ့ ဗေဒင်တွေဟာ ဉာဏ်ထဲမှာ ထင်လာပါတယ်ဘုရား။ ဉာဏ်ထဲမှာ မအံပဲထားတဲ့ ဗေဒင်တွေတောင်မှ ထင်ပြီးတော့လာပါတယ်။ ရွတ်အံပြီးတော့ထားတဲ့ ဗေဒင်များတော့ ပြောစရာမလိုပါဘူးဘုရားတဲ့။

အဲဒါလဲ ဘာကြောင့်ပါလဲဘုရား လျှောက်ထားတော့ မြတ်စွာဘုရားက ဘယ်လိုဟောသလဲလို့ဆိုတော့-

**"ယသ္မိံ ဗြဟ္မဏသမယေ ကာမရာဂ ပရိယုဋ္ဌိ တေန၊**
**စေတသာ ဝိဟရတိ၊ ကာမရာဂ ပရေတေန"**

သင်္ဂါရဝပုဏ္ဏား၊ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကာမရာဂ၊ ကာမရာဂဆိုတာ ဘာလဲလို့ဆိုတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံငါးပါးဆိုတဲ့ ကာမ။ အဲဒီ အာရုံငါးပါးအပေါ်မှာ တပ်မက်တဲ့စိတ်။ အဲဒီ စိတ်က လွှမ်းမိုးပြီးတော့နေတယ်။

အဲဒီစိတ်က နှိပ်စက်ပြီးတော့ သူ့ကိုလွှမ်းမိုးထားတယ်။

**ဥပ္ပန္နဿစ ကာမစ္ဆန္ဒဿ နိဿရဏံ ယထာဘူတံ နပဇာနာတိ။**

အဲဒီအာရုံငါးပါးကို လိုလားတဲ့ရာဂ၊ လွှမ်းမိုးရုံတင် မဟုတ်ဘူးတဲ့။ သူဟာ အဲဒီအာရုံငါးပါးကို လိုလားတဲ့ကာမဆန္ဒရဲ့ ထွက်မြောက်ကြောင်းကိုလဲ ဟုတ်တိုင်းမှန်စွာ မသိဘူး။

http://www.dhammadownload.com



**"တသ္မိံ ဗြာဟ္မဏသမယေ အတ္တတ္ထမ္ပိ ယထာဘူတံ နဇာနာတိ နပဿတိ ပရတ္ထမ္ပိ။**

အဲဒီလို ကာမရာဂ အာရုံငါးပါး လိုလားတဲ့ဆန္ဒ လွှမ်းမိုးခံနေရတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဖြစ်ပေါ်နေတဲ့ ကာမစ္ဆန္ဒရဲ့ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိတဲ့၊ မမြင်တဲ့သူဟာ ကိုယ်ကျိုးစီးပွား လဲပဲ ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။ အသိရယ်၊ အမြင်ရယ် မဖြစ်နိုင်ဘူး။ သူတစ်ပါးအကျိုးစီးပွား၊ မိမိ,သူတစ်ပါး နှစ်ဦးသားတို့ရဲ့အကျိုးစီးပွားကို ဟုတ်တိုင်းမှန်စွာ မသိနိုင်၊ မမြင်နိုင်ဘူး။

လောကမျက်မြင် ပုံစံတင်ပြီးပြောမယ်ဆိုရင် သင်္ဂါရဝပုဏ္ဏား ချိပ်၊ နနွင်း၊ မဲနယ် ဆေးတွေနဲ့ ရောမွှေထားတဲ့ ရေပြည့်ခွက်တစ်ခု ရှိတယ်။ အဲဒီ ရေခွက်ထဲ မျက်စေ့ကောင်းတဲ့သူတစ်ယောက် မိမိရဲ့ မျက်နှာရိပ်ကြည့်တယ်။ သူ့သဲသဲကွဲကွဲ မမြင်နိုင်ဘူး။ အဲဒီဥပမာအတိုင်း ပါပဲ။ အာရုံငါးပါး လိုလားနှစ်သက် ကြိုက်ချစ်တဲ့ရာဂ၊ ကာမစ္ဆန္ဒ လွှမ်းမိုးခံရတဲ့ စိတ်ရှိသူ ဟာ မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား၊ မိမိ, သူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားရရှိရေး ဟုတ်တိုင်းမှန်စွာ မသိနိုင်၊ မမြင်နိုင်ဘူး။ အချိန်ကြာကြာ သရဇ္ဈာယ်ထားတဲ့ သင်ကြားကျက်မှတ် ဗေဒင်မန္တာန်တွေလဲ ဉာဏ်ထဲမထင်မမြင်နိုင်ဘူး။ မသရဇ္ဈာယ်ပဲ မသင်မကြား မကျက်မမှတ်ပဲထားတဲ့ ဗေဒင်တွေတော့ ဘယ်ပြောစရာ လိုမလဲ။

သင်္ဂါရဝပုဏ္ဏား- ဆက်ဟောရဦးမယ်။ နားထောင်ပါ။ ဗျာပါဒ- သူတစ်ပါးကို တစ်ဖက်သားကို ပျက်ပြားဆုတ်ယုတ် အသက်၊ အမျိုး၊ စည်းစိမ်ပါ ပြုတ်စေချင်တဲ့စိတ်။

အဲဒီလို စိတ်ဆိုး စိတ်ယုတ် စိတ်ပုပ် စိတ်ကြမ်း လွှမ်းမိုးနှိပ်စက်လက်ကိုင်ထားပြီး အဲဒီစိတ်ယုတ် စိတ်ကြမ်းရဲ့ ထွက်မြောက်ကြောင်း ထွက်မြောက်ပုံကို သေသေချာချာ ရေရေရာရာ မသိသူလဲ ကိုယ့်ကျိုး သူ့ကျိုး မသိနိုင်၊ သင်ထားတဲ့ ဗေဒင်မန္တာန်တွေလဲ ပျောက်ကုန်တတ်

http://www.dhammadownload.com



တယ်။ မသင်မကြားရတာတွေ နောက်ထပ်တိုးလာဖို့ကတော့ မစဉ်းစားနဲ့တော့။ ဒါလဲ နှိုင်းခိုင်းစရာလေးတစ်ခုနဲ့ပြောမယ်။ ရေပြည့်ခွက်တစ်ခု မီးဖိုပေါ်တင် တည်ထားတယ်။ ပွက်ပွက်ဆူနေတယ်။ ရေခိုးရေငွေ့တွေကလဲ ထွက်နေတယ်။ အဲဒီလို ပွက်ပွက်ဆူနေတဲ့ ရေခိုးရေငွေ့တွေ ထွက်နေတဲ့ ရေပြည့်ခွက်ထဲ မိမိရဲ့မျက်နှာရိပ်ကြည့် မျက်စေ့ကောင်းပေတယ်လို့ သဲသဲကွဲကွဲ မသိနိုင် မမြင်နိုင်သလိုပါပဲ။ ဗျာပါဒခေါ်တဲ့ တစ်ဖက်သားကို ပျက်ပြားဆုတ်ယုတ်စေချင်တဲ့ စိတ်ယုတ်စိတ်ကြမ်း လွှမ်းမိုးနေတယ်ဆိုရင် သူ့ကျိုး ကိုယ့်ကျိုး မသိမမြင်နိုင်ဘူး။ သင်ထားတွေလဲ ပျောက်ပျက်၊ မသင်ရသေးတာတွေတော့ ပြောစရာပင် မလိုတော့ပါဘူး။

သင်္ဂါရဝပုဏ္ဏား- စိတ်ဟာ အပျင်းအရိ တချိချိနဲ့ ထိုင်းမှိုင်းနေမယ်ဆိုရင် သူ့ကျိုး ကိုယ့်ကျိုး မသိနိုင်၊ မမြင်နိုင်ဘူး။ သင်ပြီးသားလဲ ပျောက်၊ မသင်ရသေးတာတွေလဲ မရောက်နိုင်ဘူး။ ဥပမာလေးနဲ့ ထင်ရှားအောင်ပြောမယ်ဆိုရင် မှော်တွေ ရေညှိတွေနဲ့ ပြည့်နှက်နေတဲ့ ရေခွက်ထဲ မိမိမျက်နှာအရိပ် ကြည့်သူဟာ ဝိုးတိုးဝါးတားပဲ ထင်မြင်နိုင်တယ်။ သေချာမထင်မြင်နိုင်သလိုပါပဲ။

သင်္ဂါရဝပုဏ္ဏား- နောက်တစ်မျိုးပြောရဦးမယ်။ နားထောင်။ စိတ်ပျံ့လွင့်ပြီး နောင်တပူပန်နေတဲ့အခါ အဲဒီစိတ်ပျံ့လွင့်မှု၊ နောင်တပူပန်ရဲ့ ထွက်မြောက်ကြောင်း ထွက်မြောက်ပုံနည်းလမ်း မသိတဲ့အခါ မသိသူဟာ ကိုယ်ကျိုးသူ့ကျိုး နှစ်မျိုး မသိနိုင်၊ မမြင်နိုင်ဘူး။ အချိန်ကြာကြာက သင်ထားတဲ့ဗေဒင် မန္တာန်တွေလဲ ပျောက်သွားနိုင်တယ်။ မသင်ရသေးတာကတော့ ဝေးလဝေးပေါ့။

အဲဒါလေး ထင်ရှားအောင် ဥပမာနဲ့ပြောရင် လေတိုက်လို့ လှုပ်ရှားတုန်လှုပ် လှိုင်းထနေတဲ့ ရေခွက်ထဲ မျက်စေ့ကောင်းသူက သူ့မျက်နှာရိပ်ကြည့်တယ်။ မျက်နှာရိပ် သဲသဲကွဲကွဲ မသိ၊ မထင်၊ မမြင်နိုင်သလိုပါပဲ။

http://www.dhammadownload.com



သင်္ဂါရဝပုဏ္ဏား- နောက်တစ်မျိုးပြောရ ဟောရဦးမယ်။ အရာရာမှာ သို့လော သို့လော တွေးတောမရှင်း ယုံမှားခြင်း သံသယစိတ် လွှမ်းမိုးနှိပ်စက်နေတဲ့အခါ အဲဒီယုံမှားသံသယမှ ထွက်မြောက်ကြောင်း ထွက်မြောက်ရေး ဟုတ်တိုင်းမှန်စွာ မသိတဲ့သူဟာ အဲဒီအချိန်မှာ ကိုယ်ကျိုး၊ သူ့ကျိုး၊ နှစ်ဦးနှစ်ဝတို့ရဲ့အကျိုး မသိ၊ မမြင်နိုင်ဘူး။ ဟိုအချိန် ကြာကြာက သင်ကြားရထားတဲ့ ဗေဒင်မန္တာန်တွေဟာလဲ ပျက်ပြယ်သွားတယ်။ မသင်ရသေးတာတွေကိုတော့ မပြောပါနဲ့တော့။

နှုံးယှဉ်ဖွယ်တစ်ခု ထုတ်ပြရရင် ရေခွက်တစ်ခွာ နောက်ကျုနေတယ်။ ရွှံ့နှစ်တွေဖြစ်နေတယ်။ အမှောင်ထဲ မှာလဲထားတယ် ဆိုပါစို့။ အဲဒီလို ရေခွက်မျိုးထဲ မိမိရဲ့မျက်နှာရိပ်ကြည့်ကြည့် မြင်နိုင်ပါ့မလား။ မမြင်နိုင် မထင်နိုင်ဘူး။ အဲဒီလိုပါပဲ။

အခုပြောခဲ့ ဟောခဲ့တာတွေက ကိုယ်ကျိုး၊ သူ့ကျိုး၊ နှစ်ဦးနှစ်ဝ အကျိုး မမြင်နိုင်၊ မထင်နိုင်ခြင်းရဲ့အကြောင်းအချက်တွေပါပဲ။ ကြာမြင့်စွာက သင်ထားတာတွေ ပျောက်ကွယ်သွားရခြင်း မသင်ရသေးတာတွေ မထင်လာနိုင်ခြင်းရဲ့ အကြောင်းရင်း အထောက်အပံ့အကြောင်းတွေပါပဲ။

## ဉာဏ်ကောင်းအောင်

အကယ်၍ ရောင်စုံဆိုးထားတဲ့ရေမဟုတ် ကြည်လင်တဲ့ရေခွက်။ ပွက်ပွက်မဆူ အခိုးအငွေ့ကင်းတဲ့ရေခွက်၊ မှော်သေးရေညှိ မရှိတဲ့ရေခွက်၊ လေမတိုက် မတုန်လှုပ် လှိုင်းမထတဲ့ရေခွက်၊ ကြည်လင်သန့်ရှင်း မနောက်ကျုပဲ အလင်းရောင်မှာထားတဲ့ ရေခွက်၊ အဲဒီ ရေပြည့်ခွက်ငါးခွက်မှာ မိမိရဲ့မျက်နှာရိပ် ရေမှန်ကြည့်လိုတဲ့သူက ကြည့်လိုက်မယ်ဆိုရင် မိမိရဲ့မျက်နှာရိပ် မျက်နှာပုံ သေသေချာချာ ပီပီသသ မြင်သိနိုင် မြင်နိုင်သလိုပါပဲ။

ကာမအာရုံ အလိုဆန္ဒကင်းတဲ့အခါ သူတစ်ပါးကို ပျက်စီးစေလိုစိတ် မရှိ။ ကြီးပွားတိုးတက် အကျိုးစီးပွားဖြစ်စေလိုတဲ့အခါ စိတ်သွက်

http://www.dhammadownload.com



လက်လန်းဆန်းနေတဲ့အခါ၊ စိတ်ငြိမ်ပြီး ငြိမ်းချမ်းနေတဲ့အခါ ယုံမှား သံသယကင်း ရှင်းလင်းနေတဲ့အခါတွေမှာ မိမိ, သူတစ်ပါး၊ နှစ်ဦးသား တို့ရဲ့ အကျိုးစီးပွားကိုလဲ သိနိုင် မြင်နိုင်တယ်။ ကြာမြင့်စွာ ကာလက သင်ထားတဲ့ဗေဒင်တွေလဲ ဉာဏ်မှာထင်လာမြင်လာ၊ မသင်ရသေးတာ တွေလဲ ဖြစ်ပေါ်လာနိုင်တယ်။ ဒီငါးမျိုးဟာ သိနိုင် မြင်နိုင် ထင်မြင်နိုင် ခြင်းရဲ့အကြောင်းတွေပါပဲ။

## ဖြည့်စွက်

အဲဒီလို သင်္ဂါရဝပုဏ္ဏားရဲ့ အမေး(၂)ရပ်ကို ဥပမာတွေနဲ့ အကျယ်တဝင့် ဖြေကြားပြီးတော့ သူမမေးတဲ့တရားကိုလဲ မြတ်စွာဘုရား ဆက်ဟောပါသေးတယ်။

သင်္ဂါရဝပုဏ္ဏား- အဖြည့်အစွက် တရားတစ်ပုဒ် ဟောရဦးမယ်။ ကောင်းတဲ့တရားတွေကို မပိတ်တတ်၊ မဆို့တတ်၊ မတားမြစ်တတ်တဲ့ စိတ်အညစ်အကြေးကို ဖယ်ထုတ်တတ်တဲ့ ဗောဇ္ဈင်တရား (၇)မျိုးကို ပွားများမယ်။

ကြိမ်ဖန်များစွာ အားထုတ်မယ်ဆိုရင် ဝိဇ္ဇာဉာဏ် (၄)ပါး ခေါ်တဲ့ ဉာဏ် (၄)ပါး၊ ဝိမုတ္တိဖိုလ်ခေါ်တဲ့ ဖိုလ်ဉာဏ် (၄)ပါးကို မျက်မှောက်ပြုဖို့ ဖြစ်တယ်လို့ ဟောကြားတော်မူပါတယ်။ တရားပွဲအပြီးမှာ သင်္ဂါရဝပုဏ္ဏား သရဏဂုံ တည်သွားပါတယ်။

## အဘယမင်းသား

ဒီသုတ္တန်ကို ဆက်ပြီး မြတ်စွာဘုရား ဟောတော်မူတယ်။ ဟောရာဌာနနဲ့ တရားနာသူက ပြောင်းသွားပါတယ်။

ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်မှာ ဟောတော်မူပါတယ်။ တရား နာသူက အဘယမင်းသားပါ။ မင်းသားက ဘုရားရှင်ထံ ချဉ်းကပ် ရိုသေစွာ ရှိခိုးပြီး ထိုင်ပြီးတော့ လျှောက်ထားပုံက၊ မေးမြန်းပုံက ဒီလိုပါ။

http://www.dhammadownload.com



မြတ်စွာဘုရား- ပုရာဏကဿပက ဒီလို ပြောပါတယ်။ မသိခြင်း၊ မမြင်ခြင်းရဲ့အခြေခံအကြောင်း အထောက်အပံ့အကြောင်း မရှိဘူးတဲ့။ သိခြင်း၊ မြင်ခြင်းရဲ့ အခြေခံအကြောင်း အထောက်အပံ့ အကြောင်းလဲ မရှိဘူးတဲ့ဘုရား၊ သူဒီလိုပြောတာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက ဘယ်လိုများ ပြောချင်ပါသေးလဲဘုရားလို့ လျှောက်ထား လာတော့-

မြတ်စွာဘုရားက မင်းသား၊ မသိခြင်း, မမြင်ခြင်းရဲ့ အခြေခံ အကြောင်း အထောက်အပံ့အကြောင်းတွေ ရှိတယ်။ သိခြင်း၊ မြင်ခြင်းရဲ့ အခြေခံအကြောင်း၊ အထောက်အပံ့အကြောင်းလဲ ရှိတယ်လို့ ဟောတော် မူပါတယ်။

အဘယမင်းသားက မသိမမြင်ခြင်းရဲ့အကြောင်း သိမြင်ခြင်းရဲ့ အကြောင်းတွေက ဘာတွေပါလဲဘုရားလို့ ဆက်မေးတယ်။ ဘုရားရှင်က သဂ်ီရဝပုဏ္ဏားအား ဟောသလို ဥပမာစကားတွေနဲ့ စုံစုံလင်လင် ဟောပြ တော်မူတယ်။

ကာမအာရုံမက်မောတဲ့စိတ်၊ သူတစ်ပါးကို ပျက်စီးစေလိုတဲ့စိတ်၊ စိတ်ရဲ့ထိုင်းမှိုင်းမှု၊ ပျံ့လွင့်မှု၊ ပူပန်မှု၊ မဝေခွဲနိုင်ခြင်းတို့က လွှမ်းမိုးနေခြင်း ဟာ မသိ၊ မမြင်ခြင်းအကြောင်းတွေပါပဲ။

ကာမအာရုံ မမက်မောတဲ့စိတ်၊ သူတစ်ပါးကိုကြီးပွားစေလိုတဲ့ စိတ်၊ သွက်လက်ချက်ချာတဲ့စိတ်၊ တည်ကြည်ငြိမ်သက် အေးဆေးမှု၊ ဆုံးဖြတ်ဝေခွဲနိုင်မှုတို့ ရှိနေခြင်းဟာ သိခြင်း၊ မြင်ခြင်းရဲ့ အခြေခံ အကြောင်း အထောက်အပံ့အကြောင်းတွေ ဖြစ်ပုံအကျယ်တဝင့် ဟောပြပါတယ်။

နီဝရဏငါးပါးကို သဂ်ီရဝပုဏ္ဏားအား ဟောသလို ဥပမာတွေ ဥပမေယျတွေနဲ့ အကျယ်တဝင့် ဟောကြားတော်မူလိုက်တဲ့အခါ အဘယ မင်းသားက ဘာထပ်မေးသလဲဆိုတော့-

http://www.dhammadownload.com



## ဒီတရားတော်ရဲ့နာမည်က

"အရှင်ဘုရား ဒီတရားတော်ရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ"

မသိမှု၊ မမြင်မှုရဲ့အကြောင်း "အပိတ်အဆို့နီဝရဏ"လို့ ခေါ်တယ်။ မြတ်စွာဘုရားက ဒီတရားတွေဟာ နီဝရဏတရားတွေ၊ အပိတ်အဆို့တရားတွေ၊ အဆီးအတားတရားတွေလို့ မိန့်ကြားတော်မူတယ်။

အဲဒီတော့ အဘယမင်းသားက "မှန်ပါတယ်ဘုရား"။ ဒီကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏတရား (၅)မျိုးတို့ဟာ အပိတ်အပင် အဆီးအတား တရားတွေပါဘုရား။ မသိမှု၊ မမြင်မှုရဲ့အကြောင်းတွေပါဘုရား။

မြတ်စွာဘုရား စင်စစ် နီဝရဏငါးမျိုးထဲက တစ်မျိုးမျိုးသော နီဝရဏနဲ့ လွှမ်းမိုးနှိပ်စက်ခံရတဲ့ပုဂ္ဂိုလ်၊ အပိတ်ပင်ခံရတဲ့ပုဂ္ဂိုလ်မှာ ဟုတ်တိုင်းမှန်စွာ မသိနိုင်ပါဘုရား။

အကယ်၍များ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ နီဝရဏငါးပါး လုံး လွှမ်းမိုးခံရပြီးတော့ နီဝရဏငါးပါးလုံး နှိပ်စက်ခံနေရမယ်ဆိုရင်တော့ ဘာပြောစရာရှိတော့မလဲဘုရား။

ဟော-မြတ်စွာဘုရားက မသိခြင်းရဲ့အကြောင်း မမြင်ခြင်းရဲ့ အကြောင်းဟာ နီဝရဏတရားငါးပါးတဲ့။

အဲဒီတော့ ဒီနေ့ ယောဂီသူတော်စင်များ အားထုတ်နေကြရတာက အဲဒီ နီဝရဏတွေကို ဖယ်ရှားနိုင်အောင် အားထုတ်ပြီးတော့ နေကြတာ။

မမြင်ခြင်းရဲ့အကြောင်း၊ မသိခြင်းရဲ့အကြောင်း၊ မသိ မမြင် ခြင်းရဲ့ အကြောင်းဖြစ်တဲ့ နီဝရဏတရားတွေ ဖယ်ရှားဖို့ အားထုတ်ပြီး တော့ နေကြတာဖြစ်သလို အသိ၊ အမြင်၊ အသိထူး၊ အမြင်ထူး ဖြစ်ပေါ် ဖို့ရာအတွက် အားထုတ်နေကြတာလဲ ဖြစ်တယ်။

အဲဒီတော့ ဘုရားရှင်က ဆက်ပြီးတော့ ဘာဟောသလဲ။ အဲလို မသိ၊ မမြင်ခြင်းရဲ့အကြောင်းရှိသလို၊ သိခြင်း၊ မြင်ခြင်းရဲ့အကြောင်းလဲ ရှိတယ်။

http://www.dhammadownload.com



ဘာကြောင့်သိသလဲ။ ဘာကြောင့် မြင်သလဲလို့ ဆိုတဲ့အခါကျ တော့ သတိသမ္ဗောဇ္ဈင်ကို ဆိတ်ငြိမ်ရာကိုမှီတဲ့ မှီပြီးတော့ ပွားများမယ် ဆိုရင် မက်မောမှုခွာပြီးတော့ ပွားများမယ်ဆိုရင်၊ တဏှာချုပ်ငြိမ်းမှုကို မှီပြီးတော့ ပွားများမယ်ဆိုရင် ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်သို့ ညွတ်ပြီးတော့ ပွားများမယ်ဆိုရင် အဲဒီ သတိသမ္ဗောဇ္ဈင်ကို ပွားများတဲ့ စိတ်ကြောင့် အသိအမြင် ဖြစ်ပေါ်လာနိုင်တယ်။

ဒါကြောင့် ထူးထူးခြားခြားသိမှု၊ ထူးထူးခြားခြားမြင်မှုတို့ဆိုတာ အကြောင်းမဲ့ မဟုတ်ပါဘူး။ အကြောင်းရှိပါတယ်။

သိမှု၊ မြင်မှုတို့ရဲ့အကြောင်းက ဘာလဲဆိုရင် သတိသမ္ဗောဇ္ဈင် အစရှိတဲ့ ဗောဇ္ဈင် (၇)ပါး ပွားများအားထုတ်ခြင်းပါပဲ။

အဲဒီ ဗောဇ္ဈင် (၇)ပါးကို အစဉ်အတိုင်း ဟောကြားတော်မူပြီးတဲ့ အခါကျတော့ အဘယမင်းသားက ထပ်မေးသေးတယ်။

ဒီဒေသနာတော်ရဲ့ နာမည်တော် ဘယ်လိုပါလဲဘုရား။ အဘယ မင်းသား အသိထူး အမြင်ထူး ဖြစ်ပေါ်ဖို့ရာအတွက် အခြေခံအကြောင်း လဲဖြစ်တဲ့ အထောက်အပံ့အကြောင်းလဲဖြစ်တဲ့ **"ဗောဇ္ဈင်တရားတော်"** ပါတဲ့။ အဲဒီလို မိန့်ကြားလိုက်တော့။

မှန်ပါပေတယ်ဘုရား၊ မှန်ပါပေတယ်ဘုရား။ ဗောဇ္ဈင် (၇)ပါး ထဲက တစ်ပါးလောက်ကလေး ပြည့်စုံရင်တောင်မှ အသိထူး အမြင်ထူး ဖြစ်နိုင်ပါတယ်ဘုရား။ (၇)ပါးလုံးများ ပြည့်စုံရင်တော့ ပြောစရာမလိုတော့ ပါဘူးဘုရား။

ဟော- သတိသမ္ဗောဇ္ဈင် ထွက်လေ ဝင်လေကို မပြတ်ရှုမှတ် ပွားများနေတဲ့ သတိသမ္ဗောဇ္ဈင်။

ယောဂီသူတော်စင်များလက်တွေ့။ ဝီရိယသမ္ဗောဇ္ဈင် ပျင်းရိခြင်း ငိုက်မြည်းခြင်းစသည်ကို ခွာပြီးတော့ အားထုတ်နေကြတယ်။ အဲဒီတော့ ဗောဇ္ဈင်က တစ်ပါးတင်မကနှစ်ပါး၊ သုံးပါးစသည် မိမိတို့သန္တာန်မှာ ဖြစ်လာမယ်။ အားလုံးမဖြစ်စေကာမူ ဗောဇ္ဈင်တစ်ပါးလေး ပွားများနိုင်

http://www.dhammadownload.com



တယ်ဆိုရင် အဲ အသိထူး၊ အမြင်ထူးရနိုင်ပါတယ်။

ဒါဖြင့် အသိထူး၊ အမြင်ထူးတို့ရဲ့ အကြောင်းကဘာလဲလို့ဆို တော့ ဗောဇ္ဈင် (၇)ပါး ပွားများခြင်းပါပဲ။ အဲဒီလို ရှင်းလင်းပြီး ဟောကြား ပြီး တရားပွဲပြီးတဲ့အခါ အဘယမင်းသားက ဘာလျှောက်ပြန်သလဲ ဆိုတော့ သစ်ရိပ်ဝါးရိပ်ဟာ အေးမြတယ်၊ မိရိပ်ဘရိပ်ဟာအေးမြတယ်၊ ဆရာရိပ် သမားရိပ်ဟာ အေးမြတယ်၊ မင်းရိပ်စိုးရိပ်ဟာ အေးမြတယ်။

အခုတော့ ပိုပြီးအေးမြတဲ့ ဘုရားရိပ်၊ တရားရိပ် ဂိဇ္ဈကုဋ်တောင် ရောက်ဖူးတဲ့ပုဂ္ဂိုလ်များ မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ပေါ်မှာ သမာပတ် ဝင်စားတော်မူတဲ့ နေရာလေး၊ လက်အုပ်ချီလို့အားမရ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)က "ဂိဇ္ဈကူဋေပဗ္ဗတေ" လင်းတနှုတ်သီး ပုံမှီးမချွတ် အထွဋ်ရှိတဲ့ တောင်လို့။

ဘုန်းကြီးတို့ ပိဋကတ်တော်မှာ အရှင်မဟာကဿကပအစရှိတဲ့ ရဟန္တာမထေရ်မြတ်ကြီးတွေ မှတ်တမ်းတင်ပြီးတော့ ထားခဲ့တာ။ မရောက်ဖူးခင်တုန်းကတော့ ဂိဇ္ဈကုဋ်တောင် လင်းတနှုတ်သီးပုံမှီး မချွတ် အထွဋ်ရှိတဲ့တောင်" ။

ဒီလိုဆိုတော့ မရောက်ဘူးခင်ထဲက ဒီစကားတော်လေးက နှုတ်ထဲမှာ နှုတ်တက်အာဂုံဖြစ်နေတယ်။ တကယ်တမ်းရောက်သွားတဲ့ အခါကျတော့ သိပ်ပြီးတော့စိတ်ထဲက အားရတယ်၊ ကျေနပ်တယ်။

ဒါကြောင့် ဟိုနှစ်ပေါင်း (၂၅၀၀)ကျော်က စတင်ပြီး မိန့်ကြား တော်မူထားတဲ့ စကားတော်တွေ ဘုန်းကြီးတို့ မြန်မာပြည်ကို ရောက်ရှိ ပြီးတော့နေတာ၊ ရောက်ရှိပြီးနေတော့ သမိုင်းကြောင်းနှင့်တကွ တရားနာ ယူကြရ အခု အဘယမင်းသားတို့လိုပေါ့ ။

တရားနာတဲ့ပုဂ္ဂိုလ်က အဘယမင်းသား၊ ဟောကြားတော်မူ တဲ့ပုဂ္ဂိုလ်က မြတ်စွာဘုရား၊ နေရာဌာနကဂိဇ္ဈကုဋ်တောင်၊ အဲဒီလို စာထဲ ပေထဲမှာ တွေ့ကြရတော့ လက်တွေ့သွားပြီး ဖူးမျှော်တဲ့အခါကျတော့ လင်းတနှုတ်သီးနဲ့တူတဲ့ တောင်အထွဋ်ကလည်း တကယ်ရှိနေသေး တယ်။ ကျေနပ်လိုက်တာ၊ အားရလိုက်တာ။

http://www.dhammadownload.com



ပြီးတော့ ဥရုဝေဠတောအုပ်ကနေပြီးတော့ ရသေ့ညီနောင်ရှင်တစ်ထောင်တို့နဲ့ အတူတကွရသေ့ညီနောင် ရှင် (၁၀၀၀)တို့ ခြံရံပြီးတော့ ဂယာရွာကိုကြွတော်မူတယ်။ ဂယာရွာမှာ ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖျာကြီးအပေါ်မှာ မြတ်စွာဘုရားက "အာဒိတ္တပရိယာယ" သုတ္တန်ကြီးကို ဟောကြားတော်မူတယ်။ ဘုန်းကြီးတို့ ပိဋကတ်စာက အဲဒီလိုရှိတယ်။

ဆင်ဦးကင်းနဲ့တူတဲ့ ကျောက်ဖျာကြီးတွေဆိုတာက အိန္ဒိယတစ်နိုင်ငံလုံး အဲဒီတစ်နေရာပဲရှိတယ်။ ဂယာရွာနဲ့ မနီးမဝေးမှာပဲရှိတယ်။ ဟုတ်လိုက်လေ၊ မှန်လိုက်လေ။

**အမေးလဲပြေ တရားလဲရ**

ဟော. . . တရားတော်တစ်ခုကို ဟောကြားတော်မူရာဌာန၊ ဟောကြားတော်မူတဲ့ပုဂ္ဂိုလ်၊ တရားနာတဲ့ပုဂ္ဂိုလ်အပြည့်အစုံနိဒါန်းအင်မတန်ကောင်းပါတယ်။ အခုလည်းပဲ အဘယမင်းသား ဂိဇ္ဈကုဋ်တောင်မှာ မြတ်စွာဘုရားတရားနာပြီး ဘုရားရိပ်၊ တရားရိပ် ခိုနားပြီးတော့ သူဘာဆက်ပြောသေးသလဲဆိုတော့

> **ယောမိမေဘန္တေ ဂိဇ္ဈကူဋ် ပဗ္ဗတံ အာရောဟန္တဿ ကာယကိလမထော။**
>
> **စိတ္တကိလမထော၊ သောပိမေပဋိပဿဒ္ဓေါ ဓမ္မောစမေ အဘိသမိတော။**

အရှင်ဘုရား တပည့်တော်အမေးပြေပါပြီဘုရား။

ပုရာဏကဿပကြီးက ပြောတယ်။ မသိမမြင်မှုရဲ့ အကြောင်းဆိုတာမရှိဘူး၊ ဘုရားရှင်က မိန့်တော်မူတယ်၊ မသိမမြင်တာလည်းအကြောင်းရှိတယ်၊ အကူအညီအကြောင်းရှိတယ်၊ ပင်မအကြောင်းလည်းရှိတယ်။ မူရင်းအကြောင်းလည်းရှိတယ်။ အထောက်အပံ့အကြောင်းအကူအညီအကြောင်းရှိတယ်။ ယုတ္တိသာဓကနှင့်တကွ မြတ်စွာဘုရား

http://www.dhammadownload.com



ဟောကြားတော်မူတယ်။ တပည့်တော်အမောပြေပါပြီဘုရား။ ဘုရားရိပ်၊ တရားရိပ်ခိုနားလိုက်ရကျိုးနပ်ပါပြီ။

ကိုယ်ပင်ပန်းမှုလည်း ငြိမ်းသွားပြီဘုရား၊ စိတ်ပင်ပန်းမှုတွေဟာလည်း ပျောက်သွားပါပြီ။ အမောပြေလိုက်တာဘုရားတဲ့။ "ဓမ္မောစမေ အဘိသမိတော" တပည့်တော် တရားထူးလည်းရပါပြီဘုရားလို့ မြတ်စွာဘုရားကို လျှောက်တယ်။

မနေ့ကဟောတဲ့ သင်္ဂါရဝပုဏ္ဏားကတော့ အဲဒီလောက် မလျှောက်နိုင်ဘူး၊ သရဏဂုံပဲတည်တယ်။ မြတ်စွာဘုရားဟောတဲ့ တရားကတော့ အတူတူပဲ။ နီဝရဏတရားငါးပါး၊ ဗောဇ္ဈင် (၇)ပါး ဒီတရားတွေပဲ ဟောတယ်။

ဒေသနာတော်ကို ချီးမွမ်းပြီးတော့ ကျေနပ်ပြီးတော့ ကြည်ညိုပြီးတော့ သင်္ဂါရဝပုဏ္ဏားဟာ သရဏဂုံတည်သူဖြစ်ပါတယ်။ မြတ်စွာဘုရားကတော့ အရဟတ္တဖိုလ်ပဲ အထွဋ်ပြုပြီးတော့ ဟောပါတယ်။

အဲဒီနေ့ကျတော့ အဘယမင်းသားက "ဓမ္မော စ မေ အဘိသမိတော" တပည့်တော်အမောလည်းပြေပြီ၊ တရားထူးလည်းရပြီတဲ့။

**ဆာယံဆာယမ္ဟိ ဝေဿန္တာ**
**ဝေဿန္တာ မဏိဂူဟကံ**
**သုခံ သုခမ္ဟိ ပတ္ထေန္တာ**
**ပတ္ထေန္တာ ဝေါဝ သာသနံ။**

ဘန္တေ- ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော အို- မြတ်စွာဘုရား၊ လောကေ-လောက၌၊ ဆာယံဆာယမ္ဟိ- အရိပ်ထက်အရိပ်ကိုလည်းပဲ၊ ဝေဿန္တာ ဝေဿန္တာ - ရှာမှီးကြကုန်၊ ရှာမှီးကြကုန်သောသူတို့သည်၊ မဏိဂူဟကံ- ပတ္တမြားလိုဏ်ဂူကြီးသို့၊ ဥပဂတာယတာ- ကပ်ရောက်ကြရလေကုန်သကဲ့သို့၊ သုခံသုခမ္ဟိ-ချမ်းသာထက်ချမ်းသာရာကိုလည်း၊ ပတ္ထေန္တာ ပတ္ထေန္တာ-တောင့်တကုန် တောင့်တကုန်သော သူတို့သည်၊ ဝေါဝ- သတ္တဝါနစ္စာ မတုသာအောင် ကရုဏာ

http://www.dhammadownload.com



ကြီးမား ရှင်တော်မြတ်ဘုရားတို့၏သာလျှင်၊ သာသန်-အဆုံးအမခေါ် သာသနာတော်မြတ်ကြီးသို့ ဥပဂတာ-ကပ်ရောက်မှီခိုအားထားကိုးကွယ်ကြရပါကုန်သည် မြတ်စွာဘုရား။

ဟော အေးမြတဲ့အရိပ်ကို လိုလားတယ်ဆိုရင် ပတ္တမြားလိုဏ်ဂူကြီးဆီ ပြေးပြေးပြေးပြေး ပြီတော့ ကပ်ကြရ၊ မှီခိုကြရ၊ အဲဒီလိုပဲ အအေးဆုံး, အမြဆုံး ချမ်းသာထက်ချမ်းသာကို လိုလားသပဆိုရင်လည်းပဲ ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့ရဲ့ အဆုံးအမသာသနာတော်ဆီပဲ ချဉ်းကပ်ကြရတယ်။

အခုယောဂီသူတော်စင်များ မိမိတို့အိုးနဲ့အိမ်နဲ့ခွဲခွာ၊ ဆွေတွေမျိုးတွေနဲ့ခွဲခွာ၊ သားတွေ သမီးတွေနဲ့ခွဲခွာ ဒီလယ်တီကျောင်းတိုက်ကြီးလာပြီးတော့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ တရားယူကြတရားအားထုတ်ကြတယ်ဆိုတာ ဘုရားရိပ်၊ တရားရိပ်ကို ခိုနားခြင်းပါပဲ။

အဲဒီတော့ အဘယမင်းသားလျှောက်သလို အမောလည်းပြေပြီဘုရား၊ အပန်းလည်းပြေပြီဘုရား၊ တရားထူးလည်းရပြီဘုရားလို့ လျှောက်ထားနိုင်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်ဘို့ အရေးကြီးပါတယ်။

## ဓမ္မာနုပဿနာ ရှုပွားနည်း

အဲဒီတော့ ဟောချင်တာက ဗောဇ္ဈင် (၇)ပါး၊ သို့သော် အပိတ်အဆို့အဆီးအတားဖြစ်တဲ့ နီဝရဏတရားကိုလည်းပဲ ထည့်ဟောရပါတယ်။ မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ္တန်ကြီးမှာ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဟောပြီးတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူပါတယ်။

ကာယာနုပဿနာသတိပဋ္ဌာန်ကို (၁၄)ပိုင်း. ပိုင်းပြီးတော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို (၉)ပိုင်း၊ စိတ္တာနုပဿနာသတိ

http://www.dhammadownload.com



ပဋ္ဌာန်ကို (၁၆)ပိုင်း၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျတော့ အပိုင်းကြီး (၅)ပိုင်းထားပြီးတော့ ဟောကြားတော်မူပါတယ်။

ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကို ဦးစားပေးသိမ်းဆည်းပြီးတော့ ဟောကြားတော်မူပါတယ်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဟော- ဒီနောက် (၃)ခုထဲမှာ ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်က နာမ်တရားတွေကို သိမ်းဆည်းပြီးတော့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ကျတော့ ရုပ်ရော၊ နာမ်ရော ရောနှောသိမ်းဆည်းပြီးတော့ ဟောကြားတော်မူခဲ့တယ်။ ခန္ဓာငါးပါးနဲ့ ပြောမယ်ဆိုရင် ကာယာနုပဿနာသတိပဋ္ဌာန်က ရူပက္ခန္ဓာကို ပြတယ်။ ဝေဒနာနုပဿနာသတိပဋ္ဌာန်က ဝေဒနာက္ခန္ဓာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်က ဝိညာဏက္ခန္ဓာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကျတော့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ

အဲဒီလို ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောကြားတော်မူတဲ့အခါမှာ ရှေးဦးစွာမြတ်စွာဘုရားက အပိုင်းကြီး (၅)ပိုင်းထဲမှာ နီဝရဏတရားတွေ နီဝရဏအပိုင်းကို ရှေးဦးစွာဟောကြားတော်မူပါတယ်။

အဲဒီလို နီဝရဏအပိုင်းကို ဟောကြားတော်မူတော့

**ကထဉ္စ ဘိက္ခဝေဘိက္ခု၊ ဓမ္မေသုဓမ္မာနုပဿီဝိဟရတိ**

ရဟန်းတို့ ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်တွေကို အဖန်ဖန်အထပ်ထပ် သုံးသပ်ပြီးတော့ ဘယ်လိုများရှုရမလဲ၊ ဘယ်လို ရှုရမလဲ။

**နီဝရဏရှုပွားနည်း (၅)မျိုး**

**ဣဓဘိက္ခဝေ ဘိက္ခု၊ ဓမ္မေသုဓမ္မာနုပဿီဝိဟာရတိ**

**ပဉ္စသုနီဝရဏေသု။**

http://www.dhammadownload.com



ဓမ္မာနုပဿနာ တရားတော်တွေကို ရှုပွားပုံ၊ နီဝရဏငါးပါးကို ရှေးဦးစွာဟောတယ်။ နီဝရဏငါးပါးဆိုတဲ့ ဓမ္မကို ဘယ်လိုများရှုပွားရမလဲ။ နီဝရဏငါးပါးထဲက ပထမဆုံး ကာမစ္ဆန္ဒ-အာရုံငါးပါးလိုလားတဲ့ဆန္ဒ၊ နှစ်သက်တဲ့ဆန္ဒ၊ တောင့်တမျှော်ခေါ်တဲ့ဆန္ဒ။ အဲဒီ ကာမစ္ဆန္ဒကို (၅)နည်းလောက်ကြည့်ရှုရမယ်။

**သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။**

မိမိသန္တာန်မှာ မပြတ်မလပ်ဖြစ်နေတဲ့ ကာမစ္ဆန္ဒ အာရုံငါးပါးကို လိုလားတဲ့ ဆန္ဒ ရာဂ၊ အဲဒီ ဆန္ဒ ရာဂဟာ မိမိသန္တာန်မှာရှိနေရင် "အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော" ငါ့မှာ အာရုံငါးပါးကို လိုလားတဲ့ ဆန္ဒရာဂ ရှိနေတယ်လို့ တစ်ချက်သိလိုက်ပါလိုက်ပါ။

**အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ နတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။**

အကယ်၍ မိမိသန္တာန်မှာ ပယ်ထားလို့၊ သို့မဟုတ် အခိုက်အတန့်အားဖြင့် မဖြစ်ဘူးပဆိုရင် ငါ့သန္တာန်မှာ ကာမစ္ဆန္ဒခေါ်တဲ့ အာရုံငါးပါးကို လိုလားတဲ့ဆန္ဒမရှိဘူးလို့ ဒီလိုလည်းသိလိုက်ပါ။

**ယထာစ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ၊**

မဖြစ်ပေါ်သေးတဲ့ ကာမစ္ဆန္ဒဖြစ်လာပုံကိုလည်းပဲ သိပါ။

**ယထာစ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ တဉ္စပဇာနာတိ၊**

ဖြစ်ပေါ်လာတဲ့ ကာမစ္ဆန္ဒ ပယ်ပုံလေးလည်းသိလိုက်ပါ။

**ပဟီနဿစအာယတိံ အနုပ္ပါဒေါဟောတိ**

ပယ်ပြီးသားဖြစ်တဲ့ ကာမစ္ဆန္ဒ နောင်အခါမှာ မဖြစ်တော့ပုံကို သိလိုက်ပါ။ ပါဠိတော်မှာ ကာမစ္ဆန္ဒနဲ့ ပတ်သတ်ပြီးတော့ ရှုပွားနည်း (၅)မျိုး။

http://www.dhammadownload.com



**ကာမစ္ဆန္ဒရဲ့အကြောင်းရင်း**

ဒါဖြင့် အဲဒီကာမစ္ဆန္ဒ၊ အာရုံငါးပါးကို တောင့်တတဲ့ဆန္ဒ၊ လိုလားတဲ့ဆန္ဒ၊ တပ်မက်တဲ့ဆန္ဒဟာ ဘာကြောင့်ဖြစ်သလဲ၊ အကြောင်းရှာတော့ ဒီကာမစ္ဆန္ဒဟာ ဘာကြောင့်ဖြစ်သလဲ။ ဟော- သုဘနိမိတ် သာယာစွဲမက်ဖွယ်အာရုံ၊ အဲဒီအာရုံမှာ အယောနိသော မနသိကာရ- လမ်းမှန်အတိုင်း နှလုံးမသွင်းဘူး။ အာရုံက စွဲမက်ဖွယ်အာရုံ တွေ့ပြီ။ မမြဲတာကို မမြဲဘူးလို့ မမြင်တော့ဘူး။

မမြဲတာကို မြဲတယ်။ ဆင်းရဲတာကိုလဲ ဆင်းရဲလို့မမြင်တော့ဘူး။ ဆင်းရဲတာကို ချမ်းသာတယ်လို့ ပြောင်းပြန်မြင်တယ်။ မတင့်တယ်တာကိုလဲ တင့်တယ်တယ်။ ဒီလို အမြင်မှားတယ်။

အဲဒီတော့ မမြဲတာကို မြဲတယ်လို့ပဲ မြင်တယ်။ မချမ်းသာတာကို ချမ်းသာတယ်လို့ မြင်တယ်။ ဟော- မတင့်တယ်တာကို တင့်တယ်တယ်လို့ ဒီလိုပဲမြင်တယ်။ အဲလို သုဘအာရုံမှာ လမ်းမှန်အတိုင်း နှလုံးမသွင်းတဲ့အတွက်ကြောင့် ကာမစ္ဆဆန္ဒခေါ်တဲ့ အာရုံငါးပါး လိုလားတဲ့ဆန္ဒတွေ ဖြစ်ပေါ်တယ်။

**ပယ်ရှားနည်း**

ဒါဖြင့် မဖြစ်ပေါ်အောင် ဘယ်လိုလုပ်ရမလဲလို့ ဆိုတော့ မကောင်းတဲ့အာရုံ၊ အဲဒီအာရုံမှာ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်း ဆိုတဲ့ ယောနိသော မနသိကာရ ရှိရမယ်။

အနိစ္စ- မမြဲတာကို မမြဲဘူးလို့၊ ဒုက္ခ- ဆင်းရဲတာကိုလဲ ဆင်းရဲတယ်။ အမှန်အတိုင်း အဲဒီလို လမ်းရိုးလမ်းမှန်အတိုင်း မြင်လိုက်မယ် ဆိုလို့ရှိရင်ဖြင့် ကာမစ္ဆန္ဒ မဖြစ်ပေါ်နိုင်ဘူး။

ဒါပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားတဲ့ ကာမစ္ဆန္ဒနဲ့ ပတ်သက်တဲ့အချက်တွေပါပဲ။

http://www.dhammadownload.com



## ပယ်ရှားပုံ (၆)နည်းပြည့်စုံ

အဋ္ဌကထာဆရာကြီးတွေကတော့ အဲဒီ ကာမစ္ဆန္ဒပယ်ဖို့ရာ ပယ်နိုင်ဖို့ရာ လမ်းစဉ် (၆)မျိုး မိန့်ကြတယ်။

အသုဘသင် - အသုဆင်ပွား၊
ခြောက်အင်ဣန္ဒြေ - လုံခြုံစေရာ၊
စားလေတိုင်းထွာ - မိတ်ကောင်းရာ၏၊
လျော်စွာစကား - ပြောဆိုငြား၊
ပယ်ရှားကာမ - နီဝရဏ။

၁။ မတင့်တယ်ပုံ ရှုပွားနည်း သင်ကြားရမယ်။

၂။ သင်ကြားပြီးတော့ အဲဒီကမ္မဋ္ဌာန်းကို အဖန်ဖန် အထပ်ထပ် သမာဓိရအောင် အားထုတ်ရတယ်။

၃။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တံခါးခြောက်ပေါက် စောင့်ထိန်းရမယ်။

၄။ အစားအသောက် အတိုင်းအရှည် သိရမယ်။

**စတ္တာရော ပဥ္စအာလောပေ အဘုတွာ ဥဒကံပိဝေ၊**
**အလံဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။**

စတ္တာရောပဥ္စအာလောပေ- ထမင်းလေးလုတ်၊ ငါးလုတ်တို့ကို၊ အဘုတွာ- မစားမူ၍၊ ဥဒယံ- ရေကို၊ ယံပိဝေ- အကြင်သောက်ရာ၏။

ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်ဓိဋ္ဌာန် စိတ်အကြံဖြင့် ိဗ္ဗာန်စေလွှတ်အပ်ပြီးတဲ့စိတ်ရှိတဲ့ ယောဂီသူတော်စင်များဟာ ထမင်းလေးငါးလုတ်စာကို မစားပဲနဲ့ ရေသောက်ပါ။

ပဟိတတ္တဿ- ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ရက်စက်ဓိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသော၊ ဘိက္ခုနော- ရဟန်း၏၊ တံပိဝနံ- ထိုထမင်းလေးငါးလုတ်ကို မစားပဲနဲ့ ရေကိုသောက်ခြင်းသည်၊ ဖာသုဝိဟာရာယ- ကြာရှည်ချမ်းသာစွာနေခြင်းငှါ၊ အလံ- သင့်လျော်လှပါပေ၏။

http://www.dhammadownload.com



ဟော- အစားအသောက်မှာ အတိုင်းအရှည်ကို သိရမယ်ဆိုတော့ မြတ်စွာဘုရားရဲ့ တပည့်ကြီးဖြစ်တော်မူတဲ့ အဂ္ဂသာဝက၊ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ထမင်းလေးငါးလုပ်စာကိုမစားပဲချန်ရေသောက်ပါတဲ့။ ဒါထမင်းစားနည်းပါ။ **"အစားကြီးက ဝမ်းမီးလေဓာတ် ပျက်စီးတတ်၏။"**

အဲဒါဟာ အစားအသောက်ကို အတိုင်းအရှည်သိ စားနည်းပါပဲ။

၅။ ကလျာဏမိတ္တတာ -ကောင်းသောမိတ်ရှိခြင်း။ ကောင်းသောမိတ်ရှိခြင်း ဆိုတာက ဘယ်လိုလဲလို့ဆိုတော့ ဒီအာရုံငါးပါးတို့ကို တပ်မက်မှုကင်းတဲ့ပုဂ္ဂိုလ်များနဲ့ ဆက်ဆံနေခြင်းဟာ ဒါကလျာဏမိတ်ရခြင်းပဲ။

၆။ တဒမိမုတ္တတာ- လို့ဆိုတော့သွားတဲ့အခါမှာလည်း ဒီကာမစ္ဆန္ဒကို ပယ်လိုတဲ့စိတ်၊ လျောင်းနေတဲ့အခါမှာလည်း ကာမစ္ဆန္ဒကို ပယ်လိုတဲ့စိတ်၊ အဲဒီ (၆)မျိုးရှိတဲ့ ပုဂ္ဂိုလ်များ ဒီ (၆)မျိုးဟာ ကာမစ္ဆန္ဒခေါ်တဲ့ နီဝရဏ၊ အာရုံငါးပါးကိုလိုလားတဲ့ အပိတ်အပင်အဆီးအတားဖြစ်တဲ့ နီဝရဏတရားဆိုး၊ တရားပျက် စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့ ကာမစ္ဆန္ဒနီဝရဏကို ပယ်ရှားနိုင်တယ်။

အဲဒီတော့ နီဝရဏငါးပါးထဲမှာ နံပါတ် (၁)ဖြစ်တဲ့ ကာမစ္ဆန္ဒနီဝ္ရရဏ။ အဲဒီ ကာမစ္ဆန္ဒနီဝရဏနှင့် ပတ်သတ်လို့ မနေ့က သင်္ဂါရဝပုဏ္ဏားအား မြတ်စွာဘုရားက ဘာဟောသလဲ၊ ကာမစ္ဆန္ဒနီဝရဏဟာ အရောင်မျိုးစုံဆိုးထားတဲ့ရေခွက်မှာ ရေမှန်ကြည့်လို့မရနိုင်သလို။

ကာမစ္ဆန္ဒနီဝရဏရဲ့ ပိတ်ဖုံးဆီးတားခံနေရတဲ့သူဟာ မိမိအကျိုးစီးပွားလဲမသိ။ သူတစ်ပါးအကျိုးစီးပွားလဲမသိ။ မိမိသူတစ်ပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားလဲမသိ။

မသိမှု၊ မမြင်မှုတွေဟာ အဲဒီကာမစ္ဆန္ဒနီဝရဏ အကြောင်းခံပြီးတော့ ဖြစ်တယ်။ ဒီနေ့ အဘယမင်းသား လျှောက်ထားတဲ့အခါမှာလဲ မသိမှု၊ မမြင်မှုတို့ရဲ့ အခြေခံနီဝရဏတရားတွေပဲလို့ ဟောပါတယ်။

http://www.dhammadownload.com



သိမှု၊ မြင်မှုတို့ရဲ့ အကြောင်းရင်းအထောက်အပံ့အကြောင်းတွေ အကူအညီအကြောင်းတွေကတော့ ဗောဇ္ဈင်တရား (၇)ပါးပဲလို့ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း-

နံပါတ်(၁)ဖြစ်တဲ့ မသိ၊ မမြင်ခြင်းရဲ့အကြောင်းအချက်တွေထဲမှာ နံပါတ်(၁)ဖြစ်တဲ့ ကာမစ္ဆန္ဒနီဝရဏကို ပါဠိတော်မှာ ရှုပွားတဲ့နည်း၊ အဋ္ဌကထာမှာလာတဲ့နည်းအရ ဖယ်ရှားနည်း ထိုက်တန်သလောက် စုံလင်အောင် ဟောလို့ပြီးပြီ။

ယနေ့ ယောဂီသူတော်စင်များ အားထုတ်နေကြတာက အဲဒီ နီဝရဏကင်းအောင် သတိသမ္ဗောဇ္ဈင်အစရှိတဲ့ ဗောဇ္ဈင်တရားတွေ ပွားများပြီးတော့နေတဲ့အချိန်။

အဲဒီတော့ မသိမှု မမြင်မှုတို့ရဲ့ အဆီးအတားနီဝရဏတရားတွေ ရှုပွား ဖယ်ရှားပြီးတော့ သိမှု မြင်မှုတို့ရဲ့ အခြေခံအကြောင်း အကူအညီ အကြောင်းဖြစ်တဲ့ ဗောဇ္ဈင်တရား (၇)ပါးတို့ကို ဆက်လက်ပြီးတော့ ကြိုးစားဖို့တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တတိယနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၃)ရက်နေ့။

**အဘိဇ္ဈာ**

လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ တရားဝင်နေကြတဲ့ ယောဂီသူတော်စင်အပေါင်းတို့အား သမထပိုင်းလို့ဆိုတော့ သမထဆိုတာ ဘာလဲလို့ဆိုရင် သမာဓိရအောင် ကြိုးစားနေတာပါပဲ။

သမာဓိရအောင် ကြိုးစားရင်း စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့ တရားတွေကို တွန်းလှန်နိုင်မှ သမာဓိရတယ်။

**"သမာဓိရတာနဲ့တစ်ပြိုင်နက်ထဲ စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့ နီဝရဏတရားတွေဟာလဲ တွန်းလှန်ပြီးသား ဖြစ်သွားပါတယ်။"**

အဲဒီလို တွန်းလှန်ပြီးသားဖြစ်တော့ မြတ်စွာဘုရားက ဒီနီဝရဏတရားတွေနဲ့ ပတ်သက်ပြီးတော့ သင်္ဂါရဝပုဏ္ဏားကိုလဲ ဥပမာ (၅)မျိုးနဲ့ အဘယမင်းသားကိုလဲပဲ မသိမမြင်ခြင်းရဲ့အကြောင်းတွေ နီဝရဏ (၅)မျိုးပဲ ဟောကြားတော်မူတယ်။

ဟောကြားတော်မူတော့ အဲဒီနီဝရဏတရားတွေဟာ ကာမစ္ဆန္ဒနီဝရဏ၊ အဲဒီ ကာမစ္ဆန္ဒနီဝရဏကိုပဲ အဘိဇ္ဈာလို့ ခေါ်တယ်။

အာရုံငါးပါးလိုလားတဲ့ဆန္ဒ၊ ဥပါဒါနက္ခန္ဓာငါးပါးအပေါ်မှာ တပ်မက်တဲ့လိုလားတဲ့ အဘိဇ္ဈာ၊ အဲဒီတရားဆိုးတရားပျက်ရှိနေခဲ့လို့ရှိရင် ရေခွက်ငယ်လေးထဲက ရောင်စုံခြယ်ထားတဲ့ရေ မျက်နှာရိပ်မပေါ်နိုင်သလိုပဲ။

မျက်နှာရိပ်ပေါ်အောင်ရေမှန်ကြည့်လို့ရအောင် ဘယ်လိုလုပ်ရမလဲလို့ဆိုတော့ - နန္ဒင်းဆိုးထားတဲ့ရေဆိုရင် နန္ဒင်းအနည်ထိုင်သွားအောင် (သို့မဟုတ်) ရေခွက်ထဲကရေကိုရောင်စုံခြယ်ထားတဲ့ရေကို ရေအသစ်လဲလိုက်ရမယ်။ အသစ်လဲလိုက်လို့ရှိရင်တော့ဖြင့် ရေဟာကြည်လင်ပြီးတော့လာပြီ၊ အဲလိုကြည်လင်လာတဲ့ အခါကျတော့ ရေထဲ

http://www.dhammadownload.com



မှာရှိတဲ့ အမှိုက်သရိုက်ကိုလည်း မြင်နိုင်တယ်၊ အမှုံအမွှားလည်း မြင်နိုင်တယ်။

သိမှု မြင်မှုကို ကာကွယ်ပြီးတော့ထားတဲ့ ကာမစ္ဆန္ဒနီဝရဏ ဖယ်ရှားလိုက်တဲ့အခါကျတော့ ရေခွက်ငယ်ထဲရေကြည်ထည့်ပြီးတော့ ကြည့်သလို မိမိအကျိုးစီးပွားလဲ သိမြင်နိုင်တယ်။ သူတပါးအကျိုးစီးပွား လည်း သိမြင်နိုင်တယ်။ မိမိသူတပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွား သိမြင်နိုင်တယ်။

ပြီးတော့မြင်မှု၊ သိမှုတွေဟာလည်း တိုးပွားပြီးတော့လာနိုင်တယ်။ မြတ်စွာဘုရားက အဘယမင်းသားတို့ သင်္ဂါရဝပုဏ္ဏားတို့ဟောတဲ့ ဥပမာနဲ့ မတူပဲ။ အဇ္ဈတ္တသတ်မင်းအား ဒီနီဝရဏတရားတွေ ဟောတဲ့အခါ ကျတော့-

**သော အဘိဇ္ဈံ လောကေ ပဟာယဝိဂတာဘိဇ္ဈေန**
**စေတသာ ဝိဟရတိ၊ အဘိဇ္ဈာယစိတ္တံ ပရိသောဓေတိ**

မြတ်သောသီလ၊ ဣန္ဒြေစောင့်စည်းမှု၊ သတိသမ္ပဇဉ်နဲ့ ပြည့်စုံတဲ့ ယောဂီသူတော်စင်ဟာ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့ မိမိတို့ သင့်လျော်သလို ထိုင်သတိကို ဦးစားပေးပြီးတော့ သတိကိုအကြီး အမှူးပြုပြီးတော့ -

ထွက်လေ ဝင်လေရှုမှတ်ခြင်း အစရှိတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်လုပ်ငန်းခွင်ဝင်လိုက်၊ အဲလိုလုပ်ငန်းခွင်ဝင်လိုက်တဲ့အခါ ကျတော့ **"သောအဘိဇ္ဈံလောကေပဟာယ"**

သော- ထိုလောကီရဟန်းသည်၊ လောကေ- ဥပါဒါနက္ခန္ဓာ ခေါ်တဲ့ လောကမှာ၊ အဘိဇ္ဈံ-တပ်မက်မှု တွယ်တာမှုကို၊ ပဟာယ- ပယ်စွန့်ပြီးတော့ -

အခြေခံသီလအပေါ်မှာ ရပ်တည်ပြီးတော့ သတိသမ္ပဇဉ်နဲ့ ယှဉ်ပြီးတော့ အားထုတ်လိုက်တဲ့အခါမှာ လောကခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါ်မှာ မက်မောတွယ်တာမှု ပျောက်ကင်းပြီးတော့ သွားနိုင်တယ်။

http://www.dhammadownload.com



**ကြွေးမြီတင်**

ကာမစ္ဆန္ဒနီဝရဏနဲ့ပတ်သတ်ပြီး မြတ်စွာဘုရား ဥပမာတစ်မျိုး ပေးဟောပုံက -

“လူတစ်ယောက်၊ သူတပါးဆီက ကြွေးမြီယူထားတယ်၊ အတိုး အရင်းနဲ့ယူထားတာ၊ အဲလိုကြွေးမြီယူထားတော့ အတိုးအရင်းနဲ့ ယူထားတော့ အဲဒီအကြွေးမဆပ်နိုင်တဲ့အချိန် ကြွေးကလည်းပြန်ပြီးမပေး နိုင်သေးဘူးဆိုရင် ကြွေးရှင်မြီရှင်များက လူကြားလည်းမရှောင်၊ သူကြား လည်းမရှောင် ကြွေးတောင်းချင်အတောင်းခံရမယ်။ သူတို့မလိုတမာ ပြောဆိုတာကိုလည်း ခံရမယ်”တဲ့။ ယောကျ်ားမိုက်တို့ အရိုက်ခံနေရတဲ့ အမျိုးသမီးများလိုပါပဲ။ တခါတရံကျတော့ ကြွေးရှင်မြီရှင်တို့က သတင်းစာ ထဲကြော်ငြာတာမျိုးတောင်မှ ရှိတယ်မဟုတ်လား။

သတင်းစာထဲကြေငြာပြီးကြွေးတောင်းသော်လည်းပဲ ကြွေးက ရှိနေတဲ့အတွက်၊ ကြွေးယူထားတဲ့အတွက် ဘာမှပြန်ပြီးမတွန်းလှန်နိုင်ဘူး။ ဟုတ်နေတာကိုး။ အဲလိုကြွေးယူပြီးတော့ လုပ်ငန်းကိုင်တာတွေ ဆောင်ရွက်တယ်။ လုပ်ငန်းကိုင်တာတွေဆောင်ရွက်လို့ တိုးတက်လာပြီ ဆိုတော့ အတိုးရောအရင်းပါ တခါထဲသွားပြီး ကြွေးရှင်မြီရှင်စီ သွားပြီး ပေးဆပ်လိုက်ပြီ။ နောက်ထပ် မိမိဆီမှာလည်းပဲ ရင်းစရာနှီးစရာလည်း ကျန်သေးတယ်။

**ကြွေးကင်း မြီကင်း**

အဲဒီလို ကြွေးလည်းကင်းသွားပြီ၊ ရှင်းသွားပြီ၊ မိမိမှာလည်း ထိုက်တန်သလောက် ရင်းစရာနှီးစရာ ကျန်သေးတယ်ဆိုတဲ့ အခါကျတော့

ဟိုတုန်းက ကြွေးနဲ့မြီနဲ့ရှိနေတုံးက အခုပြောသလိုပဲ ကြွေးရှင် မြီရှင်တွေ ပြောသလိုပဲခေါင်းငုံ့ခံကြရတယ်။ ယခုအချိန်အခါမှာတော့ ကြွေးလည်းကင်းပြီအတိုးအရင်းနဲ့တကွ ပေးသွင်းပြီးပြီ။ ငါ့မှာလည်းပဲ

http://www.dhammadownload.com



ရင်းနှီးစရာကျန်သေးတယ်။ သားသမီးတွေလည်း ထောက်ပံ့နိုင်တယ်။ ကျွေးမွေးနိုင်တယ်။ ကူညီနိုင်တယ်၊ မညှိုးငယ်တော့ဘူးလို့ ဆိုပြီးတော့။

သူဟာကြွေးမြီနဲ့ပတ်သတ်ပြီး အကြွေးရှင်းပြီးပြီဆိုတော့ ကြွေးမြီကင်းရှင်းတာကို အကြောင်းပြုပြီးတော့

**လဘေထ ပါမောဇ္ဇံ**

**လဘေထ သောမနဿံ၊**

ဝမ်းပန်းတသာဖြစ်တယ်၊ ဝမ်းမြောက်ဝမ်းသာရှိတယ်။ အဲဒီလိုပဲတဲ့ ယောဂီသူတော်စင်တို့သန္တာန်မှာ သတိသမ္ပဇဉ်နဲ့ ယှဉ်ပြီးတော့ ထွက်လေ ဝင်လေကို မပြတ်ရှုမှတ်လာတဲ့အခါကျတော့ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ လောကခန္ဓာငါးပါးဆိုတဲ့ လောက။

ဘာကြောင့် ခန္ဓာငါးပါးကို လောကလို့ခေါ်ရသလဲဆိုတော့ ပျက်တတ်တယ်တဲ့။ ပရမ်းပတာပျက်တတ်တယ်။ ပျက်တာမှ ရိုးရိုးပျက်တာ မဟုတ်ဘူး။ ပရမ်းပတာ ပျက်တတ်တယ်တဲ့။

ဒါကြောင့် ခန္ဓာငါးပါးကို လောကလို့ခေါ်ရတာ။ ဒီလောကဆိုတဲ့ စကားဟာ ဒုက္ခရဲ့ ကိုယ်စားလှယ်လဲ ဖြစ်တယ်။

## တည်ကြည်

အဲဒီလောကဆိုတဲ့ ခန္ဓာငါးပါးအပေါ်မှာ တပ်မက်တွယ်တာမှုဆိုတာ ကင်းစင်သွားပြီဆိုတော့ စောစောကကြွေးမြီကင်းတဲ့လူလိုပဲ။ ဝမ်းပမ်းတသာ ပါမောဇ္ဇ ဖြစ်ရတယ်။

အဲဒီလို ပါမောဇ္ဇ ဖြစ်ပြီဆိုတဲ့ အခါကျမှ-

**ပီတိ မနဿ ကာယောပဿမ္ဘတိ။**

**ပဿဒ္ဓ ကာယောသုခံ ဝေဒေတိ။**

ပီတိ နှစ်သိမ့်မှုလေးဖြစ်လာတော့ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းတယ်။ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းပြီဆိုတော့ ချမ်းသာမှုရတယ်။

**သုခိနော စိတ္တံ သမာဓိယတိ။**

http://www.dhammadownload.com



အဲလို ချမ်းသာမှုရတဲ့အခါကျတော့ စိတ်ကလေးဟာ တည်ကြည်ပြီးတော့လာတယ်။

အဲဒီလို မြတ်စွာဘုရား သင်္ဂါရဝပုဏ္ဏားတို့ အဘယမင်းသားတို့ ဟောစဉ်အခါတုန်းကတော့ နီဝရဏနဲ့ ပတ်သက်ပြီးတော့ ဥပမာက တစ်မျိုး။

အခု အဇာတသတ်မင်းကို ဟောတဲ့အခါကျတော့ ကာမစ္ဆန္ဒကို ကြွေးမြီဥပမာထားပြီးတော့ ဟောကြားတော်မူပါတယ်။

ကာမစ္ဆန္ဒနီဝရဏကိုပဲ အဘိဇ္ဈာတဲ့။ ကာမစ္ဆန္ဒရဲ့ ကိုယ်စားလှယ် စကားလုံးနဲ့ သုံးတော်မူတယ်။ အဇာတသတ်ကို ဟောတော့ အဘိဇ္ဈာလို့ ဟောပါတယ်။

**သည်းခြေနာစွဲ**

ဗျာပါဒနီဝရဏ- ဗျာပါဒဆိုတာ ဘာလဲလို့ဆိုတော့ အရကောက် တော့ "**ကောဓဿေတံ အဓိဝစနံ**" ကောဓရဲ့အမည်၊ ဒေါသရဲ့အမည် ပါပဲ။

> **ဗျာပါဒ ပဒေါသံ ပဟာယ၊ အဗျာပန္နစိတ္တော ဝိဟရတိ၊**
> **သဗ္ဗဘူတာ ဟိတာနုကမ္ပီ။**

ဗျာပါဒနဲ့ ပဒေါသ (၂)မျိုးလုံးဟာ ဒေါသရဲ့အမည်ပါပဲ။ ဗျာပါဒ ဆိုတာ ဘယ်လိုလဲလို့ဆိုတော့ ထမင်းသိုး ဟင်းသိုးများလို မူလသဘော စွန့်ပြီးတော့ ဖောက်ပြန်တတ်တဲ့အတွက်ကြောင့်မို့ ဒေါသကို ဗျာပါဒလို့ ခေါ်ပါတယ်။

မိမိ, သူတစ်ပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွား ချမ်းသာကို ဖျက်ဆီးတတ်တဲ့အတွက်ကြောင့်မို့လဲ ဒေါသသည် ဗျာပါဒ၊ ပဒေါသ အမည်လဲရပြန်ပါတယ်။

အဲဒီ ဗျာပါဒ, ပဒေါသနဲ့ ပတ်သက်ပြီး ဟိုတုန်းက သင်္ဂါရဝ ပုဏ္ဏား၊ အဘယမင်းသားတို့အား ဟောကြားတဲ့အခါမှာ ဥပမာပေးတာ

http://www.dhammadownload.com



ကတော့ ရေခွက်ငယ်လေးထဲက ရေကို မီးနဲ့ကြိုချက်လိုက်တဲ့အခါ ပွက်ပွက်ဆူပွက်ပြီးတော့ နေတယ်။ အခိုးအငွေ့တွေလဲ ဖုံးလွှမ်းပြီးတော့ နေတယ်။

ဗျာပါဒနီဝရဏ လွှမ်းထားတဲ့ပုဂ္ဂိုလ်များ အဲဒီလိုပါပဲ။ မြတ်စွာဘုရားက အဇာတသတ်မင်းကို ဥပမာပေးဟောတဲ့အခါ ဗျာပဒါနီဝရဏ ရှိတဲ့ ပုဂ္ဂိုလ်များဟာ ရောဂါစွဲကပ်နေသလိုပါပဲ။

လူတစ်ယောက်ဟာ သည်းခြေနာရောဂါ စွဲကပ်ပြီးတော့ နေတယ်။ ထမင်းလဲ မစားချင်ဘူး။ အားအင်တွေလဲ ကုန်ခမ်းနေတယ်။ စတုမဓူကျွေးတာလဲ ခါးလှချည့်၊ ခါးလှချည့်လို့ ထွေးပစ်တယ်။

တစ်နေ့ကျတော့ ဒီရောဂါပျောက်အောင် ကုတယ်။ ထမင်းလဲ စားလာတယ်၊ မြိန်လာတယ်။ အားအင်တွေလဲ ရှိလာတယ်။

အဲဒီကျတော့ ငါ့ရောဂါတွေကင်းပြီ။ စားချင်သောက်ချင်စိတ်တွေလဲ ဖြစ်လာပြီ။ အင်အားတွေလဲ ရှိလာပြီဆိုပြီးတော့ ဝမ်းပန်းတသာ ရှိလာတယ်။

ဒါကြောင့် မိမိတို့သန္တာန်မှာ သမထတရားကို အားထုတ်ရင်းနဲ့ ဗျာပါဒနီဝရဏကင်းသွားပြီဆိုတော့ ဝမ်းပန်းတသာ ဖြစ်ရတယ်။

အဲဒီ ဗျာပါဒနဲ့ပတ်သက်ပြီးတော့ သင်္ဂါရဝပုဏ္ဏား၊ အဘယမင်းသားတို့ ဥပမာပေးတာကတော့ ရေခွက်ငယ်လေးထဲက ပွက်ပွက်ဆူနေတဲ့ရေအပေါ်မှာ အခိုးအငွေ့တွေ သန်းနေတယ်။ ရေမှန်ကြည့်တဲ့အခါ ဘယ်မျက်နှာရိပ်ထင်တော့မလဲ။

ဒါဖြင့် မျက်နှာရိပ်ထင်အောင် ဘယ်နှယ်လုပ်ရမလဲ၊ အဲဒီ ပွက်ပွက်ဆူနေတဲ့ရေကို အေးသွားအောင် ထားရမယ်။ သို့မဟုတ် လူသစ်စိတ်သစ်ဆိုတဲ့သဘောမျိုးလိုပဲ ရေကိုအသစ်လဲလှယ်လိုက်လို့ရှိရင် ခွက်ငယ်ထဲက ရေတွေဟာ ငြိမ်ကြည်ပြီးနေတော့ ရေမှန်ကြည့်လို့ရပြီ။ မျက်နှာရိပ်ကို မြင်ရပြီ။

http://www.dhammadownload.com



အဲသလိုပဲတဲ့ ဗျာပါဒခေါ်တဲ့ ဒေါသနီဝရဏ ကင်းပြီဆိုတဲ့ အခါကျတော့ မိမိအကျိုးစီးပွားလဲ သိနိုင်တယ်။ သူတစ်ပါးအကျိုးစီးပွား လဲ သိနိုင်တယ်။ မိမိ, သူတစ်ပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားတွေကိုလဲ သိနိုင်တယ်။ ပြီးတော့ အသိတွေ၊ အမြင်တွေလဲ ပေါက်ရောက်လာပြီ၊ ထက်မြက်လာပြီ။

အဲဒီတော့ ဒီရောဂါစွဲကပ်နေတဲ့ ဥပမာမှာ ဒေါသဗျာပါဒရှိနေပြီ ဆိုလို့ရှိရင် သည်းခြေနာရှိတဲ့ လူတစ်ယောက် ဆိုကြပါစို့။

အင်မတန် ချိုမြိန်ကောင်းမွန်တဲ့ စတုမဓုတို့၊ သကာတို့ကို ကျွေးပေတယ်လို့ သူက ခံတွင်းကပျက်ပြီးတော့နေတဲ့အခါကျတော့ ခါးနေတာပဲ။ ခါးလှချည့်၊ ခါးလှချည့် ဆိုပြီးတော့ ထွေးချည်းပစ်နေတယ်။

အလားတူပဲ ဒေါသဗျာပါဒအားကြီးတဲ့ လူကျတော့ ဒေါသ ဗျာပါဒ အားကြီးနေမယ်ဆိုရင် ဆရာမိဘတွေရဲ့ ဆိုဆုံးမစကားတွေ နားမဝင်နိုင်ဘူး။

ဘာသာခြားတွေဟာ မိမိတို့ရဲ့ ဆန့်ကျင်ဘက် အယူဝါဒလို့ ပြောရတဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းတို့ရဲ့စကား၊ ဘယ်လောက် ကောင်းကောင်း မမြိန်တော့ဘူး။ သည်းခြေနာ စွဲနေသူတို့လိုပါပဲ။

**ပါဠိတော်ကရှုနည်း**

ဗျာပါဒနီဝရဏနဲ့ ပတ်သက်လို့ သိစရာတွေ၊ ရှုစရာတွေ ဓမ္မာနုပဿနာအပိုင်း ပါဠိတော်မှာ (၅)မျိုးရှိပါတယ်။

> **သန္တံဝါ အဇ္ဈတ္တံ ဗျာပါဒံ၊ အတ္ထိမေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။**

မိမိသန္တာန်မှာ ထင်ရှားရှိနေတဲ့ ဒေါသကို ငါ့သန္တာန်မှာ ဒေါသ ရှိနေပြီလို့ ဟောဒီလိုသိရမယ်၊ ရှုရမယ်။

> **အသန္တံဝါ ဗျာပါဒံ၊ နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ။**

http://www.dhammadownload.com



မိမိသန္တာန်မှာ ဒေါသမရှိဘူး။ ဒေါသကင်းစင်နေတယ်ဆိုရင် မိမိသန္တာန်မှာ ဒေါသကင်းစင်နေတယ်လို့ပဲ သိရမယ်။

**ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။**

ဗျာပါဒဖြစ်ခြင်းရဲ့ အကြောင်းကိုလဲပဲ သိရမယ်။

**ယထာစ ဥပ္ပန္နဿ ဗျာပါဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။**

ဗျာပါဒကို ပယ်ပုံ၊ ပယ်နည်း နည်းလမ်းတွေကိုလဲ သိရမယ်။

**ပဟီနဿ ဗျာပါဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စပဇာနာတိ။**

ပယ်ပြီးသားဖြစ်တဲ့ ဒေါသ၊ နောင်အခါမှာ မဖြစ်တော့ဘူး ဆိုတာနဲ့ ပတ်သက်ပြီး သိနေရမယ်။

အဲဒါ ဓမ္မာနုပဿနာ၊ တရားသက်သက်ရှုနည်း ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ မိမိသန္တာန်မှာ ဖြစ်နေတဲ့တရားကို သတ္တာ- အသက် ဝိညာဉ်မှကင်းတဲ့ တရားလို့ပဲ မြင်လိုက်လို့ရှိရင် ဟော "**နိဿတ္တ နိဇ္ဇီဝ**"- ဒေါသကိုပဲ အရှုခံဖြစ်တဲ့ ထားရှုရတယ်။ တရားကတော့ အကုသိုလ် တရားပဲ။ မိမိသန္တာန်မှာ ဖြစ်နေတာလဲ အကုသိုလ်ပဲ ဆိုကြပါစို့။

အဲဒီ အကုသိုလ်ကိုပဲ ငါ့မှာ "ဒေါသဖြစ်နေတယ်။ ဒေါသဖြစ်နေတယ်"။ ဟောဒီလို တရားသက်သက်မြင်အောင်ကြည့်နိုင်ရင် ဓမ္မာနုပဿနာ ဖြစ်တာပါပဲ။

**မျက်ခြေပြေဆေး**

ဗျာပါဒကို အဲဒီလို ရှုပွားပြီးတဲ့ နောက်ကျတော့ မြတ်စွာဘုရားက ဗျာပါဒဖြစ်တာ ဘာကြောင့်ဖြစ်သလဲဆိုတော့ စိတ်ဆိုးစရာဖြစ်တဲ့ အာရုံ၊ ဒေါသဖြစ်စရာဖြစ်တဲ့ အာရုံ။ အဲဒီအာရုံတွေနဲ့ တွေ့လာတဲ့အခါမှာ မသင့် မတင့် နှလုံးသွင်းမှု အယောနိသောမနသိကာနဲ့ ပေါင်းမိသွားလို့ရှိရင် ဗျာပါဒနီဝရဏ ဖြစ်တော့တာပဲ။

http://www.dhammadownload.com



အကယ်၍များ မေတ္တာနဲ့ပတ်သက်ပြီးတော့ မေတ္တာအာရုံ ဆိုပါစို့။ အဲဒီ မေတ္တာထားစရာနဲ့ ပတ်သက်ပြီးတော့ မေတ္တာကမ္မဋ္ဌာန်း။

အဲဒီမေတ္တာ အကျိုးလိုလားစရာ အာရုံကျတော့ ယောနိသော မနသိကာရ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းမှုလေးနဲ့ ပေါင်းလိုက်လို့ ရှိရင် ဗျာပါဒပယ်နိုင်ပါတယ်။

ဒီထက် ထင်ရှားအောင် ပြောမယ်ဆိုရင် အဋ္ဌကထာဆရာကြီး များ ဖွင့်ဆိုတော်မူချက်အတိုင်း ပြောရမှာပါ။

ဗျာပါဒ ဒေါသငြိမ်းတဲ့နည်း ဗျာပါဒနီဝရဏငြိမ်းဖို့ရာ နည်းလမ်း (၆)မျိုးရှိတယ်။ အဲဒီနည်းလမ်း (၆)မျိုးက ဘာလဲဆိုတော့-

မေတ္တာပွားနည်း နိဿယည်းခံ
ဖန်ဖန်ရှုပွား ကံများဆင်ခြင်
ပညာယှဉ်၍ ကောင်းလျှင်မိတ်ဆွေ
လျော်လေစကား ဤ(၆)ပါး
မှတ်သား မျက်ဖြေဆေး။

"မေတ္တာပွားနည်း နိဿျည်းခံပါ"။ မေတ္တာပွားနည်းက ဘယ်လိုများ မေတ္တာပွားရပါ့မလဲ ဘုရား။ ဘယ်လိုမေတ္တာပွားရပါ့မလဲ ဆိုတာ သင်ယူနာကြားရမယ်။

* အရပ်(၁၀)မျက်နှာမေတ္တာပွားနည်း။

ဘုန်းကြီးတို့ မေတ္တာသုတ် တရားတော်ကျတော့ သတ္တဝါ အားလုံးကို ခြုံပြီးပွားတဲ့နည်း။

* နှစ်စုနှစ်ပုံ ပုံပြီးတော့ မေတ္တာပွားတဲ့နည်း။
* သုံးစုသုံးပုံ ပုံပြီးတော့ မေတ္တာပွားတဲ့နည်း။

ခန္ဓသုတ်ပရိတ်တရားတော်မှာတော့ သတ္တဝါအားလုံးကို-

* အခြေမရှိတဲ့သတ္တဝါတွေကတစ်စု၊
* အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါတွေကတစ်စု၊
* အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေကတစ်စု၊

http://www.dhammadownload.com



* အခြေများစွာရှိတဲ့ သတ္တဝါတွေကတစ်စု၊
လို့ လေးစုလေးပုံ ပုံပြီးတော့ မေတ္တာဘာဝနာ ပွားများတဲ့နည်း စသည် ရှိတယ်။

အဲဒီလို "မေတ္တာပွားနည်း နိသျည်းခံ အဖန်ဖန်ပွားများ"။ "ဩဒိဿမေတ္တာ" ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ရွယ်ပြီး ပို့တဲ့မေတ္တာ။

"အနောဒိဿ" အားလုံးသတ္တဝါတွေကို ခြုံပြီးတော့ပို့တဲ့မေတ္တာ။

"ဩဒိဿမေတ္တာ" အပိုင်းအခြားထားပြီးတော့ ပို့တဲ့မေတ္တာ၊ မိမိကိုယ်ကို မေတ္တာပို့၊ မိမိနဲ့ခင်မင်တဲ့ပုဂ္ဂိုလ်တွေ မေတ္တာပွား၊ မိမိရဲ့ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်တွေ မေတ္တာပွား၊ မိမိမချစ်မမုန်း အလယ်အလတ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေမေတ္တာပွား၊ အဲဒီလို ပွားတဲ့နည်းနဲ့ မေတ္တာပွားပြန်တော့ အကန့်အကန့်ကလေးနဲ့ မေတ္တာပွားတယ်။

အဲလို မဟုတ်ပဲနဲ့ လောကသားအားလုံး ကျန်းမာချမ်းသာကြဖို့ မေတ္တာပွားတဲ့အခါကျတော့ အပိုင်းအခြားမရှိတော့ဘူး။ "သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ" အစရှိသဖြင့် သတ္တဝါအားလုံး၊ အမျိုးသားအားလုံး၊ အမျိုးသမီးအားလုံး၊ အရိယာအရှင်မြတ်ကြီးတွေအားလုံး၊ ပုထုဇဉ်တွေအားလုံး စသည်။

ဟော- အဲလို မေတ္တာပွားတဲ့ အခါကျတော့ အပိုင်းအခြား မထားဘူး။ အဲလို မေတ္တာပွားနည်းတွေ နိသျည်းခံပြီးတော့ အဖန်ဖန် ပွားများလို့ ရှိရင်လဲပဲ ဗျာပါဒနီဝရဏ ငြိမ်းနိုင်ပါတယ်။

ဟော- "ဖန်ဖန်ပွားများ ကံများဆင်ခြင်" ကမ္မဿကတာဉာဏ်ကို ဆင်ခြင်ရမယ်။ သူ့ကံ ကိုယ့်ကံကို ဆင်ခြင်ရမယ်။

မိမိကနေပြီးတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ဒေါသဖြစ်နေတယ်ဆိုရင် စဉ်းစားကြည့်။ သူ့ကို ငါစိတ်ဆိုးလို့၊ သူ့ရဲ့ သီလ သမာဓိ ပညာ ဘယ်ပျက်စီးသွားလိမ့်မလဲ။ သူလဲ သူ့ကံနဲ့သူလာ၊ သူ့ကံနဲ့သူ သွားနေတာပဲ။ သူ့ကို ငါကစိတ်ဆိုးလိုက်လို့ရှိရင် မီးကြီးခဲကိုင်ပြီးတော့ ပစ်ပေါက်သလို နေမှာပဲ။

http://www.dhammadownload.com



အလွန်ပူတဲ့ သံချောင်းကြီးကို လက်နဲ့ကိုင်ပြီးတော့ ပေါက်သလို နေမှာပဲ။ မစင်ကိုကိုင်ပြီးတော့ သူ့ကိုပစ်သလိုနေမှာပေါ့။ ဒီလို ဆင်ခြင်ရမှာပါ။

အဲဒီတော့ သူလဲသူ့ကံနဲ့သူ သွားနေတာပဲ။ မိမိကျပြန်တော့ သူက မိမိအပေါ် စိတ်ဆိုးနေလို့ ဘာအရာရောက်မလဲ။ ငါလဲ ငါ့ကံနဲ့ ငါသွားနေတာပဲ။

သူကနေပြီးတော့ ငါ့အပေါ်မကောင်းကြံလို့ ငါ့သီလ သမာဓိ ပညာ ပျက်မှမသွားပဲနဲ့။ သူတစ်ပါးက မိမိဆီပို့တဲ့လက်ဆောင် မိမိက မယူလို့ရှိရင် ဒါလက်ဆောင်ပစ္စည်းဟာ သူ့ဆီပြန်သွားတာပဲ။

ပစ်လွှတ်လိုက်တဲ့ ဒေါသဟာ လေညာကို မြူမှုန်ကိုဆုပ်ပြီး ကျဲသလိုပဲ။ သူ့ဆီပြန်သွားမှာပေါ့။ အဲဒီလို ကမ္မဿကတတ ကံသာလျှင် မိမိဥစ္စာရှိပုံ ဆင်ခြင်လိုက်ရင်လဲ ဗျာပါဒနီဝရဏ ပျောက်နိုင်ပါတယ်။

"ကံများဆင်ခြင် ပညာယှဉ်၍"

"**ပဋိသင်္ခါန ဗဟုလတာ**"- အသိအလိမ္မာဓာတ်များနဲ့ ဆင်ခြင်ပေးလိုက်လို့ရှိရင်လဲ ဗျာပါဒပျောက်နိုင်ပါတယ်။

"**ကလျာဏမိတ္တတာ**"- ပညာယှဉ်၍ ကောင်းလျှင်မိတ်ဆွေ လျော်လေစကား ဤ(၆)ပါး မှတ်သားမျက်ဖြေဆေး"

မိတ်ဆွေကလဲ ကောင်းလိုက်တာ။ မိမိနဲ့ဆက်ဆံနေတဲ့ မိတ်ဆွေများက မေတ္တာကြီးမားတဲ့ ပုဂ္ဂိုလ်တွေ။

ဘုန်းကြီးတို့ မိုးညှင်းဆရာတော်ဘုရားတို့၊ မစိုးရိမ်ဆရာတော်ဘုရားတို့၊ ကလေးဝဆရာတော်ဘုရားတို့ အစရှိတဲ့ ဆရာတော်ကြီးတွေဟာ ကလျာဏမိတ်ကြီးတွေ။

လယ်တီဆရာတော်ဘုရားတို့ ဒီလိုကလျာဏမိတ်တွေ မေတ္တာပွားများပြီးတော့ နေကြတယ်။

ရှေးအခါတုန်းကဆိုရင် အဿဂုတ္တထေရ်မြတ်ကြီးတို့လို မထေရ်မြတ်ကြီးတွေပေါ့။

http://www.dhammadownload.com



အဲလို ကလျာဏမိတ်တွေနဲ့ ဆက်ဆံ "လျှော်လေစကား" ပြောတဲ့အခါကျတော့လဲ မေတ္တာနဲ့စပ်တဲ့စကားတွေ၊ မေတ္တာရဲ့တန်ဖိုးကြီးပုံနဲ့ စပ်တဲ့စကားတွေ၊ မေတ္တာဟာ အင်မတန်အရေးပါပုံတွေ၊ အဲဒီလို စကားမျိုးတွေ ပြောပြီးတော့ အဲဒီလိုဆိုလို့ရှိရင် ဉ(၆)ပါးမှတ်သားမျက်ဖြေဆေးတဲ့။ အမျက်ဖြေဆေးပါပဲ။

အဲဒီ (၆)ပါးတို့ကြောင့် ပယ်ထားတဲ့ဒေါသ။ ဟော- အနာဂါမိမဂ်ရတဲ့ အခါကျတော့ လုံးဝကိုမဖြစ်တော့ပါဘူး။

အဲဒီတော့ ဗျာပါဒနီဝရဏ၊ ဒီဗျာပါဒနီဝရဏ ပပျောက်ရေးနဲ့ ပတ်သက်ပြီး ဗောဇ္ဈင် (၇)ပါး ပွားများကြတယ်။

အခု ယောဂီသူတော်စင်များဟာ (၃၁)ဘုံရှိ သတ္တဝါများကို မေတ္တာပွားကြတယ်။ အဲဒီ မေတ္တာစိတ်ဟာ နှုတ်နဲ့လဲ ရွတ်ဆိုပွားများနေတယ်။ စိတ်ကလဲ ပါပြီးတော့နေတယ်။ အဲဒီတော့ ဗျာပါဒနီဝရဏက အဲဒီအခိုက်မှာ ငြိမ်းနေတယ်။

အဲဒီလို မဟုတ်လို့ရှိရင်တော့ ဗျာပါဒနီဝရဏတွေ များသထက်များတဲ့နည်းတွေကလဲ ရှိသေးတာကိုး။

ဘယ်လိုကျရင် များနိုင်သလဲဆိုတော့ "မီးလောင်ရာလေပင့်" ဆိုတဲ့စကားလို ဟော-ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် **"အနတ္ထံ မေ အစရီတိ အာဃာတံ ဗန္ဓတိ။"** ဒီပုဂ္ဂိုလ်ဟာ ငါ့အကျိုးမဲ့လုပ်ဘူးတာပဲ။ ဟော-အာဃာတဖြစ်တော့ ဒေါသဖြစ်တော့တာပဲ။

**"အနတ္ထံ မေ စရတီတိ အာဃာတံ ဗန္ဓတိ"**

အနတ္ထံ မေ- ငါ့အကျိုးမဲ့ကို သူကျင့်ဆဲ၊ အနတ္ထံ မေ စရိဿတိ- နောင်ခါလဲပဲ ဒီပုဂ္ဂိုလ်ဟာ ငါ့အကျိုးမဲ့ကို လုပ်အုံးမှာပဲ။ ဒေါသတွေဖြစ်။

ဒေါသဖြစ်ခြင်းရဲ့အကြောင်းတွေ။

**အပ္ပိယဿ မေ အမနာပဿ အတ္ထံ အစရိ၊ စရတိ စရိဿတီတိ အာဃာတံ ဗန္ဓတိ။**

မိမိရဲ့ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့အကျိုးစီးပွား ရှေးကလဲ ဆောင်ဘူးတယ်။ ယခုလဲ ဆောင်ဆဲ၊ နောင်အခါလဲ ဆောင်လိမ့်အုံးမယ်ဆိုပြီး

http://www.dhammadownload.com



ရန်ငြိုးဖွဲ့တတ်သေးတယ်။

မိမိခင်မင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်နဲ့ ပတ်သက်လို့ "**ပိယဿ မေ မနာပဿ အနတ္ထံ အစရိ၊ စရတိ စရိဿတိ အာဃာတံ ဗန္ဓတိ**"- မိမိမြတ်နိုးတဲ့ ပုဂ္ဂိုလ်ရဲ့ အကျိုးမဲ့ကို ရှေးကလဲပြုဘူးတယ်။ ယခုလဲ ပြုဆဲ၊ နောင်အခါလဲ ပြုအုံးမှာပဲဆိုပြီးတော့ ဒေါသတွေတဖွားဖွား ဖြစ်တတ်တယ်။

တစ်ခါတရံကျတော့ အဲဒီလို အကြောင်းအရာတွေ မရှိစေကာ "**အဋ္ဌာနကောပ**" မိုးရွာရင် ရွာပြန်ပြီ။ နေပူရင် ပူပြန်ပြီ အစရှိသည်ဖြင့် စိတ်ဆိုးဖို့ရာ အကြောင်းအရာတွေကလဲ များစွာရှိတဲ့အတိုင်း လိုက်ပြီး စိတ်ဆိုးနေတတ်တယ်။

အဲဒီလို ဒေါသဖြစ်ဖို့အကြောင်းတွေ များစွာရှိတဲ့အတိုင်း ကမ္ဘာသူ ကမ္ဘာသားတွေဟာ ဒီဗျာပါဒနီဝရဏ ဒေါသလွှမ်းမိုးမှု ခံကြရတယ်။

အဲဒီတော့ ဗျာပါဒနီဝရဏ လွှမ်းမိုးနေပြီဆိုရင် စောစောက ပြောသလိုပဲ။ ပွက်ပွက်ဆူနေတဲ့ ရေထဲမှာ မျက်နှာရိပ်မပေါ်သလို တရားအာရုံများလဲ ပေါ်ဖို့ခက်တယ်။ အသိဉာဏ် အမြင်ဉာဏ်တွေလဲ မရနိုင်ဘူး။

အဲဒီ ရေလေးကို အေးသွားအောင် အခိုးအငွေ့ကင်းသွားအောင် သို့မဟုတ် ရေသစ်လဲပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့မှ မျက်နှာရိပ် ပေါ်လွင်ပြီးတော့လာသလို အသိဉာဏ် အမြင်ဉာဏ်တွေ ပေါ်လွင်ပြီးတော့ လာနိုင်ပါတယ်။

အဇာတသတ်မင်းကို ဥပမာပေးဟောတဲ့ အခါကျတော့ "**ဗျာပါဒ ပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ၊ သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဗျာပါဒ ပဒေါသာ စိတ္တံ ပရိသောဓေတိ**" စသည် ဟောပါတယ်။

ဗျာပါဒ- ဗျာပါဒကင်းတယ်ဆိုတာ ဒေါသကင်းတာပါပဲ။ အဲဒီတော့ ဒေါသကင်းတဲ့အခါမှာ စွဲကပ်နေတဲ့ သည်းခြေနာ အနာရောဂါပျောက်ကင်းသွားသလို။ ရောဂါစွဲကပ်ပြီး အဲဒီရောဂါ ပျောက်ကင်း

http://www.dhammadownload.com



သွားတော့ ဝမ်းမြောက်ဝမ်းသာမှု ဖြစ်တယ်။ အဲဒီ ဝမ်းမြောက်ဝမ်းသာ ဖြစ်သလိုပဲ။ ဗျာပါဒနီဝရဏခေါ်တဲ့ ဒေါသကို မိမိတို့သန္တာန်မှာ နှင်ထုတ်နိုင်ပြီဆိုရင် ပီတိသောမနဿ အားနည်းတဲ့ ဝမ်းမြောက်မှု၊ အားနည်းတဲ့ နှစ်သိမ့်မှု၊ အားကြီးတဲ့နှစ်သိမ့်မှု တွေဖြစ်တယ်။

အဲဒီလိုဖြစ်ပြီး ဆိုလို့ရှိရင်တော့ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်း၊ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းလာတဲ့ အခါကျတော့ ချမ်းသာတယ်။

**"သုခိနော စိတ္တံ သမာဓိယတိ"**

သုခိနော- ချမ်းသာသောပုဂ္ဂိုလ်အား၊ စိတ္တံ- စိတ်သည်၊ သမာဓိယတိ- တည်ကြည်လေတော့၏။

ဆိုလိုတာက နီဝရဏကင်းမှ သမာဓိရမယ်။ နီဝရဏကင်းတဲ့ အခါကျတော့ ပီတိပါမောဇ္ဇ အသေးစားနှစ်သိမ့်မှု အကြီးစားနှစ်သိမ့်မှု ဖြစ်တယ်။

နှစ်သိမ့်မှုအခြေခံပြီးတော့ ကိုယ်စိတ်ငြိမ်းချမ်းသာတယ်။ ကိုယ်စိတ်ငြိမ်းချမ်းတော့ ချမ်းသာတယ်။ ချမ်းသာတော့ သမာဓိရမယ်။

ဒါကြောင့် ယောဂီသူတော်စင်များ ယနေ့ အားထုတ်နေတဲ့ သမထလမ်းစဉ်သည် နီဝရဏတရားတို့ကို ငြိမ်းစေတတ်ကြောင်း ကောင်းမြတ်တဲ့လမ်းစဉ်။

**မက်မောမှုနှင့်နှလုံးနာပျောက်**

အထူးသဖြင့် အဘိဇ္ဈာနဲ့ ဒေါသ၊ ဒီတရားတွေကို ပပျောက်ဖို့ရာ အတွက် မြတ်စွာဘုရားက-

> **ဣဓ ဘိက္ခဝေ ဘိက္ခု၊ ကာယေသု ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောက အဘိဇ္ဈာ ဒေါမနဿံ။**

ရဟန်းတို့ ဤသာသနာတော်မှာ ယောဂီရဟန်းဟာ **"ကာယေသု ကာယာနုပဿီ"** ရုပ်အပေါင်း နာမ်အပေါင်းတို့အပေါ် ရုပ်အပေါင်း နာမ်အပေါင်းလို့ ရှုမှတ်ပြီးနေပါတယ်။

http://www.dhammadownload.com



သတိမာ- သတိလဲရှိတယ်။ သမ္ပဇာနော- အမြော်အမြင်လဲ ရှိတယ်။ အာတာပီ- ကိလေသာကို ပူပန်စေတတ်တဲ့ လုံ့လဝီရိယလဲ ရှိတယ်။ ပဟိတတ္တော- ကိုယ်နဲ့အသက် မငဲ့ကွက်ပဲ ရက်စက်ခိဋ္ဌာန် စိတ်အကြံဖြင့် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိပြီးတော့ အားထုတ်မယ်ဆိုရင်၊ လောကေ- ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌၊ အဘိဇ္ဈာဒေါမနဿံ- တပ်မက်ခင်မင်မှု အဘိဇ္ဈာနှင့် စိတ်မသက်သာ နှလုံးနာခြင်းဆိုတဲ့ ဒေါမနဿကို၊ ဝိနေယျ- ပယ်ဖျောက်၍၊ ဝိဟရတိ- နေနိုင်၏။

တိုက်ရိုက်မြတ်စွာဘုရား၏ သတိပဋ္ဌာန်လုပ်ငန်း ဆေးတော်ကြီးက နီဝရဏ ငါးပါးထဲမှာ အရေးကြီးတဲ့ ကာမစ္ဆန္ဒနီဝရဏနဲ့ ဗျာပါဒနီဝရဏ ပျောက်ကင်းအောင်ကို နှိမ်နင်းနိုင်ပါတယ်တဲ့။

ကောင်းတာတွေ ပိတ်ဆို့တတ်တဲ့ မက်မောမှုစိတ်နှလုံးနာ ပျောက်ဖို့ဆေးကောင်းဝါးကောင်း အခြားကမ္ဘာမှာ မပေါ်ပေါက်သေးပါဘူး။

ကာယာနုပဿနာ သတိပဋ္ဌာန် ဆက်ပြီးတော့ အားထုတ်မယ်ဆိုရင် ကာယာနုပဿနာကို စွဲမြဲပြီးတော့ သတိကောင်းကောင်း သတိသမ္ပဇဉ်နဲ့ ဝီရိယနဲ့ နိဗ္ဗာန်စေလွှတ်ပြီးတော့များ အားထုတ်မယ်ဆိုရင် အဘိဇ္ဈာဒေါမနဿတို့ကို ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကထဲမှာ ဖျောက်ပြီးတော့ နေနိုင်ပါတယ်လို့။

ဘုရားရှင် ဟောကြားတော်မူတဲ့ ဒေသနာတော်အတိုင်း မိမိတို့သန္တာန်မှာ ဘဝများစွာသံသရာက ကပ်ရောက်ပြီးတော့ ဖြေရှင်းဖို့ခက်လှတဲ့ အဘိဇ္ဈာ ဒေါမနဿဆိုတဲ့ တရားဆိုး တရားပျက်တွေ အစထားပြီးတော့ နီဝရဏငါးပါး ကင်းစင်ခြင်းအကြောင်း ကောင်းမြတ်တဲ့ သမထလမ်းစဉ်များကို ဆက်လက်ပြီး ကြိုးစားအားထုတ်နိုင်ကြပါစေ။ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# စတုတ္ထနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လဆန်း (၄)ရက်နေ့။

**လေးလံထိုင်းမှိုင်း**

နီဝရဏငါးပါးချည်း ဆက်ပြီးတော့ ဟောလာခဲ့တာ ဒီနေ့ ထိန မိဒ္ဓ နီဝရဏ အလှည့်ကျပြီ။

ထိန မိဒ္ဓ ဆိုတဲ့ ကောင်းတာတွေ၊ အသိဉာဏ်တွေ တားဆီးပိတ်ပင်တတ်တဲ့တရား၊ ထိန မိဒ္ဓဆိုတဲ့ စိတ်ရဲ့အညစ်အကြေးဖြစ်တဲ့တရား၊ ထိန မိဒ္ဓဆိုတဲ့ အသိဓာတ်, အလိမ္မာဓာတ်ကို အားနည်းအောင် ပြုတတ်တဲ့တရား။

ထိန မိဒ္ဓဆိုတာ စကားနှစ်လုံးကို ပေါင်းပြီးတော့ တရားနှစ်ခုကို ပေါင်းပြီးတော့ ထားတယ်။

ထိနက "စိတ္တဂေလညာ"။ ထိန ဆိုတာ လေးလံထိုင်းမှိုင်းတယ်။ ဘာလေးလံထိုင်းမှိုင်းသလဲဆိုတော့ စိတ်လေးလံထိုင်းမှိုင်းတယ်။

မိဒ္ဓဆိုတာက အဲဒီစိတ်ကို မှီနေတဲ့ စေတသိက်လို့ခေါ်တဲ့ တရားတို့ ရောဂါဖြစ်နေတယ်လို့ပဲ ပြောရမှာပေါ့။

ထိနက စိတ်လေးလံထိုင်းပြီးတော့နေတာ။ စိတ်ရောဂါဖြစ်နေတာ။ မိဒ္ဓဆိုတာက စေတသိက်တွေ စိတ်မှာမှီပြီးတော့ နေတဲ့ စေတသိက်တွေ ထိုင်းမှိုင်းပြီးတော့ အဲဒီလို စေတသိက်တွေ မကျန်းမမာ ဖြစ်နေတယ်ဆိုပါစို့။

ပေါင်းပြီးတော့ ဘာသာပြန်တဲ့အခါ လေးလံထိုင်းမှိုင်းခြင်းလို့ ဒီလိုပြန်ရတယ်။ အဲဒီ တရားဆိုး တရားပျက်ဟာ သင်္ဂါရဝပုဏ္ဏားတို့ အဘယမင်းသားတို့ ဥပမာပေးစဉ်က ရေခွက်ငယ်လေးထဲ ရေပြည့် ရေခွက်ငယ်လေးထဲ ရေမှော်တွေ၊ ရေညှိတွေ လွှမ်းပြီးတော့နေမယ်ဆိုရင် မျက်နှာရိပ်ကို ရေမှန်ကြည့်သော်လဲ မမြင်နိုင်သလိုပဲ။

http://www.dhammadownload.com



ထိန မိဒ္ဓခေါ်တဲ့ ထိုင်းမှိုင်းမှု ရှိနေခဲ့လို့ရှိရင် ရုပ်တရား နာမ်တရား တွေကြည့်လို့ မမြင်နိုင်ဘူး။ မိမိအကျိုးစီးပွားလဲ မသိနိုင်၊ သူတစ်ပါး အကျိုးစီးပွားလဲ မသိနိုင်၊ မိမိ, သူတစ်ပါးနှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားလဲ မသိနိုင်၊ အသိဉာဏ် အမြင်ဉာဏ်တွေ ဖြစ်ပေါ် မလာနိုင်ဘူး။

အကယ်၍များ လူတစ်ယောက်က အဲဒီရေပြည့်ခွက်ကလေးထဲ လက်နှိုက်ပြီး ရေပြည့်ခွက်ကလေးထဲမှာ ရှိနေတဲ့ ရေမှော်တွေ ရေညှိတွေ ဖယ်လိုက်တဲ့အခါကျတော့ ရေလေးကကြည်ပြီးတော့နေပြီ။

ရေကြည်နေတဲ့အခါကျတော့ ရေမှန်ကြည့်တဲ့ ပုဂ္ဂိုလ်က မိမိရဲ့ မျက်နှာရိပ်ကို ဒီရေခွက်ငယ်ထဲ ကြည့်လိုက်တဲ့အခါ မျက်နှာရိပ်ကောင်း ကောင်း ထင်ပါတယ်။

အဲလို ထင်လာသလို ထိန မိဒ္ဓခေါ်တဲ့ ရေမှော်၊ ရေညှိကို ပြောင်အောင်၊ စင်အောင် သူ့ကို မိမိသန္တာန်က ရှင်းလင်းနိုင်ပြီဆိုရင် တော့ ရေမှန်ကြည့်တဲ့အခါ မျက်နှာရိပ်ကို မြင်သိရသလို။

အဲဒီကျတော့ မိမိအကျိုးစီးပွားလဲ မြင်လာနိုင်တယ်။ သူတစ်ပါး အကျိုးစီးပွားလဲ မြင်နိုင်တယ်။ မိမိ, သူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုး စီးပွားလဲ မြင်နိုင်တယ်။

အသိဉာဏ် အမြင်ဉာဏ်တွေလဲပဲ ရရှိနိုင်တယ်လို့ အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ သတိပဋ္ဌာန်လေးပါး မှာတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ တရားတော်တွေကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ပြီးနေတဲ့ သတိပဋ္ဌာန်။

**ရှုနည်း**

အဲဒီမှာ နီဝရဏတရား၊ ကောင်းတဲ့တရားပဲ ဖြစ်ဖြစ်၊ မကောင်း တဲ့တရားပဲဖြစ်ဖြစ် တရားတွေကို အဖန်ဖန် အထပ်ထပ် ရှုမှတ်ပြီးတော့ နေရတယ်။

http://www.dhammadownload.com



ဒီနေ့ ထိန မိဒ္ဓနဲ့ ပတ်သက်ပြီးတော့-

**သန္တံဝါ အဇ္ဈတ္တံ ထိန မိဒ္ဓံ၊ အတ္ထိမေ ထိန မိဒ္ဓန္တိ ပဇာနာတိ။**

မိမိသန္တာန်မှာ ထင်ရှားဖြစ်ပေါ်ပြီးတော့နေတဲ့ လေးလံထိုင်းမှိုင်းမှုကို မိမိသန္တာန်မှာ လေးလံထိုင်းမှိုင်းမှု ဖြစ်နေတာပဲလို့ အဲဒီလို သိရမယ်။

အသန္တံဝါ- မိမိသန္တာန်မှာ ထင်ရှားမရှိဘူး။ ထင်ရှားမရှိတဲ့ လေးလံထိုင်းမှိုင်းမှုကိုတော့ မိမိသန္တာန်မှာ ထင်ရှားမရှိဘူးလို့ လေးလံထိုင်းမှိုင်းမှု မရှိဘူးလို့ သိရမယ်။ ဒါမေ့ွာနုပဿနာပဲ။ သတိပဋ္ဌာန်ပါပဲ။

**ယထာစ အနုပ္ပန္နဿ ထိန မိဒ္ဓဿ ဥပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။**

လေးလံထိုင်းမှိုင်းမှု ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းကိုလဲပဲ သိရမယ်။

**ယထာစ ဥပ္ပန္နဿ ထိန မိဒ္ဓဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ။**

မိမိသန္တာန်မှာ ဖြစ်ပေါ်နေတဲ့ လေးလံထိုင်းမှိုင်းမှုကို ပယ်ရှားပုံလေးကိုလဲ သိရမယ်။

**ပဟီနဿစ ထိန မိဒ္ဓဿ အာယတိံ အနုပ္ပါဒေါတိ ပဇာနာတိ။**

ပယ်ပြီးသား ထိနမိဒ္ဓ လေးလံထိုင်းမှိုင်းမှု မဂ်ဉာဏ်ဖြင့် ပယ်နိုင်သည့် နောင်အခါမှာ ဒါမဖြစ်တော့ဘူးလို့ ဒီလိုလဲပဲ သိရမယ်။

ဒါက မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် ပါဠိတော်လာ ရှုနည်းစကားရပ် ဖြစ်ပါတယ်။

## အကြောင်းရှာ

မြတ်စွာဘုရားက အဲဒီ ထိန မိဒ္ဓဖြစ်ခြင်းရဲ့အကြောင်းကို ဟောကြားတော်မူတယ်။ လေးလံထိုင်းမှိုင်းမှု ဘယ်လိုဖြစ်သလဲ။ ဘာကြောင့် ဖြစ်သလဲ။ ဘာကြောင့် ဖြစ်သလဲဆိုတော့-

**အရတိ အာဒီသု အယောနိသော မနသိကာရော။**

http://www.dhammadownload.com



အရတိဆိုတာ ဘယ်လိုဟာလဲဆိုတော့ အစွန်အဖျားအနားကျတဲ့ တောကျောင်း၊ သမထဝိပဿနာအာရုံ။ အဲဒီ အစွန်အဖျားအနား ကျတဲ့ တောရကျောင်းတို့ သမထ ဝိပဿနာ အာရုံတို့မှာ စိတ်မပျော်မွေ့တာ။

မာရ်မင်း၏စစ်သည်နဲ့ ပြောမယ်ဆိုရင်တော့ နံပါတ်(၂) မာရ်မင်း ကနေ လွှတ်လိုက်တဲ့ အရတိခေါ်တဲ့ မာရ်မင်းရဲ့စစ်သည်တော်။

အစွန်အဖျားအနားကျတဲ့ ကျောင်း၊ သမထဝိပဿနာအာရုံ တို့မှာ မမွေ့မလျော် မပျော်ပိုက်တဲ့ အရတိ၊ မမွေ့မလျော် မပျော်ပိုက် တာလဲ ရှိနေမယ်။ မိမိကလဲ လမ်းမှန်အတိုင်း မစဉ်းစားဘူး။ နှလုံးသွင်း မမှန်ဘူးဆိုရင် ထိနမိဒ္ဓတွေ ဖြစ်တော့တာပဲ။

ဒါမှ မဟုတ်ရင်လဲ တန္ဒီတဲ့။ ကိုယ်နဲ့ပြုရမယ့်ကိစ္စတွေ ပျင်းရိ တယ်။ ဝိဇမ္ဘိတာ- ကိုယ်တကျော့ကျော့ဖြစ်နေတယ်။ ဘတ္တသမ္မဒ- ထမင်းဆီယစ်နေမယ်၊ စိတ်ကလေး တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတဲ့အခါ အဲဒီလိုအခါမျိုးတွေမှာ မိမိကလဲ နှလုံးသွင်းမကောင်းဘူး။ လမ်းရိုး လမ်းမှန်အတိုင်း နှလုံးသွင်းဆင်ခြင်မှု မရှိဘူးဆိုရင် လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓက ဖြစ်တော့တာပဲ။

ဘယ်လိုဆိုရင် လေးလံထိုင်းမှိုင်းမှု ပပျောက်နိုင်သလဲဆိုတော့ ဝီရိယဓာတ် (၃)ပါး၊အာရမ္ဘဓာတ်၊

အာရမ္ဘဓာတ်ဆိုတာ အစရှေ့ဖျားလက်ဦးရှေ့ဖျားကြိုးစားပြီး အားထုတ်အပ်တဲ့ ဝီရိယဓာတ်မျိုး။ ယခုသူတော်စင်များ တရားဝင်တဲ့ နေ့ကစပြီးတော့ အာရမ္ဘဓာတ်၊

နေက္ခမ္မဓာတ် ပျင်းရိဖင့်နွှဲခြင်းကနေပြီးတော့ ထွက်မြောက်ပြီး လာတဲ့ ဝီရိယဓာတ်မျိုး။ ပရက္ကမဓာတ်- အဆင့်ဆင့်တဖြေးဖြေး တဖြေး ဖြေး ဆင့်ကဲဆင့်ကဲ တက်ပြီးတော့ လာတဲ့ဝီရိယမျိုး။

အဲဒီဝီရိယ (၃)မျိုး အပေါ်မှာ ယောနိသောမနသိကာရ သင့်တင့်သောနှလုံးသွင်းခြင်း၊ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်း ရှိပြီဆိုရင် လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓတွေ ပပျောက်ပြီးတော့

http://www.dhammadownload.com



သွားနိုင်တယ်။ လေးလံထိုင်းမှိုင်းမှုကို ပပျောက်ဖို့ရာ အကြောင်း (၆)မျိုး လည်းရှိသေးတယ်။ အဲဒီ (၆)မျိုးကဘာလဲလို့ဆိုတော့-

**(၆)မျိုး**

**စားကြူးကင်းကွာ ပြောင်းလှည့်ခါပေ လင်းရောင်နေမှတ် လွင်တီးရပ်နှင့် မိတ်မြတ် လျော်စကား ဤ (၆)ပါး ဖျောက်ပြေးထိုင်းမှိုင်းကို**

**၁။ အစာကြူးကင်းကွာ**

အစားကြူးတာနဲ့ပတ်သတ်လို့ အလွန်အကြူးအစာစားတာနဲ့ ပတ်သတ်ပြီးတော့ အချက်အလက်တွေပြည့်ပြည့်စုံစုံသင်ယူထားရမယ်။ သိထားရမယ်။ တတြဝဋ္ဋကပုဂ္ဂိုလ်တို့လို စားပြီးမထနိုင်ဘူး၊ အဲဒီနေရာမှာ ပဲလဲနေတယ်။

အာဟာရဟတ္ထကပုဂ္ဂိုလ်တို့ကျပြန်တော့ စားပြီးတာနဲ့လက်ဆွဲ ထူပါအုံးဆိုပြီးတော့ လက်ဆွဲထူမှ ထနိုင်တယ်။ ကာကမာသကပုဂ္ဂိုလ် ကျတော့ ထမင်းစားပြီးတဲ့အခါ သူ့ရဲ့ဝမ်းဗိုက်ထဲမှာရှိတဲ့အစာ လည်မျို ရောက်နေတော့ ပါးစပ်ကနေပြီးတော့ ကျီးကန်းကနှိုက်ပြီးတော့ စားမယ်ဆိုရင် စားလို့ရလောက်အောင်စားတယ်။

တစ်ချို့ပုဂ္ဂိုလ်များကျတော့ ဘုတ္တဝမိတကကတဲ့ စားသောက်ပြီးရင် တခါတည်းအကုန်လုံးအန်ပြစ်လိုက်တယ်၊ အဲလောက်စားတာမျိုး။ အဲဒါ တွေနဲ့ပတ်သတ်ပြီးတော့ ဗဟုဿုတရှိပြီးတော့ လေးလုပ်ငါးလုပ်စာချန်ပြီး ရေသောက်၊ အဲဒီလိုမျှတရုံလေးနဲ့ မိမိရဲ့ခန္ဓာကိုယ်မျှရုံ အဲဒီလို စားတတ် အောင် အစားကြူးတာနဲ့ ပတ်သတ်ပြီးတော့ သိရှိနားလည်အောင် သင်ကြားခြင်းဟာလည်း ထိနမိဒ္ဓ ပပျောက်နိုင်တယ်။

http://www.dhammadownload.com



၂။ ပြောင်းလှည့်ခါပေ

ဣရိယာပုတ်ကို ပြောင်းပေးရတယ်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း ထိုင်နေလို့အိပ်ချင်တယ်ဆိုရင် ထပြီးတော့စင်္ကြန်လျှောက်လိုက်မယ်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း လှည့်ပြောင်းပြီးနေမယ်ဆိုရင်လည်း ထိနမိဒ္ဓ ပပျောက်စေတယ်။

၃။ လင်းရောင်နေမှတ်

နေ့အခါမှာဆိုနေရောင်၊ ညအခါမှာဆိုလရောင်၊ ဆီမီးရောင်၊ အလင်းရောင်ကိုမှတ်ပြီးတော့နေမယ်ဆိုရင်လည်း ကြည့်ရှုပြီးတော့ နေမယ်ဆိုရင်လည်း ထိနမိဒ္ဓ ပပျောက်နိုင်တယ်။

၄။ လွင်တီးရပ်နေ

အမိုးမပါတဲ့အဆောက်အဦမှာ သစ်ပင်ရင်းတို့လို လွန်တီး အရပ်မှာ နေမယ်ဆိုရင်လည်းထိနမိဒ္ဓပပျောက်နိုင်တယ်။

၅။ မိတ်မြတ်,လျှော်စကား

ကလျာဏမိတ်ရှိတယ်၊ ထိနမိဒ္ဓပပျောက်ပယ်ရှားရေးနှင့် ပတ်သတ်ပြီးတော့ ပြောဆိုရမယ်၊ အဲဒီ (၆)ပါးဟာ လေးလံထိုင်းမှိုင်းမှု၊ ထိနမိဒ္ဓကို ပပျောက်စေလိမ့်မယ်။ ပပျောက်စေနိုင်တဲ့ အကြောင်းအရာ တွေပါပဲ။

အဲဒီ (၆)မျိုးတို့နဲ့ ထိနမိဒ္ဓပပျောက်စေနိုင်တဲ့ပုဂ္ဂိုလ်အား အရဟတ္တမဂ် ရောက်တဲ့အခါမှာ လုံးဝထိနမိဒ္ဓမဖြစ်တော့ပါဘူး၊ အဲဒီလို သိရပါမယ်။ အဲဒီလိုသိတာသည်ပင်လျှင် ဓမ္မာနုပဿနာ၊

> **ယထာစ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါဟောတိ တဉ္စပဇာနာတိ။**

ဖြစ်ပေါ်လာတဲ့ ထိနမိဒ္ဓကို ပပျောက်ဖို့ စောစောကပြောသလို ဆောင်ရွက်မယ်ဆိုရင် လိုက်နာပြီးတော့ ကျင့်သုံးမယ်ဆိုရင် ထိနမိဒ္ဓ ပပျောက်နိုင်တယ်။

http://www.dhammadownload.com



အဇာတသတ်မင်းကို မြတ်စွာဘုရား သာမညဖလသုတ်ကြီးကို ဟောတဲ့အခါမှာတော့ ဒီလေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓဟာ "ဗန္ဓနာဂါရ" နှောင်အိမ်နဲ့တူပါတယ်တဲ့။

လူတစ်ယောက် နှောင်အိမ်မှာ ရောက်ပြီးတော့ တုပ်နှောင်ခံနေတဲ့အခါကျတော့ နက္ခတ်ပွဲသဘင်တွေ မြို့ထဲရွာထဲမှာ ကျင်းပလို့ သူ့မှာနှောင်အိမ်မှာ ချုပ်နှောင်ခံနေရတာဆိုတော့ နက္ခတ်ပွဲသဘင်ရဲ့ အစအလယ်အဆုံး မသိလိုက်ဘူး။

အခြားအခြားပုဂ္ဂိုလ်တွေက ပြောကြတယ်။ နက္ခတ်ပွဲသဘင် သိပ်ပြီးတော့ ကောင်းတာပဲ။ သူဘာမှ မပြောနိုင်ဘူး။ဘာကြောင့်လဲလို့ ဆိုတော့ အဲဒီ နက္ခတ်ပွဲသဘင် မခံစားလိုက်ရခြင်းကြောင့်ပါပဲ။

အလားတူပဲတဲ့ နှောင်အိမ်မှာ အချုပ်ခန်းမှာ နေရတဲ့ယောကျာ်း လိုပဲ ထိနမိဒ္ဓ လွှမ်းမိုးပြီးတော့နေတဲ့ လူတစ်ယောက်၊ ပုဂ္ဂိုလ်တစ်ယောက်၊ ယောဂီတစ်ယောက်ဟာ တရားနာဖို့ရာအချိန်၊ တရားအားထုတ်ဖို့ရာ အချိန် ရောက်လို့ အခြားအခြားပုဂ္ဂိုလ်များ နားကြားပြီးတော့နေသော် လဲပဲ အားထုတ်ပြီးတော့ နေသော်လဲပဲ မိမိမှာ ထိနမိဒ္ဓ လွှမ်းမိုးပြီးနေတဲ့ အတွက် **"အဟောဓမ္မသဝနံ"**- သြော်- တရားပွဲ တရားနာရတာ ကောင်းတယ်။ တရားအားထုတ်ရတာ ကောင်းတယ်။ **"အဟော ကာရဏံ"**- သြော်- အကြောင်းပြစကားလေးတွေ ကောင်းတယ်။ **"အဟောဥပမာ"**- သြော်- နှိုင်းခိုင်းစရာဥပမာလေးတွေ ကောင်းတယ် လို့ ဘယ်လိုပြောကြပေမဲ့ သူကပြန်မပြောနိုင်ဘူး။

ဘာကြောင့်လဲ ထိနမိဒ္ဓ လွှမ်းမိုးထားလို့ပါပဲ။ အဲဒီ နှောင်အိမ် အချုပ်ခန်းက လွတ်မြောက်ပြီးတော့ လာပြီဆိုတာနဲ့ ပွဲတွေ၊ လက်တွေ၊ မျက်တွေ့ နက္ခတ်ပွဲသဘင်တွေ အခါအားလျော်စွာသူ့အချိန်နဲ့ သူ့အခါနဲ့ သူ ရာသီပွဲတွေခံစားနိုင်တယ်။

အဲဒီလိုရာသီပွဲတွေ ခံစားနိုင်တဲ့အခါကျတော့ ဒီပွဲနဲ့ ပတ်သတ်လို့ ဘာတွေဘာတွေဆိုတာ ကျကျနနပြောနိုင်ဆိုနိုင်တယ်။ အဲဒီလိုပဲ ထိန

http://www.dhammadownload.com



မိဒ္ဓကင်းစင်တဲ့ လေးလံထိုင်းမှိုင်းမှုကင်းစင်တဲ့ ပုဂ္ဂိုလ်များဟာလည်း ထိနမိဒ္ဓကင်းစင်တဲ့အတွက်

ထိနမိဒ္ဓံပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ၊
အာလောကသညီ သတော သမ္ပဇာနော

မြတ်စွာဘုရားက ထိနမိဒ္ဓကို ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ပယ်နိုင်သလဲ၊ မြတ်သောသီလ၊ မြတ်သောရှောင်ကြဉ်မှု၊ မြတ်သောသူတို့ရဲ့ ဣန္ဒြေစောင့်စည်းမှု၊ အဲဒီလိုပြည့်စုံပြီးတော့ တရားအာရုံတစ်ခုခုမှာ မိမိရဲ့စိတ်ကလေးကို ထားနိုင်ပြီး အဲဒီထိနမိဒ္ဓ ပျောက်ပြီးတော့ အရောင်အလင်းကို အာရုံပြုသတိသမ္ပဇဉ်ရှိ အဲဒီလိုနေလို့ရှိရင် အဲဒီပုဂ္ဂိုလ်မှာ ထိနမိဒ္ဓကင်းသွားနိုင်တယ်။

အဲဒီလို ထိနမိဒ္ဓနီဝရဏ ကင်းပြီးဆိုတဲ့အခါကျတော့ စဉ်းစားလိုက်တဲ့အခါ မိမိသန္တာန်မှာ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓကင်းပြီလို့ စဉ်းစားလိုက်တာနဲ့ ဝမ်းပန်းတသာဖြစ်တယ်။ အသေးစားဝမ်းမြောက်မှုလေးတွေ ဖြစ်၊ အသေးစားကနေ တဆင့်မြင့်ပြီးတော့ အကြီးစားနှစ်သက်တဲ့ ဝမ်းမြောက်မှုဖြစ်တယ်။

အဲဒီလိုဝမ်းမြောက်မှုဖြစ်တဲ့အခါကျတော့ ကိုယ်ဟာငြိမ်းချမ်းလာတယ်။ ကိုယ်ငြိမ်းချမ်းလာတာနဲ့တပြိုင်နက် စိတ်ငြိမ်းချမ်းလာတယ်။ စိတ်ချမ်းသာလာပြီဆိုရင် သမာဓိရလာမယ်။ သုခိနော စိတ္တံ သမာဓိယတိ ဆိုတဲ့အတိုင်း ဟော- နီဝရဏတခုခုကင်းတာနဲ့ တစ်နေ့က အဘယမင်းသားကို မြတ်စွာဘုရားက နီဝရဏကင်းပုံဥပမာ ဥပမေယျနှင့်တကွ ဟောကြားတဲ့အခါ-

## တစ်ပါးကင်းရင်တောင်မှ

အဘယမင်းသားက "အရှင်ဘုရား နီဝရဏငါးပါးလုံးမဟုတ်ပါဘူးဘုရား၊ တစ်ပါးကင်းရင်တောင်မှ အင်မတန်အကျိုးများလှပါတယ်ဘုရား၊ နီဝရဏတစ်ပါးလေးကင်းရင်တောင်မှ အသိထူး ဉာဏ်ထူး

http://www.dhammadownload.com



အမြင်ထူးဖြစ်နိုင်ပါတယ်ဘုရား။ ငါးပါးလုံးများကင်းရင်တော့ ပြောစရာမလိုပါဘူးဘုရား" အဲဒီလိုလျှောက်ထားသလိုပဲ။

ယခုယောဂီသူတော်စင်များဟာလည်းပဲ မိမိတို့သန္တာန်မှာရှိတဲ့ ဘဝများစွာသံသရာက ထုံပြီးတော့ပါရှိပြီးတော့နေတဲ့ နီဝရဏငါးပါး တရားဆိုးတရားပျက်တွေ မိမိတို့သန္တာန်မှ ပပျောက်အောင်လို့ဆိုပြီးတော့ အားထုတ်နေကြတယ်။

အဲဒီတော့ ထိနမိဒ္ဓလေးလံထိုင်းမှိုင်းမှုသည် ဝီရိယရဲ့ ဆန့်ကျင်ဘက်၊ ဒါကြောင့်မို့ ထိနမိဒ္ဓလေးလံထိုင်းမှိုင်းမှုဆိုတာ ပျင်းရိခြင်းနဲ့ အတူပါပဲ။

**ကောသဇ္ဇံဘယတောဒိသွာ**
**ဝီရိယာရမ္ဘဉ္စ ခေမတော။**
**အာရဒ္ဓဝီရိယါဟောထ၊**
**ဧသာဗုဒ္ဓါနုသာသနီ။ ။**

ကောသဇ္ဇံ-ပျင်းရိဖင့်နွဲ့ခြင်းကို၊ ဘယတော-ကြောက်ဖွယ်လန့်ဖွယ် ဘေးအနေအားဖြင့်၊ ဒိသွာပဿန္တု- မြင်နိုင်ကြပါစေကုန်သတည်း၊ လေးလံထိုင်းမှိုင်းပျင်းရိခြင်းကို ကြောက်စရာအနေအားဖြင့် မြင်နိုင်ကြပါစေ၊ ဝီရိယာရမ္ဘဉ္စ-အားထုတ်ကြိုးစားခြင်းကို၊ ခေမတော-ဘေးဘယာကင်းကွာအေးချမ်းသာသည့်အနေအားဖြင့်၊ ဒိသွာ-ပဿန္တု-မြင်နိုင်ကြပါစေကုန်သတည်း။

အားထုတ်ကြိုးစားခြင်းကိုတော့ ဘေးဘယာကင်းကွာတယ်လို့ အဲဒီလိုမြင်ကြပါစေ၊ အာရဒ္ဓ ဝီရိယာ- အားထုတ်ကြိုးစား လုံ့လဝီရိယရှိကြကုန်သည်၊ ဟောထ-ဖြစ်ကြပါကုန်လော့၊ ဧသာ-ဤပျင်းရိခြင်း ကောသဇ္ဇကို ဖယ်ရှား၍ကြိုးစားအားထုတ်ကြပါဟု တိုက်တွန်းတော်မူခြင်းသည်၊ ဗုဒ္ဓါနံ-ဆူဆူထွင်ထွန်းထားမြတ်ဘုရားတို့၏၊ အနုသာသနီ-သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ပဥ္စမနေ့ ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၅)ရက်နေ့။

ယောဂီသူတော်စင်များ (၇)ရက်စခန်းအားထုတ်လာခဲ့တာ ယနေ့ (၅)ရက်မြောက်တဲ့နေ့။

### ရည်ရွယ်ချက် (၂)မျိုးနဲ့

သမထပိုင်းကနေပြီးတော့ ဝိပဿနာဘက်သို့ ကူးမြောက်ပြီးတော့ လာခဲ့တယ်။ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါမှာ ရည်ရွယ်ချက်နှစ်မျိုးရှိပါတယ်။ ပထမရည်ရွယ်ချက်က ဘာလဲလို့ဆိုတော့-

**ကုသလံ ကုသလတော ဇာနာထ ပဿထာ၊**
**ဘဂဝတေတိ ဓမ္မဒေသနာ**

ကောင်းတဲ့တရားတွေလည်းပဲ ကောင်းတဲ့တရားတွေလို့ သိကြမြင်ကြပါစေ၊ သိပြီးတော့ အဲဒီကောင်းတဲ့တရားတွေကို ကြိုးစားအားထုတ်ကြပါစေ၊ ကြိုးစားအားထုတ်ကြပါစေ၊ ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဒီရည်ရွယ်ချက်နဲ့ တရားဟောတာက တစ်မျိုး။

**ပါပကံ ပါပကတော ပဿထ၊ ပဿိတွာ တတ္ထ ဝိရဇ္ဇထ၊**
**ဝိမုစ္စထာတိ ဘဂဝတော ဓမ္မဒေသနာ**

မကောင်းတဲ့တရားတွေလည်းမကောင်းတဲ့တရားလို့ သိပြီးတော့ အဲဒီတရားတွေအပေါ်မှာ တပ်မက်ခြင်းကင်း ငြီးငွေ့ကြပါစေ၊ အဲဒီမကောင်းတဲ့ တရားတွေမှ လွတ်မြောက်ကြပါစေလို့ အဲဒီလိုရည်ရွယ်ချက်နဲ့ မြတ်စွာဘုရားက မကောင်းတဲ့တရားတွေလည်း မကောင်းတဲ့တရားတွေလို့ ဟောကြားတော်မူတယ်။

**က္ကမေဓမ္မာ ကုသလာ**

**က္ကမေဓမ္မာ အကုသလာ**-တဲ့။ ဒီတရားတွေက ကောင်းတဲ့တရားတွေ၊ ဒီတရားတွေက မကောင်းတဲ့တရားတွေ။

http://www.dhammadownload.com



**ဣမေဓမ္မာ သာဝဇ္ဇာ**

ဒီတရားတွေက အပြစ်ရှိတဲ့တရားတွေ။

**ဣမေဓမ္မာ အနဝဇ္ဇာ**

ဒီတရားတွေက အပြစ်မဲ့တဲ့ တရားတွေ။

**ဣမေဓမ္မာ ကဏှာ**

ဒီတရားတွေက မည်းညစ်တဲ့တရားတွေ။

**ဣမေဓမ္မာ သုက္ကာ**

ဒီတရားတွေက ဖြူစင်တဲ့တရားတွေ။ အဲဒီလိုကောင်းတဲ့ တရားတွေကိုလည်း ဟောကြားတော်မူတယ်၊ မကောင်းတဲ့တရားတွေကိုလည်း ဟောကြားတော်မူတယ်။

ကောင်းတဲ့တရားတော်တွေကို ကြားနာပြီးတော့ ကောင်းတဲ့ တရားတော်တွေကျတော့ ကြိုးစားပြီးအားထုတ်ကြ။ မကောင်းတဲ့ တရားကျတော့ မကောင်းတဲ့တရားတွေအပေါ်မှာ ငြီးငွေ့နိုင်ကြလို့ မကောင်းတဲ့ တရားတွေက လွတ်မြောက်နိုင်ကြလိမ့်မယ်။

ဒီလိုရည်ရွယ်ချက်နဲ့ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီလို မြတ်စွာဘုရားရဲ့ ရည်ရွယ်ချက်နှစ်မျိုးနဲ့ ဟောကြားတော်မူခဲ့တဲ့နည်းတူ ဘုန်းကြီးတို့ကလည်း မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်တွေထဲက ထုတ်နှုတ်ပြီးတော့ ဒီတပတ် (၇)ရက်စခန်းအတွင်း နီဝရဏ တရား၊ အပိတ်အဆို့တရားတွေ၊ ကောင်းတာတွေကို ပိတ်ဆို့တတ်တဲ့ တရားတွေချည်းပဲ ဆက်ဆက်ပြီးဟောလာခဲ့တာ ဒီနေ့ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ အလှည့် အကြိမ်ရောက်ပြီးတော့ လာပါတယ်။

ပါဠိသက် အဘိဓမ္မာဝေါဟာရများကို ထပ်ပြီးရှင်းပေးကြရ တယ်။ မြန်စာစကားက ခြုံမိငုံမိအောင် မကြွယ်ဝတော့ ပရမတ္ထတရား လေးပါးကိုပင် “စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်”။ စိတ္တကို စိတ်၊ စေတသိကကို စေတသိက်၊ ရူပကို ရုပ်၊ နိဗ္ဗာနကို နိဗ္ဗာန်ဟုသာ ပြန်ဆို နိုင်ကြတော့ ရှင်းလင်းချက်များစွာ လိုအပ်လာပါတယ်။

http://www.dhammadownload.com



ဥဒ္ဒစ္စဆိုတာဘာလဲလို့ဆိုတော့ ပျံ့လွင့်တာ၊ လွင့်ပျံ့တဲ့တရား။ ကုက္ကုစ္စ ဆိုတာဘာလဲလို့ဆိုတော့ သူကနောင်တတဖန်ပူပန်တဲ့တရား။

စိတ်ပျံ့လွင့်တဲ့တရားနဲ့ နောင်တဖန်ပူပန်တဲ့တရား၊ နောင်တတဖန်ပူပန်တယ်ဆိုတာ ဘယ်လိုဟာလဲဆိုတော့ ကောင်းတဲ့ကုသိုလ်တွေတော့ မပြုလုပ်မိဘူး၊ မကောင်းတဲ့အကုသိုလ်တွေ ပြုလုပ်မိတယ်ဆိုတဲ့အခါ စဉ်းစားလိုက်တိုင်း၊ စဉ်းစားလိုက်တိုင်း မိမိရဲ့လွန်ခဲ့တဲ့အတိတ်ကို စဉ်းစားလိုက်တိုင်း၊ ဪ မကောင်းတဲ့အကုသိုလ်တွေ ပြုလုပ်မိတယ်၊ ကောင်းတဲ့ကုသိုလ်တရားတွေ မပြုလုပ်မိလေခြင်းလို့ဟော-အဲဒီလို ကုက္ကုစ္စ ဖြစ်တယ်။ နောင်မှတတဲ့ နောင်တဖြစ်နေတာပါပဲ။

အဲဒီဥဒ္ဒစ္စ ကုက္ကုစ္စဆိုတာ ဘာနဲ့တူသလဲဆိုတော့

မြတ်စွာဘုရားက အဘယမင်းသားကိုဟောတဲ့နေရာမှာ သင်္ဂါရဝပုဏ္ဏားကြီးကို ဟောတဲ့နေရာမှာ ရေလှိုင်းထနေသလိုပဲတဲ့။

ဒီဥဒ္ဒစ္စ ကုက္ကုစ္စဟာလဲ စိတ်လှိုင်းထနေတာပေ့ါ၊ အဲဒီစိတ်ဟာ မငြိမ်ဘူး လှိုင်းထနေတယ်၊ လှိုင်းထနေလို့ရှိရင်ဖြင့်-

## ရှုပွားနည်း

ဥဒ္ဒစ္စ ကုက္ကုစ္စလွှမ်းပြီးတော့ စိတ်လှိုင်းထနေရာ သိမှု၊ မြင်မှု မဖြစ်နိုင်ဘူး၊ ဘာဖြစ်နိုင်သလဲ မသိမှုနဲ့မမြင်မှုသာ ဖြစ်နိုင်တယ်။ ဒီ ဥဒ္ဒစ္စ ကုက္ကုစ္စနဲ့ ပတ်သတ်လို့ မြတ်စွာဘုရားက ရှုနည်းပေးခဲ့တာက-

**သန္တံဝါ အဇ္ဈတ္တံ ဥဒ္ဒစ္စ ကုက္ကုစ္စံ၊ အတ္ထိမေ အဇ္ဈတ္တံ ဥဒ္ဒစ္စ ကုက္ကုစ္စန္တိ ပဇာနာတိ**

မိမိသန္တာန်မှာ ထင်ရှားဖြစ်နေတဲ့ ဥဒ္ဒစ္စ ကုက္ကုစ္စ၊ စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု။ ထင်ရှားရှိနေတဲ့ ဥဒ္ဒစ္စ ကုက္ကုစ္စကို ငါ့သန္တာန်မှာ ဥဒ္ဒစ္စ ကုက္ကုစ္စတွေ ထင်ရှားဖြစ်နေပြီလို့ ဒီလို သိရမယ်။

အဲဒါ ဓမ္မာနုပဿနာ ထင်ရှားမရှိတဲ့ ဥဒ္ဒစ္စတရားကို ငါ့သန္တာန်မှာ ထင်ရှားမရှိဘူးလို့ ဒီလိုသိအောင်မြင်အောင် ပြုကျင့်ခြင်းဟာ ဓမ္မာနုပဿနာပဲ။

http://www.dhammadownload.com



**ယထာစ အနုပ္ပန္နဿ ဥဒ္ဓစ္စ ကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ**

မိမိသန္တာန်မှာ မဖြစ်သေးတဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စဖြစ်ပေါ်ခြင်းရဲ့ အကြောင်းကိုလည်းသိတယ်။ ဖြစ်ပေါ်ပြီးဖြစ်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စတို့ရဲ့ ပယ်ပုံကိုလည်းသိတယ်။

ဖြစ်ပြီးသားဖြစ်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စတို့နောင်အခါမှာ မဖြစ်တော့ဘူး လို့ ဒီလိုလဲသိတတယ်။ အဲလိုသိနေအောင်အားထုတ်ခြင်းဟာ ဓမ္မာနုပဿနာ။

## ဘာကြောင့်ဖြစ်သလဲ

အဲဒီ ဥဒ္ဓစ္စ ကုက္ကုစတွေဟာ ဘာကြောင့်ဖြစ်သလဲ။

**အတ္ထိ ဘိက္ခဝေ စေတသော အဝူပသမော၊**
**တတ္ထ အယောနိသော မနသိကာရော။**

စိတ်၏မငြိမ်းချမ်းတဲ့အပေါ်မှာ စိတ်ကလေးမငြိမ်းချမ်းဘူး။ စိတ်ကလေး မငြိမ်းချမ်းတဲ့အခါမှာ မသင့်မတင့် မမှန်မကန်နှလုံးသွင်း မယ်ဆိုရင် ဥဒ္ဓစ္စရော ကုက္ကုစ္စပါ ဖြစ်နိုင်တယ်။

**အတ္ထိ ဘိက္ခဝေ စေတတသော ဝူပသမော၊ တတ္ထ ယောနိသော မနသိကာရော ဗဟုလီကာရော။**

စိတ်ကလေး ငြိမ်းချမ်းပြီးတော့ နေတဲ့အခါ သင့်တင့်အောင် မှန်ကန်အောင် နှလုံးသွင်းလိုက်ရင် ဥဒ္ဓစ္စ၊ ကုက္ကုစ္စဟာ ပျောက်ပြီးတော့ သွားနိုင်တယ်။

## ပယ်ရန်နည်းလမ်း

ဒါဖြင့် ဥဒ္ဓစ္စ ကုက္ကုစ္စ ပယ်ဖျောက်ဖို့ရာ အကျယ်တဝင့် အဋ္ဌကထာဆရာကြီးများ ဘယ်လိုများ ဖွင့်ကြပါသေးသလဲလို့ဆိုတော့-

**ဆဓမ္မာ ဥဒ္ဓစ္စ ကုက္ကုစ္စဿ ပဟာနာယ သံဝတ္တန္တိ။**

http://www.dhammadownload.com



ဥဒ္ဒစ္စ၊ ကုက္ကုစ္စကို ပယ်ရှားနိုင်ဖို့ရာ အချက်အလက် (၆)မျိုး ရှိတယ်။

ဘာတွေလဲလို့ဆိုတော့ "ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စများ ဖျောက်ဖယ်ရှားဖို့ အကြားအမြင် မေးမြင်းသင်၍၊ အကြားအမြင်များတဲ့အခါကျတော့ ဒီအချက်အလက်က သင့်မြတ်တယ်။ ဒီအချက်အလက်က မသင့်မြတ်ဘူး စသည်ဖြင့် ဝေခွဲနိုင်တာပေါ့။

မေးမြန်းသင်၍ (ပရိပုစ္ဆကထာ) မေးမြန်းပြီးတော့ မိမိမရှင်းလင်းတဲ့ အချက်အလက်များ ထပ်မေးမြန်းခြင်းဖြင့် ဥဒ္ဒစ္စ ကုက္ကုစ္စများ ပျောက်တတ်ပါတယ်တဲ့။ အကြားအမြင် မေးမြန်းသင်၍ သိလျှင်ဝိနည်း။

ဝိနည်းကျမ်းဂန် ကျွမ်းကျင်တယ်ဆိုရင်လဲပဲ အပ်တာ၊ မအပ်တာတွေနဲ့ ပတ်သက်ပြီးတော့ သိပါတယ်။ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ ကင်းနိုင်ပါတယ်။ "သိလျှင်ဝိနည်း ထေရ်ကြီးချဉ်းကပ်"။

မထေရ်ကြီးများစီ ချဉ်းကပ်ရမယ်တဲ့။ မထေရ်ကြီးများထံ ချဉ်းကပ်တဲ့အခါကျတော့ -

"ကပ္ပတိ ဘန္တေ ကပ္ပတိနုခေါ"

အရှင်မြတ်ကြီးများဘုရား ဒါအပ်စပ်ပါသလားဘုရား။ ဒါမအပ်စပ်ဘူးလားဘုရားလို့ မေးလို့မြန်းလို့ မထေရ်ကြီးတွေကျတော့ ပိုပြီးတော့ ဗဟုသုတ ရှိကြတယ်။

ဒါကြောင့် မထေရ်ကြီးတွေထံ ချဉ်းကပ်လို့ရှိရင်လဲ ဥဒ္ဒစ္စ ကုက္ကုစ္စ ပျောက်တတ်တယ်။ "မိတ်ကောင်းလတ်"

မိမိချဉ်းကပ်တဲ့ ပုဂ္ဂိုလ်တွေက ဥဒ္ဒစ္စ ကုက္ကုစ္စကင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိနည်းကျမ်းစန်နဲ့ ပတ်သက်ပြီးတော့ အရှင်ဥပါလိ အစရှိတဲ့ မထေရ်မြတ်ကြီးတွေ။ "မြင့်မြတ်ဆိုစကား"။

စကားပြောပြန်တော့လဲ ဥဒ္ဒစ္စ ကုက္ကုစ္စ စိတ်မပြန့်လွင့်တဲ့စကားတွေ၊ နောင်တတစ်ဖန် ပူပန်မှုမရှိတဲ့စကားတွေ၊ အဲဒီစကားတွေ များများ ပြောလို့ရှိရင် ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စ ပယ်ဖျောက်နိုင်ပါတယ်။

http://www.dhammadownload.com



"ဥဒ္ဓစ္စနှင့် ကုက္ကုစ္စများ ဖျောက်ဖယ်ရှားဖို့ အကြားအမြင် မေးမြန်းသင်၍ သိလျှင်ဝိနည်း ထေရ်ကြီးချဉ်းကပ်၊ မိတ်ကောင်း လတ်သင့်မြတ်ဆိုစကား" ဆိုတဲ့စကားအတိုင်း အဲဒီအချက်အလက် တွေနဲ့ ပြည့်စုံခဲ့လို့ရှိရင် ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ ပပျောက်နိုင်ပါတယ်။

ဥဒ္ဓစ္စဆိုတဲ့ စေတသိက်တရားဟာ အကုသိုလ်အားလုံးနဲ့ ဆက်နွယ်ပြီးတော့ ယှဉ်စပ်ပြီးတော့ နေပါတယ်။

ကုက္ကုစ္စဆိုတဲ့ တရားကတော့ ဒေါသနဲ့ ဒေါသမူစိတ်နှစ်မျိုးနဲ့ ဆက်စပ်ပြီးတော့ နေပါတယ်။

အဲဒီ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကို မြတ်စွာဘုရားက သာမညဖလ သုတ္တန်မှာ အဇာတသတ်မင်းသားအား ဟောကြားတဲ့နေရာကျတော့ အဲဒီ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စက ဘာနဲ့တူသလဲဆိုတော့ "ဒါသဗျ" ကျွန်နဲ့တူတယ်။

ကျွန်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်လက်အသွင်ကိုယ်ပင် ကိုယ်ရှင် ကိုယ်သခင် မဟုတ်ဘူး။

ဥဒ္ဓစ္စ ကုက္ကုစ္စရှိသူများဟာ သူတစ်ပါးဆီမှာ အစေအပါးခံနေတဲ့ ပုဂ္ဂိုလ်များဆိုရင် ဘယ်မှာပွဲလမ်းသဘင်ရှိတယ် သွားအုံးမှပဲ။ သူ့စိတ်ဆန္ဒအတိုင်း မသွားနိုင်ဘူး။ သူလုပ်ချင်တဲ့အလုပ်၊ သူပြောချင်တဲ့စကား ဆိုချင်တဲ့စကားလေးကစပြီး အရှင့်အကြိုက်ကို လိုက်ပြီး ပြောကြ ဆိုကြရတယ်။ သခင်အားရ ကျွန်စာဝလို့ အဆိုရှိတယ်။

အကယ်၍ အဲဒီ ကျွန်အဖြစ်ကနေ လွတ်ပြီဆိုတဲ့အခါကျတော့ ကိုယ့်လက်အသွင် ကိုယ်ပင် ကိုယ်ရှင် ကိုယ်သခင် ဖြစ်ပြီးတော့လာတယ်။

အဲဒီ အခါရောက်တဲ့အခါကျတော့ စောစောကတုန်းက အစေအပါးဘဝမှာနေရတာ မလွတ်လပ်ဘူး။ အရှင်သခင်တွေရဲ့ မျက်နှာရိပ် မျက်နှာကဲ အကဲခတ်ပြီးတော့ နေရတယ်။

အခုအခါ လွတ်လပ်တဲ့အခါကျတော့ ကိုယ့်လက်အသွင် ကိုယ်ပင် ကိုယ်ရှင် ကိုယ်သခင်ဖြစ်ပြီးတော့နေတယ်။ တယ်ချမ်းသာပါလား။

http://www.dhammadownload.com



အဲဒီလိုပဲ ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိနေမယ်ဆိုရင် အစေအပါးခံနေရ သလိုပဲ။

ဥဒ္ဓစ္စ ကုက္ကုစ္စ လွတ်ကင်းသွားတဲ့အခါကျတော့ ကိုယ့်လက် အသွင် ကိုယ်ပင် ကိုယ်ရှင် ကိုယ်သခင်ဖြစ်ပြီးတော့ လာပါတယ်။

ဒါကြောင့်မို့ ဥဒ္ဓစ္စ ကုက္ကုစ္စ မိမိတို့သန္တာန်မှာရှိနေခြင်းဟာ အစေ အပါးဘဝ ရောက်နေသလိုပဲ။ ဥဒ္ဓစ္စ ကုက္ကုစ္စ လွတ်ကင်းအောင် ဆက်ခါ ဆက်ခါ သမာဓိရအောင် အားထုတ်ပြီးတော့လာခဲ့တာ အဲဒီ သမာဓိ ရတယ်ဆိုတာဟာ ဒီနီဝရဏတွေ ကင်းလို့ပါပဲ။

- နီဝရဏကင်းမှ ပီတိပါမောဇ္ဇ ဖြစ်တယ်။
- ပီတိပါမောဇ္ဇဖြစ်မှ ကိုယ်စိတ်ငြိမ်းချမ်းတယ်။
- ငြိမ်းချမ်းမှ ချမ်းသာတယ်။
- ချမ်းသာမှ စိတ်တည်ကြည်မှု၊ သမာဓိရတယ်၊ သမာဓိရမှ ရုပ်နာမ်မြင်တဲ့ ဝိပဿနာဖြစ်နိုင်တယ်။ အဲလိုသမာဓိ ရပြီဆိုတဲ့အခါ ကျတော့ မိမိတို့စတင်ပြီးတော့ ရောတည်လာတာက ထွက်လေ ဝင်လေ ဝါယောရုပ်၊

**ဝိပဿနာ**

အဲဒီ ဝါယောရုပ်ရဲ့ သဘောလေးဟာ တွန်းကန်တတ်တယ်။ လှုပ်ရှားတတ်တယ်။ ဒါသူ့သဘောပဲ။ အဲဒီ ဝါယောရုပ်ဟာ ဓာတုဝိဘင်း ပါဠိတော်ကြီးမှာ မြတ်စွာဘုရားက-

**ဒွေမာ ဝါယောဓာတု၊ အဇ္ဈတ္တိကာစဗာဟိရာစ။**

ဝါယောဓာတ်ဟာ (၂)မျိုးပါ။ ဘာတွေလဲဆိုတော့ အတွင်း ဝါယောနဲ့ အပြင်ဝါယော၊ အပြင်ဝါယောက ကြည့်လို့ပိုပြီးတော့ လွယ်ပါတယ်။

တောင်အရပ်ကလာတဲ့လေ၊ လေတိုက်လာပြီဆိုရင် သစ်ပင် ကလေးတွေဟာ မြောက်အရပ်ကိုကိုင်းလို့ တောင်အရပ်က တွန်းတာကိုး၊

http://www.dhammadownload.com



မြောက်အရပ်က လေလာတယ်ဆိုရင် တောင်ဘက်ကို သစ်ပင်လေးတွေ ကိုင်းလို့၊ လှုပ်လို့။

အဲဒီတော့ လေရဲ့သဘောဟာ တွန်းကန်တတ်တဲ့၊ လှုပ်ရှား တတ်တဲ့ သဘောရှိလို့ အပြင်လေယပ်ခပ်တဲ့လေတို့၊ ငှက်အတောင် ခတ်တဲ့ လေတို့ အစရှိတဲ့လေတွေ အပြင်လေတွေ အမျိုးအစားအတော် များစွာရှိတယ်။ အဲဒီအပြင်လေတွေဟာ တွန်းကန်လှုပ်ရှားတဲ့ သဘော ရှိတယ်။

အပြင်လေတွေမြောက်များစွာရှိသလို အတွင်းလေတွေလည်း အမျိုးမျိုးရှိပါတယ်။ အောက်စုန်ဆင်းလာတဲ့လေ၊ အထက်ဆန်တက် လာတဲ့လေ အစရှိသည်များပါတယ်။

အခုရှုမှတ်နေတာက ထွက်လေ ဝင်လေ၊ အပြင်လေလိုပါပဲ၊ တွန်းကန်လှုပ်ရှားတဲ့သဘောရှိသလို မိမိတို့သန္တာန်မှာရှိနေတဲ့ အသုံးချ ပြီးတော့နေတဲ့ ထွက်လေ၊ ဝင်လေပဲ။ သူကလဲပဲ တွန်းကန်တတ်တယ်။ လှုပ်ရှားတတ်တဲ့ သဘောရှိပါတယ်။

အဲဒီတွန်းကန်လှုပ်ရှားတဲ့သဘောလေးကို ကြည့်နေတာ၊ မြင်နေတာ ဒါ ဝိပဿနာဖြစ်ပါတယ်။

ဟော အဲဒီတွန်းကန်လှုပ်ရှားလေးဟာ ဝါယော၊ ဝါယောဆိုတာ ဘာလဲ၊ ဝါယောဆိုတာရုပ်၊ နောက် ဝါယောကို ဓာတုဆိုတာနဲ့ ပေါင်းလိုက်တော့ **ဝါယောဓာတု** ဝါယောဓာတ်၊ ဓာတ်ဆိုတာဘာလဲ ဆိုတော့ သဘောလေးပါပဲ။ သဘောဆိုတာဘာလဲ တွန်းကန်လှုပ်ရှား တတ်တဲ့သဘောလေးပါပဲ။

အဲဒီသဘောဆိုတာလေးကို ပြန်ပြီးအဓိပ္ပါယ်ဖွင့်ဆိုတော့ **သဘာဝေါနာမသုညော** သဘောဆိုတာဘာလဲဆိုတော့ သုညပါပဲ။

တွန်းကန်လှုပ်ရှားတဲ့သဘောလေးဟာ လူလား၊ နတ်လား၊ အတ္တလား၊ အတ္တနီယလား၊ ယောကျ်ားလား၊ မိန်းမလား စသည့်ဖြင့် စိစစ်လိုက်တဲ့အခါကျတော့ ဩော်-သုညသက်သက်ပါလားလို့ မြင်လာမယ်။

http://www.dhammadownload.com



ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမမှုကင်းတယ်။ သတ္တ- သတ္တဝါလို့လဲ မပြောနိုင်ဘူး၊ အသက်ရှိတယ်လို့လဲ မပြောနိုင်လို့ သုည။ တွန်းကန်လှုပ်ရှားတဲ့သဘောပဲရှိတယ်။ ဟော မိမိတို့ အသုံးချလာတဲ့ ထွက်လေဝင်လေကို ကွက်ကြည့်၊ သူ့သဘောမြင်လာပြီ၊ ဒါတရားရှုတာ၊ တရားမြင်တာ၊ အဲဒီထွက်လေ ဝင်လေကို စောစောတုန်းက သမာဓိ၊ လုပ်ငန်းတုန်းက သူ့ကိုနှာသီးဖျားလေးက ဝင်တဲ့အခါ ထွက်တဲ့အခါ ဒီအခိုက်လေးကိုပဲကြည့်ရတယ်။ ဝိပဿနာရောက်တဲ့အခါကျတော့ အဲဒီ ဝါယောရုပ်ကလေးတစ်ခုထဲ သူ့ရဲ့အခြေအနေကို အကဲခတ်ကြည့်ရတယ်။

တွန်းကန်တဲ့သဘောရှိတယ်။ လှုပ်ရှားတဲ့သဘောရှိတယ်။ သူ့ကိုသင်လူလားလို့မေးရင် သူလူမဟုတ်ပါဘူးလို့ ဖြေပါလိမ့်မယ်။ သို့မဟုတ်နတ်လားလို့မေးရင် နတ်မဟုတ်ပါဘူးလို့၊ မိန်းမလားလို့မေးရင် မိန်းမမဟုတ်ပါဘူး။ ယောက်ျားလားလို့မေးရင် ယောက်ျားမဟုတ်ပါဘူးလို့ဖြေပါလိမ့်မယ်။

ဒါဖြင့် ထွက်လေ ဝင်လေ ဝါယောရုပ်၊ သင်ဟာ သတ္တဝါတစ်ယောက်ယောက်လား။ တစ်ဦးဦးလားလို့မေးရင် မဟုတ်ပါဘူးလို့ဖြေလိမ့်မယ်။ အသက်ရှိရဲ့လားလို့မေးရင်လဲ မရှိပါဘူးလို့ဖြေလိမ့်မယ်။ နဇီဝေါလို့ ဖြေပါလိမ့်မယ်။ အဲဒီ ဝါယောရုပ်ကလေးရဲ့ -

**ဣတိ အဇ္ဈတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟာရတိ**

မိမိသန္တာန်မှာဖြစ်တဲ့ ထွက်လေ၊ ဝင်လေကို ရှုမှတ်။ တစ်ခါတရံကျတော့ ပြင်ပပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာဖြစ်တဲ့ ထွက်လေ၊ ဝင်လေကိုမှန်းဆ။ တစ်ခါတရံ မိမိ၊ တစ်ခါတရံ သူတစ်ပါး၊ အဲဒီလို အပြန်အလှန်စဉ်းစားဆင်ခြင်လိုက်တဲ့ အခါကျတော့ ဖြစ်ပြီးတော့ပျက်သွားတာလဲ တွေ့လိမ့်မယ်။

http://www.dhammadownload.com



## တိုက်ရိုက်ဟော ဝိပဿနာ

"သမုဒယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ"

အဲဒီ ဝါယောရုပ်ကလေး ဖြစ်ပြီးတော့နေတာကိုလဲ တွေ့ကြလိမ့်မယ်။ တိုက်ရိုက်ဝိပဿနာ တရားပေးနေပြီ။

"ဝယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ"

ပျက်နေတဲ့ ပျက်စီးသဘောလေးလဲ တွေ့လိမ့်မယ်။

"သမုဒယ ဝယဓမ္မာနုပဿီဝါ"

ဖြစ်ရုံတင်မဟုတ်ဘူး။ ပျက်တာလဲတွေ့လိမ့်မယ်။ ဖြစ်တာနဲ့ ပျက်တာနဲ့ အဲဒီလိုအစုံတွေ့မယ်တဲ့။

အဲဒီအခါကျတော့ ဝါယောရုပ်ကလေးဟာ သတိသမ္ပဇဉ်ဖြစ်ဖို့ ဝါယောရုပ်ကလေးဟာ ရှိတယ်။ သတိသမ္ပဇဉ်ထားနိုင်ဖို့ပါပဲ။

## အကျိုးခံစားခွင့်

"အနိဿိတောစ ဝိဟရတိ"

အဲဒီလို ဝါယောရုပ်နဲ့ပတ်သက်လို့ အမြင်မှန်ရလာပြီဆိုတော့ တဏှာနဲ့လဲမမှီဘူး။ ဒိဋ္ဌိနဲ့လဲမမှီဘူး။ မစွဲဘူး။

တဏှာနဲ့ "**ဧတံမမ**" ဒါငါ့ထွက်လေ ဝင်လေ ဝါယောရုပ်၊ ဒီလိုလဲ မစွဲတော့ဘူးတဲ့။

ဟော- "'**ဧသောဟမသ္မိ**"- ဒီဝါယောရုပ်ဟာ ငါပါပဲ။ "**ဧသောမေအတ္တာ**"- ဒါငါရဲ့ ဝါယောရုပ်လေပဲလို့ ဝါယောရုပ်သည် ငါ၊ ငါသည် ဝါယောရုပ်၊ ဝါယောသည် ငါရဲ့အနှစ်သာရ ဒီလိုလဲ ဒိဋ္ဌိနဲ့ မစွဲတော့ဘူး။ ဒါဝိပဿနာရှုသူရဲ့ အကျိုးခံစားခွင့်ရခြင်းပါပဲ။ ဒါလောက် တင်မကသေးဘူး။ ဆက်ပြီးတော့ မြတ်စွာဘုရားက-

**နစ ကိဉ္စိ လောကေ ဥပါဒိယတိ။**

လောကေ- ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ နစ ဥပါဒိယတိ- မစွဲလမ်းတော့ပေ။ ဒီအကျိုးထူးလဲ ရလိမ့်မယ်။

http://www.dhammadownload.com



ဟော- ဝါယောရုပ်ကလေးနဲ့ ပတ်သက်ပြီးတော့ သမထပိုင်း မြတ်စွာဘုရား စောစောပိုင်းက ဟောကြားထားတဲ့အတိုင်း အားထုတ်ခဲ့ကြတယ်။

အဲလို အားထုတ်ပြီးတဲ့ အခါကျတော့ ဝိပဿနာပိုင်း နိဂုံးချုပ် အနေအားဖြင့် ဝိပဿနာပိုင်းမှာ ဆက်ပြီးတော့ ဟောတယ်။

အဲဒီတော့ ဒါက ဖြစ်တာ ပျက်တာလေးကို ကြည့်တဲ့နည်း၊ ဝါယောရုပ်ရဲ့ အခြေအနေကိုကြည့်ရှုနည်း၊ ဝိပဿနာရှုရကျိုး တိုက်ရိုက် လာတဲ့နည်းပါပဲ။

**သစ္စာနဲ့ရှုနည်း**

သစ္စာဒေသနာနဲ့ ကြည့်မယ်ဆိုရင် ဝါယောရုပ်သည် ဒုက္ခသစ္စာ၊ ဝါယောရုပ်ကို ဖြစ်စေတတ်တဲ့တဏှာသည် သမုဒယသစ္စာ။

အဲဒီ ဝါယောရုပ်ချုပ်ရာသည် တဏှာချုပ်ရာသည် နိရောဓ သစ္စာ၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ ဝါယောရုပ်ကို ပိုင်းခြား၍သိ တဏှာကို ပယ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့နည်းလမ်း၊ တရားထူး တရားမြတ်က မဂ္ဂသစ္စာ၊ အဲဒီလို ခေါ်ရတယ်။ ဒါသစ္စာလေးချက်နဲ့ ရှုပွားတဲ့ ဝိပဿနာ နည်းပါပဲ။

ဝါယောရုပ်ကို အဓိကထားပြီးတော့ သမထဝိပဿနာ တွဲပြီးတော့ ပြောတဲ့နည်းပါ။ ရှုတဲ့နည်းပါ။

ထိန်းကိုင်ပြီးတော့ ထားတဲ့သတိ။ အဲဒီ သတိလေးက ဘာသစ္စာ လဲလို့ဆိုတော့ ဒုက္ခ သစ္စာပါ။ ဒီသတိကို ဖြစ်စေတတ်တဲ့ တဏှာဟာ သမုဒယသစ္စာ။

ဒီသတိလေးက မြဲသလားဆိုတော့ မမြဲတဲ့အချက်လဲ တွေ့ပါလိမ့် မယ်။ သတိလေးရဲ့ မမြဲတာကို မြင်သွားရင် သိသွားရင် ဆင်းရဲတာလဲ သိပါလိမ့်မယ်။ မြဲလဲ မမြဲ၊ ဆင်းရဲ ဆင်းရဲတာကို မြင်လာပြီဆိုရင် အနှစ်မဲ့ အနတ္တသဘော သိပါလိမ့်မယ်။

http://www.dhammadownload.com



**ရှုမှတ်စိတ်**

ဟော- ထွက်လေ ဝင်လေကို ရှုမှတ်တဲ့ သတိမပြတ်ရှုမှတ်တဲ့ စိတ်။ အဲဒီစိတ်ကလေးကို ကြည့်ပြန်တော့လဲ (၇)ရက်တာ ကာလ အတွင်း ပထမဆုံးထွက်လေ ဝင်လေကို စမှတ်တဲ့စိတ်ကစပြီး စိတ်တွေ မရေတွက်နိုင်တဲ့ စိတ်တွေဖြစ်၊ ထွက်လေ ဝင်လေကို ရေတွက်လို့ ရတယ်ဆိုရင် အဲဒီအရေအတွက်အတိုင်း ထွက်လေ ဝင်လေ တစ်နာရီမှာ (၁၀၀၀)ဆိုကြပါစို့။ အဲဒီ ထွက်လေ ဝင်လေကို ရှုမှတ်တဲ့စိတ် (၁၀၀၀)။ တစ်နေ့ (၁၁)နာရီ အားထုတ်တယ်ဆိုရင် (၁၁၀၀၀)ငါးရက်နဲ့ သွားရင် (၅၅၀၀၀)ဖြစ်ပြီးတော့သွားတယ်။

ထွက်လေ ဝင်လေပေါင်း (၅၅၀၀၀)ဆိုလို့ရှိရင် အဲဒီထွက်လေ ဝင်လေကို လိုက်လိုက်ပြီးမှတ်တဲ့ စိတ်ရဲ့ဖြစ်ချိန်ပေါင်းဟာလဲ (၅၅၀၀၀) လောက်။

**ခန့်မှန်းတွက်။** ရုပ်နာမ်တို့ရဲ့ သဘာဝအတိုင်းဖြစ်တဲ့ ပျက်တဲ့ထုံးစံ ကိုတော့ ဘုန်းကြီးတို့ ဉာဏ်မှီဖို့သိပ်ပြီး မလွယ်ဘူး။ မိမိတို့အတိုင်းအတာနဲ့ မိမိတို့ သန္တာန်မှာ ဖြစ်နေတဲ့စိတ်၊ ဖြစ်နေတဲ့ ဝါယောရုပ်၊ ဖြစ်နေတဲ့ အဲဒီ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်၊ သတိမပြတ်အောင် ထိန်းချုပ်ထားတဲ့ သတိ။

ဒီတရားတွေသည်ပင်လျှင် မမြဲတဲ့သဘောရှိတယ်။ ဆင်းရဲတဲ့ သဘောရှိတယ်။ မပိုင်သတဲ့သဘောရှိတယ်လို့ မြင်ရင် ဝိပဿနာပါပဲ။

ဝိပဿနာဆိုတ အထူးမြင်တာ။ အဲဒီတော့ သမာဓိရလို့ရှိရင် ဒီအသိနဲ့အမြင် ရနိုင်ပါတယ်။ အဲဒီအသိနဲ့အမြင်နိုင်ဖို့ရာအတွက် သမာဓိ ရအောင် အားထုတ်ကြရတယ်။

အဲဒီ အသိအမြင်ကလဲပဲ စောစောက နေ့စဉ်ဟောပြီးလာတဲ့ ကာမစ္ဆန္ဒအစရှိတဲ့ နီဝရဏတွေတစ်ပါးပါးဖြစ်စေ၊ အားလုံးဖြစ်စေ ရှိနေမယ်ဆိုလို့ရှိရင်ဖြင့် အသိထူးနဲ့အမြင်ထူး မရနိုင်ဘူး။

http://www.dhammadownload.com



**ဉာဏ + ဒဿန**

ဒါကြောင့်မို့ ယနေ့ ယောဂီသူတော်စင်များ ဝိပဿနာပိုင်း ကူးပြီးတော့ အသိ၊ အမြင် "ဉာဏဒဿန" ဉာဏကအသိ၊ ဒဿနက အမြင်။

အဲဒီ "ဉာဏဒဿန" အသိနဲ့အမြင် တိုးပွားလာဖို့ရာဆိုပြီး၊ အခြေခံပြီး အားထုတ်လာခဲ့တာ ယနေ့အသိနဲ့အမြင်ပိုင်း ရောက်ပြီးတော့ လာခဲ့ကြတယ်။

အသိနဲ့အမြင်ပိုင်း ရောက်ပြီးတော့လာတော့ မိမိတို့အားထုတ်တဲ့ ဝါယောတစ်မျိုးကိုပဲကြည့်ကြည့် ဝါယောရုပ်ကို ရှုမှတ်တဲ့ စိတ်ကိုပဲ ကြည့်ကြည့်၊ အမြဲတမ်း ထားနေတဲ့သတိကလေးကိုပဲကြည့်ကြည့် မမြဲတဲ့ သဘောဟာ ပေါ်လွင်ပါလိမ့်မယ်။

မမြဲလို့ရှိရင် ချမ်းသာတယ်လို့ပြောလို့ မဖြစ်ပါဘူး။ မြဲလဲမမြဲ၊ ချမ်းလဲမချမ်းသာတာကို မိမိပိုင်ပါတယ်၊ ပိုင်စိုးပါတယ်လို့ သွားပြီးတော့ ဒီလိုပြောလို့ အပိုင်စီးလို့ မဖြစ်တဲ့အတွက် အနတ္တ။ အခြားမြင်သမျှ ကြားသမျှ နည်းယူပြီး ရှုကြရမှာပါပဲ။

ဒီသဘောတရားတွေကို ပေါက်ရောက်အောင် ဆိုပြီးတော့ စောစောစီးစီးက ကြိုတင်ပြီးတော့ နီဝရဏတရားကင်းစင်ပြီး စိတ်ရဲ့ တည်ငြိမ်မှုရအောင် အားထုတ်ပြီးတော့လာခဲ့ကြ။ ဒီနေ့ အစဉ်အတိုင်း ဟောပြီးတော့လာတာ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၊ စိတ်ပျံ့လွင့်မှု နောင်တ တစ်ဖန် ပူပန်မှု၊ အဲဒီ တရားဆိုး တရားပျက် ကင်းစင်သွားပြီဆိုရင် ရေခွက် ထဲက ရေကလေး လှိုင်းငြိမ်သွားသလိုပဲ။ လှိုင်းမထတော့ဘူး။ ငြိမ်နေပြီ။ ငြိမ်နေပြီဆိုရင် အသိနဲ့အမြင်ဟာ တစ်ခါထဲ ပေါက်ရောက် ပြီးတော့ လာမယ်။

ယောဂီများ ကိုယ်တိုင်အားထုတ်ပြီး လာတဲ့အခါကျတော့ ဒီအသိထူး အမြင်ထူး၊ အသိနဲ့အမြင်ဟာ နီဝရဏတရားတွေ ကင်းစင်မှု၊ သမာဓိရမှု သိနိုင် မြင်နိုင်တာပါလားလို့ လက်တွေ့ပဲ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com



အဲလို လက်တွေ့အကျိုးခံစားခွင့် ရရှိနိုင်ကြပါလိမ့်မယ်။

အဲဒီလို အကျိုးခံစားခွင့်ရရှိကြတဲ့အခါမှ တရားကို နည်းနည်းသိတဲ့ပုဂ္ဂိုလ်များ နည်းနည်းချမ်းသာပါလိမ့်မယ်။ အလယ်အလတ်တန်းစားသိတဲ့ ပုဂ္ဂိုလ်များလဲ အလယ်အလတ်တန်းစား စိတ်ရဲ့ချမ်းသာမှု ရရှိကြပါလိမ့်မယ်။ တရားကို များများသိတဲ့ပုဂ္ဂိုလ်များ များများကြီး စိတ်ချမ်းသာမှု ရှိကြပါလိမ့်မယ်။

ဒါကြောင့် များများကြီး စိတ်ချမ်းသာမှု ရဖို့ရန်အတွက် တရားတော်များကို များများစားစားကြီး သိအောင် မြင်အောင် အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းဆုတောင်းရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# ဆဋ္ဌမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၆)ရက်။

## မကောင်းမြင်ဝါဒနှင့် အကောင်းမြင်ဝါဒ

"စိတ္တဥပက္ကိလေသ"ခေါ်တဲ့ စိတ်ညစ်နွမ်းကြောင်း "ပညာဒုဗ္ဗလကရဏီယ"ခေါ်တဲ့ အသိဓာတ် အလိမ္မာဓာတ်ကို အားနည်းအောင်ပြုတတ်တဲ့ တရားဆိုး တရားပျက်တွေနဲ့ ပတ်သက်ပြီးတော့ ဟောလာခဲ့တာ ယနေ့ (၆)ရက်မြောက်နေ့။

ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် အဓိကကျတာက ဒီစိတ်အညစ်အကြေးဖြစ်တဲ့ တရားတွေဖြစ်ဖို့ အယောနိသော မနသိကာရ မသင့်မတင့်နှလုံးသွင်းခြင်း လမ်းရိုးလမ်းမှန်အတိုင်း နှလုံးမသွင်းပဲနဲ့ လမ်းမှားနှလုံးသွင်းခြင်းပါပဲ။

ဒီစိတ်အညစ်အကြေးတွေကင်းပြီး အသိဓာတ်၊ အမြင်ဓာတ်တွေရရှိဖို့ကျပြန်တော့ ယောနိသောမနသိကာရခေါ်တဲ့ သင့်တင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်းပါပဲ။ ဒီတရားက အရေးကြီးတဲ့အချက်ပါပဲ။

အဲဒီတော့ အယောနိသော မနသိကာရနဲ့ အယောနိသော မနသိကာရဟာ မည်သည့်ကိစ္စမျိုးမဆို ကောင်းရေး မကောင်းရေးမှာ အရေးကြီးတယ်လို့ သိကြရမယ်။ မကောင်းမြင်ဝါဒနဲ့ အကောင်းမြင်ဝါဒ ဆိုသလိုပါပဲ။

အစဉ်အတိုင်း ဟောလာခဲ့တော့ ယနေ့ ဝိစိကိစ္ဆာနီဝရဏ။ ဝိစိကိစ္ဆာဆိုတာက သို့လော သို့လော တွေးတောမရှင်း ယုံမှားခြင်းဆိုတဲ့ ဝိစိကစ္ဆာ၊ ဇဝေဇဝါဖြစ်တယ်။ ဘုရားဂုဏ်နဲ့ပတ်သက်ပြီးတော့ ဇဝေဇဝါဖြစ်တယ်။ မရှင်းဘူး၊ မလင်းဘူး။

တရားတော်ရဲ့ ဂုဏ်ကျေးဇူးနဲ့ပတ်သက်ပြီးတော့ စိတ်ထဲမှာ မရှင်းဘူး။ မလင်းဘူး။ ဇဝေဇဝါ ဖြစ်ပြီးတော့နေတာ။

http://www.dhammadownload.com



သံဃာဂုဏ်တော်တွေနဲ့ ပတ်သက်ပြီးတော့ စိတ်ထဲကမရှင်းဘူး။ မလင်းဘူးတဲ့။ အဲဒါကို ဝိစိကိစ္ဆာ။

တရားတော်နဲ့ပတ်သက်ပြီးတော့လဲ ရှေ့အစွန်း နောက်အစွန်း၊ ဒီအစွန်းတွေနဲ့ ပတ်သက်ပြီးတော့လဲ မရှင်းဘူး၊ မလင်းဘူး။

ဒီဝါယောလေဓာတ် ထိသိစိတ်၊ မြင်သိစိတ် စတဲ့ လောက ဖြစ်စဉ် တရားတွေဟာ အလိုအလျောက် ဖြစ်နေတာလား။ သူ့အကြောင်း ရှိလို့ ဖြစ်နေတာလား။ ဒါဟာ မည်သည့်အကြောင်းကြောင့် ဖြစ်နေ တာလဲ။ အဲဒီလို စိတ်တွေက မရှင်းဘဲဖြစ်နေတယ်။

အဲဒါကို သင်္ဂါရဝပုဏ္ဏား၊ အဘယမင်းသားတို့အား ဟောကြား တော်မူတဲ့နေရာမှာ ဥပမာက- ခွက်တစ်ခုထဲ ရေပြည့်အောင်ထည့်။ သို့သော်လဲ အဲဒီရေလေးက နောက်ကျုနေတယ်။ ရွှံ့ညွန်တွေပြည့်ပြီး တော့နေတယ်။ အဲဒီရေခွက်ထဲ မိမိရဲ့မျက်နှာရိပ်ကို ရေမှန်ကြည့်လိုက် တဲ့အခါ ဘာမှရှင်းရှင်းလင်းလင်း မမြင်ရသလိုပါပဲ။

ဟော- မိမိရဲ့သန္တာန်မှာ ဒီဝိစိကိစ္ဆာတရားဆိုး တရားပျက် နှိပ်စက်ပြီးတော့နေမယ်ဆိုရင် လွှမ်းမိုးပြီးတော့နေမယ်ဆိုရင် အသိဓာတ်၊ အလိမ္မာဓာတ်၊ အမြင်ဓာတ်တွေ မရရှိနိုင်ဘူး။

အဲဒီနောက်ကျုနေတဲ့ ရေလေးကိုကြည်လင်အောင် ညွန်ရှိနေ တဲ့ရေလေးကို ညွန်မရှိအောင်၊ ရေသစ်လဲပြီးတော့ ကြည့်လိုက်တဲ့အခါကျ တော့မှ မျက်နှာရိပ်ပေါ်ပြီး ရှင်းပြီးတော့လာတယ်။

အဲဒီလိုပါပဲတဲ့ ဝိစိကိစ္ဆာဆိုတဲ့ တရားဆိုး တရားပျက် ကင်းစင် သွားပြီဆိုတဲ့ အခါကျတော့။ ဝိစိကိစ္ဆာဆိုတဲ့ တရားဆိုး တရားပျက် ကင်းစင်သွားတယ်ဆိုတဲ့နေရာမှာ သမာဓိရရင် ဝိစိကိစ္ဆာ ကင်းသွား တယ်။ သမာဓိရလို့ရှိရင် ဘာကြောင့်လဲဆိုတော့ သမာဓိက ဒီနီဝရဏ တရားဆိုး တရားပျက်တွေကို ရှင်းလင်းပြီးတော့ပေးတာကိုး။

http://www.dhammadownload.com



**ဝိစိကိစ္ဆာ– ဇဝေဇဝါကို ရှုနည်း**

ဒီတရားဆိုး တရားပျက်တွေ ရှင်းသွားလို့ရှိရင်လဲ သမာဓိ ရတာပဲ။ အဲဒီတော့ အဲဒီလို ရှင်းသွားပြီဆိုတဲ့အခါကျမှ အသိဓာတ်= ဉာဏ၊ အမြင်ဓာတ်= ဒဿန။

ဉာဏဒဿနတွေ အသိဓာတ်၊ အမြင်ဓာတ်တွေ တစ်ခါထဲ ပွင့်လင်းပြီးတော့လာတယ်။ အဲဒီလို အသိဓာတ်၊ အမြင်ဓာတ်တွေ ရရှိဖို့ရာအတွက် မြတ်စွာဘုရား မဟာသတိပဋ္ဌာနသုတ္တန်ကို ဟောကြားတော်မူတဲ့အခါ ဒီဝိစိကိစ္ဆာနီဝရဏနဲ့ပဘ်သက်လို့-

**"သန္တံဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ၊ အတ္ထိမေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ"**။

မိမိသန္တာန် (ငါ့သန္တာန်)မှာထင်ရှားဖြစ်နေတဲ့ ဇဝေဇဝါဖြစ်နေတဲ့ ဝိစိကိစ္ဆာ ရှိတယ်ဆိုရင် ငါ့သန္တာန်မှာ မရှင်းမလင်းတဲ့ ဝိစိကိစ္ဆာ ဖြစ်နေတာပဲလို့ ဒီလိုသိရမယ်။

**"အသန္တံဝါ ဝိစိကိစ္ဆံ နတ္ထိမေ ဝိစိကိစ္ဆာတိ ပဇာနာတိ"**။

မိမိသန္တာန်မှာ ဒီဝိစိကိစ္ဆာမှာ ရှင်းနေပြီ၊ လင်းနေပြီဆိုလို့ရှိရင်ဖြင့် မိမိ၏သန္တာန်မှာ ဇဝေဇဝါဖြစ်တဲ့ ဝိစိကိစ္ဆာမရှိဘူး။ ရှင်းနေပြီ၊ လင်းနေပြီလို့ ဒီလို သိလိုက်ပါ။

**"ယထာစ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"**။

မိမိသန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ မဖြစ်သေးတဲ့ ဇဝေဇဝါဖြစ်နေတဲ့ ဝိစိကိစ္ဆာ ဖြစ်ပေါ်ခြင်းရဲ့အကြောင်းကိုလဲပဲ သိရှိရပါမယ်။ သိအောင်ကြည့်ရမယ်။

**"ယထာစ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"**။

ဖြစ်ပေါ်လာနေတဲ့ ဝိစိကိစ္ဆာရဲ့ မဖြစ်ခြင်းအကြောင်းကိုလဲ သိရမယ်။

http://www.dhammadownload.com



"ယထာစ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"။

မိမိသန္တာန်မှာ ပယ်လိုက်ပြီးဖြစ်တဲ့ ပယ်ထားပြီးဖြစ်တဲ့ ဝိစိကိစ္ဆာကိုလဲပဲ နောင်အခါမှာ ဝိစိကိစ္ဆာကိုတော့ သောတာပတ္တိမဂ်အဆင့်နဲ့ ပယ်လိုက်နိုင်ရင် လုံးဝမဖြစ်နိုင်တော့ဘူးလို့ ဒီလိုသိရမယ်။

## ဘာကြောင့်ဝိစိကိစ္ဆာ ဖြစ်ရသလဲ

ဒါဖြင့် ဝိစိကိစ္ဆာဖြစ်ခြင်းရဲ့အကြောင်း၊ ဝိစိကိစ္ဆာ ဘာကြောင့်ဖြစ်သလဲ၊ ဝိစိကိစ္ဆာဌာန၊ ဝိစိကိစ္ဆာဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ဌာနီဟာလဲ အဲဒီ ဝိစိကိစ္ဆာ ဇဝေဇဝါဖြစ်နေတဲ့အပေါ် အယောနိသောမနသိကာရ မသင့်မတင့်နှလုံးသွင်းမိလို့ရှိရင် ဝိစိကိစ္ဆာဖြစ်ပြီးတော့လာတတ်ပါတယ်။

## ကုသနည်း

ဒါဖြင့် ဘယ်လိုနည်းနဲ့ ပျောက်ရသလဲဆိုတော့ ပျောက်အောင်ကုသတဲ့နည်းကျတော့ ကုသလာဒိ ဓမ္မေသု- ကုသိုလ်အစရှိသည်တို့ရဲ့အပေါ်မှာ ယောနိသောမနသိကာရ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်း။ ကုသိုလ်အစရှိတဲ့ တရားဆိုတာ ဘယ်လိုဟာလဲ။ ဣမေဓမ္မာ ကုသလာ- ဒီတရားတွေက ကုသိုလ်တရားတွေ၊ ဒီတရားတွေက အကုသိုလ်တရားတွေ။

ဒီတရားတွေက အပြစ်ရှိတဲ့တရားတွေ၊ ဒီတရားတွေက အပြစ်မဲ့တဲ့တရားတွေ၊ ဒီတရားတွေက မဲညစ်တဲ့တရားတွေ၊ ဒီတရားတွေက ဖြူစင်တဲ့တရားတွေ၊ ဒီတရားတွေက မဲညစ်တဲ့ အဖို့ရှိတဲ့တရားတွေ၊ ဒီတရားတွေက ဖြူစင်တဲ့အဖို့ရှိတဲ့တရားတွေ။

အဲဒီလို ခွဲခြမ်းဝေဖန်ပြီးတော့ ယောနိသောမနသိကာရနဲ့ ရှင်းလင်းလိုက်လို့ရှိရင် ဝိစိကိစ္ဆာနီဝရဏ ကင်းပျောက်ပြီးတော့ သွားနိုင်

http://www.dhammadownload.com



တယ်။ ဝိစိကိစ္ဆာ နီဝရဏ ကင်းပျောက်ခြင်းအကြောင်းက-

- ကုသိုလ်တရား၊ အကုသိုလ်တရား၊
- ကောင်းတဲ့တရား၊ မကောင်းတဲ့တရား၊
- အပြစ်ရှိတဲ့တရား၊ အပြစ်မရှိတဲ့တရား၊

ဒီလိုတရားတွေအပေါ်မှာ ယောနိသောမနသိကာရ သင့်တင့်အောင် နှလုံးသွင်းမယ်ဆိုရင် ဝိစိကိစ္ဆာပျောက်ကင်းနိုင်ပါတယ်။

ဘုရားဂုဏ်တော်တွေ မရှင်းမလင်းဖြစ်နေရင် ဘုရားဂုဏ်တော်တွေ သေချာလေ့လာ။ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးက ဘုရားဂုဏ်တော်တွေနဲ့ ပတ်သက် ပြီးတော့ "ဣတိပိသော ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစရှိတဲ့ ဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာ့ဂုဏ်တော် (၉)ပါး၊ အဲဒီဂုဏ်တော်တွေ ပွားများပုံ ပွားများနည်း။

- ဉာဏ်နုတဲ့ပုဂ္ဂိုလ်တွေအတွက်တစ်မျိုး၊
- ဉာဏ်အလတ်စားပုဂ္ဂိုလ်တွေအတွက်တစ်မျိုး၊
- ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေအတွက်တစ်မျိုး၊

ဆိုပြီးတော့ ဂုဏ်တော်ကို (၃)မျိုး (၃)စား ထားပြီးတော့ ရေးသားထားခဲ့တာ အင်မတန်ကောင်းမွန်ပါတယ်။

ဘုန်းကြီးတို့စာမေးပွဲတွေ အသီးအသီးအောင်လို့ ပိဋကတ်တော်တွေကျက် ပြန်လို့၊ ပိဋကတ် (၂)ပုံခွဲအထိ အောင်ပေမယ်လို့ ဘုရားဂုဏ်တော်တွေ ဟိုတုန်းကမရှင်းဘူး။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်အဖွင့်တွေ ကြည့်ပြီး ဘုန်းကြီးက ဉာဏ်အလတ်စားရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ဆိုပြီးတော့ ကာရန်တွေနဲ့ လင်္ကာနက်ကြီးတွေ ဆရာတော်ဘုရား ရေးသားထားတာကို အကြိမ်ပေါင်းမြောက်များစွာ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ မိမိရဲ့ဉာဏ်ထဲမှာ အာရုံပြုပြီးလာတော့မှ ထိုက်တန်သလောက် ဂုဏ်တော်တွေနဲ့ ပတ်သက်ပြီးတော့ စိတ်ရှင်းတယ်။ မိမိရှင်းသလို ရှင်းကြ လင်းကြပါစေတော့လို့ နာဂလိုဏ်ဂူ (၁၁)ရက် အမိဋ္ဌာန်တရား ဓမ္မဒါနပြုခဲ့ပါပြီ။

http://www.dhammadownload.com



အဲဒီလို ဂုဏ်တော်တွေနဲ့ပတ်သတ်ပြီး ကြာရှည်လေးမြင့် လေ့လာမယ်ဆိုရင်လဲ ဘုရားဂုဏ်နဲ့ ပတ်သတ်လို့ ရှင်းနိုင်ပါတယ်။ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် ဒီတရားဂုဏ်တော် သံဃာ့ဂုဏ်တော် များကျတော့ ပိုပြီးတော့ စိတ်ကမရှင်းတာ။ ဘာကြောင့်လဲဆိုတော့ ဂုဏ်တော်ပွားကြစို့ ဆိုတဲ့အခါ တရားဂုဏ်တော်ပွားတာရှားရှားပဲ။

သံဃာ့ဂုဏ်တော်ဆီလဲမရောက်နိုင်ကြ၊ အရိယာသံဃာတော် များရဲ့ဂုဏ် အာရုံမရောက်နိုင်တော့ သံဃာကို အထင်သေးတတ် ပါတယ်။ ဘုရားဂုဏ်တော်က တော့ များသောအားဖြင့်ပွားများကြတယ်။ တရားဂုဏ်တော်နဲ့ ပတ်သတ်ပြီးတော့ တရားဂုဏ်တော်ရဲ့ ဖွင့်ဆိုချက် တွေကိုလေ့လာမှ တရားဂုဏ်တော်တွေနဲ့ ပတ်သတ်ပြီးရှင်းလင်းပါတယ်။

သံဃာတော်တွေ ဂုဏ်တော်တွေလဲ ဒီအတိုင်းပါပဲ၊ သံဃာတော် ရဲ့ ဂုဏ်တော်ကိုကြည့်မယ်ဆိုရင်လဲ အကြောင်းဂုဏ်တော်၊ အကျိုးဂုဏ် တော်တွေ၊ အကြောင်းဂုဏ်၊ အကျိုးဂုဏ်တွေ ခွဲခြားပြီးတော့ ရေးသားပြီး တော့ထားတာ ကြည့်တော့မှ စိတ်ထဲမှာ သံဃာတော်တွေကို ကြည်ညိုတဲ့ စိတ်၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အရှင်မြတ်ကြီး တွေရဲ့ ဂုဏ်ကျေးဇူးတွေ စိတ်ထဲမှာ ရှင်းရှင်းပြီးတော့ လာပါတယ်။ ထပ်ဆင့်ပြီး ရှင်းလင်းရလေအောင် နာဂလိုဏ်ဂူ (၁၁)ရက် အဓိဋ္ဌာန် ကျင့်စဉ်ကို ဟောခဲ့ပြီး စာအုပ် (၁၀၀၀)မဖွဒါန ပြုခဲ့ပါတယ်။

အဲဒီတော့ ဝိစိကိစ္ဆာဆိုတာက ယုံမှားသံသယဖြစ်တာ၊ ဘုရား၊ တရား၊ သံဃာတော်တွေနဲ့ ပတ်သတ်လို့ တရားတော်တွေနဲ့ ပတ်သတ်လို့ မိမိရဲ့ခန္ဓာမှာ ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားဖြစ်စဉ်နဲ့ ပတ်သတ်လို့ ယုံမှားသံသယဖြစ်နေတတ်တာ။

## (၆)မျိုး

အဲဒီယုံမှားသံသယကို ပယ်ဖျောက်ဘို့ရာနဲ့ ပတ်သတ်ပြီးတော့ အကြောင်း (၆)မျိုးရှိပါတယ်။ ဒါကြောင့်-

http://www.dhammadownload.com



ဝိစိကိစ္ဆာယုံမှား ဖျောက်ပယ်ရှားဖို့
အကြားအမြင် မေးမြန်းသင်၍
သိမြင်ဝိနည်း သဒ္ဓါကြီးလတ်
မိတ်ကောင်းကပ် ဂုဏ်မြတ်စကားဆို

ဝိစိကိစ္ဆာ ယုံမှားမှု ပယ်ဖျောက်ဖို့နဲ့ ပတ်သက်ပြီး-

* အကြားအမြင် များရမယ်။

* အသင်အကြားများရမယ်။

အသင်အကြားအမြင်များရင် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ် တရားတော်တွေနဲ့ ပတ်သက်ပြီးတော့ ဝိစိကိစ္ဆာယုံမှားသံသယ ပျောက်တတ်ပါတယ်။

* မေးမြန်းသင်၍

တတ်သိနားလည်တဲ့ ဆရာတော်အရှင်မြတ်တို့ထဲမှာ မေးမြန်းလို့ရှင်လဲ ဒီဝိစိကိစ္ဆာ ပပျောက်နိုင်တယ်။

* သိမြင်ဝိနည်း

ဝိနည်းနဲ့ပတ်သက်လို့ သံသယတွေ ဖြစ်တတ်တယ်။ အသားဟင်းလေး လာကပ်တယ်ဆိုရင် အပ်သလား၊ မအပ်ဘူးလား၊ အပ်စပ်သလား၊ မအပ်စပ်ဘူးလား သံသယဖြစ်ပြီး၊ အဝတ်အထည်လေးတစ်ခု လာပြီးလှူရင် အပ်သလား၊ မအပ်ဘူးလား။ ဒီဟာသုံးကောင်းသလား၊ မသုံးကောင်းဘူးလား အစရှိသည်ဖြင့် ဝိစိကိစ္ဆာဖြစ်ပြီးတော့ နေတတ်တယ်။

အဲဒီတော့ သိမြင်ဝိနည်း၊ ဝိနည်းတတ်ကျွမ်းလို့ရှိရင် ဝိစိကိစ္ဆာ ပပျောက်နိုင်တယ်။

* သဒ္ဓါကြီးလတ်

သဒ္ဓါတရား (၄)မျိုးရှိတာထဲက ဩကပ္ပနသဒ္ဓါ ရှိရပါမယ်။ ဘုရား၊ တရား၊ သံဃာဂုဏ်နဲ့ ပတ်သက်ပြီးတော့ သက်ဝင်ယုံကြည်မှု သဒ္ဓါ အဆင့်မြင့်ပါတယ်။

http://www.dhammadownload.com



ပသာဒ- သဒ္ဓါဆိုတာကတော့ ဘုရား၊ တရား၊ သံဃာ အသံကြား ရရုံနဲ့ ကြည်လင်တဲ့စိတ် ဖြစ်ပေါ်ပါတယ်။ ကြည်ညိုတဲ့စိတ် ဖြစ်ပေါ်တယ်။

ဩကပ္ပနသဒ္ဓါ ဆိုတာက သက်ဝင်ယုံကြည်မှု ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေကို ကျကျနနသိပြီးတော့ သက်ဝင်ယုံကြည်မှု။

ကျကျနနသိဖို့ ဆိုပြန်တော့လဲပဲ စောစောကပြောသလို အသင် အကြားအမြင်များဖို့ ဒါအရေးကြီးပါတယ်။

ဘုန်းကြီးတော့ ဟိုခပ်ငယ်ငယ်တုန်းက ပုတီးစိပ်တယ်ဆို စိပ်တာ ပဲ။ တရားထိုင်တာလဲ ကျောင်းသားဘဝထဲက ထိုင်ဖူးတာပဲ ဘုန်းကြီးတို့ ဆရာ ကျေးဇူးတော်ရှင် သာမဏေဥပဇ္ဈာယ်ဆရာတော်ကြီးက ကျေးရွာ ကျောင်းထိုင်တယ်ဆိုပေမယ့် သူ့တရားသူအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကိုး။

မုံရွာမြို့ သပြေပင်တောရစာသင်တိုက်ကြီးမှာ အုပ်ချုပ်နေပေ မယ့် ယေဘုယျအချိန်များများဟာ တရားအားထုတ်ပြီးတော့နေတဲ့ ဆရာတော်ကြီးပဲ။

ကျောင်းသားဘဝထဲက ဒီဆရာတော်ကြီးကိုမှီပြီးတော့ နေဘူးတာဆိုတော့ ကျောင်းသားလေးတွေ တရားထိုင်ရတယ်။ ဒီအာနာပါန တရားထိုင်တဲ့နည်းအတိုင်း ထိုင်ကြရတယ်။

(၁၀) နှစ်သား၊ (၁၁) နှစ်သားအရွယ်ကတော့ ဒီတရားထိုင်တဲ့ နည်းနဲ့ ထိုင်ပြီးတော့ တန်းစီပြီးတော့ တရားထိုင်ကြရတယ်။ ကျေးဇူးရှင် ဆရာတော်ဘုရားက၊

အဲဒီလိုတရားထိုင်ပြီးတော့ ခန္ဓာငါးပါး ဟူသော်ကား၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဤသို့လျှင် ခန္ဓာငါးပါးဖြစ်သတည်း။

အာယတန (၁၂)ပါးဟူသော်လည်း ဆိုပြီးတော့ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတနကာယာယတန၊ မနာယတန စသည်အားဖြင့် ပရမတ်တရားတွေ နာမည်တော်ကိုလဲ အလွတ်ရနေ ခဲ့ပါတယ်။ ကျောင်းသားလေးငါးဆယ်လောက် ကျောင်းအိပ်

http://www.dhammadownload.com



ကျောင်းစားနေတဲ့အခါ ဒီအဘိဓမ္မာ ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါး စသည်ဖြင့် ဆရာတော်ပို့ချပေးတာရတဲ့ ကျောင်းသား (၃)ယောက်ရှိပါတယ်။ အဲဒီ ကျောင်းသား (၃)ယောက်ကနေပြီးတော့ တစ်ဆင့်တစ်ဆင့်ကျန်တဲ့ ကျောင်းသားတွေကို အလှည့်ကျပြန်ချပို့ပေးရတယ်။

ဘုန်းကြီးကိုယ်တိုင်လဲ အဲဒါတွေကိုရခဲ့ဘူးပါတယ်။ တစ်ချို့ အဘိဓမ္မာသရုပ်တွေဟာ ကျောင်းသားငယ်ဘဝထဲက ဆရာတော်ဘုရား ကျေးဇူးကြောင့် ရပြီးတော့နေတယ်ဆိုပါစို့ သို့သော် သဘောမပေါက်လှဘူး။

သဒ္ဓါကြီးလတ်ဆိုတဲ့အတိုင်း ဩကပ္ပနသဒ္ဓါ၊ အဲဒီသဒ္ဓါတရား ရှိခဲ့မယ်ဆိုရင်လဲ ဝိစိကိစ္ဆာကင်းပါတယ်။ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ ရှိသူအတွက်တော့ ဘယ်ပြောစရာလိုတော့မလဲ။

မိတ်ကောင်းကပ်. . .

ကလျာဏမိတ်ရှိဘို့လိုပါတယ်။ စောစောပြောသလို ဘုန်းကြီးတို့ ကျောင်းသားဘဝထဲက ကျေးဇူးတော်ရှင် ကုန်းသာရွာ ဘဒ္ဒန္တကုမုဒ ဆရာတော်ဘုရားကြီးဆိုတဲ့ မိတ်ကောင်း ဆွေကောင်းကြီး။ နောင်သောအခါမှာလည်း မုံရွာမြို့၊ သပြေပင်တောရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ အနွယ်အဆက် ကျောင်းတိုက်မှာ ရဟန်း ဥပဇ္ဈာယ် ဘဒ္ဒန္တကေဝလာဘိဝံသ ဂန္ထကာရက ဆရာတော်ကြီးဆီ နေရတဲ့ အခါကျတော့ မိတ်ကောင်းဆွေကောင်းကြီး ဆက်ပြီးတော့ ရပြန်တယ်။

အဲဒီလိုနဲ့ မိတ်ကောင်းဆွေကောင်းတွေ ပခုက္ကူဆရာတော်ဘုရားတို့ ရွှေရေးဆောင်ဆရာတော်ဘုရား အစရှိတဲ့ ဆရာတော်ကြီးတွေ အခု ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီးတည်းဟူသော မိတ်ကောင်း။ သုတ ဗုဒ္ဓဘုရားတည်းဟူသော မိတ်ကောင်းဆွေကောင်းကြီးတွေ ရရှိခဲ့တဲ့အတွက် ထိုက်တန်သလောက် ဝိစိကိစ္ဆာ ကင်းကြရတယ်။

http://www.dhammadownload.com



ဂုဏ်မြတ်စကားဆို. . .

ဘုရားဂုဏ်တော်နဲ့ပတ်သတ်ပြီး ပြောတဲ့အခါမှာ ဂုဏ်တော်တွေ ပြော၊ ဟောတဲ့အခါမှာလည်း ဂုဏ်တော်တွေဟော၊ တရားဂုဏ်တော်တွေ၊ သံဃာ့ဂုဏ်တော်တွေဟောရင်း ပြောရင်းနဲ့သဘောပေါက်လာတယ်။

ပြောရင်းဟောရင်းသဘောပေါက်လာတော့ များများပြော၊ များများဟောပေးပါ။ သပ္ပါယကထာလျော်ကန်လျှောက်ပတ်တဲ့ ဝိစိကိစ္ဆာ ပျောက်ဖို့နဲ့ ပတ်သတ်ပြီးတော့ လျော်ကန်သင့်မြတ်တဲ့ စကားတွေ၊

အဲဒီလို (၆)မျိုး၊ အဲဒီ (၆)ပါးသော အကြောင်းအရာတွေဟာလဲ ဝိစိကိစ္ဆာကို ပဖျောက်စေနိုင်ပါတယ်။ အဲဒီ (၆)မျိုးတို့ကြောင့် ပပျောက်တဲ့ ဝိစကိစ္ဆာဟာ သောတာပတ္တိမဂ်ရတဲ့အခါလုံးဝမဖြစ်ပေါ်တော့ပါဘူး။

ဒါဖြင့် အဲဒီဝိစိကိစ္ဆာနဲ့ပတ်သက်လို့ အဇ္ဈတသတ်မင်းအား ဟောတဲ့အခါကျတော့ ဝိစကိစ္ဆာဟာ - ကန္တာရမဂ္ဂ- ကန္တရခရီးစဉ်ကြီးနဲ့ တူပါတယ်။

ကန္တာရ အသွားအလာ အကူးအခတ်ခက်တဲ့ခရီးနဲ့ တူပါတယ်။ ကန္တာရခရီးကို လူတစ်ယောက်က သွားတယ်။ သွားတဲ့အခါ သူကလည်း ပစ္စည်းဥစ္စာတွေ ယူပြီးတော့သွားတယ်။

ချွတ်ချွတ်သံကြားတိုင်းသူ့မှာက နောက်ကပဲ လူကပစ္စည်း လုမလိုလို၊ တဆွေကချောက်သလိုလိုနဲ့ လန့်ဖြတ်ပြီး သံသယစိတ်နဲ့ သွားပြီးတော့ နေရတော့ ခရီးမတွင်ကျယ်ဘူး။ တစ်နေ့ကျတော့ အဲဒီ ကန္တာရခရီးကို လွန်မြောက်ပြီးတော့ နေထိုင်တဲ့မြို့ရွာ ပြန်ရောက်တယ် ဆိုတော့ ဟာ- ငါ ပစ္စည်းဥစ္စာတွေနဲ့တကွ ခရီးရှည်ကြီးသွားခဲ့ပြီ၊ ဒီခရီး ရှည်ကလည်း သူခိုး၊ ဓားပြတွေနဲ့ပြွမ်းတဲ့နေရာ၊ ကျားသစ်အစရှိသည် လွှမ်းတဲ့နေရာ၊ အဲဒီနေရာကို ငါလွန်ခဲ့ပြီ၊ ငါ့ပစ္စည်းဥစ္စာတွေလဲ ရှိမြဲတိုင်း အတိုင်း ပါခဲ့ပြီဆိုပြီးတော့ သူဟာဝမ်းမြောက်တယ်။

http://www.dhammadownload.com



အဲဒီလိုပဲတဲ့ ယောဂီသူတော်စင်များဟာလည်းပဲ ဝိစိကိစ္ဆာ၊ ဘုရား တရား၊ သံဃာနဲ့ ပတ်သတ်လို့ ဇဝေဇဝါဖြစ်မှုတွေရှိခဲ့တယ်။ အဲဒီ ဇဝေဇဝါဖြစ်မှုကို ကျော်လွန်ပြီးတဲ့သူလိုပဲ။ ဝမ်းပန်းတသာဖြစ်ရတယ်။ ဝမ်းမြောက်မှုအသေးစား၊ ဝမ်းမြောက်မှုအကြီးစားအားကြီးတဲ့ ဝမ်းမြောက်မှုဖြစ်ရတယ်။ အဲလိုအားကြီးတဲ့ ဝမ်းမြောက်မှုဖြစ်တဲ့ အခါကျတော့ ငြိမ်းချမ်းပြီးတော့လာတယ်။

အဲလို ငြိမ်းအေးလာတဲ့အခါကျတော့ ဟော စိတ်ချမ်းသာမှု ဖြစ်တယ်။ စိတ်ချမ်းသာမှုဖြစ်တော့ **သုခိနော စိတ္တံ သမာဒိယတိ၊** ဆိုတဲ့အတိုင်း သမာဓိတည်ကြည်တယ်။

အဲလိုသမာဓိတည်ကြည်လာပြီဆိုတဲ့ အခါကျတော့ ဟော -

**အမှိုက်ထဲကရွှေထုတ်တဲ့နည်း**

**ဣတိ အဇ္ဈတ္တံဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ**

အဇ္ဈတ္တသန္တာန်မှာဖြစ်တဲ့ ဝိစိကိစ္ဆာနဲ့ ပတ်သတ်ပြီးတော့ပဲ ပြောပြော၊ အခြားနီဝရဏတွေပဲပြောပြော အဲဒီတရားတွေကို ဓမ္မတရား တွေပဲ ဒီလိုမြင်တယ်။

**ဗဟိဒ္ဓါဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ**

ပြင်ပပုဂ္ဂိုလ်တို့ သန္တာန်မှာဖြစ်တဲ့ ဝိစိကိစ္ဆာအစရှိတဲ့ တရားတွေ ကိုလည်းပဲ ဓမ္မတရားတွေလို့ ဒီလိုမြင်တယ်။

**သမုဒယ ဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ**

အဲဒီ ဇဝေဇဝါ ဝိစိကိစ္ဆာစသော တရားတွေနဲ့ပတ်သတ်လို့ ဖြစ်တာကိုလည်းပဲ အဖန်ဖန်အထပ်ထပ်ရှုပြီးတော့ နေတယ်။

**ဝယဓမ္မာနုပဿီ ဓမ္မေသု ဝိဟရတိ**

အဲဒီ ဝိစိကိစ္ဆာလေးပျက်သွားတာကိုပဲ မြင်တယ်။ ကာမစ္ဆန္ဒ စတဲ့ ကရားတွေ ပျက်တာမြင်တယ်။ အဖန်ဖန် အထပ်ထပ်ရှုမှတ်နေတယ်။ သမုဒယဝယ- ဖြစ်တာရော၊ ပျက်တာရော အစုံရှုပြီးတော့နေတယ်။

http://www.dhammadownload.com



**"အဖြစ်နဲ့အပျက်မှာ အဖြစ်အပျက်ကို မြင်တာက တရုဏဝိပဿနာ၊ အပျက်ကိုချည်းကွက် မြင်တာက ဗလ၀ဝိပဿနာ၊"**

ဖြစ်တာရော ပျက်တာရော ဖြစ်တာပဲမြင်မြင်၊ ပျက်တာပဲမြင်မြင်၊ ဒါဝိပဿနာပါပဲ။ သို့သော် ဖြစ်တာပျက်တာကိုမြင်တော့ တရုဏ ဝိပဿနာ ဝိပဿနာအနုစား၊ ပျက်တာကိုချည်းမြင်တာမှ ဗလ၀ ဝိပဿနာ၊ အားကောင်းတဲ့ ဝိပဿနာ၊

**အတ္ထိ ဓမ္မာတိဝါပနဿ သတိ ပေါတိ၊ ယာဒေဝဉာဏ မတ္တာယ-**

တရားတွေရှိတယ်၊ သတိသမ္ပဇဉ်ဖြစ်လာတယ်။ အဲဒီလိုဖြစ် လာတော့ တရားတွေချည်းပဲရှိတယ်။ အတ္ထိဓမ္မာ-တရားချည်းပဲ ဖြစ်နေတာ။ ကောင်းတဲ့တရား ဆိုးတဲ့တရား ဘယ်တရားပဲဖြစ်ဖြစ် ရှုရမယ်။

ပထမလည်း ဓမ္မတရားဖြစ်နေတာပဲ။ ဒုတိယလည်း ဓမ္မတရား တွေပဲ ဖြစ်နေတာ။

အဲဒီလိုတရားချည်းပဲရှိနေတော့ အခုသတိလေးပဲ ရှိနေတယ် ဆိုပါစို့၊ သို့မဟုတ် ဝါယောရုပ်လေးပဲ ရှုနေတယ်ဆိုပါစို့၊ ဒါပေမဲ့ ဇဝေဇဝါနဲ့ မသိဘူး။ အဲဒီမသိစိတ် မသိတရားကလေးဟာ ဒါတရားပဲ။ အဲဒါလဲ ရှုရမှာပါပဲ။

အဲဒီတော့ စိတ်ကလေးဖြစ်နေတယ်။ သို့မဟုတ် ဝါယောရုပ် ဖြစ်နေတယ် သို့မဟုတ် သတိဖြစ်နေတယ်၊ သို့မဟုတ် ဝိစိကိစ္ဆာ ဇဝေဇဝါဖြစ်နေတယ်။

တစုံတယောက်သော သတ္တဝါ၊ ပုဂ္ဂိုလ်၊ သူ၊ ငါ၊ ငါ၏ဥစ္စာ မဟုတ်ဘူးလို့ ၊ ဟောဒီလိုသတိမျိုး၊ ဒီလိုအမြင်မျိုး ဖြစ်လာတယ်။

**အနိဿိတောစ ဝိဟရတိ**

တဏှာကိုလည်းမမှီဘူး၊ ဒိဋ္ဌိကိုလည်း မမှီဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဓမ္မတရားသက်သက် ပုဂ္ဂိုလ်သတ္တဝါမှ မပါပဲကိုး။

http://www.dhammadownload.com



## နစ ကိဉ္စိလောကေ ဥပါဒိယတိ

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါတဲ့ အခါကျတော့ ဥပါဒနက္ခန္ဓာဆိုတဲ့ လောကမှာ အစွဲအလမ်းဘယ်ရှိတော့မလဲ။ အဲဒီ အစွဲအလမ်း ပျောက်သွားတာနဲ့တပြိုင်နက်ထဲပဲ ငြိမ်းတော့တာပါပဲ။ ဒါအမှိုက်ထဲက ရွှေထုတ်တဲ့နည်းပဲ။

အဲဒီတော့ ယနေ့ထိအောင် ဘုန်းကြီးတို့အစဉ်အတိုင်း ဟောပြောပြီးတော့လာတော့ နိဗ္ဗာန်ရောက်ကြောင်းပါး အလုံးကုန်ပြီးတော့သွားတယ်။ အဲလို နိဗ္ဗာန်ရောက်ကြောင်းပါးကုန်ပြီးတော့ သွားတော့ ကုသိုလ်တရားတွေကို ပြန်ကြည့်မယ်ဆိုရင် အကျဉ်းအားဖြင့်ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်လို့ ကုသိုလ် (၃)မျိုး ။

ဒါနကုသိုလ်ထဲမှာ ဘာတွေပါသလဲဆိုတော့ အမျှအတန်းပေးဝေခြင်း၊ သူများပေးသမျှ အမျှယူ သာဓုခေါ်ခြင်း တရားစခန်းဝင်နေကြတဲ့ ယောဂီသူတော်စင်များဟာ ကုသိုလ်အမျှအတန်း ပေးဝေလို့ ပတ္တိဒါန၊ (၃၁)ဘုံမှာရှိတဲ့ အရိယာသူတော်စင် သူတော်ကောင်း မိဘဘိုးဘွား အစရှိသည်တို့ ကုသိုလ်ကို ဝမ်းပန်းတသာ သာဓုခေါ်လို့ ပတ္တာနုမောဒန၊

ဒီဒါနကုသိုလ် (၃)မျိုးရတယ်။ သီလနဲ့ ပတ်သတ်ပြီးတော့လဲပဲ သီလကုသိုလ် တောက်ရှောက်ဆောက်တည်ပြီးတော့ထားတဲ့ သီလ။

အပစာယန တုပ်ကွရိုသေ ဝေယျာဝစ္စ သူများမှုဆောင်ဆိုတာတွေ သီလထဲမှာထည့်သွင်းထားတော့ လက်ငင်းဖြစ်ပေါ်ပြီးတော့ သီလကုသိုလ်တွေလဲ အများကြီးဖြစ်ကြရ။

ဘာဝနာကုသိုလ်တဲ့ ဘာဝနာကုသိုလ်ဆိုတာကတော့ မနောကံကုသိုလ်၊ မနောမှာ ဖြစ်တဲ့ကုသိုလ်၊ အဲဒါ ဘာတွေပါသလဲလို့ဆိုတော့ ဘာဝနာကုသိုလ်ထဲမှာ ဓမ္မသဝန တရားနာခြင်းကုသိုလ်လဲ ဘာဝနာကုသိုလ်ထဲ သွင်းရတယ်။ တရားဟောတဲ့ ကုသိုလ်လဲ ဘာဝနာကုသိုလ်ထဲ သွင်းရတယ်။

http://www.dhammadownload.com



ဒိဋ္ဌိဇုကမ္မ- အယူဖြောင့်မှန်မှုဟာလဲ ဘာဝနာကုသိုလ်တစ်မျိုး၊ မိမိတို့အယူဖြောင့်မှန်မှု ဒါလဲပဲ ဘာဝနာထဲမှာ သွင်းရတော့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် စုံလင်တယ်။

အဲဒီကုသိုလ်တွေထဲမှာ ကံ,ကံ၏အကျိုးအပြစ်ကို ယုံကြည်လက်ခံတဲ့ အယူဖြောင့်မှန်မှုဟာ အရေးကြီးလှပါတယ်။ ဒီအယူဖြောင့်မှန်ပါမှ အခြားကုသိုလ်တွေ ပြုဖြစ်ပါတယ်။

**မျောက်နတ်သား**

အဲဒီတော့ ဒါန၊ သီလ၊ ဘာဝနာ အစရှိတဲ့ ကုသိုလ် (၁၀)ပါးလုံး ဖြစ်ခွင့်ရကြတယ်။ အဲလို (၁၀)ပါးလုံး ဖြစ်ခွင့်ရကြတဲ့နေရာမှာ ဒါနကုသိုလ်ကို ပြန်ကြည့်မယ်ဆိုရင် မြတ်စွာဘုရား ဒါနကို ရှေးဦးစွာ ဟောကြားတော်မူတယ်။

ဘာကြောင့်လဲလို့ဆိုတော့ သတ္တဝါအများမှာ ဖြစ်ခွင့်ရခြင်း အပြုရလွယ်ကူခြင်းတို့ကြောင့်ပါပဲ။ မှန်တာပေါ့။ မြတ်စွာဘုရား ပလဲလဲ ဆင်မင်းကြီးတို့နဲ့ တောအုပ်ကြီးထဲမှာနေတော့ ဆင်မင်းကြီးက မြတ်စွာဘုရားကို သောက်တော်ရေကပ်တယ်၊ ချိုးဖို့ရာရေတွေ စီမံတယ်။ သစ်သီးဝလံတွေ လှူဒါန်းတယ်။

ဟော- ဒါနကုသိုလ်ဟာ အများဖြစ်တယ်ဆိုတာ တိရစ္ဆာန်တွေမှာတောင် ဖြစ်တာကိုး။ မျောက်ကလေးတစ်ကောင်ဟာ ဆင်မင်းကြီးက မြတ်စွာဘုရားကို သစ်သီးဝလံလှူတာကို အားကျပြီး သူကပျားအုံတစ်အုံ လှူတယ်။

ဘုရားရှင်က ပျားကောင်လေးတွေပါလို့ မသုံးဆောင်တဲ့အခါကျတော့ သူသိတယ်။ ဒီမျောက်ကလေးက ပျားကလေးတွေဖယ်ပြီး ဘုရားကပ်တော့မှ ဘုရားက သူရှေ့တွင် ပျားရည်ဘုဉ်းပေးတယ်။ မျောက်ကလေးက သိပ်ပြီးတော့ ဝမ်းမြောက်တယ်။ ကခုန်နေသေးတယ်။ သေလောက်အောင် ဝမ်းမြောက်ရှာတယ်။

http://www.dhammadownload.com



အဲဒီလို ဝမ်းမြောက်တော့ သူ့ဒါနကုသိုလ်ကို အကြောင်းပြုပြီး သူဟာ နတ်ပြည်ရောက်ပါတယ်။ မျောက်နတ်သားနာမည်နဲ့ ဖြစ်တယ်။

**ပလဲလဲဆင်မင်း**

ပလဲလဲဆင်မင်းကြီး ပြုစုလိုက်တာ တစ်ဝါတွင်းလုံး သီတင်းဝါလ ကျွတ်တဲ့အခါကျတော့ အနာထပိဏ်တို့၊ ဝိသာခါကျောင်းအမကြီးတို့က ပြန်ပင့်တော့ မြတ်စွာဘုရားက ကြွမယ်ဆိုတော့ ဒီဆင်ကြီးဟာ ပထမ သံဃာတော်တွေရဲ့ ရှေ့ကရပ်တယ်။ သံဃာတော်တွေရဲ့ ရှေ့ကရပ်တော့ မြတ်စွာဘုရားက ရဟန်းတို့ သင်တို့ကို မသွားစေချင် ဘူး။ ဒီဆင်ကြီးက နောက်တစ်ခါကျတော့ သံဃာတော်တွေရှေ့က ကန့်လန့်မရပ်ပဲနဲ့ ဘုရားရှေ့က ကန့်လန့်ရပ်ပြန်တယ်။ ဘုရားကို တားပြန်တယ်။

ဘုရားရှေ့က လာရပ်တဲ့အခါကျတော့ ဝမ်းနည်းစရာပါပဲ။ မြတ်စွာဘုရား မိန့်ကြားတဲ့စကားတော်က-

"ပလဲလဲဆင်မင်း! သင့်မှာ ဈာန်ရယ်၊ သမာဓိရယ်၊ သမထရယ်၊ ဝိပဿနာရယ် ဘာမှ ဒီအတ္တဘောမှာ ဖြစ်ခွင့်မရဘူး။ ဒါကြောင့် ငါတို့ဒီမှာနေလို့လဲ အကျိုးမရှိဘူး။ တို့သွားမယ်"လို့ဆိုတဲ့ အခါကျတော့ ပလဲလဲဆင်မင်းကြီးဟာ မြတ်စွာဘုရားရဲ့ ဝါစာအစိန္တေယျ ဂုဏ်တော် ကြောင့် မြတ်စွာဘုရား စကားတော်ကို နားလည်ပြီးတော့ စိတ်မကောင်း အင်မတန်ဖြစ်တယ်တဲ့။

ဒီစကားကြည့်မယ်ဆိုရင် သိစေဆင်ခြင်တာကတော့ ဒါနတို့၊ သီလတို့၊ အချို့ဒါန၊ အချို့သီလတွေဟာ တိရစ္ဆာန်များလဲ ဖြစ်ခွင့်ရကြပါ တယ်။ သီလဆိုရင်လဲ သုဇာတာတို့ သီလဆောက်တည်ပုံ၊ ဖျံသတ္တဝါ လေးတွေ သီလဆောက်တည်တာတို့၊ နဂါးမင်းကြီးတွေ ဥပုသ်စောင့် သုံးတာတို့ ရှိခဲ့ဘူးတယ်။

ဘုန်းကြီးတို့ နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ ရှေးအခါက နဂါးမင်းကြီးတွေ ဥပုသ်စောင့်သုံးတဲ့နေရာလို့ သမိုင်းက ဒီလိုဆိုကြ

http://www.dhammadownload.com



ပါတယ်။ အဲဒီတော့ ဒါနကုသိုလ်၊ သီလကုသိုလ်ဆိုတာကတော့ စောစောကပြောသလို တိရစ္ဆာန်များပင် ဖြစ်ခွင့်ရကြတယ်။

ဒီသမာဓိရဖို့ ပီပြင်တဲ့သမထကုသိုလ်မျိုး၊ ဝိပဿနာကုသိုလ်မျိုးကျတော့ မြတ်စွာဘုရား ပလဲလဲဆင်မင်းကြီး မိန့်ကြားသလိုပဲ။ သင့်မှာ ဒီအတ္တဘောနဲ့ ဈာန်ရယ်၊ သမထရယ်၊ ဝိပဿနာရယ်၊ မဂ်ရယ်၊ ဖိုလ်ရယ် သင့်မှာ မဖြစ်နိုင်ဘူးတဲ့။ ဒီမှာ ငါရှိနေလို့လဲ သင်အကျိုးရှိမှာ မဟုတ်ဘူး ဆိုပြီးတော့ မြတ်စွာဘုရား ပြန်ကြွလာတယ်။

အဲဒီတော့ အကြောင်းသင့်အခွင့်ကြုံလို့ ယောဂီသူတော်စင်များ မိမိတို့အားထုတ်လဲ အားထုတ်နိုင်တဲ့ဘဝ၊ အားထုတ်ခွင့်ရတဲ့ အခြေအနေကလဲ ပေးတဲ့အတွက် အားထုတ်ပြီးတော့ လာခဲ့တာ ဒီနေ့ (၆)ရက်။

သမထကမ္မဋ္ဌာန်းလွန်မြောက်လို့ ဝိပဿနာကမ္မဋ္ဌာန်းပိုင်း ရောက်ရှိပြီးတော့ လာခဲ့ကြတယ်။ အဆင့်ဆင့်တရားထူးများ မြင်ခြင်း အကြောင်းကောင်းမြတ်သော အားထုတ်ခြင်းဖြင့် အားထုတ်ပြီးတော့ လာခဲ့တာ ယနေ့ (၆)ရက်၊ မကြာခင် အောင်ပွဲခံပါတော့မယ်။

အောင်ပွဲခံသည်အထိကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## သတ္တမနေ့ဟောစဉ်

ယနေ့ ၁၃၆၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇)ရက်နေ့

### ရောက်သစ်စ ရဟန်းလေးတွေ ဘယ်လိုထားရမလဲ

ယောဂီသူတော်စင်များ (၇)ရက်တရားစခန်းအားထုတ်ပြီးတော့ လာခဲ့တာ ယနေ့ (၇)ရက်ရှိပြီ။ မြတ်စွာဘုရား သာရပုဏ္ဏားရွာမှာ ဘာမိန့်သလဲဆိုတော့ -

ရဟန်းတို့ တရားသဖြင့် ဆုံးမရာဘုရားသာသနာတော်သို့ ရောက်သစ်စ ရဟန်းတော်တွေရှိတယ်။ ရဟန်းဘဝ ရောက်ခါစ ရဟန်းတော်တွေ ရှိတယ်။ ရဟန်းဘဝရောက်ခါစကလေးတွေ ရောက်သစ်စရဟန်းတွေကို သတိပဋ္ဌာန် လေးပါးအားထုတ်ဖို့ ဘယ်လို တိုက်တွန်းကြရမလဲဆိုတော့ -

**ကာယေ ကာယနုပဿီနော ဝိဟရထ**

ရုပ်အပေါင်းနာမ်အပေါင်းကို ရှုမှတ်ပွားများပြီးတော့နေကြ၊ သတိသမ္ပဇဉ်နဲ့ ပြည့်စုံကြ၊ ဘာကြောင့်တိုက်တွန်းရသလဲဆိုတော့ **ယထာဘူတ ဉာဏာယ** ရုပ်နာမ်အပေါင်းကို ဟုတ်တိုင်းမှန်စွာ သိဘို့ရာ ပါပဲ။ ဟုတ်တိုင်းမှန်စွာသိဖို့ရာနဲ့ ပတ်သတ်ပြီးတော့ ရုပ်အပေါင်း နာမ် အပေါင်းကို အဖန်ဖန်အထပ်ထပ်ရှုမှတ်ပြီးတော့ ခဏိကသမာဓိ တခဏခြင်းလေး တည်ကြည်တဲ့သမာဓိမျိုး၊ အခြေခံ ဥပစာရသမာဓိ ဆုံးခန်းတိုင်မြောက်ရောက်တဲ့ အပ္ပနာသမာဓိမျိုးဖြစ်ပွားအောင် ကြိုးစားကြ။

ဘယ်အကျိုးငှာလဲဆိုတော့ ယထာဘူတ ဟုတ်တိုင်းမှန်စွာ ဉာဏာယ သိမြင်ဘို့ရာပါပဲ။ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိနဲ့ ပြည့်စုံအောင် ကြိုးစားကြ။ အမြော်အမြင်ရှိကြ၊ သမာဓိရမှ တည်ကြည်တဲ့စိတ်ရှိမှ ဟုတ်တိုင်းမှန်စွာ သိနိုင်မှာ။

http://www.dhammadownload.com



ဟုတ်တိုင်းမှန်စွာ သိမြင်ဖို့အတွက် ဝေဒနာတွေကို ရှုပွားပြီးတော့ နေကြ။ ဟုတ်တိုင်းမှန်စွာသိဖို့အတွက် စိတ်တွေကိုစိတ်လို့ အဖန်ဖန် အထပ်ထပ်ရှုမှတ်ကြ။ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ဖြစ်အောင်ကြိုးစားကြ။

ကောင်းဆိုးနှစ်ဖြာ တရားတော်တွေအပေါ်မှာလည်း တရားတော်တွေလို့ ရှုမှတ်ကြ။ အမှန်အတိုင်းမြင်ဖို့ရာနဲ့ ပတ်သတ်ပြီးတော့ တရားတော်တွေအပေါ်မှာ တရားလို့၊ ဓမ္မအပေါ်မှာ ဓမ္မလို့ အဖန်ဖန် အထပ်ထပ်ရှုမှတ်ကြ။ အဲဒီလို ရောက်သစ်စရဟန်းတော်တွေကို သတိပဋ္ဌာန်တရားအားထုတ်ဘို့ တိုက်တွန်းရတယ်။

**အရဟတ္တဖိုလ်မျှော် ရဟန်းတော်များ**

အခု ယောဂီသူတော်စင်များ အာနာပါနဿတိ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုအားထုတ်လိုက်တယ်။ အဲဒါနဲ့ အစပျိုးထောင်ပြီး အားထုတ်တော့ အာနာပါနဿတိ၊ ကာယာနုပဿနာသတိပဋ္ဌာန် လေးပါးလုံး အားထုတ်ရာရောက်တယ်။

သတိပဋ္ဌာန်လေးပါးလုံးအားထုတ်ရာရောက်တော့ ဗောဇ္ဈင် (၇)ပါးပွားများရာရောက်တယ်။ ဗောဇ္ဈင် (၇)ပါး ပွားများရာရောက်တော့ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးပွားများရာရောက်တယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း ယောဂီသူတော်စင်များဟာ အာနာပါနဿတိ၊ ကာယာနုပဿနာသတိပဋ္ဌာန် အားသစ်ပြီးတော့ ကြိုးစားပြီးတော့လာတာဟာ ဉာဏ်အဆင့်ဆင့်ရဘို့ရာပါပဲ။

ရောက်သစ်စ ရဟန်းတော်များကိုသာ သတိပဋ္ဌာန်တရား အားထုတ်ဖို့တိုက်တွန်းရမှာ မဟုတ်ပါဘူး။ အချို့အချို့ ရဟန်းတော်များက အရဟတ္တဖိုလ်မျှော်ပြီးတော့ နေကြတယ်။ အရဟတ္တဖိုလ်သို့ မရောက်သေးဘူး။ သို့သော်လည်းပဲ အရဟတ္တဖိုလ်ကို မျှော်လင့်နေကြတဲ့ သေက္ခပုဂ္ဂိုလ် (၇)ယောက်ရှိတယ်။ သိက္ခာသုံးပါး ကျင့်ဆဲပုဂ္ဂိုလ်တွေ၊

http://www.dhammadownload.com



အဲဒီ အရဟတ္တဖိုလ်မျှော်ပြီးတော့နေတဲ့ သိက္ခာသုံးပါး ကျင့်ဆဲဖြစ်တဲ့ အရှင်မြတ်တွေလဲပဲ ဒီကာယခေါ်တဲ့ရုပ်အပေါင်းကို ပရိညာယ ပိုင်းခြားပြီးတော့ သိဖို့ရာကာယာနုပဿနာတရားအားထုတ်တော်မူကြတယ်။

ဝေဒနာတွေကို ပိုင်းခြားသိဖို့ရာ ဝေဒနာနုပဿနာ သတိပဋ္ဌာန် စိတ်တွေကို ပိုင်းခြားပြီးတော့ သိဖို့ရာ စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားတော် ဓမ္မတွေကို ပိုင်းခြားပြီးတော့ သိဘို့ရာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရအောင် ကြိုးစားတော်မူကြတယ်။

**လက်သုံးတော်ပြု**

ဒီလိုဆိုရင် အထွဋ်အထိပ်သို့ရောက်ကြပြီးသား ရဟန္တာ အရှင်မြတ်ကြီးတွေ အဲဒီအရှင်မြတ်ကြီးတွေကရော ဒီသတိပဋ္ဌာန်ကိုပဲ လက်သုံးပြုတော်မူကြတယ်။ ဟော အာသဝေါတရားကုန်ခမ်းပြီးသား ပုဂ္ဂိုလ်တွေ ပြုဘွယ်ကိစ္စတွေ ပြည့်စုံပြီးသား ပုဂ္ဂိုလ်တွေ အထွဋ်အထိပ်သို့ ရောက်ကြပြီးတဲ့ အရှင်မြတ်ကြီးတွေ အဲဒီအရှင်မြတ်ကြီးတွေလည်းပဲ ကာယာနုပဿနာသတိပဋ္ဌာန်နဲ့ပဲနေကြတယ်။

ကာယ ခေါ်တဲ့ ရုပ်ကာယ၊ နာမ်ကာယ ရုပ်အပေါင်း၊ နာမ် အပေါင်းကို တဏှာဒိဋ္ဌိသဘောနဲ့ ယှဉ်တွဲပြီးမနေဘူး။ ဝေဒနာကို အကြောင်းပြုပြီးတော့ တဏှာဒိဋ္ဌိမဖြစ်ကြဘူး။ စိတ္တာနုပဿနာ သတိပဋ္ဌာန်နဲ့ပဲ သီတင်းသုံးတော်မူကြတယ်။ စိတ်ကိုအကြောင်းပြုပြီးတော့ တဏှာစွဲ ဒိဋ္ဌိစွဲ မရှိကြဘူး။

ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ပဲ သီတင်းသုံးတော်မူကြတယ်။ ဓမ္မတွေကိုအကြောင်းပြုပြီးတော့ တဏှာဒိဋ္ဌိမဖြစ်ကြဘူး။ အဲဒီတော့ ဒီဒေသနာတော်မှာ မြတ်စွာဘုရားက ရောက်သစ်စရဟန်းတော်များနဲ့ ပတ်သတ်ပြီးတော့ အဓိကထားပြီးဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



သာသနာ့ဘောင်ရောက်သစ်စ ရဟန်းတော်များ ရောက်လာပြီဆိုရင်တော့ သတိပဋ္ဌာန်လေးပါးပွားများဘို့ တိုက်တွန်းကြ။ သတိပဋ္ဌာန်လေးပါးအာရုံထဲမှာပဲ ပျော်ပိုက်ဖို့ တိုက်တွန်းကြလို့ ဟောတော်မူပါတယ်။

**မျောက်နှဲစေး**

နောက်ဆက်ပြီးတော့ဟောကြားတော်မူတာက ဘာလဲလို့ဆိုတော့ ဥပမာအမျိုးမျိုးနဲ့ ဟောကြားတော်မူတာပါပဲ။

ဟိမဝန္တာတောင်အရပ်တွေထဲက တချို့တောင်အရပ်တွေဟာ မညီမညွတ်ကုန်းတွေ၊ ကျင်းတွေ၊ ချိုင့်တွေနဲ့ မညီမညွတ်

လူတွေလည်းသွားလာဖို့ခက်တယ်၊ မျောက်တွေလည်း သွားလာဖို့ခက်တယ်။ တချို့နေရာတွေကျတော့ လူတွေတော့မသွားနိုင်ဘူး၊ မျောက်တွေတော့ သွားလာလို့ရတယ်။

တစ်ချို့နေရာတွေကျတော့ မြေ့လျော်ဘွယ်ကောင်းပြီးတော့ နေရာကလည်း ညီညီညွတ်ညွတ်ဖြစ်နေတဲ့အခါကျတော့ လူတွေလည်း သွားလို့ရ၊ မျောက်တွေလည်းသွားလို့ရတယ်။ အဲလို မျောက်တွေလည်း သွားရ၊ လူတွေလည်းသွားလို့ရတဲ့နေရာမျိုး၊ မျောက်တွေသွားရတယ်။ လူတွေသွားလို့မရတဲ့နေရာမျိုးတွေမှာ မုဆိုးတစ်ယောက်က မျောက်တွေသွားတဲ့နေရာနားမှာ မျောက်နှဲစေးတွေချထားတယ်။ မျောက်နှဲစေးနဲ့ ထောင်ထားတာ။ အချို့မျောက်တွေကျတော့ အသိဉာဏ် နဲနဲရှိတယ်။ လျှပ်ပေါ်လော်လီမှုအားနည်းတယ်။ ဒီမျောက်နှဲစေးကို ရှောင်ကွင်းပြီးတော့ သွားကြတယ်။

အချို့အချို့မျောက်တွေကျတော့ မိုက်မိုက်ကန်းကန်းနဲ့ လျှပ်ပေါ်လော်လီမှုကလည်းများနေတော့ မျောက်နှဲစေးကို ကိုင်ကြည့်တယ်။ မျောက်နှဲစေးဆိုတာ ညောင်စေးတို့၊ ဆီတို့နဲ့ချက်ထားတယ်။ ကိုင်မိလို့ရှိရင် ကပ်ငြိနေတာ ဖြုတ်မရတဲ့ဟာမျိုးပေါ့။

http://www.dhammadownload.com



မျောက်နှဲစေးထောင်ထားတဲ့အခါ တစ်ချို့ မျောက်တွေက လျှပ်ပေါ်လော်လီတဲ့မျောက်တွေက မိုက်မိုက်ကန်းကန်းနဲ့ အဲဒီမျောက်နှဲစေးကို လက်တဖက်နဲ့ကိုင်ကြည့်တယ်။

ကိုင်ကြည့်တော့ ခွာမရဘူး၊ ခွာမရတော့ ဒုတိယလက်နဲ့ ကိုင်ကြည့်တယ်။ ဒုတိယလက်တစ်ဖက်လဲ ကပ်ပြီးတော့နေတယ်။ လက်တွေတော့ ကပ်နေပြီဆိုပြီးခြေထောက်နဲ့ ကန်ကျောက်ပြန်တော့လဲ လွတ်အောင်ဘယ်ဘက်ခြေထောက်နဲ့ကန်တော့ ဘယ်ဘက်ခြေထောက် ကပ်၊ ညာဘက်ခြေထောက်နဲ့ကန်လိုက်ပြန်တော့ ညာဘက်ခြေထောက် ကပ်နေတယ်။

ခြေရောလက်ရော မျောက်နှဲစေးမှာ ကပ်ပြီးတော့နေတော့ လွတ်အောင် ပါးစပ်နဲ့ကုန်းကိုက်တယ်။ ပါးစပ်နဲ့ကုန်းကိုက်လိုက်ပြန်တော့ လည်း ပါးစပ်ကပ်နေတယ်။ အဲဒီတော့ ငါးဌာနလုံးမလှုပ်နိုင်တော့ဘူး။ မလှုပ်နိုင်တော့ ခြေရောလက်ရော၊ ပါးစပ်ရော၊ မျောက်နှဲစေးနဲ့ကပ်ပြီး နေတော့ ငြီးငြူပြီးတော့ အဲဒီနေရာမှာပဲ ပုံကျခွေယိုင်လဲကျသွားတယ်။

အဲဒီအချိန်မှာ မုဆိုးကမျောက်တော့လဲကျပြီ၊ မိပြီဆိုပြီး အဲဒီနားမှာပဲ ညှင်းဆဲပြီးတော့မီးပုံထဲထည့်ချင်လဲထည့်မယ်။ သတ်ဖြတ်ပြီး ပစ်ထားချင်လည်းပြစ်ထားခဲ့မယ်။

မျောက်နှဲစေးကိုင်တွယ်တဲ့ အဲဒီမျောက်ဟာ ဘာကြောင့်ဒီလို ဖြစ်ရသလဲဆိုတော့ သူသွားရိုးသွားစဉ်လမ်းအတိုင်းမသွားပဲနဲ့ လော်လီပြီး ယောက်ယက်ခတ်ပြီး မျောက်နှဲစေးသွားကိုင်တာကိုး။ သွားရိုးသွားစဉ် အတိုင်းမဟုတ်ဘူး။

ရှေ့ကအသိဉာဏ်ရှိကြတဲ့ မျောက်တွေသွားတဲ့ လမ်းအတိုင်း မသွားဘူး။ လျှပ်ပေါ်လော်လီပြီးတော့ မျောက်နှဲစေးသွားကိုင်တော့ အဲဒီနေရာမှာပဲ လဲကျသေကျေပျက်စီးရတယ်။

အဲဒီလိုပဲတဲ့ ဘုန်းကြီးတို့မလိမ္မာတဲ့ပုဂ္ဂိုလ်၊ နားမလည်တဲ့ပုဂ္ဂိုလ် များကျတော့ သာယာမြတ်နိုးဘွယ်ကောင်းတဲ့အာရုံတွေ၊ ရူပါရုံ၊ သဒ္ဒါရုံ၊

http://www.dhammadownload.com



ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးဆိုတဲ့ မျောက်နဲ့စေးနဲ့ ကပ်ပြီးတော့ ဆင်းရဲဒုက္ခရောက်ကြတယ်။

## မာရ်မင်းရဲ့အနှိပ်အစက်မခံရအောင်

အကယ်၍ မိမိတို့ကျက်စားရာ တရားအာရုံမှာ ကျက်စားမယ်ဆိုလို့ရှိရင် စောစောကမျောက်တွေထဲက ထိုက်တန်သလောက် အသိဉာဏ်ရှိတဲ့ မျောက်များကျတော့ သွားရိုးသွားစဉ်အတိုင်းသွားသလို မျောက်နဲ့စေးကို မကိုင်ပဲသွားကြတဲ့အခါ ဘေးရန်ကလွတ်ကင်းတယ်။

အဲသလိုပဲ မိမိတို့ကျက်စားရာအာရုံ သတိပဋ္ဌာန်အာရုံမှာ ကျက်စားမယ်ဆိုရင် -

အဖမြတ်စွာ ငါမှလာတဲ့သတိပဋ္ဌာန်အာရုံမှာ ကျက်စားမယ်ဆိုရင် မုဆိုးအညှင်းဆဲမခံရတဲ့မျောက်များလို

နလစ္ဆတိ မာရော ဩတာရံ

နလစ္ဆတိ မာရော အာရမ္မဏံ

မာရ်မင်းရဲ့ အနှိပ်အစက်မခံရဘူး၊ မာရ်မင်းရဲ့ အနှိပ်အစက်မခံရအောင် မိမိတို့ရဲ့ကျက်စားရာဖြစ်တဲ့ သတိပဋ္ဌာန်အာရုံမှာ ကျက်စားရမယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

## ဆွမ်းတော်လာဘ်တော်ရ

ဒီနောက်ကျပြန်တော့ စဖိုသယ်တစ်ယောက် ရှင်ဘုရင်ရဲ့ စားတော်ကဲ၊ မင်းအမတ်ကြီးတို့ရဲ့ စားတော်ကဲဆိုကြပါစို့။ သူဟာ ချိုချဉ်ဖန်ခါးအစပ်အငန်အရသာတွေနဲ့ ပြည့်စုံတဲ့ထမင်းတွေ၊ ဟင်းတွေချက်ချက်ပြီးတော့ "မင်းကြီးက ဘယ်ဟင်းကိုပိုစားသလဲ၊ ဘယ်ဟင်းကို ခဏခဏစားသလဲ၊ ဘယ်ဟင်းကိုစားပြီးတဲ့အခါ သဘောကျသွားသလဲ"

စားတော်ကဲဟာ အကဲမခတ်ဘူး၊ အကဲမခတ်မိတဲ့အခါ နောက်တရက်ကျတော့ ဒီတိုင်းပဲသူချက်ချင်တာတွေချက်လာ၊ ရှင်ဘုရင်

http://www.dhammadownload.com



ကြီးက အစပ်ကိုကြိုက်တယ်ဆိုရင် သူကအငန်ချက်တယ်၊ အချိုချက်တယ်။ အဲကိုက်မဖြစ်တဲ့အခါကျတော့ ဆုတော်လာဘ်တော်တို့ ဆုစားနပ်ရိက္ခာတို့ မရနိုင်ဘူး။

လိမ္မာတဲ့စားတော်ကဲ ထမင်းချက်ကွေးတယ်။ မင်း၊ အမတ်တို့အား ထမင်းချက်ပြီးတော့ပေး၊ အဲလိုချက်ပေးတဲ့အခါ ချို ချဉ် စပ် ဖန် အငန် အခါးအရသာစုံချက်ပြုတ်ပြီးတော့ ဆက်သတယ်။ ပေးပြီးတဲ့အခါ ထိုင်ပြီးတော့ သေချာကြည့်၊ ရှင်ဘုရင်ကြီးက အချဉ်ကိုပိုစားသလား၊ အချိုကိုပိုစားသလား၊ အငန်ကိုပိုစားသလား၊ ဘယ်ဟင်းလေးကိုပိုပြီးတော့ သဘောကျသလဲလို့ ထိုင်ပြီးတော့ကြည့်နေတယ်။ ကြည့်တဲ့အခါကျတော့ သူကသိတယ်၊ ချိုချဉ်စပ်ဖန် အငန်အခါးထဲက ဘယ်အရာကို ကြိုက်တယ်ဆိုတာသိတယ်။

သိတဲ့အခါကျတော့ နောက်တနေ့မှာ စားဖို့သောက်ဖို့စီမံတဲ့အခါကျတော့ ရှင်ဘုရင်ကြီးအကြိုက်ကို လိုက်ပြီးတော့ စီမံပြီးတော့ ဆက်သတယ်။ ရှင်ဘုရင်ကြီးက သိပ်သဘောကျတာပဲ။ သူကြိုက်တာလေးတွေ ရွေးပြီးတော့ချက်တတ်တယ်ဆိုပြီး အဲဒီမှာ အစားတွေ အဝတ်တွေ ဆုတော်လာဘ်တော်တွေ အများကြီးပေးတယ်။

ပထမစားတော်ကဲကတော့ ဘာကြောင့်ဆုတော်လာဘ်တော် မရသလဲဆိုတော့ ထမင်းပွဲနှင့်ပတ်သတ်ပြီး အမှတ်တမဲ့နေခဲ့လို့ ဒုတိယစားတော်ကဲကျတော့ ထမင်းပွဲနှင့်ပတ်သတ်ပြီးတော့ အမှတ်တမဲ့ မနေဘူး။ အဲဒီလိုပါပဲ ယောဂီသူတော်စင်များဟာလည်း မိမိတို့ရုပ်အပေါင်း၊ နာမ်အပေါင်းကာယ၊ ဝေဒနာ၊ စိတ်၊ ဓမ္မတရား၊ ဒီအချက်တွေနဲ့ ပတ်သက်ပြီးတော့ မိမိစိတ်ရဲ့အခြေအနေကို အစဉ်မပြတ်မကြည့်ရှုဘူး ဆိုရင် ဟော- စိတ်ကလေးဟာ တည်ကြည်မှုလဲ မရနိုင်ဘူး၊ စိတ်ညစ် နွမ်းမှုဖြစ်တဲ့ နီဝရဏတွေကိုလဲ မဖယ်ရှားနိုင်ဘူး၊

ပြီးတော့ မျက်မှောက်ထင်ထင်ရှုမြင်အပ်တဲ့ သမာဓိချမ်းသာ ဝိပဿနာချမ်းသာကိုလည်း မရနိုင်ဘူး။ သတိသမ္ပဇဉ်တွေလဲ

http://www.dhammadownload.com



မဖြစ်နိုင်ဘူး။ ယောဂီသူတော်စင်တစ်ယောက်ဟာ ကာယရုပ်အပေါင်း နာမ်အပေါင်းကို အဖန်ဖန်တလဲလဲရှုပြီးတော့ ရုပ်ရဲ့အခြေအနေ နာမ်ရဲ့အခြေအနေ၊ ဝေဒနာရဲ့အခြေအနေ၊ စိတ်ရဲ့အခြေအနေ၊ ဓမ္မတရားတွေရဲ့အခြေအနေ တရားတွေရဲ့ ဖြစ်စဉ်-

အဲဒီလိုဖြစ်စဉ်တွေကို ကြည့်ပြီးတော့ မိမိရဲ့စိတ်ကလေးဟာ ဘယ်လိုအနေအထားမှာရှိတယ်။ ဟော- တရားတွေရဲ့ဖြစ်စဉ်တွေကို ကျကျနနကြည့်ရှုပြီးတော့ စိတ်ကလေးတည်ကြည်လာတယ်။

အဲဒီလို တည်ကြည်လာတော့ စိတ်ရဲ့အညစ်အကြေး နီဝရဏတရားတွေဖယ်ရှားနိုင်တယ်။အဲဒီနီဝရဏတရားတွေ ဖယ်ရှားနိုင်တဲ့အခါကျတော့ စိတ်ရဲ့အနေအထားကို ကျကျနနသိနိုင်ပြီးတော့ မျက်မှောက်ဘဝမှာတင် တွေ့ကြုံရတဲ့ရရှိခံစားရတဲ့ ဈာန်သမာဓိ၊ ချမ်းသာ ဝိပဿနာချမ်းသာများရရှိနိုင်တယ်၊ သတိသမ္ပဇဉ်တွေလည်း အားကောင်းပြီးလာတယ်။ အဲဒီတော့ လိမ္မာတဲ့စားတော်ကဲလို ထမင်းရဲ့ အခြေအနေ ပွဲတော်ဆက်ထားတဲ့ ဟင်းတွေရဲ့အခြေအနေတွေကို ကျကျနနကြည့်ရှုတဲ့စားတော်ကဲ၊ အစားအဝတ်အစရှိတဲ့ ရှင်ဘုရင်ရဲ့ဆုတော်၊ လာဘ်တော်များရသလို၊ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့နဲ့ပတ်သတ်ပြီးတော့ ကျကျနနကြည့်ရှုပြီးတော့နေတဲ့ပုဂ္ဂိုလ်၊ ယောဂီသူတော်စင်များဟာလည်းပဲ စိတ်ရဲ့တည်ကြည်မှုကိုရနိုင်တယ်။ စိတ်ညစ်နွမ်းကြောင်းဖြစ်တဲ့ နီဝရဏတရားတွေကိုလည်း ပယ်ရှားနိုင်တယ်။ မျက်မှောက်ထင်ထင် ရှုမြင်အပ်တဲ့ သမာဓိ၊ ဈာန်ချမ်းသာတွေကိုရနိုင်တယ်။ ဝိပဿနာချမ်းသာကိုလည်း ရရှိနိုင်တယ်လို့ မြတ်စွာဘုရား စားတော်ဆက်ဥပမာ ထားပြီးတော့ဟောကြားတော်မူတဲ့ ဒေသနာတော်အတိုင်း ယနေ့ ယောဂီသူတော်စင်များဟာ လိမ္မာတဲ့စားတော်ကဲလို စိတ်ရဲ့ဖြစ်ပုံစသည့် အခြေအနေလေးကို ကျကျနနကြည့်ရှုပြီးတော့လာခဲ့တဲ့အတွက်၊

http://www.dhammadownload.com



**ပဋ္ဌာန်းကျမ်းကြီးက ဝိပဿနာရှုနည်း**

ဟော- ဉာဏဒဿန အသိဉာဏ်အမြင်အသိအမြင်တွေဟာ တိုးပွားပြီးတော့လာတယ်။ လျှပ်ပေါ်လော်လီတဲ့မျောက်ဟာ မျောက်နဲ့ စေးကို လက်ခြေပါးစပ် ငါးဌာနကပ်ငြိပြီးတော့နေသလို မဟုတ်ပဲနဲ့။

| | |
|---|---|
| အဆင်းမျိုးစုံ | ရူပါရုံ |
| အသံမျိုးစုံ | သဒ္ဒါရုံ |
| အနံ့မျိုးစုံ | ဂန္ဓာရုံ |
| အရသာမျိုးစုံ | ရသာရုံ |
| အတွေ့ထိမျိုးစုံ | ဖောဋ္ဌဗ္ဗာရုံ |

အာရုံငါးပါးတွေနဲ့ ပတ်သတ်ပြီးတော့လည်းပဲ မကပ်မငြိပဲ စိတ်ကလေးတည် ကြည်မှုရပြီးတော့ အလွန်ကြည်လင်တဲ့ရေကန်ထဲမှာ ကြည့်လိုက်တဲ့ အခါကျတော့ ဒီရေကန်ထဲမှာရှိနေတဲ့ အရာဝတ္ထု အားလုံးကို မြင်နိုင်သလိုပဲ။

မိမိတို့စိတ်ကလေး တည်ကြည်မှုရပြီဆိုတဲ့အခါမှာ ကြားရတယ်။ အသံမျိုးစုံ၊ အဲဒီ အသံမျိုးစုံ ကြားသိတာနဲ့ တစ်ပြိုင်နက်ထဲ ကြားတာနဲ့ တစ်ပြိုက်နက်ထဲ မမြဲတာကိုလဲ သိတယ်။ အနိစ္စသဘော။

မမြဲလို့ဆင်းရဲတယ်လို့ သိတယ်။ မြဲလဲမမြဲဘူး။ ဆင်းရဲဆင်းရဲ တာဆိုရင် မိမိအစိုးမရတာကိုလဲ သိတယ်။ အဲဒါကို ပဋ္ဌာန်းတရား တော်မှာ-

**သောတ္တာဝိ ပုထုဇ္ဇနာဝိ စက္ခုံ၊ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿန္တိ။**

ဟော- စက္ခုပသာဒ အကြည်ဓာတ်ကလေး ရူပါရုံဆိုတဲ့ အဆင်း ဓာတ်၊ ဒါလေးတွေတစ်ခုနဲ့တစ်ခု စက္ခုပသာဒ ရူပါရုံတိုက်ဆိုင်ပြီးတော့ ဖြစ်ပေါ်လာတာက စက္ခုဝိညာဉ်၊ မြင်သိဓာတ်။ အဲဒီ မြင်သိစိတ် ကလေးရဲ့ မမြဲတာကိုလဲ သဘောပေါက်တယ်။ အခြေခံပသာဒ အကြည်

http://www.dhammadownload.com



ဓာတ်နှင့်တကွ အတိုက်ဓာတ်၊ အရိုက်ဓာတ်၊ အခံဓာတ်၊ အပွင့်ဓာတ်တွေကို လက္ခဏာတင်ရှုရတယ်။

ကြားသိစိတ်ကလေး မမြဲတာကိုလဲ သဘောပေါက်တယ်။ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ် နေ့စဉ် နေ့စဉ် ကြုံတွေ့ပြီးတော့ နေတဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့ ဝိပဿနာဉာဏ်နဲ့ ရှုမြင်သုံးသပ်ပြီးတော့ အလေ့အထရသွားတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ရှုလို့ရတယ်။

မြင်မြင်သမျှကို ဝိပဿနာဖြစ်အောင်၊ ကြားကြားသမျှကို ဝိပဿနာဖြစ်အောင်၊ နံသမျှ၊ လျှက်သမျှ၊ ထိသမျှ သိသမျှ ဝိပဿနာဖြစ်အောင် မိမိတို့ဉာဏ်ထဲမှာ အရှိန်ရလာပြီဆိုတဲ့အခါကျတော့ ရှုမြင်သုံးသပ်လို့ရတယ်။ အဗျာကတ ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေကို အခြေခံပြီး ဝိပဿနာဉာဏ်ဖြစ်ပုံပါပဲ။

တစ်ခါတရံ ဘုရားကို လျှပ်စစ်မီးပူဇော်ထားတယ်။ ရောင်စုံမီးနဲ့ပူဇော်ထားတယ်။ အဲဒီ ရောင်စုံမီးဟာ တစ်ချို့နေရာတွေမှာကျတော့ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် လှည့်ပတ်ပြီးတော့နေပုံ ပူဇော်ထားတယ်ဆိုကြပါစို့။

ကြည့်လိုက်လို့ရှိရင် တစ်ခုထဲလို့အောက်မေ့ရတယ်။ ရောင်ခြည်တော်အတန်းကြီးဟာ ညိုရွှေဖြူနီ အစရှိတဲ့ အရောင်တွေနဲ့ (တစ်ခုပြီးတစ်ခု) မီးစတစ်ခုကို ကိုင်ပြီးတော့ အားရှိတဲ့ပုဂ္ဂိုလ် တစ်ယောက်က လက်နဲ့ရမ်းမယ်ဆိုရင် မီးကွင်းကြီးလို့ ထင်ရတယ်။ ဉာဏ်နဲ့ကြည့်လိုက်တော့မှ မီးစတစ်ခုထဲ၊ တစ်ဆက်ထဲ ဖြစ်နေတာကိုး။

ကြားတာလေးတွေနဲ့ ပတ်သက်ပြီးတော့ အသံမျိုးစုံကြားပြီးတော့ နေကြတယ်။ အဲဒီ ကြားနေတာတွေနဲ့ ပတ်သက်ပြီးတော့ အဲဒီ ကြားတဲ့ အချိန်အခါမှာလဲပဲ ကြားတဲ့အသံတွေကို ကြားသိစိတ်ကလေးတွေ မမြဲတာကို စိတ်တည်ကြည်မှုရှိတဲ့ အခါကျတော့ ဒါလေးကို ကြည့်တိုင်းဟာ တစ်ခုချင်း တစ်ခုချင်း၊ တစ်ကန့်ချင်း တစ်ကန့်ချင်း၊ တစ်သံချင်း တစ်သံချင်း ခွဲခြမ်းပြီး သိလာပါလိမ့်မယ်။ အဲဒါဟာ ဝိပဿနာပါပဲ။

http://www.dhammadownload.com



ဒီထက် တစ်ဆင့်တက်ပြီးတော့ ပြောမယ်ဆိုရင် "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးခါ သုံးဖြာလက္ခဏ သုံးသပ်ရ သမ္မသနဉာဏ်"။

သမ္မသနဉာဏ် သုံးသပ်တယ်။ ဘာနဲ့သုံးသပ်သလဲ အနိစ္စနဲ့ သုံးသပ်တယ်။ ဒုက္ခနဲ့သုံးသပ်တယ်။ အနတ္တနဲ့သုံးသပ်တယ်။

ဘယ်လိုဖွဲ့စပ်ရမလဲ။ ခန္ဓာဖွဲ့လိုက်၊ ဝါယောဓာတ်လေက ရူပက္ခန္ဓာ၊ အဲဒီ ဝါယောဓာတ်ကို ရှုမှတ်တဲ့စိတ် ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာနဲ့ တွဲပြီးတော့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ တွဲယှဉ်ပြီးတော့ ခန္ဓာငါးပါးလုံးဖြစ်နေတယ်။

ဝါယောဓာတ်ခေါ်တဲ့ ရူပက္ခန္ဓာတစ်မျိုးထဲပဲ ဝါယောဓာတ်ရဲ့ အနိစ္စသဘောဟာ အင်မတန်ထင်ရှားပါတယ်။ ထွက်လေအခိုက် ဝင်လေ အခိုက်၊ ထွက်လေ ဝင်လေ ရှုမှတ်တဲ့အခိုက်မှာ အသုံးချအချိန် တစ်ထောင်ဆိုရင် အကြိမ်တစ်ထောင် အနိစ္စပါပဲ။

ဟော- ထွက်လေ ဝင်လေ တစ်နာရီခန့်မှန်းလို့ရရင် တစ်နေ့ တာလဲ ခန့်မှန်းလို့ ရတော့တာကိုး။

အဲဒီလိုနည်းမျိုးနဲ့ မိမိတို့သန္တာန်မှာဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို စားတော်ကဲ ပွဲတော်တင်ထားတဲ့ ထမင်းအုပ်နဲ့ ပတ်သက်ပြီးတော့ အစဉ်မပြတ် အကဲခတ်ပြီးတော့နေသလို မိမိတို့ သန္တာန်မှာဖြစ်တဲ့ ရုပ်အပေါင်း၊ နာမ်အပေါင်း၊ ဝေဒနာ၊ စိတ်၊ ဓမ္မတို့နဲ့ ပတ်သက်ပြီးတော့ အစဉ်မပြတ် အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံ၊ အနတ္တဖြစ်ပုံ။

အဲဒီလို အကဲခတ်ပြီးတော့ ကြည့်မယ် ရှုမယ်ဆိုရင် ဒါဝိပဿနာ ခေါ်တဲ့ အသိမျိုး ဉာဏ်မျိုး ရရှိနိုင်ပါတယ်။

အဲဒီလို အသိထူး ဉာဏ်ထူးများ ရရှိနိုင်အောင်လို့ ဆိုပြီးတော့ အားထုတ်ပြီး နေကြတာကိုး။ အဲဒီလို အသိထူး အမြင်ထူးတွေ ရရှိပြီး လာတဲ့အခါကျတော့ တဏှာဒိဋ္ဌိကို မမှီတော့ဘူး။ ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကကြီးထဲမှာ တစ်စုံတစ်ခုကိုမျှ မစွဲလမ်းတော့ဘူး။ မစွဲလမ်းတော့ ငြိမ်းသွားတော့တာပါပဲ။

http://www.dhammadownload.com



အဲဒီလို ငြိမ်းနိုင်တဲ့နည်းကို မြတ်စွာဘုရားက နည်းမျိုးစုံ၊ ဥပမာမျိုးစုံ၊ စားတော်ကဲဥပမာ၊ မျောက်နဲ့စေးဥပမာနဲ့ အမျိုးစုံဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ ဒေသနာတော်တွေ မြောက်များစွာ ရှိပါတယ်။ အဲဒီ ဒေသနာတော်တွေဟာ နောက်ဆုံးရောက်တဲ့အခါကျတော့ နိဗ္ဗာန်ကမ်းပေါက်ရောက်တဲ့အခါကျတော့ နိဗ္ဗာန်ကမ်းပေါက်ရောက်စေနိုင်တဲ့ တရားတော်ချည်းပါပဲ။

ဒီကျင့်စဉ်တွေဟာ မဂ္ဂင်တရားတွေချည်းပါပဲ။ အဲဒီတရားတွေဟာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းတွေမှန်တယ်လို့ ယုံကြည်မှု သဒ္ဓါတရား ရှေ့ထားပြီး အားထုတ်နေကြတဲ့အတိုင်း ဆက်လက်ပြီးတော့ မိမိတို့ အသိထူး အမြင်ထူးများရရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ အသိထူး အမြင်ထူးများ ရရှိကြပါစေလို့ ဆုတောင်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



# တရားစခန်းအောင်ပွဲ

ယနေ့ ၁၃၆၂ ခု၊ နတ်တော်လပြည့်ကျော် (၈)ရက်နေ့။

(၂၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်ပွဲ။

## သာသနာတော်၏ ပြည့်စုံမှု

(၇)ရက်တရားစခန်း အတွင်းမှာလဲပဲ ဖွင့်ပွဲနေ့ကစပြီးတော့ ဘုန်းကြီးက အားထုတ်နေကြတဲ့ သမထဘာဝနာ, ဝိပဿနာဘာဝနာနဲ့ ပတ်သက်ပြီးတော့ တရားဟောခဲ့တာ (၇)ရက် တရားစခန်းတစ်ကြိမ် ကျင်းပတဲ့အခါ ဘုန်းကြီးတို့ တရားဟောချိန်ဟာ (၉)ကြိမ်ရှိပါတယ်။

ယောဂီသူတော်စင်များ တရားအားထုတ်ဆဲကာလမှာပဲဖြစ်ဖြစ်၊ အားထုတ်ပြီးတော့ ကာလမှာပဲဖြစ်ဖြစ် ဗုဒ္ဓဘုရားရဲ့ တရားတော်တွေနဲ့ ပတ်သက်ပြီး အသိအမြင်တွေ အသင်အကြားတွေ များကြပါစေလို့ ရည်သန်ပြီးတော့ ဟောကြားခဲ့တာပါ။

ယနေ့ (၂၂)ကြိမ်မြောက် တရားစခန်းအောင်ပွဲမှာ-

**ဗုဒ္ဓသု ဗုဒ္ဓတာ လောကေ၊**
**ဓမ္မဿစ သုဓမ္မတာ။**
**သံဃဿ သုပ္ပဋိပတ္တိ၊**
**သော သာသန သမ္ပဒါ။**

လောကေ- လောက၌၊ ဗုဒ္ဓဿ- မြတ်စွာဘုရားရှင်၏၊ သုဗုဒ္ဓတာ- ဘုရားစစ် ဘုရားမှန်၏အဖြစ်လည်းကောင်း၊ ဓမ္မဿ- တရားတော်မြတ်၏၊ သုဓမ္မတာ- ဝဋ်မှထွက်မြောက်ကြောင်း ကောင်းမြတ်သော တရားတော်၏အဖြစ်လည်းကောင်း၊ သံဃဿ- သံဃတော်မြတ်၏၊ သုပ္ပဋိပတ္တိ- ကောင်းစွာလိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းလည်းကောင်း၊ သော- ဤသည်ပင်၊ သာသနဿ- သာသနာတော်မြတ်ကြီး၏၊ သမ္ပဒါ- ပြည့်စုံမှုပါပေတည်း။ သော- ဤသည်လျှင်၊ သာသနသမ္ပဒါ-

http://www.dhammadownload.com



ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီး၏ ပြည့်စုံမှုကြီးဖြစ်ပါပေသတည်း။

ဒီစကားရဲ့အဓိပ္ပါယ်က ဘာလဲလို့ဆိုတော့ သာသနာတော်ရဲ့ ပြည့်စုံမှုဆိုတာ ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ၊ ကိုယ်တိုင်သိ သစ္စာလေးပါးတရားကို ဆရာမပါပဲနဲ့ သိတော်မူတဲ့ဘုရားတရား။

ဟောတော်မူတဲ့တရားတွေကလဲ ဝဋ်မှထွက်မြောက် ကိလေသာငြိမ်းကြောင်းတရား။ တပည့်သားသာဝကတွေကလဲ လိုက်နာကျင့်သုံး။

ဒီအချက်အလက်တွေနဲ့ ပြည့်စုံလို့ရှိရင် သာသနာတော်ဟာ ပြည့်စုံတဲ့သာသနာ၊ သာသနာတော်ရဲ့ပြည့်စုံမှု။ တစ်ချိန်က နိဂဏ္ဌနာဋပုတ်တိတ္ထိဆရာကြီး ကွယ်လွန်ပြီးတော့သွားတယ်။

မကွယ်လွန်မီကထဲက သူက သူ့တပည့်ကြီးတွေကို ခေါ်ပြီးတော့ တစ်ယောက်ကို ဝါဒတစ်မျိုးဆီ သင်ပေးတယ်။ "ငါကွယ်လွန်လို့ရှိရင် မမြဲတဲ့ အသဿတလို့ပြော"။ တစ်ယောက်ကို "သဿတ"လို့ပြော။

နောက်တစ်ယောက်ကို "ဧကစ္စသဿတ"- အချို့မြဲတယ်။ "ဧကစ္စအသဿတ"- အချို့မမြဲဘူးလို့ ပြော၊ တပည့်ကြီးတွေကို ဝါဒလမ်းစဉ် အသီးအသီးချမှတ်ပြောထားခဲ့တယ်။

ကွယ်လွန်သွားတဲ့ အခါကျတော့ ဆရာကြီး ကွယ်လွန်သွားပြီ ဆရာ့လက်ဆုပ် အာစရိယမုဋ္ဌိ ဘယ်သူ့ပေးခဲ့သလဲ။ ဘယ်သူရသလဲ ဆိုတော့ တစ်ယောက်ကပြောတယ်။ "ငါ့ပေးခဲ့တယ်"။ "ဘယ်လိုပေးခဲ့သလဲ"။ "သဿတ"။

နောက်တစ်ယောက်က မဟုတ်ဘူး။ ငါ့ကိုပေးခဲ့တယ်။ ဘယ်လိုပေးခဲ့သလဲ။ "အသဿတ"။

နောက်တစ်ယောက်က တစ်ခါထဲ ပြောပြန်တယ်။ မင်းတို့ပေးခဲ့တာမဟုတ်ဘူး။ ငါ့ကိုပေးခဲ့တာ။ "ဧကစ္စသဿတ-ဧကစ္စအသဿတ"။

ဒါနဲ့ဘဲ တပည့်တွေ စကားများကြတယ်။ ဒီလိုဖြစ်အောင် နိဂဏ္ဌနာဋပုတ်ကြီးက သူ့ပဲစီမံခဲ့တာ။

http://www.dhammadownload.com



ဘာကြောင့် ဒီလိုစီမံရသလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ စီမံသလဲ ဆိုတော့။ ငါ့လမ်းစဉ်ဟာ မှားတဲ့လမ်းစဉ်ပဲ။ ဘုရားအမည်ခံပြီးတော့သာ နေခဲ့တာ။ ငါတကယ်တမ်းလဲ ဘုရားမဟုတ်ဘူး။ တကယ်တမ်းလဲ သစ္စာတရားသိတဲ့ သမ္မာသမ္ဗုဒ္ဓ မဟုတ်ပါဘူး။ သို့သော်လဲ ရှိပေစေတော့။ ငါ့ကတော့ ငါ့ဘဝနဲ့ငါ၊ ငါဘုရားအမည်ခံပြီးမှတော့ ရဟန်းဂေါတမဆီ သွားပြီးတော့ တပည့်ခံလို့လဲ မဖြစ်တော့ဘူး။

နောင်ရေးနောင်ရာအတွက် တပည့်တွေကို တစ်မျိုးစီ သင်ပေးခဲ့မှပဲ။ တစ်ချို့ "သဿတ"၊ တစ်ချို့ "အသဿတ"၊ တစ်ချို့ "ဧကစ္စသဿတ-တစ်ချို့ ဧကစ္စအသဿတ"။

အဲလို သင်ပေးခဲ့လို့ သူတို့စကားများကြတဲ့အခါမှာ ရဟန်းဂေါတမစီ သွားကြလိမ့်မယ်။ သွားလို့ရှိရင် ရဟန်းဂေါတမ ဖြေရှင်းလို့ ဝါဒလမ်းစဉ်အမှန် သူ့ခမျာများ ရကြလိမ့်မယ်လို့။

တပည့်တွေရဲ့အကျိုး မျှော်လင့်ပြီးတော့ တပည့်တွေကို ဝါဒအမျိုးမျိုးနဲ့ တိုက်ပေးထားတာ။ တိုက်ပေးထားတဲ့အတိုင်းပဲ။

နိဂဏ္ဌနာဋပုတ် ကွယ်လွန်သွားတဲ့အခါ တပည့်တွေဟာ ဝါဒအမျိုးမျိုး ပြောကြ ဆိုကြ မရှင်းမလင်းဖြစ်ကြ၊ ငြင်းကြ ခုံကြတယ်။

အဲဒီလိုနဲ့ ဘုရားဆီရောက်ကြတာပါပဲ။ ရောက်တဲ့အခါကျတော့ အနီးအနားမှာ ဘယ်သူရှိသလဲ။ အဲဒီဖြစ်စဉ်က ပါဝါပြည်မှာ ဖြစ်တာကိုး။ မြတ်စွာဘုရား သာမဆိုတဲ့ရွာမှာ သီတင်းသုံးတယ်။ အရှင်စုန္ဒက ဒီအကျိုးအကြောင်းကို သိတယ်။ အနီးအနားမှာ ရှိတာကိုး။

သိတော့ ပါဝါကနေပြီးတော့ သာမရွာကို သွားတယ်။ သွားတော့ အရှင်အာနန္ဒာနဲ့ တွေ့တယ်။ ငါ့ရှင် စုန္ဒ သင်လာသလား။ လာပါတယ်။ ဘာစကားလက်ဆောင်များ ပါသလဲလို့ဆိုတော့၊ ပါပါတယ်တဲ့ စကားလက်ဆောင်။ ဒီနေ့ မြတ်စွာဘုရားကို လျှောက်ထားစရာ ပါတယ်။

နိဂဏ္ဌနာဋပုတ်ကြီး ကွယ်လွန်တဲ့အကြောင်း သူ့တပည့်တွေ ဝါဒအမျိုးမျိုးနဲ့ စကားများနေကြတဲ့အကြောင်း လျှောက်ထားတယ်။

http://www.dhammadownload.com



ဘုရားဆီ လာသွားကြစို့ ဆိုပြီးတော့ အရှင်အာနန္ဒာရယ်၊ အရှင်စုန္ဒရယ် သွားလျှောက်ကြတော့-

မြတ်စွာဘုရားက- နံပါတ်(၁) စုန္ဒ၊ ဘုရားကလဲ တရားတွေကို ကိုယ်တိုင် သေချာသိတဲ့ သမ္မာသမ္ဗုဒ္ဓ မဟုတ်ဘူး။ ဟောတဲ့တရားကလဲ ဝဋ်မှ ထွက်မြောက်ကြောင်း၊ ကိလေသာငြိမ်းကြောင်း တရားမဟုတ်ဘူး။ တပည့်သား သာဝကက အဲဒီလမ်းစဉ်အတိုင်း လိုက်နာပြီး မကျင့်ဘူးတဲ့။

အဲဒီလို တပည့်သားသာဝကမျိုးကို ချီးမွမ်းပြောဆိုသင့်တယ်။ ဘယ်လို ချီးမွမ်းပြောဆိုသင့်သလဲ။ "သင်ဟာ အရတော်ပေစွ၊ သင်လူဖြစ်ကျိုးနပ်ပေစွ"၊ ဘာကြောင့်လဲ။

ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ သစ္စာလေးပါးကို အမှန်သိတဲ့ဘုရား မဟုတ်ဘူး။ တရားကလဲ ကိလေသာငြိမ်းကြောင်း တရားမဟုတ်။ သင်ကလဲ အဲဒီတရားကို လိုက်နာပြီးတော့ မကျင့်ဘူးဆိုတော့ ဒါကောင်းတဲ့ လုပ်ရပ်ပဲ။

ဒီနေရာမှာ ဘုရားကလဲ ကဲ့ရဲ့အပ်တဲ့ ဘုရားပဲ၊ တရားကလဲ ကဲ့ရဲ့အပ်တဲ့တရားပဲ၊ ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်လို့ပါ။

ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ မဟုတ်လို့ ကဲ့ရဲ့အပ်တယ်။ တရားကလဲ ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်လို့ ကဲ့ရဲ့အပ်တဲ့တရား၊ မမှန်တဲ့ဘုရားက ဟောထားတဲ့ မမှန်တဲ့တရားကို အားမထုတ်တဲ့အတွက် သာဝကတပည့်များကျတော့ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာတယ်။

အဲဒီလို ဘုရားမမှန်၊ တရားမမှန်တဲ့ နေရာမှာ အမျိုးကောင်းသားတစ်ယောက်၊ အမျိုးသမီးကောင်းတစ်ယောက်ဟာ အဲဒီတရားကို ကိုယ်တိုင်လဲအားထုတ်တယ်။ သူတစ်ပါးကိုလဲ တိုက်တွန်းတယ်ဆိုရင် "ဗဟုံ အပုညံ ပသဝန္တိ"- အားလုံးအကုသိုလ်ကြီးပဲ ဖြစ်ကြတယ်။ အကုသိုလ်ပွားကြတယ်။ ဘာကြောင့်လဲ ကောင်းစွာဟောကြားအပ်သော တရားမဟုတ်သောကြောင့်ပါပဲ။ ဒါကတစ်မျိုး။

http://www.dhammadownload.com



နံပါတ်(၂)က ဘာဟောသလဲဆိုတော့ ဘုရားကလဲ သစ္စာသိတဲ့ သမ္မာသမ္ဗုဒ္ဓမဟုတ်ဘူး။ တရားကလဲ ကိလေသာငြိမ်းကြောင်း ဝဋ်မှထွက်မြောက်ကြောင်း တရားမဟုတ်ဘူး။ သို့သော်လဲပဲ သာဝကတစ်ယောက်က လိုက်နာကျင့်သုံးလိုက်တာ၊ မမှန်တဲ့ဘုရားကဟောတဲ့ မမှန်တဲ့တရားကို သာဝကတစ်ယောက်က လိုက်နာနေလိုက်တာ။

သူ့ကို ကဲ့ရဲ့ပြောသင့်တယ်တဲ့။ ဘယ်လိုကဲ့ရဲ့ပြောသင့်သလဲလို့ဆိုတော့ သင်ဟာ လူ့ဘဝအရမတော်ဘူး။ သင့်အဖြစ်က အတော်ဆိုးတယ်။ ဘာကြောင့် ဘုရားလဲမမှန်ဘူး။ တရားလဲမမှန်ဘူး။ သင်ကတော့ လိုက်နာ ပြီးတော့ အားထုတ်နေလို့ပါပဲ။

ဒီနေရာမှာ ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ မဟုတ်လို့ ကဲ့ရဲ့အပ်တယ်။ တရားကလဲ ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်လို့ ကဲ့ရဲ့အပ်တယ်။ တပည့်ကိုလဲ မမှန်တဲ့လမ်းကြော လိုက်နာကျင့်သုံးနေတဲ့အတွက် ကဲ့ရဲ့အပ်တယ်။

ဒီလို ဘုရားမမှန်၊ တရားမမှန်တဲ့နေရာမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မိမိကိုယ်တိုင်လဲ အားထုတ်တယ်၊ ကျင့်ကြံတယ်။ သူတစ်ပါးကိုလဲ အားထုတ်စေတယ်လို့ဆိုရင် အားလုံး အကုသိုလ်ချည်းထဲများကြတာပဲ။ ဘာကြောင့်လဲလို့ဆိုရင် ကောင်းစွာဟောကြားအပ်တဲ့တရား မဟုတ်သောကြောင့်ပါပဲ။ ဒီတော့ အားထုတ်တိုင်းလဲ ကောင်းတာမဟုတ်ဘူးလို့ သိမှတ်ဖို့ပါပဲ။

နံပါတ် (၃)ကျတော့ ဘာဟောသလဲလို့ဆိုတော့ စုန္ဒ၊ ဘုရားကလဲ သစ္စာလေးပါး ကိုယ်တိုင်သိတဲ့ သမ္မာသမ္ဗုဒ္ဓဘုရား၊ တရားတော်ကလဲ ကိလေသာငြိမ်းကြောင်း ကောင်းမြတ်တဲ့တရား။

ဒီနေရာမှာ တပည့်သာဝကတစ်ယောက်က ဒီတရားကို လိုက်နာပြီးတော့ အားမထုတ်ဘူး၊ မကျင့်ကြံဘူး။ အဲဒီပုဂ္ဂိုလ်ဟာ ကဲ့ရဲ့ထိုက်တယ်။ သင်ဟာ အရမတော်ဘူး။ လူ့ဘဝကြီး ရကျိုးမနပ်ဘူး။

http://www.dhammadownload.com



ဘာကြောင့် ဘုရားလဲမှန်တယ်။ တရားလဲမှန်တယ်။ သင်ကမှ အားမထုတ်ပဲကိုး။ ဘုရားက ချီးမွမ်းအပ်တဲ့ဘုရား၊ တရားတော်ကလဲ ချီးမွမ်းအပ်တဲ့တရား၊ တပည့်သား သာဝကက ကဲ့ရဲ့အပ်တဲ့ တပည့်သား သာဝကဖြစ်နေတယ်။

ဒီလို ဘုရားမှန်၊ တရားမှန်တဲ့နေရာမှာ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကိုယ်တိုင်လဲ အားမထုတ်ဘူး။ သူတစ်ပါးကိုလဲ အားထုတ်ဖို့မတိုက်တွန်းဘူး။ အဲဒီလိုဆိုလို့ရှိရင် အကုသိုလ်တွေချည်း ဖြစ်ကြတာပဲ။ဘာကြောင့်လဲဆိုတော့ ကောင်းစွာဟောကြားအပ်တဲ့တရား ဖြစ်သောကြောင့်ပါပဲ။ ယခုလို စစ်မှန်ပြည့်စုံတဲ့သာသနာတော် ဘုရားတရားမှန်တဲ့အချိန် တပည့်သာဝကတို့ရဲ့ ချွတ်ယွင်းမှုကြီး ရှိနေတတ်ပါတယ်။

နံပါတ်(၄)ပုဂ္ဂိုလ်ကျတော့ "သတ္ထာစ သမ္မာသမ္ဗုဒ္ဓေါ"- ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ သမ္မာသမ္ဗုဒ္ဓ၊ သစ္စာလေးပါး အမှန်သိတဲ့ တရားမှန်တယ်။ တရားတော်ကလဲ "နိယျာနိက"- ဝဋ်မှထွက်မြောက်ကြောင်းတရား၊ "ဥပသမ သံဝတ္တနိက"- ကိလေသာကို ငြိမ်းစေတတ်တဲ့တရား၊ တပည့်သားသာဝကလဲ အားထုတ်လိုက်တာ။

အဲဒီလို ဘုရားလဲမှန်တယ်။ တရားလဲမှန်တယ်။ လိုက်နာကျင့်ကြံတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ "လာဘာဝတေ"၊ "သုလဒ္ဓံဝတတေ"- သင် လူ့ဘဝ အရတော်ခြင်းပဲ၊ အရတော်လေစွ၊ လူ့ဘဝရကျိုးနပ်ပေစွ။

ဘာကြောင့်လဲလို့ဆိုတော့ ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ၊ တရားကလဲ ကိလေသာငြိမ်းကြောင်းတရား၊ သင်ကလဲ အားထုတ်တာကိုးလို့ အားပေးသင့်တယ်။ ချီးမွမ်းသင့်တယ်။

ဒီနေရာမှာ ဆရာဖြစ်တဲ့ ဘုရားကလဲပဲ ချီးမွမ်းအပ်တဲ့ဘုရား၊ တရားတော်ကလဲ ချီးမွမ်းအပ်တဲ့တရား၊ သာဝကတပည့်သားကလဲ ချီးမွမ်းအပ်တဲ့တပည့်။

အဲဒီလို ဘုရားမှန်၊ တရားမှန်တဲ့ အချက်အပေါ်မှာ မူတည်ပြီးတော့ အမျိုးသားကောင်းတစ်ယောက်၊ အမျိုးကောင်းသမီးတစ်ယောက်

http://www.dhammadownload.com



ဟာ ကိုယ်တိုင်လဲ အားထုတ်တယ်။ သူတစ်ပါးကိုလဲ အားထုတ်စေတယ်။ အားထုတ်တာကိုလဲ အားပေးတယ်။

"ဗဟုံ ပည့် ပသဝန္တိ" အဲဒီပုဂ္ဂိုလ်တွေ အားလုံးဟာ ကုသိုလ်ပွားကြတာချည်းပဲ။ ကုသိုလ်မှုနည်းနည်း မဟုတ်ဘူး။ များများကြီးပွားတယ်။ ဘာကြောင့်လဲလို့ဆိုတော့ တရားတော်ကို ကောင်းစွာဟောကြားအပ်တဲ့ အတွက်ကြောင့်ပါပဲ။

ယနေ့ ဘုန်းကြီးတို့ တွေ့ကြုံနေရတဲ့ သာသနာတော်က ဘုရားကလဲ သမ္မာသမ္ဗုဒ္ဓ၊ သစ္စာလေးပါး တရားကို ကိုယ်တိုင်သိ၊ ကိုယ်တိုင်သိတဲ့ သက်သေက ပိဋကတ်သုံးပုံတရားတော်တွေ။

ပိဋကတ်တော် အုပ်ရေ (၄၀)၊ ကျမ်းက (၅၂)ကျမ်း ရှိတယ်။ အဲဒီ (၄၀)အုပ်မှာ ကမ္ဘာ့ပညာရှင်တွေ၊ သာသနာ့ပညာရှင်တွေထဲက ဘယ်နားလေးတော့ မှားပါတယ်။ ဘယ်နားလေးတော့ ရှေ့နောက်မညီဘူးလို့ ယခုအချိန်ထိအောင် ထောက်ပြနိုင်တဲ့ ပုဂ္ဂိုလ်မရှိပါဘူး။

ဒီလို များများစားစား ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာလဲ ဘယ်ဘာသာမှ မရှိပါဘူး။ ဒီဗုဒ္ဓဘာသာမှာပဲ ဒီတရားတော်တွေ ဒုန့်ဒယ်နဲ့ ရှိပါတယ်။

ကမ္ဘာ့ဘာသာအသီးသီးမှာ ဒီလို ဒုန့်ဒယ်နဲ့ မရှိပါဘူး။ ဘုရားပွင့်တယ်၊ ဘုရားကိုယ်စား တရားတော်တွေ ထားခဲ့တယ်။ အဲဒီလို အခြေအနေမျိုး ကမ္ဘာ့ဘာသာအသီးအသီးမှာ ဒီလို မွန်မြတ်တဲ့ အမွေအနှစ်ကြီး မရရှိကြပါဘူး။ အခြားဘာသာတွေမှာ ဘုရားက ပွင့်မလာသေးဘူး။ ဘာသာ အသီးအသီးမှာက ဘုရားလွှတ်လိုက်တဲ့ တမန်တော်တွေပဲ လာနေပါသေးတယ်။ ဒါကြောင့်မို့ တမန်တော်တွေဟာ တရားမဟောနိုင်သေးပါဘူး။ တကယ်ဘုရားကျမှ တရားဟောနိုင်မှာကိုး။

အဲဒီတော့ ကမ္ဘာ့ဝါဒလမ်းစဉ် ဘာသာတွေကို အကျဉ်းချုပ်အားဖြင့် ပြောမယ်ဆိုရင် အခုဘုရားကိုယ်စား တရားတော်ဆိုတဲ့ ဘုရားကိုတွေ့ကြုံပြီးတော့ နေရတဲ့ ဝါဒလမ်းစဉ်နဲ့ ဘုရားမျှော်ပြီးတော့ နေရတဲ့ ဝါဒလမ်းစဉ်။ ဒီ (၂)မျိုးပဲ ရှိနေပါတယ်။

http://www.dhammadownload.com



အဲဒီတော့ ဘုန်းကြီးတို့ကတော့ မြတ်စွာဘုရား သစ္စာလေးပါး သိတော်မူတဲ့ မြတ်စွာဘုရားကို ဆရာအဖြစ် ဦးထိပ်ထားတယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ ကိလေသာ ငြိမ်းကြောင်း ကောင်းမြတ်တဲ့ ပရိယတ္တိတရားတော်က လမ်းညွှန် တရားပေါ့။

ဒါနသီလတရားတွေ၊ သမထတရားတွေ၊ ဝိပဿနာတရားတွေ ဒီအထဲမှာ အစုံအလင်ပါတယ်။ ပြီးတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား။ အဲဒီလို ပြည့်ပြည့်စုံစုံ ဟောကြားထား တဲ့ တရားတော်ကိုပဲ။

"ဓမ္မံသရဏံ ဂစ္ဆာမိ"

ဘုရားရှင်ရဲ့ တပည့်အစဉ်အဆက်တို့ကလဲ ဘုရားစကားတော် တွေကို သင်ယူပို့ချ နာကြားကျင့်ကြံ ထိန်းသိမ်းတော်မူကြတယ်။ ကောင်းမွန်ဖြောင့်မှန် လျှော်ကန်သင့်မြတ် အကျင့်ပဋိပတ် ရှိတော်မူကြ တယ်။ အဲဒီသံဃာကို-

"သံဃံသရဏံ ဂစ္ဆာမိ"

လို့ ကျေကျေနပ်နပ် သရဏဂုံ ယူကြ။ ကဲ- နိဂုံးချုပ်အနေနဲ့ ပဏာမ စကားချီလာတဲ့ ဂါထာလေးပဲ ရွတ်ပြီး နိဂုံးချုပ်ကြစို့ရဲ့။

**ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊**
**ဓမ္မဿစ သုဓမ္မတာ။**
**သံဃဿ သုပ္ပဋိပ္ပတ္တိ၊**
**သော သာသန သမ္ပဒါ။**

လောကေ- လောက၌၊ ဗုဒ္ဓဿ- မြတ်စွာဘုရား၏၊ သုဗုဒ္ဓတာ- ဘုရားစစ် ဘုရားမှန်၏အဖြစ်လည်းကောင်း၊ ဓမ္မဿ- ဟောတော်မူအပ် သောတရားတော်၏၊ သုဓမ္မတာ- ဝဋ်မှထွက်မြောက်ကြောင်း ကောင်းမြတ်သောတရားတော်၏အဖြစ်လည်းကောင်း၊ သံဃဿ-

http://www.dhammadownload.com



တပည့်သာဝကသံဃာတော်၏၊ သုပ္ပဋိပတ္တိ- ကောင်းစွာလိုက်နာ ကျင့်ကြံအားထုတ်ခြင်းလည်းကောင်း၊ ဧသော- ဤသည်ပင်၊ သာသနဿ- သာသနာတော်မြတ်ကြီး၏၊ သမ္ပဒါ- ပြည့်စုံမှုပါပေတည်း၊ ဧသော- ဤသည်ပင်လျှင်၊ သာသနသမ္ပဒါ- ဘုရားမြတ်စွာ သာသနာတော်၏ ပြည့်စုံမှုကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
ဩဝါဒါစရိယနှင့် လယ်တီမူ ပဓာနနာယက
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရစာသင်တိုက် ဆရာတော်
နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ဒွိပိဋကဓရ - ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၁၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဖွင့်ပွဲ

**မေတ္တာအခါတော်နေ့**

ယနေ့ ၁၃၆၄ ခုနှစ်၊ ဝါခေါင်လပြည့်နေ့က မေတ္တာအခါတော်နေ့ဖြစ်ပါတယ်။ "မြွက္ခန္ဓာရှစ်သောင်းလေးထောင် အခါတော်နေ့ လို့လည်းခေါ်ဝေါ်သတ်မှတ်ကြပါတယ်။

တောရဆောက်တည်တောမှီရဟန်းတော် (၅၀၀)တို့ တောထဲမှာ တရားအားထုတ်တော်မူကြတယ်။ တောကကြမ်းတော့ ခြောက်လှန့် နှောက်ယှက်မှုတွေနဲ့ ကြုံကြရတယ်။ ဒါနဲ့ ဇေတဝန်ကျောင်းတော် ဘုရားထံမှောက်လာရောက်ပြီး အကျိုးအကြောင်း လျှောက်ထားကြတာကို အကြောင်းပြုပြီး မေတ္တာသုတ်တော်ကို ယနေ့လို ဝါခေါင်လပြည့်မှာ ဟောတော်မူခဲ့တယ်။ သတ္တဝါအားလုံးကို ခြုံပြီး မေတ္တာပွားပုံ၊ သတ္တဝါတွေ သုံးစုသုံးပုံ ပုံပြီး မေတ္တာပွားတဲ့နည်းတွေ နှစ်စုနှစ်ပုံပုံပြီး မေတ္တာပွားများတဲ့နည်းတွေ စုံစုံလင်လင် ဟောကြားတော်မူခဲ့တယ်။ အဲဒီမေတ္တာပွားပုံ သုတ္တံအပါအဝင်။

http://www.dhammadownload.com



ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃ လ၊ ၅ ရက်အကြာ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှာ ပထမအကြိမ်ဘုရားစကားတော်များ ထိမ်းသိန်းစောက်ရှောက်တဲ့ပွဲကြီးသဘင် ဆင်ယင်ကျင်းပပြီး ဓမ္မာက္ခန္ဓာရှစ်သောင်းလေးထောင်တို့ကို အရှင်မဟာကဿပအစရှိတဲ့ သက်တော်ထင်ရှား ဘုရားမှီလိုက်တဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ သားကောင်းပီသစွာ ထိမ်းသိန်းစောက်ရှောက်၊ စုပေါင်းထားတော်မူခဲ့ကြတယ်။ အဲဒါကို အကြောင်းပြုပြီး (၅)ရက်စောပြီး ဝါခေါင်လပြည့်နေ့ကိုပဲ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အခါတော်နေ့လို့ သတ်မှတ်ပြီး ပန်းပေါင်းရှစ်သောင်း လေးထောင်၊ ဆီမီးရှစ်သောင်းလေးထောင်တို့နဲ့ ပူဇော်နေကြတဲ့ အစဉ်အလာကောင်းတစ်ရပ်လည်း ရှိနေပါတယ်။ အဲဒီလို မေတ္တာဘာဝနာ ပွားများနည်းကို မဟောကြားမီ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းနှင့်တကွ အခြားမည်သည့် ကမ္မဋ္ဌာန်းမဆို ပွားများကြမည့် ရဟန်း/ယောဂီတို့အတွက် ရှေးဦးကျင့်စဉ် (၁၅)မျိုး လက်ညှိုးထိုးညွှန်ပြတော်မူခဲ့တယ်။ အဲဒီ ညွှန်ပြချက်တွေက သက္ကောဥဇုစ သုဟုဇုစ စသည် ၁၅ မျိုးပါပဲ။

(၁) သက္ကော- သိက္ခာသုံးပါး ကျင့်လိုငြား၊ စွမ်းအားရှိရမည်။ သီလ၊ သမာဓိ၊ ပညာစခန်း တက်လှမ်းကျင့်ကြံလိုတဲ့ ယောဂီများဟာ စွမ်းအင်စွမ်းအား ရှိရမယ်။ ကျန်းမာရမယ်။ သဒ္ဓါတရားယုံကြည်မှုရှိရမယ်။ ဖြောင့်မှန်ရမယ်။ ဖွဲ့လုံ့လနှင့်ဉာဏ်အမြင်ရှိရမယ်။

(၂) ဥဇု- ကိုယ်နှုတ်နှစ်ဖြာ ဖြောင့်မတ်ခါ ကောင်းစွာရှိရမည်။ ကိုယ်ရောနှုတ်ပါ ဖြောင့်မတ်ရမယ်။ အရှယ်အစားအားလျော်စွာ လရေးကောက်၊ ထွန်ကိုင်းကောက်၊ နွားသေးကောက် အကောက် သုံးမျိုး ကင်းရမယ်။

(၃) သုဟုဇုစ- စိတ်ထဲမှာလဲ ထိုနည်းပဲ အမြဲဖြောင့်ရမည်။ စိတ်ကလဲ ဖြောင့်ရမယ်တဲ့။

http://www.dhammadownload.com



(၄) သုဝစော- ပြောလွယ်ဆိုလွယ် ဆုံးမလွယ်၊ တကယ်တော်ရမယ်။ အပြောခက် အဆိုခက်၊ ဆုံးမခက်နေတာဟာ ဒေါသကိန်းနေလို့ပါပဲ။ ပြောလွယ်၊ ဆိုလွယ်၊ ဆုံးမလွယ်တာဟာ မဟာကုသိုလ်စိတ်ကိန်းနေလို့ပါပဲ။ ဒီအချက်က သိပ်အရေးကြီးပါတယ်။ ဘုန်းကြီးတို့စာသင်တိုက်ရဲ့ အဓိကဆောင်ပုဒ်ကို **စာကြိုးစား၊ စကားနားထောင်** လို့ချမှတ်ထားပါတယ်။ ဘုရားစကား၊ ဆရာ့စကားမှ နားမထောင်ရင် ရှေ့ခရီးဆက်ဖို့ကောင်းအောင် ပြုပြင်ဖို့ခက်လှပါတယ်။

(၅) မုဒု- ကိုယ်နှုတ်စိတ်မှာ နူးညံ့စွာကောင်းစွာရှိရမည် ဆိုတဲ့အတိုင်း ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းကြမည့် ယောဂီများဟာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်၊ နူးညံ့ကြရမယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးများက အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးအမကြမ်း၊ ကြမ်းကိုးကြမ်းကို ပယ်ရမည်လို့ ဆုံးမတော်မူကြတယ်။

(၆) အနတိမာနီ- ရိုသေနှိမ့်ချ နိဝါတ မုချရှိရမည်။ တရား အားထုတ်ကြမည့် ယောဂီတွေအား မြတ်ဘုရားကရှေ့ပြေး ကျင့်စဉ်လေးတွေ ပေးနေတာ၊ ကျေးဇူးတော်ရှင်ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ဂါရဝေါစ၊ နိဝါတရှိမှတိုးတက်တန်ခိုးထွက်မည်လို့ ဆိုဆုံးမတော်မူဘူးပါတယ်။

(၇) သန္တုဿကော- ရှိတာနဲ့ပဲ မျှတမြဲ ရောင့်ရဲလွယ်ရမည်။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်မဲ့ ယောဂီသူတော်စဉ်ဟာ ရသမျှနှင့် တင်းတိမ်ကြိမ်သမျှနှင့် ရောင့်ရဲရမယ်။

(၈) သုဘရော- ပြုစုကြသူ၊ ပေးလှူသူ၊ လွယ်ကူစေရမည်။ မိမိတို့ တရားအားထုတ်တဲ့အခါ အဖက်ဖက်က ကူညီဆောင်ရွက် ချက်ပြုတ်ပေးလှူကြသူများ ပြုစုရလွယ်ကူစေရမယ်။

(၉) အပ္ပကိစ္စော- အပိုအမိုထိုထိုကိစ္စ မပြုရ၊ ကိစ္စနည်းရမည်။ အပိုကိစ္စတွေ ဝေယျာဝစ္စတွေပါ ဘေးဖယ်ထားတာ ကောင်းတယ်တဲ့။

http://www.dhammadownload.com



(၁၀) သလ္လဟုကဝုတ္တိ- ငှက်၏ပမာ ဝန်ပေါ့စွာဖြင့် ဥစ္စာပစ္စည်း မသိမ်းဆည်းနည်းအောင်ပြုရမည်။ ငှက်ကလေးတွေလိုပဲ အတောင်ပံပဲ ဝန်ရှိတယ်။ သစ်တစ်ပင်မှာ အသီးအပွင့်တွေစားပြီး ကုန်သွားရင် နောက်တစ်ပင်ပြောင်းရွှေ့ကြသလို ဝန်ပေါ့မှ တရားနဲ့တည့်ပါတယ်။

(၁၁) သန္တိန္ဒြိယော- မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ သတိပိတ်၊ ဆိတ်ငြိမ်စေရမည်။ ဒီ (၆)မျိုး သတိစွဲယှဉ်တံခါးကျင်နဲ့ တားဆင်ကာဆီး လုံခြုံစေရမယ်။ ဒီနေရာမှာ မျောက်လွှဲကျော်လို မနေရပုံကို ဆိုဆုံးမ တော်မူလေ့ရှိကြတယ်။

(၁၂) နိပကော- အရာရာမှာ နှိုင်းယှဉ်ပါ ပညာရင့်ရမည်။ ဒီနိပကော ဆိုတဲ့ ဂုဏ်အချက်ကတော့ ဝိပဿနာပိုင်းရောက်တဲ့အခါ အရေးကြီး ပါတယ်။

(၁၃) အပ္ပဂဗ္ဘော - ပြောဆိုကြံတွေး ပြုမူရေး၌ မယဉ်ကျေးတာ မသင့်တာ ဝေးစွာရှောင်ရမည်။ ယောဂီသူတော်စင်များ ပြောရေးဆိုရေး အပြုအမူ ယဉ်ကျေးရမယ်။

(၁၄) ကုလေသွနနုဂိဒ္ဓေါ - ဆွေမျိုး ဉာတကာ ရင်းနှီးရာ တွယ်တာ ကင်းရမည်။ တရားအားထုတ်ပြီဆိုတာနဲ့ ဆွေရယ်မျိုးရယ် အဆက် အသွယ်တောင်မလုပ်တော့ပဲ အားထုတ်တာကောင်းတယ်။ ဆွေမျိုး ဉာတကာတွေဟာလဲ ပလိဗောဓ အနှောက်အယှက်တွေကိုး

(၁၅) **နစခုဒ္ဒမာစရေ ကိဉ္စိ ယေနဝိညူ ပရေ ဥပဝဒေယျုံ။**
ပညာယှိများက ကဲ့ရဲ့ငြားသည့် အမှားကိစ္စ ဟူသမျှ မုချရှောင်ရမည်။

ဒီအချက်က အားလုံးခြုံမိငုံမိတယ်။ သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း အားထုတ်မည့်ယောဂီများ သူတော်ကောင်းတွေ ကဲ့ရဲ့တာတွေ အားလုံး ရှောင်ရမည်။

လူမိုက်တစ်သောင်း ကဲ့ရဲ့ရှောင်းလည်း သူကောင်းတစ်ယောက် ချီးမွမ်းပျောက်၏။ လူမိုက်တစ်သောင်း ချီးမွမ်းရှောင်းလည်း သူကောင်း တစ်ယောက် ကဲ့ရဲ့ပျောက်၏ ဆိုသလို သူတော်ကောင်း၏ ကဲ့ရဲ့မှု၊

http://www.dhammadownload.com



ချိုးမွမ်းမှုဟာ အရေးကြီးတယ်။ ဒါကြောင့် ဆရာတော် ဦးဗုဓ်ကြီးက-

"ဘယ်သူကဲ့ရဲ့ ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင် နေကြ"တဲ့။ အဲဒီလို တရားအားထုတ်ကြသူတိုင်း လိုက်နာရမည့်စည်းကမ်း ရှေ့ပြေး ပရိကံ (၁၅)တန်ကို မေတ္တာသုတ်မှာ ဘုရားဟောကြားတဲ့ပါတယ်။

မေတ္တာသုတ္တံ ဟောထုတ်ပြန်ကျင့်ရန် ဖြစ်ပေသည်။ နိဗ္ဗာန်လိုလား ပုဂ္ဂိုလ်များ ကြိုးစားကျင့်ရမည်လို့ ဘုရားကိုယ်တော်တိုင် မေတ္တာကမ္မဋ္ဌာန်း မပေးမှီ ဟောဒီ (၁၅)မျိုးကို "မူ"တစ်ရပ်အနေနဲ့ ချမှတ်ပေးတော်မူခဲ့တာ။ ဘုန်းကြီးတို့ရဲ့ ဆရာကျေးဇူးတော်ရှင် မုံရွာမြို့ အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလမဟာထေရ်က ၂၀၀၁ ဗုဒ္ဓစာပေ ပထမဆုရ မဟာသုတ ဒီပနီမှာ ဒီလင်္ကာလေးတွေ ရေးစပ်ထားတယ်။

ဘုရား တရားဒေသနာတော်တွေဟာ ပြည့်စုံလှပါတယ်။ ယခုလို မေတ္တာကမ္မဋ္ဌာန်း မစီးဖြန်းမှီ ရှေ့ပြေးကျင့်စဉ် (၁၅)မျိုးကို ဟောသလို မေတ္တာဆိုတဲ့ သမထကမ္မဋ္ဌာန်းမှာပင် မရပ်တန့်စေပဲ ဝိပဿနာဉာဏ် အဆင့်ဆင့်က အရဟတ္တဖိုလ်အထွဋ်တင်ပြီး ဟောထားပုံလေးနဲ့ ပူဇော်ကြမယ်။

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ
သီလဝါ ဒဿနေန သမ္ပန္နော
ကာမေသု ဝိနေယျဂေဓံ
နဟိဇာတုဂဗ္ဘသေယျပုနရေတိ။

သော- ထိုမြတ်သောနေခြင်းဖြင့် နေနိုင်သောယောဂီပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိဉ္စ- အတ္တဒိဋ္ဌိသို့လည်း၊ သက္ကာယဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ - မကပ်ရောက်မူ၍၊ သီလဝါ- လောကုတ္တရာ သီလရှိသူသည်၊ ဒဿနေန- သောတာပတ္တိမဂ်ဉာဏ်နှင့်၊ သမ္ပန္နော- ပြည့်စုံသူသည် သမာနော ဖြစ်လျှက်၊ ကာမေသု- ဝတ္ထု၊ အာရုံ ကာမဂုဏ်တို့၌၊ ဂေဓံ- ကိလေသာဖြင့် တွယ်တာမက်မောခြင်းကို၊ ဝိနေယျ- မကျန်မကြွင်း အရှင်းပယ်ရှားပြီး သော်၊ ဇာတု- စင်စစ်ဧကန် အမှန်ပင်၊ ပုန- နောက်ထပ်တဖန်၊ ဂဗ္ဘသေယျံ- ပဋိသန္ဓေတည်နေခြင်းသို့၊ နဧတိ- မရောက်ရတော့ပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



အဲဒီလို ဟောတော်မူလိုရင်းက မေတ္တာ ကမ္မဋ္ဌာန်း၊ အထွဋ်မြင့်တင်ထားတာက အရဟတ္တဖိုလ်၊ ရှင်ဘုရင်က သားတော်၊ သမီးတော်တွေအား ထမင်းကျွေးတဲ့အခါ ဘုရင်စည်းစိမ်နဲ့ ကိုက်ညီတဲ့ အစာအာဟာရကို တန်းတူကျွေးတယ်။ စားကြတဲ့သားတော် သမီးတော်တွေက မိမိတို့ရဲ့ဝမ်းနဲ့ချင့်ပြီး စားနိုင်သလောက်ပဲစားကြသလို၊ မြတ်စွာဘုရားက တရားဟောတဲ့အခါမှာ တရားဒေသနာတိုင်းမှာ အရဟတ္တဖိုလ်ပဲ အထွဋ်မြင့်တင်ပြီးဟောတာပါပဲ။ နာကြားကြတဲ့ သာဝကတွေက မိမိတို့ရဲ့ ဉာဏ်နားနဲ့ လျော်ရုံလက်ခံနိုင်ရုံလောက်လေးသာ ရယူနိုင်ကြပါတယ်။

ဒီနေ့ မေတ္တာအခါတော်နေ့ - ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို အကျဉ်းချုံးလိုက်တော့ အင်္ဂါ ၉ တန်၊ အင်္ဂါ ၉ တန်ကို အကျဉ်းချုပ်လိုက်တော့ နိကာယ်ငါးရပ်၊ နိကာယ်ငါးရပ်ကို အကျဉ်းချုံး ခေါ်ဝေါ်လိုက်တော့ ပိဋကတ်သုံးပုံ၊ ပိဋကတ်သုံးပုံကို အဆီညှစ်၊ အနှစ်ထုတ်လိုက်တော့ ဗောဓိပက္ခိယ ၃၇ ပါး၊ တစ်ဖန်ထပ်ပြီး အဆီညှစ်ထုတ်လိုက်ပြန်တော့ မဂ္ဂင် ၈ ပါး၊ အဲဒီကနေ သိက္ခာသုံးပါး၊ စရဏ ၊ ဝိဇ္ဇာ ၂ ပါး၊ သမထ ဝိပဿနာ ၂ ပါးအထိ ရောက်လာပါတယ်။ အခု သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးအားထုတ်ကြရမှာမို့ ရှစ်သောင်းလေးထောင်ရဲ့ အဆီအမိန့်အတိုင်း အားထုတ်ရတာပါလားလို့ ဝမ်းသာကျေနပ်၊ အကျိုးအမြတ် ရရှိနိုင်ကြပါစေ။

ဒီမေတ္တာအခါတော်နေ့ မေတ္တာရှေ့ပြေး ကျင့်ရမည့်ကျင့်ဝတ် (၁၅)ပါးလင်္ကာလေးလိုက်ဆိုပြီး တရားနိဂုံးချုပ်ကြစို့ရဲ့။

၁။ သိက္ခာသုံးပါးကျင့်လိုငြား စွမ်းအားရှိရမည်။
၂။ ကိုယ်နှုတ်နှစ်ဖြာ ဖြောင့်မတ်ခါ ကောင်းစွာရှိရမည်။
၃။ စိတ်ထဲမှာလဲ ထိုနည်းပဲ အမြဲဖြောင့်ရမည်။
၄။ ပြောလွယ်ဆိုလွယ် ဆုံးမလွယ် တကယ်တော်ရမည်။
၅။ ကိုယ်နှုတ်စိတ်မှာ နူးညံ့စွာ ကောင်းစွာရှိရမည်။
၆။ ရိုသေနှိမ့်ချ နိဝါတ မုချရှိရမည်။

http://www.dhammadownload.com



၇။ ရှိတာနဲ့ပဲ မျှတမြဲ ရောင့်ရဲလွယ်ရမည်။
၈။ ပြုစုကြသူ ပေးလှူသူ လွယ်ကူစေရမည်။
၉။ အပိုအမို ထိုထိုကိစ္စ မပြုရ ကိစ္စနည်းရမည်။
၁၀။ ငှက်၏ပမာ ဝန်ပေါ့စွာဖြင့် ဥစ္စာပစ္စည်း မသိမ်းဆည်း နည်းအောင်ပြုရမည်။
၁၁။ မျက်စေ့, နား, နှာ, လျှာ, ကိုယ်, စိတ် သတိပိတ် ဆိတ်ငြိမ်စေ ရမည်။
၁၂။ အရာရာမှာ နှိုင်းယှဉ်ပါ ပညာရင့်ရမည်။
၁၃။ ပြောဆိုကြံတွေး ပြုမူရေး၌ မယဉ်ကျေးတာ မသင့်တာ ဝေးစွာ ရှောင်ရမည်။
၁၄။ ဆွေးမျိုးဉာတကာ ရင်းနှီးရာ တွယ်တာကင်းရမည်။
၁၅။ ပညာယှိများ ကဲ့ရဲ့ငြားသည့် အမှားကိစ္စ ဟူသမျှ မုချရှောင်ရ မည်။

မေတ္တသုတ္တံ ဟောထုတ်ပြန် ကျင့်ရန်ဖြစ်ပေသည်။
နိဗ္ဗာန်လိုလား ယောဂီများ ကြိုးစားကျင့်ရမည်။

သာဓု - သာဓု - သာဓု

ယနေ့ ၁၃၆၄ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့။

ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃ လ၊ ၅ ရက်အကြာ ယနေ့မှာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တရားတော်တွေကို စတင်၍ အရှင်မြတ်ကြီးများ ထိမ်းတော်မူခဲ့ကြလို့ ယခုနှစ်ပေါင်း ၂၅၄၆ နှစ် တိုင်အောင် လိုက်နာကျင့်သုံးခွင့်ရနေကြတာပါ။ အဲဒီလို ကျင့်သုံးခွင့် ရတော့မှ မဂ်ဖိုနိဗ္ဗာန်ချမ်းသာရမှာပါ။ ဒီအတိုင်း သာမန်နေ သာမန်စား သာမန်သွားနေလို့ရမှာမဟုတ်ပါဘူး။ အဲဒီ တရားတွေက ဓမ္မက္ခန္ဓာ အားဖြင့် သုတ္တံ ပိဋကတ်မှာ ၂၁၀၀၀၊ ဝိနည်းမှာ ၂၁၀၀၀၊ အဘိဓမ္မာမှာ ၄၂၀၀၀ ပေါင်း ရှစ်သောင်းလေးထောင်၊ ရှိပါတယ်။ ဒိပ်ဒိပ်ကြဲ ရဟန္တာ

http://www.dhammadownload.com



အရှင်မြတ်ကြီးတွေချည်းပဲ အပါး(၅၀၀) စုပေါင်းရွတ်ခါ သင်္ဂါယနာတင်ပြီး အဆင့်ဆင့်ထိမ်းခဲ့ကြတာ ယနေ့တိုင်ပါပဲ။ နည်းမျိုးစုံနဲ့ ထိမ်းခဲ့ကြတာ နှုတ်၊ ပေရွက်၊ ကျောက်စာ၊ စာအုပ်၊ ကွန်ပျူတာထဲ ရေးထည့်ပြီး ထိမ်းသိမ်းခဲ့ရတာ၊ တန်ဖိုးကြီးလွန်းလို့ ပျောက်သွားရင် ပြန်မရနိုင်လို့ ထိန်းခဲ့ကြရတာပါပဲ။ ဗုဒ္ဓဘာသာမှာ ပိဋကတ်သုံးပုံရှိသလို အခြားဘယ်ဘာသာမှာမှ မရှိပါဘူး။ ဗြဟ္မာကိုပဲ အထွဋ်အမြတ်ကိုးကွယ်ကြသူများအား ဗြဟ္မာကြီးတွေက ဟောထားတာ ဂါထာ၊ တစ်ရာ တစ်ထောင် မရှိပါဘူး။ မပြနိုင်ကြပါဘူး။ နတ်ကိုးကွယ်တဲ့သူတွေအား နတ်တွေက ဂါထာတစ်ရာ တစ်ထောင်ညွှန်းပြဟောပြတာမရှိပါဘူး။ အခြားအခြား ကမ္ဘာ့ဘာသာ ကြီးများတည်ထောင်ကြသူများဟာလည်း မိမိဘာသာကို လေ့လာလိုက်စား ကိုးကွယ်သူများ အကျိုးများစေရန် ချမ်းသာကြစေရန် ဂါထာတစ်ရာတစ်ထောင် ဘယ်နေ့ဘယ်ရက် ဘယ်အချိန် ဘယ်သူ့အား ဘယ်တရားဟောထားတယ်ဆိုတာ မရှိကြပါဘူး။ ဘုန်းကြီးတို့ ကိုးကွယ်အားထားနေကြတဲ့ ဗုဒ္ဓဘုရားတစ်ဆူတည်းသာလျှင် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တရားတော်များစွာကို ဟောကြားထားခဲ့ပါတယ်။ ဒီတရားတော်တွေထဲမှာ ပညတ်တွေကိုလည်း ရည်ရွယ်ချက်ရှစ်မျိုးထား ဟောခဲ့ပါတယ်။ ပရမတ်တရား သက်သက်ကိုလဲ ဟောကြားတော်မူခဲ့ပါတယ်။ ပရမတ်ဟောဖို့ အဓိကထား ပွင့်ပေါ်မူခဲ့တဲ့အတိုင်း ပရမတ် အဘိဓမ္မာကို ဦးစားပေးဟောတော်မူခဲ့ပါတယ်။ အဲဒီပရမတ်ကို ခြုံပြီးပြောမယ်ဆိုရင်

လေးမျိုး၊ စိတ် (၁)၊

စေတသိတ် (၅၂)၊

ရုပ် (၂၈)

နိဗ္ဗာန် (၁) ပေါင်း (၈၂)ပါးရှိပါတယ်။ အဲဒီ (၈၂)ပါးကို အကျယ်ချဲ့ပြီး ပြန်ကြည့်လိုက်တော့ ဤကမ္ဘာ၊ ဤစကြာဝဠာလို ကမ္ဘာတွေ စကြာဝဠာတွေ အနန္တအဆုံး အပိုင်းအခြားမရှိဖြစ်လာတယ်။ လူသတ္တဝါ

http://www.dhammadownload.com



နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါတွေ မရေမတွက်နိုင်အောင် ဖြစ်လာတယ်။ (၃၁) ဘုံ လောကကြီးဖြစ်လာပါတယ်။ အဲဒီ (၃၁)ဘုံလောကမှာရှိတဲ့ လောကသူလောကသားတွေ ကမ္ဘာသူ ကမ္ဘာသားတွေ စကြဝဠာသူ စကြဝဠာသားတွေ တစ်ဖန်ပြန်ချုံ့လိုက်ပြန်တော့ -

စိတ် ၁

စေတသိတ် ၅၂

ရုပ် ၂၈

နိဗ္ဗာန် ၁ ဆိုတဲ့ (၈၂)ပါးမျိုးပဲ ရှိပါတော့တယ်။ အဲဒီ (၈၂)ပါးမျိုးကို မြင်အောင်ကြည့်ကြရမှာပဲ။ အဲဒီထဲမှာ ပညတ်မပါဘူး၊ အမေ, အဖေ, အကို, အမ, လူ, နတ်, ဗြဟ္မာစတဲ့ ပုဂ္ဂိုလ်ပညတ်တွေက မူသေမရှိဘူး။ ဥပမာ အမျိုးသားတစ်ယောက်ကို ဦးကြည်၊ အမျိုးသမီးတစ်ယောက်ကို ဒေါ်ကြည်တဲ့။ အဲဒီလို မူသေမရှိတဲ့ ပညတ်ကို ဝိပဿနာ နယ်ပယ်မှာ မသုံးရ၊ မကြည့်ရပါဘူး။ ဒီပညတ်တွေက တရားအားမထုတ်ပဲနဲ့လည်း သိမြင်နေကြပါတယ်။ ဝိပဿနာနယ်ပယ်မှာ အားထုတ်ကြည့်ပြီး ကြည့်ရှုရမှာက စိတ်၊ စေတသိတ်၊ ရုပ်တရားတွေပါပဲ။ ကြိုးစား အားထုတ်ပြီး ရှုနိုင်မှမြင်နိုင်တာက ပရမတ်၊ ပရမတ်မှာလဲ သင်္ခတပရမတ် အကြောင်းတရားတွေက ပြုပြင်စီရင်ထားတဲ့ ပရမတ်၊ အသင်္ခတပရမတ်၊ မပြုမပြင်ပဲထားတဲ့ပရမတ်။

သင်္ခတပရမတ်က စိတ်၊ စေတသိတ်၊ ရုပ်။ အသင်္ခတပရမတ်ဆိုတာက နိဗ္ဗာန်၊ ယနေ့ယောဂီသူတော်စင်တို့ ဝိပဿနာနယ်ပယ်မှာ မြင်အောင်သိအောင် ရှုကြမှာက သင်္ခတပရမတ် စိတ်၊ စေတသိတ်၊ ရုပ်ကို ရှုရမှာပါ။ ပညတ်နဲ့ အသင်္ခတပရမတ်နိဗ္ဗာန်ကို သမထပိုင်းမှာ ရှုရပါတယ်။

သင်္ခတပရမတ်ဖြစ်တဲ့ စိတ်ပရမတ်၊ စေတသိတ်ပရမတ်၊ ရုပ်ပရမတ်တို့ဟာ ဝိပဿနာဉာဏ်ပညာရဲ့ အာရုံတွေဖြစ်ပါတယ်။ အကြောင်းတရားတွေပြုပြင် စီမံထားတဲ့ပရမတ်များမှာ အမှတ်အသား

http://www.dhammadownload.com



သုံးမျိုးစီရှိကြတယ်။ အနတ္တလက္ခဏာ သုတ္တံမှာ ဟောကြားတော်မူခဲ့တယ်။

စိတ်ပရမတ်ရဲ့ အမှတ်လက္ခဏာစေတသိတ် ပရမတ်ရဲ့ အမှတ်လက္ခဏာ၊ ရုပ်ပရမတ်ရဲ့ အမှတ်လက္ခဏာ၊ သုံးမျိုးစီသုံးမျိုးစီ ရှိတာချင်းတူကြတယ်။ မိမိတို့စတင် အာရုံယူ သမထနယ်ပယ်တုန်းက ပင်တိုင်ထားအားထုတ်ရှုကြည့်ခဲ့တဲ့ ထွက်လေဝင်လေ ပရမတ်နာမည်နဲ့ ခေါ်တော့ ဝါယောရုပ်၊ အဲဒီဝါယောရုပ်သည် သင်္ခတရုပ်ပရမတ် အဲဒီဝါယောရုပ်သင်္ခတပရမတ်တစ်ခုကိုပဲ ကြည့်မယ်ဆိုရင် ဥပ္ပါဒေါပညာယတိ၊ ဝါယောလေရုပ်ရဲ့ ဖြစ်ပုံလေးပဲထင်ရှားတယ်။ ဝယောပညာယတိ- ဝါယောရုပ်ရဲ့ပျက်သွားပုံလေးလဲ ထင်ရှားတယ်။

ဌိတဿ အညထတ္တံ ပညာယတိ ဌီတည်တံ့တဲ့ အခိုက်လေးရဲ့ တစ်မျိုးပြောင်းသွားပုံလေးလည်း ထင်ရှားတယ်။ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်းဆိုတဲ့ သုံးမျိုးသောအမှတ်တံဆိပ်၊ လက္ခဏာဟာ ဝါယောရုပ်မှာ ထင်ရှားနေတယ်။ အဲဒီထဲမှာ ဖြစ်တာနဲ့ ပျက်တာကပိုထင်ရှားတယ်။ ဝါယောရုပ်ရဲ့ဖြစ်တာကို မြင်အောင်ကြည့် ဝိပဿနာဖြစ်တယ်။ ဝါယောရုပ်ရဲ့ပျက်တာကို မြင်အောင်ကြည့် ဝိပဿနာပါပဲ။ အဲဒီထွက်လေ ဝင်လေကို ရှုပြီးနေတဲ့စိတ်ဖြစ်တဲ့အကြိမ်တွေများပြားစွာပါတယ်။ အဲဒီစိတ်ဟာလည်း သင်္ခတပရမတ်ပါပဲ။ အဲဒီစိတ်မှာလည်း အမှတ်တံဆိပ်သုံးမျိုးပဲရှိတာပါပဲ။ စိတ္တဿဥပ္ပါဒေါပညာယတိက စိတ်ရဲ့ ဖြစ်ပုံလေးထင်ရှားတယ်။ ဝယောပညာယတိ စိတ်ရဲ့ပျက်ပုံလေး ထင်ရှားတယ်။ ဌိတဿအညထတ္တံပညာယတိ စိတ်ရဲ့ရင့်ပုံလဲ ထင်ရှားပါတယ်။ အဲဒီလိုအဖြစ်အပျက်ကို သိအောင်မြင်အောင်ရှုတဲ့ ဉာဏ်ကို ဖြစ်ပွား၊ ပျက်မှု အစုံရှု၊ ဥဒယဗ္ဗယဉာဏ်ဆိုတဲ့အတိုင်း ဥဒယဗ္ဗယဉာဏ် ဖြစ်လာပါတယ်။ ထွက်လေဝင်လေကို သိမ်းဆည်းတတ်တဲ့ သတိ စေတသိတ်ဆီ သွားကြဦးစို့။ သတိက စေတသိတ်၊ သင်္ခတပရမတ်ပါ၊ အဲဒီသင်္ခတ ပရမတ်မှာလည်း ဖြစ် ရင့် ပျက်၊ သုံးချက်နဲ့ကြည့်ရမှာပါပဲ။

http://www.dhammadownload.com



ဖြစ်တာနဲ့ ပျက်တာဦးစားပေးကြည့်ရမှာပါပဲ။ လူနတ်စတဲ့ ပညတ်တွေကတော့ ဝိပဿနာနယ်ပယ်မှ ဘေးချိတ်ထားကြရတယ်။ တမင်ကိုပျောက်အောင် အားထုတ်ကြရတာ။ ဝိပဿနာအားမထုတ်ပဲ သာမန်အသိနဲ့ပဲ ပညတ်တွေက သိနိုင်ပါတယ်။ ဒါကြောင့် ပညတ်သိတာမှန်သမျှကို အသိထူးလို့ မခေါ်ရပါဘူး။ ဝိပဿနာဆိုတာ သဉ်တပရမတ်တွေကို ရှုကြရတာပါပဲ။ သဉ်တပရမတ်ဆိုတာ ဘာလဲဆိုတော့ ရုပ်နာမ်တွေပါပဲ။ အဲဒီ ရုပ်နာမ်တွေကို ပေါင်းရှု၊ အစိပ်စိပ်ရှုတာဟာ ဝိပဿနာပါပဲ။ အပေါင်းရှုနည်းနဲ့ ရှုတာက မြင်ဖို့ခက်တယ်။ အစိပ်စိပ် တစ်ခုချင်း တစ်ပါးချင်း ခွဲစိပ်ပြီး ဉာဏ်နဲ့ကြိတ်ခွဲမှ သိမြင်နိုင်မှာပါ။ အခုထွက်လေ ဝင်လေ ဝါယောရုပ်ရယ် ရှုတဲ့ စိတ်ရယ် သိမ်းဆည်းတဲ့သတိရယ် ခွဲခြမ်းစိတ်ဖြာပြီး ရှုတဲ့ နည်း ပြောခဲ့ပြီ။ အဲဒီလို စိတ်ဖြာခွဲခြမ်းကြည့်တဲ့ ရှုတဲ့နည်း လက်တွေ့အသုံးချကြည့်လိုက်မယ်။ မမြဲတာကိုလဲ မြင်တယ်။ မမြဲတဲ့အတွက် ဆင်းရဲတာကိုလည်း မြင်လာလိမ့်မယ်။ မြဲလဲမမြဲ၊ ဆင်းလဲ ဆင်းရဲတယ်ဆိုတော့ သေချာပြီ။ မပိုင်မစိုးဘူးဆိုတာ ထင်ရှားလာပြီ။ အဲဒီလို သိလာတော့-

ဧတံမမ - ဒါငါ့ဟာ ငါ့ရုပ် ငါ့နာမ်

ဧသောဟမသ္မိ - ဒါငါ ရုပ်ဟာငါ နာမ်ဟာငါ

ဧသောမေအတ္တာ - ဒါ ဒီရုပ် ဒီနာမ် ငါ့ရဲ့အတ္တ အနှစ်သာရလို့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ အစွဲသုံးမျိုးနဲ့ စွဲယူဖို့ မသင့်တော်တော့ဘူးလို့ ဆိုတာ သိလာပါလိမ့်မယ်။ အဲဒီလို သိလာရင် "ယထာဘူတဉာဏ်" အမှန်အတိုင်း သိတဲ့ဉာဏ်။ အဲဒီဉာဏ် ရပြီဆိုတော့ တရားပေါက်ဖို့ နီးလာပြီ။ သူသိ ငါသိ ကမ္ဘာသိကို ကျော်လွန်နိုင်ဖို့ နီးလာပြီ။

ယနေ့ အားထုတ်ကြရတဲ့နည်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၁) နှစ်က အရှင်မဟာကဿပ စတဲ့ အရှင်မြတ်ကြီးတွေ ထိမ်းလာခဲ့တဲ့ ဘုရားထံမှရတဲ့နည်း။ ဘုရားဟောထားတဲ့အတိုင်း မူမပျက်သေးတဲ့ နည်းကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုညွှန်ကြားထားတဲ့နည်းအတိုင်း အားထုတ်ကြရပြီ။

http://www.dhammadownload.com



သစ္စာရှုတဲ့နည်း ဆက်ကြဦးစို့ရဲ့။

ဘုရားရှင် ပရိနိဗ္ဗာန် စံခါနီးပြီ လပိုင်းပဲလိုတဲ့အချိန် ကောဋိရွာမှာ-

စတုန္နံ အရိယသစ္စာနံ

ယထာဘူတံ အဒဿနာ၊

သံသိတံ ဒီဃမဒ္ဓါနံ

တာသုတာသွေဝ ဇာတိသု။

ရဟန်းတို့ အမှန်လေးမျိုး တရားတွေကို သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင် မရကြတဲ့အတွက် ဟုတ်တိုင်းမှန်စွာ မသိကြလို့ သင်တို့ရော ငါပါ ထိုထိုဘုံ ထိုထိုဘဝ ဇာတ်တို့မှာ ကျင်လည်ပြေးသွားခဲ့ကြရပြီ။ သံသရာခရီးရှည်ကြီး ဆက်ခဲ့ရပြီ။

တာနိ ဧတာနိ ဒိဋ္ဌာနိ၊

ဘဝနေတ္တိ သမူဟတာ။

ဥစ္ဆိန္နံ မူလံ ဒုက္ခဿ၊

နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ ။

အဲဒီ သစ္စာတွေ ငါဘုရားမြင်ပြီ။ ဘဝနှောင်ကြိုး မဂ်ဉာဏ်ဖြင့် ဖြတ်အပ်ပါပြီ။ စက်သံသရာ ဝဋ်ဆင်းရဲရဲ့ အမြစ်အရင်း အဝိဇ္ဇာအမှန်မသိတာကိုလဲ ဖြတ်တောက်လိုက်ပါပြီ။

ယခုတော့ ငါဘုရားမှာ နောက်ထပ်တစ်ဖန် ဘဝသစ် ခန္ဓာအိမ်သစ် မတည်ဆောက်ရတော့ပြီလို့ ဟောတော်မူပါတယ်။ အဲဒီလို ဟောကြားတော်မူတဲ့ ဒေသနာအရ၊ ဓမ္မစကြာဒေသနာတော်နည်းနဲ့ လက်တွေ့သစ္စာရှုနည်း ရှုကြရအောင်။ စတင်ရောတည်လာခဲ့တဲ့ ထွက်လေ ဝင်လေ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှား ဝါယောရုပ်၊ အဲဒီ ဝါယောဟာ ရုပ်မည်ပါတယ်။ ဖောက်ပြန်တတ်လို့ပါပဲ။ သူ့ရဲ့လက္ခဏာက တွန်းကန်တတ်ပါတယ်။ လှုပ်ရှားတတ်ပါတယ်။ အဲဒီ ဝါယောရုပ်ကို သစ္စာဖွဲ့ကြည့်လိုက်တော့ ဒုက္ခသစ္စာထဲ စာရင်းဝင်တယ်။ ဆင်းရဲတဲ့တရားအမှန်ပဲ။ အချိန်တွေဘယ်လောက်ကြာကြာ အခြေအနေတွေ ဘယ်လို

http://www.dhammadownload.com



ပြောင်းပြောင်း အဲဒီ ဒုက္ခအမှန်က သုခချမ်းသာ ဖြစ်မလာပါဘူး။ ဒါကြောင့် သစ္စာခေါ်တာပါပဲ။ အဲဒီ ဒုက္ခကို မြင်အောင်ကြည့်ပြီး အရိယာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အဲဒီ ဝါယောရုပ်ဟာ ဒုက္ခအရိယသစ္စာ မည်ပါတယ်။ အဲဒီ ဝါယောရုပ်ကို သိမ်းဆည်းနေတဲ့ သတိလဲ ဒုက္ခသစ္စာ၊ ရှုမှတ်နေတဲ့ မဟာကုသိုလ်စိတ်လဲ ဒုက္ခသစ္စာ၊ အဲဒီလို ဒုက္ခသစ္စာတွေ ချည်း တတန်းချည်း ဖြစ်နေတာပါလားလို့ သိရပါ့မယ်။

အဲဒီ ဒုက္ခအမှန်ကို ပိုင်းခြားသိရမယ်တဲ့ ဘယ်ပုံစံမျိုးစုံနဲ့ ပိုင်းခြားသိရလဲ။

**ဝိရူပ္ပါဒါဝ အာကာသေ၊**

**ဥပ္ပဇ္ဇန္တိ ဝယန္တိစ။**

ကောင်းကင်မှာ လျှပ်စီးဖြစ်ပျက်သလို၊ သောင်ကမ်းစပ်သဲပြို သလို၊ ကောင်းကင်မှာ မိုးတိမ်လှိုင်းတွေ ရေပြင်မှာ ရေလှိုင်းထ ပျက်သွား သလို ဝါယောရုပ် သဏ္ဍာန်တရုပ်ကိုဖြစ်စေ သတိဆိုတဲ့ သဏ္ဍာန်နာမ်ကို ဖြစ်စေ တစ်ခုခုသော သဏ္ဍာန်ရုပ်နာမ်ရဲ့ဖြစ်တာ ပျက်တာကို မြင်အောင် ကြည့်နိုင်ရင် ဒုက္ခသစ္စာကို ကြည့်နေတာပါပဲ။ ဒုက္ခအမှန်ကို မြင်ရင် သမ္မာဒိဋ္ဌိ မဂ္ဂင်အမှန်မြင် နိဗ္ဗာန်လမ်းစဉ်ပါပဲ။ ဒုက္ခေဉာဏံ- ဒုက္ခပေါ်မှာ သိတဲ့ ဉာဏ်ဟာ သမ္မာဒိဋ္ဌိပါပဲ။ ရုပ်နာမ်ဒုက္ခကို မြင်အောင်ကြည့်။ သမ္မာဒိဋ္ဌိ။ ဒါမဂ္ဂသစ္စာလဲ ပွားများပြီးသား ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ ဉာဏ်အဆင့်ဆင့် ရရှိနိုင်ကြပါစေ။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားမြတ်ကြီးထဲမှ ရှေးရှေး ဆရာတော်ဘုရားကြီးတွေ၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်စသော ဆရာတော်ကြီးတွေက သင့်လျော်ကောင်းနိုးရာရာ ထုတ်နှုတ်ဟောပြ ပြသတော်မူခဲ့ကြတယ်။ အဲဒီနည်းတွေအတိုင်း အားထုတ်ခွင့်ရကြသူများ ဟာ ကံကောင်းကြတယ်။

ယနေ့ ရှစ်သောင်းလေးထောင် အခါတော်နေ့မှာ ရတနာသုံးပါး ဆရာမိဘတို့အား ပူဇော်သောအားဖြင့် ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော် ကြရပေပြီ။

အထူးအားဖြင့် လောကုတ္တရာ တရားအားလျော်တဲ့အကျင့် ဟူသော အမြတ်ဆုံး ပူဇော်နည်းနဲ့ ဘုရားရှင်အား ပူဇော်ကြရပေပြီ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၄၆)နှစ်က ထိန်းသိမ်းလာခဲ့တဲ့ အရှင်မြတ်ကြီးတို့ ဂုဏ်ရှိန်ကို ပူဇော်ကြရပေပြီလို့ ဝမ်းမြောက်ဝမ်းသာရှိပြီး ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် ရရှိအောင် ရှေ့ဆက်အားထုတ်နိုင်ကြပါစေကုန် သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



## ယနေ့ သာသနာတော်နှစ် ၁၃၄၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၄ခု၊ ညဉ့် (၉)နာရီအချိန်၌ ဟောကြားအပ်သောတရားတော်

ဒီနေ့ ညဉ့် (၉)နာရီအချိန်ကား ဘုန်းကြီးရဲ့ (၆၁)ပြည့်တဲ့ အချိန်ပါပဲ။ အခု လယ်တီဝိပဿနာ တရားစခန်းမှာ ဟောမည့်တရားက "မွေးနေ့ဓမ္မဒါန" တရားတော်ပါပဲ။ တရားပွဲအပြီးမှာလဲ ဘုန်းကြီးတို့ လယ်တီတရားစခန်းမှာ ဟောထားတဲ့တရားတော်တွေကို စာအုပ်ရိုက်ထားပါတယ်။ အဲဒီ နာဂလိုဏ်ဂူ (၁၁)ရက်အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာကျမ်းစာအုပ်ကိုလဲ ဓမ္မဒါနတစ်ထောင် ရိုက်ထားပါတယ်။ ဓမ္မဒါန ပြုပါ့မယ်။

ဘုန်းကြီးဘဝကို ပြန်ကြည့်မယ်ဆိုရင် ကျယ်ဝန်းလှတဲ့ (၃၁)ဘုံဩကာသလောကကြီးမှာ ကာမသုဂတိ (၇)ဘုံထဲ ပါဝင်တဲ့ မနုဿလောက- လူဘုံ လူ့ရွာကို ရောက်လာခဲ့တယ်။

ရှေးဆုတောင်းများအတိုင်း ပြည့်လို့ အပါယ်လေးပါး၊ ရပ်ပြစ်ရှစ်ပါးတို့က လွတ်ခဲ့ကြပြီ။ သီလ ဒိဋ္ဌိ ဗျသနတို့မှလည်း လွတ်ကင်းခဲ့ကြတယ်။ အဲဒါကြောင့် ယခုလို ဗုဒ္ဓဘုရားရဲ့ တရားဓမ္မများ လေ့လာသင်ကြားခွင့်ရ၊ ဟောပြောခွင့်၊ ကျင့်ကြံအားထုတ်ခွင့်တွေ ရခဲ့ကြတယ်။ အကယ်၍များ ကာမသုဂတိ (၇)ဘုံမှာ ပါဝင်တဲ့ လူ့ဘုံမှာ ရောက်စေကာမူ ဗုဒ္ဓဘုရားရဲ့ ဘာသာအယူအဆ၊ ဝါဒတော်ကို အလေးအနက်ထားသူ မဖြစ်ပါဘူးဆိုရင် ကိုယ်ကျိုးနည်းရချည်ရဲ့။

ဗုဒ္ဓဘုရားရဲ့ အယူဝါဒ ထားတော်မူခဲ့တဲ့ သာသနာတော်ကို မိရိုးဖလာ အစဉ်အလာကောင်း ရရှိခဲ့ကြတယ်။ ကျေးဇူးတော်ရှင် ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့ကြုံဆုံဆီးပြီး ဗုဒ္ဓဘုရား ဟောကြားမိန့်မြွက်ဓမ္မစက် ရတနာဒေသနာတော်တွေကို နှစ်ပေါင်းများစွာ သင်ယူမှတ်သား ဆောင်ထား နာကြားကျင့်ကြံခွင့် ရခဲ့ပါတယ်။

http://www.dhammadownload.com



ကမ္ဘာလူထုကို အသာထား။ မြန်မာလူထုတစ်မျိုးပဲကြည့် သန်း (၅၀)လောက်ရှိတယ်။ ရန်ကုန်မြို့မှာပင် သိန်း (၅၀)လောက်ရှိတာတဲ့။ ဘယ်လောက်များ အားထုတ်ခွင့်ရကြသလဲ၊ စဉ်းစားကြည့်။ တစ်သောင်းတစ်ယောက်၊ တစ်ထောင်တစ်ယောက်နဲ့ နှိုင်းယှဉ်ကြည့်ရင် ဗုဒ္ဓဘာသာလေ့လာလိုက်စား သင်ယူနာကြား တရားအားထုတ်ခွင့်ရတာ နည်းနည်းလေးပါပဲ။

မွေးနေ့ဓမ္မဒါနပြုတဲ့ အနေအားဖြင့် ဗုဒ္ဓဘုရားကိုယ်တော်တိုင် ဟောကြားထားတဲ့ ဇာဂရဇာတ်တော်ကိုပဲ ဖောက်သည်ချ ဟောပြမှာပါ။ ဒီဇာတ်တော်လာ စကားတော်များ နာကြားပြီးတော့ မိမိကိုယ်သည် အိပ်ပျော်ငိုက်မြည်းနေတာလား၊ နိုးကြားနေတာလား၊ အိပ်ပျော်ငိုက်မြည်းနေတဲ့ သူတွေထဲမှာ နိုးကြားနေကြတာပါလား။ တကယ်တန်း နိုးကြားတော်မူကြတဲ့ အရှင်မြတ်ကြီးတို့နဲ့ နှိုင်းစာရင် အိပ်ပျော်နေတုံးပါပဲလားလို့ ဝေခွဲနိုင်ကြပါလိမ့်မည်။

ကောဓဇာဂရတံ သုတ္တော စသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်တဲ့ "ဇာဂရဇာတ်တော်"ကို သာဝတ္ထိပြည် မွန်အသရေချွန်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ ဟောကြားတော်မူခဲ့ပါတယ်။ ဟောကြားရခြင်း အကြောင်းရင်းက သောတာပန်အမျိုးကောင်းသားတစ်ယောက်ကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီ အမျိုးကောင်းသားဟာ လှည်းပေါင်း (၅၀၀)အုပ်စုဖွဲ့ အရောင်းအဝယ်သွားတော့ အရိပ်၊ ရေရတဲ့နေရာရောက်တယ်။ တည်းခိုစခန်းချ ညဥ့်အိပ်တယ်။

အခြားလှည်းကုန်သည်တွေက အိပ်ကြသော်လည်း ဒီသောတာပန် အမျိုးကောင်းသား ကုန်သည်က တစ်ညဥ့်လုံး မအိပ်ဘူး။ လမ်းလျှောက်တရားနှလုံးသွင်းနေတယ်။ သူခိုးတွေက လာချောင်းတယ် ခိုးဖို့ပေါ့။ မအိပ်တဲ့လူတစ်ယောက် တွေ့မြင်တယ်။ သူအိပ်ချိန်စောင့်သော် လည်း ခိုးဖို့အခွင့်မသာခဲ့ဘူး။ နံနက်ခင်းရောက်တော့ တုတ်ခဲစတဲ့ လက်နက်တွေချန်ပြီး သူခိုးတွေလာပြီးထားပြီး ပြန်သွားကြတာကို လှည်း

http://www.dhammadownload.com



မသိဘူး။ မင်္ဂလေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန် လောကုတ္တရာ ဆိုတာလဲ ဝေလာဝေး။ ဘာမှတရားမသိတဲ့သူတွေက ဒုနဲ့ဒေး။ ကမ္ဘာ့လူထုကြီးထဲက သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်တွေကို သိတဲ့ပုဂ္ဂိုလ်က နည်းနည်းလေး။

အဲဒီ တရားမသိ၊ လမ်းစဉ်မသိ အိပ်ပျော်နေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ငါကား နိုးကြားနေသူတစ်ယောက်ပါပဲ။

**အိပ်ပျော်နေသူပါ**

နောက်မေးခွန်းတစ်ခုရဲ့အဖြေကို တောနေရသေ့လေးက ဆက်ဖြေတယ်။

**ယေသံ ရာဂေါစ ဒေါသောစ၊**
**အဝိဇ္ဇာ စ ဝိရာဇိတာ။**
**တေသု ဇာဂရမာနေသု၊**
**အဟံ သုတ္တောသ္မိ ဒေဝတေ။**

ဒေဝတေ- နတ်သမီး၊ ယေသံ- ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း အရှင်မြတ်အပေါင်းတို့သည်၊ ရာဂေါစ- အာရုံမြင်က ထင်သမျှ၌၊ မဝ- လိုက်စားလောဘဆိုတဲ့ နှောင်ကြိုးရှည်ကိုလည်းကောင်း၊ ဒေါသောစ- မြေဟောက်၏မြွေဆိုး ဒုတ်ထောက်မိုးသို့ နှိမ်ချိုးမရ လွန်ကျူးပြစ်မှားတတ်တဲ့ ဒေါသဆိုတဲ့ နှောင်ကြိုးရှည်ကိုလည်းကောင်း၊ အဝိဇ္ဇာ စ- ရှစ်ဌာနလုံး ပိတ်ဖုံးကွယ်ကာ မောဟဆိုတဲ့ အဝိဇ္ဇာနှောင်ကြိုးရှည်ကိုလည်းကောင်း၊ ဝိရာဇိတာ- ကင်းစေအပ်ဖြတ်တောက်အပ်ပြီ။

လောကကြီးထဲမှာ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းကြီးတွေ အာရုံမြင်က ထင်သမျှမှာ မဝ လိုက်စား လောဘတဏှာဆိုတဲ့ နှောင်ကြိုးရှည်ကြီးလဲ ဖြတ်တောက်တော်မူခဲ့ကြပြီးပြီ။

http://www.dhammadownload.com



မြွေဟောက် မြွေဆိုး ဒုတ်ထောက်မိုးသို့ နှိမ်ချိုးမရ ပြစ်မှားတတ်တဲ့ ဒေါသဆိုတဲ့ တရားဆိုး တရားပျက် နှောင်ကြိုးကိုလည်း ဖြတ်တောက်တော်မူခဲ့ကြပြီးပြီ။

သစ္စာလေးပါး ပဋိစ္စခေတ် ရှေ့နောက်အစွန်းများမှာ မသိမမြင်တဲ့ မထင်နိုင်တဲ့ မောဟအဝိဇ္ဇာဆိုတဲ့ နှောင်ကြိုးရှည်ကိုလည်း ဖြတ်တောက်တော်မူခဲ့ကြပြီးပြီ။ အဲဒီ အရှင်မြတ်ကြီးတို့သည် အစဉ်ထာဝရ နိုးကြား နေကြပြီ။ နိုးကြားနေကြတဲ့ အဲဒီ သူတော်စင်ကြီးတွေနဲ့ နှိုင်းစာရင် ငါကား အိပ်ပျော်နေသူတစ်ယောက်ပါပဲ။

အဖြေကရှင်းရှင်းလေးပါပဲ။ တရားမသိ အိပ်ပျော်နေတဲ့သူတွေနဲ့ နှိုင်းစာရင် ငါကား နိုးကြားနေသူတစ်ယောက်ပါတဲ့ တောနေရသေ့လေးက ဒီလိုဖြေကြားလိုကတော့ နတ်သမီးလေးက အဖြေကို သဘောကျတယ်။ သာဓုအကြိမ်ကြိမ်ခေါ်တဲ့ အနေအားဖြင့်-

**သာဓု ဇာဂရတံ သုတ္တော၊**

**သာဓု သုတ္တေသု ဇာဂရော။**

**သာဓု မေတံ ဝိဇာနာသိ၊**

**သာဓု တံ ပဋိဘာဏာသိမေ။**

အရှင်ရသေ့၊ သင့်ဖြေကြားချက်ဟာ သိပ်ကောင်းပါတယ်။ တရားမမွ ဘိတ်ဘိတ်တုံး မသိကြတဲ့သူတွေက အိပ်ပျော်နေတဲ့သူတွေ။ နှောင်ကြိုးဖြတ်တောက်တော်မူနိုင်ကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းကြီးတွေက နိုးကြားနေတဲ့သူတွေတဲ့။

အဲဒီထဲ အိပ်ပျော်နေသူ ဘုမသိ ဘမသိတွေနဲ့ နှိုင်းစာရင် သင်က နိုးကြားသူတစ်ယောက် ဖြစ်တယ်လို့ဖြေတာ ကောင်းပါတယ်။ နိုးကြားတော်မူကြတဲ့ ဘုရားစသည်တို့နှင့် နှိုင်းစာရင် သင်က အိပ်ပျော်နေသူတဲ့။ ဒီလိုမြင်တာလဲ အကျွန်ုပ်မေးခွန်းကို ဖြေဆိုပုံကလဲ အင်မတန်ကောင်းလို့ ကောင်းချီးပေးပါတယ်တဲ့။ သင်ဒီလို ဖြေကြားတာ အင်မတန်ကောင်းပါတယ်။

http://www.dhammadownload.com



ယခု (၅၁)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းကြီးပမ်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်တို့အနေနဲ့ ပြောမယ်ဆိုရင် အဲဒီ တောနေရသေ့လေးလိုပါပဲ။

ယောဂီတို့ကို မေးလာရင်လဲ တပည့်တော်တို့သည် သီလစတဲ့ ကျင့်စဉ်တရား မသိ၊ ရောင်တိရောင်ချာနေကြတဲ့ သူတွေနဲ့ နှိုင်းစာရင် နိုးကြားနေသူတွေပါ။ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာသူတော်ကောင်းကြီးတွေနဲ့ နှိုင်းစာရင် အိပ်ပျော်နေကြဆဲ သူတွေပါလို့ ဒီလိုဖြေကြရမှာပါပဲ။

လောဘ ဒေါသ မောဟ ဆိုတဲ့ ကိလေသာ နှောင်ကြိုးရှည်တွေကို မဂ်ဉာဏ် မဂ်ဓါးဖြင့် ဖြတ်တောက်နိုင်မှ တကယ်အစဉ်ထာဝရ နိုးကြားနေသူများလို့ ခေါ်ရပါတယ်။

ယနေ့ အားထုတ်နေကြတဲ့ ဝိပဿနာ အထွဋ်အထိပ်ရောက် လောဘစသည်ကို ဖြတ်တောက်နိုင်ပြီလို့ ဆိုရလောက်အောင် ကြိုးစားကြရမှာပါပဲ။ အဲဒီလို လောဘစသည် ဖြတ်တောက်ဖို့နည်းလမ်းစည်းကမ်းက ဗုဒ္ဓဘုရား၏ နိုးနိုးကြားကြား တတ်အားကြွကြွ လုံ့လမယုတ် အားအင်ထုတ်ပြီး ကြိုးစားနိုင်မှ တကယ်တန်း နိုးကြားသည့်အဆင့် ရောက်နိုင်ပါမယ်။

ဒီနေ့ ဘုန်းကြီးရဲ့ (၆၁)နှစ်ပြည့်တဲ့ ညဦး (၉)နာရီအချိန် မွေးနေ့အလှူပွားခွင့်ရပါပြီ။ ဓမ္မဒါန လှူရတဲ့အတွက် ဝမ်းသာပါတယ်။ မွေးနေ့ကုသိုလ်အဖို့ဘာဂကို မိဘဘိုးဘွားများ အစထား၍ (၃၁)ဘုံသားတို့အား အမျှပေးဝေပါတယ်။ ဒီဇာတ်တော်မှာ တောနေရသေ့လေးကား ဘုရားအလောင်းတော်ဖြစ်ပါတယ်။ ရုက္ခစိုးနတ်သမီးလေးက ဥပ္ပလဝဏ်ထေရီမလောင်းလျာ ဖြစ်ပါတယ်။ ပါရမီရင့်သန်ကြပြီလို့ ထင်ရပါတယ်။ ဒီလို တောထဲ တောင်ထဲ တရားနှင့်စပ်တဲ့စကား ပြောဖို့ပင်မလွယ်ကူပါဘူး။

http://www.dhammadownload.com



အထူးအားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးပြီ။ သက်တော်ကလည်း (၈၀)ပြည့်ခါနီးပြီ။ မိန့်ကြားတော်မူတာက-

**ပရိပက္ကော ဝယော မယှံ၊**

**ပရိတ္တံ မမ ဇီဝိတံ။**

**ပဟာယ ခေါ ဂမိဿာမိ၊**

**ကတံ မေ သရဏ မတ္တနော။**

ရဟန်းတို့၊ ငါဘုရားရဲ့အရွယ်တော် ရင့်ရော်ပြီ။ ဒီစကားကြားလိုက်ရတော့ ရဟန်းတော်များ ဩော်-မြတ်စွာဘုရား အရွယ်တော် ရင့်လှပြီကိုးလို့ အာရုံပြု သတိပြုပြီး ထိတ်လန့်ကြတယ်။ ငါဘုရား၏ သက်တော် နည်းနည်းပဲ ကျန်တော့တယ်လို့ မိန့်လိုက်တော့ ရဟန်းတော်တွေဟာ ဩော်-မြတ်စွာဘုရားရဲ့ အသက်တော်ဟာ နည်းနည်းပဲ ကျန်တော့သတဲ့ဆိုပြီး ပိုပြီးထိတ်လန့်ကြတယ်။

သင်ချစ်သားတို့ကို စွန့်ခွာချန်ထားပြီး ပရိနိဗ္ဗာန်စံတော့မယ်တဲ့ ဆိုတဲ့ စကားသံကြားရတော့ အနာဂါမ်၊ ရဟန္တာ မဖြစ်ကြသေးတဲ့ ရဟန်းတော်တွေ ယူကြုံးမရဖြစ်ကြရတယ်။

အဲဒီအချိန်အခါမှာ နောက်ဆုံးအပိုဒ်လို့ ငါဘုရားအတွက် မပူပန်ကြနဲ့။ ငါဘုရားသည် ငါဘုရားရဲ့ အားကိုးအားထားရထားပြီ။ အမှန်တရား သိပြီးပြီ၊ ပြည့်စုံလုံလောက်ပြီလို့ အားပေးစကား ကြားရပြန်မှ ရဟန်းတော်များ စိတ်ရဲ့သက်သာမှု ရကြပါတယ်။

**အပ္ပမတ္တာ သတီမန္တော၊**

**သုသီလာ ဟောထ ဘိက္ခဝေါ။**

**သုသမာဟိတ သင်္ကပ္ပါ၊**

**သစိတ္တ မနုရက္ခထ။**

မမေ့မလျော့ နေကြ။ တရားအာရုံမှာ သတိမပြတ်စေကြနဲ့။ သီလနဲ့ပြည့်အောင် ကြိုးစားကြ။ ကောင်းစွာထားအပ်တဲ့ အကြံအစည်ရှိပြီး မိမိတို့ရဲ့စိတ်ကို အစဉ်စောင့်ရှောက်ကြကုန်လော့။ ဒီလို ပရိနိဗ္ဗာန်

http://www.dhammadownload.com



စံကာနီးကျတော့ အရေးကြီးတဲ့ မိန့်ကြားချက်တွေချည်း မိန့်ကြားတော်မူခဲ့တယ်။ ဒါဘုန်းကြီးတို့အတွက်ပါပဲ။ သက်တန်း (၁၀၀)ကို ငါးပုံပုံပြီး လေးပုံသာ နေကြသည့် ထုံးစံရှိပါတယ်။ ကျန်တစ်ပုံချန်ပြီး ပရိနိဗ္ဗာန်စံတော်မူကြသည့် ထုံးစံအတိုင်း သက်တော် (၈၀)မှာ ပရိနိဗ္ဗာန်စံတော်မူပါတယ်။

ဘုန်းကြီးတို့ အခုအခါက သက်တန်း (၁၀၀)တန်းပါ။ သက်တန်းပြည့်နေရတဲ့ ပုဂ္ဂိုလ်ရှားပါတယ်။ အသက်ရှင်နေရတဲ့အခါလေး တရားတစ်ခုခုနဲ့ နေတတ်တဲ့ အလေ့အထရှိဖို့ လိုပါတယ်။ သင်္ဂဇာဆရာတော်ဘုရားက ငယ်ငယ်က ပေထုတ်တမ်း စာသင်ခဲ့ရတယ်။ စာတတ်ပြန်တော့လဲ သူတစ်ပါးအား စာပေပို့ချနေခဲ့ရတယ်။ ဒီလိုနဲ့ အချိန်ကုန်ခဲ့ရတယ်။ အသက်ကြီးပြီ တရားအားထုတ်တော့မှပဲဆိုတော့ "ခေါင်း"က ရှေ့နားရောက်လာပြီ မိန့်ကြားဘူးပါတယ်။ အဲဒီ သင်္ဂဇာဆရာတော်ကြီးကပင် ရွှေကျင်ဂိုဏ်းကြီး ဦးစီးတည်ဆောက်ခဲ့သည့် ရွှေကျင်ဆရာတော်ကြီး ဦးဇာဂရထံသို့ "တောသို့မြန်မြန် ကြွမြန်းတော်မူခဲ့ပါတော့"ဆိုတဲ့ တောဖိတ်သံဂါထာ (၃)ဂါထာ ရှိတယ်။ အဲဒီ ဂါထာလေးတွေ သိပ်ကောင်း ပါတယ်။ နားထောင်ကြည့်ကြစမ်းပါ။

၁။ နတေန ဇာဂရောနာမ၊
ယေန သုပ္ပတိ ဤဒိသံ။
ဇာဂရောန္တော အနိဒ္ဒါယ၊
ဇာဂရောတိ ပဝုစ္စတိ။

ယော- အကြင်ဇာဂရတွင်ခေါ် မြို့တော်ခိုမှီး ငါ၏တပည့်ကြီးသည်၊ ယေန- အကြင်မင်းနေပြည်ကြီး မြို့ကိုမှီး၍ အချည်းနှီးသာ ဘာဝနာကမ္မဋ္ဌာန်း မကြိုးပမ်းဘဲ နေအားသဲသဖြင့်၊ သုပ္ပတိ- သူဒွေးသူကြွယ် ကုန်သည်မကြွင်း မင်းကိုမလပ် မှူးမတ်မဆို လူလိုကိုလိုက်လူကြိုက်ကိုပြော လူနှင့်ရော၍ မေ့ကြီးမေ့လျှက် တမွေ့မွေ့အိပ်၏။

http://www.dhammadownload.com



တေန- ထိုသို့ အိပ်နေရခြင်းဖြင့်၊ ဤဒိသံ- ဤဒိသော- ဤသို့ အသက်မွေးဝမ်းကျောင်း ကောင်းနိုးရာရာ ရသာဆိမ့်ချို အာခေါင်စို၍ မြို့ကိုစိုးမိုး မောဟစီး၍ အချည်းနှီးအိပ်နေသောသူကို၊ ဇာဂရောနာမ- သညာနွတ္တ ဇာဂရဟု နိုးကြားသောသူဟူ၍၊ နဝုစ္စတိ- ပညာယှိသူ ခပ်သိမ်းလူတို့ မခေါ်ဆိုလောက်၊ အနိဒ္ဒါယ- မြို့ကိုမခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုတ်ရိပ်ဟာ ဘာဝနာပျော်မွေ့ မအိပ်လေ့ရှိခြင်းဖြင့်၊ ဇာဂရောန္တော၀- မှောင်အဝိဇ္ဇာသည် လွှစ္စာသောအိပ်ပျော်ခြင်းမှ နိုးသောသူသည်သာလျှင်၊ ဇာဂရောတိ- နွတ္တသညာ ဘွဲ့မည်သာသည်၊ ယတိ- ဇာဂရဟူ၍၊ ပဝုစ္စတိ- ရဟန်းသူတော် လူသူတော်တို့ ခေါ်ဆိုသမုတ်လောက်ပေ၏။

၂။ နသုတ္တော ဇာဂရောနာမ၊
ဇာဂရောန္တော၀ ဇာဂရော။
သံယဥ္စ ဇာဂရောဟောတု၊
ပရေစ ဇာဂရေ ကုရု။

သုတ္တော- ရာဂဒေါ်နှံ့ ဝမ်းရေးစုံသည် ကာမဂုဏ်သီ မိုက်ပင်ကြီး၌ မိုက်သီးစားကြ မှောင်တွင်း ဂါမဝါသီဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်သောသူသည်၊ ဇာဂရောနာမ- သညာနွတ္တ ဇာဂရဟူ နိုးကြားသောသူ ည်သည်။ န- မဖြစ်နိုင်သေး။ သယဥ္စ- မိမိသည်လည်း၊ ဇာဂရော- ကြက်ဦးတွန်ဆော် ညဥ့်ကျော်၍ ပကတိသော အိပ်ပျော်ခြင်းမှ နိုးသည် ဟူလည်း၊ ဟောတု- ဖြစ်စေ၊ ပရေစ- တပည့်တပန်း ရဟန်းသာမဏေ ရံခြွေရွေဟူ သူတစ်ပါးတို့ကိုမူလည်း၊ ဇာဂရေ- နံနက်မိုးသောက် အချိန်ရောက်၍ ဒေါက်ဒေါက်ဒိုးဒိုး ခေါင်းလောင်းထိုးလျှက် နိုးစေသည်တို့ကို ဟူလည်း၊ ကုရု- တိုက်တွန်းနှိုးဆော် ပြုတော်ဟူသည်လည်း၊ ဟောတု- ဖြစ်စေ၊ ဇာဂရောန္တော- မင်းနေပြည်ကြီး မြို့ကိုမမှီးဘဲ မြိုင်တောထဲ၌ အမြဲခိုနေ နိဗ္ဗာန်စေလျှက် ကျွက်ကျွတ်နိုးကြားသောသူသည်သာလျှင်၊ ဇာဂရောနာမ- နွတ္တသညာ ဘွဲ့မည်သာသည် ဇာဂရမည်သာလျှင် သတည်း။ ဝါ- မည်နိုင်ပါသည်မင်း။

http://www.dhammadownload.com



တေန- ထိုသို့ အိပ်နေရခြင်းဖြင့်၊ ဤဒိသံ- ဤဒိသော- ဤသို့ အသက်မွေးဝမ်းကျောင်း ကောင်းနိုးရာရာ ရသာဆိမ့်ချို အာခေါင်စို၍ မြို့ကိုခိုမှီး မောဟစီး၍ အချည်းနှီးအိပ်နေသောသူကို၊ ဇာဂရောနာမ- သညာန္တတ္ထ ဇာဂရဟု နိုးကြားသောသူဟူ၍၊ နဝုစ္စတိ- ပညာယှိသူ ခပ်သိမ်းလူတို့ မခေါ်ဆိုလောက်၊ အနိဒ္ဒါယ- မြို့ကိုမခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုတ်ရိပ်ဟာ ဘာဝနာပျော်မွေ့ မအိပ်လေ့ရှိခြင်းဖြင့်၊ ဇာဂရောန္တော၀- မှောင်အဝိဇ္ဇာသည် လွှစ္စာသောအိပ်ပျော်ခြင်းမှ နိုးသောသူသည်သာလျှင်၊ ဇာဂရောတိ- န္တတ္ထသညာ ဘွဲ့မည်သာသည်၊ ယတိ- ဇာဂရဟူ၍၊ ပဝုစ္စတိ- ရဟန်းသူတော် လူသူတော်တို့ ခေါ်ဆိုသမုတ်လောက်ပေ၏။

၂။ နသုတ္တော ဇာဂရောနာမ၊
ဇာဂရောန္တော၀ ဇာဂရော။
သံဃဋ္ဌ ဇာဂရောဟောတု၊
ပရေစ ဇာဂရေ ကုရု။

သုတ္တော- ရာဂဌာနုံ ဝမ်းရေးစုံသည် ကာမဂုဏ်သီ မိုက်ပင်ကြီး၌ မိုက်သီးစားကြ မှောင်တွင်း ဂါမဝါသီဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်သောသူသည်၊ ဇာဂရောနာမ- သညာန္တတ္ထ ဇာဂရဟူ နိုးကြားသောသူ ည်သည်။ န- မဖြစ်နိုင်သေး။ သယဋ္ဌ- မိမိသည်လည်း၊ ဇာဂရော- ကြက်ဦးတွန်ဆော် ညဥ့်ကျော်၍ ပကတိသော အိပ်ပျော်ခြင်းမှ နိုးသည် ဟူလည်း၊ ဟောတု- ဖြစ်စေ၊ ပရေစ- တပည့်တပန်း ရဟန်းသာမဏေ ရံခြွေရွေဟူ သူတစ်ပါးတို့ကိုမူလည်း၊ ဇာဂရေ- နံနက်မိုးသောက် အချိန်ရောက်၍ ဒေါက်ဒေါက်ဒိုးဒိုး ခေါင်းလောင်းထိုးလျှက် နိုးစေသည်တို့ကို ဟူလည်း၊ ကုရု- တိုက်တွန်းနှိုးဆော် ပြုတော်ဟူသည်လည်း၊ ဟောတု- ဖြစ်စေ၊ ဇာဂရောန္တော- မင်းနေပြည်ကြီး မြို့ကိုမမှီးဘဲ မြိုင်တောထဲ၌ အမြဲခိုနေ နိဗ္ဗာန်စေလျှက် ကျွက်ကျွတ်နိုးကြားသောသူသည်သာလျှင်၊ ဇာဂရောနာမ- န္တတ္ထသညာ ဘွဲ့မည်သာသည် ဇာဂရမည်သာလျှင် သတည်း။ ဝါ- မည်နိုင်ပါသည်မင်း။

http://www.dhammadownload.com



၃။ ကဒါပဟံ နန္ဒံ ပဿာမိ၊
အာရည် ပံသု ကူလိကံ။
အညာရေဉ္ဆေန ယာပေန္တံ၊
ကာမေသု အနပေက္ခိကံ။

အာရည်- တော၌ပျော်မွေ့ အာရညကင် ဓုတင်ကို ဆောင်လေ့ရှိထသော၊ ပံသုကူလိကံ- မြေမှုန်လိမ်းကျံ ဖောက်ပြန်နီလွင် ပံသုကူဓုတင်ကိုဆောင်လေ့ရှိသော၊ အညာတေ- မျိုးမည်ဂုဏ်အင် မထင်မရှားမျိုးနှစ်ပါး၌၊ ဉဉ္ဆေန- သပိတ်ကိုလက်စွဲ ဦးပြည်းတို့ထုံးစံ ဆွမ်းခံရှာမှီးခြင်းဖြင့်၊ ယာပေန္တံ- နှစ်သက်အားရ မျှတလေ့ရှိထသော၊ ကာမေသု- ငါးဖြာအာရုံ ကာမဂုဏ်တို့၌၊ အနပေက္ခိကံ- လွန်စွာမမက် ငဲ့ကွက်ခြင်း မရှိထသော၊ နန္ဒံ- ဒီပင်္ကရာ ပြသည့်အရ နန္ဒတွင်မည် သင်မထေရ်တို့၊ ကဒါ-ဘယ်နံရောအခါမှ၊ အဟံ- ဟိတသုခံ ကျိုးနှစ်တန်ကို တောင့်တလေ့ရှိသော ငါသည်၊ ပဿာဟိ- ရှုမြင်ပါအံ့နည်း။

ရွှေကျင်ဆရာတော် ဦးဇာဂရကလည်း သင်္ဂဇာဆရာတော် ဦးအဂ္ဂမွေထံသို့ ဂါထာ (၃)ဂါထာနဲ့ပဲ ပြန်ကြားပါတယ်။ မကြာခင်တောသို့ ဝင်ခဲ့ပါမည်ဆိုသည့်အတိုင်း တောထွက်တော်မူသည်။

၁။ နတေန အဂ္ဂကောနာမ အဂတေ ယေန ဤဒိသံ၊
အနဂ္ဃေနုဇုဝဏ္ဏော၀ အဂ္ဂေါတ္တိ ပဝုစ္စတိ။

ယော- အကြင် အဂ္ဂတွင်ခေါ် မထေရ်ကျော်သည်၊ ဝါ- အကြင်မြို့ကိုမခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုထ်ရိယာ နေတတ်စွာသည် ငါတို့ဆရာ မဟာထေရ်ကြီးသည်၊ ယေန- အကြင် ဘာဝနာကမ္မဋ္ဌာန်းမကြိုးပမ်းပဲ နေအားသဲသဖြင့်၊ ဝါ- တောနေပုဂ္ဂိုလ်တို့ တံ့ထွာ- ဘာဝနာမမွေ့ ကမ္မာရာမေမှု လေပွေနောက် စိတ်ရောက်ကိုယ်ကျင့် စိတ်နှင့်ကိုယ်ပါ လမ်းမဟုတ်ရာကိုသာ ပြေးသွားတတ်သော သဘောတရားဖြင့်၊

http://www.dhammadownload.com



အဂတေ- မြိုင်ညိုရစ်သန်း တောစခန်းဝယ် ပင်ပန်းရသလောက် ရွယ်တိုင်းမပေါက် ကြံတိုင်းမမြောက်ဘဲ ကောက်ကျစ်ကျစ်နေ၏။ တေန- ထိုသို့သောနေရခြင်းဖြင့်၊ ဤဒိသံ- ဤဒိသော- ဤသို့ မြိုင်ညိုရဂုံ ခိုမှီး လှုံ၍ အမုန်ယစ်သောက် တောဆင်ပေါက်အသွင် တဏှာဝင်ဖျက် သဒ္ဓါ ပျက်၍ အဝါကြီးနှင့် အဝက်တင်း ဘာဝနာလွတ်ကင်းလျှက် ရောကာ ရောင်ကာ ခန်းဆောင်တွင်းမှာ စားကာအိပ်ကာ ကိုယ်ကိုစင်း၍ တဖျင်းဖျင်းနေသောသူကို၊ အဂ္ဂကောနာမ- တောနေပုဂ္ဂိုလ်တို့တံတွာ အာရညဝါပုဂ္ဂိုလ်တို့အလျောက် အရဟတ္တဖိုလ်တိုင်ရောက်အောင် အဂ္ဂ မည်လောက်သော ပုဂ္ဂိုလ်ဟူ၍၊ နဝုစ္စတိ- ခပ်သိမ်းသူတော် မြို့ကြီးမှော် သည့် တပည့်တော်တို့ မခေါ်ဆိုလောက်ပါသေး။ အနဂ္ဂေန- အရညဝါသူ ခပ်သိမ်းလူတို့ ထုံးစံကိလေမာန်ကို ပယ်လှန်နှိမ်လှဲ ဘာဝနာစွဲသော မကောက်ကျစ်သောစိတ်ဖြင့်၊ ဥဇုဝဏ္ဏော- ကမ္မာရာမ စသည် မနှောင့် ရန်မမှောင့်ကဲ ဖြောင့်မတ်တန်းတန်း တစ်မဂ်တစ်ဖိုလ် လှမ်းသည့် သူကိုသာလျှင်၊ အဂ္ဂေါက္ကတိ- တောနေပုဂ္ဂိုလ်တို့အလျောက် ရွယ်တိုင်းပင် ပေါက်ကြံတိုင်းပင်မြောက်သည့်၊ အဂ္ဂ- ဆိုစလောက်သော သူဟူ၍၊ ပဝုစ္စတိ- ခပ်သိမ်းသူတော် တပည့်တော်တို့ မြို့ကြီးကမြော် လည်ကိုမော်၍ ခေါ်ဆိုသမုတ်လောက်ပေစွ၊ ဝါ- ခေါ်ဆိုသမုတ် လောက်ပါမည်။

၂။ အနဂ္ဂေါ နအဂ္ဂေါ နာမ အညာယေဝစ အဂ္ဂကော၊
သယဉ္စ အဂ္ဂိကောဟောတု၊ အညေစ အဂ္ဂိကော ကုရု။

အနဂ္ဂေါ- လူမနှောသည့် တောကြီးမြိုင်ယံ မွေ့လျော်ပြန်၍ ကြံတိုင်းမမြောက် မတိုင်ရောက်သဖြင့် အဂ္ဂမခေါ်လောက်သောသူသည်၊ နအဂ္ဂေါ- အနွတ္ထသည် ဘွဲ့မည်သာသည့် ဆရာမထေရ် အဂ္ဂမမည် သင့်ပါသေး။ သယဉ္စ- မိမိသည်ဟူလည်း၊ အဂ္ဂိကော- မြို့ကြီးကိုခွာ ရွာနှင့်ဝေးဝေး တောသံပေးသည့် မြစ်တွေးမြစ်လျောင်း ဥဒေါင်းတွန်သံ

http://www.dhammadownload.com



ညှိုးညှိုးညံ့နှင့် မြိုင်ယံစခန်း မြတ်ရာလှမ်းပေသည်မှုလည်း၊ ဟောတု- ဖြစ်စေ၊ အညေစ- နောက်လိုက်ရံချွေ တပြေတရွာ လာကြသည်ဟူ တစ်ပါးသောသူတို့ကိုမူလည်း၊ အဂ္ဂိကေ- လူမနီးသည့် တောကြီးဟောဝန် မြတ်ရာချန်၍ အမွန်ရှေ့ရှေ့ သက်လုံးကြွေအောင် နေစေသည်တို့ကို၊ ကုရုဝါ- တိုက်တွန်းနှိုးဆော်ပြုတော်မူသည်လည်း၊ ဟောတု- ဖြစ်စေ၊ အညာယောဝ- အရဟတ္တဖိုလ်တိုင်ရောက် ရွယ်တိုင်းပေါက်၍ ကြံတိုင်းမြောက်မှုသာလျှင်၊ အဂ္ဂကော- သညာန္တတ္ထ ဘွဲ့မည်ရသည့် အဂ္ဂတွင်ခေါ် မထေရ်ကျော်ဟူ၍၊ ဝုစ္စတိ- သူတော်တစ်သင်း တူရာချင်းသည့် မင်းနေပြည်ကြီး ခိုမှီးရွှင်ပျော် တပည့်ကျော်တို့ ခေါ်ခိုသမုတ်လောက် ပါ၏။ ဝါ- ခေါ်ဆိုသမုတ်လောက်ပေမည်။

၃။ တဒါ တွံ နန္ဒ ပဿာတိ၊ အာရည် ပံသု ကူလိကံ၊
ယဒါ နန္ဒော တယော မာသေ ဝစ္စတေ တိက္ကမေဝနေ။

ယဒါ- အကြင်အခါ၌၊ နန္ဒောဒီပကတ္ထ- ပြသည့်အရ နန္ဒသမုတ် အကျွန်ုပ်သည်၊ တယောမာသေ- မုဿအန္တ ယင်းသုံးလကို၊ အတိက္ကမေ- ဥတုရာသီ စုံညီလျှောက်ပတ် လွန်လတ်ခဲ့သော်၊ ဝါ- လွန်လတ်သော အခါ၌၊ ဝနေ- အာရညကင် ဓူတင်ရရာ တောဝိဟာ၌၊ ဝစ္စတေ- မရှည်မကြာ လျှင်စွာပေါ့ပေါ့ နေပါတော့အံ့၊ တဒါ- ထိုသို့နေသောအခါ၌၊ အာရည်- တောမှာပျော်မွေ့ အရညကင် ဓူတင်ကို ဆောင်လေ့ ရှိထသော၊ ပံသုကူလိကံ- မြေမှုန့်လိမ်းကျံ ဖောက်ပြန်နီလွင် ပံသုကူဓူတင် ကိုဆောင်သော၊ နန္ဒ- ဒီပကတ္ထ ပြသည့်အရ နန္ဒသမုတ် အကျွန်ုပ်ကို၊ တွံ- ဟိတသုခ ကျိုးနှစ်ဝကို တောင့်တလှသော အရှင်ဘုရားသည်၊ ပဿာဟိ- ရှုမြင်တော်မူပါလော့။

အဲဒီလို တစ်ပါးနဲ့တစ်ပါး အကျိုးလိုလား ချမ်းသာပွားစေလို၍ ရေးတော်မူခဲ့ကြသည့် အချင်းချင်းကြည်ညိုညို ဂါထာစကားများကို သာဓု ခေါ်ပြီး ယနေ့မွေးနေ့ ဓမ္မဒါနပွဲကို ဘုရားစကားတော်နဲ့ပဲ သိမ်းကြဦးစို့။

http://www.dhammadownload.com



ဇာဂရန္တာ သုဏာထေတံ၊
ယေသုတ္တာ တေပဗုဇ္ဈထ။
သုတ္တာ ဇာဂရိတံ သေယျော၊
နတ္ထိ ဇာဂရတော ဘယံ။

ဇာဂရန္တာ- နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြကုန်လျှက်၊ ဧတံ- ယခုဟောဖော် တရားတော်ကို၊ သုဏာထ- နာယူမှတ်သား ဆောင်ထားကျင့်ကြံကြပါကုန်လော့။ ယေ- အကြင်သူတို့သည်၊ သုတ္တာ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား နီဝရဏတရားတို့ဖြင့် အိပ်ပျော်ငိုက်မြည်း၍ နေကြကုန်၏။ တေ- ထိုသူတို့ကို၊ ပဗုဇ္ဈထ- လက်တို့အသာနှိုးလိုက်ကြပါကုန်လော့၊ သုတ္တာ- နီဝရဏတရားငါးပါး လွှမ်းမိုး၍ အိပ်ပျော်နေခြင်းထက်၊ ဇာဂရိတံ- ဣန္ဒြေငါးပါး ပွားများခြင်းဖြင့် နိုးကြားနေခြင်းသည်၊ သေယျော- အလွန်အကျိုး အထူးမြတ်လှပါပေ၏။ ဇာဂရတော- ဣန္ဒြေငါးပါး ပွားများခြင်းဖြင့် နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်နေသောသူအား၊ ဘယံ- ကြောက်ဖွယ်လန့်ရေးဘေးဟူသမျှသည်၊ နတ္ထိ- မရှိရိုးကေန် အမှန်ပင်ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com

# "လမင်းပုံနှယ် ဂုဏ်ဖြိုးကြွယ်စေ"

စန္ဒူပမာ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ သံယုတ္တနိကာယ်-ကျမ်းဝယ်-အလာ ဟောမိန့်မှာတိုင်း မဆိုင်းရှမျှော် လမင်းပေါ်ထွက် လဆန်းပက်၌ ဖြိုးလျှက်တိုးတက် လင်းရောင်ထွက်ဖြာ ပုံပမာသို့ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဝသီ မြတ်ယောဂီသည် ကျင့်'သီ'သွယ်သွယ် ဝတ်ကြီးငယ်နှင့် သင်ဖွယ်ပါဠိ အထူးသိရာ သတိပဋ္ဌာန် ခြောက်တန်ကျွန်ဒြွေ ငြိမ်းစေစားရာ နိုးကြားရာ၌ ကောင်းစွာစိတ်ထား လွန်တိုးပွား၏။ (၁)

လ၏ဝယ်ရာ ကြွယ်တာရာပေါင်း ခညောင်းအထူး လွန်ကြီးမှုးသို့ ထူးကဲနှစ်ခြိုက် အားအင်စိုက်လျက်။ (၂)

ညဥ့်၌လှည့်လည် လမင်းနှယ်သို့ သုံးသွယ်ဆိတ်ငြိမ် ပူမရှိန်တည့်။ (၃)

လအိမ်ဗိမာန် တံခွန်ဖန်သို့ တံခွန်သီလ လွှင့်ထူမှလျှင်၊ (၄)

တောင့်တတောင်းပန် ဆန္ဒမှန်ကြောင့် အလျှံရောင်ဖြာ လမင်းသာသို့ ဒကာတောင့်တ ပင့်ခေါ်မှလျှင် အိမ်သို့ဝင်လျက်၊ (၅)

(၅)အင်လနှယ် ဂုဏ်ဖြိုးကြွယ် တင့်တယ်ရောင်ဝါလင်းစေသော်။

(မိလိန္ဒပဥှာ)

http://www.dhammadownload.com

# လမင်းပုံနှယ် ဂုဏ်ဖြိုးကြွယ်စေ

စန္ဒူပမာ ဘိက္ခုဝေ ကုလာနိ ဥပသင်္ကမထ သံယုတ္တ နိကာယ်—ကျမ်းဝယ်အလာ ဟောမိန့်မှာတိုင်း မဆိုင်းရှုမျှော် လမင်းပေါ်ထွက် လဆန်းပက်၌ ဖြိုးလျက်တိုးတက် လင်းရောင်ထွက်ဖြာ ပုံပမာသို့ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဝသီ မြတ်ယောဂီ သည် =ကျင့် "သီ" သွယ်သွယ် ဝတ်ကြီးငယ်နှင့် သင်ဖွယ်ပါဠိ အထူးသိရာ သတိပဋ္ဌာန် ခြောက်တန်လူနေ္တ ငြိမ်းစေစားရာ နိုးကြားရာ၌ ကောင်းစွာစိတ်ထား လွန်တိုးပွားစေ၏။

၁။ လ, ဧ၏ဝယ်ရာ ကြယ်တာရာပေါင်း ခ,ညောင်းအထူး လွန်ကြီးမှူးသို့ ထူးကဲနှစ်ခြိုက် အားအင်စိုက်လျက်၊

၂။ ညဉ့်၌လှည့်လည် လမင်းနှယ်သို့ သုံးသွယ်ဆိတ်ငြိမ် ပူမရှိန်တည်၊

၃။ လအိမ်ဗိမာန် တံခွန်ဖန်သို့ တံခွန်သီလ လွှင့်ထူမှလျှင်၊

၄။ တောင့်တတောင်းပန် ဆန္ဒမှန်ကြောင့် အလျှံရောင်ဖြာ လမင်းသာသို့ ဒကာတောင့်တ ပင့်ခေါ်မှလျှင် အိမ်သို့ဝင်လျက်၊

၅။ အင် လ, နှယ် ဂုဏ်ဖြိုးကြွယ် တင့်တယ်ရောင်ဝါ လင်းစေသော်။

(မိလိန္ဒပဥှာ)